မန္တလေး ရတနာပုံနန်းစံ မင်းနှစ်ပါးအကြောင်း အကျဉ်း
မန္တလေးမြို့ အရှေ့ပြင်နန်းရှေ့
မဟာဝိသုတာရာမတိုက်တော် သာသနာဝင်
သာသနာပြုပုံပြုနည်း
ကြည်ညိုဖွယ် သံဝေဂရဖွယ်တို့ဖြင့်
တန်ဆာဆင်အပ်သော

# မန္တလေးသာသနာဝင်
(စတုဝီသတိမတွဲ)

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

## အရှင်ကောလာသ
(ဓမ္မာစရိယ၊ ဂဏဝါစက)
B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

( ပြု စု ရေး သား သ ည် ။ )

သာသနာ- ၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၃

အတွဲအမှတ်စဉ်(၂၄)

မန္တလေး
သာသနာဝင်

မန္တလေး
သာသနာ့ဝင်

# ဆုတောင်းပတ္ထနာ

-----ooo-----

ဤသည့်ပုည၊ ကုသလကြောင့်၊ လောဘ,ဒေါသ၊
မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊
ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလုံ့ဖွယ်၊
လှူစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်
ခေမာအထွတ်တိုင်စေသောဝ် .....။

(မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး)

မယာကတ၊ ကုသလကို၊ များလှဝေနေ၊
ရကြစေ၊ ပေးဝေအမျှသာ။

များသတ္တဝါ၊ ဝေနေယျာလည်း၊ ရောဂါခပင်း၊
ကင်းလွတ်ရှင်း၊ ငြိမ်းခြင်းရောက်စေပါ။

ကောင်းကြံ့ဟူသမျှ၊ ပြည့်စုံကြလျှက်၊ သက္ကာယရန်၊
ပယ်သတ်ဉာဏ်၊ မြန်မြန်လင်းစေပါ။

ဗိဋ္ဌသတ်နည်း၊ တရားကြီးလည်း၊ ငြီးငြီးထိန်ဝါ၊
မှောင်ပယ်ခွါ၊ မြန်စွာလင်းစေပါ။

မြန်စွာထွန်းပ၊ သက္ကာယကို၊ ပယ်ချပြီးခါ၊ ရိယာဇာတ်တွင်း၊
ရောက်တုံလျှင်း၊ လင်းစေသာသနာ။

(အဂ္ဂမဟာပဏ္ဍိတ မဟာဗောဓိဆရာတော်ဘုရားကြီး၊ သုံးခွမြို့)

မန္တလေး ရတနာပုံနန်းစံ
မင်းနှစ်ပါးအကြောင်းအကျဉ်း
မန္တလေးမြို့ အရှေ့ပြင်နန်းရှေ့
မဟာဝိသုတာရာမတိုက်တော် သာသနာဝင်
သာသနာပြုပုံပြုနည်း ကြည်ညိုဖွယ် သံဝေဂရဖွယ်တို့ဖြင့်
တန်ဆာဆင်အပ်သော

# မန္တလေး သာသနာဝင်

## ( စတုဝီသတိမတွဲ )

## အတွဲအမှတ်စဉ် (၂၄)


ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ


**အရှင်ကေလာသ**

(ဓမ္မာစရိယ၊ ဂဏဝါစက)
B.A ဝိန္ဓာဂုဏ်ထူး၊ သီရိလင်္ကာ

ပြုစုရေးသားသည်။

မန္တလေးသာသနာဝင် နှင့် အခြားကျမ်းပေါင်း(၃၀၀)ကျော်တို့ကို

ရေးသားပြုစုတော်မူသော



ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

# အရှင်ကောသလ္လ

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

# မန္တလေးသာသနာဝင်

## စတုဝီသတိမတွဲ

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ | က-ခ |
| ၂။ | သာသနာရေးဦးစီးဌာနမှ ခွင့်ပြုစာ | ဂ |
| ၃။ | မန္တလေးသာသနာဝင်ဖြစ်ပေါ်လာပုံ<br>နိဒါန်းစကား ..... အရှင်ကုမာရဆရာတော် | င-ဆ |
| ၄။ | ဗုဒ္ဓပ္ပဏာမ | ၁ |
| ၅။ | ဓမ္မပ္ပဏာမ | ၂ |
| ၆။ | သံဃပ္ပဏာမ | ၃ |
| ၇။ | အာစရိယပဏာမ | ၄ |
| ၈။ | အဘိယာစကပဋိညာဉ် | ၅ |

### အခန်း (၁)

| | | |
|---|---|---|
| ၉။ | ရတနာပုံမြို့တော်နန်းတည် ပဋ္ဌမသံဂါယနာတင်<br>**မင်းတုန်းမင်း**<br>(အင်္ဂါဦးလွင် ပဋ္ဌမသံဂါယနာတင် ၁၂၁၄-၁၂၄၀) | ၇-၁၄ |
| ၁၀။ | မာန်အောင်စေတီတော်ဒါယကာ **သီပေါမင်းတရား**<br>(၁၂၄၀-၁၂၄၇) | ၁၅-၂၂ |
| ၁၁။ | **မဟာဝိသုတာရာမ** တိုက်တော်သာသနာဝင် | ၂၃-၂၇ |
| ၁၂။ | ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်<br>**အရှင်ဥေယျဓမ္မာဘိဝံသ** (သံဃရာဇာ)<br>(၁၁၆၁-၁၂၂၇) | ၂၈-၁၆၅ |

### အခန်း (၂)

| | | |
|---|---|---|
| ၁၃။ | **သဗ္ဗာသဝသုတ်**၊ စုဒ်စောဒနာ၊စာစပ်၊ဝိဂြိုဟ်ကျမ်း | ၁၆၇-၃၄၄ |

# မန္တလေးသာသနာဝင်
# စတုဝီသတိမတွဲ
# မာတိကာ

စဥ် | အကြောင်းအရာ | စာမျက်နှာ

## အခန်း (၃)

### ၁၄။ ပဥ္စမသံဂါယနာ ပိဋကတ်တော်ကြပ် ဆရာတော်(၁၀)ပါး

၁။ ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
စလင်းဆရာတော် **အရှင်ကလျာဏ** (၁၁၇၉-၁၂၂၅) ၃၄၇

၂။ ဇာဂရဓမ္မ ပရမကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု
ဗန့်ကျီဆရာတော် **အရှင်ဇာဂရ** (၁၁၇၀------) ၃၅၀

၃။ ဉာဏမဥ္ဇူသာဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
မိတ္ထီလာဆရာတော် **အရှင်ဉာဏမဥ္ဇူသာ** (၁၁၇၀-----) ၃၅၂

၄။ သီရိပရမာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
စည်ပုတြာဆရာတော် **အရှင်သီရိမာ** (၁၁၆၂-၁၂၈၇) ၃၅၄

၅။ ပုညာဘိဓဇဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
အင်းကန်ဆရာတော် **အရှင်ပုည** (၁၁၆၁-------) ၃၅၆

၆။ သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု
သုဒဿနဓဇအတုလာဓိပတိ သီရိပဝရမဟာဓမ္မ
ရာဇာဓိရာဇဂုရု စံကျောင်းဆရာတော် **အရှင်သုဒဿန**
(၁၁၇၇-၁၂၅၀) ၃၅၈

၇။ ပညာသာမိသီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
မောင်းထောင်ဆရာတော် **အရှင်ပညာသာမိ**(၁၁၇၇-၁၂၃၀) ၃၆၂

၈။ ဧသီသာရဓမ္မပါလကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု
သစ်ဆိမ့်ဆရာတော် **အရှင်ဧသီသာရ** (၁၁၆၅--------) ၃၆၂

# မန္တလေးသာသနာဝင်
## စတုဝိသတိမတွဲ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | အာစာရာရမ္မကဝိဇေဿဏမဟာဓမ္မရာဇာဓိရာဇဂုရု<br>အာစာရာရမ္မဇောဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု<br>မက္ခရာဆရာတော် **အရှင်အာစာရာရမ္မကဝိဇေဿဏ**<br>(၁၁၈၀-၁၂၆၀) | ၃၇၁ |
| ၁၀။ | ဥတ္တမာစာရ ပရမဇေ မဟာဓမ္မရာဇာဓိရာဇဂုရု<br>မင်းတဲဆရာတော်**အရှင်ဥတ္တမာစာရ** (ကျမ်းစာအုပ်ဌမပါဝင်) | ၃၇၆ |

**အခန်း (၄)**

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | **ဥဘတောဝိဘင်္ဂရေဆရာတော် (၉)ပါးနှင့်<br>ဝိနယရေဘွဲ့ရဆရာတော် (၁)ပါး** | **၃၇၇-၃၉၇** |
| ၁။ | ဝိဘင်္ဂရေ မဟာဓမ္မရာဇာဓိရာဇဂုရု<br>**အရှင်ပညာသီဟ (သာမိ)** (၇၀/၂၇) | ၃၇၉ |
| ၂။ | တိလောကဇေ ဝိဘင်္ဂဝါစီ မဟာဓမ္မရာဇာဓိရာဇဂုရု<br>**အရှင်တိလောက** (၅၉/၃၀) | ၃၈၁ |
| ၃။ | ဥဘတောဝိဘင်္ဂရေ ရာဇာဓိရာဇဂုရု<br>**အရှင်လက္ခဏ** (၂၉/၁၀) | ၃၈၃ |
| ၄။ | သဒ္ဓမ္မသီရိပါလဝိဘင်္ဂဘာဏက မဟာဓမ္မရာဇဂုရု<br>**အရှင်သဒ္ဓမ္မသိရီ** (၄၃/၂၄) | ၃၈၆ |
| ၅။ | ဥဘတောဝိဘင်္ဂရေ၊ ဝိနယရေ<br>**အရှင်ကေလာသ** (၂၉/၁၀) | ၃၈၈ |
| ၆။ | ဥဘတောဝိဘင်္ဂရေ **အရှင်ဝိသုဒ္ဓ** (၂၉/၁၀) | ၃၉၀ |

# မန္တလေးသာသနာ၀င်
# စတုဝီသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ဥဘာတောဝိဘာဂ်ရေ အရှင်သုဇာတ (၃၂/၁၃) | ၃၉၁ |
| ၈။ | ဥဘာတောဝိဘာဂ်ရေ အရှင်စန္ဒမဥ္ဇူ (၃၃/၁၂) | ၃၉၃ |
| ၉။ | ဥဘာတောဝိဘာဂ်ရေ အရှင်ကေလာသဘ (၂၇/၇) | ၃၉၄ |
| ၁၀။ | ဥဘာတောဝိဘာဂ်ရေ အရှင်သုဇာတ (၂၅/၅) | ၃၉၅ |
| ၁၆။ | ဝေရမ္ဘဇေအရည၀ါသီမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝေရမ္ဘဇေ | ၃၉၇ |

**အခန်း (၅)**

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | မဟာဝိသုတာရာမတိုက်တော် ပဓာနမဟာနာယကဆရာတော်ကြီး (၁၁)ပါး | ၃၉၉-၄၆၀ |
| ၁။ | ဉာဏိန္ဒာဘိ သိရိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒ (၁၁၈၀-၁၂၆၃) (၁၂၂၇-၁၂၆၃) | ၄၀၁ |
| ၂။ | ဆရာတော် အရှင်မုနိန္ဒ | ၄၁၀ |
| ၃။ | နန္ဒသာရသိရိ သဒ္ဓမ္မရာဇဂုရု နန္ဒသာရသိရိ သဒ္ဓမ္မဇေ မဟာဓမ္မရာဇာဓိရာဇဂုရု နန္ဒသာရာဘိဇေဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ပခန်းသမ္မုတိ သာသနာပိုင်ဆရာတော် အရှင်နန္ဒသာရ (၁၁၈၂-၁၂၆၃) (၁၂၅၇-၁၂၆၂) | ၄၁၀ |
| ၄။ | လေှသင်းဆရာတော် | ၄၂၆ |

# မန္တလေးသာသနာဝင်
# စတုဝီသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | မာလာလင်္ကာရ သိရိပဝရ မဟာဓမ္မရာဇာဂုရု<br>မာလာင်္ကာရ သာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု<br>မာလာလင်္ကာရဓဇဓမ္မသေနာပတိ အတုလာဓိပတိ<br>သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု<br>တောင်တော်သာသနာပိုင်ဆရာတော် **အရှင်မာလာ**<br>(၁၁၇၈-၁၂၅၇) | ၄၂၇ |
| ၆။ | ဂုဏာလင်္ကာရမဟာဓမ္မရာဇဂုရု<br>ဂုဏာဘိလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊<br>အဂ္ဂမဟာပဏ္ဍိတ ကျောက်ပန်းတောင်းဆရာတော်<br>**အရှင်ဂုဏ** (၁၂၁၇-၁၂၉၃) (၁၂၆၈-၁၂၉၃) | ၄၂၉ |
| ၇။ | ဆရာတော် **အရှင်သီလဝံသ** | ၄၃၄ |
| ၈။ | ဆရာတော် **အရှင်နန္ဒဝံသ** (၁၂၄၁) | ၄၃၄ |
| ၉။ | ဆရာတော် **အရှင်ဓမ္မာဘိဝံသ** (၁၂၄၁-၁၃၁၆) | ၄၃၄ |
| ၁၀။ | ဆရာတော် **အရှင်ဝိသုဒ္ဓ** (ညောင်အုပ်ဆရာတော်)<br>(၁၂၅၅-၁၃၃၇) | ၄၅၈ |
| ၁၁။ | ဆရာတော် **အရှင်ပဏ္ဍိတ** (၁၂၇၃-------) | ၄၅၉ |


## အခန်း (၆)


| | | |
|---|---|---|
| ၁၈။ | **မဟာဝိသုတာရာမတိုက်တော်ထွက်**<br>**ထင်ရှားသောဆရာတော် (၂၀)ပါး** | ၄၆၁-၆၄၈ |
| ၁။ | ဝီရိယာရမ္ဘဓဇသာသနပါလ မဟာဓမ္မရာဇာဓိရာဇဂုရု<br>ဝီရိယာရမ္ဘဓဇသာသနပါလ ဓမ္မသိရိ မဟာဓမ္မရာဇာဓိရာဇဂုရု | |

# မန္တလေးသာသနာဝင်
# စတုဝီသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ဝီရိယာရမ္ဘဇောဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု လှထွေဆရာတော် အရှင်ဝီရိယ (သမ္မုတိသာသနာပိုင်) (၁၁၈၂-၁၂၇၂) | ၄၆၅ |
| ၂။ | ပဌမကျော်, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်တိသာသန (၁၂၁၅-၁၂၉၈) | ၄၇၉ |
| ၃။ | ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ (၁၁၇၉-၁၂၅၆) | ၄၉၂ |
| ၄။ | ရေတံခွန် (ရွှေဂုံတိုင်)တောရဆရာတော် အရှင်ဝရဉာဏ (၁၁၈၉-၁၂၈၇) | ၅၃၃ |
| ၅။ | သုမနဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သုမနဝံသဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဆူးခါးဆရာတော် အရှင်သုမန (၁၁၈၉-၁၂၅၉) | ၅၃၆ |
| ၆။ | ကေလာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ယောဆရာတော် အရှင်ကေလာသ (၁၁၉၀- ------) | ၅၄၀ |
| ၇။ | ပဌမစာချ၊ သာသနသောဘဏကိုဏ်းအုပ်ဆရာတော် အရှင်ကလျာဏ (၁၁၉၀- ------) | ၅၄၂ |
| ၈။ | ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ (ပခုက္ကူအလယ်တိုက်ဆရာတော်) (၁၁၉၄-၁၂၇၆) | ၅၄၄ |
| ၉။ | ကြည့်မြင်တိုင် စလင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သီဟ (၁၁၉၄-၁၂၇၉) | ၅၈၀ |

# မန္တလေးသာသနာဝင်
## စတုဝီသတိမတွဲ
## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | အာလောကာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော် **အရှင်အာလောက** (၁၁၉၅- -----) | ၅၈၅ |
| ၁၁။ | **အရှင်သကျဝံသာလင်္ကာရ** မဟာဓမ္မရာဇာဓိရာဇဂုရု (၁၁၉၆-၁၂၄၇) | ၅၈၇ |
| ၁၂။ | ဇောသိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု တောင်ပိုင်ဆရာတော် **အရှင်ဇောသိ** (၁၁၉၈------) | ၅၉၀ |
| ၁၃။ | သံယုတ္တဘာဏကာစရိယ၊ ကုမာရာဘိဓေဇမဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ကုမာရဘိဝံသ တိသာသနာဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ အဂ္ဂမဟာပဏ္ဍိတ သံယုတ် ဆရာတော် **အရှင်ကုမာရာဘိဝံသ** (၁၂၀၆-၁၂၈၆) | ၅၉၂ |
| ၁၄။ | ဝိမလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု သုံးဆယ်မြို့ မောင်းထောင်ဆရာတော် **အရှင်ဝိမလ** (၁၂၀၆ -၁၂၇၀) | ၆၂၀ |
| ၁၅။ | မြေနီကျောင်းဆရာတော် အရှင်နန္ဒိယ (၁၂၀၈-၁၂၉၈) | ၆၂၅ |
| ၁၆။ | ဓမ္မဝိသောဓနီကျမ်းပြု **အရှင်ဇာဂရာဘိကဝိဓဇ** (၁၂၂၀- -------) | ၆၂၇ |
| ၁၇။ | အဂ္ဂမဟာပဏ္ဍိတ ညောင်ဦးဆရာတော် **အရှင်နန္ဒဝံသ** (ပခုက္ကူ) (၁၂၄၄-၁၃၀၈) | ၆၃၃ |
| ၁၈။ | မိုးထိဆရာတော် အရှင်ဇာဂရ (၁၂၄၃-၁၃၀၈) | ၆၄၀ |
| ၁၉။ | ကဗျပဏ္ဍိတ ဆရာတော်အရှင်နိဂြောဓ(၁၂၃၂-၁၃၀၃) | ၆၄၆ |
| ၂၀။ | ပုသိမ်မြို့ မိဂဒါယုန်ဆရာတော် **အရှင်သုမန** | ၆၄၈ |


■ ■ ■

# မန္တလေးသာသနာဝင်
# စတုဝီသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | အမြွက်မျှထုတ်ပြခြင်း | -၆၄၉ |
| ၂၀။ | မန္တလေးသာသနာဝင် စတုဝီသတိမတွဲကျမ်း အပြီးသတ်ခြင်း | ၆၅၃ |


■ ■ ■



မိမိ၏ အနန္တကျေးဇူးရှင်

ဆရာသခင် ထေရ်အရှင်မြတ်၏

ကျေးဇူးဂုဏ်ကို အာရုံပြုရည်မှန်းလျက်

အမျိုးဘာသာ သာသနာအကျိုး


သယ်ပိုးဆောင်ရွက်လိုသော

စေတနာ သဒ္ဓါတရားသက်သက်ဖြင့်သာ

ဤ ကျမ်းစာအုပ်ကို လက်နှိပ်စက်မူမှ

(ကွန်ပျူတာစီ)ပုံနှိပ်မူသို့ စက်တင်ပုံနှိပ်ထုတ်ဝေ၍

ဓမ္မဒါနပြု လှူဒါန်းခြင်းဖြစ်ပါသည်။



အရှင်ကုမာရ

အဂ္ဂမဟာပဏ္ဍိတ

ရက်စွဲ။ ။၁၃၇၅-ခုနှစ်၊ ဝါဆိုလပြည့်နေ့

၂၀၁၃-ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်၊ တနင်္လာနေ့။

# သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ



**ဘဒ္ဒန္တကုမာရ**

အဂ္ဂမဟာပဏ္ဍိတ

ပဓာနနာယကဆရာတော်

မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

အမှတ် ၅၄၀၊ မဟာဗန္ဓုလလမ်း၊ [illegible]

၂၅၉၅၆ ၊ ပ၁-၃၇၁၀၉၆၁

သို့/

ညွှန်ကြားရေးမှူးချုပ်

သာသနာရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

နေပြည်တော်

အကြောင်းအရာ။ ။ သုတေသနလုပ်လိုသော ပုဂ္ဂိုလ်များအတွက် မန္တလေးသာသနာဝင်ကျမ်းစာ (အတွဲ-၁၉၊၂၀၊၂၁၊၂၂၊၂၃၊၂၄၊၂၅)များ ရိုက်နှိပ်ထုတ်ဝေခွင့်ပြုရန်ကိစ္စ။

၁။ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ကြသော ဆရာကြီးဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်)နှင့် ဦးကြည်ညွှန့်(ဒု-ဝန်ကြီး၊သာသနာရေးဝန်ကြီးဌာန)တို့၏ လျှောက်ထားချက်အရ ဘုန်းကြီး၏ အနန္တကျေးဇူးရှင် ဆရာတော်အရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ ဂုဏ်ထူး) မထေရ်မြတ်က ရေးသားပြုစု၍ မန္တလေးသာသနာဝင် (ပဌမတွဲ မှ ပဉ္စဝီသတိမတွဲအထိ) ၂၅-တွဲကို ရေးသားပြုစု၍ တစ်တွဲလျှင် လက်နှိပ်စက်စာမူ ငါးမူစီကို ဦးကြည်ညွှန့် (ညွှန်ကြားရေးမှူးချုပ်)အား ပေးအပ်ခဲ့ပါသည်။

၂။ ယင်းစာမူများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိသာ (ငါးတွဲကို) သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေခဲ့ပါသည်။

၃။ ဘုန်းကြီးသည် ဆရာတော်၏ စာမူများဖြစ်သော-

(က) ပင်းယသာသနာဝင်ကျမ်း၊

(ခ) ဝိမုတ္တိမဂ္ဂ (သီဟိုဠ်မူမှ မြန်မာပါဠိစာမူ)

(ဂ) အဘိဓာန်နိဒါန်းစာမူတို့ကို ကွန်ပျူတာစာစီ၍ တစ်အုပ်လျှင် (၅၀၀)စီ ရိုက်နှိပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

(ဃ) ပုဂံသာသာဝင်

(င) အင်းဝသာသနာဝင်၊

(စ) အမရပူရသာသနာဝင်ကျမ်းစာတို့ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ရိုက်နှိပ်ဖြန့်ဝေလျက်ရှိပါသည်။

၄။ ဆရာတော်၏ စာကြည့်တိုက်မှ မန္တလေးသာသနာဝင် (၁၉-မှ၂၅)အထိ လက်နှိပ်စက်စာမူကြမ်းများကို တာဝန်ရှိဆရာတော် ပေးလိုက်သဖြင့် ရရှိခဲ့ပါသည်။

# (ည) သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ

**ဘဒ္ဒန္တကုမာရ**
အဂ္ဂမဟာပဏ္ဍိတ
ပဓာနနာယကဆရာတော်
မဟာသိဝ်တော်ကြီးပရိယတ္တိစာသင်တိုက်

၅။ ယင်းစာမူကြမ်းများကို ကွန်ပျူတာစာစီ၍ သင့်လျော်သည့်အခါ သုတေသီများလေ့လာရန် တစ်တွဲလျှင် (၃၀၀)အုပ်စီ ရိုက်နှိပ်၍ စာကြည့်တိုက်များ သုတေသီများသို့ ဓမ္မဒါနအဖြစ် လှူဒါန်းမှုတော်၍ ဆရာတော်၏ အနန္တကျေးဇူးဂုဏ်များကို ပေးဆပ်လိုပါသဖြင့် ရိုက်နှိပ်ထုတ်ဝေခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရက်စွဲ ။ ၁၃၇၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်
၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ ကြာသပတေးနေ့

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ

# သာသနာရေးဦးစီးဌာနမှ ခွင့်ပြုစာ (၍)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စာအမှတ်၊ ၀၁ / ၇- စာမူစိစစ်/ သသန(စာမေးပွဲ)
ရက်စွဲ ၊ ၂၀၁၂ - ခုနှစ် ၊ နိုဝင်ဘာလ ၁၆ ရက်

ဆက်ကပ်ပါရန်

ဆရာတော်ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
သီမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်၅၅၀၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ ပုံနှိပ်ခြင်းမပြုရသေးသည့် မဏ္ဍလေးသာသနာဝင်ကျမ်းများ ပုံနှိပ်ခွင့်ပြုရန် မေတ္တာရပ်ခံလာခြင်းကိစ္စပါဘုရား

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ကျမ်းပြုဆရာတော်ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေဂုဏ်ထူး) ရေးသားပြုစုခဲ့သည့် ပုံနှိပ်ကျန်ရှိနေသော မဏ္ဍလေးသာသနာဝင်ကျမ်း (အတွဲ-၁၉ မှ ၂၅ထိ) လက်နှိပ်စက်စာမူများကို ကျမ်းပြုဆရာတော်၏ စာကြည့်တိုက်မှ ရရှိထားသဖြင့် သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ရန် အမိန့်စဉ်မရှိသေးပါက စောင်ရေ(၃၀၀)စီပုံနှိပ်၍ ဓမ္မဒါန လှူဒါန်းလိုပါကြောင်း မေတ္တာရပ်ခံစာကို လက်ခံရရှိပါသည်ဘုရား။

၂။ ဆရာတော်ပြုစုသော ကျမ်းစာများသည် သုတေသီပုဂ္ဂိုလ်များအတွက် အကျိုးများ၍ ရှားပါးသော ကျမ်းစာများဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း ပညာပါရမီ ကုသိုလ်ဒါနပြုနိုင်ပါကြောင်းနှင့် ပုံနှိပ်ပြီးကျမ်းစာများကိုလည်း သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

(မိုးဇော်ရွှေ)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

- ညွှန်ကြားရေးမှူး၊စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန
  (ဆရာတော်၏ မဏ္ဍလေးသာသနာဝင်အမှတ်-၆မှ ၁၈ထိစာမူများ ကျမ်းပြုဌာနခွဲ၌ ရှိ/မရှိ စိစစ်တင်ပြပေးရန်)
- လက်ခံစာတွဲ
- မျှောစာတွဲ

Win 7 D:\Myanmar-Yppw (z) doc(21)

## မန္တလေးသာသနာဝင်ကျမ်း
## စတုဝီသတိမတွဲ ဖြစ်ပေါ်လာပုံ

မိမိ၏ အနန္တကျေးဇူးရှင် ဖြစ်တော်မူသော ဆရာတော် အရှင်ကေလာ သ (ဓမ္မာစရိယ, ဂဏဝါစက၊ B.A.ဂုဏ်ထူး သီရိလင်္ကာ, အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်သည် ဝီရိယဓာတ် လွန်ကဲတော်မူလှပါသည်။ နေ့စဉ် ဓာတွတ္ထသင်္ဂဟ, အဘိဓာနပ္ပဒီပိကာ, ဓမ္မပဒ, အပါဒါန် အစရှိသော အာဂုမ်နှုတ်တက် အရ ကျက်ထားသော ကျမ်းစာများကို ပြန်လှန်အလွတ်ရွတ်ဆိုခြင်း အစရှိသော စာကျက်စာပြန် လုပ်ငန်းတို့ကိုလည်း ပရိစယ အာသေဝနသတ္တိ ဖြစ်အောင်အား ထုတ်တော်မူပါသည်။ နိကာယ်ပိဋကတ်တော်တို့ကို ချပို့ရန် အတွက် ပြင်ဆင်ခြင်း လုပ်ငန်း၊ ကျမ်းစာပြုစုရေးသားမှုလုပ်ငန်းတို့ဖြင့်သာ လူ့ဘဝ၏အချိန်ကို တန်ဖိုး ရှိရှိ အသုံးချနိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

၁၃၇၃-ခုနှစ်၊ ဝါဆိုပြီးချိန်၌ နောင်တော်အရင်းပမာဖြစ်သော ဝိမုတ္တိ တောင်ဆရာတော် အရှင်ဇောတိကထေရ်၏ ကျန်းမာရေးကိစ္စကို ကြည့်ရှုရန်နှင့် မဟာဝံသပါဠိ(သီဟိုဠ်မူ)စာအုပ်ကို ခေတ္တငှါးရမ်းလိုမှု အစရှိသောကိစ္စဖြင့် ပခုက္ကူ သို့သွားရောက်ခဲ့ပါသည်။ မဟာဝံသပါဠိစာအုပ်လည်း အရှင်ပညာသီဟ (ဂဏဝါစက)ထေရ်၏ ကူညီရှာဖွေပေးမှုကြောင့် ရရှိခဲ့ပါသည်။ အရှင်ပညာ သာမိ (ဂဏဝါစက၊ သဒ္ဓမ္မဇောတိက)နှင့် အရှင်ပညာသီဟ (ဂဏဝါစက၊ တိပိ ဋကာလင်္ကာရ)ထေရ်များက ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ မန္တလေး သာသနာဝင် (တိုက်ပရိုက်တာစာမူကြမ်း)များကို ရှာဖွေစုဆောင်းထားကြပြီး မပျောက်မပျက်စေရန် တပါတည်းယူသွားဖို့ လျှောက်ထားကြသဖြင့် မိမိလည်း စာအုပ်များကို ကတ္တူပုံးဖြင့် ထည့်၍ယူခဲ့ပါသည်။ တပည့်-အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A. )က ကွန်ပျူတာစာစီပေးပါမည်ဟု လျှောက်ထားသဖြင့် တွေ့ရှိ သည့်စာမူများကို ကောက်ယူပြီးပေးလိုက်ပါသည်။ ကွန်ပျူတာစာစီမူများကို ရရှိလာသည့်အခါမှ မန္တလေးသာသနာဝင်၊ စတုဝီသတိမတွဲ ဖြစ်နေသည်ကို သိရ ပါသည်။

# နိဒါန်းစကား

ထိုအချိန်မှစ၍ ကတ္တူပုံးထဲကစာမူများကို တစ်တွဲစီထုတ်၍ စိစစ်ကြည့်သည့်အခါ ဇေကူနဝိသတိမတွဲ-မှ ပဥ္စဝိသတိမတွဲအထိ စာအုပ် ၆-အုပ်စာ ဖြစ်နေကြောင်း သိရှိရပါသည်။ ကွန်ပျူတာစာစီလုပ်ငန်း အတော်အသင့် ပြီးစီးနေသဖြင့် ပြီးစီးသည့်ကျမ်းစာမှစ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဆုံးဖြတ်ရပါတော့သည်။

မန္တလေးသာသနာဝင်ကျမ်းစာ ပဌမတွဲမှ ပဥ္စဝိသတိမတွဲအထိ ကျမ်းစာများကို သာသနာရေးဦးစီးဌာနသို့ ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းကျမ်းစာများအနက် ပဌမတွဲမှ ပဥ္စမတွဲအထိ စာအုပ်အဖြစ် သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေပြီးဟု သိရပါသည်။ ကျန်အတွဲများ ယခုအချိန် ထုတ်ဝေသည်ကို မတွေ့ရပါ။

ထို့ကြောင့် မန္တလေးသာသနာဝင် (စာမူကြမ်း) ၆-တွဲကို သုတေသီတို့အတွက် ရိုက်နှိပ်လှူဒါန်းခွင့်ပြုပါရန် (နိုဝင်ဘာ ၈-ရက်၊ ၂၀၁၂ )နေ့စွဲပါ စာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနသို့ တင်ပြခွင့်တောင်းခဲ့ပါသည်။ (နိုဝင်ဘာ ၁၆-ရက်၊ ၂၀၁၂ )နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနက ခွင့်ပြုခဲ့ပါသည်။ စာမူများသည် ဆရာတော်ဘုရား ပြန်လည်စိစစ်ခြင်းမရှိသော လက်နှိပ်စက်စာမူများဖြစ်ပါသည်။ သို့ဖြစ်၍ လက်နှိပ်စက်စာမူများကို မိမိသင့်သလို ပြန်လည်စီစစ်၍ စာအုပ်အဖြစ် ရိုက်နှိပ်လှူဒါန်းခြင်းဖြစ်ပါသည်။

ပြန်လည်စီစစ်ရန်ကိစ္စမှာ - မိမိမကျွမ်းကျင်သော လုပ်ငန်းဖြစ်နေ၍ မစိစစ်နိုင်တော့ပါ၊ သုတေသီများ လိုအပ်သလို အသုံးပြုနိုင်ရန် ရိုက်နှိပ်လှူဒါန်းခြင်း ဖြစ်ပါသည်။ သို့အတွက် လိုအပ်ချက်များ မှားယွင်းချက်များ အသင့်အတင့်ပါရှိနေသည်ကို ပြင်ဆင်၍ အသုံးပြုတော်မူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိမိသည် ဆရာသခင် အနန္တကျေးဇူးရှင်၏ ဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင်များအဖြစ် စိုက်ထူခဲ့သော ကျမ်းစာတို့ကို အနန္တကျေးဇူးဂုဏ်တော်များကို တတ်နိုင်သမျှ ပူဇော်လိုသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုကျမ်း

စာများ ထွက်ပေါ်လာရေးအတွက် အရှင်တေဇိန္ဒာစာရ (ဓမ္မာစရိယ၊ M.A မဟာစည်)၊ အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A)နှင့် တပည့်-ကျောင်းသား မောင်အောင်ကျော်ဇော-တို့က စိတ်ရှည်ရှည်ဖြင့် ကွန်ပျူတာစာစီပြီး ကျမ်းစာ လက်နှိပ်စက် မူကြမ်းများမှတစ်ဆင့် ကွန်ပျူတာစာမူဖြစ်အောင် ဆောင်ရွက် ပေးကြပါသည်။

တပည့်ဖြစ်သူ- ဒေါက်တာအရှင်ဥက္ကဋ္ဌ (ဆရာ့တပည့်-မြစ်ကျိုး)နှင့် အရှင်နန္ဒသီရိ(ရွှေမြေ-နန္ဒ)တို့က ကျမ်းစာအုပ်ပုံစံဖြစ်အောင် အဖက်ဖက်က ပုံဖော်ဆောင်ရွက်ပေးကြပါသည်၊ စေတနာရှင်များက ထက်ထက်သန်သန်ဖြင့် လှူဒါန်းထောက်ပံ့ကြပါသည်။ ပုံနှိပ်တိုက်, စာအုပ်ချုပ် လုပ်အားရှင်များကလည်း ပံ့ပိုးကူညီကြပါသည်။ ဤအကြောင်းတရားပေါင်းများစွာ၏ ကျေးဇူးပြုမှုကြောင့် ကျမ်းစာအုပ်အဖြစ် ပေါ်ထွက်လာသော "**မန္တလေးသာသနာဝင်၊ စတုဝီသတိ မတွဲ**" မိမိ၏ အနန္တကျေးဇူးရှင်၏ သာသနာပြုလုပ်ငန်းကို သူတော်သီတို့လက်သို့ အရောက် ပို့ဆောင်ပေးလိုက်ပါသည်။ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့ကို လည်း ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**သုစေနာနံ ပသာဒါယ၊ သုစေနသ ဝိရူဠ်ိယာ။**
**သုစေနာနံ ကမ္မံ ကတွာ၊ ပဏ္ဍိတာ သုစေနာ သဒါ။**

**အရှင်ကုမာရ**
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
၁၈-၁-၂၀၁၃၊ သောကြာနေ့။

# မန္တလေးသာသနာဝင် (၁)
# စတုဝီသတိမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓပ္ပဏာမ

**သာသနံ ပဌပေတွာန၊ စိရံ ဣဒံ သုမာပယိ။**
**ဝန္ဒာမိ သိရသာ တမ္ပိ၊ ဂန္ထကိစ္စေ သုသံယုတော။**

ယော ဘဂဝါ၊ ဘုန်းတော်မကိုင်ရှ် ဆောင်းစိုက်တော်မူ သယမ္ဘူထွတ်ထား အကြင်မြတ်စွာဘုရားသည်။ သာသနံ-သာသနဝံသံ၊ ကိုယ်တော်မြတ်စွာ သာသနာအနွယ်အဆက်ကို။ ဝါ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော် အနွယ်အဆက် ကို။ ပဌပေတွာန၊ ကရုဏာရှေးရှု ထားတော်မူပြီး၍။ ဣဒံ၊ ဤသဒ္ဓမ္မသုံးဖြာ သာသနာတော်စက်ကို။ စိရံ၊ မြင့်ရှည်မြားမြောင် နှစ်ငါးထောင်ရှည် ကာလ တည်အောင်။ သုမာပယိ၊ ဝေနေမျှားစွာ သတ္တဝါအား သံသာနှောင်ညွတ် လွတ်ရန်ရည်ရော် ဖန်ဆင်းတည်ထောင်တော်မူခဲ့လေပြီ။ တမ္ပိ ဘဂဝန္တံ၊ ဘုန်း တော်မကိုင်ရှ် ဆောင်းစိုက်တော်မူ သယမ္ဘူထွတ်ထား ထိုမြတ်စွာဘုရားကို လည်း။ ဝါ၊ သဒ္ဓမ္မသုံးဖြာ သာသနာကို ကာလကြာရှည် တည်အောင်ဖန်ဆင်း တရားမင်း ထွတ်ထား ထိုမြတ်စွာဘုရားကိုလည်း။ ဂန္ထကိစ္စေ၊ ကျမ်းပြုစာချ ကိစ္စအဝဝ၌။ သုသံယုတော၊ ပညာသံဝတ္တနိက ရှေးကမ္မကြောင့် မကွာနေ့ည ယှဉ်ခွင့် ပြုခွင့်ကို ရရှိပါသော။ အဟံ၊ အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျုံးပ် သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

(မိမိသည် မန္တလေးသာသနာဝင် စတုဝီသတိမတွဲ ထိုကျမ်းကြီးကို ရေးသားပြုစု စီရင်ရာ၌ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို လွန်စွာ အလိုရှိပါသည်။ သို့ဖြစ်၍ အသချေ်အနန္တဂုဏ်များသခင် ဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးဦးချပါသည်။ ယင်းသို့ ဘုရား ဇိနေ်အား ပူဇော်ရသဖြင့် ဗုဒ္ဓါရမ္မဏပီတိဖြင့် ကာယခွန်အား ဉာဏခွန်အားတွေ ပြည့်လျှမ်း ပြီး ဤမန္တလေး သာသနာဝင် စတုဝီသတိမတွဲကျမ်းကြီး အောင်လံစိုက်ဆောက် ပြီးမြောက် လိမ့်မည်ဟု ယုံကြည်ပါသည်။)

■■■

## ဓမ္မပူဇာသမ

**ဗုဒ္ဓေါပိ ဗုဇ္ဈိတ္ဂာ စေဝ၊ သစ္စိကတွာ နိရန္တရံ။**
**တံ ဓမ္မံ အဘိဝန္ဒာမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။**

ဗုဒ္ဓေါပိ၊ အသင်္ချေအနန္တ နိုင်းဆမမြင် ဂုဏ်တော်များသခင် ဘုရားရှင်သည်သော်မှလည်း။ ယံ ဓမ္မံ၊ အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို။ နိရန္တရံ၊ အစဉ်မပြတ် ကြားမလပ်အောင်။ ဗုဇ္ဈိတ္ဂာ စေဝ၊ ဖြစ်စေပြီး ပွားစေတော်မူပြီး၍လည်းကောင်း။ သစ္စိကတွာ၊ ကိုယ်ထိလက်ရောက် မျက်မှောက်ပြုတော်မူပြီး၍လည်းကောင်း။ ဗုဒ္ဓတ္တံ၊ ဘုရားမြတ်စွာ၏ အဖြစ်သို့။ ဝါ၊ ဘုရားမြတ်စွာ၏ ဖြစ်ကြောင်းဖြစ်ရာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ သမုပါဂတော၊ ကိလေသာစက်သုံး ထောင်ဝက်ဟူရန်သူအလုံး ချေမှုန်းဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ။ တံ ဓမ္မံအပိ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကိုလည်း။ အဘိဝန္ဒာမိ၊ ဘယ, လာဘ စသည်အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုးပါ၏။

(တရားတော်ကို ရှိခိုးပူဇော်ရသဖြင့်လည်း အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန စသော အကျိုးတွေကို ပုံသေမုချရပြီး မိမိပြုစုစီရင်သည့် မန္တလေးသာသနာ့ဝင် စတုဝီသတိမတွဲကျမ်းကြီး အန္တရာယ်ကင်းစင် အောင်မြင်ပြီး မြောက်လိမ့်မည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ “ဗုဒ္ဓေါပိ ဗုဇ္ဈိတ္ဂာ စေဝ သစ္စိကတွာ နိရန္တရံ” အစရှိသော ဂါထာဖြင့် တရားတော်ကိုလည်း ရှိခိုးပူဇော်ပါသည်။)

■ ■ ■

# သံဃပ္ပဏာမ

## ဩရသာနံ မုနိန္ဒဿ၊ မာရသေနဝိဃာတိနံ။
## ပုတ္တာနံ အရိယသံဃံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။

မုနိန္ဒဿ၊ အဂ္ဂါရိကစသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဩရသာနံ၊ တရားရင်နှစ် သားတော်စစ်ဖြစ်တော်မူကြကုန်သော။ မာရသေနဝိဃာတိနံ၊ မာရ်နတ် မာရ်နတ်၏ ကိလေသာစစ်တပ် အကုန်လုံးကို ချေမှုန်းဖြေ ဖျောက်တော်မူကြကုန်သော။ ပုတ္တာနံ၊ သားတော်တို့၏။ ဂဏံ၊ သင်္ဃာ တွက်စစ်ရှစ်ယောက် အပေါင်းဖြစ်သော။ အရိယသံဃံအပိ၊ ကိလေသာဟူ မြူမှုမကပ် အရိယာ သံဃာတော်မြတ်ကိုလည်း။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဓါအစွမ်း ပညာလွှမ်းလျက် ချီးမွမ်းပါ၏။ ဝါ၊ ရှိခိုးပါ၏။

(မိမိသည် "ဩရသာနံ မုနိန္ဒဿ" စသောဂါထာဖြင့် အရိယာ သံဃာတော်မြတ် အပေါင်းကိုလည်း ရှိခိုးပါသည်။ ယင်းသို့ အရိယာ သံဃာတော်မြတ် အပေါင်းကို ရှိခိုးရသဖြင့်လည်း အန္တရာယ် တစ်စုံတစ်ခု မသန်းဘဲ ဤမန္တလေးသာသနာဝင် စတုဝီသတိ မတွဲ ကျမ်းကြီး ပြီးစီးအောင်မြင်အောင် ရေးသားပြုစုနိုင်လိမ့်မည်ဟု ယုံ ကြည်ပါသည်။)

■ ■ ■

# အာစရိယပူဇာမ

**နမာမိ ထေရသေဋ္ဌေပိ၊ တိပေဋကဝိသာရဒေ။**
**သီလာဒိ ဂုဏသံယုတ္တေ၊ ထေရေသု နိန္နမာနသော။**

ထေရေသု၊ ကျေးဇူးတော်ထို ကဲပိုတုံလတ် မထေရ်မြတ်တို့၌။ နိန္နမာန-သော၊ ညွတ်ယိမ်းကိုင်းရှိုင်းသော စိတ်ရှိသော။ အဟံ၊ အရှင်ကေလာသ နာမ သမုတ် အကျွန်ုပ်သည်။ တိပေဋကဝိသာရဒေ၊ ပိဋကသုံးပုံ ပါဠိအဋ္ဌကထာ ဋီကာ အခန်းခန်း ကျမ်းဂန်တို့၌ ရွံ့ရှားခြင်း ကင်းတော်မူကြကုန်သော။ သီလာဒိ ဂုဏသံယုတ္တေ၊ သီလသမာဓိ ပညာဂုဏ်၌ ယှဉ်တော်မူကြကုန်သော။ ထေရသေ-ဋ္ဌေပိ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၊ မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမတိုက် အမရပူရကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသဟူသော မထေရ်မြတ်တို့ကိုလည်း။ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။

(ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၊ မန္တလေးမြို့၊ တောင်ပြင်ဒက္ခိဏာရာမတိုက်၊ အမရပူရကျောင်း၊ ဆရာတော် နိုင်ငံတော် သံဃနာယက အရှင်ဥက္ကံသာဘိဝံသ-ဟူသော ဆရာတော်နှစ်ပါးတို့သည် မိမိအား ရည်ရွယ်ချက် ကြီးမားစွာဖြင့် စာဆိုစေ၍ ချီးမြောက်တော်မူခဲ့ကြသည်။ ထိုဆရာတော်များကိုလည်း ရှိသေမြတ်နိုး ရှိခိုးဦးချပါသည်။)

■ ■ ■

# အဘိယာစက ပဋိညာဉ်

**ကရိဿာမိ သုသမ္ပုဏ္ဏံ၊ ဝံသံ သဗ္ဗင်္ဂသောဘနံ။**
**ယာစိတော ဒီဃဒဿီဟိ၊ မဟာသယေဟိ သာဓုဟိ။**

ဝန္ဒိတွာ၊ ရတနာသုံးပါး ဆရာသမားတို့ကို ရိုသေမြတ်နိုး ရှိခိုးဦးချပြီး၍။ ဒီဃဒဿီဟိ၊ အရှည်မြော်မြင် သမိုင်းဝါသနာရှင် ဖြစ်ကြကုန်သော။ မဟာသယေဟိ၊ မြင့်မြတ်သော အလိုအဈ္ဈာသယရှိကြကုန်သော။ သာဓုဟိ၊ သူကျိုးကိုယ့်ကျိုး ဤနှစ်မျိုးကို သည်ပိုးမပြတ် ပြီးစေတတ်ကုန်သော ဦးလှမောင်၊ ဦးကြည်ညွှန့်တို့သည်။ ယာစိတော၊ ရိုသေလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ သုသမ္ပုဏ္ဏံ၊ မယုတ်ကုံလုံ ပြည့်စုံသော။ သဗ္ဗင်္ဂသောဘနံ၊ အလုံးစုံသော သာသနာဝင်အခန်းတိုင်း အစိတ်အပိုင်းတိုင်း၌ တင့်တယ်သော။ ဝံသံ-မန္တလေး သာသနဝံသံ၊ မန္တလေးသာသနာဝင် စတုဝီသတိမတွဲကျမ်းကြီးကို။ ကရိဿာမိ၊ ဂန္ထဝုရကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပေအံ့။

(ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နောက်တွင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံတော်ကောင်စီဝင် အငြိမ်းစား၊ နိုင်ငံဂုဏ်ရည် ပဌမဆင့်ရသူ စသည်ဖြင့် ထင်ရှားသော ဦးလှမောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်တို့သည် မိမိအား မန္တလေး သာသနာဝင်ကျမ်းကြီးများ ပြည့်စုံစွာရေးသားပြုစုပေးရန် အကြိမ်ကြိမ် တောင်းပန်လျှောက်ထားကြသည်။ သို့ဖြစ်၍ မိမိသည် ပိဋကတ်အခြေခံ ကျမ်းဂန်များ၊ ဘာသန္တရကျမ်းဂန်များ၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ကျမ်းဂန်များချပို့ယင်း အကြားမှရသမျှအချိန်ကို ရယူသုံးစွဲ၍ မန္တလေးသာသနာဝင် စတုဝီသတိမတွဲကျမ်းကြီးကို ပြုစုစီရင်ပါအံ့ဟူလို။)

ပဌမ အဘိယာစက ပဋိညာဉ်ပြီး၏။

■ ■ ■

## ရတနာပုံမြို့တော်နန်းတည် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်း အင်္ဂါဦးလွင် ပဥ္စမသံဂါယနာတင် ၁၂၁၄–၁၂၄၀။

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားသည် သာယာဝတီ (ရွှေဘို) ကုန်းဘောင်မင်း၏ သားတော်ဖြစ်လေသည်။ နောင်တော် ပုဂံမင်းလက်ထက် ရွှေဘိုသို့ထွက်၍ ပုန်ကန်လေသည်။ နောင်တော်ပုဂံမင်းက ထီးနန်းလွှဲသဖြင့် မင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

မင်းတုန်းမင်းသည် ပုဂံမင်းနှင့်အင်္ဂလိပ်တို့စစ်ဖြစ်ခြင်း ပြေငြိမ်းခြင်းတို့ကို အသိအမှတ်မပြု။

စစ်ပြေငြိမ်းစာချုပ်ကိုလည်း လက်မှတ်မထိုးချေ။ အင်္ဂလိပ်တို့ကို မတိုက်ခိုက်ရန် အမိန့်တော်နှင့် တားမြစ်သဖြင့် စစ်အလိုအလျောက် ပြေငြိမ်းခဲ့လေသည်။ သို့ရာတွင် အင်္ဂလိပ်တို့က မင်းတုန်းမင်း၏သဘောကို အကဲခတ်၍ မရဘဲရှိလေသည်။

စိတ်မချရသဖြင့် မင်းတုန်းမင်းနှင့် အကျွမ်းဝင်သည့် သော်မက်စ် စပီးယားစ်ဆိုသူကို အမရပူရမြို့၌နေစေ၍ နေပြည်တော်သတင်းများကို တစ်လနှစ်ကြိမ် ရန်ကုန်မြို့ရှိ ဝန်ရှင်တော်မင်းကြီး ဖယ်ရာထံ ပို့ရလေသည်။ မင်းတုန်းမင်းသည် စပီးယားစ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံ ပြုစုတော်မူခဲ့လေသည်။

သော်မက်စ်စပီးယားစ်သည် အမြော်အမြင်ကို လိမ်မာသူဖြစ်သည့်အလျောက် အင်္ဂလိပ်နှင့်မြန်မာတို့ တစ်ဦးနှင့်တစ်ဦးအကြောင်းကို ရေလည်နားလည်ကာ သင့်မြတ်အောင် ရွက်ဆောင်ခဲ့လေသည်။

### မင်းတုန်းမင်း၏ ဆောင်ရွက်ချက်များ

မြို့တော်။ ။ သက္ကရာဇ် ၁၂၁၈-ခုနှစ်တွင် ရတနာပုံ မန္တလေးမြို့တော်ကြီးကို စတင် တည်ထောင်သည်။ ၁၂၁၉-ခုနှစ်တွင် ပြောင်းရွှေ့ စံတော်မူသည်။ ၁၂၂၂-ခုနှစ်တွင် မြို့တော်တည်၍ ပြီးစီးသည်။ မော်ကွန်းထု သက္ကရာဇ်ကား ၁၂၂၁-ခု ဖြစ်လေသည်။

<u>သာသနာရေး</u>။ ။ ကောင်းမှုတော်လောကမာရဇိန် မဟာကုသိုလ်တော်၊ မဟာသကျမာရဇိန် ကျောက်တော်ကြီး၊ ရွှေရပ်တောင်စသော စေတီများစွာ ဆင်းတုတော်များစွာတို့ကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီကြီးကို ရွှေထီးတော် တင်တော်မူခဲ့လေသည်။ နိုင်ငံတော်အတွင်း အဘယဒါန၊ ဇီဝိတဒါနတို့ကို ပေးသည်။

ဘုရားမှုခပါဠိ ပိဋကတ်သုံးပုံ ပါဠိတော်များကို သံဃာတော်(၂၄၀၀) ကျော်တို့ ပဉ္စမသင်္ဂါယနာတင်ပြီး ကျောက်ထက်အက္ခရာ တင်တော်မူပြီး၍ ကုသိုလ်တော် လောကမာရဇိန်စေတီတော်ကြီး ပရိဝုဏ်အတွင်း တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

ပဉ္စမသံဂါယနာတင်သောမင်းဖြစ်၍ ပဉ္စမသံဂါယနာတင် မင်းတရားဟု တွင်လေသည်။

<u>ပညာသင်ကြားရေး</u>။ ။ ပိဋကတ်ကျမ်းဂန် သင်ကြားရေးအပြင် အင်္ဂလိပ်ဘုန်းကြီး ဆရာမတ်ကို မြေရာနှင့်တကွ အင်္ဂလိပ်စာသင်ကျောင်း ဆောက်ပေးပြီးလျှင် သားတော်များကို အင်္ဂလိပ်စာ သင်စေသည်။ ပြင်သစ်ဘုရင်ဂျီဘုန်းကြီး (ဘီဂန္ဒေ)ကိုလည်း ချီးမြှောက်တော်မူသည်။

<u>နိုင်ငံတော်စီးပွားရေး</u>။ ။ လယ်ယာဆည်မြောင်းတို့ကို ပြုစုတော်မူလေသည်။ လယ်ယာလုပ်သား ဆင်းရဲသားတို့ကို စရိတ်ကြေးငွေ ထောက်ပံ့၍ လုပ်ဆောင်စေသည်။ ကျွန်းသစ်၊ ရေနံ၊ ကျောက်နီစသော ကုန်စည်တို့ကို မိမိ တစ်ဦးတည်းပိုင်ခွင့်နှင့် တူးဖော်လုပ်ဆောင် ရောင်းချစေသည်။

ကုန်စည်ရောင်းဝယ်ရေးအတွက် အင်္ဂလိပ်တို့နှင့် နှစ်ကြိမ်တိုင် စာချုပ်ချုပ်ဆိုသည်။ မြန်မာသက္ကရာဇ် ၁၂၂၃-ခုနှစ်ကစ၍ သဿမေဓအခွန်တော်ကို တောင်းခံပြီးလျှင် အမှုထမ်း အရာထမ်းတို့အား ရှေးကနည်းတူ မြို့စားရွာစား မပေးဘဲ လစာရိက္ခာ ပေးကမ်းချီးမြှင့်တော်မူလေသည်။

သဿမေဓအခွန်မှာ ဖြန်းမျှခြင်းအားဖြင့် တစ်အိမ်ထောင်လျှင် ၁ဝိ ကျသည်ဟူ၏။ ၁၂၂၇-ခုနှစ်ကစ၍ ဒင်္ဂါးပိုက်ဆံသွန်းလုပ်သည်။

<u>နိုင်ငံခြားရေး</u>။ ။ ခရစ်သက္ကရာဇ် ၁၈၅၅ ခု၊ ပဲခူးကို အုပ်ချုပ်သော မင်းကြီး မေဂျာဖယ်ရာ အမရပူရသို့လာသဖြင့် ကောင်းစွာကြိုဆို လက်ခံတော်မူသည်။ မင်းလှဝန်အာရမဏီ အာမေနီယံလူမျိုး မက္ကတစ်က မင်းလှတွင် မြန်မာ အရာရှိ အင်္ဂလိပ်အရာရှိတို့ကို ကောင်းစွာကျွေး မွေးပြုစုသည်။ မင်းတုန်းမင်းက နှစ်ပြည်တစ်ပြည် စာမချုပ်လိုသဖြင့် အရေးမရလေ။

သို့ရာတွင် နယ်ခြားအရာရှိဖြစ်သော မင်းလှဝန် မက္ကလစ် နှင့် သရက်မြို့ အရေးပိုင် မေဂျာအာလန်တို့ကို တစ်ဦးနှင့်တစ်ဦး သင့်တင့်မျှမျှ တိုင်တိုင်ပင်ပင် အုပ်ချုပ်ရန် ဆုံးမ၍ လွှတ်လိုက်လေသည်။

၁၈၆၂-ခုနှစ်တွင် ရခိုင်၊ ပဲခူး၊ တနင်္သာရီနယ်တို့ကို ပေါင်းပြီးလျှင် မေဂျာ ဖယ်ယာကို မဟာမင်းကြီးခန့်ထား အုပ်ချုပ်စေလေသည်။

<u>၁၈၆၂ ခုနှစ်</u>။ ။ မဟာမင်းကြီး ဖယ်ယာလာရောက်၍ ကုန်စည်ကူး သန်း ရောင်းဝယ်ရေးအတွက် စာချုပ်ဆိုသည်။ စာချုပ်ပါ အချက်များအနက် အချို့မှာ။

(၁) တစ်နှစ်ပြည့်လွန်လျှင် နယ်ခြားအကောက်အနှုန်းများကို နှစ်ပြည်လုံး က လျှော့ပေါ့ရန်။

(၂) အင်္ဂလိပ်မင်း ကျေးကျွန်တို့သည် မည်သည့် နေရာမှာမဆို ကူးသန်း ရောင်းဝယ်ခွင့်ပြုရန်။

(၃) မန္တလေးမြို့၌ အင်္ဂလိပ်ကိုယ်စားလှယ်တစ်ယောက်ထားရန် တို့ဖြစ် သည်။

သို့ရာတွင် မင်းတုန်းမင်းက ကျွန်းသစ်၊ ရေနံ၊ ကျောက်နီစသော ပစ္စည်း များကို မိမိတစ်ဦးတည်းပိုင် ခွင့်ပြုလုပ်ပြီး ကိုယ်စားလှယ်ထား၍ ရောင်းချစေ သဖြင့် ကုန်စည်ရောင်းဝယ် မစည်ကားချေ။

<u>၁၈၆၆ ခုနှစ်</u>။ ။ မေဂျာဖယ်ယာ တစ်ကြိမ်လာပြန်၍ ကုန်စည် ရောင်း ဝယ်ရေး၌ တစ်ဦးတည်းပိုင်ခွင့်ကို ပယ်ဖျက်၍ လွတ်လပ်စွာ ရောင်းဝယ် ဖောက် ကားခွင့်ပေးရန် ပြောလေရာ မရဘဲရှိလေ၏။

၁၈၆၇- (၁၂၂၉) ခုနှစ်တွင် မေဂျာဖယ်ယာနောက် ဆက်ခံသော မဟာဝန်ရှင်တော်မင်းကြီး ကာနယ်ဖိုက် မန္တလေးသို့တက်သွား၍ ကုန်စည်ကူးသန်း ရောင်းဝယ်ရေး စာချုပ်ချုပ်ဆိုသည်။ စာချုပ်ပါ အချက်များကား

၁။ နယ်ခြားအကောက်တို့ကို ငွေ ၁၀ဝ ကျပ်လျှင်တို့နှုန်း ကောက်ခံရန်။ ဆယ်နှစ်တစ်ကြိမ် အကောက်နှုန်းများကို ပြင်ဆင်လိုကပြင်ဆင်ရန်။

၂။ မန္တလေးတွင် အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ် အင်္ဂလိပ်နယ်တွင် မြန်မာအရေးပိုင် ကိုယ်စားလှယ် ခန့်ထားရန်။

၃။ ရွှေနှင့်ငွေကို လွတ်လပ်စွာ ရောင်းဝယ်နိုင်ရန်။

၄။ မင်းတုန်းမင်း၏တစ်ဦးတည်း ရောင်းဝယ်ပိုင်ခွင့်ကို ကျွန်းသစ်၊ ရေနံ၊ ကျောက်သံပတ္တမြားတို့တွင်သာ ထားရန်။

၅။ မဟာမင်းကြီးသည် သဘောတူညီက အင်္ဂလိပ်ပိုင်နက်အတွင်း လက်နက်ကြိယာ ဝယ်နိုင်ရန်။

၆။ ရာဇဝတ်မှုရှိသူတို့ကို နိုင်ငံပြောင်း၍ ဆောင်ယူနိုင်ရန်များ ဖြစ်လေသည်။

ထို့နောက် ကာနယ်စလေဒင်က တရုတ်တို့နှင့်ကုန်ရောင်းဝယ် ရေးကို မြော်၍ ဗန်းမော်မြောက်ဖက်သို့လမ်း အကြည့်သွားသည်။

သို့ရာတွင် တိုင်းပြည်မငြိမ်သက်၍ ပြန်လာရလေသည်။ နောက် ၂- နှစ်ကြာသောအခါ ဗန်းမော်နေ အင်္ဂလိပ်ကိုယ်စားလှယ် ကက်ပတိန် စထရိုဗာက ကရင်လူမျိုး၊ ရှမ်းလူမျိုး နယ်ခြားတရုတ်လူမျိုးတို့နှင့် မိတ်ဖွဲ့အောင်မြင်လေသည်။

<u>၁၈၇၁ ခုနှစ်</u>။ ။ ၁၈၇၁ ခုနှစ်တွင် မဟာဝန် ရှင်တော်မင်းကြီး ဖြစ်သော ဆာအက်ရှလီအီဒင်က တစ်ဦးတည်း ရောင်းဝယ်ပိုင်ခွင့်ကို ဖျက်သိမ်းရန် တောင်းပန်သည်ကို အခွင့်ပေးသည်။

<u>၁၈၇၂ ခုနှစ်</u>။ ။ ဝိတိုရိယဘုရင်မကြီး၊ အင်္ဂလိပ်အမတ်ချုပ်ကြီး၊ အိန္ဒိယဘုရင်ခံချုပ်တို့ထံမှ ရာဇသံစာများ ရောက်လာသည်။

မင်းတုန်းမင်းတရားကြီးသည် အင်္ဂလိပ်တို့နှင့် အသင့်အတင့် ကျင့်ဆောင်တော်မူသည်။ သို့ရာတွင် အင်္ဂလိပ်သံတို့နှင့် မန္တလေးမြို့ရှိ အင်္ဂလိပ်အရေးပိုင်ကိုယ်စားလှယ်တို့က မင်းတရားကြီးရှေ့သို့ ဝင်သောအခါ ဖိနပ်စီး ဓားလွယ်စွဲလျက် ဝင်လိုကြောင်း တောင်းဆိုရာ ထိုအချိန်ကစ၍ အင်္ဂလိပ်သံ အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ်တို့ကို ဖူးမြော်ခွင့် မပေးတော့ချေ။ မှူးမတ်တို့နှင့်သာ ဆက်ဆံရလေသည်။

## အင်္ဂလိပ်ထံ သံစေလွှတ်ခြင်း

၁၈၅၄ ခုနှစ် (၁၂၁၆) ကာလကတ္တားမြို့က ဘုရင်ခံချုပ် လော့ဒါဒါလဟိုဇီထံ သံလွှတ်သည်။ ပဲခူးမြို့ကို ပြန်ရရန် တောင်းဆိုရာ အရေးမသာချေ။

<u>၁၈၇၂ ခု (၁၂၃၄)</u> ။ ။ ကင်းဝန်မင်းကြီးကို သံအမတ်ကြီးခန့်၍ အင်္ဂလန်ပြည်သို့ သွားစေသည်၊ အင်္ဂလန်ပြည်က ကောင်းစွာ လက်ခံလေသည်။ ပြင်သစ်ပြည်၊ အီတလီပြည်တို့သို့လည်းဝင်၍ စာချုပ် ဆိုရန် အကြမ်း တိုင်ပင်ရေးသားခဲ့လေသည်။

သို့ရာတွင် ပြင်သစ်စာချုပ်မှာ ကျောက်နီတွင်း တူးဖော်လုပ်ကိုင် ရောင်းဝယ်ခွင့်ကို ပြင်သစ်တို့အား ပေးရန်အချက်ပါဝင်သဖြင့် မင်းတုန်း မင်းက အတည်မပြုပါချေ။ နောက်တဖန် ၁၈၇၃-ခုနှစ်တွင် ကင်းဝန်မင်းကြီး ပြင်သစ်သို့ စာချုပ်ဆိုရန် သွားပြန်ရာ ပြင်သစ်လူမျိုးတို့ ကျောက်နီတွင်းကို လုပ်ကိုင်ခွင့် အချက်မပါသဖြင့် ပြင်သစ်အစိုးရတို့က စာချုပ်ကို လက်မခံချေ။

<u>၁၈၇၅ ခု</u> ။ ။ ကရင်နီနယ်နှင့်စပ်သော အရေးတို့ကို တိုင်ပင် ဆုံးဖြတ်ရန်အတွက် နိုင်ငံခြားဝန် ဆောလီကို ကာလကတ္တားသို့ စေလွှတ်သည်။ ထို့နောက် ထိုနှစ်ဘုရင်ခံချုပ်က စေလွှတ်သော ဆာဒတ်ဂလက်ဖော်ဆိုက်နှင့် တိုင်ပင်၍ ကရင်နီနယ်ကို လွတ်လပ်ခွင့်ပေးသည်။

<u>အခြားနိုင်ငံခြားသံများ</u>။ ။ ၁၈၇၂ ခုနှစ်၊ ဣတာလျံသံများ ရောက်လာ၍ ၁၈၇၂-ခု ကင်းဝန်မင်းကြီးနှင့် ညှိနှိုင်းရေးသားသော စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။ ၁၈၇၃-ခုနှစ်တွင် ပြင်သစ်သံများ ရောက်လာ၍

၁၈၇၂-ခုနှစ် ကင်းဝန်မင်းကြီးနှင့် ညှိနှိုင်းရေးသားသောစာချုပ်ကို အတည်ပြု လာရန်ပြောလေရာ ကျောက်နီတွင်းတူးဖော် လုပ်ကိုင်ရောင်းဝယ်ခွင့်ကို ပြင်သစ်တို့အား ပေးရန် အချက်ပါသဖြင့် မင်းတုန်းမင်းကြီးသည် အတည်မပြုပါချေ။

ပြည်ထဲရေး။ ။ မင်းတုန်းမင်းသည် ညီတော်ကနောင်မင်းကို အိမ်ရှေ့ ပေးတော်မူလေသည်။ ယင်းသို့ပေးသည်ကို သားတော်ကြီးများက မခံမရပ်နိုင် ရှိကြ၍ သက္ကရာဇ် ၁၂၂၈-ခုနှစ် မန္တလေးတောင်ခြေ နန်းမြေဘုံသာ စံနန်းတော်တွင်စံနေခိုက် သားတော်မြင်ကွန်းမင်းသား၊ မြင်းခုန်တိုင်မင်းသားတို့ ပုန်ကန်၍ အိမ်ရှေ့မင်းကို သတ်ကြလေသည်။

မင်းတုန်းမင်းမှာ မြို့တော်တွင်းဝင်၍ လွတ်မြောက်လေသည်။ ထို့နောက် သူပုန်တို့ မြို့တွင်းဝင်၍ အတွင်းနန်းကို တိုက်ခိုက်ကြလေသည်။ အိမ်ရှေ့မင်း တပ်တော်များ ရောက်လာကူညီသဖြင့် သူပုန်တို့ ပြေးကြလေကုန်၏။ မြင်ကွန်း မင်းသား၊ မြင်းခုန်မင်းသားတို့လည်း ဧရာဝတီမြစ်ဆိပ်က သင်္ဘောတော် တစ်စင်းကို အတင်းဖမ်းယူ၍ မြင်းခြံသို့ စုန်ဆင်းကြလေသည်။ နောက် တပ်တော်များ ရောက်လာသဖြင့် ရန်ကုန်သို့ ထွက်ပြေးကြလေသည်။ ရန်ကုန်တွင် အင်္ဂလိပ်တို့က အစောင့်အရှောက်နှင့်ထားစဉ် မြင်ကွန်းမင်းသား ကရင်နီနယ်သို့ ထွက်သွား၍ မြန်မာနယ်ကို ဝင်ရောက်တိုက်ခိုက်ပြန်လေသည်။ နောက် တပ်တော်များ လာရောက်တိုက်ခိုက်သည်နှင့် ရန်ကုန်သို့ ပြန်လာလေသည်။

ရန်ကုန်မှ ညီတော် နောင်တော်ကို အင်္ဂလိပ်တို့က ဗင်္ဂလားသို့ ပို့လေသည်။ ဗင်္ဂလားတွင် ညီတော် မြင်းခုန်တိုင်မင်းသား ကွယ်လွန်လေသည်။ မြင်ကွန်းမင်းသားမှာ ပြင်သစ်နယ်သို့ ထွက်ပြေးတိမ်းရှောင်သဖြင့် ပြင်သစ်တို့က အရှေ့အင်ဒိုချိုင်းနားနယ် ဆေးဂုံမြို့သို့ ပို့ထား ကြကုန်၏။ ကာလရှည်ကြာမှ လွန်လေသည်။

မြင်ကွန်းအရေးတော်၌ အိမ်ရှေ့မင်း လွန်လေသည်။ ထိုနှစ်မှာပင် အိမ်ရှေ့မင်းသားတော် ပတိမ်းမင်းသား ရွှေဘိုသို့ ထွက်သွား၍ ပုန်ကန်သည်။ တော်တော်ကြာကြာ တိုက်ခိုက်ပြီးမှ ပတိမ်းမင်းသားကိုမိ၍ အချုပ်နှင့်ထားလေသည်။

ထို့နောက် မသင့်သော အကြံအစည်ကို ကြံစည်ပြုမူသည်ဟူ၍ မင်းတရားကြီးမသိဘဲ လွှတ်တော်အမိန့်နှင့် ကွပ်မျက်လေသည်။

ကွပ်မျက်ရာအရပ်သို့ ဆောင်ယူသွားစဉ် အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ် ကက်ပတိန်စလေဒင်နှင့်တွေ့၍ နန်းတော်သို့အမြန်ဝင်၍ လွှတ်စေ အမိန့်ခံယူပြီးလိုက်လာရာ ကွပ်မျက်နှင့်ပြီးဖြစ်၍ အသက် မမှီတော့ချေ။ ထိုအခါမှစ၍ သားတော်များကို အခြွေအရံအမှုထမ်းတို့ ကို ရုပ်သိမ်းစေတော်မူလေသည်။

သက္ကရာဇ် ၁၂၄၀-ခုနှစ် (ခရစ်-၁၈၁၇)တွင် ပဥ္စမသံဂါယနာတင်မင်းတရားကြီး မကျန်းမမာသောအခါ ဘကြီးတော်မင်းတရား၏ မိဖုရားခေါင်ကြီး မယ်နု၏သမီးဖြစ်သော ဆင်ဖြူမရှင် မိဖုရား ခေါင်ကြီးနှင့်အလိုတူသော မှူးတော် မတ်တော်တို့တိုင်ပင်၍ သီပေါမင်းသားကို အိမ်ရှေ့ပေးပြီးလျှင် အခြားသားတော်တို့ကို အမိန့်တော်နှင့် ဆင့်ခေါ်၍ ချုပ်ထားနှောင်ထားလေသည်။

ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသား ညီတော် နောင်တော်တို့ကား အတွင်းတော် အကြံအစည်ကိုရိပ်မိသိရှိသဖြင့် အင်္ဂလိပ် သံတဲသို့ ခိုဝင်ကြကုန်၏။

နောင်တွင်အင်္ဂလိပ်နယ်သို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။ နောက်တွင် အချုပ်ခံရသော မင်းသားတို့၏ မယ်တော်များက အကျိုးအကြောင်းကို မင်းတရားကြီးထံဝင်၍ လျှောက်ထားကြသဖြင့် အမိန့်တော်နှင့် လွတ်စေပြီးလျှင် သားတော်အကြီး မက္ခရာမင်း၊ ညောင်ရမ်းမင်း၊ သုံးဆယ်မင်းတို့ကို ဘုရင်ခံခန့်၍ ထားလေသည်။

သို့ရာတွင် မင်းသားများ မထွက်ခွာမီ မင်းတရားကြီးမသိစေဘဲ မိဖုရားခေါင်ကြီးနှင့်ကြံရာပါ မှူးမတ်တို့က ဖမ်းဆီးချုပ်ထားမြဲ ချုပ်ထားကြပြန်သည်။

မင်းတရားကြီးသည် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့တွင် နတ်ရွာစံတော် ကံတော်ကုန်တော်မူလေသည်။

မင်းတရားကြီးကား ရတနာသုံးပါးလွန်စွာ ကြည်ညိုသည်။ သနားတတ်သည်။ သစ္စာရှိသည်။ တော်ဖြောင့်သည်။ သဘောထား ပြည့်ဝသည်။ အမြော်

အမြင် ကြီးမားသည်။ ပြည်သူတို့၏အကျိုးကိုကြည့်သည်။ ရက်စက်ကြမ်းကြုတ်မှုကို နှစ်သက်တော်မမူချေ။ မည်သူ့ကို သတ်စေဟု အမိန့်မပေး။ စစ်တိုက်ရန်လိုလည်း မလိုလား။ မိမိဗုဒ္ဓဘာသာ, သာသနာ, ဗုဒ္ဓသာသနာပြု ဓမ္မရာဇ်မင်းဖြစ်သော်လည်း ပညာသင်ကြားရေးကို လိုလားသဖြင့် ခရစ်ယန်ဆရာမတ်ကျောင်းကို ကိုယ်တော်တိုင် ချီးမြှင့်အားပေးတော်မူသည်။

## သံဝေဂယူရန်

**ဧဝံ ဟိ သင်္ခါရာ နာမ၊ စလာ ဝိဗ္ဗုလ္လတောပမာ။**
**တသ္မာ သဗ္ဗသင်္ခါရေဟိ၊ ယုတ္တံ ခေါ ဟိ ဝိမုစ္စိတုံ။**

သင်္ခါရာ နာမ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့မည်ကုန်သည်။ ဧဝံ ဟိ၊ ဤသို့လျှင်။ စလာ၊ ငြိမ်သည်မဟုတ် လှုပ်ရှားပေကုန်၏။ ဝိဇ္ဇုလ္လတောပမာ၊ လျှပ်စစ်လျှပ်ပန်းနွယ်တမူ တူလှပေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော ရုပ်နာမ်ဓမ္မသင်္ခါရတို့မှ။ ဝိမုစ္စိတုံ၊ လွတ်အောင်ကြိုးကုတ် အားထုတ်ခြင်းငှါ။ ယုတ္တံ ခေါ ဟိ၊ သင့်မြတ်လှပေသည်သာ။

■ ■ ■

## မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား အင်္ဂလိပ်နိုင် သီပေါနိုင်ပိတ် – ၁၂၄၀၊ ၁၂၄၇

သက္ကရာဇ် ၁၂၄၀- ပြည့်နှစ်တွင် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံလေလျှင် သားတော် သီပေါမင်းတရား နန်းတက်လေသည်၊ မာရ်အောင်ရတနာစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သဖြင့် မာရ်အောင်ရတနာစေတီတော်ဒါယကာဟု တွင်သည်။ နန်းတက်စတွင် ခမည်းတော် နတ်ရွာစံလွန်တော်မူ၍ ထီးနန်းကို ဆက်လက်အုပ်စိုးတော်မူရကြောင်းကို အင်္ဂလန်နိုင်ငံ (ဘိလပ်)ဝိတိုရိယ ဘုရင်မကြီးထံ ရာဇသံပေးပို့လေရာ ဝိတိုရိယ ဘုရင်မကြီးက ရာဇသံပြန်လေသည်။ ယင်းရာဇသံ ဘာသာပြန်ချက်မှာ အောက်ပါ အတိုင်းဖြစ်လေသည်။

## အိန္ဒိယနိုင်ငံတော် ကေရီအသျှင်မကြီးဖြစ်တော်မူသော ဂရိတ် ဗြိတိန်နှင့် အိုင်ယာလန်ပြည်ကြီးရှင် အသျှင်ကေရီဘုရင်မကြီးထံမှ မြန်မာပြည့်ရှင် ဘုရင်မင်းတရားထံ ပေးပို့သည့်ရာဇသေ်

အကြည်တော်မင်းမြတ် အကြည်တော်မင်းမြတ်ထံမှ အကြည်တော်၏ ဖခမည်းတော် မင်းတရားကြီး နတ်ရွာစံလွန်တော်မူကြောင်းနှင့် အကြည်တော်သည် မြန်မာပြည်ကြီး၏ထီးနန်းကို ဆက်ခံစိုးအုပ်ရကြောင်းများ ပါရှိသော အောက်တိုဘာ ၂၄-ရက်နေ့စွဲပါ ရာဇသံများကို ရရှိပါသည်၊ အင်္ဂလန်ပြည်နှင့် မြန်မာပြည်ကြီးမှာ တပြည်နှင့်တပြည် ရွှေလမ်းငွေလမ်းဖောက်လျှက် မဟာမိတ်ဖြစ်ရှိနေကြသည် အချိန်အခါအတွင်းတွင် ဤကဲ့သို့ အကြည်တော်၏ ဖခမည်းတော်မင်းတြားကြီး နတ်ရွာစံလွန်တော်မူရခြင်းကို ကြားသိရသည့်အတွက် အကျွန်ုပ် များစွာ ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရပါသည်။

အကြည်တော် သဘောထားချက်အတိုင်း တပြည်နှင့်တပြည် မဟာမိတ်အဖြစ်ကို ဆက်လက် တည်ရှိစေမည်ဖြစ်ပါသည်။ အကြည်တော်၏ စိုးစံအုပ်ချုပ်မှုကြောင့် အကြည်တော်၏လက်ထက်တွင် မြန်မာ ပြည်သူပြည်သား ကျေးတော်

မျိုး ကျွန်တော်မျိုးတို့မှာ ရွှင်လန်းချမ်းမြေ့ ကြလျှက် တိုင်းပြည်နိုင်ငံ ဝပြောစည်ပင် သာယာပါစေသတည်းဟု မင်္ဂလာပြုပါသည်။

အကြည်တော်၏အကျိုးကို လိုလားသောမိတ်စစ်ဖြစ်သူ-

ဝိတိုရိယ

ဤကဲ့သို့ သီပေါမင်းသားထီးတော်စိုးစံစတွင် အင်္ဂလိပ်တို့နှင့် မဟာမိတ်ဖြစ်၍ သာကြည်စွာဆက်ဆံပေါင်းသင်းရမည့် လက္ခဏာရှိသော်လည်း မကြာမြင့်မီပင် အင်္ဂလိပ်တို့နှင့် မသင့်မတင့် ဖြစ်လာရလေသည်။

သီပေါမင်းတရား၏ မိဖုရားခေါင်ကြီးကား ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်မှ ဖွားမြင်သော မြတောင်မင်းသမီး ဖြစ်လေသည်။ စုဖုရားလတ်ဟု ခေါ်ဝေါ်ကြလေသည်။ စုဖုရားလတ်ကား မင်းသမီးဘွဲ့မည်ဖြစ်၏။ သီပေါမင်းတရား လက်ထက်တွင် ရှေးမင်းတို့လက်ထက်မှာကဲ့သို့ မိဖုရားများစွာ မထားချေ။

■

## မင်းသား မင်းသမီး ၄၀–ကျော် ကွပ်မျက်ခြင်း

သီပေါမင်းတရား နန်းတက်သည့်နှစ်မှာပင် ခမည်းတော်နတ်ရွာ မစံမီက အကျဉ်းချုပ်ထားသော မင်းသား-မင်းသမီး ၄၉-ကျော်တို့ကို လက်သုံးတော်ကြီးများ ကွပ်ညှပ်စီရင်ကြသည်နှင့် တိုင်းသူပြည်သားတို့ စိတ်နှလုံး ပင်ပန်းညှိုးငယ်ကြသည်။ မင်းသား မင်းသမီးများကို သတ်ဖြတ်သည့်ကိစ္စတွင် သီပေါမင်းတရားကြိုတင်၍မသိရဟု တစ်ချို့ဆိုကြသည်။ အချို့ကလည်း မင်းမိဖုရား နှစ်ဦးလုံးကြံရာပါ အလိုတူဟူ၍လည်း ပြောဆိုကြသည်။

၁၂၄၀-ပြည့်နှစ်တွင် ပြည်သူများ ချမ်းသာကြွယ်ဝရန် ရည်ရွယ်၍ ရွှေမြို့တော်အတွင်း ထီရုံများဖွင့်လှစ်သည်။ သို့ရာတွင် ရည်ရွယ်ချက်အတိုင်း မအောင်မြင်ပဲ ပြည်သူများ ဆင်းရဲပျက်စီးကြောင်းသာ ဖြစ်သဖြင့် ၁၂၄၃-ခုနှစ်တွင် ထီရုံများကို ရုတ်သိမ်းတော်မူသည်။

## ၁၄–ဌာနခွဲ၍ အုပ်ချုပ်ခြင်း

နန်းတက်သည့်နှစ်တွင် တိုင်းပြည်နိုင်ငံ အုပ်ချုပ်ခြင်း၌ ကိုယ်စီ တာဝန်ထား၍ သီးခြားကြပ်မတ်ထမ်းရွက်ရန် တရပ်တဌာနစီ ခွဲဝေ ပိုင်းခြားသည်မှာ

၁။ လယ်ယာဆယ်မြောင်းဖက်ဌာန၊
၂။ အလုပ်ဖက်ဌာန၊
၃။ ကုန်းကြောင်းစစ်ဖက်ဌာန၊
၄။ ကူးသန်းရောင်းဝယ်ရေးဌာန၊
၅။ သာသနာရေးဌာန၊
၆။ ဘဏ္ဍာရေးဌာန၊
၇။ အခွန်တော်ဌာန၊
၈။ ရာဇဝတ်ဌာန၊
၉။ တရားစီရင်ရေးဌာန၊
၁၀။ ရေကြောင်းစစ်ဖက်ဌာန၊
၁၁။ နိုင်ငံခြားရေးဌာန၊
၁၂။ နိုင်ငံခြားသား အုပ်ချုပ်ရေးဌာန၊
၁၃။ နိုင်ငံတော် အုပ်ချုပ်ရေးဌာန၊
၁၄။ စက်ရုံတော်များအုပ်ချုပ်မှုဌာန-အားဖြင့် ၁၄- ဌာန ခွဲခြား အုပ်ချုပ်ခဲ့လေသည်။

နိုင်ငံတော်အုပ်ချုပ်ရန် မူးမတ်တို့ကို အများသဘောတူ ပြဌာန်း၍ အတည်ပြုပြီးလျှင် ဘုရင်သဘောတူစာချုပ် ရယူပြီးနောက် ထုတ်ပြန်လိုက်နာ ပြုလုပ်ကြရသည်၊ နန်းတက်စတွင် ခန့်အပ်ထားသော ဝန်ကြီးများမှာ-

၁။ ရေနံချောင်းဝန်ကြီး
၂။ ခန်းပတ်ဝန်ကြီး
၃။ လယ်ကိုင်းမြို့စားသေနတ်ဝန်ကြီး
၄။ ရွှေပြည်ဝန်ကြီးတို့ ဖြစ်ကြကုန်၏။

ယင်းဝန်ကြီး လေးဦးအနက် ရေနံချောင်းဝန်ကြီးနှင့် ရွှေပြည် ဝန်ကြီးတို့

မှာ မကြာမီပင် အရာမှကျကြကုန်၏။ ၎င်းနောက် ၁၂၄၃-ခုနှစ်တွင် ခန်းပတ်ဝန်ကြီးမင်းလည်း အရာမှကျလေသည်။ ရွှေပြည်ဝန်ကြီးကဲ့သို့ ပညာရှိကြီးကို အရာကျသော အချိန်ကစ၍ မြန်မာပြည် အညွန့်တုံးပြီဟု တစ်ချို့မှတ်ယူကြသည်၊ သီပေါမင်းလက်ထက်တွင် အရည်အချင်းညံ့သော မှူးမတ်များ တွင်ကျယ်ကြလေသည်။

## တိုင်းပြည်ကောင်းမွန်အောင် ထင်မြင်ချက်သွင်းစေခြင်း/ကြီးကြပ်ပြုစေခြင်း

သီပေါမင်းတရားသည် မှူးမတ်တို့ကို တိုင်ပြည်အုပ်ချုပ်မှု တိုးတက်ကောင်းမွန်အောင် မည်သို့မည်ပုံ ပြုပြင်ပြောင်းလဲသင့်ကြောင်းကို ထင်မြင်ချက်ရေးသား ဆက်သွင်းစေတော်မူသည်။

ဥရောပတိုက်၊ ပြင်သစ်ပြည်၊ အီတလီပြည်၊ အိန္ဒိယနိုင်ငံ-စသည်တို့သို့ စေလွှတ်တော်မူသည်။

ရဲမက်အမှုထမ်းတို့ကို စစ်ဝတ်အင်္ကျီ, ဘောင်းဘီ ဝတ်ဆင်စေပြီးလျှင် ကုလားလုံ့လူမျိုးဆရာ ပြင်သစ်လူမျိုးဆရာတို့ကိုအပ်၍ သေနတ်ပစ်အတတ်အခင်းအကျင်း စစ်မှုနှင့်စပ်သည့်အရာများကို ကောင်းမွန်စွာ ကျွမ်းကျင် တတ်မြောက်နားလည်အောင် ကြီးကြပ်ပြုသ သင်ကြားစေတော်မူလေသည်။

■

## ညောင်အုပ်မင်းသား လာရောက်တိုက်ခိုက် မြင်ကွန်းမင်းသား နန်းလုရန်ကြံစည်

၁၂၄၂-ခုနှစ်တွင် အင်္ဂလိပ်တို့က ကာလကတ္တားတွင်ထားသော ညောင်ရမ်း မင်းသား၏ညီတော် ညောင်အုပ်မင်းသား မြန်မာပြည် ပြန်ရောက်လာ၍ သရက်မြို့နယ်ခြားအနီးတွင် လူသူ စုဆောင်းတိုက်ခိုက်လာသည်။ မအောင်မြင်ချေ။ နောက်အင်္ဂလိပ်တို့က မင်းသားကို ကာလကတ္တားသို့ ပို့လေသည်။ မြန်မာတို့က ညောင်ရမ်းမင်းကြောင့် နိုင်ငံပျက်စီးသည့်အတွက် လျော်ကြေးတောင်းရာ

အင်္ဂလိပ်တို့က မပေးသဖြင့် မသင့်မတင့် ဖြစ်လေသည်။ ၁၂၄၆-ခုနှစ်တွင် မြင်ကွန်းမင်းသားသည် ဗာရာဏသီမှ ချန္ဒနဂိုရ်ကိုလဘို ပွန်ဒီရှိရီမြို့များသို့ တိမ်းရှောင်ထွက်ပြေး၍ မြန်မာ့ထီးနန်းကို လုယူတိုက်ခိုက် သိမ်းပိုက်ရန် ကြံစည်ပြန်ရာ ပြင်သစ်တို့ကဖမ်း၍ ဆေးဂုံမြို့သို့ ပို့ရလေသည်။

■

## အင်္ဂလိပ်နှင့် မသင့်မတင့်ဖြစ်ခြင်း

သီပေါမင်းတရားနန်းတက်စတွင် အင်္ဂလိပ်လူမျိုးတို့ကို ညှင်းပန်း နှိပ်စက်ပြုလုပ်သည်ဟူ၍ အင်္ဂလိပ်နှင့်မသင့်မတင့် ဖြစ်လာကြလေသည်။ မင်းသားမင်းသမီးတို့ကို သတ်ဖြတ်မည်ရှိသည်တွင် အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ်မစ္စတာရှောက တောင်းပန်ကန့် ကွက်ခဲ့လေသည်။ သို့ရာတွင် အရေးမပါ အရာမရောက်ချေ။

ထိုအချိန်ကစ၍ တိုးလျှက်သာ မသင့်မတင့်ဖြစ်လာပြီးလျှင် မြန်မာသက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ခရာစ်သက္ကရာဇ် ၁၈၇၆-ခုနှစ်တွင် အင်္ဂလိပ် အရေးပိုင် ကိုယ်စားလှယ် မန္တလေးမြို့တော်မှ ထွက်ခွါသွားလေသည်။

ဤတွင် အင်္ဂလိပ်ကုန်သည်တို့က မြန်မာနိုင်ငံကို အပြီးသတ်သိမ်းယူရန် အင်္ဂလိပ်အစိုးရတို့အား တိုက်တွန်းကြလေသည်။

■

## သိမ်းယူရန် စောင့်နေကြခြင်း

ထိုအခါတွင် မြန်မာတို့က ပြင်သစ်လူမျိုးတို့ကို သာ၍လိုလားကြသည်၊ ခရစ်သက္ကရာဇ် ၁၈၈၅- ခု၊ မြန်မာသက္ကရာဇ် ၁၂၄၆- ခုနှစ်တွင် ပြင်သစ်ပြည်သို့ စေလွှတ်သောမြန်မာသံတော်တို့နှင့် ပြင်သစ်နိုင်ငံ ခြားရေးဝန်ကြီး မော့ရှ်ဖေရီတို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးကြလေသည်။

ထိုစာချုပ်တွင် ပါဝင်သောအချက်များမှာ မန္တလေးမြို့နှင့် ပြင်သစ်ပိုင် တုံကင်မြို့ကို မီးရထားလမ်း ဆက်သွယ်ဖောက်လုပ်ရန် တစ်ချက်၊ မန္တလေးမြို့တွင်

ပြင်သစ်ဘဏ်တိုက်တစ်တိုက်ဖွင့်ရန်တချက်၊ ပြင်သစ်တို့အား ပတ္တမြားတွင်းနှင့် လဖက်လုပ်ကိုင်ရောင်းဝယ်ခွင့် ပေးရန်တချက်၊ မီးရထားလမ်းဖောက်လုပ်ရန် ပြင်သစ်တို့က ငွေချေးသဖြင့် ၎င်းအတွက် ပြန်ရရန် နှစ်စဉ် အကောက်များနှင့် ရေနံခွန်တို့ကို ပြင်သစ်တို့အား ပေးရန်တချက် ဤအချက်များ ပါဝင်သည်ဟု အင်္ဂလိပ်တို့ကြားသဖြင့် ကန့်ကွက်ပြီးလျှင် မြန်မာနိုင်ငံ ပြင်သစ်တို့လက်သို့ မရောက်ရလေအောင် မိမိတို့သိမ်းမည်ဟု အချက်ကို စောင့်နေကြလေသည်။

■

## စစ်ဖြစ်ခြင်း

တောင်ငူနယ်တွင် သစ်လုပ်သော ဘုံဘေဘားမားကုမ္ပဏီက သစ်လုံးများ ခိုးယူသည်ဟု မြန်မာအစိုးရတို့က စစ်ဆေးသိရှိသဖြင့် ၎င်းကုမ္ပဏီကို ဒဏ်ငွေ ၂၃- သိန်းတပ်ရာ ကုမ္ပဏီက အင်္ဂလိပ်အစိုးရတို့ကို တိုင်ကြားသဖြင့် ဘုရင်ခံချုပ် လောဒ်ဒပ်ဖရင်က နောက်ဆုံးကြားစာကို စေလွှတ်၍ အောက်ပါအချက်များကို တောင်းဆိုလေသည်။

၁။ သစ်ကုမ္ပဏီကိစ္စကို စစ်ဆေးရန် ရည်ခံချုပ်ကလွှတ်သော ကိုယ်စားလှယ် ရောက်သည့်တိုင်အောင် စောင့်ဆိုင်းရန်။

၂။ ၎င်းမရောက်မီ ၎င်းအမှုကိစ္စကို မဆုံဖြတ်ပဲ ဆိုင်းထားရန်။

၃။ မန္တလေးမြို့တွင် အင်္ဂလိပ်အစိုးရတို့ ကိုယ်စားလှယ်ကို လက်နက်ကိုင် အပြည့်အစုံနှင့်ထားရန်။

၄။ မြန်မာနိုင်ငံ၏ နိုင်ငံခြားကိစ္စကို အင်္ဂလိပ်အစိုးရတို့က အုပ်ချုပ်စီမံ ရန်ဟူသော အချက်များပါရှိလေသည်။

ဤအရေးအခင်းကို တိုင်ပင်ဆွေးနွေးကြသောအခါ မိဖုရားခေါင်ကြီးနှင့် တိုင်းတားမင်းကြီးပါ မှူးတော်မတ်တော်အချို့တို့က စစ်တိုက်ရန် လိုလားကြ သည်။ ကင်းဝန်မင်းကြီးက အပြေအကြေ ပြောဆိုလိုသည်။

အင်္ဂလိပ်တို့ တောင်းဆိုချက်ကို မြန်မာတို့က---

ကမ္ဘာအေး၊ ရန်ကုန်

၁။ သစ်တောကုမ္ပဏီက ဆက်သွင်းရန် ဒဏ်ငွေတော်ကို ချမ်းသာပေး မည့်အကြောင်း။

၂။ ခမည်းတော်မင်းတရားကြီး လက်ထက်မှာကဲ့သို့ ကိုယ်စားလှယ် ထားနိုင်ကြောင်း။

၃။ မြန်မာနိုင်ငံ၏ နိုင်ငံခြားကိစ္စကို အင်္ဂလိပ်တို့အုပ်ချုပ်ရန်မှာ အခြား နိုင်ငံကြီးမှ တစ်ဦးဦးဆုံးဖြတ်၍ ပြီးနိုင်ကြောင်းနှင့် ပြန်ကြားလေ သည်၊ ၎င်းပြန်ကြားချက်ကို မကျေနပ်၍ အင်္ဂလိပ်တို့က စစ်တိုက် လေတော့သည်။

## မင်းနှင့်မိဖုရားဖမ်းယူ ရတနာဂီရိ၌ထားရှိခြင်း

ထိုသည့် ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလတွင် အင်္ဂလိပ်တို့သည် စစ်ဗိုလ် ချုပ်ကြီး ဂျင်နရယ်ဖရင်ဒါဂတ်အုပ်ချုပ်၍ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူရန် ချီတက်လာကြသည်။

မြန်မာတို့က ကောင်းစွာတိုက်ခိုက်ခြင်း မပြုကြချေ။ အင်္ဂလိပ်တို့က သီပေါမင်းကိုနန်းချ၍ ညောင်ရမ်းမင်းကို နန်းတင်လိမ့်မည်ဟု အထင်ရှိသူများကြ လေသည်။

၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တွင် တစ်မြို့လုံး ကိုသိမ်း၍ မင်းနှင့်မိဖုရားမိသားစုတို့ကို အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ ခေါ်ဆောင် သွားကြလေသည်။ ထို့နောက် ဘုံဘေနယ် ရတနာဂီရိမြို့၌ ထားလေသည်။

သီပေါမင်းတရား သက်တော် ၅၉-နှစ်ရှိရာ ၁၂၇၈-ခုနှစ် နတ်တော် လပြည့်ကျော် ၉- ရက်နေ့တွင် ရတနာဂီရိ စံတော်အိမ်၌ နတ်ရွာစံတော်မူသည်။ မိဖုရားသည် ၁၂၈၇-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက်နေ့တွင် ရန်ကုန်မြို့ စံအိမ်တော်၌ နတ်ရွာစံလေသည်။

■

၂၉၀၂၇

## သံဝေဂယူရန်

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

**(ဒီ၊၂။၁၂၉၊၁၆၁။ သံ၊၁။၁၆၀။ ခု၊၂။၃၆၃။ ခု၊၃။၇၀။ ဇာ၊၁။၂၂။)**

သင်္ခါရာ၊ ဖြစ်လာသမျှ သင်္ခါရစုပုံ အလုံးစုံတို့သည်။ အနိစ္စာ ဝတ၊ ပျက်စီးရသော သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းအဖုံဖုံ ပေါင်းကာဆုံလျှက် ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ နေခြည်ဝင်းတောက် ဆီးနှင်းပေါက်သို့ ပျက်စီးချုပ် ပျောက်ကြကုန်၏။ တေသံ၊ ထိုတေဘူမက သင်္ခါရတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ကြည်သာအေးမြ ဘေးမခပဲ ချမ်းမြေ့လှ ပါတော့သတည်း။

■ ■ ■

# မဟာဝိသုတာရာမတိုက်တော် သာသနာဝင်

တိုက်တော်သည် မူလက မဟာဝိသုတာရာမတိုက်ဖြစ်၏။ သံဃာ့ဦးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမွာဘိဝံသ သီတင်းသုံး တော်မူရာဖြစ်သဖြင့် အထွတ်အမြတ်ပြု၍ "တိုက်တော်"ဟု အများရှင်လူ ခေါ်ဝေါ် သုံးနှုန်းကြသဖြင့် တိုက်တော်ဟူ၍လည်းကောင်း၊ မဟာဝိသုတာရာမတိုက် တော်ဟူ၍လည်းကောင်း ထင်ရှားလေသည်။ ကျောင်းတိုက်၏ အရှေ့ဖက် အပေါက်တွင် အုဌ်ဂူ၌ **'မဟာဝိသုတာရာမတိုက်'**ဟု ကျောက်စာရှိလေသည်။

## တည်ရာဌာန

ယင်းမဟာဝိသုတာရာမ တိုက်တော်သည် မန္တလေးမြို့ အရှေ့ပြင် (နန်းရှေ့ရပ်) နန်းတော်ကြီး၏ အရှေ့ဖက်၌ တည်ရှိလေသည်။ နန်းတော်ကြီး၏ အရှေ့ဖက်ပေါက်မှထွက်၍ လမ်းဖြတ်ကျော်လျှင် မဟာဝိသုတာရာမတိုက် တော်ကြီးသို့ ရောက်လေတော့သည်။

## ကျောင်းတိုက်ကြီးမြင်ကွင်း

ကျောင်းတိုက်ကြီး တည်ရာကား လွန်စွာကျယ်ဝန်းသည်။ ဧက ၂၀- ခန့်ရှိမည်ဟု ခန့်မှန်းမိ၏။ လေးဖက်လေးတန် တံတိုင်းကြီးဝန်းရံ၍ တွေ့မြင် ရသည်။ ကျောင်းတိုက်အတွင်း၌ မန်ကျည်းပင်၊ သီးပင်၊ အုန်းပင်၊ ထန်းပင်၊ သရက်ပင် စသည်တို့ဖြင့် ညို့ညို့မှိုင်းမှိုင်း မြရောင်ဆိုင်းသကဲ့သို့ ရှုကြည့်လိုက် တိုင်း တင့်တယ်လှပေသည်။ ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ကောင်းမှုတော် လှေကား ၈-စဉ်းတပ် မဟာတုလွှတ် ဘုံစံကျောင်းတော်ကြီးကား မရှိတော့ပါပြီ။ အုဌ်လှေကားပျက်ကြီးများနှင့် ကျောင်းရာမျှကိုသာ တွေ့ရတော့ သည်။ မဟာတုလွှတ်ဘုံစံ ကျောင်းတော်ကြီး၏ အနောက်ဖက်လှေကား၊ တောင် ဖက်၌ အုဌ်ကန်တစ်ခု၊ မြောက်ဖက်၌ အုဌ်ကန်တစ်ခုအားဖြင့် အုဌ်ကန် ၂- ခုမှာ ယခုတိုင် ရှိနေသေး၏။ ယင်းအုဌ်ကန်များမှာ စတုရန်းပေ ၃၀-ခန့်ရှိပြီး၊ ၁၂-ပေခန့် နက်စောက်လေသည်။ နန်းတော်ပတ် ကျုံးရေကို မြေပိုက်ဖြင့် သွယ်ယူထားရာ ရေမှာသန့်ရှင်း ကြည်လင်လှ၏။

၎င်းရေကန်ကြီး ၂-ကန်အပြင် အရံကျောင်းများ၏ ရှေ့နောက်တို့၌လည်း ကိုယ့်ကျောင်းနှင့်ကိုယ် လွယ်ကူစွာသုံးနိုင်ရန် ကျုံးမှမြေပိုက်ဖြင့် သွယ်ယူတူးဖော် ပြုလုပ်ထားသော ရေကန်တို့မှာလည်း များလှစွာကုန်၏။ ရေနှင့်ပတ်သက်၍ လွန်စွာပြည့်စုံသော ကျောင်းတိုက်ဖြစ်လေသည်။

## လက်ရှိကျောင်းများ

တိုက်တော်၌ လက်ရှိကျောင်းများမှာလည်း တော်တော်များများ ရှိသေး၏။ ၎င်းတို့မှာ -

၁။ နတ်ရဲတောင်ကျောင်း
၂။ ကျောင်းမကျောင်း
၃။ မောင်းထောင်ကျောင်း
၄။ ကန္ဒီကျောင်း
၅။ ပွဲစားကျောင်း
၆။ ရွှေရေးကျောင်း
၇။ ယောကျောင်း
၈။ ပခန်းကျောင်း
၉။ ကန်ပွဲကျောင်း
၁၀။ မြင်းခုန်တိုင်ကျောင်း
၁၁။ ရမည်းသင်းကျောင်း
၁၂။ မြစ်သားကျောင်း
၁၃။ ညောင်အုပ်ကျောင်း
၁၄။ လက်ဆွဲကျောင်း တို့ဖြစ်ကုန်၏။

၎င်းပြင် တိုက်တော်တွင်း၌ တန်ဆောင်း၊ ဇရပ်ငယ်စသည့် အဆောက်အအုံအချို့လည်း ရှိကုန်သေး၏။ တိုက်တော်မဟာရံ တံတိုင်း၏ ပြင်ဖက် ၄-ဖက်၊ ၄- တန်၌ တိုက်ဥပစာမြေသည်ပင်လျှင် ပေ ၅၀- ခန့် ကျယ်ဝန်းလေသည်။

## သမိုင်းအကျဉ်း

ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မိမိနှင့် သွားလာဖူးမြော် ဆွေးနွေးရန် အဆင်ပြေဆုံးဖြစ်သည့် ဤနေရာ၌ သက္ကရာဇ် ၁၂၁၉-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅- ရက်၊ ကြာသပတေးနေ့ ၁- ချက်တီးကျော် နာရီပြည့်အချိန်တွင် သာသနာပိုင် ဆရာတော် သီတင်းသုံးရန်အတွက် ကျောင်းတော်ကို ပန္နက်ချ တွင်းဝန်တိုင် ယူစေသည်[၁]။

## မဟာအတုလဘုံစံ ဇေတဝန်ကျောင်းတော်

အထွတ်အမြတ်ဖြစ်သည့် အမရပူရမြို့ ခမည်းတော်ရွှေဘိုမင်း တရားကြီးဘုရား၏ မှန်းနန်းတော်အဆောင်ကို ပြောင်းရွှေ့၍ လှေကား ရှစ်စင်းတပ်၊ စနူ၊ ဘောဂ၊ ဆောင်မ၊ စမြင် လေးဖက်ပတ် တန်ဆာဆင်ယင် ဆောက်လုပ်စေပြီး မဟာအတုလဘုံစံဇေတဝန်ဟု သမုတ်တော်မူစေပြီး ကျောင်းရံပေါင်း ၂၀-နှင့် တကွ လွန်စွာခမ်းနားလှသည့် ကျောင်းတိုက်ကြီးကို "မဟာဝိသုတာရာမတိုက်" ဟု သမုတ်စေကာ မိမိသည် အလွန်မှလေးမြတ်အပ်သော လောကဓမ္မနှစ်ဌာန၌ လိမ္မာကျွမ်းကျင်တော်မူသည့် "ဧဉ် ယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ပဌမဘွဲ့တံဆိပ်တော်၊ "ဧဉ် ယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဒုတိယဘွဲ့တံဆိပ်တော်၊ "ဧဉ် ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသီရိဇေဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော တတိယဘွဲ့တံဆိပ်တော်တို့ဖြင့် ဘုရားမြတ်စွာ သာသနာတော်၌ နေလ အလား ထင်ရှားတော် ကျော်ဇောတော်မူသော သံဃဦးကိုင် သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဧဉ် ယျဓမ္မာ ဘိဝံသအား-

**ဣမာဟံ ဘန္တေ အာရာမံ၊ သုဝိသာလံ မနောရမံ။**
**သံဃရညော ဘဒန္တဿ၊ ဒဒါမိ ပဋိဂ္ဂယှထ။**

ဟူသော အဓိပ္ပါယ်ပါရှိသော စကားဖြင့် မြွက်ဆိုလျှောက်ထားကာ ရေစက်သွန်ချ လှူဒါန်းတော်မူခဲ့လေသည်။

---

၁။ ကုန်းဘောင်ဆက် ၃။၂၅၅။

## အရုံကျောင်း နှစ်ဆယ်

သာသနာပိုင်ဆရာတော်ဘုရားကြီး၏ မဟာအတုလဝေယံဘုံ ဇေတဝန် ကျောင်းတော်ကြီးမှာ တိုင်ပေါင်း ၃၃၈-တိုင်ရှိ၏။ (၃၂၈-တိုင်ဟုလည်း အဆို ရှိကုန်၏)

ယင်းကျောင်းကိုဝန်းရံ၍ တည်ဆောက်ထားကုန်သော အရုံကျောင်း တို့မှာ -

၁။ နတ်ရဲတောင်ကျောင်း
၂။ ကျောင်းမကျောင်း
၃။ မောင်းထောင်ကျောင်း
၄။ ကန္ဒီကျောင်း
၅။ ယင်းတော်ကျောင်း (ယခု ပွဲစားကျောင်းနေရာတည်း)
၆။ ရွှေရေးကျောင်း
၇။ စလင်းကျောင်း
၈။ ယောကျောင်း
၉။ စကုကျောင်း
၁၀။ ပုခန်းကျောင်း
၁၁။ ညောင်ရမ်းကျောင်း
၁၂။ တလုပ်မြို့ကျောင်း
၁၃။ ပင်းကလဲကျောင်း
၁၄။ မြင်းခုန်တိုင်ကျောင်း
၁၅။ ရမည်းသင်းကျောင်း
၁၆။ မြစ်သားကျောင်း
၁၇။ မိတ္ထီလာကျောင်း
၁၈။ ညောင်အုပ်ကျောင်း
၁၉။ တောင်သာကျောင်း

(ယခု လက်ဆွဲကျောင်းနေရာ၌ အခြားတစ်ကျောင်း
တည်ရှိခဲ့၏)
၂၀။ အခြားတစ်ကျောင်းအားဖြင့် ကျောင်းပေါင်း ၂၀- ဖြစ်ကုန်၏။

## လွန်စွာ တင့်တယ်လှပခဲ့၏

ဤသို့ဖြင့် မဟာဝိသုတာရာမတိုက်တော် ကျောင်းတိုက်ကြီး၌ ကျောင်းတော်ကြီးမှာ ဘုံဆင့်ပြာသာဒ် စသည်တို့ဖြင့် တန်းဆာဆင်ထားသည့် ကျောင်းရံပေါင်း ၂၀- တို့ဖြင့် ဝန်းရံလျှက်ရှိသည့် အမိုးဘုံ ၃-ဆင့်ရှိ စနူ၊ ဘောဂ၊ ဆောင်မ၊ စမြင် လေးဖက်တို့ဖြင့် တန်းဆာ ဆင်ထားသည့် ရွှေပိန်းချ မဟာအတုလဘုံစံ ရွှေကျောင်းတော် ကြီး၏ တင့်တယ်ပုံမှာ စာဖွဲ့မကုန်နိုင်အောင် ရှိမည်သာတည်း။

## တိုက်တော်ဘွဲ့ ၄-ဂါထာ

၁။ တိုက်တော်ဝ သံဃာရာမော၊ ဝိတ္ထိဏ္ဏော ယတိနန္ဒနော။
ပါကာရေန ပရိက္ခိတ္တော၊ ပုဗ္ဗာရာမသမော ဟိ သော။

၂။ မဟာအတုလဘုံစံတိ၊ ဝေမဇ္ဈမှိ သုသောဘနော။
ဝိဟာရော ရမဏီယော စ၊ ပါသာဒေနာဘိလင်္ကတော။

၃။ တိဘူမောစာပိ သော အာသိ၊ စိတ္တော စိတ္တေဟိ မာပိတော။
လိမ္ပိတော သောဏ္ဏရသေဟိ၊ နေတ္တဒ္ဒယရသာယနော။

၄။ တဿ စတူသု ပဿေသု၊ သုစက္ခုရာမဏေယျကာ။
ပရိဝါရဝိဟာရာပိ၊ နာနာကာရေဟိ သောဘယုံ။

■ ■ ■

# ပဋ္ဌမတိုက်တော် ဆရာတော်
# “ဥေ္ယျဓမ္မာလင်္ကာရမဟာဓမ္မရာဇဓိရာဇဂုရု”
# “ဥေ္ယျဓမ္မာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု”
# “ဥေ္ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရိဓဇဓမ္မသေနာပတိ, မဟာဓမ္မရာဇာဓိရာဇဂုရု”
# ဟူသော ဘွဲ့တံဆိပ်တော် ၃- ထပ်ရ
# ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်
# အရှင်ဥေ္ယျဓမ္မာဘိဝံသ

---

ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော် အရှင်ဥေ္ယျဓမ္မာဘိဝံသသည် သာသနာတော်၌ နေအသွင်လအလား လွန်စွာ ထင်ရှားသည့် သာသနာပြုဆရာတော် ဖြစ်တော်မူသည်။

## မိဖ ၂-ပါး

မြန်မာပြည်အထက်ပိုင်း ယခင်က သုနာပရန္တတိုင်းအပါအဝင် မုံရွာခရိုင် ဘုတလင်မြို့နယ် မုံရွာမြို့မြောက်ဖက် မုံရွာနှင့် ၂၈- မိုင်ကွာ လှမ်းသည့်အရပ်၌ မောင်းထောင်ရွာကြီး တည်ရှိလေသည်။

အောင်မြေလောကစေတီတော်ဒါယကာ အမရပူရပဋ္ဌမမြို့ တည် နန်းတည် သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင်၊ ရတနာပူရအင်းဝမြို့တည် နန်းတည်သော ဘိုးတော်မင်းတရားလက်ထက်တွင် ဝက်ရဲသူကြီး၏သား ဦးထွန်းဝါနှင့် မောင်းထောင်သူ မမယ်ယာတို့ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားကြပြီး နောက်အဆိုပါ မောင်းထောင်ရွာမြောက်ပိုင်း အိုးဖိုရပ်တွင် နေထိုင်ကြကုန်၏။

## သားသမီး ၃–ယောက်ဖွားမြင်ခြင်း

ဖေါ်ပြပါ ဇနီးမောင်နှံ သင့်မြတ်ကြသည်တွင် သမီးအကြီး မယ်မှန်ကူကို ဖွားမြင်ပြီးနောက်, ဦးစန္ဒ, ဦးသံချောင်း ဟူသော သား ၂- ယောက်တို့ကို ဖွားမြင်ခဲ့လေသည်။

## နတ်ရဲတောင်ရွာ ပြောင်းရွှေ့နေထိုင်ကြခြင်း

ဆရာတော်လောင်းလျာ၏ မိဖ ၂- ပါးတို့သည် ဦးထွန်းဝါဖက်မှ အမွေရရှိသော ကန္နီမြို့နယ် နတ်ရဲတောင်ရွာရှိ မြေယာများကိုလုပ်ကိုင်ရန် နတ်ရဲတောင်ရွာသို့ မိုးဥတုအခါ ခေတ္တ ရွှေ့ပြောင်း နေထိုင်ခဲ့ကြလေသည်။

## သာသနာပိုင်ဆရာတော် လောင်းလျာ ဖွားမြင်ခြင်း

ယင်းသို့ နတ်ရဲတောင်ရွာ၌ နေထိုင်ခိုက်တွင် ဦးထွန်းဝါနှင့် ဒေါ်မယ်ယာ (မမယ်ယာ)တို့မှ သက္ကရာဇ် ၁၁၆၁-ခုနှစ် ပဉ္စမဝါဆိုလဆန်း ၁၀-ရက် အင်္ဂါနေ့တွင် သံဃဦးကိုင် သာသနာပိုင် အရှင်ဥ ယျမ္မာဘိဝံသ ဆရာတော်လောင်းလျာ သတိုးသားသူငယ်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

## မောင်သန်မှိုဟု နာမည်မှည့်ခြင်း

ဆရာတော်လောင်းလျာ ဖွားမြင်ရာအခန်း၏ အောက်မြေ အပြင်၌ သန်မာထွားကြိုင်သော မှိုကြီး၂-ပွင့် ထူးဆန်းစွာ ပေါက်သည်ကိုစွဲ၍ 'မောင်သန်မှို' ဟု မိဖတို့က မှည့်ခေါ်သတ်မှတ်ကြကုန်၏။

**မောင်သန်မှို ဣတိ ကန္တမ္ဗိ၊ ကိတ္တေသုံ အဘိဓာနကံ။**
**ရူပသောဘဂ္ဂသမ္ပန္နံ၊ ညေ ထေရကုံရံ ဝရံ။**

## ရုပ်လက္ခဏာကို ချီးကျူးခြင်း

ဆရာတော်လောင်းလျာ ဖွားမြင်ပြီးမကြာမီ ဦးထွန်းဝါနှင့် ဒေါ်မယ်ယာတို့သည် ပန်းခက်တင်မင်္ဂလာပြုသောနေ့၌ ဒေါ်မယ်ယာ၏ မောင်တော်စပ်သော မထေရ်မြတ် ၄- ပါးတို့ကိုပင့်၍ ဆွမ်းကပ်ကြကုန်၏။ ဆွမ်းဘုန်းပေးရန် ကြွလာ

သောမထေရ်မြတ်တို့က ပန်းခတ် ယောဉ်ထက်၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းထိန်ပြေ လျက် အသရေရှိလှသော ဆရာတော်လောင်းလျာ သတိုးသားကို ကြည့်ရှုကြကာ "လူပင်မဟုတ်သလို နတ်ပါကို"ဆို ထုတ်ဖော်ချီးကျူးကြကုန်၏။

## မိခင်၏ ကလေးချော့သီချင်း

ဆရာတော်လောင်းလျာ မောင်သန်မှိုသည် အသားအရေ ဝါဝါဝင်း သဖြင့် မြင်သူတိုင်း၏ ချစ်ခင်ခြင်းကိုခံရသည်။ များသောအား ဖြင့် အမျိုးသမီး များစွာတို့က သည်လိုလှပသည့် လူချစ်လူခင်များသည့် သားမျိုးကို ငါတို့လည်း မွေးစမ်းချင်ပါဘိ ရွတ်ဆို ချီးကျူးကြကုန်၏။ မိခင်ကလည်း များစွာ သဘော ကျနေသည်။ ပျော်နေသည်။ သားကလေးကို ကြည့်ကြည့်ပြီး အကြည်ဆိုက်နေ သည်။ **"ရင်သွေးဟူက ချစ်မဝတည့်"**ဆိုသည့်အတိုင်း ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော သားကလေးကို ချစ်၍မဝဖြစ်နေသည်။ သားကလေး၏ ရုပ်လက္ခ ဏာကိုကြည့်ပြီး မိခင်က -

**"အသားဝါရွှန်း ပဲကြီးကော်တဲ့ဇွန်း,**
**ငါ့သားရှင်ဘုရင်ရဲ့ ဆွေခင်ပွန်း"**

ဟူ၍ ရိုးသားလှသော သဘောဖြူ တောသူမပီပီ၊ ဒွေးချိုးကလေးကို ရွတ်ဆို၍ ယောဉ်ပုခတ် လွှဲလေ့ရှိသတတ်။

## ပိုးလောက်များ ဝိုင်းအုံကျရောက်ခဲ့ခြင်း

ငင်းနောက် မန္ဒခိဥ္စအရွယ်၌ လောက်ကောင်များ သာသနာပိုင် လောင်း လျာသတိုးသား မောင်သန်မှို၏ဦးခေါင်း၌ ၂-ကြိမ်, နား၌ ၂-ကြိမ်, ပုဆစ်ဒူးဝန်၌ ၃-ကြိမ် , မြင်းခေါင်း၌ ၄-ကြိမ်, ခြေဘဝါး၌ ၅-ကြိမ် ဝိုင်းအုံကျရောက်ခဲ့လေ သည်။ ပိုးလောက်တို့ကို အထူးတဆန်း တွေ့မြင်ရသော မိခင်ဒေါ်ယာမှာ လွန်စွာ အံ့ဩခြင်းဖြစ်ပြီး "ငါ့သား၏အတွက် စိုးရိမ်ပူပန်ဖွယ်ရာမရှိ" ဤကဲ့သို့ ပိုးလောက်တို့ ကျရောက်ဝိုင်းအုံလျှင် လောက်ကေုန်လုံ ပြည့်စုံကြွယ် ဝခြင်း, လူတွင်ထင်ရှား အမြတ်စားပုဂ္ဂိုလ်ဖြစ်ရခြင်းတို့၏ အမှတ်လက္ခဏာ ပုဗ္ဗနိမိတ်သာဖြစ်သည်ဟု ပြောဆို ဟောကိန်းထုတ်ခဲ့လေသည်။

## မိဖတို့က စတင်၍ ပညာသင်ပေးခြင်း

မောင်သန်မှို ၄- နှစ်, ၅- နှစ်သားအရွယ်လောက်တွင် မိဖတို့က "နမော ဗုဒ္ဓါယ သိဒ္ဓံ" ကစပြီး သင်ပုန်းကြီး မင်္ဂလသုတ်, သြကာသ, ကန်တော့ချိုး, 'ဣတိပိ သော ဘဂဝါ' စသော ဂုဏ်တော်တို့ကို သင်ပေးကြကာ, "**လက်ဦး ဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ** " ဟူသည့်အတိုင်း သာသနာပိုင် လောင်းလျာ၏ "**လက်ဦးဆရာ**"ဟူသော အမည်ထူးကို ယူလိုက်ကြကုန်၏ ။

## နတ်ရဲတောင် ဦးရီးမထေရ်ထံ

သာသနာပိုင်လောင်းလျာ မောင်သန်မှိုသည် မိဖ ၂-ပါးတို့ထံမှ သင်ပုန်းကြီး, မင်္ဂလသုတ် စသည်တို့ကို သင်ယူပြီးနောက် မိဖတို့က နတ်ရဲတောင်ရွာ မြစ်အောက်အရပ်၌ သီတင်းသုံးသည့် ဦးရီးမထေရ်ထံ အပ်နှံသဖြင့် ဆက်လက် ပညာသင်ရလေသည်။

ယင်းမထေရ်သည် သက္ကရာဇ် ၁၁၆၉- ခုနှစ်တွင် မင်းအိုရွာက ပင့်သဖြင့် ကြွရောက် သီတင်းသုံးတော်မူရာ ထိုမင်းအိုရွာ၌ပင် ပျံလွန်တော်မူလေသည်။

## မိခင်ကွယ်လွန်ခြင်း

သာသနာပိုင်လောင်းလျာ၏ မိခင်ကြီးဒေါ်ယာမှာ သာသနာပိုင် လောင်းလျာ လူလားမမြောက်မီ ၇-နှစ် လောက်အရွယ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့သဖြင့် မိမိသား အထွတ်အမြတ်ရောက်သည်ကို ဖူးတွေ့မြင်ခွင့် ရမသွားရှာပေ။ ဦးထွန်းဝါသည်လည်း တပင်လဲတပင်ထူ ဟူသည့်အတိုင်း နောက်ဇနီးငယ် တစ်ယောက်ယူပြန်ရာ ယင်းဇနီးနှင့် သမီးတစ်ယောက် ထွန်းကားလေသည်။

## အရှင်သာရဧသိထံ ပညာသင် သာမဏေဝတ်

ဖခင်သည် သံဃဦးကိုင်သာသနာပိုင်လောင်းလျာ မောင်သန်မှိုကို ဒုတိယဦးရီးတော် ဆရာတော် အရှင်သာရဧသိထံ၌ အပ်နှံ၍ ဆက်လက်ပညာ သင်ကြားစေလေသည်။ သက်တော် ၁၆-နှစ်သားအရွယ်တွင် ဖခင်က ပဗ္ဗဇ္ဇ မင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာဘောင်သို့ သွတ်သွင်းချီးမြှင့်သဖြင့်

ဆရာတော် အရှင်သာရဇသီ၏ စက်ရိပ်ဝယ် သာဝိတ္တိအဖွဲ့နှစ်ဆဲ့လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ ရှင်သာမဏေ ဘဝသို့ ရောက်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ် ဆရာတော်က အရှင်ဥေ ယျ, ဟူသောဘွဲ့အမည်ကိုလည်း မှည့်ခေါ် သတ်မှတ်တော်မူခဲ့ လေသည်။ သာမဏေ ဝတ်ပြီးနောက် ပိဋကတ် အခြေခံကျမ်းစာများကိုလည်း မနားမနေ သင်ယူကျက်မှတ်တော်မူလေသည်။

ဥပဇ္ဈာယ်ဆရာတော်ကို ပုတ္တလင်(ဘုတလင်)ရွာ ကန္နီမြို့တွင် အမတ်က ပင့်ဆောင်၍ ကျောင်းလွှတ်ပူဇော်သောအခါတို့၌လည်း ဥပဇ္ဈာယ်ဆရာတော်နှင့်အတူ လိုက်ပါနေထိုင်၍ ပိဋကတ်အခြေခံ ကျမ်းစာများကို ဆက်လက်သင်ယူတော်မူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့

သာသနာပိုင်လောင်းလျာ ရှင်ဥေ ယျသည် ပဋိသန္ဓေနှင့်တကွ သက်တော်နှစ်ဆယ် တင်းတင်းပြည့်ကြွယ်ရာ သက္ကရာဇ် ၁၁၈၀-ပြည့်နှစ် ပဌမဝါဆိုလဆန်း ၁၄- ရက်နေ့တွင် ကန္နီမြို့တောင်ထိပ် ရွှေမုဋ္ဌောသိမ်တော်၌ ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

## ဝေယန်သာလွှတ်တိုက်, ဆင်တဲတိုက်တို့၌လည်း ပညာသင်ခြင်း

သာသနာပိုင်လောင်းလျာသည် ရဟန်းသိက္ခာ ၃- ဝါရပြီးနောက် အမရပူရမြို့သို့ သွားရောက်၍ မဟာမုနိဘုရား အနောက်ဖက် ဝေယန်သာလွှတ်တိုက်[၁] ဆင်တဲတိုက်တို့၌ ပိဋကတ်ကို ဆက်လက်၍ သင်ယူတော်မူခဲ့လေသည်။

ယင်းသို့ သင်ယူစဉ် အောက်လက် တပည့်တပန်း ရဟန်းငယ် သာမဏေတို့အား စာပေချပို့၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

---

၁။ ဝေယန်သာလွှတ်တိုက်ဆိုသည်မှာ ရွှေရေးဆောင်တိုက်ဖြစ်မည်ဟု ယူဆမိ၏။ ရွှေရေးဆောင်တိုက်၏ ကျောင်းတော်မှာ ဝေယန်စံလွှတ်ဖြစ်ရာ ဝေယန်သာလွှတ်-ဟု ရေးမိသည်ဟု ထင်ပါသည်။

## သဲအင်းဆရာတော်ထံ

ရဟန်းသိက္ခာ ၅- ဝါအရတွင် ရွှေစေတီတိုက်အတွင်း သီတင်းသုံး၍ ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ်တို့ကို မပြတ်နိစ္စ ပို့ချကာ စာပွဲသဘင် အမြဲ ယင်တော်မူသော **"သဒ္ဓမ္မဝံသာဘိသိရီဇမဟာဓမ္မ ရာဇာဓိရာဇဂုရု"** ဘွဲ့တံဆိပ် တော်ရ သဲအင်းဆရာတော်ထံမှောက်သို့ ရောက်၍ ပိဋကတ် ၃- သွယ်, နိကာယ် ၅-ရပ်, ပါဠိ-အဋ္ဌကထာ ကျမ်းဂန်များကို ကျနစွာ သင်ယူတော်မူခဲ့လေသည်။

တဖန် သဲအင်းဆရာတော်နှင့်အတူ ရတနာပူရအင်းဝမြို့ သဲအင်းတိုက်၌ လိုက်ပါသီတင်းသုံးပြီး ဆက်လက်၍ ပရိယတ်ကိုသင်ယူ ချပို့တော်မူခဲ့လေသည်။

## စလေမြို့ ဆိပ်ဖြူရွာသို့

အရှင်ဥေယျဓမ္မသည် သဲအင်းဆရာတော်ဘုရားကြီး၏ စေလွှတ် ချက်အရ စလေမြို့ ဆိပ်ဖြူရွာသို့ကြွရောက်၍ ဆိပ်ဖြူသဒ္ဒါကြီး နိဿယ, သုဒ္ဓသဝိကာသိနီဆန်းဋီကာနိဿယ, ဆိပ်ဖြူဆန်းပုံမူကျယ်ကျမ်း, သောဠသ ဂဏနနယကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ဆိပ်ဖြူရွာ (ယခုဆိပ်ဖြူမြို့) ဒက္ခိဏာရာမတိုက် ဆရာတော် အရှင်သဒ္ဓမ္မဇောတ ဆရာတော်ဘုရားကြီးထံ၌ အချောသတ် ပညာသင်ယူတော်မူခဲ့လေသည်။ ဆိပ်ဖြူဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မဇောတသည်လည်း အရှင်ဥေယျဓမ္မအား များစွာချီးမြှောက်တော် မူခဲ့လေသည်။ စလေမြို့ ဆိပ်ဖြူဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မဇောတထံမှ ပြန်ကြွလာသောအခါ၌လည်း သဲအင်းဆရာတော်ဘုရားကြီးထံ၌ ပြန်လည် သီတင်းသုံး၍ စာပေပို့ချ၍ သာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။

## ဥေယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ပဋ္ဌမဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

လောကမဏိစူဠာစေတီတော်ဒါယကာ အမရပူရမြို့၊ ဒုတိယမြို့ နန်း တည် ရွှေဘိုမင်းတရားကြီးသည် သက္ကရာဇ် ၁၁၉၉- ခုနှစ် နယုန်လပြည့်ကျော် ၁၃- ရက်နေ့ မင်္ဂလာအိမ်တော်၌ စံတော်မူစဉ် ကိုးကွယ် တော်မူရင်းဖြစ်သော ပခန်းကြီးမြို့ သဲအင်းရွာဇာတိ "သဒ္ဓမ္မဝံသာဘိ သီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ရ သဲအင်းဆရာတော်ဘုရားကြီးကို သာသနာပြုအပ် သာသနာပိုင် ခန့်တော်မူ၍ "သူရိယာဝံသာဘိသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် လှူဒါန်းလေသည်။

ယင်းသည့် ၁၁၉၉- ခုနှစ် နယုန်လပြည့်ကျော် ၁၃-ရက်နေ့တွင်ပင် သာသနာပြု ဆရာတော်ဘုရားကြီး၏တပည့် ပရိယတ်, ပဋိပတ်, သတ္တိဗျတ္တိနှင့် ပြည့်စုံသောဆရာတော် ၁၂- ပါးတို့အားလည်း စစ်ကိုင်းမြို့ စံနန်းတော်သို့ ပင့်တော်မူပြီးလျှင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် အရှင်ဥေယျသည် "ဥေယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဆရာတော် ၁၁-ပါး

ဆရာတော်အရှင်ဥေယျဓမ္မနှင့် ဘွဲ့တံဆိပ်တော်အတူရကြသော ဆရာတော် ၁၁- ပါးတို့၏ ဘွဲ့တော်နှင့် တံဆိပ်တော်တို့မှာ-

၁။ ခင်မကန်ဆရာတော် အရှင်မဏိဇောတ "မဏိဇောတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"။

၂။ ထီးလင်းဆရာတော် အရှင်ဝီရိယ "ဝီရိယာဘိဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု"။

၃။ ကွမ်းစိုက်ဆရာတော် အရှင်ပုည "ပုညာရမ္မာဘိဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု"။

၄။ ယင်းတော်ဆရာတော် အရှင်ကေသရ "ကေသရဝံသာဘိ မဟာဓမ္မရာဇာဓိရာဇဂုရု"။

၅။ နေရင်းဆရာတော် အရှင်ဇမ္ဗုဒီပဓဇ "ဇမ္ဗုဒီပဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု"။

၆။ ဒီပဲရင်းဆရာတော် အရှင်ဝိဇယ "ဝိဇယာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"။

၇။ မိတ္ထီလာဆရာတော် အရှင်ဥတ္တမ "ဥတ္တမစက္ကိန္ဒဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"။

၈။ ထိန္နဲဆရာတော် အရှင်ပညာ "ပညာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု"။

၉။ မိကျောင်းရဲဆရာတော် အရှင်ဝိစာရိန္ဒ "ဝိစာရိန္ဒာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု"။

၁၀။ မိုးညင်းဆရာတော် အရှင်နရိန္ဒ "နရိန္ဒာဘိသီရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"။

၁၁။ လယ်ကိုင်းဆရာတော် အရှင်ဣန္ဒ "ဣန္ဒာဘိစက္ကဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"တို့ဖြစ်ကုန်၏[၁]။

## ကျောက်မြောင်းမြို့သို့ကြွခြင်း

ဖော်ပြပါ ရွှေဘိုသာယာဝတီမင်းတရားကြီးသည် သက္ကရာဇ် ၁၁၉၉-ခုနှစ် ပဥ္စမဝါဆိုလဆန်း ၈- ရက်နေ့တွင် မင်္ဂလာကျောက် မြောင်းမြို့သို့ ထွက်စံကြွရောက်သောအခါတွင် ဆရာတော်အရှင်ဧ ယျဓမ္မသည် "သူရိယဝံသာဘိသီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာ ဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာသနာပိုင် သဲအင်းဆရာတော်ဘုရားကြီး အရှင်သူရိယနှင့်အတူ လိုက်ပါ ကြွရောက်တော်မူခဲ့လေသည်။

ကျောက်မြောင်းမြို့၌ သာသနာပြုဆရာတော် သီတင်းသုံးရာ ကျောင်းတိုက်အတွင်း မိဖုရားခေါင်ကြီးက သိမ်တော် ၁-လုံးနှင့် ဝါဆိုကျောင်း ၁-ဆောင် ဆောက်လုပ်လှူဒါန်းလေသည်။

သာသနာပြုဆရာတော်ကြီးနှင့်အတူ သိမ်သမုတ်ကံကိုလည်း ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေသည်။

---

၁။ သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း -၄၄။

## အောင်မြေဘုံစံကျောင်း၌ သီတင်းသုံးခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ် နတ်တော်လတွင် အမရပူရမြို့တော်သို့ ဝင်တော်မူ၍ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်သူရိယနှင့် အောင်မြေဘုံကျော်ကျောင်းတော်၌ အတူသီတင်းသုံးတော်မူလေသည်။ သာသနာပိုင်သဲအင်းဆရာတော်ဘုရားကြီး အမိန့်ရှိစေခိုင်းအပ်သော သာသနာ့ရေးရာကိစ္စအရပ်ရပ်ကိုလည်း ပြုလုပ်တော်မူရလေသည်။ တပည့်ရဟန်း သာမဏေတို့အားလည်း ပရိယတ္တိစာပေ ချပို့မှုကိုလည်း ပြုလုပ်တော်မူရလေသည်။

## သာသနာပိုင်ဖြစ်ပြီ

သက္ကရာဇ် ၁၂၀၁- ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့တွင် "သူရိယဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု" သာသနာပိုင် သဲအင်းဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ရွှေဘို (သာယာဝတီ) မင်းတရားက သားတော် သမီးတော်တို့ကို ခေါ်တော်မူ၍ မိမိတို့နှစ်သက်ရာဆရာတော်ကို သာသနာပိုင်တင်ဖို့ အရေးခွင့်ပေးလေရာ နောင်အခါ ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းကြီး၏ "သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ" မိဖုရားခေါင်းကြီးဖြစ်မည့် သမီးတော်က လျှောက်သည်မှာ - - -။

"မောင်တော်များမှာ နောင်ရှင်ဘုရင်ဖြစ်ကြမည့်သူများဖြစ်၍ ဘုရင်ဖြစ်သည့်အခါ ကိုယ်ကြည်ညိုရာဆရာတော်များကို သာသနာပိုင် တင်မြှောက်နိုင်ကြပါကုန်၏ သမီးတော်တို့မှာ မိန်းမသားများဖြစ်ကြပါ၍ ဘုရင်လဲ မဖြစ်နိုင်ကြပါသဖြင့် ခမည်းတော်၏ ဘုန်းရိပ်ကံရိပ်ကိုခိုလှုံ၍ သမီးတော်များ ကြည်ညိုလေးမြတ်သည့် စာပေကျမ်းဂန်လည်းတတ်, အကျင့်ပဋိပတ်နှင့်စုံပြည့်ညီသဖြင့် ဓမ္မရေးရာနှင့်လည်းပြည့်စုံ လောကရေးရာနှင့်လည်း နားလည်သော ဦးပဥ္စင်းကြီး ဦးဥေယျကို¹ သာသနာပိုင် တင်မြှောက်ပါရန် လေးမြတ်စွာ ခွင့်တောင်းထားပါသည်"ဟု သံတော်ဦး တင်လေတော့သည်။

---

၁။ သမီးတော်များက သဲအင်းသာသနာပိုင်ဆရာတော်ထံ ဘခင်နှင့်အတူ ဝင်ရောက်ဖူးခြင်း, နန်းတော်၌ သဲအင်းသာသနာပိုင်ကြွလျှင် မောင်းထောင် ဆရာတော်မှာ ပါမြဲဖြစ်၍ ဆရာတော်ကို တွေ့မြင်နေကြ ဖြစ်၍ ဦးပဥ္စင်းကြီးဟု နှုတ်တက်နေဟန်ရှိ၏။

(သာယာဝတီ)မင်းတရားသည် သမီးတော်၏ လျှောက်တင်ချက်ကို များစွာ သဘောကျကျေနပ်ရကား စာပေကျမ်းဂန် ပရိယတ်နှင့်ပြည့်စုံ, အကျင့်ပဋိပတ်နှင့်လည်း ကုံလုံသည့် "ဥေယျဓမ္မာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးဥေယျကို ၁၂၀၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅- ရက်နေ့တွင် အမရပူရမြို့တော် ဆင်ကြိုးရွှေဂူဘုရားဝိုင်းအတွင်း သုဓမ္မာဇရပ်တော်၌ ဆရာတော်, သံဃာတော်, မင်းညီမင်းသားစသော ပရိသတ်များစွာတို့အလယ်၌ "ဥေယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ဆက်ကပ်၍ သာသနာပြု အပ်နှင်းတော်မူလေသည်။

## သာသနာပိုင်တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခြင်း

ဒုတိယမောင်းထောင်ဆရာတော် အရှင်ဥေယျဓမ္မသည် ရဟန်းသိက္ခာ ၂၂- ဝါအရတွင် သာသာနာပိုင်ဖြစ်တော်မူသည်။

ယင်းသို့ သံဃဦးကိုင် သာသနာပိုင်ဖြစ်တော်မူလျှင် သာသနာ ပိုင်၏ ကိစ္စများဖြစ်သော ဂိုဏ်းအုပ်, ဂိုဏ်းထောက်ခန့်ခြင်း, သာသနာရေးဆိုင်ရာ အမှုအခင်းများကို ဖြေရှင်းခြင်း, စသည်ကိစ္စအဝဝကို ဆန္ဒ, ဒေါသ, ဘယ, မောဟ, အဂတိဓမ္မသို့မလိုက်ပါပဲ ဆောင်ရွက်တော်မူကာ သာသနာတော်ကို တင့်တယ်စေတော်မူခဲ့လေသည်။

**ဥေယျော ဒွါဝီသဝဿမှိ၊ သံဃရာဇပဒံ လဘိ။**
**အဂတိံ အနုပဂန္တွာန၊ သောဘေတိ ဇိနသာသနံ**[၁]**။**

## ယတိဘူမင်္ဂဏာ ရတနာကောသစေတီတည်

မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသသည် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို

---

၁။ မဟာဝိသုတာရာမနိကာယ သာသနာဝင်– ၁၇၃။

ဈာပနပြုရာ၌ ဆရာသခင်၏ကျေးဇူးတော်အနန္တကို တစိတ်တဒေသကျေပါစေဟု ကြံဆတော်မူ၍ ဘိနပ်တော်အချင်း သံတောင် ၄၀-ရှိသော ယတိဘူမင်္ဂဏရတနာကောသစေတီကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

## သီဟိုဠ်တောရနေ ရဟန်းတော်အားချီးမြှောက်

သက္ကရာဇ် ၁၂၀၂- ခုနှစ် တပို့တွဲလဆန်း ၁၃- ရက်နေ့တွင် သီဟိုဠ်ကျွန်းမှ တောရကျောင်းနေ ရဟန်းတော် ရှင်ပညာတိဿသည် သီဟိုဠ်ဘုရားပုထိုး ရုပ်ထု, ဆင်းထု, စေတီတော်များ ဒက္ခိဏာသာခါ ဗောဓိပင်တော်များကို ပင့်ဆောင်၍ အမရပူရမြို့ နန်းတော်သို့ ရောက်ရှိလာခဲ့လေသည်။

၎င်းရဟန်းတော် အရှင်ပညာတိဿအား သာသနာပိုင်ဆရာ တော်အရှင်ဥေယျမ္မာဘိဝံသက အာမိသာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်တော်မူခဲ့လေသည်။[၁]

## သာသနာပိုင်၏စာ ဌာပနာသွင်းပြီးဖတ်

သက္ကရာဇ် ၁၂၀၂- ခုနှစ် တပို့တွဲလဆန်း ၁၄- ရက်နေ့၌ ဇောင်းကလောကုသိုလ်တော်စေတီဌာပနာပွဲ၌ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်၏ သာသနာတည်သမျှအခါပတ်လုံး မပျက်မစီးစေရ၊ စောင့်ရှောက်စေသတည်းဟူသော နတ်တို့အား တိုင်တန်းအမျှဝေသည့် စာတမ်းကို ဌာပနာသွင်းအပြီး စေတီတော်ဝန်းကျင် လေးမျက်နှာ၌ ဖတ်ကြားစေလေသည်။

## ရွှေတိဂုံအနောက်မြောက်ရမ္မဂီရိ၌ သိမ်သမုတ်ခြင်း

သက္ကရာဇ် ၁၂၀၃- ခုနှစ် တော်သလင်းလဆန်း ၆-ရက်နေ့၌ သာယာဝတီမင်းတရားကြီးသည် သာသနာပိုင်ဆရာတော်ဘုရားကြီးကိုပင့်၍ ရန်ကုန်မြို့

---

၁။ ဖော်ပြပါ အရှင်ပညာတိဿမှာ ၁၂၀၂- ခုနှစ် တပေါင်းလဆုတ် ၂-ရက်နေ့တွင် ပျံလွန်တော်မူရာ သာယာဝတီမင်းက တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်းအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူလေသည်။

သို့ ကြွတော်မူသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီ တော် မြတ်ကြီးအားလည်း ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူတော်မူလေသည်။ ခေါင်းလောင်းတော်ကြီးကိုလည်း သွန်းလုပ်လှူခဲ့လေသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ဖက်တွင် ကျောင်းဆောက်၍ သာသနာပိုင်ဆရာတော်ဘုရားကြီးအား တင်လှူ တော်မူလေသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက် ရမ္မဂီရိတောင်ထိပ်၌ သမီးတော်သီရိပဝရာဘိလောကရတနာဒေဝီကို ခမည်း တော်မင်းတရားထံ ဝိသုံဂါမမြေစား ပန်ကြားခံယူစေ၍ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဦးစီးဦးကိုင်ပြုတော်မူ၍ သိမ်သမုတ်တော်မူခဲ့လေသည်။

## သိမ်သမုတ်ပွဲပါဝင်သော ဆရာတော်များ

ယင်းသိမ်သမုတ်ပွဲ၌-

ရှေးဦးစွာသာသနာပိုင်ဆရာတော်ဘုရားကြီး, ပရမဉာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ဘုရားကြီး, မေဓာလင်္ကာရသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ကြီး ပေါင်း ၃-ပါးတို့က ဌာန်, ကရိုဏ်း, ပယတ်, ဗျဥ္ဇနဗုဒ္ဓိတို့ကို မချွတ်ယွင်းစေပဲ ကမ္မဝါစာရွတ်ဖတ်၍ သမုတ်တော်မူကြကုန်၏။ ၎င်းနောက် ပညာဇောတာဘိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရုဆရာတော်, ပညာသာမိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်, ဉာဏဝဇီရဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရုဆရာတော်, ဆရာတော် ၃-ပါးတို့က ဒုတိယအကြိမ်။

ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ တေဇောနန္ဒာဘိဃောသဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ သုဓမ္မာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော် ၃-ပါးတို့က တတိယအကြိမ်။

ဟံသာဝတီဂိုဏ်းအုပ် အရှင်ဥတ္တမသာမိ၊ ရွှေကျင်ဂိုဏ်းအုပ် အရှင်ဝရသာမိ၊ ဒလမြို့အရှင်ဇနိန္ဒ-ဟူသော မွန်ဆရာတော် ၃-ပါးတို့က စတုတ္ထအကြိမ်။

ကဝိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ အရှင်နန္ဒမဥ္ဇူထေရ်, တိဂုံတောရ အရှင်ဇနိန္ဒာဘိဆရာတော် ၃-ပါးတို့က ပဥ္စမအကြိမ်။

ဝိစာရိန္ဒာဘိဝံသ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ဇမ္ဗူဒီပဓဇ

မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ဝိစာရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်၊ ၎င်းဆရာတော် ၃-ပါးတို့က ဆဋ္ဌမအကြိမ် ကမ္မဝါစာရွတ်ဖတ်၍ ပါဝင် ချီးမြှောက်တော်မူကြကုန်၏။

ယင်းအကြောင်းအရာနှင့်စပ်၍ မှတ်သားဖွယ်ရာအကျယ်ကို ရွှေတိဂုံ စေတီတော် အနောက်မြောက် ယခုဗောဓိကုန်းကျောင်းတိုက်၌ မော်ကွန်း ရှိပြီးဖြစ်သည်[၁]။

## မင်္ဂလာသာယာဝတီမြို့၌ မင်းတရားပရိတ်နာယူခြင်း

သာယာဝတီမင်းတရားသည် ရန်ကုန်မြို့မှ သက္ကရာဇ် ၁၂၀၃-ခုနှစ်၊ တပို့ တွဲလဆန်း ၁၂-ရက်နေ့တွင် စတင်ကြွချီထွက်ဆန်တော်မူရာ မင်္ဂလာ သာယာ ဝတီမြို့ရောက်တွင် ၉-ရက် ရပ်ဆိုင်းတော်မူ၍ တပို့တွဲလပြည့်ကျော် ၁၂- ရက်နေ့ တွင် လောကဇေယျကမ္ပည်း ကပ်တော်မူပြီးလျှင် စေတီတော်အနီး ဆောက်ထား သည့် မဏ္ဍပ်အတွင်း ဘုရားပဒေသာ ၁-ပင်၊ သာသနာပိုင်အမှူးရှိသော ဆရာ တော် ၅၆-ပါးတို့အား ပဒေသာပင် ၅၆- ပင်၊ လှူဒါန်း၍ ပရိတ်တရား နာယူတော် မူခဲ့လေသည်။ သာသနာပိုင်ဆရာတော်အမှူးရှိသော သံဃာတော်တို့သည်လည်း ပရိတ်တရားဟောကြား ရွတ်ဖတ်တော်မူကြကုန်၏[၂]။

## မဟာမုနိရုပ်ရှင်တော် ဂန္ဓကုဋီစသည်ပြုပြင်ရာ ရေစက်ချပွဲ သာသနာပိုင်ချီးမြှောက်

သက္ကရာဇ် ၁၂၀၄-ခုနှစ်တွင် မြောက်နန်းတော်မိဖုရား သီရိပဘာနန္ဒာ ဘိရတနာဒေဝီသည် မဟာမုနိရုပ်ရှင်တော်ကြီး, ဂန္ဓကုဋီ, ပြသာဒ်, မဟာတံတိုင်း မဟာရံတံတိုင်း အရှေ့မျက်နှာ ရေကန် ၂-ကန် ယိုယွင်းပျက်စီးသည်များ ပြီးစီး သဖြင့် သက္ကရာဇ် ၁၂၀၄-ခုနှစ် နတ်တော်လဆန်း ၃-ရက်နေ့တွင် ဘုရင်မင်း,

---

၁။ မန္တလေးသာသနာဝင်−၂၂။ မဏ္ဍလာရာမသာသနာဝင်ကြည့်။

၂။ ကုန်းဘောင်ဆက်−၃၊ ၂၀−ကြည့်။

မိဖုရားနှင့်တကွ မင်းညီ မင်းသားစသည့် ပရိသတ်အစုံအညီဖြင့် ထွက်တော်မူ၍ မဟာမုနိရုပ်ရှင်တော် ရုပ်ပွားတော် အရှေ့မြောက်ထောင့်၊ စံနန်းတော်တွင် စံတော်မူ၍ သဘင်ကြီးစွာဖြစ်စေလျှက် သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော် အကြီးအမှူးရှိသောသံဃာတော် ၇၇-ပါးတို့အား သီးမျိုးစုံ ပဒေသာပင် ရေစက်ချ လှူဒါန်းလေသည်။ သာသနာပြုဆရာတော်သည် ပါဝင်ချီးမြောက်ခဲ့လေသည်။

## အဘယာရာမတိုက်
## မဟာတုလွတ်ဘုံစံကျောင်းတော်ကို
## အလှူခံတော်မူခြင်း

နန်းမတော်မိဖုရားခေါင်ကြီး, သမီးတော်သီရိပဝရာဘိလောက ရတနာမင်္ဂလာဒေဝီတို့က အရံတံတိုင်း မီးတားနှစ်ထပ်စီနှင့်တကွ ကျောင်းဦးပြသာဒ်, ဘုံခုနှစ်ဆင့်, ကျောင်းမကွန်းငါးစဉ်စမြင်လေးမျက်နှာ ငါးထပ်, အနောက်ဘောဂ ဆောင်ပါပုံစံ စံနစ်ထပ်တူလှေကား ခုနှစ်စင်းတပ် မှန်စီရွှေချကျောင်း တော်ကြီး နှစ်ရပ် ဆောက်လုပ်ပြီး ပြေရာမိဖုရားခေါင်ကြီးကုသိုလ်တော် တိုက်တော်ကို မဟာအဘယာရာမတိုက်, ကျောင်းတော်ကို မဟာတုလွတ်ဘုံစံကမ္ဗည်းတပ် သမုတ်ပြီးလျှင် ၁၂၀၄-ခုနှစ် တပေါင်းလဆန်း ၁၅-ရက်နေ့တွင်[၁] သာသနာပိုင် ဆရာတော်အမှူးရှိသော ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀၀- တို့အား သီးမျိုးစုံ ပဒေသာပင် ၁-ပင်ကျစီ လှူဒါန်း၍ ခမ်းနားစွာ သာသနာပိုင် ဒုတိယမောင်း ထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျမမ္မာဘိဝံသအား တင်လှူတော်မူ ခဲ့လေသည်။

---

- ၁။ လောကမာရဇိန်စာတမ်းအရဖြစ်သည်၊ကုန်းဘောင်ဆက်၌ တပေါင်း လဆန်း ၈–ရက်ဟု ဆိုသည်။

## မဟာဝိဇိတာရာမတိုက်၊ မဟာအောင်မြေဗိမာန်ကျောင်းတော်ကို အလှူခံတော်မူခြင်း

သမီးတော် ကုသိုလ်တော်ဖြစ်သောတိုက်ကို မဟာဝိဇိတာရာမ တိုက်, ကျောင်းတော်ကို မဟာအောင်မြေဗိမာန်ကျောင်း သမုတ်ပြီး သက္ကရာဇ် ၁၂၀၄-ခုနှစ်၌ပင် တပေါင်းလပြည့်ကျော် ၈-ရက်နေ့တွင် သာသနာပိုင် မောင်းထောင်ဆရာတော်အမှူးရှိသော သံဃာတော် ၉၀-ကျော်တို့အား သီးမျိုးစုံပဒေသာပင် တပါးတပင်ကျစီ လှူဒါန်းပြီး သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရား ကြီး အရှင်ဥေယျဓမ္မာဘိဝံသအား ထီးဖြူအုပ်၍ မင်းတရားကိုယ်တိုင် ရွှေကရားဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့လေသည်။

သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသသည် ဖော်ပြပါကျောင်းတိုက် ၂-တိုက်တို့၌ အလှည့်ကျစီ သီတင်းသုံး၍ စာပေချပို့ရေးသားခြင်း, သာသနာမှုရေးရာများကိုစီမံခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေသည်။ ယင်းသို့ဖြစ်ကြောင်း-

ဇမ္ဗူဒီပဿ၊ ဇမ္ဗူဒိပ်၏။ ကေတုဘူတေ၊ တံခွန်သဖွယ်ဖြစ်သော။ မရမ္မရဋ္ဌေ၊မြန်မာ့တိုင်းကြီး၌။ အမရပူရရာဇဋ္ဌာနိယေ၊ အမရပူရ မင်းနေပြည်၌။ အဘယာရာမဝိဇယာရာမရာမေသု၊ အဘယာရာမကျောင်းတိုက်, ဝိဇယာရာမကျောင်းတိုက်တို့၌[၁] ။ ဝသန္တေန၊ နေသော။ ဥေယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိထေရေန၊ ဥေယျဓမ္မာဘိဝံသသိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပိုင်ဆရာတော်သည်။ စသည့် ပဋ္ဌာနသမ္ဘိဒါမဂ်အဋ္ဌကထာ နိဿယနိဂုံးဖြင့် သိသာလေသည်။

---

၁။ မဟာဝိဇယာရာမတိုက်ပင် မဟာဝိဇယာရာမ, ဝိဇယာရာမကျောင်းတိုက် ဟုသုံးသည်။

## ဆရာတော်များတံဆိပ်လှူ၊
## အကျဉ်းသားများအား ဘေးမဲ့ပေးခြင်း

ဖော်ပြပါကျောင်းတော်ကြီး ၂- ကျောင်း ရေစက်ချပွဲ, ကျောင်းပူဇော်ပွဲ, ကျောင်းလွှတ်သဘင်ကို အကြောင်းပြု၍ မင်းတရားသည် ကျောင်းပူဇော်ပွဲ မတိုင်မီတွင် သာသနာပြုဆရာတော်ကြီးနှင့်တကွ ဆရာတော် သံဃာတော် ၁၃-ပါးတို့အား တံဆိပ်နာမံ လှူဒါန်းတော်မူလေသည်။ ရာဇဝတ်အပြစ်အလျောက် ထောင်တန်းအကျဉ်းချခံရသူ မိန်းမယောက်ျား ၁၉-ယောက်တို့ကို ဘေးမဲ့ပေးတော်မူသည်[၁]။

## ပစ္စည်းလေးပါး လွန်စွာပြည့်စုံခြင်း

မယ်တော်မိဖုရားကြီးနှင့် သမီးတော်ကျောင်းဒါယိကာမ နှစ်ဦး တို့သည် သာသနာပိုင် ဆရာတော်ဘုရားကြီးအား ကာသိတိုင်း, ကောသလတိုင်း, ခေါမ တိုင်း, ဂန္ဓာလရာဇ် အိန္ဒိယစသော တိုင်းပြည်တို့မှရရှိသော အဖိုးများစွာ ထိုက် တန်သော အထည်အုပ်မျိုးစုံတို့ကို အခါအားလျော်စွာ လှူဒါန်းကြကုန်၏။ ယင်းသို့ လှူဒါန်းခြင်းကြောင့် သာသနာပိုင် ဆရာတော်ဘုရားကြီး၌ ပစ္စည်း လေးပါး လွန်စွာပြည့်စုံလေသည်[၂]။

## သမီးတော်၏ ဘုံသုံးဆင့်ကျောင်းအလှူခံ,
## လောကမာရဇိန်သိမ်သမုတ်

သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ်၁၂၀၆-ခုနှစ်၌ ဓာတ် နန်းစံတော်မူစဉ် လောကအောင်ချာဘုရားအနီးသမီးတော် စကြာဒေဝီ ဆောက် လုပ် လှူဒါန်းအပ်သော ဘုံသုံးဆင့်ကျောင်းတော်ကြီးကိုလည်း အလှူခံတော်မူ လေသည်။ ထိုအရပ်၌ လောကမာရဇိန် အမည်ရှိသောသိမ်ကိုလည်း သမုတ် တော်မူခဲ့လေသည်။

---

၁။ ကုန်းဘောင်ဆက် ၃- ၂၈။

၂။ လောကမာရဇိန်စာတမ်းကြည့်။

## စာပေပို့ချတော်မူခြင်း

သာသနာပိုင်ဆရာတော်ဘုရားကြီးသည် ဖော်ပြပါကျောင်းတိုက် ကြီးများ၌ လှည့်လည်သီတင်းသုံးတော်မူ၍ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယ၊ ဆိပ်ဖြူဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မဇောတ အစရှိသော ဆရာတော်တို့ထံမှ ရအပ်သော အထူးထူးသော နည်းနာနယအမျိုးမျိုးတို့ကို တပည့်တပန်း စာသင်သား မြောက်များစွာတို့အား နည်းရစိမ့်သောငှါ အက္ခရာ, ပုဒ်, ပါဠ်, ဓာတ်, ပစ္စည်းတို့ကို ဝေဖန်ဆုံးဖြတ်ခြင်းဖြင့်လည်းကောင်း၊ နည်းလေးဆယ်, သံဝဏ္ဏနာ, စသည်တို့ကို ဝေဖန်ခြင်းဖြင့်လည်းကောင်း အလာအယှက်, အထွက်, အတက်, ကျမ်းတက်, ကျမ်းရိုး, အနုသန္ဓေဆိုတတ်ခြင်း စသည်တို့ဖြင့် သင်ကြားပြသ ချပို့တော်မူလေသည်။

## သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံသားတို့အား များစွာချီးမြှောက်ခြင်း

သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) အရှင်တိဿနှင့်ပါလာသော ရဟန်းတစ်ပါး၊ သာမဏေတစ်ပါး၊ သီတင်းသည်တစ်ယောက်, သူငယ် ၈-ယောက်တို့အားလည်း သိက္ခာတင် သိက္ခာအသစ်တင်ပေးခြင်း စာပေပို့ချခြင်း, တရားဓမ္မပြသခြင်း, စသည်ဖြင့် သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံသားတို့အားလည်း များစွာ ချီးမြှောက်တော်မူခဲ့လေသည်။

## ယိုးဒယားရဟန်းတော်များအား ချီးမြှောက်ခြင်း

ယိုးဒယားနိုင်ငံမှလည်း အရှင်ဓမ္မချွတ်မထေရ်၊ အရှင်ကေသွန်မထေရ်၊ အရှင်ကတချွတ်မထေရ်ဟူသော မထေရ် ၃-ပါးတို့သည်လည်း အမရပူရမြို့တော် ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော် ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသထံမှောက်ရောက်ရှိကာ သိက္ခာထပ်ကြကုန်၏။ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ယင်းယိုးဒယား ရဟန်းတော်တို့အားလည်း ပရိယတ္တိဓမ္မ, ပဋိပတ္တိဓမ္မတို့ဖြင့် ချီးမြှောက်တော်မူခဲ့လေသည်။

ထို့ကြောင့်-

**လက်ာဒီပဂတာနမ္ပိ၊ ပရဒီပနိဝါသိနံ။**
**ဓမ္မာယုဒ္ဓနံ ဝါစာယော၊ ပဋိပတ္တိ နိယောဇကော။**

ဟူ၍ မဟာနိဒ္ဒေသ အဋ္ဌကထာနိဿယနိဂုံး၌ ကိုယ်တိုင်ဖော်ပြတော်မူ ခဲ့လေသည်။

## သာသနာပိုင်အရာမှ ကျတော်မူခြင်း

ရွှေဘို (သာယာဝတီ) မင်းတရားသည် သက္ကရာဇ် ၁၂၀၈-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်နေ့တွင် လေရောဂါဖြင့် နတ်ရွာ စံတော်မူလေသည်။ သီရိပဝရသုဓမ္မမဟာရာဇာ သားတော်ပုဂံမင်းသားသည် ဖခင်မင်း မကွယ်လွန်မီ ၁-ရက်အလို၊ သက္ကရာဇ် ၁၂၀၈-ခု၊ တပေါင်းလဆန်း ၁၃- ရက် နေ့တွင် ဖခင်အရိုက်အရာဖြစ်သော ရွှေထီး၊ ရွှေနန်းကို သိမ်းမြန်းစိုးအုပ် မင်းပြု လုပ်တော်မူသည်။

ပုဂံမင်းသည် မိမိမင်းဖြစ်လေလျှင် မင်္ဂလာအိမ်တွင် သွန်သင်ပြသ ဩဝါဒအဆုံးအမကို ခံယူကိုးကွယ်တော်မူ ယင်းဗားကရားဆရာတော် အရှင် ပညာဇောတကို သာသနာပြု အပ်တော်မူသည်။

သို့ဖြစ်၍ "ဥ ယျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော် အရှင်ဥ ယျဓမ္မာဘိဝံသသည် သာသနာပိုင် ဆရာတော်အရာမှ ကျတော်မူလေသည်။

## မင်းတရားကို တရားရတနာဖြင့် ချီးမြှောက်မည်

ပုဂံမင်းတရားသည် ဆရာတော်အရှင်ဥ ယျဓမ္မာဘိဝံသ သာသနာပိုင် အရာမှ ရုတ်သိမ်းကြောင်း၊ ဗားကရားဆရာတော် အရှင်ပညာဇောတအား သာသနာပိုင်တင်မြှောက်ကြောင်း ဆရာတော်အရှင်ဥ ယျ ဓမ္မ မဟာအဘယာ ရာမတိုက် တုလွှတ်ကျောင်းတော်ကြီးတွင် သီတင်းသုံးခိုက် ဝန်ရှင်တော်မင်းကြီး တို့အား ၁၂၀၈-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တွင် လျှောက်ထား စေရာ ဆရာတော်အရှင်ဥ ယျဓမ္မာဘိဝံသက-

ငါသည် ကြီးစွာသော သာသနာ၏တာဝန်ကို ကြာမြင့်စွာပြုလုပ် ဆောင်ရွက်ခဲ့ရပြီ၊ ယခုမူကြောင့်ကြမဲ့ အပ္ပေါသုက္ကဘာဝနာရမ္မဏကိစ္စဖြင့် မျှတစွာ ချမ်းချမ်းသာသာနေလို၏၊ သတိသမ္ပဇဉ်နှင့်ယှဉ်၍ မင်းတရားကိုလည်း တရားရတနာဖြင့် ချီးမြှောက်ထောက်ပံ့မည် အမိန့်တော်ရှိလိုက်လေသည်။ ဆရာတော်အရှင်ဥေ ယျမမွာဘိဝံသကား စကားအရာ လိမ္မာတော်မူလှသည်။ အစွန်းလွတ်အောင် မိန့်ကြားတော်မူတတ်လှလေသည်။

## သံဃာတော် တစ်ထောင်ကျော်နှင့် ကျောင်းအမများချီးမြှောက်

ဒုတိယမောင်းထောင်ဆရာတော် အရှင်ဥေ ယျမမွာဘိဝံသသည် မဟာအဘယာရာမ, ဝိဇိတာရာမဟူသော ကျောင်းတိုက်ကြီးနှစ်တန် မဟာရံ ၂-ထပ်အတွင်း သီတင်းသုံးတော်မူသော သံဃာတော် ၁-ထောင်ကျော်တို့အား စာပေပရိယတ် သင်ကြားချပို့ပေးခြင်းဖြင့် များစွာ ချီးမြှောက်တော်မူလေသည်။ ကျောင်းအမများဖြစ်ကြသော သီရိပဝရတိလောကမဟာရတနာ ပဒုမာဒေဝီမိဖုရားကြီးနှင့် သမီးတော်သီရိပဝရ တိလောကရတနာ မင်္ဂလာဒေဝီတို့အား တရားရတနာဖြင့် အခါလေးမြင့် ချီးမြှင့်ထောက်ပင့်တော်မူလေသည်။

## သာသနာပိုင် အရာမှကျသော်လည်း မိဖုရားများက များစွာ ချီးမြှောက်လှူဒါန်း

သာသနာပိုင်ရာထူးမှကျသော်လည်း ကျောင်းအမ သာယာဝတီမင်း၏ မိဖုရားခေါင်ကြီးနှင့် သမီးတော်သီရိပဝရတိလောကရတနာ မင်္ဂလာဒေဝီတို့က ထီးမိုးယာဉ်ထမ်းအကျိုးငှါ ကျောင်းတိုက်ကြီးနှစ် တိုက်၏ အရှေ့ဖက်၌ ရွာ၂-ရွာတည်၍ အမှုထမ်းတို့အား စိုက်ပျိုး အသက်မွေးကြရန် မြေယာများကိုလည်း ပေးထားကြကုန်။ ၆-လတကြိမ် အဝတ်အစားတို့ကိုလည်း ချီးမြှောက် မ,စကြကုန်၏။

## ပုဂံမင်းတရားပင့်ဆွေးနွေး

ပုဂံမင်းတရားနန်းတက်ပြီး နောက်မကြာမီ သာသနာပိုင်သစ် ဗာကရားဆရာတော် အရှင်ပညာဇောတနှင့် သာသနာပိုင်ဟောင်း မောင်းထောင်ဆရာ

တော် အရှင်ဥေ ယျမ္မာဘိဝံသတို့ကို နန်းတော်သို့ပင့်၍ ဖခင်၏အလောင်း စျာပနကိစ္စနှင့်စပ်၍ ဆွေးနွေးတော်မူခဲ့လေသည်။ ဤသို့ဖြစ် မောင်းထောင် ဆရာတော် အရှင်ဥေ ယျမ္မာဘိဝံသသည် သာသနာပိုင် အရာမှကျသော်လည်း မင်းတရား၏တိုင်ပင်ဆွေး နွေးမှုအားကိုးမှုကို ခံယူတော်မူရလေသည်။

## လောကမာရဇိန်စေတီကြီးကို တည်တော်မူခြင်း

ဆရာတော်၏ သားချင်းပေါက်ဖော်တို့က ဘိုးဘွားမိဘတို့နေရာ နတ်ရဲ တောင်၌ ဆရာတော်ဖွားမြင်ရာ အိမ်နေရာသည် ယခုအခါ တောအတိဖြစ်နေ ပါပြီ။ ထိုနေရာကိုခုတ်ထွင်ရှင်းလင်းပြီး အမှတ်တရဖြစ်ရန်နှင့် လူနတ်ဗြဟ္မာ သတ္တဝါတို့ ကောင်းမှုကုသိုလ် အထပ်ထပ်ပွားတိုးရန် ဘုရားမြတ်စွာ၏ ဓာတ် တော် မွေတော်တို့ကို ဌာပနာ၍ စေတီတစ်ဆူ တည်ပါမည့်အကြောင်း လျှောက် ထားကြကုန်၏။

ထိုအခါ ဆရာတော်သည် " ငါသည် ဆွေမျိုးသားချင်းတို့၏ စကားကို ပယ်ချေသော် အများကိုဆန့်ကျင်ရာလည်းရောက်သည်။ ဘိုးဘွား,မိဘတို့နေရာ ဌာန ငါ၏ချက်မြုပ်ရာ နေရာဌာနကို မနှစ်သက်ရာလည်းရောက်သည်။ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်မြတ်နိုး နှစ်သက်ကိုးကွယ်ရာကိုလည်း ပိတ်ရာ ရောက်သည်"စသည်ဖြင့် အကြံအစည်ဖြစ်တော်မူကာ စေတီတည်ရန် ဆုံးဖြတ် တော်မူလေသည်။

## ကျောင်းအမမိဖုရား၊ မင်းသမီးတို့က ငွေကုန်ကျခံ

ယင်းသို့ဆုံးဖြတ်ပြီးလျှင် ဆရာတော်သည် " ငါသည်ကား စေတီတော် တည်ရန် ဆုံးဖြတ်ပြီးပြီ၊ သို့ရာတွင် ငါ့မှာ ပဲနောက်စေ့ပမာဏရှိသော ဓာတ်တော် ၇- ဆူသာရှိပေသည်။ အုဌ်လုပ်ရန်စရိတ်, လက်ခ ကံကျွေးပေးစရိတ်, အက်တေ စရိတ် စသည်တို့ကား လွန်စွာများကုန်၏" စသည်ဖြင့် မိန့်ကြားတော်မူလေသည်။

ယင်းမိန့်ကြားသံကို ကျောင်းအမ သာယာဝတီမင်း၏ မိဖုရားခေါင်ကြီး နှင့် ကျောင်းအမ သမီးတော်တို့ကြားလေလျှင် ကျောင်းအမ ၂-ဦးတို့သည် " ကုန်ကျမည့်ငွေကြေးအတွက် တပည့်တော်မတို့ လှူဒါန်းကြပါမည်ဘုရား"ဟု ပဋိညာဉ်ဝန်ခံ လျှောက်ထားကြကုန်၏။

## စေတီတော်ကြီး တည်ပြီးခြင်း

သက္ကရာဇ် ၁၂၀၈- နှစ် နတ်တော်လဆန်း ၈- ရက်နေ့တွင် မြေညှိခြင်း, မြေသန့်ခြင်းတို့ကိုပြုစေ၍ အချင်းစတုရန်း တာဝန်းသံတောင် ၅၀-ကို ပန္နက်ချမှတ်၍ စတင် တည်စေတော်မူခဲ့လေသည်။ ၁၂၁၁-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် အင်္ဂတေဖုတ်မှုပြီးသောအခါ အချင်းအဝ ၃-တောင်, ၂- မိုက်ရှိသော ရွှေထီးအထွတ်ကို တင်တော်မူခဲ့လေသည်။ ရွှေထီးမှာ သာယာဝတီမင်း၏ သောက်တော်ဖလား ရွှေသားကလာပ်တို့ကို မျက်ပါးခတ်၍ မွမ်းမံချလုပ်ခြင်း ဖြစ်လေသည်။

လေးမျက်နှာထွက်, ဝင်မုခ်ပြသာဒ်မှာ အမြင့်အတောင် ၃၀-ကျော်၊ ဘုံ ၅- ဆင့်ရှိလေသည်။ ထု ၈-တောင်ရှိသော မဟာရံတံတိုင်းကြီးကို ပြုလုပ်ကာ ရံ ထားလေသည်။

စေတီကြီးကို အုဋ်လက်သမားစသည် အလုပ်သမားပေါင်း ၂၀၀-ကျော်တို့ဖြင့်တည်တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၁၁-ခုနှစ် ကဆုန်လဆန်း ၉-ရက်နေ့တွင် ကျောင်းအမမိဖုရားနှင့် သမီးတော် မင်းသမီးတို့က အသပြာငွေ ၈- သောင်း ထုတ်ပေးလှူဒါန်းလေသည်။

## စေတီတော်ကြီးကို ကြည့်ကြပ်သူများ

ဆရာတော်၏သားချင်း ၂-ဦးနှင့် အရှင်ကိတ္တိ, အရှင်ဝရဓေသိ ဟူသော ပုဂ္ဂိုလ် ၄-ဦးတို့၏ ကြီးကြပ်တည်ဆောက်မှုဖြင့် စေတီတော်ကြီးမှာ ကောင်းမွန်စွာ ပြီးမြောက်ခြင်း ဖြစ်လေသည်။

## ထီးတော်တင်လှူပွဲ

ဖော်ပြပါ ပုဂ္ဂိုလ်လေးဦးတို့၏ ကြီးကြပ်စီမံမှု, ကျောင်းဒါယိကာမ မိဖုရားနှင့် သမီးတော်တို့၏ ငွေအသပြာထောက်ပံ့မှု, သံဃရာဇာ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ ကူညီမှုတို့ကြောင့် စေတီတော်သည် အားလုံးပြီးမြောက်ခဲ့ရာ သက္ကရာဇ် ၁၂၁၁-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက်နေ့တွင် ရွှေထီးတင်လှူပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။ စေတီတော်ကြီးကိုလည်း လောကမာရဇိန်ဟု သမုတ်တော်မူခဲ့လေသည်။

## သာသနာပိုင်ဆရာတော်၏ နှစ်စဉ်အလှူတော်

လောကမာရဇိန် စေတီတည်ဆောက်၍ ပြီးမြောက်သဖြင့် ရဟန်းရှင်လူ ဟူသမျှ ဝမ်းမြောက်မဆုံး ရှိကြကုန်၏။ သာသနာပိုင်မောင်း ထောင်ဆရာတော် ဘုရားကြီးသည်လည်း အတိုင်းမသိ ပီတိဆွတ်ဖြန်း ဝမ်းမြောက် ရွှင်လန်းတော် မူခြင်းဖြစ်ရာ တရုတ်ပြည်, အိန္ဒိယပြည် စသည်တို့မှ လှူဒါန်းသဖြင့် ရအပ်သော အဘိုးအနဂ္ဃထိုက်တန်သော ပစ္စည်းများကို ဘုရားသခင်အားသာလျှင် လှူဒါန်း တော်မူသည်။ နှစ်စဉ် ဝါကျွတ်အခါတိုင်း၌လည်း သိန်းသန်းမက မြောက်များစွာ သော ရွှေအဆင်းရှိသောမီးတိုင်, ငွေအဆင်းရှိသောမီးတိုင်တို့ကို လောကမာရ ဇိန် စေတီတော်မြတ်ကြီးအား ရေစက်သွန်းချပူဇော်လေ့ ရှိတော်မူသည်။

## စေတီပူဇော်ပွဲ ခမ်းနားစွာကျင်းပခြင်း

သာသနာပိုင် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၁၆-ခုနှစ် ပြာသိုလဆန်း ၁၀-ရက်နေ့တွင် နောက်ပါလူရှင်ရဟန်း ၅၀၀-တို့ဖြင့် ရွှေမြို့ တော်မှ ဇာတိချက်ကြွေ မွေးရပ်မြေ နတ်ရဲတောင်သို့ ကြွတော်မူရာ ပြာသိုလဆုတ် ၉-ရက်နေ့တွင် နတ်ရဲတောင်ရွာ လောကမာရဇိန်စေတီရင်ပြင်တော်သို့ ဆိုက် ရောက်တော်မူလေသည်။

ရောက်မဆိုက်ပင် စေတီတော်မြတ်ကြီးအား လက်ျာရစ် လှည့်လည် ဖူးမြော်တော်မူပြီးလျှင် ကြီးကျယ်လှပ တင့်တယ်လှစွာသော မီးရှူးမီးပန်း မီးလင်း မွေ မီးပဒေသာ မီးရပ် မီးစောင်းတန်းတို့နှင့် အသန်းမက များပြားစွာသော ရွှေဖယောင်းတိုင် ငွေဖယောင်းတိုင်တို့ဖြင့် ၁၀- ရက်ပတ်လုံး ညီထွန်း ပူဇော်တော် မူလေသည်။

ပန်းပေါက်ပေါက်တို့ကို ကိုယ်တိုင်ကြဲမြှောက်ခြင်း, ဝဲယာ ရှေ့နောက် ဆောက်လုပ်အပ်သော ပြာသာဒ်တို့မှ လှည့်ပတ်၍မပြတ် အာရုံခံခြင်း, တူရိယာ ၅- မျိုးတို့ဖြင့် ပူဇော်ခြင်းတို့ကိုလည်း ပြုတော်မူလေသည်။

ထာဝရအလှူဖြစ်ရန် ရည်ရွယ်တော်မူ၍ စေတီတော်၏အရင်း လေးမျက် နှာလုံး၌ တစ်မျက်နှာလျှင် ယာဉ်ပျံတော် ၁၊ မှန်စီသလွန်တော် ၁၊ ကတ္တီပါအခင်း

၁၊ ကတ္တီပါပုံဝန်း ၁၊ ကတ္တီပါအရှည် ၁၊ မိုး ကြိုးရောင်ဖက်လက်ဆေးခံ ၁၊ ကျောက်စိမ်းတွင်းအစီ ၁၊ ကျောက် စီရေခွက် ၁၊ ကျောက်စီကလာပ် ၂၊ ဖန်ထွေးခံ ၁၊ သက္ကလပ်လွှမ်းစောင် သင်ဖြူးကြီး ၁၊ သက္ကလပ်လွှမ်းစောင် သင်ဖြူးငယ် ၁၊ နှီးပေါ် အုပ်ကြီး ၁၊ မှန်စီအုပ်ကြီး ပန်ကန်စုံ ၁၊ ရွှေအုပ်ကြီး ၁၊ ရွှေခေါင်းပေါင်း ၁၊ ဇလုံပန်ကန်ကြီး ၁၊ ဖန်ရေတကောင်း ၁၊ မိုးကြိုးရောင်ရေစက်သွန်ချရန် သဘော်ခိုရုပ် ၁၊ ပုဏ္ဏားစင် မှန်အိမ်ကြီး/ငယ် ၅၊ ပေါင်းချောင်မှန် အိမ်ကြီး ၂၊ ကြယ်မှန်အိမ်စိမ်းဖြူ ၅-တို့ကို အတီးအမှုတ် အကအခုန် တူရိယာစုံကျင်းပ၍ ကိုယ်တော်တိုင် ရေစက်သွန်းချလှူဒါန်တော်မူခဲ့လေသည်။

## ရုပ်ရုပ်ကုသိုလ် အမျှဝေ

သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ယင်းသို့လှူဒါန်းသည့် အရုပ်ရုပ် ကုသိုလ်အဖို့ကိုလည်း မိဖ ၂-ပါး, ဆရာသမား, ရေမြေရှင် ဧကရာဇ်မင်းမြတ် မယ်တော်မိဖုရားကြီး, နန်းမတော်မိဖုရားကြီးမှစ၍ ၃၁-ဘုံ ကျင်လည်ကြကုန်သော သုခိတ, ဒုက္ခိတ, သတ္တဝါတို့အား အမျှပေးဝေတော်မူခဲ့လေသည်။

**စေတိယမ္ဟိ သုပူဇေသိ၊ သံဃိန္ဓော သံဃနန္ဒနော။**
**ပတ္တိဒါနံ အဒါ သော ဟိ၊ မာတာပိတာဒိအာဒိနံ။**

## သိမ်သမုတ်တော်မူခြင်း

လောကမာရဇိန် စေတီတော်ကြီး၏ တံတိုင်းမီးတာပြင်ဖက် အရှေ့မြောက်ဖက်အရပ်၌ အခွန့်ရှည်စွာ သံဃာတော်တို့ ကံကြီးကံငယ် အလွယ်တကူ ပြုရန်ဟူသော ရည်ရွယ်တော်မူ၍ ၃၅-တောင်စီကျယ်သော မြေအဖို့ "ပညာသာမိ သီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" မောင်းထောင်ရွာဇာတိ ဆရာတော် အရှင်ပညာသာမိကို အကြီးအကြပ်စေ၍ ၃-ရက်တိုင်တိုင် သိမ်နှုတ်မှုပြုစေတော်မူပြီးလျှင် တပိုတွဲ လဆန်း ၃-ရက် စနေနေ့ ၂-ချက်တီးကျော် ၄-မောင်းခန့် အချိန်တွင် နိမိတ်၃- ထပ်ကြားခြင်း, ဥတ္တိကမ္မဝါစာ ၁၃-ကြိမ် ကိုယ်တိုင် ဌာန်, ကရိုဏ်း, ပယတ်, ဒီဃ, ရဿ,သိထိလ, ဓနိတ, နိဂ္ဂဟိတန္တ, သံယုတ္တ စသည်တို့ကို ပီပြင်စွာရွတ်စေ၍ ဦးစီးသမုတ်တော်မူခဲ့လေသည်။

## တံဆိပ်တော်ရ-မရ ဆရာတော်တို့၏ကုသိုလ်

သာသနာပိုင်နှင့်အတူပါလာကြသော တံဆိပ်တော်ရ/မရ ဆရာတော်တို့သည်လည်း သာသနာပိုင်ဆရာတော်ဘုရားကြီးအား ပါရမီကုသိုလ်ဖြည့်ကြသောအားဖြင့် စေတီတော်ကြီးအား ကုသိုလ်ကောင်းမှုပြုကြကုန်၏။ ပခန်းကြီးမြို့ကျေး အနောက်လက်ဖျာသီးစီရင်စု ရွှေလင်းဆွဲရွာဇာတိ "ဇိနာလင်္ကာရမဏိဇောတဓမ္မမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်ဓားဝယ်ဗိုလ် မဟာမင်းခေါင်ဆရာတော်က လောကမာရဇိန် စေတီတော်ရင်ပြင်၌ စိုက်ထူထားရှိကိုးကွယ်ရန် ကျောက်ထီးကျောက်တိုင် ကျောက်နတ်ရုပ် စသည်တို့ကိုလည်း လှူဒါန်းတော်မူလေသည်။ ယင်းကျောက်ထီးများကို ဆရာတော်များ မဲချ၍ ၁၂၁၆-ခု တပို့တွဲလဆန်း ၁-ရက်နေ့တွင် အရှေ့မျက်နှာမုခ်အဝင်မှစ၍ လက်ျာရစ် စိုက်ထူစေတော်မူလေသည်။

၁။ "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ရွှန်းစုဝန် မဟာမင်းထင်မင်းကျော်ဆရာတော် အရှင်သုဒဿနက ပဌမ ကျောက်ထီး ၁-ကို စိုက်ထူတော်မူသည်။

၂။ ပုဏ္ဏားဝန်ပေါက်လွတ်ကျော်ထင်ဆရာတော်က ဒုတိယကျောက်ထီး။

၃။ "ဉာဏိန္ဒာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ တောင်ညိုမြို့စားမင်းသမီးဆရာတော် အရှင်ဉာဏိန္ဒက တတိယ ကျောက်ထီး။ ၁-ကို စိုက်ထူတော်မူသည်။

၄။ လှထွေရွာ အရှင်ဝါယမက စတုတ္ထကျောက်ထီး ၁။

၅။ "ခေမာလင်္ကာရ ဂုဏိကိတ္တိသိရိမဟာဓမ္မရာဇဂုရု" တံဆိပ်တော်ရ ကျောက်ပန်းတောင်းမြို့စား မင်းသားဆရာတော် အရှင်ခေမာက အသပြာ ၁၆၀ိ-ကုန် လုပ်ဆောင်အပ်သော ပဥ္စမ ကျောက်ထီး ၁။

၆။ "ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ ရှိသော ဆင်ဝန်သတိုးမဟာမင်းခေါင်ဆရာတော် အရှင်ဥတ္တမက အသပြာ ၆၀ိ-ကုန် လုပ်ဆောင်အပ်သော ဆဋ္ဌကျောက်ထီး ၁။

၇။ "ဇာဂရဓမ္မပရမကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ "သီရိသုစိတ္တာ မဟေ" လှိုင်မိဖုရားဆရာတော် အရှင်ဇာဂရ ကအသပြာ ၆ဝိ-တန် သတ္တမထီး ၁။

၈။ အရှင်ကိတ္တိ အမြောက်တရာ့ငါးဆယ်ဗိုလ် မဟာမင်းထင်ခေါင် ဆရာတော်က အသပြာ ၆ဝိ-ကုန် စိုက်ထူအပ်သော အဋ္ဌမ ကျောက်ထီး ၁။

၉။ "ပုညာဘိဇေမ္မလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ "သီရိပဘာစန္ဒာမဟေ" မိုးနဲမြို့စား နန်းဦးမိဖုရား ဆရာတော် အရှင်ပုည က အသပြာ ၆ဝိ-ကုန် နဝမကျောက်ထီး ၁။

၁၀။ ဒလဝန်နရာကျော်ခေါင် ဆရာတော်အရှင်ဝါယမက အသပြာ ၆ဝိကုန် စိုက်ဆောက်လှူဒါန်းအပ်သော ဒသမကျောက်ထီး၁။

၁၁။ မိတ္ထိလာမြို့စား ရွှေရေးဆောင်မိဖုရား ရွှေတိုက်ဝန်, ကောလင်းမြို့စား မင်းကြီးမဟာ သက်တော်ရှည်ဆရာတော် "ဇမ္ဗူဒီပဓဇပရမမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ နေရင်းဆရာတော် အရှင်ဇမ္ဗူဒီပဓဇက အသပြာ ၆ဝိ ကျော်ကုန် စိုက်ဆောက်အပ်သော ရွှေနီဖလံတို့ဖြင့် မွမ်းမံချယ်လှယ် ဆန်းကြယ်စွာ ပြုလုပ်အပ်သော ဧကာဒသမ သံစက်ဝိုင်းထီးကြီး ၁။

၁၂။ ကန္နီမြို့ ကျေးချိုင်ဆောက်ရွာဇာတိ အရှင်ဝရဓသီစာရက အသပြာ ၁၀၀ ကုန် တိုက်စုပလ္လင်ဖာလ်, မှန်, ရွှေ, ငွေတို့ဖြင့်ပြီးသော ဒွါဒသမ ရှစ်မြောက်ချိုး မာလိန်တံခွန်တိုင် ၁- အားဖြင့် အသီးသီး စိုက်ထူလှူဒါန်းကြကာ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဒါနပါရမီကို ကူညီအားဖြည့်ကြကုန်၏။

ဤသည်ကား အရှေ့မျက်နှာမုခ်ပြာသာဒ်အဝင် တောင်မျက်နှာ လက်ျာတော်ကို အစဉ်ပြု၍ စိုက်လှူအပ်ကုန်သော ထီးစသည်တို့တည်း။ အရှေ့တူရူ အရပ်မျက်နှာသို့ အစဉ်အတိုင်း လှူဒါန်းကြသော ကျောက်ထီးအစဉ်တို့ကား အောက်ပါအတိုင်း ဖြစ်ကုန်၏။

---

**၁။ ကျော်ဂေါင်မှုရင်း။**

၁။ “ ဝိသုဒ္ဓါစာရဓဇပရမမဟာဓမ္မရာဇဂုရု ” ဘွဲ့တံဆိပ်တော်ရ ယိုးဒယားဝန် ပင်လယ်မြို့စား မင်းကျော်သူဆရာတော် အရှင်ဝိသုဒ္ဓါစာရက စိုက်လှူ အပ်သော ပဌမကျောက်ထီး ၁။

၂။ သံတော်ဆင့် မဟာမင်းကျော်စည်သူဆရာတော် အရှင်ပုညာရမ္ဘ စိုက်လှူ အပ်သော ဒုတိယကျောက်ထီး ၁။

၃။ မြင်းသည်ဘွဲ့ရ မြင်းသည်မြို့စား မိဖုရားဆရာ “ ဇိနာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ငါးစိုဆရာတော် အရှင်ဇိနာလင်္ကာရ စိုက်လှူအပ်သော တတိယကျောက်ထီး ၁။

၄။ အချုပ်ဝန် မဟာမင်းကျော်ဆရာ “ကလျာဏဓဇတသာသ နဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ကလျာဏဆရာတော် စိုက် လှူအပ်သော အသပြာ ၆ဝိ-ကုန် စတုတ္ထကျောက်ထီး ၁။

၅။ အောင်မဝန်မင်းကြီး တရဖျားဆရာ “ကေသရာလင်္ကာရ မဟာဓမ္မ ရာဇာ ဓိရာဇဂုရု ” ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ကေသရ စိုက်လှူ အပ်သော အသပြာ ၆ဝိ-ကုန် ပဥ္စမကျောက်ထီး ၁။

၆။ ငွေခွန်ဝန်မဟာမင်းထင်ဆရာ “ ဉာဏမဥ္ဇူသာဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ” ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏမဥ္ဇူက အသပြာ ၆ဝိ-ကုန် စိုက်လှူအပ်သော ဆဋ္ဌမကျောက်ထီး ၁။

၇။ “သီရိမင်္ဂလာစန္ဒာမဟေ” ဘွဲ့ခံ တံဆိပ်စားမိဖုရားဆရာ “ပဏ္ဍိတဝရဓမ္မ သာမိသီရိမဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ဆရာတော် အရှင်ပဏ္ဍိတ စိုက်လှူအပ်သော အသပြာ ၆ဝိ-ကုန် သတ္တမကျောက်ထီး ၁။

၈။ တံဆိပ်တော်ရ ဆရာအရှင်စန္ဒာလင်္ကာရ စိုက်ထူအပ်သော အသပြာ ၆ဝိ- ကုန် အဋ္ဌမကျောက်ထီး ၁။

၉။ မိုးနဲဝန် မဟာမင်းခေါင်ဆရာတော် အရှင်အာစာရ စိုက်ထူလှူအပ်သော အသပြာ ၆ဝိ-ကုန် နဝမကျောက်ထီး ၁။

---

၁။ တရပျာ (မှုကွဲ)။

၁၀။ ထား၀ယ်ဆရာတော် အရှင်သီလာစာရ အသပြာ ၆၀-ကုန် စိုက်ထူ လှူဒါန်းအပ်သော ဒသမကျောက်ထီး ၁။

ဤသို့အားဖြင့် မင်းဆရာ, စိုးဆရာ, တံဆိပ်တော် ရ, မရ, ဂုဏ်သရေရှိ ဆရာတော်တို့သည် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးအား ကူညီကြ၍ ဒါနမျိုးစေ့ကို စိုက်ပျိုးကြကုန်၏။

ယင်းသို့ ဂုဏ်အသရေရှိ ဆရာတော်တို့၏ ကူညီခြင်းကို ထောက်ရှု၍လည်း သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ ဘုန်းတော်, ကံတော်, သမ္ဘာတော်တို့ အဟိုင်းအဆမရှိ ကြီးမားပုံကို မှန်းဆနိုင်လေသည်။

## ကျောက်သပိတ်ကြီးများ

တရုတ်မြို့ဇာတိ အရှင်နန္ဒကဓဇက စေတီကြီး၏ အရှေ့အရပ်၌ ကျောက်သပိတ်ကြီး ၁-လုံး၊ တရုတ်မြို့ဇာတိ ပဝတ္တိရွှေမြို့တော် မဟာဝိဇိတာရာမတိုက် မင်းကင်းကျောင်း ဆရာတော်အရှင်စန္ဒမဥ္ဇူသာရက တောင်မျက်နှာ၌ ကျောက်သပိတ်ကြီး ၁-လုံး၊ ကန္နီမြို့ကျေးဇာတိ ပဝတ္တိရွှေမြို့တော် မဟာဝိဇိတာရာမတိုက်အတွင်း သီတင်းသုံးနေသည့် အရှင်သုဇာတက အနောက်မျက်နှာ၌ ကျောက်သပိတ်ကြီး ၁- လုံး ဒီပဲရင်းဇာတိ ပဝတ္တိရွှေမြို့တော် မဟာဝိဇိတာ ရာမတိုက် ခနုံဖြူကျောင်းဆရာတော် အရှင်ကေလာသဘက မြောက်မျက်နှာ၌ ကျောက်သပိတ် ကြီး ၁-လုံး။ အားဖြင့် မထေရ်မြတ်တို့သည် အသီးသီး လှူဒါန်းကြကုန်၏။

## စက်တော်ရာ ၂-ဆူ

စေတီတော်မြက်ကြီး၏ အနောက်တောင်ထောင့်အရပ်၌ "ဇိနာလင်္ကာရမဏိဇောတဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပခန်းမြို့အနောက်ဘက်ဖျာသီးခါယ်ရာစီရင်စု ရွှေလင်းဆွဲဇာတိ ပဝတ္တိရွှေမြို့တော် အဘယာရာမတိုက်စံကျောင်းဆရာတော်ဘုရားက ဘုရားမြတ်စွာ၏ ၁၀၈-ကွက် စက်လက္ခဏာတော် ၂- ဆူကို အသပြာ ပိဿာကုန် လုပ်ဆောင်စေ၍ တည်ထားကိုးကွယ်ကာ သာသနာပိုင် ဆရာတော်အား ကူညီဖြည့်စွက်တော်မူခဲ့လေသည်။

## စေတီဟောင်းများ ပြင်ဆင်တော်မူခဲ့

သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဇာတိချက်ကြွေ ရွာမြေဟောင်း၌ ရှေ့ကတည်ရှိခဲ့သော စေတီတော်ဟောင်းများကိုလည်း မွမ်းမံပြင်ဆင်တော်မူခဲ့လေသည်။ ကျွဲနွားတိရစ္ဆာန် အစရှိသော သတ္တဝါများနှင့်တကွ လူပုဂ္ဂိုလ်များပါ ချမ်းသာစိမ့်သောငှာ ရေကန်ကြီး ၅-ရပ်ကိုလည်း ဆည်ဖို့ စေတော်မူခဲ့လေသည်သာမက ရေတွင်းများကိုလည်း တူးစေတော်မူခဲ့လေသည်။

## ကန္နီမြို့သို့ ကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် နတ်ရဲတောင်စေတီရင်ပြင်၌ အခြံအရံဆရာတော်ကြီးများနှင့်တကွ ၁၀-ရက်ကျော် သီတင်းသုံးတော်မူ၍ ဗုဒ္ဓါရမ္မဏ ပီတိကို ယူတော်မူပြီးလျှင် မိမိရဟန်းအဖြစ်ကိုယူရာ အောင်မြေဖြစ်သော ကန္နီမြို့[၁] သို့ကြွတော်မူ၍ တစ်နေ့နှင့်တစ်ည သီတင်းသုံးတော်မူခဲ့လေသည်။

## ခြေလျင်လှည့်လည်ကြည့်ရှု

ကန္နီမြို့မှ ပြန်ကြွတော်မူခဲ့ပြီး မိမိတည်ထားစေခဲ့သော စေတီတော်များနှင့် ဆည်ဖို့စေခဲ့သော ရေကန်များစသည်တို့ကိုလည်း တစ်နေ့ တစ်မွန်းတည့် ခြေလျင်လှည့်လည်ဖူးမြော် ကြည့်ရှုတော်မူခဲ့လေသည်။

ဇင်းနောက် မိမိတည်းခိုရာ နတ်ရဲတောင်စေတီအနီးရှိ ယာယီကျောင်း၌ ခေတ္တ သီတင်းသုံးတော်မူခဲ့လေသည်။ ခြွေရံပရိသတ်တို့လည်း မိမိတို့ဆိုင်ရာ ယာယီတဲကျောင်းများ၌ သီတင်းသုံးနေခဲ့ကြကုန်၏။

## ရွှေမြို့တော်ပြန်ကြွ

သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ တပို့တွဲလဆန်း ၅-ရက်၊ တနင်္လာနေ့ ၄-ချက်တီးကျော်တွင် ခြွေရံပရိသတ်တို့နှင့်တကွ နတ်ရဲတောင်မှ ရွှေမြို့တော် အမရပူရသို့ ပြန်ကြွတော်မူခဲ့ရာ၊ ဇင်းလဆန်း ၁၅ -ရက်၊ ၂-ချက်တီးကျော်တွင်မှ မိမိနေထိုင်ရာ ရွှေမြို့တော်ရှိ စံကျောင်းတော်သို့ ဆိုက်ရောက်တော်မူခဲ့လေသည်။

---

၁။ ကမ်းမှီမြို့ဟူလည်း ရေးသားကြသည်။

## ဘေးမဲ့ကျောက်စာများ

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမွာဘိဝံသသည် စေတီတော်ကြီးပတ်ဝန်းကျင် သတ္တဝါများကို ဘေးမဲ့ပေးစေရန် မင်းတုန်းမင်းတရားကြီးထံ စာသွင်းတော်မူသည်။

မင်းတရားကြီးကလည်း အမိန့်ထုတ်၍ ဘေးမဲ့ပေးတော်မူသည်၊ ယင်းသို့ အပြည့်အစုံကျောက်စာထိုး၍ စေတီတော်ကြီးအနီး တည်ထားခဲ့ရာ ဤ၌ ဖေါ်ပြအပ်ပါသည်။

## စေတီတော်ဝန်းကျင် ဘေးမဲ့သွင်းစာ

ဆရာတော် မေတ္တာရပ်ခံအပ်သည့် မောင်းထောင်ရွာ အနောက်ပုဗ္ဗတိုင်တောင်၏အနီးတွင် ကုသိုလ်တော်ပွါး မယ်တော် နှမတော်တို့က တည်ထားသည့် စေတီတော်ကြီးအနီးအပါး ထက်ဝန်းကျင် တာ ၅၀၀-အရပ်ခန့်၊ အရှေ့ကိုလားသော် တောင်ထိပ်အထိ၊ အရှေ့မြောက်ကို မြောက်တောင်အထိ, မြောက်အရပ်ကို ချောင်းအရှေ့ဘက်လမ်းအထိ၊ အနောက်မြောက်အရပ်ကို ရွာဟောင်းကျောင်းတိုက်အထိ၊ အနောက်အရပ်ကို ချောင်းအထိ၊ အနောက်တောင်အရပ်ကို တောရေကန်အထိ၊ တောင်အရပ် မကျည်းအုပ်ရွာ တောင်လမ်းအထိ၊ အရှေ့တောင်အရပ်ကို သရပ်ပင်ချောင်းလမ်းအထိ၊ ၎င်းအရပ်အတွင်း သားငှက်တိရစ္ဆာန်တို့ကို ဘေးဘျမ်းမထိစေရ အဘယဌာန ဇီဝိတဒါန လှူတော်မူမည့်အကြောင်းကို မေတ္တာရပ်ခံအပ်သည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

သက္ကရာဇ် ၁၂၁၅-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက်နေ့ သာသနာပိုင် ဆရာတော် ဘုရားကြီးသွင်းသည့် မေတ္တာစာ။

## ဘေးမဲ့အမိန့်တော်ဘုရား

လောက၌ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့ မှီခိုကိုးကွယ်စေခြင်းငှါ ရည်ရွယ်တော်မူ၍ မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ ဥဒ္ဒိဿဓာတုသာရီရိက-စသော မွေးရှင်ဓာတ်မြတ်တို့ ကိန်းဝပ်တော်မူရန်

မယ်တော်ဘုရား နန်းမတော် မိဖုရားတို့က သာသနာတော် ၅၀၀၀-တိုင်တိုင် တည်ထွန်းစေခြင်းငှါ မောင်းထောင်ရွာ အနောက်ပုဗ္ဗတိုင်တောင်အနီး ကုသိုလ်တော်ပွါး တည်ထားတော်မူသည့် စေတီတော်ထက်ဝန်းကျင် အရှေ့အလားတောင်ထိပ်ထိ၊ အရှေ့မြောက်ကို မြောက်တောင်ထိ၊ မြောက်ကို ချောင်းအရှေ့ဘက်လမ်းထိ၊ အနောက်မြောက်အရပ်ကို ရွာဟောင်းမြောက်ကျောင်းတိုက်ထိ၊ အနောက်အရပ်ကို ချောင်းထိ၊ အနောက်တောင်အရပ်ကို တောရေကန်ထိ၊ တောင်အရပ်ကို မန်ကျည်းအုပ်ရွာ တောင်လမ်းထိ၊ အရှေ့တောင်အရပ်ကို သရပ်ပင်ချောင်းလမ်းထိ၊ နယ်ရှစ်ရပ်သတ်မှတ် ပြဋ္ဌာန်းပိုင်းခြားသည့်အတွင်း သားငှက်တိရစ္ဆာန်တို့ကို အဘယဋ္ဌာန ဇီဝိတဒါန သံဝတ္တနိယ ကုသိုလ်တော်ဖြစ်ပွါးစေခြင်းငှါ၊ သမ္မာသမ္ဗုဒ္ဓဗောဓိပါစကနကရ၊ ဗောဓိသမ္ဘာသဗ္ဗညုတဉာဏ်နိဗ္ဗာန်ဆုကြီးကို ရည်သန်တော်မူသည်နှင့်အညီ ဘေးမဲ့ချမ်းသာ ပေးတော်မူပါမည့်အကြောင်းနှင့် သာသနာပြု ဆရာတော်ဘုရားကြီး၏ မေတ္တာရပ်ခံချက်အတိုင်း စေတီတော်ထက်ဝန်းကျင် နယ်ရှစ်ရပ်သတ်မှတ်သည့်အတွင်း မှီခိုရှိနေသည့် သားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူသည်။ အဖမ်းအဆီး အပစ်အခတ် အသတ်အညှစ်မရှိစေနှင့် ချမ်းသာစေ၊ ဘေးမဲ့ပေးတော်မူရာအရပ်ကိုလည်း အစဉ်ထာဝရ ဖြစ်ထွန်းအောင် မြို့ရှစ်ရွာရှင်တို့က ကျောက်တိုင် စိုက်မှတ်စေ။

ကျောက်တိုက်စိုက်မှတ်သည့် နယ်မြေပုံစံကိုလည်းသွင်း။ သက္ကရာဇ် ၁၂၁၅-ခုနှစ် ကဆုန်လဆန်း ၁၂-ရက်နေ့မှာ နာခံတော် ပြောကြီးမှူး မင်းလှမင်းကျော်ပြန်အမိန့်တော်။

■

## မဟာလောကမာရဇိန်စေတီတော် ထက်ဝန်းကျင် အရပ်ရှစ်မျက်နှာ၌ စိုက်သည့် ဘေးမဲ့ကျောက်စာ

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဇောတေတု သူရိယော ယထာ။
ဒီဃာယုကော အယံ ရာဇာ၊ ပဇံ ပါလေတု ဘူမိပေါ။

သဒ္ဓမ္မော၊ မြတ်စွာထွန်းထား စောဘုရား၏ ဟောကြားမိန့်မှာ သာသနာတော်သည်။ စိရံ၊ အနှစ်ငါးထောင် များမြောင်ရှည်ကြာ ကာလပတ်လုံး။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သူရိယော ယထာ၊ ဖန်ဝါရိုပ်မြူ ချည်ရောင်ဟုန်သော ဥဏ္ဏဂူ နေမင်း၏တရထည်။ ဇောတေတု၊ မိစ္ဆာဟူသည် အယူစွဲလမ်း မြူမသန်းဘဲ မန္တမ်းရောင်ရွှန်း ထွန်းတောက်ပစေသော။ ဘူမိပေါ၊ ရေမြေသဋ္ဌနင်း အမင်းမင်းတို့ ဝပ်စင်းခရာ မဟာဓမ္မရာဇ် တမူလည်းဖြစ်သော။ အယံရာဇာ၊ သာသနာ့ ဒါယကာ ငါတို့မင်းတရားကြီးသည်။ ဒီဃာယုကော၊ အသက်ရာကျော် တည်တော်မူသည်။ ဟုတွာ၊ ဖြစ်၍။ ပဇံ၊ တိုင်းနိုင်ငံသူ လူအပေါင်းကို။ ပါလေတု၊ စောင့်ရှောက်ပါစေသော်။

ကြွင်းမဲ့ဥသုံ လုံးစုံမကျန် ဌေ ယျဓံအင်းကို လက်ဝါးပြင်ဝယ် တင်၍ ထားသော ပတ္တမြားကဲ့သို့ ပိုင်းခြားပိုင်ပိုင် သိစွမ်းနိုင်သော သဗ္ဗညု ရှင်တော် ဘုရား၏ ထားခဲ့မိန့်မှာ သာသနာသည် ၂၃၈၃-ခု၊ ကောဇာသက္ကရာဇ် ၁၂၀၁-ခုနှစ်သို့ ရောက်လစ်သောအခါ အသက် ၄၁-နှစ်၊ သိက္ခာ ၂၁-ဝါရှိပြီးသော "ဌေ ယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရ ဓမ္မ သေနာပတိမဟာဓမ္မ ရာဇာဓိရာဇ ဂုရု" တံဆိပ် နာမံရှိသောထေရ်သည် သာသနသောဓကေသံဃရာဇာ၏အဖြစ်သို့ ရောက်လတ်၍ ၁၂၀၇-ခု နှစ်တိုင်အောင် သာသနာတော်ကို ဝိနည်းပညတ်တော်နှင့်အညီ ချီးပင့်ပြီးသော် ပညာဇောတအမည်ရှိသောမထေရ်ကို သာသနာတော်ကို လွှဲအပ်၍ မြတ်သောဝိပဿနာကို အခါလေးမြင့် သင့်သော မနသိကာရအားဖြင့် ပွါးများနေစဉ်အခါ ဖွားရာဒေသဋ္ဌာန အရပ်ရပ်သည် မန္တတ်စကြာမဟာသာလတို့၏နေရာ ရာဇဓာတ်ပြည်ကဲ့သို့ နတ်တို့ သိမ်းဆည်း စောင့်ရှောက်သဖြင့် တောချုံအတိ ဖြစ်သတည်း။

ဣသိဂိလိ, ဂိဇ္ဈကူဋ္ဌစသော တောင်တို့၏တရထည်။ ပုဗ္ဗကိုမည်သော တောင်လျှင် တောင်ဝှမ်းသန်းကာ ရစ်လျှို၍လည်း ရာဇ ဂြိုဟ်ပြည်ကြီးတပဲဖြစ်၏။ ထိုအရပ်သည် မပြတ်အောက်မေ့ မမေ့သင့် သော ဒေသသုံးပါး အဝင်အပါဖြစ်၍ အတ္တဟိတ ပရဟိတ နှစ်ပါးသောအကျိုး၏ တိုးပွားစည်ပင်ရာ လေးဖြာသော မွေ့ရှင်ရုပ်ရှင် ပရိဘောဂ, ဓမ္မစေတီတို့ ကို ဋ္ဌာပနာ၍စာတီဖန်ဆင်းရသော် သုံးဘော်လူတို့၏ နိဗ္ဗူအဆုံး ဟိတအကျိုး မည့်ိုးမန္တမ်းရာဟု နှလုံးပြု၍ ကောဇာ

သက္ကရာဇ် ၁၂၀၈-ခု၊ မိဂသီရ မာသဇုဏှပက္ခ အဋ္ဌမရက်သို့ ရောက်လတ်သော အခါ သာယာစွာ မြေအပြင်ကို တီကျွင်သန့်ရှင်း၍ အချင်းစတုရန်း တာငန်း သံတောင်ငါးဆယ်ကို မြေပယ်ဂန္ထက်ချမှတ်၍ မဆွလက်မွန် ဖန်ဆင်းပြုစု လတ်သတည်း။

ကောဇာသက္ကရာဇ် ၁၂၁၁-ခု၊ ပြိဿရာသီ ဝိသာခါမာသအတွင်း နှစ်သောင်းကျော်သော အသပြာကို မင်းနှစ်ပါးသား မယ်တော် နှစ်ဦးတို့ ထူးကဲသော သဒ္ဓါတော်ဖြင့် စွန့်ကြဲ၍ နရပတေ့အမှုးပြုပြီးသော အချင်းအဝ သုံးတောင်နှစ်မုဋ္ဌ်ဟံသ ရွှေထီးအထွဋ်ကို လောကမဏိစူဠာဒါယကာမင်း တရားကြီး၏ သောက်တော်ဖလား ရွှေသားကလာပ်တို့ကို မျက်ပါးခတ်၍ မွမ်းမံချလုပ်ပြီးလျှင် ရွှေထီးအထွဋ်တင်သည်၊ ထက်ဝန်းကျင် ထွက်ဝင်ရာပမုခ်ပြာသာဒ် အရပ်ခုနှစ်တောင် အမြင့်ရှိသော မီးတားမဟာရာမ်နှင့်တကွ အုပ်ဖို စုရဝေးတို့ကို ထုံကြွယ် စေလျက် လေးမျက်နှာစေတီတော် အကျည်အမြင့် အဆင့်တို့၌လည်း လက်နက်ကိုင်စွဲ နတ်ရဲရကျိုက် မဟာကုမ္ဘာန်တို့ကို သဏ္ဌာန်ပီပြင်စွာ သလင်းကျောက်စင်တို့ကို ဖန်ဆင်းပြုလုပ်၍ အဆန်းတကြယ် တင့်တယ် လျှောက်ပတ်စွာ နတ်ပိသုကာနှင့်တူသော တမော့, အုဋ္ဌ, လက်သမားတို့သည် ဖန်ဆင်း၍ ကိစ္စ အလုံးသည် ဆုံးခမ်းအောင်မြင်ခြင်းသို့ ရောက်သတည်း။ ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ်သို့ ရောက်စဉ်အခါ စကြာမင်းတို့ တံထွာသားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့အပိုင်းအခြား ထားခြင်းစသော ဆယ်ပါး, တစ်ဆယ့်နှစ်ပါးကြားကို ပွားများတော်မူသော ရတနာသိယ်မင်းတရားကြီးသည် ဥေ ယျမ္မောဘိဝံသ သီရိပဝရဓမ္မ သေနာပတိထေရ်ကိုပင် သာသနာတော်ကို ဆောင်နှင်းပြန်ပြီး မထေရ်သည် ဖန်ဆင်းအပ်သော မဟာလောကမာရဇိန်ဘုရား ထက်ဝန်းကျင်အရပ်ကို သတ်မှတ်ပိုင်းခြား၍ သားငှက်တိရစ္ဆာန်တို့အား ဘေးရန်မရှိ မထိစေရ ဒါနပါရမီကို ဖြည့်တော်မူ၍ သဒ္ဓါတော်မူသည့်ကာလ မြင့်ရှည်သာသနာ စည်ပင်သမျှကာလ ပတ်လုံး နောက်နောင်သော သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အဆွန့် အခွန့်ရှည်စွာ သာသနာပြုမင်းတို့သည်လည်း ငါနှင့်အတူ ပါရမီကို ဆည်းပူး၍ လျှုဒါန်း စောင့်ရှောက်ကြစေသတည်းဟု အမိန့်ဒွာန်တော်မူသတည်း။

ဤသည့်စာကို မှတ်နာသောသူတို့သည် သားမယ်တော်မင်း နှစ်ပါး၏ အရှင်ဘုရင်မင်းတရားကြီးက ဦးဒည်တောင်ဖျားမှ တက်ထွန်းသော နေမင်းသည် အတ္ထဂ်တတောင်လျှည်သို့ ဝင်သွားသကဲ့သို့ မဟာသမ္မတ္တိတို့ကို စွန့်ခွါ၍ သတ္တဝါ၏တံထွာ နတ်ရွာလားလေပြီး ဟု မရဏာအာရုံကို တလုံလဲလဲ ပွားရာသတည်း။

■

## အရှေ့အရပ် ဘေးမဲ့ကျောက်စာ (၁)

**လောကပါလာ သဒါ လောကံ၊ ဒေဝါ ရက္ခန္တု နိစ္စယာ။**
**သာသနမ္ပိ ပဇာ လောကေ၊ အညမညံ မမာယတု။**

လောကပါလာ၊ လူတို့ကိုစောင့်တတ်ကုန်သော။ ဒေဝါ၊ ဗျူဟာနတ်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ လောကံ၊ ဗိုလ်အလှေးကို။ နိစ္စယာ၊ ဘေးရန်မဲ့ကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်လတ်၍။ ရက္ခန္တု၊ သားတစ်ယောက်အမိ, မျက်စိတစ်လုံးရှင်ကဲ့သို့ ချစ်ခင်သက်မျှ စောင့်ကြစေကုန်သော်။ လောကေ၊ ဘော်သုံးရွာ၌။ ပဇာ၊ သတ္တဝါတို့သည်။ သာသနမ္ပိ၊ သာသနာတော်ကိုလည်း။ ရက္ခန္တု၊ စောင့်ရှောက်ကြကုန်သော်။ အညမညံ၊ အချင်းချင်း။ မမာယတု၊ န ပရော ပရံ နိကုဗ္ဗေထ စသည် ဒေသနာကျမ်းလာအညီ ပိယဝါစာမင်္ဂလာဖြင့် မေတ္တာခေတ် နှိုးလျှက် မြတ်နိုးကြစေသော်။

ဘော်သုံးရွာတွင် မထင်ပြိုင်သူ တစ်ဆူတည်းသော နေမင်းဖြစ်၍ ခေတ်သုံးရပ်၌ မြတ်သောဓမ္မရာဇ် ရှင်ချစ်မုနိန် မာရဇိန်၏အဆုံးအမ တော်၌ သဒ္ဓါတရားကို ရှေ့သွားရှေ့ရိုး ကြီးစိုးဦးကိုင်ပြု၍ အတုအဆင့် ကျင့်တော်မူကြသော အရှင်မဟာကဿပအစရှိသော သိက္ခာဂါရဝ ဒီဃဒဿီမထေရ်တို့မှာ ဝံသမပျက် ဆင်းသက်လာသော ဥပါလိဒါသက စသော ထေရ်စဉ်၌ သက်ဝင်ဆက်လာ သိဿာနုသိဿာ နောင့်ဘရွာ ဇာတိရှိသောမထေရ်၊ အရှင်စန္ဒမဥ္ဇူမထေရ်၊ "ကျော်အောင်-စံထား"ဟူ၍ ထင်ရှားသော အရှင်ဉာဏဝရမထေရ်၊ "ဂုဏမဥ္ဇူသာ အရိယာလင်္ကာရ သဒ္ဓမ္မဇေမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်

နာမံရှိ သယ်ရာဇာမင်းအိုဆရာတော်၊ ထိုဆရာတို့၏ အစဉ်သက်ဝင်ကျ ရောက်သော ဦးကျော်ရှန်းဟူ၍ ကျော်စောထင်ရှားသော နတ်ရဲဘောင်ရွာ၌ သီတင်းသုံးနေလေ့ရှိသော ပိယောဂုရုဘာဝနီယစသော ကလျာဏမိတ္တဂုဏ်နှင့်စုံလင်ရကား ပိယဝါဒီမနာပစာရီ ယုတ္တဝါဒီအစစ်ဖြစ်၍ ချစ်အပ်နှစ်သက်အပ် ကျောက်ထီးကဲ့သို့ အလေးအမြတ်ပြုအပ်သော ဦးရီးသဒ္ဓမ္မရံသီမထေရ်သည် ဘာဂိနေယျဖြစ်သော ဥ ယျမမ္မမထေရ်ကို မန္ဒာခိဋ္ဌ ပထမအရွယ်ကပင် လောကဝတ်ဓမ္မဝတ်ကို မချွတ်စေရ လူ့သိပ္ပ၌ ရွရွသွင်သွင် နှုတ်တွင်ဝါစုတ် ဥဂ္ဂဟစာရဏဖြင့် ဉာဏဝုမို သိကောင်းရာရာကို စိတ်ဖြာတတ်ပွန်အောင် လတ်မွန်မဆွ ဆုမ္မသွန်သင်သတည်း။

ထိုသည် ဦးရီးမထေရ်ကား ပါတိမောက္ခသံဝရသီလ၌ နှစ်ခြိုက် ယုံကြည်ခြင်း ပြင်းထန်သော အကျင့်လုံ့လလည်းရှိ၏။ အထူးအားဖြင့် တစ်နေ့သုံးကြိမ်သက်တော်ထင်ရှားရှိသော ဘုရားရှင်ကဲ့သို့ ရှိခိုးပူဇော်ခြင်း ဗုဒ္ဓုပဋ္ဌာနကိစ္စလည်းမြဲတော်မူ၏။ ဒွေမာတိကာ, မဟာသမယ, သတိပဋ္ဌာနသုတ်-တို့ကိုလည်းဝါစုဂ္ဂတလုံ့လလည်း မြဲတော်မူ၏။

သူတစ်ပါးတို့သည် အတုယူ၍ပြုနိုင်ခဲသော ဆန်းကြယ်သော တရားစကားလည်းရှိ၏။ ပစ္စည်းလေးပါးတို့၌ အလွန်ရောင့်ရဲခြင်းလည်း ရှိတော်မူ၏။ အခါလေးမြင့် တစ်နေရာတည်း၌ စားလေ့ရှိ၏။

ထိုမထေရ်သည် မောဂ္ဂလိပုတ္တပတ်လျှလုလင်ကို အရှင်စန္ဒဝဇ္ဇီထေရ်သည် စောင့်ကြပ် သိမ်းပကားသကဲ့သို့ သိမ်းပကားအပ်သော ဥ ယျမမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိမထေရ်သည် အမရပူရ ရာဇဓာနီပြည်ကြီးသည် ဓာတ်ပန်းကိန်းခန်းအလိုက် ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ်၊ သူရဲသူရကံတို့သည် ထက်ဝန်းကျင်ခြံရံ၍ အိမ်ထားဖွေးဖွေး ရက်ပြေးလျှပ်လျှပ် သေနတ်မီးပေါက် အမြောက်စိန်ပြောင်းသံတို့ဖြင့် ရိုက်တည်းပုံတင် မြေပြင်ကွဲပတ် ပြတ်လုဘ်နန်းမှု ဖြစ်လျှက် သူလောင်းသူဖျက်လုယက်ညှင်းပန်းခြင်းတို့သည် ပြွမ်းပြွမ်းထလေရကား ပြာသိုလ်လပြည့်ကျော် ၁၅-ရက်နေ့၊ မဟာအဘယာရာမ, မဟာဝိဇိတာရာမတိုက်တော်နှစ်ရပ်မှ ဖယ်ခွါခဲ့၍ မြို့တော်၏ မြစ်အောက်အရပ် အိုး

ထိမ်းသည်တို့၏ ရွာငယ်တစ်ခုတွင် မှီတင်းနေရာ မတ္တရာမြို့၌ သီတင်းသုံးတော်သော အရညဝါသီ အရှင်သုဇာတ ဓမ္မန္တေဝါသိကမထေရ်က မထေရ်ကြီးကို ပင့်ဆောင်၍ လွန်တောင်းရွာ၌ တစ်ညမှီတင်းစေပြီးလျှင် မိမိ၏မှီတင်းရာ တောကျောင်းအရိပ်သခ်မ်းတွင် တင်ထား၍ တရားနှင့်အညီ ပြုစုလုပ်ကျွေးသတည်း။

ထိုမထေရ်ကြီးကို ရတနာသိခ်မင်းတရားကြီးသည် မတ္တရာမြို့မှ ပင့်ဆောင်၍ သယ်ရာဇာ၏အဖြစ်ဖြင့်ဆောင်နှင်းပြီးသော် လွန်တောင်းရွာ အရှေ့တိုက်ကို မဟာသီလဝတိုက်၊ မတ္တရာတောရတိုက်ကို မဟာသီဝခေမာတိုက် သမိုက်ပညတ်၍ ကမ္ပည်းတိုင်စိုက်ထူတော်မူသည်။ ထိုမထေရ်သည် တည်ထားကိုးကွယ်အပ်သော ပုထိုးစေတီတော်ကြီးမှ မနီးမကွာလွန်း ဂါတစ်ဖြာ (တကျ) အရပ်ကိုသတ်မှတ်တော်မူ၍ ရတနာသိခ်မင်းတရားကြီးသည် သာသနာတော် ၂၃၉၆-ခုနှစ်တွင် သားငှက်ခပင်းကို မကျဉ်းမြောင်းစေရ ဓမ္မဒါန သဒ္ဓါတော်မူသည်။ ဗိုလ်လူအများတို့ သားငှက်အချို့ကို အထိအပါးမရှိစေရ ဘေးမဲ့အပိုင်းအခြား ထားတော်မူသည်။

## အရှေ့မြစ်အောက်အရပ် ဘေးမဲ့ကျောက်စာ (၂)

**ဇိနဿ သာသနေ သောဘေ၊ လဇ္ဇီပေသလ ဘိက္ခုဟိ။**
**သောဘေတု ဥဠုရာဇာဝ ၊ သောဘနော ဝိမလော နဘော။**

ဇိနဿ၊ ငါးမာရ်အောင်မြင် သုံးလူရှင်၏။ သောဘေ၊ တင့်တယ်စွာထသော။ သာသနေ၊ သာသနာတော်၌။ လဇ္ဇီပေသလ ဘိက္ခုဟိ၊ ပါတိမောက္ခ သံဝရဖြင့် သီလချစ်ခင်အရှင်သူမြတ်တို့ဖြင့်။ နဘော၊ အဇဋာကာသ ကောင်းကင်ဝ၌။ သောဘနော၊ ငွေမင်းစံရောင်တို့ဖြင့် တင့်တယ်စွာထသော။ ဝိမလော၊ အညစ်အကြေးကင်းသော။ ဥဠုရာဇာဝ၊ နက္ခတ် သေဋ္ဌနင်း မင်းတည်းဟူသော သီတကူလမင်းနှင့် ထင်းပန်းတမျှ။ သော ဘေတု၊ မိစ္ဆာအယူ လူခပင်းနှင့် ဝဲမကူသဖြင့် တင့်တယ် တောက်ပစေသော်။

ငါးမာရ်အောင်မြင် သုံးလူရှင်ကို လေးအင်သစ္စာ ငုံအာဉာဏ်ရင့် ပွင့်တော်မူရာ မဟာဗောဓိ၌ သိမြင်ဉသုံ လုံးစုံမကျွမ်း မင်းမင်းတကာတို့၏

အမျိုးဦးကိုင်း ဖြစ်တော်မူသော ဘုရားသခင်၏ သာသနာတော်ဝယ် နွယ်စဉ်မပြတ် ကဿပထေရ်မှ သိဿဆင့်ပွား ထွေပြားမဖောက် လှံမ, စောက်အလေ့၌တည်သော၊ "ဂုဏမဉ္ဇူသာ အရိယာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်ရှိသော သင်္ဃရာဇာမင်းအိုဆရာတော် ၏တပည့် မောင်းထောင်ရွာဇာတိ "ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာဂုရု" တံဆိပ်နာမံရှိသော သင်္ဃရာဇာမထေရ်၏ ဓမ္မန္တေဝါသိက သာရဇသီဟူ၍ ဆရာတို့မှည့်ခေါ်အပ်သော ကမ္မဝါစာ ဆရာဦးရီးမထေရ်သည်။ ဘာဂိနေယျဓမ္မာလင်္ကာရ မထေရ်ကို ကမ္မဝါစာ ပဗ္ဗဇ္ဇူပသမ္ပဒ အဖြစ်သို့ရောက်အောင် စောင်မသိမ်းပကား၍ နှစ်ကြိမ်မြောက် ဆရာရှိသတည်း။

ထိုသည့်ဦးရီးမထေရ်က စတုပါရိသုဒ္ဓိသီလ၌ ချအပ်သော သဒ္ဓါ တရားရှိသဖြင့် လွန်မင်းသော အားထုတ်ခြင်းလည်းရှိ၏။ အထူးအားဖြင့် စေတီယင်္ဂဏဝတ်ကိုပြုခြင်း ဒွေမာတိကာ ခုဒ္ဒသိက္ခာ မဟာသမယသုတ် ပဋ္ဌာနသုတ်တို့ကို နှုတ်တက်အာဂုံ ဆောင်ရွက်ခြင်း ပစ္စည်းလေးပါးတို့၌ ပွားအပ်ပြီးသော သန္တောသ တရားရှိခြင်းတို့သည် လွန်မင်းသတည်း။

ဥ ယျဓမ္မာလင်္ကာရမထေရ်သည် ဥပသမ္ပဒဘုံသို့ ရောက်ပြီး သော် ကမ်းမှီ (ကန္နီ) မြို့၌ သီတင်းသုံးနေသော ကမ္မဝါစာဆရာ ဉာဏရံသီမထေရ်၏ အထံ၌ ဓမ္မန္တေဝါသိက တတိယဆရာရှိသတည်း။

ဥ ယျဓမ္မာလင်္ကာရမထေရ်သည် ဥပသမ္ပဒဘုံသို့ ရောက်၍ ငါးဝါ မြောက်လသော် အမရပူရရာဇဌာနီပြည်ကြီး၌ သီတင်းသုံးနေသော "သူရိယာဝံသာဘိသီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်နာမံရှိသော သင်္ဃရာဇာမထေရ်၏အထံ၌ ဓမ္မန္တေဝါသိကအဖြစ်ဖြင့် ဆည်းကပ်နှီးရင်း၍ လေးကြိမ်မြောက် ဆရာရှိသတည်း။ ထိုသည့်မထေရ်ကား မင်းဆိုဆရာတော်ထံမှ ရအပ်သော နည်းဥပဒေသရှိသဖြင့် သိမြင်ကျွမ်းကျင်သော ပရိယတ်ရှိလျက် "တိပိဋကာလင်္ကာရမဟာဓမ္မရာဇာဓိရာဓိရာဇဂုရု" တံဆိပ်နာမံရှိသော ဗားဂရာဆရာတော်၏ တပည့်လက်တွင်း ရင်းနှီးရသဖြင့် အာစရိယမုဋ္ဌိကို သိမြင်ရ၍ ပရိယတ္တိဝိသာရဒကြီးလည်း ဖြစ်တော်မူ၏။

## (၆၄)　　မန္တလေးသာသနာဝင် စတုဝီသတိမတွဲ

အကျင့်သိက္ခာ ဩဝါဒပေးခြင်း၌ သူတစ်ပါးတို့သည် တုပနိုင်ခဲ၏။ ဣန္ဒြေကို စောက်ရှောက်ခြင်း၊ လူတို့နှင့်မရောယှက်ခြင်း၊ ပစ္စည်းလေးပါးတို့၌ ခေါင်းပါးသောအကျင့်ရှိခြင်း၊ ပြင်းထန်သော ဘာဝနာရမ္မလည်းရှိ၏။ သူတော်ကောင်းတို့ကို ခင်မင်လေးမြတ်တတ်၏။

ထိုမထေရ်၏အဆက် သယ်ရာဇာမထေရ်သည် ကောဇာသက္ကရာဇ် ၁၂၁၄- ခုနှစ် အမရပူရမြို့မှ အညာမြစ်အောက် မတ္တရာမြို့ အရှေ့တောင် တကောသကုတ်လုပ်လေးတာ ငါးရာထက်အလွန် ဂမနာဂမနနာတိဒူရ စသော အင်္ဂါနှင့်ပြည့်စုံလျှက် မဟာဝါသန အာဝါသစသော တစ်ဆယ့်ရှစ်ပါးသော အပြစ်မှ ကင်းလွတ်သော တောကျောင်း၌ သီတင်းသုံးနေစဉ်အခါ မင်း၏ အာဏာတော်ဖြင့် မတ္တရာမြို့တွင် အမတ်တို့က မထေရ်ကို ရတနာသိခ်ရာဇဌာနီသို့ ပို့ရောက်လျှင် မြို့တော်မှ အနောက်တောင်တာ-၁၀၀၀ အခွန့်ကွာ ချီပါရွာတွင် သီတင်းသုံးနေလင့်သော မထေရ်၏တပည့် ဂဏဝါစက ပုညာဘိဝံသမည်သောမထေရ်က မိမိနေရာ အာဝါသသခ်မ်းကို ဆရာအားဆောင်နှင်း၍ ကောင်းမွန်စွာ လုပ်ကျွေးသတည်း။

မထေရ်ရောက်၍ နှစ်ရက်မြောက်လျှင် မင်းတရားကြီးက မထေရ်ကို မြို့တွင်းသို့သွင်း၍ အချုပ်ဝန် မင်းထင်မင်းကျော်စည်သူ အမတ်ကို ကြပ်မတ်လုပ်ကျွေး ပြုစုစေတော်မူ၏။

ယင်းသို့ တပည့်ဖြစ်လျှင်ကစား မထေရ်ကား ကာယဝိဝေက စိတ္တဝိဝေကကိုမရဇနသမ္မာဖြင့် အာဝါသသပ္ပါယ မရှိလေရကား ချီပါရွာကျောင်းသို့ပြန်နှင့်၍ ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈-ရက်နေ့ကိုအစမူ၍ ပဌမဝါဆိုလဆန်း ၅-ရက်နေ့တိုင် သီတင်းသုံးနေဆဲအခါ မင်းတရားကြီးက သာသနာတော်ကို အပ်တော်မူသည်။

မထေရ်လည်း မိမိနေရာ ချီပါရွာတိုက်ကို မဟာဒီပဇေယျာတိုက် သမုတ်သတည်း။

ထိုမထေရ်သည် တည်ထားအပ်သော စေတီတော်ကြီး၏ ရှစ်ရပ်ဒိသာကျောက်စာသတ်မှတ်၍ ပြစ်ခတ်မရှိ ထိပါးကင်းလွတ်အောင် သားငှက်ခပဲအား

ရတနာသိမ်မင်းတရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် ဘေးမဲ့ သဒ္ဓါတော်မူသည်။ သာသနာငါးထောင် တည်စေသတည်းဟူ၍လည်း အမိန့်ရှာန် တော်မူသည်။

■

## မြစ်အောက်အရပ် ဘေးမဲ့ကျောက်စာ (၃)

**သမ္ဗုဒ္ဓေါ ခရမာနော၀၊ လောကဟိတံ သဒါ ဣခ။**
**ဓ၀မယံ ထူပေါ စိရံ၊ ဟိတံ ၀ဟတု တိဋ္ဌဟံ။**

ခရမာနော၊ သက်တော်ထင်ရှား တည်ထားသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာ ဘုရားသည်။ ဣခ၊ ဤလူ့ရွာ၌။ သဒါ၊ အမြဲမပြတ်။ လောကဟိတံ၊ လူတို့၏ အကျိုးစီးပွားကို။ ၀ဟတိက္က၀၊ သားတော်ရတနာ ရာဟုလာကဲ့သို့ မေတ္တာတော် သက်လျှက် ရွက်ဆောင်တော်မူ၏။ ဓ၀ံတထာ၊ ထို့အတူ မြင့်ရှည်စွာကာလ ပတ်လုံး။ တိဋ္ဌဟံ- တိဋ္ဌဟန္တော၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့မယိုင် တည်လတ်၍သာလျှင်။ ဣခ၊ ဤလူ့ရွာ၌။ လောကဟိတံ၊ လူတို့၏ အစီးအပွါး ကို။ ၀ဟတု၊ ရွက်ဆောင်တော်မူသော်။

မဟာသမ္မတ ရာဇသမ္ဘိန် နရိန္ဒမျိုး အရိုးမပေါက် မပျောက်စဉ်လာ သာကီမင်းစစ်ဖြစ်တော်မူသော ဘုရားသခင်၏ သာသနာ၌ ကြိုက်ကြုံကြသော သီလ၀န္တ သံဃရာဇာသာသနာပိုင်အဆက်မပျက် ခွန့်ရှည်စည်ပင်ပြန့်ပွားသော အရှင်ဥေယျ ဓမ္မာလင်္ကာရမထေရ်သည် ကောဇာသက္ကရာဇ် ၁၁၆၁-ခု ပဌမ ၀ါဆိုလ ဇုဏှပက္ခ ၁၀-ရက်မြောက် အင်္ဂါနေ့တွင် ဖွားမြင်၍ ပြကတေ့ လူ့ဘာ၀ သိပ္ပအမှုကို ပြချိန်တန် လတ်သော် မိဘတို့ပို့ချသွန်သင်သဖြင့် အက္ခရာအစဉ်ကို သိမြင် ဖတ်ရွတ် နိုင်ရကား နတ်ရဲတောင်ရွာမြစ်အောက် ဦးရီးမထေရ်ထံ အပ်နှံ ဆောင်နှင်းသဖြင့် ကာလအသင့် မြင်လေလျှင် သက္ကရာဇ် ၁၁၆၈-ခု ရှိလသော်။ ထိုဦးရီးမထေရ်ကို မင်းအိုရွာမသို့ ပင့်ဆောင်၍ ချီးမြှင့်လုပ်ကျွေးစဉ် ဦးရီးမထေရ် သည် မင်းအိုရွာတွင် အာယုသင်္ခါရ ချုပ်လေလျှင် အရှင်သာရဇသီမည်သော ဒုတိယဦးရီးမထေရ်က သိမ်းပကား၍ ဤသူကား နောင်သောအခါ သာသနာ၏

ကြီးစွာသော ကျေးဇူးထူးကဲလတ္တံ့ဟု ဆိုစမှတ်မူ၍ ထံနီးအပါးတွင် သင်အံရသတည်း။

နောက်ပြီးတစ်ဖန် မုတ္တလင်ရွာသို့ ဦးရီးမထေရ်ကြွပြန်လျှင် သစ်ချောင်းတောအရပ်တွင် အရညဝါသီ ကပ်မှီနေစဉ်အခါ မဟာထေရ်သည် ဘာဂိနေယျ ပတ်လျှလုလင်ကို သာမဏေရဘုံသို့ ရောက်စေ၍ တစ်ဝါရှိပြီးသော် ကန္နီမြို့တွင် အမတ်ဒါယကာ ဦးရီးမထေရ်ကို ပင့်ဆောင့်၍ ကျောင်းလွှတ်ပူဇော်ရာ နောက်တွင်ပါရကား ဦးရီးထံပါးတွင်နေ၍ အသက် ၁၉-နှစ်မြောက်လသော် ကန္နီမြို့တောင်ထိပ်သိမ်တွင် ကောဇာသက္ကရာဇ် ၁၁၈၀-ပြည့်၊ ပထမဝါဆိုလဆန်း ၁၄-ရက်နေ့၌ ဥပသမ္ပဒဘုံသို့ ရောက်စေသည်။

သုံးဝါမြောက်လသော် အမရပူရ နေပြည်တော်ကြီး၌ မဟာမုနိ ဘုရားအနောက် ဝေယန်သာလွှတ်တိုက် ဆင်တဲတိုက်တို့၌ လှည့်လည်သင်အံ၍ ငါးဝါရှိလျှင် ရွှေစေတီတော်တိုက်၌ သီတင်းသုံးသော သဲအင်းရွာဇာတိရှိသော "သဒ္ဓမ္မဝံသာဘိသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော မထေရ်ထံမှောက်သို့ရောက်၍ သိဂ္ဂဝမထေရ်သည် မောဂ္ဂလိပုတ္တမည်သော သံဃနော ရဟန်းကို ကျမ်းဂန်ပရိယတ်၌ တက်ပွန်းပွန်းတီး အောင်ခြီးပင့်သကဲ့သို့ ဥဇ္ဈာယျ ဓမ္မမထေရ်ကို ချီးပင့်သတည်း။ မဟာဝိဇယရံသီ ဒါယကာမင်းတရားကြီးသည် ရတနာပူရမြို့ကို ရာဇဌာနီအသစ် ဖန်ဆင်းပြန်လတ်သော် ကောဇာသက္ကရာဇ် ၁၁၈၄-ခုနှစ်၊ ဆရာမထေရ်နှင့်တကွ လောကသယမ္ဘူဘုရားရှင်၏ အရှေ့တူရူ အရာမ်တွင် သင်အံသီတင်းသုံးနေသော မထေရ်ရှိရာသို့ "သဒ္ဓမ္မဝံသာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော မထေရ်က စေလွှတ်တော်မူ၍ ကျမ်းဂန်တို့ဝယ် ဆန်းကျယ်နက်နဲ ခဲခက်ရာရာတို့၌ လဒ္ဓေါပဒေသနယ ဟူးသည်များကို မှတ်သားယူဆောင်စေသည်။

ထို့ဆိပ်ဖြူရွာ၌ သီတင်းသုံးနေလေ့ရှိသော မထေရ်လည်း အရှင်ဥဇ္ဈာယျ ဓမ္မမထေရ်ကို ပဋိသန္ထာရနှစ်ပါး ဖြင့်လွန်မင်းစွာ ချီးပင့်တော်မူသည်။

ထိုမထေရ်ထံမှ ပြန်နစ်ခဲ့ပြီးသော် သဲအင်းရွာဇာတိမထေရ်ကြီး၏ အနီးထံပါးတွင် မထေရ်ကိုလုပ်ကျွေးလျှက် အများသဃာကို ဓမ္မာနုဂ္ဂဟအားဖြင့် ပွား

များနေစဉ်အခါ လောကမဏိစူဠာဒါယကာ မင်းတရားကြီးသည် မင်းထီးအဖြစ်ကို ရလတ်သော် ကောဇာသက္ကရာဇ် ၁၁၂၅-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်၊ သောကြာနေ့ ဖွားမြင်တော်မူ၍ ၇၃-နှစ်ရှိပြီးသော သဲအင်းရွာဇာတိ မင်္ဂလာဆရာတော်ကို ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်၊ နယုန်လဆန်း ၅-ရက်နေ့ ရတနာပူရမာရ်အောင်ရတနာ သုဓမ္မာစရပ်တော်တွင် သာသနာတော်ကို ဆောင်နှင်းတော်မူသည်။

ထိုသည့်သင်္ဃာရာဇာမထေရ်၏လက်ထက် နိဂုံးဇနပုဒ် တိုက်မြို့ ခရိုင်တို့၌ ဦးကိုင်ထားသော ပုဂ္ဂိုလ်တို့ကို မာတိကာပါဠိနှစ်ကျမ်း ခုဒ္ဒသိက္ခာ မူလသိက္ခာ လက်သန်းအဋ္ဌကထာတို့ကို ဝါစုဂ္ဂတပြန်ဆိုစေ၍ အများသင်္ဃာတို့ကို အဘိသမာစာရိကသိက္ခာပုဒ်၊ ခန္ဓကဝတ်တို့ကို ဝါစုဂ္ဂတပြန်ဆိုစေ၍ ပြုစုသော သာသနာသည် မွန်းတည့်အခါ နေကဲ့သို့ ထွန်းပလျှက် သက်န်းရောင် တောက်ဘနန်းမျှရှိ၏။

ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဇေယျာပူရ စစ်ကိုင်းမြို့ စံနန်းတော်၌ မထေရ်ကို အရဟံတံဆိပ်တစ်ကျိပ်နှစ်ပါးနှင့် "သဒ္ဓမ္မဝံသာဘိသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်တွင် "သူရိယဝံသာဘိသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယတံဆိပ်ကို ကပ်လှူတော်မူသည်။ နောင်တော်မဟာဝိဇယရံသီ ဒါယကာမင်းတရား လက်ထက်ကပ်လှူသည့် တံဆိပ်ရ သင်္ဃာတို့ကို သတ္တိဗျတ္တိနှံ၍ တံဆိပ်နှင့် မထိုက်တန်သည့် ပုဂ္ဂိုလ်တို့ကိုလည်း တံဆိပ်ကိုနှုတ်သိမ်းသည်။

မြှင့်သင့်သည့်ပုဂ္ဂိုလ်တို့ကိုလည်း တံဆိပ်ကြီး ကပ်လှူ၍ မြှင့်တော်မူသည်။ နှိမ့်သင့်သည့် ပုဂ္ဂိုလ်တို့ကိုလည်း တံဆိပ်ငယ်ကပ်လှူ၍ နှိမ့်တော်မူသည်။

"သူရိယာဘိသီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်ကြီး၏အရံတွင် "ဥ ယျဓမ္မာ လင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော လွန်ကဲသော သတ္တိဗျတ္တိရှိ၏။ ဆရာမထေရ်သည် နှစ်သက်အပ်သော မထေရ်သူမြတ်ကား မထေရ်ကြီးသည် ဇနကကံဟောင်းရင့်

ညောင်းကုန်ခမ်း၍ ဘဝသစ်ကို လှမ်းယူပြီးသော် သာသနာတော်၌ ရိုက်ရာခံယူ၍ မထေရ်ကြီးနှင့်အတူ သာသနာတော်ကို သုတ်သင်ချီးပင့်သတည်း။

ခမည်းတော် လောကမဏိစူဠာ ဒါယကာမင်းတရားကြီးလည်း မထေရ်ကြီးကို ကြည်ညိုတော်မူသကဲ့သို့ အနုမထေရ်ကိုလည်း ချစ်ကြည်လေးမြတ်ယုံမှတ်သဒ္ဓါတော်မူရကား ရှေ့နန်းတော်သို့ ပင့်ဆောင်၍ လောကအရေး သာသနာအရေးများကို မပြတ်ဆွေးနွေး တိုင်ပင်တော်မူသည်။

ထိုမထေရ်သည် ကောဇာသက္ကရာဇ် ၁၂၀၈- ခုနှစ်သို့ရောက် လတ်သောအခါ ပြဟ္မာဖန်ဆင်းအပ်သော ဒုဿစေတီ၊ သိကြားမင်း ဖန်ဆင်းအပ်သော စူဠာမဏိစေတီတို့ကဲ့သို့ ဖန်ဆင်းအပ်သော ဗိုလ်လူအလေ့းတို့၏ နှလုံးကိုပျို့စေတတ်သော မဟာလောကမာရဇိန်ဘုရားရှင်၏ ဝန်းကျင်ပတ်ရံကုန်းကို ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ် ရတနာသိခ်မင်းတရားကြီး ဘေးမဲ့သဒ္ဓါတော်မူသည့် ဒုက္ခအပေါင်း၏ ငြိမ်းရာအမှန် နိဗ္ဗာန်မဂ်ဖိုလ်ကိုလည်း အလွန်အလိုရှိတော်မူသည်။

ပြည်သူဗိုလ်လူအလေ့းတို့၏ ချမ်းသာစီးပွားကိုလည်း အလွန်အလိုရှိတော်မူသည်။ သာသနာတော်၏ ခိုင်ခံ့ခြင်း၏အကြောင်း လဇ္ဇီသူတော်ကောင်းတို့ကိုလည်း အလွန်အလိုရှိတော်မူသည်။

ဤအကျိုးသုံးပါးကို အားသန်တော်မူ၍ သဒ္ဓါပြဌာန်းသဖြင့် ကုသလကမ္မပထတရားကို ပွါးများအားထုတ်လျှက် မနစ်မဆုတ် အပတ်တကုတ် ကြိုးပမ်းတော်မူ၍ တစ်လအတွင်း၌ ရှစ်သီတင်းသမိုက်ပြီးသည် အဌင်္ဂသီလကို စောင့်သုံးတော်မူသည်။

မင်းညီမင်းသား မောင်းမမိဿံ မှူးတော်မတ်တော် ကျေးကျွန်အမှုထမ်းတို့ကိုလည်း ဆုလာဘ်သနားတော်မူ၍ အဌင်္ဂသီလကို စောင့်သုံးစေတော်မူသည် နောက်နှောင်နောက်လာ သာသနာပြုမင်းတို့သည်လည်း သာသနာတော်၏ အကျိုးစီးပွါး လောက၏အကျိုးစီးပွား နှစ်ပါးစုံကို ခုံမင်မက်မော သဒ္ဓါပြဌာန်းသော ဇောစိတ်ဖြင့် လှူဒါန်းပူဇော်၍ သာသနာတော်ကို ချီးပင့်ယိုင်းပင်း ထောက်ပံ့ခြင်းကိုပြုလျှက် အမိဌာန်တော်မူသည်။

ဤသို့ ပြဆိုအပ်ပြီးသောစကား၏သဘောကို နစ်နောရှုကြည့် နိုင်းယှဉ် ဆင်ခြင်မိသော သူတော်ကောင်းတို့သည် ဤမထေရ်၏ ဆရာသာရဒဿီ စသော ပုဂ္ဂိုလ်တို့က သတ္တဝါတို့၏တံထွာ ခန္ဓာရင့်ညောင်း ဟောင်းနွမ်းသောကြောင့် ဘေးအစုကိုစွန့်ပစ်၍ ဘဝအသစ်ကို ယူကြလေပြီ။ "ဤသခၤါရအစုကား တစ်ခု မကြွင်း ဆင်းရဲတိုင်း ဇာတိဒုက္ခ စသည်တို့ဖြင့် ပင်ပမ်းရာသာတည်း"။ ဟုအသင့်အားဖြင့်သာလျှင် ဝဋ္ဋနိဗ္ဗိန္ဒဉာဏ်ကိုအရင်းခံ၍ ခယဝယကို သုံးသပ် လျှက် ဘာဝနာကို ပွားများကြီးမြင့် ရင့်စေကြရာသတည်း။

## အနောက်မြစ်အောက်အရပ် ဘေးမဲ့ကျောက်စာ (၄)

**သံပိယန္တု သဒါ ဘူပါ၊ ယထေဝံ ဧကမာတိကာ။**
**ပဏ္ဏာကာရန္တမ္ပိ ပေသေန္တု၊ အညမည္ ပမောဒကာ။**

ဧကမာတိကာ၊ တစ်မိဝမ်းတွင်း ရှေ့နောက်ဆင်းသော ညီရင်းမောင်ဖွား တစ်သွေးသားတို့သည်။ သံပိယန္တိယထာ၊ ချစ်မြတ်နိုးကြသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဘူပါ၊ ရေမြေသေဌ်နင်း မင်းဟူသမျှ တစ်ရာ့တစ်ယောက်ရှေ့မှောက်နှင့် တိုင်းပြည်ရှင်တို့သည်။ သဒါ၊ အခါလေးမြင့်။ သံပိယန္တု၊ ချစ်မြတ်နိုးကြစေကုန် သော်။ အညမည္၊ နှစ်ပြည်တစ်ပြည် ရှင်ကြည်ဝမ်းမြောက် ရွှေလမ်းဖောက်၍ တစ်ယောက်နှင့်တစ်ယောက်။ ပမောဒကာ၊ စိတ်စက်ရွှင်လန်းကြကုန်သည်။ ဟုတ္ပာ၊ ဖြစ်ကုန်၏။ ပဏ္ဏာကာရမ္ပိ၊ ပက္ကုသာကိမင်းနှင့် ဗိမ္ဗိသာရမင်း၊ ဓမ္မာ သောကမင်းနှင့် ဒေဝါနံပိယတိဿမင်း သာသနာဒါယကာ ငါတို့မင်းတရားနှင့် တရုတ်ဦးတည်မင်း အစရှိသည်တို့ကဲ့သို့ ပဋိသန္ထာရအရာ ပဏ္ဏာကာရ လက် ဆောင်တို့ကိုလည်း။ ပေသေန္တု၊ သိကြားစေကုန်သော်။

သုနာပရံတမ္ပဒီပစသော အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းများသခင် နိဗ္ဗာနပစ္စယ နာဂရာဇာ ဆဒ္ဒါန်ဆင်အမျိုးရှိသော ဆင်ဖြူများရှင် လောကမဏိစူဠာဒါယကာ "သီရိပဝရာဒိတျာ လောကာဓိပတိဝိဇယ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော မင်းတရားကြီးသည် သာသနာတော်

၂၁၈၁-ခု ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ အရိုက်အရာကို ခံစံတော်မူ၍ မင်းထီးအဖြစ်သို့ ရောက်လသော် စစ်ကိုင်းမြို့ စံနန်းတော်က ကျောက်မြောင်းမြို့သို့ ရေကြောင်းရာဇဝိဘူတိဖြင့် ထွက်ဟံတော်မူ၏။

ထိုအခါ မင်္ဂလာအိမ်တော်စံတော်မူသည်ကပင် အရှင်အာနန္ဒာကဲ့သို့ မိဖုရားခေါင်ကြီး သမီးတော်တို့ကို ကျမ်းဂန်ပို့ချသော ဥေ ယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်နှင့် သဲအင်းရွာဇာတိ သယ်ရာဇာမထေရ်ကို ရှေ့ဖျားရှေ့ဦးပင့်ဆောင်၍ ကျောက်မြောင်းမြို့ မြစ်အောက်တူရူလျောက်ပတ်သော မြေငူအရပ်တွင် မင်းတရားကြီး၏ ကိုယ်စားတော်စား ကုသိုလ်တော်ပွား "သီရိပဝရာတိလောကရတနာ မင်္ဂလာဒေဝီ" ဘွဲ့နာမံရှိသော သမီးတော်က ကျောင်းဖန်ဆင်း၍ တင်လှူတော်မူသတည်း။

ထိုအရပ်တွင် မထေရ်နှစ်ဦး သေချာစွာ အာရာမ်အတွင်း သိမ်သမုတ်သည်။ ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်၊ နတ်တော်လ အမရပူရမြို့သို့ ပင့်တော်မူ၍ မထေရ်နှစ်ဦးကို အောင်မြေဘုံကျော် ကျောင်းတော်တွင် သီတင်းသုံးနေစေသည်။

ကောဇာသက္ကရာဇ် ၁၂၀၁-ခု၊ ပဌမကတ္တိကမာသ ကာလပက္ခ တစ်ဆဲ့သုံးရက်နေ့တွင် သယ်ရာဇာထေရ်သည် အာယုသင်္ခါရချုပ်လေလျှင် ဥေ ယျဓမ္မာလင်္ကာရမထေရ်ကို ကောဇာသက္ကရာဇ် ၁၂၀၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ အမရပူရ ဆင်ကြိုး ရွှေကူသုဓမ္မာစရပ်တော်တွင် သာသနာတော်ကို ဆောင်နှင်းတော်မူသည်။

သဲအင်းရွာဇာတိမထေရ်ကြီးကို သရီရစျာပနကိစ္စပြုရာအရပ်တွင် ဘိနပ်အချင်းသံတောင် လေးဆယ်ရှိသော ယတိဘူမင်္ဂဏရတနာကောသစေတီကို ဥေ ယျဓမ္မမထေရ်က တည်ထားဖန်ဆင်းသည်။

ကောဇာသက္ကရာဇ် ၁၂၀၃-ခု၊ တော်သလင်းလသစ်ဆန်း မာသဆန်းစခြောက်ရက်နေ့၌ မထေရ်ကိုပင့်ဆောင်လျက် ဥက္ကလာပမြို့သို့ ထွက်စံတော်မူ၍ တိဂုံစေတီတော်ကို လုံးတော်ပြည့် ရွှေချမွမ်းမံတော်မူသည်။ ခေါင်းလောင်း

တော်ကြီး သွန်းလုပ်၍ လှူတော်မူသည်။ မထေရ်ကို တိဂုံစေတီမှ အနောက်တူရူ တွင် ကျောင်းဆောက်၍ တင်လှူတော်မူသည်။ မထေရ်သည် တိဂုံစေတီတော်၏ မြစ်အောက်တူရူ ဗောဓိပင်အနီးတွင် မာရရိဇယသိမ်ကို သမုတ်သည်။ ထိုနှစ် နေပြည်တော်သို့ရောက်၍ ကောဇာသက္ကရာဇ် ၁၂၀၄-ခု၊ တပေါင်းလဆန်း ၁၃-ရက်နေ့ သိကြားမင်း၏ ထွက်စံခြင်းကဲ့သို့ နမန္တာဘက် ထွက်တော်မူပြီးလျှင် မဟာအဘယာရာမတိုက်တော်၏ အရှေ့အောင် မင်္ဂလာအောင်မြေတွင် သားတော်မြေးတော် ဆွေတော်မျိုးတော် မှူးကြီးမတ်ရာ သေနာပတိတို့နှင့် ထွက်စံ တော်မူ၍ မဟာအဘယာရာမတိုက် မဟာတုလွှတ်ဘုံကျော်ကျောင်းကို တပေါင်း လပြည့်နေ့ မဟာဝိဇိတာရာမတိုက် မဟာအောင်မြေဗိဟာန်ကျောင်းတော်ကို တပေါင်းလပြည့်ကျော် ၈-ရက်နေ့ မထေရ်ကို ထီးဖြူအုပ်၍ ရွှေကရားနှင့် မင်း တရားကြီး ရေစက်မွန်း၍ သွန်းလှူတော်မူသည်။

တိုင်းနိုင်ငံသူ ဗိုလ်လူအလေးတို့အား ရွှေငွေအသပြာ မာသကကွင်း ခြည်ထည်မျိုး အုပ်မျိုးများကို ဝေငှပေးကမ်းတော်မူသည်။ အရိယာသံဃာ တော်မြတ်တို့အားလည်း များစွာလောက်လွေ့ ကြွေ့ကြွေ့ရမ်းရမ်း ရဟန်းတို့ဝယ် သပ္ပါယ်လျောက်ပတ်သော ပစ္စည်းတို့ကို သဒ္ဒါတော်မူသည်။ ကောဇာသက္ကရာဇ် ၁၂၀၆-ခု မြို့တော်မှ မြစ်အောက်အရပ်တွင် မာတ်နန်းစံတော်မူစဉ်အခါ မထေရ် ကို လောကအောင်ချာ ဘုရားရှင်၏ အနောက်သမီးတော်က ဘုံသုံးဆင့် ဆောက် လုပ်၍ တင်လှူသည့် ဘုရားရှင်၏အနီးတွင် မထေရ်က လောကမာရဇိန် သိမ်တော်ကို သမုတ်သည်။

ကောဇာသက္ကရာဇ် ၁၂၀၇-ခုနှစ်၊ မင်းတရားကြီး၌ လေရောဂါစွဲကပ်၍ မသက်မသာရှိလေသည်။ ရွှေ မြို့တော်မူ၍ ကုမသော်လည်း လုံ့လပြုခြင်းကား အကျိုးမဲ့ဖြစ်ရကား ကောဇာသက္ကရာဇ် ၁၂၀၈-ခု၊ တန်ဆောင်မုန်းလ ကာဠပက္ခ ၁၅-ရက်နေ့ နတ်ရွာလားတော်မူ၏။

ထိုမင်းတရားကြီးဆရာ သံဃရာဇာမထေရ် တည်ထားအပ်သော ဘုရား ရှင်၏ ဝန်းကျင်အရပ်ကို ကောဇာသက္ကရာဇ် ၁၂၁၄-ခု၊ ထိုမင်းတရားကြီး၏ သားတော် ရတနာသိမ်မင်းတရားကြီး ဘေးမဲ့ သဒ္ဒါတော်မူသည့် သာသနာတော်

၂၁၈၁-ခု ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ အရိုက်အရာကို ခံစံတော်မူ၍ မင်းထီးအဖြစ်သို့ ရောက်လသော် စစ်ကိုင်းမြို့ စံနန်းတော်က ကျောက်မြောင်းမြို့သို့ ရေကြောင်းရာဇဝိဘူတိဖြင့် ထွက်ဟံတော်မူ၏။

ထိုအခါ မင်္ဂလာအိမ်တော်စံတော်မူသည်ကပင် အရှင်အာနန္ဒာကဲ့သို့ မိဖုရားခေါင်ကြီး သမီးတော်တို့ကို ကျမ်းဂန်ပို့ချသော ဥေယျာမွေမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်နှင့် သဲအင်းရွာဇာတိ သယ်ရာဇာမထေရ်ကို ရှေ့ဖျားရှေ့ဦးပင့်ဆောင်၍ ကျောက်မြောင်းမြို့ မြစ်အောက်တူရူလျှောက်ပတ်သော မြေငူအရပ်တွင် မင်းတရားကြီး၏ ကိုယ်စားတော်စား ကုသိုလ်တော်ပွား "သီရိပဝရာတိလောကရတနာ မင်္ဂလာဒေဝီ" ဘွဲ့နာမံရှိသော သမီးတော်က ကျောင်းဖန်ဆင်း၍ တင်လှူတော်မူသတည်း။

ထိုအရပ်တွင် မထေရ်နှစ်ဦး သေချာစွာ အာရာမ်အတွင်း သိမ်သမုတ်သည်။ ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်၊ နတ်တော်လ အမရပူရမြို့သို့ ပင့်တော်မူ၍ မထေရ်နှစ်ဦးကို အောင်မြေဘုံကျော် ကျောင်းတော်တွင် သီတင်းသုံးနေစေသည်။

ကောဇာသက္ကရာဇ် ၁၂၀၁-ခု၊ ပဌမကတ္တိကမာသ ကာလပက္ခ တစ်ဆဲ့သုံးရက်နေ့တွင် သယ်ရာဇာထေရ်သည် အာယုသင်္ခါရချုပ်လေလျှင် ဥေယျာမွေမ္မာလင်္ကာရမထေရ်ကို ကောဇာသက္ကရာဇ် ၁၂၀၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ အမရပူရ ဆင်ကြိုး ရွှေကူသုဓမ္မာစရပ်တော်တွင် သာသနာတော်ကို ဆောင်နှင်းတော်မူသည်။

သဲအင်းရွာဇာတိမထေရ်ကြီးကို သရီရစျာပနကိစ္စပြုရာအရပ်တွင် ဘိနပ်အချင်းသံတောင် လေးဆယ်ရှိသော ယတိဘူမင်္ဂရတနာကောသစေတီကို ဥေယျာမွေမ္မမထေရ်က တည်ထားဖန်ဆင်းသည်။

ကောဇာသက္ကရာဇ် ၁၂၀၃-ခု၊ တော်သလင်းလသစ်ဆန်း မာသဆန်းစခြောက်ရက်နေ့၌ မထေရ်ကိုပင့်ဆောင်လျှက် ဥက္ကလာပမြို့သို့ ထွက်စံတော်မူ၍ တိဂုံစေတီတော်ကို လုံးတော်ပြည့် ရွှေချမွမ်းမံတော်မူသည်။ ခေါင်းလောင်း

တော်ကြီး သွန်းလုပ်၍ လှူတော်မူသည်။ မထေရ်ကို တိဂုံစေတီမှ အနောက်တူရူတွင် ကျောင်းဆောက်၍ တင်လှူတော်မူသည်။ မထေရ်သည် တိဂုံစေတီတော်၏ မြစ်အောက်တူရူ ဗောဓိပင်အနီးတွင် မာရရိဇယသိမ်ကို သမုတ်သည်။ ထိုနှစ် နေပြည်တော်သို့ရောက်၍ ကောဇာသက္ကရာဇ် ၁၂၀၄-ခု၊ တပေါင်းလဆန်း ၁၃-ရက်နေ့ သိကြားမင်း၏ ထွက်စံခြင်းကဲ့သို့ နမန္တာဘက် ထွက်တော်မူပြီးလျှင် မဟာအဘယာရာမတိုက်တော်၏ အရှေ့အောင် မင်္ဂလာအောင်မြေတွင် သားတော်မြေးတော် ဆွေတော်မျိုးတော် မှူးကြီးမတ်ရာ သေနာပတိတို့နှင့် ထွက်စံတော်မူ၍ မဟာအဘယာရာမတိုက် မဟာတုလ္လတ်ဘုံကျော်ကျောင်းကို တပေါင်းလပြည့်နေ့ မဟာဝိဇိတာရာမတိုက် မဟာအောင်မြေဗိဟာန်ကျောင်းတော်ကို တပေါင်းလပြည့်ကျော် ၈-ရက်နေ့ မထေရ်ကို ထီးဖြူအုပ်၍ ရွှေကရားနှင့် မင်းတရားကြီး ရေစက်မွန်း၍ သွန်းလှူတော်မူသည်။

တိုင်းနိုင်ငံသူ ဗိုလ်လူအလေးတို့အား ရွှေငွေအသပြာ မာသကကွင်း ခြည်ထည်မျိုး အုပ်မျိုးများကို ဝေငှပေးကမ်းတော်မူသည်။ အရိယာသဃ်ာတော်မြတ်တို့အားလည်း များစွာလောက်လွေ့ ကြွေ့ကြွေ့ရမ်းရမ်း ရဟန်းတို့ဝယ် သပ္ပါယ်လျောက်ပတ်သော ပစ္စည်းတို့ကို သဒ္ဓါတော်မူသည်။ ကောဇာသက္ကရာဇ် ၁၂၀၆-ခု မြို့တော်မှ မြစ်အောက်အရပ်တွင် ဓာတ်နန်းစံတော်မူစဉ်အခါ မထေရ်ကို လောကအောင်ချာ ဘုရားရှင်၏ အနောက်သမီးတော်က ဘုံသုံးဆင့် ဆောက်လုပ်၍ တင်လှူသည့် ဘုရားရှင်၏အနီးတွင် မထေရ်က လောကမာရဇိန်သိမ်တော်ကို သမုတ်သည်။

ကောဇာသက္ကရာဇ် ၁၂၀၇-ခုနှစ်၊ မင်းတရားကြီး၌ လေရောဂါစွဲကပ်၍ မသက်မသာရှိလေသည်။ ရွှေ မြို့တော်မူ၍ ကုမသော်လည်း လုံ့လပြုခြင်းကား အကျိုးမဲ့ဖြစ်ရကား ကောဇာသက္ကရာဇ် ၁၂၀၈-ခု၊ တန်ဆောင်မုန်းလ ကာဠပက္ခ ၁၅-ရက်နေ့ နတ်ရွာလားတော်မူ၏။

ထိုမင်းတရားကြီးဆရာ သဃ်ရာဇာမထေရ် တည်ထားအပ်သော ဘုရားရှင်၏ ဝန်းကျင်အရပ်ကို ကောဇာသက္ကရာဇ် ၁၂၁၄-ခု၊ ထိုမင်းတရားကြီး၏ သားတော် ရတနာသိမ်မင်းတရားကြီး ဘေးမဲ့ သဒ္ဓါတော်မူသည့် သာသနာတော်

ခွန့်ရှည်စည်ပင်သမျှ ကာလပတ်လုံး လူသုံးဦးတို့၏ အကျိုးစီးပွားများ စေသတည်း ဟူ၍လည်း အဓိဋ္ဌာန်တော်မူသည်။

ဤစကားကို ကြားနာသောသူတို့သည် ဤသို့ဝှန်ဝှါ အာဏာတန်ခိုးတို့ဖြင့်စိုးပိုင်သော လောသမုတိနတ်မထေရ်မြတ်တို့သည်လည်း ပညတ်ထင်ရှား၍ ခန္ဓာအစဉ်ကား မထင်ဥသုံ ကုန်လေပြီဟု သာဓကေပြုလျှက် ခန္ဓာအစုကို ရှုတင်းမြှော်လတ်၍ တဩော်လဲလဲ မရဏာနုဿတိတရားကို ပွားများရာသတည်း။

## အနောက်အရပ် ဘေးမဲ့ကျောက်စာ (၅)

**ဝပ္ပကာလေ သုစာရောဝ၊ သမ္မာ ဒေဝေါ ပဝဿတု။**
**ပရိယတ္တိယမ္မေဠ၊ သမ္မာ ဝဟန္တု သာဓဝေါ။**

ဝပ္ပကာလေ၊ ထွန်ကြစိုက်ပျိုးမျိုးဖြန့်သောအခါ၌။ သုစာရောဝ၊ ကောင်းသော အလျဉ်ရှိသည်သာ။ ဟုတွာ၊ ဖြစ်၍။ ဒေဝေါ၊ စတုမဟာရာဇ်နေရာ ဝလာဟကမည်သော ကောင်းကင်အရပ်၌ ဝလာဟိမည်သော ပဇ္ဇုန်နတ်မင်းသည်။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာပါစေသော။ ပရိယတ္တိယမ္မေဠ၊ သာသနာတော်မြတ်၏ မူလဘူတအစစ်ဖြစ်သော ပရိယတ်တရားကိုလည်း။ သာဓဝေါ၊ တရားမွေ့လျော် များသူတော်တို့သည်။ သမ္မာ၊ ကောင်းစွာ။ ဝဟန္တု၊ မပြတ်ပို့ချ သင်ကြားကြသောအားဖြင့် ထင်ရှား ရွက်ဆောင်ကြစေကုန်သော်။

အလွှန်ဘုန်းလက်ရုံးအာဏာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ, တရားတည်းဟူသော သူတော်ကောင်းတို့၏ ဥစ္စာရိက္ခာသုံးပါး၌ မဆုတ်မနစ် သက်ဝင်ယုံကြည်သောသဒ္ဓါ တိုင်းနိုင်ငံသူ လူဗိုလ်ခပင်းကို သိမ်းပကားခြင်း ဥပါယ်တမျဉ်၌ လိမ္မာသောပညာ အိပ်စက်နည်းပါး သွားလာနေထိုင်ခြင်း၌ မပျင်းရိ သတိဝီရိယ ရာဇဓမ္မတို့နှင့် ပြည့်စုံတော်မူသော လောကမဏိစူဠာဒါယကာ မင်းတရားကြီး၏ "သီရိပဝရတိလောကရတနာမဟာပဒုမာဒေဝီ" ဘွဲ့နာမံရှိသော နန်းမနေမိဖုရားကြီးကား သဒ္ဓါကြီးမား၏ မျက်သက်နည်းပါး ဇိတ်ပွားပြုစူခြင်းမှလည်းကင်း၏ အခါလေးမြင့် ကျင့်သုံးအပ်သော မြဲမြန်သော ပဥ္စသီလ၊

အဋ္ဌသီလလည်းရှိ၏။ စကြာမင်း၏မိဖုရားကြီး တရထည်ပုဗ္ဗဍ္ဍာယီ ပဏ္ဍာနိပါတီ ကိုကာရပဋိဃာတီ မနာပစာရီ အင်္ဂါလေးပါးနှင့်ပြည့်စုံ၍ ရွှေဘုံထက်လနေ ရထေသဘမင်းများအရှင် ဘုရင်တစ်ပါး၏ မြစ်တော်,ဘုရင်နှစ်ပါး၏ မြေးတော်, ဘုရင်တစ်ပါးမှ ညီဘွားဥပရာဇ် မဟာဒေဝီမိဖုရားခေါင်ကြီးနှစ်ပါး၏ မယ်တော် ဖြစ်လတ်သဖြင့် ဆင့်ဆင့် ဆက်ကာ ဝံသာမတိန် အသမ္ဘိန်မြတ်ဖြစ်၍ လောက မဏ်စူဋ္ဌာ ဒါယကာ မင်းတရားကြီး လက်ထက်တော်မှ အစမူ၍ ထီးဖြူအုပ်လျှက် အဆက်ဆက်သော ဘုရင်မယ်တော်အဖြစ်ဖြင့် ရိပ်ဖြူကအုပ်လျှက် မယုတ်သော စည်းစိမ်ဖြင့် နေသတည်း။

ထိုသည့် မိဖုရားကြီးကား အမရပူရနေပြည်တော်ကြီး၏ အရှေ့မြစ် အောက်အရပ်တွင် မဟာအဘယာရာမအာရာမ်၌ အတွင်းအပ ရွှေနီဖလံ မွမ်းမံ သော ဘုံခုနှစ်ဆင့်ရှိသော အဦးပြာသာဒ်နှင့်တကွ ဘုံငါးဆင့်ရှိသော မဟာ တုလွှတ်ဘုံကျော် ကျောင်းတော်ကြီးကို ဆောက်လုပ်စေ၍ "ဥေ ယျမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တွင်တပ်၍ အရံတံဆိပ် တကျိပ်သင်္ဃာနှင့် "ဥေယျမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဟူသော ဒုတိယတံဆိပ်တော်ကို ကောဇာသက္ကရာဇ် ၁၂၀၄-ခုနှစ်၊ တပေါင်း လဆန်း၁၄-ရက်နေ့ ကပ်လှူ၍ ၁၅-ရက်နေ့ တီးမျိုးမှုတ် မျိုးမွန်၊ ယိုးဒယား၊ ကုလား၊ မြန်မာစသောလူမျိုးတို့၏ ဘာသာဖြင့် မဟာသဘင် ဆင်ယင်တော်မူ လတ်၍ ကျောင်းလွှတ်ပူဇော်သည်။

ဘုံငါးဆင့်၊ ဘုံလေးဆင့်၊ ဘုံသုံးဆင့် ရှိသောအရံကျောင်း တို့ကိုလည်း ဆောက်လုပ်လှူတော်မူသည်။ ခြောက်ကျိပ်သင်္ဃာကိုလည်း အခါလေးမြင့် ဆွမ်း သင်္ကန်းဖြင့် ချီးပင့်သည် နှစ်စဉ်မပြတ် ကရဿာ လူပိတ်ဖြူ မော်ရော်တို့ဖြင့်ပြီးသ တိစီဝရိတ်ကို ကထိန်အရံပြု၍ ကာသိဝတ္ထ, ခေါမဝတ္ထ, ကောဇ္ဇမ္ဗရ စသည့် သင်္ကန်းတို့ဖြင့် သားမယ်တော် မင်းနှစ်ပါးတို့က မဟာအဘယာရာမ မဟာဝိဇိ တာရုံ အာရာမ်နှစ်ရပ်၏အတွင်း သီတင်းသုံးနေသော ၁၂၀၀-ကျော် သင်္ဃာ တော်တို့အား ကထိန်သင်္ကန်းကပ်လှူသည် မီးတားနှစ်တန်တွင် အတွင်းမဟာ ရာမ်၏ အကွေ့တွင် ဘုံလေးဆင့် ရှိသောကျောင်း အဦးပြသာဒ်သုံးဆောင်ကို

မြေမှ အထက်တက်သော အရပ်အလုံးကို ဖန်မှန်မျက်စုံ ပန်းမုံပန်းပု ရှုမရဲအောင် လုပ်ဆောင်ဖန်ဆင်း၍ ကောဇာသက္ကရာဇ် ၁၂၁၃-ခု၊ နတ်တော်လဆန်း ၉-ရက်၊ တနင်္လာနေ့ မထေရ်ကိုတင်လှူသည်။ ထိုမထေရ်၏ မွေ့ရှင်ကိန်းဝပ်ရာ စေတီဝန်းကျင်၌ မြူးရွှင်ကျက်စား သားငှက်အစုံအား လေးမြားကြော့ကွင်းမှ လွတ်ကင်းချမ်းသာစေခြင်းငှာ မဟာဒါနကို ကြီးသူကျင့်လေ့ ဂုဏ်မြောက်စေ့နှင့် ပြကတေး ခုနှစ်ရှစ်နှင့်ဆယ်မျိုးမင်းကျင့်ရိုးတို့ကို မကျိုးမပေါက် စွမ်းနိုင်မြောက်သော ရတနာသိမ်မင်းတရားကြီး ဘေးမဲ့သဒ္ဓါတော်မူသည် ငါ၏နွယ်ဝင် စဉ်ဆက်သားမြေးတို့သည် ရှေးစေတီကို အမှီသဟဲပြုလျှက် ကုသိုလ် တရား၌ အားထုတ်ကြိုး ပမ်းကြစေသတည်းဟူ၍ အမိန့်ရှာန်တော်မူသည်။

ဤစာ၏အနက်သဘောကို နစ်နော၍ကြည့် နှိုင်းယှဉ်ဆင်ခြင် မိသော အမျိုးသားတို့သည် ဤလောကမဏ္ဍိစူဠာဒါယကာ မင်းတရားကြီးက ကြီးမားသော စည်းစိမ်နတ်အိမ် ရွှေဘုံနှင့်တူသော ရွှေနန်းတော်ကိုစွန့်ခွါ၍ ခန္ဓာချုပ်လေပြီ။ ငါတို့ သူတို့ငါမှာ အတိဆိုရာအံ့နည်းဟု ဘာဝနာတရားကို ပွားကြရာသတည်း။

■

## အနောက်တောင်အရပ် ဘေးမဲ့ကျောက်စာ (၆)

**ဘူတလေ နိဗ္ဘယာ ဟောန္တု၊ သဗ္ဗေသတ္တာ အဝေရကာ။**
**သဒါ နိရဂ္ဂဠာ ဟောန္တု၊ န ဥဠှဟန္တု မောသကာ။**

ဘူတလေ၊ မြေပြင်အထက်၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ အပဒ၊ ဒွိပဒ, စတုပဒ, ဗဟုပဒ,အားဖြင့် များစွာသော သတ္တဝါတို့သည်။ နိဗ္ဘယာ၊ ဘေးမဲ့ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သော်။ အဝေရကာ၊ ရန်မဲ့ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သော်။ သဒါ၊ အခါလေးမြင့်။ နိရဂ္ဂဠာ၊ မပိတ်တံခါး ဟင်းလင်းထားလျှက် သွားလာလှည့်ပတ်ခြင်းရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သော်။ မောသကာ၊ ခိုးသူဓါးပြစသောမိစ္ဆာရန်တို့သည်။ န ဥဠှဟန္တု၊ မပေါ်မထွက်ဝံ့ကြစေကုန်သော်။

ဇမ္ဗူသပြေရွှေတိဖြစ်ရာ ရုက္ခာပင်မြတ် အမှတ်တံဆိပ် အကြောင်းဟိတ်ကြောင့် ဇမ္ဗူဒိပ်ဟူကျွန်းငူလက်ျာ မဟာသလ ဗုဒ္ဓပစ္စေတ္တဲ့ မှီနေကင်းရာ ဆိပ်ညာကျွန်းကြီး၏ ဦးစွန်းသဖွယ်ဖြစ်သော မြန်မာ့တိုင်းကြီးနှင့်တကွ အတိုင်းတိုင်းအပြည်ပြည်တို့ကိုအစိုးရသော လောကမဏ်စူဋာ ဒါယကာမင်းတရားကြီးကားစကြာမင်းအား သားတော်ခပင်းဖြင့် ရန်ကင်းမမှောင့် ကြောင့်ကြကင်းမဲ့ စင်းသကဲ့သို့ တိုင်းရေးပြည်မှုကို ကြည့်ရှုဝေဖန်နိုင်သော သားလွှန်းကြင်တော်ခုနစ်ပါးမယ်တော် ခမည်းတော်တို့၏စိတ်နှလုံးကို သိမ်းကျုံးရန် လုပ်ကျွေးနိုင်စွမ်းသောသိကြား နတ်မင်းကြီး၏ သမီးတော်တို့နှင့်တူသော သမီးတော်ခုနစ်ပါးတို့နှင့်စုံလင်လျှက် သူပုံမထွက် လုယက်မတရား တိုင်းတစ်ပါးတို့မှ ဆက်သလာသောပုဏ္ဏားလည်းရှိ၏။

ထိုမင်းတရားကြီး၏ နန်းမတော်နေ ဒေဝီမဟာ၏သမီးချော ရင်နှစ်ဖြစ်သော သီရိပဝရာ တိလောကရတနာ မင်္ဂလာဒေဝီ နာမံရှိသော သမီးတော်ကားခြောက်ခြားနိုင်သော ဗေဒင်, သိမြင်ခွဲခြမ်းနိုင်သော ပရမတ္ထတရား ပိုင်းခြားနိုင်သော ဓာတ်ပစ္စည်းလည်းရှိ၏။ မရောင့်ရဲနိုင်သော ပေးကမ်းစွန့်ကြဲခြင်း လှူရှင်ပရိတ်သတ်တို့၌ ပြုအပ်သောအမှုကိုရှုတင်း၍ အစေ့အစပ်ပြုခြင်း၌ လိမ္မာသောဌာနာဌာန ကောသလ္လဉာဏ်လည်းရှိ၏။ လျင်လျားသော ပဋိဘာဏ် မြဲမြံသောသီလ လည်းရှိ၏။ ထိုသည့်သမီးတော်သည် အမရပူရမြို့တော်၏ အရှေ့မြစ်အောက် မီးတာနှစ်တန် အာရာမ်နှင့်တကွ မဟာဝိဇိတာရာမတိုက် သမိုက်ပညတ်၍ တွင်းပမကြဲ ရွှေရည်အတိ လိမ်းကျန်လျှက် အဦးပြာသာဒ်ပါ ဘုံငါးဆင့်ရှိသော မဟာအောင်မြေ ဗိမာန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည်။ အာရာမိကသံဃာတို့အားလည်း လေးပါးသောပစ္စည်းတို့ဖြင့် ရောင့်ရဲစေသည်။ ပဥ္စဘူမက စတုဘူမက တိဘူမက စုလစ်မွန်ချွန် တုရင်ကမောင်းတို့ဖြင့် တန်းဆာဆင်အပ်သော အရံရွှေကျောင်း ငွေကျောင်းတို့ကိုလည်း ဆောက်လုပ်သည်။

အတွင်းအာရာမ်၏ ဇသန်ထောင့်တွင် အဦးပြသာဒ်လေးဆောင်နှင့်တကွ မြေမှအမြင့်မြင့်သင့်သောအရာကို မျက်မြားဖန်မှန် ရွှေနီဖလံတို့ဖြင့် မွမ်းမံ

ချယ်စီလျက် နတ်ဗိသုကာ ဝိသုကံသည် ပုံစံတူ ပြုရဘနန်းမျှဖြစ်သော ကျောင်းတော်ကိုဆောက်လုပ်စေ၍ "ဥဇ္ဇ ယျ မွောဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ"မထေရ်ကို ကောဇာသက္ကရာဇ် ၁၂၁၃-ခုနှစ်၊ တန်ခူးလဆန်း ၁၀-ရက်၊ တနင်္လာနေ့ တင်လှူသည်။

ထိုမထေရ်ကား ရှေးများကာလ၌ နိသျမဲ့၍ ရခေါင်မြင့်ကြာကာလ အတီး၌ ပျက်စီးသောပါဠိအစဉ်ကို သုတ်သင်သန့်ရှင်း၍ မဟာနိဒ္ဒေသ အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ နှစ်ကျမ်း၏ မှီရာနိဿယည်းကို စီရင်သည်။

နတ်ရဲတောင်ရွာတွင် စေတီပုထိုး ကျိုးပျက်ဟောင်းနွမ်းသော ဘုရားရှင်ဆူရေ ၁၀-တို့ကိုလည်း အသစ်စဲစဲဖြစ်အောင် လုပ်ဆောင် ဖန်ဆင်း၍ ပြကတေ့ ရှိစေသည်။

၁၂၀၀-ကျော်သံဃာတော်တို့ကို ပို့ချဆုံးမ သြဝါဒပေး၍ မွေးမြူသိမ်း ပကားနိုင်သည့် သီလဝန်ဖြစ်သော သဗြဟ္မစာရီတို့သည် ခင်မွတ်လေးမြင့် ယုံမှတ်သဒ္ဓါသည်။ သူရိယာဝံသာဘိသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိမထေရ်သည်လည်း ဒီဃဒဿီသီလဝန္တ ဖြစ်၍ ဤသောသူကား ငါ့တူနောင်ခါ သာသနာကို ရိုက်ရာခံယူ၍ ဦးကိုင် လတံ့ဟု မပြတ်ဆိုစားမှတ်မူလျက် ထပ်ကြပ်ထံပါးတွင် အစားအနေ စာပေသရုပ္ဘာယ်ဆင်ခြင်နှလုံးသွင်း မနသိကာရ ခယဝယ စသည်များဖြင့် သက်တော်ဆုံးသည့်တိုင်အောင် စောင်မတော်မူသည်။

မထေရ်၏မိခင်ဖခင်တို့ကား သုံးပါးရတနာ၌ သဒ္ဓါပြဋ္ဌာန်း၍ မြဲမြံသော ပဥ္စသီလ၊ အဋ္ဌသီလရှိရကား ညဥ့်ယံမိုးသောက် စေတီမျောက်သို့ ပန်းပေါက်ပေါက်-စသည်တို့ဖြင့် ဆည်းကပ်ခြင်းရှိသည်ဖြစ်၍ နေ့စဉ်ပူဇော် ကော်ရော်ရိ ညွတ်ခြင်းငှါ သဲပုံစေတီကိုဖန်ဆင်းလျက် အမွှေးအထုံပန်းမုံဆီမီးထီးတံခွန်တို့ဖြင့် လှူဒါန်းပူဇော်သည်။ မထေရ်က ထိုသဲပုံစေတီအရာတွင် ဘိနပ်အချင်း ဆယ်တောင်ရှိသော စေတီကိုလည်း တည်ထားသည်။ မဟာလောကမာရဇိန် ဘုရားရှင်ကိုလည်း တည်ထားသည်။ ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ် ရတနာသိင်္ခ မင်းတရားကြီးသည် မင်းထီးဖြစ်လတ်သော် ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း တိမ်းယိမ်းရွေ့ဟောင်းသော ဆည်မြောင်းရေကန် အာရာမ်ခိုမှီ သရီရ

မြတ်မွန်ခေတ်ကိန်းရာ စေတီပုထိုး ကျိုးပျက်သည်များကို ပြုကတေ့ဖြစ်စေ၍ သာသနာတော် ၂၃၉၆-ခုအရှိတွင် မထေရ်၏စေတီတော်မှ ဝဲယာရှေ့နောက် အရပ်ကို ဘေးမဲ့သဒ္ဒါတော်မူသည်။

ဤသည့် လောကမဏိ စူဠာဒါယကာ နရပတိမင်းတရားကြီး ကား သားတော် သမီးတော် ဆွေတော်မျိုးတော်ပုံနှင့် ပြည့်စုံလေရကား သိကြားမင်း၏ စည်းစိမ်ကဲ့သို့ ချမ်းငြိမ်းစွာစံပယ်ရလျှက် ပျက်တတ် ဖောက်ပြန်တတ်သော သဘောတံထွာကို မလွန်နိုင်၍ စုတေခန္ဓာ ငြိမ်းရာတိုင်းပြည်ဟု ဘာဝနာအားဖြင့် ရှုကြကုန်ရာသတည်း။

အဂ္ဂီရဿမုနိန္ဒရာဇာသည် သုမေဓာစစ်ဖြစ်သောအခါ ပြဟ္မာဝန အဿမ သခ်မ်းဝယ် လျှမ်းလျှမ်းရောင်လျှပ် နတ်ဝိသုကံ စီမံရေးသားထားသော အက္ခရာ ကဲ့သို့ ကောသလ္လစိန္တာ၊ ကဝိဗန္ဓလေခကလက္ခဏာ အင်္ဂါ ၆-ပါးနှင့်ပြည့်စုံသော မင်းငါးဆက်မြောက် မဖောက်မပြန် နာနန္တရရှိသော တံဆိပ်ဝန် မင်းလှသီဟသူ ဟူသောအမတ်ကို ရှစ်ရပ်ရှိသော ကျောက်အပြင်၌ တင်ထား ထိုးမှတ်စေ သတည်း။

■

## တောင်အရပ်ဘေးမဲ့ကျောက်စာ (၇)

**ဒီဃာယုကော ဘဝိတွာဝ၊ သံဃရာဇာ ယတိန္ဒကော။**
**သောဓေတွာ သာသနံ သုဋ္ဌု၊ ပါကဋော ဟောတု မာယထာ။**

ယတိန္ဒကော၊ ရဟန်းများတို့၏ အရှင်တမူလည်းဖြစ်ထသော။ သံဃ ရာဇာ၊ စိုးပိုင်သာသနာ မဟာသင်္ဃရာဇာသည်။ ဒီဃာယုကော၊ အသက်ရာ ကျော်တည်တော်မူသည်။ ဘဝိတွာဝ၊ ဖြစ်တော်မူ၍သာလျှင်။ သာသနံ၊ ဘုရားရှင် သာသနာတော်ကို။ သောဓေတွာ၊ သုတ်သင်တော်မူ၍။ ဝါ၊ သုတ်သင်တော် မူသောကြောင့်။ ဓမ္မော၊ ဘုရားရှင်သာသနာ ဩဝါဒတရားသည်။ သုဋ္ဌု၊ ကောင်း စွာ။ မာယထာ၊ အဇ္ဈောကာသ ကောင်းကင်ဝ၌လ၏တရသည်။ ပါကဋော၊ ထင် ရှားသည်။ ဟောတု၊ ဖြစ်စေသော်။

သေဋ္ဌဇေဋ္ဌ ဗုဒ္ဓဆူဆူ အောင်သူတကာတို့ထက်ထူးတဲ့ အောင်ပွဲစံနေ အောင်သေသောက်ရာ အပရာဇိတ ဌာနပလ္လင် နှင်းပန်းမြန်မာပြည် တောင်ကုန်းဘောင်သေဋ္ဌနင်း မင်းတရားကြီးမဆွ ဖခမည်းတော် ကိုယ်တော်ဆက်ခံရန် ကောင်းခပင်းကို ကျင်းကျင်းဆွတ်ချွေရာ ရတနာသိင်္ခပြည်ကြီးရှင်မင်း တရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် ခမည်းတော် လောကမဏိစူဠာ ဒါယကာမင်းတရားကြီး၏ အရိုက်အရာကို ခံစံတော်မူသတည်း။

မင်းတရားကြီးကား သက်တော်ရှစ်နှစ် ဆယ်နှစ်ရွယ်ကပင် သုံးအပ်သော ဥပုသ်သီတင်းပေးကမ်းစွန့်ကြဲခြင်း၌ လိုလားတော်မူ၏ တစ်ဆယ်လေးနှစ်အရွယ်တော်ကပင် ခမည်းတော်ထံပန်ထွားခွင့် ယူလျှက် ဥ ယျဓမ္မာလင်္ကာရမထေရ်တို့ ကိုးကွယ်လတ်၍ ဤမထေရ် မြတ်ကား သုံးပါးသာသနာ၌ လွန်မင်းစွာ အပတ်တကုပ် အားထုတ်ကြိုးပမ်းသော ရဟန်းကောင်းအစစ် သာသနသောဓနက ဖြစ်လတ့်ဟူ၍ ပြောစမှတ်မူ၏။

ကလျာဏမိတ္တသူတော်ကောင်းတို့နှင့် ပေါင်းဖော်နှီးရင်း မှီတင်းစော ကြော၍ ပြောဟောသောစကားကို အမြိုက်သုဒ္ဓါဘုတ်ကဲ့သို့ တရား၏အရသာကို ခံယူလျှက် ခယဝယသင်္ခါရအဖြစ်သနစ်သာ ဘာဝနာဖြင့် အသင့်နှလုံးသွင်းလေ့ ရှိ၏။

နိုင်ငံအတွင်း သီတင်းသုံးနေသော အရညဝါသီပုဂ္ဂိုလ်တို့အားလည်း ပိုင်းခြားသတ်မှတ်၍ ရှစ်ရပ်ဒိသာ ကုတ်လုပ်လေးတာငါးရာတွင်း ခပင်းသားငှက်တို့အား ဘေးမဲ့နှင်သဒ္ဒါတော်မူ၏။ မင်းတရားကြီးက ယုဝရာဇာမဟာ ဥပရာဇ် အဖြစ်ကပင် ဘုရားရှင်သာသနာသည် ရောင်ဝါမထိန် တိမ်မြုမှီးခိုးတို့ဖြင့် ညှိုးနွမ်းသော လနေဗိမာန်ကဲသို့ ဖောက်ပြန်ချွတ်ယွင်းသည်ကို သိမြင်လေရကား ရွှေနှလုံးတော် မသက်မသက်ရှိ၍ ပြည်ကြီးသေဋ္ဌနင်း မင်းမီးဖြစ်လသော် ခမည်းတော် မင်းတရားကြီး၏ဆရာ သယ်ရာဇာသည် ခုနှစ်နှစ်တိုင်တိုင် ဦးကိုင်ပြု၍ သာသနာကိုထိမ်းသိမ်းသည်။ ထိုမထေရ်၏လက်ထက် သာသနာသည် မွန်းတည့် နေကဲ့သို့ ထွန်းပလေရကား သီဟိုဠ်ကျွန်းမှ ရဟန်းအရှင်တိဿနှင့် ပဏ္ဍာသမဏ ရဟန်းတစ်ပါး၊ သာမဏေတစ်ပါး သီတင်းသည်တစ်ယောက် သူငယ်

တစ်ယောက်တို့ရောက်လာ၍ သိက္ခာသစ်ထပ်ယူသည်၊ ပါဠိအဋ္ဌကထာ သင်သည်။ သျှာမ,မည်သော ယိုးဒယားပြည်မှလည်း အရှင်ကေသွန်မထေရ်နှင့် ရဟန်းသုံးပါး သိက္ခာထပ်ယူ၍ ပရိယတ်နည်း ပဋိပတ်နည်းကို ခံယူလာသည်။ ထိုသယ်ရာဇာမဟာထေရ်သည် ကာယဝိဝေကစိတ္တဝိဝေကကိုမရ ပရိသသမ္မာခဖြင့် ငြိးငွေ့လေရကား သူတပါးကိုလွဲအပ်၍ ချမ်းမြေ့စွာ ရဟန်းချမ်းသာကို ခံစံသော ဥ ယျာဓမ္မာဘိဝံသသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိမထေရ်ကို ကောဇာသက္ကရာဇ် ၁၂၁၅-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့၊ ရတနာသိင်္ဃချေက်သို ဘုရားရှင်ရှေ့ သဘင်စုံကျင်းပလျှက် သာသနာတော်ကိုအပ်၍ ဘုရားအဆုံးအမကို ချီးမြှောက်တော်မူသည်။

ဆွေတော်မျိုးတော်ကြီးတို့ကိုလည်း မညိုးမနွမ်းစေရ အထိုက်အလိုက် သိမ်းပိုက် ချီးမြှင့်တော်မူသည်။

"သီရိပဝရ တိလောရတနာ မင်္ဂလာဒေဝီ" ဘွဲ့နာမံရှိသော နှမတော်ကို နန်းဘုံမြင့်၌ ရိပ်ဖြူပွင့်လန်၍ အသင့်လေးမြင့်စွာ ထားတော်မူသည်။ ညီတော်ကိုလည်း ယုဝရာဇာမဟာဥပရာဇ်၏အဖြစ်၌ နှင်းအပ်ထားတော်မူသည်။ မထေရ်ကို ရတနာသိယ်ချေမြို့တော် တောင်ပုဗ္ဗဝိဟာရ မစိုးရိမ်မည်သောတိုက်အတွင်း ကျောင်းတော်ဆောက်လုပ်၍ တင်လှူသည်။

မထေရ်သည် မစိုးရိမ်တိုက်အတွင်း သာသနမဋ္ဌူမည်သောသိမ်ကို သမုတ်သည်။ သာသနပစ္စတ္ထိက ခိုးသူတို့သည် ဖျိုဖျက်သဖြင့် ဓာတ်တော်မွေးရုပ်ရှင်ကိုယူငင်၍ စနောင်စနင်းရှိသော စေတီပုထိုးတို့ကိုလည်း အသစ်စဲစဲ ပြုပြင်ဖန်ဆင်းသည်။ ထိုမထေရ်သည် တည်ထားအပ်သော စေတီတော်ကြီးမှ တကောသကျော်အတွင်း သားခပင်းကို မညှင်းဆဲစေရ ဇီဝိတဒါနကို ၁၂၁၄-ခုနှစ်၊ ရတနာသိင် မင်းခေါင်မင်းဖျား မင်းတရားကြီးသည် သဗ္ဗညုတဥာဏ်ကို ပန်ဆင်ပန္နက်၍ အဆက်ဆက်သော ဘဝတို့၌ ဘေးဘယာမဲ့လျှက် မချိသော အကျိုးကိုခံစံခြင်းငှာ သဒ္ဒါတော်မူသည်။ တသြော်လဲလဲကျ လှဲ့တုံ့ခေါက် ခတောက်ပတ်ပတ် သွားလာသော သံသရာဝဋ်မှ လွတ်ကင်းရာ မဟာအသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို ရည်သန်တော်မူသည်။

## အရှေ့တောင်အရပ် ဘေးမဲ့ကျောက်စာ (၈)

ပဒုံမြို့ အထက်တိုက် မောင်းထောင်ရွာ အနောက်ပုဗ္ဗကို တောင်ညီနောင်၏ အနောက်အဘို့တွင် မဟာလောကမာရဇိန်ဘုရားရှင်၏ ထက်ဝန်းကျင် ရှစ်မျက်နှာကျောက်စာတိုင်ကို မတ္တရာတောရ ရှင်သုဇာတ မတ္တရာ ဒကာတစ်စုတို့က ဆရာတော်ဘုရားကြီး အာသာရှိသည်ကိုသိ၍ ရတနာသိခ်ီမြို့ မစိုးရိမ်တိုက်အရှေ့ ရှစ်ရပ်ကျောက် ဖျာကျောက်စာတိုင်တို့ကို ပို့ဆောင်ကပ်လှူသည်။ သက္ကရာဇ် ၁၂၁၅-ခု၊ ပဉ္စမဝါဆိုလပြည့်ကျော် ၁၀-ရက်နေ့ စာပွဲသဘင်ကို သိမ်းပြီးလျှင် ဝါဆိုလပြည့်ကျော် ၁၁-ရက်၊ ၁၂-ရက်၊ ထိုနှစ်ရက်အတွင်းတွင် ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဂါထာစကားဖြင့် ကျောက်စာတို့ကို နှစ်ရက်ခြင်းပြီးပြေအောင် ဖွဲ့စီရေးသား စီရင်တော်မူသည်။ တံဆိပ်ဝန်မင်းလှသီဟသူကမှင် အက္ခရာကို ရေးတင်ရသည်၊ ရွှေတိုက်ဝန်က ကျောက်ဆစ်သမားတို့နှင့် ထုလုပ်ရေးသားရသည်။ အလုံးစုံပြီးပြေလျှင် ရွှေလွှတ်တော်က စေတီတော်ကြီးအရှေ့ နှင်ပို့ဆောင်ရသည်။

## ဒုတိယအကြိမ် သာသနာပိုင်ဖြစ်ခြင်း

သက္ကရာဇ် ၁၂၁၄-ခုနှစ်၊ ပြာသိုလဆန်း ၈-ရက်နေ့ညတွင် ညီတော် အိမ်ရှေ့မင်းအစရှိကုန်သော စစ်သည်တော်တို့နှင့်တကွ မင်းတုန်းမင်းသည် အမရပူရမြို့ မင်္ဂလာအိမ်တော်မှ အရှေ့မျက်နှာ လေးကျွန်းတံခါးက မတ္တရာမြို့ ၎င်းမှ ရွှေဘိုမြို့သို့ စစ်ဆင်ရန် ထွက်ခဲ့ကြပြီးလျှင် တိုက်ကြရာ တစ်နေ့တွင် အမရပူရမြို့တော်ကိုပါ အောင်မြင်၍ မင်းတုန်းမင်းက အရေးသာလေသည်။

မင်းတုန်းမင်းသည် တပေါင်းလဆန်း ၁၁- ရက်၊ ကြာသပတေးနေ့ နံနက်အချိန်တွင် ရွှေထီးရွှေနန်း ရွှေကြေနန်းကို သိမ်းပိုက် စံမြန်းတော်မူ၍ ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ထိုအခါ "သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ" ဘွဲ့ခံ သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးတို့၏သမီးတော် စကြာဒေဝီသည် မင်းတုန်းမင်းတရား၏ မိဖုရားခေါင်ကြီး ဖြစ်လာလေသည်။

သက္ကရာဇ် ၁၂၁၅-ခုနှစ်၊ တစ်နေ့သော် မင်းတရားကြီးသည် "ဘယ်ဆရာတော်ကို သာသနာပိုင် တင်မြှောက်ရပါမလဲ"ဟု စဉ်းစား ယင်းညည်းငြူရာ မိဖုရားခေါင်ကြီးက "ဘယ်သူတင်နေရမလဲ ခမည်းတော်လက်ထက်တော်က သာသနာပိုင် တင်မြှောက်ခဲ့တဲ့ ဦးပဍ္ဍင်းကြီး ရှိသေးသားပဲ၊ ဦးပဍ္ဍင်းကြီးကို တင်လိုက်ရုံပေါ့" လို့ သံတော်ဦး တင်ခဲ့လေသည်။

ယင်းသို့မိဖုရားခေါင်ကြီး သံတော်ဦးတင်သည့်အတိုင်း ဒုတိယမောင်းထောင် ဆရာတော်ကြီးကို သက္ကရာဇ် ၁၂၁၅-ခုနှစ်၊ ကဆုန်လဆန်း ၁၄- ရက်နေ့၊ ရတနာသိခ်ရွှေမြို့တော်ကြီး၏ ပိဋကတ်တိုက် သုဓမ္မာစရပ်တော်တွင် သာသနာပိုင် ခန့်အပ်ကြောင်းကို မင်းညီမင်းသား ပရိတ်သတ်ဗိုလ်ပုံအလယ်၌ နာခံတော်ပြော့ကြီးမှူး မင်းလှမင်းကျော်က အမိန့်ပြန်ရလေသည်။

ဘုရင်မင်းမြတ်၏ "ဥဇု ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော သာသနာပိုင် တံဆိပ်တော်ကိုလည်း ဆပ်ကပ်ခြင်း ခံရလေသည်။

မင်းတုန်းမင်းကြီး၏ သာသနာပိုင် ခန့်အပ်အမိန့်တော်ကို ဤ၌ ဖော်ပြအပ်ပါသည်။

## သာသနာပိုင်ခန့် အမိန့်တော်

### နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများအရှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။

"ဥဇု ယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသည်၊ ပိဋကတ်သုံးပုံကို ချောက်ချားစေလျှက် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတည်းဟူသော သာသနာတော်ကို အစီးအပွားများကြောင်းကို စွမ်းဆောင်တော်မူနိုင်သည့် အကျင့်အာစာရ သီလဝိသုဒ္ဓိ ဝိသေသဂုဏ်အထူးနှင့် ပြည့်စုံတော်မူ၍ အမရပူရ ဒုတိယမြို့တည်နန်းတည်ဖြစ်တော်မူသော ခမည်းတော်မင်းတရားကြီး ရွှေလက်ထက်တော်

သာသနာပြု အပ်တော်မူသော "သူရိယာဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ သဲအင်းဆရာတော်ကြီး နည်းနာနယဥပဒေကိုခံရသော ဆရာတော်ဖြစ်၍ သာသနာပြု သဲအင်းဆရာတော်ဘုရားကြီး အာယုက္ခယချုပ်တော်မူသည့်နောက် သာသနာတော်ရေး သာသနာတော်မှု ဆုံးဖြတ်စီရင်မှုများကို ဓမ္မကံကြောင်း အလျောက် ဆုံးဖြတ်စီရင်စေမည့် သာသနာပြုအပ်တော်မူသည့်နောက် သက်တော်ကြီးဝါတော်ကြီး ပုဂ္ဂိုလ်သူမြတ်ဖြစ်တော်မူသည်။

ရွှေလွှတ်တော်၌လည်း "ဥေယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဆရာတော်ကြီးကို သာသနာပြုအပ်တော်မူသည်။ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် သံဃာတော်တို့တွင် သာသနာရေး သာသနာမှုနှင့် စပ်သည်များကို ဓမ္မကံကြောင်းအလျောက် ဆုံးဖြတ်စီရင်ရန်ရှိလျှင် သာသနာပြု ဆရာတော်ဘုရားကြီးက ဆုံးဖြတ်စီရင်စေ၊ ဤကား မင်းတုန်းမင်းတရားကြီး၏ ဒုတိယမောင်းထောင်ဆရာတော် အရှင်ဥေယျဓမ္မာဘိဝံသအား သာသနာပိုင် ခန့်အပ်သော အမိန့်စာဖြစ်ပေသည်။

ရတနာ ပုဥ္ဇမာပဿ၊ လေတံစူဠ ကာတုနော။
ဥေယျဓမ္မောတိလဒ္ဓကော၊ ဒုတိယံ သံဃရာဇကော[၁]။

ဆရာတော်သက်တော် ၅၄- နှစ်ပြည့်ခါနီးတွင် ဒုတိယအကြိမ် သာသနာပိုင် ဖြစ်တော်မူသည်။ ဖွားတော်မူစဉ် သားဖွားရာခါနီး၌ မိုးကြီး ၂- ပွင့်ပေါက်ခြင်းဟူသော အတိတ်နိမိတ်ကြောင့် သာယာဝတီမင်း တရားလက်ထက် သက်တော် ၄၁-နှစ်တွင် ပဌမအကြိမ် သာသနာပိုင်ဖြစ်ခဲ့ပြီး၊ ယခုတဖန် သက်တော် ၅၄-နှစ်ရှိရာ မင်းတုန်းမင်းတရားလက်ထက်တွင် ဒုတိယအကြိမ် သာသနာပိုင်ဖြစ်မည့်နိမိတ်ဟု ဆိုကြလေသည်။

ဇာတက္ခဏေ ဟိ ထေရဿ၊ ဒွေဆတ္တာနိ အဇာယိသုံ။
ဘာဝါယ သံဃရာဇဿ၊ တေ ရှုစီရ နိမိတ္တံ။

---

၁။ တောင်ခွင်သာသနာပိုင် ဆရာတော်၏ ဂုဠတ္ထဝိနိစ္ဆယနိဂုံး။

## မဟာဝိသုကာရာမတိုက် မဟာအတုလဘုံစံ ဇေတဝန်ကျောင်းတော်ကို အလှူခံခြင်း

မင်းတုန်းမင်းတရားကြီးသည် ဖူးမြော်ဆည်းကပ် ဆွေးနွေးတိုင်ပင်ရန် အဆင်ပြေဆုံးဖြစ်စေရန် နန်းတော်မြို့ဦး၌ လွန်စွာကျယ်ဝန်းသော မြေကွက်လပ်ကြီး၌ ၁၂၁၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅-ရက်၊ ကြာသပတေးနေ့ တစ်ချက်တီးကျော် နာရီပြည့်အချိန်တွင် စတင်ပန္နက်ချ၍ တည်ဆောက်စေတော်မူခဲ့လေသည်။

အရံကျောင်းပေါင်း ၂၀-ဖြင့် တန်းဆာဆင်ကာ အလယ်မှ မဟာအတုလဘုံစံဇေတဝန်ကျောင်းတော်ကို တည်ဆောက်စေတော်မူပြီး ကျောင်းပူဇော်ပွဲသဘင် အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာကျင်းပ၍ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသအား တင်လှူကိုးကွယ်ခဲ့လေသည်။

## အဓိဋ္ဌာန်ပြုတော်မူခြင်း

သာသနာပိုင်ဆရာတော်ဘုရားကြီးသည်-

မဟာဝိသုတာရာမတိုက်တော်ကို အလှူခံပြီး၊ မဟာအတုလဘုံစံ ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် သက္ကရာဇ် ၁၂၂၀-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄-ရက်၊ ၅-ရက်နေ့ ၃-ချက်တီးကျော် ၂- မောင်းခန့်အချိန်တွင် တောရဆရာတော်၊ မိုးထိဆရာတော်၊ မတ္တရာဆရာတော်၊ ပခန်းဆရာတော်၊ စလင်းဆရာတော်၊ ငစဉ့်ကူဆရာတော်၊ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ၊ တလုပ်မြို့ဆရာတော် "အဂ္ဂမဟာလင်္ကာရကဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရတို့နှင့် တိုက်တော် သံဃာတော် ၄၅-ပါးတို့၏ မျက်မှောက်၌ မြတ်စွာဘုရားရှေ့တော်၌ အဓိဋ္ဌာန်ပြုတော်မူသည်။

သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်၏ အဓိဋ္ဌာန်စာတမ်းကိုလည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## သာသနာပိုင်ဆရာတော်ဘုရား၏ အဓိဋ္ဌာန်တော်

အရဟံအစ ဘဂဝါအဆုံးရှိသော ၉-ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား--။ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရတည်းဟူသော ရောင်ခြည်တော် ၆- ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော် ၆-ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ လူ,နတ်,နဂါး, သိကြား, ပြဟ္မာ, အသူရာ, စသော အမင်းမင်း အနတ်နတ် အမြတ် မြတ်သောသူတို့၏ သက်န်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတည်းဟူသော ပစ္စည်း ၄-ပါးကို တရားသဖြင့် ခံယူတော်မူသော မြတ်စွာဘုရား။ လောကသုံးပါး၌ ကိုယ်တော်မှတပါး သတ္တဝါတို့ ကိုးကွယ်ရာ ပုန်းအောင်းရာမရှိ၊ ကိုယ်တော်သာလျှင် သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ ပုန်းအောင်းရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

ကိုယ်တော်မှတစ်ပါး လောက ၃-ပါး၌ သတ္တဝါတို့၏ဆင်းရဲကို ပယ်ဖျောက်တတ်သောသူမရှိ၊ ကိုယ်တော်သာလျှင် ပယ်ဖျောက်တတ်သော မြတ်စွာဘုရား။

အဓိဋ္ဌာန်ပါရမီဖြင့် မှတ်အပ်သော ဆယ်ပါးသောပါရမီတို့ကို ဖြည့်တော်မူ၍ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူသော မြတ်စွာဘုရား။

ဘုရားတပည့်တော်ဥ ယျ ဟုတ်မှန်ရာကို ဆိုပါမည်ဘုရား တပည့်တော်၌ အန္တိမဝတ္ထု မေထုနသံဝါသ မရှိပါ၊ မဟုတ်မမှန်သည်ကို ဆိုချေသော် တရားတော်လာရှိသည့်အတိုင်း ရွှေဉာဏ်တော် သိပါစေသော် (စကားဖြင့် မြတ်စွာဘုရားဂုဏ်ကိုချီးဝှဲ၍ ထောပနာပြုတော်မူသည်။)

သာသနာပိုင်ပြု၍ အမှုကိုစီရင်သမျှကာလပတ်လုံး အမှုသည် တို့ကို မျက်နှာကြီးငယ် ရွယ်ထောက် မြှော်တင်၍လည်ကောင်း၊ တံစိုးပဏ္ဏာကို မြှောက်ထောက်ထား၍လည်ကောင်း။ အဓိကရုဏ်းကို မဆုံးဖြတ်ပါ။ ဘုရားသခင်၏ ဒေသနာအလိုတော်၊ လောကီကျမ်းများအလိုတော်ကို ထောက်ထား

နိုင်းညှိ၍ ဉာဏ်သက်သည့်အတိုင်း အဂတိသို့မလိုက်မူ၍ အဓိကရုဏ်းကို ဆုံးဖြတ်ပါမည်။

အမှုသည်တို့၏လက်ဆောင်ကိုသိလျှက် မခံယူပါ၊ အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို လည်းသိလျှက် အလုပ်အကျွေးမခံပါ၊ အလဇ္ဇီ၏ပစ္စည်းဟုသိလျှက် မသုံးဆောင် ပါ။ အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသိလျှက် မချီးမြှောက်ပါ။ ဂိလာနပုဂ္ဂိုလ်တို့ကို အသီးအခြား ခွင့်ပြုတော်မူသောအရာကိုလည်း ဂိလာနာလယကျွန်နာယောင်ပြု၍ နင်းနယ် လွန်ကျူးခြင်းကို မပြုပါ။ သိက္ခာပုဒ်တော် ဘုရားသခင် အလိုတော်နှင့်အညီ အဖြောင့်အမှန် ပြောလိုလျှင် လူရှင်အကြီးအငယ်မရွေး နာယူပါမည်။

ဉာတိပဝါရိတမှတစ်ပါး အခြားသော ဒါယကာယောကျ်ား၊ ဒါယိကာ မိန်းမတို့ကို ပစ္စည်း ၄-ပါးနှင့်စပ်၍ ပရိကထာဩဘာနိမိတ် ပညတ်ကိုလည်း ကာယဒွါရ ဝစီဒွါရဖြင့် မပြုမကျင့်ပါ။ သတိလွတ်၍ ပြုမိသော ပစ္စည်းကိုလည်း အသက်ထက်ဆုံး သိလျှက် မသုံးဆောင်ပါ။

ဉာတိပဝါရိတဖြစ်သော်လည်း သဒ္ဓါတရား၏ နည်းသည်၊ များသည်၊ ပစ္စည်း၏နည်းသည်၊ များသည်ကို ထောက်ထားနိုင်းရှည်၍ ပဋိဂ္ဂဟမတ္တညုဖြင့် ခံယူပါမည်။ ကျောင်းပစ္စည်းမှာလည်း တစ်ပါးသောပုဂ္ဂိုလ်ကို ရည်မှတ် ဆောက် လုပ်၍ ဆောက်လုပ်သည့်ကျောင်းကို ရည်မှတ်ထးသော ယင်းပုဂ္ဂိုလ် သေသော် လည်းကောင်း၊ အရပ်တစ်ပါးသို့ သွားသော်လည်းကောင်း၊ လူထွက်သော် လည်း ကောင်း။ ဒါယကာတို့က လှူသော်လည်းကောင်း ထိုကျောင်းကို အသက် ထက်ဆုံး မခံယူ မသုံးဆောင်ပါ။

**အာရာဓေမိ သကံစိတ္တံ ၊ ဝိဝဇ္ဇေမိ အနေသနံ။**

**နာဟံ ဗုဒ္ဓပဋိကုဋ္ဌံ ၊ ကာဟာမိ စ အနေသနံ[၁] ။**

သကံစိတ္တံ၊ မိမိစိတ်ကို။ အဟံ၊ ငါသည်။ အာရာဓေမိ၊ ဤယနေ့ မှစ၍ ဘုရားအလိုသို့ လိုက်နာစေအံ့။ အဟံ၊ ငါသည်။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ မြတ်စွာဘုရား

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၄၀။

စက်ဆုပ်တော်မူအပ်သော။ အနေသနံ၊ မအပ်သော ရှာမှီး၍ရသောပစ္စည်းကို။ ဝိဝဇ္ဇေမိ၊ ရှောင်ကြဉ်အံ့။ အဟံ၊ ငါသည်။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ မြတ်စွာဘုရားသည် စက်ဆုပ်တော်မူအပ်သော။ အနေသနံ၊ မအပ်သော ရှာမှီးခြင်းကို။ န စ ကာဟာမိ၊ ပြုသည်လည်း မပြုအံ့။

**နာဟံ ကောပေမိ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။**

**အာရာဓေမိ သကံစိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ[၁] ။**

အဟံ၊ ငါသည်။ ဇီဝိတံ၊ အသက်ကို။ စဇမာနောပိ၊ စွန့်ခြင်းကိုသော်လည်း။ အာဇီဝံ၊ တဏှာ၏အစွမ်းအားဖြင့် ပစ္စည်း ၄-ပါးကို ရှာမှီးခြင်းမှ ကြဉ်ခြင်းဟုဆိုအပ်သော အာဇီဝပါရိသုဒ္ဓိကို။ န ကောပေမိ၊ မဖျက်အံ့။ သကံစိတ္တံ၊ မိမိစိတ်ကို။ အာရာဓေမိ၊ အလိုနည်းသည်၏အဖြစ် ရောင့်ရဲလွယ်သည်၏အဖြစ်ဖြင့် ကြည်လင်စေအံ့။ အနေသနံ၊ ဆေးကုခြင်း တမန်သည်တို့၏အမှုကိုပြုခြင်း အစရှိသည်တို့၏အစွမ်းအားဖြင့် မရှာမှီးအပ်သည်နှင့် စပ်ယှဉ်သော ရှာမှီခြင်းကို။ ဝိဝဇ္ဇေမိ၊ ဝေးစွာရှောင်ကြည်အံ့။

လောကသုံးပါး၌ အတုမရှိသော မဟာကရုဏာဉာဏ်၊ သဗ္ဗညုတဉာဏ်ရှိတော်မူသော မြတ်စွာဘုရား ---။ အကျွန်ုပ်သည် ခမ္ဘိယလဒ္ဓကပ္ပိယဟု အမှတ်ကေန်လျှောက်ဝံ့သော ပစ္စည်းအရပ်ရပ်တို့ကို သာချန်၍ ကြွင်းသော ကုက္ကုစ္စသံသယမကင်းသော ပစ္စည်းရပ်တို့ကို အကုန်အစင် အထင်အရှား နိရာပေက္ခနိရာလယ စတ္တဝန္တ ငဲ့ကွက်ခြင်းမရှိ လွတ်လွတ်စွန့်ပစ်ပါပြီ။ သူတစ်ပါးတို့လက်၌အပ်နှံထားသော အကပ္ပိယပစ္စည်းပရိက္ခရာ မြှုပ်နှံသိုဝှက်ထားသော အကပ္ပိယပစ္စည်း ပရိက္ခရာမရှိပါ။ နောင်အခါလည်း မြတ်စွာဘုရား စက်ဆုပ်ရွံရှာတော်မူအပ်သော ကုလဒူသနအမှု အနေသနအမှု ရွှေငွေပြုလုပ်ခြင်း အင်္ဂရတ်အမှုအကြောင်းမဲ့ နေ့လွဲကွမ်းစား ဆေးဝါးဆေးသောက်မှု ခွင့်ပြုတော် မမူအပ်သော အကြောင်းမဲ့ ထီးဆောင်းခြင်း ရွာတွင်း၌ ဘိနပ်စီးခြင်းအစရှိကုန်သော အမှုတို့ကို ဝီတိက္ကမစေတနာဖြင့် မလွန်ကျူးပါအံ့။ သတိမရ၍လည်းကောင်း။ သိက္ခာပုဒ်ကို

---

[၁]။ အပဒါနပါဠိ၊ ပဌမ၊ ၇၄။

မသိ၍လည်းကောင်း။ ပြုကျင့်မိသော်လည်း သတိရလျှင်ရခြင်း ဆောလျှင်စွာ ကုသပါအံ့၊ ကိုယ်တော် မြတ်၏ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သိပါစေသတည်း။ (ဤစကား ၂-ရပ်ဖြင့် အဓိဋ္ဌာန်သည်။)။

ဤသို့ အဓိဋ္ဌာန်ပါရမီတို့ကို ဖြည့်ကျင့်ရသော ကုသိုလ်အဖို့တို့ကို မိကောင်း၊ ဖကောင်း၊ ဆရာကောင်း၊ သမားကောင်း၊ သာသနာ့ဒါယကာ မဟာ ဓမ္မရာဇာတရားမင်းမြတ်၊ ဆွေကောင်း၊ မျိုးကောင်း၊ သာသနာတော်စောင့်နတ်၊ လောကပါလနတ်၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့မှစ၍ ၃၁-ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အားလည်း အမျှပေးဝေ၏။ အမျှယူကြကုန်။ ယမမင်းအားလည်း အမျှပေးဝေ၏။ ကျောင်းစောင့်နတ်၊ အာရာမ်စောင့် နတ်တို့အားလည်း အမျှပေးဝေ၏။ ကျောင်းစောင့်နတ်၊ အာရာမ်စောင့်နတ်တို့ကို မအပ်မလျော်သောပစ္စည်းတို့ကို အာရာမ်တွင်းသို့မရောက်အောင် အာရာမ်တွင်း သို့ ရောက်သော်လည်း မဆုံးမိအောင် စောင့်မ ကြည့်ရှုကြလေကုန်[၁]။

## သာသနာပိုင်ဆရာတော်၏ လုပ်ငန်းများ

ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာဘိဝံသ သည် သာသနာပိုင် ၂- ကြိမ်မြောက် ဖြစ်တော်မူသည်နှင့်အမျှ အလုပ်ကိစ္စတို့ သည်လည်း လွန်စွာများပြားလှကုန်၏။

၎င်းတို့ကား- ရဟန်းအချင်းချင်းဖြစ်ပွားသည့် ဝိဝါဒကွဲပြားမှုများ။ ရှင်သာ မဏေနှင့် ရဟန်းဖြစ်ပွားသည့် ဝိဝါဒကွဲပြားမှုများ၊ လူနှင့်ရဟန်း ဖြစ်ပွား သည့် ဝိဝါဒကွဲပြားမှုများ၊ ပဌမပါရာဇိက၊ ဒုတိယပါရာဇိကအစရှိသော အာပတ္တာဓိက ရုဏ်းမှုများ ဆုံးဖြတ်မှုများ စသည်နှင့်[၂] သာသနာတော်ဖက်ဆိုင်ရာ အနယ်နယ် အစိုစို့ အမြို့မြို့အရွာရွာတို့၌ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ခန့်မှုစသည်

---

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင် ၁၇၄-၆။ ကြည့်။

၂။ ဝိဝါဒဝိနိစ္ဆယကျမ်းနှင့် မောင်းထောင်အရှင်ပညာသာမိ၏ ဝိဝိဓဝိနိစ္ဆယ ကျမ်းတို့ကြည့်။

တို့ဖြစ်ကုန်၏။ သာသနာပိုင်ဆရာတော်ဘုရားကြီး ထုတ်ပြန်တော် မူခဲ့သော အမိန့်တော် တချို့ကိုလည်း သုတေသီတို့အတွက် ဤ၌ဖော်ပြအပ်ပါသည်။

## လဇ္ဇီကိုမြှောက် အလဇ္ဇီကိုချောက် အမိန့်တော်

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီး ဆရာ တော် အမိန့်ရှိသည် ---။

ခမည်းတော်ဘုရား ရွှေလက်ထက်တော်ကပင် နိုင်ငံတော်အတွင်း အရပ် ရပ်မြို့ကျေးရွာများမှာ သာသနာတော်အစည်အပင် အပွင့်အလင်းဖြစ်အောင် ပြုစိမ့်မည်။ သံဃာတော်အတွင်းပေါ် ရှိသည့် အဓိကရုဏ်းကို ပြေငြိမ်းအောင် ဆုံးဖြတ် စီရင်မည့် ကိုယ်ကွဲနားမျက်စိပြုရာ ဌာနန္တရအသီးသီး အပ်ထားသည့် ပုဂ္ဂိုလ်တို့သည် သာသနာတော်ကို စည်ပင်ပွင့်လင်းအောင် ပြုနိုင်ကြသည်လည်း မဟုတ်၊ ပေါ် ရှိသည့် အဓိကရုဏ်းကို ပြေငြိမ်းအောင် ဆုံးဖြတ်နိုင်ကြသည်လည်း မဟုတ်။

အပေါင်းသံဃာကို လောကာမိသဖြင့်သာ ငြိငြင်ပင်ပန်းစေသည့် ဂိုဏ်း အုပ်၊ ဂိုဏ်းချုပ်မရှိစေရနှင့် သင့်သည့်ဌာန သင့်သည့်ကာလ၊ သင့်သည့်ပုဂ္ဂိုလ် တို့ကို ထောက်ရှု၍ ထားရှိလျှင်ထားမည်။

သံဃာတော်တွင် အဓိကရုဏ်းပေါ် ရှိလျှင် မိမိတို့နှစ်ခြိုက်ရာ နှစ်ဝိနည်း ဓိုရ်၊ သုံးဝိနည်းဓိုရ်ထံ အဆုံးအဖြတ်ကိုခံစေ။ နှစ်ဝိနည်းဓိုရ်၊ သုံးဝိနည်းဓိုရ် ဆုံးဖြတ် ၍ မိမိမှာ စိတ်မချမ်းသာလျှင် ရွှေမြို့တော်မှာတက်၍ လျှောက်လာကြစေ။

သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းသည် သာသနာတော်၏ စည်ပင်ပွင့်လင်းခြင်း သာသနာတော်၏ သန့်ရှင်းစင်ကြယ်ခြင်း လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်တို့၏ စည်ပင်ပြန့်ပွားများခြင်းကို အလွန်အလိုရှိတော်မူသည်။

သူတော်ကောင်းတရားတို့ကို အားထုတ်လိုသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် တို့အား မောဃခဏဖြင့် ကာလကို မလွန်စေရ။

ဓူရ ၂-ပါးကိုသာ အားထုတ်လိုသမျှ အားထုတ်ကြစေ၊ အလဇ္ဇီတို့ ထောင်လာလျှင် လဇ္ဇီသူတော်ကောင်းတို့က အပေါင်းအစီးပြု၍ နှိမ်နှင်းရမည်၊ အလဇ္ဇီတို့က အားရှိ၍ ဖိစီးလွှမ်းမိုးလာလျှင် လဇ္ဇီသူတော်ကောင်းတို့က ရွှေမြို့တော်မှာ လျှောက်လာကြစေ။

နေပြည်တော်ရှိ တံဆိပ်တော်ရဆရာ တိုက်တာတို့မှလည်း တပည့် ပရိတ်သတ်တို့ကို ဆုံးမနိုင်သည့်သတ္တိရှိလျှက် အဆုံးအမကို မပေးပဲလျက် ပရိတ်သတ်အများကို မွေးမြူကြသည်ရှိသည်။ မိမိလည်း အဝတ်အစား အသွားအလာကိုမျှ မသိမလိမ္မာစေပဲလျှက် ပရိတ်သတ်များကို မွေးမြူကြသည်လည်း တပည့်သံဃာတို့ကို အကပ္ပိယသမာဒါန နှင့်သာအားပေး၍ မွေးမြူကြသည်လည်းရှိသည်။

နေပြည်တော်ရှိ ဆရာတော်တို့မှာ မိမိတို့ ဆုံးမနိုင်လောက်ရုံမျှသော တပည့်တို့ကို လက်ခံသိမ်းဆည်း မွေးမြူကြစေ။

ဤအမိန့်တော်ကား ၁၂၁၅-ခုနှစ်၊ ကဆုန်လဆန်း၁၄-ရက်နေ့က ထုတ်ပြန်သည့် အမိန့်တော်ဖြစ်လေသည်။

■

## သာသနာပိုင်ဆရာတော်ဘုရားကြီး၏ သီလသိက္ခာကို စောင့်ထိန်းရန်နှင့် ကုလဒူသနအမှုမပြုရန်နှင့် ရှင်ပညာဘိဝံသ ဂိုဏ်းအုပ်ခန့်အပ် အမိန့်တော်

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သာသနာ့ဒါယကာ ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီး ဆရာတော် အမိန့်တော်ရှိသည်။

သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်သည် သီရိဓမ္မာ သောကစသောသာသနာပြုမင်းတို့ကဲ့သို့ သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သဖြင့်ဖြစ်သော သဒ္ဓါစေတနာရှိတော်မူ၍ သာသနာတော်မြတ်ကို မှန်ကန်သော တရားဓမ္မကံ၌ ဆုံးဖြတ်စီရင်နိုင်မည့်အရည်အချင်း သတ္တိကိုထောက်၍ သာသနာတော်ကိုအပ်ထား ဆောင်နှင်းတော်မူသည်နှင့်အညီ သာသနာတော်

မြတ်ကို တရားဓမ္မကံနှင့်ညီအောင် စောင့်ရှောက်ရာ၌ မြတ်စွာဘုရား၏ ရွှေမျက်နှာတော်ကိုရှု၍ သတိပညာနှင့်မကင်းနိုင် ရှုဆင်ခြင်လျှက် ကျမ်းဂန်နှင့်အညီ ဆုံးဖြတ်စီရင်မည်။

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သိတင်းသုံးနေသော ရဟန်းသံဃာတော်တို့သည်လည်း မြတ်စွာဘုရား ရွှေမျက်နှာတော်ကို ရှု၍ သီလသိက္ခာကို ထိန်းသိမ်း စောင့်ရှောက်ကြရမည်။

ဘုရားရှင် စက်ဆုပ်တော်မူအပ်သော သစ်သီးပေးခြင်း, ကသယ်မှုံပေးခြင်း, မြေဖြူ-မြေနီပေးခြင်း, ဝါးပေးခြင်း, ဆေးကုခြင်း, ဗေဒင်ဟောခြင်း, ဒါယကာတို့ အစေအပါးကိုခံခြင်း, ကုလဒူသနအမှုကိုပြုခြင်း, လူတို့ကဲ့သို့ ရွှေငွေကိုခံခြင်း, ကုန်စလှယ်သွယ်ခြင်း, ကျွေးမွေးခြင်း, ရွှေငွေပြုလုပ်ခြင်း, ဆဗ္ဗဂ္ဂီတို့ကဲ့သို့ မြူးထူးကစားခြင်း, လှည်းနွား မွေးခြင်း, အကြောင်းမဲ့အခိုးသောက်ခြင်း, နေလွဲသောအခါ ကွမ်းစားခြင်း, ပွဲလမ်းသဘင်ခံခြင်း, မိမိကိုယ်ကိုနှိမ်ချ၍ ဒါယကာတို့ကို ချီးမြှောက်၍ ဟောပြောခြင်း, စာတုကမျတာအမှု, မိမိလာဘ်ဖြင့် ဒါယကာတို့ လာဘ်ကို ဖြားယောင်းခြင်း, လာဘေနလာဘဇိဂီသနအမှုအစရှိသော သာသနာ ညစ်ညူးကြောင်း ဘေးရန်ကိုကြည့်၍ ဘုရားသခင် အလိုတော်ရှိအပ်သော ကျင့်ဝတ်သိက္ခာ, ဂန္ထဓုရ, ဝိပဿနာဓုရပွားများ ကျင့်ဆောင်၍ ဂိုဏ်းအုပ်ဆရာတော်တို့မှာ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်, ခုဒ္ဒသိက္ခာ, မူလသိက္ခာ, ကြွင်းသောရဟန်းတို့မှာ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်, သာမဏေတို့မှာ လိင်, ဒဏ်, သေခိယ, ပစ္စ ဝေက္ခဏာများကို ဝါစုဂ္ဂတ လေ့လာဆောင်ရွက်ကြစေ။

ရတနာသိခ်မြို့ သံဃာများကို သတ်မှတ်၍ မစိုးရိမ်တိုက်တော် အရှင်ပညာဘိဝံသကို ပေးအပ်သည်။ ဂိုဏ်းအတွင်း ရွှေလုပ်,ငွေလုပ် ပွဲသဘင် အကြည့်အရှုရဟန်းတို့အား မအပ်သော ကယဝိက္ကယစသည့် ဘုရားစက်ဆုပ်တော်မူအပ်သော အမှုကိုပြုကျင့်သည့် ဒုဗ္ဗစရဟန်း, အာယတိသံဝရမရှိသည့် ရဟန်းများကို စီစစ်၍ ဂိုဏ်းအုပ်ဖြစ်သူ အရှင်ပညာဘိဝံသက ဂိုဏ်းအတွင်းကထုပ်[၁]။

---

၁။ ၎င်းအမိန့်ကို သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၁၆– ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉–ရက်နေ့က ထုတ်ပြန်တော်မူသည်။

## ကျွဲသေနွားသေများ မကောက်ယူရန်အမိန့်တော်

ရတနာသိင်္ခမြို့ မစိုးရိမ်တိုက်တော်နေ ရဟန်းအရှင်ပညာဘိဝံသ[၁] ကို သတ်မှတ်ပိုင်းခြား၍ ထားအပ်သည့်ဂိုဏ်းအတွင်း သီတင်းသုံးနေကြသည့် ရဟန်း သာမဏေတို့မှာ လှူသည်ဖြစ်စေ၊မလှူဘဲ ပုံသုကူ မြင်သည်ဖြစ်စေ၊ ကျွဲသေ နွားသေကို အကောက်အယူ အစားအသောက်မရှိစေနှင့် ရတနာသိင်္ခမြို့ မစိုးရိမ် တိုက်တော်နေ ဂိုဏ်းအုပ်ဖြစ်သူ ရဟန်းရှင်ပညာဘိဝံသက နိုင်နင်းအောင် ထိမ်း သိမ်း တားမြစ်စေ[၂]။

## ပရိက္ခရာအသုံးအဆောင်များကို အရောင်းအဝယ်မပြုလုပ်ရန် ထုတ်ပြန်သည့်အမိန့်တော်

ရဟန်းသံဃာတော်တို့မှာ ဥပုသ်အိမ် စေတီအိမ်ရေတွင်း ရေကန် စရပ် တန်ဆောင်း ဂူကျောင်းအလို့ငှာ ဒါယကာတို့ကလှူသည့် ပရိက္ခရာများကို ရွှေငွေနှင့် ရောင်းချဖလှယ်၍ ပြုလုပ်ကြသည့်အရာသည် ဒိဋ္ဌာနုဂတိလိုက်၍ နောက်နောက်ရဟန်းတို့ အကျင့်ချွတ်ယွင်းကြသည်။

အချို့သော ရဟန်းတို့လည်း မအပ်သဖြင့်ရှာမှီး၍ မအပ်သော ရောင်း ဝယ်ခြင်းဖြင့်ရောင်းဝယ်၍ ရွှေငွေကို ဆည်းပူးကြသည့်အရာလည်းရှိသည်။ သည်အရာသည် သာသနာတော်ညှိုးနွမ်းခြင်း၏ အကြောင်းဖြစ်သည်၊ ပစ္စည်း ပရိက္ခရာတို့ကို အရောင်းအဝယ် အလဲအလှယ်မရှိရအောင် ဆင့်ဆိုတားမြစ် တော်မူပါမည့်အကြောင်းနှင့် မင်းဧကရာဇ်က လျှောက်ထားရှိသည်။

ဆရာတော် သံဃာတော်တို့မှာ ဆရာကြီးသံဃာတို့ သေလွန်လျှင် သင်္ဂြိုဟ်ရန်၊ ပြာသာဒ်ရထားလုပ်ရန်၊ မိဖဆွေမျိုးသေလွန်လျှင် သင်္ဂြိုဟ်ရန်၊ မိဘ

---

၁။ ပုညာဘိဝံသ–မှုကွဲ။

၂။ ၎င်းအမိန့်ကို သာသနာပိုင် ဆရာတော်ဘုရားကြီး သည် ၁၂၁၆– ခုနှစ် နတ်တော်လပြည့်ကျော် ၉– ရက်နေ့တွင် ထုတ်ပြန်တော်မူသည်။

ဆွေမျိုးတို့မှာ သူတစ်ပါးကျေးမြီးတင်လျှင် တော်လျော်ရာပစ္စည်း ပရိက္ခရာတို့ကို လဲလှယ်လျှင် တရားနှင့်ညီအောင် ကပ္ပိယကာရတို့ပြုလုပ်၍ လဲလှယ်ကြစေ။

စေတီအိမ်၊ ဥပုသ်အိမ်၊ ရေတွင်း၊ ရေကန် စသည်အလို့ငှာ ပစ္စည်းပရိက္ခရာတို့ကို အရောင်းအဝယ် အလဲအလှယ် မရှိစေနှင့် ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ဖြစ်သူ ပုဂ္ဂိုလ်တို့ကလည်း လျပ်ပေါ်လော်လည်သည့်ရဟန်း၊ ဝိနည်း၌မလိမ္မာ ငယ်ရွယ်သည့် ရဟန်းတို့ကို ရွှေငွေကိုကိုင်၍ ရောင်းဝယ်သည့် အရာများကိုလည်း နိုင်နင်းအောင်ဆင့်။

ဒါယကာတို့ကလှူသည်ကို သေနာသနပရိဘောဂထိုက်လျှင် သေနာသနပရိဘောဂဖြင့် သံဃိကထိုက်လျှင် ပုဂ္ဂလိကသဒ္ဓါဒေယျဝိနိပါက ဒုပ္ပရိဘောဂ မဖြစ်အောင် ပစ္စည်းကို ရွေးချယ်စီစစ်၍ ဝိနည်းကံနှင့်အညီ သုံးဆောင်ကြစေ[၁]။

■

## ရတနာသိခ်ဂိုဏ်းသံဃာတို့ သံဃဥပုသ်ပါရိသုဒ္ဓိဥပုသ်ပြုရန် ထုတ်ပြန်သည့်အမိန့်တော်

ရတနာသိခ်ဂိုဏ်းအတွင်း သီတင်းသုံးနေကြသည့် သံဃာတော်တို့မှာ သာသနာတော် စည်ပင်ခိုင်ခန့်ကြောင်း သူတော်ကောင်းတို့ ပြန့်ပြောကြောင်း သုတ္တုဒ္ဒေသပါတိမောက်ပြ၍ ဥပုသ်ပြုကြစေ။

သံဃာပြည့်စုံသည့် ရပ်ရွာမလှမ်းမကမ်းနီးသည့် ရပ်ရွာသံဃာများမှာ ပါရိသုဒ္ဓိဥပုသ် မပြုကြစေနှင့် သံဃာမရလောက်သည့်ရပ်ရွာ၊ ဝေးလွန်းသည့် ရပ်ရွာ သံဃာတို့မှာသာ ပါရိသုဒ္ဓိဥပုသ်ပြုကြစေ။

---

၁။ ၎င်းအမိန့်ကို သာသနာပိုင် ဆရာတော် ဘုရားကြီးသည် ၁၂၁၇– ခုနှစ် ပဌမဝါဆိုလပြည့်ကျော် ၉– ရက်နေ့တွင် ထုတ်ပြန်တော်မူသည်။

သုတ္တုဒ္ဒေသဥပုသ်ကို ပြုကြသည့်သံဃာတို့မှာလည်း မထေရ်ကြီးကစ၍ သံဃာတော်တိုင်အောင် အလှည့်အလည်ပြုကြစေ[၁]။

ဤသည်တို့ကား ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်အချို့ဖြစ်သည်။ သာသနာပိုင်ဆရာတော် ဘုရားကြီး၏ လုပ်ငန်းစဉ်ရိပ်မိရုံ ဖော်ပြအပ်ပါသည်။

■

## သာသနာပိုင် အခမ်းအနား

သာသနာပိုင် တင်မြှောက်ခြင်းခံရသော ဆရာတော်သည် သာသနာပိုင်အရာ၌ တည်သမျှကာလပတ်လုံး မင်းခမ်းမင်းနားဖြင့် ကြွချီတော်မူလျှင် ယာဉ်စီးနင်းတော်မူရန် ယာဉ်ပြသာဒ်တော်ကို ယာဉ်တော်အမှုထမ်းတို့က လွှတ်တော်အမိန့်ဖြင့် သာသနာပိုင် ကြွချီတော်မူရာသို့ ထမ်း၍ လိုက်ပါပို့ဆောင်ကြရသည်။

သာသနာပိုင်အခမ်းအနား အဆောင်အယောင်ဖြင့် နန်းတော် သို့လည်းကောင်း၊ သုဓမ္မာတော်သို့လည်းကောင်း၊ အခြားအခမ်းအနား သို့လည်းကောင်း ကြွတော်မူလျှင် ကန်တော့ရန်အမြောက် ၉-ချက် ပစ်ဖောက်ရသည်။

အခမ်းအနားအဆောင်အယောင်များမှာ မှန်စီရွှေချသိုင်း ၂-ချက်၊ ကျိုင်း ၂-ချက်၊ ယပ်မား ၂-လက်၊ ရွှေထီး ၈-လက်၊ ထီးဖြူ ၄-လက်၊ ရှေ့မှလက်နက်ကိုင် အမှုထမ်း ၁၀၀၊ နောက်မှ လက်နက်ကိုင် အမှုထမ်း ၁၀၀-တို့ကို ဆိုင်ရာအကြီးအကဲဗိုလ်တို့က ကြပ်မတ်ပြီးလျှင် မဟာဒါန်ဝန် မဟာဒါန်စာရေး စသည်တို့ကို ခြံရံလိုက်ပါကြရသည်။ ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသသည်လည်း ဖော်ပြပါ အခမ်းအနားဖြင့် ကြွချီတော်မူရသည်။

---

၁။ ၎င်းအမိန့်ကို ၁၂၁၇- ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်နေ့တွင်ထုတ်ပြန်တော်မူသည်။ ၎င်းအမိန့်များကို မုံရွာမောင်ဝင်းမောင်က စာရေးသူထံ ပို့ပေးသဖြင့် သင့်သလိုသုတ်သင်၍ ဖေါ်ပြပါသည်။

## ပြည်ပသံဃာများနှင့်ဆက်ဆံပုံ

သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျ ဓမ္မာဘိဝံသသည် သီဟိုဠ်(သီရိလင်္ကာ)၊ ယိုးဒယား(ထိုင်း) အစရှိသော တိုင်းတစ်ပါးတို့၏ အားထားရာလည်း ဖြစ်တော်မူသည်။

သီဟိုဠ်, ယိုးဒယား စသည့်နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ ရဟန်းတော်များ မေးမြန်းအပ်သည့် ပြဿနာအရပ်ရပ်ကို ဖြေဆိုတော်မူရလေသည်။ သင့်လျော်သောအခါ၌ သန္ဒေသကထာများကို ပေးပို့ခြင်းစသည်ကိုလည်း ပြုတော်မူရလေသည်။

သာသနာသက္ကရာဇ် ၂၄၀၁-ခုနှစ် သီဟိုဠ်ကျွန်း မိရိသ်ရှာဇာတိ ဓမ္မာနန္ဒထေရ်နှင့် ဥချုဂလ်ပိဋိယ် သိရီသုမနတိဿထေရ်တို့က ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးထံ ပို့ဆက်ကပ်သည့် သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

၂၄၀၁-မေ ဗုဒ္ဓဝဿေ မိရိသ် ဓမ္မာနန္ဒ ဥချုဂလ်ပိဋိယ်သိရီ သုမနတိဿနာမာနံ ဒွိန္နံ မဟာသာမိနံ အာဏတ္တိယာ ပိယရတနတိဿတ္ထေရေန မရမ္မရဋ္ဌေ ဥေ ယျဓမ္မသံဃရာဇဿ ပေသိတာ-

(၁)။ ဇိနံ နမိတွာ ဝရဘူရိဘူရိတံ ဇိနေရိတံ ဓမ္မမဓမ္မဘေဒိနံ၊
ဇိနောဇတံ ယာတနိရင်္ဂဏံ ဂဏံ လိခီယတေ
သာသနပဏ္ဏိဒံ မယာ။

(၂)။ ဓမ္မာဝ လောကသူရိယောဒယတီ ပဗုဒ္ဓါ၊
အန္တောပရန္တမရ ပုရသရမှိ ဇာတာ။
ယေ သုဒ္ဓနန္တဝန ကေသရဘာရသာရာ၊
သဋ္ဌန္တပ္ပဝတ္တိ မခုလီဟနိသေဝိတာ စ။

(၃)။ သဒ္ဓါယ ပါလိတ သုသီလ သုဂန္ဓဝန္တာ၊
ပံကေရုဟာ ဝိယ ဝိရာဇိတဘိက္ခုသံဃာ။

ပေသေမ သာသနမိဒံ ယတနေန တေသံ၊
ထေရာ စ မဇ္ဈိမ နဝါ စ သုဏန္တု သမ္မာ။

သကလလောကာဘိဝန္ဒနီယပရာဇိတဝရဒန္တဓါတွာဒိနေက စေတီယ သမလင်္ကတနိခိလရတနာကရနိကာယသန္နိဘေ လံကာဒီပေ ပစ္ဆိမဒိသာယ သဏ္ဌိတေ ပဒီပဒူရာဘိဓါနဝိဟာရေ (ပါနဒူရေ) နေဝါ သိကာဓိဝါသိနော ဟံသာ ဝတိယာ ပရိသုဒ္ဓကလျာဏိသီမာယ ရာမည နိကာယူပသမ္ပဒံ လဒ္ဓသာ ယသ္မတော ကလျာဏတိဿတ္ထေရဝရဿ ဇေဋ္ဌန္တေဝါသိနော တေပိဋကာဂမ ဓာရိနော ဓမ္မာနန္ဒထေရဿ စ တထာ လံကာဒီပေ နေကသိရိသမုပသောဘိတ ဂါလုနဂရာသန္နေ ဝါသိနော သီဟဠနာမေန ဒေါဠုန်ဒုဝက္ကတိ ပသိဒ္ဓနာမဓေယျ ဂါမေ သုပ္ပတိဋ္ဌိတ သေလဗိမ္ဗ ဝိဟာရဝါသိနော ဟံသာဝတိယာ ပရိသုဒ္ဓ ကလျာဏိသီမာယ ရာမညနိကာယုပသမ္ပဒံ လဒ္ဓဿ ဂဏာဓိပတိနော သုသမ္မတ ဓမ္မသာရတ္ထေရပုင်္ဂဝဿ အဂ္ဂန္တေဝါသိဘူတသောဂတာဂမဓမ္မဝိနယ ကောဝိ ဒဿာယသ္မတော သိရိသုမနတိဿာဘိဓာနတ္ထေရဿ စ အာဏာံ သမ္ပဋိစ္ဆန္တေန တဿေဝန္တေဝါသိဘူတေန ယထာဝုတ္တဂါလုနဂရာသန္နေ ဒေါဠုန်ဒူဝ သေလဗိမ္ဗ ဝိဟာရဝါသိနာ ဝိနယနယနေရုတ္တိကာ ဒိကောဝိဒေန မယာ သိရီဝံသပါလပိယ ရတနတိဿတ္ထေရေန နိရုတ္တရ သမ္မာသမ္ဗောဓိဉာဏာဒ္ဓျနန္တ ဉာဏဏ္ဏဝဘူတဿ လောကေကုတ္တမ သမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော သာသနသုပ္ပတိဋ္ဌိတေ ဇမ္ဗုဒီပါ ပရန္တာမရပူရေ သံဃာဓိပတိနေဝါသိနော နာနာဝိဒေသာနုနုဂတသီလသု ဂန္ဓဂန္ဓိနော နေရုတ္တိကာဒိ ဝိနယနယေ အသံဟီရဿ တေပိဋကာဂမ ဓမ္မ ဓာရိနော အမှာကံ ပဝေဏိဘူတရာမညနိကာယံ သုပရိပါလေန္တဿ ဘဒန္တာ ယသ္မန္တော သံဃရာဇဝရထေရပုင်္ဂဝဿ ပဒပင်္ကဇာဘိဝါဒနေန တဒနုဝတ္တကာနံ ထေရာနုထေရဝရာဒီနံ စ ဇာနာပနတ္ထာယ ဣဒံ ပေသီယတေ သာဓာ ယသ္မန္တော သံဃရာဇဝရထေရပ္ပမုခါ ဓိရန္ဓရပ္ပမုခါ ပိယဉာတိသဒိသာ ဧကသာသနဝံသိကာ ဘဒ္ဒန္တာယသ္မန္တာနံ သကနာမာဒီ စေဝ ဝိဒေသပဝတ္တိံ စ ဣဒါနိ အဇာနိတတ္တာ စ အသိုံ သာသနပဏ္ဏေ ယာနိ ကာနိစိ နာမာနိ ဝိရုဒ္ဓါနိ၊ တာနိ ပန အနာဒါယေဝ ဧတေ ပဝေဏိယာဂတ နိကာယိကာနိ မာ ဂရဟိတ္ထ၊ မာ အဝမညိတ္ထ အနုကမ္ပ မုပါဒါယ ဘာဝတ္ထမေဝ ပဋိဇာနန္တု။

ဧတရဟိ ခေါ ပန နေကရဋ္ဌာဘိပူဇိတဿ နိခိလသိရီဓရ အပရန္တာမရပုရိန္ဒာဓိပတိမကုဋ္ဌမဏိ မောလိလက်တ ပရမဓမ္မိကရာဇာ ဓိရညော ဝိဇိတေ တေနေဝ ဓမ္မိကေန ဓမ္မရညာ ယော တသ္မိံ သမယေ စေတသိကော ဝီရိယာရမ္ဘော နိက္ကမော ပရက္ကမော ဥယျာမော ဝါယာမော ဥဿာဟော ဥဿောဠှီ ထာမော ဓိတိ အသိထိလပရက္ကမတာ အနိက္ခိတ္တဆန္ဒတာ အနိက္ခိတ္တဓုရတာ ဓုရသမ္ပဂ္ဂါဟော ဝီရိယံ ဝီရိယိန္ဒြိယံ ဝီရိယဗလံ သမ္မာဝါယာမောတိ ဒေသိတဇဝမာဒိ ဒုက္ကရောပမ သမ္မာဝါယာမာဒိဂုဏော ဃဝတာယစေဝ ပုညာနုဘာဝေန စ သဗ္ဗထာ သာသနုပတ္ထမ္ဘနကိစ္စေ ဥယျုတ္တပယုတ္တေန ဓမ္မတော သကံ ရဋ္ဌံ ပကာသန္တေန တံတံဂုဏာနုရူပတော ဌာနန္တရပစ္စယဒါနာဒီဟိ သာသနကာရကာနံ ဝိနယညူနံ ပေသလာနံ ဖာသုဝိဟာရာယ ကတသံဝိဓာန သာသနုပတ္ထမ္ဘံ နိဿာယ စ တသ္မိံ ပန နဂရေ ဝသန္တာနံ သုပေသလာနံ သိက္ခာသဂါရဝါနံ သံဃရာဇဝရတ္ထေရဓုရန္ဓရပ္ပမုခါနံ တဒနုဝတ္တကထေရမဇ္ဈိမာဒီနံ သမ္မာပဋိပတ္တိ ဂုဏာနုဘာဝေန စ အမှာကမာစရိယပ္ပ ဝေဏီဘူတော သာသနဝံသေ သုဓောတမုတ္တ ကလာပေါ ဝိယ အတိဝိယ ဧတရဟိ သောဘတီတိ ပရတောဃောသေန သုဏမာနာ မယံ ယထာဝိတ္ထာရေန အဇာနန္တာပိ သဝနမတ္တေနေဝ ပသန္နာ "အဟောသုခံ အဟောသုခံ" တိ ပီတိပါမောဇ္ဇ ဗဟုလာ စိရံ ဒီဃမဒ္ဓါနံ သာသနဝံသော သမ္မာ ပဝတ္တတူတိ စ ပဋိပတ္တိပူရကာပိ စ သာသနဓုရန္ဓရထေရဝရာဒယော သမ္မာ သုခံ ပရိဟရန္တူတိ စ အထခေါ ဒုဒ္ဒိဋ္ဌိကာနံ ဝသေ အဝတ္တိတွာ အတ္တနော ပုညိဒ္ဓိဗလေနေဝ ဓမ္မေန သကံ ရဋ္ဌံ ပသာသယန္တဿ အမရပုရာဓိပတိရညော စ ပုညာဘိဝုဒ္ဓိ စိရံ ဒီဃမဒ္ဓါနံ အဘယော အဝေရော အပရာဇိတော ဓမ္မာသောကနရိန္ဒာဒီနံ ဝိယ သမ္မာ ပဝတ္တတူတိ ပတ္ထယာမ။

ကသ္မာတိ စေ? ဣဒါနိ ခေါ ပန သီဟဠဒီပေ ဧဂိလိဿာဒီနံ ဒုဒ္ဒိဋ္ဌိကာနံ ဝသေ ဝတ္တန္တာ မယံ ပရိပိဋိတတ္တာ အဗလာ ဒုဗ္ဗလာ ဒုက္ခေန ကသိရေန သာသနပဋိပတ္တိံ ပူရေမ၊ တသ္မာ ရတနတ္တယ မာမကာ ဓမ္မာဓိပတိ ဓမ္မိကရာဇာနော ယသ္မိံဒေသေ ဝသန္တိ၊ တေ ပညဝန္တာ အမှေဟိ သဂါရဝေန အဘိပတ္ထနီယံ။ တထာ ဟိ-

(၄)။ သဗ္ဗညုပဝရသာသနောဒယရတော ကလျာဏာဝဏ္ဏာကရော။
သဒ္ဓမ္မတ္ထဖလာဒိဘာရဘရိတော ဒေဝဒ္ဒုမော ဘာသုရော။
ပတ္ထောသန္တဇနာကုလာမရပုရေ သံဃဿ သေဋ္ဌတ္တနံ။
သမ္မာ ဇီဝတု စိတ္တခေဒရဟိတော သော သံဃရာဇာ စိရံ။

(၅)။ သဇ္ဇန္တု တုန္ဒဝိပိနံ ပရိတောသယန္တော၊
ဒုဇ္ဇန္တု ပံကဇဝနံ ပရိတာပယန္တော။
ပုညာကရာမရ ပုရမ္ဗရမန္တရသ္မိံ။
သော သံဃရာဇသိတရံသိ စိရံ ဝိဘာတု။

(၆)။ သဗ္ဗညုဝံသ ဥဒယာစလ မတ္ထကေန၊
ရတ္တညူသံဃဝရရာဇနိသာကရော ယော။
ဓမ္မညူ သံဃဂဏတာရကစာရယုတ္တော။
သော မြမ္မဝံသိကနိကာယန ဘော ဝိဘာတု။
**အယံ သံဃရာဇဿ ဝုဍ္ဎာသိံသနာ။**

(၇)။ သုရဂိရိ သသိဘာရောဒါတ တေဇိဒ္ဓိဓာရော၊
ပဝရဇနုပကာရော ဘူရိဘာဓာရဓီရော။
တိဝိဓရတနဘာရော မန္တိပါပါတိဟာရော၊
သ ဇယတု ဇယပူရော မြမ္မရာဇာ သုဓီရော။
**အယံ မဟာရညော ဝုဒ္ဓါဘိသိံသနာ။**

(၈)။ သံဃရာဇ နမော တုယှံ၊ ဂုဏာကရ ယတီသဘ။
နိဝေဒယာမ အမှာကံ၊ နိကာယ ဂတလက္ခဏံ။

ဣတော ကိရ ပုဗ္ဗေ ဝါလုကာတိတ္ထဂါမေ ပုပ္ဖာရာမဘိဓာန သာမဏောရော ပန အညေဟိ ကတိပယသာမဏေရေဟိ သဒ္ဓိံ အမ ရပုရာ ဂန္တွာ ဥပသမ္ပဒံ လဘိတွာ **ဉာဏဝိမလတိဿောတိ** လဒ္ဓနာမော အမရပုရဝါသီဟိ တီဟိ ထေရေဟိ ဧကေန သာမဏေရေန သဒ္ဓိံ အတ္တ ဒသမော လံကာယမာဂန္တွာ အတိရေကပဉ္စဝဂ္ဂဂဏေဟိ ဥပသမ္ပဒါ ပေက္ခေ ဥပသမ္ပာဒေတွာ သာသနံ

ပဂ္ဂဏှိတုမုဿဟန္တော ပုနပိ ကတိပယ ဘိက္ခူဟိ သဒ္ဓိံ အမရပုရံ အဂမာသိ။ တတော ပစ္ဆာ ဟတ္ထတုဏ္ဍာဘိဓာနဂါမနာမကော **ဓမ္မရက္ခိတသာမဏေရော** တီဟိ ဧကေန စ သာမဏေရေန သဒ္ဓိံ အမရပုရံ အဂမာသိ။ ဧဝံ ဒွတ္တိက္ခတ္တုံ ဘိက္ခူ စ သာမဏေရာ စ ဂတာ။

အညေပိ လံကာဝါသီ "ဗောဓိရက္ခာရာမတိဿော" နာမ ထေရော စ **ဂုဏရတနတ္ထေရော** စ အမရပုရေ ဒါနိ သာသနံ သုပရိသုဒ္ဓံ သုနိမ္မလန္တိ ပဋိပတ္တိံယေဝ ဂရုံ ကတွာ အဋ္ဌဟိ သာမဏေရေဟိ သဒ္ဓိံ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနတော တိံသတာဓိကာနံ ဒွိန္နံ ဝဿသဟဿာနမုပရိ ဧကပညာသ တိမေ သံဝစ္ဆရေ ဟံသာဝတီနဂရံ သမ္ပတ္တာ။

အထခေါ ဟံသာဝတီရာဇဓာနိယာ မဏ္ဍလိကရာဇာ တံ သုတွာ ပစ္စုဂ္ဂမနံ ကတွာ သဒ္ဓါတပီတိသောမနဿော ထေရေဟိ သဒ္ဓိံ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ "အမှာကံ ဘန္တေ ဆဒ္ဒန္တနာဂရာဇသာမိ ရာဇာဓိရာဇ သဒ္ဓမ္မဝံသမဟာဓမ္မရာဇဿ ဇေတံ အာရောစာပေတွာ တုမှေ အမရပုရံ ပေသနတ္ထာယ ယာဝ အာဏာ အာဂစ္ဆိဿတိ၊ တာဝ ဣမေဝ ဝသထာ"တိ ဝတွာ တသ္မိံ နဂရေ ဂဏာစရိယဿ သန္တိကေ ဝသာပေတွာ သင်္ဂဟံ အကာသိ။

အထခေါ မဟာရာဇာဓိရာဇဝရေနာဏတ္တော ဟံသာဝတီ နဂရေ မဏ္ဍလိကရာဇာ ဒွိထေရဒသမေသု သာမဏေရေသု ဓမ္မရတနော စ ဓမ္မသာရော စာတိ ဒွီဟိ သာမဏေရေဟိ သဒ္ဓိံ အမရပုရံ ပတွာ မဟာဓမ္မရာဇာဓိရာဇာနံ ဥပသင်္ကမ္မ "လံကာဒီပတော ဒွိတ္ထေရပမုခါ ဣမေ သာမဏေရာ ဥပသမ္ပဒံ အာကင်္ခမာနာ အာဂတာ အညေ ဟံသာဝတိယံ ပဋိနိဝတ္တာ"တိ အာဟ။

တဒါ ပန မဟာဓမ္မရာဇာဓိရာဇာ တသ္မိံ သမယေ သံဃရာဇေန သဒ္ဓိံ မန္တေတွာ "ဦးမေဝုံ" ဣတိ လဒ္ဓနာမဓေယျေန ဓမ္မဝိနယကုသလေန သာသန-ကာမိနာ ပဋိဗလေန ရာဇမဟာမစ္စေန တေသမုပသမ္ပဒံ ဒါပေတုံ အာဏာပေသိ။ အထ ခေါ ပန ဟံသာဝတိယာ ပရိသုဒ္ဓ ကလျာဏိသီမာယ အတိရေက ဝီသတိဘိက္ခုသံဃံ သန္နိပါတေတွာ မေဓာနန္ဒတ္ထေရပမုခါယံ အာစာရတ္ထေရံ

စ ဉာဏဂမ္ဘီရတ္ထေရံ စ ကမ္မဝါစာစရိယေ ကတွာ ယထာဝုတ္တပဏ္ဍိတာမစ္စောပိ သမ္မုခီ ဟုတွာ တေ ဥပသမ္ပါဒေသုံ။ ဧဝံ လဒ္ဓူပသမ္ပဒါ ဒသဘိက္ခူ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ သုခေနာ ဂန္တွာ လံကာယမေဝ သမ္ပတ္တာ။ ဣတိ ဣမေ ဒွေ ထေရပ္ပမုခါ အတိရေကဒသဝဂ္ဂါ ဧကသမ္ဘောဂါ ဟုတွာ ဥပသမ္ပာ-ဒေန္တာနံ အမှာကံ နိကာယေ ဒါနိ ပညာသာတိရေကသတပ္ပမာဏော သံဃော သံဝိဇ္ဇတိ။

သီဟဠဒီပေ ကိရ အညေပိ ဗဟုတရာ မြန်မာ့ဝံသိကာ ဝသန္တိ တေ သမန္တရေ သမုပ္ပန္နံ သီမာသံကရံ ပစ္စယတော ဂဟေတွာ အညေနညံ ဝိဝဒမာနာ တေ ဒါနိ ဒွေ ပက္ခိကာ ဟုတွာ ဝသန္တိ။

အထ စ ပန အမရပုရဝါသိနောပိ ဟံသာဝတီဝါသိနောပိ ထေရာနု ထေရာဒယော ဧကသာသနဝံသိကာကာရေန ဧကသမ္ဘောဂိ နေကဒိဋ္ဌပုဗ္ဗတ္တာ မယမ္ပိ လံကာဝါသီဟိ အသံကရိကမြန်မာ့ဝံသိကေဟိ သဒ္ဓိံ ယဒါ ကဒါစိ ဧကသမ္ဘောဂါ ဝိဟရာမ၊ တသ္မာ အာဒိတော ပဋ္ဌာယ အမှေပိ မြန်မာ့ဝံသိကာ တွေဝ ဝေါဟရန္တိ ဣဒံ အမှာကံ နိကာယိက နာတိဝိတ္ထာရနိဒဿနံ။

တထာပိယသ္မန္တော ဘဒန္တာ ယထာဝုတ္တနိယမေန အမှာကံ သာသန ဝံသိက မူလဘူတာနံ အမရပုရဝါသီနံ ဘဒန္တာယသ္မန္တာနံ သံဃရာဇဝရတ္ထေရ ဓုရန္ဓရပ္ပမုခါနံ ထေရာနုထေရာဒီနံ သာသနဝံသော ဧတရဟိ ကထံ ပဝတ္တိဿတိ တိ၊ အပိစ ရာဇာဓိရာဇဝရပရမဓမ္မိကရ ညော ယထာပဝတ္တိံ စ မယံ နိဿံသယံ ဇာနိတုံ စေဝ တေ ပုညဝန္တေ ပဿိတုံ စ ဣတော စိတော သန္ဒေသပဏ္ဏာ ဟရဏေနာပိ ဓမ္မဝိနယာ ဂတမဓုရပဋိသန္ထာရံ ကာတုံ စ ကေန နုခေါ ကထံ နုခေါ လစ္ဆာမာတိ? ပုနပ္ပုနံ စိန္တယန္တာပိ ဝိဒေသဂမနဿ ဒုက္ကရတ္တာ ဒုက္ခံ ဝိဟရာမ၊ တသ္မာ ဘဒန္တာယသ္မန္တာ အနုကမ္ပံ ပဋိစ္စ ဣဒါနိ အမရပုရေ အမှာကံ သာသနဝံသ ပဋိပတ္တိ ပဝတ္တာဒယော ပဋိလိခိတွာ မမေဝ ပေသေတုံ ယာစာမိ။

အထ စ ပနိဒါနိ အမှေဟေဝ အာဂစ္ဆန္တော **သံဃရတနသာမဏေ-ရော**ပိ "အမှာကံ သာသနဝံသိက ပုဗ္ဗေ ဝုတ္တကလျာဏီတိဿ ဝရဿ အန္တေဝါသိကော သော သဒ္ဓေါ ပသန္နော သိက္ခာကာမော တဿာစရိယောပိ

ဒိဝင်္ဂတော ၊ ဧသော ခေါ် အမှာက် ဥပသက်မ္မ ဒ္ဒိတ္တိက္ခတ္တုံ ဧတဒဝေါစ “အဟံ ဘန္တေ ဝိဒေသဂမနံ ကြစ္ဆာမိ အမှာက် သာသနဝံသံ ပရိပါလယန္တေ ထေရာနုထေရာဒယော ပဿိတ္တာ ဝန္ဒိတ္တာ ပဋိသန္ထာရံ ကတ္တာ သစေ ဘန္တေ တုမှေ ကြစ္ဆတ ဥပသမ္ပဇ္ဇိတ္တာပိ အာဂမိဿာမိ၊ တံ မေ ဟိတာယ သုခါယ ဘဝိဿတိ“ဒေထ ဘန္တေ ပဋိညံစေဝ သာသနပဏ္ဏံ” ယာစိ။

တသ္မာ မယံ သာဝူတိ ပဋိညံ ဒတ္တာ ကြဒံ သန္ဒေသပဏ္ဏာမ္ပိ တဿ အဒမှ ၊ တသ္မာ အယံ **သံဃရတနော** ဘဒန္တာယသ္မန္တာနံ ထေရဝရာဒီနံ သန္တိကမုပ သက်မ္မ ယံ ယံ ဝဒိဿတိ၊ တေ သဗ္ဗေယေဝ အတ္ထတော အနုပရိက္ခိတ္တာ ယံ အာယသ္မာနမ္ပိ ယထာနုရူပံ ရုစ္စေယျ၊ ဧတေသံ အနုကမ္မာယ တံ တထေဝ ကာရာပေတုံ စေဝ ကာရာပိတံ နိယာမမ္ပိ လိခိတ္တာ အမှေ ပဋိပေသေတုံ ယာစာမိ။

ပုနာပရမ္ပိ နိဝေဒယာမိ “ကြမသ္မိံ သီဟဠဒီပေ ဒါနိ သိယာမနိကာယိကာ မရမ္မဝံသိကာနံ အမှာက် ဗဟုသော ဂရဟန္တိ”တံ တုမှာက် ဘဒန္တာနံ အတိ- သခေ်ပေန ဇာနာပေမ။

တုမှေ အာယသ္မန္တာ ပန ပေါရာဏကသီဟဠူပသမ္ပဒါဝံသတော အာဂတဘာဝံ ဝဒေထ။ ဧဝံ သန္တေ ပေါရာဏကသီဟဠူပသမ္ပဒါယ ပုနပ္ပုနံ ဒဠ္ဍီကမ္မာဘာဝေါ ကလျာဏိပ္ပကရဏေပိ ဒိဿတိ။ ကြဒါနိ ပန မရမ္မဝံသိကာနမ္ပိ ရာမညဝံသိကာနမ္ပိ ဥပသမ္ပဒါယ ဒဠ္ဍီကမ္မံ ဝိဇ္ဇတိ။ တေသု တံ စိရကာလတော ပဋ္ဌာယ ဝိဇ္ဇမာနဘာဝေါ ပညာယတိ။ တထာပိ အမှာက် ဥပသမ္ပဒါ ပေါရာဏက သီဟဠူပသမ္ပဒါ ပရမ္ပရာ ယေဝါတိ ဝဒန္တိ တံ အမှေ ကေန သဒ္ဒဟာမိ၊ ယဒိ တုမှာက် ဒ္ဒိန္နမ္ပိ နိကာယာနံ ဥပသမ္ပဒါ ပေါရာဏက သီဟဠူပသမ္ပဒါ ဘဝေယျ။

န တေသု ဒဠ္ဍီကမ္မံ ဝိဇ္ဇတိ၊ အပိစ ရာမာဓိပတိ မမ္မစေတိယရညာ ရာမညဒေသေ ပတိဋ္ဌာပိတ သီဟဠူပသမ္ပဒါဂဟိ တာနံ ဘိက္ခူနံ စီဝရဗန္ဓနံ အတ္ထိ။ ဘမုကာယ သမုဋ္ဌိတလောမဟီ သဒ္ဓိံ ကေသောရောပနမ္ပိ အတ္ထိ။ ယဒိ တုမှာက် ဥပသမ္ပဒါ သာယေဝုပ သမ္ပဒါ ဘဝေယျ။ တုမှေပိ တာဒိသာယေဝ ဘဝိတဗ္ဗာ” တိအာဒိနာ နယေန အနေကဝိဟိတံ ဝိဝါဒကထံ အမှေဟိ ကထေန္တိ။

တမ္ပိ သာရတော ပစ္စေန္တော ဇေကစ္စေ မရမ္မဝံသိကာပိ ဒဋ္ဌီ ကမ္မတ္ထာယ တထေဝ ဝိဝဒန္တိ၊ ဒဋ္ဌီကမ္မာမိဿက ပရိသုဒ္ဓျုပသမ္ပဒါပဝတ္တာ အညနိကာယော အမရပုရေ အတ္ထီတိ စ ဝဒန္တိ အမှေ တံ န သဒ္ဒဟာမ၊ တသ္မာ သံဃရာဇဝရတ္ထေ ရ စုရန္ဓရာဒယော ဘဒန္တာ အမှာကံ အနုကမ္ပံ ဥပါဒါယ ဣမသ္မိံ ဒီပေ ဝိဝဒန္တာနံ ဒုလ္လဒ္ဓိကာနံ ဇတေသံ ဝိဝါဒမောစနတ္ထာယ ဒဋ္ဌီကမ္မံ အကရောန္တော မဟိန္ဒပရမ္ပရာဂတ အညနိကာယော အပရန္တာမရပုရေ အတ္ထီတိ ဝါ နတ္ထီတိ ဝါ မရမ္မရာမညဝံသိကေဟိ ဒဋ္ဌီကမ္မံ သာရတော ပဝတ္တနဘာဝံ ဝါ အပဝတ္တနဘာဝံ ဝါ လိခါပေတွာ တဒနုရူပံ သြဝါဒါနုသာသနံ ဒတွာ သဗ္ဗေ လံကာဝါသိ-မရမ္မဝံသိကာ ဒဋ္ဌီကမ္မံ နိဿာယ အဝိဝဒန္တာ ဇေကလဒ္ဓိကာ ဝိဟရန္တျုတိ အာဏံ ပတိဋ္ဌာ ပေတွာ လိခါပေတွာ သံဃရာဇဝရတ္ထေရ စုရန္ဓရာဒီနံ ဝိနယညူနံနာမေန စေဝ သစေ ဣဓ္ဆေယျာထ ဘဒန္တာ ထေရဝရာ ရာဇာဓိရာဇဿ စ နာမေန ဟတ္ထသညံ ဒတွာ လဉ္ဆေတွာ မယှံ နာမဿ ပေသေတုံ ဒွတ္တိက္ခတ္တုံ ယာစာမိ။

ယဒိ ပနာယသ္မန္တော ဣမဿ ပဋိသာသနံ အဘိပတ္ထိတမတ္ထံ သမ္မာဒေယျုံ တံ ဘဝေယျ မရမ္မသီဟဠဇေကနိကာယိကာနံ သန္ဒေသပေသနေန စေဝ ကဒါစိ ကရဟာစိ ဂမနာဂမနေန စ မိတ္တသန္ထဝေါ စေဝ ဇေကနိကာယိက-ဘာဝေါ စ ယဋ္ဌေဝံ ဒဠှတရော ဘဝေယျ ဇော်သေနေဝ သွာဿ သာသနာ-ဘိဝုဒ္ဓိယာ ယတော အမှေ န သက္ခိဿာမ။ တတ္ထ တတ္ထ ဝိပ္ပကတာနိ စေဝ အာလုလိတာနိ စ ယာနိ ကာနိစိ ဓမ္မဝိနယ ပေါတ္ထကာနိ ဣတော စိတော အာဟရိတွာ စ သံသန္ဒေန္တာ သမေတုံ။ တသ္မာယသ္မန္တေ အသ္မိံ သာသနပဏ္ဏေ အတ္ထဗျဥ္ဇနာဒီဟိ ဝိရုဒ္ဓါနိ ပဒါနိ အနာဒိယေဝ အပ္ပမာဒေန ပဋိသာသနံ ပေသေတု။

(၁) ဗုဒ္ဓဿ ခေါ ဘဂဝတော၊ ပရိနိဗ္ဗာနကာလတော။
ဒွိန္နံဝဿသဟဿာနံ၊ ဇောဓိကစတုဿတေ။

(၂) ဝဿေ စ ပေါဋ္ဌပါဒသ္မိံ၊ မာသမှိ သုပ္ပတိဋ္ဌိတေ။
**ဇုဏှပက္ခေ ဂုရုဝါရေ၊ ပေသိတန္တိ ဝိဇာနိယံ။**

လံကာဂေါ်ဥရွာလျှင် ဖွားရာဇာတိရှိသော ဘဒန္တဓီရာနန္ဒမဟာ ထေရ်

မြတ်သည်လည်း သာသနာသက္ကရာဇ် ၁၄၀၄-ခုနှစ်တွင် ဥဒေယျမဟာဘိဝံသ နတ်ရဲတောင် သာသနာပိုင်ထံ ရှည်လျားစွာသော သန္ဒေသတစ်စောင်ကို ပေးပို့ ဆက်ကပ်စေခဲ့သည်။

(၁) အာသယာနုသယေ ဉာဏံ၊ ဗုဒ္ဓံ ဓမ္မံ သုဒေသိတံ။
သံဃံ စ တပ္ပဋိပန္နံ၊ ဝန္ဒာမိ သိရသာဒရံ။

(၂) ယဿာနုဘာဝတော ဒီပေ၊ နိကာယောမရပုရဝှေ။
ဋ္ဌိတော ဟိတာယ ပါဏီနံ၊ တံ စ ပါဝရိယံ နမေ။

(၃) တိပေဋကောတိ လဉ္ဆနော-နေကဗျာကရဏာဒိသု။
ကုသလော ဓုရဓာရိယော၊ သာသနေ ဗုဒ္ဓဒေသိတေ။

(၄) ကာယစိတ္တာဒ္ဓုကတာဟိ၊ သီလာစာရာဒိနာပိ စ။
သပရတ္ထုပရော နိစ္စံ၊ သောဓေသိ ဇိနသာသနံ။

(၅) ရာဇာဘိသေက ကာလမှာ၊ ယာဝ အဇ္ဇတနာ ပန။
နာသနေ အပရာဓိဿ၊ အနောကာသဿ ကာရကံ။

(၆) စတုသင်္ဂဟ ဝတ္ထူဟိ၊ ပဥ္စရာဇဗလာဒိဟိ။
အသမညာဓိရာဇူဟိ၊ အဇ္ဈာနန္တဂုဏိဒ္ဓိဟိ။

(၇) သိရိပဏ္ဍိတသဒ္ဒေဟိ၊ မူလန္တေ ယောဇိတဝှယံ။
ရာဇာဓိရာဇံ သာသေတိ ၊ ဘာဝနာဘိရတံ ဓုဝံ။

(၈) မရမ္မဝိသယေ လံကာ-ဒီပါဒီသု နိဝါသိနံ။
မြမ္မဝံသိကသဗ္ဗေသံ၊ ဘိက္ခူနမနုသာသတိ။

(၉) တာရာပတိ ယထာကာသံ၊ မြမ္မရဋ္ဌမှိ သာသနံ။
မဟာပညော မဟာထေရော၊ ဇောတယေ ဂဏာဇေဋ္ဌကော။

(၁၀) တံ သံဃရာဇပဝရံ သိရသာ နမေ ဟံ၊
ဥဒေယျေသု ဓမ္မေသု မုနိဝ သေဋ္ဌံ။

အမှံ ပနာစရိယဝံသဓရံ သုမေဓံ၊
သဗ္ဗတ္ထပါကဋ အသာဒိသကိတ္တိဃောသံ။

(၁၁) ဓုရေ ဝိပဿနာယံ စ၊ ဓုရေ ဂန္ထမှိ ဝါ ပန။
ပယုတ္တဝုဍ္ဎထေရေညေ၊ ဝန္ဒာမိ မြမ္မဝံသိကေ။

ဝိသုဒ္ဓညာဏကရုဏာဓာရဗုဒ္ဓအရိယသာဝကာနမုပ္ပတ္တိဋ္ဌာနတာယ ပသတ္ထဝရတရဇမ္ဗုဒီပဿ ကိရိဋ္ဌမကုဋ္ဌသံကာသမရမ္မရဋ္ဌေ သဗ္ဗနဂရဂ္ဂသမ္ပန္နာယ လောကိယသဗ္ဗမာနုသိကသမ္ပတ္တိနိစယဋ္ဌာန ဘူတာယ ရတနပုဏ္ဏာဘိဓာနာယ ရာဇဓာနိယာ ကမ္မကိလေသဝိပါက ဝဋ္ဋဘယတော အပဂတတ္ထာ အဘယာချဝှ ဘဂဝတော ဇေတဝနာဒိအာ ရာမသဒိသတာယ အာရာမသဒ္ဒါတေ ကတ ဝိဟာရေ ဝါ အာယာမ ဝိတ္ထာရာဒိနာစေဝ သုဝဏ္ဏရဇတာဒိဝိစိတ္တကမ္မ မဟန္တတာယ ဝါ မဟန္တ သီလက္ခန္ဓာဒိပရိပူရကာနံ ဝသနောကာသတော ဝါ သင်္ချာမဟန္တမုပဂတ ပရောသဟဿဘိက္ခုနမာဝါသံသုဝဏ္ဏလိမ္ပိတမဟာ ပါသာဒါ လံကတတာယ ဝါ နေကနရပတိမကုဋ္ဌမဏိကိရဏနိကရရဉ္ဇိတ ပါဒကမလ ယုဂလဿ သဒ္ဒေသဒေသန္တရဝိတတကိတ္တိနိကရဿ မဟန္တရာဇိဒ္ဓိ သမန္နာဂတဿ မဟန္တဒါနသီလာဒိဟုပစိတပုညသဉ္စယဿ ဝိသုဒ္ဓခတ္တိယ-ဝံသဇဿ သိရိပဝရ ဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာ ဓိရာဇဿ နိစ္စမဟန္တဝတ္တပဝတ္တနဋ္ဌာနတော ဝါ မဟန္တေ, ကရုဏာသမ္ပတ္တျာဒိဟိ စေဝ အာရက္ခ သမ္ပတ္တျာဒိဟိ စ သတ္တာနံ ဘယဝိရဟိတဋ္ဌာနတော အဘယာချဝှ သဒ္ဒေသ-ဒေသန္တရရာဇရာဇမဟာမစ္စဗုဒ္ဓသာသနိက အဗုဒ္ဓသာသနိကဂဟဋ္ဌပဗ္ဗဇိ မာဂတာနံ တေန တေန ကာရဏေန ရမ္မနဋ္ဌာနတော အာရက္ခသဒ္ဒါတေ ပသတ္ထဝရတရ မဟာဘယာရာမ နာမေ ဝိဟာရေ ဝသန္တဿ သဗ္ဗဥပဇ္ဈာယဂ္ဂ သံဃတ္ထေရဂုဏသမန္နာဂတဿ အမှာကံ ဂရုသမ္ဘာဝနီယ "ဉေယျဓမ္မာ ဘိမုခိဝရညာဏကိတ္တိသိရိဓဇ ဓမ္မသေနာပတိ ရာဇဂုရု" နာမသဗ္ဗမြမ္မဝံသိက သမဏဂဏိန္ဒာဓိပတိနော ဘဒန္တာယသ္မာတော သံဃရာဇမဟာထေရဝရဿ ပါဒဝန္ဒနေန ဇာနာပနတ္ထာယ လံကာဒိပေ ဂါလုနဂရာသန္နေ ရတ်ဂမနာမဂါမေ မဏ္ဍလာရာမေ အဓုနာ ဝါ သမုပဂတေန လံကာဂေါဓသိရိသဒ္ဓမ္မဝံသပါလ

မိရာနန္ဒာဘိဓာနေန လဒ္ဓသမ္မုတိကေန အမရပုရနိကာယိကေန ဥပသမ္ပဒါယ တိံသဝဿိကေန ထေရေန သာဒရဂါရဝေန ဣဒံ နိပစ္စကာရ ပုဗ္ဗင်္ဂမသန္ဒေသပဏ္ဏံ ပေသီယတိ။

အထော သဒေသဒေသန္တရသာသနကဏ္ဍကမလန္ဓကာရဝေ ရာနံ သဟေတုကကုသလဝိပါကဇနိတယသိဿရိယတေဇောဂုဏာ သမန္နာဂတ အမှာကမနာထလံကာဒီပိကတ္တတ္ထပရတ္ထဂဝေသီနံ ပရမာ တိဋ္ဌာဓာရံ ဘဒန္တမဟာ ထေရဝရံ ဩကာသံ ကရောမိ။

ယထာဘူတမတ္ထမေဝ အာရောစေမိ၊ ဣမသ္မိံ ဟိ သီရိလံကာဒီပေ ဒွေ နိကာယာ ဟောန္တိ၊ အမရပုရနိကာယော သျာမနိကာယော စေတိ၊ တတ္ထ အမရပုရနိကာယော နာမ **သိရီပဝရဝိဇယာနန္တယသတြိဘုဝနာဒိတျာဓိပတိ ပဏ္ဍိတရာဇာဓိရာဇမဟာရာဇိနိ** မြမ္မရဋ္ဌေ ရဇ္ဇမနုသာသနကာလေ အမရပုရာဘိဓာနမဟာနဂရံ ဂန္တွာ ဥပသမ္ပဇ္ဇိတွာ စ ဥပသမ္ပဒါ ဒဋ္ဌီကမ္မံ ပတွာ စ အာဂတဉာဏဝိမလတိဿတ္ထေရသဒ္ဓမ္မဝံသပါလသိရီဓမ္မက္ခန္ဓ ရာဇဂုရုဂဏာ စရိယတ္ထေရာဒီဟိ ပဗ္ဗဇ္ဇုပသမ္ပဒါ ဒိကရဏဝသေန ဝုမ္မိတမြမ္မဝံသိကဘိက္ခု သမူဟော ဝုစ္စတိ။ သျာမနိကာ ယော နာမ "ကိတ္တိသိရိရာဇသီဟ"မဟာရညော လံကာဒီပေ ရဇ္ဇာနုသာသနကာလေ သျာမရဋ္ဌတော အာဂတဥပါလိတ္ထေရာဒီဟိ ပဗ္ဗဇ္ဇုပသမ္ပဒါဒိက ရဏဝသေန ဝမ္မိတဥပါလိဝံသိကဘိက္ခုသမူဟော ဝုစ္စတိ။ သော စ ခေါ သျာမနိကာယော အနေကာကာရေဟိ ပရလောကတ္ထိကာနံ မနံ န ပီဏေတိ ။

အမရပုရနိကာယေ သာလာဂမဇာတိကကုလတော ကရာဝေ ဇာတိက ကုလတော ဒုရာဝေဇာတိကကုလတော ပဗ္ဗဇိတာနံ ဗဟုန္နံ ဧကီဘာဝေန ပဝတ္တသမူဟဝသေန စ ပစ္ဆာ သျာမနိကာယိကပဋိပတ္တိံ ဇိဂုစ္ဆိတွာ မူလဘူတ သာလာဂမကုလိကထေရာနံ သန္တိကေ ပဗ္ဗဇ္ဇုပသမ္ပဒံ ပတ္တာနံ ဂေါယိဂမက္ကတိ ဝေါဟာရဂတ ကဿကကုလိကာနံ ဗဟုန္နံ ဧကီဘာဝေန ပဝတ္တသမူဟေန စာတိ ပဋိပါဋိယာ စတ္တာရော သမူဟာ ဟောန္တိ ။

သာလာဂမမနုဿာ နာမ ကောသလဇနပဒေ သလာ နာမ ဗြာဟ္မဏ-ဂါမတော အာဂန္တွာ လံကာဒီပေ ဝါသမုပဂတဗြာဟ္မဏာနံ ပဝေဏိယာ ဌိတာ

အဋ္ဌာပိ သာလာဂါမတ္ထဝါစကေ "သလာဂမ" ဣတိ သီဟဠဝေါဟာရေန ရာဇ တောမ္ဘုပေါတ္ထကာဒီသု ဝဝတ္ထိတမနုဿာ ဝုစ္စန္တိ၊ သာလိသာဂ်လိ သာလိဂြာမာတိ တေသံ ယေဝ အန္တရေ ဧကေကော္ဌာသဿ ဝေါဟာရော ဒိဿတိ၊ ဧတေသု သမူဟေသု အန္တိမသမူဟော ဗဟုလံ သပရဂမုအာဒိဒူရ မလယရဋ္ဌဝါသီ၊ အညေ တယော သမူဟာ သမုဒ္ဒတီရေ ဝိထိယာ အာသန္နဂါမဝါသိနော၊ ဌပေတွာ တတိယသမူဟံ အညေ တယော သမူဟာ ဧကတောပိ ကမ္မာနိ ကရောန္တိ။

ဒူရတ္တာ ဝိသုံဘူတောပိ စတုတ္ထသမူဟော မူလသမူဟေ တာဝ အန္တော ဂတော ဝိယ စတ္တာရောပိ ဝိသုံ ဝိသုံ ဥပသမ္ပဒါဒိကမ္မာနိ တတ္ထ တတ္ထပိ ကရောန္တိ၊ မူလသမူဟေယေဝ တာဝ ဓမ္မဓရာ ဝိနယဓရာ ပဝေဏိပါလကာ ဗဟုတရာ၊ အညသာမူဟိကေဟိ မူလဘူတသမူဟောဝ သုန္ဒရတရော ဣတရေဟိ ဧတေသု သမူဟေသု ဓမ္မဝိနယံ အဇာနန္တာပိ ဇာတိဝသေန အာစရိယပရမ္ပရာဝသေန ဗဟုမာန ကာမတာယ မိဿကကထာ အလ္လာပသလ္လာပ ဥပလာပါဒီဟိ ဝီသတိံသာနံ ဂဏံ ဗန္ဓိတွာ ကထဍ္ဍိ ပရိဟရန္တိ၊ တေန နိကာယော သုပရိသုဒ္ဓေါ န ဟောတိ။

အနုညာတနယေန ပဗ္ဗာဇနိယာဒိကမ္မာရဟာနံ ကမ္မဝါစံ သာဝေတွာ ကမ္မကရဏမ္ပိ နပ္ပဝတ္တတိ၊ နိဿယဒါယကဂါဟကာပိ ဒုလ္လဘာ၊ ကဒါစိ သံယာဏံ ကရောတိ၊ သာပိ ကဒါစိ ဓမ္မိကာ ကဒါစိ အဓမ္မိကာ ဒုသိက္ခိတ ပမာနမုလိကေန တာဒိသေန သမူဟေန ယထိစ္ဆိတမ္ပိ ကရိယမာနတ္တာ တထာပိ ပုဗ္ဗကာလတော အတိရေကတရာ သိက္ခာကာမာ ကပ္ပိယေ သေဝန္တာ ဘိက္ခူ ဣဒါနိ တိဋ္ဌန္တိ။

အဟာမ္ပန ဧတ္ထကေနပိ ဓမ္မဝိနယေ ဝုဒ္ဓိပ္ပတ္တကာလတော ပဋ္ဌာယ ဒုပ္ပဋိ-ပတ္တိနိဝါရဏေ သုပ္ပဋိပတ္တိဥဇုကရဏေ အနိက္ခိတ္တဆန္ဒော ဟောမိ၊ တဿ ပန ဝီရိယဿ မတ္တကပ္ပတ္တိ ဝါ မနတောသနမတ္တံ ဝါ န တာဝ ဇာတာ၊ ဓမ္မိကရာဇ-ပုညဝန္တမဟာထေရုပတ္ထမ္ဘဝိရဟအပ္ပတိရူပဒေသေ အခေတ္တေ ကတဿ ဝီရိယဿ သမဖလံ ဒိဿတိ။

ဧဝံ သန္တေပိ ဗုဒ္ဓသာသနဿ မနုဿတ္တဿ စ ဒုလ္လဘတ္တံ သလ္လက္ခေန္တော ဟိ ဝီရိယမာရဘိတဗ္ဗမေဝါတိသလ္လက္ခေမိ။

စတုသမူဟိတေသု စေတေသု ဘိက္ခူသု မူလသမူဟဘိက္ခူနံ ဥပသမ္ပဒကမ္မကရဏတ္ထာယ နိယမိတော ဧကော ပဒေသော ဟောတိ ဗလပိဋ္ဌိယနာမကော၊ တတ္ထ မဟာဒူ နာမ ဂင်္ဂါ စ ဟောတိ၊ သိလာထမ္ဘာနိ တတ္ထ နိခါတာနိ အဋ္ဌတရဏာယ ဥပသမ္ပဒါကမ္မကရဏကံ ခီတသဗ္ဗသံဝစ္ဆရေသု အတိရေက သတမတ္တဘိက္ခူနံ ပဟောနကံ ကမ္မေ နိဋ္ဌိတေ အပနယနာရဟံ ဥပေါသထဂါရံ တဿ နဒီယံ သိလာတမ္ဘမတ္ထတေ ကာရေတွာ တဒနုရူပဝေယျာဝစ္စေန သန္နိပတိတသဗ္ဗဘိက္ခူနံ သလမောနိဒသောဝုသာ အပ္ပဟာမိနာမ ကေန ဥပါသကေန အတ္တနော ယေဝ ဃရေ သံယတော လဒ္ဓဝရဝသေန စိရကာလတော ပဋ္ဌာယ ဒီယမာနံ ဒါနဝဋ္ဋံ ဟောတိ၊ ဣတော ပန ပန္နရသမေ ဝဿေ တတ္ထ ကိစ္စကာရေကေဟိ ဥပေါသထာဂါရဋ္ဌကဿ ဖာသုကမာရောဟဏတ္ထာယ အဋ္ဌကမနာဟစ္စ ရတနဒွိရတနမတ္တံ အန္တရံ ဒဿေတွာ ဂါမေန သမ္ဗန္ဓသေတု ကတော အဟောသိ၊ တတော ပဋ္ဌာယ ပုနပိ ဒသဝဿံ ဧဝမေဝံ ကတော၊ န ကေနစိ တံ သလ္လက္ခိတံ၊ ဧဝံ သေတုရစ္ဆုပါရောဟာဒီသု ဥဒကုက္ခေပန္တရံ ပတွာ ဋ္ဌိတေ သံကရဒေါသောတိ ဣတော ဒသမေ ဝဿေ ပုဗ္ဗေ လက္ခဏံ ဇာနမာနေနပိ မယာ သရိတော အထာဟံ အစိရာယိတွာ တံ ကာရဏံ၊ အာယသ္မန္တံ အတ္တနော အာစရိယံ ဧကဝိဟာရဝါသိံ ဂဏာစရိယ မဟာထေရ မာရောစေသိံ၊ အဋ္ဌကထာဒီသု အာဂတ တဒ္ဒိပကဋ္ဌာနာနိ ဒဿေသိံ၊ သော စ မဟာထေရော အတ္ထံ သလ္လက္ခေသိ၊ ဧဝံတိ မယာ ဝုတ္တဝစနမ္ပိ သမ္ပဋိစ္ဆိ။

တဿံ အသုဒ္ဓသီမာယံ ဥပသမ္ပဒါဝေါဟာရပ္ပတ္တာသမီပဂါမ ဝါသိနော သန္နိပါတေတွာ **ဒေါဠုန္နူဝက္ကတိ** ဝေါဟာရံ ဂတဂါမေ ဂင်္ဂါယံ ပုန ဥပသမ္ပဒါကမ္မဿ ကာရာပနေန တောသေသိ၊ တဿံ အဂင်္ဂါယမ္ပိ ကရာဝေတိ ဝုတ္တသမူဟိကဘိက္ခူနံ ကမ္မကာရဏတ္ထာယ ကတအဋ္ဌကော တဒါ ဋ္ဌိတော သေတု ဂါမသမ္ဗန္ဓေန အဋ္ဌကမနာဟစ္စ မဟာဒုဂင်္ဂါယသေတု ဝိယ ဋ္ဌိတော သယမေဝ တဒါ ဂဏာစရိယ မဟာထေရော တံ သေတုံ အပနယာပေတွာ တံ ကမ္မံ ကာရေသိ၊ အထ ဒူရပဒေသေ ဝါလုကာတိတ္ထနာမေ ဂါမေ ဝသန္တာနမ္ပိ အသုဒ္ဓသီမာယ ဥပသမ္ပဒါဝေါဟာရမုပဂတာနံ ဥပသမ္ပဒါကမ္မ ကာရာပနတ္ထာယ ဂဏာစရိယမဟာထေရဿာနုညာယ **ဓမ္မာဓာရ** တိဿတ္ထေရာဒီနံ သာသနံ

ပေသေသိ၊ တံ သုတွာ သော ထေရော သံဃံ သန္နိပါတေတွာ "ဣတ္ထန္နာမေန ဧဝံ သာသနံ ပဟိတံ ကထံ အမှေဟိ ပဋိပဇ္ဇိတဗ္ဗံ" တိ ကထံ ဥပ္ပါဒေသိ၊ အထ ဧကေစ္စေ ယထာ သာသနံ တထာ ပဋိပဇ္ဇိတဗ္ဗန္တိ အာဟံသု၊ အထ တသ္မိံ ထေရဿ သိဿော **ဉာဏာနန္ဒတိဿော** စ အညေ ဗလပိဋ္ဌိယေတိ ဝေါဟာရံ ဂတထေရာ စ တဒနုဝတ္တကထေရာဒယော စ "န တထာ ပဋိပဇ္ဇိတဗ္ဗံ၊ သံဃမဇ္ဈေ တေနသဒ္ဓိံ ဓမ္မသာကစ္ဆံ ကရိဿာမာ" တိ ဝတွာ နိဝါရေတွာ ဒုဝေ ဝိဟာရေတိ နာမကေ သံဃံ သန္နိပါတေတွာ မယာ သဒ္ဓိံ ဝိဝါဒမာရဘိံသု၊ တဒါ သန္နိပတိတ-သံဃမဇ္ဈေ၊

အဋ္ဌကထာ ဋီကာဒီသု အာဂတနယေန ယထာဝုတ္တာကာရေန အင္ဂက-မနာဟစ္စာပိ သီမာပရိစ္ဆေဒဗ္ဗန္တိ ပဝိသိတွာ ဂါမသမ္ဗန္ဓ သေတုအာဒိမှိ ဌိတေ သံကရဘာဝေါ မယာ ဝုတ္တော၊ အထ ဂဏာစရိယမဟာထေရော အင္ဂက-မနာဟစ္စ ဋ္ဌိတောပိ သေတု ကမ္မံ န ကောပေတိ၊ အဋ္ဌကထာနယော နိဿာရော-တိ **ဉာဏာနန္ဒတိဿာဒီန** မေကေနာကာရေန ပက္ခော ဇာတော။

ပုန သံဝစ္ဆရေ ကာလတိတ္ထနာမပဒေသေ တာလရုက္ခဝတ္ထု နာမကာဝါ သေပိ သံဃံ သန္နိပါတေတွာ **ဉာဏာနန္ဒတိဿောယေဝ** က္ကမမတ္ထာယ မယာ သဒ္ဓိံ ဝိဝါဒမကာသိ၊ တတ္ထပိ သန္နိပတိတသံဃံ မဇ္ဈေ အဋ္ဌကထာဒီသု အာဂတ-နယေနေဝ သေတုအာဒိမှိ ယထာ ဝုတ္တာကာရေန ဋ္ဌိတေ သံကရော ကမ္မံ စ ကုပ္ပတီတိ မယာ ပါကဋီ ကတော။ ပုန တတိယေ သံဝစ္ဆရေ **ပညာမောလိ** ဘိက္ခုနော နိဝါသေ ဗုသသနာမအာဝါသေ သံဃသန္နိပါတကာလေ ဂဏာစရိယ မဟာထေရော စ အဟံ စ နိသီဒိတွာ ဂဏာစရိယမဟာထေရေန ဝုစ္စမာန-အသံကရဘာဝါနုရူပကထာယ **သရပါလတ္ထေရ, ပညာမောလိ**အာဒီကတိပယ ဘိက္ခူ နိယမေတွာ မယာ ဝုစ္စမာနာယ သံကရဘာဝါနုရူပကထာယ **သိရိသုမန တိဿ, ပညာသီဟာဒိ** ကတိပယဘိက္ခူ နိယမေတွာ အန္တရန္တရေ အတ္တနော အတ္တနော လဒ္ဓိယာနုရူပနယဒါနေန တေဟိ သံဃမဇ္ဈေ ကထာပယိမှ။

တဒါပိ ဝုတ္တနယေနေဝ တေ **သိရိသုမနတိဿ,ပညာသီဟာဒ** ယော အင္ဂကမနာဟစ္စာပိ သီမပရိစ္ဆေဒဗ္ဗန္တရံ သေတုရုက္ခအာဒိမှိ ပဝိသိတွာ ဋ္ဌိတေ

သံကရော ကမ္မံ စ ကုပ္ပတီတိ ပကာသေသုံ၊ ဝစန ပဋိဝစနေဟိ သဘာယ အာစရိယာနံ ဝစနပထဆိန္ဒနေန ဒေါမနဿုပ္ပါဒနတ္ထံ ဇဝံ ကာရာပိတာ၊ ဇဝံ ဝါရေန ဝါရေန သဘာသု သံကရလက္ခဏ ဒီပကထာယ ဝတ္တမာနာယ အနုက္ကမေန ဗဟူ ထေရာဒယော ဘိက္ခူ မယာ ဝုတ္တာကာရေန သံကရ ဒေါသံ သလ္လက္ခေသုံ။

ပုန ဣတော ဆဋ္ဌေ ဝဿေ အသုကဒိဝသေ အသုကဋ္ဌာနေ သံဃော သန္နိပတိဿတီတိ ဣမာယယေဝ သံကရကထာယ ပစ္စုတ္တရဋ္ဌာနာယ တတ္ထ အာဂန္တဗ္ဗန္တိ။ ဂဏာစရိယမဟာထေရေနေဝ ဝါလုကာရာမတော အညတ္ထ ဋ္ဌိတဿ မယှံ သာသနံ ပေသေသိ၊ အထာယံ "သကပရိသမဇ္ဈေ ဇဝံ တိက္ခတ္တုံ မယာ ပစ္စုတ္တရံ ဒိန္နံ ဓမ္မဝိနယ ဓရပမုခပရိသာယ သဒ္ဓိံ သကပရိသံ ဇကတော ကတွာ ဇာနာပေယျ ပါပုဏိဿာမိ နော စေ န ပါပုဏိဿာမီတိ" ပဋိသာသနံ ပါဟေသိ။

တဒါ တေ ဉာဏာနန္ဒတိဿာဒယော ဝိဝါဒကာရကာယေဝ ဒုဝေဟိ ဝေါဟာရံ ဂတဂါမေ ဝိဟာရေ သန္နိပတိတွာ အတ္တနော ဝစနဂါဟကာနံ အညမညဉ္ဇာတိမိတ္တာသဋ္ဌိ သတ္တတိမတ္တဘိက္ခူနံ မတိယာ "ဣတ္ထန္နာမော အဓမ္မံ အဝိနယံ ဒီပေတိ သံဃဘေဒကော' ယံ နေသော ယာဝ ပစ္စုတ္တရံ ဒေတိ, န တေန သဒ္ဓိံ ဓမ္မာမိသသမ္ဘောဂေါ ကာတဗ္ဗော" တိ အာဒိနာ အသန္တာဂုဏရောပန ကလေခနံ ဂဏာစရိယမဟာထေ ရေန လိခါပေတွာ သံဃာဏာဝစနေန ယထာ ယသတ္ထေရံ ဝဇ္ဇိပုတ္တကာ မံ ပကာသေသုံ။

အထာဟံ ကတိပယဒိဝသေနေဝ တံ လေခနံ သံဃဿ ယုတ္တိ ကာမေန ဒတွာ ကောသိဂေါဠနာမ တေ ဂါမေ ဂနေ ဂေါဠယ်လိလနာမ ကေ တေ ဝိဟာရေ အသုကဒိဝသေ သံဃော သန္နိပတတု၊ ဣတ္ထန္နာ မဿ အဓိကရဏာဿ သမနာယာတိ ဂဏာစရိယမဟာထေရသမာန ဝဿိကရောဟဏဇနပဒဝါသိ ဓမ္မဝိနယဓရဓမ္မဒိန္နတ္ထေရေန လေခနာနိ ပဟိဏာပေတွာ ဂဏာစရိယမဟာ-ထေရ **ဉာဏာနန္ဒတိဿာဒီနမ္ပိ** အဝိရာဓေတွာဝ တံ ဌာနံ ပါပုဏနတ္ထာယ လေခနာနိ ပဟိဏာပေသိ။

ဌပေတွာ ဂဏာစရိယမဟာထေရဉာဏာနန္ဒတိဿာဒယော အညေ ဓမ္မဝိနယဓရော သိက္ခကာမာ မူလသမူဟေ ပဓာနထေရာနုထေရာဒယော အတိရေက သတမတ္တာ ဥပသမ္ပန္နာ ဒွိသတသင်္ချာ ဗဟု ဘိက္ခူ သန္နိပတိံသု၊ ဗဟုဇနကာယော သမာဂတော စိရေန တာဒိသော မဟာသန္နိပါတော နာဟောသီတိ ဝဒန္တိ။

တဒါ အဟံ သံဃမဇ္ဈေ အဋ္ဌကမနာဟစ္စာပိ ဥဒကုက္ခေပဗ္ဘန္တရံ ဂါမ-သမ္ဗဒ္ဓသေတုရဋ္ဌပါရောဟာဒီနံ ပဝိသိတွာ ဌာနံ ကမ္မကော ပကရသီမာ သံကရဒေါသောတိ အဋ္ဌကထာဒိတော သဉပါဟရဏ ကာရဏာနိ အာဟရိတွာ ပကာသေတွာ သုဋ္ဌုတရံ ဝိနိစ္ဆယံ ကာရာပေသိံ၊ သန္နိပတိတသဗ္ဗဘိက္ခူဟိ မကစိဝတ္ထေ ဟတ္ထသညာကာ ရာပနဝသေန အတ္တနော အတ္တနော နာမာနိ လိခါပေတွာ ဂဏာစရိယမဟာထေရေန အနနုရုပံ လိခါပိတံ လေခနံ ကေနစိ န သမ္မုဋ္ဌိတဗ္ဗံ, န သဒ္ဒဟိတဗ္ဗန္တိ ပဋိလေခနာနိ ဝဝတ္ထာပေတွာ ယာဝ တေ ဉာဏာနန္ဒတိဿာဒယော ဓမ္မလဒ္ဓိယံ န ပတိဋ္ဌဟန္တိ, ယာဝ စ တေ အသုဒ္ဓ သီမာယံ ဥပသမ္ပဒါဝေါဟာရပတ္တာ အနုညာတနယေန ဥပသမ္ပဇ္ဇိဿန္တိ, န တာဝ တေဟိ ဓမ္မာမိသသမ္ဘောဂေါ ဓမ္မလဒ္ဓိကေဟိ ဘိက္ခူဟိ ကာတဗ္ဗောတိ စ ယာဝ တေ ဓမ္မလဒ္ဓိယံ န ပတိဋ္ဌဟန္တိ, "အဓမ္မဝါဒိ ဝုမှတရော အဝန္ဒိယော" တိ အာဂတတ္တာ တေ ဓမ္မလဒ္ဓိကေဟိ န ဝန္ဒိတဗ္ဗာတိ လေခနေ လိခိတွာ ပတ္ထဋ္ဌံ ကာရေသိံ၊ တတော ပဋ္ဌာယ သဋ္ဌိသတ္တတိမတ္တာ တေ ဂဏာစရိယမဟာထေရာ-ဒယော အပသက္က ဋ္ဌိတာ ဟောန္တိ။

အထ မြမ္မရဋ္ဌဂ်တဓမ္မက္ခန္ဓဘိက္ခူနော ဟတ္ထေ ဘဒန္တသံဃရာဇ မဟာ-ထေရဝရေန ပေသိတသီမာဝိနိစ္ဆယဿ ပကာသနေန သုဋ္ဌုတရံ ဓမ္မမေဝ ဝိနယမေဝ ဋ္ဌိရတရံ ဇာတံ၊ ဒုတိယဝါရေ မဟာထေရေန ပဟိတသာသနပဏ္ဏာနိ ဝါ သံကရာသံကရ ဘာဝသလ္လက္ခဏာယ လဋ္ဌိတစိတ္တိကတကမ္မာနိ ဝါ အမ္ဗေဟိ ဝါ အဓြေဟိ ဝါ ဗဟူဟိ န ဒိဋ္ဌာနိ၊ ဝိတ္ထာရေန စ န သုတံ အပိစ သီမာဝိနိစ္ဆယ မေဝ သံကရာသံကရ ဘာဝ ဇာနနာနုရူပေန စိတ္တီကတကတိပယံ ပဏ္ဏာနိ စ ပေသိတာနီတိ သုတံ ဟောတိ။

အထ တတိယဝါရေ သီမာသံကရဝါဒေန ဘိန္နသ သံဃဿ သာမဂ္ဂီ-
ကရဏတ္ထာယ ပရမာနန္ဒဝိဟာရဝါသိနော အာယသ္မတော သီရိသုမနတိဿဿ
ဗုဒ္ဓသနာမကေ ဂါမေ တန္နာမကဝိဟာရ ဝါသိနော ပညာမောလိ စာတိ ဒွိန္နံ
ဘိက္ခူနံ မဟာထေရာသဘေန ယံ သာသနပဏ္ဏံ ပဟိတံ၊ တံ အာယသ္မတာ
သိရိသုမနတိဿေန အမှာကံ သန္တိကေ ဝါစိတံ ဟောတိ၊ မယံ ပန ပုဗ္ဗ
ကာလတော ပဋ္ဌာယ ဓမ္မာနုလောမတော တေဟိ သဒ္ဓိံ သာမဂ္ဂီမုပဂန္တုကာမာဝ
ဠှိတာ၊ ဂဏာစရိယမဟာထေရာ ဒယောပိ အတ္တနော ဒိဋ္ဌိ ရုစိံ အဝိဇဟန္တာဝ
အဓမ္မာဝိနယာနုလောမတော အမှေဟိ သဒ္ဓိံ သာမဂ္ဂီမုပဂန္တုကာမာဝ ကတိပယ
ဝါရေ တဒတ္ထာယ ဝါယမန္တာ ဠှိတာ မဟာထေရဿ အာနုဘာဝေန ဣမသ္မိံ
ဝါရေ ဓမ္မဝိနယာနုလောမတော တံ သာမဂ္ဂီရသံ အနုဘဝေယျာတိ စိန္တေဟိ
အမှေဟိ အညဝါဒပက္ခိကဂဏာစရိယမဟာ ထေရာဒီဟိ သဒ္ဓိံ မဒ္ဒဝါနုရူပ-
ဝသေန ကတ္တဗ္ဗကာယဝစီကမ္မာဒယော ယထာသတ္တိံ ကတာ။

အထာယံ သံဃသာမဂ္ဂီကရဏတ္ထာယ မဟာထေရဝရေန ပဟိတ-
သာသနလာဘီဟိ ပဋိပဇ္ဇိတဝိဓိဿ စ အသာမဂ္ဂီမုပဂတာနံ သမာနာနံ
သာမဂ္ဂီပဋိဇာနန္တာနမေကစ္စာနံ ဘိက္ခူနံ ဇိမှာကပ္ပါဝ ဗောဓနာရဟာယ
ယထာညတ္တာနိ စ လိခီယတိ၊ ယထာ လံကာဒီပေ ဌတွာ နဂရာသန္နပဒေသေသု
သာလာဂါမမနုဿာနံ နိဝါသဂါမေသု ဗဟုလံ သာလာဂါမကုလဇဘိက္ခူနံ
နိဝါသဂါမာ ဟောန္တိ၊ တထာ ဂေါယိဂမကရာဝေ ဒုရဝေတိ ဝေါဟာရဂတ-
မနုဿာနံ နိဝါသဂါမေသု တံ တံ ကုလဇဘိက္ခူနံ အာရာမာ ယသ္မိံ ယသ္မိံ
သမူဟေ ယေန ကေနစိ ကာရဏေန ဘေဒေါ ဘဝေယျ၊ တံ တံ သမူဟိက-
ဘိက္ခူသုယေဝ တေသံ တေသံ ဘိက္ခူနံ နိဝါသာရာမာဒိကာရကာ တံ တံ
ဂါမိကမနုဿေသု စ ဗလဝါ ဟောတိ၊ အယံ ခေါ သံကရဝါဒေါ
သာလာဂါမသမူဟိကဘိက္ခူနမန္တရေ ဇာတတ္တာ ဘေဒေါပိ တေသံ နိဝါသဂါ-
မေသု မနုဿေသု ဗလဝါ ဟောတိ၊ တသ္မာ မူလသမူဟိကသာလာဂါမ
ကုလဇာတိပက္ခိကဘိက္ခူ သန္နိပါတေတွာ တေသံ နိဝါသာရာမေသု ယသ္မိံ ကိသ္မိံစိ
ပါကဋ္ဌာရာမေ မူလတော ပဘုတိ သံခေပေန ဝါ ဝိတ္ထာရေန ဝါ တိက္ခတ္တုံ

ပဟိတာနံ သံဃရာဇမဟာထေရော သာသနာနံ ဘာဝတ္ထံ ပကာသေတွာ သံကရာသံကရာဘာဝ ဗောဓာရဟာနိ စိတ္တီကတပဏ္ဏာနိ ဒဿေတွာ သဗ္ဗသမဏပရိသံ ဂဟဋ္ဌပရိသံ ဗောဓေတွာ အဓမ္မဝါဒိနော ဓမ္မဝါဒိတာယ ပတိဋ္ဌာပေတွာ ပဋ္ဌမံ အဓမ္မဝါဒီဟိ ဓမ္မဝါဒီနံ သန္တိကေ အစ္စယဿ ဒေသာပနေန ဓမ္မဝါဒိနော ခမာပေတွာ ဓမ္မဝါဒီဟိပိ တဒနုရူပံ ကာရာပေတွာ အသုဒ္ဓသီမာယ ဥပသမ္ပဒဝေါဟာရပ္ပတ္တာနံ ဘိက္ခုပဋိညာနံ အနုပသမ္ပန္နာနံ ဥပသမ္ပဒါယ ကာရာပနေန စေဝ သီမာလံကာရနယေန ပုဗ္ဗဝဿေ အဂဏေတွာ တတော ပဋ္ဌာယ ဝဿဂဏနဿ ကာရာပနေန တိပက္ခိကဘိက္ခူ တောသေတွာ အဓမ္မာဝိနယဝဗောဓနေန အပါယမဂ္ဂဋ္ဌိတဂဟဋ္ဌေပိ ဓမ္မဝိနယာဝဗောဓနေန တတော မောစေတွာ သံဃသာမဂ္ဂိံ ကာရေတွာ အကုဋိလဟဒယေတိ သာဒရဂါရဝေဟိ မဟာထေရဿ ယထာဘူတပဝတ္တိယာ သန္ဒေသပဏ္ဏံ ပဟိဏိတဗ္ဗံ ဟောတိ။ နေဒိသာ သာမဂ္ဂီ တာဝ ကေနစိ ကာရာပိတာ။

သံကရဝါဒေန ဘိန္နသံဃဿ သာမဂ္ဂိကရဏတ္ထာယာတိ ပါဠိံ ကတွာ သာလာဂါမမနုဿာနံ ဝါ တဗ္ဗာတိကဘိက္ခူနမာရာမာနံ ဝါ အပ္ပဝတ္တနက ကရာဝေ မနုဿာနံ အမ္ဗလံဂါမနာမကေ ဂါမေ ကရာဝေတိ ဝေါဟာရမုပဂတ ဒုတိယသမူဟဘိက္ခူနံ နိဝါသာရာမေ ဆန္ဒာဂတိဝသေနာဂတာ အတိက္ကန္တာ အာသဠှိမာသဿ သုက္က ပက္ခဒသမိယံ ဂုရုဝါရေ ဂါမောဒကုက္ခေပသီမာ သမ္ဗန္ဓ ဒေါသပကာသက အဋ္ဌကထာနယဿာ ဂါဟကဂဏာစရိယမဟာ-ထေရာဒီနံ စ သံဃရာဇမဟာထေရဝရေန ပဟိတသီမာဝိနိစ္ဆယေ ဒိဿမာန အဋ္ဌကထာ နယမေဝ သာရတော ဂဟေတွာ ဋ္ဌိတာနမမှာကံ စ အဋ္ဋကမနာဟစ္စ ဧကင်္ဂုလ ဒွင်္ဂုလာဒိပမာဏန္တရံ ဌပေတွာ ဂါမသမ္ဗန္ဓသေတုအာဒိမှိ ဥဒကုက္ခေပပရိစ္ဆိန္နဋ္ဌာနဗ္ဘန္တရံ ပဝိသိတွာ ဖုသိတွာ ဋ္ဌိတေ ကုန္ဒီအာဒီသု ဝိယ သေတုအာဒိနံ ကောဏေ သီမာ ပရိစ္ဆိဇ္ဇတိ။

- နတ္ထိ သံကရောတိ လဒ္ဓိကဝါဒီနံ ကာလကတဉာဏာနန္ဒ တိဿာ စရိယဓမ္မာဓာရတိဿာဒီနံ စ နိပက္ခိကာနံ စ ဓမ္မာဓမ္မဝစနေဟိ ကေ ဝါ ဓမ္မဝါဒိနော ကေ ဝါ အဓမ္မဝါဒိနောတိ ကင်္ခါပရေတာနံ ပဒုဋ္ဌစိတ္တာနံ သာလာ

ဂါမိကာဒိမနုဿာနံ သန္နိပတနာယ မဟာထေရဿ သာသနလာဘိ သိရိသုမနတိဿော ဘိက္ခု မုခသာသနေဟိ စ လေခနေဟိ စ ဇာနာပေသိ၊ ဂဏာစရိယမဟာထေရာဒယော ကတိပယာရာမဝါသီ ဘိက္ခူ စ မယံ စ ဉာဏာနန္ဒတိဿဿ ယထာ ဝုတ္တလဒ္ဓိမနုဝတ္တကစတုပဉ္စဘိက္ခူ စ အညေ ကရာဝေတိ ဝေါဟာရံ ဂတသမ္မူဟိကဘိက္ခူစာတိ သဗ္ဗေ သဋ္ဌိသတ္တတိမတ္တာ ဘိက္ခူ တံ ဂါမဝါသိနော စ ဗဟူ မနုဿာ အညဂါမဝါသိနော စ အပ္ပကာ မာဂဓဘာသာယ ကတပရိစယ သလမောန်ဒါသောဝုသာ အပ္ပုဟာမိ နာမ ဥပါသကာဒယော စ အပ္ပကာ အာရက္ခတ္ထာယ စ သမိပါဓိကရဏသာလာယ ဝိနိစ္ဆယဋ္ဌာနန္တရနိယုတ္တမိစ္ဆာဒိဋ္ဌိက ဧဝလိဿာမစ္စေန သဒ္ဓိံ ဗုဒ္ဓသာသနိကမာဂဓဘာသာယ ကတပရိစယဝိဇယဂုဏရတန အဘယသိံဟမုဒလိအမစ္စော ဂါမမနုဿကောလာဟလ နိဝါရကကတိပယဂဟဋ္ဌာ စ တံ ဌာနံ သမ္ပတ္တာ အဟေသုံ။

တေသု ဘိက္ခုသံဃော တတ္ထ ဌိတာယ သာလာယ ဩသရိတွာ နိသီဒိံသု၊ ဘိက္ခူနံ သမီပေ အာရက္ခမိစ္ဆာဒိဋ္ဌိအမစ္စော စ သီဟဠမုဒဠိ အမစ္စော စ သလမောန်ဒသောဝုသာ အပ္ပုဟာမိ အာဒယော ကတိပယ ပဓာန မနုဿာ စ တတော ပရံ အညမနုဿာ စ အဋ္ဌံသု။

တဒါ သိရိသုမနတိဿဘိက္ခု စ ပညာမောလိဘိက္ခု စာတိ ဒွေ ဘိက္ခူ ဥဋ္ဌာယာသနာ သံဃရာဇမဟာထေရဿ ဝယေန ဝုဍ္ဎတ္ထေရာနံ သန္တိကမုပဂမ္မ မြမ္မရဋ္ဌေ သံဃရာဇမဟာထေရဝရဿ ဝစနေန ဝန္ဒာမာတိ ဝန္ဒိံသု၊ ဝန္ဒိတွာ သံဃမဇ္ဈေ သိရိသုမနတိဿေန ဘိက္ခုနာ မဟာထေရဝစနေန ပဟိတံ တတိယသာသနပဏ္ဏံ ပါဠိဘာသာဝသေန မူလတော ပဘုတိ ယာဝ ပရိယောသာနံ ဝါစေတိ။

အထ တဿေဝ သာသနပဏ္ဏဿ ဗျဉ္ဇနစ္ဆာယာယ ကဉ္စိ သီဟဠဘာသာရုဠှံ လေခနံ မူလတော ယာဝ ပရိယောသာနံ ဝါစေသိ၊ ဝါစေတွာ သံဃရာဇုတ္တမေ ဂါရဝ ဝသေန သံဃော သမဂ္ဂေါ ဟောတူတိ သံဃံ ယာစိ ဂဏာစရိယမဟာထေရော သံဃရညော သာသနပ္ပကာရေန မယံ သမဂ္ဂါ

ဟောမာတိ အဝေါစ၊ အန္တေဝါသိကာပိ အညေ မယမ္ပိ တထာ အဝေါစုမှ၊ အထ အမှေဟိ သမာနလဒ္ဓိကာနံ ကတိပယဘိက္ခူ သံဃရာဇုတ္တမေန ပဌမဝါရေ ဒုတိယဝါရေ စ ပဟိတသာသနပဏ္ဏာနံ သန္ဒေ်ပတ္တံ ဣမိဿံ ပရိသာယံ ဝါစေတွာ ပကာသေထာတိ သိရိသုမနတိဿပညာမောလိဘိက္ခူ ယာစိံသု။

အထ တေ ဒွေ ဘိက္ခူ "န မယံ တာနိ သာသနပဏ္ဏာနိ ဣဓ အာဟရာနိ"တိ အဝေါစုံ၊ အထ အမှာကမေဝ သမာနလဒ္ဓိကာန မညတရော မယှံ အန္တေဝါသီ **ပညာသီဟော** ဘိက္ခု "မယှံ ဟတ္ထေ ပဌမဝါရေ ပဟိတ-သီမာဝိနိစ္ဆယမတ္တံ ဝိဇ္ဇတိ၊ တတ္ထာဂတနယံ သံခေပေန ပကာသေဟီ" တိ ဝတွာ အဠကမနာဟစ္စ ဥဒကက္ခေပပရိစ္ဆေဒဗ္ဘန္တရေ ယတ္ထ ကတ္ထစိ ဂါမသမ္ဗန္ဓ သေတုအာဒိမှိ ဖုသိတွာ ဌိတေ သံကရော ကမ္မံ စ ကုပ္ပတီ"တိ အတ္ထပ္ပကာသက-ပါဌံ ဒဿေတွာ အဒါသိ၊ **သိရီသုမနော** တံ ကတိပယဝါရေ ပါဠိဝသေန ဝါစေသိ၊ သီဟဠဘာသာယ အတ္ထံ န ပကာသေသိ၊ အထ **ပညာသီဟော**ယေဝ တံ ဂဟေတွာ ဝါစေတွာ သီဟဠဘာသာယ အတ္ထံ ဒဿေတိ၊ အထ "ဇတ္တကံ ပမာဏံ မာ ဝါစေထာတိ ပညာမောဠိအာဒယော ဒဠှံ နိဝါရေသုံ၊ အထ အမှာကမေဝ သမာနလဒ္ဓိကာန မညတရာ ဘိက္ခု သံဃရညော ဣမိဿံ သာသနပဏ္ဏေ ဒဿိတသံ ကရဒေါသံ အာယသ္မန္တော ပဿထ, နော ဝါ" တိ အညသမာနလဒ္ဓိကေ ဘိက္ခူ ပုစ္ဆိံသု။

အထ အမှာကံ အသမာနလဒ္ဓိကပက္ခေ ဌိတသရဏပါလတ္ထေရ **ပညာမောလိ**အာဒယော "မယံ သလ္လက္ခေမာ"တိ အာဟံသု၊ အထ သိရီသုမနော တံ သလ္လက္ခခိတာနံ နာမာနိ လိခိတုံ အာရဘိ၊ အထ ပညာမောလိအာဒယော အတ္တနော ပက္ခေ ဌိတာနံ အတ္ထသမ္ပတ္တာနံ စ ဒွေဝီသတိနာမာနိ လေခနေ လိခနတ္တာယ အဝေါစုံ သိရိသုမနော တာနိ လိခိ၊ ဣင်္ဂလိဿာနမန္တရေ စ ဣဒါနိ သီဟဠာန မန္တရေ စ ယော ကောစိ ယံ ဝဒတိ ဝါ လိခါပေတိ ဝါ၊ တဿ ဝစနဿ သဒ္ဒဟာပနာယ အတ္တနော နာမံ အံကေတွာ အတ္တနော ဟတ္ထေနေဝ ယသ္မိံ ကိသ္မိံစိ ပဏ္ဏေ သညာယ ဝါ လဉ္ဆနဿ ဝါ ကရဏံ စာရိတ္တံ။

တသ္မာ သံဃရညော **သီမာဝိနိစ္ဆယေ** ဒဿိတသံကရ ဒေါသဿ

အတ္တနော အတ္တနော သဒ္ဒဟိတဘာဝံ ပကာသနာယ ဟတ္ထသည် ကရောထာတိ မယာ ဝုတ္တာ သရဏပါလတ္ထေရ ပညာမောလိ ဘိက္ခုအာဒ ယော “န မယံ ဟတ္ထသည် ကရောမာ” ဟိ ဒဋ္ဌတရံ အာဟံသု၊ တေန မယံ တေ တေ ခမ္မိကံ သာမဂ္ဂိမုပဂစ္ဆန္တီတိ တုဏှီ အဟုမှ။

အထ ဂဏာစရိယော ပန ဂါမောဒကုက္ခေပသမ္ဗန္ဓနေ သံကရဒေါသောပိ နတ္ထိ၊ တတ္ထ ကတကမ္မမ္ပိ န ကုပ္ပတီတိ ဒဠှံ ကထမာရဘိ၊ ဂဏာစရိယော ပနေတရဟိ ဝယောဝုဍ္ဎနော အမှေသု ဧကစ္စာနံ အာစရိယော ဧကစ္စာနံ အာစရိယသမော အနုရူပေနာ ကာရေန ဝုစ္စမာနေပိ န သလ္လက္ခေတိ၊ န ကောစိ တေန တတ္ထ ပဋိဝစနမဒါသိ၊ နိရတ္ထကတ္တာ၊ ရတ္တိယာ ပဌမော ယာမောပိ အတိကန္တော န တတ္ထ အညော ကထာ ဟောတိ၊ ဧတ္တကေန တံ ကိစ္စံ နိဋ္ဌမဂမာသိ မဟာထေရဿ သာသနလာဘီဟိ သာမဂ္ဂိကရဏာယ တသ္မိံ ဒိဝသေ အာရဒ္ဓကိစ္စဿ အတ္ထော ဧတ္တကောဝ၊ ဥပပရိက္ခတု တိက္ခပညော မဟာထေရပညာမောလိအာဒီနံ စေတ္ထ ပဝတ္တိ ပကတိံ။

အဟံ တဿံ ရတ္တိယံယေဝ အညံ ဂါမကာဝါသံ ဂတောမှိ ပုနဒိဝသေ သမာနာသမာန လဒ္ဓိကမ္ဗောဓမ္ဗဝါဒီ ဂဏာစရိယ မဟာထေရ **သိရီသုမနတိဿ ပညာမောလိဘိက္ခု** စ ကရာဝေတိ သမူဟိကာနမညတရော ဘိက္ခု စ “မာဒမ္ပာမောဒရ” နာမ ဂံဂါပဒေသေ ဧကတော ဟုတွာ ဝိနယကမ္မံပိ အကံသူတိ သုတံ။

နာဟံ တဿ ကမ္မဿ ကရဏဋ္ဌာနံ အဂမာသိံ ဥပေါသထာ ဂါရံ ဝါ အဋ္ဌကံ ဝါ အပနေတွာ သမဂ္ဂေါ ဟောထာတိ သံဃရာဇုတ္တမေန သာသနံ ပေသိတံ နာညာ သာမိစိ ဝိမိ ဒဿိတာ “မယံ တထာ ကရောမ သံဃရာဇုတ္တမဿ စ ဘိန္နသံဃဿ သာမဂ္ဂီ ကတာတိ သာသနံ ပေသိဿာမာ’ တိ ဝဒန္တာ **သိရီသုမနတိဿာ**ဒယော ဧဝံ ပဋိပဇ္ဇန္တိ၊ မယံ ပန “န စေဝ သံဃရာဇထေရာသဘေန နိယမိတံ ပဌမဝါရေ စ ဒုတိယဝါရေ စ သံကရာ- သံကရဘာဝါဝဗောဓကေ သာသနပဏ္ဏာနိ ဥဇုကမေဝ တေန မဟာထေရာ- သဘေန ပဟိတာနိ၊ တတိယဝါရေ ဝိတ္ထာရဝသေနသံကရာ သံကရ ဗောဓနေ

ကာရဏာနံ ပုဗ္ဗသာသနေဟိ ဒီပိတတ္တာ၊ တာနိဝ အဒသေတွာ သင်္ခေပေန ဓမ္မဝိနယာ နုလောမနယေန သံဃဿ သာမဂ္ဂိကရဏံ ပကာသေတွာ သမဂ္ဂိယံ ဝိသေသတော အာနိသံသာနံ ပကာသနေန သာသနံ ပေသိတံ၊ တသ္မာ ပဋိပါဋိယာ ပေသိတေသု တီသု သာသနပဏ္ဏေသု အတ္ထေ သလ္လက္ခေတွာ အဓမ္မဝါဒီနံ ဓမ္မဝါဒီဘာဝေ ပတိဋ္ဌာပနေန အစ္စယဿ ဒေသာပနေန, အနုပ-သမ္ပန္နာနံ ဥပသမ္ပါဒနာယ ဓမ္မဝါဒီသု အပ္ပသန္နမနုဿာနံ ဓမ္မဿ ပကာသနေန ပသာဒေတွာ ဥပသမ္ပဒါဝံသဿ ပါလနတ္ထာယ သာသနဿ သောဓနတ္ထာယ စိရဋ္ဌိတိယာ ပေါတ္ထကေသု ဒိဿမာနနယေန ဓမ္မာနုကူလာယ သံဃသာမဂ္ဂိယာ ကာရာပနေန ပုညာနုမောဒနတ္ထာယ အတ္တနော ဩဝါဒေ ဌာတဗ္ဗအမရ-ပုရနိကာယိကသမူဟတ္တာ ကရုဏာပုဗ္ဗင်္ဂမစိတ္တေန သံဃရာဇမဟာထေရာ သဘေန သာသနံ ပဟိတံ၊ တထေဝ တံ ပဋိပဇ္ဇိတဗ္ဗ”န္တိ ဝဒါမ၊ သလ္လက္ခေမ။

တဒါ အမ္ဗလံဂေါဍသာလာယံ သံဃမဇ္ဈေ “သံကရဘာဝံ သလ္လက္ခေမ, တဿ သဒ္ဒဟနာယ ဟတ္ထသညံ ကရောမာ”တိ ဝုတ္တေ ပညာမောလိ အာဒယော “ကိံ ဘန္တေ အမရပုရေ သံဃရာဇုတ္တမေန တီသု ပက္ခေသု ဝါဒီနံ ‘တေသံ ဝါဒေါ ဓမ္မာနုလောမိကောတိ သန္ဒေသေသု ဒဿိတော’ တိ ပုဋ္ဌာ သမာနာ” န မယံ တံ ကဿစိ ဝဒါမ မာ တံ ပုစ္ဆထာ” တိ အာဒိဝစနေန ပုဗ္ဗပကတိယာယေဝ ဣဒါနိ တိဋ္ဌန္တိ ဧတေဟိ **သီရိသုမနတိဿ ပညာမောလိ**ဘိက္ခူဟိ အဓမ္မဝိနယ ဝါဒီဘိက္ခူဟိ အဓမ္မဝိနယာဝဗောဓိတသာလာဂါမ မနုဿာနံ ဗဟူန္နံ နိဝါသဂါမေသု တေသံ ဓမ္မဝိနယာဝဗောဓနေန ပသာဒရဟေသု ပသာဒါယ ကတ္တဗ္ဗကိစ္စံ ဓမ္မဝိနယဝါဒီဟိ ဓမ္မဝိနယာ ဝဗောဓိကကရာဝေမနုဿာနံ ဗဟူန္နံ နိဝါသဂါမေ ကတံ အဓမ္မဝိနယဝါဒီနံ ဂါမောဒကုက္ခေပသမ္ဗဒ္ဓဒေါသမ ပဿန္တာနံ သာလာဂါမကုလ ဇာတာနံ ဗဟူန္နံ ဘိက္ခူနံ ဓမ္မဝိနယာဝဗောဓနေန ဓမ္မဝိနယ ဝါဒီဟိ သာမဂ္ဂိကရဏာယ တေသံ အဓမ္မဝိနယဝါဒီနံ ဗဟူနံ မဇ္ဈေ ကာတဗ္ဗကိစ္စံ ပုဗ္ဗေဝ’မေဟိ ဓမ္မဝိနယေနာဝဗောဓိတသီမာ သမ္ဗဒ္ဓဒေါသာနံ ကရာဝေ သမူဟိ ကာနံ ဗဟူန္နံ ဘိက္ခူနံ မဇ္ဈေကတံ မဟာထေရေန ပဋ္ဌမဝါရေ ပဟိတ**သီမာ-ဝိနိစ္ဆယ**တ္ထဿ သဘာယ ပကာသနေန မဟာထေရဿ ဉာဏဝေယျတ္တိံ ကာရဏာကာရဏ မုပပရိက္ခန္တာနံ ပဏ္ဍိတဘိက္ခူနံ စေဝ ဗုဒ္ဓသာသနိက-

တာဒိသဂဟဋ္ဌာနံ မနုပ္ပသာဒံ စ ဇနေတွာ ဒုတိယဝါရေ တဒနုရူပကမေန ဂါမောဒ ကုက္ခေပ သံကရာသံကရာကာရဒီပနာယ စိတ္တီကတရူပသဏ္ဌာန ပဏ္ဏာဒိံ သဘာဝမဇ္ဈေ ဘိက္ခုနံ စ ဂဟဋ္ဌာနံ စ ဒဿေတွာ အဝိညာတ ဓမ္မဝိနယ သဒ္ဒသတ္ထလက္ခဏဂဟဋ္ဌပဗ္ဗဇိတာနံ ကင်္ခါဆေဒနေန ပကာသေတွာ ကာတဗ္ဗကိစ္စံ အဓမ္မာဝိနယဝါဒီနံ မတပ္ပဗောဓာယ သဗ္ဗသော ပဋိစ္ဆာဒေတွာ အပ္ပကာသေတွာ ကတံ တတိယဝါရေ မဟာထေရေန ပဟိတသာသနပဏ္ဏေပိ ဓမ္မဝိနယာနုလောမက္ကမေန သာမဂ္ဂိယာ ကရဏဿ နိယမံ သလ္လက္ခေတွာ တေန ကမ္မေန ဓမ္မဝိနယာနုဂ္ဂဟာယ မဟာထေရေန တီသု ဝါရေသု ပဟိတသာသနပဏ္ဏေသု အတ္ထာနတ္ထံ သံသန္ဒိတွာ ဓမ္မဝိနယဝါဒီနံ ပေသလာနံ ပဂ္ဂဟာယ နိသမ္မကာရိတာယ ကတ္တဗ္ဗကိစ္စံ ပုဗ္ဗကာလေ ရာဇာဏတ္တိယာ သံဃသာမဂ္ဂိကရဏာယ ဂတသီသစ္ဆေဒကာမစ္စမနုကာရိနာ အန္တေန ဝိယ "သမဂ္ဂေါ ဟောတု သံဃရာဇမဟာထေရ ဂါရဝေနာ"တိ သာမဂ္ဂိဝစနမတ္တေန အဓမ္မဝါဒီနံ ယေဝ ဗလဝဍ္ဎနာယ, တေသံ တောသနာယ အနိသမ္မကာရိတာယ ကတံ မရမ္မရဋ္ဌဝါသီနော ဘိက္ခူ ပုဗ္ဗကာလတော ပဋ္ဌာယ ဓမ္မိကမဟာရာဇာဏာယ စ ဓမ္မဝိနယဓရမဟာထေရာနုသာသနာဟိ စ နိဿယန္တေဝါသိကဘာဝေန စာတိ ဇဝမာဒီဟိ အနေကေဟိ ပတိရူပဒေသဝါသိတာနုရူပ ကာရဏေဟိ ဓမ္မဝိနယာနုလောမေဟာကာရေဟိ သုသိက္ခိတာ ကာယဝင်္ကစိတ္တဝင်္ကတာဟိ ဗဟုလံ အပဂတာ န တာဒိသံ ဇာနိတုံ သက္ကောန္တိ အညေန ယေနကေနစိ မုဂ္ဂသုပတုလျမိဿကပဝတ္တိဗဒ္ဓလေ ခနဒဿနမတ္တေန အထာဒိသာနံ သီလံဝါ သောစေယျံ ဝါ ဇာနိတုံ အစ္ဆရိယမေဝ ဘဂဝတာ ဝုတ္တံ "သံဝါသေန ခေါ ဘိက္ခဝေ သီလံ ဝေဒိတဗ္ဗံ, တံ စ ခေါ ဒီဃေန အဒ္ဓုနာ န ဣတ္တရံ, မနသိကရောတာ နော အမနသိကရောတာ ပညဝတာ, နော ဒုပ္ပညေနာ"တိ။

အယံ စ ခေါ ပရမနန္ဒဝိဟာရဝါသီ သိရီသုမနော လံကာဒီပေ ဒုဇ္ဇန တရာနမညတရော ပိယသီလေဟိ အနာသေဝိတော ဥဇုစိတ္တေန၊ ဣင်္ဂီလိဿဘာသာယ ကုသလေဟိ မိစ္ဆာဒိဋ္ဌိကသီဟဠပုရိသေဟိ သျာမနိကာယိကတဗ္ဗကာရီဟိ ဧကတော ဟုတွာ တေသံ တေသံ ရဋ္ဌဝါသီနံ ရာဇရာဇမဟာ မစ္စထေရာ နုထေရာဒီနံ ပသာဒါဝဟာကာရေန သန္တာသန္တမိဿကာရောပန

ဝုတ္တိယာ ပရိဝတ္တေတွာ လေခနာနံ ပဟိဏနေန ဝါ ပဟိဏာပနေန စ ပသာဒါပနေန စေဝ ဘေဒါပနေန အတ္တနော ပေါရာဏိက ဥပါလိဝံသိက ပကတိယာ ဝံသံ ဂဏံ ယေန ကေနစိ အာကာရေန ပရိဟရိတုကာမော အမရပုရနိကာယိကေသုပိ ဂုဏဝန္တာနံ ဂုဏံ မက္ခေန္တော အတ္တနော ရုစိတကာ ဂုဏဝန္တာနံ ဂုဏံ ဝဏ္ဏေန္တော အထေတာ သစ္စသန္ဓော ဝသတီတိ အနေကေဟိ ဂဟဋ္ဌပဗ္ဗဇိတေဟိ ဝသောဝ'န္တေဝါသီဟိ အာသေဝက ဂါမဝါသီဟိ စ ဝုစ္စမာ နောပ'ဟံ ဘဂဝတော ဝစနေန ဧကန္တံ နိန္ဒိတဿ ဧကန္တံ ဝါ ပသံသိတဿာ' ဘာဝါပရိယေသိတုကာမတာယ စိရာယိံ။

ဣတော ကတိပယသံဝစ္ဆရတော ပုဗ္ဗေ အဟမ္ပိ တံ သစ္စန္တိ အာသေဝတံ ပရိဟာနိကရေ'သောတိ နိဋ္ဌံ ဂတောမှိ၊ ခမတု ဘန္တေ မဟာထေရော ဝေဠု စရိယဿ ရောဂလက္ခဏပဋိစ္ဆာဒနေန မရဏမ္ပိ ဟေဿတိ၊ ဧဝံ မဟာထေရဿ ဤဒိသာနံ အပ္ပကဿာပိ ဘာဝဿ အနာရောစနေန အမှာကံ အနာဂတေ အန္တရာယော ဘဝေယျာတိ သတိယာ ဥပ္ပါဒနာယ ဧဝံ မယာ လိခိတံ ဧသော ပရမာနန္ဒဝိဟာရဝါသိ သိရိသုမနနော မယှံ အန္တေဝါသိကော သမာနောပိ အန္တေဝါသိကော ဝိယ ဌိတော၊ တထာပိ န သက္ကောမိ ပရိဟာနိကရ မနုဝတ္တိတုံ ဝါ ဣဟ လောကတ္ထာယယေဝ ယဿကဿစိ မုခမောလောကေတုံ ဝါ ဂဏာစရိယမဟာထေရော သဗ္ဗကာပိ မယှံ ဥပကာရကော, တံ နိဿာယာဟံ ဧတ္တကမ္ပိ သာသနေ ဝုဒ္ဓိပ္ပတ္တောသ္မိ၊ တထာပိ အဓမ္မိကေ ကိစ္စေ တမနုဝတ္တိတုံ မသက္ကောန္တော တိဋ္ဌာမိ သဗ္ဗာမရပုရသျာမနိကာယိကာ တံ ဂဏာစရိယမဟာ ထေရံ ဣဒါနိ ဧဝံဘူတေ ကာလေပိ ဂရုံ ကရောန္တိ ယသ္မိံ ကိသ္မိဉ္စိ ဒုက္ခေ ဇာတေ အန္တရန္တရေ အဟမ္ပိတမုပသံကမာမိ၊ သော စ မဟာထေရော မယှံ အဖာသုက-ရောဂါဒိအန္တရာ ယေ ဇာတေ အာဂစ္ဆတိ၊ မယှံ စိတ္တေ ဥပနာဟော တသ္မိံ နတ္ထိ၊ တထာ ဣမသ္မိမ္ပိ။

\- ဣဒါနိ ကရာဝေတိ ဝေါဟာရံ ဂတဘိက္ခုသမူဟိကာနမေကံ ဘိက္ခုံ အာရဗ္ဘ အနုလောမပါရာဇိကာပတ္တာဓိကရဏံ မြမ္မရဋ္ဌေ ဂန္ဓာဂတ **ဓမ္မခန္ဓာစရိယ သရဏပါလ**တ္ထေရမာရဗ္ဘ အညမဓိကရဏံ စ ဥပ္ပန္နာနိ ဒွိသုယေဝါဓိကရဏေသု

အနုဝိဇ္ဇကာနံ မတိအနနုဝတ္တကတ္တာ တေ မယိ ဧတရဟိ အပ္ပသန္နာ ဝိယ ဌိတာ ပရမာနန္ဒ ဝိဟာရဝါသီ **သီရိသုမန တိဿောပိ** တသ္မိံ တသ္မိံ ကိစ္စေ အတ္တနော ရုစိမနနုဝတ္တကတ္တာ မယိ အပ္ပသန္နော ဂဏာစရိယမဟာထေရပညာမောလိ အာဒယော ပုဗ္ဗေဝ သံကရဝါဒကထာယ အတ္တနော အနနုဝတ္တကတ္တာ မယိ အပ္ပသန္နာ။

ဥပါလိဝံသိကာနံ အာယသ္မာ သုမင်္ဂလော ဘိက္ခု တန္နိကာယိကာနံ သဒ္ဒသတ္ထကဗ္ဗဗောဟိရသတ္ထကောဝိဒါနမညတရော သောပိ အဋ္ဌကမနာဟစ္စ အဗ္ဘန္တရံ ဌပေတွာ ဥဒကုက္ခေပဗ္ဘန္တရေ ဂါမသမ္ဗဒ္ဓသေတုအာဒိမှိ ဌိတေ ကုန္နဒီအာဒီသု ဝိယ သီမာ ပရိစ္ဆိဇ္ဇတိ၊ နတ္ထိ သံကရော ကမ္မကောပေါ စ နတ္ထီတိ မဟာထေရေ **သီမာဝိ နိစ္ဆယသ** လံကာဒီပံ ပဟိတကာလတော ပဋ္ဌာ ဒဠှံ အတ္တာနမုပဂတေ ဗောဓေတိ၊ ပုဗ္ဗေ တထာ သေတုအာဒိမှိ ဥဒကက္ခေပဗ္ဘန္တရံ ပဝိသိတွာ ဖုသိတွာ ဌိတေ သံကရော တတ္ထ ကတ္တဗ္ဗကမ္မံ စ ကုပ္ပတီတိ ဝဒန္တော ဌိတော **သီရိသုမနတိဿဿ** အနွေဝါသိကာပိ တဿ သန္တိကေ သဒ္ဒသတ္ထံ သိက္ခန္တိ မာဂဓလေခနာနိပိ တေန သီရိသုမန တိဿော ဂဏှာပေတိ၊ သောပိ **သုမင်္ဂလော** ပုဗ္ဗေ မယာ သဒ္ဓိံ မိတ္တဘာဝေ ဌိတော ဣဒါနိ ဝိသဒိသ လဒ္ဓိကတာယ စေဝ, အတ္တနောမတိမနနုဝတ္တကတ္တာ စ ဣဒါနိ မယိ အပ္ပသန္နော ဝိယ ဒိဿတိ၊ မယာ သဒ္ဓိံ အပ္ပသန္နာ အသမာနဓာတုသရူပကာ ဧတေ သဗ္ဗေ ဧကတော ဟုတွာ မန္တေန္တေတရဟိ တိဋ္ဌန္တိ၊ တသ္မာ မဟာထေရော အမှာကံ ဉာဏကရုဏာဓရော ဧတေဟိ ပဟိယမာနလေခန ပဋိလေခနာဒီသု မယှမပရာဓံ လိခေယျံ၊ မံ ယေဝ ပုစ္ဆိတွာ ပဂ္ဂဟံ ဝါ နိဂ္ဂဟံ ဝါ ကရောတု၊ သမ္ပဋိစ္ဆတု အနုကမ္ပမုပါဒါယ သစေ ဧဝံ အကတွာ ပဝတ္တိဒဿန မတ္တေန မဟာထေရာဒယော ဝါ မဟာဓမ္မိကရာဇုတ္တမော ဝါ မယိ အပ္ပသာဒံ ဇနေယျ၊ မယှမ္ပိ ပတိဋ္ဌာဝိရဟိတာယ အန္တရာယော။

အမရပုရနိကာယေ ဝါ သျာမနိကာယေ ဝါ အကေရာဋ္ဌိယာ ဘိက္ခာ-ကာမာ မမံ သဋ္ဌာနန္တာပိ ဘိက္ခူ မယိ အပ္ပသန္နာ နတ္ထိ၊ ပသန္နာယေဝ တာဒိသာ၊ မမံ အသဋ္ဌနန္တာပိ နတ္ထီတိ မညာမိ၊ တေသမ္ပိ အန္တရာယော လံကာဒီပိကာနံ

ဗဟုန္နံ ဤဒိသမိဒိသဒုပ္ပစတာ ဒိဒေါသဒဿနေန "ကော အတ္ထော ဧတေ သမတ္ထသိဒ္ဓိယာ ဉဿာဟကရဏေနာ"တိ မာ အပ္ပေါ်သုက္ကတာ မဟာထေရဿ ဝါ မဟာဓမ္မရညော ဝါ ဓမ္မာနုဘာဝေနေဝ ဟောတု။ ဘဂဝတာပိ အပ္ပကေ သမာနေ အပ္ပရဇက္ခဇာတိကေ နိဿာယ ဝီရိယမာရတိတွာ ဓမ္မော ဒေသိတော ဓမ္မဂရုကာနံ လံကာဒီပိကာနံ မြမ္မရဋ္ဌိကသံဃရာဇာဏာ ရာဇာဏာ ဝိယ ဗလဝတီတိ စိန္တေတဗ္ဗာ ဟောတိ။ ကုဋ္ဌိလဟဒယေဟိ မဟာထေရဿ သာသန-ပဏ္ဏာနံ အတ္ထာနိ ပဋိစ္ဆာဒိတာနိ သမာနာနိပိ သဗ္ဗသော အပ္ပဋိစ္ဆန္နာနိ တိက္ခတ္တုံ မေဝ ပဟိတသာသနပဏ္ဏာနိ ဓမ္မဂရုကာနံ မနပ္ပဗောဓာယ ပါပဗျာသယာနိ အဝိနယဒီပကာနံ အနောကာသာယ ပဝတ္တာနိ။

က္ကဒါနိ တေ ဓမ္မာနုလောမသာမဂ္ဂိမနုပဂတာပိ အာယတိံ စိရေနာပိ အနာဂတေ တေသံယေဝ သာသနာနံ အာနုဘာဝေန ဓမ္မတော်ဝ သာမဂ္ဂိမုပ ဂမေယျုံတိ စိန္တေမ၊ သစေ မဟာရညော သန္တိကာ ဒီပိဿရဿ တာဒိသသာသန ပဏ္ဏေန သဒ္ဓိံ ဓမ္မဝိနယဓရေ ထေရေ လံကာဒီပံ ပဟိဏေယျ၊ န စိရေနေဝ ဓမ္မာနုလောမသာမဂ္ဂိမုပနေတွာ သဗ္ဗံ နိကာယံ သောဓေတုံ စိရံ အမရပုရ-နိကာယံ ဇောတေတုံ သက္ကုဏေယျံ ဧဝံ မယမ္ပိ သက္ကောမ။

စိရံ နိကာယံ ပါလေတုန္တိ သလ္လက္ခေမ လံကာဒီပိကာ ဗုဒ္ဓသာသနိကာ ဒါနိ အပုညဝန္တာ၊ တသ္မာ ဧတေသံ ဉဿာဟေန တာဒိသော အတ္ထော သမိဇ္ဈတီတိ မယံ န စိန္တေမ၊ သစေ သိဇ္ဈေယျ မဟာရညော စေဝ မဟာထေရဿ ပရလောကတ္ထကာမတာယ အာနုဘာဝေန သမိဇ္ဈေယျာတိ မနသိကရောမ။

မြမ္မာဒိရဋ္ဌိဿရ ရာဇရာဇာ၊ ရာဇေတု သူရောဝ ဝိဟာစ္စမန္တံ။
ဝေရိံ ပဗောဓံ ပဒုမာကရံသံ၊ ကရံ ပဗောဒံ ဇနတံ သသေနိံ။

သကျသီဟဿ ဘဂဝတော ပရိနိဗ္ဗာနတော စတုသတာဓိကာနံ ဒွိန္နံ ဝဿသဟဿနမုပရိ စတုတ္ထေ ဝဿေ သာဝဏမာသကာလပက္ခ ဧကာဒသ-မိယံ ရဝိဒိနေ ပဟိတမိဒန္တိ။

**(ဤသဝဏ်လွှာများကို သီဟိုဠ်ပါဠိ သန္ဒေသာဝလိကျမ်းမှ မြန်မာ**

**အက္ခရာပြန်ဆို၍ သုတ်သင်ပြီး ဖော်ပြပါသည်။ ပါဠိတတ် သမိုင်းပညာရှင်တို့အား များစွာ ကျေးဇူးပြုနိုင်ပါသည်။ ကျမ်းကြီးလေးမည်ဖြစ်၍ အနက်၊ မြန်မာ မပြန်တော့ပါ။)**

■

## စာပေပို့ချခဲ့ခြင်း

သူငယ်တော်အရွယ် နုစဉ်ကစ၍ သာသနာပိုင်ဖြစ်၍ သာသနာပိုင် အရာ၌ တည်စဉ်လည်း စာပေကျမ်းဂန်တို့ကိုလည်း မဟုဿာဟ ဇွဲလုံ့လဖြင့် ချပို့တော်မူလေသည်။

၁၁၈၂-ခုနှစ် ရွှေရေးဆောင်တိုက်၌ သီတင်းသုံးနေထိုင်စဉ် လောက်မှ စ၍ သင်ရိုးပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် စာပေကျမ်းဂန်တို့ကို ပို့ချတော်မူ ခဲ့လေသည်။ ၎င်းပြင် ဆင်တဲတိုက်၊ အင်းဝမြို့ သဲအင်းတိုက်၊ အမရပူရ သဲအင်း တိုက်တို့၌ သီတင်းသုံးစဉ်ကလည်း စာပေသင်ကြားလေ့လာရင်း စာချပို့ချမှု အလုပ်တို့ကို ပြုတော်မူခဲ့လေသည်။

သာသနာပိုင်ဖြစ်၍ အမရပူရမြို့ မဟာအဘယာရာမတိုက်၊ မဟာ ဝိဇယာရာမတိုက်ကြီးတို့ကို အလှူခံ၍ သီတင်းသုံးတော်မူစဉ်လည်း ရာထောင် ချီ၍ မှီခိုဆည်းကပ်လာသည့် တပည့်တပန်း ရှင်ရဟန်းတို့အားလည်း ပိဋကတ် ၃-သွယ်၊ နိကာယ် ၅-ရပ်တို့ကို ချပို့တော်မူခဲ့လေသည်။

မန္တလေးမြို့အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးနေ စဉ်ကဆိုလျှင် သာသနာရေးကိစ္စလုပ်ငန်းတို့မှာ လွန်စွာများပြားကုန်၏၊ သို့ရာတွင် စာပေချပို့ခြင်းလုပ်ငန်းတို့ကား လွန်စွာမှ အလေးဂရုပြုတော်မူ၍ ချပို့တော်မူခဲ့ သည်။ ထိုစဉ် အထူးသဖြင့် မဇ္ဈိမနိကာယ်ကို လှည့်ပတ်မွှေနှောက်၍ အထပ်ထပ် အခေါက်ခေါက် ချပို့တော်မူခဲ့လေသည်။ ဆရာတော်၏ စာချပို့မှုမှာ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၌ နိကာယ် ၅-ရပ်ကို ဆယ်ထပ် ချပို့တော်မူခဲ့ သော တိပိဋကစူဠနာဂထေရ်စသည်တို့နှင့် နှိုင်းခိုင်းထိုက်လေသည်။

အတိဝ ဆေကော ဂန္ထေသု၊ နေကော သံ ဂန္ထဝါစကော။
တိပေဋကာ စူဠနာဂတ္ထေရေန သဒိသော သုဓီ။

■

## စာဆိုတပည့်ကြီးများအချို့

သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမ္မာဘိဝံသထံ၌ ကျမ်းဂန်တတ် စာဆိုတပည့်တို့ များစွာပေါ်ထွန်းကုန်၏။

"ပညာသာမိသိရီကဝိဇမဟာဓမ္မရာဇဂုရု" တတိယမောင်းထောင် ဆရာတော် အရှင်ပညာသာမိမဟာထေရ်။

"သုဒဿနဓဇအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော် အရှင်သုဒဿနမဟာထေရ်။

"ဉာဏိန္ဒာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒမဟာထေရ်။

"နန္ဒသာရသိရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်နန္ဒမဟာထေရ်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးကို စတင် တည်ထောင်တော်မူသော ပခုက္ကူမဟာဝိသုတာရာမတိုက်၊ ရေစကြိုအောင်မြေသာယာကျောင်းတိုက်ကြီးတို့၏ မဟာနာယကဖြစ်တော်မူသော ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ် စသည်တို့သည် သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမ္မာဘိဝံသ၏ စာဆိုတပည့်တို့ ဖြစ်ကုန်၏။ အမှန်မှာ တိတိကျကျဖော်ပြရန် မစွမ်းနိုင်အောင် ပညာရှိတပည့်တို့ များမြောက်ကုန်၏။

■

## နိုင်ငံခြားမှ လာရောက်နည်းခံသည့် တပည့်များ

သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး၏ ကျော်ဇော ခြင်း ဂုဏ်သတင်းကား နိုင်ငံအတွင်းတွင်သာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးများ တိုင်အောင် ပျံ့နှံ့လွှမ်းတက်ကုန်၏။ ထို့ကြောင့်ပင် နိုင်ငံခြားမှ ရှင်ရဟန်းများစွာ တို့ ဆရာတော်ထံ ချဉ်းကပ်၍ နည်းနာနယ ခံယူကြကုန်၏။

သီဟိုဠ်ကျွန်း ရာမညဂိုဏ်းတည် အရှင်ဣန္ဒာသဘမဟာထေရ်နှင့် အရှင်ပညာတိဿ၊ အရှင်သုန္ဒရ၊ အရှင်သရဏပါလ၊ အရှင်ဉာဏစသည့် ရဟန်း များနှင့် ယိုးဒယားနိုင်ငံမှ အရှင်ဓမ္မချုတ်၊ အရှင်ကေသွန်၊ အရှင်ကြတချုတ်မထေရ် စသည်တို့သည် သာသနာပိုင်ဒုတိယမောင်း ထောင်ဆရာတော်ဘုရားကြီးထံ နည်းနာခံယူခဲ့ကြကုန်သော မထေရ်တို့ဖြစ်ကုန်၏။

ဤသို့ဖြင့် သာသနာပိုင် ဒုတိယ မောင်းထောင်ဆရာတော်ဘုရားကြီး သည် ပြည်တွင်းပြည်ပ ပညာရှင် တပည့်တပန်းပေါင်း မြောက်မြားစွာတို့ဖြင့် သာသနာတော်တည်းဟူသော ကောင်းကင်အလယ်တွင် လွန်စွာ ထွန်းလင်း တင့်တယ် တောက်ပခဲ့လေသည်။

**ဥဠုယျဓမ္မော မဟာထေရော၊ သံဃရာဇာ မဟာသုဓီ။**
**ရဋ္ဌရဋ္ဌညသိဿေဟိ၊ ဝိရာဇိ သာသနမ္ဗရေ။**

■

## ကျမ်းဂန်ပြုစုတော်မူခြင်း

"ကာဗျသတ္ထ ဝိနောဒေန၊ ကာလော ဂစ္ဆတိ ဓီမတံ"

ရနိုင်သမျှအချိန်ကို ကဗျာဗန္ဓဖွဲ့နွဲ့ခြင်း၊ စာပေကျမ်းဂန် ရေးသားချ ပို့လှေ့ လာခြင်းတို့ဖြင့် သုံးစွဲ့ခဲ့ကြသော ပညာထူးချွန်ပုဂ္ဂိုလ်မွန်တို့၏ လမ်းစဉ်အတိုင်း သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီးသည်လည်း စာပေ ချပို့ခြင်း၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ခန့်ခြင်း၊ သာသနာရေးဆိုင်ရာ အမှုကြီးငယ် တို့ကို ဆုံးဖြတ်ခြင်းတို့အပြင် ကျမ်းဂန်ရေးသားပြုစုတော်မူခြင်းဖြင့် အချိန်ကို

သုံးတော်မူခဲ့လေသည်။ ပြုစုတော်မူခဲ့သောကျမ်းဂန်တို့လည်း များစွာလှကုန်၏။ သိရှိသမျှ ဖော်ပြရသော် -

၁။ သုရာဇမဂ္ဂဒီပနီကျမ်း
၂။ အတ္တာယာတဝိနိစ္ဆယကျမ်း
၃။ စိတ္တနိဂ္ဂဟကျမ်း
၄။ သီဟိုဠ်သန္ဒေသကထာကျမ်း
၅။ ခုရာရမ္မကျမ်း
၆။ မဂ္ဂါမဂ္ဂပဋိပဒါကျမ်း
၇။ ဝါသမာလိနီကျမ်း
၈။ မဇ္ဈိမပဏ္ဏာသပါဠိတော်နိဿယ
၉။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနိဿယ
၁၀။ ဥပရိပဏ္ဏာသပါဠိတော်နိဿယ
၁၁။ ဥပရိပဏ္ဏာသအဋ္ဌကထာနိဿယ
၁၂။ မဟာနိဒ္ဒေသအဋ္ဌကထာနိဿယ
၁၃။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဿယ
၁၄။ သဗ္ဗာသဝသုတ် စောဒနာစာစပ်ဝိဂြိုဟ်ကျမ်း
၁၅။ သီမာဝိနိစ္ဆယကျမ်း
၁၆။ အဆုံးအဖြတ်အမျိုးမျိုး
၁၇။ ပုစ္ဆနယဒီပနီကျမ်း
၁၈။ ဝိဝါဒဝိနိစ္ဆယကျမ်း
၁၉။ အမေးတော်ဖြေကျမ်း - စသည်တို့ ဖြစ်ကြကုန်၏။

## သုရာဇမဂ္ဂဒီပနီကျမ်း

သုရာဇမဂ္ဂဒီပနီကျမ်းမှာ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သူတို့အတွက် ကျင့်ဝတ်များကို ယေဘုယျအားဖြင့် ဖော်ပြရေးသားတော်မူသော ကျမ်းဖြစ်လေသည်။ ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ၎င်းကျမ်းကို မပြတ်လေ့လာ နာယူတော်မူလေ့ရှိ၏။ စာတော်ဖတ် ၃-ဦးဖတ်ပြရသော ကျမ်းများတွင်

ဖော်ပြပါ သာသနာပိုင်မောင်းထောင် ဆရာတော်ဘုရားကြီး၏ သုရာဇမဂ္ဂဒီပနီကျမ်းလည်း ပါဝင်လေသည်။

## စိတ္တနိဂ္ဂဟကျမ်း

ဖော်ပြပါကျမ်းများအနက် စိတ္တနိဂ္ဂဟကျမ်းမှာ သက္ကရာဇ် ၁၂၁၇-ခုနှစ် ဝါခေါင်လဆန်း ၅-ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး ပရက္ကမချောင်၌ သီတင်းသုံးနေသော ဘာဝနာဘိရတမေ့မ္မန္တေဝါသိကဖြစ်သော အရှင်ဉာဏိန္ဒမထေရ်အား မိမိဆင်ခြင်မိသည့်အတိုင်း ကြည့်ရှုသုံးသပ်၍ မပြတ်နှလုံးသွင်းရန် ရည်သန်၍ မဟာဝိသုတာရာမတိုက်အတွင်း ဘာဝနာအားလျော်သော စကြံ၌ သီတင်းသုံးနေစဉ် ရေးသားတော်မူခဲ့သော ကျမ်းဖြစ်သည်။ ကျမ်းဦး၌-

ဆန္ဒရာဂနှင့်ယှဉ်သော ဝိတက်၊ ဒေါသနှင့်ယှဉ်သော ဝိတက်၊ မောဟနှင့်ယှဉ်သောဝိတက်တို့ကို နှိပ်စက်ဖျက်ဆီး၍ သဗ္ဗညုတဉာဏ်ကို ရတော်မူသည့် မြတ်စွာဘုရား၏လည်း ထိုမြတ်စွာဘုရားသည် ဟောတော်မူအပ်သော ထိုအကုသလဝိတက်တို့ကို ဖျက်ဆီးတတ်သော တရားတော်၏လည်း မြတ်စွာဘုရားလျှင်အမွန်ရှိသည့် အကုသလဝိတက်တို့ကို ပယ်ဖျက်ကြောင်းဖြစ်သည့်တရားဖြင့် အကုသလဝိတက်တို့ကို ပယ်ဖျက်တတ်သည့် သံဃာတော်၏လည်း ထိုအကုသလဝိတက်တို့ကို ပယ်ဖျက်နှိမ်နင်းရာ နှိမ်နင်းကြောင်း ကောင်းစွာဆုံးမတော်မူ၍ ပရိယတ်ကိုပို့ချသည့် ဆရာမြတ်တို့၏ ၎င်းကျေးဇူးတော်ဂုဏ်ကို တလုံလဲလဲ အာရုံပြုလျှက် သက္ကရာဇ် ၁၂၁၇-ခုနှစ် ဝါခေါင်လဆန်း ၅-ရက်နေ့တွင် စစ်ကိုင်းတောင် ပရမက္ကချောင်[၁] ၌ သီတင်းသုံးနေလေ့ရှိသော ဘာဝနာဘိရကငါ၏မေ့မ္မန္တေဝါသိက ဉာဏိန္ဒအမည်ရှိသောမထေရ်သည် ကြည့်ရှုသုံးသပ်၍ မပြတ်နှလုံးသွင်းရာ(ရန်) စိတ္တနိဂ္ဂဟမည်သောကျမ်းကို ရေးသားပြဆိုပေအံ့ဟု ရတနာ ၃-ပါးဂုဏ်၊ ဆရာမြတ်တို့၏ဂုဏ်တို့ကို အာရုံပြုကြောင်းနှင့်တကွ ပဋိညာဉ်ကို ဖော်ပြ၍ ရေးသားတော်မူခဲ့လေသည်။

---

၁။ ပရမက္ကကျောင်း(မှုရင်း)

ကျမ်းရင်းစာသားမှာ -

ယထာ ပန သကဋံ ဂစ္ဆတိ၊ သကဋံ တိဋ္ဌတီတိ ဝုစ္စတိ၊ န စ ကိဉ္စိ သကဋံ နာမ ဂစ္ဆန္တံ ဝါ တိဋ္ဌန္တံ ဝါ အတ္ထိ စတ္တာရော ပန ဂေါဏေ ယောဇေတွာ ဆေကမှိ သာရထိမှိ ပါဇေန္တေ သကဋံ ဂစ္ဆတိ သကဋံ တိဋ္ဌတိ ဝေါဟာရမတ္တမေဝ ဟောတီတိ မေဝ အဇာနနတ္တေန သကဋံ ဝိယ ကာယော ဂေါဏာ ဝိယ စိတ္တဇဝါတာ သာရထိ ဝိယ စိတ္တံ-စသည်တို့ဖြစ်ကုန်။ အမှန်မှာ "မသိသည့်အတွက် ခန္ဓာကိုယ်သည် လှည်း၊ စိတ္တဇလေတို့သည် နွား၊ စိတ်သည် မောင်းသမားနှင့်တူ၏" စသည်ဖြင့် ကျမ်းရင်းစာသားကို စတင်ခဲ့လေခြင်းဖြစ်သည်။

၎င်းစိတ္တနိဂ္ဂဟကျမ်းမှာ ပေဖြင့်တည်ရှိခဲ့သည် ၁၂- ကြောင်း ပေ ၁၆- ချပ် ရှိလေသည်။

## ခုရာရမ္ဘကထာကျမ်း

သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမွာဘိဝံသသည် ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ကို သာသနာ့ဝန်ထမ်းတို့ စနစ်တကျဖြင့် အားထုတ်တတ်ရေးကို ရှေးရှု၍လည်းကောင်း၊ အထူးအားဖြင့် မိမိ၏တပည့်ရင်းဖြစ်သော အရှင်ပုညာရမ္ဘအမည်ရှိသော ရဟန်းတော် နှလုံးသွင်းရန်လည်းကောင်း၊ ရည်သန်တော်မူ၍ ခုရာရမ္ဘကထာအမည်ရှိသော ကျမ်းကိုလည်း ရေးသားတော်မူခဲ့လေသည်။

ကျမ်းဦး၌ -

**နာထော ဝနေ ဇာယတိ ဒုက္ကရံ အကာ၊**
**မူလေဝ ခုရံ စတုရင်္ဂဝီရိယံ။**
**ကတွာန အာရဗ္ဘ ဝိပဿနံ ဝဒေ၊**
**နာထံ နမေ တဿ အာကရံ။**

ဟူသော ဂါထာဖြင့် ဘုရားမြတ်စွာအား ဦးစွာပဌမရှိခိုးဦးချပဏာမပြု၍ ရေးသားတော်မူခဲ့လေသည်။

ဂန္ထစုရေ ဝါသစုရေ၊ ဒါတာ သဒါပိ ယေ နယံ။
သက္ကစ္စံ ဝန္ဒာမိ သဒါ၊ တေသံ ပါဒေသု သိရသာ။

ဟူသောဂါထာဖြင့် မိမိအား စုရ ၂-ပါး သွန်သင်ပေးတော်မူကြသော ဆရာသခင် ကျေးဇူးရှင်တို့၏ ခြေတော်ရာများကို ဦးတိုက်ပဏာမ ပြုတော်မူခဲ့လေသည်။

ရတနတ္တယပဏာမ၊ အာစရိယပဏာမတို့ ပြုတော်မူပြီးနောက်-
ပဥ္စန္နံ လိစ္ဆဝိရတနာနံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊ ကတမေသံ ပဥ္စန္နံ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊ တထာဂတပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတာ ဝိညာတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊ တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ ဝိညာတာ ဓမ္မာနုဓမ္မပဋိပန္နော ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊ ဣမေသံ ခေါ လိစ္ဆဝိ ပဥ္စန္နံ ရတနာနံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ။[၁] ဟူသောအင်္ဂုတ္တရနိကာယ် ပဥ္စကနိပါတ်ပိဏ္ဍိယာနိသုတ္တန်လာ ဒုလ္လဘ ၅-မျိုးကို ထုတ်ပြ၍ ကျမ်းစာရေးသားတော်မူခဲ့လေသည်။

ဤကျမ်းကိုလည်း အမရပူရနန်းမြို့တော်အနီး မဟာဝိဇိတာရာမတိုက်၊ မဟာအဘယာရာမတိုက်တို့၌ အလှည့်အလည်သီတင်းသုံးစဉ် ရေးသားပြုစီရင်တော်မူခဲ့ကြောင်း ရှေးရှေးလွန်လေပြီးသော နောင်တော် ကျမ်းပြုဆရာတော်သည် နာမည်နှင့်ကျမ်းဂန်များသာ ကြွင်းကျန်ရစ်ရှာပြီး ကွယ်လွန်ကုန်ပြီ။ ငါလည်း နောင်တော်ကျမ်းပြုဆရာတော်နှင့်အတူ ကွယ်လွန်ရလတ့်၊ သေခြင်း၌ သတိကို ဖြစ်စေ၍ ရေးသားကြောင်း-

ဓသန္တေမရပုရဿ၊ ဝသန္တေန မယာ သဒါ။
ဝိဇိတာဘယာရာမေသု၊ ပုဗ္ဗေဟိတာရစိတကာ။
ဂန္ထာဝသေသော နာမဥ္စ၊ တထေဝ မမ ဟေဿတိ။
အာဝယိတွာန မစ္စုံ စ၊ ဥပရုဇ္ဈတိ ဇီဝိတံ။

---

၁။ အင်္ဂုတ္တရ၊ ပါဠိ၊၂၊ ၂၀၉။

ဟူသော ၂-ဂါထာဖြင့် ကျမ်းနိဂုံး၌ ကိုယ်တိုင် ဖော်ပြတော်မူခဲ့သည်။ ယင်းဓုရာ ရမ္မကျမ်းမှာ ၁၂၁၇-ခုနှစ် တော်သလင်းလဆန်း ၁၄-ရက်နေ့က ပြီးဆုံးသည်။ ယင်းကျမ်းမှာ ပေဖြင့်တည်ရှိရာ ၃-အင်္ဂါလျှော့လျှော့ ရှိလေ၏။

## မဂ္ဂါမဂ္ဂပဋိပဒါကျမ်း

မဂ္ဂါမဂ္ဂပဋိပဒါကျမ်းကိုလည်း အမရပူရမြို့တော်၌ မဟာအဘယာရုံ တိုက် မဟာဝိဇိတာရုံတိုက်တို့၌ သီတင်းသုံးတော်မူစဉ် ၁၂၁၇-ခုနှစ်၊ နတ်တော် လပြည့်ကျော် ၂-ရက်နေ့က အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်း ကျမ်းကို မိမိ၏ဓမ္မန္တေဝါသိကဖြစ်သော တောကျောင်းနေ အရှင်သုဇာတ အမည်ရှိသော ရဟန်းတော်နှလုံးသွင်း လေ့လာရန်အတွက် ရေးသားကြောင်း-

**ရုဟိတာဝါသေ ပဝနေ၊ ဓမ္မန္တေဝါသိကဿ စ။**

**ဝသန္တဿ သုဇာတဿ၊ ကရဏတ္ထာယ မာနသေ။**

ဟူ၍ ကျမ်းဦး၌ ဖော်ပြတော်မူခဲ့လေသည်။ ယင်းကျမ်းကိုလည်း ပေဖြင့်သာ တွေ့ရ၏။

## ဝါသမာလိနီကျမ်း

သက္ကရာဇ် ၁၂၁၄-ခုနှစ်က ပုဂံမင်းတရားနှင့် မင်းတုန်းမင်း နောင်ညီ ၂-ဦးတို့ စစ်တိုက်ခြင်းကို အရင်းပြုပြီး မြန်မာတိုင်းကြီးကို တုံလှုပ်ခြောက်ချား သွားစေခဲ့၏။ အမရပူရနန်းမြို့တော်သည်လည်း ပျာပုံအတိတမျှဖြစ်၍ ရဟန်း သံဃာတော်များလည်း စိတ်ဓာတ်လှုပ်ရှား ဒုက္ခများကြကုန်၏။ လူများစွာတို့ လည်း အိုးမဲ့အိမ်မဲ့ဖြစ်ကုန်၏။ ပိဋကတ်ပေစာများ၊ စေတီပုထိုးများစွာတို့လည်း မြေခပျက်စီးကုန်၏။ ထိုစဉ်က ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေ္ယာဓမ္မာဘိဝံသ သည်လည်း ၁-ထောင်ခန့်ရှိသော တပည့်တပန်းရဟန်း သံဃာတော်တို့ကိုစွန့်ခဲ့ပြီး အမရပူရမြို့တော်မြောက်ဘက် အိုးထိန်းသည် ရွာငယ် ၌ နောက်ပါရဟန်းတော် ၁၀၀-ခန့်ဖြင့် ၃-ရက်၊၄-ရက်ခန့် သီတင်းသုံးနေတော် မူခဲ့လေသည်။

ထိုအခါ မတ္တရာမြို့အရှေ့ဖက် တကောသကျော်ကျော် ကွာလှမ်းသော အရပ် တောကျောင်း၌နေသော ဆရာတော်ဘုရားကြီး၏တပည့် အရှင်သုဇာတ သည် ဆရာတော်ဘုရားကြီးကို မိမိနေရာတောကျောင်း၌ ပင့်ဆောင်၍ နောက်ပါ သံဃာ ၁၀၀-ခန့်နှင့်အတူတကွ ပြုစုလုပ်ကျွေးတော်မူလေသည်။ ယင်းသို့ မတ္တရာမြို့အရှေ့ဖက် အရှင်သုဇာတ၏ တောကျောင်း၌ သီတင်းသုံးနေတော်မူ စဉ် ဤဝါသမာလိနီမည်သော ဝါဆိုစဉ်ဘုရားရှိခိုးကျမ်းကို ၁၂၁၄-ခုနှစ် တပေါင်း လဆန်း ၆-ရက်နေ့တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်။

## ဝါသမာလိနီကျမ်း စာပမာဏစသည်

ဝါသမာလိနီကျမ်းစာသည် ဂါထာ ၆၅-ဂါထာရှိ ပဋ္ဌမယကျမ်းစာဖြစ်၏။ ပြောင်မြောက်လှပသော ဂါထာများဖြင့်ဖတ်၍မပြီး၊ ဖတ်ပြီးရင်းဖတ်ချင်စရာ ကျမ်းစာဖြစ်၏။ ဂါထာများမှာ တနုမဇ္ဈာဂါထာ၊ ပမာဏိကာဂါထာ၊ ဟလမုခီ ဂါထာစသည့် ဂါထာတို့သာ ဖြစ်ကုန်၏။ နဘေကာရံတို့ဖြင့်လည်း ဆန်းကျယ်စွာ ရေးသားစီရင်တော်မူခဲ့လေသည်။

စင်စစ်မူကား ဝါသမာလိနီကျမ်းသည် ဝါဆိုစဉ်ဘုရားရှိခိုးကျမ်း ဖြစ်လေ သည်။ ဂါထာ ၆၀-ပါဠိ၊နိဿယတို့ဖြင့် ပါဠိစကားများ နဘေကာရံထပ်စကား တို့ဖြင့် ဆန်းကြယ်စွာ ပြုစီရင်တော်မူခဲ့လေသည်။ ဘုရားရှင်ကို သဒ္ဓါကြည်ညို ဖူးမြော်လိုသူများ ဘုရားဂုဏ်တော်ကို အောက်မေ့ဆင်ခြင်လိုသူများ ဆန်းဆန်း ကြယ်ကြယ် ပါဠိဂါထာရေးလိုသူများ နည်းယူဖွယ် ကောင်းလှလေသည်။ သာသနာဝင် စာတော်ဖတ်တို့အား ဓမ္မလက် ဆောင်အနေဖြင့် မိမိဉာဏ်သက် မိရာဂါထာများ ကူးယူဖော်ပြ ဓမ္မလက်ဆောင် ပေးလိုက်ပါသည်။

**ဝုဍ္ဎောပိ ဇိနာနံ၊ ဗုဒ္ဓေါသိ ဝိဇာနံ။**
**ပုဗ္ဗောဒိ တိမာဟံ၊ ကုဗ္ဗောမိ ဝိမာနံ။**

ဇိနာနံ= အောင်သူတကာတို့ထက်။ ဝုဍ္ဎောပိ= ကြီးတော်မူသည်လည်း။ အသိ= ဖြစ်တော်မူပြီ။ ဝိဇာနံ= အထူးသဖြင့်သိအပ်သော ဉေ ယျပထတရား ငါးပါးကို။ ဗုဒ္ဓေါပိ= အကြွင်းမဲ့ သိတော်မူသည်လည်း။ အသိ= ဖြစ်တော်မူပြီ။

ပုဗ္ဗံ= သာဝကတို့၏ မဆွရှေးဦးစွာ။ ဥဒိတံ= အရဟတ္တဖိုလ်တည်းဟူသော တောင်ထိပ်သို့ ကြွတော်မူသော။ ကွမံ ဗုဒ္ဓံ= ဤမြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ ဝိမာနံ= အထူးအားဖြင့် မြတ်နိုးပူဇော်ခြင်းကို။ ကုဗ္ဗာမိ= ပြုပါ၏[၁] ။

မဟာသမတကူလံ၊ နာရာပဝရပူဇံ။
ဇဟာ အဘယပူရံ၊ နမာ ကနကရူပံ[၂] ။

အဟံ= ကျွန်ုပ်သည်။ မဟာသမတကူလံ= မဟာသမ္မတမျိုး၌ မြတ်တော်မူထသော။ နရာပဝရပူဇံ= မြတ်ကုန်သော ဗိမ္ဗိသာရ စသောလူတို့သည် ပူဇော်အပ်ထသော။ ဇဟာ= ကိလေသာတို့ကို ပယ်စွန့်တော်မူခြင်းကြောင့်။ အဘယပုရံ= ဘေးမဲ့စွန့်ရာနိဗ္ဗာန်ပြည်ကြီးသို့ ရောက်တော်မူပြီးထသော။ ကနတရူပံ= ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို။ နမာ-နမာမိ= ရှိခိုးပါ၏။

ဗန္ဓု စ သန္တကိလေသော၊ ယော ပီတဝဏ္ဏပဘာသော။
ဂေါတမဂေါတ္တသုညာတော၊ တဿ နမော နရသီတော။

ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ ဗန္ဓု စ= လူသုံးဦးတို့၏ အတ္တက္ခာယီ အဆွေခင်ပွန်းစစ်လည်း ဖြစ်တော်မူ၏။ သန္တကိလေသော= ငြိမ်းပြီးသောကိလေသာလည်း ရှိတော်မူ၏။ ပီတဝဏ္ဏပဘာသော= ရွှေသော ကိုယ်တော်၏ အဆင်းအရောင်လည်း ရှိတော်မူ၏။ ဂေါတမဂေါတ္တသုညာတော= ဂေါတမဂေါတ္တအနွယ်ဟူ၍လည်း အလွန်ထင်ရှားတော်မူ၏။ နရသီဟော= ယောကျ်ားမြတ်လည်း ဖြစ်တော်မူ၏။ တဿ ဘဂဝတော=ထိုမြတ်စွာဘုရားအား။ နမော-နမက္ကာရော= ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု= ဖြစ်စေခလို[၃] ။

---

၁။ ဝါသမာလိနီ။ ၁–ဂါထာ ပါဠိနိဿယ။ (တနမဗ္ဗာဂါထာ)။
၂။ ဝါသမာလိနီ။ ၂–ဂါထာ ပါဠိနိဿယ။ (ကုမာရ လလိတာ ဂါထာ)။
၃။ ဝါသမာလိနီ။ ၅–ဂါထာ ပါဠိနိဿယ။ (စိတြပဒါဂါထာ)။

ဗုဒ္ဓံ သုဒ္ဓံ လောကေသိတံ၊ ဥတ္တံ ယုတ္တံ ယောဂေဤဟံ။
ဝန္တာတီတံ ဩဃေ သီဒံ၊ ဝန္ဒာ ပိဟံ သောကေဟီဟံ။

သုဒ္ဓံ= ကိလေသာတို့မှ စင်ကြယ်တော်မူပြီးထသော။ လောကေသိတံ= သတ္တလောကသည် ရှာမှီးတောင့်တအပ်သော။ ဥတ္တံ=လွန်စွာ။ ယုတ္တံ=အား ထုတ်အပ်သောအမှုကို။ ယောဂေ= ကေသရာခြသေ့်မင်းကဲ့သို့ အားထုတ်ခြင်း၌။ ဤဟံ= အားထုတ်ခြင်းဗျာပါရလည်း ရှိတော်မူထသော။ ဝန္တံ= ပျို့အံ အပ်ပြီးသော ကိလေသာလည်းရှိတော်မူထသော။ ဩဃေ= ဩဃလေးပါး၌။ သီဒံ=နစ်မွန်း ခြင်းကို။ အတီတံ= လွန်မြောက်တော်မူပြီးထသော။ ယောကေဟိ= စိုးရိမ်ခြင်း သည် နှိပ်စက်အပ်သော သတ္တဝါတို့သည်။ ပိဟံ= ချစ်မြတ်နိုးအပ်ထသော။ ဗုဒ္ဓံ= မြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ ဝန္ဒာ-ဝန္ဒာမိ= ရှိခိုးပါ၏[၁]။

ဘောဂဝတီ ယောပခမီ၊ သီတဒယာ လောကသခါ။
ဓာတုတယေ ကိတ္တိ သ ဝေ၊ ဒါတု ဇယေတဿ စ မေ။

ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ ဘောဂဝတီ= အရ ဟတ္တ ဖိုလ်စည်းစိမ်လည်း ရှိတော်မူ၏။ ဥပခမီ= လောကဓံတရားရှစ်ပါး၌ လွန်စွာ သည်းခံခြင်းလည်း ရှိတော်မူ၏။ သီတဒယာ= ဂေါသီတ နံ့သာရေနှင့်တူသော ကရုဏာတော်ရှိခြင်းကြောင့်။ လောကသခါ= သတ္တလောက၏ အဆွေခင်ပွန်းကြီး လည်း ဖြစ်တော်မူ၏။ ဓာတုတယေ= ကာမ ရူပ အရူပဓာတ်သုံးပါး၌။ ကိတ္တိ= ကျော်ဇောခြင်းလည်း ရှိတော်မူ၏။ သ-သောဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဝေ= စင်စစ်။ ဇတဿ စ= ဤသို့ချီးဝဲ့၍ ဘုရားဂုဏ်ကိုဆိုသော။ မေ= အကျွန်ုပ် အား။ ဇယံ= အောင်ဆုကို။ ဒါတု= ပေးတော်မူစေလို[၂]။

မာနိတော လုခေါ ရုတော စ၊ သန္တိဘော သုဘော သုခေါ စ။
ဇာနိတော ခရော နမော စ၊ တဿယောထုတော ဂုဏော၀။

---

၁။ ဝါသမာလိနီ ၆–ဂါထာ ပါဠိ နိဿယ(ဝိဇ္ဇုမ္မာလာဂါထာ)။
၂။ ဝါသမာလိနီ ၇–ဂါထာပါဠိနိဿယ (မာဏဝကဂါထာ)။

မာနိတော= သတ္တလောကသည် မြတ်နိုးအပ်သော။ လုခေါ = ပစ္စည်းလေးပါးတို့၌ ခေါင်းပါးခြင်းလည်းရှိတော်မူ၏။ အထ= ထိုမြို့။ ရုတော= သာယာသော အသံလည်းရှိတော်မူ၏။ သုဘော= တင့်တယ်သော။ သုခေါ= မြင်သူတို့၏ မျက်စိ၌ချမ်းသာသော။ သန္တိဘော စ= ကိုယ်တော်၏ အရောင် အဆင်းလည်းရှိတော်မူ၏။ ဇာနိတော= သိအပ် မြင်အပ်သော။ ခရော= တရားလည်းရှိတော်မူ၏။ က္ကတိ= ဤသို့။ ထုတော= ချီးမွမ်းအပ်သော။ ဂုဏော= လူခပမာဏ, သဒ္ဒပမာဏ, ရူပပမာဏ, ဓမ္မပမာဏဟုဆိုအပ်သော လေးပါးသောဂုဏ်ရှိတော်မူသည်သာလျှင်ဖြစ်သော။ ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ အတ္ထိ= ရှိတော်မူ၏။ တဿ ဘဂဝတော= ထိုမြတ်စွာဘုရားအား။ နမော-နမက္ကာရော စ= ရှိခိုးခြင်းသည်လည်း။ ဘဝတု= ဖြစ်စေသတည်း[၁] ။

ဇယံ ခဇံ ပဇာပုဂေ၊ ဋ္ဌိတံ လိလံ မဟာသုခေ။
သုဘံ ဖုဋ္ဌံ ပဘံ နမေ၊ ဟိတံ သုခံ ဒဒါတု မေ။

ပဇာပုဂေ= သတ္တဝါအပေါင်း၌။ ဇယံ= အောင်သူဖြစ်တော်မူထ သော။ ခဇံ= အောင်တံခွန်၏သဖွယ်လည်း ဖြစ်ထသော။ မဟာသုခေ= မြတ်သော အရဟတ္တဖိုလ်ချမ်းသာ၌။ ဋ္ဌိတံ= တည်တော်မူထသော။ လိလံ= ကွန့်မြူး စံပယ်တော်မူထသော။ သုဘံ= တင့်တယ်စွာ။ ဖုဋ္ဌံ= တလံမျှ လောက်သောအရပ်၌ ပျံ့နှံ့ခြင်းရှိတော်မူထသော။ ပဘံ= ကိုယ်တော်ရောင်ရှိတော်မူသော မြတ်စွာဘုရားကို။ နမေ-နမာမိ= ရှိခိုးပါ၏။ မေ= အကျွန်ုပ်အား။ ဟိတံ= အစီးအပွားကို။ သုခံ= ချမ်းသာကို။ ဒဒါတု= ပေးတော်မူစေသတည်း[၂] ။

ပုဏ္ဏပုည ဇနိတသုဘံ၊ ဇာတိဉာတိ ထုတိယဂုဏံ။
ဘေဒဝေရ ဝိမလဇိနံ၊ ဉာဏပါဒ စရဏမဟံ။

အဟံ= ငါသည်။ ပုဏ္ဏပုညဇနိတသုဘံ= ပြည့်စုံသောဘုန်း တော်သည် ဖြစ်စေအပ်သောတင့်တယ်ခြင်းလည်း ရှိတော်မူထသော။ ဇာတိထုတိယဂုဏံ=

---

၁။ ဝါသမာလိနီ ၈-ဂါထာပါဠိနိဿယ(သမာနိကာဂါထာ)။
၂။ ဝါသလိနီ ၉-ဂါထာပါဠိနိဿယ (ပမာဏိတာဂါထာ)။

ဇာတိဂုဏ်, ဉာတိဂုဏ်တို့ဖြင့် ချီးမွမ်းအပ်သော ဂုဏ်တော်လည်းရှိတော်မူထသော။ ထုတိယဂုဏံ= ဇာတိဂုဏ်, ဉာတိဂုဏ်တို့ဖြင့် ချီးမွမ်းအပ်သော ဂုဏ်တော်လည်း ရှိတော်မူထသော။ ဉာဏပါဒစရဏံ= ဉာဏ်တော်တည်းဟူသော အခြေဖြင့် ကြွသွားတော်မူတတ်ထသော။ ဘေဒဝေရဝိမလဇိနံ= ဖျက်ဆီးအပ်သော ဘေးရန်ရှိသည်ဖြစ်၍ ကင်းသော အညစ်အကြေးရှိတော်မူသော မြတ်စွာဘုရားကို။ နမာမိ= ရှိခိုးပါ၏[၁]။

**သတိမတိသုစိ ယောဘာသော၊ ထုတိမုနိသုခိတောကာယော။**
**မနုဇပုမသုတော နာထော၊ ဇယဝရမုသဘော ဒါတော။**

ယောဥသဘော= အကြင်သတ္တလောက၏ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သတိမတိသုစိ= သတိ, ပညာတို့ဖြင့် စင်ကြယ်သန့်ရှင်းသော။ ဩဘာသော= ကာယင်္ဂစောပနပညာ, ဝါစင်္ဂစောပနပညာရောင်လည်း ရှိတော်မူ၏။ ထုတိ= ချီးဝဲ့အပ်သော။ မုနိ= မုနိတို့ထက်လွန်သော မုနိလည်း ဖြစ်တော်မူ၏။ သုခိတော= ချမ်းသာခြင်းသို့ရောက်သော။ ကာယော= ရူပကာယ နာမကာယ လည်းရှိတော်မူပါပေ၏။ မနုဇပုမသုတော= မဟာသမ္မတ ယောက်ျားမျိုးဟူ၍လည်း ထင်ရှားတော်မူ၏။ နာထော= လူသုံးပါးတို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူ၏။ သောဥသဘော= ထိုမြတ်စွာဘုရားသည်။ ဇယဝရံ= အောင်ဆုကို။ ဒါတော-ဒါတု= ပေးတော်မူစေသတည်း[၂] ။

**ယော ဗုဒ္ဓေါ ပဝရော လိလော ပုင်္ဂေ၊**
**လောကုတ္တော အဘယော ငှိတော သုခေ။**
**ဥတ္တိဏ္ဏံ နိသဘံ ဟိတံ ဝဟေ။**
**မောနိန္ဒံ ဝိမလံ ဇိနံ နမေ။**

ယော ဗုဒ္ဓေါ= အကြင်မြတ်စွာဘုရားသည်။ ပုင်္ဂေ= သတ္တလောကအပေါင်း၌။ ပဝရော= မြတ်တော်မူ၏။ လိလော= ကွန့်မြူးသောဂုဏ်လည်းရှိ

---

**၁။ ဝါသမာလိနီ ၁၀-ဂါထာပါဠိနိဿယ(ဟလ မုခိဂါထာ)။**
**၂။ ဝါသမာလိနီ ၁၁-ဂါထာပါဠိနိဿယ (ဘုဇဂသုသုဂါထာ)။**

တော်မူ၏။ လောကုတ္တော= လောကမှလွန်တော်မူ၏။ အဘယော= ရာဂအစရှိသော ဘေးရန်လည်းမရှိ။ သုခေ= အရဟတ္တဖိုလ်ချမ်းသာ၌။ ဌိတော= တည်တော်မူ၏။ ဥတ္တိဏ္ဏံ= ကူးမြောက်ပြီးသော သံသရာရှိတော်မူထသော။ ဟိတံ= မိမိအကျိုး, သူတစ်ပါးအကျိုးကို။ ဝဟေ= ရွက်ဆောင်ခြင်း၌။ နိသဘံ= အာသဘ, ဥသဘတို့ထက်လွန်သော နိသဘလည်းဖြစ်တော်မူထသော။ မောနိန္ဒံ= မုနိလေးပါးတို့ကို အစိုးရတော်မူထသော။ ဝိမလံ= ကင်းသော အညစ်အကြေးရှိတော်မူထသော။ တံ ဇိနံ= ထိုမြတ်စွာဘုရားကို။ နမေ-နမာမိ= ရှိခိုးပါ၏[၁] ။

ဒေဝိန္ဒံ ဝရဂဏာထေရိန္ဒံ၊ နိဋ္ဌာနံ ဘဝဇနနိဋ္ဌာနံ ။
နိဒ္ဒေါသံ ရဏာရဇနိပ္ပောဋ္ဌံ၊ ဝန္ဒေဟံ သုဘမုခသောဏ္ဏောမံ။

ဒေဝိန္ဒံ= မြတ်သောဂိုဏ်း မြတ်သောထေရ်ဟုဆိုအပ်သော ဝိသုဒ္ဓိနတ်တို့ကို အစိုးရတော်မူထသော။ ဝရဂဏာထေရိန္ဒံ= မြတ်သောဂိုဏ်း မြတ်သောထေရ်တို့ကို အစိုးရတော်မူထသော။ နိဋ္ဌာနံ= ဘဝ၏ဖြစ်ကြောင်း တဏှာကိစ္စ၏ပြီးစီးခြင်းလည်းရှိတော်မူထသော။ ဘဝဇနနိဋ္ဌာနံ= ဘဝ၌ဖြစ်ကြောင်း တဏှာကိစ္စ၏ ပြီးစီးခြင်းလည်းရှိတော်မူထသော။ နိဒ္ဒေါသံ= ကိလေသာမြူရောင်ဟူသော အပြစ်လည်းမရှိထသော။ ရဏာရဇနိပ္ပောဋ္ဌံ= ကိလေသာမြူဖုံတို့ကို သုတ်ခါတော်မူပြီးထသော။ သုဘမုခသောဏ္ဏံ= ရွှေအဆင်းကဲ့သို့တင့်တယ်သော မျက်နှာရှိတော်မူထသော။ ဩမံ= ဤဒိသံ= ဤသို့သဘောရှိသော မြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ ဝန္ဒေ= ဝန္ဒာမိ= ရှိခိုးပါ၏[၂] ။

ဂေါတမဂေါတ္တော ကေတုဝ ဉာတံ၊
လောကဇခေတ္တော မေရုဝ ဇာတံ။
ထန္ဒိလဇေဋ္ဌေ ဘောဒိတမာရံ၊
ပဏ္ဏိတမဋ္ဌေ မေမိ ဝဘာဏံ၊
မန္တိယဝန္ဒေ သေဝိတနာထံ။

---

၁။ ဝါသမာလိနီ ၁၃–ဂါထာပါဠိနိဿယ(ရမ္မဝတီဂါထာ)။
၂။ ဝါသမာလိနီ ၁၂–ဂါထာ ပါဠိနိဿယ (သုဒ္ဓဝိရောစိတဂါထာ)။

ဂေါတမဂေါတ္တော= ဂေါတမအနွယ်၌။ ကေတု ဣဝ= မှန်ကင်းကဲ့သို့။ ဉာတံ= ထင်ရှားတော်မူထသော။ လောကဇခေတ္တေ= သတ္တလောက၊ သင်္ခါရလောက, ဩကာသလောကအားဖြင့်ဖြစ်သော ခေတ်သုံးပါး၌။ မေရု ဣဝ= မြင့်မိုရ်တောင်ကဲ့သို့။ ဇာတံ= ဖြစ်တော်မူထသော။ ထန္ဒိလဇေဒွေ= မြေမျှား အစ်ကိုမဏ္ဍိုင်ဗဟိုရ်၌။ ဘေဒိတမာရံ= ဖျက်ဆီးအပ်သော မာရ်ငါးပါးလည်း ရှိတော်မူထသော။ ပဏ္ဍိတမဒ္ဒေ= ပညာရှိအပေါင်းတွင်။ မေဓိဝ ဘာဏံ= ပညာရှိဟူ၍ဆိုအပ်ထသော။ သေဝိတနာထံ= လူနတ်တို့သည် မှီဝဲအပ်သော မြတ်စွာဘုရားကို။ မန္တိယ= ပညာဖြင့်သိ၍။ အဟံ= အကျွန်ုပ်သည်။ ဝန္ဒေ=ဝန္ဒာမိ= ရှိခိုးပါ၏[၁]။

ဗုဒ္ဓေါ သုက္ကော အမိတဂုဏသော၊
ယုတ္တော မုတ္တော သသိဝ တိမိတော။
ခေ ယော တေဇော တပသိဝ အက္ကော၊
ဖေလော ထေတော တဝ နမကာရော။

ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ= သဗ္ဗညုတဉာဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ သုက္ကော= အညစ်အကြေးမှ ကင်းဝေးသည်ဖြစ်၍ ဖြူစင်သန့်ရှင်းသော ရူပကာယ, ဓမ္မကာယလည်း ရှိတော်မူ၏။ အမိတဂုဏသော= မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်းတို့၏ အရှင်လည်းဖြစ်တော်မူ၏။ ယုတ္တော= အင်္ဂါလေးပါးနှင့်ပြည့်စုံသော လုံ့လလည်းရှိတော်မူ၏။ ခေ= ကောင်းကင်ပြင်၌။ သသီ= လမင်းသည်။ တိမိတော= တိမ်တိုက်မှ။ မုတ္တောဝ= လွတ်သကဲ့သို့။ တိမိတော= ကိလေသာတည်းဟူသော တိမ်တိုက်မှ။ မုတ္တော= လွတ်တော်မူ၏။ ခေ= ကောင်းကင်ပြင်၌။ တေဇော= ရောင်ခြည်တစ်ထောင်ဖြင့် ထွန်းတောက်ပသော။ အက္ကော= နေမင်းသည်။ တပတိ ဣဝ= ထွန်းလင်းသကဲ့သို့။ ခေ-ခေတ္တေ= ခေတ်သုံးပါး၌။ တပတိ=ဂုဏ်တော်ရောင်ဖြင့် ထွန်းလင်းတော်မူ၏။ ဖေလော= တွန်းဖယ်အပ်ပြီးသော ကိလေသာလည်း ရှိ

---

၁။ ဝါသမာလိနီ ၁၄-ဂါထာပါဠိနိဿယ (ရှမ္ဗဝတီဂါထာ)။

တော်မူ၏။ ထေတော= လူသုံးပါးတို့သည် ချီးမွမ်းအပ်သော ဂုဏ်တော်လည်း ရှိတော်မူ၏။ တဝ= ရှင်တော်ဘုရားအား။ နမကာရော= ရှိခိုးခြင်းသည်။ အတ္ထု= ဖြစ်စေသတည်း[၁] ။

**ယောဇိတမာရေ ဝေ အဇိ သဗ္ဗံ၊**
**ထောမိတသာရေဟေဓိတပတ္တံ။**
**သံသိတပုဏ္ဏော သော နမိ တဿ၊**
**ပဏ္ဍိတဖုလ္လော သော မတိကဿ။**

ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ ဇိတမာရေ= အောင်အပ်သော မာရ်ငါးပါးတို့ကို။ ဝေ= စင်စစ်။ သဗ္ဗံ= အကြွင်းမဲ့။ အဇိ= အောင်မြင်တော်မူပြီ။ ထောမိတသာရေဟိ= ချီးမွမ်းအပ်သော အတ္တသာရ, ဓမ္မသာရတို့ဖြင့်။ ဧဓိတပတ္တံ= ကြီးပွားခြင်းသို့ ရောက်တော်မူသည်ဖြစ်၍။ သံသိတပုဏ္ဏော= ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးအပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူ၏။ ပဏ္ဍိတဖုလ္လော= ပဋိသန္ဓေ ပညာရှိသောသူတို့ကို မဂ်ပညာဖြင့်လည်း ပွင့်စေတော်မူတတ်၏။ သောမတိကဿ= ကောင်းသောပညာရှိတော်မူသော။ တဿ ဘဂဝတော= ထိုမြတ်စွာဘုရားအား။ သော အဟံ= ထိုအကျွန်ုပ်သည်။ နမိ=နမာမိ= ရှိခိုးပါ၏[၂]

(ဤဂါထာ၌ နမိ တဿ= ဟူသော ပုဒ်ဝယ် နမာမိကို နမိ-ဆိုသည်ကား နမိဇိ သူသုသာနံ-ဟူသော ဝဇိရတ္ထသင်္ဂဟကျမ်း၌လာသော မဇ္ဈေသံဟတနည်းတည်း။)

**ဒေဝေ ဂတေ ဒွေဝါရာ ဂမာသိ၊**
**သေလေ စလေ ယေ ဉာတာ ပစာယိ။**
**ဥဒ္ဒံ တလေ တေဝါသံ အကာသိ၊**
**ဗုဒ္ဓံ မတေ ဧသာဟံ နမာမိ။**

- ဒေဝေ= တာဝတိံသာနတ်ရွာသို့။ ဂတေ= ကြွသွားတော်မူသည်ရှိသော်။

---

**၁။ ဝါသမာလိနီ ၁၅-ဂါထာ ပါဠိနိဿယ (မတ္တာဂါထာ)။**
**၂။ ဝါသမာလိနီ ၁၆-ဂါထာပါဠိနိဿယ (ခမ္ဘဓမာ လာဂါထာ)။**

ဒွေဝါရာ-ဒွေဝါရေနေ= နှစ်ကြိမ်လှမ်းတော်မူသောအားဖြင့်။ အဂမာသိ= ကြွသွားတော်မူပြီ။ သေလေ= ရွှေ,ငွေ,မြ,ဖန်တည်းဟူသော ကျောက်အတိပြီးသော။ အစလေ= မြင်းမိုရ်တောင်မင်း၌။ ဉာတာ= ထင်ရှားကုန်သော။ ယေ ဒေဝါ= အကြင်နတ်ပြဟ္မာတို့သည်။ သန္နိပတန္တိ= စည်းဝေးရောက်လာကုန်၏။ သော သဗ္ဗော= ထိုအလုံးစုံသော နတ်ပြဟ္မာအပေါင်းသည်။ အပစာယိ= အရိုအသေပြု၍ ပူဇော်ပြီ။ ဥဒ္ဓံ= အထက်ဖြစ်သော။ တလေ= တာဝတိံသာနတ်ရွာအပြင်၌။ တေဝါ သံ= ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးခြင်းကို။ အကာသိ= ပြုတော်မူပြီ။ မတေ= သိအပ်သော ပရမတ္ထတရားအပေါင်း၌။ ဗုဒ္ဓံ= အကြွင်းမဲ့တော်မူပြီးသော မြတ်စွာဘုရားကို။ ဧသောဟံ-ဧသော အဟံ=ထိုအကျွန်ုပ်သည်။ နမာမိ= ရှိခိုးပါ၏[၁]။

ဒိဗ္ဗဿ ပူရေ ပဝရေဟိ ဂုတ္တော၊
သိဒ္ဓတ္ထဘူတေ နဂရေဟိ ဝုဋ္ဌော။
သက်ဿ ပူရေ မဂဏေဟိ ဗုဒ္ဓေါ၊
အညတ္ထ ပူဇေ ပနမေ နိကုဗ္ဗော။

ယော ဗုဒ္ဓေါ= အကြင်မြတ်စွာဘုရားကို။ ဒိဗ္ဗဿ= နတ်၏။ ပုရေ= တာဝတိံသာ မဟာအယုဇ္ဈပြည်ကြီး၌။ ပဝရေဟိ= မြတ်ကုန်သော နတ် ပြဟ္မာ အပေါင်းတို့သည်။ ဂုတ္တော= စောင့်ရှောက်လုပ်ကျွေးအပ်၏။ သိဒ္ဓတ္ထဘူတေ= သိဒ္ဓတ္ထမင်းသားဖြစ်၍ဖြစ်သော ဘုရားသခင်ကြောင့်။ အဂဏေဟိ= မရေမတွက်နိုင်ကုန်သော။ (မ-ကားအာဂုံ) နဂရေဟိ= အမြို့မြို့အရွာရွာတို့မှလာကုန်သော လူပရိတ်သတ်တို့သည်။ သက်ဿပူရေ= သင်္ကဿနဂိုရ်ပြည်၌။ ဝုဋ္ဌော = ငံ့လင့်၍ နေအပ်၏။ အညတ္ထ= တစ်ပါးသောအရပ်၌။ ပူဇေ= ပူဇော်ခြင်းကို။ နိကုဗ္ဗော= မပြုအပ်။ တံ ဗုဒ္ဓံ= ထိုမြတ်စွာဘုရားကို။ ပနမေ-ပနမာမိ= ရှိခိုးပါ၏[၂]

---

၁။ ဝါသမာလိနီ ၁၈-ဂါထာပါဠိနိဿယ (ဥဗ္ဘာသ ကန္တဂါထာ)။
၁။ ဝါသမာလိနီ ၁၀-ဂါထာ ပါဠိနိဿယ (ဣန္ဒဝဇီရာဂါထာ)။

ပိနိတံ ဝိဏံ သဓိလံ ယဇီ တံ၊
သုသုခံ ခုဘံ ဗိလုဝံ နိယုတံ ။
ဋပိယံ သိမံ ထုနုတံ ပုထုလံ၊
နမိဟံ ခိဏံ သုခုမံ မုဒုကံ ॥

တဒါ= ထိုသက်ဿနဂိုရ်ပြည်သို့ သက်တော်မူသောအခါ၌။ ပဥ္စသီခေါ= ပဥ္စသိခနတ်သားသည်။ (ထည့်) ပိနိတံ= နှစ်သက်အပ်သော။ သဓိလံ= ပြေပြစ်သော အသံရှိသော။ သုသုခံ= လွန်စွာနားချမ်းသာသော အသံရှိသော။ ခုဘံ= ချောက်ချားသောအသံရှိသော။ နိယုတံ= သီချင်းသံ စောင်းသံတို့၏ မယုတ်မလွန်သောအားဖြင့် ယှဉ်ခြင်းရှိသော။ ဗိလုဝံ= ဗေလုဝအမည်ရှိသော။ ဣမံ ဝီဏံ= ဤစောင်းကို။ အံသေ= ပခုံး၌။ ဋပိယ= လွယ်သောအားဖြင့်ထား၍။ ယဇီ= အသံဖြင့်ပူဇော်ပြီ။ ထုနုတံ= လူနတ်တို့သည် ချီးမွမ်းတော်မူထသော။ ပုထုလံ= ကျယ်ပြန့်သောပညာရှိတော်မူထသော။ ခိဏံ=ကုန်ပြီးသော အာသဝေါ တရားလည်း ရှိတော်မူထသော။ သုခုမံ= သိမ်မွေ့သော နာမကာယလည်း ရှိတော်မူထသော။ တံ ဗုဒ္ဓံ= ထိုမြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ နမိ=နမာမိ= ရှိခိုးပါ၏[၁] ။

ဝေရဠကေ ပုရဝရေ ဝိဘူသိတေ၊
နေလဍ္ဍနေ ဒုမဝနေ ဝိကူဇတေ။
ခေမက်ရေ ထူလတရေ ဝိဒူ သိတေ၊
ဇတေဂ်မေ ပူန နမေ ဝိရူပိ ဝေ။

ဝိဘူသိတေ= ဥယျာဉ်ရေကန်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော။ ဝေရဍ္ဍကေ= ဝေရဍ္ဍာအမည်ရှိသော။ ပုရဝရေ= ပြည်မြတ်၌။နေလဍ္ဍနေ- နီလအဍ္ဍနေ= မျက်စဉ်းတောင့်ကဲ့သို့ မှောင်သောအဆင်းရှိသော။ ဝိကူဇိတေ= သားငှက်အပေါင်းတို့၏ ကွန့်မြူးကျူးရင့်ရာဖြစ်သော။ ဒုမဝနေ= တမာပင်ရောက်ရာ မဟာရိပ်မြိုင် ဂနိုင်တောအရပ်၌။ ထူလတရေ= အလွန်တရာ ထူထဲစွာသော

---

၁။ ဝါသမာလိနီ ၂၂ ဂါထာ ပါဠိနိဿယ (တောင်ဌက ဂါထာ)။

ကိလေသာမြေး ဘေးရန်တို့ကို။ ဝိဒူ= သိမြင်တော်မူ၍။ ခေမက်ရေ= ဘေးရန်မရှိခြင်းကို ပြုတော်မူတတ်သော မြတ်စွာဘုရားသည်။ သိတေ= နေတော်မူစဉ်။ ဝိရူပိ= အိုမင်းသည်ဖြစ်၍ အဆင်းမကောင်းသော ဝေရဥ္စာပုဏ္ဏားသည်။ ဝေ= စင်စစ်။ ဂမေ= ဆည်းကပ်ထိုအခါရောက်လာ၏။ ဇတံ=ဤဒိသံ= ဤသို့ဆည်းကပ်အပ်သော သဘောရှိသောမြတ်စွာဘုရားကို။ ပုန= ကြိမ်ဖန်များစွာ။ အဟံ= ကျွန်ုပ်သည်။ နမေ-နမာမိ= ရှိခိုးပါ၏။[၁]

မောဟန္တေ ဇိနိ ပဉ္စမေ ဇယေ ဇိတာယံ၊
သောရမ္မေ ဣသိပတနေ ဝနေ နိဝါသံ။
ခေါ ဘန္တေ ကိရိ သကလေ ဝဒေ ဝိသာလံ၊
ယောရံဝေ ဝိနိဒမနေ နမေ ဇိနာဟံ။

ပဉ္စမေ= ပဉ္စမသတ္တာဟ အပရာဇိတပလ္လင်၌။ ဇယေ= အောင်အပ်သော ရန်အပေါင်းတို့ကို။ ဇိတော= အကြွင်းမဲ့ထင် တျင်းတျင်းစင်အောင် အောင်မြင်တော်မူပြီးသော။ အယံ ဘဂဝါ= ဤမြတ်စွာဘုရားသည်။ မောဟန္တေ= အဝိဇ္ဇာလျှင် အစွန်းအစရှိသော ကိလေသာအပေါင်းတို့ကို။ ဇိနိ= အောင်တော်မူပြီ။ သောရမ္မေ= အလွန်မွေ့လျော်စဖွယ်ရှိသော။ ဣသိပတနေ= ဘုရား, ပစ္စေကဗုဒ္ဓါသာဝကတို့၏ ကျရောက်ရာဖြစ်သော။ ဝနေ= မြရောင်စိုစို ယိုလုဘနန်းမျှရှိသော တောအရပ်၌။ နိဝါသံ= ပဉ္စမဝါကပ်၍ တင့်အပ်စွာနေတော်မူခြင်းကို။ ကိရိ= ပြုတော်မူလေပြီ။ သကလေ= မဟာသဟဿီကောင်ရှိ စကြာဝဠာ အလုံးစုံတို့ကို။ ခေါဘန္တေ= ချောက်ချားတုံလှုပ်သည်တို့ကို။ ကတွာ= ပြု၍။ ဝိလာသံ= ဒေသနာဉာဏ်ကွန့်မြူးရာ ဓမ္မစကြာတရားကို။ ဝဒေ= ဟောတော်မူ၏။ ဝေ= စင်စစ်။ ယောရံ= ကြမ်းကြုတ်စွာသော မာရ်နတ် အာဠာဝကစသော သူရမ်းပဲကို။ ဝိနိဒမနေ-ဝိနိဒမနေန= ဆုံးမယဉ်ကျေးစေခြင်းဖြင့်။ ဇိနံ= အောင်မြင်တော်မူသော မြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ နမေ-နမာမိ= ရှိခိုးပါ၏[၂]။

---

၁။ ဝါသမာလိနီ ၃၃-ဂါထာပါဠိ နိဿယ(တောဠက ဂါထာ)။

၂။ ဝါသမာလိနီ ၄၅-ဂါထာနိဿယ (ပဟာသိနီဂါထာ)။

ဤသည်လျှင် ဝါသမာလိနီဂါထာပါဌ်နိဿယ အချို့အဝက်ဖြစ်သည် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမေ္ဓာဘိဝံသကား- ပါဠိ၊ မြန်မာမူ နှစ်ခုနှစ်ရပ်လုံး၌ ထူးခြားနိုင်နင်းသည့် ပညာရှိပုဂ္ဂိုလ် မြတ်ကြီး ဖြစ်တော် မူသည်။ အနက်ယောဇနာ မှာ တိကျသပ်ယပ်သေ သပ် ကျစ်လစ်လှသည်။ ပုံစံတချို့ကို ကြည့်ရှုရာသေး၏။

ဖိတံ = တွင်းပြင်မြို့နေ ကုဋေကိုးလီ ပွင့်လင်းစည်ပင်သော။

ဗဇနဂရံ = အိမ်ခြေစိပ်စိပ် ဂိရဗ္ဗဇနာမခေါ် ဆို ရာဇဂြိုဟ်မြို့[၁] ။

အာသဘံ = လူနတ်တို့၏အမျှူး ဦးကိုင်ဖြစ်တော်မူထသော[၂] ။

သမဏ္ဍကော = မြရည်အတိယိုဘိမတတ် စိန်ရောင်လျှပ်သော။

သကုဏကူဇဝနေ = သီးပွင့်စုံလင် ရေရှင်ကျထွက်ရာ သားငှက်အပေါင်း တို့၏ သောင်းသောင်းတွန်ကျူးမြူးပျော်ကြရာ မဟာဝုန် တောကြီး၌[၃]။

ဥဇုကာယံ = ရွှေပွတ်တိုင်ကဲ့သို့ မယိုင်မတောင့် ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိတော်မူထသော။ ဇော်သမ္ဗုဒ္ဓံ-ကို[၄]

သုကန္တိယေ = ခုံမင်စုံမက် အလွန်နှစ်သက်ဖွယ်ရှိသော။

သီတလေ = ဗိုလ်ပုံခပ်သိမ်းတို့၏ ငြိမ်းချမ်းသာရာဖြစ်သော။

ကုသမ္ဘိယေ = ကြို့ညိုပင်ကြိုင်းဆိုင်းရရှိုင်းဝန်းရံ၍ ကောသမ္ဗိဟု ခေါ် ဆိုအပ်သော။

တတ္ထ-တသ္မိံ နဂရေ= ထိုမြို့၌[၅] ။

ယုဓဝတီ = တထွေးတစ်ခဲ ခပဲပုံယင် ဆင်ရွှေအပေါင်းရှိသော။

ဇသ-ဇသောနာဂေါ= ပတ်ယတ်စုံလင် ကြန်အင်မချို့ နှစ်လိုဖွယ် ဤဆင်မင်း သည်။

---

၁။ ဝါသမာလိနီ ၄၆-ဂါထာနိဿယ။ ၂။ ဝါသမာလိနီ ၄၇-ဂါထာ။
၃။ ဝါသမာလိနီ ၄၈-ဂါထာ။ ၄။ ဝါသမာလိနီ ၅၁-ဂါထာ-သျှ။
၅။ ဝါသမာ လိနီ ၅၂-ဂါထာ-သျှ။

နာဂေ = တို့ကို။ ပဟာယ= ၍။
ပါလိလေယျကဝနေ= တောင်ကမ်းရေရှင် သစ်ပင်မြက်စာ ပြည့်စုံစွာသော ပါလိလေယျကတော၌။
ဗာလေ = ငြင်းခုံခိုက်ရန် ပြန်လှန်ပြောဟော၍ မောဟထူထဲ မိုက်မဲစွာသော ကောသမ္ဗကရဟန်းတို့ကို[၁] ။
သမ္ပုဏ္ဏေ = သီးပွင့်ရွက်မြစ် နှစ်ခေါက်အကာ နံ့သာမွှေးထုံတို့၏ စုံလင်ရာ ဖြစ်သော။
ပဗ္ဗတေပိ = တောင်လျှင်တောင်ဝှမ်း ချောက်ကမ်းရေရှင် ပင်စည် မှိုင်းမှိုင်း ဆိုင်းရယိုင်းရှိသော တောင်၌လည်း[၂] ။

စသည်ဖြင့် ဝါသမာလိနီကျမ်း၌ ကဗျာဆရာကြီးတဂိုး၏ လက်ရာကဲ့သို့ လန်းဆန်းလှပ်ရှားသည့် စကားများကိုတွေ့ရလေသည်။ စာရေးဆရာ ကဗျာတတ်သိ ပညာရှိတို့ နည်းယူဖွယ်ရာဖြစ်လေသည်။

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမ္မာဘိဝံသသည် ကျမ်း၏အဆုံး၌ -

**ပုညေနာနေန သံသာရမုပမိ သုစိ သပ္ပုရိသေဝေါပသေဝေ။**
**တေဟာဒိန္နံ သုဂါဟော သုစိပရိသဥပေတော အရောဂေါ ဘဝေယျံ။**
**ဒီဃာယုကော မဟာပည ယသဓမေသုလာဘော စ ကလျာဏမိတ္တော။**
**လောကာဒိဗ္ဗော စ မဂ္ဂေါ သမမတိပရိဝါရော၀ နိဗ္ဗာနပတ္တော[၃] ။**

အနေနပုညေန= ဗုဒ္ဓါနုဿတိလျှင် အရင်းရှိသော ဗုဒ္ဓပဏာမ ဓမ္မဒါန ပညာပါရမီ၏ ပြည့်စုံကြောင်းဖြစ်သော ဤသို့ပြုရသော ကောင်းမှုကြောင့်။ သံသာရံ=သံသရန္တော= သံသရာ၌ ကျင်လည်ရသည်ရှိသော်။ ဥပမိ= ပြည့်စုံသော ဥပမိရှိသည်။ ဘဝေယျံ= ဖြစ်ရလို၏။ သုစိ= ကိုယ်စိတ်နှလုံး သုံးပါးတို့၏ စင်ကြယ်ခြင်းသည်။ ဘဝေယျံ= ၏။ သပ္ပုရိသေဝ= သူတော်ကောင်းတို့၏သာလျှင်။

---

**၁။ ဝါသမာလိနီ ၅၃–ဂါထာ –သျှ။ ၂။ ဝါသမာလိနီ ၅၆–ဂါထာ–သျှ။**
**၃။ ဝါသမာလိနီ–၂၁၂။**

ဥပသေဝေ= မှီဝဲဆည်းကပ်ရလို၏။ တေဟိ= ထိုသူတော်ကောင်းတို့သည်။ အာဒိန္နံ= ရွေးရှု၍ပေးအပ်သောအဆုံးအမကို။ သုဂါဟော= မျက်ကွယ်မျက်မှောက် ဖောက်ပြန်ခြင်းသည်မရှိ သတိပညာဖြင့် ကောင်းစွာခံယူနိုင်သည်။ ဘဝေယျံ= ၏။ သုစိပရိသဥပေတော= မပြိုမကွဲမြဲမြံခင်မင်စင်ကြယ်သော ပရိသတ်နှင့်ပြည့်စုံသည်။ ဘဝေယျံ= ၏။ အရောဂါ= ဗာကုလမထေရ်ကဲ့သို့ အရှည်မြင့်ကြာ အနာကင်းသည်။ ဘဝေယျံ= ၏။ ဒီဃာယုကော= မညွတ်မကိုင်း ထိုင်းမှိုင်းတွေဝေခြင်းမရှိ ပကတိအသက်ရှည်သည်။ ဘဝေယျံ= ၏။ မဟာပညယသနေသုလာဘော စ= ကြီးသောပညာ, များသောပရိဝါရ ယသ, သမ္မတ္တိယသ, ပေးကမ်းစွန့်ကြဲ၍ မကုန်နိုင်သော ရန်သူမျိုးငါးပါးနှင့် မဆက်ဆံသော များစွာသောဥစ္စာ ဓမ္မိယလဒ္ဓပစ္စည်းနှင့် ပြည့်စုံသည်လည်း။ ဘဝေယျံ= ၏။ ကလျာဏမိတ္တော စ= ရောက်ရာ ရောက်ရာအရပ်၌ ကလျာဏမိတ္တနှင့် တွေ့ကြုံရသည်လည်း။ ဘဝေယျံ=၏။ လောကာဒိဗ္ဗောစ= ဝိပဿနာနှင့်တူမျှသော သမာ ပတ်ပညာ, အဘိညာဉ်ပညာ, သုခပဋိပဒါ ခိပ္ပါဘိညာ အခြံအရံ ရှိသည်သာလျှင်ဖြစ်သော။ မဂ္ဂေါ= ရအပ်သော မဂ်ပညာရှိသည်။ ဟုတွာ= ဖြစ်၍။ နိဗ္ဗာန ပတ္တော= မဟာအသခ်တခာတ် မြတ်သောနိဗ္ဗာန်ကိုရသည်။ ဘဝေယျံ= ဖြစ်ရလို၏ ဟူသော ပါဠိနိဿယများဖြင့် ဆုတောင်းတော်မူခဲ့လေသည်။

■ ■ ■

## ညီတော်မင်းတုန်းမင်းက
## ပုဂံမင်းကိုတော်လှန်စဉ်ကသမိုင်းကို ပြောနေသည့်
## နိဂုံး ၃–ဂါထာနဲ့ ပါဠိနိဿယ

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမွောဘိဝံသသည် ဝါသမာလိနီ ဘုရားရှိခိုးကျမ်းအဆုံး၌ -

၁။ နဿတိ သာသနေ ဆနဝုတာဓိကေ စ တိဝီသေ သတေ ကလိယုဂေ။
ဒွေသတစုဒ္ဒသာဓိကသဟဿကေ သကလရဋ္ဌကံ ခုဘိ ဂတေ။
ဘာတိကယုဒ္ဓကေန နဂရံ တဒါ ဘဝတိ ဆာရိကာ ယတိဂဏော။
ဒုက္ခဂတော မဟာပဟရဏောဟိ ဇီဝိတခယမ္ပိ ဧတိ ပိဋ္ဌကော။

၂။ ဥဒိသကစေတျကေပိ ဝိကိရိယ နာသတိဓသော ထိရော သဂဏာတော။
ဝိဇဟိယ ပုရတောတ္တရဝနေကကုမ္ဘကရဏာဂါမကံ နိဝသယေ။
သတဂဏကေဟိ တတ္ထ ဇနကောပိ "ဘောတ ဣဓ ဝါသ သံဗ္ဗယတိနံ။
ဥပဋ္ဌဟာမိ" တိ တမ္ပိ ကတိပါဟနံ ဝသတိ ခေါ ဝိမံသိယ သုခံ။
(လလိတဂါထာ)

၃။ တတ္ထ အရညေ ရမိတော သုစရိ သဒ္ဓမ္မတိမာနိ သုယတီဟိ တိပိယော။
ဓူရသုယုတ္တော ပရိဂါဟိယ သုဇာတော သုပဋ္ဌာတိ ကုနဒိကမုယာနံ။
သော သတမစ္စေဟိ ကတံ နဂရိဒံ တဿ စ ပါဝိနရဟာဓိကကောသေ။
ပစ္စယနယာသုဒဆာယ ဗဟုကော သုဒ္ဓယတိပိ ဣဓ ဝသနကာလေ။
(တနုဂါထာ)

၄။ ဖဂ္ဂုဏမာသေ ဆဒိနေ ရစိယ နိဋ္ဌံဝ ဂတော ပရမရိ ဣမိနာယံ။
သိဇ္ဈတု ပေမံ ဝတ ရက္ခတု သုဒေဝေါ ဥဒဝမုတု ဇိနံဝစနေ တံ။(တနုဂါထာ)

(ဤဂါထာတို့ကား ဆန်းစာကိုယ်၌မလာ၊ ဋီကာ၌လာသော ဂါထာတို့တည်း။)

(၁) သာသနေ= ဘုရားသခင်သာသနာသည်။ ဆနဝုတာဓိ ကေ= ကိုးဆယ့်ခြောက်ခု အလွန်ရှိကုန်သော။ တိဝီသေသတေစ= နှစ်ထောင့်သုံးရာတို့သို့

လည်းကောင်း။ ကလိယုဂေ= ကောဇာသက္ကရာဇ်သည်။ ဒွေသတစုဒ္ဒသာဓိက-သဟဿကေ= နှစ်ရာတစ်ဆယ့်လေးခု အလွန်ရှိသော တစ်ထောင်တို့သို့လည်းကောင်း။ ဂတေ= ရောက်လတ်သည်ရှိသော်။ ဘာတိကယုဒ္ဓကေန= ညီနောင်မင်းနှစ်ပါးတို့၏ ခိုက်ရန် ဖြစ်ပွားရန်စစ် ထိုးပစ်ကြခြင်းကြောင့်။ သကလရဋ္ဌ= ကြွင်းမဲ့ဥဿုံ အလုံးစုံသော မြန်မာနိုင်ငံ ထီးနန်းရုံနှင့်တကွဖြစ်သော တိုင်းကြီးသည်။ နဿတိ= ပျက်စီး၏။ ခုဘိ= ချောက်ချား၏။ တဒါ= ထိုအခါ၌။ နဂရံ= အမရပုရ မဟာရာဇဓာနီမြို့ကြီးသည်။ ဆာရိကာ= ပြာပုံအစုသည်။ ဘဝတိ= ဖြစ်၏။ ယတိဂဏော= များစွာသော ရဟန်းအပေါင်းသည်။ ဒုက္ခဂတော= ကြီးစွာသောဆင်းရဲသို့ ရောက်ကြ၏။ မဟာပဟာရဏေဟိ= များစွာသော ပုတ်ခတ်ခြင်းတို့ဖြင့်။ ဇီဝိတက္ခယမ္ပိ= အသက်ကုန်ခြင်းသို့လည်း။ ဧတိ= ရဟန်းအချို့ ရောက်ကြ၏။ ပိဋကေ= ဓမ္မက္ခန္ဓာ= များစွာ ပိဋကတ်တို့ကိုလည်းကောင်း။

(၂)။ ဥဒိသကစေတျကေပိ= ရွှေငွေ၊ကြေး၊သံ၊ဖန်၊မှန်၊ ကျောက်သစ်တို့ဖြင့်ပြီးသော ရုပ်ရှင်တော် စေတီတော်တို့ကိုလည်းကောင်း။ ဝိကိရိယ= ဖရိုဖရဲကျဲ၍။ နာသတိ= ဖျက်ဆီး၏။ က္ကမေ= က္ကမသ္မိံ ကာလေ= ဤအခါ၌။ သောထိရော= ထို“ဥေ ယျမ္မောဘိဝံသသီရိပဝရလင်္ကာရ ဓမ္မသေနာပတိ” မထေရ်သည်။ သဂဏာတော= တစ်ထောင်မျှလောက်သော မိမိ၏သံဃာများစွာဂိုဏ်းမှ။ ဝိဇဟိယ= စွန့်ခွာခဲ့၍။ ပုရတော= အမရပူရဇဋ္ဌာနီပြည်ကြီးမှ။ ဥတ္တရဝနေ= မြောက်အရပ်၌တည်သောဥယျာဉ်၌။ ဧကေကုမ္ဘကရဂါမကံ= အိုးထိန်းသည်တို့၏ရွာငယ်တစ်ခုကို။ သတဂဏကေဟိ= တစ်ရာမျှလောက်သော တပည့်အပေါင်းတို့နှင့်တကွ။ နိဝသယေ= မှီ၍နေ၏။ တတ္ထ= ထိုအိုးထိန်းသည်တို့၏ရွာ၌။ ဇနကောပိ= နေသောလူအပေါင်းသည်လည်း။ ဘောတ= အရှင်မြတ်။ က္ကမေ= ဤဥယျာဉ်အရပ်၌။ ဝါသ= မြင့်ရှည်စွာနေတော်မူပါ။ သဗ္ဗယတီနံ= ခပ်သိမ်းသော ရဟန်းတို့အား။ ဥပဋ္ဌဟာမိ= လုပ်ကျွေးပါအံ့။ က္ကတိ= ဤသို့။ ဝဒိ= လျှောက်ထားပြောဆို၏။ တမှိ= ထိုအိုးထိန်းသည်တို့၏ ရွာဥယျာဉ်၌။ ကတိပါဟနံ= သုံးရက်၊ လေးရက်။ ခေါ= စင်စစ်။ သုခံ= ချမ်းသာရာမြို့ရွာနိဂုံးကို။ ဝီမံသိယာ= စူးစမ်းဆင်ခြင်၍။ ဝသိ= နေ၏။

(၃)။ တတ္ထ-တသ္မိံကာလေ= ထိုအခါ၌။ အရညေ= တောကျောင်း၌။ ရမိတော= အခါခပ်သိမ်းမွေ့လျော်သော။ သုစရိ= ကောင်း သောအကျင့်ရှိသော။ သဒ္ဓမ္မံ= သူတော်ကောင်းတရားကို။ အတိမာနီ= အလွန်မြတ်နိုးတတ်သော။ သုယတိဟိ= ရဟန်းမွန်၊ ရဟန်းမြတ် အားထုတ်တတ်သောပုဂ္ဂိုလ်တို့သည်။ အတိပိယော= တရားသဖြင့် အလွန်ချစ်မြတ်နိုးအပ်သော။ ဓုရသုယုတ္တော= ဓုရနှစ်ပါးကို ကောင်းစွာ အားထုတ်လေ့ရှိသော။ သုဇာတော= ဆရာတို့သည် မှည့်ခေါ်အပ်သော သုဇာတအမည်ရှိသောမထေရ်သည်။ ပရိဂါဟိယ= တပည့်နောက်ပါ သံဃာတစ်ရာနှင့်တကွမထေရ်ကို ပင့်ဆောင်ယူလတ်၍။ သုပဋ္ဌာတိ= ကောင်းစွာ လုပ်ကျွေး၏။ သောပဒေသော= ထိုမထေရ်ကို လုပ်ကျွေးရာ အရပ်သည်။ ကုန္ဒဒိတံ= များစွာရစ်လျှိုထိုထိုအရပ်သို့ စီးဝင်သော ရေရှင်မြစ်ငယ်လည်း ရှိထသော။ ဥယျာနံ= အသီးအပွင့်ကိုဆောင်သော သစ်ပင်တို့ဖြင့် ပြည့်စုံသော ဥယျာဉ်လည်းရှိထသော။ သတမစ္ဆေဟိ= တစ်ရာသောအမတ်တို့သည်။ ကတံ= ဖန်ဆင်း တည်ထောင်အပ်သော။ က္ကဒ်နဂရံ= ဤအမတ္တရာအမည်ရှိသော မြို့သည်။ အတ္ထိ= ရှိ၏။ တဿစ= ထိုအမတ္တရာမြို့၏လည်း။ အဓိကကောသေ= တစ်ကော သထက်လွန်သော။ ပါစီနေ= အရှေ့အရပ်၌။ အရဟော= ဘာဝနာကံ အား ထိုက်၏။ ပစ္စယနာယာသော= ပစ္စည်းလေးပါးတို့ဖြင့် ပင်ပန်းခြင်းလည်းမရှိ။ ဥဒ ဆာယ ဗဟုကော= များစွာသော ရေအရိပ်လည်းရှိ၏။ သုဒ္ဓယတိပိ= စင်ကြယ် သော ရဟန်းတို့၏ နေရာလည်းဖြစ်၏။ က္ကစ= ဤတောကျောင်း၌။ ဝသန- ကလေ= နေစဉ်အခါ၌။

(၄)။ ဖဂ္ဂုဏမာသေ= တပေါင်းလ၌။ ဆဒိနေ= ဇုဏှပက္ခဆန်းစခြောက် ရက်၌။ ရစိယ= စီရင်၍။ အယံ ဂန္ထော= ဝါကပ်၍ တင့်အပ်စွာနေတော်မူရာ အစဉ်ပြဆိုရာဖြစ်၍ “ဝါသမာလိနီ” မည်သော ဤကျမ်းစာသည်။ နိဋ္ဌံဝ= ပြီးခြင်း သို့သာလျှင်။ ဂတော= ရောက်၏။ က္ကမိနာ ပုညကမ္မေန= ဤကောင်းမှုကံကြောင့်။ ပရံ= လွန်မင်းစွာ။ အရိ= ယခုဖြစ်သောရန်စစ်ကြီးသည်။ ဝတ= စင်စစ်။ ပေမံ= အချင်းချင်း ချစ်မြတ်နိုးကြသည်။ ဟုတွာ= ဖြစ်၍။ သိဗ္ဗတု= မပင်မပန်းငြိမ်းချမ်း သာယာ မေတ္တာသက်ဝင်၍ အောင်မြင်ပြီးစီးစေသတည်း။ သုဒေဝေါ = သမ္မာဒေ ဝနတ်သည်။ ရက္ခတု= ရင်ဝယ်သားကဲ့သို့ သနားစုံမက် နှစ်သက်ကြည်စွာ

စောင့်ပါစေသတည်း။ ဥဒ= ထိုမြို့။ ဧတံ= ဇိနဝစနံ= ဤမြတ်စွာဘုရား သာသနာ တော်သည်။ ဝမုတု= စည်ပင် ပြန့်ပွားများစေသတည်း။

ဟူသော ၄-ဂါထာပါဠိနိဂုံးနိဿယဖြင့် ညီတော်မင်းတုန်းမင်း၏ နောင်တော် ပုဂံမင်းကို နန်းချစဉ်က အဖြစ်အပျက်သမိုင်း စသည်တို့ကို ဖော်ပြနိဂုံးအုပ်တော် မူခဲ့သည်။ သမိုင်းအတွက် အဖိုးတန်သည့် နိဂုံးဖြစ်လေသည်။

ယင်းကျမ်းသည် နှစ်ပေါင်းတရာကျော် ပေဖြင့်တည်ရှိခဲ့ရာ ပိဋကဇမ္ဗူဟာ အဖွဲ့၏ ကြိုးပမ်းမှုကြောင့် ၁၃၄၂-ခုနှစ်က မဟာပဏ္ဏာမကျမ်းတွင် စတုရင်္ဂဗလ အမတ်ကြီး၊ ကျော်အောင်စံထားဆရာတော်၊ ဆရာတော်ဦးဗုဒ်၊ ပဌမမောင်း ထောင်ဆရာတော်တို့၏ ဗုဒ္ဓဝန္ဒနာများ နှင့်အတူတကွ ပုံနှိပ်စာမူ ဖြစ်ပေါ်ထွက် ရှိခဲ့ရာ ကျေးဇူးများလှပါသတည်း။ နိဂုံးဂါထာ ၆၀-ပါဌ်နိဿယဖြစ်၍ ရှိုင်ဆိုက် စာမျက်နှာ ၃၈-မျက်နှာ ရှိလေသည်။

**ဝါသမာလိနီ ဂန္ထော ဟိ၊ သုန္ဒရော သုမနော ဟရော။**
**ဥမိတော မောင်းထောင်ထေရေန၊ ဧဉယျဓမ္မ ယသဿိနာ။**

## မဏ္ဍိမပဏ္ဏာသ ပါဠိတော် နိဿယ

မဏ္ဍိမပဏ္ဏာသပါဠိတော်ကိုလည်း အဋ္ဌကထာတွဲဖက်၍ မပြတ်ချပို့တော် မူလေ့ရှိသည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တည် ဆရာတော် အရှင်ဂန္ထ သာရမဟာထေရ်သည် ဖော်ပြပါသာသနာပိုင် ဆရာတော်ကြီးထံ၌ ယင်းမဏ္ဍိမ ပဏ္ဏာသ ပါဠိအဋ္ဌကထာကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့ရလေသည်။ ပခန်းသမ္မုတိ သာသနာပိုင်အဖြစ် ထင်ရှားခဲ့သော မန္တလေးမဟာဝိသုတာရာမတိုက် မဟာတု လွှတ်ဘုံစံကျောင်းနေ "နန္ဒသာရသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာ တော်ဘုရားကြီး အရှင်နန္ဒသည်လည်း ငယ်စဉ်က သာသနာပိုင် ဒုတိယမောင်း ထောင် ဆရာတော်ဘုရားကြီးအမိန့်အရ သာသနာပိုင်ဆရာတော် ချပို့သည့် အတိုင်း မဏ္ဍိမပဏ္ဏာသနိဿယကိုလည်း ရေးသားတော်မူခဲ့လေသည်။

## မဟာနိဒ္ဒေသ အဋ္ဌကထာနိဿယ

မဟာနိဒ္ဒေသ အဋ္ဌကထာနိဿယကိုမူ အမရပူရမြို့ မဟာအဘယာရာမတိုက်၊ မဟာဝိဇိတာရာမတိုက်တို့၌ သီတင်းသုံးတော်မူခိုက် ရေးသားတော်မူကြောင်း နိဂုံး၌ဖော်ပြတော်မူခဲ့လေသည်။ "ဤစာရေးရ မြတ်ပုညကြောင့် အရိမေတ္တေယျ ဘုရားလက်ထက်၌ ခိပ္ပါဘိညအဘိညာဉ်နှင့်ပြည့်စုံ၍ ဘဝနှောင်အိမ်မှ လွတ်ရလိုကြောင်း" တောင်းဆုချွေခဲ့ကြောင်း-

**ကတေန အနေန ပုညေန၊ ခိပ္ပာဘိညေန သာဝကံ။**
**ပဝနာမေတ္တေယျ ဩဝါဒေ၊ မောစေယျံ ဘဝဗန္ဓနာ။**

ဟူသော မဟာနိဒ္ဒေသ အဋ္ဌကထာနိဿျနိဂုံး ဆုတောင်းဂါထာဖြင့် သိသာလေသည်။

## ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိဿယ

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ နိဿယကြီးမှာလည်း လွန်စွာခမ်းနား ကောင်းမြတ်သည့် ကျမ်းစာကြီးဖြစ်လေသည်။ ပဋိသမ္ဘိဒါမဂ်ကို ချပို့သည့် ဆရာတော်တိုင်းလိုလို ဤနိဿယကြီးကို လက်သုံးပြုကြရသည်။

## သဲအင်းသာသနာပိုင်အား ရှိခိုး

ကျမ်းဦးစ၌ ရတနတ္တယပဏာမပြုကြပြီး မိမိ၏ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော "သူရိယဝံသာဘိ သိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးကိုလည်း-

**ယဿ ဆေကောဝ မူလမှိ၊ ဝိနိစ္ဆယမဝိန္ဒိဟံ။**
**တံ သာဒရေန ဝန္ဒာမိ၊ ထေရမ္ဗိ ယတိ ပုဗ္ဗကံ။**

ဟူသောဂါထာဖြင့် ရှိခိုးဦးချပဏာမပြုတော်မူခဲ့လေသည်။

ယင်းပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိဿယကို ရေးရာဌာနစသည် ကို "ဇမ္ဗူဒီပဿ= ဇမ္ဗူဒိပ်၏။ ကေတုဘူတံ= တံခွန်သဖွယ်ဖြစ်သော။ မရမ္မရဋ္ဌေ= မြန်မာ့တိုင်းကြီး၌။ အမရပုရရာဇဋ္ဌာနီယေ= အမရပူရမင်းနေပြည်၌။ အဘယာရာမ

ဝိဇိတာရာမေသု= အဘယာရာမကျောင်းတိုက်၊ ဝိဇိတာရာမကျောင်းတိုက်တို့၌။ ဝသန္တေန= နေသော။ ဧဉ္စယျမေဓာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ ထေရေန= "ဧဉ္စယျမေဓာဘိဝံသ" သိရိပဝရာလင်္ကာရဓမ္မသေနာပတိ သာသနာပိုင်ဆရာတော် ဘုရားကြီးသည်။ ရစိတော= စီရင်အပ်သော။ သဒ္ဓမ္မပကာသိနီယာ= သော။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာယ= ၌။ အဘိညာနိဒ္ဒေသဝဏ္ဏနာယ= ၏။ နိဿယော= သည်။ နိဋ္ဌိတော=၏။

ဖော်ပြပါစကားရပ်ဖြင့် ပဌမအကြိမ် သာသနာပိုင်အဖြစ် တည်စဉ် သာယာဝတီမင်းတရား လက်ထက်၌ ရေးသားကြောင်း သိသာလေသည်။

## သဗ္ဗာသဝသုတ် စောဒနာ စာစပ်ဝိဂြိုဟ်ကျမ်း

သဗ္ဗာသဝသုတ်စုဒ်စောဒနာစာစပ်ဝိဂြိုဟ်ကျမ်းကိုလည်း သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သည့် ကျမ်းစာအဖြစ် တည်ရှိလေသည်။ ဆရာတော်ဘုရားကြီးသည် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ သဗ္ဗာသဝသုတ်ကို တပည့်တပန်းတို့အား ချပို့တော်မူစဉ် မိန့်ဟပြောဆိုသည့်အတိုင်း တပည့်တို့ရေးမှတ်ကြရာ စံကျောင်းဆရာတော် အရှင်သုဒဿန အမိန့်ရှိစေခိုင်းချက်အရ သက်ဆိုင်ရာတို့က ကျမ်းစာအဖြစ် ပြုခဲ့ကြကုန်၏။ ပေမှကူးယူ၍ ပဌမဆုံးအကြိမ် ၁၂၅၈-ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန္တလေးမြို့ မြဝတီမောင်ကလေး ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့လေသည်[၁]။

## သီမာဝိနိစ္ဆယ

သက္ကရာဇ် ၁၂၂၁-ခုနှစ်က ယခင်မြန်မာပြည်လာရောက်၍ သိက္ခာတင်သွားသော သီဟိုဠ်ရဟန်းတော် အရှင်ဓမ္မက္ခန္ဓနှင့်အရှင် ဝဏ္ဏယတနတို့က သိမ်အယူဝါဒကွဲပြားသည့် အမှုနှင့်စပ်၍ မန္တလေးမြို့ မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးထံ လာရောက်ကြ၍ သိမ်အဆုံးအဖြတ်ရလိုကြောင်း

---

**၁။ အတ္ထုပ္ပတ္တိအဆုံး။ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဧဉ္စယျမေဓာဘိဝံသ၏ အဖြေနည်းပြ သဗ္ဗာသဝသုတ် စောဒနာ စာစပ်ဝိဂြိုဟ်ကျမ်း၊ ကြည့်။**

လျှောက်ထားကြသဖြင့် သာသနာပိုင်ဆရာတော်သည် သိမ်အဆုံးအဖြတ်ကို ရေးသားချီးမြှောက်တော်မူခဲ့လေသည်။ ယင်းအကြောင်းအရာသည် သီဟိုဠ်၊ မြန်မာသာသနာဝင်၌ ထင်ရှားလှ၏။

## ပုစ္ဆနယဒီပနီကျမ်း

မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျမ္မာဘိဝံသသည် ဆောမြို့စားအတွင်းဝန်မင်းကြီး မဟာနန္ဒသကြံ လျှောက်ထားချက်အရ လောကီလောကုတ္တရာ နှစ်ဖြာသောအဖြေ ဝိသဇ္ဇနာပါရှိသော ပုစ္ဆာနယ ဒီပနီကျမ်းကြီးကို ပြုစီရင်တော်မူခဲ့သည်။ ယင်းကျမ်းကို ၁၂၇၀-ပတ်ဝန်းကျင်လောက်က ရိုက်နှိပ်ခဲ့ရာ ထိုစဉ်က တအုပ်လျှင် ၁၀-ပဲ၊ ၁၀-အုပ်လျှင် ၅-ရောင်းကြောင်း သိရသည်။

## ဝိဝါဒနိစ္ဆယကျမ်း

"ပညာသာမိကဝိဇေ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်္ဂလာရာမမောင်းထောင် ဆရာတော်သည် သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျမ္မာဘိဝံသ သီတင်းသုံးတော်မူရာ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး၍ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ လုပ်ဆောင်ဖွယ်ရာများကို ကူညီပြုလုပ်တော်မူခဲ့သည့် ဆရာတော်ဖြစ်သည်။ မင်္ဂလာရာမမောင်းထောင်တိုက် သီတင်းသုံးတော်မူရာအခါ၌လည်း သာသနာပိုင် ဆရာတော်ဘုရားကြီးထံ မကြာခဏကြွရောက်၍ ကူညီစောင့်မ ပြုလုပ်တော်မူခဲ့လေသည့် တပည့်ကောင်းမထေရ်မြတ် ဖြစ်တော်မူသည်။ မန္တလေးမြို့တော်သစ်သို့ မပြောင်းမီ အမရပူရနေပြည်တော် မဟာအဘယာရာမ၊ မဟာဝိဇိတာရာမတိုက်တို့၌ သီတင်းသုံးစဉ် ကလည်း သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အနီးထံပါး၌ ပညာသင် ကြားခြင်း၊ စာပေပို့ချခြင်း၊ ဆရာတော်ဘုရားကြီး၏ စေခိုင်းသမျှကို ပြုလုပ်ခြင်းဖြင့် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အကြောင်းအရာ ကိစ္စဥသုံကို စုံစုံလင်လင်သိသည့် မထေရ်မြတ်ဖြစ်တော်မူသည်။ သို့နှင့် မောင်းထောင်ဆရာတော်ကလေး အရှင်ပညာ

သာမိသည် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တိုတိုကျဉ်းကျဉ်း လိုရင်း ဆုံးဖြတ်ချက်များကို နောင်အနာဂါတ်တွင် လိုအပ်လိမ့်မည်ဟု သဘောပေါက်သဖြင့် မောင်ထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဆုံးဖြတ်ချက်များကို ဝိဝါဒဝိနိစ္ဆယကျမ်းအမည်ဖြင့် တစ်စုတဝေးတည်း ပေထက်သို့ရေးတင် ပြုစုတော်မူလေသည်။ ယင်းအဆုံးအဖြတ်များမှာ ၃၄-ခု ရှိလေသည်။ မောင်းထောင်ဆရာတော်ကလေး အရှင်ပညာသာမိသည် ယင်းဝိဝါဒ ဝိနိစ္ဆယကျမ်း၏နိဂုံးကို ကိုယ်တိုင် ရေးသားစီရင်တော်မူခဲ့လေသည်။

ယင်းရေးသားချက်အတိုင်း ဆရာတော်အရှင်နိဂြောဓသည် ဝိနယဝိနိစ္ဆယကျမ်းကြီး တတိယတွဲ၌ဖော်ပြခဲ့ရာ သုတေသီတို့ အောက်ပါအတိုင်း ကြည့်ရှုရာ၏။

ရှေးရှေးသောဘဝ ကာလအထူးက ဆည်းပူးတော်မူခဲ့သော ပါရမီတော် ပုညသမ္ဘာရ အဆောက်အဦတို့သည် ပဒုမ္မာမုံရင့်သည် ပွင်အံ့ရှေ့ရှုလျှက်မူဘိသကဲ့သို့။ တစ်ဆင့်တစ်ဆင့် ကြီးရင့်ခိုင်မာသကဲ့သို့၊ ယုတ္တမုတ္တဝါဒီ ပီယဝါစာ မဟာဂုဏာကရ အစစ်ဖြစ်တော်မူထသော အလဇ္ဇီနိဂ္ဂဟတ္ထာ စသောကျမ်းဂန်နှင့် အညီ အလဇ္ဇီပုဂ္ဂိုလ် အလိုယုတ်များ မိစ္ဆာဘေးရန်သာသနန္တရာယ် အပေါင်းတို့၏ **"ဒိဝသဿ ဒွိက္ခတ္တုံ ဝတ္ထာနိ ပရိဝတ္တေတွာ အလင်္ကတမဏ္ဍိတာနံ စဏ္ဍဝတ္တိအာဒီနံပိ မနုဿာနံ ဂန္ဓော ယောဇနသတေ ဋ္ဌိတာနံ ဒေဝါနံ ကဏ္ဌေ အာသတ္တကုဏပံ ဝိယ ဗာဓတိ"**-ဟူသော ဒီဃနိကာယ် မဟာဝဂ် ပါရာသိရာဇည သုတ် အဋ္ဌကထာစသော ကျမ်းဂန်နှင့်အညီ၊ တစ်နေ့ နှစ်ကြိမ် နှစ်ကြိမ် ရေချိုး၍ သုံးကြိမ်သုံးကြိမ် ပုဆိုးအဝတ်ကို လဲလှယ်ပြီးလျှင် အဖိုးအနဂ္ဃရတနာ တန်ဆာအထူးတို့ဖြင့် တန်ဆာဆင်ခြင်းရှိကုန်သော စကြာဝတေးမင်း အစရှိကုန်သော လူတို့၏ အနံ့ကိုပင်သော် လည်း ယူဇနာတရာက နတ်တို့အား လည်ဝယ်ဆွဲသော အကောင်ပုတ်ကဲ့သို့ စက်ဆုပ်ရွံရှာခြင်း ရှိလေသကဲ့သို့ ဝတ်ရုံသွားလာလှည့်ပတ် မငြောက်ပတ်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို မြင်မိကြားမိလျှင် လည်ဝယ်ဆွဲလာသော အကောင်ပုတ်ကဲ့သို့ စက်ဆုပ်ရွံရှာတော်မူလျှက် မပြတ်ညည်းတွားအလေ့လည်း ရှိတော်မူထသော လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်

တို့ကိုကား မစက်မရက်မြတ်နိုးသဖြင့် 'မာတာ ယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တမနုရက္ခေ' စသော ပါဠိတော်နှင့်အညီ သားတစ်ယောက်မိခင်သည် ချစ်ကြည်လေးမြတ်ခြင်း ပြင်းစွာရှိသကဲ့သို့ အတိမာနတ္တဂုဏ်နှင့် ပြည့်စုံတော်မူထသော သီရိဝဓနသူဌေးသား, မဟော်သဓာ ပညာရှိသုခမိန်, အာဒါသမုခမင်းတို့သည် တစ်ခုသော အဋ္ဌကဝိဝါဒအမှု၌ ဥပါယ်အရာတို့ဖြင့် သေချာစွာ စစ်ဆေးပြီးစီး၍ မေးမြန်းစီရင် ဆုံးဖြတ်လေသကဲ့သို့ ရှေးရှေးသောဘဝ ကာလအထူးက ဆည်းပူးအပ်သော ကုသိုလ်တော်အဟုန်ကြောင့် ပြည့်စုံလှသော ဇာတိပညာ မဟာပုညဇဉာဏ် ဆရာမွန်ဆရာမြတ်တို့အထံမှ သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားတော်မူသဖြင့်လည်းကောင်း တပည့်သံဃာ ဂိုဏ်းတို့အား ပရိယတ္တိဓမ္မကို မပြတ်ပို့ချတော်မူသဖြင့်လည်းကောင်း ရအပ်သော ပါဠိဟာရိယပညာ မဟာဝါယမဇဉာဏ်တို့ဖြင့် အဖန်ဖန် စစ်ဆေးမေးမြန်းတော်မူပြီးမှ 'ယဒိဒံ တတ္ထ တတ္ထ ကာလညုတာ သိယာ'-စသော 'တတ္ထ ကာလေ ဇာတံ ကာလံ ဥတ္တာ အဝဏ္ဏာရဟဿ အဝဏ္ဏကထနံ ဝဏ္ဏာရဟဿ ဝဏ္ဏကထနံ ပဏ္ဍိတာနံ ပကတီ'တိ ဒဿေတိ- ဟူသော စတုက္က အင်္ဂုတ္တိုရ်အဋ္ဌကထာပါဠိနှင့်အညီ ထိုထိုလျောက်ပတ် သင့်တင့်သောကာလ၌ အဝဏ္ဏာရဟပုဂ္ဂိုလ်တို့အား ကျေးဇူးမဲ့ကိုဆိုခြင်း, ဝဏ္ဏာရဟပုဂ္ဂိုလ်တို့အား ကျေးဇူးကိုဆိုခြင်းသည် ပညာရှိတို့ အလေ့သဘောဖြစ်ရကား အလဇ္ဇီပုဂ္ဂိုလ်တို့အား နှိပ်နင်းသဖြင့် လဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှောက်သဖြင့် စီရင်ဆုံးဖြတ်ခြင်း အလေ့ရှိတော်မူထသော တခဏခြင်း လျင်မြန်စွာ ထိုးထွင်းနိုင်သော ပညာတော်တမူလည်း ရှိထသော။ လဋ္ဌံ နာမ အဘိဝန္ဒိတဗ္ဗံ ဘိန္ဒတိ-ဟူသော အင်္ဂုတ္တိုရ်နိကာယ် အဋ္ဌကထာကို ပညာတော်ရှေးရှုသဖြင့် တွေးသိမြင်မြော်လျက် အမှုသည် လူ,ရှင်ရဟန်းတို့က ပူဇော်သော လာဘ်ကို တခဏခြင်း ဇီဝိတိန္ဒြေမှ ရွေ့လျောကင်းပြတ်စေတတ်သော ဟလာဟလအဆိပ်ကဲ့သို့ ရွံ့ရှာတော်မူလျက် မယူခံခြင်းအလေ့ဖြင့် တိုင်းနိုင်ငံအလုံး ကျော်စော ထင်ရှားထသော ဘုန်းတော်ကြီး၍ သက်တော်ရှည်သော ငါတို့ ကျေးဇူးရှင် "ဧဝံ ယျဓမ္မာဘိဝံသီရိပဝရာလင်္ကာရဓမ္မသေနာ ပတိမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရားကြီးသည်။

ဓမ္မာစရိယဖြစ်တော်မူထသော "သူရိယာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဇီဝိတိန္ဒြေဟူသော ရေခန်းခြောက်သဖြင့် ကမ္မဇရုပ်ကလာပ်ဟူသော ကြာပဒုံသည် ညှိုးကြုံ ခြောက်သန်း နွမ်းရိလေလျှင် ယူဇနာငါးဆယ် ကြီးကျယ်စွာသော နေဗိမာန်သည် အတ္ထင်္ဂမတောင်သို့ ဝင်လေလျှင် လေးဆယ့်ကိုးယူဇနာ ကြီးကျယ်စွာသော လဗိမာန်သည် ဥဒည်းတောင်ဘက်မှ ထွက်ခွါပြုလာ၍ သတ္တဝါခပင်းတို့အား အလင်းဖြင့် ကျေးဇူးပြုပြြန်သကဲ့သို့ သာသနာတော်ကိုဆက်လက်၍ ကျေးဇူးပြုပြန်ရကား သာသနာတော်သည် မွန်းတည့်နေကဲ့သို့ တောက်ပထွန်းလင်း၏။ ထိုအခါ အလဇ္ဇီပုဂ္ဂိုလ်တို့သည် နေ့အခါခင်ပုပ်ငှက်ယယ်ကဲ့သို့လည်းကောင်း ဥက္ကောင်းမပြုဝံ့ပဲ ကြောက်ရွံ့ကြသဖြင့် သာယာငြိမ်းချမ်း၍ သာသနပစ္စတ္ထိတ ဘေးရန်အပေါင်းမှလည်း ကင်းလွတ်၏။ ရှေးရှေးကနိသယမရှိသော မဟာနိဒ္ဒေသအဋ္ဌကထာ၊ ပဋိသမ္ဘိဒါ မဂ္ဂအဋ္ဌကထာ တို့ကို သွားလာခြင်းနည်းပါး၍ ပါဌ်ပျက်ပါဌ်ဆိုးတို့ဖြင့် ထွေးရှက်သော ပုဒ်ပါဌ် အက္ခရာတို့ကို အထူးထူးသော ဂန္ထန္တရတို့ဖြင့် ညှိနှိုင်းသုတ်သင် ပြင်ဆင်တော်မူ၍ အနက်မြန်မာပြန်တော်မူ၏။

ထိုအခါ ဒါန၊ သီလ၊ ပရိစ္စာဂ စသောရာဇဓမ်ဆယ်ပါး, သဿ မေဓ၊ ပုရိသမေဓ၊ သမ္မပါသ၊ ဝါစာပေယျ ဟူသော သင်္ဂဟတရား ၄-ပါး, ဘေဒ၊ ဒဏ္ဍ၊ သာမ၊ ဒါန ဟူ၍ အဘိဓာန်ကျမ်းများ၌လာသော ရန်အောင်ကြောင်း ၄-ပါး, သစ္စ၊ ဓမ္မ၊ ဝီရိယ၊ စာဂဟူ၍ ဝါနရိန္ဒဇာတ်၌လာသော ရန်အောင်ကြောင်း ၇-ပါး, ပဘာဝ၊ ဥဿာဟ၊ မန္တ ဟူသော သတ္တိ ၃-ပါး, သန္ဓိ၊ ဝိဂ္ဂဟ၊ ယာန၊ အသန၊ ဒွေဓာ၊ အာသရ-ဟူသော ရာဇဂုဏ် ၆-ပါး-အစရှိသော ရာဇပြကတေ့ အဓလေ့ ဖွယ်ရာဖြင့် ပြည့်စုံစွာသော အမရပူရရွှေမြို့တော်ကြီးကို နှစ်ကြိမ်မြောက် ဖန်ဆင်း တည်ထောင်တော်မူသော မဟာလောကမဏိစူဠာ ဒါယကာမင်းတရားကြီး။ ထိုမင်းတရားကြီး၏ ပုဗ္ဗဋ္ဌာယီ ပစ္ဆာနိပါတီ ကိံ ကာရပဋိဿာဝိနီ-စသော အင်္ဂါ လက္ခဏာနှင့်ပြည့်စုံစွာသော တောင်ညာနန်းနေ မဟေသီမိဖုရားခေါင်ကြီး, ထိုမင်းတရားကြီး မိဖုရားခေါင်ကြီး ၂-ပါးတို့၏ ဩပုညသမ္ဘန္ဓသဒ္ဓါ ပသန္န

စသောဂုဏ်တို့ နှင့်ပြည့်စုံစွာသော သမီးတော်မင်းမြတ်တို့သည် မဟာအဘယာရာမတိုက်, မဟာဝိဇိတာရာမတိုက်ကြီး နှစ်ရပ်နှင့်တကွ လူသာမန်တို့သည် အတုယူခြင်းငှာ မတတ်နိုင်ကောင်းသော ရွှေနီဖလံဖန်မှန်မြကျောက်တို့ဖြင့် တောက်လောင်ဘနန်း ခြူးပန်းခြူးနွယ် မကာရ်းကွက်မကာရ်းပြောက် ပန်းညှောက်ပန်းအုံ ပန်းရုံပန်းကြွစသော လက်အမှုတို့ဖြင့် နတ်ဝိသုကံတို့သည် ဖန်ဆင်းလာဘိသကဲ့သို့ ထင်မိမက်မောလျှက် အံ့သြ၍မကုန်နိုင်သော ဘုံပြာသာဒ်တို့ဖြင့်ခြံရံလျှက် ကျောင်းတော်တို့ကို ဆောက်လုပ်၍လှူဒါန်းကြ၏။ ထိုမင်းတရားသည် တရံရောအခါ နတ်စည်းစိမ်ကို ခံစားလေလျှင် တိုင်းနိုင်ငံအလုံးကို ဘုန်းလက်ရုံးအာဏာဖြင့် သိမ်းကျုံးခြင်းငှာစွမ်းနိုင်သော သားတော်အိမ်ရှေ့နန်းလျာ မဟာဥပရာဇာသည် ခမည်းတော်အရိုက်အရာကို သိမ်းပကားတော်မူလေသည်။

ထိုအခါ "ဌေ ယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော်ဘုရားကြီးသည် သာသနာတော် တာဝန်ကို နှစ်ပေါင်းကြာကာလပတ်လုံး ကြည့်ရှုရွက်ဆောင်ရကား ငြီးငွေ့သဖြင့် ကြောင့်ကြမဲ့ နေတော်မူ၏။ နောင်တဖန် ညီတော်မင်းတရားကြီးသည် ရွှေထီးရွှေနန်းသိမ်းမြန်းစိုးအုပ်တော်မူ၍ ရာဇဓမ္မ-စသော ပြကတေ့ အဝေလေ့တို့နှင့်ပြည့်စုံလျှက် ရာဇဂြိုဟ်ပြည်ကြီး၌ မိမိသည် တစ်လတစ်လ၌ ခြောက်ကြိမ် ခြောက်ကြိမ် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်တည်၍ မင်းမိဖုရား မှူးတော်မတ်တော် မင်းပရိတ်အပေါင်းအားလည်း ဆောက်တည်ကြကုန်၏လောဟု ညီမူရာအရှုခံတွင် မပြတ်မေးတော်မူလေ့ရှိသဖြင့် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်တည်ကြရကြောင်းနှင့် ဝတ္ထုအဋ္ဌကထာ၌လာသော ဗိမ္ဗိသာရမင်းကြီးကဲ့သို့ မိမိလည်း တစ်လတစ်လ၌ ရှစ်ကြိမ် ရှစ်ကြိမ် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်တည်၍ မင်းမိဖုရား မှူးတော်မတ်တော် မင်းပရိတ်သတ်တို့အား ဆောက်တည်ကြကုန်၏လောဟု ညီမူရာအရှုခံရာတွင် မပြတ်မေးလေ့ရှိသဖြင့် အဋ္ဌင်္ဂဥပေါသထသီလကို ဆောက်တည်ကြရ၏။ ပညာရှိ သူတော်ကောင်းတို့အားလည်း အလွန်မြတ်နိုးလေ့ရှိ၏။ သာသနာတော်၏ အကျိုးစီးပွားကိုလည်း အလွန်အလိုရှိသည်။ သီဟိုဠ်ကျွန်းကုဋ္ဋကဏ္ဏတိဿမင်း၏သား မဟာဒါဌိကမင်း၏နောင်တော် ဘတိကမဟာဒါဌိ

က။ ဝေါဟာရတိဿမင်း၏ခမည်းတော် သီရိနာဂစသောမင်းတို့သည် အနုရာဓမြို့၌ ရှေးဘောလောင်းတော် ဒုဋ္ဌဂါမဏိမင်း၏ကုသိုလ်တော် မဟာစေတီ စသည်များကို ရွှေနီဖလံတို့ဖြင့်မွမ်းမံ၍ အသစ်ပြုပြင်ပြန်သကဲ့သို့ ရတနာသိင်္ယ ကုန်းဘောင်ရွှေပြည်တော်ကြီး၌ ရှေးဘေား လောင်းတော်စေတီများကို ရွှေနီဖလံတို့ဖြင့် မွမ်းမံ၍ အသစ်ပြုပြင် ပြန်၏။ သီဟိုကျွန်း ဗုဒ္ဓနာဂမင်း၏သား စန္ဒမုခသီဝ မဟာလ္လမင်း၏သား ဘာတိကတိဿ စသောမင်းတို့သည် မဏိကာရကန်တော်, ဒန္တက ကဏ္ဏဝါပိကန်တော် စသည်များကို ပြုစုသကဲ့သို့။ ကြိုးကြာဥကန်, ရင်းမကန်တော်စသည်များကို ပြုစုတော်မူ၏။ သီဟိုဠ်ကျွန်း ဘာတိကတိဿမင်း၏ ညီတော် တိဿကစသောမင်းတို့သည် မဟာမေဃဝန်သိမ်တော် မဟာဝိဟာရသိမ်တော်များကို ရဟန်းတို့ ကံကြီးကံငယ်ဆောင်ရွက်နိုင်ရန် သမုတ်သကဲ့သို့ ရတနာသိင်္ယကုန်းဘောင် ရွှေပြည်တော်ကြီး၏ လေးမျက်နှာတူရူအရပ်၌ ရဟန်းတို့ ကံကြီးကံငယ် ရွက်ဆောင်တော်မူရန် သိမ်တော်များကိုလည်း သမုတ်တော်မူ၏။

ထိုမင်းတရားကြီးသည် မင်္ဂလာအိမ်တော်ကပင် သဒ္ဓါယုံကြည် ရင်းရှိသည်နှင့် ထို"ဧဉ ယျဓမ္မဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရားကြီးကိုပင် သာသနာရေး သာသနာမှုကို ကြည့်ရှုစောင်မပါဟု ဆောင်နှင်းပြန်လျှင် "ငါတို့ကဲ့သို့သောသူသည် သာသနာတော်ကို မကြည့်မရှု အပျော့သုက္က ကာလရှည်ကြာမနေသင့်ပေ"ဟု မိမိ၌ဆင်းရဲ ငြိုငြင်ပင်ပန်းအံ့သည်ကို သမန်းမြက်ခြောက်သစ်ရွက်လောက်မျှ အောက်မေ့တော်မမူပဲ မြတ်စွာဘုရား ရွှေမျက်နှာတော်ကို ထောက်၍ဝန်ခံတော်မူပြီးလျှင် "ထိုထိုလောကဓမ္မအမှုတို့၌ တံစိုးလက်ဆောင်ကိုမငဲ့ မျက်နှာကြီးငယ် မရွေးမထောက် တရားလမ်းသက်ရာ စီရင်ပါမည်"ဟု စေတီတော်ရှေ့ဝယ် အဓိဋ္ဌာန်တော်မူ၍ ထိုထိုလောကဓမ္မအမှုတို့ကို စီရင်ဆုံးဖြတ်တော်မူ၏။ ထိုသို့စီရင်ဆုံးဖြတ်ရာ သခင်္ပရှုစိတ်ကြောင့် ဝိနိစ္ဆယသုခနိဗ္ဗာန်အလို့ငှာ ထိုထိုပါဠိပဒေသတို့ကိုမဆောင်ပဲ အနက်သဘောမျှကိုယူ၍ စီရင်ဆုံးဖြတ်တော်မူချက်များကို စစ်တမ်းစစ်ချက်နှင့်တကွ နောင်လာသူအပေါင်းတို့အား မှတ်သားကြည့်ရှုရန် ဆိုင်ရာဆိုင်ရာ ပါဠိပဒေသကို ထုတ်ဆောင်၍ မျက်မှောက်

ထင်ထင် သိမြင်ရသော ပညာသာမိအမည်ရှိသောငါသည် ရေးသားလိုက်သတည်း။ ဤသည်လျှင် အရှင်ပညာသာမိ၏ နိဒါန်းဖြစ်လေသတည်း။

## အမေးတော်ဖြေကျမ်း

အမေးတော်ဖြေကျမ်းမှာ ပေဖြင့်သာ တည်ရှိခဲ့လေသည်။ ယင်းအမေးတော်ဖြေကျမ်း၌ "မဟာလောကမဏိစူဠာဒါယကာ" ရွှေဘိုမင်းတရားကြီး အမေးနှင့် "သူရိယဝံသာဘိသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယမဟာထေရ်၏အဖြေ။ လောကမာရဇိန်စေတီတော်ဒါယကာ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏အမေးနှင့် သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး၏ အဖြေတို့ပါရှိလေသည်။ သို့ဖြစ်ရာ ယင်းကျမ်း၌ တစ်စိတ်တစ်ဝက် သာသနာပိုင် မောင်းထောင်ဆရာတော် အရှင်ဉေယျဓမ္မာဘိဝံသ၏ အဖြေပါရှိသည်ဟု သိရာ၏။ ၎င်းပြင် ဤကျမ်း၌ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အမိန့်တော်များ များစွာပါရှိလေသည်။ သာသနာ့သမိုင်း၊ သာသနာဝင်အတွက် များစွာအထောက်အကူပြုမည့် ကျမ်းကြီးဖြစ်လေသည်။

**ရတ္တနံ ပုဏ္ဏယော စေဝ၊ ထေရာနံ ဥတ္တရာပိ စ။**
**မနေရမာ သုလက္ခဏာ၊ သုတေသီဟိတ မာနိတာ။**

■

## ပိဋကတ်အမှန်ရရေး ဦးဆောင်ကြပ်မတ်

မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၈-ခုနှစ် တန်ခူးလပြည့်ကျော် ၈-ရက်နေ့တွင်စတင်၍ မြတ်စွာဘုရားသာသနာတော်ကို လွန်စွာချီးမြှောက်တော်မူလိုသဖြင့် နန်းတော်အတွင်း ခမ်းနားစွာစီမံ ဆောက်လုပ်အပ်သော မင်္ဂလာမဟာမဏ္ဍပ်အတွင်း ပိဋကတ် ၃-ပုံ ပါဠိ၊ အဋ္ဌကထာများကို ရွှေရေး၊ မင်းရေး ကညစ်တို့ဖြင့် ရေးကူးစေတော်မူခဲ့လေသည်။ "ဉေယျဓမ္မာဘိဝံသ သီရိ

ပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော် ရှိသော သာသနာပြု ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျ ဓမ္မာဘိဝံသအမှူးရှိသော အရာမက များစွာသော တံဆိပ်တော်ရဆရာတော် သံဃာတော်တို့အား သက်နီးပရိက္ခရာတို့ဖြင့် လှူဒါန်းချီးမြှောက်တော်မူလေ သည်။ ထိုစဉ်က သာသနာပိုင်ဆရာတော်ဘုရားကြီးသည် အရာမက များလှ သော စာရေးဟတ္ထကံ လူတို့အား ကြပ်မတ်တော်မူရလေသည်[၁] ။

## ကျမ်းစာများပြင်ဆင်တင်သွင်း

ယင်းသို့ ပိဋကတ်တော်များရေးကူးစဉ် သာသနာပြုဒုတိယ မောင်း ထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသသည် သုတ္တန်ပိဋကတ် တွင် မဇ္ဈိမနိကာယ် ၃-ကျမ်း ပါဠိအဋ္ဌကထာ၊ မဟာနိဒ္ဒေသ ပါဠိအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် ပါဠိအဋ္ဌကထာတို့ကို သုတ်သင် ပြင်ဆင် တင်သွင်းတော်မူခဲ့လေ သည်။

## ဆရာတော် ၁၀–ပါး ပိဋကတ်ကြပ်ခန့်အပ်

မင်းတုန်းမင်းတရားကြီး၏သာသနာပြု ဒုတိယမောင်းထောင် ဆရာ တော်ဘုရားကြီးအား "မင်္ဂလာပိဋကတ်တန်ဆောင်းတော်၌ သင့်တော်သော ဆရာတော်များကို အကြပ်အမတ် ခန့်အပ်ပေးတော်မူပါ" ဟု လျှောက်ထားသဖြင့် အောက်ပါဆရာတော် ၁၀-ပါးကို ပိဋကတ်ကြပ် ခန့်အပ်တော်မူလေသည်။ ၎င်းတို့မှာ-

(၁) မဟာအဘယာရုံတိုက်အတွင်း သီတင်းသုံးနေသော အင်းကန်ရွာ ဇာတိ "ပုညာဘိဇေမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ အင်းကန်ဆရာတော်။

(၂) မဟာအဘယာရုံတိုက်အတွင်းနေ မိတ္ထီလာမြို့ဇာတိ "ဉာဏ မဥ္ဇူသာ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိတ္ထီလာ ဆရာတော်။

---

၁။ မန္တလေး သာသနာဝင် ၂။ ၇၆–ကြည့်။

(၃) မဟာအဘယာရုံတိုက်အတွင်းနေ ဗန့်ကျီတိုက်ဇာတိ "ဇာဂရဓမ္မ ပရမ ကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဗန့်ကျီဆရာတော်။

(၄) မဟာဝိဇိတာရုံတိုက် အတွင်းနေ စည်ပုတြာမြို့ဇာတိ "သီရိပရမာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စည်ပုတြာ ဆရာတော်။

(၅) မဟာဝိဇိတာရုံတိုက်အတွင်းနေ မင်းတဲရွာဇာတိ "ဥတ္တမာစာရ ပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းတဲဆရာတော်။

(၆) မဟာဝိဇိတာရုံတိုက်အတွင်းနေ မောင်းထောင်ကြီးရွာဇာတိ " ပညာ သာမိ သီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မောင်းထောင် ဆရာတော်[၁] ။

(၇) မဟာဝိဇိတာရုံတိုက်အတွင်းနေ ပုခန်းကြီးမြို့ဇာတိ "သုဒဿနဝရဓမ္မ သာမိ မဟာဓမ္မရာဇာဓိဂုရု"ဘွဲ့တံဆိပ်တော်ရ ပခန်းကြီးဆရာတော်။

(၈) မဟာဝိဇိတာရုံတိုက်အတွင်းနေ စလင်းမြို့ဇာတိ "ကလျာဏဇောတ သာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စလင်းဆရာ တော်။

(၉) မဟာဝိဇိတာရုံတိုက်အတွင်းနေ မကွေးရာမြို့ဇာတိ "အာစာရာရမ္ဘ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်ရ မကွေးရာဆရာတော်။

(၁၀) မဟာဝိဇိတာရုံတိုက်အတွင်းနေ သစ်ဆိမ့်ရွာဇာတိ "ဓသိသာရဓမ္မပါလ ကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာ တော်တို့ ဖြစ်ကုန်၏။

---

၁။ ၎င်းဆရာတော်ကို တတိယမောင်းထောင်ဆရာတော်ဟု ခေါ်ကြ၏။

## မင်းတုန်းမင်းနှင့် သာသနာရေးဆွေးနွေး

သက္ကရာဇ် ၁၂၁၈-ခုနှစ် တန်ခူးလ၌ မင်းတုန်းမင်းဘုရင်မင်းမြတ်သည် သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမာဘိဝံသ တံဆိပ်တော်ရ ဆရာတော်တို့ကို ရွှေနန်းတော် သို့ ပင့်စေ၍ သာသနာမှုနှင့်ပတ်သတ်သည့် လုပ်ငန်းအရပ်ရပ်ကို ဆွေးနွေးတော်မူခဲ့လေသည်။ တိုင်းနေပြည်သူများ- အလဇ္ဇီအကျင့်ကျင့်၍ ရဟန်းအသွင်ဆောင်နေသောပုဂ္ဂိုလ်များအားပေးအားမြှောက်ပြု၍ မကိုးကွယ်ရန် သာသနာပိုင်ဆရာတော်က တိုင်းပြည်အား ဆင့်ဆိုစေရလေသည်။

## နန်းတော်ကြွ၍ တရားချီးမြှောက်

အမရပူရမြို့စံစဉ် ၁၂၁၈-ခုနှစ် သီတင်းကျွတ်လ၊ တစ်နေ့တွင် မင်းတရားသည် သာသနာပိုင်ဆရာတော်နှင့် တံဆိပ်ရဆရာတော်ကြီး ၁၄-ပါးကိုပင့်၍ မှန်နန်းတော်ဦးတွင် ဆွမ်းလုပ်ကျွေးလေ၍ တရားနာလေသည်။ သာသနာပိုင်ဆရာတော်သည် မင်းတရားအား တရားဓမ္မဟောပြော၍ ချီးမြှောက်တော်မူလေသည်။

## ယိုးဒယားနိုင်ငံမှ ပရိက္ခရာများ သန္ဒေသကထာများ အလှူခံ

သက္ကရာဇ် ၁၂၁၉-ခုနှစ် တပေါင်းလတွင် ယိုးဒယားနိုင်ငံမှ ယိုးဒယားအမတ် မင်းလှစောနံနရိန်နှင့် ငရွှေသီး၊ ငကာလာ၊ ငထွေးတို့ ယိုးဒယားမင်းမြတ်က လှူဒါန်းလိုက်သော ယိုးဒယားဖြစ် အသုံးအဆောင်ပရိက္ခရာများနှင့် သန္ဒေကထာများကိုယူဆောင်၍ မင်းတရားကြီးမှတစ်ဆင့် သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီးအား လှူဒါန်းလေသည်။

## သီဟိုဠ်ရဟန်းတော်များ ချီးမြှောက်

၁၂၁၉-ခုနှစ် တပေါင်းလမှာပင် သီဟိုဠ်နိုင်ငံမှ ရဟန်းသိက္ခာ ၇-ဝါရ အရှင်ဓမ္မက္ခန္ဓ၊ ရဟန်းသိက္ခာ ၄-ဝါရ အရှင်ဝဏ္ဏာယတနတို့ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမာဘိဝံသထံ လာရောက်နေထိုင်ကြကုန်၏။

ယင်းသီဟိုဠ်ရဟန်းတော်များက သိက္ခာသစ်တင်လိုကြောင်း သာသနာပိုင် ဆရာတော်ဘုရားကြီးထံ စာဆက်သွင်းသောကြောင့် မင်းတရားကြီးက ပရိက္ခရာစသည် ချီးမြှောက်လှူဒါန်းစေ၍ ချီးမြှောက်တော်မူသည်။ တိုက်တော်အတွင်းမှာလည်း သီဟိုဠ်ရဟန်းတို့နေထိုင်ရန် ကျောင်းဆောက်လှူဒါန်းတော်မူသည်။ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ရဟန်းတော်တို့အားလည်း အာမိသာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် များစွာ ချီးမြှောက်တော်မူလေသည်။

## ရာမညဂိုဏ်း၏ ရှေ့ဆောင်ဆရာတော်
## အရှင်ဣန္ဒာသဘဝရဉာဏသာမိ

သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ကျွန်းရှိ ရာမညဂိုဏ်းကြီး၏ ရှေ့ဆောင်လည်းဖြစ်တော်မူသည်။

သီဟိုဠ်ကျွန်း (သီရိလင်္ကာ၌) -

၁။ သျှမ်းဂိုဏ်း

၂။ အမရပူရဂိုဏ်း

၃။ ရာမညဂိုဏ်း-ဟု

ဂိုဏ်းကြီး ၃-ဂိုဏ်းရှိရာ ရာမညဂိုဏ်းသည်လည်း ထင်ရှားသောဂိုဏ်းဖြစ်၏။ ရာမညဂိုဏ်း အစဦးစွာ တည်ထောင်သောပုဂ္ဂိုလ်မှာ အရှင်ဣန္ဒာသဘ သီဟိုဠ်သားဖြစ်လေသည်။ ၎င်းရဟန်းတော်သည် သာသနာသက္ကရာဇ် ၂၃၇၆၊ ခရစ် ၁၈၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သာသနာသက္ကရာဇ် ၂၃၉၀-ခုနှစ်၊ နယုန်လဆန်း ၁၀-ရက်နေ့တွင် ရှင်သာမဏေပြုခဲ့လေသည်။ သာသနာသက္ကရာဇ် ၂၃၉၉-ခုနှစ်၊ ကဆုန်လဆန်း ၁၅-ရက်နေ့တွင် သီဟိုဠ်ကျွန်း ကန္ဒီမြို့ သျှမ်းဂိုဏ်းဌာနချုပ် မာလိဝံတုသံဃ သဘာ၌ အရှင်သရဏင်္ကရအမည်ဖြင့် ရဟန်းအဖြစ်ကို ရခဲ့လေသည်။

## မြန်မာပြည်သို့

အရှင်ဣန္ဒာသဘသည် သျှမ်းဂိုဏ်း၌ရရှိခဲ့သော ရဟန်းဘဝကို သံသယ

ဖြစ်ကာ ဗေန္တရရွာသား အရှင်အတ္ထဒဿီ၊ အက္ကမိမနရွာသား အရှင်သောဘိတ၊ ဗုလတ်ဂမရွာသား အရှင်ဓမ္မလင်္ကာရ၊ အရှင်သီရိသုမနတိဿ အစရှိသော သီဟိုဠ်ရဟန်းတော်များနှင့်အတူ မြန်မာပြည် မန္တလေးနေပြည်တော်သို့ ခရစ်သက္ကရာဇ် ၁၈၆၁-ခု ဖေဖော်ဝါရီလ ၂၄-ရက်နေ့တွင် ရောက်ရှိလာလေ သည်။

## သိမ်ထပ်ခြင်း

သာသနာသက္ကရာဇ် ၂၄၀၅-ခုနှစ် နယုန်လဆန်း ၈-ရက်နေ့တွင် ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုတာရာမတိုက်တော်၌ အရှင်သရဏင်္ကရအမှူးရှိသော ရဟန်းတော်များ ရဟန်းခံသိမ်ထပ် ကြကုန်၏။ အရှင်သရဏင်္ကရကို ဣန္ဒာသဘဝရဉာဏသာမိ ဟု သာသနာပိုင်ဆရာတော်က မှည့်ခေါ်တော်မူလေသည်။

အရှင်ဣန္ဒာသဘဝရဉာဏသာမိ အမှူးရှိသော သီဟိုဠ်ရဟန်းတော်တို့သည် ရေသိမ်တွင်ရဟန်းထပ်လိုကြောင်း သာသနာပိုင်ဆရာ တော် ဘုရားကြီးအား လျှောက်ထားသဖြင့် ဧရာဝတီမြစ် ဥဒကုက္ခေပသိမ်၌ သိမ်ထပ်ပေးတော်မူလေသည်။ တဖန် ပဲခူး(ရာမညတိုင်း) ကလျာဏီသိမ်၌ သိမ်ထပ်ကြပြန်၍ ဒဠှီကမ္မ ပြုကြကုန်၏[၁]။

## သီဟိုဠ်ပြန် ဂိုဏ်းသီးခြားထောင်

ၚင်းရဟန်းတော်တို့သည် သာသနာနှစ် ၂၄၀၆-ခုနှစ်၊ တော်သလင်းလဆန်း ၁၅-ရက်နေ့တွင် သီဟိုဠ်ကျွန်းသို့ ပြန်ကြွတော်မူကြ၍ ရာမညဂိုဏ်း[၂] (ပဲခူးမြို့ ကလျာဏီသိမ်၌ ရဟန်းထပ်ခံခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်ကြရာ ရာမညတိုင်းကိုစွဲ၍ ရာမညဂိုဏ်းဟု မှည့်ခေါ်ကြခြင်း ဖြစ်လေသည်) ဟူသော အမည်ဖြင့် ဂိုဏ်းသီးခြားထောင်၍ သီဟိုဠ်အမျိုးသား များစွာတို့အား ရှင်၊ ရဟန်းပြုပေးခြင်း၊ ပညာသင်ပေးခြင်း၊ တရားဓမ္မဟောပြခြင်း စသည်ဖြင့် သာသနာပြုတော်

---

၁။ ကလျာဏီသာသနာ ဝင် ၉၈-၁၀၃။ ကြည့်

၂။ ရာမညဂိုဏ်းဟုခေါ်ခြင်းမှာ (ရာမညတိုင်း)

မူကြကုန်၏။ ယင်းရာမညဂိုဏ်းသည် ယခုအခါ သံဃာတော်-၃၀၀၀(သုံးထောင်)ခန့်ရှိ သံဃာ့အစုအဝေးကြီးဖြစ်လေပြီ။ သာသနာသက္ကရာဇ် ၂၅၀၉-ခုနှစ်။ ခရစ် ၁၉၆၅-ခုနှစ်တွင် ရာမညဂိုဏ်းရာပြည့်ပွဲ ကျင်းပကြကုန်၏။ ယင်းသို့ ရာပြည့်ပွဲကျင်းပစဉ် ဦးကျမ်းပြုစုသူသည်လည်း သီဟိုဠ်ကျွန်းရောက်ရှိနေခိုက်ဖြစ်ပါသည်။

၁၃၁၈-ခုနှစ် ဆဋ္ဌသံဂါယနာတင် အောင်ပွဲအထိမ်းအမှတ် မြန်မာ အစိုးရက ထေရဝါဒနိုင်ငံမှ သီလဝန္တသိက္ခာကာမကျမ်းဂန်တတ် ဂိုဏ်းခေါင်းဆောင်များ ဘွဲ့တံဆိပ်ဆက်ကပ်ရာတွင် ရာမညဂိုဏ်းမှနာယက အရှင်ဉာဏောဒယသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့လေသည်။ ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ရာမညဂိုဏ်းကြီး၏ ရှေ့ဆောင်လည်း ဖြစ်တော်မူပါပေသတည်း။

## သီဟိုဠ် ရှင်ဉာဏ၊ ရှင်ဂုဏာလင်္ကာရ တို့အားချီးမြှောက်

သက္ကရာဇ် ၁၂၂၁-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက်နေ့၌ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မှ သာမဏေ ရှင်ဉာဏ၊ ရှင်ဂုဏာလင်္ကာရတို့အား ရဟန်းအဖြစ်သွတ်သွင်းရာတွင်လည်း သာသနာပိုင် ဆရာတော်သည် များစွာ ချီးမြှောက်တော်မူလေသည်။ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားသည် အရှင်ဉာဏအား "ဉာဏာလင်္ကာရသီရိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူလေသတည်း။

## မောစိပင် ဦးစီးဦးကိုင်ပြု၍ ပျိုး

သီဟိုဠ်ရဟန်းတော်များက ဦးစီးဦးကိုင်ပြု၍ ရဟန်းရှင်လူတို့ ကိုးကွယ်ရန်-

၁။ မြတ်စွာဘုရား စွယ်တော်ပွားဆူရေ ၁
၂။ ဓာတ်တော်ဆူရေ ၈
၃။ စိန်ဆင်းတုတင်ပလင်ခွေ ဉာဏ်တော် ၉-လက်သစ်ဆူရေ ၁
၄။ မဟူရာကျောက်ဆင်းတု တင်ပလင်ခွေ ဉာဏ်တော် ၁

၈-လက်သစ်ဆူရေ

၅။ ဒက္ခိဏသာခါ မဟာဗောဓိပင်တုံး ၂

၆။ အရပ်သံတောင် ၁-တောင်ရှိသော မဟာဗောဓိပင်ရှင် ၂

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်း ဘုရင်မင်းမြတ်အား ဆက်သရာ သက္ကရာဇ် ၁၂၂၁-ခုနှစ် နယုန်လဆန်း ၁၄-ရက်နေ့တွင် မန္တလေးမြို့တော် ဆိပ်ကမ်းသို့ ရောက်ရှိလေသည်။

မင်းတရားကြီးသည် သဘင်ကြီးစွာဖြစ်စေတော်မူလျက် မဆွကပင် သုတ်သင်အပ်ပြီးသော လမ်းမဖြောင့်မြို့တော်၏ အရှေ့မျက်နှာ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမ္မာဘိဝံသ သီတင်းသုံးတော်မူရာ မဟာဝိသုတာရာမတိုက်တော်သို့ ပင့်ဆောင်၍ အရောင်ဖြူလှပ် အမိုးသုံးထပ်ရှိသော တန်ဆောင်းဝယ် ရဟန်းရှင်လူအားလုံးတို့ ပူဇော်စေပြီးမှ ၁၂၂၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅-ရက် ညဥ့် ၃-ချက်တီး ၆-နာရီအချိန်တွင် သဘင်စုံကျင်းပ၍ ရတနာပုံနေပြည်တော် ရှေ့မျက်နှာအလယ်ဦးထိပ်တံခါးမှ သွတ်သွင်းပင့်ယူ၍ မြို့လယ်မင်း လမ်းမဖြောင့်ပင့်ဆောင်ကာ တောင်မျက်နှာအလယ် ကျော်မိုးတံခါးမှ ထွက်ခဲ့ပြီးလျှင် အဘယာရာမကျောင်းတိုက်သို့ ပင့်ဆောင်၍ မင်းညီမင်း သားမင်းဆွေမင်းမျိုး၊ မှူးတော်မတ်တော်၊ သူဌေးပုဏ္ဏား အမျိုးလေးပါးတို့ ခြံရံပြီးလျှင် သက္ကရာဇ် ၁၂၂၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆-ရက် တနင်္လာနေ့၊ တစ်ချက်တီးကျော်တွင် အမြောက်သုံးချက်ပေး၍ စိုက်ပျိုးတော်မူခဲ့လေသည်။ ယင်းသို့ ဗောဓိပင်ပျိုကိုစိုက်ပျိုးရာ၌ သာသနာပိုင်ဆရာတော်သည် သံဃာတော် ၅၈-ပါးနှင့်တကွ ပရိတ်တော်ရွတ်ဖတ်၍ ပူဇော်တော်မူခဲ့လေသည်။ ဗောဓိပင်စိုက်ပျိုးရာ၌ အကြီးအကဲအဖြစ် ဆောင်ရွက်တော်မူခဲ့လေသည်[၁]။

## တိုက်တော်သာသနာပိုင် မင်းတရားဖူးမြော်

သက္ကရာဇ် ၁၂၂၂-ခုနှစ် တပေါင်းလပြည့်ကျော် ၁၂-ရက်နေ့ နံနက်တွင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် အရှင်မိဖုရားခေါင်ကြီးနှင့်အတူ မဟာ

---

၁။ အကျယ် မန္တလေးသာသနာဝင် ၁၊ ၁၉၆–၂၁၅ – ကြည့်။

ဝိသုတာရာမတိုက်တော်သို့ ထွက်တော်မူ၍ သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ကြီး အရှင်ဥ ယျမွော ဘိဝံသအား ဖူးမြော်တော်မူခဲ့လေသည်[၁] ။

## ရွှေထီးရွှေဘုံနိုလှံ့ခြင်း

ဖော်ပြသည့်အတိုင်း သာသနာရေးရာ မြားမြောက်စွာတို့ကို ပြုလုပ်ဆောင်ရွက်တော်မူခဲ့သော မဟာအဘယာရာမတိုက်၊ မဟာဝိဇယာရာမတိုက်၊ မဟာဝိသုတာရာမတိုက်တော်တို့၏ အဓိပတိ၊ သံဃဦးကိုင် သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျမွော ဘိဝံသသည် သက်တော် ၆၆-နှစ်၊ သိက္ခာတော် ၄၇-ဝါရရှိရာ ၁၂၂၇-ခုနှစ် တပိုတွဲလဆန်း ၁၂-ရက်နေ့တွင် ဂုဏ်တော်ရနံ့ သင်းပျံ့ပျံ့ကြောင့် ဆိုင်းငံ့မျှော်လင့် အသင့်စောင့်ဆိုင်းနေကြသော ဒေဝါဒေဝီတို့၏ ပင့်လျှောက်ချက်ကို နှစ်သက်ကြည်ဖြူ ခံယူတော်မူကာ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမ တိုက်တော်ကြီးမှ ဖဲခွါပြီး နတ်ထီးရွှေဘုံ ခိုလှုံတော်မူခဲ့လေပြီ။

ဥ ယျမွော မဟာထေရော၊ သံဃရာဇဓုရန္ဓရော။
ဆေကော ပရမဆေကော စ၊ နိကာယောဒမိဂမ္ဘီရေ။

ပရိယတ္တိ ဓရော စေဝ၊ ပဋိပတ္တိ နိယောဇကော။
ရာဇိတော ရာဇဒိန္နေဟိ၊ ဥပါဓိဟိ အနေကဓာ။

သောပိ နာမ မဟာထေရော၊ သမ္ပတ္တော မစ္စုနော ဝသံ။
တသ္မာ သဗ္ဗသင်္ခါတေသု၊ အလမေဝ ဝိရဇ္ဇိတုံ။

---

၁။ ကုန်းဘောင်ဆက်။ ၃။ ၂၆၂။

## သံဝေဂယူရန်

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာနုပရိယေယျုံ နိပ္ပေါထေန္တာ စတုဒ္ဒိသာ။
ဧဝံ မစ္စု စ ဇရာ စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။
န ကဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ။
န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ [၁]။

နဘံအာဟစ္စ= မိုးတိမ်ပေါက်မြောက် ဆိုက်ရောက်အောင်။ ဝိပုလာ= ကြီးမားကုန်သော။ သေလာ= ကျောက်သားအတိပြီးကုန်သော။ ပဗ္ဗတာ= မြင့်မားသီခေါင်တောင်လေးလုံးတို့သည်။ သမန္တာ စတုဒ္ဒိသာ= ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာမှ။ နိပ္ပေါထေန္တာ= သတ္တဝါတို့ကို မှုန့်မှုန့်ညက်ညက် ကြိတ်ချေ ဖျက်ဆီးကုန်လျက်။ အနုပရိယေယျုံ ယထာပိ= လှည့်လည်ကုန်ရာသကဲ့သို့သာလျှင်လည်း။

ဧဝံ တထာ= ထို့အတူ။ ဇရာ စ= သွားကြိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းဇရာတရားသည်လည်းကောင်း။ မစ္စု စ= သေမင်းခေါ်ငြား သေခြင်းတရားသည်လည်းကောင်း။ ခတ္တိယေ= ရေမြေပိုင်စိုး မင်းမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဗြာဟ္မဏေ= ဗေဒင်မန္တာန် ပြန်လှန်ရွတ်ပွား ပုဏ္ဏားမျိုး ဖြစ်သူတို့ကိုလည်းကောင်း။ ဝေဿ= ဖောက်ကားရောင်းဝယ် ကုန်သည်မျိုး သူကြွယ်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ သုဒ္ဒေ= သူဆင်းရဲမျိုးဖြစ်သူတို့ကိုလည်းကောင်း။ စဏ္ဍာလပုက္ကုသေ= ဒွန်းစဏ္ဍား ပန်းမှိုက်သွန်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ ပါဏိနေ= ဖော်ပြထုတ်ဆို ပုဂ္ဂိုလ်သတ္တဝါတို့မှကြွင်းသော လောကမှီတင်း သတ္တဝါခပင်းတို့ကိုလည်းကောင်း။ အဓိဝတ္တန္တိ= လွှမ်းမိုးကြိတ်ဖျက် နှိပ်စက်ညှင်းပန်း သတ်ဖြတ်ကုန်၏။

---

၁။ သံ၊၁။၁၀၂။ (ပဗ္ဗတူပမသုတ်)။

ကဥ္စိ= ပုဂ္ဂိုလ်တစုံတယောက်ကိုမျှ။ န ပရိဝဇ္ဇေတိ= မရှောင်ကြဉ်။ သဗ္ဗမေဝ= တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံသော သတ္တဝါ တို့ကိုသာ။ အဘိမဒ္ဒတိ= ကြိတ်ချေနှိပ်စက် ဖျက်ဆီး၏။ တတ္ထ= အိုခြင်း တရား နှိပ်စက်ဖျက်ဆီးရာ၌။ ဟတ္ထီနံ= ဆင်စီးသူတို့၏။ ဘူမိ= အောင်နိုင် ရာသည်။ ဝါ= အောင်ရန်ဧကန်အောင်မြေမွန်သည်။ န အတ္ထိ= မုချပုံသေမရှိပါချေ။ ရထာနံ= ရထားစီးသူရဲတို့၏။ ဘူမိ= အောင်နိုင်ရာသည်။ ဝါ= အောင်ရာချက်ဗွေ အောင်မြေသည်။ န အတ္ထိ= မုချ ပုံသေမရှိပါချေ။ ပတ္တိယာ= ခြေသည်သူရဲ တပ်သားများ၏။ ဘူမိ= အောင်နိုင်ရာသည်။ ဝါ= အောင်ရာချက်ဗွေ အောင်ရာ မြေသည်။ န အတ္ထိ= မုချပုံသေ မရှိနိုင်ပါချေ။ မန္တယုဒ္ဓေန= အာတဗ္ဗနဗေဒင် ဆောင်ရွက်တိုက်ခိုက်ချက်ဖြင့်လည်း။ ဇေတုံ= အောင်ခြင်းငှာ။ န သက္ကာ= မတတ် နိုင်ပါချေ။ ဓနေနဝါ= ဥစ္စာဓနပေး၍သော်လည်း။ ဇေတုံ= အောင်နိုင်ခြင်းငှာ။ နသက္ကာ= မတတ်နိုင်ပါချေ။ ဝါ= မစွမ်းဆောင်နိုင်ပါချေ။

## သာသနာပိုင်ရည်မှန်း မိဖုရားကြီးများ ကောင်းမှုကုသိုလ်ပြုကြခြင်း

ယင်းသို့ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ကြီး အရှင် ဥေယျမွောဘိဝံသသည် ဘဝနတ်ထံဝင်စံရာ၌ အထက်သာသနာပိုင် ဆရာ တော်ကြီးတို့ကို သင်္ဂြိုဟ်သည့်အခမ်းအနားအတိုင်း လုပ်ဆောင်၍ မသင်္ဂြိုဟ်မီ ထိုနှစ်တပေါင်းလပြည့်ကျော်၄- ရက်နေ့၌ မြတ်စွာဘုရားအား လှူဒါန်းပူဇော်ရန် ပဒေသာပင်-၁။ ဆရာတော် သံဃာတော်တို့အားလှူဒါန်းရန် သီးမျိုးစုံပဒေသာ ပင်- ၇၁။ မန္တလေးရွှေမြို့တော်နှင့် အမရပူရမြို့ရှိ ရဟန်းသာမဏေ- ၇၈၉၂- ပါးတို့အား လှူဒါန်းရန် ဆိုးပြီးပိတ်ဧကစီရေ- ၂၄၀၀။ သင်းပိုင်ကျပိတ်ထည်ရေ- ၇၈၉၂။ ရှံခါးပန်းကြီးစုံ- ၈၀၀၀။ ရေစစ်- ၃၈၆၀-တို့ကို မိဖုရားခေါင်ကြီး နှင့် အလယ်နန်းမတော်မိဖုရားတို့ သာသနာပြု ဆရာတော်ကျောင်းသို့ ထွက်တော် မူကြ၍ ရေစက်သွန်ချ လှူဒါန်းကြကုန်၏။

## သာသနာပိုင် အန္တိမဈာပန

သက္ကရာဇ် ၁၂၂၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင်ကား သာသနာပိုင်ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မာဘိဝံသ၏ ဥတုဇရုပ်ကလာပ် အလောင်းတော်ကို ပွဲလမ်းသဘင် ကြီးကျယ်စွာခံယူလျှက် တံဆိပ်တော်ရ,မရ ဆရာတော် သံဃာတော်ပေါင်းများစွာ လူထုပရိသတ် သိန်းသောင်းချီလိုက်ပါကာ တိုက်တော်မှ ခန်ကုန်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအင်္ဂါဈာပနပွဲ ကျင်းပလေသည်။ သာသနာပိုင်ဈာပနပွဲ ပရိသတ်ကြီးမှာ လွန်စွာစည်ကားလှ၏။ ရှေ့ဆုံးကလူ ခန်ကုန်းသုသာန်ရောက်သည့် တိုင်အောင် နောက်ဆုံးလူမှာ တိုက်တော်၌ ရှိသေးသည်ဟု အဆိုရှိလေသည်။

## အရိုးဌာပနာစေတီတည်

သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို စုလစ်မွန်ချွန်အထွတ်တင်တပ် ခမ်းနားကြီးကျယ်လှ သည့်လောင်တိုက်ကြီး၌တင်၍ ပူဇော်သဂြိုဟ်ပြီးလျှင် အရိုးဓာတ်တို့ကို ဌာပနာ၍ ခန်ကုန်းသုသာန်၌ မင်းနှင့်မိဖုရားကြီးတို့က ကြီးစွာသောစေတီကြီးကို တည်ထားကိုးကွယ်ခဲ့ကြကုန်၏။ စေတီတော်ကြီးကို ယခုတိုင် ဖူးမြော်နိုင်သေး၏။

**ဥတုဇထေရဒေဟမ္ပိ၊ ကုဋ္ဌာဂါရေန ဈာပယုံ။**
**အဋ္ဌော ကတွာန အဋ္ဌီနိ၊ စေတိယံ ဟိ အကာရယုံ။**

■ ■ ■

# ဒုတိယမောင်းထောင်

# သာသနာပိုင်ဆရာတော်ကြီး

# အရှင်ဥေယျမ္မာဘိဝံသ

၏

# စာချနည်း၊ စာပြောနည်းပြ

# သဗ္ဗာသဝသုတ်၊ စုဒ် ခေါဒနာ၊

# စာစပ် ဝိဂြိုဟ်ကျမ်း

# ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီး
# အရှင်ဉေယျဓမ္မာဘိဝံသ၏
# စာချနည်း၊ စာပြောနည်းပြ
# သဗ္ဗာသဝသုတ် စုဒ်စောဒနာ စာစပ် ဝိဂြိုဟ်ကျမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁– အာသဝါပုဒ်–စောဒနာ

အရှင်အဋ္ဌကထာဆရာ "အာသဝါ" ဟူသောပုဒ်သည် ဝိဂြိုဟ် ဝစနတ်မပြုကောင်းသော အနိပ္ဖန္နပါဋိပဒိကပုဒ်လော၊ ဝိဂြိုဟ်ဝစနတ် ပြုကောင်းသော နိပ္ဖန္နပါဋိပဒိကပုဒ်လော၊ ဤသို့စုဒ်ရှိရကား "အာသဝန္တီတိ အာသဝါ" ဟူသော ပါဌ်ကိုမိန့်။ နိပ္ဖန္နပါဋိပဒိက ပုဒ်ဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ

ရုဠှီချာတံ နိပါတဉ္စ-ပသင်္ဂါလပနံ တထာ။

သဗ္ဗနာမန္တိမေတေသု၊ န ကတော ဝိဂ္ဂဟော ဆသု။

ဟူ၍ သဒ္ဒါအရာ လိမ္မာပြွမ်းတီး တတ်မြောက်ပြီးသော ဆရာကြီးတို့ မိန့်ဆိုတော်မူသောကြောင့် ဝိဂြိုဟ်မပြုကောင်းသော ခြောက်ပါးသောပုဒ်တို့တွင် ဤ "အာသဝါ"ဟူသောပုဒ်သည် ရုဠှီပုဒ်ဖြစ်ကောင်းအံ့လော၊ စုဒ်ရှိရကား "အာသဝန္တီတိ အာသဝါ" ဟူသောပါဌ်ကိုမိန့်။ ရုဠှီပုဒ်မဟုတ်ဟူလို။

တစ်နည်းကား အရှင်အဋ္ဌကထာဆရာ "အာသဝါ"ဟူသောပုဒ်သည် သာဓနခုနှစ်ပါးတို့တွင် အဘယ်သာဓနဖြင့် ပြီးသနည်း၊ စုဒ်ရှိရကား 'ကတ္တာ' ပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "အာသဝါ" ဟူသောပုဒ်၌ အာ ရှေးရှိသောသုဓာတ်၊ ဏပစ္စည်း၊ ထိုဏပစ္စည်းသည် " ဏာဒယော တေကာလိကာ"ဟူ၍ ကစ္စည်းဆရာ မဟာထေရ်ကျော် မိန့်ဆိုတော်မူသောကြောင့်

ကာလသုံးပါး၌ သက်သည်။ ဤအရာ၌ အတိတ်မှာတည်း သက်သလော၊ ပစ္စုပ္ပန်မှာတည်း သက်သလော၊ အနာဂါတ်မှာတည်း သက်သလော၊ စုဒ်ရှိရကား ပစ္စုပ္ပန်အနက်၌ သက်သတည်း-ဟု သိစေခြင်းငှါ "အာသဝန္တီတိ အာသဝါ" ဟူသည်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "အာသဝါ" ဟူသော ပုဒ်သည်သွာဒိဂဏကြိကခေတ်ဖြစ်၍ "အာသုဏာတီတိ အာသဝါ"ဟူ၍ ဂိုဏ်းထားရအံ့လော၊ တနာဒိဂိုဏ်းဖြစ်၍ "အာသဝေါတီတိ အာသဝါ"ဟူ၍ ဂိုဏ်းထားရအံ့လော၊ စုဒ်ရှိရကား "ဘူဝါဒိတော အ" ဟူသောသုတ်ဖြင့် အပစ္စည်းသက်၍ဘူဝါဒိဂဏကြိကခေတ် ထားလေဟု ပြခြင်းငှါ "အာသဝန္တီတိ အာသဝါ" ဟူသည်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "အာသဝါ" ဟူသောပုဒ်၌ သုခေတ်သည် ယိုစီးခြင်းအနက်၌ပင် ထင်ရှားလင့်ကစား "ခေတူနံ အနေကတ္ထတ္တာ"ဟူ၍ အဋ္ဌရစိန္တကဆရာတို့ မိန့်ဆိုခြင်းကြောင့်လည်းကောင်း "ယထာကထဥ္စိ ဗျုပ္ပတ္တိ" ဟူ၍ သဒ္ဒါဆရာတို့ မိန့်ဆိုတော်မူသောကြောင့်လည်းကောင်း ဤအရာ၌ အဘယ်အနက်ကို ပြသနည်း၊ ဤသို့စုဒ်ရှိရကား ယိုစီးခြင်း အနက်ကိုဟောသတည်းဟု ပြခြင်းငှါ "အာသဝန္တီတိ အာသဝါ" ဟူသည်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ဤ "အာသဝ" သဒ္ဒါသည် နာမသဒ္ဒါ၊ ဇာတိသဒ္ဒါ၊ ဒဗ္ဗသဒ္ဒါ၊ ကြိယာသဒ္ဒါ၊ ဂုဏသဒ္ဒါ ဤငါးပါးတို့တွင် အဘယ်သဒ္ဒါနည်း၊ စုဒ်ရှိရကား ကြိယာသဒ္ဒါတည်းဟု ပြခြင်းငှါ "အာသဝန္တီတိ အာသဝါ" ဟူသော ပါဠ်ကိုမိန့်။ ပိဏ္ဍကတ်သုံးပုံအဓိပ္ပါယ်။

## ၂- အဒ္ဓါနပုဒ်-စောဒနာ

အရှင်အဋ္ဌကထာဆရာ "အဒ္ဓါနမဂ္ဂပဋိပန္နော"ဟူသောပုဒ်၌ အဒ္ဓါနသဒ္ဒါသည် ခရီးအခွန့်ကို ဟောပါသည်။ ပဋိစ္စသမုပ္ပါဒ်၌ "အတီတော အဒ္ဓါအနာဂတော အဒ္ဓါ" ဟူရာ၌ အဒ္ဓါသဒ္ဒါသည် ကာလကိုဟောပါသည်၊ ဤအရာ၌ "အဒ္ဓါနမဂ္ဂပဋိပန္နော" ကဲ့သို့ ခရီး အခွန့် ဟောလော၊ "အတီတော အဒ္ဓါ" ကဲ့သို့ကာလဟောလော၊ ဤသို့စုဒ်ရှိရကား "သဗ္ဗတ္ထ စေတ္ထ အဒ္ဓါနန္တိ ကာလာဓိဝစန

မေတ်" ဟူသောပါဌ်ကိုမိန့်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား ခရီးအခွန့်ဟောမဟုတ်၊ ကာလဟော ဟူလိုသော်။

တစ်နည်းကား။ အရှင်အဌကထာဆရာ သဒ္ဒါအရာဌ် လိမ္မာတော်မူသော ကစ္စည်းဆရာကျော်သည် "ကာလဒ္ဓါန မစ္စန္တသံယောဂေ" ဟူသောသုတ်ကို စီရင်တော်မူ၍ ကာလဟော ဥဒါဟရဏ်ဌ် "မာသံ မံသောဒနံ ဘုဥ္စတိ" ဟူ၍ ထုတ်ပါသည်။ အခွန့်ဟော ဥဒါဟရဏ်ဌ် "ယောဇနံ ဒီဃော ပဗ္ဗတော" ဟူ၍ ဥဒါဟရဏ် ထုတ်ပါသည်။ သဒ္ဒါ အရာ လိမ္မာပြွမ်းတီး တတ်မြောက် ပြီးသော အရှင်မဟာကစ္စည်းထေရ်၏ သုတ်အတိုင်းပင် အဒ္ဓါသဒ္ဒါ အခွန့်ခရီးဟောဟူ၍ ယူရမည်လော၊ ဤသို့ စုဒ်ရှိရကား "သဗ္ဗ။လ ။ ဝစနမေတ်" စသော ပါဌ်ကိုမိန့်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား သဒ္ဒါကျမ်းသည် လောကီကိုအမှီပြု၍ စီရင်သောအရာဖြစ်သည်။ သာသနာကျမ်းအားဖြင့် အဒ္ဓါသဒ္ဒါသည် ကာလကိုလည်း ဟော၏ဟူလို။ ပိဋကတ်သုံးပုံအဓိပ္ပါယ်။

## ၃- ဝိသယသုံးပါးအထူး

ဝိသယသည် ပက္ကန္တဝိသယ၊ ပသိဒ္ဓဝိသယ၊ အနုဘူတဝိသယ ဟူ၍သုံးပါးရှိ၏။

ထို ဝိသယသုံးပါးတို့၏ အထူးကား -

တစ်ဝါကျ နှစ်ဝါကျခြား၍ ဒြပ်ကိုစွဲ၍လျှင် "ပက္ကန္တဝိသယ" ဟူ၍မှတ်။ တစ်ဝါကျ နှစ်ဝါကျ ခြား၍ ကြိယာကိုစွဲလျှင် "အနုဘူတဝိသယ" ဟူ၍ မှတ်။ တစ်ဝါကျ နှစ်ဝါကျမခြားဘဲ ဒြပ်ကြိယာ နှစ်ပါးကို ယထာရဟစွဲလျှင် "ပသိဒ္ဓဝိသယ" ဟူ၍မှတ်။

ငါတို့ထိပ်ခေါင်တင်ဘုရားကြီး၏ဆရာ သဲအင်းဆရာတော် ယူတော်မူနည်းမှာ ဝါကျခြားသည်ဖြစ်စေ မခြားသည်ဖြစ်စေ ဒြပ်ကိုစွဲလျှင် "ပက္ကန္တဝိသယ" ကြိယာကိုစွဲလျှင် "အနုဘူတဝိသယ"

\- တိုက်ရိုက် အထင်ကိုစွဲလျှင် "ပသိဒ္ဓဝိသယ" ဟူ၏။

ဥဒါဟရဏ်ကား "နမော တဿ ဘဂဝတော" စသည်တည်း။ ဤပြယုဂ်ဌ် "ဘဂဝတော" ဟူသောပုဒ်သည် တင်းလင်းကိုစွဲရကား ပသိဒ္ဓဝိသယဟု မိန့်တော်မူစမှတ် ပြုတော်မူလေ့ရှိ၏။

## ၄- သော-ပုဒ်စောဒနာ

အရှင်အဋ္ဌကထာဆရာ ယ-သဒ္ဒါ တ-သဒ္ဒါတို့သည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ အနက်ဝိသယကို မဟောတတ်၊ အနက်ဝိသယကို ဟောစေခြင်းငှါ ပဋ္ဌာန နာမ်ပုဒ်ကိုသော်လည်း ပြရာထည့်ရာ၏။ ရှေး၌သော်လည်း အနိယပုဒ်ကို ထည့်ရာ၏။ ဤသို့စုဒ်ရှိရကား "ပုထုဇ္ဇနော"ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား၊ အရှင်အဋ္ဌကထာဆရာ၊ ယသဒ္ဒါ တသဒ္ဒါ တို့သည် ပက္ကန္တ ဝိသယ၊ အနုဘူတဝိသယ ပသိဒ္ဓဝိသယသုံးပါးတို့တွင် အဘယ်ဝိသယနည်း၊ စုဒ်ရှိရကား "ပုထုဇ္ဇနော"ဟူသော ပါဠ်ကိုမိန့်။ ထိုပါဠ်၏အဓိပ္ပါယ်ကား ဒြပ်ကိုစွဲ သောကြောင့် ပက္ကန္တဝိသယဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ၊ "သော"ဟူသောပုဒ်၌ တသဒ္ဒါ သည် နိယတ်ပုဒ်ဖြစ်ခဲ့၏၊ နိယတ်ပုဒ်ဟူက အနိယတ်နှင့် မကင်းကောင်း "ယတ သဒ္ဒါနံ နိစ္စသမ္ဗန္ဓာပေက္ခာဘာဝတော"ဟူ၍ အဋ္ဌကထာဆရာတို့ ဆိုခြင်းကြောင့် လည်းကောင်း "ရှေးအနိယတ် ရှိတုံလတ် နိယတ်နောက်နေစေ၊ အကယ် တည့်တည့် မရှိလှည့် ထည့်ရမည်မှတ်လေ"ဟူ၍ နိယံဆရာတို့ ဆိုခြင်းကြောင့် လည်းကောင်း ဆရာသည်ပင် သာသနယုတ္တိဟူ၍ ဆိုခြင်းကြောင့်လည်းကောင်း အနိယတ်ပုဒ်ကို ထုတ်ပါ။ ဤသို့ စုဒ်ရှိရကား "ယသောတေ" ဟူသော ပါဠ်ကိုမိန့်။ ပိဋကတ်သုံးပုံအဓိပ္ပါယ်။

## ၅- အဇ္ဈတ္တံ-ပုဒ်စောဒနာ

အရှင်အဋ္ဌကထာဆရာ "အဇ္ဈတ္တံ ကထံ ဟောတီတိ အတ္တနော ခန္ဓေသု ဝိစိကိစ္ဆာ ဟောတိ"ဟူသောပါဠ်၌ အဇ္ဈတ္တသဒ္ဒါသည် အဗျယီဘောသမာသ် မဖြစ်ခဲ့၊ အဗျယီဘောသမာသ်ကလည်း "အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ" သုတ်ဖြင့် အကာရန္တနောင် ဝိဘတ်ခုနစ်သွယ်လုံးကိုပင် အံပြုရသည်ဖြစ်၍ ဤ အရာ၌ အံသည် အဘယ်ဝိဘတ်၏ ကာရိယဖြစ်လေသနည်း ဤသို့ စုဒ်ရှိရကား "အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ" ဟူသောသုတ်၏ အရာတည်းဟု ပြလိုရ ကား "အဇ္ဈတ္တံ ကထံ ဟောတီတိ အတ္တနော ခန္ဓေသု ဝိစိကိစ္ဆာ ဟောတိ"ဟူ သောပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား။ သတ္တမီဗဟုဝုစ် သုဝိဘတ်၏ ကာရိယအံတည်းဟူလို။

ဤကား သဒ္ဒါအရာ လိမ္မာတတ်မြောက်သော အမျိုးကောင်းသားတို့၏ စောဒနာခြင်းတည်း။

**တစ်နည်းကား။** အရှင်အဋ္ဌကထာဆရာ "အဇ္ဈတ္တံ။ လ ။ ဟောတိ" ဟူရာ၌ "အဇ္ဈတ္တံ" ဟူသောပုဒ်ဝယ် အံသည် "စက္ခုံ ဥဒပါဒိ" ဟူသောပုဒ်ကဲ့သို့ "ဝိန္နာဂမပဋ္ဌမာ" ကတ္တားအနက်လော၊ "ရူပံ"ဟူသော ပုဒ်တို့ကဲ့သို့ နပုံလိင်သိဝိဘတ်၏ ကာရိယပဋ္ဌမာအနက်လော၊ "ဂစ္ဆံ စရံ" ဟူသောပုဒ်တို့ကဲ့သို့ သိဝိဘတ်နှင့်တကွ အန္တပစ္စည်း၏ ကာရိယပဋ္ဌမာ အနက်လော၊ "ဂုဏဝတံ" ဟူသောပုဒ်ကဲ့သို့ နံဝိဘတ်နှင့်တကွ တုပစ္စည်း၏ ကာရိယစတုတ္ထီ ဆဋ္ဌီအနက်လော ၊ "ဆတ္တံ ကရောတိ" ဟူသောပုဒ်ကဲ့သို့ ဒုတိယာ အံဝိဘတ်၏ ကံအနက်လော ၊ "မာသံ မံသောဒနံ ဘုဥ္ဇတိ"ဟူသောပုဒ်တို့ကဲ့သို့ ဒုတိယာဝိဘတ် အစ္စန္တသံယောဂအနက်လော၊ "တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ"ဟူသော ပုဒ်တို့ကဲ့သို့ ဒုတိယာဝိဘတ် ကမ္မပ္ပဝစနိယအနက်လော၊ "အဓိစိတ္တံ ယထာဝုမုံ"ဟူသောပုဒ်တို့ကဲ့သို့ ဝိဘတ်ခုနှစ်သွယ်တို့တွင် တစ်ပါးပါးသောဝိဘတ်၏ ကာရိယလော၊ ဤသို့ စုဒ်ရှိရကား အဗျယီဘောသမာသ်၊ သတ္တမီ ဗဟုဝုစ်ဝိဘတ်၏ ကာရိယဖြစ်သော အံတည်းဟု သိစေခြင်းငှါ "အဇ္ဈတ္တံ။ လ ။ ဟောတိ" ဟူ၍မိန့်။

**တစ်နည်းကား။** အရှင်အဋ္ဌကထာဆရာ "အဇ္ဈတ္တံ"ဟူသောပုဒ်၌ အံဝိဘတ်သည် "နိဂ္ဂဟိတဥ္စ"ဟူသော သန္ဓိသုတ်၏ အရာလော၊ "သိံ " ဟူသောသုတ်၏အရာလော၊ "သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါအံ" ဟူသော သုတ်၏အရာလော၊ "နမှိတံဝါ" ဟူသောသုတ်၏ အရာလော ၊ "ကမ္မတ္ထေ ဒုတိယာ" ဟူသောသုတ်၏ အရာလော၊ "ကာလဒ္ဓါန မစ္စန္တသံယောဂေ"ဟူသောသုတ်၏အရာလော၊ "ကမ္မပ္ပဝစနီယယုတ္တေ" ဟူသောသုတ်၏ အရာလော ၊ "အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ" ဟူသောသုတ်၏အရာလော ၊ ဤသို့ စုဒ်ရှိရကား "အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ" ဟူသောသုတ်၏ အရာတည်းဟု ပြလိုရကား "အဇ္ဈတ္တံ ကထံ ဟောတီတိ အတ္တနော ခန္ဓေသု ဝိစိကိစ္ဆာ ဟောတိ" ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ အရာမဟုတ်သော်လည်း သောတုဇနတို့၏ စိန္တာမယဉာဏ် ဖြစ်စေခြင်းငှါတင်လေ။

## ၆- ပဋိဝိဇ္ဈတိ-ပုဒ်စောဒနာ

အရှင်အဋ္ဌကထာဆရာ "ပဋိဝိဇ္ဈတိ" ဟူ၍ဆို၏။ အဘယ်တရားကို ထိုးထွင်း၍သိသနည်း၊ ဤသို့စုဒ်ရှိရကား "စတ္တာရိ သစ္စာနိ" ဟူသော ပါဠ်ကိုမိန့်။ အဓိပ္ပါယ်ကား သစ္စာလေးပါးကိုပင် သိသည်ဟူလို။ ပညတ်တင်။

အရှင်အဋ္ဌကထာဆရာ "ပဋိဝိဇ္ဈတိ" ဟူသောပုဒ်၌ ဝိဒ-ဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ ကံနှင့်မကင်းကောင်း၊ ထိုဝိဒဓာတ်၏ကံကား အဘယ်နည်း၊ စုဒ်ရှိရကား "စတ္တာရိ သစ္စာနိ"ဟူသောပါဠ်ကိုမိန့်။ အဓိပ္ပာယ်ကား။ ဝိဒဓာတ်၏ကံကား သစ္စာလေးပါးဟူလို။ သဒ္ဒါတင်။

**တစ်နည်းကား။** အရှင်အဋ္ဌကထာဆရာ "ပဋိဝိဇ္ဈတိ" ဟူသောပုဒ်၌ ပဋိပုဗ္ဗ ဝိဒဓာတ်၏အရကား စတုသစ္စကမ္မဋ္ဌာနိကပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်တည်း။ ထိုဝိပဿနာဉာဏ်သည် အာရမ္မဏိကတရားဖြစ်၍ အာရမ္မဏတရားနှင့် မကင်းကောင်း၊ အာရမ္မဏတရားကား အဘယ်နည်း၊ စုဒ်ရှိရကား "စတ္တာရိ သစ္စာနိ" ဟူသောပါဠ်ကိုမိန့်။ အဓိပ္ပါယ်ကား။ စတုသစ္စကမ္မဋ္ဌာနိကပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်၏ အာရုံကား သစ္စာလေးပါးတည်းဟူလို။

တစ်နည်းကား အရှင်အဋ္ဌကထာဆရာ "ပဋိဝိဇ္ဈတိ" ဟူသော သကမ္မကဓာတ်၌ "သာမညစောဒနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိနာ စ ဝိသေသဿ ပယောဇိတဗ္ဗတော"ဟူ၍ ဋီကာဆရာတို့ မိန့်ဆိုအပ်သည်နှင့်အညီ သာမညစောဒနာသည် ဝိသေသအရာ၌ တည်သောကြောင့် ဝိသေသကို အလိုရှိသော ပုဂ္ဂိုလ်သည် ဝိသေသကို ယှဉ်အပ်၏ဟူ၍ လာသောကြောင့် "ဒုက္ခသစ္စံ" ဟူ၍ အစိတ်ကို ယှဉ်ရအံ့လော၊ သမုဒယသစ္စာကိုလည်းကောင်း မဂ္ဂသစ္စာကိုလည်းကောင်း၊ နိရောဓသစ္စာကိုလည်းကောင်း တစ်ပါးပါးကို ယှဉ်ရအံ့လော၊ စုဒ်ရှိရကား "စတ္တာရိ ။လ။ ပဋိဝိဇ္ဈတိ" ဟူသောပါဠ်ကိုမိန့်။

အဓိပ္ပာယ်ကား။ "ဧကဒေသဿ ဂဟဏေ အသတိ ။လ။ ဝိညာယတိ" ဟူသော ပရိဘာသာနှင့်အညီ အစိတ်ကိုယူခြင်းမရှိသည် ရှိသော်ယူအပ်သော အနက်၏ အကြွင်းမရှိသည်၏အဖြစ်ကို သိအပ် ရကား သစ္စာလေးပါးလုံးကိုပင် ယူဟူလို။ သကမ္မကဓာတ်တွေ့တိုင်း ဤကဲ့သို့တင်လေ။

"ဒုက္ခပရိညာ ပဋိဝေဓေန ပဋိဝိဇ္ဈတိ။"

(မူလပဏ္ဏာသ အဋ္ဌကထာ၊ သဗ္ဗာသဝသုတ်။)

ပညတ်တင်၊ သဒ္ဒါတင်၊ ပရမတ်တင် သုံးပါးလုံးကို ရှေးနည်းအတူတင်လေ။

အရှင်အဋ္ဌကထာဆရာ"ပဋိဝိဇ္ဈတိ"ဟူသောပါဌ်၌ ဝိဒဓာတ်သည် သကမ္မကဓာတ်ဖြစ်၍ "ဧကဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာ ဝိညာယတိ"ဟူ၍ ဋီကာဆရာတို့ မိန့်ဆိုသည်နှင့်အညီ ကြိယာပုဒ်၌ အစိတ်သော ကံပုဒ်ကို ယူခြင်းမရှိသည် ရှိသော် ယူအပ်သောကံ၏ အကြွင်းမရှိသည်၏ အဖြစ်ကို သိအပ်၏ဟူ၍ဆိုသောကြောင့် သစ္စာလေးပါးလုံးကိုယူ၍ "စတ္တာရိ သစ္စာနိ"ဟူ၍ ကံပုဒ်ခံရအံ့လော၊ စုဒ်ရှိရကား "ဒုက္ခံ"ဟူသောကံပုဒ်ကိုမိန့်။

အဓိပ္ပါယ်ကား။ "သာမညစောဒနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိနာ စ ဝိသေသဿ ပယောဇိတဗ္ဗတော'ဟူသော ပရိဘာသာနှင့်အညီ သာမညစောဒနာသည် ဝိသေသအရာ၌တည်ရကား ဝိသေသကို အလိုရှိသော သူသည် ဝိသေသကို ယှဉ်အပ်၏ဟူ၍ မိန့်ဆိုသောကြောင့် ဝိသေသဖြစ်သော "ဒုက္ခံ"ဟူသော ကံပုဒ်ကိုခံလေ ထည့်လေဟူလို။

သာမည စောဒနာယ၊ သာမညအားဖြင့် မေးခြင်း၏။ ဝိသေသေ၊ ဝိသေသအရာ၌။ အဝဋ္ဌာနတော၊ တည်ခြင်းကြောင့်။ ဝိသေသတ္ထိနာ စ၊ ဝိသေသကို အလိုရှိသော ပုဂ္ဂိုလ်သည်လည်း။ ဝိသေသဿ၊ အစိတ်အထူးကို။ ပယောဇိတဗ္ဗတော၊ ယှဉ်အပ်လေသည်၏အဖြစ်ကြောင့်တည်း။ ဤသို့အနက်သမ္ဗန်။

■ ■ ■

## ၇- အဖြေလေးပါးအထူး

အဖြေလေးပါးတည်း။ လေးပါးဟူသော်ကား-

ဧကံသဗျာကရဏလည်းတစ်ပါး၊ ပဋိပုစ္ဆာဗျာကရဏလည်း တစ်ပါး၊ ဝိဘဇ္ဇဗျာကရဏလည်းတစ်ပါး၊ ဌပနီယဗျာကရဏလည်းတစ်ပါး ဤသို့ အားဖြင့် လေးပါးတည်း။ ဤလေးပါးတို့၏ အထူးကား ဧကံသဗျာကရဏမှာမေးလျှင် မေးတိုင်းသာဖြေသည်။ ပဋိပုစ္ဆာဗျာကရဏမှာ တဖန်ပြန်၍ မေးပြီးနောက်မှ ကောက်

၍ဖြေသည်။ ဝိဘဇ္ဇဗျာကရဏမှာ တစ်ခုမေးသည်ကို တစ်ခုနှစ်ခုစသောအားဖြင့် အကျယ်ဝေဖန်၍ဖြေသည်။ ဌပနီယဗျာကရဏမှာ မေးသောဝတ္ထုကို ထား၍ တစ်ပါးသောဝတ္ထုနှင့်ထင်စွာပြ၍ မေးသောဝတ္ထုကို သိအောင်ဖြေသည်။ ဤကား အထူးတည်း။

## ၈– ပဉှာလေးပါးပါဠိ

"ဧကံသဗျာကရဏီယော ပဉှော၊ ဝိဘဇ္ဇဗျာကရဏီယော ပဉှော၊ ပဋိပုစ္ဆာဗျာကရဏီယော ပဉှော၊ ဌပနီယော ပဉှော ဣမာနိ **စတ္တာရိ ပဉှာဗျာကရဏာနိ** နာမ၊ တတ္ထ "စက္ခုံ အနိစ္စ"န္တိ ပုဋ္ဌေန "အာမ အနိစ္စ"န္တိ ဧကံသေနေဝ ဗျာကာတဗ္ဗံ၊ သေနယော သောတာ ဒီသု။ အယံ **ဧကံသ ဗျာကရဏီယော** ပဉှော။

"အနိစ္စံ နာမ စက္ခု"န္တိ ပုဋ္ဌေန ပန "န စက္ခုမေဝ၊ သောတံပိ အနိစ္စံ ဃာနံပိ အနိစ္စ"န္တိ ဧဝံ ဝိဘဇိတွာ ဗျာကာတဗ္ဗံ။ အယံ **ဝိဘဇ္ဇဗျာကရဏီယော** ပဉှော။

"ယထာ စက္ခု၊ တထာ သောတံ၊ ယထာ သောတံ တထာ စက္ခု"န္တိ ပုဋ္ဌေန ပန "ကေနဋ္ဌေန ပုစ္ဆသီ"တိ ပဋိပုစ္ဆိတွာ "ဒဿနဋ္ဌေန ပုစ္ဆာမိ"တိ ဝုတ္တေ "နဟိ"တိ ဗျာကာတဗ္ဗံ၊ "အနိစ္စဋ္ဌေန ပုစ္ဆာမိ"တိ ဝုတ္တေ "အာမာ" တိ ဗျာကာတဗ္ဗံ၊ အယံ **ပဋိပုစ္ဆာဗျာကရဏီယော** ပဉှော။

"တံ ဇီဝံ တံ သရီရ" န္တိ အာဒီနိ ပုဋ္ဌေန "အဗျာကတမေတံ ဘဂဝတာ" တိ ဌပေတဗ္ဗော၊ ဧသ ပဉှော န ဗျာကာတဗ္ဗော၊ အယံ ဌပနီယော ပဉှော။

(ဒီ၊ ဋ၊ ၂။ ၁၅၇-၈။)

## ၉– သတ္တိရုပ် ဗျတ္တိရုပ် ၂–ပါး

ကိစ္စမန္တ ကိစ္စသိဒ္ဓိဟူ၍ နှစ်ပါးအပြားရှိ၏၊ သတ္တိ သတ္တိမန္တဟူ၍လည်း နှစ်ပါးအပြားရှိ၏။ သတ္တိရုပ် ဗျတ္တိရုပ်ဟူ၍လည်း နှစ်ပါးအပြားရှိ၏။ ထိုသည်တို့ကား သဘောအတူတူပင်။

အဓိပ္ပါယ်ကား။ သတ္တိရုပ်ဆိုသည်မှာ ပန်းချီ ပန်းပု ဆန်းကြယ်စွာ ထုရေး

တတ်ခြင်းစသောသတ္တိသည် သတ္တိရုပ်မည်၏။ ပြုလုပ်ပြီးသော အမှုအရပ်ရပ်ကို ထင်စွာဖော်ပြခြင်းသည် ဗျတ္တိရုပ်မည်၏။ ကိစ္စမန္တ ကိစ္စသိဒ္ဓိမှာ များစွာသော ဥပမာဆောင်၍ မိန့်တော်မူကုန်၏။

## ၁၀– သဒ္ဒယုတ္တိ အတ္ထယုတ္တိ ၂–ပါး

သဒ္ဒယုတ္တိ အတ္ထယုတ္တိဟူ၍ နှစ်ပါးအပြားရှိ၏။ သဒ္ဒယုတ္တိဆိုသည်မှာ သဒ္ဒါသင့်သည်ကို ဆိုသည်။ အတ္ထယုတ္တိကား အနက်သင့်လျော်သည်ကို ဆိုသည်။ သဒ္ဒယုတ္တိ၌ ဥဒါဟရုဏ်ကား "ဂစ္ဆတီတိ ဂေါ၊ နာဂေါ"ဟူသည်တည်း။ ယောနာဂေါ၊ အကြောင်ဂန့်ကော်ပင်သည်။ ဂစ္ဆတိ၊ ၏။ ဣတိ၊ ကြောင့်။ သော၊ သည်။ ဂေါ၊ မည်၏။ နာဂေါ၊ ကို။ လဗ္ဘတိ၊ ၏။" ဤသို့ဟူရာ၌ "ဂစ္ဆတီတိ ဂေါ" ဟူ၍ ဆိုခြင်းသည် သဒ္ဒယုတ္တိသင့်ပါ၏။ အတ္ထယုတ္တိမသင့်။

အတ္ထယုတ္တိ၌ ဥဒါဟရုဏ်ကား "သာမိကဿ ဝစနံ သုဏာတီတိ သုနက္ခော။ ယောဘိက္ခု၊ အကြောင်ရဟန်းသည်။ သာမိကဿ၊ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဝစနံ၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော စကားတော်ကို။ သုဏာတိ၊ နာတတ်၏။ ဣတိ၊ ကြောင့်။ သောဘိက္ခု၊ သည်။ သုနက္ခော၊ မည်၏"

ဤဝိဂြိုဟ်သည် အတ္ထယုတ္တိသာသင့်၏။ သဒ္ဒယုတ္တိကားမသင့်။ သဒ္ဒယုတ္တိ အတ္ထယုတ္တိ နှစ်ပါးသင့်မှသာလျှင် ဝိဂြိုဟ်ဝစနတ် လှစ်ဖွင့်အပ်သည်။ တစ်ပါးပါး သင့်လျော်ရုံမျှနှင့် ဝိဂြိုဟ်ဝစနတ် မလှစ်ဖွင့်အပ်။

■ ■ ■

## ၁၁– သောတာပတ္တိမဂ္ဂေါ–ပုဒ်စောဒနာ

**ကသ္မာ? သောတာပတ္တိမဂ္ဂေါ ဒဿနံ၊ ပဌမံ နိဗ္ဗာနဒဿနတော။**

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်-အဋ္ဌကထာ) (မ၊ ဋ္ဌ၊ ၁။၇၇)

အရှင်အဋ္ဌကထာဆရာ သောတာပတ္တိမဂ်ကို သောတာပတ္တိမဂ်ဟူ၍ ဆရာမဆိုလျှင်းဘဲ အတီသို့မူ၍ "ဒဿန" ဟူလေဘိသနည်း၊ ဤသို့ သူမေးဖွယ်ရှိ၍ ထိုအမေးကို ရှေးဦးစွာပြ၍ ဖြေတော်မူလိုရကား "ကသ္မာ? ။လ။ ဒဿန တော" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဠကထာဆရာ သောတာပတ္တိမဂ်သည် အဘယ့်ကြောင့် ဒသနဟူသောအမည်ကို ရလေဘိသနည်း၊ ဤသို့ စောဒနာဖွယ်ရှိ၍ ဒသနမည်ကြောင်းကို စောဒနာတင်၍ ဖြေတော်မူလိုရကား "ကသ္မာ? ။လ။ ဒသနတော" ဟူသောပါဌ်ကိုမိန့်။ ပါဠိမှာတက်လေ။

တစ်နည်းကား။ အရှင်အဠကထာဆရာ သောတာပတ္တိမဂ်ကို အဘယ် ပဝတ္တိနိမိတ်ကိုစွဲ၍ ဒသနဟု ဆိုလေဘိသနည်း၊ ဤသို့ သူမေးဖွယ်ရှိ၍ ထို အမေးကို ရှေးဦးမဆွ လက်မွန်ထား၍ ဧကံသဗျာကရဏ၊ ဝိဘဇ္ဇဗျာကရဏ၊ ဌပနီယဗျာကရဏ၊ ပဋိပုစ္ဆာဗျာကရဏအားဖြင့် လေးပါးတို့တွင် ဧကံသဗျာကရဏ အားဖြင့် ဖြေဆိုတော်မူလိုရကား "ကသ္မာ? ။လ။ ဒသနတော"ဟူသော ပါဌ်ကိုမိန့်။ ငါတို့ ဆရာတော်ဘုရားကြီးတက်သည်။ နည်းတော်ကျော်တည်း။

တစ်နည်းကား။ သောတာပတ္တိမဂ်ကို ဒသနဟူ၍ဆိုရာ၌ စောဒက ပုဂ္ဂိုလ်၏ မေးရာပုစ္ဆာကို မဆွစွာပြလိုရကား "ကသ္မာ သော တာပတ္တိ မဂ္ဂေါ ဒသနံ" ဟူသော ပါဌ်ကိုမိန့်။

ဤသို့ စောဒကဆရာ မေးအပ်သော စကားကား သောတာပတ္တိ သဒ္ဒါသည် မုချသဒ္ဒါဟုတ်ပါ၏လော ၊ ဤသို့စောဒက အာဘော်ကို သိမြင်တော်မူသော အဠကထာဆရာသည် "ပဌမံ နိဗ္ဗာနဒသနတော"ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကိုရှုခြင်း မြင်ခြင်းတည်း ဟူသော ပဝတ္တနိမိတ်ဗျုပ္ပတ္တိကြောင့် ဒသနမည်သည်ဖြစ်၍ သောတာပတ္တိ သဒ္ဒါကဲ့သို့ပင် မုချသဒ္ဒါ ဖြစ်ပါ၏ဟူလို။

တစ်နည်းကား။ ဒသနဟူသည် သောတာပတ္တိမဂ်ပင်တည်းဟူ၍ မိန့်ဆိုရာ၌ စောဒကပုဂ္ဂိုလ်၏ အဘယ့်ကြောင့် သောတာပတ္တိမဂ်သည် ဒသန မည်လေဘိသနည်း မေးရာသောစကားကို ရှေးဖြားလက်မွန် ပြလိုရကား "ကသ္မာ? သောတာပတ္တိ မဂ္ဂေါ ဒသနံ"ဟူသောပါဌ်ကိုမိန့်။ ဤသို့မေးသော စောဒကဆရာကား "ဧကဒေသဿ ဂဟနေ အသတိ ဂဟေတဗ္ဗဿ နိဗ္ဗဒေ သတာ ဝိညာယတိ"ဟူသော ပရိဘာသာကိုနှလုံးပိုက်၍ "စတ္တာရိ သစ္စာနိ"ဟူ၍

ကံပုဒ်ထည့်ရအံ့လော၊ ဤသို့ စောဒနာသည် ဤသို့စောဒကပုဂ္ဂိုလ်၏ အာဘော်ကို မျှော်မြင်နှိုက်နဲ ခွဲခြမ်း၍ သိမြင်တော်မူသော အဋ္ဌကထာဆရာသည် "ပဌမံ နိဗ္ဗာနံ ဒဿနတော"ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ "သာမညစောဒနာယ ဝိသေသဿ ပယောဇိတဗ္ဗတော" ဟူသော ပရိဘာသာနှင့်အညီ အစိတ်ကိုယှဉ်ရသောကြောင့် "နိဗ္ဗာနံ" ဟူသောအစိတ်ကို ထည့်ရာ၏ဟူလို။

■ ■ ■

## ၁၂- က္ကမ-ပုဒ်စောဒနာ

က္ကမ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါယောနိသော။

မူလပဏ္ဏာသ သဗ္ဗာသဝသုတ်။ (မ၊ ၁။ ၁၂။)

**က္ကမာတိ က္ကမသ္မိံ သာသနေ။**

ဌင်းအဋ္ဌကထာ။ (မ၊ ဋ၊ ၁။ ၇၈)

အရှင်အဋ္ဌကထာဆရာ "က္ကမ"ဟူသောပုဒ်၌ က္ကမသဒ္ဒါ ဓပစ္စည်း၊ ဤဓ ပစ္စည်းသည် "က္ကမသ္မာ ဟဓာစ"ဟူသောသုတ်ဖြင့် သတ္တမီအနက်၌ပင် စီရင် လင့်ကစား "က္ကမာဂတော" ဟူသော ပုဒ်တို့၌ ကံအနက်လည်း ဖြစ်သည်။

ယင်းသို့ဖြစ်၍ ဤအရာ၌ ကံအနက်လော၊ သတ္တမီအနက်လော၊ စုဒ်ရှိ ရကား "က္ကမာတိ က္ကမသ္မိံ " ဟူ၍မိန့်။

အရှင်အဋ္ဌကထာဆရာ "က္ကမ" ဟူသောပုဒ်၌ ဝိဘတ်ချေတ္တကိုဖွင့်ပြီး၊ "က္ကမ" ဟူသောပုဒ်ကို အဘယ်သို့ဖွင့်မည်နည်း၊ စုဒ်ရှိပြန်ရကား "သာသနေ" ဟူ၍ မိန့်။

တစ်နည်းကား။ အဋ္ဌကထာဆရာ "က္ကမ"ဟူသောပုဒ်၌ က္ကမသဒ္ဒါဟူသောပုဒ်၏ ပဒတ္ထ ဓ-ဟူသောပစ္စည်း၏ ဝိဘတ်ချေတ္တကို ဆရာအဘယ်သို့ ပြမည်နည်း၊ စုဒ်ရှိရကား ပဒတ္ထဝိဘတ်ချေတ္တကို တဝတည်းချုံး၍ အလုံးစုံပြလိုရကား "က္ကမာတိ က္ကမသ္မိံ သာသနေ"ဟုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ဣမ"ဟူသောပုဒ်၌ ဣမ ဟူသော အန္တ၏အနက်ဖြစ်သော အန္တတ္ထ ဣမ ဟူသော ဗာဟိရ၏ အနက်ဖြစ်သော ဗာဟျတ္ထကို အဘယ်သို့ ပြမည်နည်း၊ စုဒ်ရှိရကား အန္တတ္ထကား သာသနာတော်တည်း။ ဗာဟျတ္ထကား သတ္တမီအနက်တည်းဟု ပြလိုသည်ဖြစ်၍ "ဣဓာတိ ဣမသ္မိံ သာသနေ"ဟူသော ပါဠိကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ဣဓ" ဟူသောပုဒ်၌ ဣမ သဒ္ဒါသည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ အနက်ဝိသေသကိုမဟောတတ်၊ အနက်ဝိသေသကို ဟောစေခြင်းငှါ ပဋ္ဌာနပုဒ်ကို ဆရာအဘယ်သို့ ထည့် မည်နည်း ၊ ဤသို့ စုဒ်ရှိရကား "ဣဓာတိ ဣမသ္မိံ သာသနေ" ဟူသော ပါဠိကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ဣဓ" ဟူသောပုဒ်၌ ဣမသဒ္ဒါသည် ပစ္စက္ခဝိသယလော၊ အနုဘူတဝိသယလော၊ ပသိဒ္ဓဝိသယလော၊ စုဒ်ရှိရကား ပသိဒ္ဓဝိသယတည်းဟု ပြလိုသော အဋ္ဌကထာဆရာသည် "ဣဓာတိ ဣမသ္မိံ သာသနေ" ဟူသောပါဠိကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ဣဓ" ဟူသောပုဒ်၌ "သဗ္ဗ ဝါကျံ သာဝဓာရဏံ"ဟူသည်နှင့်အညီ ခပ်သိမ်းသော ဝါကျသည် အဝဓာရဏ နှင့်တကွ ဖြစ်သည်ဖြစ်၍ ဤအရာ၌ ထိုယူအပ်သောအနက်ကား အဘယ်နည်း၊ နစ်စေအပ်သောအနက်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ဣဓာတိ ဣမသ္မိံ သာသနေ" ဟူသောပါဠိကိုမိန့်၊ အဓိပ္ပါယ်ကား ယူအပ်သောအနက်ကား ဘုရား သာသနာတော်တည်း။ နစ်စေအပ်သောအနက်ကား တိတ္ထိတို့၏ သာသနာဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ခပ်သိမ်းသော သဒ္ဒါတို့သည် အညတ္ထာပေါဟနနည်းအားဖြင့် ဟောမြဲဖြစ်သည်ဖြစ်၍ ဤအရာတွင် ဣဓ သဒ္ဒါ၌ ယူအပ်သောအနက်ကား အဘယ်အနက်နည်း၊ ပယ်အပ်သော အနက်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ဣဓာတိ ဣမသ္မိံ သာသနေ" ဟူသောပါဠိကို မိန့်။

အဓိပ္ပါယ်ကား။ ယူအပ်သောအနက်ကား ဘုရားသာသနာတော်တည်း။ ပယ်အပ်သောအနက်ကား တိတ္ထိတို့၏ သာသနာတည်းဟူလို။ နောက်ဆုံးနည်းကား ဋီကာဖွင့်သောနည်းတည်း။

ဋီကာပါဌ်ကား။ "က္လဓာတိ အယံသဒ္ဒေါ သဗ္ဗာကာရတော က္လန္တိယ သံဝရသံဝုတဿ ပုဂ္ဂလဿ သနိဿယဘူတသာသနပရိဒီပနော အည သာသနဿ တဝ ပဋိသေဓနော စာတိ ဝုတ္တံ "က္လမသ္မိံ သာသနေ" တိ။ ဤနည်းကိုမှီ၍ "တတ္ထ တသ္မိံ အဘိဓမ္မေ" စသည်ဖြင့် ဖွင့်သော ပါဌ်တို့မှာယူလေ။

■ ■ ■

## ၁၃- သဓ်ါ-ပုဒ်စောဒနာ

တတ္ထာယံ သဓ်ါသဒ္ဒေါ ဉာဏကောဋ္ဌာသပညတ္တိဂဏနာသု ဒိဿတိ၊ "သဓ်ါယေကံ ပဋိသေဝတီ"တိ အာဒီသု ဉာဏေ ဒိဿတိ။

(မူလပဏ္ဏာသ သဗ္ဗာသဝသုတ်အဋ္ဌကထာ) (မ၊ ဋ၊ ၁။ ၇၈။)

အနက်ကား။ တတ္ထ၊ ထိုပဋိသဓ်ါယောနိသော ဟူသောပုဒ်၌။ သမဘိနိဝိဋ္ဌော၊ ကောင်းစွာအကျုံးဝင်သော။ ဝါ၊ ကောင်းစွာတည်သော။ အယံသဓ်ါသဒ္ဒေါ၊ ဤသဓ်ါသဒ္ဒါသည်။ ဝါ၊ ဤသဓ်ါသဒ္ဒါနှင့်တူသော သဓ်ါသဒ္ဒါဟူသမျှသည်။ ဤကဲ့သို့ချည်း အရာခပ်သိမ်းမှာပင် ယောဇနာလေ။

အရှင်အဋ္ဌကထာဆရာ "တတ္ထာယံ သဓ်ါသဒ္ဒေါ ။ပ။ ဂဏနာသု ဒိဿတိ" ဟူ၍ သဓ်ါသဒ္ဒါသည် လေးပါးသောအနက်တို့၌ ဖြစ်သောဟူ၍ ဆရာဆို၏။ အဘယ်ဥဒါဟရုဏ်ပုံ သက်သေသာဓက ဉာပကလက္ခဏာ ဘုရားပါဠိ၌ လာသနည်း၊ ဤသို့စုဒ်ရှိရကား "သဓ်ါယေကံ ဉာဏေ ဒိဿတိ" စသည်မိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ သဓ်ါသဒ္ဒါသည် လေးပါးသော အနက်တို့၌ ဖြစ်ထင်၏ဟူပြီ။ ဆရာ့စကားသည် သက်သေမရှိသော တရားကဲ့သို့ အာဂုံပါဠိနှင့်ကင်း၍ အများဗိုလ်လူတို့သည် ယုံကြည်နိုင်အံ့လော၊ အာဂုံပါဠိ ရှိမှသာလျှင် သောတုဇနအများတို့သည် ယုံကြည်မှတ်သားရာသည် ဤသို့

စုဒ်ရှိရကား "သင်္ခါယေ ။လ။ ဉာဏေ ဒိဿတိ" ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "တတ္ထာယံ သင်္ခါသဒ္ဒေါ ။လ။ ဂဏနာသု ဒိဿတိ" ဟူ၍ သုတ်ကိုဆို၏။ ဥဒါဟရဏ်ကား အဘယ်နည်း၊ တစ်နည်းကား "တထာယံ ။လ။ ဒိဿတိ" ဟူသော ဉာပျကိုဆို၏၊ ဉာပကကား အဘယ်နည်း၊ တစ်နည်းကား သာဓျကိုဆို၏ သာဓကကား အဘယ်နည်း၊ တစ်နည်းကား လက္ချကိုဆို၏ လက္ခဏကား အဘယ်နည်း၊ ဤသို့စုဒ်ရှိရကား "သင်္ခါယေကံ ။ ။လ။ ဉာဏေ ဒိဿတိ"ဟူသော ပါဠ်ကိုမိန့်။ ဤနည်းကိုမှီ၍ အတ္ထုဒ္ဓါရ တွေ့တိုင်း တက်လေထွက်လေ။

■ ■ ■

## ၁၄- သံဝရသံဝုတော-ပုဒ်စောဒနာ

စက္ခုန္ဒြိယသံဝရသံဝုတော ဝိဟရတိ။

(သဗ္ဗာသဝသုတ်ပါဠိ) (မ၊ ၁။ ၁၂။)

စက္ခုန္ဒြိယသံဝရေန သံဝုတော စက္ခုန္ဒြိယသံဝရသံဝုတော၊ ဥပေတော တိ ဝုတ္တံ ဟောတိ။

၄င်းအဋ္ဌကထာ။(မ၊ ဋ၊ ၁။ ၇၉။)

ဤအဋ္ဌကထာပါဠ်၌

**"ယတ္ထ ယတ္ထ ပဒေသေ့ဝ၊ ဒိဋ္ဌေ ဝိသဇ္ဇနေ သတိ။**

**တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာ။"** ဟူ၍

အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့ မိန့်ဆိုတော်မူသောကြောင့် စောဒနာပုစ္ဆာကို မဆွစ္စာ ထုတ်ရာ၏၊ ထုတ်ရာသည်ကား-

အရှင်အဋ္ဌကထာဆရာ "စက္ခုန္ဒြိယသံဝရသံဝုတော" ဟူသောပါဠ်ကို "စက္ခုန္ဒြိယံ သံဝရသံဝုတော"ဟု ဒုတိယာတပ္ပုရိသ်သမာသ်မူရအံ့လော၊ "စက္ခုန္ဒြိယသံဝရေန သံဝုတော" ဟူ၍ သတ္တမီတပ္ပုရိသ် သမာသ်မူရအံ့လော၊ "စက္ခုန္ဒြိယသံဝရော စ သော သံဝုတော စာတိ စက္ခုန္ဒြိယသံဝရသံဝုတော" ဟူ၍

ကမ္မဓာရယ်သမာသ်မူရအံ့လော၊ စုဒ်ရှိရကား "စက္ခုန္ဒြိယသံဝရေန သံဝုတော" ဟူသော ပါဌ်ကို မိန့်။

အရှင်အဋ္ဌကထာဆရာ ဝစနတ္ထ၌ "ကာယေန ကမ္မံ ကရောတိ" ဟူသော ဥဒါဟရုဏ်ကဲ့သို့ ကရိဏ်းအနက် သမ္ဗန်ရအံ့လော၊ "သဟာပိ ဂင်္ဂေန" ဟူသော ဥဒါဟရုဏ်ကဲ့သို့ သဟာဒိယောဂအနက် သမ္ဗန်ရအံ့လော၊ "ယက္ခေန ဒိန္နော ဝရော"ဟူသော ဥဒါဟရုဏ်ကဲ့သို့ ကတ္တားအနက် သမ္ဗန်ရအံ့လော၊ "အန္နေန ဝသတိ"ဟူသော ဥဒါဟရုဏ်ကဲ့သို့ ဟိတ်အနက် သမ္ဗန်ရအံ့လော၊ "အက္ခိနာ ကာဏော"ဟူသော ဥဒါဟရုဏ်ကဲ့သို့ လက္ခဏအနက် သမ္ဗန်ရအံ့လော၊ "ဂေါတ္တေန ဂေါတမော"ကဲ့သို့ ဝိသေသနအနက် သမ္ဗာန်ရအံ့လော၊

တစ်နည်းကား။ "ကရဏေ တတိယာ"ဟူသောသုတ်၏ အရာလော၊ "သဟာဒိယောဂေစ"ဟူသော သုတ်၏အရာလော၊ "ကတ္တရိစ"ဟူသော သုတ်၏ အရာလော၊ "ဟေတွတ္ထေစ"ဟူသောသုတ်၏ အရာလော၊ "ဝိသေသနေစ" ဟူသော သုတ်၏အရာလော၊ "သံဝုတော"ဟူသောပုဒ်၌လည်း "သံဝုတ" သဒ္ဒါသည် စောင့်ရှောက် ပိတ်ပင်ခြင်းအနက်ကို ဟောသလော၊ "ပါတိမောက္ခ သံဝရသံဝုတော"ဟူသောပါဌ်၌ "သံဝုတ"သဒ္ဒါသည် သမ္ပန္နအနက်ကို ဟော သကဲ့သို့ သမ္ပန္နအနက်ကိုတည်း ဟောသလော၊

တစ်နည်းကား။ "သံဝုတော"ဟူသောပါဌ်၌ သံရှေးရှိသော ဝရဓာတ် သည် "ဓာတူနံ အနေကတ္ထတ္တာ"ဟူ၍ အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့ မိန့်ဆို တော်မူသောကြောင့် များသောအနက်ရှိသည်၊ အမှတ်မရှိသော အနက်ကိုလည်း ဟောတတ်သည်ဖြစ်၍ ဤအရာ၌ အဘယ်အနက်ကို ဟောသနည်း။

တစ်နည်းကား။ "သံဝုတော" ဟူသောပုဒ်၌ ဝရသဒ္ဒါသည် တောင့်တ ခြင်းဟူသောအနက်၊ ဆုလာဘ်ဟူသောအနက်၊ အမြတ်ဟူသောအနက်ကို ဟော သည်။ ဤအရာ၌ အဘယ်အနက်ကို ဟောသနည်း၊ ဤသို့ စောဒက ဆရာသည် အန္တတ္ထ ဗာဟိရတ္ထတို့ကို များစွာထင်၍ စောဒနာသည်ကို တဝတည်း ဖြေတော် မူလိုသော အဋ္ဌကထာဆရာသည် "ဥပေတောတိ ဝုတ္တံ ဟောတိ"ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား။ ဤ"စက္ခုန္ဒြိယသံဝရသံဝုတော" ဟူသောပုဒ်ကို "သဟာပိ ဂင္ဂေန" ဟူသော ဥဒါဟရုဏ်ကဲ့သို့ သဟာဒိ ယောဂအနက်၊ "သဟာဒိယောဂေ စ" ဟူသော သုတ်၏အရာ၊ "ပါတိမောက္ခသံဝရသံဝုတော" ဟူသောပါဌ်ကဲ့သို့ "သံဝုတ"သဒ္ဒါသည် သမ္ပန္နအနက်၌ ဖြစ်သည်ဖြစ်၍ "စက္ခုန္ဒြိယသံဝရေန၊ နှင့်။ သံဝုတော၊ ပြည့်စုံသည်တည်း။" ဤသို့ အနက် သမ္ဗာန်လေဟူလို၊ ဤနည်းကိုမှီ၍ ဤပါဌ်ရပ်နှင့်တူသော အဋ္ဌကထာ, ဋီကာတို့မှာ တင်လေ၊ တက်လေ၊ ထွက်လေ။

■ ■ ■

## ၁၅- ဇဝံသတေ-ပုဒ်စောဒနာ

ဇဝံသတေ အာသဝါ ဝိဃာတပရိဠာဟာ န ဟောန္တိ။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်ပါဌ်) (မ၊ ၁။ ၁၃။)

**ဇဝံသ** တေတိ ဇဝံ အဿ တေ ဇဝံ ဇတေန ဥပါယေန န ဟောန္တိ။ နော အညထာတိ ဝုတ္တံ ဟောတိ။

(ငှင်းအဋ္ဌကထာ) (မ၊ ဋ၊ ၁။ ၈၀။)

ဤသို့ဖွင့်ရာ၌ စုဒ်ထုတ်သော်ကား၊ အရှင်အဋ္ဌကထာဆရာ "ဇဝံ သတေ" ဟူသောပုဒ်ကို "သသီလဝါ"ဟူသောပုဒ်ကဲ့သို့ "ဇဝံ သော တေ" ဟူ၍ ပဒစ္ဆေဒ မူရအံ့လော၊ "ပုပ္ဖံသာ ဥပ္ပဇ္ဇတိ" ဟူသောပုဒ်ကဲ့သို့ "ဇဝံ အဿတေ" ဟူ၍ ပဒစ္ဆေဒမူရအံ့လော၊ ဤသို့စုဒ်ရှိရကား "ဇဝံ အဿ တေ" ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "လောပဉ္စ တတြာကာရော" ဟူသော သုတ်၏အစီအရင်လော၊ "ပရောဝါသရော" "ဗျဥ္ဇနေ စ ဝိသညော ဂေါ" ဟူသောသုတ်၏အစီအရင်လော၊ ဤသို့ စုဒ်ရှိရကား "ဇဝံ အဿ တေ" ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား။ "လောပဉ္စ တတြာကာရော" ဟူသော သုတ်၏ အစီအရင်မဟုတ် "ပရောဝါသရော" "ဗျဥ္ဇနေ စ ဝိသညောဂေါ" ဟူသောသုတ်၏ အစီအရင်ဟူလို။

ဆရာ။ ပဒစ္ဆေဒကိုပြပြီး ပဒတ္ထကို ဆရာ အဘယ်သို့ မူမည်နည်း၊ ဤသို့

စုဒ်ရှိရကား "ဧတေန ဥပါယေန ဟောန္တိ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ

**"ဥပသဂ္ဂါ နိပါတာ စ၊ ပစ္စယာ စ က္လမေ တယော။**

**နေကာနေကတ္ထဝိသယာ၊ ဣတိ နေရုတ္တိကာဖြင့်"** ဟူ၍ -

အက္ခရစိန္တက သဒ္ဒဝိဒူတို့ မိန့်ဆိုသည်နှင့်အညီ နိပါတ်ပုဒ်, ဥပသာရပုဒ်, ပစ္စည်း, ဤသုံးပါးတို့သည် ပုဒ်အားဖြင့်များကုန်သည် အနက်အားဖြင့်လည်း များကုန်သည်ဖြစ်သောကြောင့် ဤအရာ၌ ဧဝံဟူသော နိပါတ်ပုဒ်သည် အဘယ်အနက်ကို ဟောသနည်း၊ စုဒ်ရှိရကား "ဧဝံ ။လ။ န ဟောန္တိ"ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား ဧဝံသဒ္ဒါကား နိဒဿနအနက် ရှိသည်ဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ဧဝံသဒ္ဒါသည် ဥပမာ ဇောတက လည်းရှိသည်၊ နိဒဿနဇောတကလည်း ရှိသည်၊ အာကာရဇောတကလည်း ရှိသည်၊ ဗဟိရတ္ထအားဖြင့်လည်း ဝိဘတ္တိယုတ္တနိပါတ်၊ ဝိဘတ္တိအယုတ္တနိပါတ် အားဖြင့် နှစ်ပါးအပြားရှိသည်၊ ဤဧဝံသဒ္ဒါသည် အဘယ်အနက်၊ အဘယ်နိပါတ် ပုဒ်နည်း၊ စုဒ်ရှိရကား "ဧဝံသ တေ ။လ။ န ဟောန္တိ" ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပာယ်ကား ဤအရာ၌ "ဧဝံ"သဒ္ဒါသည် နိဒဿနဇောတက, ဝိဘတ္တိယုတ္တ နိပါတ်ပုဒ်ဟူလို။

အရှင်ဆရာ နိဒဿနအနက်ကိုပြခြင်းငှါ "ဧတ"သဒ္ဒါကိုဆို၏။ ထို "ဧတ" သဒ္ဒါ၏ စွဲရာကား အဘယ်နည်း၊ စုဒ်ရှိရကား "ဥပါယေန" ဟူသော ပါဌ်ကို မိန့်။ ဆရာ။ ဆရာ၏ ဧတသဒ္ဒါသည် ပစ္စက္ခဝိသယ၊ အနုဘူတဝိသယ၊ ပသိဒ္ဓ ဝိသယအားဖြင့် သုံးပါးအပြားရှိသည်တွင် ဤ "ဧတ"သဒ္ဒါကား အဘယ် နည်း၊ စုဒ်ရှိရကား ပစ္စက္ခဝိသယတည်းဟု ပြခြင်းငှါ "ဥပါယေန"ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ၊ ဧတသဒ္ဒါသည် သလွဲပြဒါးနှင့်ကင်းသော ကြေးမုံ မှန်ပြားသည် မျက်နှာရိပ်ကို ထင်စွာမပြနိုင်သကဲ့သို့ ပဓာနပုဒ်နှင့်ကင်း၍ ဧတ သဒ္ဒါသည် အနက်ဝိသေသကို မပြတတ်ခဲ့၊ အနက်ဝိသေသကို ပြခြင်းငှါ ပဓာန ပုဒ်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ဥပါယေန"ဟူသောပါဌ်ကို မိန့်။

အရှင်အဋ္ဌကထာဆရာ "ဧတေန ဥပါယေန"ဟူသောပါဌ်၌ "ရာဇာ ဂစ္ဆတိ"ကဲ့သို့ ပဓာနနည်းအားဖြင့် ယူရအံ့လော၊ "လဒ္ဓါတပတ္တော ရာဇကုမာရော" ကဲ့သို့ ဥပလက္ခဏနည်းအားဖြင့် ယူရအံ့လော၊ "သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဥ္ဇိတွာ"ကဲ့သို့ နိဒဿနနည်း အားဖြင့်ယူရအံ့လော၊ စုဒ်ရှိရကား "နော အညထာ တိ ဝုတ္တံ ဟောတိ"ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်အကျယ်ကား။ "သဗ္ဗေသမ္ပိ ဝါကျာနံ ဧဝကာရတ္ထ သဟိတတ္တာ" ဟူ၍လည်းကောင်း၊ "သဒ္ဒန္တရတ္ထာပေါဟန ဝသေန သဒ္ဒေါ အတ္ထံ ဝဒတိ" ဟူ၍လည်းကောင်း ကစ္စာဋီကာသစ်၌ လာသောကြောင့်လည်းကောင်း၊

**"သဒ္ဒေါပ လက္ခဏာဒီဟိ၊ ပဟိတတ္ထေ နိဝတ္တိတံ။**
**ကရောတေဝ ဖလတ္တေန၊ အညတ္ထာပေါဟနေန ဝါ"** ဟူ၍

သဒ္ဒတ္ထဘေဒစိန္တာ၌ လာသောကြောင့်လည်းကောင်း၊ အဝဓာရဏ အနက်, အညတ္ထာပေါဟနအနက်အားဖြင့် ယူလေဟူလို။ အဓိပ္ပါယ် အကျဉ်း ကား ပဓာနနည်း၊ ဥပလက္ခဏနည်း၊ နိဒဿနနည်းမဟုတ်၊ "သဗ္ဗဝါကျံ သာဝဓာ ရဏံ"ဟူ၍လည်းကောင်း၊ "အညတ္ထာပေါဟနေန"ဟူ၍လည်းကောင်း မိန့်ဆို သည်နှင့်အညီ အဝဓာရဏအနက်, အညတ္ထာပေါဟန အနက်အားဖြင့် ယူလေ ဟူလို။ ဤကဲ့သို့ ပါဠိပဒေသတွေ့တိုင်းမှာ ထွက်လေ၊ တက်လေ။

■ ■ ■

## ၁၆- ယဥ္စိဿာ-ပုဒ်စောဒနာ

ယဥ္စိဿာတိ ယံ စီဝရပိဏ္ဍပါတာဒီသု ဝါ အညတရံ အဿ။
(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ် အဋ္ဌကထာ)။ (မ၊ ဌ၊ ၁။ ၈၀။)

ဤသို့အဖွင့်၌ စုဒ်ထုတ်ရာသည်ကား အရှင်အဋ္ဌကထာဆရာ **"ယဥ္စိဿ"** ဟူသောပုဒ်၌ ယံသဒ္ဒါသည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ အနက်ဝိသေသကို မဟောတတ်၊ အနက်ဝိသေသကိုဟောခြင်းငှါ ပဌာနပုဒ်ကားအဘယ်နည်း၊ "ဟိ"ဟူသော နိပါတ်ပုဒ်ကား အဘယ်အနက်ကိုဟောသနည်း၊ "ယဥ္စိဿ"ဟူသောပုဒ်ကို

အဘယ်သို့ ပဒစ္ဆေဒပြုရအံ့နည်း၊ "သရာသရေလောပံ" ဟူသောသုတ်၏ အစီအရင်လော၊ "ဝါပရောအသရူပါ"ဟူသောသုတ်၏ အစီအရင်လော၊ ဤသို့ စောဒနာသည်ကို "ယန္တိ စီဝရပိဏ္ဍပါတာဒီသု အညတရံ ဟိကာရော စ ပဒပူရဏော၊ ယဍ္ဍိဿာတိ ယံ ဟိ အဿာတိ ပဒစ္ဆေဒေါ" ဤသို့ ဂရုကနည်းအားဖြင့် ဖြေလိုလျက် လဟုကနည်းအားဖြင့် သောတုဇနတို့အား စိန္တာမယဉာဏ် ပွားစေခြင်းငှါ "ယံ စီဝရပိဏ္ဍပါတာဒီသု အညတရံ အဿ"ဟူ၍မိန့်။

အဓိပ္ပါယ်ကား ယ-သဒ္ဒါဖြင့် ပစ္စည်းလေးပါးတို့ကို စွဲလေ၊ ဟိနိပါတ်ကား အနက်မရှိ၊ ယဍ္ဍိဿကား "ဝါပရော အသရူပါ"ဟူသောသုတ်၏ အစီအရင်ဟူလို။ ဟိသဒ္ဒါကို ဖွင့်သောအားဖြင့် အနက်မရှိဟုပြသည်၊ ဤကဲ့သို့သောအရာကို ငါတို့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးသည် မပြသောအားဖြင့် ပြသည်ဟု မိန့်တော်မူ၏။

■ ■ ■

## ၁၇– ယော ပန ဝေဒိတဗ္ဗော–ပုဒ်စောဒနာ

ယော ပန အက္ကောသဝသေန ဒုရုတ္တော ဒုရုတ္တတ္တာယေဝ ဒုရာဂတော အပိ အန္တိမဝတ္ထုသညိတေ ဝစနပထေ သုတွာ ခန္တိ ဂုဏံယေဝ ပစ္စဝေက္ခိတွာ န ဝေဓတိ၊ ဒီဃဘာဏက အဘယထေရော ဝိယ၊ အယံ "ခမော ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာန"န္တိ ဝေဒိတဗ္ဗော။ (မ၊ ၄၊ ၁။ ၈၂။)

ဤအဋ္ဌကထာပါဌ်၌ ပိဏ္ဍတ္ထအဓိပ္ပါယ်ကား သာမညအားဖြင့် ပျက်ရယ်ဆိုသော စကားကိုလည်းကောင်း၊ အနည်းငယ်ဆိုမည် ရေရွတ်သော စကားကိုလည်းကောင်း၊ သည်းခံကာမျှတည်းဖြင့် ဒုရုတ္တစကား၊ ဒုရာဂတစကား၊ ဝစနပထစကားတို့ကို မတုန်မလှုပ် သည်းခံနိုင်ရာသည် မဟူရာ။ ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့်လည်းကောင်း၊ ပါရာဇိကအာပတ် အစရှိသောအားဖြင့်လည်းကောင်း၊ စွပ်စွဲဆဲရေးသည်ကို မတုန်မလှုပ်သည်းခံ၍ ဘာဝနာကိုအားထုတ်သောပုဂ္ဂိုလ်ကိုသာလျှင် ဤအရာ၌ "ဒုရုတ္တဒုရာဂတဝစနပထ"တို့ကို မတုန်မလှုပ် သည်းခံသော ပုဂ္ဂိုလ်ဟူ၍ သိအပ်သတည်းဟူလို။ ဤကား ပိဏ္ဍတ္ထအဓိပ္ပါယ်။

အစိတ်အစိတ်ထွက်သော်ကား အရှင်အဋ္ဌကထာဆရာ အဘယ်မျှ လောက်သောစကားကို သည်းခံ၍ ဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည် ဒုရုတ္တအစရှိသောစကားတို့ကို သည်းခံနိုင်သော ပုဂ္ဂိုလ်မည်လေသနည်း၊ ဤသို့ စုဒ်ရှိရကား "ယော ပန ။လ။ ဝေဒိတဗ္ဗော"ဟူသော ပါဌ်ကိုမိန့်။ ထိုတွင် ဖြေလို ရင်းပါဌ်ကား "န ဝေဓတိ" ဟူသည်တည်း။

အရှင်အဋ္ဌကထာဆရာ "န ဝေဓတိ" ဟူသောပုဒ်ကိုဆို၏။ ထိုပုဒ်သည် ကိရိယာပုဒ်ဖြစ်ခဲ့၊ ကိရိယာပုဒ်ဟူသည်ကလည်း "နာမပဒံ ကိရိယာပေက္ခံ၊ ကိရိယာပဒံ နာမပေက္ခံ" ဟူ၍ အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့ ဆိုသောကြောင့် ဤ "န ဝေဓတိ"ဟူသောပုဒ်သည် ငဲ့အပ်သောနာမ်ပုဒ်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ယော" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား၊ အရှင်အဋ္ဌကထာဆရာ " န ဝေဓတိ " ဟူသောပုဒ်၌ တိဝိဘတ်သည် ဝတ္တမာန်ဝိဘတ် ပရဿပုဒ် ကတ္တားဟောဖြစ်သည်၊ ထိုတိ ဝိဘတ်သည် ဟောအပ်သောကတ္တားကား အဘယ်နည်း၊ စုဒ်ရှိရကား "ယော" ဟူသော ပုဒ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "သဗ္ဗကြိယာဗျာပိတတ္တာ" ဟူ၍ အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့ မိန့်အပ်သည်နှင့်အညီ ကတ္တုကာရက သည် ခပ်သိမ်းသော အာချာတ်ကိရိယာ၊ ကိတ်ကိရိယာ ကတ္တားဟော ကိရိယာ၊ ကံဟောကိရိယာ၊ ဘောဟောကိရိယာတို့၌ နှံ့၍ဖြစ်တတ်သောကြောင့် ဤအရာ၌ ကတ္တားကား အဘယ် နည်း၊ စုဒ်ရှိရကား "ယော" ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "န ဝေဓတိ" ဟူသောပုဒ်၌ တိဝိဘတ်ဟုဆိုအပ်သော ပဌမပုရိသ်သည် "နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိ ကရဏေ ပဌမော"ဟူ၍ ကစ္စည်းထေရ်ကျော် မိန့်ဆိုတော်မူသောကြောင့် နာမ်ပုဒ် ယှဉ်ရာ၌ သက်သည်၊ ထိုယှဉ်ဖက်နာမ်ပုဒ်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ယော" ဟူသောပါဌ်ကိုမိန့်။

အရှင်အဋ္ဌကထာဆရာ အကြင်ပုဂ္ဂိုလ်သည် မတုန်မလှုပ်သည်ကို "ယော န ဝေဓတိ" ဟူသောပါဌ်ဖြင့် ပြဘိ၏။ အဘယ်သို့သောအကြောင်း

ကြောင့် မတုန်မလှုပ်သနည်း၊ စုဒ်ရှိရကား "သုတွာ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "န ဝေဓတိ"ဟူ၍ ဆိုပြီ၊ ရူပါရုံ၌ ထိခိုက်၍တည်း မတုန်မလှုပ်သလော၊ သဒ္ဒါရုံ၌ ထိခိုက်၍တည်း မတုန် မလှုပ်သလော၊ ။လ။ ဖောဋ္ဌဗ္ဗာရုံတို့၌ ထိခိုက်၍တည်း မတုန်မလှုပ်သလော၊ ဤသို့ စုဒ်ရှိရကား "သဒ္ဒါရုံ၌ ထိခိုက်၍ မတုန်မလှုပ်သတည်း"ဟု ပြခြင်းငှါ "သုတွာ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ကာယဒွါရဖြင့် ထိပါး၍တည်း မတုန်မလှုပ်သလော၊ ဝစီဒွါရဖြင့်ထိပါး၍တည်း မတုန်မလှုပ်သလော၊ မနောဒွါရဖြင့် ထိပါး၍တည်း မတုန်မလှုပ်သလော၊ ဤသို့စုဒ်ရှိရကား ဝစီဒွါရဖြင့် ထိပါး၍ မတုန်မလှုပ်သည်၏ အဖြစ်ကို ပြခြင်းငှါ "သုတွာ" ဟူသောပါဌ်ကို မိန့်။

အရှင်အဋ္ဌကထာဆရာ "သုတွာ" ဟူ၏၊ အဘယ်ကိုကြား၍ မတုန် မလှုပ်သနည်း၊ ဤသို့စုဒ်ရှိရကား "ဒုရုတ္တေ ဒုရာဂတေ ဝစန ပထေ" ဟူသော ပါဌ်ကို မိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "သုတွာ"၌ သုဓာတ်သည် သု သဝနေဟူ၍ ဓာတ်နက်ကြားသောကြောင့် သကမ္မကဓာတ်ဖြစ်ခဲ့၊ ထို သကမ္မက ဓာတ်သည် ကံနှင့်မကင်းကောင်း၊ ကံကား အဘယ်နည်း၊ စုဒ်ရှိရကား "ဒုရုတ္တေ ။လ။ ဝစနပထေ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "သုတွာ" ဟူသော ပါဌ်၏အရကို ပဉ္စဒွါရာ ဝဇ္ဇန်း အစ တဒါရုံအဆုံးရှိသော သောတဒွါရဝီထိကို ယူရသည်၊ ထိုဝီထိစိတ်တို့၏ အာရုံကား အဘယ်နည်း၊ စုဒ်ရှိရကား "ဒုရုတ္တေ ။လ။ ဝစနပထေ" ဟူသော ပါဌ်ကိုမိန့်။

အရှင်အဋ္ဌကထာဆရာ "ဒုရုတ္တေ"ဟူ၍ ဆို၏၊ ဆရာ၏ ဒုရုတ္တစကားသည် ဝိနည်းဒေသနာ ပဗ္ဗဇ္ဇက္ခန္ဓက၌ လာသောနည်းဖြင့် ဆရာဥပဇ္ဈာယ်တို့သည် အတ္ထုပ္ပရေက္ခာရအားဖြင့် ဆိုဆုံးမသည်ကိုပင် ဒုရုတ္တစကားဟူ၍ ယူရအံ့လော၊ စုဒ်ရှိရကား "အက္ကောသဝသေန"ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် လေးခွန်းသော စကားကိုပယ်၍ နှစ်ခွန်းသောစကားကို ဆိုတော်မူတတ်သောကြောင့် "သုဂတ" အမည်ကိုရတော်မူသည်၊ ထိုမြတ်စွာဘုရားသည် ပယ်တော်မူအပ်သော မှန်လည်းမမှန်၊ သူတစ်ပါးလည်း မချစ်မနှစ်သက်၊ အကျိုးလည်း မရှိသော ပဌမစကား, မှန်ကားမှန်၏ သူတစ်ပါးလည်းမနှစ်သက် အကျိုးလည်းမရှိသော ဒုတိယစကား, ဟုတ်လည်းမဟုတ် သူတစ်ပါးကား ချစ်နှစ်သက်၏ အကျိုးလည်း မရှိသော တတိယစကား, ဟုတ်လည်းဟုတ်၏။ သူတစ်ပါးကား ချစ်နှစ်သက်၏ အကျိုးကားမရှိသော စတုတ္ထစကား, ဤလေးခွန်းသော စကားကိုပင် "ဒုရုတ္တ" စကားဟူ၍ ဆိုရအံ့လော၊ စုဒ်ရှိရကား "အက္ကောသဝသေန"ဟူသောပါဌ်ကို မိန့်၊ အဓိပ္ပါယ်ကား ဤအရာ၌ ပဌမစကား၊ ဒုတိယစကား နှစ်ခွန်းသောစကားကိုသာ ယူလေဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ဒုရုတ္တ"ဟူသောပုဒ်၌ ဒု-သဒ္ဒါသည် "ဒုက္ကထိက"ဟူသော ပုဒ်၌ကဲ့သို့ သဉ္ဇာဟောဖြစ်၍ ဆရာ ဥပဇ္ဈာယ်တို့သည် အနုအကြမ်း ငေါက်ငမ်း ဖျောင်းဖြ၍ ဩဝါဒပေးသော စကားနှစ်ခွန်းကို ယူ၍ "ဒုရုတ္တ" ဟူလေသလော၊ စုဒ်ရှိရကား "အက္ကောသ ဝသေန" ဟူသော ပါဌ်ကို မိန့်။

ဆရာ။ "ဒုရာဂတ" ဟူ၍ ဟောတော်မူရာ၌ ဒုရာဂတ၏အရကို အမျက်ထွက်ခြင်း နှလုံးမသာယာခြင်းကို ယူရသည်၊ ထိုအမျက်ထွက်ခြင်း နှလုံး မသာယာခြင်းတို့သည် သီတကြောင့်လည်းကောင်း၊ ဥဏှကြောင့်လည်းကောင်း၊ "ဍံသ မကသဝါတာ တပသရီသပသမ္ဖဿာ"တို့ကြောင့်လည်းကောင်း၊ ဒုရုတ္တစကားကြောင့်လည်းကောင်း ဖြစ်လေသလော၊ စုဒ်ရှိရကား "ဒုရုတ္တတ္တာ ယေဝ" ဟူသော ပါဌ်ကိုမိန့်။

အရှင်ဆရာ "ဝစနပထေ"ဟူ၍ ဟောတော်မူရာ၌ စကားသည်ပင် နားထောင်သောသူတို့၏ သိကြောင်းဖြစ်သောကြောင့် ပထမည်သည်၊ ထိုပထ သဒ္ဒါသည် မကောင်းသောအနက်ကိုသာ ဟောသည်မဟုတ်သောကြောင့် ဤအရာ၌ သဒ္ဒါအားဖြင့် ကောင်းသောစကား မကောင်းစကား နှစ်ပါးစုံကို ယူရအံ့

လော၊ စုဒ်ရှိရကား "အန္တိမဝတ္ထုသည်တေ"ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား ဝစနပထသဒ္ဒါသည် စကားသာမညကိုပင် ဟောလင့်ကစား အနက်အရာ အားဖြင့် အာပတ်ဖြင့် စွပ်စွဲသည်ကိုသာ ယူလေဟူလို။

အရှင်အဋ္ဌကထာဆရာ "သုတွာ န ဝေဓတိ"ဟူ၍ ဆို၏၊ အနိဋ္ဌဖြစ်သော သဒ္ဒါရုံကြားလျက် အဘယ်ကြောင့် မတုန်မလှုပ်လေသနည်း၊ စုဒ်ရှိရကား "ခန္တိဂုဏံယေဝ ပစ္စဝေက္ခိတွာ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "န ဝေဓတိ" ဟူ၏၊ ထိုမတုန်မလှုပ်သောပုဂ္ဂိုလ်သည် ပဋိသန္ဓေအားဖြင့် ဒေါသနည်းပါး၍တည်း မတုန်မလှုပ်လေသလော၊ စုဒ်ရှိရကား "ခန္တိဂုဏံယေဝ ပစ္စဝေက္ခိတွာ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား၊ ဆရာ။ အဆိုးအကောင်းကိုမသိ အတိဗာလဖြစ်၍ မတုန်မလှုပ်သလော၊ စုဒ်ရှိရကား "ခန္တိဂုဏံ ပစ္စဝေက္ခိတွာ" ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား ဆရာ "ရာဂဝတ္ထုနာ ပါဒေန အက္ကမန္တောပိ သဟတိ" ဟူ၍ မူလဋီကာ မိန့်ဆိုသည်နှင့်အညီ ရာဂတည်းဟူသော အကြောင်းကြောင့်ပင် မတုန်မလှုပ်လေသလော ၊ စုဒ်ရှိရကား "ခန္တိဂုဏံ ပစ္စဝေက္ခိတွာ" ဟူသောပါဌ်ကို မိန့်။

အရှင်အဋ္ဌကထာဆရာ "ယော" ဟူ၍ အနိယတ်ကိုဆို၏။ နိယတ်ကား အဘယ်နည်း ၊ စုဒ်ရှိရကား "အယံ ခမော ။လ။ ဝေဒိတဗ္ဗော" ဟူသောပါဌ်ကို မိန့်။ အကြွင်းကိုဆိုမြဲဆိုလေ။

အရှင်အဋ္ဌကထာဆရာ မကောင်းသဖြင့် ဆိုအပ်သောစကားကို မတုန်မလှုပ်သည်းခံနိုင်သောဟူ၍ ဆရာဆို၏။ ဤပါဠိပဒေသကား ရဟန္တာကိုပြသော ပါဌ်မဟုတ်၊ မင်္ဂ၏ရှေးအဖို့၌ ဝိပဿနာပဋိပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုပြသော ပါဌ် ဖြစ်သည်။ ပုထုဇဉ်ဖြစ်ကလည်း လောကဓံတရားတို့ဖြင့်ထိပါး၍ မတုန်မလှုပ်ဘဲ မရှိရာ၊ ဤဆဲရေးခြင်းသည်လည်း နိန္ဒာမည်သော လောကဓံဖြစ်သည်၊ မင်္ဂလာတရား၌လည်း "ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ" ဟူ၍ လောကဓံတရားဖြင့် မတုန်မလှုပ်သောအရာ၌ ရဟန္တာကိုသာ ဟောပါသည်။

ဤကဲ့သို့ မတုန်မလှုပ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မဆွရှေးဦး ပကတူးက ရှိစဘူးလေသလော၊ စုဒ်ရှိရကား "ဒီဃဘာဏကာဘယ ထေရောဝိယ" ဟူသော ပါဠ်ကို မိန့်။ ဤနည်းကိုမှီ၍ ထွက်လေ။ တက်လေ။

■ ■ ■

## ၁၈- အဓိဝါသကဇာတိကော-ပုဒ်စောဒနာ

ဧတ္တ စ ယသ္မာ အယံ ခန္တိ သီတာဒိဓမ္မေ အဓိဝါသေတိ၊ အတ္တ နော ဥပရိ အာရောပေတွာ ဝါသေတိယေဝ၊ န အသဟမာနာ ဟုတွာ နိရသ္သတိ။ တသ္မာ "အဓိဝါသနာ" တိ ဝေဒိတဗ္ဗာ။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်အဋ္ဌကထာ)။ (မ၊ ဋ္ဌ၊ ၁။ ၈၃။)

အသဟမာနာ၊ သည်းမခံနိုင်သည်။ ဟုတွာ၊ ဖြစ်၍။ န နိရသ္သတိ၊ ခါတွက်၍မပြစ်ထိုက်။ "န နိရသ္သတီတိ ဝိဓူနတိ"ဟူသော ဋီကာပါဠ်နှင့်အညီ တည်း။

အရှင်အဋ္ဌကထာဆရာ "အဓိဝါသကဇာတိကော" ဟူသောပါဠိ၌ သည်းခံခြင်း ခန္တိတရားကို ခန္တိသဒ္ဒါဖြင့်သာ မဆိုမူ၍ အဘယ်ပဝတ္တိနိမိတ်ကြောင့် "အဓိဝါသက"ဟူ၍ ဆိုလေသနည်း၊ စုဒ်ရှိရကား "ဧတ္တ စ ။လ။ နိရသ္သတိ" ဟူသော ပါဠ်ကိုမိန့်။ "အာသဝါ" ဟူသောပုဒ်၌ တင်သကဲ့သို့ တင်လေ။

တစ်နည်းကား။ အရှင်ဆရာ။ "အဓိဝါသက" ဟူသောပါဠ်ကို "ကုမာရီသု အဓိကိစ္စ ပဝတ္တတိ ကထာက္ကတိ အဓိကုမာရိ"ဟူသော ဝစနတ္ထကဲ့သို့ "ဝါသကေသု အဓိကိစ္စ ပဝတ္တတိ ကထာက္ကတိ အဓိဝါ သကော"။ ဝါသကေသု၊ နေရာတို့၌။ အဓိကိစ္စ၊ စွဲ၍။ ယာ ကထာ၊ အကြင်စကားသည်။ ပဝတ္တတိ၊ ၏။ က္ကတိ၊ ကြောင့်။ သာ ကထာ၊ သည်။ အဓိဝါသကော၊ မည်၏။ ဤသို့ဝစနတ္ထပြု၍ အနက်သမ္ဗာန် ရအံ့လော၊ စုဒ်ရှိရကား "ဧတ္တ စ ။လ။ နိရသ္သတိ" ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "အဓိဝါသက" သဒ္ဒါကို အဓိနံ ပတိ အဓိပတိ။ အဓိနံ၊ မိမိနှင့်စပ်သောသူတို့ကို။ ပတိ၊ အစိုးရသည်တည်း။ အဓိပတိ၊ မိမိနှင့်

စပ်သောသူတို့ကိုအစိုးရသည် ဤဝစနတ္ထကဲ့သို့ အဓိသဒ္ဒါကို ဥပသာရပုဒ် မယူဘဲ နာမ်ပုဒ်ယူ၍ "အဓီနံ ဝါသကော အဓိဝါသကော" ဝစနတ္ထပြုသောအားဖြင့် အဓီနံ၊ မိမိနှင့်စပ်သောသူတို့၏။ ဝါသကော၊ နေရာတည်း။ အဓိဝါသကော၊ မိမိနှင့်စပ်သောသူတို့၏နေရာ။

ဤသို့ အနက်သမ္ဗန်ရအံ့လော၊ စုဒ်ရှိရကား "ဧတ္ထ စ ။လ။ နိရဿတိ" ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "အဓိဝါသက" ဟူသောပုဒ်၌ "အဓိ"သဒ္ဒါသည် ဥပသာရပုဒ်ဖြစ်ခဲ့သော် ဥပသာရပုဒ်တို့သည်လည်း "ဥပသဂ္ဂ နိပါတာ ။လ။ ပြဝုံ" ဟူ၍ အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့ ဆိုသောကြောင့် ဤအရာ၌ အဘယ်အနက်ရှိသနည်း၊ စုဒ်ရှိရကား ဥပရိ အနက်ရှိသတည်းဟု ပြလို၍ "ဧတ္ထ စ ။လ။ နိရဿတိ" ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "အဓိဝါသက" ဟူသောပုဒ်၌ အဓိသဒ္ဒါသည် ဥပသာရပုဒ် ဖြစ်ခဲ့သော် "ဥပသာရ ရှေ့ဝယ်ချ၍ နောက်မှနာမ်ပုဒ် ထုတ်၍ရှိရာ ဥပသာရတက္ကပုဒ်နှင့် ရောထပ်ဆင့် မသင့်ဝိဂြိုဟ်မှု" ဟူ၍ နိယံဆရာတို့ ဆိုသောကြောင့် အဘယ်အနက်ကို ဟောတတ်သော အဘယ်ပုဒ်နှင့် ဝိဂြိုဟ်မှုရအံ့နည်း၊ စုဒ်ရှိရကား အထက်ဟူသော အနက်ကိုဟောသော ဥပရိသဒ္ဒါနှင့် ဝိဂြိုဟ်မှုလေဟု ပြခြင်းငှါ "ဧတ္ထ စ ။လ။ နိရဿတိ" ဟူသော ပါဠ်ကိုမိန့်။ ထိုတွင် လိုရင်းပါဠ်ကား "ဥပရိ ဝါသေတိယေဝ" ဟူသည်တည်း။

ဆရာ၊ "အဓိ" ဟူသော ဥပသာရပုဒ်သည် အထက်ဟူသောအနက်၌ ဖြစ်သည်ကို သိစေခြင်းငှါ ဥပရိသဒ္ဒါကိုဆို၏။ မိမိ၏အထက်လော၊ သူတစ်ပါးတို့၏ အထက်လော၊ စုဒ်ရှိရကား "အတ္တနော" ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား။ ဆရာ။ "ဥပရိ" သဒ္ဒါကိုဆို၏။ ထို "ဥပရိ" သဒ္ဒါသည် အမြဲလျှင် သမ္ဗန်ကိုငဲ့သောကြောင့် "နိစ္စသမ္ဗန္ဓာပေက္ခ"ပုဒ် ဖြစ်သည်။ ငဲ့အပ်သောသမ္ဗန်ကား အဘယ်နည်း၊ စုဒ်ရှိရကား "အတ္တနော" ဟူသော ပုဒ်ကိုမိန့်။

တစ်နည်းကား။ ဆရာ၊ "ဥပရိ" ဟူသောသဒ္ဒါသည် "ဥပါဒါ ပညတ္တိ

ဝါစက"ပုဒ်ဖြစ်သည်၊ ထိုပညတ္တိဝါစကပုဒ်တို့သည် မမြဲသောအနက်ရှိရကား ဤအရာ၌ သမ္ဗန်ကား အဘယ်နည်း ၊ စုဒ်ရှိရကား "အတ္တနော" ဟူသော ပါဌ်ကိုမိန့်။

ဆရာ၊ မိမိထက်၌ နေစေ၏ ဟူပြီ။ သူတစ်ပါးတင်လှာသည်ကို ပြန်လှန်ခြင်းငှါ မဝံ့သည်ဖြစ်၍ ခံနေရသည်ကို "အတ္တနော ဥပရိ ဝါသေတိယေဝ" ဟူ၍ ဆိုသလော၊ ဤသို့ သည်းခံခြင်းကိုပင် ခန္တီတရားဟူ၍ ဆိုသလော၊ စုဒ်ရှိ ရကား "အာရောပေတွာ"ဟူသော ပါဌ်ကို မိန့်။

ဆရာ ဝစနတ္ထပြုသောအရာ၌ "ဝစန၊ ဝစနတ္ထ၊ ဝစနဟေတု၊ ဝစနဟေတု ဇောတက၊ ဝစနိယ၊ ဝစနီယတ္ထ" အားဖြင့် အနက်ဆက္ကတို့သည် "အဝိနာဘာဝ၊ သဟာစရဏ" အားဖြင့် ဖြစ်ကြကုန်သည်၊ ထိုခြောက်ပါးတို့တွင် "အတ္တနော ဥပရိ အာရောပေတွာ ဝါသေတိ ယေဝ" ဟူ၍ ဝစနတ္ထ၊ ဝစနဟေတုတို့ကိုပြပြီ၊ ဝစနကို ဆရာ အဘယ်သို့ပြမည်နည်း၊ စုဒ်ရှိရကား "အဓိဝါသနာတိ ဝုစ္စတိ" ဟူသော ပါဌ်ကို မိန့်။

ဆရာ ဝစနဟေတု ဇောတကကား အဘယ်နည်း၊ စုဒ်ရှိရကား "တသ္မာ" ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား၊ ဆရာ

ဓာတွတ္ထော သိယာ ဟေတု၊ ပစ္စယတ္ထော သိယာ ဖလံ။

ဒွိန္နံ ဇာနနတ္ထံယေဝ၊ ဣတိသဒ္ဒေါ ပယုဇ္ဇယေ။

ဟူသောဂါထာဖြင့် ဓာတ်၏အနက်ကား အကြောင်း၊ ပစ္စည်း၏အနက်ကား အကျိုး၊ ထိုအကြောင်းအကျိုးနှစ်ပါးကိုစပ်၍ သိစေခြင်းငှါ ဟေတုဇောတကဣတိသဒ္ဒါကိုယှဉ်ရာ၏ဟု အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့ မိန့်ဆိုတော်မူသောကြောင့် ဤအရာ၌ ဝါသဓာတ်၏အနက်ဖြစ်သော နေစေခြင်းကြိယာ ယုပစ္စည်း၏အရဖြစ်သော ခန္တီတရား၊ ထိုနှစ်ပါးသော အကြောင်းအကျိုးကို စပ်၍ သိရာသိကြောင်းဖြစ်သော ဟေတုဇောတကသဒ္ဒါကား အဘယ်နည်း၊ စုဒ်ရှိရကား "တသ္မာ"ဟူသော ပါဌ်ကိုမိန့်။

ဆရာ၊ "တသ္မာ" ဟူသော နိယတ်ပုဒ်ကိုဆို၏။ ထိုနိယတ်၏ အနိယတ်

ကား အဘယ်နည်း၊ စုဒ်ရှိရကား "ယသ္မာ"ဟူသောပါဠ်ကိုမိန့်။ ရှေးအတိုင်း ထွက်မြဲတိုင်း ထွက်လေ။

ဆရာ၊ လေးပါးသောအနက်ကိုပြပြီ ထိုအဓိဝါသနသဒ္ဒါ၏ ပရိယာယ် ပုဒ်ဖြစ်သော သည်းခံခြင်းအနက်ကို ဟောတတ်သော ဝစနီယကား အဘယ် နည်း၊ စုဒ်ရှိရကား "အယံ ခန္တိ"ဟူသော ပါဠ်ကိုမိန့်။

ဆရာ၊ ဝစနီယကိုဆိုပြီ၊ ထိုဝစနီယသဒ္ဒါသည် ဟောအပ်သောအနက်ဟု ဆိုအပ်သော ဝစနီယတ္ထကား အဘယ်နည်း၊ စုဒ်ရှိရကား "သီတာဒိဓမ္မေ အဓိဝါ သေတိ"ဟူသော ပါဠ်ကိုမိန့်။

ဆရာ၊ "အဓိဝါသေတိ"ဟု မဆိုမူ၍ "ဧဝ"သဒ္ဒါနှင့် "အဓိဝါသေတိ ယေဝ"ဟူ၍ ဆို၏။ နစ်စေအပ်သော အနက်မရှိကလည်း ဧဝသဒ္ဒါကို ဆရာဆို သော် ကောင်းအံ့လော၊ စုဒ်ရှိရကား "န အသဟမာနော ဟုတွာ နိရဿတိ" ဟူသော ပါဠ်ကိုမိန့်။

တစ်နည်းကား၊ ဆရာ။ "ဧဝ" သဒ္ဒါကို ဆို၏။ ထို "ဧဝ"သဒ္ဒါဖြင့် ပြအပ် သော ဧဝတ္ထဖလကား အဘယ်နည်း ၊ ဧဝတ္ထဖလမရှိပဲလျက် ဧဝသဒ္ဒါကို ဆရာ ဆိုခြေသော် ဆရာ၏ ဧဝသဒ္ဒါသည် ပဒပူရဏ တဗ္ဗာဝအဖြစ်သို့ မရောက် လော၊ စုဒ်ရှိရကား "န အသဟမာနော ဟုတွာ နိရဿတိ"ဟူသော ပါဠ်ကိုမိန့်။ ဤ ဝါကျဖြင့် ပြအပ်သောဝိဂြိုဟ် လိုအပ်သောအကျဉ်းကား "ဥပရိ ဝါသေတီတိ အဓိဝါသနာ"ဟူ၍ ကိတန္တသမာသ်အားဖြင့်လည်းကောင်း "ဝါသေတီတိ ဝါသနာ၊ ဥပရိ ဝါသနာ အဓိဝါသနာ"ဟူ၍ တပ္ပုရိသ်သမာသ် အားဖြင့်လည်း ကောင်း မူလေဟူလို။ စာသင်ပျိုတို့ အလိုရှိတိုင်း ထွက်လေ၊ တက်လေ။

■ ■ ■

## ၁၉- ကဏ္ဍကဌာနံ-ပုဒ်စောဒနာ

ကဏ္ဍကဌာနန္တိ ကဏ္ဍကာနံ ဌာနံ။ ယတ္ထ ကဏ္ဍကာ ဝိဇ္ဇန္တိ။ တံ ဩကာသန္တိ ဝုတ္တံ ဟောတိ။ (မ၊ ဌ၊ ၁။ ၈၃။)

အရှင်ဆရာ၊ "ကဏ္ဋကဋ္ဌာနံ"ဟူ၍ ဟောတော်မူရာ ပါဠိပဒေသ၌ "ကမ္မဋ္ဌာန" ဟူသောပုဒ်ကို "ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ"ဟူ၍ ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြုသကဲ့သို့ "ကဏ္ဋကာနံ ဌာနံ ကဏ္ဋကဋ္ဌာနံ"ဟူ၍ ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြုရအံ့လော၊ သို့တည်းမဟုတ် "ကမ္မေ ဌာနံ ကမ္မဋ္ဌာနံ" ဟူ၍ သတ္တမီ တပ္ပုရိသ် သမာသ်ပြု၍ "ကမ္မေ၊ ဘာဝနာ ကံ၌။ ဝါ၊ ကမ္မဋ္ဌာန်းစီးဖြန်းသော အမှု၌။ အဘိရတိဝသေန၊ အလွန်မွေ့လျော်သည်၏ အစွမ်းအားဖြင့်။ ဌာနံ၊ တည်သည်တည်း။ ကမ္မဋ္ဌာနံ၊ ဘာဝနာကံ၌။ ဝါ၊ ကမ္မဋ္ဌာန်း စီးဖြန်းသောအမှု၌ မွေ့လျော်သည်၏အစွမ်းအားဖြင့် တည်သည်။ ဤသို့ အနက်သမ္ဗန်ရသကဲ့သို့ "ကဏ္ဋကေ ဌာနံ ကဏ္ဋကဋ္ဌာနံ။ ကဏ္ဋကေ၊ ဆူး၌၊ ဌာနံ၊ တည်သည်တည်း။ ကဏ္ဋကဋ္ဌာနံ၊ ဆူး၌တည်သည်" ဤသို့ သတ္တမီတပ္ပုရိသ်သမာသ်ပြု၍ အနက် သမ္ဗန်ရအံ့လော၊ သို့တည်းမဟုတ် ကဏ္ဋကေ တိဋ္ဌန္တီတိ ကဏ္ဋကဋ္ဌာနံ။ ယေ တိတ္ထိယာ၊ အကြင်တိတ္ထိတို့သည်။ "ကဏ္ဋကေ၊ ဆူး၌။ တိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့တည်တတ်သောသတ္တိကြောင့်။ တေ တိတ္ထိယာ၊ ထိုတိတ္ထိ တို့သည်။ ကဏ္ဋကဋ္ဌာနံ၊ ကဏ္ဋကဋ္ဌာနမည်၏" ဤသို့ ကတ္တုသတ်မှု၍ တိတ္ထိတို့ကို ယူရအံ့လော၊ စုဒ်ရှိရကား ဆဋ္ဌီတပ္ပုရိသ် သမာသ်လုပ်လေဟု ပြခြင်းငှါ "ကဏ္ဋ ကာနံ ဌာနံ" ဟူသော ပါဠ်ကိုမိန့်။

အရှင်ဆရာ "ကဏ္ဋကာနံ ဌာနံ" ဟူ၍ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဖြင့် ပြီးကြောင်းကိုပြ၏။ ကမ္မဋ္ဌာနံ၊ ဟူသောပုဒ်ကို ကမ္မဿ ဌာနံ ဟူ၍ ဆဋ္ဌီတပ္ပုရိသ် သမာသ် ပြုရာ၌ "ကမ္မဿ၊ နောက်နောက်သော ဘာဝနာကံ၏။ ဝါ၊ ဈာန်မဂ် တည်းဟူသောကံ၏။ ဌာနံ၊ အကြောင်းဖြစ်သော ဘာဝနာကံတည်း" ဤသို့ ဌာန သဒ္ဒါကို ကရဏဝါစကကြံ၍ အနက်သမ္ဗန်သကဲ့သို့ "ကဏ္ဋကဿ၊ ဆူး၏။ ဌာနံ၊ အကြောင်းတည်း" ဤသို့ အနက်သမ္ဗန်ရအံ့လော၊ သို့တည်းမဟုတ် "ကမ္မဿ ဌာနံ" ဟူသောပုဒ်ကို "ကမ္မဿ၊ ပထဝီပထဝီ အာပေါ အာပေါ အစရှိသဖြင့် စီးဖြန်းခြင်း ဘာဝနာကံ၏။ ဌာနံ၊ တည်ရာဖြစ်သောပထဝီကသိုဏ်း အာပေါ ကသိုဏ်း အစရှိသည်တည်း" ဤသို့ ဌာနသဒ္ဒါသည် တည်ရာအရပ်ကို ဟောသကဲ့သို့ "ကဏ္ဋကာနံ၊ ဆူးတို့၏။ ဌာနံ၊ တည်ရာအရပ်တည်း" ဤသို့ အနက် သမ္ဗန်ရအံ့လော၊ စုဒ်ရှိရကား "ယတ္ထ ။လ။ ဟောတိ" ဟူသောပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား။ ဌာနသဒ္ဒါကို တည်ရာအရပ်ဟောကြ၍ "ကဏ္ဍကာနံ၊ ဆူးတို့၏။ ဌာနံ၊ တည်ရာအရပ်တည်း။ ကဏ္ဍကဋ္ဌာနံ၊ ဆူးတို့၏တည်ရာအရပ်" ဤသို့ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု၍ ဆူးတို့၏ များစွာရှိရာအရပ်ကို ယူလေဟူလို။

■ ■ ■

## ၂၀- အဂေါစရေ-ပုဒ်စောဒနာ

**အဂေါစရေတိ ဧတ္ထပိ စ အယုတ္တော ဂေါစရော အဂေါစရော။**

(မ၊ ဋ္ဌ၊ ၁။ ၈၄။)

အရှင်အဋ္ဌကထာဆရာ "ယထာရူပေ အဂေါစရေ စရန္တံ" ဟူသော ပါဠိဝယ် "အဂေါစရေ" ဟူသောပုဒ်ကို "နတ္ထိ တုလော ဧတဿာတိ အတုလော" ဟူ၍ အတုလသဒ္ဒါကို ဗဟုဗ္ဗိဟိ သမာသ်ဟူသကဲ့သို့ "နတ္ထိ ဂေါစရော ဧတဿာတိ အဂေါစရော" ဤသို့ ဗဟုဗ္ဗိဟိသမာသ် ပြုရအံ့လော၊ သို့တည်း မဟုတ် "န ဗြာဟ္မဏော အဗြာဟ္မဏော"ဟူသောပုဒ်ကဲ့သို့ "န ဂေါစရော အဂေါစရော" ဟူ၍ တပ္ပုရိသ်သမာသ်ပြုရအံ့လော၊ စုဒ်ရှိရကား "အယုတ္တော ဂေါစရော အဂေါစရော" ဟူသောပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား ဗဟုဗ္ဗိဟိသမာသ် မပြုနှင့် တပ္ပုရိသ်သမာသ် ပြုလေဟူလို။

တစ်နည်းကား ဆရာ၊ "ဝုဒ္ဓိတဗ္ဘာဝ ။လ။ အပဒပူရဏေ" ဟူ၍ အက္ခရ စိန္တကဆရာတို့ မိန့်ဆိုတော်မူသောကြောင့် ကြီးပွားခြင်းဟူသောအနက်၊ အနက် မရှိသောအနက်၊ အတူဟူသောအနက်၊ ဖြစ်ခြင်းဟူသောအနက်၊ တစ်ပါး ဟူသောအနက်၊ အငယ်ဟူသောအနက်၊ ကဲ့ရဲ့ခြင်းဟူသောအနက်၊ ကင်းခြင်း ဟူသောအနက်၊ ဆန့်ကျင်ခြင်းဟူသောအနက်၊ ဆိတ်ခြင်းဟူသောအနက်၊ ပဒ ပူရဏအနက်အားဖြင့် တစ်ဆယ့်နှစ်ပါးသော အ-သဒ္ဒါ၏အနက်တို့တွင် ဤအရာ ၌ အ-သဒ္ဒါသည် အဘယ်အနက်ရှိသနည်း၊ စုဒ်ရှိရကား "အယုတ္တော ဂေါစရော အဂေါစရော" ဟူ၍မိန့်။

အဓိပ္ပါယ်ကား။ ရဟန်းတို့အား လျောက်ပတ်သောနေရာမှတစ်ပါး မလျောက်ပတ်သောနေရာကို ဟောသည်ဖြစ်၍ ဤအရာ၌ အ-သဒ္ဒါသည် အညာ အနက်ရှိသည်ဟူလို။

တစ်နည်းကား။ ဆရာ၊ "အဂေါစရော" ဟူသောပုဒ်၌ အ-သဒ္ဒါသည် "အသေက္ခာ ဓမ္မာ" ဟူသောပုဒ်၌ အ-သဒ္ဒါသည် ကြီးပွားခြင်းဟူသော အနက်ကို ဟောသည်ဖြစ်၍ သေက္ခပုဂ္ဂိုလ် ခုနှစ်ယောက်တို့ထက်ကြီးသော ရဟန္တာပုဂ္ဂိုလ်ကို ယူရသကဲ့သို့ ကြီးသောဆွမ်းခံရွာကို ယူရအံ့လော၊ "အနဝဇ္ဇ" ဟူသောပါဌ်၌ အ-သဒ္ဒါသည် တဗ္ဘောဖြစ်၍ အနက်မရှိသကဲ့သို့ "အဂေါစရော"ပါဌ်၌ အ-သဒ္ဒါသည် တဗ္ဘောဖြစ်၍အနက်မရှိသကဲ့သို့ "အဂေါစရော"ပါဌ်၌ ဆွမ်းခံရွာ ဤသို့သောအနက်ကိုယူရအံ့လော၊ "အမနုဿော"ဟူသောပါဌ်၌ အ-သဒ္ဒါသည် အတူအမျှဟူသောအနက်ကို ဟောသည်ဖြစ်၍ လူနှင့်တူသော ဘီလူးနတ်ကို ယူရသကဲ့သို့ ဆွမ်းခံရွာနှင့်တူသော ရွာကိုယူရအံ့လော၊ "အကတ္တာ" ဟူသော ပုဒ်၌ အ-သဒ္ဒါသည် မြစ်ခြင်းအနက်ကို ဟောသကဲ့သို့ အဂေါစရော မကျက်စားရာ၊ ဤသို့သောအနက်ကို ယူရအံ့လော၊ အဗျာကတောဟူသောပုဒ်၌ အ သဒ္ဒါသည် တစ်ပါးသောအနက်ကို ဟောသည်ဖြစ်၍ ကုသိုလ်, အကုသိုလ်မှ တစ်ပါး ဝိပါက်ကြိယာ ရုပ်နိဗ္ဗာန်တို့ကို ယူရသကဲ့သို့ ဆွမ်းခံရွာမှ တစ်ပါးသော အရပ်ကို ယူရအံ့လော၊ "အနုဒရာ ကညာ" ဟူသောပုဒ်၌ အ-သဒ္ဒါသည် အနည်းငယ်ဟူသောအနက်ကို ဟောသည်ဖြစ်၍ ငယ်လျှသောဝမ်းရှိသော သတို့သမီးကို ယူရသကဲ့သို့ ငယ်သောဆွမ်းခံရွာကို ယူရအံ့လော၊ "ကုမ္ဘီလမိန မကာရာဂမ္မ ဒုဂ္ဂ ဝါရိ"? ဟူသောပုဒ်၌ အဒုသဒ္ဒါဝယ် အ-အက္ခရာသည် ငှက်ဟူသော အနက်ကို ဟောသကဲ့သို့ ငှက်တို့၏ သွားလာရာအရပ်ကို ယူရအံ့လော၊ "အရာဇာ" ဟူသော ပုဒ်၌ အ-သဒ္ဒါသည် ကဲ့ရဲ့ခြင်းအနက်ကို ဟောသည်ဖြစ်၍ ယုတ်မာသော မင်းဟူသော အနက်ကိုယူရသကဲ့သို့ ယုတ်မာသော ဆွမ်းခံရွာ ဟူသော အနက်ကိုယူရအံ့လော၊ "အပုတ္တကံ သာပတေယျံ" ဟူသော-ပုဒ်၌ အ-သဒ္ဒါသည် ကင်းခြင်းအနက်ကို ဟောသည်ဖြစ်၍ အမွေခံသားမှကင်းသော ဥစ္စာနှစ်ကို ယူရသကဲ့သို့ ဆွမ်းခံရွာမှ ကင်းခြင်းဟူသောအနက်ကို ယူရအံ့လော၊ "အကုသလာ ဓမ္မာ"ဟူသောပုဒ်၌ အ-သဒ္ဒါသည် ဆန့်ကျင်ဘက်ဟူသော အနက်ကို ဟောသည်ဖြစ်၍ ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်ကို ယူရသကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်သော ဆွမ်းခံရွာဟူသောအနက်ကို ယူရအံ့လော၊ "အဘိက္ကနော အာဝါသော" ဟူသောပုဒ်၌ အ-သဒ္ဒါသည် ဆိတ်ခြင်းအနက်ကို

ဟောသည်ဖြစ်၍ ရဟန်းမှဆိတ်သော ကျောင်းဟူသောအနက်ကို ယူရသကဲ့သို့ ဆွမ်းခံရွာမှ ဆိတ်သောအနက်ကို ယူရအံ့လော၊ "ခိပိအနန္တကံ" ဟူသောပါဠ်၌ အ-သဒ္ဒါ သည် ပဒပူရဏအနက်ကို ဟောသကဲ့သို့ ပဒပူရဏလော၊ စုဒ်ရှိရကား "အယုတ္တော ဂေါစရော အဂေါစရော" ဟူသော ပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား "အဗျာကတာ" ဟူသောပုဒ်၌ အ-သဒ္ဒါသည် အည အနက်ကို ဟောသကဲ့သို့ ဤအရာ၌လည်း အညအနက်ကို ဟောသည်ဖြစ်၍ ရဟန်းအားလျော်ပတ်သောနေရာမှတစ်ပါး မလျော်ပတ်သောနေရာကို ဟောသည်ဟူလို။

ဤသို့နှင်နှင် ပိဋကတ်သုံးပုံဝယ် အ-သဒ္ဒါ၏ အဖွင့်ကိုမြင်လျှင် ဆင်ခြင် နည်းမှီလျက် ဉာဏ်ကြီးလောင်းစွက်သဖြင့် ထွက်လေ၊ တက်လေ။

"အ-အက္ခရာသည် ပဋိသေဓ အ-အက္ခရာ၊ အာဂုံ အ-အက္ခရာ၊ ဓာတွတ္ထာနုဝတ္တက အ-အက္ခရာ"ဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် "အပြဟ္မဏော" စသည်၌ အ-အက္ခရာကား ပဋိသေဓ အ-အက္ခရာမည်၏။ "အဂမာ အဂမီ" စသည်၌ အ-အက္ခရာသည်ကား အာဂုံ အ-အက္ခရာမည်၏။ "ကထိနံ အတ္ထရန္တိ"စသည်၌ အ-အက္ခရာကား ဓာတွတ္ထာ နုဝတ္တက အ-အက္ခရာမည်၏။ ထိုသုံးပါးတို့တွင် ပဋိသေဓ အ-အက္ခရာသည် ဝုမှိတဗ္ဘာဝ စသည်ဖြင့် တစ်ဆယ့်တစ်ပါး အပြားရှိ၏။ "အဿာဒေတိ" စသည် ကဲ့သို့ "သံယောဂေ ပရေ ရဿတ္တံ"ဟူသော ပရိဘာသာအလျှောက် ထောက် ထားပြန်လျှင်လည်း "ကထိနံ အတ္ထရန္တိ"၌ အ-အက္ခရာမဟုတ်၊ အာ-ဥပသာရသာ မှတ်ယူအပ်၏။

■ ■ ■

## ၂၁– ဘဇန္တိ–ပုဒ်စောဒနာ

ယထာရူပေ ပါပကေ မိတ္တေ ဘဇန္တိ။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်ပါဠိ)။ (မ၊ ၁။ ၁၄။)

**ဘဇန္တန္တိ သေဝမာနံ။**　　　　(၄င်းအဋ္ဌကထာ)။ (မ၊ ဋ၊ ၁။ ၈၄။)

အရှင်အဋ္ဌကထာဆရာ “မိတ္တေ ဘဇန္တံ” ဟူသော ပါဠိ၌ “ဘဇ” ဟူသော အန္တ၏ အန္တတ္ထကား အဘယ်နည်း၊ “အန္တ” ဟူသော ဗာဟိရ၏ ဗာဟိရတ္ထကား အဘယ်နည်း၊ စုဒ်ရှိရကား “ဘဇန္တန္တိ သေဝမာနံ”ဟူသော ပါဌ်ကိုမိန့်။ တစ်နည်းကား။ ဆရာ၊ “ဘဇန္တံ” ဟူသောပုဒ်၌ ဘဇဓာတ်သည် “ဓာတူနံ အနေကတ္ထတ္တာ”ဟူ၍လည်းကောင်း၊ “ယထာကထဥ္စိ ဗျုပ္ပတ္တိ”ဟူ၍လည်းကောင်း အက္ခရစိန္တကဆရာတို့ မိန့်ဆိုတော်မူသောကြောင့် ဤအရာ၌ အဘယ် အနက်ရှိသနည်း၊ စုဒ်ရှိရကား “ဘဇန္တန္တိ သေဝမာနံ”ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား။ ဤအရာ၌ ဘဇဓာတ်သည် မှီဝဲခြင်း အနက်ကိုဟောသည်ဟူလို။

ဆရာ “ဘဇန္တံ” ပုဒ်၌ရှိသော အန္တသဒ္ဒါသည် ပကတိအန္တ ပစ္စည်းလော၊ တပစ္စည်း၏ ကာရိယလော၊ စုဒ်ရှိရကား “မာနံ” ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား၊ ဆရာ၊ ဤအန္တသဒ္ဒါသည် “ဂစ္ဆန္တော ဂဏှာတိ” ဟူသော ပုဒ်ကဲ့သို့ အန္တပစ္စည်းလော၊ “ပက္ကန္တော၊ သက်န္တော”ဟူသော ပုဒ်တို့၌ကဲ့သို့ တပစ္စည်း၏ကာရိယလော၊ စုဒ်ရှိရကား “မာနံ” ဆိုသော ပါဌ်ကိုမိန့်။

တစ်နည်းကား၊ ဆရာ၊ “ဘဇန္တံ” ဟူသော ပုဒ်သည် “ဝတ္တမာနေ မာနန္တာ” ဟူသောသုတ်၏ အစီအရင်လော၊ “ပက္ကမာဒီဟိ န္တော စ”ဟူသောသုတ်၏ အစီအရင်လော၊ စုဒ်ရှိရကား “ပက္ကမာဒီဟိ န္တော စ” ဟူသောသုတ်၏ အစီ အရင်မဟုတ်၊ “ဝတ္တမာနေ မာနန္တာ”ဟူသောသုတ်၏ အစီအရင်တည်းဟု ပြခြင်း ငှါ “ဘဇန္တန္တိ သေဝမာနံ”ဟူ၍ ဝေါဂဟာနည်းဖြင့် မိန့်။

တစ်နည်းကား၊ ဆရာ၊ “ဒုက္ခသန္တံ ကရိဿတိ” ဟူသောပုဒ်၌ အန္တသဒ္ဒါသည် နာမ်ပုဒ်ဖြစ်သကဲ့သို့ ဤ“ဘဇန္တံ” ဟူသောပုဒ်၌ အန္တသဒ္ဒါသည် နာမ်ပုဒ်ဖြစ်လေသလော၊ စုဒ်ရှိရကား “ဘဇန္တန္တိ သေဝမာနံ” ဟူသောပါဌ်ကိုမိန့်။ အဓိပ္ပာယ်ကား “ဘဇန္တံ” ၌ အန္တသဒ္ဒါသည် နာမ်ပုဒ်မဟုတ်၊ အန္တပစ္စည်းဟူလို။

ဤ“ဘဇန္တံ” ဟူသော ပုဒ်၌
“ပစ္စည်းအန္တ သက်ရာပြ ကတ္တုတ္တအနက်မှာ။

ဘောကံကတ္တား၊ သုံးပါးအနက်၊ ဤသုံးချက်၊ သက်လေ မာနသာ”
ဤသို့ နိယံဆရာဆိုသည်နှင့်အညီ အန္တပစ္စည်းသည် ကတ္တားအနက်မှာ သက်သည်၊ မာနပစ္စည်းသည် ဘော, ကံ, ကတ္တား သုံးပါးအနက်မှာ သက်သည်ဖြစ်၍ အန္တပစ္စည်းကို ဘောကံအနက်၌သက်သည်ကို သိစေခြင်းငှါ မာနပစ္စည်းနှင့် ဖွင့်သည်ဟူ၍ မယူလေလင့်။ မာနပစ္စည်းဖြင့် နစ်စေအပ်သော အနက်ကား တပစ္စည်း၏ ကာရိယ ဖြစ်သော အန္တသဒ္ဒါ၊ နာမ်ပုဒ်ဖြစ်သော အန္တသဒ္ဒါတို့ကိုသာ နစ်စေသည်။ အန္တသဒ္ဒါတို့ကို ဖွင့်သောအရာတိုင်းမှာပင် ဤနည်းယှဉ်၍ သိမြင်ထင်ရှားအောင် သောတုဇနအများတို့ ဉာဏ်ကို ရှေ့ထား၍ သွားလေ၊ တက်လေ။

■ ■ ■

## ၂၂- ဧတ္ထ စ ဂဟေတဗ္ဗော-ပုဒ်စောဒနာ

ကတမေ စ ဘိက္ခဝေ အာသဝါ ဘာဝနာ ပဟာတဗ္ဗာ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။

**(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်ပါဠိ)။ (မ၊ ၁။ ၁၄။)**

ဘိက္ခဝေ၊ တို့။ ဘာဝနာ ဘာဝနာယ၊ အထက်မဂ်သုံးခုသည်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်သော။ အာသဝါ၊ အာသဝေါတရားတို့သည်။ ကတမေ စ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ သိ၍။ ဝါ၊ ဆင်ခြင်၍။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊ ၏။

ဧတ္ထ စ ကိဉ္စာပိ ဣမေ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာ လောကုတ္တရ ဗောဇ္ဈင်္ဂါ ဧဝ အဓိပ္ပေတာ။ တထာပိ အာဒိကမ္မိကာနံ ဗောဇ္ဈင်္ဂေသု အသမ္မော ဟတ္ထံ လောကိယလောကုတ္တရ မိဿကေန နေသံ နယေန အတ္ထဝဏ္ဏနံ ကရိဿာမိ။ ဣဓ ပန လောကိယနယံ ပဟာယ လောကုတ္တရနယော ဧဝ ဂဟေတဗ္ဗော။

(ငှင်းအဋ္ဌကထာ)။ (မ၊ ဋ၊ ၁။ ၈၆။)

စ၊ ပိဏ္ဍတ္ထကိုဆိုဦးအံ့။ ဧတ္ထ၊ ဤ ပဋိသမ္ဘိဒါယောနိသော "သတိ သမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ" ဟူသော ပါဌ်၌။ "အတ္ထဝဏ္ဏနံ ကရိဿာမိ" ၌ဆိုက်။ လောကုတ္တရဗောဇ္ဈင်္ဂါ ဧဝ၊ လောကုတ္တရာဗောဇ္ဈင်သာလျှင် ဖြစ်ကုန်သော။ လောကီယဗောဇ္ဈင်ကိုနစ်စေ။ က္ကမေ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာ၊ အထက် မဂ်တို့၏ သုံးခုတို့၏ အပေါင်း တို့၏ ဖြစ်ဆဲခဏ၌ဖြစ်ကုန်သော ဤဗောဇ္ဈင် ခုနှစ်ပါးတို့သည်လည်း။ ဝါ၊ အထက်မဂ်သုံးခု၌ အကျုံးဝင်ကုန်သော ဤဗောဇ္ဈင် ခုနှစ်ပါးတို့သည်လည်း။ သမယသဒ္ဒါကား ခဏဝါစကပုဒ်။ ကျေသော ပိသဒ္ဒါဖြင့် ဆည်းအပ်သော ဗောဇ္ဈင်ခုနှစ်ပါးမှ ကြွင်းသော အထက်မဂ်သုံးခုစိတ္တုပ္ပါဒ်ကို ခွင့်ပြုအပ်သော အနုညာတအနက်ယူ။ ကိဥ္စာပိ အဓိပ္ပေတာ၊ အကယ်၍ကား အလိုရှိအပ်၏ရှင့်။ လောကုတ္တရာဗောဇ္ဈင်္ဂါ ဧဝ-ဟူသောပုဒ်ကို ဝိသေသျပြု၍ သမ္ဗန်သည်ကား။ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာတိ ဒုတိယာဒိမဂ္ဂက္ခဏေ ဇာတာ၊ ဘာဝနာဓိကာရတော ဒုတိယမဂ္ဂါဒိပရိယာပန္နာတိ အတ္ထော။ နနု စ တေ လောကုတ္တရာ ဧဝ ကသ္မာ ဝိသေသနံ ကတန္တိ? နယိဒံ ဝိသေသနံ၊ ဝိသေသိတဗ္ဗံ ပနေတံ၊ လောကုတ္တရဗောဇ္ဈင်္ဂါ ဧဝ အဓိပ္ပေတာ။ တေ စ ခေါ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာတိ။ ဟူသော ဋီကာပါဠိ (၁၇၃) နှင့်အညီတည်း။

ငါတို့အလိုကား၊ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာ၊ အထက်မဂ်တို့၏ သုံးခု တို့၏အပေါင်းတို့၏ ခဏ၌ဖြစ်သည်လည်း ဖြစ်ကုန်သော။ ဝါ၊ အကျုံးဝင် သည် လည်း ဖြစ်ကုန်သော။ ပိ၊ သဒ္ဒါကား လောပ (ဧဝ သဒ္ဒါကား ဒြပ်နောင်ဧဝ ထိုင်လျှင် ဂုဏသဒ္ဒါနောင် ပိကြေ။ ဂုဏသဒ္ဒါနောင် ဧဝထိုင်လျှင် ဒဗ္ဗသဒ္ဒါနောင် ပိကြေ) က္ကမေ လောကုတ္တရဗောဇ္ဈင်္ဂါ ဧဝ၊ ဤလောကုတ္တရာဗောဇ္ဈင်တို့ကိုသာ လျှင်။ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာ၊ အထက်မဂ်သုံးခုတို့၏ အပေါင်းတို့၏ ခဏ၌ ဖြစ်သည်၏အဖြစ်ကြောင့်။ ကိဥ္စာပိ အဓိပ္ပေတာ၊ အကယ်၍ကား အလိုရှိ အပ်ကုန်၏ရှင့်။ ဤသို့ ဥပရိမဂ္ဂတ္တယသမယသမ္ဘူတာ ဟူသောပုဒ်ကို ဟေတုမန္တ ဝိသေသနကြံလို၏။ တထာပိ၊ ဤသို့ လောကုတ္တရာဗောဇ္ဈင်တို့ကို အလိုရှိလင့် ကစား၊ အာဒိကမ္မိကာနံ၊ အစစွာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုနှင့် ယှဉ်ကုန်သော ပုဂ္ဂိုလ်တို့၏။ ဝါ၊ ပုဂ္ဂိုလ်တို့အား။ ဗောဇ္ဈင်္ဂေသု၊ ဝိပဿနာနှင့်ယှဉ်သောဗောဇ္ဈင်၊

ဈာနင်နှင့်ယှဉ်သောဗောဇ္ဈင်၊ မဂ်နှင့်ယှဉ်သောဗောဇ္ဈင်၊ ဖိုလ်နှင့်ယှဉ်သော ဗောဇ္ဈင်တို့၌။ အသမ္မောဟတ္ထံ၊ မတွေမဝေခြင်း၌။ ဝါ၊ မတွေမဝေခြင်းအကျိုး၌။ ဝါ၊ မတွေမဝေခြင်း အကျိုးရှိသည်ဖြစ်၍။ ဝါ၊ မတွေမဝေခြင်းအကျိုးရှိသည်ဖြစ် သောကြောင့်။

ဤသို့သမ္ဗန်အပ်သော လေးပါးသောအနက်တို့တွင် ပဌမသမ္ဗာန် အပ်သောအနက်၌ "အတ္ထံ" ဟူသောပုဒ်သည် "အာယစတုတ္ထေ ကဝစနသဿတု" ဟူသောသုတ်၌ တုသဒ္ဒါဖြင့် စတုတ္ထီသဝိဘတ်ကိုရေးသော အတ္ထံသဒ္ဒါတည်း။ ဒုတိယအနက်ကား အတ္ထသဒ္ဒါ အကျိုးဟော၊ နိဂ္ဂဟိတ်ကား စတုတ္ထီသဝိဘတ်၏ ကာရိယတည်း။ တတိယအနက်ကား ကြိယာဝိသေသနအနက်၌သက်သော ပဌမာဝိဘတ်တည်း။ ဝါ၊ ဒုတိယာဝိဘတ်တည်း။ စတုတ္ထအနက်ကား ဟိတ် အနက်၌သက်သော ပဌမာဝိဘတ်တည်း။

လောကိယလောကုတ္တရမိဿကေန၊ လောကီလောကုတ္တရာ ဗောဇ္ဈင် တို့ကိုရောသော။ နယေန၊ နည်းဖြင့်။ နေသံ၊ ထိုဗောဇ္ဈင်တို့၏။ အတ္ထဝဏ္ဏနံ၊ အနက်၏အဖွင့်ကို။ ကရိဿာမိ၊ ပြုပေအံ့။ ဣတိ အယံ၊ ဤသည်ကား။ ကရဏာ ကာရော၊ ပြုသောအခြင်းအရာတည်း။ ပန တထာပိ၊ ယင်းသို့တပဲ လောကီလောကုတ္တရာကိုရော၍ပင် ဖွင့်လင့်ကစား။ ဣဓ-ဣဓာပိ၊ ဤသုတ်၌ လည်း။ ဝါ၊ ဤအရာ၌လည်း။ လောကီယနယံ၊ လောကီဖြစ်သောနည်းကို။ ပဟာယ၊ စွန့်ပယ်၍။ ဝါ၊ ခြွင်းချန်ခဲ့၍။ လောကုတ္တရာနယော ဧဝ၊ လောကုတ္တရာ နည်းကိုသာလျှင်။ သုဏန္တေဟိ၊ နာကုန်သောပုဂ္ဂိုလ်တို့သည်။ (ထည့်) ဂဟေ တဗ္ဗော၊ ယူအပ်၏။

■ ■ ■

## ဝိသေသနအထူး

တုလျာဓိကရဏဝိသေသနသည် ဟေတုမန္တဝိသေသန, အဟေတုမန္တ ဝိသေသနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မိမိတို့၏ အထူးပြုရာ ဖြစ်သော ဝိသေသျ အတ္ထသဘာဝ တို့၏ စပ်ယှဉ်ရာကြိယာ၌ ယေဘုယျအားဖြင့် ဟိတ်ဖြစ်ကောင်းသော သဘောရှိသော ဝိသေသနသည် ဟေတုမန္တဝိသေသန

မည်၏။ ပြယုဂ်ကား "သာမိကေန ပေသိတော ပုရိသော ပစတိ" အစရှိသည် တည်း။ ဤပြယုဂ်၌ ထိုယောက်ျားသည် အဘယ်ကြောင့် ချက်သနည်းဟု အကျိုး ဖြစ်သော ပစတိကြိယာ၏ အကြောင်းဟိတ်ကို တောင်းသည်ရှိသော် အခြား သော တစ်ပါးဟိတ်ကို မရှာမခပ်ရပြီ။ "ပေသိတော" ဟူသောဝိသေသနကိုပင် "ပေသိတတ္တာ" ဟု ဟိတ်ခပ်၍ "ပစတိ" ကြိယာ၌ စပ်အပ်ဆိုက်အပ်လေသော သဘောရှိသောကြောင့် ဟေတုမန္တဝိသေသနမည်၏။ အပ္ပကအားဖြင့် ဝိသေသျ အတ္တသဘာဝတို့၏ စပ်ယှဉ်ရာကြိယာ၌ ဟိတ်ဖြစ်ကောင်းသော သဘောရှိသော ဝိသေသနလည်းရှိ၏။

ထိုအပ္ပကအားဖြင့်ဖြစ်သော ဟေတုမန္တဝိသေသနဟူသည် အချင်းချင်း တုလျာဓိကရဏဝိသေသန ဖြစ်သောပုဒ်၌ ဟိတ်ဖြစ်သင့် သောအရာ၊ ဝိသေသျ ဖြစ်သောပုဒ်၌ ဟိတ်ဖြစ်သင့်သောအရာ၊ တစ်ဝါကျတည်းဖြစ်သော တစ်ပါးသော ပုဒ်၌ ဟိတ်ဖြစ်သင့်သောအရာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အချင်းချင်း တုလျာဓိကရဏဖြစ်သောပုဒ်၌ ဟိတ်ဖြစ်သင့်သော ဥဒါဟရဏ် ပုံစံကား "အတ္တောပိ ဝါ အနိဒ္ဓါရိတဝိသေသော သာမညေန ဂဟေတဗ္ဗတံ ပတ္တော "သင်္ဂဟော အသင်္ဂဟော"တိ အာဒီသု "သင်္ဂဟော" တိ ဝုတ္တောတိ န ကောစိ ဒေါသော။" ဓာတုကထာမူလဋီကာ။ (မူလဋီ၊ ၃။ ၅။)

တတ္ထ "အနိဒ္ဓါရိတဝိသေသော"တိ ဟေတုမန္တဝိသေသနော။ အနိဒ္ဓါရိ တဝိသေသောပိ ဧကဝိဓောယ န ဘဝိတဗ္ဗန္တိ အာဟ "နိဒ္ဓါရိတေဟီ"တိ အာဒိ။ ၎င်းအဖွင့် မဏိဋီကာ (မဏိဋီ၊၂။၁၄၉။)တို့၌ အကျုံးဝင်သော အနိဒ္ဓါရိတ ဝိသေသန ဖြစ်ကောင်းသော သာမည, န ဂဟေတဗ္ဗတံ ပတ္တော-ဟု အချင်းချင်း တုလျာဓိ ကရဏဝိသေသန ဖြစ်သောပုဒ်၌ ဟိတ်ဖြစ်စကောင်းသောကြောင့် ဟေတုမန္တ ဝိသေသနမည်၏။

ထို့ကြောင့် ၎င်းအဖွင့်မဏိဋီကာ၌ "တတ္ထ အနိဒ္ဓါရိတ ဝိသေသောတိ ဟေတုမန္တ ဝိသေသနော" ဟု မိန့်တော်မူသည်။

ဤ "တတ္ထ အနိဒ္ဓါရိတဝိသေသောတိ ဟေတုမန္တဝိသေသနော" ဟူသော မဏိဋီကာဆရာစကားသည် "ကေဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ

နိဗ္ဗဒေသတာ ဝိညာယတိ"ဟူသော ပရိဘာသာကိုထောက်၍ သာမညသဒ္ဒါ ဖြစ်သည်အားလျော်စွာ သာမညတ္ထဖြစ်သော ဝိသေသနကို ယူသင့်သည်ဟူပြား အံ့၊ "သာမည ဇောတနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိနာ စ ဝိသေသသဿ အနုပယောဇိတဗ္ဗတော"ဟူသော ပရိဘာသာကိုထောက်၍ "သာမညေန ဂဟေတဗ္ဗတံ ပတ္တော"ဟူသော ဝိသေသနဖြစ်သော အချင်းချင်း တုလျာဓိကရဏဝိသေသနပုဒ်၌ ဟိတ်၏အဖြစ်ကိုပြဆိုသော စကားဟူ၍ ယူအပ်၏။ ထို့ကြောင့် ၎င်းအဖွင့် မဓုဋီကာ နောက်ဝါကျအထက်၌ "အနိဒ္ဒါ ရိတေ ဝိသေသေ ဧကေဝိဓေတာယ န ဘဝိတဗ္ဗန္တိ အာဟ "အနိဒ္ဒါရိတေဟီ"တိ အာဒိ"ဟု မိန့်ဆိုတော်မူသည်။ ဤမဓုဋီကာ နောက်ဝါကျအထက်၌ ဟိတ် အဖြစ်ဖြင့် အနိဒ္ဒါရိတေ ဝိသေသေဟူသောပုဒ်ကိုမဆို၊ လက္ခဏာအဖြစ်ဖြင့်သာ ၎င်းကိုဆိုသည်ဟူပြားအံ့။

ဤ အနိဒ္ဒါရိတေ ဝိသေသေဟူသောလက္ခဏာတ္ထသည် သဘာဝတ္ထ အဘိဓေယျတ္ထ နီတတ္ထ သရူပတ္ထအားဖြင့် ကောက်ယူသည်ရှိသော် အာဓာရတ္ထ အနက်သဘော ဟေတွတ္ထအနက်သဘော နှစ်ပါးတို့တွင် တစ်ပါးပါးသော အနက်သဘောဖြစ်သင့်၏ဟု ချာသကျမ်း၏အဖွင့် နိရုတ္တိသာရမဉ္ဇူသာကျမ်း၌ ဆိုတော်မူသောကြောင့် ဤအရာ၌ အနက်အရာ အတ္ထပကရဏာသို့လိုက်၍ ဟေတွတ္ထဖြစ်သော အနက်သဘောသည်သာ အသင့်ယုတ္တိ ဩစိတျ ဂုဏ်မြောက် ၏။ အာဓာရတ္ထ ဖြစ်သော အနက်သဘောသည် အသင့်ယုတ္တိဩစိတျဂုဏ် မမြောက်။ ထို့ကြောင့် ဤ "အနိဒ္ဒါရိတေ ဝိသေသေ"ဟူသော လက္ခဏာတ္ထကို အသင့်ယုတ္တိ ဩစိတျဂုဏ်မြောက်စေခြင်းငှါ ဟေတွတ္ထအဖြစ်ဖြင့်သာ မှတ်ယူ အပ်၏။

ဤသို့ "အနိဒ္ဒါရိတေ ဝိသေသေ" ဟူသော လက္ခဏာတ္ထကို သဘာဝတ္ထ အဘိဓေယျတ္ထ နီတတ္ထ သရူပတ္ထအားဖြင့် မှတ်ယူစေကာတမ္မံ့။ ၎င်း အနိဒ္ဒါရိတေ ဝိသေသေဟူသော ဟေတွတ္ထ၏ စပ်ဆိုင်ရာ "ဧကေဝိဓေတာယ န ဘဝိတဗ္ဗံ" ဟူသော ဖလဝါကျတ္ထနှင့် "သာမညေန ဂဟေတဗ္ဗတံ ပတ္တော" ဟူသော ဖလ ဝါကျတ္ထသည် သဒ္ဒသုတိ အတ္ထသုတိ မတူသည်ဖြစ်၍ သာဓကေ၊ သာချေ၊ ဉာပကာ၊

ဉာပျ၊ ပရဝစန၊ သကဝစန၊ ဒဋ္ဌိ၊ ဒဋ္ဌိယ မတန်ဟူငြားအံ့။ ဤ“သာမညေန ဂဟေ တဗ္ဗတံ ပတ္တော”ဟူသော ဖလဝါကျတ္ထနှင့် “ဧကဝိဓေဘယ န ဘဝိတဗ္ဗံ” ဟူသော ဖလဝါကျတ္ထသည် သဒ္ဒသုတ် အတ္ထသုတ်မတူသော်လည်း သဘာဝတ္ထ၊ အဘိဓေ ယျတ္ထ၊ နီတတ္ထ၊ သရူပတ္ထအားဖြင့်ကား တူကြ၏။ ထို့ကြောင့် သာဓကေ သာချ၊ ဉာပက ဉာပျ၊ ပရဝစန သကဝစန၊ ဒဋ္ဌိ ဒဋ္ဌိယတန်၏။

ဟေတုမန္တဝိသေသနတို့၏ သဘောသည် ယေဘုယျအားဖြင့် ဝိသေသျ ၏ စပ်ရာကြိယာ၌သာ ဟိတ်အဖြစ်ဖြင့် စပ်ဆိုက်သင့်လေသောကြောင့် ယေဘု ယျသို့လိုက်၍ ဝုတ္တောဟူသောကြိယာမှာပင် ဟိတ်အဖြစ်ဖြင့် စပ်ထိုက်သင့် သည်ဟူငြားအံ့။ အတ္ထယုတ္တိ အနက်သဘောသည် ဟိတ်ဖိုလ်အဖြစ်ဖြင့် မသင့် လေရကား မစပ်မဆိုက်သင့်။ ဟေတုမန္တ ဝိသေသနတို့သဘောသည် အပ္ပက အားဖြင့် တစ်ဝါကျတည်းဖြစ်သော တစ်ပါးသောပုဒ် ဝိသေသျဖြစ်သော ပုဒ်တို့၌ လည်း ဟိတ်အဖြစ်ဖြင့် စပ်ဆိုက်သင့်လေသောကြောင့် အပ္ပကသို့လိုက်၍ “သင်္ဂဟော အသင်္ဂဟောတိအာဒိသု” ဟူသော တစ်ဝါကျတည်းဖြစ်သော တစ်ပါး သောပုဒ်၊ အတ္ထောဟူသော ဝိသေသျပုဒ်၌လည်း ဟိတ်အဖြစ်ဖြင့် စပ်ဆိုက်သင့် သည် ဟူငြားအံ့။ မစပ်မဆိုက်သင့်။ အဘယ် ကြောင့်နည်းဟူမူကား ဟိတ်တို့ သဘောသည် ဖိုလ်၌သာလျှင် စပ်သင့်လေသောကြောင့်လည်းကောင်း၊ ဖိုလ်၏ သဘောဟူကလည်း ကြိယာသဘော ဖြစ်သင့်လေသောကြောင့် လည်းကောင်း ဤ “သင်္ဂဟော အသင်္ဂဟောတိ အာဒိသု”ဟူသောပုဒ်၌ အတ္ထောဟူသော အနက်ပုဒ်တို့၏ အနက်သဘောသည် ကြိယာအနက်သဘော မဟုတ်သော ကြောင့် လည်းကောင်းတည်း။

ဝိသေသျ ဟိတ်ဖြစ်စကောင်းသော ဟေတုမန္တဝိသေသန၏ ဥဒါဟရုဏ် ပုံစံကား “နိယျာနိကမဂ္ဂဘူတံ သစ္စပဋိဝေဓံ ပစ္စာသီသန္တိ ပဏ္ဍိတာ” အစရှိသည် တည်း။ ဤဥဒါဟရုဏ်၌ “နိယျာနိကမဂ္ဂဘူတံ”ဟူသော ဝိသေသနသည် “သစ္စပဋိဝေဓံ”ဟူသောဝိသေသျကို အထူးပြုတတ်ခါမျှသာ ဖြစ်သည်မဟုတ်။ “ပစ္စာသီသန္တိ”ဟူသောပုဒ်၌သာ ဟိတ်အဖြစ်ဖြင့် စပ်ဆိုက်သင့်သည်မဟုတ်၊ ဤ “သစ္စပဋိဝေဓံ” ဟူသော ဝိသေသျပုဒ်၌လည်း “နိယျာနိကမဂ္ဂဘူတတ္တာ သစ္စပဋိဝေ

ဓော”ဟု ဟိတ်ဖြစ်စကောင်းသောကြောင့် ဟေတုမန္တဝိသေသနမည်၏။

တစ်ဝါကျတည်းဖြစ်သော တစ်ပါးသောပုဒ်၌ ဟိတ်ဖြစ်စကောင်းသော ဟေတုမန္တ ဝိသေသန၏ ဥဒါဟရုဏ်ပုံစံကား “ပရူပနိဿယရဟိတံ နိရတိသယံ တံ ဘဥ္စနံ ဥပါဒါယ ဘဂဝါ ဧဝ “မာရဘဥ္စနော”တိ ထောမိတော”။ ဓာတုကထာ မူလဋီကာ (မူလဋီ၊ ၃။ ၁။) အစရှိသည်တည်း။

ဤပြယုဂ်၌ “ပရူပနိဿယရဟိတံ”ဟူသော ဝိသေသနသည် “တံ ဘဥ္စနံ” ဟူသော ဝိသေသျကို အထူးပြုတတ်ခါမျှသာဖြစ်၊ “တံ ဘဥ္စနံ” ဟူသော ဝိသေသျ ၏ စပ်ဆိုက်ရာ ဥပါဒါယပုဒ်မှတစ်ပါးသော “ထောမိတော”ဟူသော တစ်ပါးသောပုဒ်၌လည်း ဟိတ်ဖြစ်စကောင်းသောကြောင့် ဟေတုမန္တဝိသေသနမည်။ ထို့ကြောင့် ဓာတုကထာ မူလဋီကာ၏အဖွင့်ဝဏ္ဏနာ၌ “ပရူပနိဿယရဟိတံ သဒ္ဒေါ စ ဟေတုမန္တ ဝိသေသနန္တိ ဒဋ္ဌဗ္ဗော”ဟု မိန့်ဆိုတော်မူသည်။

ဟိတ်အတွင်းဝင်သော ဝိသေသနသည် ဟေတုအန္တောဂဓ ဝိသေသန မည်၏ဟု သာမညဆိုသော်လည်း အသီးအသီးသော နာနာဝါကျ နာနာပရိစ္ဆေဒ နာနာဂန္ထတို့၌ အကျုံးဝင်သောပုဒ်တို့၌ ဟိတ်ဖြစ်စကောင်းသည်မဟုတ်၊ တစ်ဝါကျတည်းသော အတ္ထယုတ္တိ သင့်ရာပုဒ်၌သာ ဟိတ်ဖြစ်စကောင်းသော ဝိသေသနသည် ဟေတုအန္တောဂဓ ဝိသေသနမည်၏။ အဘယ့်ကြောင့်နည်း ဟူမူကား အသီးအသီးသော နာနာဝါကျ နာနာပရိစ္ဆေဒ နာနာဂန္ထတို့၌ အကျုံး ဝင်သောပုဒ်၌ ဟိတ်ဖြစ်စကောင်းသောကြောင့် ဟေတုအန္တောဂဓ ဝိသေသန မည်၏ ဟူသောအနက်ကို ယူခြေသည်ရှိသော် အလုံးစုံသော တုလျာဓိကရဏ ဝိသေသနသည် အတ္ထယုတ္တိသင့်ရာ တစ်ပါးသောပုဒ်တို့၌ ဟိတ်အဖြစ်ဖြင့် စပ်ကောင်းသင့်လေရကား အလုံးစုံသော တုလျာဓိကရဏဝိသေသနသည် ဟေတုအန္တောဂဓ ဝိသေသနမည်သည်ဖြစ်၍ ဟေတုအန္တောဂဓဝိသေသန အဟေတုအန္တောဂဓဝိသေသန ဟူ၍နှစ်ပါးအပြား မရှိသင့်လေစကောင်းသော ကြောင့်တည်း။

မိမိတို့၏ အထူးပြုရာဖြစ်သော ဝိသေသျအတ္ထသဘာဝတို့၏ စပ်ယှဉ် ရာကြိယာ၌ ဟိတ်ဖြစ်စကောင်းသော သဘောကားမရှိ၊ ပကတိ ဝိသေသျတ္ထ

သဘောအတိုင်းသာ စပ်ခါမတ္တဖြစ်၍ ပကတိ ဝိသေသျ အတ္ထသဘာဝ၌ ပဓာန အားဖြင့် အထူးပြုတတ်ခါမျှဖြစ်သော ဝိသေသနသည် ဟေတုမန္တ ဝိသေသန မည်၏။ ပြယုဂ်ကား "တိသော ပုရိသော ပစတိ" အစရှိသည်တည်း။ ဤပြယုဂ်၌ "တိသော"ဟူသော ဝိသေသနသည် "ပုရိသော"ဟူသော ပကတိ ဝိသေသျ အတ္ထသဘာဝ၌ ပဓာနအားဖြင့် အထူးပြုတတ်ခါမျှသာ ဖြစ်သောကြောင့် အဟေတုမန္တ ဝိသေသနမည်၏။ ဟေတုမန္တဝိသေသန အဟေတုမန္တ ဝိသေသန ဟူသည်လည်း အတူတူပင်။ ဟေတုအန္တောဂဓဝိသေသန အဟေတု အန္တောဂဓ ဝိသေသနဟူ၍လည်း အမည်သညာသာထူးသည်။ သဘောသက်ကား ထူးခြား သည်မဟုတ်။

ဤ "ဇ္ဈော စ ကိဥ္စာပိ ။လ။ လောကုတ္တရနယော ဂဟေတဗ္ဗော" ဟူသောဝါကျ၌ ပိဋကတ္တအဓိပ္ပါယ်ကား သံဝဏ္ဏေတဗ္ဗပါဠိ၌ အထက်မင်္ဂသုံးခု ၌ရှိသော လောကုတ္တရာ သတိသမ္ဗောဇ္ဈင်အစရှိသည်ကိုပင် ဟောတော်မူလင့် ကစား အာဒိကမ္မိက ဘာဝနာဘိရတပုဂ္ဂိုလ်တို့အား ဗောဇ္ဈင်ခုနစ်ပါးတို့၌ ထင်ရှား စွာ သိမြင်စေခြင်းငှါ လောကီဗောဇ္ဈင် ကိုထည့်လောင်း၍ ဖွင့်ဆိုပေအံ့။ ထိုသို့ပင် လောကီလောကုတ္တရာရောရ၍ပင်ပြသော်လည်း ဤသတ္တမဘာဝနာဝါရမှာ လောကုတ္တရာဗောဇ္ဈင် ကိုသာ ယူပါဟူလို။

ဤဝါကျ၌ ပဒုဒ္ဓါရသံဝဏ္ဏနာ ပဒပဝေသနသံဝဏ္ဏနာတို့ဖြင့် သိအပ်၏။ ပဒုဒ္ဓါရသံဝဏ္ဏနာကား "ဇ္ဈော စ ။လ။ အတ္ထဝဏ္ဏနံ ကရိဿာမိ" ဟူသည်တည်း။ ပဒပဝေသနသံဝဏ္ဏနာကား အရှင်ဆရာ၊ ဆရာသည်၊ အတ္ထသံဝဏ္ဏနာဟူ၍ ဆို၏။ ဇ္ဈော စ ၌ က္လမ သဒ္ဒါသည် "ပဋိသခ်ါ ယောနိသော သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိ" ဟူသောပုဒ်ကို သာစွဲသည်ဖြစ်၍ အတ္ထ၏အရကို ဤက္လမသဒ္ဒါသည် ပြအပ်သော ပုဒ်တို့၏ အနက်ကိုသာ ယူရအံ့လော၊ သို့တည်းမဟုတ် ဇ္ဈော၌ က္လမသဒ္ဒါသည် "ပဋိသခ်ါ ယောနိသော ။လ။ ဝေါဿဂ္ဂပရိဏာမိ" ဟူသော ပဌမဝါကျကို ဟောသည်ဖြစ်၍ အတ္ထဝဏ္ဏနံ၌ အတ္ထ၏အရကို ဤပုဒ်တို့၏ အနက်ကို ယူရအံ့လော၊ သို့တည်းမဟုတ် ဇ္ဈော၌ က္လမသဒ္ဒါသည် သတ္တမ ဖြစ်သော ဘာဝနာဝါရကို ဟောသည်ဖြစ်၍ အတ္ထဝဏ္ဏနံ၌ အတ္ထအရကို

ထိုဘာဝနာဝါရ၏အနက်ကို ယူရအံ့လော၊ စုဒ်ရှိရကား "နေသံ" ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား အစပုဒ်ဖြစ်သော သတိသမ္ဗောဇ္ဈင်သဒ္ဒါ အစရှိသည်တို့၏ အတ္ထဝဏ္ဏနာကို ပြအံ့ဟူလို။

တစ်နည်းကား။ ဆရာ၊ အတ္ထသံဝဏ္ဏနံဟူသော သမ္ပန္ဓီ၏ သမ္ဗန်ကား အဘယ်နည်း၊ တစ်နည်းကား။ ဆရာ၊ အတ္ထသံဝဏ္ဏနံ-ဟူသောပုဒ်သည် နိစ္စသမ္ဗန္ဓာပေက္ခပုဒ်ဖြစ်၍ ငဲ့အပ်သောသမ္ဗန်ကား အဘယ်နည်း၊ စုဒ်ရှိရကား "နေသံ" ဟူသောပါဌ်ကိုမိန့်။ ဆရာ၊ အတ္ထသံဝဏ္ဏနာကိုပြအံ့ဟူပြီ။ လောကီ၌ရှိသော ဗောဇ္ဈင်ကိုဖွင့်သောနည်း၊ လောကုတ္တရာ၌ရှိသော ဗောဇ္ဈင်ကိုဖွင့်သောနည်းတို့တွင် အဘယ်နည်းဖြင့် ဖွင့်မည်နည်း၊ စုဒ်ရှိရကား "လောကိယလောကုတ္တရမိဿကေန နယေန" ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ၊ သံဝဏ္ဏေတဗ္ဗ၌ "သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ"ဟူ၍ ဟောရာဝယ် ဝိဝေက၏အရကို ဝိပဿနာတည်းဟူသော လောကီတဒင်္ဂဝိဝေက, ဈာန်တည်းဟူသော လောကီဝိက္ခမ္ဘန ဝိဝေက, မဂ်တည်းဟူသော လောကုတ္တရာသမုစ္ဆေ ဒဝိဝေက, ဖိုလ်တည်းဟူသော လောကုတ္တရာပဋိပ္ပဿဒ္ဓိဝိဝေက, နိဗ္ဗာန်တည်းဟူသော နိဿရဏဝိဝေက, ဤလောကီလောကုတ္တရာဝိဝေကတို့ကို ဝိဝေကနိဿိတံ ဟူသောပုဒ်ဖြင့် ဟောတော်မူလျက်ရှိသည်၊ ဤဝိဝေကနိဿိတံဟူသော ဝိသေသနပုဒ်သို့လိုက်၍ သတိ သမ္ဗောဇ္ဈင်္ဂံ ဟူသော ဝိသေသျပုဒ်ကို လောကီလောကုတ္တရာ ရောသောနည်းဖြင့် ဖွင့်မည်လော၊ သို့တည်းမဟုတ် ဤဘာဝနာဝါရသည် အထက်မဂ်သုံးခုကိုသာ ဟောသည်ဖြစ်၍ ဘာဝနာဝါရအားလျော်စွာ လောကုတ္တရာဗောဇ္ဈင်ကိုသာ ဖွင့်မည်လော၊ စုဒ်ရှိရကား "လောကိယလောကုတ္တရမိဿကေန နယေန" ဟူသောပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား အများပုဂ္ဂိုလ်တို့ မတွေဝေစေခြင်းငှါ "ဝိဝေကနိဿိတံ" ဟူသော ဝိသေသနပုဒ်သို့လိုက်၍ အတ္ထသံဝဏ္ဏနာကို ပြအံ့ဟူလို။

တစ်နည်းကား။ ဆရာ၊ "ကရိဿာမိ"ဟူသော ကြိယာ၏ ကရဏကာရက ကား အဘယ်နည်း၊ စုဒ်ရှိရကား "လောကိယလောကုတ္တရမိဿကေန နယေန" ဟူသောပါဌ်ကိုမိန့်။

ဆရာ ဤသတ္တမဝါရသည် အထက်မဂ်သုံးခုကိုသာ ဟောသည် ဖြစ်၍ ဤအထက်မဂ်သုံးခု၌ရှိသော လောကုတ္တရာ ဗောဇ္ဈင်ခုနစ်ပါးကိုသာ အလိုရှိအပ်ပါသည် မဟုတ်တုံလော၊ သို့တည်းဖြစ်လျက် အဘယ်သို့မူ၍ လောကီဗောဇ္ဈင်ကို လောင်းစွက်၍ အနက်ကိုဖွင့်အံ့နည်း၊ ဤသို့စုဒ်ရှိရကား ဤသို့ စောဒနာသည်ကို တစ်စိတ်အားဖြင့် ဝန်ခံ၍ ဖြေလိုသည်ဖြစ်၍ "ကိဉ္စာပိ ။လ။ အမိပ္ပေတာ" ဟူသော ပါဠိကိုမိန့်၊ ဤအထွက်ကား "ကိဉ္စာပိကား အသီးဝံ့ဝံ့မထင်၊ တခြမ်းသုမှာပင်" ဟူသော နိယံနှင့်အညီတည်း။

တစ်နည်းကား၊ ဆရာ၊ လောကိယလောကုတ္တရမိဿကေန နယေန ဟူ၍ ဆရာဆိုသောစကားသည် အလျှင်းပင်မဟုတ်၊ ဤသို့စုဒ်ရှိရကား စောဒက ပုဂ္ဂိုလ်သည် လိုလွန်စွာ နှုတ်မြွက်၍ စောဒနာ ခြင်းငှါမရဲ၊ ဝမ်းထဲ၌ သိုမှီးလျက် နှစ်မသက် စိတ်မချသော အာဘောဂနှလုံးသွင်းကို လင်းလင်းထင်စွာ အဋ္ဌကထာ ဆရာသည်ပင် ပြခြင်းငှါ "ကိဉ္စာပိ ။လ။ အမိပ္ပေတာ" ဟူသော ပါဠိကိုမိန့်။ ဤအထွက်ကား "ကိဉ္စာပိငုံ၊ ပါဠိတိုင်ရုံကား၊ တင်တုံအပြစ်၊ စိစစ်စောဒက၊ ဆရာပြသည့် အာဘော်တည်း" ဟူသော နိယံနှင့်အညီတည်း။

ဆရာ၊ စောဒကဆရာတို့ ဆိုတိုင်းပင် ဘာဝနာဝါရ၏အရာဖြစ်၍ လောကုတ္တရာဗောဇ္ဈင်ကိုသာ ဖွင့်သင့်လျက် အဘယ်သို့မူ၍ လောကီကို ထည့်သွင်းဘိသနည်း၊ လောကုတ္တရနယေနဟူ၍ ဆိုသင့်ပါသည် မဟုတ်တုံလော၊ စုဒ်ရှိရကား "တထာပိ"ဟူသော ပါဠိကိုမိန့်။ အဓိပ္ပါယ်ကား ဤသို့ပင် ဖြစ်လင့်ကစား လောကီဗောဇ္ဈင် တရားကိုသွင်း၍ ဖွင့်အံ့ဟူလို။

ဆရာ၊ ဆရာသည်ပင် လွန်စွာကြိုးပမ်း၍ လောကီဗောဇ္ဈင်ကို ဖွင့်အံ့ဟူ၍ ဆို၏။ အဘယ်ငှါ၊ အဘယ်အကျိုးငှါ၊ အဘယ်အကျိုးရှိ၍၊ အဘယ်အကျိုးရှိသောကြောင့် လောကီကိုရော၍ ဖွင့်အံ့နည်း၊ စုဒ်ရှိရကား "အသမ္မောဟတ္ထံ" ဟူသော ပါဠိကိုမိန့်။ ဆရာ၊ ဂန္ထဓုရပုဂ္ဂိုလ်တို့အား မတွေဝေခြင်းငှါလော၊ ဝိပဿနာဓုရပုဂ္ဂိုလ်တို့အား မတွေဝေခြင်းငှါလော၊ စုဒ်ရှိရကား "အာဒိကမ္မိကာနံ" ဟူသော ပါဠိကိုမိန့်။ အဓိပ္ပါယ်ကား ဝိပဿနာယောဂီပုဂ္ဂိုလ်တို့အား မတွေဝေခြင်းငှါဟူလို။

ဆရာ၊ ခန္ဓာ၌လော၊ အာယတန၌လော၊ စုဒ်ရှိရကား "ဗောဇ္ဈင်္ဂေသု" ဟူသောပါဠ်ကို မိန့်။

ဆရာ၊ လောကီလောကုတ္တရာကိုရော၍ ဆရာဖွင့်လိုတပြီးကား၊ ဤသတ္တမဖြစ်သော ဘာဝနာဝါရ၌ လောကီလောကုတ္တရာ ဗောဇ္ဈင်တို့ကိုပင် အစုံအလင်ယူရအံ့လော၊ စုဒ်ရှိရကား "ဣမ ပန ။လ။ နယော ဂဟေတဗ္ဗော" ဟူသော ပါဠ်ကို မိန့်။

တစ်နည်းကား။ ဝါကျ၌ ဆရာ ဆရာသည် ကရိယာမိဟူ၍ ဝစီဒွါရ ဖြင့်ပြီးသော ကိရိယာကိုပြ၏၊ ဝစီဒွါရကိရိယာဟူက အာကာရ, မနသာ-ဝဝတ္ထာပိတ နှစ်ပါးရှိမြဲ၊ ဤအရာ၌ အာကာရကား အဘယ်နည်း၊ စုဒ်ရှိရကား "လောကိယလောကုတ္တရမိဿကေန နယေန" ဟူသောပါဠ်ကိုမိန့်။

**မနသာဝဝတ္ထာပိတ**-ကား အဘယ်နည်း၊ စုဒ်ရှိရကား "အာဒိကမ္မိကာနံ ဗောဇ္ဈင်္ဂေသု အသမ္မောဟတ္ထံ" ဟူသော ပါဠ်ကိုမိန့်။

■ ■ ■

## ကြိယာအပြား

ဤအရာတွင် စာသင်ပုဂ္ဂိုလ်တို့အား မှတ်သားနှလုံးသွင်းရန် ကြိယာအပြား ကို ဆိုအံ့။

<u>ကြိယာ</u>သည် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့၌ အဝိညာဏကကြိယာ, သဝိညာဏကကြိယာ ဟူ၍နှစ်ပါးသာရှိသည်။ ထိုထက် အလွန်မရှိ၊ ထိုနှစ်ပါး တို့တွင် သဝိညာဏကကြိယာသည် ကာယဒွါရဖြင့်ပြီးသောကြိယာ, ဝစီဒွါရဖြင့်ပြီး သောကြိယာ, မနောဒွါရဖြင့်ပြီးသောကြိယာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင် ကာယဒွါရကြိယာဖြစ်အံ့ အာကာရ, မနသာဝဝတ္ထာပိတ နှစ်ပါးရှိမြဲ တည်း။ ဥဒါဟရုဏ်ကား "သုခတ္ထဥ္စ လေဏတ္ထဥ္စ အနေကဂဏ္ဍံ ပါသာဒံ မာပေတိ" ဟူသည်တည်း။ အနက်ကား- သုခတ္ထဥ္စ၊ ချမ်းသာစွာ နေခြင်းငှါလည်းကောင်း။ လေဏတ္ထဥ္စ၊ ပုန်း (တစ်ပါး႑ည်းကိန်း) အောင်းခြင်းငှါလည်းကောင်း။ အနေက ဂဏ္ဍံ၊ များစွာသော တိုက်ခန်း ရှိသော။ ပါသာဒံ၊ ကို။ မာပေတိ၊ ဖန်ဆင်း၏။ ဝါ၊

ဆောက်လုပ်၏။ ဤဥဒါဟရုဏ်၌ "မာပေတိ"ကား ကာယဒွါရကြိယာ၊ "အနေက ဂတ္တံ"ကား အာကာရ။ "သုခတ္ထဥ္စ လောကတ္ထဥ္စ" ကား မနသာဝဝတ္ထာ ပိတ။ ဝစီဒွါရ ကြိယာ၌လည်း အာကာရ မနသာဝဝတ္ထာပိတ နှစ်ပါးရှိမြဲတည်း။ ဥဒါဟရုဏ်ကား "သုဗုဒ္ဓံ ဝက္ခာမိ သုသန္ဓိကပ္ပံ" အစရှိသည်တည်း။ အနက်ကား သုဗုဒ္ဓံ၊ ကောင်းစွာသိခြင်းငှါ။ သုသန္ဓိကပ္ပံ၊ မကျဉ်းမကျယ် အလယ်အလတ်ဖြစ်၍ ကောင်းမြတ်သော သန္ဓိကျမ်းကို။ ဝက္ခာမိ၊ ဆိုပေအံ့။ ဤဥဒါဟရုဏ်၌ "ဝက္ခာမိ" ကား ဝစီဒွါရကြိယာ။ သုသန္ဓိကပ္ပံကား အာကာရ။ သုဗုဒ္ဓံကား မနသာ ဝဝတ္ထာပိတ။

မနောဒွါရကြိယာ၌ကား အာကာရတစ်ပါးသာ ရှိသည်။ ဥဒါဟရုဏ်ကား "အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" အစရှိသည်တည်း။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဝါ၊ အနိစ္စဟူ၍။ ဒုက္ခတော၊ ဖြင့်။ ဝါ၊ ၍။ အနတ္တတော၊ ဖြင့်။ ဝါ၊ ၍။ ဝိပဿတိ၊ ဝိပဿနာရှုတတ်၏။ ဤဥဒါဟရုဏ်၌ "ဝိပဿတိ" ကား မနောဒွါရ ကြိယာ၊ "အနိစ္စတော ဒုက္ခတော အနတ္တတော"ကား အာကာရ။ အဝိညာဏကကြိယာ၌လည်း အာကာရတစ်ပါးသာရှိသည်။ ဥဒါဟရုဏ်ကား "သမ္မာ ဒေဝေါ ပဝဿတု" အစရှိသည်တည်း။ ဒေဝေါ၊ မိုးသည်။ သမ္မာ၊ အလျဉ်ထံစွာ။ ဝါ၊ အခါခါ၌။ ပဝဿတု၊ ရွာသွန်းစေသတည်း။

ဤဥဒါဟရုဏ်၌ "ပဝဿတု"ကား အဝိညာဏကကြိယာ၊ "သမ္မာ" ကား အာကာရ ဤသို့ ပြည့်စုံစွာမရှိသော ပါဠိ အဋ္ဌကထာ ဋီကာတို့၌ အာကာရ, မနသာ ဝဝတ္ထာပိတတို့ကိုဆောင်၍ သိအပ်၏။ အဋ္ဌကထာ ဋီကာတွင် ကိစ္စာပိ သဒ္ဒါ ကြိယာသဒ္ဒါတို့ကို တွေ့မြင်တိုင်းပင် ဤနည်းကို ခိုင်းနှိုင်း၍ ဉာဏ်သိန္ဓော မြင်းကောင်းကို လမ်းကြောင်းမှာချတင်၍ နှင်ကြလေ။

■ ■ ■

## ၂၃- သတိသမ္ဗောဇ္ဈင်္ဂ-ပုဒ်စောဒနာ

တတ္ထ သတိသမ္ဗောဇ္ဈင်္ဂေ တာဝ သရဏဋ္ဌေန သတိ၊ သာ ပနေသာ ဥပဋ္ဌာန လက္ခဏာ၊ အပိလာပန လက္ခဏာ ဝါ။

ဝုတ္တမ္ပိဟေတံ "ယထာ မဟာရာဇ ရညော ဘဏ္ဍာဂါရိကော ရညော သာပတေယျံ အပိလာပေတိ၊ ဧတ္တကံ မဟာရာဇ ဟိရညံ၊ ဧတ္တကံ မဟာရာဇ သုဝဏ္ဏံ၊ ဧတ္တကံ သာပတေယျန္တိ၊ ဧဝမေဝ ခေါ မဟာရာဇ သတိ ဥပ္ပဇ္ဇမာနာ ကုသလာကုသလ သာဝဇ္ဇာနဝဇ္ဇဟီနပဏီတကဏှသုက္ကသပ္ပဋိဘာဂေ ဓမ္မေ အပိလာပေတိ။ ဣမေ စတ္တာရော သတိပဋ္ဌာနာတိ ဝိတ္ထာရော။ အပိလာပနရသာ။ ကိစ္စဝသေနေဝ ဟိဿ ဧတံ လက္ခဏံ ထေရေန ဝုတ္တံ။ အသမ္မောဟရသာ ဝါ။ ဂေါစရာဘိမုခဘာဝ ပစ္စုပဋ္ဌာနာ။

(သဗ္ဗာသဝသုတ်အဋ္ဌကထာ) (မ၊ ဋ္ဌ၊ ၁။ ၈၆။)

အရှင်အဋ္ဌကထာ၊ ဗောဓ္ဈင်ခုနှစ်ပါးတို့၏အဖြစ်ကို အနက်အားဖြင့် လည်းကောင်း၊ လက္ခဏရသပစ္စုပဋ္ဌာန်တို့ဖြင့်လည်းကောင်း၊ ရှေ့နောက်အစဉ် အားဖြင့်လည်းကောင်း၊ အယုတ်အလွန်မရှိသော အားဖြင့်လည်းကောင်း သိအပ် ၏ဟူ၏။

ထိုတွင် အနက်အားဖြင့် အဘယ်သို့သိအပ်သနည်း၊ စုဒ်ရှိ ရကား "တတ္ထ သတိသမ္ဗောဇ္ဈင်္ဂေ တာဝ သရဏဋ္ဌေန သတိ" ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ် ကား မပြတ်အောက်မေ့တတ်သော အနက်သဘောသတ္တိကြောင့် သတိဟူသော အစဉ်ကို ရသတည်းဟူလို။

ဆရာ အနက်အားဖြင့် သိရပြီ၊ လက္ခဏ ရသ ပစ္စုပဋ္ဌာန်ဖြင့် အဘယ်သို့ သိအပ်သနည်း၊ စုဒ်ရှိရကား "သာ ပနေသာ ဥပဋ္ဌာနလက္ခဏာ ။ပ။ ပစ္စု ပဋ္ဌာနာ" ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား။ ဆရာ လောကဦ သဝိညာဏက အဝိညာဏကဝတ္ထု တို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ဖြင့် မှတ်အပ်၍ ဒြပ်ဝိသေသကို သိရသည်။ သိရသည်ကားပုဏ္ဏားဒြပ်ကို အဝတ်ဖြူဝတ်ခြင်း စလွယ်တင်ခြင်းတည်းဟူသော သဘောလက္ခဏာကို သိမြင်ရသဖြင့် ဤသူကား ပုဏ္ဏားတည်းဟု သိရသည်။

ဗေဒင်ကို ပြောဟောတတ်သောဓလေ့၊ ဗေဒင်ကို သရဇ္ဈာယ်တတ်သော ဓလေ့ဟု ဆိုအပ်သော သတ္တိတည်းဟူသောရသဖြင့်လည်း ဤသူကား ပုဏ္ဏား တည်းဟု သိရသည်။

ပေဒင်ကို ပြောခြင်း သရဇ္ဈာယ်ခြင်း အမူအရာအာကာရကို ပြုဆဲ၌ ထိုအမူအရာ၏ ထင်ရှားစွာ ဖြစ်ခြင်းတည်းဟူသော ဗျတ္တိရုပ်ဟုဆိုအပ်သော ပစ္စုပဋ္ဌာန်ဖြင့်လည်း ဤသူကား ပုဏ္ဏားတည်းဟု သိရသည်။

ထိုအတူ ရဟန်းဒြပ်ကို ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ခြင်း မုတ်ဆိတ်ဆံကို ပယ်ခြင်းတည်းဟူသော သဘောလက္ခဏာကို သိမြင်သဖြင့် ဤသူကား ရဟန်းတည်းဟု သိရသည်။

ဆွမ်းခံတတ်သောလေ့၊ ဂန္ထဓုရ ဝိပဿနာဓုရကို ပွားတတ်သောလေ့ ဟုဆိုအပ်သော သတ္တိတည်းဟူသော ရသဖြင့်လည်း ဤသူကား ရဟန်းတည်း ဟု သိရသည်။

ဆွမ်းခံခြင်း ဂန္ထဓုရ ဝိပဿနာဓုရကို ပွားခြင်းအမူအရာ အာကာရကို ပြုဆဲ၌ ထိုအမူအရာ၏ ထင်ရှားစွာဖြစ်ခြင်းတည်းဟူသော ဗျတ္တိရုပ်ဟုဆိုအပ်သော ပစ္စုပဋ္ဌာန်ဖြင့်လည်း ဤသူကား ရဟန်းတည်းဟု သိရသည်။

အဝိညာဏကဝတ္ထု၌လည်း ဤသစ်ပင်ကား သပြေပင်တည်းဟု အရွက်၏ ရှည်လျားခြင်း အကိုင်းအခက်၏ ပွားစီးခြင်းသဘောလက္ခဏာကို သိရသဖြင့် ဤသစ်ပင်ကား သပြေပင်တည်းဟု သိရသည်။

ဝါဆို ဝါခေါင်၌ ပွင့်တတ်, သီးတတ်သောလေ့ဟုဆိုအပ်သော သတ္တိတည်းဟူသော ရသဖြင့်လည်း ဤသစ်ပင်ကား သပြေပင်တည်းဟု သိရသည်။

ဝါဆို ဝါခေါင်ကာလရောက်၍ ပွင့်ခြင်း သီးခြင်း အာကာရ၏ ထင်ရှားစွာ ဖြစ်ခြင်းတည်းဟူသော ဗျတ္တိရုပ်ဟုဆိုအပ်သော ပစ္စုပဋ္ဌာန်ဖြင့်လည်း ဤသစ်ပင် ကား သပြေပင်တည်းဟု သိရသည်။

ဤသို့နှင့် လောက၌ သဝိညာဏက အဝိညာဏကဒြပ်တို့ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ဖြင့်မှတ်၍ ဒြပ်ဝိသေသကို သိရပါသည်။ ပရမတ္ထဖြစ်သော ဤသတိစေတသိက်ကို အဘယ်လက္ခဏာ အဘယ်ရသ အဘယ်ပစ္စုပဋ္ဌာန် တို့ဖြင့်မှတ်၍ သိရပါအံ့နည်း၊ ပရမတ္ထသဘောဟူက မြစ်ကြီးငါးသွယ် မြစ်ငယ်ငါး ရာမှ စီးဝင်လာ၍ သမုဒ္ဒရာတွင်းသို့ ရောက်လျှင် ဤရေကား ဂင်္ဂါရေတည်း၊

ဤရေကား သမုဒ္ဒရာရေတည်း၊ ဤသို့စသည်ဖြင့် ပိုင်းခြားခြင်းငှါ ခက်ခဲဘိသကဲ့သို့ ဖဿဝေဒနာအစရှိသော တရားတို့ကို ပိုင်းခြားခြင်းငှါ ခက်ခဲသည်။

လက္ခဏာစသည်တို့ဖြင့် ပြမှသာလျှင် ပိုင်းခြားနိုင်ရာသည် ဤသို့ စုဒ်ရှိရကား "သာ ပနေသာ ။လ။ ပစ္စုပဋ္ဌာနာ"ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ၊ လောက၌ လက္ခဏာဖြင့် သိမှတ်ရသကဲ့သို့ ပရမတ္ထဖြစ်သော ဤသတိတရားသည် အဘယ်လက္ခဏာရှိသနည်း၊ စုဒ်ရှိရကား "သာ ပနေသာ ဥပဋ္ဌာနလက္ခဏာ" ဟူသောပါဌ်ကိုမိန့်။

ဤသို့စောဒနာရာ၌- သာ ဧသာ သတိ၊ ဤသတိစေတသိက်သည်။ ဥပဋ္ဌာနလက္ခဏာ၊ အာရုံသို့ကပ်၍ တည်ခြင်းလက္ခဏာရှိ၏။ ဤသို့အနက်သမ္ဗန်ဖြေ။ ဤသို့သမ္ဗန်ရာ၌ "ဥပဋ္ဌာနလက္ခဏာ ဧတိဿာ အတ္ထီတိ ဥပဋ္ဌာန လက္ခဏာ" ဟု ဗဟုဗ္ဗီဟိသမာသ်မူ။

"လက္ခဏာ" ဟူသောပုဒ်ကိုလည်း "လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ"ဟု ကရဏသဓ်မူ။ အနေန သဘာဝေန၊ ဤအာရုံသို့ကပ်၍ တည်ခြင်း သဘောဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော သတိစေတသိက်ကို။ လက္ခီယတိ၊ ဤတရားကား သတိစေတသိက်ပင်တည်းဟု သိအပ်မှတ်အပ်၏။ က္တတိ တသ္မာ၊ ထိုသို့မှတ်အပ် ကြောင်းဖြစ်သောသတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထိုအာရုံသို့ ကပ်၍ တည်ခြင်းသဘောသည်။ လက္ခဏံ၊ မည်၏။ ဤသို့သမ္ဗန်လေ။

တစ်နည်းကား။ ဆရာ၊ ဤတရားကား သတိစေတသိက်ပင်တည်းဟု ဧကန်မုချ သိရခြင်းငှါ အဘယ်သဘောလက္ခဏာဖြင့် မှတ်အပ်သနည်း၊ စုဒ်ရှိရကား "သာ ပနေသာ ဥပဋ္ဌာနလက္ခဏာ"ဟူသော ပါဌ်ကိုမိန့်။ ဤသို့ စောဒနာရာ၌- ဧသာ သတိ၊ ဤသတိ စေတသိက်ကို။ ဥပဋ္ဌာနလက္ခဏာ၊ အာရုံသို့ ကပ်၍ တည်ခြင်းသဘောဖြင့် မှတ်အပ်၏။ ဤသို့အနက်သမ္ဗန်၍ဖြေ။ ဤသို့ အနက် သမ္ဗန်ရာ၌ "လက္ခိတဗ္ဗာတိ လက္ခဏံ" သတိစေတသိက်ကို ရစေ။ "ဥပဋ္ဌာနေန လက္ခဏာ ဥပဋ္ဌာနလက္ခဏာ" ဤသို့ တပ္ပုရိသ်သမာသ်မူ။

အရှင်အဋ္ဌကထာဆရာ၊ သတိစေတသိက်သည် ဥပဋ္ဌာနလက္ခဏာ

တစ်ပါးသာရှိသလော၊ စုဒ်ရှိရကား "အပိလာပနလက္ခဏာ ဝါ" ဟူသောပါဠ်ကို မိန့်။ ဆရာ၊ သတိစေတသိက်၏ အာရုံမှ မပေါ်ခြင်းလက္ခဏာကို ဆရာ ဆိုပြန်၏။ ဆရာသာဆိုသလော၊ တစ်ပါးသောဆရာတို့ ဆိုကြပါကုန်၏လော၊ စုဒ်ရှိရကား နာဂသေနမထေရ်လည်း ဆိုကြောင်းကို ပြခြင်းငှါ "ဝုတ္တမ္ပိ ဟေတံ ။လ။ ဝိတ္ထာရေန"ဟူသောပါဠ်ကို မိန့်။

ဆရာ၊ လက္ခဏာတို့ဟူပြီ။ ဤသတိစေတသိက်၏ သတ္တိရုပ်ဟုဆိုအပ်သော ရသကား အဘယ်နည်း၊ စုဒ်ရှိရကား "အပိလာပနရသာ" ဟူသောပါဠ်ကို မိန့်။

ဆရာ၊ အာရုံမှ မပေါ်ခြင်းတည်းဟူသော အပိလာပနသဘောကိုပင် ရှေး၌လက္ခဏာဟူ၍ ဆရာဆိုပြန်၏။ ဤ၌လည်း ထိုအပိလာပန သဘောကိုပင် ရသဟူ၍ဆိုပြန်ခဲ့။ ထိုသို့ဖြစ်ပြန်လျှင် လက္ခဏာနှင့်ရသ မကွဲလွဲဟူသော အနက်သည် ရောက်ခဲ့၏။ ဤသို့စုဒ်ရှိရကား "ကိစ္စ ဝသေနေဝ ဟိဿ ဧတံ လက္ခဏံ ထေရေန ဝုတ္တံ"ဟူသော ပါဠ်ကိုမိန့်။

အဓိပ္ပါယ်ကား။ နာဂသေနမထေရ်သည် ကိစ္စကိုပင် လက္ခဏာဟု ဆိုသည်ဟူလို။

ဆရာ၊ လက္ခဏာနှင့်ရောသော ကိစ္စသာရှိသလော၊ လက္ခဏာနှင့် မရောသော ကိစ္စမရှိလော၊ စုဒ်ရှိရကား "အသမ္မောဟရသာ ဝါ"ဟူသော ပါဠ်ကိုမိန့်။

အသမ္မောဟရသာ၊ မမေ့မလျော့တတ်သောသတ္တိရှိ၏။ ဝါ၊ မမေ့မလျော့တတ်သော မောဟ၏ဆန့်ကျင်ဖက်ဖြစ်သော သတ္တိရှိ၏။

နောက်အနက်၌ အသဒ္ဒါကား ဝိရုဒ္ဓအနက်။ " သမ္မောသပစ္စနိကံ ကိစ္စံ အသမ္မောသော၊ န သမ္မောသာဘာဝမတ္တံ "ဟူသော ဋီကာပါဠ်ကြောင့်ရှု။

ဆရာ၊ "ရသ"ကိုဆိုပြီ။ သတိစေတသိက်၏ ဗျတ္တိရုပ်ဟုဆိုအပ်သော ထင်ရှားသောအမူအရာ အာကာရတည်းဟူသော ပစ္စုပဋ္ဌာန်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ဂေါစရာဘိမုခဘာဝ ပစ္စုပဋ္ဌာနာ" ဟူသောပါဠ်ကိုမိန့်။

■ ■ ■

## ၂၅-လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်အဓိပ္ပါယ်

ဤ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ကို ပရမတ္ထတရား၌ သောတုဇနအများ တို့သည် မှတ်သားလွယ်ခြင်းငှါ ပညတ်တရား၌ တင်၍ပြဦးအံ့။

ထိုသို့ သဝိညာဏကဝတ္ထု အဝိညာဏကဝတ္ထု ပရမတ္ထတရားတို့၌ သဘောသတ္တိသုံးပါးကိုပင် အဋ္ဌကထာဆရာတို့သည် လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် ဟူ၍ ဆိုကြကုန်သည်။

ထိုတွင် သဝိညာဏကဖြစ်သော ရဟန်းဒြပ်၌ ဖန်ရည်စွန်းသော အဝတ် ကိုဝတ်ခြင်း၊ မုတ်ဆိတ်ဆံပင်ကို ပယ်ခြင်းသဘောသည် "လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ။" အနေန သဘာဝေန၊ ဤဖန်ရည်စွန်းသော အဝတ်ကို ဝတ်ခြင်း မုတ်ဆိတ်ဆံကိုပယ်ခြင်း တည်းဟူသောသဘောဖြင့်။ လက္ခိတဗ္ဗံ၊ မှတ် အပ်သော ရဟန်းဒြပ်ကို။ လက္ခီယတိ၊ ဤသူကား ရဟန်းပင်တည်းဟု သိအပ် မှတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ ထိုဖန်ရည်စွန်းသော အဝတ်ကိုဝတ်ခြင်း မုတ်ဆိတ်ဆံကို ပယ်ခြင်းတည်းဟူသောသဘောသည်။ လက္ခဏံ၊ မည်၏။ ဤသို့သောဝစနတ္ထကြောင့် လက္ခဏာမည်သတည်း။ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "သဘာဝေါ ဝါ လက္ခဏံ နာမ" ဟူ၍ မိန့်သတည်း။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် သဘောသည်သာ လက္ခဏာမည်သည် မဟုတ်။ တစ်ခုသည် တစ်ခုနှင့်တူသည်၏ အဖြစ်တည်းဟူသော ဇာတ်သည် လည်း လက္ခဏာမည်သည်။

မည်ဟန်ကား သာသနာမရှိရာ တိုင်းတစ်ပါးမှလာသော ကုလားရိုင်း ကသည်းရိုင်းတို့သည် သာသနာရှိရာ တိုင်းပြည်သို့ရောက်၍ မဆွစ္စာ ရဟန်း သံဃာကိုတွေ့မြင်လျှင် ဤသူကား အဘယ်နည်း မေးလျှင် ရဟန်းဟူ၍ ပြန်ကြား သော စကားကိုမှတ်သား၍ နောက်တဖန် တစ်ဦးသောရဟန်းကို တွေ့မြင်ပြန် လျှင် မမေးမမြန်းဘဲလျှင် ရှေးတွေ့ မြင်ခဲ့ဘူးသော ရဟန်းနှင့်တူသည်၏ အဖြစ် တည်းဟူသော ဇာတ်ကိုစွဲလမ်း၍ ဤသူကား ရဟန်းဟူ၍ သိသတည်း။

ဤသို့သိရာ၌ ဇာတ်သည်ပင်လျှင် လက္ခဏာမည်၏။ လက္ခဏာမည်

ကြောင်းကား "လက္ခိယတိ လက္ခိတဗ္ဗံ ဧတာယာတိ လက္ခဏံ"တည်း။

ဧတာယ ဇာတိယာ၊ ဤရှေးတွေ့သော ရဟန်းနှင့် နောက်တွေ့သော ရဟန်း၏ တူသည်၏ အဖြစ်တည်းဟူသောဇာတ်ဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော နောက်မှတွေ့သော ရဟန်းကို။ လက္ခိယတိ၊ မဆွစွာ တွေ့သောသူသည်သာ ရဟန်းမဟုတ် ဤနောက်မှတွေ့သော သူသည်လည်း ရဟန်းပင်တည်းဟု သိအပ် မှတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာဇာတိ၊ ထိုရှေးတွေ့သော ရဟန်းနှင့် နောက်တွေ့သော ရဟန်းအချင်းချင်း တူသည်၏အဖြစ်တည်းဟူသော ဇာတ်သည်။ လက္ခဏံ၊ မည်၏။ ဤသို့ ဝစနတ္ထဖြင့် ဇာတ်သည်လည်း လက္ခဏာပင် မည်သည်။

ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "သာမညံ ဝါ လက္ခဏံ နာမ" ဟု မိန့်ဆိုတော်မူသတည်း။ သာမညံ ဟူသောပုဒ်ကို "သမဏဿ ဘာဝေါ သာမညံ" မမူလင့်၊ "သမာနဿ ဘာဝေါ သာမညံ"ဟု ဝိဂြိုဟ်မူ။ သမာနဿ၊ အချင်းချင်းတူသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဝါ၊ ဇာတ်တည်း။ သာမညံ၊ အချင်းချင်း တူသည်၏ အဖြစ်။ ဝါ၊ ဇာတ်တည်း။ ရသကား ထိုရဟန်းတို့၏ ဆွမ်းခံတတ်သော ဓလေ့သတ္တိ ဂန္ထဓုရဝိပဿနာဓုရကို အားထုတ်တတ်သော ဓလေ့သတ္တိပင် ရသမည်သည်။ ထိုဆွမ်းခံဟတ်သော သတ္တိသည် "ကရောတိ ဖလံ နိပ္ဖာဒေတီတိ ကိစ္စံ။" ယာ သတ္တိ၊ အကြင်သတ္တိသည်။ ဖလံ၊ သတ္တိအား လျော်စွာ အမူအရာအာကာရ၏ ဖြစ်ခြင်းတည်းဟူသောအကျိုးကို။ ကရောတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ သတ္တိ၊ ထိုသတ္တိသည်။ ကိစ္စံ၊ ကိစ္စမည်၏။ ဤသို့ ကတ္တုသာဓ်ဝစနတ်မူ၍ သတ္တိကို ကိစ္စဟူသတည်း။ အဘယ်ကဲ့သို့နည်းဟူမူကား စက္ခုဝိညာဏ်၏ မြင်တတ်သောသတ္တိကို ဒဿန ကိစ္စ။ သောတဝိညာဏ်၏ ကြားတတ်သောသတ္တိကို သဝနကိစ္စဟူသကဲ့သို့ လည်းကောင်း ဖဿ၏ တွေ့တတ်သောသတ္တိကို "ဖဿော ဒိမ္မောနံ သံဃဋ္ဋနာဒိ ကိစ္စေသု" ဟူသကဲ့သို့လည်းကောင်းတည်း။ "ကရမှာရိစ္စ" ဟူသောသုတ်ဖြင့် ဘောအနက်၊ ကံအနက်မှာ ရိစ္စပစ္စည်းသက်၍ ကမ္မသဓ် ဘာဝသဓ် မပြုလင့်၊ ရဟန်းဒြပ်၏ ဆွမ်းခံတတ်သော သတ္တိကိုပင် မချွတ်မယွင်း ဆွမ်းခံခြင်းတည်း

ဟူသောအမူအရာ အာကာရဟုဆိုအပ်သော ဗျတ္တိရုပ်ကို ပြီးစေတတ်သော ကြောင့် ကိစ္စဟူ၍ဆိုသတည်း။

'ရသေတိ ဖလံ နိပ္ဖာဒေတီတိ ရသော။' ယံကိစ္စံ၊ အကြင်ဆွမ်းခံ တတ်သော သတ္တိသည်။ ဖလံ၊ ဆွမ်းခံခြင်းတည်းဟူသော ဗျတ္တိရုပ်ကို။ ရသေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ကိစ္စံ၊ ထိုဆွမ်းခံတတ် သောကိစ္စသည်။ ရသော၊ ရသမည်၏။ ရသသဒ္ဒါ သည် သိန္နေဟ အနက်။ အဿာဒအနက်၌ဖြစ်၏ဟူ၍ အက္ခရစိန္တကဆရာဆိုသော်လည်း "ခာတုန် အနေကတ္ထတ္တာ" ဟူသည်နှင့်အညီ နိပ္ဖာဒနအနက်ကြံ။

ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "ကိစ္စံ ဝါ ရသော နာမ" ဟူ၍ ဆိုသတည်း။ ဤသတ္တိသည် မချွတ်မယွင်း ဗျတ္တိရုပ်ကို ပြီးစေမှသာလျှင် ရသ မည်သည် မဟုတ်၊ ဗျတ္တိရုပ်ကို မပြီးစေအံ့၊ ပြည့်စုံစွာရှိသောသတ္တိကိုလည်း ရသဟူ၍ ဆိုအပ်၏။ ဆိုဟန်ကား ပိဏ္ဍပတ်ဓူတင် ဆောက်တည်သောရဟန်း၏ ဆွမ်းခံတတ်သောသတ္တိ၏ ဆွမ်းခံခြင်းတည်းဟူသော ဗျတ္တိရုပ်ကို ဧကန်ပြီးစေ သကဲ့သို့ ထိုသို့မပြီးစေဘဲ ထမ်းပိုးဖြင့် ဒါယကာတို့ဆောင်၍ လှူအပ်သော ဆွမ်း ကို စားသောအားဖြင့် အသက်ထက်ဆုံးပင် ကြီးပွားလင့်ကစား ပြည့်စုံစွာ ဆွမ်းကို ခံတတ်သော သတ္တိရှိသည်ဖြစ်၍ ဘိက္ခုဟူ၍ ခေါ်ဝေါ်ရသည်။ ထို့ကြောင့် ပါရာ ဇိကဏ်အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။၂၀၄)၌ "ဘိက္ခာစရိယံ အဇ္ဈုပဂတော ဘိက္ခု၊ ပရ ပဋိဗဒ္ဓဇီဝိကတ္တာ ဝါ ဝိဟာရမဇ္ဈေ ကာဇဘတ္တံ ဘုဥ္ဇမာနောပိ ဘိက္ခာစရိယံ အဇ္ဈုပ ဂတောတိ ဘိက္ခု"ဟူ၍ မိန့်သတည်း။

ဤသို့ ဗျတ္တိရုပ်ကို မပြီးစေပဲ ပြည့်စုံစွာရှိသော သတ္တိကိုလည်း ရသဟု ဆိုအပ်၏။ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "သမ္ပတ္တိ ဝါ ရသော နာမ" ဟု မိန့်သတည်း။ အကျဉ်းမှတ်ဖွယ်ကား <u>ကာရကကို ကိစ္စဆိုသည်၊ သာဓနကို သမ္ပတ္တိဆိုသည်</u>။ ထိုရဟန်း၏ ဆွမ်းခံတတ်သော သတ္တိအားလျော်စွာ ဆွမ်း ခံခြင်းအမူအရာ ဗျတ္တိရုပ်ကြီယာ၏ ထင်ရှားသော အခြင်းအရာသည် ပစ္စုပဋ္ဌာန် မည်၏။ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "ဥပဋ္ဌာနာကာရော ဝါ ပစ္စုပဋ္ဌာန် နာမ" ဟူ၍ မိန့်သတည်း။

ထိုရဟန်းဒြပ်၏ ဆွမ်းခံခြင်းတည်းဟူသောအမူအရာ ဗျတ္တိရုပ်ကြိယာတည်းဟူသောအကြောင်းကြောင့် ရပ်သူရွာသားတို့၏ ဆွမ်းလောင်းခြင်းတည်းဟူသော အကျိုးသည်လည်း ပစ္စုပဋ္ဌာန်ပင် မည်သည်။ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် "ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ"ဟူ၍ မိန့်သတည်း။

ဝစနတ္ထကား။ သကသတျာနုရူပံ ပဋိပစ္ဆာ ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ။ အနက်ကား၊ သကသတျာနုရူပံ၊ မိမိဟုဆိုအပ်သောရဟန်း၏ ဆွမ်းခံတတ်သော သတ္တိအားလျော်စွာ။ ဝါ၊ ဆွမ်းခံတတ်သောသတ္တိတည်းဟူသော အာကာရအားလျော်စွာ။ ပဋိပစ္ဆာ၊ ဆွမ်းခံတတ်သောနောက်ကာလ၌။ ဥပဋ္ဌာနံ၊ ဆွမ်းခံခြင်း အမူအရာအာကာရဟုဆိုအပ်သော ဗျတ္တိရုပ်၏ ထင်ခြင်းတည်း။ ဝါ၊ ကြိယာ၏ထင်ခြင်းတည်း။ ပစ္စုပဋ္ဌာနံ၊ ထင်ခြင်း။ ဥပဋ္ဌာနာကာရကို ရစေ။

ကာရဏာနုရူပံ ပဋိပစ္ဆာ ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ။ ကာရဏာနုရူပံ၊ ဆွမ်းခံခြင်းတည်းဟူသော ကြိယာအာကာရ အကြောင်းအားလျော်စွာ။ ပဋိပစ္ဆာ၊ နောက်အခါ၌။ ဥပဋ္ဌာနံ၊ ဆွမ်းလောင်းခြင်းတည်းဟူသော အကျိုး၏ထင်ရှားခြင်းတည်း။ ဥပဋ္ဌာနံ၊ ထင်ရှားခြင်း။ ဖလပစ္စုပဋ္ဌာန်ကိုရစေ။ အကျဉ်းမှတ်ဖွယ်ကား <u>သတ္တိရုပ်ကို ရသဆိုသည်။ ဗျတ္တိရုပ်ကို ပစ္စုပဋ္ဌာန်ဆိုသည်</u>။

တစ်နည်းကား။ <u>ကာရကကို ရသဟူ၍ဆိုသည်။ ကြိယာကို ပစ္စုပဋ္ဌာန်ဟူ၍ဆိုသည်</u>။ ဤသို့ အကျဉ်းမှတ်။

ဤနည်းအတူ သဝိညာဏက အဝိညာဏက ပရမတ္ထတရားတွေ့တိုင်းယူ။

ဤသို့ပြဆိုခဲ့ပြီးသော လက္ခဏ ရသ ပစ္စုဋ္ဌာန်တို့တွင် အချို့သောဝတ္ထုကို စက္ခုဒွါရဖြင့်သာ ယူအပ်သော လက္ခဏာဖြင့် မှတ်အပ်သည်။ မှတ်ကြောင်းကား နီလာဂေါ်မုတ် ဥဿဖယား ပတ္တမြားစသော ဝတ္ထု တို့ကို ဤဝတ္ထုကား ပတ္တမြားတည်းဟူ၍ သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ဖြင့် မသိအပ်။ စက္ခုဝိညာဏ်ဖြင့်သာ သိအပ်သည်။ နားထောင်၍ မသိ။ ကြည့်ရှုမှသာ သိသည် ဟူလို။ ဤသို့အရာ၌ "လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ"တည်း။ အနေန၊ ဤနီသော အဆင်းဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော ပတ္တမြားဒြပ်ကို။ လက္ခီယတိ၊ ဤဝတ္ထုကား နီလာ ဂေါ်မုတ် ဥဿဖယားမဟုတ်။

ပတ္တမြားတည်းဟု သိအပ်မှတ်အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ရူပံ၊ ထိုနီသောအဆင်းသည်။ လက္ခဏံ၊ လက္ခဏာ မည်၏။ ထိုပတ္တမြားဒြပ်၏ များစွာ အဖိုးထိုက်သော သတ္တိသည် "ရသေတိ ဖလံ နိပ္ဖာဒေတီတိ ရသော" ယာ သတ္တိ၊ သည်။ ဖလံ၊ များစွာသော အသပြာတို့ကို ရသောအားဖြင့် ဖြစ်ခြင်းတည်းဟူသော အကျိုးကို။ ရသေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာသတ္တိ၊ ထိုများစွာသော အသပြာတို့ကို ရသောအားဖြင့် ဖြစ်စေခြင်းတည်း ဟူသော သတ္တိသည်။ ရသော၊ မည်၏။ ထိုပတ္တမြားဒြပ်ကို ရောင်းဝယ်သောအခါ များစွာသော အသပြာတို့ကို ရခြင်းတည်းဟူသော အမူအရာအာကာရသည် "သကသတ္យာနုရူပံ ပဋိပဏ္ဍာ ဥပဋ္ဌာနံ။" အနက်ကား သကသတ္យာနုရူပံ၊ ပတ္တမြား ဟုဆိုအပ်သော မိမိ၏ သတ္တိအားလျော်စွာ။ ပဋိပဏ္ဍာ၊ ရောင်းဝယ်သောကာလဟု ဆိုအပ်သော နောက်အခါ၌။ ဥပဋ္ဌာနံ၊ များစွာသော အသပြာတို့ကိုရသော အားဖြင့် ဖြစ်ခြင်းဖြင့် ထင်ခြင်းတည်း။ ပစ္စုပဋ္ဌာနံ၊ ထင်ခြင်း။ ဤသို့သော ဝစနတ္ထ ကြောင့် ပစ္စုပဋ္ဌာန်မည်၏။ ဤကား ဥပဋ္ဌာနပစ္စုပဋ္ဌာန်တည်း။ ထိုများစွာသော အသပြာကိုရခြင်းဟူသော အကြောင်းကြောင့် ဆင်၊ မြင်း၊ ကျွန်၊ နွား ဝတ်စား၊ အိမ်ရာတည်းဟူသော အကျိုးသည် ဖလပစ္စုပဋ္ဌာန်မည်၏။

ဖုတ်ပြီးသော မြေအိုးအများတွင် ဤအိုးကား ကျက်၏။ ဤအိုးကား မကျက်ဟူ၍ စက္ခုဒွါရဖြင့်ယူအပ်သော လက္ခဏာဖြင့်လည်းမသိ။ ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ဖြင့်ယူအပ်သော လက္ခဏာဖြင့်လည်းမသိ။ သောတဝိညာဏ်ဖြင့် ယူအပ်သော လက္ခဏာ ဖြင့်သာသိအပ်၏။ ကြည့်၍ နမ်း၍ လျက်၍စမ်းသပ်၍ မသိ။ ခေါက်၍စမ်းမှ သိသည်ဟူလို။ သိကြောင်းကား "လက္ခိယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ"တည်း။ အနေန၊ ဤပြော့သော အသံမာသောအသံဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော ကျက်သောအိုး မကျက်သော အိုးကို။ လက္ခိယတိ၊ ဤအိုးကားကျက်၏ ဤအိုးကား မကျက်ဟူ၍ သိအပ်မှတ် အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ ထိုပြော့သောအသံ မာသော အသံတည်းဟူသော သဘောသည်။ လက္ခဏံ၊ လက္ခဏာမည်၏။ ထိုကျက်သော အိုး၏ ခိုင်မာသောသတ္တိသည် "ရသေတိ ဖလံ နိပ္ဖာဒေတီတိ ရသော"။ ယာသတ္တိ၊ အကြင်ကြာမြင့်စွာ တည်တတ်သောသတ္တိသည်။ ဖလံ၊ ခိုင်မာခြင်း ကြာမြင့်စွာ

တည်ခြင်းဟူသောအကျိုးကို။ ရသေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ရသော၊ ရသမည်၏။ ဤသို့သော ဝစနတ္ထကြောင့် ရသမည်သည်။ ထိုအိုးကို သုံးဆောင်ချက်ပြုတ်သောကာလ၌ ကြာမြင့်စွာတည်ခြင်းဟုဆိုအပ်သော အမူအရာအာကာရသည် သကသတျာနုရူပံ ပဋိပတ္တာ ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ။

သကသတျာနုရူပံ၊ မိမိဟုဆိုအပ်သော အိုး၏ ကျက်သောသတ္တိ အားလျော်စွာ။ ပဋိပတ္တာ၊ ချက်ပြုတ်သုံးဆောင်သော နောက်အခါ၌။ ဥပဋ္ဌာနံ၊ ခိုင်မာ ကြာမြင့်စွာ တည်ခြင်း၏ ထင်ခြင်းတည်း။ ပစ္စုပဋ္ဌာနံ၊ ထင်ခြင်း။ ဤသို့သော ဝစနတ္ထကြောင့် ပစ္စုပဋ္ဌာန်မည်၏။ အိုး၏ခိုင်မာကြာမြင့်စွာ တည်ခြင်းဟုဆို အပ်သော အကြောင်းကြောင့် တဖန် မပယ်ခြင်းတည်းဟူသောအကျိုးသည် ဖလပစ္စုပဋ္ဌာန် မည်၏။

ကျွဲချိုဖြင့်ပြီးသော နားချောင်း၊ မုန်နှစ်တည်နှစ်ဖြင့်ပြီးသော နားချောင်း တို့တွင် ဤကား ကျွဲချိုဖြင့်ပြီးသော နားချောင်းတို့တည်း။ ဤကား မုန်နှစ်တည် နှစ်ဖြင့်ပြီးသော နားချောင်းဟူ၍ စက္ခုဝိညာဏ် သောတဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ဖြင့်ယူအပ်သော လက္ခဏာတို့ဖြင့် မသိအပ်။ ဃာနဝိညာဏ် ဖြင့် ယူအပ်သောလက္ခဏာဖြင့် သိအပ်သည်။ ကြည့်ရှု၍ နားထောင်၍ လျက်၍ စမ်းသပ်၍မသိ နမ်းမှသိရသည်ဟူလို။ ထိုထက် ကျွဲချို နားချောင်းကို စဉ်းငယ် ဓားဖြင့်ခြစ်၍ မီးပြင်း၌ချလျှင် အလွန်သိသာသတည်း။

လက္ခိယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ။ အနေန သဘာဝေန၊ ဤညှော်သော အနံ့တည်းဟူသောသဘောဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော ကျွဲချို နားချောင်းကို။ လက္ခိယတိ၊ ဤနားချောင်းကား မုန်နှစ်နားချောင်းမဟုတ် ကျွဲချို နားချောင်းတည်းဟု သိအပ် မှတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ ထိုညှော်သော အနံ့တည်းဟူသောသဘောသည်။ လက္ခဏံ၊ မည်၏။ ထိုကျွဲချိုနားချောင်း၏ ကွဲတတ် ပွဲတတ်သောသတ္တိသည် ရသေတိ ဖလံ နိပ္ဖာဒေ တီတိ ရသော။ ဃာသတ္တိ၊ အကြင်သတ္တိသည်။ ဖလံ၊ ကွဲခြင်း ပွဲခြင်းတည်းဟူ သော ဗျတ္တိရုပ်ဟုဆိုအပ်သောအကျိုးကို။ ရသေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ သတ္တိ၊ သည်။ ရသော၊ ၏။ ဤသို့သော ဝစနတ္ထ

ကြောင့် ရသမည်၏။ ထိုကျွဲချို နားချောင်း၏ နောက်ကာလ၌ ကွဲခြင်း ပဲ့ခြင်းဟု ဆိုအပ်သောအမူအရာ အာကာရ၏ထင်စွာဖြစ်ခြင်းသည် သကသတ္យာနုရူပံ ပဋိပတ္တာ ဥပဌာနံ ပစ္စုပဌာနံ။ သကသတ္យာနုရူပံ၊ မိမိဟုဆို အပ်သော ကျွဲချိုနား ချောင်း၏ ကွဲတတ် ပဲ့တတ်သောသတ္တိအားလျော်စွာ။ ပဋိပတ္တာ၊ နောက်ကာလ၌ ကွဲပဲ့သောအခါ၌။ ဥပဌာနံ၊ ကွဲပဲ့သောအမူအရာ အာကာရ၏ ထင်ခြင်းတည်း။ က္တတိ တသ္မာ၊ ကြောင့်။ ပစ္စုပဌာနံ၊ မည်၏။ ကွဲပဲ့ခြင်း၏ ထင်ရှားဖြစ်ခြင်းဟု ဆိုအပ်သော ဥပဌာနာကာရတည်းဟူသော အကြောင်းကြောင့် မသုံးမဆောင် ရခြင်း စွန့်ပြစ်လိုက်ခြင်းတည်းဟူသောအကျိုးသည် ဖလပစ္စုပဌာန်မည်၏။

ယမ်း, ဆား နှစ်ပါးတို့တွင် ဤသည်ကား ယမ်းတည်းဟု ဇိဝှါဒွါရမှ တစ်ပါး တစ်ပါးသော ဒွါရတို့ဖြင့် ယူအပ်သော လက္ခဏာတို့ဖြင့် သိနိုင်ခဲသည်။ ဇိဝှါဒွါရဖြင့်ယူအပ်သော လက္ခဏာဖြင့်သာ အလွန်သိအပ်သည်။

"လက္ခိယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ။" အနေန၊ ဤ ဆားကဲ့သို့ မင်သောသဘောဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော ယမ်းဒြပ်ကို။ လက္ခိယတိ၊ ဤသည်ကား ဆားမဟုတ် ယမ်းပင်တည်းဟု သိအပ် မှတ်အပ်၏။ က္တတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ လက္ခဏံ၊ မည်၏။ တေဇော ဓာတ်တည်းဟူသော မီးနှင့်ထိပါးသဖြင့် လျင်စွာလောင်တတ်သောသတ္တိသည် "ရသေတိ ဖလံ နိပ္ဖာဒေတီတိ ရသော။" ယာ သတ္တိ၊ အကြင်သတ္တိသည်။ ဖလံ၊ မီးလောင်ခြင်း တည်းဟူသော အမူအရာအာကာရ သတ္တိရုပ် ကြိယာဟုဆိုအပ် သောအကျိုးကို။ ရသေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ က္တတိ တသ္မာ၊ ကြောင့်။ ရသော၊ မည်၏။ နောက်အခါ တေဇောဓာတ်တည်းဟူသော မီးနှင့်ထိပါး၍ လောင်ခြင်း အမူအရာအာကာရ၏ ထင်ရှားစွာ ဖြစ်ခြင်းသည်။ သကသတ္យာနုရူပံ ပဋိပတ္တာ ဥပဌာနံ ပစ္စုပဌာနံ။ သကသတ္យာနုရူပံ၊ ယမ်းဟုဆိုအပ်သော မိမိ၏ သတ္တိအားလျော်စွာ။ ပဋိပတ္တာ၊ မီးနှင့်တွေ့သောအခါ နောက်ကာလ၌။ ဥပဌာနံ၊ လောင်သောအမူအရာ အာကာရဗျတ္တိရုပ်ကြိယာ၏ ထင်စွာဖြစ်ခြင်းတည်း။ ပစ္စုပဌာနံ၊ ထင်ခြင်း။ တေဇောဓာတ်တည်းဟူသော မီးနှင့်တွေ့၍ လောင်ခြင်း တည်းဟူသော အမူအရာအာကာရဟုဆိုအပ်သော ဥပဌာနာကာရတည်း

ဟူသော အမူအရာ အာကာရဟုဆိုအပ်သော ဥပဋ္ဌာနကာရတည်းဟူသော အကြောင်းကြောင့် ပြာမီးသွေး မရှိခြင်းတည်းဟူသောအကျိုးသည် ဖလပစ္စုပဋ္ဌာန် မည်၏။

ရေပူ ရေအေးနှစ်ပါးတို့တွင် ဤရေကား ရေအေးတည်းဟူ၍ ကာယဝိညာဏ်ဖြင့်ယူအပ်သော လက္ခဏာဖြင့်သာ သိအပ်သည်။ ကြွင်းသော ဝိညာဏ်ယူအပ်သော လက္ခဏာတို့ဖြင့် မသိအပ်။ လက္ခိယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ။ အနေန၊ ဤမျှသောလက္ခဏာဖြင့်။ လက္ခိတဗ္ဗံ၊ မှတ်အပ်သော ရေအေးဒြပ်ကို။ လက္ခိယတိ၊ ဤရေကား ရေအေးတည်းဟု မှတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ လက္ခဏံ၊ မည်၏။ ထိုရေအေး၏ ချိုးသော အခါ အပူအအိုက်ကို ဖျောက်တတ်သော သတ္တိသည် "ရသေတိ ဖလံ နိပ္ဖာဒေတီတိ ရသော။" ယာ သတ္တိ၊ အကြင်သတ္တိသည်။ ဖလံ၊ အပူအအိုက်ကို ဖျောက်ခြင်းတည်းဟူသောအကျိုးကို။ ရသေတိ နိပ္ဖာဒေတိ၊ ပြီးစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ သတ္တိ၊ သည်။ ရသော၊ မည်၏။

နောင်သောအခါချိုး၍ အပူအအိုက်တို့သည် ပျောက်၍ အေးမြသော အမူအရာ အာကာရ၏ထင်ခြင်း ဖြစ်ခြင်းသည် သကသတျာနုရူပံ ပဋိပစ္ဆာ ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ။ သကသတျာနုရူပံ၊ မိမိဟုဆိုအပ်သော ရေ၏ အပူအအိုက်ကို ဖျောက်တတ်သောသတ္တိ အားလျော်စွာ။ ပဋိပစ္ဆာ၊ ချိုးသောနောက်ကာလ၌။ ဥပဋ္ဌာနံ၊ အပူအအိုက်ကို ဖျောက်ခြင်းတည်းဟူသောအမူအရာ အာကာရ ဗျတ္တိရုပ် ကြိယာ၏ထင်ခြင်းတည်း။ ဥပဋ္ဌာနံ၊ ထင်ခြင်း။ အပူအအိုက်ပျောက်ခြင်း အမူအရာ အာကာရဟုဆိုအပ်သော ဥပဋ္ဌာနာကာရတည်းဟူသော အကျိုးသည် ဖလပစ္စုပဋ္ဌာန်မည်၏။ ဤနည်းကိုမှီ၍ နှစ်ဒွါရ၊ သုံးဒွါရ၊ လေးဒွါရ၊ ငါးဒွါရတို့ဖြင့်သိအပ်သော လက္ခဏာတို့ဖြင့် မှတ်အပ်သော လက္ခဏာတို့ဖြင့် မှတ်အပ်သော ဒြပ်ကိုလည်းသိလေ။

ထမင်းဒြဗ်၌ သောတဝိညာဏ်ကို ခြွင်း၍ကြွင်းသော လေးပါးသော· ဝိညာဏ်တို့ဖြင့်ယူအပ်သော လက္ခဏာတို့ဖြင့် သိအပ်သတည်း။

ဤသို့ပြဆိုခဲ့ပြီးသော ဝိညတ်ဝတ္ထုတို့၌ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်တို့ကို

ဉာဏ်ဖြင့်သိမ်းပိုက်မိလျှင် အဋ္ဌကထာတို့တွင်ရှိသော သတိသမ္ဗောဇ္ဈင်စသည်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာနတို့ကို ဟုတ်မှန်စွာ သိလိမ့်သတည်း။

ဤသို့ သဗ္ဗာသဝသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးတို့ကို လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်တို့ဖြင့် ဝေဖန်ရာ၌ ဖလပစ္စုပဋ္ဌာန်ဖြင့်သာ ဝေဖန်သည်။

အနန္တရဖြစ်သော ဓမ္မဒါယာဒသုတ်၌ ကောဓ, ဥပနာဟတို့ကို ဝေဖန်ရာ၌ ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ဖြင့်သာ ဝေဖန်သည်။

မဏိသာရမဉ္ဇူသာ၌ကား "ရသိယတိ နိပ္ဖာဒိယတီတိ ရသော၊ ကိစ္စံ။ ရသိယတိ သမ္ပဇ္ဇတီတိ ရသော၊ သမ္ပတ္တိ။ ယောဂိနော ဉာဏဿ ဥပဋ္ဌာနမေဝ အာကာရတာ ပစ္စုပဋ္ဌိယတိ ခါယတေ ပစ္စုပဋ္ဌာယတီတိ ဝါ ပစ္စုပဋ္ဌာနံ၊ ဥပဋ္ဌာနာကာရော။ ပစ္စုပဋ္ဌာနာ ဝိယာတိ အတ္တနော ပစ္စယေဟိ သမုဋ္ဌာပိယတီတိ ပစ္စုပဋ္ဌာနံ၊ ဖလံ။" ဤသို့ဟူ၏။

■ ■ ■

## ၂၅- ဓမ္မဝိစယ သမ္ဗောဇ္ဈင်-ပုဒ်စောဒနာ

ဒုတိယာဒီသု ပန စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော ။လ။ လက္ခဏာဒီဟိ စ ဝိနိစ္ဆယော ဝိညာတဗ္ဗော။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ် အဋ္ဌကထာ) (မ၊ ဋ္ဌ၊ ၁။ ၈၇။)

အရှင်အဋ္ဌကထာဆရာ၊ သတိသမ္ဗောဇ္ဈင်ကို "အတ္တတော လက္ခဏာဒီဟိ ဝိညာတဗ္ဗော" ဟူ၍ ဥဒ္ဒေသဂါထာ၌ ပြဆိုခဲ့သည်နှင့်အညီ ဆရာဖွင့်ဆိုခဲ့ပြီ။ ဤဓမ္မဝိစယသမ္ဗောဇ္ဈင်ကို "အတ္တတော လက္ခဏာဒီဟိ ။လ။ ဝိညာတဗ္ဗော" ဟူသောပုဒ်တို့ဖြင့် အဘယ်သို့ ဖွင့်မည်နည်း၊ စုဒ်ရှိရကား "ဒုတိယာဒီဟိ ။လ။ ဝိညာတဗ္ဗော" ဟူသောပါဌ်ကို မိန့်။

တနည်းကား။ ဆရာ။ "သတိသမ္ဗောဇ္ဈင် တာဝ" ဟူ၍ ပထမတ္တဝါစကတာဝသဒ္ဒါကို ဆို၏။ ထိုပထမအနက်သည် ဒုတိယစသည်ကိုထောက်၍ ဥပါဒါပညတ်အားဖြင့် ပဋ္ဌမဟူသည်။ ထိုပထမမှထောက်အပ်သော ဒုတိယစသည်ကား

အဘယ်နည်း၊ စုဒ်ရှိရကား “ အတ္ထတော လက္ခဏာ ဒီဟိ ။လ။ ဝိညာတဗ္ဗော” ဟူသောပါဠ်ကိုမိန့်။

တစ်နည်းကား။ ဆရာ ပဋမအနက် တာဝသဒ္ဒါရှိက ဝတ္တဗ္ဗန္တရာ ပေက္ခတ္တ ရှိမြဲ။ ထိုဆိုလတ္တံ့သော ငဲ့အပ်သောအနက် အထူးကား အဘယ်နည်း၊ စုဒ်ရှိရကား “ဒုတိယာဒီသု ပန ။လ။ ဝိညာတဗ္ဗော”ဟူသော ပါဠ်ကိုမိန့်။

ဆရာ၊ အတ္ထတော လက္ခဏာဒီဟိဟူရာ၌ အတ္ထအားဖြင့် အဘယ်သို့ သိအပ်သနည်း၊ စုဒ်ရှိရကား “စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော” ဟူသော ပါဠ်ကို မိန့်။

တစ်နည်းကား။ ဆရာ၊ အတ္ထတော၌ သာမညတ္ထ ဝိသေသတ္ထ နှစ်ပါးရှိသည်။ ထိုတွင် ဗောဇ္ဈင်္ဂသဒ္ဒါ၏ အနက်တည်းဟူသော သာမညတ္ထကို ရှေးနည်းကိုမှီး သိရပြီ။ ဓမ္မဝိစယသဒ္ဒါ တည်းဟူသော ဝိသေသတ္ထကို အဘယ်သို့ ဆရာပြမည်နည်း၊ စုဒ်ရှိရကား “စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော” ဟူသော ပါဠ်ကို မိန့်။

ဆရာ၊ ဓမ္မဝိစယ ပုဒ်၌အကျုံးဝင်သော ဓမ္မသဒ္ဒါ၏အနက်ကို ခန္ဓဓမ္မ၊ အာယတနဓမ္မ စသည်ကိုယူရအံ့လော၊ စုဒ်ရှိရကား “စတုသစ္စ”ဟူ၍မိန့်။ ဓမ္မသဒ္ဒါ၏ အတ္ထုဒ္ဓါရ ဥဒါဟရဏ်တို့နှင့် တင်မြဲတင်လေ။

ဆရာ၊ ဓမ္မသဒ္ဒါနှင့် ဝိစယသဒ္ဒါကို “ဓမ္မသ္သ ဝိစိနနံ ဓမ္မဝိစယော”ဟူ၍ ဆဋ္ဌီတပ္ပုရိသ်သမာသ်မူရအံ့လော၊ “ဓမ္မံ ဝိစိနနံ ဧတဿာတိ ဓမ္မဝိစယော”ဟူ၍ ဗဟုဗ္ဗီဟိသမာသ်မူရအံ့လော၊ စုဒ်ရှိရကား ဒုတိယာတပ္ပုရိသ်သမာသ်မူလေဟုပြခြင်းငှါ “စတုသစ္စဓမ္မေ”ဟူ၍မိန့်။ ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရောကဲ့သို့ နိစ္စသမာသ်လည်းမူ၊ ဝိစိနာတိဟူသောပုဒ်ကို “အာသဝန္တိ”ဟူသောပုဒ်ကဲ့သို့ တင်လေ။ ကိယာဒိဂိုဏ်းသာ ရှေးမှထူးသည်။

ဆရာ၊ ဤဓမ္မဝိစယသမ္ဘောဇ္ဈင်သည် အဘယ်လက္ခဏာရှိသနည်း၊ စုဒ်ရှိရကား “သော ပန ဝိစယလက္ခဏော”ဟူသောပါဠ်ကို မိန့်။ သတိသမ္ဗောဇ္ဈင်မှာကဲ့သို့ ဗဟုဗ္ဗီဟိနှင့်ဖြေ။

တစ်နည်းကား။ ဆရာ၊ ဤဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အဘယ် လက္ခဏာဖြင့် မှတ်အပ်သနည်း၊ စုဒ်ရှိရကား "သော ပန ဝိစယ လက္ခဏော"ဟူသောပါဌ်ကိုမိန့်။ ကမ္မသာဓ် အနက်နှင့်ဖြေ။

တနည်းကား။ ဆရာ၊ သဘာဝလက္ခဏာ သာမညလက္ခဏာ နှစ်ပါးတို့တွင် အဘယ်လက္ခဏာဖြင့် ဆရာပြမည်နည်း၊ စုဒ်ရှိရကား "သော ပန ဝိစယလက္ခဏော" ဟူသောပါဌ်ကိုမိန့်။ သဘာဝလက္ခဏာဖြင့် ပြမည်ဟူလို။

ဆရာ၊ ဤဓမ္မဝိစယသမ္ဗောဇ္ဈင်သည် အဘယ်ရသရှိသနည်း၊ စုဒ်ရှိရကား "ဩဘာသနရသော" ဟူသောပါဌ်ကိုမိန့်။ ဤဩဘာသနရသော ဟူသောပုဒ်ကို ဩဘာသနရသော၊ ထွန်းလင်းခြင်းကိစ္စရှိ၏။ ဝါ၊ ထွန်းလင်း တတ်သောဓလေ့ရှိ၏။ ဤသို့ သမွန်။

ဆရာ၊ ဤဓမ္မဝိစယသမ္ဗောဇ္ဈင်သည် အဘယ်ပစ္စုပဋ္ဌာန် ရှိသနည်း၊ စုဒ်ရှိရကား "အသမ္မောဟပစ္စုပဋ္ဌာနံ"ဟူသောပါဌ်ကိုမိန့်။ တစ်နည်းကား၊ ဆရာ၊ ဤဓမ္မဝိစယသမ္ဗောဇ္ဈင်ကို "မောဟဝိဓံသနပစ္စုပဋ္ဌာနံ"ဟူ၍ ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ဖြင့် တည်းပြမည်လော၊ သို့တည်းမဟုတ် "အသမ္မောဟပစ္စုပဋ္ဌာနံ"ဟူ၍ ဖလပစ္စုပဋ္ဌာန်ဖြင့် တည်းပြမည်လော၊ စုဒ်ရှိရကား "အသမ္မောဟပစ္စုပဋ္ဌာနံ" ဟူသောပါဌ်ကို မိန့်။ ဖလပစ္စုပဋ္ဌာန်ဖြင့် ပြမည်ဟူလို။

တစ်နည်းကား၊ ဆရာ၊ ဥပဋ္ဌာနာကာရ ဖလပစ္စုပဋ္ဌာန် နှစ်ပါးတို့တွင် အဘယ်ပစ္စုပဋ္ဌာန်ဖြင့် ပြမည်နည်း၊ စုဒ်ရှိရကား နှစ်ပါးစုံကိုပင် ပြလိုရကား "အသမ္မောဟပစ္စုပဋ္ဌာနံ"ဟူသောပါဌ်ကို မိန့်။

ဤသို့ပြရာ၌ မောဟ၏ မရှိခြင်း၊ မောဟ၏ ပျောက်ပျက်ခြင်းတည်းဟူသော ဖလကိုပြသဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ မောဟကို ဖျောက်ဖျက်ခြင်း အမူအရာ အာကာရတည်းဟူသော အကြောင်းဖြစ်သော ဥပဋ္ဌာနာကာရကို ပြခြင်းကိစ္စရှိသတည်း။ အတန္တကား၊ မှောင်မိုက်တိုက် မရှိဟူ၍ဆိုသဖြင့် ဆီမီး၏ မှောင်ကို ဖျောက်၏ဟူ၍ ဆိုသကဲ့သို့တည်း။

တစ်နည်းကား၊ ဆရာ၊ ပစ္စုပဋ္ဌာန်နှစ်ပါးတို့တွင် အဘယ်ပစ္စုပဋ္ဌာန်ကို

ပြမည်နည်း၊ စုဒ်ရှိရကား အကြောင်းဖြစ်သော ပစ္စုပ္ပန်ဖြစ်သော ပစ္စုပ္ပန်ဖြင့် ပြလိုရကား "အသမ္ဘောဟပစ္စုပ္ပန်"ဟူသော ပါဌ်ကိုမိန့်။ ဤသို့ဖြေရာ၌ ဖျောက်ခြင်းကြိယာသည် ဖျောက်တတ်သော ဝတ္ထုနှင့်မကင်းမူ၍ ဖြစ်ခြင်းကြောင့် "ယဋ္ဌတ္ထိကဿ ယဋ္ဌမာနယ"ကဲ့သို့ အဝိနာဘာဝနည်းဖြင့်ဖြေ။

■ ■ ■

## ၂၆- ဘာဝေတီတိ ပဠ္ဌဝိဓော-ပုဒ်စောဒနာ

ဘာဝေတီတိ ဝဍ္ဍေတိ၊ အတ္တနော စိတ္တသန္တာနေ ။လ။ နိဿရဏ ဝိဝေကောတိ ပဠ္ဌဝိဓော။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်အဋ္ဌကထာပါဌ်) (မ၊ ၄၊ ၁။ ၈။)

အရှင်ဆရာ၊ ဆရာသည်၊ သတိသမ္ဗောဇ္ဈင်အစရှိသော ခုနှစ်ပါးသော ပုဒ်တို့၏ အနက်တို့ကိုသာ ဖွင့်ဆိုဘိ၏။ "ဘာဝေတိ"ဟူသော ကြိယာပုဒ်နှင့် တကွ "ဝိဝေကနိဿိတံ" အစရှိသောပုဒ်တို့ကို ဆရာ မဖွင့်ဆိုခဲ့၊ ထိုပုဒ်တို့သည် ပေါ်သောအနက်ရှိကုန်သည်ဖြစ်၍ မဖွင့်ပဲ ချွင်းချန်ခဲ့သလော၊ စုဒ်ရှိရကား "ဘာဝေတီတိ ဝဍ္ဍေတိ ။လ။ ပရိပက္ကတ္တိ အယမေဝအတ္ထော ဒဋ္ဌဗ္ဗော။ သေနယော သေသဗောဇ္ဈင်္ဂေသု" ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား၊ ဆရာ၊ "အာဒိပဒါနံယေဝ တာဝ" ဟူ၍ ပဌမအနက် ရှိသော တာဝ သဒ္ဒါကိုဆို၏။ ထိုပဌမအနက်ရှိလျှင် ဝတ္တဗ္ဗန္တရာပေက္ခတ္ထရှိမြဲ၊ ထိုဝတ္တဗ္ဗန္တရာပေက္ခတ္ထကား အဘယ်နည်း၊ စုဒ်ရှိရကား "ဘာဝေတီတိ ဝဍ္ဍေတိ ။လ။ ပရိပက္ကတ္တိ အယမေဝ အတ္ထော ဒဋ္ဌဗ္ဗော၊ သေနယော သေသဗောဇ္ဈင်္ဂေသု" ဟူသောပါဌ်ကို မိန့်၊ ဘာဝေတိ ဝဍ္ဍေတိ ဟူ၍ဖွင့်ရာ၌ "ဓာတူနံ အနေကတ္ထတ္တာ၊ ယထာ ကထဉ္စိ ဗျုပ္ပတ္တိ"တို့နှင့် တင်မြဲ။

တစ်နည်းကား ဆရာ "ဘာဝေတိ" ဟူသောပုဒ်သည် ဘူဓာတ်ဖြစ်၍ ဘာဝေတိ၊ ဖြစ်စေ၏ဟူ၍ အနက်သမွန်ရအံ့လော၊ စုဒ်ရှိရကား "ဘာဝေတီတိ ဝဍ္ဍေတိ" ဟူသည်ကို မိန့်။

တစ်နည်းကား။ ဆရာ၊ ဘူတာတ် ကရတာတ်တို့သည် အလုံးစုံသောဓာတ် တို့၌ အကျုံးဝင်ရကား ဤအရာ၌ အလိုရှိအပ်သောအနက်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ဘာဝေတီတိ ဝဍ္ဎေတိ" ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား။ ဆရာ "ဘာဝေတိ" ဟူသောပုဒ်၌ ကာရိုက် ဏေပစ္စည်း တိဝိဘတ်တည်းဟူသော ဗာဟိရ၏ ဗာဟိရတ္ထကိုကား သိသာပြီ၊ ဘူဓာတ် တည်း ဟူသော အန္တ၏ အန္တတ္ထကို ဆရာအဘယ်သို့ ဖွင့်မည်နည်း၊ စုဒ်ရှိရကား "ဘာဝေ တီတိ ဝဍ္ဎေတိ" ဟူသောပါဌ်ကို မိန့်၊

တစ်နည်းကား။ ဆရာ "ဘာဝနာ ဥပ္ပါဒနာ ဝဍ္ဎနာ စ။" ဥပ္ပါဒနာ စ၊ ဖြစ်စေခြင်းသည်လည်းကောင်း။ ဝဍ္ဎနာ စ၊ ပွားခြင်းသည်လည်းကောင်း။ ဘာဝနာ၊ ဘာဝနာမည်၏။ ဘာဝနာ၊ ဘာဝနာဟူသည်။ ဥပ္ပါဒနာ စ၊ ဖြစ်စေခြင်း သည်လည်းကောင်း။ ဝဍ္ဎနာ စ၊ ပွားခြင်းသည်လည်းကောင်းတည်း။ ဤသို့ ဋီကာဆရာတို့ မိန့်ဆိုတော်မူသောကြောင့် ဤဘာဝေတိဟူသောပုဒ်၌ ဥပ္ပါဒ အနက်ကိုတည်း ယူရအံ့လော၊ ဝဍ္ဎနအနက်ကိုတည်း ယူရအံ့လော၊ စုဒ်ရှိရကား "ဘာဝေတီတိ ဝဍ္ဎေတိ" ဟူ၍ မိန့်။ ဝဍ္ဎနအနက်ရှိသည်ဟူလို။ ဤသို့တင်ခြင်းကား သောတုဇနတို့ ဉာဏ်ပွားစေခြင်းငှါတင်သည်။ အဋ္ဌကထာပြုစဉ်ကာလ ဋီကာ မရှိသေး။

ဆရာ၊ "ဘာဝေတိ"သဒ္ဒါသည် ဝဍ္ဎနအနက်ရှိကြောင်းကို ဆို၏။ ပွား၏ ဟူသည် သာသနာပွားစီးရာ၌ သံဃာတော်တို့သည် နှစ်ပါးသုံးပါး ဆယ်, ရာ, ထောင်စသည်ဖြင့် ပွားစီးခြင်းကို အပွားအစီးဟူသကဲ့သို့ သတိသမ္ဗောဇ္ဈင်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ထည့်၍နှစ်ပါး ဝီရိယသမ္ဗောဇ္ဈင်ထည့်၍သုံးပါး ဤသို့ စသည်ဖြင့် ပွားခြင်းကို ပွားစေသည်ဟူ၍ ဆိုအပ်သလော၊ စုဒ်ရှိရကား "အတ္တနော စိတ္တသန္တာနေ ပုနပ္ပုနံ ဇနေတိ"ဟူသည်ကို မိန့်။

ဆရာ၊ မိမိစိတ်၏ အစဉ်၌ အဖန်တလဲလဲ ဖြစ်စေသည်ကိုပင် ပွားစေ သည်ဟူ၏။ ထိုသို့ဖြစ်စေသော် ဖြစ်ပြီးချုပ်ပြီးသော သတိစေတသိက်ကိုပင် အဖန် တလဲလဲ ဖြစ်စေ၏ဟူသောအနက်သည် ရောက်၏။ ထိုသို့တမူကား ချုပ်ပြီးသော သတိစေတသိက်သည် တဖန်မဖြစ်လော၊ အဘယ်သို့ ဆရာစကားသင့်နိုင်ရာ

အံ့နည်း၊ စုဒ်ရှိရကား "အဘိနိဗ္ဗတ္တေတီတိ အတ္တော"ဟူသောပါဠ်ကို မိန့်၊ အဓိပ္ပာယ်ကား။ ချုပ်ပြီးသော သတိစေသတိက်သည် မလာ၊ အသစ်သစ်သော သတိစေတသိက်ကို ဖြစ်စေသည်ဟူလို။

ဆရာ၊ "ဘာဝေတိ" ဟူသော ပုဒ်ကို အဝယဝတ္ထနှင့်တကွ ပိဏ္ဍတ္ထကိုပြပြီ။ "ဝိဝေကနိဿိတံ"ဟူသောပုဒ်၏ အဝယဝတ္ထပိဏ္ဍတ္ထကို ဆရာအဘယ်သို့ ပြမည်နည်း၊ စုဒ်ရှိရကား "ဝိဝေကနိဿိတံ" စသည်ကို မိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ၊ "ဝိဝေကနိဿိတံ" ဟူသောပုဒ်ကို "ဝိဝေကနိဿိတံ ဧတဿာတိ ဝိဝေကနိဿိတံ"ဟူ၍ ဗဟုဗ္ဗိဟိ သမာသ် မူရအံ့လော၊ စုဒ်ရှိရကား "ဝိဝေကနိဿိတန္တိ ဝိဝေကေနိဿိတံ" ဟူသည်ကို မိန့်။ ကြိယာပတိဋ္ဌာပနသတ္တိကို ယူသည်ဟူလို။

တစ်နည်းကား။ ဆရာ "နိဿာယ နံ ဝသတီတိ နိဿယော" ယ-သဒ္ဒါ၏ယှဉ်ရာ၌ နံ-ဟူသောကံပုဒ်ရှိပါသည်။ "သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ" ဟူရာ၌ နိဿာယသဒ္ဒါ၏ယှဉ်ရာ၌ သဒ္ဓံ-ဟူသော ကံပုဒ်ရှိပါသည်။

နိဿာယသဒ္ဒါ နိဿိတသဒ္ဒါတို့သည် မကွဲမပြားဖြစ်သည်။ ကစ္စည်းကျမ်း၌လည်း "ဒုဋ္ဌုံ နိဿိတံ ဒုဋ္ဌုလ္လံ" ဟူ၍ ကံပုဒ်နှင့် နိဿိတတဒ္ဓိတ်ပြုပါသည်။ နိဿိတသဒ္ဒါ၏ ယှဉ်ဖက်ဖြစ်၍ "ဝိဝေကံ နိဿိတံ ဝိဝေကနိဿိတံ" ဟူ၍ ဒုတိယာတပ္ပုရိသ်သမာသ် မူသင့်သည်မဟုတ်တုံလော၊ စုဒ်ရှိရကား "ဝိဝေကနိဿိတန္တိ ဝိဝေကေ နိဿိတံ"ဟူသည်ကို မိန့်။

အဓိပ္ပာယ်ကား။ ကမ္မကာရကသတ္တိကား ထင်ရှား၏၊ ဩကာသကာရကကား မထင်ရှားသည်ဖြစ်၍ သတ္တမီတပ္ပုရိသ်သမာသ် ပြုသည်ဟူလို။

ဆရာ၊ "ဝိဝေကနိဿိတံ"ဟူရာ၌ ဝိဝေကေ၊ ဆိတ်ငြိမ်ခြင်းကြိယာ၌။ ဤသို့ အနက်သမ္ဗာန်ရအံ့လော၊ သို့တည်းမဟုတ်၊ ဝိဝေကေ၊ ကိလေသာတို့မှ ဆိတ်တတ်သော ဝိပဿနာမဂ်၌။ နိဿိတံ၊ မှီသည်တည်း။ ဤသို့ အနက်သမ္ဗန်ရအံ့ လော၊ စုဒ်ရှိရကား "ဝိဝေကောတိ ဝိဝိတ္တတာ"ဟူသည်ကိုမိန့်။ အဓိပ္ပာယ်ကား။ ဆိတ်ခြင်းကြိယာ ဆိတ်တတ်သော ဝိပဿနာမဂ်ကို မှီသည်

ဟူလို။ ဤသို့ ဖွင့်ရာ ၌ “ဝိဝိစ္စတီတိ ဝိဝိတ္တော” ဝိဝိစ္စတိ၊ ကိလေသာတို့မှ ဆိတ်တတ်၏။ ဣတိ၊ ကြောင့်။ ဝိဝိတ္တော၊ ဝိဝိတ္တမည်၏။ ဆိတ်ခြင်းကြိယာကို အကြောင်းပဝတ္တိ နိမိတ်ပြု၍ ဝိပဿနာမဂ်ကို ဟောသည်။

“ဝိဝိတ္တဿ ဘာဝေါ ဝိဝိတ္တတာ” ဝိဝိတ္တဿ၊ ကိလေသာတို့မှဆိတ်သော ဝိပဿနာ၏။ ဘာဝေါ၊ အဖြစ်တည်း။ ဝါ၊ ဆိတ်ခြင်းကြိယာ တည်း။ ဝိဝိတ္တတာ၊ ကိလေသာတို့မှ ဆိတ်တတ်သော ဝိပဿနာမဂ်၏အဖြစ်။ ဝါ၊ ဆိတ်ခြင်းကြိယာ၊ ဆိတ်ခြင်းကြိယာကိုရစေ။ ဤသို့ ကြိယာတို့မှ ဆိတ်ခြင်းကြိယာကို သတိစေတသိက်မှီ၏ဟူ၍ အဋ္ဌကထာဆရာပြသည်မှာ ကိလေသာတို့မှ ဆိတ်တတ်သော ဝိပဿနာမဂ်ကို သတိစေတသိက်မမှီဟူ၍ ပြသည်မဟုတ်၊ သတိစေတသိက်နှင့် ဝိပဿနာမဂ်တို့သည် သဟဇာတသမ္ပယုတ္တအားဖြင့် မှီသည်ကား ထင်ရှား၏။ ကိလေသာတို့မှ ဆိတ်ခြင်းကြိယာကို သတိစေတသိက်မှီသည့် အရာသာ မထင်ရှားသည်ဖြစ်၍ပြသည်။ ထို့ကြောင့် ဝိဝေကနိဿိတံဟူသော ပုဒ်ကို အနက်သမ္ဗန်ရာ၌ ဝိဝေကနိဿိတံ၊ ကိလေသာတို့မှ ဆိတ်ခြင်းကြိယာ။ ဝါ၊ ကိလေသာတို့မှဆိတ်တတ်သော ဝိပဿနာမဂ်၌မှီသော။ ဤသို့သမ္ဗန်။ ဤအဓိပ္ပာယ်ကို ဋီကာမှာရှု။

သတိသမ္ဗောဇ္ဈင်သည် ကိလေသာတို့မှ ဆိတ်ခြင်းကြိယာ ကိလေသာတို့မှဆိတ်တတ်သော ဝိပဿနာမဂ်တည်းဟူသော နှစ်ပါးစုံကိုမှီရာ၌ အရည ဝါသီ ဘိက္ခုနိဿိတဒါယကာ ဥပမာဖြင့်သိလေ။

တစ်ဦးသောဒါယကာသည် ဆိတ်ငြိမ်ခြင်းကိုလည်း အလိုရှိသည်။ သီလ သီတင်းဆောက်တည်ခြင်းငှါ ရဟန်းကိုလည်း မှီလိုသည်ဖြစ်၍ အရညဝါသီ ရဟန်း၏အထံ၌ နိစ္စမပြတ် မှီကပ်၍နေ၏။ ထိုဒါယကာသည် ဆိတ်ခြင်းကို လည်းမှီသည်။ ရဟန်းကိုလည်းမှီသည်။ ပမာပမေအစပ်ကား ဒါယကာနှင့် သတိစေတသိက်တူ၏။ တောနေရဟန်းနှင့် ဝိပဿနာမဂ်တူ၏။ လူသူပရိသတ်တို့နှင့် ကိလေသာတူ၏။ ဤသို့ စပ်ဟပ်နှိုးနှောလေ။

ဆရာ၊ ဤဝိဝေကသည် အပြားမရှိ တစ်ပါးတည်းသာလော၊ စုဒ်ရှိရကား “သွာယံ ။လ။ ပဉ္စဝိဓော”ဟူ၍ မိန့်။

တစ်နည်းကား။ ဆရာ၊ ဤဝိဝေကသဒ္ဒါသည် စန္ဒိမာသဒ္ဒါ သူရိယသဒ္ဒါ တို့ကဲ့သို့ အဘေဒန္တောဂဓလော၊ ခန္ဓသဒ္ဒါ အာယတန သဒ္ဒါ အစရှိသည်တို့ကဲ့သို့ ဘေဒန္တောဂဓ သဒ္ဒါလော၊ စုဒ်ရှိရကား ဘေဒန္တောဂဓသဒ္ဒါတည်းဟု ပြခြင်းငှါ "သွာယံ ။လ။ ပဥ္စဝိဓော"ဟူ၍ မိန့်။

ထိုတွင် လိုရင်းပါဌ်ကား "ပဥ္စဝိဓော"ဟူသည်တည်း။ ဆရာ၊ ပဥ္စဝိဓော ဟု သချာကိုဆို၏။ သချေကား အဘယ်နည်း ၊ စုဒ်ရှိရကား "သွာယံ ။လ။ နိဿရဏ ဝိဝေကောတိ"ဟူသည်ကို မိန့်။

တစ်နည်းကား။ ဆရာ၊ "ပဥ္စဝိဓော" ဟူသောသချာသည် သမာနသချာ လော၊ ဥိနကသချာလော၊ အဓိကသချာလော၊ စုဒ်ရှိရကား သမာနသချာ တည်းဟု ပြခြင်းငှါ "သွာယံ ။လ။ နိဿရဏ ဝိဝေကောတိ" ဟူသည်မိန့်။

တစ်နည်းကား။ ဆရာ၊ ငါးပါးအပြားရှိသောဟူ၏၊ ဆရာ၏ ငါးပါးသည် တတြမဇ္ဈတ္တတာစေတသိက်ကို ဆဋ္ဌင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, ဈာနုပက္ခာ, ဝိပဿနုပေက္ခာဟူ၍ ခေါ်ဝေါ်သကဲ့သို့လည်းကောင်း ဒုဝိဓော ပရိစ္စာဂဝေါဿဂ္ဂေါ စ ပက္ခန္ဒနဝေါဿဂ္ဂေါ စာတိဟူသော ဉဒါဟရုဏ် ကဲ့သို့လည်းကောင်း သညာဘေဒအားဖြင့် ပြားသလော၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသည်တို့ကဲ့သို့ ဒဗ္ဗဘေဒအားဖြင့် ပြားသလော၊ စုဒ်ရှိရကား ဒဗ္ဗဘေဒ အားဖြင့် ပြားသတည်းဟု ပြခြင်းငှါ "သွာယံ ။လ။ ပဥ္စဝိဓော နိဿရဏ ဝိဝေကောတိ" ဟူသည်ကို မိန့်။

တစ်နည်းကား။ ဆရာ၊ သာမညသဒ္ဒါဟူက ယှဉ်ဘက် ဝိသေသသဒ္ဒါနှင့် မကင်းရာ။ ခန္ဓာဟူသော သာမညသဒ္ဒါ၌ ရူပ, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဟူသော ဝိသေသသဒ္ဒါ ယှဉ်ဘက်ရှိသည်၊ အာယတနဟူသော သာမညသဒ္ဒါ၌ စက္ခု သောတ အစရှိသော ဝိသေသသဒ္ဒါ ယှဉ်ဘက်ရှိသည်၊ ဤဝိဝေကဟူသော သာမညသဒ္ဒါ၌ ယှဉ်ဘက်ဖြစ်သော ဝိသေသသဒ္ဒါကား အဘယ်နည်း၊ စုဒ်ရှိရ ကား ဝိသေသသဒ္ဒါနှင့် ယှဉ်၍ပြခြင်းငှါ "သွာယံ တဒင်္ဂဝိဝေကော ။လ။ နိဿရဏ ဝိဝေကောတိ" ဟူသည်ကို မိန့်။

ဆရာ ဆရာ၏ "ဝိဝေက"သည် အရေအတွက် အပိုင်းအခြားမရှိ

သ⌒လာ၊ စုဒ်ရှိရကား "ပဋ္ဌဝိဓော"ဟူ၍ မိန့်။ ငါးပါးထက် အယုတ်အလွန် မရှိဟူလို။

တစ်နည်းကား။ ဆရာ၊ "နိဿရဏဝိဝေကောတိ"ဟူသောပုဒ်၌ အာဒျတ္ထ အနက်ရှိသော က္ကတိသဒ္ဒါလော၊ သရူပဝတ္ထအနက်ရှိသော က္ကတိသဒ္ဒါလော၊ အာဒျတ္ထအနက်ရှိသော က္ကတိသဒ္ဒါဖြစ်၍ ထိုအာဒိသဒ္ဒါဖြင့်သိမ်းယူသော ဆရာ ပြအပ်သော ငါးပါးမှတစ်ပါး ကြွင်းသော ဝိဝေကရှိသေးသလော၊ စုဒ်ရှိရကား "ပဋ္ဌဝိဓော"ဟူသောပါဌ်ကို မိန့်။ သရူပဝတ္ထအနက်ရှိသော က္ကတိသဒ္ဒါတည်းဟူလို။

■ ■ ■

## ၂၇- သစ္စတော ထေတတော ဒိဋ္ဌိ ဥပ္ပဇ္ဇတိ-ပုဒ်စောဒနာ

"သစ္စတော ထေတတော ဒိဋ္ဌိ ဥပ္ပဇ္ဇတိ"ဟူသော ပါဠိတော်ကို "သစ္စတော ထေတတောတိ ဘူတတော စ ထိရတော စ"ဟူ၍ သံဝဏ္ဏနာမူရာ၌ အရှင် ဆရာကား "သစ္စတော"ဟူသောပုဒ်ကို "ထေတတော"ပုဒ်မှာ စပ်ပြီး၍ "ထေတတော"ပုဒ်ကို "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ"မှာ စပ်ရမည်လော၊ ဤသို့ စုဒ်ရှိရကား "ဘူတတော စ ထိရတော စ" ဟုမိန့်။ ဤ၌ စ-သဒ္ဒါနှင့်ပြသည်မှာ "သစ္စတော" ဟူသောပုဒ်ကိုလည်း "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" ပုဒ်မှာဆိုက်လေ။ "ထေတတော" ဟူသော ပုဒ်ကိုလည်း "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" ဟူသောပုဒ်မှာဆိုက်လေဟူလိုသည်။ ထိုကြောင့် စသဒ္ဒါနှင့်ချည်း သံဝဏ္ဏနာမူသတည်း။ ၎င်း "သစ္စတော ထေတတော" ဟူသော ပုဒ်သည် "ဇာနတော"ကဲ့သို့ပင်ထုတ်။

"<u>တ</u> သဒ္ဒေါ အတိဒူရဝစနော၊ <u>ဧတ</u>သဒ္ဒေါ နာတိဒူရနာတိ သမီပဝစနော။ <u>က္က</u>မသဒ္ဒေါ အတိသမီပဝစနော"ဟူရကား <u>တ</u>သဒ္ဒါသည် အလွန်ဝေးသော စကားအစွဲတည်း။ <u>ဧတ</u>သဒ္ဒါသည် မနီးလွန်း မဝေးလွန်းသော စကားအစွဲတည်း။ <u>က္ကမ</u>သဒ္ဒါကား အလွန်နီးသော စကားအစွဲတည်း။ သာမညသဒ္ဒါကား လေးပါးတည်း။ လေးပါးဟူသည်ကား ကာလပတ္တသဒ္ဒါ, မဏ္ဍလသဒ္ဒါ, တေလသဒ္ဒါ, ကန္တရသဒ္ဒါ၊ ၎င်းသဒ္ဒါတို့တွင် ကန္တာရသဒ္ဒါကို ချာသဋီကာဆရာပြသည်။

ဋီကာပါဌ်ကား "ကံ နာမ ဥဒကံ၊ တံ ဂဟေတွာ တံ အတိက္ကမိတဗ္ဗတော ကန္တာ-ရော၊ နိရုဒကဝနတံ ပဝနန္တိ ဝုစ္စတိ။ အညော ပန အရညပဒေသော ဒုရတိက္က-မနဋ္ဌေန ကန္တာရော ဝိယာတိ" ဟူသည်တည်း။

■■■

## ၂၈- သေနယော ပက္ခန္ဒနံ-ပုဒ်စောဒနာ

သေနယော ဝိရာဂနိဿိတာဒီသု။ ဝိဝေကဋ္ဌာဧဝ ဟိ ဝိရာဂါဒယော၊ ကေဝလဥ္စေတ္ထ ဝေါဿဂ္ဂေါ ဒုဝိဓော ပရိစ္စာဂဝေါဿဂ္ဂေါ ပက္ခန္ဒနဝေါဿဂ္ဂေါ စာတိ။ တတ္ထ ပရိစ္စာဂဝေါဿဂ္ဂေါတိ ဝိပဿနာက္ခဏေ စ တဒင်္ဂဝသေန မဂ္ဂက္ခဏေ စ သမုစ္ဆေဒဝသေန ကိလေသပ္ပဟာနံ၊ ပက္ခန္ဒနဝေါဿဂ္ဂေါတိ ဝိပဿနာက္ခဏေ တန္နိန္နဘာဝေန မဂ္ဂက္ခဏေ ပန အာရမ္မဏကရဏေန နိဗ္ဗာန ပက္ခန္ဒနံ။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်အဋ္ဌကထာ။) (မ၊ ဋ၊ ၁။ ၈၉။)

အရှင်အဋ္ဌကထာဆရာ၊ "သေနယော ဝိရာဂနိဿိတာဒီသု"ဟူ၍ ဆရာဆို၏။ ဝိရာဂသဒ္ဒါ နိရောဓသဒ္ဒါ ဝေါဿဂ္ဂပရိဏာမိ သဒ္ဒါတို့သည် အလုံးစုံ အကွဲအပြား အထူးမရှိသလော၊ စုဒ်ရှိရကား "ကေဝလဥ္စေတ္ထ" စသည်ကို မိန့်၏။ ဤသို့တက်ရာ၏။

ဟိ၊ ဆိုဖွယ်အထူးကို ဆိုဦးအံ့။ ကေဝလံ၊ ဝိဝေကသဒ္ဒါ၊ ဝိရာဂသဒ္ဒါ၊ နိရောဓသဒ္ဒါတို့နှင့်မရောမယှက် သက်သက်။ ဧတ္ထ၊ ဤဝေါဿဂ္ဂပရိဏာမိ ဟူသောပါဌ်၌။ ဤသို့သမ္ဗန်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ၊ "သေနယော ဝိရာဂနိဿိတာဒီသု" ဟူသောပုဒ်၌ အာဒိသဒ္ဒါဖြင့် နိရောဓနိဿိတံ ဟူသောပုဒ်၊ ဝေါဿဂ္ဂပရိဏာမိဟူသောပုဒ်တို့ကို ယူရအံ့လော၊ စုဒ်ရှိရကား "ကေဝလဥ္စေတ္ထ" စသည်ကိုမိန့်။ အဓိပ္ပါယ်ကား။ "ဝိရာဂနိဿိတာဒီသု"ဟူသောပုဒ်၌ အာဒိသဒ္ဒါဖြင့် "နိရောဓနိဿိတံ"ဟူသောပုဒ်ကိုသာ ယူလေဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ “ဧသနယော”ဟူ၍ ဆရာဆို၏။ ဤ “ဝေါဿဂ္ဂပရိဏာမိ”သည်လည်း ဝိဝေကသည် ငါးပါးပြားသကဲ့သို့ ငါးပါးပင်ပြားသလော၊ စုဒ်ရှိရကား “ကေဝလဥ္စေတ္ထ ဝေါဿဂ္ဂေါ ဒုဝိဓော” ဟူ၍ မိန့်။ သချာသချော်ထွက်နည်း၊ သမာန, ဥိနက, အဓိကသချာထွက်နည်း။ ဘေဒန္တောဂဓ အဘေဒန္တောဂဓ ထွက်နည်းတို့နှင့် တူထွက်လေ။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ “ဝေါဿဂ္ဂ”ဟူသော သာမည သဒ္ဒါ၏ ယှဉ်ဘက်ဝိသေသသဒ္ဒါကား အဘယ်နည်း၊ စုဒ်ရှိရကား ပရိစ္စာဂသဒ္ဒါ ပက္ခန္ဒနသဒ္ဒါဟူသော ဝိသေသသဒ္ဒါနှင့် ယှဉ်၍ပြလိုရကား “ပရိစ္စာဂေါ စ ပက္ခန္ဒန ဝေါဿဂ္ဂေါ စာတိ” ဟူ၍မိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ “ဒုဝိဓော” ဟုဆို၏။ ဆရာ၏ ဒုဝိဓသည် သညာဘေဒလော၊ ဒဗ္ဗဘေဒလော၊ စုဒ်ရှိရကား သညာဘေဒ တည်းဟု ပြခြင်းငှါ “ပရိစ္စာဂဝေါဿဂ္ဂေါ စ ပက္ခန္ဒနဝေါဿဂ္ဂေါ စာတိ” ဟူ၍ မိန့်။ အဓိပ္ပါယ်ကား။ ဝိပဿနာတစ်ပါးတည်းပင် ပရိစ္စာဂဝေါဿဂ္ဂဟူသော အမည်၊ ပက္ခန္ဒနဝေါဿဂ္ဂ ဟူသော အမည်နှစ်ပါးကိုရသည်။ ထို့အတူ မဂ်သည်လည်း အမည်နှစ်ပါးကို ရသည်။ ထိုကြောင့် သညာဘေဒဟူ၍ သိရသတည်း။

ဋီကာဦကား။ ဝေါဿဂ္ဂပရိစ္စာဂတ္ထော ပက္ခန္ဒနတောစာတိ ဝေါဿဂ္ဂဿ ဒုဝိဓတာ ဝုတ္တာဟူ၏။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ “ဝေါဿဂ္ဂဒ္ဒေသ”ကို “ဝေါဿဂ္ဂေါ ဒုဝိဓော”ဟူ၍ ဆရာပြ၏။ နာမဝဝတ္ထာန်ကို ဆရာအဘယ်သို့ ပြမည်နည်း၊ စုဒ်ရှိရကား “ပရိစ္စာဂဝေါဿဂ္ဂေါ စ ပက္ခန္ဒနဝေါဿဂ္ဂေါ စာတိ” ဟူ၍မိန့်။ ထိုထိုအရာတို့၌ သချာကို ရှေ့ထား၍ သချေယျကို နောက်ထား လျှင် ပါဠိတော်နည်း ဟူ၍မှတ်။ သချေယျ ရှေ့နေ၍ သချာနောက်နေလျှင် အဋ္ဌကထာနည်းဟူ၍ မှတ်။

အရှင်အဋ္ဌကထာဆရာ “ဝေါဿဂ္ဂ”သည် နှစ်ပါးပြားသော ဟူ၏။ “ပရိစ္စာဂဝေါဿဂ္ဂ”ဟူသည် အဘယ်တရား၏ အမည်နည်း၊ “ပက္ခန္ဒန ဝေါဿဂ္ဂ” ဟူသည် အဘယ်တရား၏အမည်နည်း၊ စုဒ်ရှိရကား “ပရိစ္စာဂ ။လ။ ပက္ခန္ဒနံ”

ဟူသောပါဌ်ကို မိန့်။ အဓိပ္ပါယ်ကား ဝိပဿနာမဂ်တို့၏ အမည်ဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ပရိစ္စာဂဝေါဿဂ္ဂ"ဟူရာ၌ စာဂသဒ္ဒါ ဝေါဿဂ္ဂသဒ္ဒါတို့သည် စွန့်ခြင်းပယ်ခြင်းအနက်ကိုပင် ဟောသလော၊ တစ်ပါးသောအနက်ကိုပင် ဟောသလော၊ စုဒ်ရှိရကား "တတ္ထ ။လ။ ပဟာနံ" ဟူသောပါဌ်ကို မိန့်။ ပယ်ခြင်းအနက်ကို ဟောသည်ဟူလို။ ဤအတက်ကား "ပဟာနံ" ဟူသောပုဒ်ကို မျှော်၍ တက်သည်ဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ပရိစ္စာဂသဒ္ဒါ ဝေါဿဂ္ဂသဒ္ဒါ တို့သည် စွန့်ခြင်း ပယ်ခြင်းအနက်ကို ဟောသည်ဖြစ်၍ ပဟာန်ငါးပါးကို အလိုရှိ အပ်သလော၊ စုဒ်ရှိရကား "တတ္ထ ။လ။ ပဟာနံ"ဟူသောပါဌ်ကို မိန့်။ အဓိပ္ပာယ် ကား။ တဒင်္ဂပဟာန် သမုစ္ဆေဒပဟာန်နှစ်ပါးကို အလိုရှိအပ်သည်ဟူလို။ ဤအတက်ကား တဒင်္ဂဝသေန သမုစ္ဆေဒဝသေန-ဟူသောပါဌ်ကို မျှော်သည်။

တစ်နည်းကား အရှင်အဋ္ဌကထာဆရာ "ပရိစ္စာဂဝေါဿဂ္ဂ"သည် အဘယ်ကာလ၌ ကိလေသာတို့စွန့်သည်ကို အလိုရှိအပ်သနည်း၊ အဘယ် ကာလ၌ ကိလေသာကိုပယ်သည်ကို "ပရိစ္စာဂဝေါဿဂ္ဂ"ဟူ၍ ဆိုအပ်လေ သနည်း၊ စုဒ်ရှိရကား "တတ္ထ ။လ။ ပဟာနံ" ဟူသောပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား။ ဝိပဿနာခဏ မဂ်ခဏ၌ ပယ်သည်ဟူလို။ ဤအတက် ကား ဝိပဿနာက္ခဏေ မဂ္ဂက္ခဏေဟူသောပါဌ်ကို မျှော်၍တက်သည်။ အစိတ် အစိတ်လည်းတက်လေ။

ပက္ခန္ဒနသဒ္ဒါ ဝေါဿဂ္ဂသဒ္ဒါတို့သည် ပြေးဝင်ခြင်းအနက်ကိုသာ ဟော သလော၊ တစ်ပါးသောအနက်ကိုလည်း ဟောသေးသလော၊ စုဒ်ရှိရကား "ပက္ခန္ဒနဝေါဿဂ္ဂေါတိ နိဗ္ဗာနပက္ခန္ဒနံ" ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ပရိစ္စာဂဝေါဿဂ္ဂ"သည် တဒင်္ဂ သမုစ္ဆေဒအားဖြင့် ပြားသကဲ့သို့ "ပက္ခန္ဒနဝေါဿဂ္ဂ"သည်လည်း ပြားသလော၊ စုဒ်ရှိရကား "ပက္ခန္ဒန ။လ။ နိဗ္ဗာနပက္ခန္ဒန"ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "ပရိစ္စာဂဝေါဿဂ္ဂေါ" ဟူသော

ရှေးပုဒ်ဖြင့် တဒင်္ဂဝိဝေက သမုစ္ဆေဒဝိဝေကနှစ်ပါးကို ယူလေပြီးဖြစ်၍ ပက္ခန္ဒန ဝေါဿဂ္ဂေါဟူသော နောက်ပုဒ်ဖြင့် ကြွင်းသော ဝိဝေကသုံးပါးကို "ဓမ္မော စ ဝိနယော စ" ဟူသောပုဒ်ကဲ့သို့ ဂေါဗလိဗဒ္ဒနည်းအားဖြင့် ယူရအံ့လော၊ စုဒ်ရှိရကား "ပက္ခန္ဒနဝေါဿဂ္ဂေါတိ ပက္ခန္ဒနဝေါဿဂ္ဂေါ ။လ။ နိဗ္ဗာနပက္ခန္ဒန" ဟူသောပါဠ်ကို မိန့်၊ အစိတ်အစိတ်လည်းထွက်။ ဤနည်းပုံစံကို နိယံမပြတ်သုံးသတ်၍ ပိဋကတ်သုံးပုံ၌ ပြည့်စုံစွာတင်လေ။

■ ■ ■

## ၂၉- ဣဓ ပန ဒဠ္ဌဗ္ဗော-ပုဒ်စောဒနာ

ဣဓ ပန နိဗ္ဗာနံယေဝ သဗ္ဗသင်္ခတေဟိ ဝိဝိတ္တတ္တာ **ဝိဝေကော**။ သဗ္ဗေသံ ဝိရာဂဘာဝတော ဝိရာဂေါ၊ နိရောဓဘာဝတော **နိရောဓောတိ** ဝုတ္တံ။ မဂ္ဂေါ ဧဝ စ ဝေါဿဂ္ဂပရိဏာမီ။ တသ္မာ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကံ အာရမ္မဏံ ကတွာ ပဝတ္တိယာ ဝိဝေကနိဿိတံ၊တထာ **ဝိရာဂနိဿိတံ နိရောဓနိဿိတံ**။ တဉ္စ ခေါ အရိယမဂ္ဂက္ခဏုပ္ပတ္တိယာ ကိလေသာနံ သမုစ္ဆေဒတော ပရိစ္စာဂဘာဝေန စ နိဗ္ဗာနပက္ခန္ဒနဘာဝေန စ ပရိဏတံ ပရိပက္ကန္တိ အယမေဝ အတ္ထော ဒဠ္ဌဗ္ဗော။

(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်အဋ္ဌကထာ။) ( မ၊ ဋ္ဌ၊ ၁။ ၈၉။ )

ဤ ဣဓ ပန ။လ။ အယမေဝ အတ္ထော ဒဠ္ဌဗ္ဗော ဟူသောဝါကျကို အာဒိကမ္မိကာနံ ဗောဇ္ဈင်္ဂေသု အသမ္မောဟတ္ထံ ။လ။ အတ္ထဝဏ္ဏနံ ကရိဿာမိတ်။ ဤ ဣဓ ပန လောကိယနယံ ပဟာယ လောကုတ္တရနယော ဧဝ ဂဟေတဗ္ဗော ဟူသော ရှေးစကားမှထွက်။ ထွက်ဟန်ကား-

အရှင်အဋ္ဌကထာဆရာ ဆရာသည်၊ အာဒိကမ္မိက ဘာဝနာယောဂီ ပုဂ္ဂိုလ်တို့အား ဗောဇ္ဈင်တရားတို့၌ မှောက်မှားတွေဝေခြင်းမှ ကင်းလွတ်စေခြင်းငှါ လောကီလောကုတ္တရာ အရောဖြစ်သောဗောဇ္ဈင်ကို ထင်ရှားစွာဖွင့်ဆိုမည် ဝန်ခံပြီးနောက် ဤသို့ပင် ရောနှော၍ပြလင့်ကစား လောကုတ္တရာ ဗောဇ္ဈင်တရားကိုသာယူ၊ ဤကဲ့သို့ ဆရာယူခဲ့သည်။ ဤသို့ယူအပ်သော သက်သက်သော

လောကုတ္တရာ၌ သိရသောနည်းကား အဘယ်နည်း၊ စုဒ်ရှိရကား "ဣမ ပန အယမေဝတ္ထော ဒဠှဗ္ဗော"ဟူသောပါဌ်ကိုမိန့်။

အရှင်အဋ္ဌကထာဆရာ "ဣမ ပန နိဗ္ဗာန်ယေဝ ။လ။ ဝိရာဂနိသိတံ" ဟူသောပါဌ်တို့ကို အဘယ်ကို ပြခြင်းငှါဆိုသနည်း၊ ဝိဝေက ဝိရာဂ နိရောဓ မည်သည်၏အဖြစ်ကို ပြခြင်းငှါဆိုသတည်း။

အရှင်အဋ္ဌကထာဆရာ နိဗ္ဗာန်သည်သာလျှင် ဝိဝေက ဝိရာဂ နိရောဓ မည်ကြောင်းကို ပြခြင်းငှါဆိုသောဟူ၏။ အကယ်၍ ထိုသို့ဆိုခြေသော် "သဗ္ဗဝါကျံ သာဝဓာရဏံ"ဟူသော ပရိဘာသာနှင့်အညီ ခပ်သိမ်းသောဝါကျတို့သည် အဝဓာရဏနှင့်တကွမဖြစ်။ ဧဝသဒ္ဒါရှိမှသာလျှင် အဝဓာရဏဖြစ်၏ဟူသော အနက်သည် ရောက်ခဲ့၏။ ထိုသို့တမူကား ဧဝသဒ္ဒါမရှိသော်လည်း အဝဓာရဏ အနက် ဖြစ်သင့်၏။ ထိုသို့ဖြစ်သင့်သောကြောင့် အဝဓာရဏအနက်ကိုပြခြင်း ငှါ ဧဝသဒ္ဒါကိုဆိုသောဟူ၍ ဆရာ မဆိုတန်ရာ၊ ဆိုခြေသော် အနတ္ထကဒေါသ ရောက်၏။ ဤသို့စောဒနာ ခြင်းသည် ဧဝသဒ္ဒါကို ထုတ်ပယ်၍ စောဒနာသော ကြောင့် "ပဒုဒ္ဓါရော စောဒနာပက္ခေ"ဟူသော အက္ခရစိန္တက ဆရာတို့၏ စကား နှင့်အညီတည်း။ ထိုသို့သင်စောဒကဆရာဆိုတိုင်း "သဗ္ဗဝါကျံ သာဝဓာရဏံ" ဟူသည်နှင့်အညီ ခပ်သိမ်းသောဝါကျသည် ဧဝသဒ္ဒါမရှိလျှင်းမူလည်း အဝဓာရ ဏအနက် ဖြစ်သင့်၏။ ထိုသို့ဖြစ်သင့်လျက် ဧဝသဒ္ဒါကို ငါဆိုသည်ကား-

သဒ္ဒေါပလက္ခဏာဒီဟိ၊ ပတိတတ္ထေ နိဝတ္တိတုံ။
ကရောတေဝ ဖလတ္ထေန၊ အညတ္ထာပေါဟနေနဝါ-

ဟူသောဂါထာနှင့်အညီ ထိုထိုအရာတို့၌ ဥပလက္ခဏနည်း၊ နိဒဿနည်း၊ ပဓာန နည်းအားဖြင့် လျှဉ်းပါးသကဲ့သို့ ဧဝသဒ္ဒါကို တိုက်ရိုက်ဆိုရာ၏ဟူ၍ အက္ခရစိန္တက ဆရာတို့ မိန့်ဆိုသောကြောင့် ဤအရာ၌ လောကုတ္တရာဖြစ်သော နိဿရဏ ဝိဝေက ပဋိပဿဒ္ဓိဝိဝေက နှစ်ပါး၏ လျှဉ်းပါးခြင်းကြောင့် ထိုနှစ်ပါးကို နစ်စေ ခြင်းငှါ ဧဝသဒ္ဒါကို ငါဆိုသတည်း။ "သဗ္ဗ ဝါကျံ သာဝဓာရဏံ" ဟူသည်နှင့်အညီ ခပ်သိမ်းသော ဝါကျတို့သည် အဝဓာရဏအတွင်း မဝင်သောကြောင့်ကား ဆိုသည်မဟုတ်။ မဟုတ်ဖြစ်သောကြောင့် သင်စောဒကဆရာဆိုတိုင်း အနတ္ထက

ဒေါသမရောက် ဆိုတန်၏ဟူလို။ ဤသို့ဖြေခြင်းကား စောဒကဆရာသည် ထုတ်ပယ်အပ်သော ဧဝသဒ္ဒါကိုသွင်း၍ ဖြေခြင်းကြောင့် "ပရိဟာရော ပဝေသော စေ" ဟူသော ဒုတိယပါဒနှင့်အညီတည်း။

တစ်နည်း၊ အရှင်အဋ္ဌကထာဆရာ "ဣမေ ပန နိဗ္ဗာနာယေဝ ။လ။ နိရောဓနိဿိတံ"ဟူသောပါဠ်တို့ကို အဘယ်ကို ပြခြင်းငှါဆိုသနည်း၊ သက်သက်သော လောကုတ္တရာဗောဇ္ဈင်တို့၏မှီရာ လောကုတ္တရာဝိဝေကကိုပြခြင်းငှါ ဆိုသတည်း။

အရှင်အဋ္ဌကထာဆရာ၊ သက်သက်သော လောကုတ္တရာဗောဇ္ဈင်တို့မှီရာ လောကုတ္တရာ ဝိဝေကကိုပြခြင်းငှါဆိုသောဟု ဆို၏။ အကယ်၍ ထိုသို့ဆိုခြေသော် နိဗ္ဗာန်သည်သာ လောကုတ္တရာ ဝိဝေကမဟုတ်၊ မဂ်ဟုဆိုအပ်သော သမုစ္ဆေဒဝိဝေက, ဖိုလ်ဟုဆိုအပ်သော ပဋိပဿဒ္ဓိဝိဝေကတို့သည်လည်း လောကုတ္တရာဖြစ်ခဲ့၏။

ထိုသို့ဖြစ်သောကြောင့် "မဂ္ဂဖလနိဗ္ဗာနံ ယေဝ" ဟူ၍ဆိုသင့်၏။ ထိုသို့ဆိုသင့်လျှက် နိဗ္ဗာန်ဟူ၍သာ ဆရာမဆိုတန်။ ဆိုခြေသော် အဗျာပိတဒေါသရောက်၏။ ဤသို့စောဒနာခြင်းကား မဂ်ဖိုလ်ကိုထည့်၍ စောဒနာခြင်းကြောင့် "ပဝေသော စောဒနာပေက္ခေ"ဟူသော တတိယပါဒနှင့်အညီတည်း။ ထိုသို့သင်စောဒကဆရာဆိုတိုင်း နိဗ္ဗာန်သည်သာလျှင် လောကုတ္တရာဝိဝေက မဟုတ်၊ မဂ်ဖိုလ်ဟုဆိုအပ်သော သမုစ္ဆေဒ ဝိဝေက ပဋိပဿဒ္ဓိဝိဝေကတို့သည်လည်း လောကုတ္တရာဝိဝေက ဟုတ်၏။ ထိုသို့ ဟုတ်သည်ဖြစ်လျက် "နိဗ္ဗာနံယေဝ" ဟူ၍ ငါဆိုသည်ကား ဝိဝေကနိဿိတံဟူ၍ တပ္ပုရိသ်သမာသ်မူရာ၌ ဝိဝေကအရဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်ဖြစ်သော နိဿယတရားယူ၍ နိဿိတ၏အရဖြစ်သော မဂ်ဖိုလ်ကို အာရမ္မဏိကအားဖြင့်ဖြစ်သော နိဿိတတရားယူ၍ နိဿယနိဿိတအာရုံ အာရမ္မဏိကအားဖြင့် စပ်ကြလေရကား နိဗ္ဗာန်တစ်ပါးကိုသာ ငါယူသတည်း။ သင်စောဒကဆရာဆိုတိုင်း မဂ်ဖိုလ်ဟုဆိုအပ်သော သမုစ္ဆေဒဝိဝေက ပဋိပဿဒ္ဓိဝိဝေကတို့သည် လောကုတ္တရာ မဟုတ်သောကြောင့် ဆိုသည်မဟုတ်၊ မဟုတ်ဖြစ်သောကြောင့် သင်စောဒကဆရာ

ဆိုတိုင်း အဗျာပိတဒေါသ မရောက်ဆိုတန်၏ဟူလို။ ဤသို့ ဖြေခြင်းကား စောဒကဆရာသည် မဂ္ဂသဒ္ဒါ ဖလသဒ္ဒါတို့ကို သွင်းလှာသည်ကို ပယ်၍ဖြေခြင်းကြောင့် "က္ကတရော ပရိဟာရကေ"ဟူသော စတုတ္ထပါဒနှင့်အညီတည်း။ ဤနည်းကိုမှီ၍ ဤပုဒ်တွင်ပင် ဉာဏ်ရှိသမျှ တက်ကြလေ။

ဆရာ "က္ကစ ပန နိဗ္ဗာနံယေဝ ။လ။ ဝေါဿဂ္ဂပရိဏာမိ"ဟူ၍ ဆရာများစွာ ဆိုဘိ၏။ အဘယ်အကျိုးကို မျှော်ခေါ်၍ ဆိုဘိသနည်း၊ စုဒ်ရှိရကား မိမိဆိုအပ်သောအကြောင်း စကား၏အကျိုးဖြစ်သော လဒ္ဓဂုဏ်ကိုပြခြင်းငှါ ငါဆိုသတည်းဟုပြလို၍ "တသ္မာ သတိ သမ္ဘောဇ္ဈင်္ဂ ။လ။ ဒဠှဗ္ဗော"ဟူသော ပါဌ်ကို မိန့်၏။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "က္ကစ ပန နိဗ္ဗာနံ ယေဝ။လ။ ဝေါဿဂ္ဂပရိဏာမိ"ဟူ၍ ဆိုရသဖြင့် ဆရာဝယ် အဘယ်အနက်သဘောတို့ကို ပြရခြင်းအကျိုးရှိပါသနည်း၊ သောတုဇနတို့သည် အဘယ်အနက်သဘောကို မှတ်ရခြင်းအကျိုးရှိပါသနည်း၊ အကျိုးထူးဝိသေသ မရှိလေက ဆရာမဆိုကောင်း စုဒ်ရှိရကား "တသ္မာ သတိ သမ္ဘောဇ္ဈင်္ဂ ။လ။ ဒဠှဗ္ဗော" ဟူသောပါဌ်ကို မိန့်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား ပါဌ်လျှောက်ယူ၍ ဖြေလေ။ ဤနည်းကိုမှီ၍ ဉာဏ်ကြီးလောင်းစွက်၍ "တသ္မာ တေန ဧဝံ က္ကတိ" အစရှိသော လဒ္ဓဂုဏ် လဒ္ဓဒေါသကို ပြဆိုရာ အဋ္ဌကထာ ဋီကာတို့ကို တက်လေ ထွက်လေ။

■ ■ ■

## ၃၀- ဇာနတော-ပုဒ်စောဒနာ

"ဇာနတော"ဟူသော သံဝဏ္ဏေတဗ္ဗ၌ တောသဒ္ဒါသည် "ရာဇတော ဝါ ဘူမိတော ဉဘတော"ဟူသော ဉဒါဟရဏ်၌ကဲ့သို့ တောလော၊ "သီလတော" ဟူသော ဉဒါဟရဏ်၌ကဲ့သို့ တောလော၊ "ဓမ္မတော ဩကာသတော" ၌ရှိသော တောကဲ့သို့ တောလော၊ "ယတော နိဒါနံ"ဟူသော ဉဒါဟရဏ်၌ရှိသော တောကဲ့သို့ တောလော၊ ဤသို့ စုဒ်ရှိရကား "သီလတော"ဟူသော တောကဲ့သို့ "သီလေ" ဟု ပြတော်မူလိုသည်ဖြစ်၍ "ဇာနတော"ကို "ဇာနန္တဿ"ဟု အဋ္ဌကထာဆရာ

သံဝဏ္ဏနာမူလေသတည်း။ ဤသည်ကား ဥဒါဟရဏ်ကိုကိုင်၍ စောဒနာခြင်းတည်း။

အရှင် ။လ။ ဆရာ "ဇာနတော"၌ရှိသော တောသည် အပါဒါန်အနက်၌သက်သော တောလော၊ ဆဋ္ဌီအနက်၌သက်သော တောလော၊ ဤသို့ စုဒ်ရှိရကား ဆဋ္ဌီအနက်၌သက်သော တောဟု သိစေခြင်းငှါ ဇာနတောကို "ဇာနန္တဿ" ဟု အဋ္ဌကထာဆရာ သံဝဏ္ဏနာမူလေသတည်း။

အရှင်အဋ္ဌကထာဆရာ၊ ဇာနတော၌ တောသဒ္ဒါသည် "ကွစိတော ပဉ္စမျတ္ထေ" ဟူသောသုတ်၏ အစီအရင်လော၊ "သမ္ပဒါနေ စ" ဟူသောသုတ်၏ အစီအရင်လော၊ "လိင်္ဂတ္ထေ ပဌမာ" ဟူသောသုတ်၏ အစီအရင်လော၊ "သာမိသ္မိံ ဆဋ္ဌီ"ဟူသောသုတ်၏ အစီအရင်လော၊ ဤသို့စုဒ်ရှိရကား "သာမိသ္မိံ ဆဋ္ဌီ" ဟူသောသုတ်၏ အစီအရင်တည်းဟု သိစေခြင်းငှါ "ဇာနတော" ကို "ဇာနန္တဿ" ဟု အဋ္ဌကထာဆရာ သံဝဏ္ဏနာမူလေသတည်း။ "ဇာနတော" ဟူသော သံဝဏ္ဏေ တဗ္ဗ၌ အန္တဗာဟျတ်နှစ်ပါးတို့တွင် အန္တဟုဆိုအပ်သလော၊ ဓာတ်အနက်ကို ဖွင့်မည်လော၊ ဗာဟျတ်ဟုဆိုအပ်သော ပစ္စယတ္ထ ဝိဘတ္တျတ္ထကိုတည်း ဖွင့်မည်လော၊ စုဒ်ရှိရကား ဗာဟျတ်ဟုဆိုအပ်သော ဝိဘတ္တျတ္ထကို ဖွင့်အပ်သတည်းဟု ပြလိုရကား "ဇာနတော" ကို "ဇာနန္တဿ" ဟူ၍ အဋ္ဌကထာဆရာ သံဝဏ္ဏနာမူလေသတည်း။ အဓိပ္ပါယ်ကား။ ဝိဘတ္တျတ္ထကို ဖွင့်၏ဟူလို။

■ ■ ■

## ၃၁- ဒဿနာ-ပုဒ်စောဒနာ

တတ္ထ ဒဿနာ ပဟာတဗ္ဗာတိ ဒဿနေန ပဟာတဗ္ဗာ။

(မူလပဏ္ဏာသ သဗ္ဗာသဝသုတ်အဋ္ဌကထာ)။ (မ၊ ၄၊ ၁။ ၆၉။)

အရှင်အဋ္ဌကထာဆရာ "ဒဿနာပဟာတဗ္ဗာ"ဟူသောပုဒ်ဝယ် ဒဿနာ၌ပါသော အာသည် "ပုရိသသ္မာ" ဟူသော ဥဒါဟရဏ်၌ သ္မာဝိဘတ်၏ ကာရိယဖြစ်သော အာကဲ့သို့ အာလော၊ "ပုရိသာ ပုရိသေ" ဟူသော ဥဒါဟရဏ်၌ ပဌမာ ယောဝိဘတ်ကို အာပြု၍ ပြီးသော အာကဲ့သို့ အာလော၊ "ဗြဟ္မာ အတ္တာ"

ဟူသော ဥဒါဟရုဏ်၌ သိဝိဘတ်ကို အာပြု၍ပြီးသော အာကဲ့သို့ အာလော၊ ယင်းသို့ မဟုတ်တမူကား "သတ္ထာရာ ပိတရာ မာတရာ ဘာတရာ" ဟူသော ဥဒါဟရုဏ်၌ကဲ့သို့ "နာ အာ"ဟူသောသုတ်ဖြင့် အာပြုပြီးသော အာကဲ့သို့ အာလော၊ ဤသို့ သောတုဇနအပေါင်းတို့က စောဒနာရန်ရှိရကား "ဒဿနာ ပဟာတဗ္ဗာ" ဟူသောပါဌ်ကို မိန့်ဆိုတော်မူသတည်း။ ထိုပါဌ်၏ အဓိပ္ပာယ်ကား "သတ္ထာရာ" ဟူသော ဥဒါဟရုဏ်တို့၌ နာဝိဘတ်ကို အာပြု၍ပြီးသော အာကဲ့သို့ အာ အပြုဟူလို။ ဤကား ငါတို့ ဆရာတော်ဘုရားကြီး၏ အလိုတော်။

တစ်နည်းကား။ "ဟေတွတ္ထေ စ" ဟူသောသုတ်၌ ယောဂဝိဘာဂဖြင့် သ္မာဝိဘတ်ကို အာပြု၍ပြီးသည်ဟု ဂေါဂဏနည်းအားဖြင့် ပြသည်ဟူလို။ တစ်နည်း။ အရှင်အဋ္ဌကထာဆရာ "ဒဿနာ"၏အတ္ထသည် အပါဒါန်အနက်လော၊ ပထမာအနက်လော၊ လိင်္ဂတ္ထအနက်လော၊ ဟိတ်အနက်လော၊ သို့ကား မဟုတ် ကရိုဏ်းအနက်ဟူ၍တည်း မှတ်ရအံ့လော၊ ဤသို့စုဒ်ရှိရကား "ဒဿနာ ပဟာတဗ္ဗာတိ ဒဿနေန ပဟာတဗ္ဗာ" ဟူသောပါဌ်ကိုမိန့်။ ထိုပါဌ်၏ အဓိပ္ပာယ်ကား ကရိုဏ်းအနက်ဟူလို၊ တစ်နည်းကား၊ ဟိတ်အနက်ဟူလို။

တစ်နည်းကား၊ အရှင်အဋ္ဌကထာဆရာ "ဒဿနာ"ဟူသော ပုဒ်ဝယ် ဆွယ်ကပ်လျက်ပါသော အာသည် "သ္မာ သ္မိံ နံဝါ" ဟူသောသုတ်ဖြင့် စီရင်၍ ပြီးကောင်းသလော၊ သို့တည်းမဟုတ် "သဗ္ဗယောနီန မာဧ" ဟူသောသုတ်ဖြင့် စီရင်၍ တည်းပြီးကောင်းသလော၊ သို့တည်းမဟုတ် "သျာ စ" ဟူသောသုတ်ဖြင့် စီရင်၍ တည်းပြီးကောင်းသလော၊သို့တည်းမဟုတ် "နာ အာ" ဟူသောသုတ်ဖြင့် စီရင်၍ တည်းပြီးကောင်းသလော၊ သို့တည်းမဟုတ် "ဟေတွတ္ထေ စ" ဟူသော သုတ်၌ ယောဂဝိဘာဂဖြင့် ဟိတ်အနက်၌သက်သော သ္မာဝိဘတ်ကို စီရင်၍ တည်းပြီးကောင်းသလော၊ ဤသို့စောဒနာဖွယ်ရှိ၍ စုဒ်စောဒနာခြင်းကို အရင်း မူသဖြင့် မြွက်ဟသံချို မိန့်ဆိုလိုရကား "ဒဿနာ ပဟာတဗ္ဗာတိ ဒဿနေန ပဟာတဗ္ဗာ"မိန့်။ ထိုပါဌ် အဓိပ္ပာယ်ကား "နာ အာ"ဟူသောသုတ်ဖြင့် ပြီးသည် ဟူလို။ ငါတို့ ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်။

တစ်နည်းကား။ နွားရိုင်းကို နွားယဉ်ဖြင့် မျှားဘမ်း၍ယူသကဲ့သို့ ဟိတ်

အနက်၌ မထင်ရှားသော သွာဝိဘတ်ကို ဟိတ်အနက်၌ ထင်ရှားသော နာ ဝိဘတ်ဖြင့် ပြသည်ဟူလို။ (ဋီကာဆရာတော်အလို။)

■ ■ ■

## ၃၂- မနသိကာရ-ပုဒ်စောဒနာ

**မနသိကာရာတိ** မနသိကာရဟေတု။

(မူလပဏ္ဏာသအဋ္ဌကထာ)။ (မ၊ ဋ္ဌ၊ ၁။ ၇၀။ )

အရှင်အဋ္ဌကထာဆရာ "မနသိကာရာ" ဟူသောဝါကျ၌ ပါသော အာ သည် "သတ္ထာရာ ပိတရာ မာတရာ" ဟူသော ဝါကျ၌ပါသော အာ-အပြုကဲ့သို့ အာလော၊ သို့ကားမဟုတ်၊ "ပုရိသာ ပုရိသေ"ဟူသော ဥဒါဟရုဏ်၌ပါသော ယောဝိဘတ်၏ ကာရိယဖြစ်သော အာ-အပြုလော၊ ယင်းသို့မဟုတ် "ပုရိသာ ပုရိသ္မာ" ဟူသော ဥဒါဟရုဏ်၌ သွာဝိဘတ်၏ ကာရိယဖြစ်သော အာအပြုကဲ့သို့ အာလော၊ ဤသို့စောဒနာဖွယ်ရှိ၍ ဧကံသဗျာကရဏအားဖြင့် ဖြေလိုရကား "မနသိကာရာတိ မနသိကာရ ဟေတု"ဟူသော ပါဌ်ကိုမိန့်။ ထိုပါဌ်၏ အဓိပ္ပာယ် ကား "ပုရိသာ ပုရိသ္မာ"ကဲ့သို့ "ဟေတွတ္ထေ စ"ဟူသောသုတ်၌ ယောဂဝိဘာဂဖြင့် သက်သော သွာဝိဘတ်၏ ကာရိယဖြစ်သော အာ-အပြုဟူလို။

အရှင်အဋ္ဌကထာဆရာ "မနသိကာရာ"ဟူသောဝါကျ၌ ပါသော အာသည် "နာ အာ" ဟူသောသုတ်ဖြင့် နာဝိဘတ်ကို အာပြု၍ပြီးသော အာကဲ့သို့ အာလော၊ ယင်းသို့မဟုတ် "သဗ္ဗယောနီနမာဧ"ဟူသောသုတ်ဖြင့် ပဌမာ ယောဝိဘတ်ကို အာပြု၍ပြီးကောင်းသော အာကဲ့သို့ အာလော၊ ယင်းသို့မဟုတ် "သျာ စ" ဟူသောသုတ်ဖြင့် သိဝိဘတ်ကို အာပြု၍ ပြီးကောင်းသောအာကဲ့သို့ အာလော၊ ယင်းသို့မဟုတ် "သ္မာ သ္မိံ နံ ဝါ"ဟူသောသုတ်ဖြင့် သ္မာဝိဘတ်ကို အာပြု၍ ပြီးကောင်းသော အာကဲ့သို့ အာလော၊ ဤသို့စုဒ်ရှိရကား "မနသိကာရာ တိ မနသိကာရဟေတု"ဟူသောပါဌ်ကို မိန့်။ အဓိပ္ပာယ်ကား။ "သ္မာ သ္မိံ နံ ဝါ" ဟူသောသုတ်၏ အစီအရင်ဟူလို။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ "မနသိကာရာ" ဟူသောပါဌ်၌

အတ္ထသည် ကရိုဏ်းအနက်လော၊ ပဋ္ဌမာအနက်လော၊ ယင်းသို့မဟုတ် လိင်္ဂတ္ထ အနက်လော၊ ယင်းသို့မဟုတ် အပါဒါန်အနက်လောဟူ၍ ငါတို့ သောတုဇနများ အမြဲမှတ်ရအံ့လော၊ ဤသို့ စောဒနာရန်ရှိ၍ ထိုသို့သော စောဒနာခြင်းကို အရင်း မူသဖြင့် ဖြေဆိုတော်မူလိုသော ပရိဟာရဆရာသည် ဇေကံသဗျာကရဏအားဖြင့် ဖြေလိုရကား "မနသိကာရာတိ မနသိကာရဟေတု" ဟူသောပါဌ်ကို မြွက်ဟ သံချို မိန့်ဆိုသတည်း။

■■■

## ၃၄- အယောနိသော-ပုဒ်စောဒနာ

သော ဇဝံ အယောနိသော အနုပါယေန ဥပ္ပထေန မနသိကရောတိ။
(မူလပဏ္ဏာသအဋ္ဌကထာ၊ သဗ္ဗာသဝသုတ်။) (မ၊ ဋ၊ ၁။ ၇၀။)

အရှင်အဋ္ဌကထာဆရာ "သော ဇဝံ အယောနိသော" ဟူသောဝါကျ၌ ပါသော "သော" သည် "မနသော"ကဲ့သို့ "သော" လော၊ "သုမေဓသော"ကဲ့သို့ "သော"လော၊ "ဒီဃသော ဩရသော"ကဲ့သို့ "သော" လော၊ "အတ္ထသော ဗျဉ္ဇန သော"ကဲ့သို့ "သော" လော၊ "ပုရိသော"ကဲ့သို့ "သော"လော၊ စုဒ်ရှိရကား "သော ဇဝံ အယောနိသော" စသည်ကိုမိန့်။ "အတ္ထသော ဗျဉ္ဇနသော"ကဲ့သို့ "သော" ဟူလို။

အရှင်အဋ္ဌကထာဆရာ၊ သမ္ပဒါန်အနက်လော၊ အပါဒါန်အနက်လော၊ အဿတ္ထိအနက်လော၊ ပဋ္ဌမာအနက်လော၊ ကရိုဏ်း အနက်လော၊ စုဒ်ရှိရကား "သော ဇဝံ အယောနိသော အနုပါယော အနုပါယေန ဥပ္ပထေန" စသည်ကို မိန့်။ ကရိုဏ်းအနက်ဟူလို။

အရှင်အဋ္ဌကထာဆရာ "အယောနိသော" ဟူသောပါဌ်၌ သောသည် "သဿစော" ဟူသောသုတ်ဖြင့် စီရင်ပြီးသော သောလော၊ "တဒဿတ္ထိတိဝိစ" ဟူသောသုတ်ဖြင့် အစီအရင် သောလော၊ "သော" ဟူသောသုတ်ဖြင့် အစီအရင် သော လော၊ "ဒီဃောရေဟိ" ဟူသောသုတ်ဖြင့် အစီအရင် သော လော၊ "သောဝါ" ဟူသောသုတ်၏ အစီအရင်လော၊ စုဒ်ရှိရကား "အယောနိသော ဥပါယေန

ဥပ္ပဇ္ဇထေန မနသိကာရောတိ" ဟူသောပါဌ်ကိုမိန့်။ "သော ဝါ" ဟူသောသုတ်၏ အစီအရင်ဟူလို။

■ ■ ■

## ၃၅- မနသိကရဏီယေ-ပုဒ်စောဒနာ

**မနသိကရဏီယေ ဓမ္မေ နပ္ပဇာနာတီတိ** အာဝဇ္ဇိတဗ္ဗေ သမန္နာ ဟရိတဗ္ဗေ ဓမ္မေ န ပဇာနာတိ။ (မူလပဏ္ဏာသ အဋ္ဌကထာ။) (မ၊ ၄၊ ၁။ ၆၉။)

အရှင်အဋ္ဌကထာ "မနသိကရဏီယေ" ဟူသောပါဌ်၌ မနသိကာရသဒ္ဒါ အန္တတ် ဗာဟျတ်နှစ်ပါးတို့တွင် အန္တတ်ကိုတည်း ဖွင့်မည်လော၊ ဗာဟျတ်ကိုတည်း ဖွင့်မည်လော၊ ဤသို့ သောတုဇနတို့ လှုပ်ခြောက်ရကား အန္တတ်, ဗာဟျတ် နှစ်ပါးလုံးကိုပင် ဖွင့်ပြတော်မူလို သော အဋ္ဌကထာဆရာသည် "မနသိ ကရဏီယေ" စသည်ကိုမိန့်။ အဓိပ္ပာယ်ကား၊ ကရဓာတ်ဟုဆိုအပ်သော အန္တတ်၏ အာဝဇ္ဇနတ္ထတည်းဟူသော အန္တတ္ထ အနီယပစ္စည်းတည်းဟူသော ဗာဟိရ၏ ကမ္မတ္ထဟုဆိုအပ်သော ဗာဟျတ်နှစ်ပါးစုံကိုပင် ဖွင့်မည်ဟူလို။

တစ်နည်းကား။ "မနသိကရဏီယေ ဓမ္မေ န ပဇာနာတိ" ဟူသော ဝါကျ၌ "မနသိကာရ"သည် အာရမ္မဏမနသိကာရ၊ ဝီထိပဋိပါဒကမနသိကာရ၊ ဇဝနပဋိပါဒကမနသိကာရဟုဆိုအပ်သော သုံးပါးသောမနသိကာရတို့တွင် မနောဒွါရာ ဝဇ္ဇန်းဟုဆိုအပ်သော ဇဝနပဋိပါဒကမနသိကာရကို ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် "မနသိကရဏီယေ ။လ။ အာဝဇ္ဇိတဗ္ဗေ" စသည် ကိုမိန့်။

■ ■ ■

## ၃၆- ကံအထူး

ကံသည် အပြစ်မရှိသော အနဝဇ္ဇကံ၊ အပြစ်ရှိသော သာဝဇ္ဇကံဟူ၍ နှစ်ပါးအပြားရှိ၏။ ဓုတင်၊ ဓုတင်ကို။ ရက္ခတိ၊ စောင့်၏။ ဤကား မစောင့်သော် လည်း အပြစ်မရှိသည့် ကံမှတ်။ "သီလံ ရက္ခတိ" ပုဒ်၌ကား သီလမစောင့်လျှင် အပြစ်ရှိသည့်ကံမှတ်။

■ ■ ■

## ၃၇-သန္ဓိနှင့်သမာသ်အထူး

<u>သန္ဓိစပ်ခြင်း သမာသ်စပ်ခြင်းအထူးကား</u> သန္ဓိစပ်ခြင်းမှာ ဝိဘတ် မကျေမပျောက်မူ၍ စပ်ခြင်း၊ သမာသ်စပ်ခြင်းမှာ ဝိဘတ်ကျေပျောက်၍ စပ်ခြင်းတည်း။ တစ်နည်းကား၊ သန္ဓိစပ်ခြင်းမှာ ပုဒ်နှစ်ပါးတို့ကို မဖျက်မူ၍ စပ်သည်။ သမာသ် စပ်ခြင်းမှာ ပုဒ်နှစ်ပါးတို့ကိုဖျက်၍ စပ်သည်။ ပြယုဂ်ကား "ယဿိန္ဒြိယာနိ၊ ပဥ္စိန္ဒြိယာနိ"တို့မှာ သန္ဓိစပ်ခြင်း သိသာ၏။ သမာသ်စပ်ခြင်းမှာ ကထိန-ဒုဿံ စသည်တို့မှာ သိသာထင်ရှား၏။

■ ■ ■

## ၃၈-အဿတ္ထိတဒ္ဓိတ်နှင့် ဗဟုဗ္ဗီဟိသမာသ်အထူး

<u>အဿတ္ထိတဒ္ဓိတ်နှင့် ဗဟုဗ္ဗီဟိသမာသ် နှစ်ပါးတို့၏အထူးကား</u> အဿတ္ထိတဒ္ဓိတ်မှာ ဝိဂြိုဟ်ဝါကျအခိုက် တစ်ပုဒ်တည်း သာရှိ၏။

<u>ဗဟုဗ္ဗီဟိသမာသ်ကား</u> ဝိဂြိုဟ်ဝါကျအခိုက် နှစ်ပုဒ်သုံးပုဒ်ရှိ၏။ ဤကား အဿတ္ထိတဒ္ဓိတ်နှင့် ဗဟုဗ္ဗီဟိ နှစ်ပါးတို့၏ အထူးတည်း။ အဿတ္ထိတဒ္ဓိတ်ကား ယေဘုယျနည်းအားဖြင့် နှစ်ပုဒ်သုံးပုဒ်ခွဲ၍ ဖွင့်လိုလျှင် ဖြစ်ကောင်းသောကြောင့် သံဝဏ္ဏေတဗ္ဗဝိဂြိုဟ်တည်း။ ဗဟုဗ္ဗီဟိသမာသ်ကား သံဝဏ္ဏနာဝိဂြိုဟ်တည်း။ အဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ် ပြယုဂ်ကား "စတုသစ္စကမ္မဋ္ဌာနံ ဧတဿ အတ္ထီတိ စတုသစ္စကမ္မ ဋ္ဌာနိကော" ဟူသည်တည်း။ ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ် ပြယုဂ်ကား "စတုသစ္စပမုခေန ပဝတ္တံ ကမ္မဋ္ဌာနံ ဧတဿာတိ စတုသစ္စကမ္မဋ္ဌာနိကော" တည်း။ ဤဝိဂြိုဟ်နှစ်ပါးတို့တွင် အဿတ္ထိ တဒ္ဓိတ်ဝိဂြိုဟ်၌ "စတုသစ္စကမ္မဋ္ဌာနံ" ဟူသော တစ်ပုဒ်တည်းကို "စတုသစ္စပမုခေန ပဝတ္တံ ကမ္မဋ္ဌာနံ"ဟု နှစ်ပုဒ်ခွဲ၍ ဗဟုဗ္ဗီဟိသမာသ် ဝိဂြိုဟ်ဖွင့်လိုလျှင် ဖြစ်ကောင်းသောကြောင့် သံဝဏ္ဏေတဗ္ဗ ဝိဂြိုဟ်မည်၏။ ဗဟုဗ္ဗီဟိသမာသ် ဝိဂြိုဟ်သည် ၎င်းအဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ်ကို နှစ်ပုဒ်ခွဲ၍ ဖွင့်ကြောင်းဖြစ်သောကြောင့် သံဝဏ္ဏနာဝိဂြိုဟ်မည်၏။

■ ■ ■

## ၃၉-ဒိဋ္ဌိဂတ-ပုဒ်စောဒနာ

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒိဋ္ဌိဂတန္တိအာဒီသု ဣဒန္တိ ဣဒါနိ ဝတ္တဗ္ဗဿ ပစ္စက္ခနိဒဿနံ၊ ဒိဋ္ဌိဂတသမ္ဗန္ဓေန စ ဣဒန္တိ ဝုတ္တံ၊ န ဒိဋ္ဌိသမ္ဗန္ဓေန၊ တေ့ စ ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ ဂူထဂတံ ဝိယ၊ ဒိဋ္ဌီသု ဝါ ဂတံ ဣဒံ ဒဿနံ ဒွါသဋ္ဌိ အန္တော ဂဓတ္တာတိပိ ဒိဋ္ဌိဂတံ။ ဣဒဥ္စ အတ္ထိမေ အတ္တာတိအာဒိ ဒိဋ္ဌိယာ ဂမနမတ္တမေဝ၊ နတ္ထေတ္ထ အတ္တာ ဝါ နိစ္စော ဝါ ကောစီတိ ဝုတ္တံ ဟောတိ။

(မူလပဏ္ဏာသအဋ္ဌကထာ။) (မ၊ ၄၊ ၁။ ၇၄။)

တ-သဒ္ဒေါ အတိဒူရဝစနော၊ တေသဒ္ဒေါ နာတိဒူရနာတိ သမီပဝစနော။ ဣမသဒ္ဒေါ အတိသမီပဝစနောဟု သဒ္ဒါအရာ လိမ္မာပြွမ်းတီး တတ်မြောက်ပြီး သောဆရာကြီးတို့ မိန့်ဆိုလေရကား "ဣဒံ ဝုစ္စတိ ဘိက္ခဝေ" အစရှိသော ပါဠိတော်ပါဠ်တို့၌ရှိသော ဣဒံသဒ္ဒါသည် ဣမသဒ္ဒါ၏ ကာရိယဖြစ်၍ သမီပအနက်ကို ဟောသည်၊ ထိုသမီပသည်လည်း ကာယသမီပ စိတ္တသမီပအားဖြင့် နှစ်ပါး ရှိသည်တွင် ဒေသကပုဂ္ဂိုလ်တို့၏ဉာဏ်၌ ပြန်လှန်ကာဖြစ်ရကား ပစ္စက္ခအားဖြင့် စိတ္တသမီပအာသန္နကို ဟောသည်။ ဝုတ္တာပေက္ခ, ဝုစ္စမာနာပေက္ခ နှစ်ပါးတို့တွင် လည်း ဝုစ္စမာနာပေက္ခဖြစ်၍ ဒိဋ္ဌိဂတံကိုပင် စွဲသတည်းဟု ပြတော်မူလိုရကား "ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒိဋ္ဌိဂတန္တိ အာဒီသု ဣဒန္တိ ဣဒါနိ ဝတ္တဗ္ဗဿ ပစ္စက္ခ နိဒဿနံ" စသည်ကိုမိန့်။ ထိုပါဠ်၏ အဓိပ္ပာယ်ကား။ သမီပဟူလိုသော်။ ဣဒံကား နပုံဖြစ်၍ ဒိဋ္ဌိဂတနှင့်သာစပ်၍ ဣဒံဟုဟောသည်။ ဣတ္ထိလိင်ဒိဋ္ဌိနှင့်စပ်၍ မဟောဟူလို။ ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ ဂူထဂတံ ဝိယပြု။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ ဂတပုဒ်ကို အနက်မရှိ တဗ္ဘောကြံ၍ "ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ"ဟု ဝိဂြိုဟ်ဝစနတ် လှစ်ဖွင့်ခဲ့၏။ "န တု သဒ္ဒါ အနတ္ထာ"တု၊ စင်စစ်။ အနတ္ထာ၊ အနက်မှကင်းကုန်သော။ ဝါ၊ အနက်မရှိကုန်သော။ သဒ္ဒါ၊ သဒ္ဒါတို့သည်။ န၊ ပိဋကတ်သုံးပုံမှာမရှိ။ ဤသို့သဒ္ဒါအရာ၌ လိမ္မာပြွမ်းတီး ကမ်း ခပ်ပြီးသောဆရာကြီးတို့ မိန့်ဆိုတော်မူကြသော လောကတံထွာ ပရိဘာသာ ရှိသောကြောင့် ကျောက်ဖြာမှာ တွယ်သောမျှောသည် အစွဲအလမ်းကို မရသကဲ့သို့ ဆရာဝိဂြိုဟ်ဝစနတ် လှစ်ဖွင့်သောစကားသည် ထောက်ရာတည်ရာ အစွဲ အလမ်းလည်း မရှိခဲ့။

"လောကောပစာရေနေ ဂဟဏသိဒ္ဓိ"။ လောကောပစာရေန၊ ကမ္ဘာဦးသူ လူပညာရှိတို့၏ အမှတ်သင်္ကေတ လောကဝေါဟာရ ထုံးတမ်းပုံစံဖြင့်။ ဂဟဏ သိဒ္ဓိ၊ သဒ္ဒါသဘော လောကဝေါဟာရ၏ ပြီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ ဝိဇာနေယျ သပ္ပညဝါပညာရှိ ကဝိသုခမိန်တို့ မိန့်ဆိုတော်မူသော လောကဝေါ ဟာရ ဥဒါန်းစဉ်ရှည် အစဉ်စကား နေလအသွင် ထင်ရှားသောကြောင့်လည်း ကောင်း၊ "ဥပမာယမိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"။

(ဇာ၊ ၂။ ၅၅။ ဇာ၊ ၄၊ ၅။ ၂၆၉။)

က္ခ၊ ဤလောကခတ်၌။ ဧကစ္စေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိ တို့သည်။ ဥပမာယ၊ ဝေဟာသကောင်းကင်ပြင်ဝယ် နေလအသွင်ထင်ရှားသော လောကူပမာဖြင့်။ အတ္ထံ။ သဒ္ဒါလက်ာရ အတ္ထာလင်္ကာရစသောအနက်ကို။ ဇာနန္တိ၊ သိကြကုန်၏။

ဤသို့ လောကဝေါဟာရအရာ ဥပမာစသော လောကအလုံးကို သိမ်းရုံး ကုန်စင် သိမြင်တော်မူသော လောကဝိဒူ သယမ္ဘူ သဗ္ဗညုမြတ်စွာဘုရား ဟော ထားမိန့်လာ သာသနာဝေါဟာရ ဥဒါန်းစဉ်ရှည် အစဉ်စကား နေလအသွင် ထင်ရှားသောကြောင့်လည်းကောင်း ဝိဂ္ဂြိုဟ်ဝစနတ် တဗ္ဘော, သွတ္တ, ဓာတ်, ပစ္စည်း စသော သဒ္ဒါသဘောဟူကလည်း ယုံကြည်ရာ ယုံကြည်ကြောင်း ဥဒါဟရုဏ် ဥပမာလောင်းစွက်၍ ပြက်ပြက်ထင်ထင် လက်ဝါးပြင်ဝယ် တင်ထားသော ပတ္တမြားကဲ့သို့ ထင်ရှားစွာပြဆိုမှသာလျှင် သောတုဇန သုဏန္တ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့ မုချဆတ်ဆတ် မှတ်သိလွယ်ရာပါသည် မဟုတ်တုံလော ၊ စုဒ်ရှိရကား "ဂူထဂတံ ဝိယ" ဟူသော ဥပမာပုဒ်ကို မိန့်။

အဓိပ္ပာယ်ကား။ "ဂူထဂတံ" ဟူသောဥပမာပုဒ်ကို ကြေးမုံမှန်ဝ ရိပ်ပမာ ပညာသတိ မိမိစိတ်ဝယ်ထား၍ "ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ"ဟူသော ဥပမေယျ အတ္ထ သံဝဏ္ဏနာကို သင် သောတုဇန သုဏန္တ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ ယုံမှားသံသယ ဒွေဋ္ဌက ဒွိဟနှစ်ခွ မရှိစေရ မုချဆတ်ဆတ် မှတ်သိလေဟူလိုသော်။ "ဒိဋ္ဌိသု ဝါ ဂတံ ဒိဋ္ဌိဂတံ" ဟုပြ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာကား "ဒိဋ္ဌိဂတံ"ဟူသောပုဒ်၌ ဂတသဒ္ဒါကို အနက်မရှိ တဗ္ဘောကြံ၍ "ဒိဋ္ဌိယေဝ ဂတံ ဒိဋ္ဌိဂတံ"ဟူသော အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထဝိဂြိုဟ် လှစ်ဆိုဖွင့်ပြ မိန့်ဟသင့်တင့် ကြူးရင့်ဘိ၏။

ဤ"ဒိဋ္ဌိဂတံ" ဟူသောပုဒ်သည် လောကီဖြစ်သော ရသေ့ဣသိ မုနိတို့ ပြဆိုမြွက်ဟ ကြူးရင့်ကြသော ပါဠ်ပဒမဟုတ်၊ သမ္မာသမ္ဗုဒ္ဓ သယမ္ဘူဉာဏ်ရှင် ဖြစ်တော်မူသော ရှင်စောဘုရားကိုယ်တော်တိုင် သာမုက္ကံသိကအားဖြင့် ဟော ကြားမြွက်ဟ ပြသကြူးရင့်တော်မူသော ပါဠ်ပဒဖြစ်ရကား သမန္တပါသာဒိကပဒ ဖြစ်၍ အထူးထူးအထွေထွေ ရှာဖွေလိဆယ်၍ အသွယ်သွယ်အဝဝ ဝစနတ္ထ ဝိဂြိုဟ် လှစ်ဆိုဖွင့်ပြ မိန့်ဟသင့်တင့် ကြူးရင့်သင့်သေးသည် မဟုတ်တုံလော၊ စုဒ်ရှိရကား "ဒိဋ္ဌီသု ဝါ ဂတံ"ဟူသော ပါဠ်ကိုမိန့်။ ထိုပါဠ်၏အဓိပ္ပါယ်ကား ထက်ဝန်းကျင် ဉာဏ်ရှင်လျှင်ဖြစ်သော ဟာသဇဝနတိက္ခပညာ သံဝဏ္ဏနာ ကျမ်းတတ်ဆရာမြတ်တို့ ပသာဒဂုဏ်မြောက်အောင် ဖွင့်ဆောင်ကောင်းသော "သမန္တပါသာဒိကပဒ"ဖြစ်ရကား ရှေ့ပုဒ်နောက်ပုဒ်အရပြား ဘိန္နာဓိကရဏ ကြံ၍ "ရုက္ခေ သာခါ" ဟူသောပုဒ်ကဲ့သို့ အာဓာရ,အာဓေယျ အဖြစ်ဖြင့် "ဒိဋ္ဌီသု ဂတံ ဒိဋ္ဌိဂတံ" ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝိဂြိုဟ်ဝစနတ် လှစ်ဖွင့်အပ်သေး၏ ဟူလိုသော်။

ဤအဓိပ္ပာယ်ကောက်ယူခြင်းကား အကျဉ်းသဒ္ဒေပ အတ္ထန္တရကို ထွန်းပြ တတ်သော ဝါ-သဒ္ဒါကို အသီးအခြားမငဲ့ပဲ ဇောတေတဗ္ဗတ္ထကိုသာငဲ့၍ ကောက်ယူသော အဓိပ္ပါယ်တည်း။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ဆရာကား "ဒိဋ္ဌိဂတံ" ဟူသော ပုဒ်ဝယ် ဒိဋ္ဌိသဒ္ဒါတို့ကို အရတူ သမာနာဓိကရဏကြံ၍ ဒိဋ္ဌိယေဝ ဂတံ ဒိဋ္ဌိဂတံ ဟု အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထဝိဂြိုဟ် လှစ်ဆိုဖွင့်ပြ မိန့်ဟသင့်တင့် ကြူးရင့်ဘိ၏။ ဤ "ဒိဋ္ဌိဂတံ"ဟူသောပုဒ်ကို တ္တကဲ့သို့သော အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထဝိဂြိုဟ်ကိုသာ လှစ်ဆိုဖွင့်ပြ မိန့်ဟသင့်တင့် ကြူးရင့် သင့်ကောင်းသလော၊ ဤမှတစ်ပါးသော ဝိဂြိုဟ်ဝစနတ္ထကို လှစ်ဆိုဖွင့်ပြ မိန့် ဟသင့်တင့် ကြူးရင့်သင့်တင့်သော် မသင့်ကောင်းပြီလော၊ စုဒ်ရှိရကား "ဒိဋ္ဌီသု

ဝါ ဂတံ ဒိဋ္ဌိဂတံ”စသော ပါဌ်ကိုမိန့်။ ထိုပါဌ်တို့တွင် ဖြေလိုရင်းပါဌ်ကား ဝါ ဟူသည်တည်း။ ထိုပါဌ်၏အဓိပ္ပါယ်ကား တစ်နည်း တဝိကပ် ဝစနတ္ထဝိဂြိုဟ်ကို လှစ်ဆိုကြံုးရင့်သင့်တင့် ကြံုးရင့်ဦးအံ့ဟူလိုသော်။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် “ဒိဋ္ဌိဂတံ” ဟူသော ပုဒ်ဝယ် အဝဓာရဏကမ္မဓာရာယ်သမာသ် ဝစနတ္ထဝိဂြိုဟ်ကို လှစ်ဆိုကြံုးရင့် ဖွင့်ပြဘိ၏။ ဤ “ဒိဋ္ဌိဂတံ” ဟူသောပုဒ်၌ ဤကဲ့သို့သော ဝိဂြိုဟ်ဝစနတ်ကိုသာ လှစ်ဖွင့်ကြံုးရင့် ပြဆိုအပ်သလော၊ “သဒ္ဒယုတ္တတ္ထ ယုတ္တီဟိ ဒ္ဓိဟိ လက္ခဏေဟိ သမ္ပန္နော ဝစနတ္ထော ကာတဗ္ဗော၀၊ န သမ္ပန္နော န ကာတဗ္ဗော။” သဒ္ဒယုတ္တိ သဒ္ဒါသဘော ဟောစွမ်းနိုင်သော အက္ခရစိန္တက သဒ္ဒဝိဒူဆရာမြတ်တို့၏ ဝေါဟာရစကားနှင့် သင့်တင့်လျော်ကပ်ခြင်းလည်းကောင်း။ အတ္ထယုတ္တိဝေါဟာရစကားအတိုင်း အနက်သဘော၏ လျော်ကပ်ဖြောင့်မတ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဟိလက္ခဏေဟိ၊ နှစ်ပါးကုန်သော သဒ္ဒယုတ္တိလက္ခဏာ အတ္ထယုတ္တိလက္ခဏာတို့နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ ဝစနတ္ထော၀၊ ဝိဂြိုဟ်ဝစနတ်ကိုသာလျှင်။ ကာတဗ္ဗော၊ ပြုအပ်၏။ ဝါ၊ ကြံုးအပ်၏။ န သမ္ပန္နော၊ သဒ္ဒယုတ္တိလက္ခဏာ အတ္ထယုတ္တိလက္ခဏာနှစ်ပါးနှင့် မပြည့်စုံသော ဝိဂြိုဟ်ဝစနတ်ကို။ န ကာတဗ္ဗော၊ မပြုအပ်။ ဝါ၊ မကြံုးအပ်။ ဤသို့သဒ္ဒါအရာတို့မှာ ကမ်းရပ် ကမ်းခပ်ပြီးသော အက္ခရစိန္တက သဒ္ဒပါရဂူဝိညူ အများပြထားအပ်သော လောကဝေါဟာရ ပရိဘာသာစကားသည် ကောင်းကင်ဝယ် နေလအသွင် ထင်ရှားလေသောကြောင့် သဒ္ဒယုတ္တိ အတ္ထယုတ္တိ နှစ်ပါးစုံရှိက မိမိလက္ခဏာ သဘာ၀ အလျောက် လျော်ကပ်သင့်ကောင်းသော တစ်ပါးသော ဝိဂြိုဟ်ဝစနတ်ကိုလည်း လှစ်ဖွင့်ကြံုးရင့် ပြဆိုအပ်ကောင်းသေးသည် မဟုတ်တုံလော၊ စုဒ်ရှိရကား “ဒိဋ္ဌီသု ဝါ ဂတံ” စသောပါဌ်ကိုမိန့်။ ထိုပါဌ်တို့တွင် ဖြေလိုရင်းပါဌ်ကား ဝါ ဟူသည်တည်း။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ၊ ဆရာကား “ဒိဋ္ဌိဂတံ” ဟူသော ပုဒ်ဝယ် ရှေ့ပုဒ်နောက်ပုဒ်အရတူ သမာနာဓိကရဏသမာသ် ဝစနတ္ထဝိဂြိုဟ်ကိုသာ ကြံုးဆိုကြံုးရင့် ဖွင့်လှစ်ဘိ၏။ ဤသို့သော သမာနာဓိကရဏသမာသ်

ဝစနတ္ထဝိဂြိုဟ်ကိုသာ ကြင်းဆိုကြူးရင့် ဖွင့်လှစ်ကောင်းသလော၊

**နာနာ ကာရဏံ ပဋိစ္စ၊ ဓာတုပစ္စယဝိဂ္ဂဟံ။**
**စိန္တကာနံ ပဘာဝေါ၀၊ ပဉ္ဉာနံ ဟောတိ စိန္တနေ။**

နာနာကာရဏံ၊ သံဝဏ္ဏနာကျမ်းတတ် ဆရာမြတ်တို့သည် မှတ်သား ထောက်ဆ ရည်သန်ညွှန်းပြအပ်သော အထူးထူးအပြားပြား များစွာသော အကြောင်း ပဝတ္တိနိမိတ်ကို။ ပဋိစ္စ၊ စွဲမှတ်၍။ ဓာတုပစ္စယ ဝိဂ္ဂဟံ၊ ဓာတ်, အထူးထူးသောပစ္စည်း အထူးထူးသော ဝိဂြိုဟ်ဝစနတ်ကို။ စိန္တနေ၊ ကြံစည်ဖွင့်ဆို သောအရာ၌။ စိန္တကာနံ၊ ကြံစည်ဖွင့်ဆိုနိုင်စွမ်းသော အက္ခရစိန္တက သဒ္ဒဝိဒူဆရာ မြတ်တို့၏။ ပဘာဝေါ၀၊ စိန္တာမယ ဉာဏ်စွမ်းအံ့ ပဋိဘာန်သည်သာလျှင်။ ပဉ္ဉာနံ၊ ပြဋ္ဌာန်းမွန်မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ သဒ္ဒသဘော လောကဝေါဟာရ ဝစနတ္ထဝိဂြိုဟ် ဖွင့်ဆိုသောအရာ၌ ကမ်းတစ်ဘက်ရောက် ကူးမြောက်ပြီးသော နေတစ်ဆူ လတစ်ဆူ သဒ္ဒဝိဒူ ပါရဂူဖြစ်တော်မူကြပေကုန်သော အက္ခရစိန္တက သဒ္ဒါဆရာတို့ ပရိဘာသာ လာရှိလေသောကြောင့် အထူးထူးသော အကြောင်း ကို စွဲမှတ်၍ ဓာတ်ပစ္စည်းဝိဂြိုဟ်ကို ဖွင့်ဆိုကြံစည်သည်ရှိသော် ဖွင့်ဆိုကြံစည် နိုင်စွမ်းသော အက္ခရစိန္တက သဒ္ဒဝိဒူဆရာတို့၏ စိန္တာမယဉာဏ်စွမ်းအံ့ ပဋိဘာန် သည်သာလျှင် ပမာနဖြစ်သင့်လေရကား တစ်ပါးသောအကြောင်း ပဝတ္တိနိမိတ်ကို စွဲမှတ်၍ တစ်ပါးသောဝိဂြိုဟ် ဝစနတ်ကို ကြူးရင့်ဖွင့်ပြသော် မသင့်ကောင်းပြီ လော၊ သင့်သဖြင့် ဆရာပြကောင်းပါသေးသည် မဟုတ်တုံလော၊ ဆရာပြသဖြင့် ငါတို့ သောတုဇန သုဏန္တ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့ သီးသန့်ပိုင်းခြား မှတ်သား ရပါသည် မဟုတ်တုံလော၊ သီးသန့် ပိုင်းခြား မှတ်သားရသဖြင့် သိတိုင်းကျင့်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင်သော လောကီလောကုတ္တရာအကျိုး ဖွံ့ဖြိုး ရာပါသည် မဟုတ်တုံလော၊ စုဒ်ရှိရကား "ဒိဋ္ဌိသု ဝါ ဂတံ" စသော ပါဌ်ကိုမိန့်။ ထိုပါဌ်တို့တွင် ဖြေလိုရင်းပါဌ်ကား "ဝါ" ဟူသည်တည်း။

- အရှင်အဋ္ဌကထာဆရာ၊ ဆရာကား၊ တစ်နည်း တဝိကပ် ဝစနတ္ထဝိဂြိုဟ် လှစ်ဆိုဖွင့်ပြ မိန့်ဟသင့်တင့် ကြူးရင့်ဦးအံ့ဟု ဝါ သဒ္ဒါကို ဆရာဆို၏။ ဆရာ တစ်နည်း တဝိကပ်ဟူသည် အဘယ်နည်း၊ ဆရာ ဝါသဒ္ဒါဖြင့် ထွန်းပြအပ်သော

ဇောတေတဗ္ဗ ဝိကပ္ပန္တရအတ္ထကား အဘယ်နည်း၊ ဆရာ ဝါသဒ္ဒါဖြင့် ထွန်းပြအပ်သော ဝိကပ္ပန္တရအတ္ထ သရုပ်ကိုထုတ်၍ ဆရာ မပြမဆိုက ငါတို့ သောတုဇန သုဏန္တ ဓမ္မပဋိဂ္ဂါဟက မန္တပညာစာသင်သားတို့ အဘယ်သို့ သိနိုင်ရာပါအံ့နည်း၊ စုဒ်ရှိရကား "ဒိဋ္ဌိသု ဝါ ဂတံ ဒိဋ္ဌိဂတံ" စသောပါဌ်ကိုမိန့်။ ထိုပါဌ်၏ အဓိပ္ပါယ်ကား "ဒိဋ္ဌိသု ဂတံ ဒိဋ္ဌိဂတံ"ဟူသော သတ္တမီတပ္ပုရိသ်ဝိဂ္ဂဟသည် ဝါသဒ္ဒါဖြင့် ထွန်းပြအပ်သော ဇောတေတဗ္ဗ ဝိကပ္ပန္တရ အတ္ထဖြစ်၏ ဟူလိုသော်။

ဤနည်းကိုမှီး၍ ဉာဏ်ကြီးသလောက် လောင်းစွက်ခါ "အထ ဝါ အပိ စ အပရော ပိသဒ္ဒါ စသဒ္ဒါ" လာရှိသည်အရာတို့၌ စိန္တာမယဉာဏ်ကို ဖန်ဖန် စေခိုင်း၍ သိုင်းကြီးရိုက်ခပ်လေ။

အရှင်အဋ္ဌကထာဆရာ၊ ဤသို့ဝစနတ္ထပြုလျှင် သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိပါသလော၊ ဂေါ အဿ အတ္ထီတိ ဂေါ။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ဂေါ၊ ဝိပဿနာပညာသည်။ အတ္ထိ၊ ရှိ၏။ က္လတိ၊ ကြောင့်။ ဂေါ၊ မည်၏။ သာမိကဿ ဝစနံ သုဏာတီတိ သုနက္ခော။ ယော၊ သည်။ သာမိကဿ၊ အရှင်ဖြစ်သော မြတ်စွာဘုရား၏။ ဝစနံ၊ ပိဋကတ်သုံးပုံစကားတော်ကို။ သုဏာတိ၊ ၏။ က္လတိ၊ ကြောင့်။ သော၊ သည်။ သုနက္ခော၊ မည်၏။ ဤကဲ့သို့ သဒ္ဒယုတ္တိသာရှိ၍ အတ္ထယုတ္တိမရှိလေသလော၊

ဂရုံ ဘာရံ ဂစ္ဆတီတိ ဂေါ။ ဂရုံ ဘာရံ၊ လေးစွာသောဝန်ကို။ ဂစ္ဆတိ၊ ဆောင်ယူတတ်၏။ က္လတိ၊ ကြောင့်။ ဂေါ၊ မည်၏။ ဤကဲ့သို့ သဒ္ဒယုတ္တိသာရှိ၍ အတ္ထယုတ္တိ မရှိလေသလော၊ ဤဝစနတ္ထတို့ကဲ့သို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိမရှိခဲ့လျှင် ဆရာ၏ ဝစနတ္ထကို အသို့ယုံကြည်ရပါအံ့နည်း၊ စုဒ်ရှိရကား "က္လဒံ ဒဿနံ ဒွါသဋ္ဌိ အန္တောဂဓတ္တာတိပိ ဒိဋ္ဌိဂတံ" ဟူသောပါဌ်ကို မိန့်ဆိုတော်မူသတည်း။

■ ■ ■

## ၄၀-ကန္တာရပုဒ် စောဒနာ

ကန္တာသဒ္ဒါ မဏ္ဍလသဒ္ဒါ တေလသဒ္ဒါ တာလပတ္တသဒ္ဒါတို့ကား ပိဋကတ်သုံးပုံ၌ သာမညသဒ္ဒါတို့တည်း။ သာမညဖြစ်ဟန်ကား မဏ္ဍလသဒ္ဒါ ဖြစ်ရင်းသည် မဏ္ဍံ လာတိ ဂဏှာတီတိ မဏ္ဍလော။ မဏ္ဍံ၊ ကြည်လင်သည်ကို။ လာတိ ဂဏှာတိ၊ ယူတတ်၏။ က္လတိ၊ ကြောင့်။ မဏ္ဍလော၊ မည်၏။ နေဝန်း လဝန်း

ကိုရ၏။ နောက်ကာလရှည်လျားသဖြင့် လှည်းဘီး,ဗန်း,စကော ကသိုဏ်း ဝန်းတို့ သည်လည်း နေဝန်းလဝန်းနှင့်တူသောကြောင့် မဏ္ဍလပင်မည်၏။ ထိုကြောင့် သာမညသဒ္ဒါ ဖြစ်၏။ ဖြစ်ရင်းနေလကိုယူလျှင် သူရိယမဏ္ဍလ၊ စန္ဒမဏ္ဍလဟု သူရိယသဒ္ဒါ စန္ဒသဒ္ဒါပါမှသာလျှင် ဖြစ်ရင်းနေလကိုရ၏။

"တိလဿ ဣဒံ တေလံ" တိလဿ၊ နှမ်း၏။ ဣဒံ၊ ဥစ္စာတည်း။ တေလံ၊ နှမ်း၏ဥစ္စာ။ နှမ်းဆီကိုရ၏။ ကာလရှည်လျားသဖြင့် သားဆီ မုန့်ညှင်းဆီ သစ်မဥ္ဇူဆီတို့သည်လည်း "တေလ" ပင်မည်ပြန်၏။ ဖြစ်ရင်း နှမ်းဆီကို လိုလျှင် "တိလတေလံ"ဟု တိလသဒ္ဒါပါမှသာလျှင် နှမ်းဆီကို ရတော့သည်။

ကန္တာရဖြစ်ရင်းကား ကံ ဥဒကံ ဂဟေတွာ တံဝနံ အတိက္ကမိ တဗ္ဗတော ကန္တာရော။ ယောပဒေသော၊ အကြင်အရပ်သည်။ ကံဥဒကံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ တံဝနံ၊ ထိုတောကို။ အတိက္ကမိတဗ္ဗတော၊ လွန်မြောက်အပ်သည်၏ အဖြစ်ကြောင့်။ သောပဒေသော၊ သည်။ ကန္တာရော၊ ၏။ ကာလရှည်လျားသဖြင့် သမင်သားရဲခိုးသူတို့ဖြင့် ခဲယဉ်းသောအရပ်သည်လည်း လွန်မြောက်နိုင်ခြင်း တူရကား ကန္တာရပင်ဖြစ်၏။ ဖြစ်ရင်းကန္တာရကိုလိုလျှင် ဥဒကကန္တာရဟုဆိုမှ သာလျှင် ဖြစ်ရင်းကန္တာရကိုရသည်။ ထိုကြောင့် ပိဋကတ်သုံးပုံဝယ် သာမည သဒ္ဒါဖြစ်၏။

အရှင်အဋ္ဌကထာဆရာ၊ ဆရာကား "ဒိဋ္ဌိသဒ္ဒါ"ကို ဒိဋ္ဌိဟူ၍သာ မဟော လျှင်းပဲ ကန္တာရသဒ္ဒါကိုလှောက်၍ ဒိဋ္ဌိကန္တာရောဟူ၍ ဟောတော်မူခဲ့သည်။ အဘယ်သို့သော သဘောသတ္တိ ဗျပ္ပတ္တိလက္ခဏာသဘာဝ အခြင်းအရာ အားဖြင့် မိစ္ဆာအယူနှင့် ခရီးခဲသည် တူကြလေသနည်း၊ စုဒ်ရှိရကား "ဒုရတိက္ကမနဋ္ဌေန စ သပ္ပဋိဘယဋ္ဌေန စ"ဟူသောပါဠ်ကိုမိန့်။

အဓိပ္ပာယ်ကား။ မိစ္ဆာအယူနှင့် ခရီးခဲသည် လွန်မြောက်နိုင်ခဲသော အခြင်းအရာ ဘေးဘျမ်းနှင့်တကွဖြစ်သော အခြင်းအရာ အာကာရအားဖြင့် တူကြသတည်းဟူလို။

တစ်နည်းကား။ ဆရာ "ကန္တာရော ဝိယာတိ ကန္တာရော၊ ဒိဋ္ဌိဧဝ ကန္တာ ရော ဒိဋ္ဌိကန္တာရော"ဟု ဒိဋ္ဌိကန္တာရောဟူသောပုဒ်ကို ဥပမာတဒ္ဓိတ် အဝဓာရဏ

ကမ္မဓာရာယ်သမာသ်ဖြင့်ဝိဂြိုဟ်မှုအပ်သည်။ ဤသို့ ဥပမာတဒ္ဓိတ် ဝိဂြိုဟ်မှုရာ၌ သဗ္ဗသဒိသူပမာလော ၊ ဧကဒေသူပမာလော၊ ဤသို့ စုဒ်ရှိရကား ဧကဒေသူပမာ တည်းဟု ပြခြင်းငှါ "ဒူရတိက္ကမနဋ္ဌေန စ သပ္ပဋိ ဘယဋ္ဌေန စ" ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား။ ဆရာ "ဒိဋ္ဌိကန္တာရော"ဟူသောပုဒ်ကို ဥပမာတဒ္ဓိတ် ဝိဂြိုဟ်မှုရာ၌ ဥပမာ ဥပမေယျ၊ ဥပမာန ဥပမာဇောတကဟူသောပုဒ်ဖြင့် သိသာပြီ။ ဥပမေယျကိုလည်း "ဒိဋ္ဌိ" ဟူသောပုဒ်ဖြင့် သိသာပြီ။ ဥပမာဇောတကကို လည်း ဝိယသဒ္ဒါဖြင့်သိရပြီ။ ပမာပမည်း နှစ်ရပ်တို့၏ အချင်းချင်းတူသည်၏ အဖြစ်တည်းဟူသော သဒိသဘော ဂုဏ်ဟုဆိုအပ်သော ဥပမာကို ငါတို့ မသိရ သေး၊ ဆရာ အဘယ်သို့ ပြမည်နည်း၊ ဤသို့စုဒ်ရှိရကား "ဒူရတိက္ကမနဋ္ဌေန စ သပ္ပဋိ ဘယဋ္ဌေန စ" ဟူသောပါဌ်ကိုမိန့်။ ဤနည်းကိုမှီး၍ ပိဋကတ်သုံးပုံတွင် အဋ္ဌကထာ ဋီကာတို့မှာ ထွက်လေ။

■ ■ ■

## ၄၁–ဒဿေတုံ–ပုဒ် စောဒနာ

"အာသဝါနံ ပဟာနံ ဒဿေတုံ" ဟူသောဝါကျ၌ ဆရာပြအံ့သောငှါ ဆိုသောဟုဆို၏။ အဘယ်ကို ပြအံ့နည်း၊ မြီးမြီးဝါးဝါးသော တရားကိုတည်း ပြမည်လော၊ စုဒ်ရှိရကား "အာသဝါနံ ပဟာနံ" မိန့်။ ပညတ်တက်။

အရှင်အဋ္ဌကထာဆရာ၊ "ဒဿေတုံ" ၌ ဒိသဓာတ်၊ ထိုဒိသဓာတ်သည် လည်း သကမ္မကဓာတ် အကမ္မကဓာတ် နှစ်ပါးတို့တွင် သကမ္မကဓာတ်ဖြစ်ခဲ့၏။ သကမ္မကဓာတ်ဖြစ်ကလည်း ကံနှင့်မကင်းစကောင်း၊ မကင်းစကောင်းပဲလျက် ကံနှင့်ကင်းခြေသော် ကမ္မ-ကမ္မီဆန့်ကျင်သော ဒေါသမရောက်ပြီလော၊ စုဒ်ရှိ ရကား "အာသဝါနံ ပဟာနံ" ကိုပင်မိန့်။ သဒ္ဒါတက်။

အရှင်အဋ္ဌကထာဆရာ၊ "ဒဿေတုံ"ဟူသောဝါကျ၌ ပြသောဟုဆို၏။ ထိုပြခြင်းသည် ဝစီဘေဒသဒ္ဒနှင့် တကွဖြစ်ခဲ့၏။ ထိုသို့ဖြစ်ကလည်း ဝစီဘေဒ သဒ္ဒနှင့်တကွဖြစ်သောစိတ္တုပ္ပါဒ်သည် အာရမ္မဏိက ဖြစ်ခဲ့၏။ အာရမ္မဏိက

လည်း အာရုံနှင့်ကင်း၍ မဖြစ်စကောင်းပဲလျက် ကင်းခြေသော် အာရုံ အာရမ္မ-ဏိက ဆန့်ကျင်သောဒေါသ မရောက်ပြီလော၊ စုဒ်ရှိရကား "အာသဝါနံ ပဟာနံ" ကိုမိန့်။ ပရမတ်တက်။ ၄င်းပညတ်တက်၊ သဒ္ဒါတက်၊ ပရမတ်တက်သုံးပါးကို သည်ကဲ့သို့ အရာတိုင်း တက်ကြလေ။

■ ■ ■

## ၄၂–ကောဘိသမယေန အဘိသမေတိ–ပုဒ်စောဒနာ

"ကေပဋိဝေဓေန ပဋိဝိဇ္ဈတိ"ဟူသော သခ်ေပမာတိကာ၏ ဝိတ္ထာရ ပဒဘာဇနီကိုပြပြီး၍ "ကောဘိသမယေန အဘိသမေတိ"ဟူသော သခ်ေပ မာတိကာ၏ ဝိတ္ထာရပဒဘာဇနီကို ချဲ့ပြမိန့်ဆိုတော်မူလိုသော အဋ္ဌကထာဆရာ သည် "ဒုက္ခဥ္စ ပရိညာဘိသမယေန အဘိသမေတိ" ဟူသောပါဌ်ကို မိန့်ဆိုတော် မူသတည်း။ ပုဗ္ဗာနုသန္ဓေ ပရာနုသန္ဓေတက်။

အရှင်အဋ္ဌကထာဆရာ၊ "ကေပဋိဝေဓေန" ဟူသောသခ်ေပ၏ ဝိတ္ထာရ ကို ဆရာပြသောကြောင့် ငါတို့သောတုဇနခပဲတို့ အမြဲမှတ်ရပြီ။ "ကောဘိ သမယေန" ဟူသောသခ်ေပ၏ဝိတ္ထာရကို မမှတ်ရပါသေး၊ ဆရာပြမှသာလျှင် သခ်ေပ၏ဝိတ္ထာရကို မှတ်ရပါအံ့ဟု သောတုဇနအပေါင်းတို့က လျှောက်ထား တောင်းပန်ဖွယ်ရှိရကား "ဒုက္ခဥ္စ" စသည်မိန့်။ ပုစ္ဆာတက်။

အရှင်အဋ္ဌကထာဆရာ၊ "ကေပဋိဝေဓေန ပဋိဝိဇ္ဈတိ" ဟူသော သံဝဏ္ဏေ တဗ္ဗပုဒ်၏ သံဝဏ္ဏနာကို ဆရာဖွင့်ဆိုပေပြီ။ "ကောဘိသမယေန အဘိသမေတိ" ဟူသောသံဝဏ္ဏေတဗ္ဗပုဒ်၏ သံဝဏ္ဏနာကို ဆရာ အဘယ်သို့ ဖွင့်မည်နည်း၊ အကယ်၍ ရှေးပုဒ်၏သံဝဏ္ဏနာကိုသာပြ၍ နောက်သံဝဏ္ဏေတဗ္ဗပုဒ်၏ သံဝဏ္ဏ နာကို ဆရာမပြပဲနေချေသော် သံဝဏ္ဏက္ကမဒေါသ ဆရာ၌ မရောက်ပြီလော၊ ဤသို့ သူအပြစ်တင်ဖွယ်ရှိ၍ ထိုအပြစ်ကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာ သည် "ဒုက္ခဥ္စ ။ပ။ မဂ္ဂဘာဝနာဘိသမယေန အဘိသမေတိ" ဟူသောပါဌ်ကို မိန့်ဆိုသတည်း။ စောဒနာတက်။

"သဗ္ဗဝါကျံ သာဝဓာရဏံ"ဟု သဒ္ဒါဆရာ မိန့်ဆိုတော်မူသောကြောင့်

"ကောဘိသမယေန"ဟူသောဝါကျ၀ယ် ၆ဝ-သဒ္ဒါ၏ အနက်နှင့်တကွဖြစ်၍ ထိုဝေသဒ္ဒါ၏ နစ်စေအပ်သော ဝေတ္ထဖလကို ပြလိုရကား "နော စ ခေါ အညမညေန ဉာဏေန" ဟူသောပါဠ်ကို မိန့်ဆိုတော်မူသတည်း။

အဓိပ္ပာယ်ကား။ တစ်ခုသောမဂ်ဉာဏ်ဖြင့်သာ သစ္စာလေးပါးတို့ကို သိသည်။ အထူးထူးသော မဂ်ဉာဏ်ဖြင့် သိခြင်းကိုကန့်သည်ဟူလို။

"ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွိတိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ" ဟူသော ပါဠ်၀ယ် ကျော်အောင်စံထား သဂြိုဟ်ဂဏ္ဌိတွင်- ဇဝနမ္ပိ ဇဝနသည်အပိ၊ ဇော၏ လည်း။ အနုပ္ပဇ္ဇိတွာ၊ အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့်ဟု ပြင်မှသာလျှင် တွာ ပစ္စည်း သက်နိုင်သည်ဟူ၍ မှာဆို၏။ ဤသို့ဆိုသောစကားကို ငါတို့ ထိပ်ခေါင်တင် ဆရာတော်၏ ဆရာဖြစ်တော်မူသော သဲအင်းထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးကား ဉာဏ်ထွင်လွန်းသည်ဟု ဆိုကြောင်းကို အမိန့်ရှိတော်မူ၏။

■ ■ ■

## ၄၃–တဒတ္ထသမ္ပဒါန် တုမတ္ထသမ္ပဒါန်အထူး

တဒတ္ထသမ္ပဒါန် တုမတ္ထသမ္ပဒါန်တို့၏ ဖြစ်ရာ ဥဒါဟရဏ်ကား "ရာဇာနဂရာ ယုဒ္ဓါယ နိက္ခမိ" ဟူသော ဥဒါဟရဏ်၌ ပြည်မှထွက်၍ တစ်စုံတစ်ခုသော အမှုကိုမပြုဘဲ စစ်ထိုးခြင်းသည် <u>တဒတ္ထသမ္ပဒါန်</u>မည်၏။ တက်၍ တစ်စုံတစ်ခုသော အမှုကိုပြုပြီးမှ စစ်ထိုးခြင်းသည် <u>တုမတ္ထသမ္ပဒါန်</u>မည်၏။ အဓိပ္ပာယ်ကား။ ထွက်ခြင်းကြိယာ၏ အကျိုးရင်းသည် <u>တဒတ္ထသမ္ပဒါန်</u>မည်၏။ ထွက်ခြင်းကြိယာ၏ အကျိုးဖျားသည် <u>တုမတ္ထသမ္ပဒါန်</u>မည်၏။

■ ■ ■

## ၄၄–အတ္ထိသုံးပါးအထူး

"အတ္ထိ"သဒ္ဒါကား အာချာတ်အတ္ထိ၊ နိပါတ်အတ္ထိ၊ နာမ်အတ္ထိဟူ၍ သုံးပါးရှိ၏။ <u>ထိုသုံးပါးအထူးကား</u> ကြိယာဖြစ်၍ ကေဝုစ်ကတ္တားကိုဟောလျှင် "အာချာတ်အတ္ထိ"ဟူ၍မှတ်၊ အတ္ထိ ရှိ၏။ ဤသို့ အနက်သမ္ဗန်။ ကြိယာဖြစ်၍

ဗဟုဝုစ်ကတ္တားကို ဟောသော်လည်းကောင်း၊ ကြိယာဖြစ်၍ ဧကဝုစ်ကတ္တား နှစ်ပါးစုံကို ယထာရဟအားဖြင့် ဟောသော်လည်းကောင်း "နိပါတ်အတ္ထိ" ဟူ၍မှတ်။ ဧကဝုစ်ကတ္တားကို ဟောခိုက်ငဲ့ခိုက် အတ္ထိ၊ ရှိ၏။ ဤသို့ဧကဝုစ်အနက် သမ္ဗန်။ ဗဟုဝုစ်ကတ္တားကို ဟောခိုက်ငဲ့ခိုက် အတ္ထိ၊ ရှိကုန်၏။ ဤသို့ ဗဟုဝုစ် အနက်သမ္ဗန်။ နာမ်ဝိဘတ်နှင့်ယှဉ်သက်၍ ကြိယာတစ်ပါးကို ငဲ့သွားသော်လည်း ကောင်း၊ ဒြပ်တစ်ပါးကိုငဲ့သွားသော်လည်းကောင်း "နာမ်အတ္ထိ" ဟူ၍မှတ်။ ကြိယာတစ်ပါးကို ကတ္တားအဖြစ်ဖြင့် ငဲ့သွားသော်လည်းကောင်း အတ္ထိ၊ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ အနက်သမ္ဗန်။ ကြိယာတစ်ပါးကို ကံအဖြစ်ဖြင့် ငဲ့သွား လျှင် အတ္ထိ၊ ရှိသည်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤသို့အနက်သမ္ဗန်။ ဒြပ်တစ် ပါးကိုငဲ့သွားလျှင်- အတ္ထိယာ၊ အတ္ထိပစ္စည်း၌။ နဝ၊ ကိုးပဒတို့တည်း။ ဤသို့ အနက်သမ္ဗန်။

■ ■ ■

## ၄၅-ဝိဝေကနိဿိတံ-ပုဒ်စောဒနာ

ဝိဝေကနိဿိတန္တိ တဒင်္ဂဝိဝေကနိဿိတံ သမုစ္ဆေဒဝိဝေကနိဿိတံ နိဿရဏဝိဝေကနိဿိတဉ္စ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတီတိ အယမတ္ထော ဝေဒိတဗ္ဗော။ ပဌမဝါကျ။ တထာ ဟိ ယံ ဗောဇ္ဈင်္ဂံ ဘာဝနာနုယုတ္တော ယောဂီ ဝိပဿနာက္ခဏေ ကိစ္စတော တဒင်္ဂဝိဝေကနိဿိတံ၊ အဇ္ဈာသယတော နိဿရဏဝိဝေကနိဿိတံ၊ ကိစ္စတော သမုစ္ဆေဒဝိဝေကနိဿိတံ၊ အာရမ္မဏ တော နိဿရဏဝိဝေကနိဿိတံ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ဒုတိယဝါကျ။

(မ၊ ဋ၊ ၁။ ၈၈။)

အရှင်ဆရာ "တဒင်္ဂဝိဝေက ဝိက္ခမ္ဘနဝိဝေက, သမုစ္ဆေဒဝိဝေက, ပဋိ ပဿဒ္ဓိဝိဝေက, နိဿရဏဝိဝေက"အားဖြင့် ငါးပါးပြားသောဟူ၏။ ထိုငါးပါး တို့ကိုပင် ဤအရာ၌ သတိသမ္ဗောဇ္ဈင်မှီသလော၊ ထိုငါးပါးလုံးကိုမှီသော သတိ သမ္ဗောဇ္ဈင်ကို ဤအရာ၌ ယောဂီပုဂ္ဂိုလ်သည် ပွားစေ၏ဟူ၍ ယူရမှတ်ရမည် လော၊ ဤသို့စုဒ်ရှိရကား "ဝိဝေကနိဿိတန္တိ ။လ။ အယမတ္ထော ဝေဒိတဗ္ဗော" ဟူသော ပဌမဝါကျကိုမိန့်။ အဓိပ္ပာယ်ကား တဒင်္ဂဝိဝေက သမုစ္ဆေဒဝိဝေက

နိဿရဏဝိဝေက သုံးပါးကိုမှီသည်။ ထိုသုံးပါးကိုမှီသော သတိသမ္ဗောဇ္ဈင်ကို ပွားသည်ဟူလို။

ဆရာ၊ သတိသမ္ဗောဇ္ဈင်သည် သုံးပါးသောဝိဝေကတို့ကို မှီကြောင်းကို ထိုသတိကို ယောဂီပုဂ္ဂိုလ်မှီကြောင်းကို ဆရာဆို၏။ သဟဇာတ သမ္ပယုတ္တ အားဖြင့် သတိသမ္ဗောဇ္ဈင်သည် ဝိဝေကသုံးပါးကို မှီသလော၊ အာရုံအားဖြင့် မှီသလော၊ သဟဇာတသမ္ပယုတ္တအားဖြင့် မှီလျှင်လည်း သတိသမ္ဗောဇ္ဈင်သည် တဒင်္ဂဝိဝေကတတ်သော မဟာ ကုသိုလ်၊ သမုစ္ဆေဒ ဝိဝေကတတ်သော မဂ်တို့၌ ယှဉ်သည်ဖြစ်၍ သင့် ရာ၏။ နိဿရဏဝိဝေကဟု ဆိုအပ်သောနိဗ္ဗာန်နှင့် သတိသမ္ဗောဇ္ဈင် သည် သဟဇာတပစ္စည်း မတတ်နိုင်သည်ဖြစ်၍ မသင့်ရာ။ နိဿရဏ ဝိဝေကကိုခြွင်းချန်၍ နှစ်ပါးသော ဝိဝေကကိုသာ ဆိုသင့်သည်။ နိဿရ ဏဝိဝေကကို မဆိုသင့်။

ဤသို့ စောဒနာခြင်းသည်

ဥဒ္ဒါရော စောဒနာပဂ္ဂေါ၊ ပဝေသော ပရိဟာရကော။

ငေ ၁ဒနာယ ပဝေသော စေ၊ ဣတရော ပရိဟာရကော။ ဟူ၍

အက္ခရစိန္တကဆရာတို့ ဆိုအပ်သောဂါထာ၌ "နိဿရဏဝိဝေက" ဟူသောပုဒ်ကို ထုတ်၍ စောဒနာခြင်းကြောင့် "ဥဒ္ဒါရော စောဒနာ ပဂ္ဂေါ" ဟူသောပဌမပါဒနှင့် အညီတည်း။ သို့တည်းမဟုတ် အာရုံအားဖြင့် မှီသည် ဖြစ်လျှင်လည်း မဟာကုသိုလ်၌ရှိသော သတိသမ္ဗောဇ္ဈင်သည် တဒင်္ဂဝိဝေက ကိစ္စတပ်သော ဝိပဿနာပညာပြဋ္ဌာန်းသော မဟာကုသိုလ်ကို အာရုံပြုသည်။ အောက်မဂ် အောက်မဂ်သုံးခုတို့၏ နောက်၌ဖြစ်သော ပစ္စဝေက္ခဏာ ကိစ္စတပ် သော မဟာကုသိုလ်၌ရှိသော သတိသမ္ဗောဇ္ဈင်သည် သမုစ္ဆေဒဝိဝေက ကိစ္စတပ် သော မဂ်ကိုလည်း အာရုံပြုသည်။ ပဋိပဿဒ္ဓိ ဝိဝေကကိစ္စတပ်သော ဖိုလ်ကို လည်း အာရုံပြုသည်။ နိဿရဏဝိဝေက ကိစ္စတပ်သော နိဗ္ဗာန်ကိုလည်း အာရုံပြု သည်။ သည်သာမဟုတ်။ ဝိပဿနာကိစ္စတပ်သော မဟာကုသိုလ်ဈာန်၏ နောက်၌ကျသော ပစ္စဝေက္ခဏာကိစ္စတပ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်တို့၌ရှိ သော သတိစေတသိက်သည် ဝိက္ခမ္ဘနဝိဝေကကိစ္စတပ်သော ဈာန်ကိုလည်း အာရုံ ပြုသည်၊ ထိုသို့ဖြစ်၍ သတိသမ္ဗောဇ္ဈင်သည် အာရုံအားဖြင့် ငါးပါးလုံးကိုမှီသည်။

ထိုသို့ဖြစ်လျက် ဆရာသည် ဝိဝေကသုံးပါးကိုသာ မှီ၏ဟုဆို၏။ ဝိက္ခမ္ဘန ဝိဝေက ပဋိပဿဒ္ဓိဝိဝေက နှစ်ပါးကိုထည့်သွင်း၍ ငါးပါးကို မှီသည်ဟူ၍ ဆိုသင့်သည်မဟုတ်တုံလော၊ ဤသို့ စောဒနာခြင်းကား ဝိက္ခမ္ဘနဝိဝေက, ပဋိပဿဒ္ဓိ ဝိဝေက နှစ်ပါးကိုထည့်သွင်း၍ စောဒနာသောကြောင့် "စောဒနာယ ပဝေသော စေ"ဟူသော တတိယပါဒနှင့် အညီတည်း။

ဤသို့စောဒကပုဂ္ဂိုလ်၏ စောဒနာခြင်းကိုနှလုံးသွင်း၍ ဖြေလိုရကား "တထာ ဟိ အယံ ။လ။ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ"ဟူသော ဒုတိယဝါကျကို မိန့်။ ထိုတွင်လိုရင်းပါဌ်ကား "ကိစ္စတော အဇ္ဈာသယတော ကိစ္စတော အာရမ္မဏ တော"ဟူသောပုဒ်တည်း။

အဓိပ္ပာယ်ကား။ သင်စောဒကဆရာဆိုတိုင်း သဟဇာတသမ္ပယုတ္တ အားဖြင့်မမှီ၊ ဝိပဿနာဟုဆိုအပ်သော တဒင်္ဂဝိဝေကကို ကိလေသာကို ပယ်ခြင်း ကိစ္စဖြင့် မှီသည်။ နိဿရဏဝိဝေကဟုဆိုအပ်သောနိဗ္ဗာန်ကို အဇ္ဈာသယ အားဖြင့် မှီသည်၊ မဂ်စိတ်ရှိသော သတိသမ္ဗောဇ္ဈင်သည် ထိုမဂ်စိတ်ဟုဆို အပ်သော သမုစ္ဆေဒဝိဝေကကို ကိလေသာကိုပယ် ခြင်း ကိစ္စအားဖြင့် မှီသည်။ နိဿရဏဝိဝေကဟုဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မှီသည်။ ထိုသတိကို ယောဂီပုဂ္ဂိုလ်မှီသည်ဟူလို။ ထိုကြောင့် နိဿရဏဝိဝေကကိုထည့်၍ သုံးပါးဆိုသတည်း။

ဤသို့ဖြေခြင်းကား စောဒကဆရာထုတ်သော ပုဒ်ကိုသွင်း၍ ဖြေခြင်း ကြောင့် " ပဝေသော ပရိဟာရကေ "ဟူသော ဒုတိယပါဒနှင့် အညီတည်း။ သင်စောဒကဆရာဆိုတိုင်း အလုံးစုံသောဝိဝေကကို အာရုံပြုသောအားဖြင့်မမှီ၊ ဝိပဿနာစိတ်၌ရှိသောသတိသည် ကိစ္စအား ဖြင့် တဒင်္ဂဝိဝေကကိုမှီသည်၊ နိဗ္ဗာန်ကို အဇ္ဈာသယအားဖြင့် မှီသည်၊ မဂ်၌ရှိသောသတိသည် သမုစ္ဆေဒဝိဝေက ကို ကိစ္စအားဖြင့်မှီသည်၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်မှီသည်။

ထိုကြောင့် အာရုံအားဖြင့် ဝိက္ခမ္ဘနဝိဝေက ပဋိပဿဒ္ဓိဝိဝေကတို့ကို မသွင်း၊ ဤသို့ဖြေခြင်းကား စောဒကပုဂ္ဂိုလ် ထည့်သွင်းအပ်ပြီးသော ဝိက္ခမ္ဘန ဝိဝေက ပဋိပဿဒ္ဓိဝိဝေကတို့ကို ထုတ်၍ဖြေခြင်းကြောင့် "ဣတရော ပရိဟာ

ကေ" ဟူသော စတုတ္ထပါဒနှင့်အညီတည်း။ ဤနည်းကို လက်ဆုပ်ထား၍ တစ်ပါးသော ဝါကျတိုင်းမှာပင် တက်လေ။

■ ■ ■

## ၄၆–တတ္ထ ယတော နိမ္မလမကာသိပုဒ် စောဒနာ

၂၈။ ယတော ခေါ ဘိက္ခဝေ ဘိက္ခုနော ယေ အာသဝါ ဒဿနာယ ပဟာတဗ္ဗာ၊ တေ ဒဿနာ ပဟီနာ ဟောန္တိ။ လ ။ အယံ ဝုစ္စတိ ဘိက္ခဝေ သဗ္ဗာသဝသံဝရသံဝုတော ဝိဟရတိ။ အစ္ဆေစ္ဆိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

**(မူလပဏ္ဏာသ သဗ္ဗာသဝသုတ်ပါဠိတော်။) (မ၊ ၁။ ၁၄-၁၅။)**

တတ္ထ ယတော ခေါတိ သာမိဝစနေ တောကာရော၊ ယဿ ခေါတိ ဝုတ္တံ ဟောတိ။ ပေါရာဏကာ ပန ယသ္မိံ ကာလေတိ ဝဏ္ဏယန္တိ၊ **ယေ အာသဝါ ဒဿနာယ ပဟာတဗ္ဗာတိ** ယေ အာသဝါ ဒဿနေန ပဟာတဗ္ဗာ၊ တေ ဒဿနေနေဝ ပဟီနာ ဟောန္တိ။ န အပ္ပဟီနေသုယေဝ ပဟီနသညီ ဟောတိ၊ ဧဝံ သဗ္ဗတ္ထ ဝိတ္ထာရော။

**သဗ္ဗာသဝသံဝရသံဝုတောတိ** သဗ္ဗေဟိ အာသဝ ပိဓာနေဟိ ပိဟိတော၊ သဗ္ဗေသံ ဝါ အာသဝါနံ ပိဓာနေဟိ ပိဟိတော၊ **အစ္ဆေစ္ဆိ တဏှန္တိ** သဗ္ဗမ္ပိ တဏှံ ဆိန္ဒိ သံဆိန္ဒိ သမုစ္ဆိန္ဒိ၊ ဝိဝတ္တယိ သံယောဇနန္တိ ဒသဝိဓမ္ပိ သံယောဇနံ ပရိဝတ္တယိ၊ နိမ္မလမကာသိ။ (မ၊ ဋ္ဌ၊ ၁။ ၉၀။)

အရှင်ဆရာ "ယတော ခေါ ဘိက္ခဝေ" စသောပါဠိ၌ "ယတော" ဟူသော အနိယတ်၏နိယတ်ကို "တတော အယံ ဝုစ္စတိ"ဟူ၍ ထည့်သွင်းလျှက် "အယံ ဝုစ္စတိ"၌ "အယံ"ဟူသော နိယတ်၏ အနိယတ်ဖြစ်သော "ယဿ" ဟူသော ပုဒ်ကို "ဘိက္ခုနော" ဟူသောပုဒ်နှင့်ယှဉ်၍ ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ ယတော ယသ္မာ ကာရဏာ၊ ကြောင့်။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်း၏။ ဒဿနာ ဒဿနေန၊ သည်။ ပဟာတဗ္ဗာ၊ ကုန်သော။ ယေ အာသဝါ၊ တို့သည်။ သန္တိ၊ ကုန်၏။ တေ အာသဝါ၊ တို့ကို။ ဒဿနာ ဒဿနေန၊ သည်။ ပဟီနာ၊ ပယ်အပ်

ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတော - တသ္မာ ကာရဏာ၊ ကြောင့်။ ဘိက္ခဝေ၊ တို့။ အယံဘိက္ခု၊ ကို။ သဗ္ဗာသဝသံဝရသံဝုတော ဝိဟရတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဤသို့ နိယတ် အနိယတ်ပုဒ်ကို ပြည့်စုံစွာထည့်၍ "ယတော" ဟူသော ပုဒ်ကို ပဉ္စမီဟိတ်သမ္ဗန်ရအံ့လော၊ သို့တည်းမဟုတ် ဆိုအပ်ပြီးသောနည်းဖြင့် နိယတ် အနိယတ်ပုဒ်ကို ပြည့်စုံစွာထည့်၍- ယတော ယသ္မိံ ကာလေ၊ အကြင် အခါ၌။ လ ။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတော တသ္မိံ ကာလေ၊ ၌။ ဝုစ္စတိ၊ ၏။ ဤသို့ "ယတော" ဟူသောပုဒ်ကို အဓိကရဏအနက် သမ္ဗန်ရအံ့လော၊ သို့တည်းမဟုတ် နိယတ် အနိယတ်ပုဒ်ကို မထည့်မသွင်းဘဲ "ယတော" ဟူသောပုဒ်ကို "ဘိက္ခုနော" ဟူသောပုဒ်နှင့် တုလျာဓိကရဏကြံ၍ ယတော ယဿ ဘိက္ခုနော၊ အကြင်ရဟန်းသည်။ ဤသို့ ဆဋ္ဌီကတ္တား သမ္ဗန်ရ အံ့လော၊ စုဒ်ရှိရကား "ယဿ ခေါတိ ဝုတ္တံ ဟောတိ" ဟူ၍မိန့်။ အဓိပ္ပာယ်ကား ယဿ ခေါ ဘိက္ခုနော၊ အကြင်ရဟန်းသည်။ ဤသို့ ဆဋ္ဌီကတ္တား သမ္ဗန်ဟူလို။ ဤတွင် စောဒကဆရာ တစ်ယောက်ဝင်အုံး။ ဆရာ "ယဿခေါ" ဟူ၍ ဆရာ ဆို၏။

အဋ္ဌကထာဆရာသည်ပင် အောက်၌ "ယဿ"ကို "ယေ အဿ" ဟူ၍ပင် ပဒစ္ဆေဒပြုရအံ့လော၊ စုဒ်ရှိရကား "ယတော ခေါတိ သာမိဝစနေ တော ကာရော"ဟူသော ပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "ယတော" ဟူသော ပုဒ်ကို "ယဿ" ဟူ၍ဖွင့်၏၊ တောပစ္စည်းသည် သမ္ဗန်အနက်၌ "ကွစိ တော ပဉ္စမျတ္ထေ"ဟူသောသုတ်၏ ယောဂဝိဘာဂဖြင့် သက်သလော၊ သို့တည်းမဟုတ် သဝိဘတ်ကိုပင် တောပြု သလော၊ စုဒ်ရှိရကား "ယတော ခေါတိ သာမိဝစနေ တောကာရော" ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပာယ်ကား။ သမ္ဗန်အနက်၌ သက်သော တောပစ္စည်းမဟုတ်၊ သဝိဘတ်ကို တော-သဒ္ဒါ ပြုသည်ဟူလို။

တစ်နည်းကား။ အစဉ်အတိုင်းထွက်မှုကား ဆရာ "ယတော" ဟူသော

ပုဒ်၌ တောသဒ္ဒါသည် ပဥ္စမီအနက်၌စီရင်သော တောပစ္စည်း၊ ဝိသေသန အနက်၌စီရင်သော တောပစ္စည်း၊ စတုတ္ထီဆဋ္ဌီဝိဘတ်တို့၏ ကာရိယဖြစ်သော တော-သဒ္ဒါ။ သိဝိဘတ်၏ကာရိယဖြစ်သော တော-သဒ္ဒါတို့တွင် အဘယ် တော သဒ္ဒါနည်း၊ စုဒ်ရှိရကား "ယတော ခေါတိ သာမိဝစနေ တောကာရော" ဟူသော ပါဌ်ကိုမိန့်။

ဆရာ၊ ဆဋ္ဌီဝိဘတ်၏ ကာရိယဖြစ်သော တောသဒ္ဒါ ဖြစ်ခဲ့လျှင် "တောတိ တာ သသ္မိံနာသု"ဟူသောသုတ်ဖြင့် စီရင်အပ်သည်၊ ထိုသို့စီရင်လျှင် "ဂုဏဝတော သီလဝတော"ဟူသော ကာရိယပုဒ်တို့ကို "ဂုဏဝန္တဿ သီလဝန္တဿ"ဟူ၍ န္တု ပစ္စည်းနှင့်တကွ ကာရီပုဒ်ကို ပြသကဲ့သို့ "ယန္တဿခေါ" ဟူ၍ ဆရာပြမည်လော၊ စုဒ်ရှိရကား "ယဿ ခေါတိ ဝုတ္တံ ဟောတိ" ဟူ၍မိန့်။ အဓိပ္ပာယ်ကား န္တုပစ္စည်း မရှိသော်လည်း "တောတိတာသ သ္မိံနာသု" ဟူသောသုတ်၏ ယောဂဝိဘာဂဖြင့် စီရင်ဟူလို။

တစ်နည်းကား၊ ဆရာ "ယတော" ဟူသော ကာရိယပုဒ်ကို အဘယ်သို့ ကာရီပုဒ် ထားမည်နည်း၊ စုဒ်ရှိရကား "ယဿ ခေါ တိ ဝုတ္တံ ဟောတိ" ဟူ၍မိန့်။

ဆရာ၊ ယခင်နည်းသုံးပါးတို့ဖြင့် စောဒနာရာ၌ "ယတော ယသ္မာ" ဟူ၍ လည်းကောင်း " ယတော ယသ္မိံ "ဟူ၍လည်းကောင်း ဖွင့်၍သမွန်လျှင် အဘယ် အပြစ်ရှိရာသနည်း၊ အပြစ်မရှိလျှင်လည်း ဆရာဖွင့်စကောင်းသည် မဟုတ် တုံလော၊ စုဒ်ရှိရကား "ပေါရာဏာ ပန ယသ္မိံ ကာလေ ဝဏ္ဏယန္တိ "ဟူ၍မိန့်။

တစ်နည်းကား ဆရာ၊ "ယတော"ကို "ယဿ ခေါ" ဟူ၍ဖွင့်၏။ ထိုသို့ဖွင့်ခြင်းသည် သမ္ဗန်အနက်သာလျှင်သင့်သည်၊ ပဥ္စမီဟိတ် သတ္တမီအနက် တို့သည် မသင့်ဟု ဆရာပယ်လိုသလော၊ စုဒ်ရှိရကား "ပေါရာဏာ ပန ယသ္မိံ ကာလေတိ ဝဏ္ဏယန္တိ "ဟူ၍မိန့်။

"ယေ အာသဝါ ဒဿနာ ပဟာတဗ္ဗာ"ဟူသောပုဒ်၌ "ဒဿနာ" ဟူသော ပုဒ်ကို "ဒဿနေန"ဖွင့်ရာ၌ ရှေးနည်းအတိုင်း တင်မြဲတင်။ "တေ ဒဿနာ ပဟီနာ ဟောန္တိ" ဟူသောဝါကျကို "ဒဿနေနေဝ"ဟု ဧဝ-သဒ္ဒါနှင့်ဖွင့်ရာ၌ "ဣဓ ပန နိဗ္ဗာနံယေဝ"ဟူသောပုဒ်မှာကဲ့သို့ တင်မြဲတင်။

ဆရာ၊ "ဒဿနေနေဝ"ဟူ၍ ဧဝ-သဒ္ဒါကိုဆို၏။ ထိုဧဝ-သဒ္ဒါဖြင့် နစ်စေအပ်သော ဧဝတ္ထဖလမရှိကလည်း ဆရာသည် ဧဝသဒ္ဒါ ကိုဆိုကောင်း အံ့လော၊ ဧဝတ္ထဖလမရှိဘဲလျက် ဧဝ-သဒ္ဒါကို ဆရာဆိုခဲ့လျှင် ဆရာ၏ ဧဝသဒ္ဒါသည် တဗ္ဗော မဖြစ်ပြီလော၊ စုဒ်ရှိရကား "န အပ္ပဟီနေသုယေဝ ပဟီနသညီ ဟောတိ" ဟူ၍မိန့်။

တစ်နည်းကား။ ဆရာ၊ ဆရာ၏ ဧဝသဒ္ဒါသည် ဌာနယောဂလော၊ အဌာနယောဂလော၊ စုဒ်ရှိရကား "န အပ္ပဟီနေသုယေဝ ပဟီနသညီ ဟောတိ" ဟူ၍မိန့်။ အဌာနယောဂ ဟူလို။ ထိုကြောင့် "ဒဿနေနေဝ ပဟီနာတိ ဒဿနေန ပဟီနာဧဝ၊ တေန ဝုတ္တံ "န အပ္ပဟီနေသုယေဝ ပဟီနသညီ ဟောတိ" တိဟူ၍ ဋီကာမိန့်သတည်း။ သို့ဋီကာဖွင့်ရကား- တေ အာသဝါ၊ ထိုသောတာပတ္တိမဂ်သည် ပယ်သင့်ပယ်ထိုက်သော အာသဝတရားတို့ကို။ ဒဿနေန၊ သောတာပတ္တိမဂ်သည်။ ပဟီနာဧဝ၊ အကြွင်းအကျန်မရှိ ပယ်အပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အပ္ပဟီနေသုယေဝ၊ သောတာပတ္တိမဂ်သည် ပယ်သင့်လျက် မပယ်အပ်ကုန်သေးသော အာသဝေါတရားတို့၌သာလျှင်။ ပဟီနသညီ၊ ပယ်ပြီးဟုမှတ်ထင်၍ ခြွင်းခြံခဲ့သော အာသဝေါတရားသည်။ န ဟောတိ၊ ရှိသည်မဖြစ်။ ဤသို့ အဋ္ဌကထာဝယ်သမ္ဗန်။

ဆရာ "သဗ္ဗာသဝသံဝရသံဝုတော" ဟူသောပုဒ်၌ "သဗ္ဗ"သဒ္ဒါကို မစပ်အပ်သော "အာသဝေါ"ဟူသောပုဒ်နှင့် စပ်၍ "န သဒ္ဓံ အသဒ္ဓံ န သဒ္ဓဘောဇိ အသဒ္ဓဘောဇိ"ဟူ၍ သဒ္ဒသမာသ်၌။ ဝါ၊ အယုတ္တသမာသ်ပြုသကဲ့သို့ "သဗ္ဗေ အာသဝါ သဗ္ဗာသဝါ၊ သဗ္ဗာသဝါနံ သံဝရော သဗ္ဗာသဝသံဝရော" ဟူ၍ ဝစနတ္ထပြုရအံ့လော၊ စုဒ်ရှိရကား "သဗ္ဗာသဝသံဝရသံဝုတောတိ သဗ္ဗေ အာသဝ ပိဓာနေဟိ ပိဟိတော" ဟူ၍မိန့်။

တစ်နည်းကား။ ဆရာ "သဗ္ဗာသဝသံဝရသံဝုတော" ဟူသောပုဒ်ကို ဝိဂြိုဟ် အဘယ်သို့ပြုရအံ့နည်း၊ ထိုပုဒ်၌ အကျုံးဝင်သော သံဝရသဒ္ဒါ သံဝုတသဒ္ဒါတို့သည် သံရှေးရှိသော ဝရဓာတ်ဖြစ်၍ အမြတ် ဟူသောအနက်၊ တောင့်တခြင်းဟူသောအနက်၊ ဆုလာဘ်ဟူသောအနက်၊ ပိတ်ပင်ခြင်းဟူသောအနက်

စသည်တို့တွင် အဘယ်အနက်ကို ဟောသနည်း၊ စုဒ်ရှိရကား "သဗ္ဗေဟိ အာသဝ ပိဓာနေဟိ ပိဟိတော"ဟူ၍မိန့်။

အဓိပ္ပာယ်ကား။ "သဗ္ဗာသဝသံဝရသံဝုတော"ဟူသောပုဒ်ကို "သဒ္ဒံ ဘောဇိ သဒ္ဒဘောဇိ န သဒ္ဒဘောဇိ အသဒ္ဒဘောဇိ" မူသကဲ့သို့ "သဗ္ဗ" ဟူသော ပုဒ်ကို မစပ်အပ်သော "အာသဝ" ဟူသောပုဒ်နှင့် မစပ်ဘဲ "သံဝရ"ဟူသော စပ်အပ်သောပုဒ်နှင့်စပ်၍ အတ္ထသမာသ်၊ ဝါ ယုတ္တသမာသ်မူလျက် သံရှေး ရှိသော ဝရဓာတ်၏အနက်ကိုလည်း ပိတ်ပင်ခြင်း တားမြစ်ခြင်းအနက်ကို ယူလေ ဟူလို။

ဆရာ "န သဒ္ဒံ အသဒ္ဒံ၊ အသဒ္ဒံ ဘောဇိ အသဒ္ဒဘောဇိ" ပြုသကဲ့သို့ "သဗ္ဗ" သဒ္ဒါကို "အာသဝ"ဟူသော ပုဒ်နှင့်စပ်၍ သဒ္ဒသမာသ်၊ ဝါ၊ အယုတ္တ သမာသ်ပြုသော် အဘယ်အပြစ်ရှိရာသနည်း၊ အပြစ်မရှိကလည်း ဆရာပြု ကောင်း၏၊ စုဒ်ရှိရကား အပြစ်မရှိဟု ပြခြင်းငှါ "သဗ္ဗေသံ ဝါ အာသဝါနံ ပိဓာနေဟိ ပိဟိတော" ဟူ၍မိန့်။

တစ်နည်းကား။ ဆရာ၊ ဤပုဒ်ကို အတ္ထသမာသ် ယုတ္တသမာသ် အားဖြင့် ပြု၏။ ဤပုဒ်ကို သဒ္ဒသမာသ် အယုတ္တသမာသ်အားဖြင့် မပြုသင့်သောကြောင့် တည်း မပြုသလော၊ စုဒ်ရှိရကား "သဗ္ဗေသံ ဝါ အာသဝါနံ ပိဓာနေဟိ ပိဟိတော" ဟူ၍မိန့်။

ဆရာ "အဇ္ဈတ္တိ တဏှံ" ဟူသောပုဒ်၌ "အဇ္ဈတ္တိ" သဒ္ဒါသည် နာမ်ပုဒ် လော၊ အာချာတ်ပုဒ်လော၊ စုဒ်ရှိရကား "ဆိန္ဒိ"ဟူ၍ မိန့်။

အဓိပ္ပာယ်ကား။ အဇ္ဈတနီဝိဘတ် အသဒ္ဒါ အာဂုံ အာချာတ်ပုဒ်ဟူလို။ ဆိဒိဓာတ်ကို "ဓာတူနံ အနေကတ္ထတ္တာ" စသည်တို့နှင့် တင်မြဲတင်လေ။

အထူးကား။ ဤဆိဒိဓာတ်သည် ဧကဂဏိကဓာတ်လော၊ ဒွိဂဏိက ဓာတ်လော၊ စုဒ်ရှိရကား "ဆိန္ဒိ"ဟူ၍မိန့်။ အဓိပ္ပာယ်ကား ဒိဝါဒိဂိုဏ်းကို ရုဓာဒိ ဂိုဏ်းနှင့်ဖွင့်ခြင်းကြောင့် ရုဓာဒိဂဏိကဓာတ်ဟူလို။

တစ်နည်းကား။ "အဇ္ဈတ္တိ"ဟူသောပုဒ်သည် "န ဗြဟ္မဏော"ကဲ့သို့ နာမ် ပုဒ်လော၊ အခင်းဟော "အတ္ထရဏ"ဟူသောပုဒ်တို့ကဲ့သို့ အသဒ္ဒါသည် အနက်

ထူးမရှိ ဓာတ်သို့အစဉ်လိုက်သော အသဒ္ဒါလော၊ ဆဲရေးခြင်းအနက်ကို ဟောသော "အက္ကောသတိ"ဟူသောပုဒ်၌ ကုသဓာတ်သည် ခေါ်ဝေါ်ခြင်းအနက်ကို ဟောတတ်သော်လည်း အ-သဒ္ဒါသည် အထူးပြုခြင်းကြောင့် ဆဲရေးခြင်းအနက်ကို ဟောသကဲ့သို့ အနက်အထူးကို ထွန်းတတ်သော အ-သဒ္ဒါလော၊ "အကာရာဂမော ဟိယျတ္တနီအဇ္ဇတနီ ကာလာတိပတ္တီသု"ဟူသောသုတ်ဖြင့် ပြီးသော "အဂမာ အဂမီ"ဟူသော ဥဒါဟရုဏ်တို့၌ကဲ့သို့ အ-လော၊ စုဒ်ရှိရကား "ဆိန္ဒိ" ဟူ၍မိန့်။ အမိပ္ပာယ်ကား "အဂမာ အဂမီ" တို့ကဲ့သို့ အာဂုံ အ-ဟူလို။

ဆရာ၊ အရဟတ္တမဂ်၏ ဖြတ်ခြင်းကို "ဆိန္ဒိ" ဟူ၍ဆို၏။ ထိုသို့ ဖြတ်ခြင်းသည် တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ဖြတ်သကဲ့သို့ အခိုက်အတန့်သာ ဖြတ်သလော၊ စုဒ်ရှိရကား "သံဆိန္ဒိ" ဟူ၍မိန့်။ ကောင်းစွာ ဖြတ်သည်ဟူလို။

ဆရာ "သံဆိန္ဒိ" ဟူသော သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၌ရှိသော တဏှာကို ဖြတ်သကဲ့သို့ တနုကရအားဖြင့် ဖြတ်သလော၊ စုဒ်ရှိရကား "သမုစ္ဆိန္ဒိ"ဟူ၍မိန့်။ အကြွင်းမဲ့ ဖြတ်သည်ဟူလို။

တစ်နည်းကား။ ဆရာ "တဏှံ ဆိန္ဒိ" ဟူ၍ဆို၏။ တဏှာသည် အပါယဂမနိယဖြစ်သော သောတာပတ္တိမဂ် သကဒါဂါမိမဂ်သည် ပယ်အပ်သောတဏှာ၊ ကာမရာဂဟုဆိုအပ်သော အနာဂါမိမဂ်သည် ပယ်အပ်သောတဏှာ၊ ဘဝရာဂဟုဆိုအပ်သော အရဟတ္တမဂ်သည် ပယ်အပ်သောတဏှာ၊ သုံးပါးတို့တွင် အဘယ်တဏှာနည်း၊ စုဒ်ရှိရကား "သဗ္ဗမ္ပိ"ဟူ၍မိန့်။

ဆရာ၊ တဏှာသုံးပါးကို ယူအပ်သည်ဖြစ်လျှင် မဂ်တို့၏ကိစ္စသည် အချင်းချင်းမတူ အသီးအသီး ပြသင့်သည်မဟုတ်တုံလော၊ စုဒ်ရှိရကား "ဆိန္ဒိ သံဆိန္ဒိ သမုစ္ဆိန္ဒိ" ဟူ၍မိန့်။

ဤသို့တက်ရာ၌ သဗ္ဗံ၊ သော။ တဏှံ၊ အပါယဂမနိယတဏှာကို။ ဆိန္ဒိ၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ်ဖြင့်ဖြတ်ပြီ။ တဏှံ၊ ကာမရာဂတဏှာကို။ သံဆိန္ဒိ၊ အနာဂါမိမဂ်ဖြင့်ဖြတ်ပြီ။ တဏှံ၊ ဘဝရာဂတဏှာကို။ သမုစ္ဆိန္ဒိ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ဖြတ်ပြီ။ ဤသို့သမွန်လေ။

တစ်နည်းကား၊ ဆရာ၊ အရဟတ္တမဂ်သည်လည်း အစဉ်အတိုင်း ပဌမ ဝိပဿနာတို့ဖြင့် ကိလေသာကို ပယ်အပ်သည်။

ဆရာသည်ပင် အဘိဓမ္မာအဋ္ဌကထာ၌ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်သုံးပါးကိုရည်၍ "ပါပကေ အကုသလေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ" ဟူ၍ မိန့်ခဲ့သည်။ ဤ၌လည်း ပဟာန်သုံးပါကို ရသင့်ပါသည်။ ဆရာမပြုပြီလော၊ စုဒ်ရှိရကား "ဆိန္ဒိ သံဆိန္ဒိ သမုစ္ဆိန္ဒိ" ဟူ၍မိန့်။ ဤသို့တက်ရာ၌ ဆိန္ဒိ၊ တဒင်္ဂပဟာန်ဖြင့် ဖြတ်ပြီ။ သံဆိန္ဒိ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ဖြတ်ပြီ။ သမုစ္ဆိန္ဒိ၊ သမုစ္ဆေဒပဟာန် ဖြင့်ဖြတ်ပြီ။ ဤသို့သမွန်။ ဤသို့သော နည်းအမြွက်ကို လေ့ကျက်သုံးသပ်၍ ပိဋကတ်သုံးပုံမှာတင်လေ။

■ ■ ■

## ၄၇–သမ္မာတိ–သမယောပုဒ်စောဒနာ

သမ္မာတိ ဟေတုနာ ကာရဏေန၊ မာနာဘိသမယာတိ မာနဿ ဒဿနာဘိသမယာ ပဟာနာဘိသမယာ စ။ အရဟတ္တမဂ္ဂေါ ဟိ ကိစ္စဝသေန မာနံ ပဿတိ၊ အယမဿ ဒဿနာဘိသမယော။ တေန ဒိဋ္ဌော ပန သော တာဝဒေဝ ပဟီယတိ၊ ဒိဋ္ဌဝိသေန ဒိဋ္ဌသတ္တာနံ ဇီဝိတံ ဝိယ။ အယမဿ ပဟာနာဘိသမယော။ (မ၊ ဋ္ဌ၊ ၁။ ၉၀။)

အရှင်အဋ္ဌကထာဆရာ "သမ္မာ မာနာဘိသမယာ" ဟူသောပုဒ်၌ အကျုံးဝင်သော သမ္မာသဒ္ဒါသည် နာမ်ပုဒ်လော၊ နိပါတ်ပုဒ်လော၊ စုဒ်ရှိရကား "သမ္မာတိ ဟေတုနာ" ဟူ၍မိန့်။ နိပါတ်ပုဒ်ဟူလို။

တစ်နည်းကား။ ဆရာ "အညာ"ဟူသောပုဒ် "ပဋိသင်္ခါ"ဟူသောပုဒ်တို့ကို အညာ အညာယ၊ သိ၍။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဤသို့ တွာလောပ အနက်သမွန်ရသကဲ့သို့ ဤ သမ္မာဟူသောပုဒ်ကို သံရှေးရှိသော မနဓာတ်ဖြစ်၍ သမ္မာ သမ္မာယ၊ ကောင်းစွာသိ၍။ ဤသို့ တွာလောပအနက် သမွန်ရအံ့လော၊ စုဒ်ရှိရကား "သမ္မာတိ ဟေတုနာ" ဟူ၍မိန့်။ အကြောင်းအနက် သမွန်ဟူလို။

တစ်နည်းကား။ ဆရာ "သမ္မာ"ဟူသော နိပါတ်ပုဒ်သည် "ဥပသဂ္ဂ နိပါတာ စ" စသည်ဖြင့် အက္ခရစိန္တကဆရာတို့ ဆိုသည်နှင့်အညီ များသော အနက်ရှိရကား ဤအရာ၌ လိုအပ်သောအနက်ကား အဘယ်နည်း၊ ဤ "သမ္မာ" ဟူသောပုဒ်သည် ဝိဘတ္တိယုတ္တနိပါတ်ပုဒ်၊ ဝိဘတ္တိအယုတ္တ နိပါတ်ပုဒ်နှစ်ပါးတို့တွင် အဘယ်နိပါတ်ပုဒ်ဖြစ်သနည်း၊ စုဒ်ရှိရကား "သမ္မာတိ ဟေတုနာ"ဟူ၍မိန့်။ အဓိပ္ပာယ်ကား။ "ဟေတု" အနက်ကိုထွန်းတတ်သော ဝိဘတ္တိယုတ္တနိပါတ်ဟူလို။

တစ်နည်းကား။ ဆရာ၊ ဤ "သမ္မာ"ဟူသောပုဒ်သည် နိပါတ်ပုဒ်ဟူသည် နိပါတ်ပုဒ်ဟူက ဝိဘတ်ခုနှစ်သွယ်ကျေကောင်းသည်၊ ဤတွင် အဘယ်ဝိဘတ် ကျေသနည်း၊ "သမ္မာ"သဒ္ဒါကား အဘယ်အနက်ကို ထွန်းသနည်း၊ စုဒ်ရှိရကား "သမ္မာတိ ဟေတုနာ" ဟူ၍မိန့်။

တစ်နည်းကား။ ဆရာ ဆရာသည်ပင် အောက်၌ "သမ္မာတိ ဉာယေန" ဟူ၍ဖွင့်ခဲ့သည်။ ဤ၌လည်း ရှေးနည်းအတိုင်းပင် မှတ်ရအံ့လော၊ စုဒ်ရှိရကား "သမ္မာတိ ဟေတုနာ" ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ၊

"သမ္မာ ဉာယာဝိပရိတေ၊ အစ္စန္တေ ကာရဏေသု တေ။
ဝိသိဋ္ဌေ စ ပသံသာယံ၊ သုန္ဒရေ တတိယာဒိကေ။" ဟူ၍

အက္ခရစိန္တကဆရာတို့သည် မိန့်ဆိုအပ်သော "သမ္မာ" သဒ္ဒါ၏ အနက်ကိုးပါးတို့တွင် ဤအရာ၌ အဘယ်အနက်ရှိသနည်း၊ စုဒ်ရှိရကား "သမ္မာတိ ဟေတုနာ" ဟူ၍မိန့်။

ဆရာ၊ ဆရာသည် "သမ္မာတိ ဟေတုနာ"ဟူ၍ ဖွင့်၏။ "အစ္စန္တေ ကာရဏေ" ဟူ၍သာ အနက်ကိုးပါးကို ဝေဖန်ရာ၌ပါသည်၊ ဟေတုဟူ၍ မပါခဲ့ ရကား ဆရာဖြေအပ်သည့်စကားသည် သရက်ပင်ကိုမေးသဖြင့် ပိန္နဲပင်ကို ဖြေ သကဲ့သို့ မရှိပြီလော၊ စုဒ်ရှိရကား "ကာရဏေန"ဟူ၍မိန့်။ "ဟေတု"သဒ္ဒါ "ကာရဏ"သဒ္ဒါတို့သည် အကြောင်းဟော ပရိယာယ်သဒ္ဒါချည်းပင် ဟူလို။

တစ်နည်းကား၊ ဆရာ၊ "သမ္မာတိ ဟေတုနာ"ဟူ၍ ဖွင့်၏။ အရဟာတ္တ

မဂ်၌ရှိသော သမ္မာဒိဋ္ဌိ ကိစ္စတပ်သော "အဟော"ဟု ဟိတ်ကိုအလိုရှိ၍ "သမ္မာတိ ဟေတုနာ"ဟူ၍ ဖွင့်သလော၊ စုဒ်ရှိရကား "ကာရဏေန" ဟူ၍မိန့်။

ဆရာ "သမ္မာ မာနာဘိသမယာ" ဟူသောပုဒ်ကို မာနံ အဘိသမယော ဧတဿာတိ မာနာဘိသမယော။ ဧတဿ၊ ဤအရဟတ္တမဂ်အား၊ မာနံ၊ မာနကိလေသာကို။ အဘိသမယော၊ သိခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော အရဟတ္တမဂ္ဂေါ၊ သည်။ မာနာဘိသမယော၊ မည်၏။ ဤသို့ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ်မူရအံ့လော၊ သို့တည်းမဟုတ် "မာနော စ သော အဘိသမယော စာတိ မာနာဘိသမယော။" မာနော စ၊ မာနသည်လည်း ဟုတ်၏။ သော၊ ထိုမာနဟူသည်။ အဘိသမယော စ၊ အရဟတ္တမဂ်သည် သိအပ်သည်လည်းဟုတ် ၏။ ဣတိ တသ္မာ၊ ကြောင့်။ မာနာဘိသမယော၊ မည် ၏။ ဤသို့ ကမ္မဓာရယ်သမာသ် မူရအံ့လော၊ စုဒ်ရှိရကား "မာနဿ" ဟူ၍မိန့်။ အဓိပ္ပါယ်ကား "မာနဿ အဘိသမယော မာနာဘိသမယော"ဟု ကမ္မတ္ထ ဆဋ္ဌီဒုတိယာ တပ္ပုရိသ်သမာသ် မူလေဟူလို။

ဆရာ "အဘိသမယ"သည် ပရိညာဘိသမယ၊ ပဟာနာဘိသမယ၊ သစ္ဆိကိရိယာဘိသမယအားဖြင့် ပေါများကြောင်းကို ဆရာသည်ပင် ဤသုတ်၌ ဖွင့်ဆိုခဲ့ပြီ။ မာနာဘိသမယာဟူသောပုဒ်၌ ဤလေးပါးကိုပင် အလိုရှိအပ် သလော၊ စုဒ်ရှိရကား "ဒဿနာဘိသမယာ ပဟာနာဘိသမယာ စ" ဟူ၍မိန့်။ အဓိပ္ပာယ်ကား။ "မာနာဘိ သမယာ" ဟူ၍ သာမညအားဖြင့်ပင် ဆိုလျှင်မူလည်း မာနဟူသော သဒ္ဒန္တရသန္နိဓာန်ကြောင့် ပရိညာဘိသမယ ပဟာနာဘိသမယ နှစ်ပါးကိုသာ ယူဟူလို။ ဒဿနာဘိသမယဟူသည် ပရိညာဘိသမယပင်တည်း၊ ထိုကြောင့် ဋီကာ၌ "ဒဿနာဘိသမယာတိ ပရိညာဘိသမယာ" ဟူ၍မိန့်သည်။

တစ်နည်းကား။ ဆရာ "မာနာဘိသမယာ" ဟူသောပုဒ်၌ ပြအပ်သော မာနစေတသိက်သည် ဒုက္ခသစ္စာ၌လည်း အကျုံးဝင်ခဲ့သည်၊ ကိလေသာဆယ်ပါး ၌လည်း အကျုံးဝင်ခဲ့သည်၊ အရဟတ္တမဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ ကိလေသာကို ပယ်ခြင်းကိစ္စရှိသည်။ ဒုက္ခသစ္စာ၌ အကျုံးဝင်သည်ကိုစွဲ၍ "ပဟာနာဘိသမယ"ကို ယူရအံ့လော၊ စုဒ်ရှိရကား နှစ်ပါးသော "အဘိသမယ"

ကို ယူလေဟု ပြခြင်းငှါ "ဒဿနာဘိသမယာ ပဟာနာဘိသမယာ စ" ဟူသော ပါဌ်ကိုမိန့်။

ဆရာ "အဘိသမယ"နှစ်ပါးကို ယူအပ်ကြောင်းကို ဆရာဆို၏။ အရဟတ္တမဂ်သည် သမုဒယသစ္စာကိုသာ ပယ်သည်ဖြစ်၍ ပဟာနာဘိသမယ ကို မဆိုစကောင်း၊ ပရိညာဘိသမယကိုသာ ဆိုကောင်းသည် မဟုတ်တုံလော၊ ဆရာ၏စကားသည် မဟုတ်မမှန်၊ ဤသို့စုဒ်ရှိရကား "အရဟတ္တမဂ္ဂေါဟိ ။လ။ အယမဿ ပဟာနာဘိသမယော"ဟူ၍မိန့်။ ဤသို့တက်ရာ၌ ဟိ-ကား ဒဠှ ဇောတက။ ဟိသစ္စံ၊ မှန်၏။ ဤသို့သမွန်။

တစ်နည်းကား။ ဆရာ "မာနာဘိသမယာ"ဟူသောပုဒ်၌ အဘိ သမယ၏အရကို နှစ်ပါးယူသင့်ကြောင်းကို ဆို၏။ ဆရာ၏စကားကို ယုံကြည်ရာ ယုံကြည်ကြောင်း အာဂမဒဠှကိုလည်းကောင်း၊ ယုတ္တိဒဠှကိုလည်းကောင်း ဆိုသင့် သည် မဟုတ်တုံလော၊ စုဒ်ရှိရကား ယုတ္တိဒဠှဖြင့် ပြစေခြင်းငှါ "အရဟတ္တမဂ္ဂေါ ဟိ ။လ။ အယမဿ ပဟာနာဘိသမယော စ" ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ "ဒဿနာဘိသမယာ ပရိညာဘိသမယာ စ" ဟူ၍ ကေ်သဗျာကရဏအားဖြင့်သာ ဖြေခဲ့၏။ ဤသို့ ဖြေချေသော် သောတုဇန အများတို့သည် ဉာဏ်လျှင်းပါး၍ ပေါက်ပြားသောအနက်ကို ယူရာသည်၊ ဝိဘဇ္ဇ ဗျာကရဏဖြင့် ဖွင့်ဆိုပြမှသာလျှင် ဆရာ့စကား ခိုင်ခန့်ရာသည် မဟုတ် တုံလော၊ စုဒ်ရှိရကား "အရဟတ္တမဂ္ဂေါ ဟိ ။လ။ အယမဿ ပဟာနာဘိသမယော" ဟူ၍မိန့်။ ဤသို့တက်ရာ၌ ဟိကား ဝိတ္ထာရဇောတက။ ဤတွင် စောဒကဆရာ တစ်ယောက်ဝင်ဦး။

ဆရာ "ဒဿနာဘိသမယာ"ဟူ၍ ဆရာဆို၏။ "ဒဿန"ဟူသော အမည်သည် သောတာပတ္တိမဂ်၏အမည် ဖြစ်ကြောင်းကို ဆရာသည်ပင်လျှင် ဤသုတ်၌ဆိုခဲ့သည်။ သောတာပတ္တိမဂ်၏ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်းကို အလိုရှိအပ်သလော၊ စုဒ်ရှိရကား။"အရဟတ္တ မဂ္ဂေါ ဟိ ။လ။ အယမဿ ဒဿနာဘိသမယော"ဟူ၍မိန့်။ အဓိပ္ပာယ်ကား။ "ဒဿန"ဟူသော အမည်သည် ဤအရာ၌ အရဟတ္တမဂ်၏ အမည်ဟူလို။

တစ်နည်းကား။ ဆရာ "ဒဿနာဘိသမယော" ၌ "ဒဿန"သဒ္ဒါသည် ဒဗ္ဗဝါစကပုဒ်လော၊ ကြိယာဝါစကပုဒ်လော၊ စုဒ်ရှိရကား "အရဟတ္တမဂ္ဂေါ ဟိ ။လ။ အယမဿ ဒဿနာဘိသမယော"ဟူ၍မိန့်။ "ပဿတိ" ကြိယာကို မျှော်၍တက်သည်။ ကြိယာဟောဟူလို။

တစ်နည်းကား။ ဆရာ၊ ဤသည်ပင်လျှင် "ဒဿနာဘိသမယ" မည်တော့သည် ဤသို့ပင် "ပဟာနာဘိသမယ" မည်တော့သည်ဟူ၍ ခွဲခြမ်းဝေဖန်၍ပြဦး။ စုဒ်ရှိရကား "အရဟတ္တမဂ္ဂေါ ဟိ ။လ။ အယမဿ ဒဿနာဘိသမယော" ဟူ၍မိန့်။

ဤအတက်ကား "အယမဿ ဒဿနာဘိသမယော" ဟူသောနှစ်ပုဒ်ကို မျှော်၍တက်သည်။ ထိုတွင်လိုရင်းပါဌ်ကား ဤနှစ်ပုဒ်ပင်တည်း။

ဆရာ၊ ဤသည်ပင် "မာန"ကို "ဒဿနာဘိသမယ"အားဖြင့် သိခြင်းတည်း။ ဤသည်ပင် မာနကို ပဟာနာဘိသမယအားဖြင့် သိခြင်းတည်းဟူ၍ ဆရာဆို၏။ "အယံ"ဟူသော နိဒဿန၏ "နိဒဿိတဗ္ဗ"ကား အဘယ်နည်း၊ စုဒ်ရှိရကား "အရဟတ္တမဂ္ဂေါ ဟိ ။လ။ ပဿတိ၊ တေန ဒိဋ္ဌော ။လ။ ပဟိယျတိ" ဟူသောပါဌ်တို့ကိုမိန့်။

ဆရာ၊ အရဟတ္တမဂ်သည် မာနကိုမြင်သောဟူ၍ဆို၏။ အရဟတ္တမဂ်သည် နိဗ္ဗာန်ကို အာရုံပြုသည်မဟုတ်တုံလော၊ စုဒ်ရှိရကား "ကိစ္စဝသေန" ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ၊ အရဟတ္တမဂ်၏ မာနကို မြင်ခြင်းသည် ကိစ္စအားဖြင့် ဖြစ်သည်လော၊ အာရုံအားဖြင့် ဖြစ်သည်လော၊ စုဒ်ရှိရကား "ကိစ္စဝသေန"ဟူ၍ မိန့်။

တစ်နည်းကား၊ ဆရာ "အသမ္မောဟ"အားဖြင့် မြင်သလော၊ အာရုံအားဖြင့်မြင်သလော၊ စုဒ်ရှိရကား "ကိစ္စဝသေန" ဟူသော ပါဌ်ကိုမိန့်။ တေနာဟ "ကိစ္စဝသေနာတိ အသမ္မောဟ ပဋိဝေဓေနော"တိ အဋ္ဌောဟူသော ဋီကာကို၍။

ဆရာ၊ ဤ "ပရိညာဘိသမယနှင့် ပဟာနာဘိသမယ"သည် ကာလ တစ်ပါးခြား၍ဖြစ်သလော၊ စုဒ်ရှိရကား "တေန ဒိဋ္ဌော သော တာဝဒေဝ

ပဟီယတိ" ဟူသောပါဠိ၌ကိုမိန့်။ အဓိပ္ပာယ်ကား။ ပရိညာဘိသမယအားဖြင့် ရအပ်သော ဒုက္ခသစ္စာ၌ အကျုံးဝင်သော မာနကို ထိုခဏ၌ ပယ်သတည်းဟူလို။

ဆရာ "ဥပမာယမိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" (ဇာ၊ ၂။ ၅၅။ ဇာ၊ ၄၊ ၅။ ၂၆၉။)ဟူ၍ ဤပဏ္ဏာသပါဠိတော်၌ပင် ဟောတော်မူခြင်းကြောင့် ဥပမာကို ပြမှသာလျှင် ပညာရှိခပင်းတို့သည် ဟုတ်မှန်စွာ နှလုံးသွင်းနိုင်ရာသည် ဥပမာကင်း၍ ဟုတ်မှန်စွာ နှလုံးမသွင်းနိုင်ရာ၊ ဤအရာ၌ ဥပမာကား အဘယ် နည်း၊ စုဒ်ရှိရကား "ဒိဋ္ဌဝသေန ဒိဋ္ဌသတ္တာနံ ဇီဝိတံ ဝိယ" ဟူ၍မိန့်။ အဓိပ္ပာယ်ကား။ ပြင်းသော အဆိပ်ရှိသော မြွေကိုဖွေရှာ စူးစမ်းသော ယောကျ်ားသည် အိမ်ကြား စည်းရိုးတို့၌ မြွေကိုတွေ့မြင်လျှင် မလင့်မဆိုင်းမူ၍ ထိုမြွေကို သတ်ညှစ် ဖျက်ဆီးသကဲ့သို့ ပရိညာဘိသမယဖြင့် ဒုက္ခသစ္စာကိုမြင်လျှင် ထိုဒုက္ခသစ္စာ၌ အကျုံးဝင်သော မြွေနှင့်တူသော မာနကို မြွေဖမ်းသော ယောကျ်ားနှင့်တူသော အရဟတ္တမဂ်သည် ချက်တဖြုတ်ခဏ၌ ပဟာနသတ္တိ ပြုသတည်းဟူလို။

■ ■ ■

## ၄၈–အန္တမကာသိ ဝုတ္တံ ဟောတိ–ပုဒ်စောဒနာ

**အန္တမကာသိ** ဒုက္ခဿာတိ ဧဝံ အရဟတ္တမဂ္ဂေန သမ္မာ မာနဿ ဒိဋ္ဌတ္တာ ပဟီနတ္တာ စ ယေ ဣမေ "ကာယဗန္ဓနဿ အန္တော ဇီရတိ။ ဟရိတန္တံ ဝါ" တိ ဧဝံ ဝုတ္တအန္တိမမရိယာဒန္တော စ။ "အန္တမိဒံ ဘိက္ခဝေ ဇီဝိကာန"န္တိ ဧဝံ ဝုတ္တလာမကန္တော စ၊ "သက္ကာယော ဧကော အန္တော"တိ ဧဝံ ဝုတ္တကောဋ္ဌာသန္တော စ "ဧသေဝန္တော ဒုက္ခဿ သဗ္ဗပစ္စယသင်္ခယာ"တိ ဧဝံ ဝုတ္တကောဋန္တော စာတိ ဧဝံ စတ္တာရော အန္တာ၊ တေသု သဗ္ဗဿေဝ ဝဋ္ဋဒုက္ခဿ အန္တံ စတုတ္ထကောဋိံ သင်္ခါတံ အန္တိမကောဋိသင်္ခါတံ အန္တမကာသိ ပရိစ္ဆေဒံ ပရိဝဋ္ဋုမံ အကာသိ၊ အန္တိမသမုဿယမတ္တာဝသေသံ ဒုက္ခမကာသီတိ ဝုတ္တံ ဟောတိ။

(မ၊ ၄၊ ၁။ ၉၀။)

အရှင်အဋ္ဌကထာဆရာ "မာနာဘိသမယာ"ဟူသောပုဒ်၏ အတ္ထသံဝဏ္ဏာ နာကို ဆရာပြည့်စုံစွာ ခွဲခြမ်းဝေဖန်၍ ပြအပ်ပြီ။ အန္တမကာသိ ဒုက္ခဿဟူသော

ပုဒ်၏ အတ္ထသံဝဏ္ဏနာကို ဆရာအဘယ်သို့ ပြုမည်နည်း၊ စုဒ်ရှိရကား "အန္တ မကာသိ ဒုက္ခဿာ တိ ။လ။ ဒုက္ခမကာသီတိ ဝုတ္တံ ဟောတိ။" ဟူသောပါဌ်ကို မိန့်။ ဤကား ဝါကျလုံးကိုတက်သော သမ္ဗန္ဓသံဝဏ္ဏနာနည်းတည်း။

အစိတ်အစိတ်ထွက်သော်ကား၊ ဆရာ "အန္တမကာသိ ဒုက္ခဿ" ဟူသော ပုဒ်၏အရကို ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဟုဆိုအပ်သော ဒုက္ခ၊ ဒေါသမူ ဒွေးဟုဆိုအပ်သော သင်္ခါရဒုက္ခ၊ လောကီစိတ်စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ဝိပရိဏာမဒုက္ခအားဖြင့် သုံးပါးတို့တွင် အဘယ်ဒုက္ခကို ယူရအံ့နည်း၊ စုဒ်ရှိရကား "ဝဋ္ဋဒုက္ခဿ"ဟူ၍မိန့်။ ဝိပရိဏာ မဒုက္ခဟူလို။

ဆရာ "အန္တမကာသိ ဒုက္ခဿ"ဟူ၍ ဟောတော်မူအပ်သော စကား သည် ရဟန္တာပုဂ္ဂိုလ်တို့၏ ဝဋ္ဋတရား၏ ပြတ်ခြင်းကို ဟောတော်မူသောတရား ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ပဋိလောမနည်း၌လည်း "ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"ဟူသော စကားသည်လည်း ရဟန္တာပုဂ္ဂိုလ်၏ ဝဋ္ဋတရား၏ ပြတ်ခြင်းကို ဟောတော်မူသော စကားဖြစ်သည်။ ထိုစကားနှစ်ရပ်တို့သည် ရဟန္တာကို ဟောသောစကားဖြစ်လျက် ပဋိစ္စသမုပ္ပါဒ်၌ အလုံးစုံသောအနက်၊ မရောမယှက်ခြင်းဟူသော အနက်ကိုဟောသော "ကေဝလဿ"ဟူသောပုဒ် ပါလျက်ရှိပါသည်။ ဤ၌မပါရှိခဲ့၏။ အနက်ထူးသောကြောင့်ပင် မပါဘဲ ရှိလေ သလော၊ စုဒ်ရှိရကား "သဗ္ဗဿေဝ"ဟူ၍မိန့်။ သဗ္ဗသဒ္ဒါနှင့် ကေဝလသဒ္ဒါတို့ ကား မထူးမခြားဟူလို။

တစ်နည်းကား။ ဆရာ "ဝဋ္ဋဒုက္ခဿ"ဟူ၍ ဆရာဆို၏ ကမ္မဝဋ္ဋ၊ ကိလေသဝဋ္ဋ၊ ဝိပါကဝဋ္ဋအားဖြင့် သုံးပါးအပြားရှိသည်။ ထိုသုံးပါးတို့တွင် ဤ အရာ၌ အဘယ်ဝဋ္ဋကို အလိုရှိအပ်သနည်း၊ စုဒ်ရှိရကား ထိုသုံးပါးလုံးကိုပင် အလိုရှိအပ်သည်ဟု ပြခြင်းငှါ "သဗ္ဗဿေဝ"ဟူ၍မိန့်။ ဤသို့တက်ရာ၌ သဗ္ဗဿေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ဝဋ္ဋဒုက္ခဿ၊ သင်္ခါရဟုဆိုအပ်သော ကမ္မဝဋ္ဋဒုက္ခ၊ အဝိဇ္ဇာဟုဆိုအပ်သော ကိလေသဝဋ္ဋဒုက္ခ၊ ဝိညာဏ်နာမ်ရုပ် သဠာယတနဖဿဝေဒနာဟုဆိုအပ်သော ဝိပါကဝဋ္ဋ၏။ အန္တံ၊ ကို။ အကာသိ၊ ပြုပြီ။ ဤသို့သမွန်။

ဆရာ၊ ဝဋ်သုံးပါးကိုယူစေခြင်းငှါ "သဗ္ဗသော ဝ"ဟူ၍ ဆရာဆို၏။ ထိုသို့ ဆိုခြေလျှင် "ဒုက္ခဿ" ဟူသောသမ္ဗန်ပုဒ်သည် "အန္တံ"ဟူသောပုဒ်၌ အဘယ် သို့ သမ္ဗန်, သမ္ဗန္ဓီဖြစ်နိုင်လေအံ့နည်း၊ ရဟန္တာပုဂ္ဂိုလ်သည် ကမ္မဝဋ် ကိလေသ ဝဋ်တည်းဟူသော နှစ်ပါးသောဒုက္ခ၏အဆုံးကို ပြုနိုင်သည်မဟုတ်တုံလော၊ ဝိပါကဝဋ္ဋဒုက္ခ၏ အဆုံးကို မပြုနိုင်သေးသည် မဟုတ်တုံလော၊ အန္တသဒ္ဒါသည် အဘယ်အနက်ကို ဟောသည်ဖြစ်၍ ဤဝိပါကဝဋ်ကို သိမ်းယူနိုင်လေအံ့နည်း၊ စုဒ်ရှိရကား "စတုတ္ထကောဋ္ဌိသခ်ါတံ အန္တိမကောဋ္ဌိသခ်ါတံ အန္တမကာသိ" ဟူသောပါဠ်ကို မိန့်။ အဓိပ္ပာယ်ကား "အန္တ" သဒ္ဒါသည် အဆုံးဟူသောအနက်ကို၊ အပိုင်းအခြားဟူသောအနက်ကို ဟောသည်ဟူလို။

ဤသို့တက်ရာ၌ သဗ္ဗသော ဝ၊ သော။ ဝဋ္ဋဒုက္ခဿ၊ ကမ္မဝဋ် ကိလေသ ဝဋ်ဟုဆိုအပ်သောဒုက္ခ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုပြီ။ ဝဋ္ဋဒုက္ခဿ၊ ဝိပါက ဝဋ်ဟုဆိုအပ်သောဒုက္ခ၏၊ အန္တံ၊ အပိုင်းအခြားကို။ အကာသိ၊ ပြုပြီ။ ဝဋ္ဋဒုက္ခဿ၊ ဝိပါကဝဋ်ဟုဆိုအပ်သောဒုက္ခ၏။ အန္တံ၊ အပိုင်းအခြားကို။ အကာသိ၊ ပြုပြီ။ ဤသို့သမ္ဗန်။ အဓိပ္ပာယ်ကား။ ရဟန္တာပုဂ္ဂိုလ်သည် ကမ္မဝဋ် ကိလေသဝဋ် နှစ်ပါး ၏အဆုံးကို ပြုသည်။ ဝိပါကဝဋ်ကိုကား ဤဘဝထက်အလွန် မဖြစ်စေပြီဟူ၍ အပိုင်းအခြားကို ပြုသည်ဟူလို။

တစ်နည်းကား။ ဆရာ "ဒုက္ခ" ဟူသောပုဒ်ကို "ဝဋ္ဋဒုက္ခ"ဟူ၍ ဆရာဖွင့် ၏။ "ဝဋ္ဋဒုက္ခ"ဟူက ပဋိစ္စသမုပ္ပါဒ်တရားပင်တည်း၊ ဤ "ဝဋ္ဋဒုက္ခ"ဟူသည် ပစ္စုပ္ပန်အကျိုးငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါးပါး တည်းဟူသော "ဝဋ္ဋဒုက္ခ" တို့တွင် အဘယ်"ဝဋ္ဋဒုက္ခ"ကို အလိုရှိအပ်သနည်း၊ စုဒ်ရှိရကား "သဗ္ဗသော ဝ" ဟူ၍မိန့်။

ဆရာ၊ ရဟန္တာပုဂ္ဂိုလ်သည် ပစ္စုပ္ပန်အကျိုးငါးပါးဟုဆိုအပ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကို အဆုံးမပြုသေး၊ ပစ္စုပ္ပန်အကြောင်း ငါးပါးဟုဆိုအပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝတို့ကိုသာ ရဟန္တာ ပုဂ္ဂိုလ် အဆုံးပြုသည်မဟုတ်တုံလော၊ သို့တည်းဖြစ်ပါလျှက် "သဗ္ဗသော ဝ" ဟု ဆရာဆိုခြင်းသည် အဘယ်မှာ သင့်နိုင်လေအံ့နည်း၊ စုဒ်ရှိရကား "စတုတ္ထကောဋ္ဌိ သခ်ါတံ အန္တိမကောဋ္ဌိသခ်ါတံ အန္တမကာသိ"ဟူ၍မိန့်။ အဓိပ္ပါယ်ကား။

"အန္တ"သဒ္ဒါသည် အဆုံးဟူသောအနက်၊ အပိုင်းအခြားဟူသောအနက်ကို ဟောသည်ဖြစ်၍ သင့်၏ဟူလို။ ဤသို့တက်ရာ၌ သဗ္ဗသော၀၊ သော။ ဝဋ္ဋဒုက္ခဿ၊ ပစ္စုပ္ပန်အကြောင်းဖြစ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝတည်း ဟူသော ဝဋ္ဋဒုက္ခ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုပြီ။ ဝဋ္ဋဒုက္ခဿ၊ ပစ္စုပ္ပန် အကျိုးဖြစ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟုဆိုအပ်သော ဝဋ္ဋဒုက္ခ၏။ အန္တံ၊ အပိုင်းအခြားကို။ အကာသိ၊ ပြုပြီ။ ဤသို့သမ္ဗန်။ အဓိပ္ပာယ် စကားဖြောင့်ကား။ ပစ္စုပ္ပန်အလွှာ ခုနှစ်ခုတို့တွင် အကြောင်းအလွှာငါးပါးကို ပယ်သောအားဖြင့် အဆုံးပြုသည်။ ပစ္စုပ္ပန် အကျိုးလွှာငါးပါးကို အပိုင်းအခြား ပြုသောအားဖြင့် အဆုံးပြုသည်ဟူလို။

တစ်နည်းကား။ ဆရာ "ဒုက္ခ"ဟူသောပုဒ်ကို "ဝဋ္ဋဒုက္ခ"ဟူ၍ ဆရာဆို၏။ "ဝဋ္ဋဒုက္ခ" သည် "ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ" အားဖြင့် လေးပါး တို့တွင် အဘယ်ဒုက္ခကို ယူအံ့နည်း၊ အလုံးစုံကိုပင် ယူရအံ့လော၊ စုဒ်ရှိရကား "သဗ္ဗသော၀"ဟူ၍မိန့်။

ဆရာ၊ ရဟန္တာပုဂ္ဂိုလ်သည် ဇာတိဒုက္ခကို အဆုံးပြုပြီ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့ကို အဆုံးမပြုသေးသည် မဟုတ်တုံလော၊ သို့တည်းဖြစ်လျက် "သဗ္ဗသော၀"ဟု ဆရာဖွင့်ခြင်းသည် "အန္တ" ဟူသောပုဒ်နှင့် "ဒုက္ခဿ" ဟူသော ပုဒ်သည် သမ္ဗန်သမ္ဗန္ဓိ အဘယ်မှာ ဖြစ်နိုင်လေအံ့နည်း၊ စုဒ်ရှိရကား "စတုတ္ထ ကောဋ္ဌိသင်္ခါတံ အန္တိမကောဋ္ဌိသင်္ခါတံ အန္တမကာသိ" ဟူသောပါဌ်ကို မိန့်။ အဓိပ္ပာယ်ကား။ "အန္တ"သဒ္ဒါသည် အဆုံးဟူသောအနက် အပိုင်းအခြားဟူသော အနက်ကို ဟောသည်ဖြစ်၍ သင့်၏ဟူလို။ ဤသို့တက်ရာ၌ သဗ္ဗသော၀၊ သော။ ဝဋ္ဋဒုက္ခဿ၊ ဇာတိဟုဆိုအပ်သော ဝဋ္ဋဒုက္ခ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုပြီ။ ဝဋ္ဋဒုက္ခဿ၊ ဇရာဒုက္ခဗျာဓိဒုက္ခမရဏဒုက္ခ၏။ အန္တံ၊ အပိုင်းအခြားကို။ အကာသိ၊ ပြုပြီ။ ဤသို့သမ္ဗန်။ စကားဖြောင့်ကား ရဟန္တာပုဂ္ဂိုလ်သည် ဇာတိဒုက္ခကို အဆုံးပြု ပြီ။ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့ကိုကား ဤဘဝတွင်သာဖြစ်စေမည်၊ ဤဘဝထက်အလွန် မဖြစ်စေပြီ၊ ဤသို့ အပိုင်းအခြားကို ပြုသည်ဟူလို။

ဆရာ၊ အန္တသဒ္ဒါသည် အဆုံးကိုဟောရာ၌ ဝဋ္ဋတရားတို့၏ ဆုံးခြင်းကို

သာ ပြသလော၊ ဝဋ်တရားတို့၏ အကြောင်းတရားတို့၏အဆုံးကို မပြသလော၊ စုဒ်ရှိရကား အကြောင်းအကျိုးနှင့်တကွ လင်းကဲတဖျာမှ ပြသတည်းဟု ပြခြင်းငှါ "ပရိစ္ဆေဒံ အကာသိ" ဟူ၍မိန့်။ ဤအရာ၌ လင်းကဲတဖျာဟူသော ဝေါဟာရသည် ပေါရာဏကထာဖြစ်သော စကားတည်း။ ပေါရာဏကထာမှာ လင်းကဲတဖျာဟူသည်ကား အရပ်ရှစ်မျက်နှာမှ တစ်စပ်တည်းကိုဆိုသည်။ ဤ၌လည်း ဝဋ်တရားတို့ဆုံးခြင်း ဝဋ်တရားတို့၏ အကြောင်းတို့၏အဆုံးကို သိမ်းကျုံး၍ အားလုံးကို အန္တသဒ္ဒါဟောသတည်းဟု ဆိုသည်။

ဆရာ "အန္တ" သဒ္ဒါသည် အပိုင်းအခြားကိုဟောရာ၌ ဝဋ်တရားတို့၏ အပိုင်းအခြားကိုသာ ပြသလော၊ ဝဋ်တရားတို့၏ အကြောင်း တရားတို့၏ အပိုင်းအခြားကို မပြသလော၊ စုဒ်ရှိရကား "ပရိဝဋုမံ အကာသိ" ဟူသော ပါဠိကိုမိန့်။

ဆရာ၊ ရဟန္တာပုဂ္ဂိုလ်သည် ဝဋ္ဋဒုက္ခ၏အဆုံး ဝဋ္ဋဒုက္ခ၏ အပိုင်းအခြားကို ပြသောအရာ၌ လိုရင်းစကားဖြောင့် အဓိပ္ပာယ်ကို အဘယ်သို့ ဆိုလိုသနည်း၊ စုဒ်ရှိရကား "အန္တိမသမုဿယမတ္တာ ဝသေသံ ဒုက္ခံ မကာသီတိ ဝုတ္တံ ဟောတိ" ဟူသောပါဠိကိုမိန့်။

အဓိပ္ပာယ်ကား။ ရဟန္တာပုဂ္ဂိုလ်သည် အဆုံးစွန်ဖြစ်သော အတ္တဘောမျှ၌ ရှိသော ဝိပရိဏာမဒုက္ခ ကြွင်းမျှသာရှိသည်ကို ပြသည်ဟူလို။ "သမုဿယ"သဒ္ဒါကား အတ္တဘောဟောတည်း။ (ဝါ) ကိုယ်ဟောတည်း။ ထိုကြောင့် ဋီကာ၌ "သမုဿယော ကာယော အတ္တဘာဝေါ"ဟူ၍ မိန့်သတည်း။

ဆရာ "စတုတ္ထ"ဟူ၍ ဆရာဆို၏။ သဠာသဒ္ဒါဟူက ဥပါဒါ ပညတ်ခြင်းဖြစ်၏။ အဘယ်တတိယကိုထောက်၍ စတုတ္ထဖြစ်သနည်း၊ စုဒ်ရှိရကား "တေသု"ဟူ၍မိန့်။ အဓိပ္ပာယ်ကား။ "အန္တ"သဒ္ဒါ၏ အနက်လေးပါးတို့တွင် လေးခုမြောက်ဖြစ်သော အနက်ဟူလို။

တစ်နည်းကား။ ဆရာ "စတုတ္ထ" ဟူ၍ဆို၏။ သောတာပတ္တိမဂ်သည် ကာမဘုံ၌ ခုနစ်ဘဝကို အဆုံးပြုသည်၊ သကဒါဂါမိမဂ်သည် ကာမဘုံ၌ ဒုတိယဘဝကို အဆုံးပြုသည်။ အနာဂါမိမဂ်သည် ကာမဘုံ၌ ပစ္စုပ္ပန်ဘဝကို အဆုံးပြုသည်။ အရဟတ္တမဂ်သည် သုံးဆယ့်တစ်ဘုံ၌ ပစ္စုပ္ပန်ဘဝကို အဆုံးပြုသည်။

ဤသို့လေးပါးသော မဂ်တို့၏ အဆုံးပြုခြင်းကိုထောက်၍ အရဟတ္တမဂ်၏ အဆုံးပြုခြင်းကို "စတုတ္ထ"ဟူ၍ ဆိုသလော၊ စုဒ်ရှိရကား "တေသု"ဟူ၍မိန့်။ အဓိပ္ပာယ်ကား။ မဂ်လေးပါးကိုစွဲ၍ "စတုတ္ထ"ဆိုသည်မဟုတ်၊ အနက်လေးပါးကိုစွဲ၍ "စတုတ္ထ" ဆိုသတည်းဟူလို။

တစ်နည်းကား၊ ဆရာ၊ ဆရာ၏ "စတုတ္ထ"ဟူသောပုဒ်သည် "အာဏတျာသိတ္တေနုတ္တကာလေ ပဉ္စမီ"ဟူသောသုတ်၌ ပဉ္စမီသဒ္ဒါ၊ "အနုမတိ ပရိကပ္ပတ္ထေသု သတ္တမီ" ဟူသောသုတ်၌ရှိသော သတ္တမီသဒ္ဒါတို့ကဲ့သို့ သချာဟော မဟုတ်၊ သညာဝါစကဖြစ်သော စတုတ္ထသဒ္ဒါလော၊ "ပဉ္စက္ခန္ဓာ" အစရှိသော ပုဒ်တို့ကဲ့သို့ သချာဟော စတုတ္ထသဒ္ဒါလော၊ စုဒ်ရှိရကား "တေသု"ဟူ၍မိန့်။ အဓိပ္ပာယ်ကား သချာဟောသဒ္ဒါဟူလို။

ဆရာ "တေသု"ဟူ၍ဆို၏။ ဆရာ၏ "တေသု"ဟူသောပုဒ်သည် နိဒ္ဒါရဏပုဒ်ဖြစ်သည်။ နိဒ္ဒါရဏဟူက နိဒ္ဒါရဏ နိဒ္ဒါရဏသမုဒါယ နိဒ္ဒါရဏဟေတုဟု သုံးပါးရှိမြဲ။ ဤတွင် နိဒ္ဒါရဏ နိဒ္ဒါရဏသမုဒါယကား အဘယ်နည်း၊ စုဒ်ရှိရကား "ယေ ဣမေ စတ္တာရော အတ္ထာ"ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "တေသု" ဟူ၍ ဆို၏။ ဆရာ တ-သဒ္ဒါသည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ အနက်ဝိသေသကို မဟောတတ်၊ အနက်ဝိသေသကို ဟောခြင်းငှါ ပဋ္ဌာနပုဒ်ကိုလည်း ထည့်ရာ၏။ ရှေးအနိယတ်ပုဒ်ကိုသော်လည်း ထည့်ရာ၏ဟု အဋ္ဌကထာ ဋီကာ သံဝဏ္ဏနာအရာ လိမ္မာပွဲမ်းတီး တတ်မြောက်ပြီးသော ဆရာကြီး ဆရာကျော် ဆရာမော်တို့ မိန့်ဆိုတော်မူကြသောကြောင့် ပဋ္ဌာနပုဒ် အနိယတ်ပုဒ်နှစ်ပါးတို့တွင် တစ်ပါးပါးကို ဝတ္တိစ္ဆာအားဖြင့် ဖွင့်ထားရာ၏။ ထိုနှစ်ပါးတို့တွင် ဤအရာတွင် ဆရာ "ပဋ္ဌာန"ပုဒ်ကိုမထည့်ခဲ့။ "ပဋ္ဌာန" ပုဒ်ကို မထည့်ခဲ့သော် အနိယတ်ပုဒ်ကို ထည့်ရာ၏၊ ထည့်အပ်သော အနိယတ်ပုဒ်ကား အဘယ်နည်း၊ စုဒ်ရှိရကား "ယေ ဣမေ စတ္တာရော အတ္ထာ" ဟူ၍မိန့်။ နိယတ် အနိယတ်ပုဒ်တို့ကို ရှေးနည်းအတိုင်း ထွက်လေ။

ဆရာ "စတ္တာရော" ဟူ၍ဆို၏။ အဘယ်သို့ "စတ္တာရော" ဖြစ်သနည်း၊ စုဒ်ရှိရကား "ဣတိ ဧဝံ"ဟူသောပါဌ်ကိုမိန့်။ ဆရာ "ဣတိ ဧဝံ" ဟူသော

နိဒဿန၏ နိဒဿိတဗ္ဗကား အဘယ်နည်း၊ စုဒ်ရှိရကား "ဝုတ္တာအန္တိမမရိယာဒဿော စ ဝုတ္တလာမကဿော စ ဝုတ္တကောဋ္ဌာသဿော စ ဝုတ္တကောဋ္ဌဿော စ" ဟူသော ပါဌ်တို့ကို မိန့်။ "စတ္တာရော"ဟူသောပုဒ်ကိုလည်း သချာသချေ စသည်တို့ဖြင့် ရှေးနည်းအတူ ရှေးနည်း အတိုင်းထွက်လေ။

ဆရာ "ဝုတ္တာအန္တိမမရိယာဒဿော စ"အစရှိသော အနက်လေးပါးကို ဆို၏။ ထိုအနက်လေးပါးတို့ကို အဘယ်ပါဠိ၌ ဟောတော်မူသနည်း၊ စုဒ်ရှိရကား "ကာယဗန္ဓနဿ အဿော ဇီရတိ။ ဟရိတန္တံ ဝါ"တိ။ အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနန္တိ။ သက္ကာယော ဧကော အဿောတိ။ ဧသေဝဿော ဒုက္ခဿ သဗ္ဗပစ္စယသင်္ခယာတိ" ဟူသောပါဌ်ကိုမိန့်။ သာဓျ သာဓကစသည်တို့ဖြင့်လည်း ရှေးနည်းအတိုင်း ထွက်လေ။

ဆရာ၊ ပဋိစ္စသမုပ္ပါဒ်၌ "ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဟူသော အကျိုးတရား၏အကြောင်းကို "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော သင်္ခါရနိရောဓာ၊ ဝိညာဏနိရောဓော ဝိညာဏနိရောဓာ" ဤသို့စသည်ဖြင့် ပရမ္ပရ ဟိတ်အဆက်ဆက်အကြောင်းကို ဟောတော်မူသကဲ့သို့ ဤ "အန္တမကာသိ ဒုက္ခဿ"ဟူသောစကားလည်း အဝိဇ္ဇာ သင်္ခါရ စသည်တို့၏ချုပ်ခြင်းကိုပင် ပရမ္ပရဟိတ်အားဖြင့် အကြောင်းသင့်ရအံ့လော၊ စုဒ်ရှိရကား ပါဠိ၌ တင်းလင်းရှိသော "မာနာဘိသမယာ" ဟူသောပုဒ်ကိုပင် နာနာဟိတ်အားဖြင့် ထုတ်လေဟုပြခြင်းငှါ "မာနဿ ဒိဋ္ဌတ္တာ ပဟီ နတ္တာ စ" ဟူ၍မိန့်။

ဆရာ "ဒိဋ္ဌတ္တာ ပဟီနတ္တာ စ"ဟူသည် ပရိညာဘိသမယ ပဟာနာဘိသမယပင်ဖြစ်ခဲ့ ထိုအဘိသမယနှစ်ပါးတို့သည် မဂ်လေးပါးတို့နှင့်ပင် ဆက်ဆံခဲ့သည်။ ထိုကြောင့် မဂ်လေးပါးကိုသာ ယူရအံ့လော၊ စုဒ်ရှိရကား "အရဟတ္တမဂ္ဂေန" ဟူသောပါဌ်ကိုမိန့်။

ဤဝါကျ၌ စောဒကဆရာသည် တစ်ခုသောပြဿနာကိုပင် မေးလင့်ကစား သုံးပါးသောအနက်ကို ဖြေသည်။

သုံးပါးသောအနက်ကား "ဒဿနာဘိသမယာ ပဟာနာဘိသမယာ"

ပုဒ်၌ "အာ" ဟူသောကာရိယသည် သိဝိဘတ် ယောဝိဘတ် စသည်တို့၏ ကာရိယမဟုတ်၊ "သွာသို့နံဝါ" ဟူသောသုတ်ဖြင့် စီရင်အပ်သော သွာဝိဘတ်၏ ကာရိယတည်း၊ ဤအနက်ကိုလည်း ပြသည်။

"ဒဿနာဘိသမယတ္ထာ ပဟာနာဘိသမယတ္ထာ စ" ဟူ၍ ပြခြင်းကြောင့် ဒဿနသဒ္ဒါ ပဟာနသဒ္ဒါတို့နှင့် "အဘိသမယ"သဒ္ဒါသည် ကမ္မဓာရာယ်သမာသ် တည်း။ ဤအနက်ကိုလည်း ပြသည်။

"မာနာဘိသမယာ" ဟူသောပုဒ်သည် "အန္တမကာသိ" ဟူသော ဖိုလ်၏ ဟိတ်တည်း၊ ဤအနက်ကိုလည်း ပြသည်။ ဤသုံးပါးသော အနက်တို့တည်း။ ဤဝါကျကို ဖြောင့်ဆိုသော်ကား-

အန္တမကာသိ ဒုက္ခဿာတိ အန္တသဒ္ဒေါ မရိယာဒါ လာမက ကောဋ္ဌာသ ကောဋိသု ဒိဿတိ။ "ကာယဗန္ဓနဿ အန္တော ဇီရတိ ဟရိတန္တံ ဝါ"တိ အာဒီသု လာမကေ။ "သက္ကာယော ဧကော အန္တော"တိ အာဒီသု ကောဋ္ဌာသေ။ "ဧသေဝန္တော ဒုက္ခဿ သဗ္ဗပစ္စယသင်္ခယာ"တိအာဒီသု ကောဋေ။ ဣဓ ပန စတုတ္ထကောဋိသင်္ခါတ အန္တိမကောဋိသင်္ခါတေသု ဝတ္တတိ။

ဤသို့ ပါဌ်ထားသင့်လျက် သောတုဇနအများတို့၏ ပိဋကတ်သုံးပုံ၌ လိမ္မာစေခြင်းငှါ ဒေသနာဝိယာသနည်းဖြင့် ထားသတည်း။

■ ■ ■

## ၄၉-ဧဝံ မေ သုတန္တိ-သက္ကာရေပုဒ်စောဒနာ

ဧဝံ မေ သုတန္တိ ဓမ္မဒါယာဒသုတ္တံ။ ယသ္မာ ပနဿ အဋ္ဌုပ္ပတ္တိ ကော နိက္ခေပေါ။ တသ္မာ တံ ဒဿေတွာဝဿ အပုဗ္ဗပဒဝဏ္ဏနံ ကရိဿာမ။ ကတရာယ စ ပန ဣဒံ အဋ္ဌုပ္ပတ္တိယာ နိက္ခိတ္တန္တိ လာဘ သက္ကာရေ။

(ဓမ္မဒါယာဒသုတ်အဋ္ဌကထာ။) (မ၊ ဋ၊ ၁။ ၉၁။)

ဤဝါကျ၌ "တသ္မာ တံ" ဟူသော နှစ်ပုဒ်တို့တွင် "တံ" ဟူသော နိယတ် ပုဒ်၏ အနိယတ်ကို "ယသ္မာ ပနဿ အဋ္ဌုပ္ပတ္တိကော နိက္ခေပေါ" ဟူသောပုဒ်နှင့်

ပြသည်၊ "တသ္မာ" ဟူသော နိယတ်ပုဒ်၏အနိယတ်ကိုကား အဋ္ဌကထာဆရာမပြ ငြီကာ၌ ပြသည်။

ငြီကာ၌ပြသည်ကား။ "ယသ္မာ သုတ္တန္တဝဏ္ဏနာ သုတ္တနိက္ခေပံ ဒဿေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ" ဤသို့တည်း။ အနက်သမ္ဗန်သော်ကား ဧဝံ မေ သုတန္တိ၊ ဧဝံ မေ သုတံအစရှိသော စကားသည်။ ဣတိကား အာဒျတ္ထ။ ဓမ္မဒါယာဒသုတ္တံ၊ ဓမ္မဒါယာဒသုတ်တည်း။ ဝါ၊ ဓမ္မဒါယာဒမည်သောသုတ်တည်း။ ပန၊ အမည်သညာမှတစ်ပါး ကရဏာပွကာရကိုဆိုဦးအံ့။ ဝါ၊ သညာမှတစ်ပါး နိမိတ်ကတ္တား ပရိမာဏ ပယောဇန်တို့ကိုဆိုအံ့။ ယသ္မာ၊ အကြင်ကြောင့်။ သုတ္တဝဏ္ဏနာ၊ သုတ်ကိုဖွင့်ခြင်းသည်။ သုတ္တနိက္ခေပံ၊ သုတ္တနိက္ခေပကို။ ဒဿေတွာ၊ ပြ၍။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ ဝါ၊ ဆိုမှ။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသုတ္တနိက္ခေပကို မဆွေးနွေးဖြား ပြထားပြောဆိုမှသာ လျှင် ထင်ရှားသည်၏အဖြစ်ကြောင့်။ ယသ္မာ၊ အကြင်ကြောင့်။ အဿသုတ္တဿ၊ ထိုဓမ္မဒါယာဒသုတ်ကို။ အဋ္ဌုပ္ပတ္တိကော၊ အဋ္ဌုပ္ပတ္တိဟုဆိုအပ်သော။ ဝါ၊ အကြောင်း၏ ဖြစ်ခြင်းရှိသော။ နိက္ခေပေါ၊ ထားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တံ အဋ္ဌုပ္ပတ္တိကနိက္ခေပံ၊ ထိုအဋ္ဌုပ္ပတ္တိနိက္ခေပကို။ ဒဿေတွာ၊ ပြ၍သာလျှင်။ ဝါ၊ ဆို၍သာလျှင်။ အဿ၊ ၏။ အပုဗ္ဗပဒဝဏ္ဏနံ၊ မရှေးသောပုဒ်၏အဖွင့်ကို။ ဝါ၊ အသစ်ဖြစ်သော ပုဒ်၏အဖွင့်ကို။ အဟံ၊ ငါ ဗုဒ္ဓဃောသဆရာသည်။ ကရိဿာမ၊ ပြုစီရင်ပေအံ့။ ဤသို့တည်း။

ပိဋကတ်သုံးပုံဝယ် အကျယ်ဟောတော်မူအပ်သော မြတ်စွာဘုရား၏ အဇ္ဈာသယအလိုတော်ကို ထုတ်ဖော်မကြွင်း လင်းလင်းထင်ထင် သိမြင်တော် မူသော အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်မြတ်သည်။ ပဌမသုတ်၊ ဒုတိယသုတ် တို့၏ အနက်အဓိပ္ပာယ်တို့ကို လွယ်လင့်တကူ မှတ်ယူသာအောင် ထုတ်ဆောင်ပြ ရာ အတ္ထသံဝဏ္ဏနာကိုပြုပြီး၍ ယခုအခါဝယ် ဓမ္မဒါယာဒသုတ်ကို အဋ္ဌုပ္ပတ္တိနှင့် တကွ အတ္ထသံဝဏ္ဏနာကို ပြုလိုရကား "ဧဝံ မေ သုတန္တိ ။လ။ ကရိဿာမ" ဟူသောပါဌ်ကိုမိန့်။ ဤနည်းကား အနုသန္ဓေအားဖြင့်တက်သော သမ္ဗန္ဓ သံဝဏ္ဏနာတည်း။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ ပဌမသုတ်၊ ဒုတိယသုတ်တို့၏ အနက်အဓိပ္ပာယ် ပိဋကတ္တ အဝယဝတ္ထတို့ကို ပြည့်စုံစွာ ပြဆိုပေသောကြောင့် ငါတို့ သောတုဇနအများတို့ နှလုံးမသွင်းရပါသေး၊ ဆရာ ခွဲခြမ်းဝေဖန်၍ ပြမှသာလျှင် ငါတို့သောတုဇန မျိုးစုံတို့ပြည့်စုံစွာ မှတ်ရတုံအံ့။ ဤသို့ သောတုဇန အပေါင်းတို့က လျှောက်ထား တောင်းပန်ဖွယ်ရှိရကား "ဧဝံ မေ သုတန္တိ ။လ။ ကရိဿာမ"ဟူသောပါဌ်ကိုမိန့်။ ဤကား ပုစ္ဆာအားဖြင့်တက်သော သမ္ဗန္ဓသံဝဏ္ဏနာတည်း။

တစ်နည်းကား၊ ဆရာ၊ ဤတတိယသုတ်ကို အဘာယ်အမည်ဖြင့် မှည့်မည်နည်း၊ အမည်သညာမရှိက ခေါ်ဝေါ်ခြင်းငှါ တတ်ကောင်းလေအံ့လော၊ ရှေးအဋ္ဌကထာဆရာတို့သည် ပုဗ္ဗပဒသံဝဏ္ဏနာ၊ အပုဗ္ဗပဒသံဝဏ္ဏနာ၊ အနုတ္တာပဒသံဝဏ္ဏနာအားဖြင့် သုံးပါးသောသံဝဏ္ဏနာတို့တွင် တစ်ပါးပါးဖြင့် မှတ်သား၍ ဖွင့်ကြကုန်သည်၊ ဆရာမှာမူကား အမှတ်အသားမရှိ တွေ့မိတွေ့ရာ ပဒသံဝဏ္ဏနာ အတ္ထသံဝဏ္ဏနာတို့ကို ပြုမည်လော၊ စုဒ်ရှိရကား "ဧဝံ မေ သုတန္တိ ။လ။ ကရိဿာမ" ဟူသောပါဌ်ကို မိန့်။

ဤအတက်ကား စောဒနာသောအားဖြင့်တက်သော သမ္ဗန္ဓသံဝဏ္ဏနာတည်း။ အချို့ဆရာကား ပုစ္ဆာတက်၊ စောဒနာတက် အထူးအခြားမရှိဟု ဆိုကြကုန်၏။ ပုစ္ဆာတက်မှာ အဒိဋ္ဌစောဒနာပုစ္ဆာ၊ ဒိဋ္ဌသံ သန္ဒနာပုစ္ဆာ၊ ဝိမတိစ္ဆေဒနာပုစ္ဆာ၊ အနုမတိစ္ဆေဒနာပုစ္ဆာ၊ ကထေတုကမျတာပုစ္ဆာအားဖြင့် ငါးပါးပြားသည်။ စောဒနာတက်မှာ မေးသည်မဟုတ် အပြစ်တင်ကဲ့ရဲ့သည်၊ စောဒနာသဒ္ဒါသည် အာရောပန အနက်ကို ဟောသည်။ ဤသို့အထူးမှတ်။

အစိတ်အစိတ်ထွက်သော်ကား အရှင်အဋ္ဌကထာဆရာ၊ လောကဉ္ဇကာယဒ္ဒါရဖြင့်ပြီးသော ထိုထိုအမှုသည် ဝစီဝိညတ်လျှင် ရှေ့သွားရှိသည်၊ ထိုဝစီဝိညတ်သည်လည်း နာမပညတ်နှင့်ကင်း၍ လိုအပ်သောအနက် မပြီးနိုင်ရာ၊ ထို့ကြောင့် အမည်နာမပညတ်ကိုသာ မဆွစွာ ဆရာပြသင့်သည် မဟုတ်တုံလော၊ စုဒ်ရှိရကား "ဧဝံ မေ သုတန္တိ ဓမ္မဒါယာဒသုတ္တံ"ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား။ ဆရာ "မဓုပိဏ္ဍိက"စသောသုတ်တို့၌ "ဣဒံ ဓမ္မ ပရိယာယံ မဓုပိဏ္ဍိကပရိယာယောတွေဝ နံ ဓာရေဟိတိ"ဟူ၍ မြတ်စွာဘုရားသည်ပင် သုတ်၏အမည်ကို မှည့်တော်မူခဲ့သည်။ ဤတတိယသုတ်ကို ဘုရားသခင် အမည်သညာကိုပြုတော်မမူခဲ့၊ ဆရာသည် အဘယ်သို့ အမည်သညာကိုပြုအံ့နည်း၊ ငါတို့ကား အဘယ်အမည်ဖြင့် ခေါ်ဝေါ်ရအံ့နည်း၊ စုဒ်ရှိရကား၊ "ဇဝံ မေ သုတန္တိ ဓမ္မဒါယာဒသုတ္တံ" ဟူ၍မိန့်။

တစ်နည်းကား ဆရာ၊ အမည်သညာသည် ဗာရာဏသီမင်း၏ ဗြဟ္မဒတ္တဟူသော အမည်၊ ငါးမျှားသည့် တံငါသည်၏ အရိယဟူသောအမည်တို့သည် ဗြဟ္မာပေး၍ ရအပ်သောသားဖြစ်၍ ဗြဟ္မဒတ္တမည်သည်လည်းမဟုတ်၊ အရိယဓမ္မနှင့် ပြည့်စုံသောကြောင့် အရိယမည်သည်လည်း မဟုတ်၊ စင်စစ်သော်ကား ခေါ်ဝေါ်ရခြင်း အကျိုးသာရှိသော ရုဠ္ဟီအမည်သညာလည်းရှိသည်၊ သိကြား၏ ဒေဝါနမိန္ဒော ဂေါတြဘူစသော အမည်တို့သည် ခေါ်ဝေါ်ရခြင်းအကျိုးလည်းရှိသည်။ နတ်တို့ကို အစိုးရခြင်းစသောသူ၏ ဝတ္တမည်သောအသူရာ နှိမ်နင်းသောသူဟူသောအနက်ကိုလည်း မှတ်ရခြင်းအကျိုးရှိသော အန္ဝတ္ထသညာလည်းရှိသည်။ ဤရုဠ္ဟီသညာ အန္ဝတ္ထသညာနှစ်ပါးတို့တွင် အဘယ်သညာဖြင့် ဆရာပြမည်နည်း၊ စုဒ်ရှိရကား ဤသုတ်ကို ဓမ္မဒါယာဒသုတ်ဟူ၍ ခေါ်ဝေါ်ရခြင်းအကျိုး၊ ဤသုတ်ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်တည်းဟူသော မြတ်စွာဘုရား၏ အမွေဥစ္စာကို ပြရာပြကြောင်းဖြစ်သော သုတ်တည်း။ ဤသို့သော အနက်ကို သိရခြင်းအကျိုးရှိသော အန္ဝတ္ထသညာကိုပြခြင်းငှါ "ဇဝံ မေ သုတန္တိ ။လ။ ဓမ္မဒါယာဒသုတ္တံ"ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ၊ အမည်နာမပညတ်တို့ကို ဇာတ် ဂုဏ် ကြိယာ ဒြဗ် နာမ်ကိုစွဲ၍ ကမ္မာဦးသူ လူပညာရှိတို့သည် ထားကြကုန်သည်။ ဆရာသည် ဤတတိယသုတ်ကို ဇာတ်ကိုတည်း စွဲထားမည်လော၊ ဂုဏ်၊ ကြိယာ၊ ဒြဗ် နာမ်ကိုတည်း စွဲ၍ထားမည်လော၊ စုဒ်ရှိရကား ဤသုတ်၌ပြအပ်သော ဓမ္မဒါယာဒဟူသော ပုဒ်ဒြဗ်ကိုစွဲ၍ ဒြဗ်ဖြင့် အမည်နာမပညတ်ပြခြင်းငှါ "ဇဝံ မေ သုတန္တိ ဓမ္မဒါယာဒသုတ္တံ"ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ -

**သညာနိမိတ္တံ ကတ္တာ စ၊ ပရိမာဏံ ပယောဇနံ။**

**သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗံ ဝတ္တုမိစ္ဆတာ။** ဟူ၍

ရှေးဆရာတို့ ဆိုသည်ဖြစ်၍ အမည်သညာ မိမိပြုအပ်သောကျမ်း၏ အဇ္ဈတ္တနိမိတ် ဗာဟိရနိမိတ်, ကျမ်းပြုဆရာတည်းဟူသောကတ္တား, ကျမ်း၏ အပိုင်းအခြားတည်းဟူသော ပရိမာဏ, ကျမ်း၏ပရမ္ပရ, အကျိုးတည်းဟူသော ပယောဇန, အားဖြင့် ငါးပါးသောပုဗ္ဗကိစ္စတို့ကို ကျမ်း၏အစ သုတ်၏အစတို့၌ ပြုအပ်လေရကား ဤတတိယသုတ် နိမိတ်အစရှိသော လေးပါးသောပုဗ္ဗကိစ္စ တို့၏ မဆွလက်မွန်စွာ ပြုရာသောသညာကား အဘယ်နည်း၊ စုဒ်ရှိရကား "ဧဝံ မေ သုတန္တိ ဓမ္မဒါယာဒသုတ္တံ"ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ၊ တတိယသုတ်၏ ဓမ္မဒါယာဒမည်ကြောင်းကို ဆရာဆိုပြီ။ ဤဓမ္မဒါယာဒသုတ်ကို ဖွင့်အံ့သော အချင်း အရာဟု ဆိုအပ်သော ကရဏပ္ပကာရကို ဆရာအဘယ်သို့ပြမည်နည်း၊ စုဒ်ရှိရကား "ယသ္မာ ပနဿ ။လ။ ကရိဿာမ"ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား ဆရာ၊ ဤတတိယသုတ်ဖြစ်သော ဓမ္မဒါယာဒသုတ်ကို အနုပုဗ္ဗပဒသံဝဏ္ဏနာစသော သုံးပါးသော သံဝဏ္ဏနာနည်းတို့တွင် အဘယ်နည်း ဖြင့် ဖွင့်မည်နည်း၊ စုဒ်ရှိရကား "ယသ္မာ ပနဿ ။လ။ ကရိဿာမ" ဟူသော ပါဌ်ကို မိန့်။

ဤဝါကျကို အပြည့်အစုံထားမှုကား "ယသ္မာ သုတ္တန္တဝဏ္ဏနာ နိက္ခေပံ ဒဿေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ၊ တသ္မာ။ ယသ္မာ ပနဿ အဋ္ဌုပ္ပတ္တိကော နိက္ခေပေါ၊ တံ ဒဿေတွာစဿ အပုဗ္ဗပဒဝဏ္ဏနံ ကရိဿာမ" ဟူသည်တည်း။ ထိုတွင်လိုရင်းပါဌ်ကား "ကရိဿာမ" ဟူသည်တည်း။ "<u>ပုဒ်ယောဇနာရှိလေရာ ကိရိယာ ကာရက တက်လေ</u>" နိယံဆရာတို့ ဆိုသည်နှင့်အညီ အကြွင်းပုဒ်တို့ကို ကြိယာကချည်း ထွက်လေ။

ဆရာ "ကရိဿာမ"ဟူ၍ ပဋိညာဉ်ကိုပြု၏။ ထိုပဋိညာဉ်ကရဏ၏ ပဋိညာတဗ္ဗကား အဘယ်နည်း၊ စုဒ်ရှိရကား "အပုဗ္ဗပဒဝဏ္ဏနံ"ဟူသောပါဌ်ကို မိန့်။

တစ်နည်းကား။ ဆရာ၊ ဆရာ၏ "ကရိယာမ" ဟူသော ကိရိယာသည် သဝိညာဏကကြိယာ သုံးပါးတို့တွင် ဝစီဒွါရကြိယာဖြစ်သည်၊ ဝစီဒွါရကြိယာ ဖြစ်လျှင် အာကာရ မနသာဝဝတ္ထာပိတနှစ်ပါးရှိမြဲ။ ထိုနှစ်ပါးတို့တွင် ကရဏာ ကာရကား အဘယ်နည်း၊ စုဒ်ရှိရကား "အပုဗ္ဗပဒဝဏ္ဏနံ"ဟူသော ပါဌ်ကိုမိန့်။ မနသာဝဝတ္ထာပိတကို နိဒါနကောသလ္လတ္ထံဟူ၍ဖော်လေ။ ဤ "အပုဗ္ဗပဒဝဏ္ဏနံ" ဟူသောပုဒ်ကို သဒ္ဒါတင်၊ ပညတ်တင်၊ ပရမတ်တင်သုံးပါးနှင့် ရှေးအတိုင်း ပြည့်စုံစွာ ထွက်လေ။

ဆရာ "အပုဗ္ဗပဒဝဏ္ဏနံ"ဟူသော သမ္ဗန္ဓိပုဒ်ကိုဆို၏။ ထိုသမ္ဗန္ဓိ၏ သမ္ဗန် ကား အဘယ်နည်း၊ စုဒ်ရှိရကား "အဿ" ဟူ၍မိန့်။

တစ်နည်းကား၊ ဆရာ၊ ဆရာသည် "အပုဗ္ဗပဒဝဏ္ဏနံ"ကို ပြုအံ့ ဟူ၍ ဆရာဝန်ခံ၏။ ဤသို့ဝန်ခံခြင်းသည် ဤတတိယသုတ်မှစ၍ မာရတဇ္ဇနိယသုတ် တိုင်အောင် ဝန်ခံသည်ဖြစ်လျှင်လည်း "ဣတော ပဋ္ဌာယ" ပုဒ်ကို ထားသင့်သည်၊ သို့တည်းမဟုတ် ဤဓမ္မဒါယာဒသုတ်ကို ဝန်ခံသည်ဖြစ်လျှင်လည်း "အဿ"ဟူ သောပုဒ် "သုတ္တဿ"ဟူသောပုဒ်တို့ကို ထားသင့်သည်၊ အဘယ်ပုဒ်ကို ဆရာထား မည်နည်း၊ စုဒ်ရှိရကား "အဿ"ဟူသောပါဌ်ကိုမိန့်။

တစ်နည်းကား၊ ဆရာ-

**အနိဋ္ဌိတေ ပဒေ ဝဏ္ဏော၊ ဝါက္ခရံ နိဋ္ဌိတေ ပဒံ။**

**ဝါကျံ တဿ သမုဒါယောတ-မဗ္ဗောညာပေက္ခလက္ခဏံ။** ဟူ၍

အက္ခရ စိန္တကဆရာတို့မိန့်ဆိုသည်နှင့်အညီ မပြီးသောပုဒ်၌ အကျုံးဝင် သောဝဏ္ဏသည် အက္ခရာမည်သည်။ ပြီးပြီးသည်ရှိသော် ပုဒ်မည်သည်။ ထိုပုဒ် အပေါင်းတို့သည် ဝါကျမည်သည် ဖြစ်သောကြောင့် ပုဒ်ဟူသည် ဝါကျအစိတ် ဖြစ်သည်။

**ဧကဝဏ္ဏက္ခရံ နာမ၊ အက္ခရသမူဟပဒံ။**

**ဝါကျံ တဿ သမုဒါယော၊ တံ သမူဟံ သတ္တံ မတံ။** ဟူ၍

အက္ခရစိန္တကဆရာမိန့်ဆိုသည်နှင့်အညီ တစ်လုံးတစ်လုံးသော ဝဏ္ဏ

သည် အက္ခရာမည်သည်၊ အက္ခရာအပေါင်းသည်ပုဒ်၊ ပုဒ်အပေါင်းသည် ဝါကျ၊ ဝါကျအပေါင်းသည် သတ္ထမည်ရကား ဤအပုဗ္ဗပဒဝဏ္ဏနံဟူသောပုဒ်၌ အကျုံးဝင်သောပဒဟူသောအစိတ် ပုဒ်၏အပေါင်းဖြစ်သောဝါကျ သတ္ထကား အဘယ်နည်း၊ အဘယ်ဝါကျ အဘယ်သတ္ထ၌ အကျုံးဝင်သောပဒကိုရည်၍ ဆရာသည် "အပုဗ္ဗပဒ" ဟူ၍ ဆိုလေဘိသနည်း၊ "အသော"ဟူ၍ ဆိုလေဘိသလော၊ စုဒ်ရှိရကား "အသေ"ဟူ၍မိန့်။ အဓိပ္ပာယ်ကား အမှတ်မရှိသော သုတ်၌ရှိသော ပဒမဟုတ်။ ဤဓမ္မဒါယာဒသုတ်၌ အကျုံးဝင်သော အသစ်အသစ်ဖြစ်သောပဒ ဟူလို။

■■■

## ၅၀–ကောဘိ–ဝိရှုတိပုဒ်၊ ပဒဝိဂ္ဂဟ သံဝဏ္ဏနာ

**ကောဘိသမယေန အဘိသမေတိ၊ ဒုက္ခံ ပရိညာပဋိဝေဓေန ပဋိဝိဇ္ဈတိ။**

**(မ၊ ၄၊ ၁။ ၇၆။)**

ဆရာ "ကောဘိသမယေန"ဟူသောပုဒ်၌ "ကေသဒ္ဒါ"ကား သဗ်ာ သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း၊

အဘိသမေတီတိ အဘိသမယော။ ယံ ဉာဏံ၊ အကြင်မဂ်ဉာဏ်သည်။ အဘိသမေတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ထိုသို့သိတတ်သော သတ္တိကြောင့်။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ အဘိသမယော၊ အဘိသမယမည်၏။ "အဘိသမေတီတိ အဘိသမယော" ၌ "အဘိသမေတိ"ကား ကတ္တုသာဓနေ, ကိတ်ဝိဂ္ဂြိုဟ်၊ "အဘိသမယော"ကား ကတ္တုသာဓနေ ကိတ်ပုဒ်။

တစ်နည်းကား။ သမေတီတိ သမယော။ သမေတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သမယော၊ သမယမည်၏။ "သမေတီတိ"ကား ကတ္တုသာဓနေကိတ်ဝိဂ္ဂြိုဟ်၊ "သမယော" ကား ကတ္တုသာဓနေ ကိတ်ပုဒ်။

အဝိရဇ္ဇန ဘာဝေန သမယော အဘိသမယော။ အဝိရဇ္ဇန ဘာဝေန၊ မချွတ်မယွင်းသောအားဖြင့်။ သမယော၊ သိသည်တည်း။ အဘိသမယော၊ မချွတ်မယွင်းသောအားဖြင့်သိသည်။ "အဝိရဇ္ဇဘာဝေ န သမယော"ကား တပ္ပုရိသ်

သမာသ်ဝိဂြိုဟ်၊ "အဘိသမယော"ကား တတိယာတပ္ပုရိသ်သမာသ်ပုဒ်။

ဧကေန အဘိသမယော ဧကာဘိသမယော။ ဧကေန၊ တစ်ခု သော မဂ်ဉာဏ်ဖြင့်။ အဘိသမယော၊ မချွတ်မယွင်းသောအားဖြင့် သိသည်တည်း။ ဧကာဘိသမယော၊ တစ်ခုသောမဂ်ဉာဏ်ဖြင့် မချွတ်မယွင်းသောအားဖြင့် သိသည်။ "ဧကေနအဘိသမယော" ကား ဒိဂုသမာသ်ဝိဂြိုဟ်၊ ဝါ၊ တပ္ပုရိသ် သမာသ်ဝိဂြိုဟ်၊ "ဧကာဘိသမယော"ကား ဒိဂုသမာသ်ပုဒ်၊ ဝါ၊ တပ္ပုရိသ် သမာသ်ပုဒ်။ "ဧကေန ဧကာ ဘိသမယေန" ဟု ဝိဘတ်ချဲ့။ "အဘိသမယေတိ" ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မဆိုကောင်း။

ဒုဋ္ဌု ခနတီတိ ဒုက္ခံ။ အတ္တဘာဝံ၊ အတ္တဘောကို။ ဒုဋ္ဌု၊ မကောင်းစွာ။ ခနတိ၊ တူးဖြိုတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ "ဒုဋ္ဌု ခနတိ"ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဒုက္ခံကား ကတ္တုသာဓနကိတ်ပုဒ်။ ဒုက္ခေန ခမိတဗ္ဗန္တိ ဝါ ဒုက္ခံ။ ဝါ၊ တစ်နည်းကား။ ဒုက္ခေန၊ ဆင်းရဲညှိုးညင်သဖြင့်။ ခမိတဗ္ဗံ၊ သည်းခံအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒုက္ခံ ၏။ "ဒုက္ခေန ခမိတဗ္ဗံ"ကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ "ဒုက္ခံ"ကား ကမ္မသာဓနကိတ်ပုဒ်။ "တံ ဒုက္ခံ" ဟု ဝိဘတ်ချဲ့။

ပရိဆိန္ဒိတွာ ဇာနနံ ပရိညာ။ ပရိဆိန္ဒိတွာ၊ ပိုင်းခြား၍။ ဇာနနံ၊ သိခြင်း တည်း။ ပရိညာ၊ ပိုင်းခြား၍သိခြင်း။ "ပရိဆိန္ဒိတွာ ဇာနနံ"ကား ဘာဝသာဓန ကိတ်ဝိဂြိုဟ်၊ "ပရိညာ"ကား ဘာဝသာဓနကိတ်ပုဒ်။

ပဋိဝိဇ္ဈနံ ပဋိဝေဓော။ ပဋိဝိဇ္ဈနံ၊ ထိုးထွင်းခြင်း။ ပဋိဝေဓော၊ ထိုးထွင်း ခြင်း။ "ပဋိဝိဇ္ဈနံ"ကား ဘာဝသာဓန ကိတ်ဝိဂြိုဟ်၊ "ပဋိဝေဓော"ကား ဘာဝ သာဓနကိတ်ပုဒ်။ ပရိညာဧဝ ပဋိဝေဓော ပရိညာပဋိ ဝေဓော။ ပရိညာ ဧဝ၊ ထိုးထွင်းခြင်းသည်သာလျှင်။ ပဋိဝေဓော၊ ပဋိဝေဓ မည်သည်တည်း။ ပရိညာ ပဋိဝေဓော၊ ထိုးထွင်းခြင်းသည်သာလျှင် ပဋိဝေဓမည်သည်။ "ပရိညာ ဧဝ ပဋိဝေဓော"ကား အဝဓာရဏ ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်၊ "ပရိညာ ပဋိဝေ ဓော" ကား အဝဓာရဏ ကမ္မဓာရယ်သမာသ်ပုဒ်။ "တေန ပရိညာ ပဋိဝေဓေန" ဟု ဝိဘတ်ချဲ့။ "ပဋိဝိဇ္ဈတိ"ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြု

ကောင်း။ ဤကား ပဒဝိဂ္ဂဟသံဝဏ္ဏနာပြီး၏။

■ ■ ■

## ၅၁–ကောဘိ စာစပ်

ကောဘိသမယေန ကား ဖြင့်ဟူ၍အနက်ပေးသောကြောင့် အဘိသမေတိ-၌ အဖ္ဖုတ္တိကကရိုဏ်း၊ အဘိသမေတိကား အဖ္ဖုတ္တိက ကရိုဏ်း၏ကြိယာ။

ဒုက္ခံကား ကိုဟူ၍အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပဋိဝိဇ္ဈတိကား အဝုတ္တကံ၏ ကြိယာ။

ပရိညာ ပဋိဝေဓေန ကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ အဖ္ဖုတ္တိကကရိုဏ်း၊ ပဋိဝိဇ္ဈတိကား အဖ္ဖုတ္တိကကရိုဏ်း၏ကြိယာ။ ဤကား စာစပ်။

■ ■ ■

## ၅၂– သမုဒယံ–ပဒဝိဂ္ဂဟသံဝဏ္ဏနာ

**သမုဒယံ ပဟာနပဋိဝေဓေန၊ နိရောဓံ သစ္ဆိကိရိယာပဋိဝေဓေန၊ မဂ္ဂံ ဘာဝနာပဋိဝေဓေန။ သမာ ဥဒေတိ ဖလံ ဧတေနာတိ သမုဒယော။**

**(မ၊ ၄၊ ၁၊ ၇၆၊)**

ဧတေန-ကာရဏေန၊ ထိုတဏှာတည်းဟူသောအကြောင်းဖြင့်။ ဖလံ၊ ဒုက္ခသစ္စာတည်းဟူသောအကျိုးသည်။ သမာ၊ ပြည့်စုံစွာ။ ဥဒေတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ဖြစ်ကြောင်းဖြစ်သောသတ္တိကြောင့်။ သမုဒယော၊ မည်၏။ "ပဋိဝိဇ္ဈတိ" ဟူသောကြိယာပုဒ်သည် ကံကိုငဲ့ရကား "တံသမုဒယံ" ဟုဝိဘတ်ချဲ။

ပကဋ္ဌံ ဟာနံ ပဟာနံ။ ပကဋ္ဌံ၊ ဝေးစွာ။ ဟာနံ၊ ပယ်ခြင်းတည်း။ ပဟာနံ၊ ဝေးစွာပယ်ခြင်း။ "ပကဋ္ဌံ ဟာနံ"ကား ဘာဝသာဓနေ ကိတ်ဝိဂ္ဂြိုဟ်၊ "ပဟာနံ"ကား ဘာဝသာဓနေကိတ်ပုဒ်။

ပဋိသေဝေနံ ပဋိသေဝေဓော။ ပဋိသေဝနံ၊ သိခြင်း။ ပဋိသေဝေဓော၊ သိခြင်း။ "ပဋိသေဝေနံ"ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်၊ "ပဋိသေဝေဓော"ကား ဘာဝသာဓနကိတ်ပုဒ်။ ပဟာနမေဝ ပဋိသေဝေဓော ပဟာနပဋိသေဝေဓော။ ပဟာန မေဝ၊ ဝေးစွာ ပယ်ခြင်းသည်ပင်လျှင်။ ပဋိသေဝေဓော၊ ပဋိသေဝမည်သည်တည်း။ ပဟာနပဋိသေဝေဓော၊ ဝေးစွာပယ်ခြင်းသည်ပင်လျှင် ပဋိသေဝမည်သည်။ "ပဟာနမေဝ ပဋိသေဝေဓော"ကား အဝဓာရဏကမ္မဓာရယ် သမာသ်ဝိဂြိုဟ်၊ "ပဟာနပဋိသေဝေဓော" ကား အဝဓာရဏကမ္မဓာရယ်သမာသ်ပုဒ်။ "ပဋိဝိဇ္ဈတိ"ဟူသော ကြိယာပုဒ်သည် ကရိုဏ်းကိုငဲ့ရကား "တေန ပဟာနပဋိသေဝေနေ"ဟူ၍ ဝိဘတ်ချံ။

နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓော။ ဧတ္ထ၊ ဤအသင်္ခတဓာတ်၌။ နိရုဇ္ဈတိ၊ ချုပ်တတ်၏။ က္ကတိ တသ္မာ၊ ထိုသို့ချုပ်ရာဖြစ်သော သတ္တိကြောင့်။ နိရောဓော၊ နိရောဓမည်၏။ "နိရုဇ္ဈတိ ဧတ္ထာတိ"ကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်၊ "နိရောဓော"ကား အဓိကရဏသာဓနကိတ်ပုဒ်။ "ပဋိဝိဇ္ဈတိ"ဟူသော ကြိယာ ပုဒ်သည် ကံကိုငဲ့ရကား "တံ နိရောဓံ"ဟု ဝိဘတ်ချံ။

သဿ အတ္တနော အစ္ဆိ သစ္ဆိ။ သဿ အတ္တနော၊ မိမိ၏။ အစ္ဆိ၊ မျက်စိတည်း။ သစ္ဆိ၊ မိမိ၏မျက်စိ။ သဿ အတ္တနော အစ္ဆိကား ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝိဂြိုဟ်၊ သစ္ဆိကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။

ကရဏံ ကိရိယာ။ ကရဏံ၊ ပြုခြင်း။ ကိရိယာ၊ ပြုခြင်း။ "ကရဏံ"ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်၊ "ကြိယာ"ကား ဘာဝသာဓနကိတ်ပုဒ်။

သစ္ဆိယာ ကြိယာ သစ္ဆိကြိယာ။ သစ္ဆိယာ၊ မျက်မှောက်ကို။ ကြိယာ၊ ပြုခြင်း တည်း။ သစ္ဆိကြိယာ၊ မျက်မှောက်ပြုခြင်း။ "သစ္ဆိယာ ကြိယာ"ကား ဒုတိယာ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ "သစ္ဆိကြိယာ"ကား ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ်။

ပဋိသေဝေနံ ပဋိသေဝေဓော။ ပဋိသေဝေနံ၊ သိခြင်း။ ပဋိသေဝေဓော၊ သိခြင်း။ "ပဋိသေ ဝေနံ" ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်။ "ပဋိသေဝေဓော"ကား ဘာဝသာဓနကိတ်ပုဒ်။

သစ္ဆိကြိယာဧဝ ပဋိသေဝေဓော သစ္ဆိကြိယပဋိသေဝေဓော။ သစ္ဆိကြိယာဧဝ၊ မျက် မှောက်ပြုခြင်းသည်ပင်လျှင်။ ပဋိသေဝေဓော၊ ပဋိသေဝမည်သည်။ သစ္ဆိကြိယပဋိ

ဝေဓော၊ မျက်မှောက်ပြုခြင်းသည်ပင်လျှင် ပဋိဝေဓမည်သည်။ "သစ္စာကြိယာ ဇဝ ပဋိဝေဓော"ကား အဝဓာရဏ ကမ္မဓာရာယ်သမာသ်ဝိဂြိုဟ်။ "သစ္စာကြိယ ပဋိဝေဓော"ကား အဝဓာရဏကမ္မဓာရာယ်သမာသ်ပုဒ်။ "ပဋိဝိဇ္ဈတိ" ဟူသော ကြိယာပုဒ်သည် ကရိုဏ်းကိုင်ရကား "တေန သစ္စာကြိယာ ပဋိဝေဓေန" ဟု ဝိဘတ်ချံ။

ကိလေသေ မာရေတီတိ မော။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေတိ၊ သတ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ မော၊ မ-မည်၏။ "ကိလေသေ မာရေတီတိ"ကား ကတ္တုသာဓန ကိတ်ဝိဂြိုဟ်၊ "မော"ကား ကတ္တုသာဓနကိတ်ပုဒ်။

နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ။ နိဗ္ဗာနံ၊ သို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါ၊ ဂ-မည်၏။ "နိဗ္ဗာနံ ဂစ္ဆတီတိ"ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ "ဂေါ"ကား ကတ္တုသာဓနကိတ်ပုဒ်။

မော စ သော ဂေါ စာတိ မဂ္ဂေါ။ မော စ၊ ကိလေသာတို့ကို သတ်တတ်သည်လည်းဟုတ်၏။ သော၊ ကိလေသာတို့ကို သတ်၏ဟူသည်။ ဂေါ စ၊ နိဗ္ဗာန်သို့ သွားတတ်သည်လည်းဟုတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ မဂ္ဂေါ၊ မဂ္ဂမည်၏။ "မော စ သော ဂေါ စာတိ" ကား တုလျာဓိကရဏကမ္မဓာရာယ် သမာသ်ဝိဂြိုဟ်၊ "မဂ္ဂေါ" ကား တုလျာဓိကရဏကမ္မဓာရာယ်သမာသ်ပုဒ်။ "ပဋိဝိဇ္ဈတိ" ဟူသော ကြိယာပုဒ်သည် ကံကိုင်ရကား "တံ မဂ္ဂံ"ဟု ဝိဘတ်ချံ။

ဘာဝနာ ဥပ္ပါဒနာ ဘာဝနာ။ ဘာဝနာ ဥပ္ပါဒနာ၊ ဖြစ်ခြင်း။ ဘာဝနာ၊ ဖြစ်ခြင်း။ "ဘာဝနာ ဥပ္ပါဒနာ"ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်၊ "ဘာဝနာ" ကား ဘာဝသာဓနကိတ်ပုဒ်။

တစ်နည်းကား။ ဘာဝနာ ဝဍ္ဎနာ ဘာဝနာ။ ဘာဝနာ ဝဍ္ဎနာ၊ ပွားခြင်း။ ဘာဝနာ၊ ပွားခြင်း။ "ဘာဝနာ ဝဍ္ဎနာ"ကား ဘာဝသာဓန ကိတ်ဝိဂြိုဟ်၊ "ဘာဝနာ"ကား ဘာဝသာဓနကိတ်ပုဒ်။

ပဋိဝိဇ္ဈနံ ပဋိဝေဓော။ ပဋိဝိဇ္ဈနံ၊ ထိုးထွင်း၍ သိခြင်း။ ပဋိဝေဓော၊ ထိုးထွင်း၍သိခြင်း။ "ပဋိဝိဇ္ဈနံ"ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်။ "ပဋိဝေဓော" ကား ဘာဝသာဓနကိတ်ပုဒ်။

ဘာဝနာ ဧဝ ပဋိဝေဓော ဘာဝနာပဋိဝေဓော။ ဘာဝနာ ဧဝ၊ ဖြစ်ခြင်း ပွားခြင်းသည်ပင်လျှင်။ ပဋိဝေဓော၊ ပဋိဝေဓမည်သည်တည်း။ ဘာဝနာ ပဋိဝေဓော၊ ဖြစ်ခြင်းပွားခြင်းသည်ပင်လျှင် ပဋိဝေဓမည်သည်။ "ဘာဝနာ ဧဝ ပဋိဝေဓော"ကား အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝိဂြိုဟ်၊ "ဘာဝနာ ပဋိဝေဓော" ကား အဝဓာရဏကမ္မ ဓာရယ်သမာသ်ပုဒ်။ "ပဋိဝိဇ္ဈတိ"ဟူသော ကြိယာပုဒ် သည် ကရိုဏ်းကိုငဲ့ရကား "တေန ဘာဝနာ ပဋိဝေဓေန" ဟု ဝိဘတ်ျခံ။ ဤကား ပဒဝိဂ္ဂဟသံဝဏ္ဏနာ ပြီး၏။

■ ■ ■

## ၅၃– သမုဒယံ–စာစပ်

သမုဒယံကား ကိုဟူ၍အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ တိဝိဘတ် ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပဋိဝိဇ္ဈတိကား အဝုတ္တကံ၏ကြိယာ။

ပဟာနပဋိဝေဓေနကား ဖြင့်ဟူ၍အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ အဇ္ဈတ္တိကကရိုဏ်း။ ပဋိဝိဇ္ဈတိကား အဇ္ဈတ္တိကကရိုဏ်း၏ ကြိယာ။ နိရောဓံကား ကိုဟူ၍ အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပဋိဝိဇ္ဈတိကား အဝုတ္တကံ၏ကြိယာ။

သစ္ဆိကြိယာ ပဋိဝေဓေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ပဋိ ဝိဇ္ဈတိ၌ အဇ္ဈတ္တိကကရိုဏ်း။ ပဋိဝိဇ္ဈတိကား အဇ္ဈတ္တိက ကရိုဏ်း၏ကြိယာ။ မဂ္ဂံကား ကိုဟူ၍အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပဋိဝိဇ္ဈတိကား အဝုတ္တကံ၏ ကြိယာ။

ဘာဝနာပဋိဝေဓေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ပဋိဝိဇ္ဈတိ၌ အဇ္ဈတ္တိကကရိုဏ်း၊ ပဋိဝိဇ္ဈတိကား အဇ္ဈတ္တိကကရိုဏ်း၏ ကြိယာ။ ဤကား စာစပ်တည်း။

■ ■ ■

## ၅၄- ဒုက္ခ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ဒုက္ခ ပရိညာဘိသမယေန အဘိသမေတိ ။ပ။ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ နော စ ခေါ် အညမညေန ဉာဏေန ဧကဉာဏေ နေဝ ဟိ ဧသ နိရောဓံ အာရမ္မဏတော, ဧသသာနိ။ ကိစ္စတော ပဋိဝိဇ္ဈတိ စေဝ အဘိသမေတိ စ။

(မ၊ ဠ၊ ၁။ ၇၆။)
(မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်အဋ္ဌကထာ။)

ဒုဋ္ဌုံ ခနတီတိ ဒုက္ခံ။ အတ္တဘာဝံ၊ အတ္တဘောကို။ ဒုဋ္ဌု၊ မကောင်းစွာ။ ခနတိ၊ ၏။ က္လတိ၊ ကြောင့်။ ဒုက္ခံ၊ ၏။ "ဒုဋ္ဌုံ ခနတီတိ"ကား ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်။ "ဒုက္ခံ"ကား ကတ္တုသာဓနေကိတ်ပုဒ်။

တစ်နည်းကား။ ဒုက္ခေန ခမိတဗ္ဗန္တိ ဒုက္ခံ။ ဒုက္ခေန၊ ဆင်းရဲငြို ငြင်သဖြင့်။ ခမိတဗ္ဗံ၊ သည်းခံအပ်၏။ က္လတိ၊ ကြောင့်။ ဒုက္ခံ၊ ၏။ "ဒုက္ခေန ခမိတဗ္ဗန္တိ"ကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်၊ "ဒုက္ခံ"ကား ကမ္မသာဓနေကိတ်ပုဒ်။ စ-သဒ္ဒါကား ပက္ခန္တရဇောတကဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ပရိစ္ဆိန္ဒိတွာ ဇာနနံ ပရိညာ၊ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ဇာနနံ၊ သိခြင်း တည်း။ ပရိညာ၊ ပိုင်းခြား၍သိခြင်း။ "ပရိစ္ဆိန္ဒိတွာ ဇာနနံ"ကား ဘာဝသာဓနေ ကိတ်ဝိဂြိုဟ်၊ "ပရိညာ"ကား ဘာဝသာဓနေကိတ်ပုဒ်။ "အက္ခ" ကား ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အဘိ သမေတီတိ အဘိသမယော။ ယံ ဉာဏံ၊ အကြင်ဉာဏ်သည်။ အဘိသမေတိ၊ သိတတ်၏။ က္လတိ၊ ကြောင့်။ တံ ဉာဏံ၊ သည်။ အဘိသမယော၊ ၏။ "အဘိသမေတီတိ"ကား ကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ "အဘိသမယော" ကား ကတ္တုသာဓနေကိတ်ပုဒ်။

တစ်နည်းကား။ သမေတီတိ သမယော။ သမေတိ၊ သိတတ်၏။ က္လတိ၊ ကြောင့်။ သမယော၊ ၏။ "သမေတီတိ"ကား ကတ္တုသာဓနေကိတ် ဝိဂြိုဟ်၊ "သမယော"ကား ကတ္တုသာဓနေကိတ်ပုဒ်။

အဝိရဠှနဘာဝေန သမယော အဘိသမယော။ အဝိရဠှဘာဝေန၊ မချွတ်မယွင်းသောအားဖြင့်။ သမယော၊ သိတတ်သည်တည်း။ အဘိသမယော၊ မချွတ်မယွင်းသောအားဖြင့် သိတတ်သည်။ "အဝိရဠှန ဘာဝေန သမယော" ကား တတိယာတပ္ပုရိသ် သမာသ်ဝိဂြိုဟ်၊ "အဘိသမယော"ကား တတိယာတပ္ပုရိသ် သမာသ်ပုဒ်။

ပရိညာ ဧဝ အဘိသမယော ပရိညာဘိသမယော။ ပရိညာ ဧဝ၊ ပိုင်းခြား၍သိခြင်းသည်ပင်လျှင်။ အဘိသမယော၊ အဘိသမယမည်သည်။ "ပရိညာ ဧဝ အဘိသမယော"ကား အဝဓာရဏ ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်၊ "ပရိညာဘိသမယော"ကား အဝဓာရဏ ကမ္မဓာရာယ်သမာသ်ပုဒ်။

"အဘိသမေတိ"ဟူသော ကြိယာပုဒ်သည် ကရိဏ်းကိုင်ငဲ့ရကား "တေန ပရိညာဘိသမယေန"ဟု ဝိဘတ်ျခံ။ "အဘိသမေတိ"ကား အာချာတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ပါတုံ အလန္တိ ပေယျာလံ။ ပါတုံ၊ စောင့်ခြင်းငှါ။ အလန္တိ၊ စွမ်းနိုင်သည်တည်း။ ပေယျာလံ၊ စောင့်ခြင်းငှါ စွမ်းနိုင်သည်။ "ပါတုံ အလန္တိ"ကား စတုတ္ထီအဗျယီဘောသမာသ်ဝိဂြိုဟ်၊ "ပေယျာလံ"ကား စတုတ္ထီအဗျယီဘော သမာသ်ပုဒ်။ မဂ္ဂလည်းကောင်း။ ဘာဝနာဘိသမယောလည်းကောင်း။ "အဘိသမေတိ" ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ နောကား ပဋိသေဓ နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ စ-သဒ္ဒါ၊ ခေါ-သဒ္ဒါတို့ကား ပဒပူရဏပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အညေန အညံ အညမညံ။ အညေန၊ တစ်ပါးသော အာရမ္မဏိက တရားမှ။ အညံ၊ တစ်ပါးသောအာရမ္မဏိကတရားတည်း။ အညမညံ၊ တစ်ပါးသော အာရမ္မဏိကတရားမှတစ်ပါးသော အာရမ္မဏိကတရား။ "အညေန အညံ" ကား တတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ "အညမညံ"ကား တတိယာတပ္ပုရိသ် သမာသ်ပုဒ်။ ဝိသေသနပုဒ်တို့၏သဘောသည် ဝိသေသျပုဒ်၏ စပ်ရာကြိယာ၌သာ စပ်ရမြဲဖြစ်သောကြောင့် "တေန အညမညေန" ဟု ဝိဘတ်ျခံ။

ဇာနာတီတိ ဉာဏံ။ ဇာနာတိ၊ ၏။ ဣတိ၊ ကြောင့်။ ဉာဏံ၊ ၏။

"ဇာနာတီတိ"ကား ကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ "ဉာဏံ"ကား ကတ္တုသာဓနေ ကိတ်ပုဒ်။ "ပဋိဝိဇ္ဈတိ အဘိသမေတိ"ဟူသော ကြိယာပုဒ်တို့ကား ကရိဏ်းကို ငဲ့သောကြောင့် "တေန ဉာဏေန"ဟု ဝိဘတ်ချံ။ "တေ"သဒ္ဒါကား သဠ်ာသဗ္ဗနာမ် ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ဧကံ ဉာဏံ ဧကဉာဏံ။ ဧကံ၊ တစ်ပါးသော။ ဉာဏံ၊ ဉာဏ်တည်း။ ဧကဉာဏံ၊ တစ်ပါးသောဉာဏ်။ "ဧကံ ဉာဏံ"ကား ဒိဂုသမာသ်ဝိဂြိုဟ်၊ "ဧကဉာဏံ"ကား ဒိဂုသမာသ်ပုဒ်။ "ပဋိဝိဇ္ဈတိ အဘိသမေတိ" ဟူသော ကြိယာ ပုဒ်တို့ကား ကရိဏ်းကိုငဲ့သောကြောင့် "တေန ဧကဉာဏေန"ဟု ဝိဘတ်ချံ။ "ဧဝ"သဒ္ဒါကား အဝဓာရဏဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ "ဟိ"သဒ္ဒါကား ဒဠှီဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ "ဧသ" သဒ္ဒါကား သဗ္ဗနာမ် ။လ။ ဝိဂြိုဟ်မပြုကောင်း။

နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓော။ ဧတ္ထ၊ ဤအသင်္ခတတရား၌။ နိရုဇ္ဈတိ၊ ချုပ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ချုပ်ရာဖြစ်သော သတ္တိကြောင့်။ နိရောဓော၊ နိရောဓမည်၏။ "နိရုဇ္ဈတိ ဧတ္ထာတိ"ကား အဓိကရဏ သာဓနေကိတ်ဝိဂြိုဟ် "နိရောဓော"ကား အဓိကရဏသာဓနေကိတ်ပုဒ် "ပဋိဝိဇ္ဈတိ အဘိသမေတိ" ဟူသော ကြိယာပုဒ်တို့သည် ကံကိုငဲ့ရကား "တံ နိရောဓံ" ဟု ဝိဘတ်ချံ။

အာဘုသော ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ ဧတ္ထ ဓမ္မေ၊ ဤတရား၌။ အာဘုသော၊ လွန်စွာ။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ မွေ့လျော်ရာဖြစ်သောသတ္တိကြောင့်။ အာရမ္မဏံ၊ မည်၏။ "အာဘုသော ရမန္တိ ဧတ္ထာတိ"ကား အဓိကရဏသာဓနေကိတ်ဝိဂြိုဟ်။ "အာရမ္မဏံ"ကား အဓိကရဏ သာဓနေကိတ်ပုဒ်။ "ပဋိဝိဇ္ဈတိ အဘိသမေတိ"ဟူသော ကြိယာပုဒ်တို့ကား ဝိသေသနကိုငဲ့ရကား "တသ္မာ အာရမ္မဏတော" ဟု ဝိဘတ်ချံ။

သိသန္တိတိ သေသာ။ သိသန္တိ၊ ကြွင်းကုန်၏။ ဣတိ၊ ကြောင့်။ သေသာ၊ မည်၏။ "သိသန္တိတိ"ကား ကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ "သေသာ"ကား ကတ္တု သာဓနေကိတ်ပုဒ်။ "ပဋိဝိဇ္ဈတိ အဘိသမေတိ"ဟူသော ကြိယာပုဒ်တို့ကား ကံကို ငဲ့ရကား "တာနိ သေသာနိ"ဟု ဝိဘတ်ချံ။

ကတ္တာဗ္ဗန္တိ ကိစ္စံ။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ကိ္တတိ၊ ကြောင့်။ ကိစ္စံ၊ မည်၏။ "ကတ္တဗ္ဗန္တိ" ကား ကမ္မသာနေကိတ်ဝိဂြိုဟ်။ "ကိစ္စံ"ကား ကမ္မသာနေကိတ်ပုဒ်။ ပဋိဝိဇ္ဈတိ အဘိသမေတိဟူသော ကြိယာပုဒ်တို့သည် ဝိသေသနကိုငဲ့ရကား "တဿာ ကိစ္စတော" ဟု ဝိဘတ်ျံခံ။

"ပဋိဝိဇ္ဈတိ"ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ "စေဝ"သဒ္ဒါကား သမုစ္စယဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ "အဘိသမေတိ"ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ "စ"သဒ္ဒါကား သမုစ္စယဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ "အဘိသမေတိ"ကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ "စ" သဒ္ဒါကား သမုစ္စယဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဤကား ပဒဝိဂ္ဂဟ အခိပ္ပါယ်တည်း။

■ ■ ■

## ၅၅- ဒုက္ခ-စာစပ်

ဒုက္ခံကား ကိုဟူ၍အနက်ပေးသောကြောင့် အဘိသမေတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။ အဘိသမေတိကား အဝုတ္တကံ၏ကြိယာ။ စ သဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်တည်း။

ပရိညာဘိသမယေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် အဘိသမေတိ၌ အဇ္ဈတ္တိကကရိုဏ်း၊ အဘိသမေတိကား အဇ္ဈတ္တိက ကရိုဏ်း၏ ကြိယာ။

မဂ္ဂံကား ကိုဟူ၍အနက်ပေးသောကြောင့် အဘိသမေတိ၌ တိ ဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။ အဘိသမေတိကား အဝုတ္တကံ၏ကြိယာ။

ဘာဝနာဘိသမယေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် အဘိသမေတိ၌ အဇ္ဈတ္တိကကရိုဏ်း၊ အဘိသမေတိကား အဇ္ဈတ္တိက ကရိုဏ်း၏

ကြိယာ။ နောကား ပဋ္ဌိသေနေ နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ စ-သဒ္ဒါ၊ ခေါ်-သဒ္ဒါတို့ကား ပဒပူရဏနိပါတ်ပုဒ်တည်း။

အညမညေနကား သောဟူ၍အနက်ပေးသောကြောင့် ဉာဏေနဌ် တုလျာဓိကရဏဝိသေသန၊ ဉာဏေနကား တုလျာဓိကရဏ ဝိသေသျ။

ဉာဏေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိ သမေတိဌ် အဇ္ဈတ္တိကကရိုဏ်း၊ ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိတို့ကား အဇ္ဈတ္တိက ကရိုဏ်း၏ကြိယာ။

ကေဉာဏေနကား ဖြင့်ဟူ၍အနက်ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိ သမေတိဌ် အဇ္ဈတ္တိကကရိုဏ်း၊ ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိတို့ကား အဇ္ဈတ္တိက ကရိုဏ်း၏ ကြိယာ။ ဧဝ-သဒ္ဒါကား အဝဓာရဏဇောတက နိပါတ်ပုဒ်။ ဟိ သဒ္ဒါကား ဒဠှီကရဏဇောတကနိပါတ်ပုဒ်။ သေ-သဒ္ဒါကား သည်ဟူ၍ အနက် ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိဌ် တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား။ ပဋ္ဌိဝိဇ္ဈတိ အဘိ သမေတိတို့ကား ဝုတ္တကတ္တား၏ ကြိယာ။

အာရမ္မဏတောကား အားဖြင့်ဟူ၍ အနက်ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိတို့ဌ် ဘိန္နာဓိကရဏဝိသေသန၊ ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိ တို့ကား ဘိန္နာဓိကရဏ ဝိသေသျ။

နိရောဓံကား ကိုဟူ၍ အနက်ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိ တို့ဌ် တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။ ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိတို့ကား အဝုတ္တကံ၏ ကြိယာ။

ကိစ္စတောကား အားဖြင့်ဟူ၍အနက်ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိ သမေတိတို့ဌ် ဘိန္နာဓိကရဏဝိသေသန၊ ပဋ္ဌိဝိဇ္ဈတိ အဘိသမေတိတို့ကား ဘိန္နာဓိကရဏ ဝိသေသျ။

သေသာနိကား တို့ကိုဟူ၍အနက်ပေးသောကြောင့် ပဋ္ဌိဝိဇ္ဈတိ အဘိ သမေတိတို့ဌ် တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာ ဝါစကသည် မဟော

အပ်သောအဝုတ္တကံ၊ ပဋိဝိဇ္ဈတိ အဘိသမေတိတို့ကား အဝုတ္တကံ၏ကြိယာ။ ပဋိဝိဇ္ဈတိကား အာချာတ်ပုဒ်၊ စေဝကား သမုစ္စယဇောတက နိပါတ်ပုဒ်၊ အဘိသမေတိကား အာချာတ်ပုဒ်၊ စ-သဒ္ဒါကား သမုစ္စယဇောတကနိပါတ်ပုဒ်။ ဤကား စာစပ်တည်း။

■■■

## ၅၆- ဝေဝံဒဿနေန-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ဧဝံ ဒဿနေန ပဟာတဗ္ဗေ အာသဝေ ဒဿေတွာ ဣဒါနိ တဒနန္တရုဒ္ဒိဋ္ဌေ သံဝရာပဟာတဗ္ဗေ ဒဿေတုံ "ကတမေ စ ဘိက္ခဝေ အာသဝါ သံဝရာ ပဟာတဗ္ဗာ"တိ အာဟ။ (မ၊ ဋ၊ ၁။ ၇၇။)

ဧဝံ-သဒ္ဒါကား နာမပဋိရူပက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ပဿတီတိ ဒဿနံ။ ပဿတိ၊ မြင်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဒဿနံ၊ ဒဿနမည်၏။ "ပဿတိ"ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဒဿနံကား ကတ္တုသာဓနကိတ်ပုဒ်။ "ပဟာတဗ္ဗေ"ဟူသောပုဒ်သည် အဝုတ္တကတ္တား ကိုင်သောကြောင့် "တေ ဒဿနေန" ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေနည်းအားဖြင့် ဝိဘတ်ချဲ။

ပဟီယန္တေတိ ပဟာတဗ္ဗာ။ ယေ အာသဝါ၊ အကြင်အာသဝေါတရားတို့ကို။ ပဟီယန္တေ၊ ပယ်အပ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ အာသဝါ၊ သည်။ ပဟာတဗ္ဗာ၊ မည်ကုန်၏။ "ပဟီယန္တေတိ" ကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ "ပဟာတဗ္ဗာ"ကား ကမ္မသာဓနကိတ်ပုဒ်။ ဝိသေသနပုဒ်တို့၏ သဘောသည် ဝိသေသျ၏စပ်ရာကြိယာ၌သာ စပ်မြဲဖြစ်သောကြောင့် "တေ ပဟာတဗ္ဗာ" ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေနည်းအားဖြင့် ဝိဘတ်ချဲ။

အာသဝန္တီတိ အာသဝါ။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အာသဝန္တိ၊ ယိုစီးတတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အာသဝါ၊ ကုန်၏။ "အာသဝန္တီတိ" ကား ကတ္တုသာဓနကိတ် ဝိဂြိုဟ်၊ "အာသဝါ"ကား ကတ္တုသာဓနကိတ်ပုဒ်။ ဒဿေတိဟူသော ကြိယာပုဒ်သည် ကံကိုင်ရကား "တေ အာသဝေ"ဟု ဝိဘတ်ချဲ။

ဒဿေတိ ဒဿယိတ္တာတိ ဝါ ဒဿေတွာ။ ဒဿေတိ၊ ပြတတ် ၏။ ဝါ၊ ကား။ ဒဿယိတွာ၊ ပြပြီ။ ဣတိ တသ္မာ၊ ကြောင့်။ ဒဿေတွာ၊ မည်၏။ "ဒဿေတိ ဒဿယိတ္တာတိ"ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ "ဒဿေတွာ"ကား ကတ္တုသာဓနကိတ်ပုဒ်။ ဣဒါနိကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

တဿ အနန္တရံ တဒနန္တရံ။ တဿ၊ ထိုဒဿနပဟာ တဗ္ဗတရား၏။ အနန္တရံ၊ အခြားမဲ့တည်း။ တဒနန္တရံ၊ ထိုဒဿနပဟာတဗ္ဗတရား၏အခြားမဲ့၌။ "တဿ အနန္တရံ"ကား ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝိဂြိုဟ်၊ "တဒနန္တရံ"ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။ "ဥဒ္ဒိဋ္ဌေ" ဟူသောပုဒ်သည် အာဓာရကိုငဲ့ရကား "တသ္မိံ တဒနန္တရံ" ဟု ဝိဘတ်ျခံ။

သံဝရိယတိ ဧတာယာတိ သံဝရော၊ ဧတာယ၊ ထိုသတိစေတသိက်ဖြင့်။ သံဝရိယတိ၊ ပိတ်ဆို့တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ပိတ်ဆို့ ကြောင်း ဖြစ်သော သတ္တိကြောင့်။ သံဝရော၊ မည်၏။ "သံဝရိယတိ ဧတာယာတိ"ကား ကရဏသာဓန ကိတ်ဝိဂြိုဟ်၊ သံဝရောကား ကရဏသာဓနကိတ်ပုဒ်။ ပဟာတဗ္ဗ ဟူသော ကြိယာပုဒ်သည် အဝုတ္တကတ္တားကိုငဲ့ရကား "တေန သံဝရေန" ဟု ပဒါဝဓိကန္တအားဖြင့်။ ဝါ၊ ဒန္တသောဓနနည်းအားဖြင့် ဝိဘတ်ျခံ။

ဒဿေတီတိ ဒဿေတုံ။ ဒဿေတိ၊ ပြတတ်၏။ ဣတိ၊ ကြောင့်။ ဒဿေတုံ၊ မည်၏။ "ဒဿေတီတိ" ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ "ဒဿေတုံ" ကား ကတ္တုသာဓနကိတ်ပုဒ်။ "အာဟ" ဟူသောကြိယာသည် တဒတ္ထသမ္ပဒါန်ကို ငဲ့ရကား "တာယ ဒဿေတုံ" ဟု ပဒါဝဓိကန္တအားဖြင့်။ ဝါ၊ ဒန္တသောဓနနည်း အားဖြင့် ဝိဘတ်ျခံ။ "ကတမေ ဘိက္ခဝေ သံဝရာ ပဟာတဗ္ဗာတိ" ကား အာကာရ ဇောတကနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ အာဟဟူသောပုဒ် သည် အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဤကား ပဒဝိဂ္ဂဟ တည်း။

■ ■ ■

## ၅၇– ဧဝံဒဿနေန–စာစပ်

ဧဝံ-ကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် "ဒဿေတွာ"၌ အဖွတ္တိက

ကရိုဏ်း၊ "ဒသေတွာ"ကား အဖ္လုတ္တိကကရိုဏ်း၏ကြိယာ။

"ဒသာနေန"ကား သည်ဟူ၍ အနက်ပေးသောကြောင့် "ပဟာတဗ္ဗေ" ၌ တဗ္ဗပစ္စည်းဟု ဆိုအပ်သောကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား၊ "ပဟာတဗ္ဗေ" ကား အဝုတ္တ ကတ္တား၏ကြိယာ။

"ပဟာတဗ္ဗေ"ကား သောဟူ၍ အနက်ပေးသောကြောင့် "အာသဝေ" ၌ အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသန၊ "အာသဝေ"ကား အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျ။

အာသဝေကား တို့ကိုဟူ၍အနက်ပေးသောကြောင့် "ဒသေတွာ"၌ တွာ ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။ "ဒသေတွာ"ကား အဝုတ္တကံ၏ကြိယာ။

ဒသေတွာကား ၍ဟူ၍အနက်ပေးသောကြောင့် "အာဟ"၌ ပုဗ္ဗကာလ ကြိယာဝိသေသန၊ "အာဟ"ကား အပရကာလကြိယာ ဝိသေသျ။

ဣဒါနိကား ၌ဟူ၍အနက်ပေးသောကြောင့် "ဒသေတုံ" ၌ ဝိသယာ ဓာရ၊ "ဒသေတုံ"ကား ဝိသယာဓာရီ။

တဒနန္တရံကား ၌ဟူ၍အနက်ပေးသောကြောင့် "ဥဒ္ဒိဋ္ဌေ"၌ ဝိသယာ ဓာရ၊ "ဥဒ္ဒိဋ္ဌေ"ကား ဝိသယာဓာရီ။

ဥဒ္ဒိဋ္ဌေကား ကုန်သောဟူ၍ အနက်ပေးသောကြောင့် "ပဟာတဗ္ဗေ" ၌ အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသန၊ "ပဟာတဗ္ဗေ"ကား အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျ။ သံဝရာကို "ပဟာတဗ္ဗေ"၌ အဝုတ္တကတ္တားစပ်မြဲ။

ပဟာတဗ္ဗေကား တို့ကိုဟူ၍ အနက်ပေးသောကြောင့် "ဒသေ တုံ"၌ တုံပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ "ဒသေတုံ"ကား အဝုတ္တကံ၏ကြိယာ။

ဒသေတုံကား ငှါဟူ၍အနက်ပေးသောကြောင့် "အာဟ"၌ တဒတ္ထ သမ္ပဒါန်၊ "အာဟ"ကား တဒတ္ထသမ္ပဒါန်၏ကြိယာ။

ကတမေ ဘိက္ခဝေ အာသဝါ သံဝရာ ပဟာတဗ္ဗာတိကား ဟူ၍ဟု အနက်ပေးသောကြောင့် "အာဟ"၌ အာကာရ၊ "အာဟ"ကား အာကာရဝန္တ။ ဤကား စာစပ်တည်း။ ဤကား ရှေ့ကို ဝိဂြိုဟ်စာစပ်ကျော်၍ စပ်သည်။

■■■

## ၅၈- တတ္ထာယံ သန္ဓိ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

တတ္ထာယံ သန္ဓိသဒ္ဒေါ ဉာဏကောဋ္ဌာသ ပညတ္တိဂဏနာသု ဒိဿတိ။ "သန္ဓိယေကံ ပဋိသေဝတီ"တိ အာဒီသု ဟိ ဉာဏေ ဒိဿတိ။

(မ၊ ၄၊ ၁။ ၇၈။)

တတ္ထ၌ တ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြု ကောင်း။ အယံ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

သံ သုဋ္ဌု ခါယတီတိ သန္ဓိ။ ယံ ဉာဏံ၊ အကြင်ဉာဏ်သည်။ သံ သုဋ္ဌု၊ ကောင်းစွာ။ ခါယတိ၊ ထင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ထင်တတ်သော သတ္တိကြောင့်။ တံ ဉာဏံ၊ သည်။ သန္ဓိ၊ မည်၏။

သံသုဋ္ဌု ခါယတီတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ သန္ဓိကား ကတ္တု သာဓနကိတ်ပုဒ်။

သဒ္ဒီယတိ ဥစ္စာရိယတီတိ သဒ္ဒေါ။ သဒ္ဒီယတိ ဥစ္စာရိယတိ၊ ရွတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။ "သဒ္ဒီယတိ ဥစ္စာရိယတီတိ" ကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ "သဒ္ဒေါ"ကား ကမ္မသာဓနကိတ်ပုဒ်။

တစ်နည်းကား။ သပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။ ယံ အာရမ္မဏံ၊ အကြင်အာရုံသည်။ သောတဝိညာဏာရမ္မဏဘာဝံ၊ သောတဝိညာဏ်၏အာရုံ၏အဖြစ်သို့။ သပ္ပတိ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ အာရမ္မဏံ၊ သည်။ သဒ္ဒေါ၊ မည်၏။ "သပ္ပတိ သောတ ဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ"ကား ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်၊ "သဒ္ဒေါ" ကား ကတ္တုသာဓနကိတ်ပုဒ်။

သင်္ခါ ဣတိ သဒ္ဒေါ သင်္ခါသဒ္ဒေါ။ သင်္ခါ ဣတိ၊ သင်္ခါဟူသော။ သဒ္ဒေါ၊ သဒ္ဒါတည်း။ သင်္ခါသဒ္ဒေါ၊ သင်္ခါဟူသောသဒ္ဒါ။ "သင်္ခါ ဣတိ သဒ္ဒေါ"ကား သမ္ဘာဝနာကမ္မဓာရာယ်သမာသ်ဝိဂြိုဟ်၊ "သင်္ခါသဒ္ဒေါ"ကား သမ္ဘာဝနာကမ္မဓာရာယ်သမာသ်ပုဒ်။ "ဒိဿတိ" ဟူသော ကြိယာပုဒ်သည် ဝုတ္တကတ္တား ဝုတ္တကံနှစ်ပါးကို ငဲ့ရကား ပဒါဝဓိကန္တ ဝါကျာဝဓိကန္တ အထူးအပြား မရှိသတည်း။

ဇာနာတီတိ ဉာဏံ၊ ယံ ဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ဇာနာတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုသဘောတရားသည်။ ဉာဏံ၊ ၏။ ဉာဏံကား ကတ္တုသာဓနေလုပ်မြဲ။

ကောဋ္ဌိယတိ ဆိန္ဒိယတီတိ ကောဋ္ဌော။ ယော သဘာဝေါ၊ အကြင် သဘောတရားကို။ ကောဋ္ဌိယတိ ဆိန္ဒိယတိ၊ ပိုင်းဖြတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ကောဋ္ဌော၊ မည်၏။ "ကောဋ္ဌိယတိ ဆိန္ဒိယတီတိ"ကား ကမ္မ ။လ။ ဝိဂြိုဟ်။ "ကောဋ္ဌော"ကား ကမ္မသာဓနေကိတ်ပုဒ်။

ကောဋ္ဌေန အသတိ ပဝတ္တတီတိ ကောဋ္ဌာသော၊ ယော သဘာဝေါ၊ သည်။ ကောဋ္ဌေန၊ ပိုင်းဖြတ်သောအားဖြင့်။ အသတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ကောဋ္ဌာသော၊ ကောဋ္ဌာသ မည်၏။ "ကောဋ္ဌေန အသတိ ပဝတ္တတီတိ"ကား ကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ "ကောဋ္ဌာသော"ကား ကတ္တုသာဓနေကိတ်ပုဒ်။

ပကာရေန ဉာပေတီတိ ပညတ္တိ။ ယာ ဓမ္မဇာတိ၊ အကြင်သဘောတရားသည်။ ပကာရေန၊ အပြားအားဖြင့်။ ဉာပေတိ၊ သိစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ ပညတ္တိ၊ ၏။ "ပကာရေန ဉာပေတီတိ"ကား ဟေတုကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ "ပညတ္တိ"ကား ဟေတုကတ္တုသာဓနေ ကိတ်ပုဒ်။

ဂဏိယတိ ဧတေနာတိ ဂဏနာ။ ဧတေန ဓမ္မဇာတေန၊ ထိုသဘော တရားဖြင့်။ ဂဏိယတိ၊ ရေတွက်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ရေတွက်ကြောင်း ဖြစ်သောသတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထို သဘောတရားသည်။ ဂဏနာ၊ ဂဏနာ မည်၏။ "ဂဏိယတိ ဧတေနာတိ" ကား ကရဏသာဓနေကိတ်ဝိဂြိုဟ်၊ "ဂဏနာ" ကား ကရဏသာဓနေကိတ်ပုဒ်။

ဉာဏဉ္စ ကောဋ္ဌာသဉ္စ ပညတ္တိ စ ဂဏနာ စ ဉာဏကောဋ္ဌာသ ပညတ္တိဂဏနာ။ ဉာဏဉ္စ၊ ဉာဏ်လည်း။ ကောဋ္ဌာသဉ္စ၊ ပိုင်းဖြတ်အပ်သော အစုလည်း။ ပညတ္တိ စ၊ ပညတ်လည်း။ ဂဏနာ စ၊ ရေတွက်ကြောင်းလည်း။ ဉာဏကောဋ္ဌာသ ပညတ္တိဂဏနာ၊ ဉာဏ်ပိုင်း, ဖြတ်အပ်သော အစု, ပညတ်, ရေတွက်ကြောင်းတို့။ "ဉာဏဉ္စ ကောဋ္ဌာသဉ္စ ပညတ္တိ စ ဂဏနာ စ"ကား ဒွန်သမာသ်ဝိဂြိုဟ်၊ "ဉာဏ ကောဋ္ဌာသ ပညတ္တိဂဏနာ"ကား ဒွန်သမာသ်ပုဒ်။ "ဒိဿတိ"ဟူသော ကြိယာပုဒ်သည် အာချာရကိုငဲ့ရကား "တေသု ဉာဏ ကောဋ္ဌာသ ပညတ္တိဂဏနေသု" ဟု ပဒါဝဓိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေနည်းအားဖြင့်။ ဝိဘတ်ျခံ။ ဒိဿတိကား အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

သင်္ခါယေကံ ပဋ္ဌိသေဝတီတိအာဒိ ယေသန္တေတိ သင်္ခါယေကံ ပဋ္ဌိသေဝတီတိ အာဒိ။ ယေသံ ပါဠိပဒေသာနံ၊ အကြင်ပါဠိရပ်တို့အား။ သင်္ခါယေကံ ပဋ္ဌိသေဝတီတိ၊ သင်္ခါရေယကံ ပဋ္ဌိသေဝတိ ဟူသော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ တ္တတိ တသ္မာ၊ ကြောင့်။ တေ ပါဠိပဒေသာ၊ ထိုပါဠိရပ်တို့သည်။ သင်္ခါယေကံ ပဋ္ဌိသေဝတီတိအာဒိ၊ သင်္ခါယေတံ ပဋ္ဌိသေဝတီတိအာဒိမည်၏။

သင်္ခါယေကံ ပဋ္ဌိသေဝတီတိအာဒိ ယေသန္တေတိကား အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗိဟိသမာသ်ဝိဂြိုဟ်။ သင်္ခါရေကံ ပဋ္ဌိသေဝတီတိအာဒိကား အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗိဟိသမာသ်ပုဒ်။ "ဒိဿတိ" ဟူသောကြိယာသည် အာချာရကိုငဲ့ရကား "တေသု သင်္ခါရေယကံ ပဋ္ဌိသေဝတီတိအာဒီသု"ဟု ဝိဘတ်ျခံ။ "ဟိ"သဒ္ဒါကား ဝိတ္ထာရဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဉာဏံ ကိုလုပ်မြဲလုပ်။ ဒိဿတိ ဟူသောကြိယာပုဒ်သည် အာချာရကို ငဲ့ရကား "တသ္မိံ ဉာဏေ"ဟု ပဒါဝဓိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေ နည်းအားဖြင့် ဝိဘတ်ျခံ။ "ဒိဿတိ"ဟူသောပုဒ်သည် အာချာတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဝိဂြိုဟ်ပြီး၏။

■■■

## ၅၉- အာသဝဝိဃာတ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

အာသဝ ဝိဃာတပရိဠာဟာတိ စတ္တာရော အာသဝါ စ အညေ စ ဝိဃာတကရာ ကိလေသပရိဠာဟာ ဝိပါကပရိဠာဟာ စ။

(မ၊ ဋ္ဌ၊ ၁။ ၈၀။)

အာသဝန္တီတိ အာသဝါ။ ယေ ဓမ္မာ၊ တို့သည်။ အာသဝန္တိ၊ ယိုစီးတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ အာသဝါ၊ မည်ကုန်၏။ တယော ဓမ္မာ၊ သုံးပါးသောတရားတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ "အာသဝန္တီတိ" ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ "အာသဝါ"ကား ကတ္တုသာဓနကိတ်ပုဒ်။ "အာသဝန္တီတိ အာသဝါ တယော ဓမ္မာ"ဟူသောဝစနတ္ထ၌ ဝစန၊ ဝစနတ္ထ၊ ဝစနဟေတု၊ ဝစနဟေတုဇောတက၊ ဝစနီယ၊ ဝစနီယတ္ထအားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုခြောက်ပါးတို့တွင် "အာသဝါ"ဟူသောပုဒ်သည် ဝစနမည်၏။ "အာသဝန္တိ" ဟူသောပုဒ်သည် ဝစနတ္ထမည်၏။ ယိုစီးခြင်းကြိယာသည် ဝစနဟေတုမည်၏။ "ဣတိ"သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။ "တယော ဓမ္မာ" ဟူသောပုဒ်သည် ဝစနီယမည်၏။ လောဘ ဒိဋ္ဌိ မောဟဟုဆိုအပ်သော အာသဝတရားကိုယ် တရားသုံးပါးသည် ဝစနီယတ္ထမည်၏။

ဝိသေသေန ဟနတီတိ ဝိဃာတော။ ယော ကိလေသော၊ သည်။ ဝိသေသေန၊ အထူးအားဖြင့်။ ဟနတိ၊ သတ်တတ်၏။ ဝါ၊ ညှင်းဆဲတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကိလေသော၊ သည်။ ဝိဃာတော၊ မည်၏။ "ဝိသေသေန ဟနတိ"ကား ကတ္တုသာဓန ကိတ်ဝိဂြိုဟ်၊ "ဝိဃာတော"ကား ကတ္တုသာဓနကိတ်ပုဒ်။

ပရိသမန္တတော ဒဟတီတိ ပရိဠာဟော။ ယော ကိလေသော၊ သည်။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ ဒဟတိ၊ ပူလောင်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကိလေသော၊ သည်။ ပရိဠာဟော၊ မည်၏။ "ပရိသမန္တတော ဒဟတိ"ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ "ပရိဠာဟော"ကား ကတ္တုသာဓနကိတ်ပုဒ်။

အာသဝါ စ ဝိဃာတာ စ ပရိဠာဟာ စ အာသဝဝိဃာတပရိဠာဟာ။ အာသဝါ စ၊ အာသဝတို့လည်း။ ဝိဃာတာ စ၊ လည်း။ ပရိဠာဟာ စ၊ လည်း။ အာသဝဝိဃာတပရိဠာဟာ၊ တို့။ အာသဝါ စ ဝိဃာတာ စ ပရိဠာဟာ စကား ဒွန်သမာသ်ဝိဂြိုဟ်၊ အာသဝဝိဃာတ ပရိဠာဟာကား ဒွန်သမာသ်ပုဒ်။ ဣတိ ကား သဒ္ဒပဒတ္ထကဇောတက ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ စတ္တာရော ကား သချ်ာသဗ္ဗနာမ် ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ စ သဒ္ဒါကား သမုစ္စယဇောတက ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ အညေသဒ္ဒါကား သဗ္ဗနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ စ-သဒ္ဒါကား သမုစ္စယတ္ထ နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ဝိသေသေန ဟနတီတိ ဝိဃာတော။ ယော ကိလေသော၊ သည်။ ဝိသေသေန၊ အားဖြင့်။ ဟနတိ၊ သတ်တတ်၏။ ဝါ၊ ညှင်းဆဲတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကိလေသော၊ သည်။ ဝိဃာတော၊ မည်၏။ ဝိသေသေန ဟနတီတိကား ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ ဝိဃာတောကား ကတ္တုသာဓန ကိတ်ပုဒ်။

ကရောန္တီတိ ကရာ။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဣတိ၊ ကြောင့်။ ကရာ၊ ကုန်၏။ ကရောန္တီတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ကရာကား ကတ္တုသာဓန ကိတ်ပုဒ်။

ဝိဃာတံ ကရာ ဝိဃာတကရာ။ ဝိဃာတံ၊ အထူးထူးအပြားပြားအားဖြင့် ညှင်းဆဲခြင်းကို။ ကရာ၊ ပြုတတ်ကုန်သည်။ ဝိဃာတံကရာကား ဒုတိယာ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ ဝိဃာတကရာကား ဒုတိယာတပ္ပုရိသ် သမာသ်ပုဒ်။

ကိလိဿတီတိ ကိလေသော။ ကိလိဿတိ၊ ညစ်ညူးတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ကိလေသော၊ ကိလေသမည်၏။ ကိလိဿတီတိကား ကတ္တု သာဓနကိတ်ဝိဂြိုဟ်။ ကိလေသောကား ကတ္တုသာဓန ကိတ်ပုဒ်။

ပရိသမန္တတော ဒဟတီတိ ပရိဠာဟော။ ယော ကိလေသော၊ သည်။ ပရိသမန္တတော၊ မှ။ ဒဟတိ၊ ပူလောင်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကိလေသော၊ သည်။ ပရိဠာဟော၊ မည်၏။ ပရိသမန္တတော ဒဟတီတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ပရိဠာဟောကား ကတ္တုသာဓနကိတ်ပုဒ်။

ကိလေသော စ သော ပရိဠာဟော စာတိ ကိလေသပရိဠာဟော။ ကိလေသော စ၊ ညစ်ညူးစေတတ်သည်လည်း။ ဟောတိ၊ ၏။ သော၊ ထိုညစ်ညူးစေတတ်သည်ဟူသည်။ ပရိဠာဟော စ၊ ထက်ဝန်းကျင်မှ ပူပန်စေတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ကိလေသပရိဠာဟော၊ ကိလေသပရိဠာဟမည်၏။ ကိလေသော စ သော ပရိဠာဟောစာတိကား ကမ္မဓာရယ် သမာသ်ဝိဂြိုဟ်၊ ကိလေသပရိဠာဟောကား ကမ္မဓာရယ်သမာသ်ပုဒ်။

ဝိပစ္စတီတိ ဝိပါကော။ ဝိပစ္စတိ၊ အကျိုးကို ဖြစ်စေတတ်၏။ ဝါ၊ ကျက်စေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝိပါကော၊ မည်၏။ "ဝိပစ္စတီတိ"ကား ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်၊ "ဝိပါကော"ကား ကတ္တုသာဓနေ ကိတ်ပုဒ်။ "ပရိဠာဟော"ကား ကတ္တုသာဓနေကိတ်ပုဒ် လုပ်မြဲ။

ဝိပါကော စ သော ပရိဠာဟော စာတိ ဝိပါကပရိဠာဟော။ ဝိပါကော စ၊ အကျိုးကိုဖြစ်စေတတ်သည်လည်း။ ဝါ၊ ကျက်တတ်သည်လည်း။ ဟောတိ၊ ၏။ သော၊ ထိုအကျိုးကိုဖြစ်စေတတ်၏ဟူသည်။ ပရိဠာဟော စ၊ ထက်ဝန်းကျင်မှ ပူပန်စေတတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝိပါကပရိဠာဟော၊ ၏။ စ သဒ္ဒါကား သမုစ္စယတ္ထဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၆၀- အာသဝဝိဃာတ-စာစပ်

အာသဝါကား တို့သည်ဟူ၍ အနက်ပေးသောကြောင့် ဥပ္ပဇ္ဇေယျုံ၌ ယျုံ ဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာ ဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဥပ္ပဇ္ဇေယျုံကား ဝုတ္တကတ္တား၏ကြိယာ။ စ-သဒ္ဒါကား သမုစ္စယတ္ထဇောတက နိပါတ်ပုဒ်တည်း။ အညေကား ကုန်သောဟူ၍ အနက်ပေးသောကြောင့် ဝိဃာတကရာ၌ အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသနဲ၊ ဝိဃာတကရာကား အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျ။ စ သဒ္ဒါကား သမုစ္စယတ္ထဇောတက နိပါတ်ပုဒ်တည်း။

ဝိယာတတကရာ ကား ကုန်သောဟူ၍ အနက်ပေးသောကြောင့် ကိလေသ ပရိဋ္ဌာဟော ၌ အာသယာသယိဘာဝတုလျာဓိကရဏ ဝိသေသန၊ ကိလေသ ပရိဋ္ဌာဟာကား အာသယာသယိဘာဝတုလျာဓိ ကရဏဝိသေသျ။ ကိလေသပရိ ဋ္ဌာဟာကား တို့သည်ဟူ၍ အနက်ပေးသောကြောင့် ဥပ္ပဇ္ဇေယျုံ၌ ဧယျုံ ဝိဘတ်ဟု ဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား။ ဥပ္ပဇ္ဇေ ယျုံကား ဝုတ္တကတ္တား၏ကြိယာ။

အဩကား ကုန်သောဟူ၍ အနက်ပေးသောကြောင့် ဝိယာတတကရာ ၌ အာသယာသယိဘာဝတုလျာဓိကရဏဝိသေသန။ ဝိယာတတကရာ ကား အာသယာသယိဘာဝ တုလျာဓိကရဏဝိသေသျ။ စ-သဒ္ဒါကား သမုစ္စယတ္ထ ဇောတကနိပါတ်ပုဒ်တည်း။

ဝိယာတတကရာကား ကုန်သောဟူ၍ အနက်ပေးသောကြောင့် ဝိပါက ပရိဋ္ဌာဟာ၌ အာသယာသယိဘာဝတုလျာဓိကရဏဝိသေသန၊ ဝိပါကပရိဋ္ဌာဟာ ကား အာသယာသယိဘာဝ တုလျာဓိကရဏ ဝိသေသျ။

ဝိပါကပရိဋ္ဌာဟာကား တို့သည်ဟူ၍အနက်ပေးသောကြောင့်။ ဥပ္ပဇ္ဇေယျုံ ၌ ဧယျုံဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဥပ္ပဇ္ဇေယျုံကား ဝုတ္တကတ္တား၏ကြိယာ။ စ-သဒ္ဒါကား သမုစ္စယတ္ထ ဇောတကနိပါတ်ပုဒ်တည်း။ ဤတွင် စာစပ်ပြီး၏။

■ ■ ■

## ၆၁- ပဋိသင်္ခါယောနိသော-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

**ပဋိသင်္ခါ ယောနိသော စီဝရန္တိအာဒီသု ယံ ဝတ္တဗ္ဗံ၊**
**တံ သဗ္ဗံ ဝိသုဒ္ဓိမဂ္ဂေ၊ သီလကထာယံ ဝုတ္တမေဝ။**

**(မ၊ ၁၊ ၁။ ၈၀။)**

သံ သုဋ္ဌု ခါယတိ ခါယိတ္တာတိ ဝါ သင်္ခါ။ သံသုဋ္ဌု ကောင်းစွာ။ ခါယတိ၊ ထင်မြင်တတ်၏။ ဝါ၊ တစ်နည်းကား။ ခါယိတ္တ၊ ထင်မြင်ပြီ။ ဣတိ တသ္မာ၊

ကြောင့်။ သဒ္ဒါ၊ မည်၏။ သံသုဋ္ဌ ခါယတိ ခါယိတ္တာတိဝါကား ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်၊ သဒ္ဒါကား ကတ္တုသာဓနေကိတ်ပုဒ်။

ပဋိ ပုနပ္ပုနံ သဒ္ဒါ ပဋိသဒ္ဒါ။ ပဋိ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သဒ္ဒါ၊ တည်း။ ပဋိသဒ္ဒါ၊ အဖန်တလဲလဲ မြင်တတ်သည်။ ပဋိ ပုနပ္ပုနံသဒ္ဒါကား အဗျယီဘော သမာသ်ဝိဂြိုဟ်။ ပဋိသဒ္ဒါကား အဗျယီဘောသမာသ်ပုဒ်။ ယောနိသော သဒ္ဒါကား ဥပါယဝါစီအနိပ္ဖန္နပါဋိပဒိက ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ပဋိသဒ္ဒါ ဟူသောပုဒ်သည် ဝိသေသနကိုင်ရကား "တေန ယောနိသော"ဟု ဝိဘတ်ချဲ။

စယတီတိ စိဝရော၊ စယတီတိ ဝါ စိဝရံ။ ယော ပဋော၊ အကြင်ပုဆိုးကို။ စယတိ၊ စပ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပဋော၊ သည်။ စီဝရော၊ စီဝရမည်၏။ ဝါ၊ တစ်နည်းကား။ ယံ ဝတ္ထုံ အကြင်ဝတ္ထုကို။ စယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဝတ္ထု၊ သည်။ စီဝရံ၊ မည်၏။ စယတီတိ ကား ကမ္မသာဓနေ ကိတ်ဝိဂြိုဟ်။ စီဝရော စီဝရံကား ကမ္မသာဓနေကိတ်ပုဒ်။ ပဋိသဒ္ဒါ စ ယောနိသော စ စီဝရဉ္စာတိ ပဋိသဒ္ဒါ ယောနိသော စီဝရံ။ ပဋိသဒ္ဒါ စ၊ ပဋိသဒ္ဒါဟူသော ပုဒ်လည်း။ ယောနိသော စ၊ လည်း။ စီဝရဉ္စ၊ လည်း။ ပဋိသဒ္ဒါ ယောနိသော စီဝရံ၊ ပဋိသဒ္ဒါဟူသောပုဒ် ယောနိသောဟူသောပုဒ် စီဝရဟူသောပုဒ်။ ပဋိသဒ္ဒါ စ ယောနိသော စ စီဝရဉ္စကား ဒွန်သမာသ်ဝိဂြိုဟ်၊ ပဋိသဒ္ဒါ ယောနိသော စီဝရံကား ဒွန်သမာသ်ပုဒ်။ ဣတိသဒ္ဒါကား နိဒဿနဇောတကနိပါတ် ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ပဋိသဒ္ဒါ ယောနိသော စီဝရံ ဧဝ ဣတိ ပဋိသဒ္ဒါ ယောနိသော စီဝရန္တိ။ ပဋိသဒ္ဒါ ယောနိသော စီဝရံ ဧဝ၊ ပဋိသဒ္ဒါဟူသောပုဒ် ယောနိသောဟူသောပုဒ် စီဝရံဟူသောပုဒ်။ ဣတိ၊ ဤတည်း။ ပဋိသဒ္ဒါ ယောနိသော စီဝရန္တိ။ ပဋိသဒ္ဒါ ဟူသောပုဒ် ယောနိသောဟူသောပုဒ် စီဝရံဟူသောပုဒ်သည်လျှင်။ ပဋိသဒ္ဒါ ယောနိသော စီဝရံ ဧဝ ဣတိကား အဝဓာရဏ ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်။ ပဋိသဒ္ဒါယောနိသော စီဝရန္တိကား အဝဓာရဏ ကမ္မဓာရယ်သမာသ်ပုဒ်။

ပဋိသဒ္ဒါ ယောနိသော စီဝရန္တိအာဒိ ယေသန္တေတိ ပဋိသဒ္ဒါ ယောနိသော

စိဝရန္တိအာဒိ။ ယေသံ ပါဠိပဒေသာနံ၊ အကြင်သီတသ ဥဏှာသ အစရှိသော ပါဠိရပ်တို့အား။ ပဋိသင်္ခါယောနိသော စီဝရန္တိ၊ ပဋိသင်္ခါယောနိသောစီဝရံ ဟူသော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ ပဋိသင်္ခါ ယောနိသော စီဝရန္တိအာဒိ၊ ပဋိသင်္ခါယောနိသော စီဝရန္တိအာဒိမည်၏။ ပဋိ သင်္ခါယောနိသော စီဝရန္တိအာဒိ ယေသန္တေတိကား အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်။ ပဋိသင်္ခါယောနိသော စီဝရန္တိအာဒိကား အတဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ပုဒ်။ ဝတ္တဗ္ဗံဟူသော ခြောက်ပုဒ်သည် အာဓာရကို ငဲ့ရကား "တေသု ပဋိသင်္ခါယောနိသော စီဝရန္တိအာဒီသု"ဟု ဝိဘတ်ချဲ။ ယံ သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ဝုစ္စိယတေတိ ဝတ္တဗ္ဗံ။ ယံ အတ္ထဇာတံ၊ အကြင်အနက်သဘော ကို။ ဝုစ္စိယတေ၊ ဆိုအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ အတ္ထဇာတံ၊ သည်။ ဝတ္တဗ္ဗံ၊ မည်၏။ ဝုစ္စိယတေတိကား ကမ္မသာဓနေ ကိတ်ဝိဂြိုဟ်။ ဝတ္တဗ္ဗံ ကား ကမ္မသာဓနေ ကိတ်ပုဒ်။ တံ သဒ္ဒါကား သဗ္ဗနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အဝေန သဟ ယော ဝတ္တတီတိ သဝံ။ ယော သမုဒါယော၊ အကြင် အပေါင်းသည်။ အဝေန၊ အစိတ်နှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သမုဒါယော၊ သည်။ သဝံ၊ မည်၏။ အဝေန သဟ ယော ဝတ္တတီတိကား တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ် ဝိဂြိုဟ်။ သဝံကား တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ပုဒ်။

ဝိသေသေန သုဇ္ဈန္တိ ဧတေနာတိ ဝိသုဒ္ဓိ။ ဧတေန အရိယမဂ္ဂေန၊ ဖြင့်။ ဝိသေသေန၊ အားဖြင့်။ သုဇ္ဈန္တိ၊ စင်ကြယ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော အရိယမဂ္ဂေါ၊ သည်။ ဝိသုဒ္ဓိ၊ မည်၏။ ဝိသေသေန သုဇ္ဈန္တိ ဧတေနာတိ ကား ကရဏသာဓနေကိတ်ဝိဂြိုဟ်။ ဝိသုဒ္ဓိကား ကရဏသာဓနေကိတ်ပုဒ်။ မဂ္ဂေါ ဟူသောပုဒ်သည် ကာရဏဝါစီအနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။

ဝိသုဒ္ဓိယာ မဂ္ဂေါ ဝိသုဒ္ဓိမဂ္ဂေါ။ ဝိသုဒ္ဓိယာ၊ အရိယာမဂ်၏။ မဂ္ဂေါ၊ အကြောင်းတည်း။ ဝိသုဒ္ဓိမဂ္ဂေါ၊ အရိယာမဂ်၏အကြောင်း။ "ဝိသုဒ္ဓိယာ မဂ္ဂေါ"

ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ "ဝိသုဒ္ဓိမဂ္ဂေါ"ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။

ဝိသုဒ္ဓိမဂ္ဂေါ ဧတ္ထ အတ္ထီတိ ဝိသုဒ္ဓိမဂ္ဂေါ။ ဧတ္ထ ပကရဏေ၊ ၌။ ဝိသုဒ္ဓိမဂ္ဂေါ၊ စင်ကြယ်ခြင်း၏အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ပကရဏံ၊ သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ မည်၏။ "ဝိသုဒ္ဓိမဂ္ဂေါ ဧတ္ထ အတ္ထီတိ"ကား အသဃတ္ထိတဒ္ဓိတ်ဝိဂြိုဟ်။ ဝိသုဒ္ဓိမဂ္ဂေါကား အသဃတ္ထိတဒ္ဓိတ်ပုဒ်။ ဝုတ္တမေဝ ဟူသောပုဒ်သည် အာခရကိုငဲ့ရကား "တသ္မိံ ဝိသုဒ္ဓိမဂ္ဂေ"ဟု ဝါကျာဝဓိကန္တ အားဖြင့်။ ဝါ၊ ဒန္တသောခနနည်းအားဖြင့် ဝိဘတ်ချဲ့။

သီလတိ ပတိဋ္ဌာတိ ဧတ္ထာတိ သီလံ။ ယော သုဇနော၊ အကြင်သူတော်ကောင်းသည်။ ဧတ္ထ ခမ္မေ၊ ဤတရား၌၊ သီလတိ ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ခမ္မံ၊ သည်။ သီလံ၊ မည်၏။ သီလတိ ပတိဋ္ဌာတိ ဧတ္ထာတိကား အဓိကရဏသာခနကိတ် ဝိဂြိုဟ်။ သီလံ ကား အဓိကရဏသာခနကိတ်ပုဒ်။

ကထိယတိ ဧတ္ထာတိ ကထာ။ ဧတ္ထ ပါဠိပဒေသော၌။ ကထိယတိ၊ အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ကထာ၊ မည်၏။ "ကထိယတိ ဧတ္ထာတိ" ကား အဓိကရဏသာခနကိတ်ဝိဂြိုဟ်၊ "ကထာ"ကား အဓိကရဏသာခနကိတ်ပုဒ်။

သီလဿ ကထာ သီလကထာ။ သီလဿ၊ ကို။ ကထာ၊ ဆိုရာတည်း။ သီလကထာ၊ သီလကိုဆိုရာ။ သီလဿ ကထာကား ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝိဂြိုဟ်။ သီလကထာ ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။

ဝုစ္စိယတေတိ ဝုတ္တံ။ ဝုစ္စိယတေ၊ ဆိုအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝုတ္တံ၊ မည်၏။ ဝုစ္စိယတေတိကား ကမ္မသာခနကိတ်ဝိဂြိုဟ်။ ဝုတ္တံကား ကမ္မသာခနကိတ်ပုဒ်။ ဧဝ-သဒ္ဒါကား သန္နိဋ္ဌာနအဝဓာရဏ နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၆၂- ပဋိသင်္ခါယောနိသော-စာစပ်

ပဋိသင်္ခါယောနိသောစီဝရန္တိအာဒီသုကား တို့၌ဟူ၍အနက်ပေးသော ကြောင့် ဝတ္တဗ္ဗ၌ ဝိသယာဓာရ၊ ဝတ္တဗ္ဗ ကား အာဓာရ်။ ယံကား ကိုဟူ၍ အနက်ပေးသောကြောင့် ဝတ္တဗ္ဗ၌ တဗ္ဗပစ္စည်းဟု ဆိုအပ်သော ကိတ်ကြိယာ ဝါစကသည် ဟောအပ်သောဝုတ္တကံ၊ ဝတ္တဗ္ဗကား ဝုတ္တကံ၏ ကြိယာ။

တံကား သောဟူ၍ အနက်ပေးသောကြောင့် သဗ္ဗ၌ အာသယာသယီ ဘာဝတုလျာဓိကရဏဝိသေသန၊ သဗ္ဗကား အာသယာသယီဘာဝ တုလျာဓိ ကရဏဝိသေသျ။ သဗ္ဗကား ကိုဟူ၍ အနက်ပေးသောကြောင့် ဝုတ္တံ၌ တပစ္စည်း ဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ဝုတ္တံကား ဝုတ္တကံ၏ကြိယာ။

ဝိသုဒ္ဓိမဂ္ဂေကား ၌ဟူ၍အနက်ပေးသောကြောင့် ဝုတ္တံ၌ သာမညာဓာရ၊ ဝုတ္တံ ကား အာဓာရ်။ သီလကထာယံကား ၌ဟူ၍အနက်ပေးသောကြောင့် ဝုတ္တံ ၌ ဝိသယာဓာရ၊ ဝုတ္တံကား အာဓာရ်။ ဧဝ-သဒ္ဒါကား သန္နိဋ္ဌာပန အဝဓာရဏ နိပါတ်တည်း။ စာစပ် အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၆၃- ယဉ္စိဿာတိ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ယဉ္စိဿာတိ ယံ စီဝရပိဏ္ဍပါတာဒီသု ဝါ အညတရံ အဿ။

**(မ၊ ၄၊ ၁၊ ၈၀။)**

ယံကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ ဟိကား ပဒပူရဏနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ အဿ၌ တ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ ဣတိ-သဒ္ဒါကား သဒ္ဒပဒတ္ထ ကပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။

ယဉ္စ ဟိ စ အဿာ စ ယဉ္စိဿာ။ ယဉ္စ၊လည်း။ ဟိ စ၊ လည်း။ အဿာ စ၊ လည်း။ ယဉ္စိဿာ၊ပုဒ်တို့။ ယဉ္စ ဟိ စ အဿာ စတို့ကား ဣတရီတရယောဂ ဒွန်သမာသ်ဝိဂ္ဂြိုဟ်၊ ယဉ္စိဿာကား ဣတရီတရယောဂ ဒွန်သမာသ်ပုဒ်။

ယဥ္စိဿာ ဧဝ ဣတိ ယဥ္စိဿာတိ။ ယဥ္စိဿာ ဧဝ၊ လျှင်။ ဣတိ၊ ဤတည်း။ ယဥ္စိဿာတိ၊ ၏။ ယဥ္စိဿာ ဧဝ ဣတိကား အဝဓာရဏ ကမ္မဓာရာယ် သမာသ် ဝိဂြိုဟ်၊ ယဥ္စိဿာတိကား အဝဓာရဏကမ္မဓာရယ် သမာသ်ပုဒ်။ ယံကား သဗ္ဗ နာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

စယတီတိ စီဝရော၊ စယတီတိဝါ စီဝရံ။ ယော ပဋောာ၊ အကြင်ပုဆိုးကို။ စယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပဋောာ၊ သည်။ စီဝရော၊ မည်၏။ ဝါ၊ တစ်နည်းကား။ ယံ ဝတ္ထုံ ကို။ စယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဝတ္ထုံ သည်။ စီဝရံ မည်၏။ စယတီတိကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ စီဝရော စီဝရံကား ကမ္မသာဓနကိတ်ပုဒ်။

ပိဏ္ဍေန ပတတီတိ ပိဏ္ဍပါတော။ ပိဏ္ဍေန၊ အပေါင်းဖြင့်။ ပတတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ပိဏ္ဍပါတော၊ မည်၏။ ပိဏ္ဍေန ပတတီတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ပိဏ္ဍပါတောကား ကတ္တုသာဓနကိတ်ပုဒ်။

စီဝရဉ္စ ပိဏ္ဍပါတော စ စီဝရပိဏ္ဍပါတော။ စီဝရဉ္စ၊ လည်း။ ပိဏ္ဍပါတော စ၊ လည်း။ စီဝရပိဏ္ဍပါတော၊ သင်္ကန်းဆွမ်း။ စီဝရဉ္စပိဏ္ဍပါတော စ ကား သမာဟာရဒွန်သမာသ်ဝိဂြိုဟ်။ စီဝရပိဏ္ဍပါတောကား သမာဟာရ ဒွန်သမာသ် ပုဒ်။

ပထမံ အာဒိယတီတိ အာဒိ။ ပထမံ၊ ရှေးဦးစွာ။ အာဒိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အာဒိ၊ မည်၏။ ပထမံ အာဒိယတီတိကား ကမ္မသာဓန ကိတ် ဝိဂြိုဟ်၊ အာဒိကား ကမ္မသာဓနကိတ်ပုဒ်။

စီဝရပိဏ္ဍပါတောအာဒိ ယေသန္တေတိ စီဝရပိဏ္ဍပါတာဒိ။ ယေသံ၊ အကြင်ကျောင်းပစ္စည်းတို့အား။ စီဝရပိဏ္ဍပါတော၊ သင်္ကန်း ပစ္စည်း ဆွမ်းပစ္စည်း ဟုဆိုအပ်သော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ၊ တို့သည်။ စီဝရပိဏ္ဍပါတာဒိ၊ မည်၏။ စီဝရပိဏ္ဍပါတောအာဒိ ယေသန္တေတိ ကား အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်။ စီဝရပိဏ္ဍပါတာဒိကား အတဂ္ဂုဏသံ ဝိညာဏဗဟုဗ္ဗီဟိသမာသ်ပုဒ်။ အညတရံဟူသောပုဒ်သည် အာဓာရကိုငဲ့ရကား "တေသု စီဝရပိဏ္ဍပါတာဒီသု" ဟု ဝိဘတ်ျခံ။ ဝါ-သဒ္ဒါကား

ဝိကပ္ပနဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ အညတရံ ကား နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ အဿဉ္စ တ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ ဝိဂ္ဂြိုဟ်ပြီး၏။

■ ■ ■

## ၆၄- ယဉ္စိဿာတိ-စာစပ်

စယတီတိ စီဝရော၊ ပဉ္စောဟူသောဝစနတ္ထဉ္စ ဝစန၊ ဝစနတ္ထ၊ ဝစန ဟေတု၊ ဝစနဟေတုဇောတက၊ ဝစနီယ၊ ဝစနီယတ္ထအားဖြင့် ခြောက်ပါးအပြား ရှိ၏။ ထိုတွင် စီဝရောဟူသောပုဒ်သည် ဝစနမည်၏။ စိယတိဟူသောပုဒ်သည် ဝစနတ္ထမည်၏။ စပ်ခြင်းကြိယာသည် ဝစနဟေတုမည်၏။ ဣတိ သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။ ပဉ္စောဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယ မည်၏။ သင်္ကန်းဒြပ်သည် ဝစနီယတ္ထမည်၏။

ယဉ္စိဿာတိကား သဒ္ဒပဒတ္ထကပုဒ်တည်း။ ယံကား သောဟူ၍အနက် ပေးသောကြောင့် အညတရဉ္စ အာသယာသယိ ဘာဝတုလျာဓိကရဏ ဝိသေသန၊ အညတရံကား အာသယာသယိ ဘာဝတုလျာဓိကရဏဝိသေသျ။ စီဝရပိဏ္ဍပါတာဒီသုကား တို့၌ဟူ၍ အနက်ပေးသောကြောင့် အညတရံ ၌ ဝိသယာဓာရ၊ အညတရံကား အာဓာရ်။ ဝါသဒ္ဒါကား ဝိကပ္ပနတ္ထဇောတက နိပါတ်တည်း။ အညတရံကား ကိုဟူ၍ အနက်ပေးသောကြောင့် ပဋိသေဝတိ ၌ တိဝိဘတ်ဟု ဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ။ ပဋိသေဝတိကား အဝုတ္တကံ၏ကြိယာ။ အဿကား အားဟူ၍ အနက်ပေးသောကြောင့် ဥပ္ပဇ္ဇေယျ၌ သမ္ပဒါန်၊ ဥပ္ပဇ္ဇေယျကား သမ္ပဒါန်၏ ကြိယာ။ စာစပ် အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၆၅- ယောပန အင်္ဂေါသ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ယော ပန အင်္ဂေါသဝသေန ဒုရုတ္တေ ဒုရုတ္တတ္တာယေဝ စ ဒုရာဂတေ

အပိ အန္တိမဝတ္ထုသည်ီတေ ဝစနပထေ သုတ္တာ။ (မ၊ ဋ္ဌ၊ ၁။ ၈၂။)

ယောဒ္ဓ ယသဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ပနသဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

**အက္ကောသန် အက္ကောသော။**

အက္ကောသန်၊ ဆဲရေးခြင်း။ အက္ကောသော၊ ဆဲရေးခြင်း။ အက္ကောသန်ကား ဘာဝသာဓနကိတ်ဝိဂြိုဟ်။ အက္ကောသောကား ဘာဝသာဓနကိတ်ပုဒ်။

အက္ကောသဿ ဝသော အက္ကောသဝသော။ အက္ကောသဿ၊ ၏။ ဝသော၊ အစွမ်းတည်း။ အက္ကောသ ဝသော၊ အစွမ်း။ အက္ကောသဿ ဝသောကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ "အက္ကောသ ဝသော"ကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။ "ဒုရုတ္တာ"ဟူသောပုဒ်သည် တတိယာဝိသေသနကို ငဲ့ရကား "တေန အက္ကောသဝသေန" ဟု ဝိဘတ်ချဲ။

ဒုဋ္ဌု ဥစ္စိယတေတိ ဒုရုတ္တံ။ ယံ ဝစနံ၊ ကို။ ဒုဋ္ဌု၊ စွာ။ ဥစ္စိယတေ၊ အပ်၏။ က္ကတိ တသ္မာ၊ ကြောင့်။ တံ ဝစနံ၊ သည်။ ဒုရုတ္တံ၊ မည်၏။

ဒုဋ္ဌု ဥစ္စိယတေတိကား ကမ္မသာဓနကိတ်ဝိဂြိုဟ်။ ဒုရုတ္တံကား ကမ္မသာဓနကိတ်ပုဒ်။ သုတ္တာဟူသောပုဒ်သည် ကံကိုငဲ့ရကား "တေ ဒုရုတ္တေ"ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောဓနနည်းအားဖြင့် ဝိဘတ်ချဲ။

ဒုဋ္ဌု ဥစ္စိယတေတိ ဒုရုတ္တံ။ ယံ ဝစနံ၊ ကို၊ ဒုဋ္ဌု၊ စွာ။ ဥစ္စိယတေ၊ ၏။ က္ကတိ တသ္မာ၊ ကြောင့်။ တံ ဝစနံ၊ သည်။ ဒုရုတ္တံ၊ မည်၏။

ဒုဋ္ဌု ဥစ္စိယတေတိကား ကမ္မသာဓနကိတ်ဝိဂြိုဟ်။ ဒုရုတ္တံကား ကမ္မသာဓနကိတ်ပုဒ်။ ဒုရုတ္တဿ ဘာဝေါ ဒုရုတ္တတ္တံ။ ဒုရုတ္တဿ၊ ၏။ ဘာဝေါ၊ တည်း။ ဒုရုတ္တတ္တံ၊ အဖြစ်။ ဒုရုတ္တဿဘာဝေါကား ဘာဝတဒ္ဓိတ်ဝိဂြိုဟ်။ ဒုရုတ္တတ္တံကား ဘာဝတဒ္ဓိတ်ပုဒ်။ ဒုရာဂတေဟူသောပုဒ်သည် ဟိတ်ကိုငဲ့ရကား "တသ္မာ ဒုရုတ္တတ္တာ"ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောဓနနည်းအားဖြင့် ဝိဘတ်ချဲ။ ဧဝ-သဒ္ဒါကား အဝဓာရဏဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြု

ကောင်း။ စ သဒ္ဒါကား သမုစ္စယတ္ထဇောတကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။

ဒုဠ္ဌု အာဂစ္ဆတီတိ ဒုရာဂတော။ ယံ ဝစနံ၊ သည်။ ဒုဠ္ဌု၊ စွာ။ အာဂစ္ဆတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဝစနံ၊ သည်။ ဒုရာဂတော၊ မည်၏။ ဒုဠ္ဌု အာဂစ္ဆတီတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ဒုရာဂတောကား ကတ္တုသာဓနကိတ်ပုဒ်၊ သုတ္တာဟူသောပုဒ်သည် ကံကိုင်ရကား "တေ ဒုရာဂတေ" ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောမနေနည်းအားဖြင့် ဝိဘတျံခံ။ အပိသဒ္ဒါကား နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အန္ဓေ ဘဝါ အန္တိမာ။ အန္ဓေ၊ ၌။ ဘဝါ၊ တည်း။ အန္တိမာ၊ သည်။ အန္ဓေ ဘဝါကား ဘာဝတဒ္ဓိတ်ဝိဂြိုဟ်။ အန္တိမာကား ဘာဝတဒ္ဓိတ်ပုဒ်။

ဝသန္တိ ဧတ္ထာတိ ဝတ္ထု၊ ဧတ္ထ ဌာနေ၊ ၌။ ဝသန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပဒေသော၊ သည်။ ဝတ္ထု၊ မည်၏။ ဝသန္တိ ဧတ္ထာတိကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်။ ဝတ္ထုကား အဓိကရဏသာဓန ကိတ်ပုဒ်။

သုဋ္ဌု ဉာယတေတိ သညိတော။ သုဋ္ဌု၊ စွာ။ ဉာယတေ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သညိတော၊ မည်၏။ သုဋ္ဌု ဉာယတေတိကား ကမ္မသာဓနကိတ်ဝိဂြိုဟ်၊ သညိတောကား ကမ္မသာဓနကိတ်ပုဒ်။

အန္တိမဝတ္ထု ဣတိ သညိတော အန္တိမဝတ္ထုသညိတော။ အန္တိမဝတ္ထု ဣတိ၊ အန္တိမဝတ္ထုဟူ၍။ သညိတော၊ သိအပ်သည်တည်း။ အန္တိမဝတ္ထု သညိတော၊ သည်။ အန္တိမဝတ္ထု ဣတိ သညိတောကား သမ္ဘာဝနာကမ္မဓာရယ်သမာသ် ဝိဂြိုဟ်။ အန္တိမဝတ္ထုသညိတောကား သမ္ဘာဝနာကမ္မဓာရယ်သမာသ်ပုဒ်။ ဝိသေသနပုဒ်တို့၏သဘောသည် ဝိသေသျပုဒ်တို့၏ စပ်ရာကြိယာ၌သာ စပ်ရသောကြောင့် "တေ အန္တိမဝတ္ထု သညိတေ"ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောမနေနည်းအားဖြင့် ဝိဘတျံခံ။

ဝစိယတေ ဝစနံ။ ဝစိယတေ၊ ဆိုခြင်း။ ဝစနံ၊ ဆိုခြင်း။ ဝစိယတေကား ဘာဝသာဓနကိတ်ဝိဂြိုဟ်၊ ဝစနံကား ဘာဝသာဓနကိတ်ပုဒ်။ ပဌမသဒ္ဒါသည် ကာရကာဝါစီအနိပ္ဖန္နပါဋိပဒိကဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ဝစန် ဧဝ ပထော ဝစနပထော။ ဝစန် ဧဝ၊ စကားသည်လျှင်။ ပထော၊ အကြောင်းတည်း။ ဝစနပထော၊ စကားသည်ပင်လျှင် အကြောင်း။ ဝစန် ဧဝ ပထောကား အဝဓာရဏကမ္မဓာရယ် သမာသ်ဝိဂြိုဟ်။ ဝစနပထောကား အဝဓာရဏသမာသ်ပုဒ်။ သုတ္တာ ဟူသောပုဒ်သည် ကံကိုင်ရကား "နေ ဝစနပထေ" ဟု ပဒါဝဓိကန္တ အားဖြင့်။ ဝါ၊ ဒန္တသောဓနနည်းအားဖြင့် ဝိဘတ်ချဲ့။ ဝိဂြိုဟ်ပြီး၏။

ယောကား သည်ဟူ၍အနက်ပေးသောကြောင့် န ဝေခေတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ နဝေခေတိကား ဝုတ္တကတ္တား၏ကြိယာ။ ပန-ကား ပက္ခန္တရဇောတက နိပါတ်ပုဒ်တည်း။

အက္ကောသဝသေနကား အားဖြင့်ဟူ၍ အနက်ပေးသောကြောင့် ဒုရုတ္တေ၌ ဘိန္နာဓိကရဏဝိသေသန၊ ဒုရုတ္တေကား ဘိန္နာဓိကရဏဝိသေသျ။ ဒုရုတ္တေကား တို့ကိုဟူ၍အနက်ပေးသောကြောင့် သုတွာ၌ တွာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာ ဝါစကသည် မဟောအပ်သောအဝုတ္တကံ၊ သုတွာကား အဝုတ္တကံ၏ကြိယာ။

ဒုရုတ္တတ္တာကား ကြောင့်ဟူ၍ အနက်ပေးသောကြောင့် ဒုရာဂတေ၌ ဟိတ်၊ ဒုရာဂတေကား ဟိတ်၏ဖိုလ်။ ဧဝ-သဒ္ဒါကား အဝဓာရဏနိပါတ်ပုဒ်၊ စ-သဒ္ဒါကား သမုစ္စယတ္ထဇောတက နိပါတ်ပုဒ်တည်း။

ဒုရာဂတေကား တို့ကိုဟူ၍အနက်ပေးသောကြောင့် သုတွာ၌ တွာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ သုတွာကား အဝုတ္တကံ၏ကြိယာ။ အပိသဒ္ဒါကား နိပါတ်ပုဒ်တည်း။

အန္တိမဝတ္ထုသညိတေကား ကုန်သောဟူ၍ အနက်ပေးသောကြောင့် ဝစနပထေ၌ အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသန၊ ဝစနပထေကား အာသယာသယီဘာဝ တုလျာဓိကရဏ ဝိသေသျ။

- ဝစနပထေကား တို့ကိုဟူ၍ အနက်ပေးသောကြောင့် သုတွာ၌ တွာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ သုတွာကား အဝုတ္တကံ၏ ကြိယာ။ စာစပ်အဓိပ္ပာယ်ပြီး၏။

■■■

## ၆၇- ပဋိသင်္ခါယောနိသော-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ပဋိသင်္ခါ ယောနိသော စက္ခုံ ဟတ္ထိံ ပရိဝဇ္ဇေတီတိ အဟံ သမဏောတိ တံ စက္ခုသ္မာ ဟတ္ထိဿ အာသန္နေ န ဌာတဗ္ဗံ။ (မ၊ ဋ၊ ၁။ ၈၃။)

ပဋိသင်္ခါ ယောနိသောတို့ကို လုပ်မြဲလုပ်။

စဒုတိ စက္ခုံက္ကာဘာဝံ ကရောတိ ရောသတီတိ ဝါ စက္ခော။ စဒုတိ စက္ခုံက္ကာဘာဝံ ကရောတိ၊ ၏။ ဝါ၊ တစ်နည်းကား။ စဒုတိ ရောသတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ စက္ခော၊ မည်၏။

"စဒုတိစက္ခုံက္ကာဘာဝံ ကရောတိ ရောသတိ"ကား ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်။ "စက္ခော"ကား ကတ္တုသာဓနေကိတ်ပုဒ်။ ဝိသေသနပုဒ်တို့၏ သဘောသည် ဝိသေသျပုဒ်၏စပ်ရာကြိယာ၌သာ စပ်ရသောကြောင့် "တံ စက္ခုံ" ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေနည်းအားဖြင့် ဝိဘတ်ချံ။

တံ တံ ဝတ္ထုံ ဟရတိ ဧတေနာတိ ဟတ္ထော။ ဧတေန ကရေန၊ ဤလက်ဖြင့်။ တံ တံ ဝတ္ထုံ ကို။ ဟရတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကရော၊ သည်။ ဟတ္ထော၊ မည်၏။ တံ တံ ဝတ္ထုံ ဟရတိ ဧတေနာတိကား ကရဏသာဓနေ ကိတ်ဝိဂြိုဟ်၊ ဟတ္ထောကား ကရဏသာဓနေကိတ်ပုဒ်။ ဟတ္ထော ဝိယာတိ ဟတ္ထော။ ယော သောဏ္ဍော၊ သည်။ ဟတ္ထော ဝိယ၊ တူ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သောဏ္ဍော၊ သည်။ ဟတ္ထော၊ မည်၏။ ဟတ္ထော ဝိယာတိကား ဥပမာတဒ္ဓိတ်ဝိဂြိုဟ်၊ ဟတ္ထောကား ဥပမာတဒ္ဓိတ်ပုဒ်၊ ဟတ္ထော အဿ အတ္ထီတိ ဟတ္ထီ။ အဿ ဝဇဿ၊ အား။ ဟတ္ထော၊ သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဟတ္ထီ၊ မည်၏။ ဟတ္ထော အဿ အတ္ထီတိကား အဿတ္ထိ တဒ္ဓိတ်ဝိဂြိုဟ်၊ ဟတ္ထိကား အဿတ္ထိတဒ္ဓိတ်ပုဒ်။ ပရိဝဇ္ဇေတိဟူသောကြိယာ ပုဒ်သည် ကံကိုငဲ့ရကား တံ ဟတ္ထိ-ဟု ပဒါဝမိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေ နည်းအားဖြင့် ဝိဘတ်ချံ။ ပရိဝဇ္ဇေတိ ဟူသောပုဒ်သည် အာချာတ်ပုဒ် ဖြစ်သော ကြောင့် ဝိဂြိုဟ်မပြုကောင်း။

**ပဋိသင်္ခါ စ ယောနိသော စ စက္ခုဥ္စ ဟတ္ထိ စ ပရိဝဇ္ဇေတိ စ ပဋိသင်္ခါ**

ယောနိသော စက္ခုပဟတ္ထီ ပရိဝဇ္ဇေတိ။

အနက်ပေးလေ။ အသမာဟာရဒွန္ဒသမာသ်ပုဒ်။ ဣတိကား သဒ္ဒပဒတ္ထကပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ပဋိသင်္ခါ ။ လ။ ပရိဝဇ္ဇေတီတိ၊ လည်းကောင်းဟူ၍ အနက်ပေးလေ။ အဝဓာရဏ ကမ္မဓာရယ် သမာသ်ဝိဂြိုဟ်။ အဝဓာရဏ ကမ္မဓာရယ်သမာသ်ပုဒ်။ "အဟံ"ကား သဗ္ဗနာမ်ပုဒ်ဖြစ်သော ကြောင့် ဝိဂြိုဟ်မပြုကောင်း။

ကိလေသေ သမေတီတိ သမဏော။ ကိလေသေ၊ တို့ကို။ သမေတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သမဏော၊ မည်၏။ ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ ကတ္တုသာဓနကိတ်ပုဒ်။ "ဣတိ"ကား အာကာရဇောတက နိပါတ်ပုဒ် ဖြစ်သော ကြောင့် ဝိဂြိုဟ်မပြုကောင်း။ စက္ခုသဓကား ၄င်းနည်းပြု။ ၄င်းနည်း ဝိဘတ်ျခံ။ ဟတ္ထကား ၄င်းပြု၊ ၄င်းနည်း ဝိဘတ်ျခံ။

အာ အဘိမုခံ သဒတိ ဝသတိ ဧတ္ထာတိ အာသန္ဒော။ ဧတ္ထ ဌာနေ၊ ၌။ အာ အဘိမုခံ၊ ရှေးရှု။ သဒတိ ဝသတိ၊ နေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပဒေသော၊ သည်။ အာသန္ဒော၊ မည်၏။ အာ အဘိမုခံ သဒတိ ဝသတိ ဧတ္ထာတိကား အဓိကရဏသာဓနကိတ်ဝိဂြိုဟ်၊ အာသန္ဒောကား အဓိကရဏ သာဓနကိတ်ပုဒ်။ ဝိဘတ်ျခံ။

ဋ္ဌိယတီတိ ဌာတဗ္ဗော။ ဋ္ဌိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဌာတဗ္ဗော၊ မည်၏။ ကမ္မသာဓနကိတ်ဝိဂြိုဟ်။ ကမ္မသာဓနကိတ်ပုဒ်။ န ဌာတဗ္ဗော န ဌာတဗ္ဗော။ ဌာတဗ္ဗော၊ ရအပ်သည်။ န၊ မဟုတ်။ န ဌာတဗ္ဗော၊ ရအပ်သည် မဟုတ်။ ဥဘောတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ဥဘောတပ္ပုရိသ်သမာသ်ပုဒ်။ ဝိဂြိုဟ် ပြီး၏။

■ ■ ■

## ၆၈- ပဋိသင်္ခါယောနိသော-စာစပ်

ပဋိသင်္ခါ ။လ။ ပရိဝဇ္ဇေတိကား သဒ္ဒပဒတ္ထကပုဒ်တည်း။ အဟံကား သည်ဟူ၍ အနက်ပေးသောကြောင့် သမဏော၌ တုလျတ်၊ သမဏောကား

လိင်္ဂတ်။ ဣတိကား ဟူ၍ဟု အနက်ပေးသောကြောင့် န ဌာတဗ္ဗာ၌ အာကာရ၊ န ဌာတဗ္ဗာကား အာကာရဝန္တ။ စဏ္ဍာသကား သောဟူ၍အနက်ပေးသော ကြောင့် ဟတ္ထိသည်၌ အာသယာသယီဘာဝ တုလျာဓိကရဏ ဝိသေသန၊ ဟတ္ထိသကား အာသယာ သယီဘာဝတုလျာဓိကရဏဝိသေသျ။ ဟတ္ထိသကား ၏ဟူ၍ အနက်ပေးသောကြောင့် အာသန္နေ၌ သမီပသမ္ဗန်၊ အာသန္နေကား သမ္ဗန္ဓီ။ အာသန္နေကား ၌ဟူ၍အနက်ပေးသောကြောင့် န ဌာတဗ္ဗော၌ ဩပသိလေသိကာဓာရ၊ န ဌာတဗ္ဗောကား အာဓာရ်။ စာစပ် အဓိပ္ပာယ်ပြီး၏။

■ ■ ■

## ၆၉- ယောပန ဥပ္ပန္နာ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ယော ပန ဥပ္ပန္နာ သာရီရိကာ ဝေဒနာ ဒုက္ခမနဓ္မေန ဒုက္ခာ၊ ဗဟာလဓ္မေန တိဗ္ဗာ၊ ဖရုသဓ္မေန ခရာ၊ တိခိဏဓ္မေန ကဋုကာ။ အသာဒဝိရဟတော အသာတာ။ (မ၊ ၄၊ ၁။ ၈၂။)

ယော၌ ယ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ် မပြု ကောင်း။ ပန-သဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ် မပြုကောင်း။

ဥပ္ပဇ္ဇတီတိ ဥပ္ပန္နာ။ ယာ ဝေဒနာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဝေဒနာ၊ သည်။ ဥပ္ပန္နာ၊ မည်၏။ ဥပ္ပဇ္ဇတီတိကား ကတ္တုသာဓနေ ကိတ်ဝိဂ္ဂြိုဟ်၊ ဥပ္ပန္နာကား ကတ္တုသာဓနေကိတ်ပုဒ်။

သရိတီတိ သရီရံ။ ယံ ဓမ္မဇာတံ၊ သည်။ သရိတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ သည်။ သရီရံ မည်၏။ သရိတီတိကား ကတ္တု သာဓနေကိတ်ဝိဂ္ဂြိုဟ်။ သရီရံကား ကတ္တုသာဓနေကိတ်ပုဒ်။

သရီရေ နိယုတ္တာ သာရီရိကာ။ သရီရေ၊ ၌။ နိယုတ္တာ၊ တည်း။ သာရီရိကာ၊ သည်။ သရီရေ နိယုတ္တာကား နိယုတ္တတဒ္ဓိတ်ဝိဂ္ဂြိုဟ်၊ သာရီရိကာ ကား နိယုတ္တတဒ္ဓိတ်ပုဒ်။

ဝေဒိယတီတိ ဝေဒနာ။ ယာ ဓမ္မဇာတိ၊ သည်။ ဝေဒိယတိ၊ ၏။ ဣတိ

တသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ ဝေဒနာ၊ မည်၏။ ကတ္တုသာဓနေ ကိတ် ဝိဂြိုဟ်၊ ကတ္တုသာဓနေကိတ်ပုဒ်။

ဝေဒိယတိ ဧတာယာတိ ဝါ ဝေဒနာ။ ဝါ၊ တစ်နည်းကား။ ဧတာယ ဓမ္မဇာတိယာ၊ ဖြင့်။ ဝေဒိယတိ၊ ၏။ က္လတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ ဝေဒနာ၊ မည်၏။ ကရဏသာဓနေကိတ်ဝိဂြိုဟ်၊ ကရဏသာဓနေ ကိတ်ပုဒ်။

ဝေဒိယနံ ဝါ ဝေဒနာ။ ဝေဒိယနံ၊ ခြင်း။ ဝေဒနာ၊ ခြင်း။ ဘာဝသာဓနေ ကိတ်ဝိဂြိုဟ်။ ဘာဝသာဓနေကိတ်ပုဒ်။ ဒုက္ခာပေတီတိ ဒုက္ခာပနံ။ ဒုက္ခာပေတိ၊ ၏။ က္လတိ တသ္မာ၊ ကြောင့်။ ဒုက္ခာပနံ၊ မည်၏။ ဟေတုကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်၊ ဟေတုကတ္တုသာဓနေကိတ်ပုဒ်။ အရိယတေ ဉာယတေတိ အတ္ထော။ အရိယတေ ဉာယတေ၊ ၏။ က္လတိ တသ္မာ၊ ကြောင့်။ အတ္ထော၊ မည်၏။ ကမ္မသာဓနေ ကိတ် ဝိဂြိုဟ်၊ ကမ္မသာဓနေကိတ်ပုဒ်။

ဒုက္ခာပနဋ္ဌ တံ အဋ္ဌော စာတိ ဒုက္ခာပနဋ္ဌော။ ဒုက္ခာပနဋ္ဌ၊ တည်း။ တံ၊ သည်။ အဋ္ဌောစ၊ ဟုတ်တည်း။ က္လတိ တသ္မာ၊ ကြောင့်။ ဒုက္ခာပနဋ္ဌော၊ မည်၏။ ကမ္မသာဓနေကိတ်ဝိဂြိုဟ်၊ ကမ္မသာဓနေကိတ်ပုဒ်။ ဒုက္ခာပနဋ္ဌ သော အဋ္ဌော စာတိ ဒုက္ခာပနဋ္ဌော။ ၄င်းဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ချံ။

ဒုဋ္ဌု ခနတီတိ ဒုက္ခံ။ ကတ္တု။ ဝိဂြိုဟ်။ ကတ္တုပုဒ်။ ဒုက္ခေန ခိပိတဗ္ဗန္တိ ဒုက္ခံ။ ၄င်းဝိဂြိုဟ်၊ ၄င်းပုဒ်။ ဗဟုလသဒ္ဒါသည် အနိပ္ဖန္န-ကြောင့် ဝိဂြိုဟ်မပြုကောင်း။ အရိယတေ ဉာယတေတိ အဋ္ဌော။ ၄င်းအနက်ပေး။ ကမ္မဝိဂြိုဟ်။ ကမ္မပုဒ်။ ဗဟုလ နှင့် အဋ္ဌကို ၄င်းနည်းတွဲ။ ၄င်းဝိဂြိုဟ်။ ၄င်းပုဒ်။ ၄င်းဝိဘတ်ချံ။

တေဇတီတိ တိဗ္ဗာ။ ယာ ဝေဒနာ၊ သည်။ တေဇတိ၊ ထက်တတ် ၏။ က္လတိ တသ္မာ၊ ကြောင့်။ သာ ဝေဒနာ၊ သည်။ တိဗ္ဗာ၊ မည်၏။ ကတ္တု၊ ဝိဂြိုဟ်။ ၄င်းပုဒ်။ ပရေ ဥလေတိ ဒါပေတီတိ ဖရုသံ။ ပရေ၊ သူတစ်ပါးတို့ကို။ ဥလေတိ ဒါပေတိ၊ ပူပန်စေတတ်၏။ က္လတိ တသ္မာ၊ ကြောင့်။ ဖရုသံ၊ မည်၏။ ဟေတုကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ ၄င်းပုဒ်။ အဋ္ဌောကိုလုပ်မြဲ။

ဖရုသဋ္ဌ တံ အဋ္ဌော စာ တိ ဖရုသဋ္ဌော။ တစ်နည်း။ ဖရုသဋ္ဌ တံ အဋ္ဌော

စာတိ ဖရှုသဒ္ဒေါ။ ၄င်းအနက်ပေး။ ၄င်းသမာသ်ဝိဂြိုဟ်။ ၄င်းသမာသ်ပုဒ်။ ၄င်းဝိဘတ်ချ်။

ခရာတီတိ ခရာ။ ယာ ဝေဒနာ၊ သည်။ ခရာတိ၊ ကြမ်းတမ်းတတ်၏။ ဝါ၊ ကြမ်းတမ်းသကဲ့သို့ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဝေဒနာ၊ သည်။ ခရာ၊ မည်၏။ ကတ္တု ။လ။ ပုဒ်။ တေဇတီတိ တိခိဏာ၊ ယာ ဝေဒနာ၊ သည်။ တေဇတိ၊ ထက်တတ်၏။ ဝါ၊ ထက်သကဲ့သို့ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဝေဒနာ၊ သည်။ တိခိဏာ၊ မည်၏။ ကတ္တုသာဓန ။လ။ ပုဒ်။ တိခိဏာဋ္ဌ တံ အဒ္ဒေါ စာတိ တိခိဏဒ္ဒေါ။ ၄င်းအနက်ပေး။ ၄င်းသမာသ်ပုဒ်။ ၄င်းဝိဘတ်ချ်။

ကဋုတီတိ ကဋုကာ။ ယာ ဝေဒနာ၊ သည်။ ကဋုတိ၊ ခါးစပ်တတ်၏။ ဝါ၊ ခါးစပ်သကဲ့သို့ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဝေဒနာ၊ သည်။ ကဋုကာ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ကတ္တု ။လ။ ပုဒ်။

အသာတေတီတိ အသာဒါ။ ယာ ဝေဒနာ၊ သည်။ အသာဒေတိ၊ ၏။ ဝါ၊ သကဲ့သို့ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဝေဒနာ၊ သည်။ အသာဒါ၊ မည်၏။ ကတ္တု ။လ။ ပုဒ်။ ဝိရဟဟူသောပုဒ်သည် နိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အသာဒတော ဝိရတော အသါဒဝိရတော။ အသာဒတော၊ သာယာ ခြင်းမှ။ ဝိရတော၊ ကင်းသည်တည်း။ အသာဒဝိရတော၊ ကင်းသည်။ ပဉ္စမီ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။ ၄င်းဝိဘတ်ချ်။

နသာတေတီတိ အသာတာ။ နသာတေတိ၊ မသာယာတတ်။ ဣတိ တသ္မာ၊ ကြောင့်။ အသါတာ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဂြိုဟ် ပြီး၏။

ယောကား သည်-ကြောင့်။ ဟောတိဌ် တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဟောတိကား ဝုတ္တ ကတ္တား၏ကြိယာ။ ပနကား ပက္ခန္တရဇောတက နိပါတ်ပုဒ်တည်း။ ဥပ္ပန္နာ သာရီရိကာတို့ကား ကုန်သောဟူ၍အနက်ပေးသောကြောင့် ဝေဒနာဌ် အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသန။ ဝေဒနာကား အာသယာ

သယီ ဘာဝတုလျာဓိကရဏဝိသေသျ။ ဝေဒနာကား တို့သည်ဟူ၍ အနက်ပေးသောကြောင့် ဒုက္ခာ၌တုလျတ်၊ ဒုက္ခာကား လိင်္ဂတ်။ ဒုက္ခာပနဒွေနကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ဒုက္ခာ၌ ဘိန္နာဓိကရဏဝိသေသန၊ ဒုက္ခာကား ဘိန္နာဓိကရဏဝိသေသျ။ ဗဟလဒွေနကား တိဗ္ဗာ၌ ၄င်းနည်း။ ဖရုသဒွေနကား ခရာ၌၄င်းနည်း။ တိခိဏဒွေနကား ကဋုကာ၌၄င်းနည်း။ အသာတာဒိပဒါဟာတော လည်း အသာတာ၌ ၄င်းနည်းစပ်လေ။ စာစပ်အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၇၁- ခါဏုန္တိ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ခါဏုန္တိ ခဒိရ ခါဏုအာဒီ။ ကဏ္ဍကဋ္ဌာနန္တိ ကဏ္ဍကာနံ ဌာနံ။ ယတ္ထ ကဏ္ဍကာ ဝိဇ္ဈန္တိ၊ တံ ဩကာသန္တိ ဝုတ္တံ ဟောတိ။ (မ၊ ဋ၊ ၁။ ၈၃။)

ခညတိ အဝဓာရိယတီတိ ခါဏု။ ယော ရုက္ခောဝသေသော၊ အကြင်သစ်ပင်ကြွင်းကို။ ခညတိ အဝဓာရိယတိ၊ ဖောက်ခွဲအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ရုက္ခောဝသေသော၊ သည်။ ခါဏု၊ မည်၏။ ခညတိ အဝဓာရိယတိကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်။ ခါဏုကား ကမ္မသာဓနေကိတ်ပုဒ်။

တစ်နည်းကား။ ခဏိယတီတိ ခါဏု။ ယော ရုက္ခောဝသေသော၊ ကို။ ခဏိယတိ၊ တူးအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ရုက္ခောဝသေသော၊ သည်။ ခါဏု၊ မည်၏။ ခဏိယတီတိကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်။ ခါဏုကား ကမ္မသာဓနေကိတ်ပုဒ်။ ဣတိသဒ္ဒါကား။ သဒ္ဒပဒတ္ထကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ခါဏု ဧဝ ဣတိ ခါဏုတိ။ ခါဏု ဧဝ၊ ခါဏုဟူသောပုဒ်သည် ပင်လျှင်။ ဣတိ၊ ဤတည်း။ ခါဏုတိ၊ ခါဏုဟူသောပုဒ်သည်ပင် လျှင်ဤသို့။ ခါဏု ဧဝ ဣတိကား အဝဓာရဏကမ္မဓာရယ်သမာသ် ဝိဂြိုဟ်။ ခါဏုတိကား အဝဓာရဏကမ္မဓာရယ်သမာသ်ပုဒ်။

ပါဏကေဟိ ခါဒိယတီတိ ခဒိရော။ ယော ဒန္တဓာဝရရုက္ခော၊ အကြင် ရှားပင်ကို။ ပါဏကေဟိ၊ ပိုးတို့သည်။ ခါဒိယတိ၊ ခဲအပ်၏။ ဣတိ တသ္မာ၊

ကြောင့်။ သော ဒန္တစာဝရရုက္ခော၊ သည်။ ခဒိရော၊ မည်၏။ ပါဏကေဟိ ခါဒိယ တီတိကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်။ ခဒိရောကား ကမ္မသာဓနေကိတ်ပုဒ်။

ခညတိ အဝဓာရိယတီတိ ခါဏု။ ယော ရုက္ခောဝသေသော၊ ကို။ ခညတိ အဝဓာရိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ရုက္ခောဝသေသော၊ သည်။ ခါဏု၊ မည်၏။ ခညတိ အဝဓာရိယတီတိ ကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်။ ခါဏု ကား ကမ္မသာဓနေကိတ်ပုဒ်။

တစ်နည်းကား ခဏိယတီတိ ခါဏု။ ယော ရုက္ခောဝသေသော၊ ကို။ ခဏိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ရုက္ခောဝသေသော၊ သည်။ ခါဏု၊ မည်၏။ ခဏိယတီတိကား ကမ္မသာဓနေကိတ်ဝိဂြိုဟ်။ ခါဏုကား ကမ္မ သာဓနေကိတ်ပုဒ်။

ခဒိရော စ သော ခါဏု စာတိ ခဒိရခါဏု။ ခဒိရော စ၊ ရှားပင်သည် လည်း ဟုတ်တည်း။ သော၊ ထိုရှားပင်ဟူသည်။ ခါဏု စ၊ သစ်ငုတ်လည်း ဟုတ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ခဒိရခါဏု၊ မည်၏။ ခဒိရော စ သော ခါဏုစာတိကား ကမ္မဓာရာယ်သမာသ်ဝိဂြိုဟ်။ ခဒိရခါဏုကား ကမ္မဓာရာယ် သမာသ်ပုဒ်။ တစ်နည်းကား ခဒိရဿ ခါဏု ခဒိရခါဏု။ ခဒိရဿ၊ ရှားပင်၏။ ခါဏု၊ အငုတ်တည်း။ ခဒိရခါဏု၊ ရှားပင်၏အငုတ်။ ခဒိရဿ ခါဏုကား ဆဋ္ဌီ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ခဒိရခါဏုကား ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။

ပထမံ အာဒိယတီတိ အာဒိ။ ပထမံ၊ ရှေးဦးစွာ။ အာဒိယတိ၊ အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အာဒိ၊ မည်၏။ ပထမံ အာဒိယတီတိကား ကမ္မသာဓနေ ကိတ်ဝိဂြိုဟ်။ အာဒိကား ကမ္မသာဓနေကိတ်ပုဒ်။

ခဒိရခါဏုအာဒိ ယေသန္တေတိ ခဒိရခါဏုအာဒိ။ ယေသံ၊ အကြင် သစ်ငုတ်တို့အား။ ခဒိရခါဏု၊ ရှားငုတ်ဟုဆိုအပ်သော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ၊ တို့သည်။ ခဒိရခါဏုအာဒိ၊ မည်၏။ ခဒိရ ခါဏုအာဒိ ယေသန္တေတိကား အတဂ္ဂုဏ သံဝိညာဏဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်။ ခဒိရခါဏုအာဒိကား အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိသမာသ်ပုဒ်။ ခါဏူတိ၊ ခါဏုဟူသည်ကား။ ခဒိရခါဏု၊ ရှားငုတ်အစရှိသည်တည်း။

တစ်နည်းကား၊ ခဒိရခါဏုအာဒိ၊ ရှားငုတ်အစရှိသည်လည်း။ ခါဏုတိ- ခါဏု နာမ၊ ခါဏုမည်၏။ ကဏ္ဍကဌာနန္တိ၊ ကဏ္ဍကဌာနံဟူသည်ကား။ ကဏ္ဍ ကာနံ၊ ဆူးတို့၏။ ဌာနံ၊ တည်ရာအရပ်တည်း။ တစ်နည်းကား ကဏ္ဍကာနံ၊ ဆူး တို့၏၊ ဌာနံ၊ တည်ရာအရပ်သည်။ ကဏ္ဍကဌာနန္တိ-ကဏ္ဍကဌာနံနာမ၊ ကဏ္ဍက ဌာနမည်၏။ ဤအနက်ချပ်လိုက်သည်။ ငါတို့ ထိပ်ခေါင်တင် ဆရာတော် ဘုရားကြီး သမ္ဗန်တော်မှုလိုက်သည့် အနက်တော်။

ကဏ္ဍတိ ဘိန္ဒတီတိ ကဏ္ဍကော။ ယော သာခါ ဝိသေသော၊ အကြင် သစ်ငုတ်ထူးသည်။ ကဏ္ဍတိ ဘိန္ဒတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သာခါ ဝိသေသော၊ သည်။ ကဏ္ဍကော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဌန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဌာနံ။ ဧတ္ထ ပဒေသေ၊ ၌။ ဌန္တိ ပတိဋ္ဌဟန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ သော ပဒေသော၊ သည်။ ဌာနံ၊ မည်၏။ အဓိကရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဣတိကား သဒ္ဒပဒတ္ထက ဇောတက ။လ။ ကောင်း။ ကဏ္ဍကဌာနံ ဧဝ ဣတိ ကဏ္ဍကဌာနန္တိ။ ၄င်းအနက်ပေး။ ၄င်းဝိဂြိုဟ်။ ၄င်းပုဒ်။ ကဏ္ဍကတာ ဘိန္ဒတီတိ ကဏ္ဍကော။ ၄င်းနည်းအနက်ပေး။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဌာနံဟူသောပုဒ်သည် သမ္ဗန်ကိုင်ရကား တေသံ ကဏ္ဍကာနံ ဟု ။လ။ ဝိဘတ်ချံ။

ဌန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဌာနံ။ ၄င်းအနက်ပေး။ ၄င်းဝိဂြိုဟ်။ ၄င်းပုဒ်။ ယတ္ထကား သဗ္ဗနာမ်ပုဒ် ။လ။ ကောင်း။ ကဏ္ဍတိ ဘိန္ဒတီတိ ကဏ္ဍကော။ အနက်ပေးမြဲ။ ကတ္တု ။လ။ ပုဒ်။ ဝိဇန္တိကား အာချာတ် ။လ။ ဝိဂြိုဟ်မပြုကောင်း။ တံ သဒ္ဒါကား ။လ။ ကောင်း။

အဝကသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော။ ဧတ္ထ ပဒေသေ၊ ၌။ အဝကသန္တိ ပတိဋ္ဌဟန္တိ၊ တည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပဒေသော၊ သည်။ ဩကာသော၊ မည်၏။ အဓိကရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ပရိဝဇ္ဇေတိ ဟူသောပုဒ်သည် ကံကိုင်ရကား "တံ ဩကာသံ" ဟု ဝိဘတ်ချံ။ ဣတိသဒ္ဒါကား နိဒဿနဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြု ကောင်း။

ဝုစ္စိယတေ ဝုတ္တံ။ ဝုစ္စိယတေ၊ ဆိုအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝုတ္တံ၊ မည်၏။ ကမ္မ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဟောတိကား အာချာတ်ပုဒ် ဖြစ်သော ကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ ဝိဂ္ဂြိုဟ်ပြီး၏။

■■■

## ၇၂– ခါဏ္ဍကွဲ–စာစပ်

ခါဏူတိကား သည်ဟူ၍အနက်ပေးသောကြောင့် ခဒိရခါဏုအာဒိ၌ တုလျတ်၊ ခဒိရခါဏုအာဒိကား လိင်္ဂတ်။

ခဒိရခါဏုအာဒိကား သည်ဟူ၍ အနက်ပေးသောကြောင့် ခါဏူတိ၌ တုလျတ်။ ခါဏူတိကား လိင်္ဂတ်။

ကဏ္ဍကဋ္ဌာနန္တိကား သည်ဟူ၍အနက်ပေးသောကြောင့် ဋ္ဌာနံ၌ တုလျတ်။ ဋ္ဌာနံကား လိင်္ဂတ်။

ကဏ္ဍကာနံကား တို့၏ဟူ၍အနက်ပေးသောကြောင့် ဋ္ဌာနံ၌ ဌာနီဖြစ် သောသမ္ဗန်။ ဋ္ဌာနံကား ဌာနဖြစ်သောသမ္ဗန္ဓီ။

ဋ္ဌာနံကား သည်ဟူ၍အနက်ပေးသောကြောင့် ကဏ္ဍကဋ္ဌာနံ၌ တုလျတ်၊ ကဏ္ဍကဌာနံကား လိင်္ဂတ်။

ယတ္ထကား ၌ဟူ၍အနက်ပေးသောကြောင့် ဝိဇ္ဈန္တိ၌ ဗျာပိကာဓာရ၊ ဝိဇ္ဈန္တိကား အာဓာရ်။

ကဏ္ဍကာကား တို့သည်ဟူ၍အနက်ပေးသောကြောင့် ဝိဇ္ဈန္တိ၌ အန္တိ ဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တ ကတ္တား၊ ဝိဇ္ဈန္တိကား ဝုတ္တကတ္တား၏ ကြိယာ။

တံကား သောဟူ၍ အနက်ပေးသောကြောင့် ဩကာသံ၌ အာသယာ သယီဘာဝ တုလျာဓိကရဏဝိသေသန၊ ဩကာသံကား အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျ။

ဩကာသံကား ကိုဟူ၍အနက်ပေးသောကြောင့် ပရိဝဇ္ဇေတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပရိဝဇ္ဇေတိကား အဝုတ္တကံ၏ကြိယာ။ ဣတိသဒ္ဒါကား နိဒဿနဇောတက နိပါတ်ပုဒ်တည်း။

ဝုတ္တံကား သည်ဟူ၍အနက်ပေးသောကြောင့် ဟောတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဟောတိကား ဝုတ္တကတ္တား၏ကြိယာ။ စာစပ်အဓိပ္ပာယ်ပြီး၏။

■■■

## ၇၃- သောဗ္ဘန္တိ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

သောဗ္ဘန္တိ သဗ္ဗတော ပရိစ္ဆိန္နတဋံ။ ပပါတန္တိ ဧကတော ဆိန္နတဋံ။

(မ၊ ဋ၊ ၁။ ၈၃။)

သီဒန္တိ အဝသီဒန္တိ ဧတ္ထာတိ သောဗ္ဘံ။ ဧတ္ထ ဌာနေ၊ ၌။ သီဒန္တိ အဝသီဒန္တိ၊ အောက်သို့နှစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဌာနံ၊ သည်။ သောဗ္ဘံ၊ မည်၏။ အဓိကရဏ။လ။ ဝိဂြိုဟ်၊ ၄င်းပုဒ်။ ဣတိ သဒ္ဒါကား ။လ။ ၄င်း။ သောဗ္ဘံ ဧဝ ဣတိ သောဗ္ဘန္တိ။ နည်းတူအနက်ပေး၊ အဝဓာရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

အဝေန သဟ ယော ဝတ္တတီတိ သောဗ္ဘံ။ ဤ၌နောက်တစ်နည်း အလုံးစုံလုပ်။ ပရိစ္ဆိန္နတဋံဟူသောပုဒ်သည် အပါဒါန်ကိုငဲ့ရကား ၄င်းဆို၍ ဝိဘတ်ချဲ။

ပရိသမန္တတော ဆိန္နတီတိ ပရိစ္ဆိန္နံ။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ ဆိန္နတိ၊ ဖြတ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပရိစ္ဆိန္နံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တဋတိ ဥဒ္ဓံ ဂစ္ဆတီတိ တဋံ။ ယော ကူလဝိသေသော၊ အကြင်ကမ်းထူးသည်။ တဋတိ ဥဒ္ဓံ ဂစ္ဆတိ၊ အထက်သို့တက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကူလဝိသေသော၊ သည်။ တဋံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ပရိစ္ဆိန္နဉ္စ တံ တဋဉ္စာတိ ပရိစ္ဆိန္နတဋံ။ အနက်ပေး။ ကမ္မဓာရာယ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ပပတန္တိ ဧတ္ထာတိ ပပါတော။ ဧတ္ထ ပဒေသေ၊ ၌။ ပပတန္တိ၊ ကျတတ်ကုန်၏။ က္လတိ တသ္မာ၊ ကြောင့်။ သော ပဒေသော၊ သည်။ ပပါတော၊ မည်၏။ အဓိကရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ က္လတိသဒ္ဒါကား ။လ။ မပြုကောင်း။ ပပတံ ဧဝ က္လတိ ပပါတန္တိ။ အနက်ပေးမြဲ။ ၄င်းဝိဂြိုဟ်။ ၄င်းပုဒ်။ ဧကတော၌ ဧကသဒ္ဒါကား သချာသဗ္ဗနာမ် ။လ။ ကောင်း။ ဆိန္နတင့်ဟူသောပုဒ်သည် အပါဒါန်ကို ငဲ့ရကား ။လ။ ဝိဘတ်ချဲ့။

ဆိန္နတီတိ ဆိန္နံ။ ဆိန္ဒတိ၊ ဖြတ်တတ်၏။ က္လတိ တသ္မာ၊ ကြောင့်။ ဆိန္နံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ တဋ္ဌတိ ဥဒ္ဓံ ဂစ္ဆတီတိ တဋံ။ အနက်ပေးမြဲ။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဆိန္နဥ္စ တံ တဋဥ္စာတိ ဆိန္နတဋံ။ အနက်ပေးမြဲ။ ၄င်း ကမ္မဓာရာယ်ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၇၄- သောဗ္ဘန္တိ-စာစပ်

သောဗ္ဘကား သည်ဟူ၍အနက်ပေးသောကြောင့် ပရိစ္ဆိန္နတင့်၌ တုလျတ်၊ ပရိစ္ဆိန္နတင့်ကား လိင်္ဂတ်။

သဗ္ဗတောကား မှဟူ၍အနက်ပေးသောကြောင့် ပရိစ္ဆိန္နတင့်၌ စိတ္တပုဗ္ဗက အပါဒါန်၊ ပရိစ္ဆိန္နတင့်ကား အပါဒီ။

ပပါတန္တိကား သည်ဟူ၍ အနက်ပေးသောကြောင့် ဆိန္နတင့်၌ တုလျတ်၊ ဆိန္နတင့်ကား လိင်္ဂတ်။

ဧကတောကား မှဟူ၍အနက်ပေးသောကြောင့် ဆိန္နတင့်၌ စိတ္တပုဗ္ဗက အပါဒါန်၊ ဆိန္နတင့်ကား အပါဒီ။ စာစပ်အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၇၅- စန္ဒနိကန္တိ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

**စန္ဒနိကန္တိ ဥစ္ဆိဋ္ဌောဒကဂဗ္ဘမလာဒီနံ ဆဍ္ဍနဋ္ဌာနံ။ (မ၊ ဋ္ဌ၊ ၁။ ၈၃။)**

စိတ္တံ ဒုနေတီတိ စန္ဒနိကံ။ ယာ မရူ၊ အကြွင်ရွံ့ညှန်သည်။ စိတ္တံ၊ ကို။ ဒုနေတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ မရူ၊ သည်။ စန္ဒနိကံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဣတိသဒ္ဒါကား သဒ္ဒပဒတ္ထက ဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

စန္ဒနိကံ ဧဝ ဣတိ စန္ဒနိကန္တိ။ စန္ဒနိကံ ဧဝ၊ လျှင်။ ဣတိ၊ တည်း။ စန္ဒနိကန္တိ၊ ဤသို့။ အဝဓာရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဥဒ္ဓံ သေစယတီတိ ဥစ္ဆိဋ္ဌံ။ ဥဒ္ဓံ၊ သို့။ သေစယတိ၊ ၏။ တစ်နည်း။ ဥဒ္ဓံ သေစယတိ၊ မှောက်၍သွန်အပ်၏။ ဝါ၊ ပက်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဥစ္ဆိဋ္ဌံ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဥန္ဒတိ ကိလေဒတီတိ ဥဒကံ။ ယော အာသဝေါ၊ သည်။ ဥန္ဒတိ ကိလေဒတိ၊ ယိုစီးတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော အာသဝေါ၊ သည်။ ဥဒကံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဂရတိ ဗဟိ နိက္ခမနဝသေန သိဉ္စတီတိ ဂဗ္ဘော။ ဂရဟိ ဗဟိနိက္ခမန ဝသေန သိဉ္စတိ၊ အပသို့ထုတ်သည်၏အစွမ်းအားဖြင့် သွန်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂဗ္ဘော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

မလိတဗ္ဗံ ဓာရေတဗ္ဗံ အပဟာရိတဗ္ဗန္တိ မလံ။ မလိတဗ္ဗံ ဓာရေတဗ္ဗံ အပဟာရိတဗ္ဗံ၊ ပယ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ မလံ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဂဗ္ဘဿ မလံ ဂဗ္ဘမလံ။ ဂဗ္ဘဿ၊ ဝမ်း၏။ မလံ၊ တည်း။ ဂဗ္ဘမလံ၊ ကြေး။ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။

ဥစ္ဆိဋ္ဌဉ္စ ဥဒကဉ္စ ဂဗ္ဘမလဉ္စ ဥစ္ဆိဋ္ဌောဒကဂဗ္ဘမလံ။ ဥစ္ဆိဋ္ဌဉ္စ၊ စားတတ် သည်လည်း။ ဥဒကဉ္စ၊ လည်း။ ဂဗ္ဘမလဉ္စ၊ ဝမ်း၏အညစ်အကြေးလည်း။ ဥစ္ဆိဋ္ဌောဒကဂဗ္ဘမလံ၊ ကြေး။ အသမာဟာရ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ပဌမံ အာဒိယတီတိ အာဒိ။ ပဌမံ၊ ရှေးဦးစွာ။ ရှေးအတူ အနက်ပေး၍ မှည့်လေ။ ဥဋ္ဌိဗ္ဗောဒကဂဗ္ဘမလံ အာဒိ ယေသန္တေတိ ဥဋ္ဌိဗ္ဗောဒကဂဗ္ဘမလာဒိ။ ယေသံ၊ အကြင်အညစ်အကြေးတို့အား။ ဥဋ္ဌိဗ္ဗော ဒကဂဗ္ဘမလံ၊ စားတတ်ရေဝမ်း၏ အညစ်အကြေးဟုဆိုအပ်သော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ၊ တို့သည်။ ဥဋ္ဌိဗ္ဗောဒကဂဗ္ဘမလာဒိ၊ မည်၏။ တဂ္ဂုဏ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတျံခံ။

ဆဝ္ဍီယတီတိ ဆဍ္ဍနံ။ ယံ ဝတ္ထုံ၊ ကို။ ဆဍ္ဍီယတိ၊ စွန့်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဝတ္ထုံ၊ သည်။ ဆဍ္ဍနံ၊ မည်၏။ ကမ္မ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဌန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဌာနံ။ ဧတ္ထ ပဒေသေ၊ ၌။ ဌန္တိ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပဒေသော၊ သည်။ ဌာနံ၊ မည်၏။ အဓိကရဏ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

ဆဍ္ဍနဿ ဌာနံ ဆဍ္ဍနဋ္ဌာနံ။ ဆဍ္ဍနဿ၊ စွန့်အပ်သောဝတ္ထု၏။ ဌာနံ၊ တည်း။ ဆဍ္ဍနဋ္ဌာနံ၊ ရာ။ ဆဋ္ဌီ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဝိဂ္ဂြိုဟ်ပြီး၏။

စိတ္တံ ဒုနောတီတိ စန္ဒနိကံဟူသော ဝစနတ္ထ၌ ဝစန၊ ဝစနတ္ထ၊ ဝစနဟေတု၊ ဝစနဟေတုဇောတက၊ ဝစနီယ၊ ဝစနီယတ္ထအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုခြောက်ပါးတို့တွင် စန္ဒနိကံဟူသောပုဒ်သည် ဝစနမည်၏။ စိတ္တံ ဒုနောတိဟူသောပုဒ်သည် ဝစနတ္ထမည်၏။ စိတ်ကိုဖျက်ဆီးခြင်းကြိယာသည် ဝစနဟေတုမည်၏။ ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။ မရှုဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယမည်၏။ ရွံ့ညွန်ဟူသောအနက်သည် ဝစနီယတ္ထမည်၏။

စန္ဒနိကံကား သည်ဟူ၍ အနက်ပေးသောကြောင့် ဆဍ္ဍနဋ္ဌာနံ၌ တုလျတ်၊ ဆဍ္ဍနဋ္ဌာနံကား လိင်္ဂတ်။ ဥဋ္ဌိဗ္ဗောဒက ဂဗ္ဘမလာဒိနံကား တို့၏ဟူ၍ အနက်ပေးသောကြောင့် ဆဍ္ဍနဋ္ဌာနံ၌ သမ္ဗန်၊ ဆဍ္ဍနဋ္ဌာနံကား သမ္ဗန္ဓီ။ စာစပ်အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၇၇- ပဋိသင်္ခါယောနိသော-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

**ပဋိသင်္ခါ ယောနိသော ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတီတိ။**

(မ၊ ၄၊ ၁။ ၈၄။)

ပဋိသင်္ခါယောနိသော-တို့ကို လုပ်မြဲ။ ဥပ္ပဇ္ဇတိ ဥပ္ပဇ္ဇိတ္ထာတိ ဝါ ဥပ္ပန္နော။ ယော ကာမဝိတက္ကော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ ဝါ၊ ကား။ ဥပ္ပဇ္ဇိတ္ထာ၊ ပြီ။ ဣတိ တသ္မာ၊ ကြောင့်။ သော ကာမဝိတက္ကော၊ သည်။ ဥပ္ပန္နော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်း။ ဥပ္ပဇ္ဇတီတိ ဥပ္ပန္နော၊ အနက်ပေးမြဲ လုပ်မြဲ။ တစ်နည်း၊ ဥပ္ပဇ္ဇိတ္ထာတိ ဥပ္ပန္နော။ အလုံးစုံတူ၏။ ဥပ္ပန္နော စ ဥပ္ပန္နော စ ဥပ္ပန္နော။ ဧကဒေသ။ လ ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ခံ။

ကာမေတီတိ ကာမော။ ယော လောဘော၊ သည်။ ကာမေတိ၊ တပ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော လောဘော၊ သည်။ ကာမော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ကာမိယတီတိ ကာမော။ ယံ ရူပါဒိ အာရမ္မဏံ၊ ကို။ ကာမိယတိ၊ အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ရူပါဒိအာရမ္မဏံ၊ သည်။ ကာမော၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ကာမော စ ကာမော စ ကာမော။ ကာမော စ၊ ကိလေသကာမ လည်း။ ကာမော စ၊ ဝတ္ထုကာမလည်း။ ကာမော၊ ကိလေသကာမ ဝတ္ထုကာမ။ ဧကသေသ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ကာမေတီတိ ကာမောဟူသော ဝစနတ္ထ၌ ဝစန၊ ဝစနတ္ထ၊ ဝစနဟေတု၊ ဝစနဟေတုဇောတက၊ ဝစနီယ၊ ဝစနီယတ္ထအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင် ကာမောဟူသောပုဒ်သည် ဝစနမည်၏။ ကာမေတိဟူသောပုဒ်သည် ဝစနတ္ထမည်၏။ အလိုရှိခြင်းကြိယာသည် ဝစနဟေတုမည်၏။ ဣတိသဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။ လောဘောဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယမည်၏။ လောဘစေတသိက်သည် ဝစနီယတ္ထမည်၏။

ဝိတက္ကေတီတိ ဝိတက္ကော။ ယော သဘာဝေါ၊ သည်။ ဝိတက္ကေတိ၊

ကြံတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ဝိတက္ကော၊ မည်၏။ ကတ္တု ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

ဝိတက္ကေတိ ဧတေနာတိ ဝိတက္ကော။ ဧတေန သဘာဝေန၊ ဖြင့်။ ဝိတက္ကေတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ဝိတက္ကော၊ မည်၏။ ကရဏသာဓနေ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

ကာမေန သမ္ပယုတ္တော ဝိတက္ကော ကာမဝိတက္ကော။ ကာမေန၊ နှင့်။ သမ္ပယုတ္တော၊ သော။ ဝိတက္ကော၊ တည်း။ ကာမဝိတက္ကော၊ တက်။ မဇ္ဈေလောပ တတိယာတပ္ပုရိသ်သမာသ်ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ျခံ။ နာဓိဝါသေတိ ကား အာချာတ် ။လ။ ကောင်း။ ပဋိသဉ္ခါ ယောနိသော စ ။လ။ နာဓိဝါသေတိ စ ပဋိသဉ္ခါ ။လ။ နာဓိဝါသေတိ။ ဒွန် ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဝိဂ္ဂြိုဟ်ပြီး၏။

■■■

## ၇၈- အဘာဝနာယ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

**အဘာဝနာယ အာဒီနဝံ, ဘာဝနာယ စ အာနိသံသံ ဥပါယေန ပထေန ပစ္စဝေက္ခိတွာ သတိသမ္ဗောဇ္ဈင်္ဂ ဘာဝေတိ။**

(မ၊ ဋ၊ ၁။ ၈၅-၆။)

ဘာဝနံ ဘာဝနာ။ ဘာဝနံ၊ ပွားခြင်း။ ဘာဝနာ၊ ပွားခြင်း။ ဘာဝသာဓနေ ကိတ်ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ န ဘာဝနာ အဘာဝနာ။ ဘာဝနာ၊ ပွားသည်။ န၊ မဟုတ်။ အဘာဝနာ၊ ပွားသည်မဟုတ်။ တပ္ပုရိသ် ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ျခံ။ စ-သဒ္ဒါကား သမုစ္စယတ္ထဇောတကဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။

အာဘုသော ဒီနံ ဝါယတိ ဂမယတီတိ အာဒီနဝေါ။ ယော ဝိပါကော၊ သည်။ အာဘုသော၊ လွန်စွာ။ ဒီနံ ဒုက္ခဘာဝံ၊ ဆင်းရဲသည် ၏အဖြစ်သို့။ ဝါယတိ ဂမယတိ၊ ရောက်စေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဝိပါကော၊ သည်။ အာဒီနဝေါ၊ မည်၏။ ဟေတုကတ္တု ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ျခံ။ ဘာဝနာယ၊ ၄င်းနည်း။

အာ အဘိမုခံ နိသံသတိ ပသံသိယတီတိ အာနိသံသော။ ယော ဝိပါကော၊ ကို။ အဘိမုခံ၊ ရှေးရှု။ နိသံသတိ ပသံသိယတိ၊ ချီးမွမ်းအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဝိပါကော၊ သည်။ အာနိသံသော၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ျခံမြဲ။ ဥပါယေန ပထေနတို့ကား ကာရကာဝါစီ ။လ။ မပြကောင်း။

ပစ္စဝေက္ခတီတိ ပစ္စဝေက္ခတ္တာ။ ယော ပုဂ္ဂလော၊ သည်။ စွဲ။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ သရတီတိ သတိ။ အနက်ပေးမြဲ။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

သရတိ ဧတာယာတိ သတိ။ ဧတာယ ဓမ္မဇာတိယာ၊ ဤတရား သဘောဖြင့်။ သရတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ သတိ၊ မည်၏။ ကရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဗုဇ္ဈတီတိ ဗောဓိ။ ယာ ဓမ္မသာမဂ္ဂီ၊ အကြင်တရား၏ ညီညွတ် ခြင်းသည်။ ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မသာမဂ္ဂီ၊ သည်။ ဗောဓိ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။ ဗောဓိယာ၊ ညီညွတ်တတ်သော တရား၏။ အင်္ဂေါ၊ အစိတ်တည်း။ ဗောဇ္ဈင်္ဂေါ၊ အစိတ်။ ဆဋ္ဌီတပ္ပုရိသ်သမာသ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ပသတ္ထော သုန္ဒရော ဝါ ဗောဇ္ဈင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ။ ပသတ္ထော၊ ချီးမွမ်းအပ်သော။ ဝါ၊ တစ်နည်းကား။ သုန္ဒရော၊ သော။ ဗောဇ္ဈင်္ဂေါ၊ တည်း။ သမ္ဗောဇ္ဈင်္ဂေါ၊ ဗောဇ္ဈင်။ ကမ္မဓာရာယ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

သတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ သတိသမ္ဗောဇ္ဈင်္ဂေါ။ သတိ ဧဝ၊ လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ တည်း။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ မည်သည်။ အဝဓာရဏကမ္မဓာရာယ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ျခံမြဲ။ ဘာဝေတိကား ။လ။ ကြောင့် ဝိဂြိုဟ် မပြကောင်း။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၇၉- အဘာဝနာယ-စာစပ်

အဘာဝနာယကား ၌ဟူ၍အနက်ပေးသောကြောင့် အာဒီနဝံ၌ ဝိသယာ ဓာရ၊ အာဒီနဝံကား အာဓာရ်။ စ-သဒ္ဒါကား ဝိကပ္ပနတ္ထဇောတက နိပါတ်ပုဒ် တည်း။

အာဒီနဝံကား ကိုဟူ၍အနက်ပေးသောကြောင့် ပစ္စဝေက္ခိတွာ၌ တွာ ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပစ္စဝေက္ခိတွာကား အဝုတ္တကံ၏ကြိယာ။

ဘာဝနာယကား ၌ဟူ၍အနက်ပေးသောကြောင့် အာနိသံသံ၌ ဝိသယာ ဓာရ၊ အာနိသံသံကား အာဓာရ်။

အာနိသံသံကား ကိုဟူ၍အနက်ပေးသောကြောင့် ပစ္စဝေက္ခိတွာ၌ တွာ ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ပစ္စဝေက္ခိတွာကား အဝုတ္တကံ၏ကြိယာ။

ဉပါယေန ဗထေနတို့ကား ဖြင့်ဟူ၍ အနက်ပေးသောကြောင့် ပစ္စဝေက္ခိ တွာ၌ အဇ္ဈတ္တိကကရိုဏ်း၊ ပစ္စဝေက္ခိတွာကား အဇ္ဈတ္တိက ကရိုဏ်း၏ကြိယာ။

ပစ္စဝေက္ခိတွာကား ၍ဟူ၍အနက်ပေးသောကြောင့် ဘာဝေတိ၌ ပုဗ္ဗ ကာလကြိယာဝိသေသန၊ ဘာဝေတိကား အပရကာလ ကြိယာဝိသေသျ။

သတိသမ္ဗောဇ္ဈင်္ဂကား ကိုဟူ၍အနက်ပေးသောကြောင့် ဘာဝေတိ၌ တိ ဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဘာဝေတိကား အဝုတ္တကံ၏ကြိယာ။ စာစပ်အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၈၀- တတ္ထ သတိသမ္ဗောဇ္ဈင်-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

တတ္ထ သတိသမ္ဗောဇ္ဈင်ေ တာဝ သရဏဋ္ဌေန သတိ။ သာ ပနေသာ ဉပဋ္ဌာနလက္ခဏာ။ (မ၊ ဋ၊ ၁။ ၈၆။)

တတ္ထ-၌ တ-သဒ္ဒါကား ပက္ကန္တဝိသယသဗ္ဗနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ သရတီတိ သတိ။ သရတိ ဧတာယာတိ သတိ။ သရဏံ သတိ။ ဗုဇ္ဈတီတိ ဗောဓိ။ ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။ ပသတ္ထော သုန္ဒရော ဝါ ဗောဇ္ဈင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ။ သတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ သတိသမ္ဗောဇ္ဈင်္ဂေါ။ ၄င်းဝိဂ္ဂြိုဟ်စုကို ရှေးနည်းအတိုင်း အနက်သမွန်ခြင်းစသည်ကို ပြုမြဲပြုလေ။ ဝိညာတဗ္ဗောဟူသောပုဒ်သည် အာဓာရကိုင်ရကား တသ္မိံ သတိသမ္ဗောဇ္ဈင်္ဂေဟု ပဒါဝဓိ ကန္တအားဖြင့်။ ဝါ၊ ဒန္တသောနေနည်းအားဖြင့် ဝိဘတ်ချံ။ တာဝသဒ္ဒါ ကား ပထမတ္ထဇောတကနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။

သရိယတေ သရဏံ။ သရိယတေ၊ အောက်မေ့ခြင်း။ သရဏံ၊ အောက်မေ့ခြင်း။ ဘာဝ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

သရိယတေ ဉာယတေတိ အတ္ထော။ အနက်ပေးခြင်း စသည်ကို ပြုမြဲ။ သရဏံ က္တတိ အတ္ထော။ အနက်ပေးခြင်းစသည်ကိုပြုမြဲ။

သရဏံ က္တတိ အတ္ထော သရဏတ္ထော။ သရဏံ က္တတိ၊ အောက် မေ့ခြင်း သည်ပင်လျှင်။ အတ္ထော၊ အနက်တည်း။ သရဏတ္ထော၊ အနက်။ သမ္မာဝနာ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။ သတိ ကိုလုပ်မြဲ။ သာဒ္ဓ တသဒ္ဒါသဗ္ဗနာမ် ပုဒ် ။လ။ ကောင်း။ ပနသဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြုကောင်း။ သောဒ္ဓ က္တသေဒ္ဒါကား သဗ္ဗနာမ်ပုဒ် ။လ။ ကောင်း။

ဥပဂန္တွာ ဌိယတေ ဥပဋ္ဌာနံ။ ဥပဂန္တွာ၊ အာရုံ၏အနီးသို့ကပ်၍။ ဌိယတေ၊ တည်ခြင်း။ ဥပဋ္ဌာနံ၊ ခြင်း။ ဘာဝသာဓန ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

လက္ခီယတိ လက္ခိတဗ္ဗာ ဧတာယာတိ လက္ခဏာ။ ဧတာယ ဓမ္မဇာတိယာ၊ အာရုံ၏အနီးသို့ကပ်၍ တည်ခြင်းဟုဆိုအပ်သောသဘော ဖြင့်။ လက္ခိတဗ္ဗာ၊ မှတ်အပ်သော သတိစေတသိက်ကို။ လက္ခီယတိ၊ ဤတရားကား သတိစေတသိက်ပင်တည်းဟု သိအပ်မှတ်အပ်၏။ က္တတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ လက္ခဏာ၊ မည်၏။ ကရဏ ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

ဥပဋ္ဌာနာ လက္ခဏာ ဧတဿာ အတ္ထီတိ ဥပဋ္ဌာနလက္ခဏာ။ ဧတဿာ

သတိယာ၊ အား။ ဥပဋ္ဌာနာ၊ အာရုံ၏အနီးသို့ကပ်၍ တည်ခြင်းဟုဆိုအပ်သော။ လက္ခဏာ၊ မှတ်ကြောင်းလက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ သတိ၊ သည်။ ဥပဋ္ဌာနလက္ခဏာ၊ မည်၏။ ဗဟုဗ္ဗီဟိ။ လ ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်း။ လက္ခိတဗ္ဗာတိ လက္ခဏာ။ ယာ သတိ၊ ကို။ လက္ခိတဗ္ဗာ၊ မှတ်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ သတိ၊ သည်။ လက္ခဏာ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဥပဋ္ဌာနေန လက္ခဏာ ဥပဋ္ဌာနလက္ခဏာ။ ဥပဋ္ဌာနေန၊ ဖြင့်။ လက္ခဏာ၊ မှတ်အပ်သည်တည်း။ ဥပဋ္ဌာနလက္ခဏာ၊ မှတ်အပ်သည်။ တတိယာတပ္ပုရိသ်။ လ ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၈၁- တတ္ထ သတိသမ္ဗောဇ္ဈင်္ဂေ-စာစပ်

တတ္ထကား ၌ဟူ၍အနက်ပေးသောကြောင့် သမဘိနိဝိဋ္ဌေသု ၌ ဝိသယာ ဓာရ၊ သမဘိနိဝိဋ္ဌေသုကား အာဓာရ်။ သမဘိနိဝိဋ္ဌေသုကား သောဟူ၍အနက် ပေးသောကြောင့် သတိသမ္ဗောဇ္ဈင်္ဂေ၌ ဘိန္နာဓိကရဏဝိသေသန သတိ သမ္ဗောဇ္ဈင်္ဂေကား ဘိန္နာဓိကရဏဝိသေသျ။

သတိသမ္ဗောဇ္ဈင်္ဂေကား ၌ဟူ၍အနက်ပေးသောကြောင့် ဝိညာတဗ္ဗော ၌ ဝိသယာဓာရ၊ ဝိညာတဗ္ဗောကား အာဓာရ်။ တာဝသဒ္ဒါ ပဌမတ္ထဇောတက နိပါတ်တည်း။

သရဏာဋ္ဌေနကား အားဖြင့်ဟူ၍အနက်ပေးသောကြောင့် သတိ၌ ဘိန္နာဓိ ကရဏဝိသေသန၊ သတိကား ။လ။ ဝိသေသျ။

သာ ဧသောကား သည်ဟူ၍အနက်ပေးသောကြောင့် ဥပဋ္ဌာနလက္ခဏာ ၌တုလျတ်၊ ဥပဋ္ဌာနလက္ခဏာကား လိင်္ဂတ်။ ပနသဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်တည်း။ စာစပ်အဓိပ္ပါယ်ပြီး၏။

■ ■ ■

## ၈၂- ဒုတိယာဒီသု-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ဒုတိယာဒီသု ပန စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော၊ သော ပန ဝိစယလက္ခဏော၊ ဩဘာသနရသော၊ အသမ္မောဟပစ္စုပဋ္ဌာနော။

(မ၊ ဋ္ဌ၊ ၁။ ၈၇။)

ဒုတိယာဒီသု၌ ဒုတိယသဒ္ဒါကား သင်္ချာသဗ္ဗနာမ်ပုဒ် ။လ။ မပြုကောင်း။ ပထမံ အာဒိယတီတိ အာဒိ။ အနက်ပေးမြဲလုပ်မြဲ။

ဒုတိယာ အာဒိ ယေသန္တေတိ ဒုတိယာဒိ။ ယေသံ၊ အကြင်ဝီရိယ သမ္ဗောဇ္ဈင်စသော ငါးပါးသောဗောဇ္ဈင်တို့အား။ ဒုတိယာ၊ ဒုတိယာဟုဆိုအပ် သော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ၊ တို့သည်။ ဒုတိယာဒိ၊ မည်၏။ အတဂ္ဂုဏာသံ ဝိညာဏာဗဟုဗ္ဗိဟိ သမာသ်ဝိဂြိုဟ်၊ ဒုတိယာဒိ ကား အတဂ္ဂုဏာသံဝိညာဏာဗဟုဗ္ဗိဟိ သမာသ်ပုဒ်။ ဝိနိစ္ဆယော ဝိညာတဗ္ဗော ဟူသော ပုဒ်သည် အာခေရကို ငဲ့ရကား "တေသု ဒုတိယာဒီသု" ဟု ပဒါဝဓိကန္တ အားဖြင့်။ ဝါ၊ ဒန္တသောဓနနည်းအားဖြင့် ဝိဘတ်ျခံ။ ပန သဒ္ဒါကား ပက္ခန္တရ ဇောတကနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ စတု-သဒ္ဒါကား သင်္ချာ သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

သတနံ သစ္စံ။ သတနံ၊ မှန်ခြင်း။ သစ္စံ၊ မှန်ခြင်း။ ဘာဝသာ ဓနဝိဂြိုဟ်။ ၄င်းပုဒ်။ စတ္တာရိ သစ္စာနိ စတုသစ္စာနိ။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ တို့တည်း။ စတုသစ္စာနိ၊ လေးပါးသောသစ္စာတို့။ ဒိဂု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ ယေ သဘာဝါ၊ အကြင် သဘော တရားတို့သည်။ အတ္တနော၊ ၏။ သဘာဝံ၊ ကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ သဘာဝါ၊ တို့သည်။ ဓမ္မာ၊ မည်ကုန်၏။ ကတ္တု သာဓနကိတ်ဝိဂြိုဟ်။ ၄င်းပုဒ်။

စတုသစ္စာနိ စ တာနိ ဓမ္မာ စာတိ စတုသစ္စဓမ္မာ။ စတုသစ္စာနိ စ၊ လေးပါး သော သစ္စာတို့သည်လည်းဟုတ်တည်း။ တာနိ၊ ထိုလေးပါးသော သစ္စာတို့ဟူ သည်။ ဓမ္မာ စ၊ တရားတို့သည်လည်းဟုတ်တည်း။ ဣတိ တသ္မာ၊ ထိုနှစ်ပါး သောသတ္တိကြောင့်။ စတုသစ္စဓမ္မာ၊ မည်၏။ ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်။

စတုသစ္စဓမ္မာကား ကမ္မဓာရာယ်သမာသ်ပုဒ်။ ဝိစိနာတိဟူသောပုဒ်သည် ကံ ကိုင်ရကား "တေ စတုသစ္စဓမ္မေ"ဟု ပဒါဝဓိကန္တအားဖြင့်။ ဝါ၊ ဒန္တသောဓနနည်း အားဖြင့် ဝိဘတ်ချံ။ ဝိစိနာတိဟူသောပုဒ်သည် အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဣတိသဒ္ဒါကား ကာရဏဇောတက နိပါတ်ပုဒ်ဖြစ်သော ကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဓမ္မသဒ္ဒါကို လုပ်မြဲ။

ဝိစိနာတီတိ ဝိစယော။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ ဝိစိနာတိ၊ စူးစမ်းဆင်ခြင်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ဝိစယော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ဝိစယောကား ကတ္တုသာဓန ကိတ်ပုဒ်။

ဓမ္မေ ဝိစယော ဓမ္မဝိစယော။ ဓမ္မေ၊ တရားတို့ကို။ ဝိစယော၊ စူးစမ်း ဆင်ခြင်တတ်သည်တည်း။ ဓမ္မဝိစယော၊ တရားတို့ကို စူးစမ်း ဆင်ခြင်တတ်သည်။ ဒုတိယာ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ဓမ္မဝိစယောကား ဒုတိယာတပ္ပုရိသ်သမာသ် ပုဒ်။ သော၌ တ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ပနသဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြု ကောင်း။ ဝိစယလုပ်မြဲ။ လက္ခဏလုပ်မြဲ။

ဝိစယော စ သော လက္ခဏောစာတိ ဝိစယလက္ခဏော။ ဝိစယော စ၊ စူးစမ်း ဆင်ခြင်တတ်သည်လည်းဟုတ်တည်း။ သော၊ ထိုစူးစမ်းဆင်ခြင်တတ်၏ ဟူသည်။ လက္ခဏော စ၊ မှတ်အပ်သည်လည်း ဟုတ်တည်း။ ဣတိ တသ္မာ၊ ထိုနှစ်ပါးသောသတ္တိကြောင့်။ ဝိစယလက္ခဏော၊ မည်၏။

ဩဘာသတီတိ ဩဘာသနံ။ ယော သဘာဝေါ၊ အကြင်သဘော တရားသည်။ ဩဘာသတိ၊ ထွန်းလင်းတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ဩဘာသနံ၊ မည်၏။ ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ ၄င်းပုဒ်။

ရသေတိ ဖလံ နိပ္ဖာဒေတီတိ ရသော။ ယော သဘာဝေါ၊ သည်။ ဖလံ၊ ကို။ ရသေတိ နိပ္ဖာဒေတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ရသော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဩဘာသနဋ္ဌ သော ရသော စာတိ ဩဘာသနရသော။ ဩဘာသနဋ္ဌ၊ ထွန်းလင်းတတ်သည်လည်းဟုတ်တည်း။ သော၊ ထိုဟူသည်၊ ရသော စ၊ ဟုတ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ဩဘာသနရသော၊ မည်၏။ ကမ္မဓာ ရာယ်။ လ ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

နတ္ထိ သမ္မောဟော ဧတဿာတိ အသမ္မောဟော။ ဧတဿ၊ အား။ သမ္မောဟော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ အသမ္မောဟော၊ မည်၏။ စတုတ္ထီဗဟုဗ္ဗိဟိ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ပဋိပတ္တာ ဥပဋ္ဌာနော ပစ္စုပဋ္ဌာနော။ ပဋိပတ္တာ၊ မှ။ ဥပဋ္ဌာနော၊ ထင်ခြင်းတည်း။ ပစ္စုပဋ္ဌာနော၊ တည်း။ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။

အသမ္မောဟော စ သော ပစ္စုပဋ္ဌာနော စာတိ အသမ္မောဟ ပစ္စုပဋ္ဌာနော။ အသမ္မောဟော စ၊ ဟုတ်တည်း။ သော၊ သည်။ ပစ္စုပဋ္ဌာနော စ၊ ဟုတ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ အသမ္မောဟပစ္စုပဋ္ဌာနော၊ မည်၏။ ကမ္မဓာရာယ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၈၃- ဒုတိယာဒီသု-စာစပ်

ဒုတိယာဒီသုကား တို့၌ဟူ၍အနက်ပေးသောကြောင့် ဝိနိစ္ဆယော၌ ဝိသယာဓာရ၊ ဝိနိစ္ဆယောကား အာဓာရ်။

ဝိနိစ္ဆယောကား ကိုဟူ၍အနက်ပေးသောကြောင့်။ ဝိညာတဗ္ဗော-၌ တဗ္ဗပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ။ ဝိညာတဗ္ဗောကား ဝုတ္တကံ၏ကြိယာ။ ပန-သဒ္ဒါကား ပက္ခန္တရဇောတကနိပါတ်ပုဒ်တည်း။

စတုသစ္စဓမ္မော-ကား တို့ကိုဟူ၍အနက်ပေးသောကြောင့် ဝိစိနာတိ၌ တိဝိဘတ်ဟုဆိုအပ်သော ။လ။ အဝုတ္တကံ။ ဝိစိနာတိကား အဝုတ္တကံ၏ကြိယာ။ ဣတိ-သဒ္ဒါကား ကာရဏဇောတက နိပါတ်ပုဒ်တည်း။

သောကား သည်ဟူ၍အနက်ပေးသောကြောင့် ဝိစယလက္ခဏော၌ တုလျတ်၊ ဝိစယလက္ခဏောကား လိင်္ဂတ်။ ပန-သဒ္ဒါကား ပက္ခန္တရဇောတက နိပါတ်တည်း။ သောကား ဩဘာသနရသော အသမ္မောဟပစ္စုပဋ္ဌာနောဟူသော နှစ်ပုဒ်တို့၌ ၄င်းနည်းစပ်လေ။ **စာစပ်အမိပ္ပါယ်ပြီး၏။**

■ ■ ■

## ၈၄- ကာမတောတိ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ကမတောတိ ဧတ္ထ စ "သတိဥ္စ ခွ္ဂါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"တိ ဝစနတော သဗ္ဗေသံ သေသဗောဇ္ဈင်္ဂါနံ ဥပကာရကတ္တာ သတိသမ္ဗောဇ္ဈင်္ဂေါ ပဌမံ ဝုတ္တော။ (မ၊ ၄၊ ၁။ ၈၇။)

ကမတိ အနုကမတိ ဥပဂန္တ္တာ ကမတီတိ ကမော။ ကမတိ အနုကမတိ ဥပဂန္တ္တာ၊ အစဉ်ကိုလျှောက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ကမော၊ ကမ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဣတိသဒ္ဒါကား နိဒဿနဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြကောင်း။ ဧတ္ထ၌ ဣမသဒ္ဒါကား သဗ္ဗနာမ် ။လ။ ဝိဂြိုဟ်မပြကောင်း။ စ-သဒ္ဒါကား သမုစ္စယတ္ထ ဇောတကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြကောင်း။ သတိကား လုပ်မြဲ။ စ-သဒ္ဒါကား သမုစ္စယတ္ထ ဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြကောင်း။ အယံသဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြကောင်း။

ဘိက္ခတိ ယာစတီတိ ဘိက္ခု။ ဘိက္ခတိ ယာစတိ၊ တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဘိက္ခု၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ "ဘိက္ခဝေ"ဟု ဝိဘတ်ချဲ့။ အဝေန သဟ ယော ဝတ္တတီတိ သဗ္ဗော။ အနက်ပေး၍လုပ်မြဲ။ အတ္ထိကာ ပတ္တိယာ ဣစ္ဆိတဗ္ဗာတိ အတ္ထိကံ။ အတ္ထိကာ ပတ္တိယာ ဣစ္ဆိတဗ္ဗာ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အတ္ထိကံ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

သဗ္ဗသ္မိံ အတ္ထိကံ သဗ္ဗတ္ထိကံ။ သဗ္ဗသ္မိံ၊ အလုံးစုံသောလီနပက္ခ၌။ အတ္ထိကံ၊ အလိုရှိအပ်သည်တည်း။ သဗ္ဗတ္ထိကံ၊ သည်။ သတ္တမီတပ္ပုရိသ် ။လ။ ဝိဂြိုဟ်။

ငှင်းပုဒ်။ ဝဒါမိကား အာချာတ်ပုဒ် ။လ။ ကောင်း။ ဣတိသဒ္ဒါကား အာကာရ ဇောတကနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ဝစီယတေတိ ဝစနံ။ ဝစီယတေ၊ အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝစနံ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ငှင်းပုဒ်။ ပဌမံ ဝုတ္တော ဟူသောပုဒ်သည် ဟိတ်ကို ငဲ့ရကား "တသ္မာ ဝစနယောတု" ။လ။ ဝိဘတျံခံ။

အဝေန သဟ ယော ဝတ္တတီတိ သဗ္ဗော။ အနက်ပေးမြဲ။ ပေး၍လုပ်။ သေသန္တီတိ သေသော။ သေသန္တိ၊ ကြွင်းတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သေသာ၊ မည်ကုန်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ငှင်းပုဒ်။ ဗဟုဗ္ဗီဟိနံကိုလုပ်မြဲ။

ဥပဂန္တွာ ကရောတီတိ ဥပကာရကော။ ဥပဂန္တွာ၊ ကပ်၍။ ကရောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဥပကာရကော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ငှင်းပုဒ်။

ဥပကာရကဿ ဘာဝေါ ဥပကာရကတ္တာ။ ဥပကာရကဿ၊ ၏။ ဘာဝေါ၊ တည်း။ ဥပကာရကတ္တာ၊ အဖြစ်။ သတိသမ္ဗောဓိဗ္ဗဂေါ် ဟူသောပုဒ်တို့ကို လုပ်မြဲ။ ပထမံဟူသောပုဒ်သည် နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

ဝုစ္စီယတေတိ ဝုတ္တော။ ဝုစ္စီယတေ၊ အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝုတ္တော၊ မည်၏။ ဝုစ္စီယတေတိကား ကမ္မသာဓနကိတ်ဝိဂြိုဟ်။ ဝုတ္တော ကား ကမ္မသာဓနကိတ်ပုဒ်။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၈၅- ကာမတောတိ-စာစပ်

ကမတောတိ ဇတ္တေကား ၌ဟူ၍အနက်ပေးသောကြောင့် ဝိနိစ္ဆယော ဝိညာတဗ္ဗော၌ ဝိသယာဓာရ၊ ဝိနိစ္ဆယော ဝိညာတဗ္ဗောကား အာဓာရ်။ စ-သဒ္ဒါကား သမုစ္စယတ္ထဇောတကနိပါတ်တည်း။

"သတိဥ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" တိ ဝစနတောကား ကြောင့် ဟူ၍ အနက်ပေးသောကြောင့် ပဌမံ ဝုတ္တော၌ ဉာပကဟိတ်။ ပဌမံ ဝုတ္တော ကား ဟိတ်၏ဖိုလ်။ သဗ္ဗေသံကား ကုန်သောဟူ၍ အနက်ပေးသောကြောင့်

သေသဗောဇ္ဈင်္ဂါနံ၌ အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသန၊ သေသ ဗောဇ္ဈင်္ဂါနံကား အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျ။

သေသဗောဇ္ဈင်္ဂါနံကား တို့အားဟူ၍အနက်ပေးသောကြောင့် ဥပကာရ ကတ္တာ၌ ကြိယာပဋိဂ္ဂါဟကသမ္ပဒါန်၊ ဥပကာရကတ္တာကား သမ္ပဒါန်၏ကြိယာ။

ဥပကာရကတ္တာကား ကြောင့်ဟူ၍အနက်ပေးသောကြောင့် ပဠမံ ဝုတ္တော၌ ဉာပကဟိတ်၊ ပဠမံ ဝုတ္တောကား ဟိတ်၏ဖိုလ်။

သတိသမ္ဗောဇ္ဈင်္ဂေါကား ကိုဟူ၍အနက်ပေးသောကြောင့် ဝုတ္တော၌ တပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သောဝုတ္တကံ၊ ဝုတ္တောကား ဝုတ္တကံ၏ကြိယာ။ ဧဝ-သဒ္ဒါကား အဝဓာရဏဇောတက နိပါတ်ပုဒ် တည်း။ ပဠမံကား နိပါတ်ပုဒ်တည်း။ **စာစပ်အဓိပ္ပါယ်ပြီး၏။**

■■■

## ၈၆- ဧဝံ တာဝ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

**ဧဝံ တာဝ "သတိသမ္ဗောဇ္ဈင်္ဂ"န္တိအာဒိနာ နယေန ဝုတ္တာနံ၊ သတ္တန္နံ အာဒိပဒါနံယေဝ အတ္ထဝဏ္ဏနံ ဉတွာ။　　　　(မ၊ ၄၊ ၁။ ၈၈။)**

ဧဝံ-သဒ္ဒါကား နိဒဿနဇောတကနိပါတ်ပုဒ် ။လ။ ကောင်း။ တာဝသဒ္ဒါ ကား ပဌမတ္ထဇောတကနိပါတ်ပုဒ် ။လ။ ကောင်း။ သတိသမ္ဗောဇ္ဈင်္ဂ ဟူသော ပုဒ်တို့ကိုလုပ်မြဲ။

အင်္ဂီယတိ သမုဒါယဿ ဟေတုဘာဝေန ဂမိယတီတိ အင်္ဂံ။ ယံ ဓမ္မံ၊ ကို။ သမုဒါယဿ၊ ၏။ ဟေတုဘာဝေန၊ ဖြင့်။ အင်္ဂီယတိ ဂမိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဓမ္မံ၊ သည်။ အင်္ဂံ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဗောဓိယာ အင်္ဂံ ဗောဇ္ဈင်္ဂံ။ သတိ ဧဝ သမ္ဗောဇ္ဈင်္ဂံ သတိသမ္ဗောဇ္ဈင်္ဂံ။ အနက်ပေးခြင်း စသည်ကို ရှေးလုပ်မြဲအတိုင်းလုပ်။ ဣတိသဒ္ဒါကား သဒ္ဒပဒတ္ထက ဇောတကနိပါတ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ သတိသမ္ဗောဇ္ဈင်္ဂ ဧဝ ဣတိ သတိသမ္ဗောဇ္ဈင်္ဂန္တိ။ ရှေးအတိုင်းလုပ်။ အာဒိလုပ်မြဲ။

သတိသမ္ဗောဇ္ဈင်္ဂါဒိ ယေ သန္တေတိ သတိ သမ္ဗောဇ္ဈင်္ဂါ အာဒိ။ ယေသံ နယာနံ၊ အကြင်နည်းတို့အား။ စွဲ၍ လုပ်မြဲတိုင်းလုပ်၍ ဝိဘတ်ချံ။

နိယတီတိ နယော။ နိယတိ၊ သိအပ်၏။ က္ကတိ တသ္မာ၊ ကြောင့်။ နယော၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ချံမြဲ။ ဝုတ္တာနံကိုလုပ်။ သတ္တန္နံ ဟူသောပုဒ်သည် သချ်ာသဗ္ဗနာမ် ။လ။ ကောင်း။ အာဒိ လုပ်မြဲလုပ်။ ပဋ္ဌတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။ ဧတေန သဒ္ဒေန၊ ဖြင့်။ အတ္ထော၊ ကို။ ပဋ္ဌတေ ဉာယတေ၊ ၏။ က္ကတိ တသ္မာ၊ ကြောင့်။ သော သဒ္ဒေါ၊ သည်။ ပဒံ၊ မည်၏။ ကရဏသာဓနေ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ချံမြဲ။ ယ-သဒ္ဒါကား သဗ္ဗနာမ် ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဧဝ-သဒ္ဒါကား အဝဓာရဏ ဇောတကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ အရိယတေ ဉာယတေတိ အတ္ထော။ အနက်ပေး၍လုပ်မြဲ။ ဝဏ္ဏိယတေ ကထိယတေတိ ဝဏ္ဏနာ။ အနက်ပေး၍ လုပ်မြဲ။

အတ္ထဿ ဝဏ္ဏနာ အတ္ထဝဏ္ဏနာ။ အတ္ထဿ၊ ကို။ ဝဏ္ဏနာ၊ ဆိုခြင်း။ အတ္ထဝဏ္ဏနာ၊ ခြင်း။ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဘတ်ချံမြဲ။ ဉာယတိ ဉာယိတ္ထာတိ ဝါ ဉ_တ္တ္ဂာ။ ဉာယတိ၊ ဆဲ။ ဝါ၊ ကား။ ဉာယိတ္ထ၊ ပြီ။ က္ကတိ တသ္မာ၊ ကြောင့်။ ဉ_တ္တ္ဂာ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၈၇- ဇဝံ တာဝ-စာစပ်

ဧဝံကား ဖြင့် ဟူ၍အနက်ပေးသောကြောင့် နယေန၌ ဝိသေသန၊ နယေနကား ဝိသေသျ။ နယေနကား ဖြင့် ဟူ၍အနက်ပေးသောကြောင့် ဝုတ္တာနံ ၌ အဗ္ဘုတ္တိကကရိုဏ်း၊ ဝုတ္တာနံကား အဗ္ဘုတ္တိက ကရိုဏ်း၏ကြိယာ။ ဝုတ္တာနံကား ကုန်သော ဟူ၍အနက်ပေးသောကြောင့် အာဒိပဒါနံ ၌ အာသယာသယီဘာဝ တုလျာဓိ ကရဏဝိသေသန။ အာဒိပဒါနံကား အာသယာသယီဘာဝတုလျာဓိကရဏဝိသေသျ။ အာဒိပဒါနံကား တို့၏ဟူ၍အနက်ပေးသောကြောင့် အတ္ထဝဏ္ဏနံ၌ သာမိသမ္ဗန်၊ အတ္ထဝဏ္ဏနံကား သမ္ဗန္ဓီ။ ယ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်

တည်း။ ဧဝ-သဒ္ဒါကား အဝဓာရဏဇောတက နိပါတ်ပုဒ်တည်း။ အတ္ထာဝဏ္ဏနာ ကား ကိုဟူ၍အနက်ပေးသောကြောင့် ဉတ္တာ၌ တ္တာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဉတ္တာကား အဝုတ္တကံ၏ ကြိယာ။ **စာစပ်အဓိပ္ပါယ်ပြီး၏။**

■ ■ ■

## ၈၈- တထာ ဟိ အယံ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

တထာ ဟိ အယံ ဗောဇ္ဈင်္ဂဘာဝနာနုယုတ္တော ယောဂီ ဝိပဿနက္ခဏေ ကိစ္စတော တဒင်္ဂဝိဝေကနိဿိတံ။ (မ၊ ဋ၊ ၁။ ၈၈။)

တထာ၌ တ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြု ကောင်း။ ဟိ-သဒ္ဒါကား ဝိတ္ထာရဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ် မပြုကောင်း။ အယံ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်မပြု ကောင်း။

ဗုဇ္ဈတီတိ ဗောဓိ။ ယာ ဓမ္မသာမဂ္ဂီ၊ အကြြင်တရား၏ညီညွတ်ခြင်း သည်။ ဗုဇ္ဈတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဓမ္မသာမဂ္ဂီ၊ သည်။ ဗောဓိ၊ မည်၏။ ကတ္တု ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

အင်္ဂီယတိ သမုဒါယဿ ဟေတုဘာဝေန ဂမီယတိ ဉာယတီတိ အင်္ဂံ။ ယံ ဓမ္မဇာတံ၊ သည်။ သမုဒါယဿ၊ ၏။ ဟေတုဘာဝေန၊ ဖြင့်။ အင်္ဂီယတိ ဂမိယတိ ဉာယတိ၊ အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ သည်။ အင်္ဂံ၊ မည်၏။ ကမ္မ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

ဗောဓိဿ အင်္ဂံ ဗောဇ္ဈင်္ဂံ။ ဗောဓိဿ၊ အရိယမဂ်၏။ အင်္ဂံ၊ အကြောင်း တည်း။ ဗောဇ္ဈင်္ဂံ၊ ကြောင်း။ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂ္ဂြိုဟ်။ ၄င်း ပုဒ်။ ဘာဝေတီတိ ဘာဝနာ။ ဘာဝေတိ၊ ပွားစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဘာဝနာ၊ မည်၏။ ဟေတုကတ္တု ။လ။ ဝိဂ္ဂြိုဟ်။ ၄င်းပုဒ်။

အနု ပုနပ္ပုနံ ယုဉ္ဇတီတိ အနုယုတ္တော။ အနု ပုနပ္ပုနံ၊ လဲလဲ။ ယုဉ္ဇတိ၊

အားထုတ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အနုယုတ္တော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဘာဝနံ အနုယုတ္တော ဘာဝနာနုယုတ္တော။ ဘာဝနံ၊ ကို။ အနုယုတ္တော၊ တည်း။ ဘာဝနာနုယုတ္တော၊ သည်။ ဒုတိယာတပ္ပုရိသ် သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။ ယုဇ္ဇိတဗ္ဗန္တိ ယောဂေါ။ ယံ ဝီရိယံ၊ ကို။ ယုဇ္ဇိတဗ္ဗံ၊ အားထုတ်အပ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဝီရိယံ၊ သည်။ ယောဂေါ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ယောဂေါ အဿ အတ္ထီတိ ယောဂီ။ အဿ ဘိက္ခုနော၊ အား။ ယောဂေါ၊ အားထုတ်ခြင်းဝီရိယသည်။ အတ္ထိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဘိက္ခု၊ သည်။ ယောဂီ၊ မည်၏။ အဿတ္ထိတဒ္ဓိတ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိသေသေန ပဿတီတိ ဝိပဿနာ။ ဝိသေသေန၊ ဖြင့်။ ပဿတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝိပဿနာ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ခီဏာတိ ခဏော။ ယော ကာလော၊ အကြင်ကာလသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ခီဏာတိ၊ ညှင်းဆဲတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ကာလော၊ သည်။ ခဏော၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်း။ ခီယတိ သတ္တာနံ အာယု ဧတေနာတိ ခဏော။ ဧတေန ကာလေန၊ ဤကာလဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ အာယု၊ သည်။ ခီယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ခဏော၊ မည်၏။ ကရဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဝိပဿနာ ဧဝ ခဏော ဝိပဿနာက္ခဏော။ ဝိပဿနာ ဧဝ၊ သည်ပင် လျှင်။ ခဏော၊ တည်း။ ဝိပဿနာက္ခဏော၊ ဏာ။ အဝဓာရဏ ကမ္မဓာရယ် သမာသ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ကိစ္စတောဟူသောပုဒ်သည် အာဓာရကို ငဲ့ရကား "တသ္မိံ ဝိပဿနာက္ခဏေ" ဟုပဒါဝဓိကန္တအားဖြင့်။ ဝါ၊ ဒန္တသောခနေနည်းအားဖြင့် ဝိဘတ်ချံ။

- ကရောတီတိ ကိစ္စံ။ ကရောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ကိစ္စံ၊ ၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ တဒင်္ဂနိဿိတံဟူသောပုဒ်သည် ကရိဏ်းကိုငဲ့ရကား "တေန ကိစ္စတော"ဟု ။လ။ ဝိဘတ်ချံ။ တဒင်ဟူသောပုဒ်၌ တသဒ္ဒါသည် သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အင်္ဂီယတိ သမုဒါယဿ ဟေတုဘာဝေန ဂမိယတိ ဉာယတီတိ အင်္ဂံ။ သမုဒါယဿ၊ အပေါင်း၏။ ဟေတုဘာဝေန၊ ဖြင့်။ အင်္ဂီယတိ ဟေတုဘာဝေန ဂမိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အင်္ဂံ၊ မည်၏။ ကမ္မ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တဿ အင်္ဂံ တဒင်္ဂံ။ တဿ၊ ၏။ အင်္ဂံ၊ တည်း။ တဒင်္ဂံ၊ အင်္ဂ။ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။

ဝိဝိစ္စတီတိ ဝိဝေကော။ ဝိဝိစ္စတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝိဝေကော၊ မည်၏။ ကတ္တု။ လ ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

နိဿိယတီတိ နိဿိတံ။ နိဿိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ နိဿတံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဝိဝေကေ နိဿတံ ဝိဝေကနိဿိတံ။ ဝိဝေကေ၊ ၌။ နိဿိတံ၊ တည်း။ ဝိဝေကနိဿတံ၊ သည်။ သတ္တမီတပ္ပုရိသ် ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

## ၈၉- ဓေဝလဋ္ဌေတ္တ-ပဒဝိဂ္ဂဟသံဝဏ္ဏနာ

ဓေဝလဋ္ဌေတ္တ ဝေါဿဂ္ဂေါ ဒုဝိဓော ပရိစ္စာဂဝေါဿဂ္ဂေါ ပက္ခန္ဒနဝေါဿဂ္ဂေါ စာတိ။ (မ၊ ၄၊ ၁။ ၈၉။)

ဓေဝလံကား အနိပ္ဖန္နပါဠိပဋိကပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြု ကောင်း။ တစ်နည်းကား။ ဓေဝံ အဝယဝံ နိဿိတံ ဓေဝလံ။ ဓေဝံ အဝယဝံ၊ အစိတ်ကို။ နိဿိတံ၊ မှီသည်တည်း။ ဓေဝလံ၊ အစိတ်ကိုမှီသည်။ နိဿိတ တဒ္ဓိတ်ဝိဂြိုဟ်။ ၄င်းပုဒ်။ ဟိ-သဒ္ဒါကား ပဒပူရဏနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဧတ္ထ၊ ၌။ ဣမ-သဒ္ဒါကား သဗ္ဗနာမ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

တဒင်္ဂဝသေန ကိလေသေ ဝေါဿဇ္ဇတိ ပရိစဇတီတိ ဝေါဿဂ္ဂေါ။ ယာ ဝိပဿနာ၊ အကြင်ဝိပဿနာသည်။ တဒင်္ဂဝသေန၊ တဒင်္ဂပဟာန်၏ အစွမ်း

အားဖြင့်။ ကိလေသေ၊ တို့ကို။ ဝေါသဇ္ဇတိ ပရိစဇတိ၊ စွန့်တတ်၏။ က္တတိ တသ္မာ၊ ကြောင့်။ သာ ဝိပဿနာ၊ သည်။ ဝေါဿဂ္ဂေါ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်းကား။ သမုစ္ဆေဒဝသေန ကိလေသေ ဝေါဿဇ္ဇတိ ပရိစဇ္ဇတီတိ ဝေါဿဂ္ဂေါ။ ယော မဂ္ဂေါ၊ အကြောင်မဂ်သည်။ သမုစ္ဆေဒဝသေန၊ သမုစ္ဆေဒ ပဟာန်၏အစွမ်းအားဖြင့်။ ကိလေသေ၊ တို့ကို။ ဝေါဿဇ္ဇတိ ပရိစဇ္ဇတိ၊ စွန့်တတ်၏။ က္တတိ တသ္မာ၊ ကြောင့်။ သော မဂ္ဂေါ၊ သည်။ ဝေါသဂ္ဂေါ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ။ ဝေါဿဂ္ဂေါ စ၊ ပရိစ္စာဂ ဝေါဿဂ္ဂမည်သော ဝိပဿနာပညာလည်း။ ဝေါဿဂ္ဂေါ စ၊ ပရိစ္စာဂ ဝေါဿဂ္ဂ မည်သောမဂ်လည်း။ ဝေါဿဂ္ဂေါ၊ ပရိစ္စာဂဝေါဿဂ္ဂ မည်သော ဝိပဿနာပညာ ပရိစ္စာဂဝေါဿဂ္ဂမည်သောမဂ်။ ဧက သေသ။ လ ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်းကား၊ နိဗ္ဗာနနိန္နဘာဝေန ဝေါဿဇ္ဇတိ ပက္ခန္ဒတီတိ ဝေါဿ ဂ္ဂေါ။ ယာ ဝိပဿနာ၊ သည်။ နိဗ္ဗာန နိန္နဘာဝေန၊ နိဗ္ဗာန်သို့ညွတ်သည်၏ အဖြစ်ဖြင့်။ ဝေါဿဇ္ဇတိ ပက္ခန္ဒတိ၊ ပြေးဝင်တတ် ၏။ က္တတိ တသ္မာ၊ ကြောင့်။ သာ ဝိပဿနာ၊ သည်။ ဝေါဿဂ္ဂေါ၊ ဝေါဿဂ္ဂေါမည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်းကား၊ နိဗ္ဗာနာရမ္မဏဘာဝေန ဝေါဿဇ္ဇတိ ပက္ခန္ဒတီတိ ဝေါဿဂ္ဂေါ။ ယော မဂ္ဂေါ၊ သည်။ နိဗ္ဗာနာရမ္မဏဘာဝေန၊ နိဗ္ဗာန်ကို အာရုံပြု သည်၏အစွမ်းအားဖြင့်။ ဝေါဿဇ္ဇတိ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ က္တတိ တသ္မာ၊ ကြောင့်။ သော မဂ္ဂေါ၊ သည်။ ဝေါဿဂ္ဂေါမည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ။ ဝေါဿဂ္ဂေါ စ၊ နိဗ္ဗာန်သို့ ညွတ်သည်၏အဖြစ်ဖြင့် ပြေးဝင်တတ်သော ပက္ခန္ဒနဝေါဿဂ္ဂမည်သော ဝိပဿနာပညာလည်း။ ဝေါဿဂ္ဂေါ စ၊ နိဗ္ဗာန်ကို အာရုံပြု သည်၏အဖြစ်ဖြင့် ပြေးဝင်တတ်သော ပက္ခန္ဒနဝေါဿဂ္ဂမည်သောမဂ် လည်း။ ဝေါဿဂ္ဂေါ၊ နိဗ္ဗာန်သို့ ညွတ်သည်၏အဖြစ်ဖြင့် ပြေးဝင်တတ်သော ပက္ခန္ဒနဝေါဿဂ္ဂမည်သောပညာ,

နိဗ္ဗာန်ကို အာရုံပြုသည်၏အစွမ်းအားဖြင့် ပြေးဝင်တတ်သော ပက္ခန္ဒနဝေါဿဂ္ဂ မည်သောမဂ်။ ဧကသေသ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ။ ဝေါဿဂ္ဂေါ စ၊ ပရိစ္စာဂဝေါဿဂ္ဂမည်သော ဝိပဿနာပညာမဂ်လည်း။ ဝေါဿဂ္ဂေါ စ၊ ပက္ခန္ဒနဝေါဿဂ္ဂမည်သောဝိပဿနာပညာမဂ်လည်း။ ဝေါဿဂ္ဂေါ၊ ပရိစ္စာဂ ဝေါဿဂ္ဂမည်သောဝိပဿနာပညာမဂ်၊ ပက္ခန္ဒနဝေါဿဂ္ဂ မည်သော ဝိပဿနာ ပညာမဂ်။ ဧကသေသ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

ဒွေ ဝိဓာ ယဿာတိ ဒုဝိဓော။ ယဿ ဝေါသဂ္ဂဿ၊ အကြင်ဝေါဿဂ္ဂ အား။ ဒွေ၊ ကုန်သော။ ဝိဓာ၊ တို့သည်။ သန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဝေါဿဂ္ဂေါ၊ သည်။ ဒုဝိဓော၊ မည်၏။ တဂ္ဂုဏ ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ တဒင်္ဂဝသေန ကိလေသေ ပရိစ္စဇတီတိ ပရိစ္စာဂေါ။ အနက်ပေး၍ လုပ်မြဲလုပ်။ သမုစ္ဆေဒဝသေန ကိလေသေ ပရိစ္စဇတီတိ ပရိစ္စာဂေါ။ ၄င်းနည်း။ အနက်ပေး၍ လုပ်မြဲ။ တဒင်္ဂဝသေန ကိလေသေ ဝေါဿဇတီတိ ဝေါဿဂ္ဂေါ။ ၄င်းလည်း တူ၏။ သမုစ္ဆေဒဝသေန ကိလေသေ ဝေါဿဇတီတိ ဝေါဿဂ္ဂေါ။ ၄င်းလည်း တူ၏။ ဝေါဿဂ္ဂေါ စ ဝေါသဂ္ဂေါ စ ဝေါသဂ္ဂေါ။ ၄င်းလည်းတူ၏။

ပရိစ္စာဂသင်္ခါတော ဝေါဿဂ္ဂေါ ပရိစ္စာဂဝေါဿဂ္ဂေါ။ ပရိစ္စာဂ သင်္ခါတော၊ ပရိစ္စာဂဟုဆိုအပ်သော။ ဝေါဿဂ္ဂေါ၊ ဝေါဿဂ္ဂတည်း။ ပရိစ္စာဂ ဝေါဿဂ္ဂေါ၊ ပရိစ္စာဂဟုဆိုအပ်သော ဝေါဿဂ္ဂ။ သမ္ဘာဝနာ ကမ္မဓာရယ် သမာသ်ဝိဂြိုဟ်။ ၄င်းပုဒ်။

နိဗ္ဗာနနိန္နဘာဝေန ပက္ခန္ဒတီတိ ပက္ခန္ဒနံ။ ယာ ဝိပဿနာ၊ သည်။ နိဗ္ဗာနနိန္နဘာဝေန၊ ဖြင့်။ ပက္ခန္ဒတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ဝိပဿနာ၊ သည်။ ပက္ခန္ဒနံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။

တစ်နည်းကား။ နိဗ္ဗာနာရမ္မဏဘာဝေန ပက္ခန္ဒတီတိ ပက္ခန္ဒနံ။ ယော မဂ္ဂေါ၊ သည်။ နိဗ္ဗာနာရမ္မဏဘာဝေန၊ ဖြင့်။ ပက္ခန္ဒတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော မဂ္ဂေါ၊ သည်။ ပက္ခန္ဒနံ၊ မည်၏။ ကတ္တု ။လ။ ဝိဂြိုဟ်။ ၄င်းပုဒ်။ ပက္ခန္ဒနဥ္စ ပက္ခန္ဒနဥ္စ ပက္ခန္ဒနံ။ အနက်ပေး လုပ်မြဲလုပ်။ နိဗ္ဗာနနိန္နဘာဝေန ဝေါဿဇတီတိ

ပက္ခန္ဒတီတိ ဝေါဿဂ္ဂေါ။ အနက်ပေး၍ ၄င်းလုပ်မြဲ။

တစ်နည်းကား။ နိဗ္ဗာနာရမ္မဏဘာဝေန ဝေါဿဇ္ဇတိ ပက္ခန္ဒတီတိ ဝေါဿဂ္ဂေါ။ အနက်ပေး၍ လုပ်မြဲလုပ်။

ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ စ ဝေါဿဂ္ဂေါ။ ရှေးနှင့်တူ၏။ ပက္ခန္ဒန သင်္ခါတော ဝေါဿဂ္ဂေါ ပက္ခန္ဒနဝေါဿဂ္ဂေါ။ အနက်ပေး ၍လုပ်မြဲလုပ်။

စ-သဒ္ဒါကား သမုစ္စယတ္ထဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။ က္တတိ သဒ္ဒါကား သရူပဝတ္တဇောတကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဝိဂြိုဟ်ပြီး၏။

■ ■ ■

အမရပူရ ဒုတိယမြို့တည်နန်းတည် မင်းတရားကြီးသားတော် မဟာ ရတနာပုံ ပထမမြို့တည် နန်းတည်မင်းတရားကြီးနှစ်ပါးတို့သည် မပြတ်မလပ် ရှိသေစွာ ကိုးကွယ်ဆည်းကပ် ပူဇော်အပ်မြတ်နိုးအပ် ချီးမွမ်းအပ်သည်ဖြစ်၍ သာသနာဓိပတိသာသနသာမိ ဖြစ်တော်မူလျက် "ဥေ ယျဓမ္မာလင်္ကာရ ဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော် နာမံတော်ဖြင့် ဇမ္ဗူဒိပ်ကျွန်း အလုံးပျံ့နှံ့ကျော်စော ထင်ရှားတော်မူသော သယ်ရာဇာသာသနာပိုင် ဆရာတော် ဘုရားကြီးသည် သုတ္တန်ပိဋကတ် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာကို တပည့်သားအပေါင်းတို့အား ချပို့စဉ်အခါ သင်ကြားပြသအပ် သော အာစရိယပရမ္ပရာဘတ ဝိနိစ္ဆယ ဝိနိစ္ဆယည္ဟု လဒ္ဓေါပဒေသ နည်းနာ နယကို အသီးသီး တပည့်သားအပေါင်းတို့ မှတ်မိမှတ်ရာ မှတ်သားရေးထားကြ သည်နှင့် ရှေ့နှင့်နောက် ကမောက်ကမ အထပ်ထပ် မစုံမလင် မသန့်မရှင်း မသိမသာ မထင်မရှား အနှောင့်နှောင့် အရှက်ရှက် ထွေးရှက်ရှုပ်ထွေး ပိုးခင်ထွေး ချည်ခင်ထွေး ၄က်သိုက်ပမာ မယူသာ မဆသာ ရှိနေသည်အရာကို သိသာ ခြားနားထင်ရှား ယူဆသာအောင် တစ်စောင်တစ်ဖွဲ့တည်း စံကျောင်းဆရာရှင် သုဒဿနက စုရုံးရေးသား ထားလိုက်ရမည် စေခိုင်းတိုက်တွန်းနှိုးဆော်တော်မူ သောကြောင့် သုတ်သင်ရှင်းလင်း၍ တစ်စောင်တစ်ဖွဲ့တည်း စုရုံးရေးသားထား

အပ်သော "သုတ္တန်ပိဋကတ် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာ စုဒ်စောဒနာ စာစပ်ဝိဂြိုဟ်"ကား

ဤတွင်၍ အပြီးခါးပတ် နိဂုံးသတ်၏။

သက္ကရာဇ် ၁၂၄၁-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက် သောကြာနေ့၊ (၂) ချက်တီးကျော်အချိန်တွင် သဗ္ဗာသဝသုတ် စုဒ်စောဒနာကို ရေးကူး၍ပြီး၏။

- **နိဗ္ဗာနပစ္စယော ဟောတု၊ ပု,ဒိ,အာနှင့် ပြည့်စုံပါလို၏။ ဤကား ပေထက်တင်ခြင်း ပြီးမြောက်ခြင်းတည်း။**
- **သဗ္ဗာသဝသုတ်၊ အားအထုတ်၊ မယုတ်ပြီးစေရာ။ နောက်သားနောက်လာ၊ ဤသည့်စာ၊ သေချာကြည့်ကြပါ။**
- **ကြည့်တိုင်းအကျိုး၊ ဆင့်ခါတိုး၊ ကိုယ်ကျိုးများလေစွာ။ သို့မှနောင်ခါ၊ နိဗ္ဗူတာ၊ လွယ်ခါရောက်မည်ပါ။**

■ ■ ■

# မန္တလေးသာသနာဝင်

## စတုဝီသတိမတွဲ

## ပဥ္စမသံဂါယနာ
## ပိဋကတ်တော်ကြပ်

## စာကြပ်ဆရာတော် (၁၀)ပါး

## ပဉ္စမသံဂါယနာ ပိဋကတ်တော်ကြပ် ဆရာတော် (၁၀)ပါး


၁။ ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
စလင်းဆရာတော် အရှင်ကလျာဏ (၁၁၇၉-၁၂၂၅) ၃၄၇

၂။ ဇာဂရဓမ္မ ပရမကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု
ဗန့်ကျီဆရာတော် အရှင်ဇာဂရ (၁၁၇၀- -------) ၃၅၀

၃။ ဉာဏမဥ္ဇူသာဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
မိတ္ထီလာဆရာတော် အရှင်ဉာဏမဥ္ဇူသာ (၁၁၇၀-----) ၃၅၂

၄။ သိရီပရမာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
စည်ပုတြာဆရာတော် အရှင်သိရီမာ (၁၁၆၂-၁၂၈၇) ၃၅၄

၅။ ပုညာဘိဓဇဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
အင်းကန်ဆရာတော် အရှင်ပုည (၁၁၆၁- ------) ၃၅၆

၆။ သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု
သုဒဿဓဇအတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
စံကျောင်းဆရာတော် အရှင်သုဒဿန (၁၁၇၇- ၁၂၅၀) ၃၅၈

၇။ ပညာသာမိသိရီကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
မောင်းထောင်ဆရာတော် အရှင်ပညာသာမိ (၁၁၇၇-၁၂၃၀) ၃၆၂

၈။ ဧသီသာရဓမ္မပါလကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု
သစ်ဆိမ့်ဆရာတော် အရှင်ဧသီသာရ (၁၁၆၅- ------) ၃၆၂

၉။ အာစာရာရမ္ဘကဝိဓဇဉာဏမဟာဓမ္မရာဇာဓိရာဇဂုရု
အာစာရာရမ္ဘဇောဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
မက္ခရဆရာတော် အရှင်အာစာရာရမ္ဘကဝိဓဇဉာဏ
(၁၁၈၀-၁၂၆၀) ၃၇၁

၁၀။ ဥတ္တမာစာရ ပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
မင်းတဲဆရာတော် အရှင်ဥတ္တမာစာရ (------------) ၃၇၆

# ပဋ္ဌမသံဂါယနာ စာကြပ်ဆရာတော် ၁၀–ပါး

---

## (၁)

## ကလျာဏဓောတ သာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ စလင်းဆရာတော် အရှင်ကလျာဏ

မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမ စလင်းတိုက်တော်တည်ဆရာတော် အရှင်ကလျာဏသည်လည်း မောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမ္မာဘိဝံသ၏ တပည့်ဖြစ်တော်မူသည်။

### ဖွားမြင်,ရှင်ရဟန်းပြုခြင်း

စလင်းမြို့နယ်၌ သက္ကရာဇ် ၁၁၇၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ သို့ဖြစ်၍ စလင်းဆရာတော်ဟုတွင်သည်။ ဆရာတော် သီတင်းသုံးရာကျောင်းတိုက်သည်လည်း စလင်းတိုက်ဟုတွင်သည်။

အရွယ်ရောက်သော် ရှင်ရဟန်းပြုကာ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ 'ရှင်ကလျာဏ' ဖြစ်လေသည်။

### စာပေကျမ်းဂန်သင်ကြားခြင်း

အမရပူရမြို့ မဟာဝိဇိတာရုံတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး၍ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမ္မာဘိဝံသထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ အခြားဆရာတော်များထံ၌လည်း ဓမ္မဝိနယဆိုင်ရာ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

ဉာဏ်အလွန်ထက်မြက်သဖြင့် ရဟန်းငယ်ဘဝကပင် ကျမ်းဂန်တတ်ရဟန်းဟု ကျော်စောလေသည်။ စာပေကျမ်းဂန် တတ်မြောက်သဖြင့် အချုပ်ဝန်က ကိုးကွယ်သည်။ အချုပ်ဝန်သည် ဆရာတော် အရှင်ကလျာဏအား ပစ္စည်းလေးပါးတာဝန်ခံ၍ စောင့်ရှောက်ပြုစုခဲ့လေသည်။

## စာကြပ်တာဝန်ထမ်းဆောင်ခြင်း

မင်းတုန်းမင်းတရားကြီး၏ ၁၂၁၈-ခုနှစ်က ရွှေရေး မင်ရေး ကညစ်ရေးဖြင့် ရေးကူးစဉ် စာကြည့်, စာတည်း, စာကြပ် တာဝန်များကိုလည်း အဆင့်ဆင့်ဆောင်ရွက်၍ နောက်တွင် အခြားဆရာတော် ၉- ပါးနှင့်အတူ စာကြပ်တာဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်အလှူခံရရှိခြင်း

ဆရာတော်အရှင်ကလျာဏသည် သက်တော် ၄၀-အရွယ် သက္ကရာဇ် ၁၂၁၇-ခုနှစ်တွင် သာသနဒါယကာ မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသည့် "ကလျာဏဇောတသာသနဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## မန္တလေးမြို့သိမ်တင်းသုံးခြင်း

သက္ကရာဇ် ၁၂၂၂-ခုနှစ်ခန့်လောက်တွင် မန္တလေးမြို့တော်သစ် အရှေ့ပြင်၌ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး တင်လှူသည့် မဟာဓမ္မိကာရာမစလင်းတိုက် ဘုံသုံးဆင့်ကျောင်းတော်ကြီးကို အလှူခံ၍ သိမ်တင်းသုံး သာသနာပြုတော်မူခဲ့လေသည်။ ဆရာတော်သည် သုဓမ္မာဝင်ဆရာတော်ကြီးလည်း ဖြစ်တော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် လွန်စွာလုံ့လကြီးမားတော်မူသည်။ ထိုစဉ်က မဟာဓမ္မိကာရာမ စလင်းတိုက်၌ သံဃာ ၁၀၀၀-ကျော် သိမ်တင်းသုံးလျှက်ရှိရာ နေ့မအား ညဥ့်မအား စာပေချပို့ပြီး တိုက်တာကို အုပ်ချုပ်ရသဖြင့် အလွန်လျှင်ပင်ပန်းလေသည်။

သို့နှင့် အလုပ်များလွန်းသဖြင့် ရောဂါဝေဒနာရကာ သက်တော် ၄၆-နှစ်၊ ၁၂၂၅-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**အာပုဏ္ဏကာ သလိလေန ဇလာသယာယဿ၊**
**ကဌသာ စာပိ ဗဟုတာ န ဟုတာသနဿ။**

**ဘုတ္တာန ဘောဲ တိဘုဝနမ္ပိ တထာ အသေသံ၊**
**သော နိဒ္ဒယော န ခလု ပီတိမုပေတိ မစ္စု။**

ဘော၊ ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ ဇလာသယဿ၊ ရေ၏ တည်ရာ မဟာသမုဒ္ဒရာ၏။ သလိလေန၊ ရေဖြင့်။ အာပုဏ္ဏကာ၊ ပြည့်သည်၏ အဖြစ်သည်။ ဝါ၊ ပြည့်ခြင်းသည်။ န အတ္ထိယထာ၊ မရှိသကဲ့သို့လည်းကောင်း။ ဟုတာသနဿ၊ အလျှံညီးညီးမီး၏။ ဝါ၊ အလျှံညီးညီးမီးအား။ ကဋ္ဌသာစာပိ၊ မီးစာခပင်းထင်း၏လည်း။ ဝါ၊ မီးစာခပင်းထင်းဖြင့်လည်း။ ဗဟုတာ၊ များသည်၏ အဖြစ်သည်။ န အတ္ထိ ယထာ၊ မရှိသကဲ့သို့လည်းကောင်း။ တထာ-တထာဝေ၊ ထိုပင်လယ်သမုဒ္ဒရာမီးအတူသာလျှင်။ နိဒ္ဒယော၊ သနားညှာတာခြင်းကင်းသော။ သော မစ္စု၊ ထိုသေမင်းသည်။ အသေသံ၊ အကြွင်း အကျန်မရှိရအောင်။ တိဘုဝနံ၊ လောကသုံးခွင် ဘုံအပြင်ရှိ သတ္တဝါ အားလုံးကို။ ဘုတ္တာပိ၊ တစ်ယောက်မကျန် ဝါးစားပြီး၍လည်း။ ခလု၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ပီတိ၊ တင်းတိမ်အားရ ကျေနပ်နှစ်သက် ခြင်းသို့။ န ဥပေတိ၊ မရောက်။

■ ■ ■

# စာကြပ်ဆရာတော် (၂)

## ဓာဂရဓမ္မ ပရမကိတ္တိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဇာဂရ

ဆရာတော်အရှင်ဇာဂရသည်လည်း သာသနာပိုင်မောင်းထောင် ဆရာတော်ဘုရားကြီးအရှင်ဥာဏာဘိဝံသထံ ဓမ္မဝိနယဆိုင်ရာ နည်းခံသင်ယူတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

### ဖွားမြင်,ရှင်ရဟန်းပြုခြင်း

ဗန်းကျီမြို့နယ်၌ သက္ကရာဇ် ၁၁၇၀- ခန့်လောက်တွင် ဖွားမြင်တော် မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြုကာ သာသနာ့တာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ 'အရှင်ဇာဂရ' ဖြစ်သည်။

### အဘယာရုံတိုက်၌ သီတင်းသုံး ပညာသင်ကြား ချပို့ခြင်း

အမရပူရမြို့ အဘယာရုံတိုက်၌ သီတင်းသုံး၍ သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥာဏာဘိဝံသထံ ဓမ္မဝိနယဆိုင်ရာ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။ အခြားကျမ်းဂန်တတ် ဆရာတော်များထံ၌လည်း သင်ယူတော်မူခဲ့လေသည်။

### စာကြပ်တာဝန် ထမ်းဆောင်ခြင်း

မင်းတုန်းမင်းကြီး ပိဋကတ်တော်များ ရွှေရေး မင်ရေး ကညစ်ရေးတို့ဖြင့် မူသန့်၍ ရေးကူးစေသည့် တေပိဋကပေါတ္ထကာရုဠ ဓမ္မသဘင်တွင် ဆရာတော်အရှင်ဇာဂရသည် စာပြင်စာတည်းစာကြည့်တို့ကို အမှားကင်းစင်အောင် ကြပ်မရသည့် စာကြပ်ဆရာတော်တာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ဆရာတော် အရှင်ဇာဂရကား စာပေကျွမ်းကျင်သည့် ဆရာတော်ဖြစ်တော်မူသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ယင်းသို့ စာပေကိစ္စအဝဝ၌ ကျွမ်းကျင်တတ်မြောက် စွမ်းဆောင်နိုင်ပါသဖြင့် မဟာဓမ္မရာဇ် သာသနာ့ဒါယကာ မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသည့် "ဇာဂရဓမ္မပရမကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## စုတိကမ္မဇရုပ်ချုပ်တော်မူခြင်း

ယင်းသို့ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ, ခြံရံရှေးရှု သဗ္ဗညုသာသနာ့ကိစ္စအဝဝကို ဆောင်ရွက်တော်မူနေစဉ် ဇရာ ဗျာဓိ နှစ်ချက်ငြိသဖြင့် စုတိကမ္မဇရုပ်ချုပ်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**ရောဂါတုရေသု ကရုဏော န ဇရာတုရေသု၊**
**ခိဍ္ဍာပရေသု သုကုမာရကုမာရကေသု။**
**လောကံ သဒါ ဟနတိ မစ္စု မဟာဂဇိန္ဒော၊**
**ဒါဝါနလော ဝနမိဝဝိရတော အသေသံ။**

ရောဂါတုရေသု၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည် နှိပ်စက်အပ်ကုန်သော။ ဇရာတုရေသု၊ အိုခြင်းတရားတို့ဖြင့် နှိပ်စက်အပ်ကုန်သော။ ခိဍ္ဍာပရေသု၊ ပျော်ပါးခြင်း လွန်ကဲကုန်သော။ သုကုမာရကုမာရကေသု၊ အလွန်လျှင်ပျိုမြစ်နုနယ် ငယ်ရွယ်သူတို့၌။ န ကရုဏော၊ သနားကြင်နာခြင်း အလျှင်းမရှိဘဲ။ ဝနံ၊ တောအားလုံးကို။ အဝိရတော၊ မရှောင်သော။ ဒါဝါနလော ဣဝ၊ တောမီးကဲ့သို့။ န ကရုဏော၊ သနားကြင်နာခြင်း အလျှင်းမရှိသော။ မစ္စုမဟာဂဇိန္ဒော၊ သေခြင်းဟူသော ဆင်ပြောင်ကြီးသည်။ အသေသံ၊ အကြွင်းအကျန်မရှိအောင်။ လောကံ၊ လောကမှီတင်း သတ္တဝါခပင်းကို။ သဒါ၊ အခါခပ်သိမ်း။ ဟနတိ၊ သတ်ဖြတ်ဖျက်ဆီး၏။

■ ■ ■

## စာကြပ်ဆရာတော် (၃)

### ဉာဏမဥ္ဇူသာဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဉာဏမဥ္ဇူသာ

ဆရာတော်ဉာဏမဥ္ဇူသာဓမ္မာလင်္ကာရသည်လည်း သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဧ ယျဓမ္မာဘိဝံသအနီး အဘယာရုံတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေသင်ကြားချပို့တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

### ဖွားမြင်,ရှင်ရဟန်းပြုခြင်း

မိတ္ထီလာမြို့၌ သက္ကရာဇ် ၁၁၇၀-ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ 'အရှင်ဉာဏမဥ္ဇူ' သာ ဖြစ်လေသည်။

### အဘယာရာမတိုက်၌ စာပေသင်ကြားချပို့ခြင်း

အမရပူရမြို့တော်၌ ကျမ်းဂန်တတ်ဆရာတော်များထံ ပိဋကတ်အခြေခံကျမ်းဂန်များနှင့်တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ သာသနာပိုင်မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဧ ယျဓမ္မာဘိဝံသထံ၌လည်း နည်းနာခံကာ သင်ယူတော်မူခဲ့လေသည်။

### စာကြပ်ဆရာတော် တာဝန်ထမ်းဆောင်ခြင်း

၁၂၁၈-ခုနှစ် မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်တော်များကို ရွှေရေးမင်ရေး ကညစ်ရေးဖြင့် ရေးကူးသည့် တိပိဋကပေါတ္ထကာရုဠ ဓမ္မသဘင်တွင် ဆရာတော် အရှင်ဉ ာဏမဥ္ဇူသာသည် စာကြပ်ဆရာတော်တာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

### ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ယင်းသို့ သာသနာ့တာဝန် အရပ်ရပ်ကို ထမ်းဆောင်တော်မူသဖြင့်

"ဉာဏမဉ္ဇူသာဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို အလျူခံရရှိတော်မူခဲ့လေသည်။ ယင်းသို့ သာသနာ့ရေးကိစ္စ အဝဝတို့ကို ဆောင်ရွက်တော်မူစဉ် အချိန်ကငြင်းဆန်မရ ချော့မရပဲ မရဏမင်းခံတွင်း သက်ဆင်းပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**ဗုဒ္ဓါပိ ဗုဒ္ဓကမလစာရုနေတ္တာ၊**
**ဗတ္တိံသလက္ခဏဝိရာဇိတရူပသောဘာ။**

**သဗ္ဗာသဝက္ခယကရာပိ စ လောကနာထာ၊**
**သမဒ္ဒိတာ မရဏမတ္တ မဟာဂဇေန။**

ဗုဒ္ဓကမလစာရုနေတ္တာ၊ ကားကားစွင့်စွင့် အနံ့ရင့်အုံပွင့်သော ပဒုမ္မာကြာကဲ့သို့ တင့်တယ်သော မျက်လုံးတော်ရှိကြကုန်သော။ ဗတ္တိံသလက္ခဏ ဝိရာဇိတရူပသောဘာ၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် ချယ်လှယ်အပ်သော အဆင်းတော်၏ တင့်တယ်ခြင်း ရှိတော်မူကုန်သော။သဗ္ဗာသဝက္ခယကရာပိ စ၊ အလုံးစုံသော အာသဝေါတရားတို့၏ကုန်ခြင်းကို ပြုတော်မူတတ်သည်လည်းဖြစ်ကုန်သော။ လောကနာထာ၊ လူသုံးပါးတို့၏ အားထားကိုးကွယ်ရာစင်စစ် ဖြစ်တော်မူကြကုန်သော။ ဗုဒ္ဓါပိ၊ ဘုရားရှင်တို့ကိုလည်း။ မရဏမတ္တမဟာဂဇေန၊ သေခြင်းတည်းဟူသော အမုန်ယစ်သော ဆင်ပြောင်ကြီးသည်။ သမဒ္ဒိတာ၊ မှုန့်မှုန့်ညက်ညက် နင်းချေအပ်ကုန်ပြီ။

■ ■ ■

## စာကြပ်ဆရာတော် (၄)

## သိရီမာပရမာလင်္ကာရဓမ္မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ စည်ပုတ္တရာ ဆရာတော်အရှင်သိရီမာ

ဆရာတော် အရှင်သိရီမာပရမာလင်္ကာရသည်လည်း မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာဘိဝံသထံတွင် ဂန္ထုန္တရ အဝဝကို နည်းခံတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

### ဖွားမြင်, ရှင်ရဟန်းပြုခြင်း

စည်ပုတ္တရာမြို့၌ သက္ကရာဇ် ၁၁၆၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ 'အရှင်သိရီမာ' ဖြစ်လေသည်။ နေရပ်ဇာတိကိုစွဲ၍ စည်ပုတ္တရာဆရာတော်ဟု ထင်ရှားလေသည်။

### အမရပူရတိုက်တော်၌ သီတင်းသုံး ပညာသင်ကြားချပို့ခြင်း

အမရပူရမြို့ မဟာဝိဇိတာရာမတိုက်တော်၌ သီတင်းသုံး၍ မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာဘိဝံသ စသည်တို့ထံ ဂန္ထုန္တရ အဝဝကို နည်းခံသင်ယူတော်မူခဲ့လေသည်။ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ညွှန်ပြမှုကြောင့် ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာ စသည်တို့၌ ကျွမ်းကျင်တတ်မြောက်သည့် ဆရာတော်ဖြစ်လေသည်။ ဆရာတော်ကား ထို မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးအောက် တစ်နှစ်သာငယ် တော်မူသည်။ တပည့်တပန်း ရဟန်းသာမဏေတို့ကို စာပေချပို့၍ သာသနာ တော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

### စာကြည့်စာကြပ်

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၈- ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈-ရက်နေ့မှစ၍ ပိဋကတ်တော်များကို မူအစောင်

စောင်တို့နှင့် ညှိနှိုင်း၍ သဒ္ဒါဗျာကရုဏ်းကျမ်း အဘိဓာန်ကျမ်းများ စသည်ဖြင့် ညှိနှိုင်းတိုက်ဆိုင်တည်းဖြတ် သုတ်သင်ရေးကူးရန် စီမံခြင်းကို ၁၂၁၇-ခုနှစ် ဦးပိုင်းလောက်ကစ၍ သံဃာ့ဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမေ္မာဘိဝံသနှင့် တိုင်ပင်တော်မူခဲ့လေသည်။

သို့နှင့် ပိဋကတ်စာပေများ ကူးသောအခါတွင် စာကြပ်ဆရာတော်များအဖြစ် တာဝန်ပေးမည့် စာပေကျွမ်းကျင်သော ဆရာတော်များကို နန်းတော်မှ ဆွမ်းစသောပစ္စည်းများထောက်ပံ့၍ စာပေကျမ်းဂန်များကို ကြိုတင်ကြည့်ရှုစေတော်မူခဲ့လေသည်။

ထို့ကြောင့် ထိုဆရာတော်များသည် စာကြည့်ဆရာတော်များဟု တွင်သည်။ ၎င်းဆရာတော်များ၏ "ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော် ဝေဇက်၌ "စာကြည့်" ဟု ပါရှိလေသည်။ ထိုစာကြည့် ဆရာတော်များထဲတွင် အရှင်သိရီမာပါဝင်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်အလှူခံရရှိခြင်း

ဆရာတော်အရှင်သိရီမာသည် သက်တော် ၅၅-နှစ် ဝါတော် ၃၅-ဝါရှိရာ သက္ကရာဇ် ၁၂၈၇-ခုနှစ်တွင် "သိရိမာပရမာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

၎င်းပြင် သက်တော် ၄၅-နှစ်၊ဝါတော် ၂၃-ဝါရှိ ဆင်ဝန်ဆရာတော်အရှင်ဥတ္တမသည် "ဥတ္တမာစာရပရမာဘိဓဇမဟာဓမ္မရာဇာ ဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သက်တော် ၄၀-၊ ဝါတော်-၁၉-ဝါရှိ မာရဂင်ဗိုလ်ဆရာတော်အရှင်ပညာသာမိသည် "ပညာသာမိ သိရီကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သက်တော် ၃၈-နှစ် ဝါတော် ၁၉-ဝါရ ယွန်းစုဝန်ဆရာတော်အရှင် သုဒဿနသည် "သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ စာချုပ်ဝန်ဆရာ သက်တော် ၄၀-နှစ်၊ ဝါတော်၁၆-ဝါရှိ အရှင်ကလျာဏသည် "ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး အလှူခံ ရရှိတော်မူကြလေသည်။

## ပျံလွန်တော်မူခြင်း

ယင်းဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သိရီမာသည် ပရိယတ် ပဋိပတ် အလုပ်တို့ကို ကြိုးစားအားထုတ်တော်မူရင်း ယင်းကိစ္စများကိုထားရစ်ကာ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**သဂုဏဉ္စ နိဂုဏဉ္စ၊ မစ္ဆရာဇာဘိမဒ္ဒတိ။**
**အယဉ္စိ သဂုဏော ဉ္စတိ၊ မစ္ဆရာဇာ န ပေက္ခတိ။**

မစ္ဆရာဇာ၊ သေမင်းသည်။ သဂုဏဉ္စ၊ ဂုဏ်ရှိသူကိုလည်းကောင်း။ နိဂုဏဉ္စ၊ ဂုဏ်မရှိသူကိုလည်းကောင်း။ အဘိမဒ္ဒတိ၊ နှိပ်စက်ဖိကြပ် သတ်ဖြတ်သည်သာ။ အယံမစ္ဆရာဇာ၊ ဤသေမင်းသည်ကား။ သဂုဏော ဉ္စတိ၊ ဂုဏ်ရှိသူ ဟူ၍။ န ပေက္ခတိ၊ မငဲ့ညှာသည်သာ။ ဝါ၊ ချမ်းသာမပေးသည်သာ။

■ ■ ■

## စာကြပ်ဆရာတော် (၅)

## ပုညာဘိဓေ ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပုည

ဆရာတော်အရှင်ပုညသည်လည်း သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီးထံ နည်းနာနိဿယခံဘူးသည့် ဆရာတော်ဖြစ်လေသည်။

## ဖွားမြင်, ရှင်ရဟန်းပြုခြင်း

၁၁၆၁-ခုနှစ်ကျော်ခန့်တွင် အင်းကန်းရွာ၌ ဖွားမြင်တော် မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ 'အရှင်ပုည' ဖြစ်လေသည်။ မဟာအဘယာရာမတိုက်၌ သီတင်းသုံး၍ ပညာသင်ကြားတတ်မြောက်သဖြင့် ရောက်ရှိလာသော တပည့်

တပန်း ရဟန်းသာမဏေတို့အား နေ့ဝါညဝါကျမ်းစာချပို့ကာ သာသနာပြုတော်မူခဲ့လေသည်။

## စာကြည့်, စာတည်း, စာကြပ်ကျွမ်းကျင်

ဆရာတော်သည် ၁၂၁၈-ခုနှစ် ပိဋကတ်တော်များရေးကူးစဉ် စာကြပ်တာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ စာကြည့်, စာတည်း, စာကြပ်ကိစ္စအားလုံး၌ ကျွမ်းကျင်သည့်ဆရာတော် ဖြစ်တော်မူလေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၀၇-ခုနှစ်ခန့်လောက်ကပင် သာသနာဒါယကာ မင်းတုန်းမင်းတရားကြီးလှူဒါန်းသည့် "ပုညာဘိဇဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာတော် စည်ပင်ရေးဖြစ်သော စာကြည့်, စာတည်း, စာကြပ်, စာပေပို့ချခြင်းစသည်ဖြင့် မပြတ်ကြိုးကုတ် ပြုလုပ်ဆောင်ရွက်တော်မူခဲ့သော ဆရာတော်အရှင်ပုညသည် ဇရာဗျာဓိ နှစ်ချက်ငြိသဖြင့် အချိန်ရောက်လျှင် သေမင်းခံတွင်း သက်ဆင်းကာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**ပုညဝန္တံ အပ္ပပုညံ၊ မစ္စုရာဇာဘိမဒ္ဒတိ။**
**ပုညဝန္တာ ပညဝန္တာ၊ သဗ္ဗေ မစ္စုပရာယနာ။**

မစ္စုရာဇာ၊ သေမင်းခေါ်ငြား သေခြင်းတရားသည်။ ပုညဝန္တံ၊ ဘုန်းကံကြီးမားသောပုဂ္ဂိုလ်ကိုလည်းကောင်း။ အပ္ပပုညံ၊ ဘုန်းကံနည်းပါး ဘုန်းမရှိသောပုဂ္ဂိုလ်ကိုလည်းကောင်း။ အဘိမဒ္ဒတိ၊ ကြိတ်ချေ နှိပ်စက် ဖျက်ဆီးတတ်၏။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ပုညဝန္တာ၊ ဘုန်းကံရှိသူတို့သည်လည်းကောင်း။ ပညဝန္တာ၊ ပညာရှိသူတို့သည်လည်းကောင်း။ မစ္စုပရာယနာ၊ သေမင်းလျှင် လဲလျောင်းရာ ရှိကုန်၏။

## စာကြပ်ဆရာတော် (၆)

## သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု
## သုဒဿနဓဇအေတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
## ဘွဲ့တံဆိပ်တော် ၂-ထပ်ရ စံကျောင်းဆရာတော်အရှင်သုဒဿန

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂- ထပ်ရ မန္တလေးမြို့ မြောက်ပြင် ဒုတိယမြောက် စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည်လည်း သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ၏ တပည့်ဖြစ်လေသည်။ မန္တလေးမြို့ နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌လည်း သီတင်းသုံးတော်မူခဲ့ဘူးလေသည်။

### ဖွားမြင်, ရှင်ရဟန်းပြုခြင်း

မြင်းခြံခရိုင် နွားပြင်းရွာ၌ သက္ကရာဇ် ၁၁၇၇-ခုနှစ်၊ တန်ဆောင် မုန်းလ ဆန်း ၁၂-ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မှာ မောင်ရွှေသာ ဖြစ်လေသည်။ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး မြင်းခြံမြို့သို့ကြွလာစဉ် မိဖတို့က ၁၂-နှစ်သားအရွယ် မောင်ရွှေသာကို သဲအင်း သာသနာပိုင် ဆရာတော် ဘုရားကြီး အရှင်သူရိယာဘိဝံသထံ အပ်နှံကြကုန်၏။ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးက သာမဏေဝတ်ပေးကာ 'ရှင်သုဒဿန' ဟု ဘွဲ့ပေးပြီး မောင်းထောင်ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသ ထံ အပ်နှံတော်မူခဲ့လေသည်။

### စာပေကျမ်းဂန် သင်ယူခြင်း, ရဟန်းဖြစ်ခြင်း

ရှင်သုဒဿနသည် ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသထံ ပိဋကတ် အခြေခံ ကျမ်းစာများနှင့်တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ဒုတိယဗားကရာ သာသနာပိုင်ဆရာတော် အရှင်ပညာဇောတထံ၌လည်း သင်ယူ တော်မူခဲ့လေသည်။

သက်တော် ၂၀-တွင် "မုနိန္ဒာဘိဝံသဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိ

ရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ စလင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## မဟာဝိဇိတာရုံတိုက်၌ သီတင်းသုံးခဲ့ခြင်း

ရဟန်းဖြစ်ပြီးနောက်ဆက်လက်၍ အမရပူရမြို့ မဟာဝိဇိတာရုံတိုက်၌ သီတင်းသုံးလျှက် သာသနာပိုင်မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဧ ယျမမ္မာဘိဝံသထံတွင် ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## မန္တလေးတိုက်တော်၌ သီတင်းသုံးခြင်း

သက္ကရာဇ် ၁၂၁၉-ခုနှစ် နတ်တော်လဆန်း ၅-ရက်နေ့တွင် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးနှင့် အတူလိုက်ပါ၍ မဟာဝိသုတာရာမ တိုက်တော်၌ သီတင်းသုံးတော်မူခဲ့လေသည်။ ၄င်းနောက် စစ်ကိုင်းမြို့မြောက်ဖက် ကျေးတောင်ဦးတောရကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။

## စံကျောင်းဆရာတော်ဖြစ်ခြင်း

သက္ကရာဇ် ၁၂၂၇-ခုနှစ် တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့တွင် မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက် ရတနာဘုံစံ ကျောင်းတော်ကြီးကို တင်လှူကိုးကွယ်ခြင်း ခံတော်မူရလေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂-ထပ် အလှူခံရရှိတော်မူခြင်း

သက်တော် ၃၈-နှစ်၊ သိက္ခာတော် ၁၉-ဝါအရတွင် မင်းတုန်းမင်းတရားကြီး လှူဒါန်းသည့် “သုဒဿနဝရဓမ္မသာမိမဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည့်အပြင် ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် “သုဒဿနဓဇ အတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။

## စာချခြင်း စာကြပ်ခြင်းစသည်

ဆရာတော်အရှင်သုဒဿနသည် အမရပူရမြို့တွင် သီတင်းသုံးစဉ်က တည်းက စာပေကျမ်းဂန်ချပို့ခြင်း၊ ၁၂၁၄-ခုနှစ် ပေများ ရေးကူးစဉ် စာကြပ် တာဝန်ထမ်းဆောင်ခြင်း၊ မန္တလေးမြို့ မဟာဇောတိကာရာမစံကျောင်းတိုက် စသည်၌ သီတင်းသုံးစဉ်ကလည်း စာပေများ ချပို့ခြင်းစသည်ဖြင့် သာသနာပြု တော်မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစီရင်ခြင်း

ဆရာတော် အရှင်သုဒဿနသည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော် မူခဲ့လေသည်။ ၎င်းတို့မှာ---

၁။ စူဠဝါပါဠိတော်နိဿယ၊
၂။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ၊
၃။ ကင်္ခါစုဒ်စောဒနာ၊
၄။ ဋီကာကျော်ကျမ်းရိုး၊
၅။ ဋီကာကျော် စုဒ်စောဒနာ၊
၆။ ဒုစ္စရိတဝိနိစ္ဆယ၊
၇။ မတသန္တကဝိနိစ္ဆယ၊
၈။ ဒွိသန္တကဝိနိစ္ဆယအကျဉ်း၊
၉။ အဿဒီပ, ဂဇာဒီပ, နရာဒီပထီး ၃- စင်းအဓိပ္ပါယ်၊
၁၀။ ကုဋီဝိနိစ္ဆယ၊
၁၁။ သပိတ်အိပ်နှင့်တကွ ရပ်ရွာအတွင်း ဆွမ်းခံ
ဝင်အပ်/မဝင်အပ်၊
၁၂။ သက်နိုးအနားပတ်အိမ် အဆုံးအဖြတ် စသည်တို့
ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော် ၇၇-နှစ်ရှိရာ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈-ရက်နေ့တွင် ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်ကား သာသနာတော်တွင် လွန်စွာကျော်စောသည့် ဆရာတော်ဖြစ်လေသည်။

(အကျယ်- မန္တလေးသာသ နာ၀င်၊ ၂၁။
မဟာဇောတိကာရာမ သာသနာ၀င်ကြည့်။)

## သံဝေဂယူရန်

**မဟာယသာ ရာဇဝရာ၊ မဟာသမ္မတ အာဒယော။**
**တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝကာ။**

(ဝိသုဒ္ဓိ။ ၁။ ၂၂၅။)

မဟာယသာ၊ များသောခြံရံကျော်စောရှိကြကုန်သော။ ရာဇဝရာ၊ ရာဇခမ်ဆယ်ဝဖြင့် မင်းကောင်းမင်းမြတ်ဖြစ်ကြကုန်သော။ မဟာသမ္မတအာဒယော၊ မဟာသမ္မတမင်းအစရှိကုန်သော။ တေပိ၊ တန်ခိုးအာဏာ တေဇာကြီးမား ထိုမင်းများတို့သည်လည်းကောင်း။ မစ္စုဝသံ၊ သေမင်း၏ အလိုနိုင်ငံသို့။ ပတ္တာ၊ လွဲမရပါ လိုက်ပါကြရကုန်သေး၏။ မာဒိသေသု၊ မဟာသမ္မတ စသည်တို့ပုံ ဂုဏ်ရည်မကြွယ် ငါ့နှယ်ပုဂ္ဂိုလ်တို့၌။ ကာ ကထာ၀၊ သေရမည်/မသေရမည် ကြံစည်ပေါ်ရယ် အဘယ်မှာ ဆိုဘွယ်ရာ ရှိပါအံ့နည်း။

■ ■ ■

## စာကြြပ်ဆရာတော် (၇)

## ပညာသာမိသီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ

## တတိယမောင်းထောင် ဆရာတော် အရှင်ပညာသာမိ

ဆရာတော်အရှင်ပညာသာမိသည် မဂဓ, သက္ကတ, ကျမ်းစာအရပ်ရပ်၌ တတ်မြောက်သည့် မထေရ်မြတ်ဖြစ်တော်မူသည်။ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် ကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေချပို့ခြင်း, သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဧေယျဓမ္မာဘိဝံသ၏ အမိန့်အရ ပြုလုပ်ဖွယ် သာသနာရေးကိစ္စများကို ဆောင်ရွက်၍ သာသနာပြုတော်မူခဲ့လေသည်။

### ဖွားမြင်တော်မူခြင်း

မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်ရွာကြီးတွင် မှိုင်းသာရပ်၌ သက္ကရာဇ် ၁၁၇၇- ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ငယ်မည် မောင်သော်ဖြစ်သည်ဟု အစဉ်အဆက်ပြောသည်ကို မှတ်သားဘူးပါသည်။

### ရှင်ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၁၄- နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

သက်တော် ၂၀- ပြည့်မြောက်ရာတွင် လောကိယသမ္ပဒါတို့ထက် ဆထက်လွန်ကဲ ထူးမြတ်သော ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ 'ရှင်ပညာသာမိ', ရဟန်းဘွဲ့မှာ အရှင်ပညာသာမိ,ဟု ဥပဇ္ဈာယ်ဆရာတော်တို့က မှည့်ခေါ်တော်မူခဲ့ကြသည်။

### သာသနာပိုင်ဆရာတော် အရှင်ဧေယျဓမ္မာဘိဝံသထံ ရောက်ရှိပညာသင်ခြင်း

သက်တော် ၁၉-နှစ်သားအရွယ်တွင် အမရပူရမြို့ အဘယာရုံကျောင်း

တိုက်, အဘယာရာမတိုက်, မဟာဝိဇယာရာမ(ဝိဇိတာရာမ)တိုက်တို့၌ အလဲအလှယ်သီတင်းသုံး၍ သံဃာတော်တစ်ထောင်ခန့်တို့အား ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းစာချပို့ခမွကျမ်းစာ စာပေသဘင်အမြဲ ဆင်ယင်တော်မူသည့် မောင်းထောင် သာသနာပိုင်ဆရာဘုရားကြီး အရှင်ဥေ ယျမွောဘိဝံသထံရောက်ရှိကာ တိပိဋကအခြေခံကျမ်းစာများ နှင့်တကွတိပိဋကပါဠိ, အဋ္ဌကထာ,ဋီကာကျမ်းစာများကို မဟုဿာဟ ဇွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## သက္ကတကျမ်းစာများ သင်ယူတတ်မြောက်ခြင်း

ဆရာတော်သည် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျာခမွာဘိဝံသထံတော်၌ ပါဠိပိဋကတ်ကျမ်းဂန်များသင်ယူခိုက် ထိုစဉ် အဘယာရာမတိုက်, ဝိဇယာရာမတိုက်တို့၌ ရောက်ရှိပညာသင်ကြားကြသော သီဟိုဠ် ရဟန်းတော်စသည်များထံမှ သက္ကတကျမ်းစာများကို လပိုင်းမျှဖြင့် သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ သီဟိုဠ်ဘာသာ, သီဟိုဠ်သာသနာအကြောင်းအရာ ဗဟုသုတများကို သီဟိုဠ်ရဟန်းတော်များထံမှ ရရှိခဲ့လေသည်။ သာသနာပိုင် ဆရာတော်ဘုရားကြီးထံ အိန္ဒိယစသည့်နိုင်ငံများမှ လာရောက်ကြသည့် ပုဏ္ဏားပညာရှင်ကြီးများထံမှလည်း ခေတ္တခဏ တွေ့ကြုံနှီးနှောခြင်းဖြင့် ဗဟုသုတများစွာ ရရှိတော်မူခဲ့လေသည်။

## စွယ်စုံပညာရှင်

ဆရာတော် အရှင်ပညာသာမိသည် စွယ်စုံပညာရှင်ဖြစ်လေသည်။ ယင်းသို့ စွယ်စုံပညာရှင်ဖြစ်ကြောင်း အဘိဓာန်ဋီကာနိဿယ ကျမ်းကြီးများ, လီလာဝတီဂဏာပါဠိသာရနိဿယကျမ်းကြီးများ စသည်တို့ဖြင့် သိနိုင်လေသည်။ပါဠိအရေးအသား, မြန်မာစာအရေးအသားတို့၌လည်း နိုင်နင်းကျွမ်းကျင်တော်မူသည်။

## စာကြပ်ဆရာတော် တာဝန်ထမ်းဆောင်ခြင်း

မင်းတုန်းမင်းတရားကြီး သက္ကရာဇ် ၁၂၃၈- ခုနှစ် တန်ခူးလပြည့်ကျော် ၈-ရက်နေ့မှစ၍ ပြုလုပ်သည့် ပဌမသံဂါယနာအကြို ပိဋကသုံးသွယ်၊ နိကာယ်

ငါးရပ်တို့ကို မူသတ်ရေးကူစဉ် သုတ်သင်ပြင်ဆင်ရသည့် စာကြပ်ဆရာတော် ၁၀-ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## ပညာသာမိသီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၇-ခုနှစ် ပဌမ ဝါဆိုလပြည့်ကျော် ၄-ရက်နေ့တွင် သုဓမ္မာစံကျောင်းတော်သို့ ဗန်းမော်အတွင်းဝန်ကို စေလွှတ်၍ ဆရာတော်ငါးပါးတို့အား “ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကပ်လှူမည့်အကြောင်း လျှောက်ထားစေတော်မူလေသည်။ ယင်းဆရာတော် ၅-ပါးတို့ကား သက်တော် ၅၅၊ သိက္ခာတော် ၃၅-ဝါရှိဆရာတော်အရှင်သီရိမာ “သီရိမာပရမာလင်္ကာရဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု”။ သက်တော် ၄၅- သိက္ခာတော် ၂၃-ဝါရှိတော်မူသော အရှင်ဥတ္တမ“ဥတ္တမာစာရပရမဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု”။ အရှင်ပညာသာမိ သက်တော်-၄၀၊ သိက္ခာတော် ၁၉- ဝါ “ပညာသာမိသီရိကဝိဓဇ မဟာဓမ္မရာဇဓိရာဇဂုရု”။ သက်တော် ၃၈၊ သိက္ခာတော် ၁၉-ဝါ ရရှိတော်မူသော အရှင်သုဒဿန-“သုဒဿနဝရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု”။ သက်တော်-၄၀၊ သိက္ခာတော် ၁၆-ဝါရ အရှင်ကလျာဏ “ကလျာဏဇောတသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု”တို့ဖြစ်ကုန်၏။ ယင်းတို့လျှောက်စေပြီး ဆက်ကပ် လှူဒါန်းတော်မူခဲ့လေသည်။ ထိုစဉ်က သင်္ကန်းတီစီဝရိတ်နှင့်တကွ တံဆိပ်တော်ကို လှူဒါန်းရရှိလေသည်။ သို့နှင့် တတိယမောင်းထောင်ဆရာတော်ဟု ကျော်စောသော အရှင်ပညာသာမိသည် သက်တော် ၄၀၊ သိက္ခာတော် ၁၉-ဝါအရတွင် “ပညာသာမိသီရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌သိတင်းသုံးခြင်း

၁၂၁၉- ခုနှစ် နတ်တော်လဆန်း ၅- ရက်နေ့တွင် သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မာဘိဝံသနှင့် အတူလိုက်ပါ၍

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်ကြီး၌ သီတင်းသုံးတော်မူခဲ့လေသည်။

## မဟာတုလွတ်ဘုံစံကျောင်းတော်ကြီးမှ မောင်းထောင်ကျောင်း၌ သီတင်းသုံးခြင်း

ဆရာတော်အရှင်ပညာသာမိသည် ရှေးဦးစွာ သံဃဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့်အတူ မဟာဝိသုတာရာမတိုက်တော်၌ လှေကား ရှစ်စင်းတပ် မဟာတုလွတ်ဘုံစံကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသည်။ နောက်တွင် မဟာဝိသုတာရာမတိုက်တော်အတွင်း အနောက်တော်ထောင့်ရှိ မောင်းထောင်ကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။

## မင်္ဂလာရာမမောင်းထောင်တိုက် အလှူခံသာသနာပြုခြင်း

သက္ကရာဇ် ၁၂၃၃-ခုနှစ်လောက်တွင် မန္တလေးမြို့ အရှေ့ပြင် နန်းတော်ရှေ့ရပ် မြောက်ဖက်က သက်ပန်း, တောင်ဖက်က ခင်မကန်တိုက်ဟူသော ကျောင်းတိုက်ကြီးနှစ်တိုက်အကြားတည် ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး တည်ဆောက်လှူဒါန်းအပ်သော ကျောင်းတော်ကြီးကိုဝန်းရံ၍ အရံကျောင်းပေါင်း၂၀-ပါရှိသည့် မင်္ဂလာရာမတိုက်တော် အရံဗိမာန်ကြီးကို အလှူခံ၍ သီတင်းသုံးစာပေချပို့ ကျမ်းစာရေးသားသာသနာပြုတော်မူခဲ့လေသည်။ ယင်းသို့ ကြိုးပမ်းမှုကြောင့် ဆရာတော်အရှင်ပညာသာမိလက်ထက်တွင် မင်္ဂလာရာမ မောင်းထောင်တိုက် ရဟန်းသံဃာသာမဏေစာသင်သား သံဃာတော် ၁၀၀၀-(တစ်ထောင်)ကျော် ရှိခဲ့ကြောင်းသိရလေသည်။

ပညာသာမိ အတိသေဋ္ဌော၊ ပသဋ္ဌော ဗုဒ္ဓသာသနေ။
စုရေ သော ပူရယိတွာန၊ သမ္ဗုဒ္ဓစက္ကဘာရဓော။

## သုဓမ္မာဝင် ဆရာတော်ရှစ်ပါးတွင် ပါဝင်ဆောင်ရွက်ခြင်း

၁၂၂၇-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် သာသနာပိုင် ဆရာတော်ကြီး အရှင်ဧဉ ယျဓမ္မာဘိဝံသ ပျံလွန်တော်မူရာ မင်းတုန်းမင်းနှင့် မိဖုရား

ကြီး အလိုဆန္ဒမတူသဖြင့် သာသနာပိုင်မမြောက်ပဲ သုဓမ္မာဆရာတော်ရှစ်ပါး တို့က ရဟန်းတော်များဆိုင်ရာ ဝိနည်းဓမ္မကံမှုခင်းများကို ဆုံးဖြတ်တော်မူကြရသည်။

ယင်းသို့ သုဓမ္မာဆရာတော်ကြီးရှစ်ပါးတွင် မင်္ဂလာရာမ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ ပါဝင်တော်မူခဲ့လေသည်။

(မန္တလေးသာသနာဝင်၊ ၄။ ၄၃၃ ကြည့်။)

## ကျမ်းဂန်များပြုစီရင်ခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ ---

၁။ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း။
၂။ အဘိဓာန်ဋီကာနိဿယ။
၃။ ဝိဝါဒဝိနိစ္ဆယ။
၄။ အက္ခရဝိသောဓနီပါဠ်နိဿယ။
၅။ သာသနဝံသပဒီပိကာပါဠ်။
၆။ ဗုဒ္ဓနဝမဝိနိစ္ဆယ။
၇။ သီလကထာကျမ်း။
၈။ ဥပါယကထာကျမ်း။
၉။ ဒေါသကထာကျမ်း။
၁၀။ ရာဇသေဝကဒီပနီကျမ်း။
၁၁။ ဥပေါသထဝိနိစ္ဆယကျမ်း။
၁၂။ အာပတ္တိဝိနိစ္ဆယကျမ်း။
၁၃။ နာဂရာဇုပ္ပတ္တိကျမ်း။
၁၄။ ဝေါဟာရဘေဒတ္ထကျမ်း။
၁၅။ ဝိဝိဓဝိနိစ္ဆယကျမ်း။
၁၆။ နိရယကထာဒီပကကျမ်း။

၁၇။ ဇာတ်ဋီကာပါဠ်။
၁၈။ ဇာတတ္ထကီဋီကာပါဠ်။
၁၉။ သဒ္ဒနီတိဋီကာပါဠ်။
၂၀။ ပေါရာဏကထာပါဠ်။
၂၁။ လီလာဝတီဂဏပါဠိသာရနိဿယကျမ်း။
၂၂။ သီဟိုဠ်သန္ဒေသကထာပါဠ် - စသည်တို့ဖြစ်ကုန်၏။

ဆရာတော်အရှင်ပညာသာမိအား စာရေးစာချများစွာ အလုပ်လုပ်သည့် ဆရာတော် ဖြစ်တော်မူသည်။

## သာသနာပိုင်ဖြစ်မည်ဟု သတင်းပြေးခဲ့ခြင်း

သက္ကရာဇ် ၁၂၂၇ -ခုနှစ် တပိုတွဲလဆန်း ၁၂-ရက်နေ့တွင် သံယာ့ဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျာဓမ္မာဘိဝံသ ပျံလွန်တော်မူခဲ့လေသည်။ ထိုစဉ်က တတိယမောင်းထောင် မင်္ဂလာရာမမောင်းထောင် ဆရာတော် အရှင်ပညာသာမိ သာသနာပိုင် ဖြစ်လိမ့်မည်ဟု သတင်းပြေးကျော်စောခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

သာသနာပိုင်ဆရာတော်ဖြစ်လိမ့်မည်ဟု သတင်းပြေးသော်လည်း သာသနာပိုင် ဖြစ်တော်မမူပါချေ။ သက်တော် ၅၃-နှစ်၊ သိက္ခာတော် ၃၄-ဝါ ရရှိရာ သက္ကရာဇ် ၁၂၃၀-ပြည့်နှစ် တပို့တွဲလတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အရှင်နန်းမတော် မိဖုရားခေါင်းကြီးသည် တပ်ဝန်းအခင်းအကျင်းနှင့် ကျောင်းတော်သို့ထွက်တော်မူ နန်းကခွါ၍ "မဏိဇောတသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ခင်မကန်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သင်္ဂြိုဟ်သည့် နည်းအတိုင်း ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူခဲ့လေသည်။

(အကျယ် မန္တလေးသာသနာဝင်၊ ၂၅။
မင်္ဂလာရာမမောင်းထောင်သာသနာဝင်ကြည့်)

## သံဝေဂယူရန်

ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယဏာ။

(သုတ္တနိ၊ ၃၇၀။ သလ္လသုတ်။)

ယေ ဒဟရာ စ၊ အကြင်အသက်အရွယ် နုနယ်ငယ်လျသူတို့သည် လည်းကောင်း၊ ယေ စ မဟန္တာ၊ အကြင်ဇရာထန်သီး ကြီးရင့်အိုမင်းသူတို့သည် လည်းကောင်း။ ယေ ဗာလာ စ၊ အကြင်သူမိုက်တို့သည်လည်းကောင်း။ ယေ ပဏ္ဍိတာ စ၊ အကြင်ပညာရှိတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုငယ်သူ, ကြီးသူ, မိုက်သူ, ပညာရှိသူတို့သည်။ မစ္စုဝသံ၊ ယုတ်မာစင်းစင်း သေမင်း၏ အလိုနိုင်ငံသို့။ ယန္တိ၊ မလိုက်ချင်ပဲ လွဲမရပါလိုက်ပါကြရကုန်၏။ သဗ္ဗေ၊ သတ္တဝါဥဿုံ အလုံးစုံတို့သည်၊ မစ္စုပရာယဏာ၊ သေမင်းလျှင် လည်းလျောင်းရာရှိကုန်၏။

■ ■ ■

## စာကြပ်ဆရာတော် ( ၈ )

### သေီသာရမ္မပါလကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာတော် အရှင်သေီသာရ

ဆရာတော် အရှင်သေီသာရသည်လည်း အမရပူရမြို့ သစ်ဆိမ့်တိုက် မန္တလေးမြို့ မဟာခေမိကာရာမတိုက်ကြီး၏ မြစ်ဖျားခံရာ မဟာခေမိကာရာမ သစ်ဆိမ့်တိုက်ကြီးနှင့် စပ်သွယ်သည့်ဆရာတော် ဖြစ်တော်မူလေသည်။

### ဖွားမြင်ရှင်ရဟန်းပြုခြင်း

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် သစ်ဆိမ့်ရွာကြီး၌ သက္ကရာဇ် ၁၁၆၅-ခုနှစ်ခန့်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည့် ပုဂ္ဂိုလ်ဖြစ်တော်မူသည်။

အရွယ်ရောက်သော် သာမဏေဝတ် ရဟန်းပြု သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာသနာတော်၏ အနှစ်သာရကို ရှာမှီးတတ်သူဟူသော ပဝတ္တနိမိတ်ကိုယူ၍ ဥပဇ္ဈာယ်ဆရာတော်က '**အရှင်ဇေသိသာရ**'ဟု မှည့်ခေါ်တော်မူသည်။

## ပညာသင်ကြားတတ်မြောက်ခြင်း

အမရပူရမြို့ အဘယာရာမတိုက်သို့ ရောက်ရှိ၍ "ဧ ယျမွော ဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင် ဆရာတော်ထံရောက်ရှိ၍ ပိဋကတ်ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

အမရပူရမြို့ သစ်ဆိမ့်တိုက်၌လည်း သီတင်းသုံးဘူးလိမ့်မည် ဟု မှန်းဆမိလေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်သည် ဓမ္မရာဇ်မင်းတရား ဆက်ကပ်လှူဒါန်းသည့် "ဇေသိသာရဓမ္မပါလကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## ပိဋကတ်တော်ရေးကူးစဉ်<br>စာကြပ်ဆရာတော်တာဝန် ထမ်းဆောင်ခြင်း

ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ရတနာပုံ မန္တလေးမြို့ မတည်မီ အမရပူရမြို့တော်၌ နန်းစံချိန် ပဌမသံဂါယနာတင် လုပ်ငန်းကြီး၏ အကြိုဖြစ်သည့် ပိဋကတ်တော်များကို ရေးကူးစဉ်က ဆရာတော် အရှင်ဇေသိသာရသည် စာကြပ်ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

ထိုစဉ်က စာကြပ်ဆရာတော် ၁၀-ပါး ဖြစ်လေသည်[၁] ။ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် ကျောင်းမကျောင်း၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

---

၁။ မန္တလေး သာသနာဝင်- ၂။ ၇၆-၇၇- ကြည့်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သော "သစ်ဆိမ့်ဆရာတော်"ဟုပါ ထင်ရှားသော ဆရာတော် အရှင်ဇေသီသာရသည် သက်တော် ၆ဝ-ကျော် ၇ဝ-ခန့်လောက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။**
**သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စု ပရာယဏာ[၁] ။**

ယေ ဒဟရာ စ၊ အကြင်အသက်အရွယ် နုနယ်ငယ်လျ သူတို့ သည်လည်းကောင်း။ ယေ မဟန္တာ စ၊ အကြင်ဇရာထန်သီး ကြီးရင့်သူ တို့သည်လည်းကောင်း။ ယေ ဗာလာ စ၊ အကြင်အသိပညာမလိုက် လူမိုက်တို့သည်လည်းကောင်း။ ယေ ပဏ္ဍိတာ စ၊ အကြင်ကဝိန် ပညာရှိသုခမိန်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုငယ်သူ,ကြီးသူ မိုက်သူ, ပညာရှိသူတို့သည်။ မစ္စုဝသံ၊ သေမင်း၏အလိုနိုင်ငံသို့။ ယန္တိ၊ မလိုက်ချင်ပဲ လွဲမရပါ လိုက်ပါကြရကုန်၏။ သဗ္ဗေ၊ သတ္တဝါအနန္တဟူသမျှတို့သည်။ မစ္စုပရာယဏာ၊ သေမင်းလျှင် လည်းလျောင်းရာ ရှိကြကုန်၏။

---

၁။ သုတ္တန်။ ၃၇၁။ (သလ္လသုတ်)။

■ ■ ■

# စာကြပ်ဆရာတော် ( ၉ )

## အာစာရာရမ္မကဝိဓဇော္ဘဏမဟာဓမ္မရာဇာဓိရာဇဂုရု နှင့် အာစာရာရမ္မဓဇာဓိပတိပဝရမဟာဓမ္မရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မက္ခရာဆရာတော် အရှင်အာစာရာရမ္မကဝိဓဇောဘ

ဆရာတော် အရှင်အာစာရာရမ္မကဝိဓဇော ဘဏသည် မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ကြာမြင့်စွာ သီတင်းသုံး၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည့် ပုဂ္ဂိုလ်ဖြစ်တော်မူသည်။ လောကဓမ္မနှစ်ဌာန၌ ကျွမ်းကျင်တော်မူသဖြင့် သာသနာ့နယ်, လောကနယ် နှစ်ခုလုံးတွင်လည်း ထင်ရှားခဲ့လေသည်။

### ဖွား မြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်သည် လယ်တွင်းကိုးခရိုင်အပါအဝင် မက္ခရာမြို့၌ သက္ကရာဇ် ၁၁၈၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ 'အရှင်အာစာရ' ဖြစ်လေသည်။ မိုးနဲဝန် မဟာမင်းခေါင်သည် အရှင်အာစာရ၏ ပစ္စည်းလေးပါးဒါယကာ ဖြစ်လေသည်။

### သာသနာပိုင်ထံ ရောက်ရှိပညာသင်ကြားခြင်းစသည်

သက်တော်အရွယ်ငယ်စဉ်ကပင် အမရပူရမြို့ မဟာဝိသုတာရာမတိုက်တော်၌ ရောက်ရှိသီတင်းသုံး၍ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမေဓာဘိဝံသထံ၌ စာပေကျမ်းဂန်အတန်တန်ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။သာသနာပိုင်အနီး၌ သာသနာပိုင်အမိန့်ရှိသော စာပေရေးရာ အမှုကိစ္စများကို ဆောင်ရွက်ရလေသည်။ လက်အောက်ငယ်သား

များကိုလည်း စာပေချပို့တော်မူ၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## မင်းတုန်းမင်းတရား ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်လှူဒါန်းခြင်း

ဆရာတော်အရှင်အာစာရာရမ္ဘကဝိဇေဉာဏသည် ဉာဏ်ထက်မြက်, စာပေတတ်မြောက်ကျွမ်းကျင်သဖြင့် သက်တော် ၃၇-နှစ် ၃၈-နှစ်ခန့်တွင် မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသည့် "အာစာရာရမ္ဘ ကဝိဇေဉာဏ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## ပိဋကတ်ကြပ်ဆရာတော်

သက္ကရာဇ် ၁၂၁၈- ခုနှစ် မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်ကျမ်းဂန်များကို ရွှေရေး, မင်ရေး, ကညစ်ရေးဖြင့် များစွာရေးတင်ရာ ပိဋကတ်ရေးကူးပူဇော်ပွဲသဘင်တွင် အရှင်အာစာရသည် ပိဋကတ်ကြပ် ဆရာတော်ဖြစ်၍ ပိဋကတ်တော်များကို အခြားဆရာတော်ကိုးပါးနှင့် အတူ သုတ်သင် ပြင်ဆင်တော်မူရလေသည်[၁]။

## သီပေါမင်းတရား၏ အဓိပတိပဝရရာဇာဓိရာဇဂုရု

ဆရာတော် အရှင်အာစာရသည် မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော " အာစာရာရမ္ဘဇောဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း သက်တော် ၆၆-နှစ်ရှိရာ သက္ကရာဇ် ၁၂၄၆-ခုနှစ်က ခံယူရရှိတော်မူခဲ့လေသည်။ ရံဖန်ရံခါ သီပေါမင်းတရားက မကွာရာ ဆရာတော်အရှင်အာစာရ စသည်ကိုပင့်၍ သာသနာရေးကိစ္စများ ကိုလည်း ဆွေးနွေးလေ့ရှိသည်။

---

၁။ မန္တလေး သာသနာဝင်၊ ၂။ ၇၇။

## ကျမ်းဂန်များပြုစုခြင်း

ဆရာတော် အရှင်အာစာရသည် ကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူခဲ့သည်။

ဎင်းတို့မှာ - - -

၁ ။ ဆန္ဒလက္ခဏာကျမ်း

၂ ။ ဆန္ဒသေသလက္ခဏာကျမ်း

၃ ။ ဗေဒင်ဖက်ဆိုင်ရာကျမ်း စသည်တို့ဖြစ်ကုန်၏။

## ဆန္ဒလက္ခဏာကျမ်း

ဖော်ပြပါကျမ်းများအနက် ဆန္ဒလက္ခဏာကျမ်းမှာ ဆန်းကျမ်းနှင့် သက်ဆိုင်သမျှ ဝုတ္တောဒယကျမ်း, ဝုတ္တရတနာကရကျမ်း, ဆန္ဒောသာ ရတ္ထကျမ်း, ဆန္ဒောမဥ္ဇရီကျမ်း, ဆန္ဒောသိက္ခာကျမ်း, သုဗောခဆန်းကျမ်းစသည်တို့ကို ချဉ်းကပ်ကြည့်ရှု၍ အတိမန္ဒမုဠ္ဌပုဂ္ဂိုလ်စာသင်ပျိုတို့ မငြိုမငြင် မပင်မပန်း ဆန်းကျမ်း ပင်လယ်အလွယ်တကူ ကူးခတ်နိုင်ရန် ရည်ရွယ်တော်မူ၍ ရေးသားတော်မူခဲ့လေသည်။ မက္ခရာဆရာတော်ဘုရားကြီးသည် သံပေါက်များ ကဗျာများ အရေးအသားလည်း ဝါသနာပါ၏။ ယင်းဆန္ဒလက္ခဏာကျမ်း၌-

“ နိဂ္ဂဟိတ သံယောဂေ ဒီဃမှိ ဂရု၊
ရဿသရာ မှီသောအခါ သညာခေါ်လဟု။

ဂရုမှာနှစ် လဟုတစ် မလစ်သတိပြု။
အတိမန္ဒ ပုဂ္ဂလ မုချသိဖို့ရာ။

အကျယ်ဖွင့်ပြ ဝိတ္ထာရ လွန်လှသေအချာ။
နုနယ်တပည့် ချီးမွမ်းချည့် ကဲ့ရဲ့မြတ်ဆရာ။
- နုနယ်တပဲ့ ချီးမွမ်းဘွဲ့ ကဲ့ရဲ့မြတ်ဆရာ။

စသည်ဖြင့် သံပေါက်ကဗျာတို့ များစွာရေးသား ဖော်ပြတော်မူခဲ့လေသည်။

## ကျမ်းစာပြီးချိန်

ယင်း ဆန္ဒလက္ခဏာကျမ်းမှာ ၁၂၅၄-ခုနှစ်၊ ဝါခေါင်းလဆန်း ၅- ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။ နိဂုံး၌ အောက်ပါဧကပိုဒ်လင်္ကာဖြင့် နိဂုံးအုပ်ခဲ့လေသည်။

ဇာတိအာဏာ ဝိသယာဟု သုံးဖြာခေတ်သူ ဝေဏေဘူကို ကြည်ဖြူစွာလှမနာပဖြင့် အတ္တသမာ စေတနာကြောင့် အာစာရာရမ္မ ဉာဏတွင်မည် ငါမထေရ်လျှင် စဉ်စီမယုတ် ဆန်းသမုတ်သော အချုပ် လက္ခဏာ အဓိပ္ပါကို ဝေါဟာသတ္တ ထောင်နှစ်ရာက ငါးဆယ်လေးခု အစွန်းပြုသား ရတုဝသံ သရဝဏ်လျှင် ထိန်လျှံဝင်းပြောင် လဝါခေါင်ဟု စန်းရောင်ပက္ခ ဆန်းပဥ္စတွင် မူသိကနေ့ ရန်မတွေ့သား ပြီးမြတ်ဆုံး၏ ထိုဘုန်းသမ္ဘာ ကုသလာကြောင့် ပညာဓိက ဉာဏရောင်လူ သဗ္ဗညုတာ ပတ္ထနာကို မကြာလျှင်လျှင် ပြည့်စေခြင်း၏ ထို့ပြင်တဝ အန္တရဟု သံသရာဘုံ ကြဉ်လည်တုံလည်း ဂုဏ်ပေါင်းမြင့်မြတ် အမျိုးဇာတ်၌ ဖြစ်လတ်မသွေ တိဟိတ်နေ၍ ထွေထွေဓမ္မ ကလျာဏစာဂီ ပါရမီကို စွမ်းရည်ကုံလုံ ရုံးပေါင်းချုံ၍ ပြည့်စုံခလို ထိုကုသလ ပုညအားသံ ဝိဘာဂံကို ဝေယံဘုံခြင်း အာဏာလင်းသည့် မင်းထက်မင်းဖျား မင်းတရားနှင့် ညာထား ဒေဝီ မဟေသီရွှေဘော် သားတော်သမီး မျှုးကြီးမတ်ရာ သေနာပတိ စသည့်ဉသုံ အလုံစုံဟု ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ အနန္တစက္ကဝါ သတ္တဝါကို သမာသမေ ရကြောင်းဝေသည် အောင်စေကောင်းကြီး ပေးစေသောဝ်။

ယင်းဆန္ဒလက္ခဏာကျမ်းမှာ မန္တလေးမြို့ ရတနာဒီပံပုံနှိပ်တိုက်၌ ခရစ် ၁၉၁၂-ခုနှစ်ကရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက် ၅၅-မျက်နှာရှိလေသည်။

## ဆန္ဒသေသလက္ခဏာကျမ်း

ဆရာတော်အရှင်အာစာရသည် ဝုတ္တောဒယဆန်းကျမ်း၊ ဝုတ္တ ရတနာကရဆန်းကျမ်းတို့မှ ကြွင်းကျန်သော ဂါထာတို့၏ လက္ခဏာတို့ကိုပြရာ ဆန္ဒသေသလက္ခဏာကျမ်းကိုလည်း ရေးသားတော်မူခဲ့လေသည်။

ကျမ်း၏အစ၌-

တိလောကုက္ကဋ္ဌမာဒိစ္စ - ဗန္ဓုံ ဗုဒ္ဓံ တထာဂတံ။
နမိဝရံ မဟာမုနိံ၊ အင်္ဂီရသံ နမာမိဟံ။

ဓမ္မသာမိ သယမ္ဘုဟိ၊ သုဒေသိတဉ္စ ဓမ္မပိ။
မုနိန္ဒောရသသူနုတံ၊ ဂဏံ သံဃဉ္စ ဝန္ဒာမိ။

မန္ဒ ဇနေဟိ သုခေန၊ ဇာနိတတ္တာယပိ မဟံ။
လိက္ခာမိ ဆန္ဒသေသလ-က္ခဏံ ဒါနိ ယထာရဟံ။

ဟူသော ၃- ဂါထာဖြင့် ရတ္တနယပဏာမ, ပဋိညာဉ်စသည်တို့ကိုဖော်ပြ၍ ကျမ်းကို ရေးသား အားထုတ်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ -

ဣတိ ရတနပုဉ္ဇ မန္တလနဂရဿ ပုရိမဒိသာဝိဟာရေ
နိဝါသသီလေန အာစာရာရမ္ဘကဝိဇေဉာဏမဟာထေရေန
ရစိတော သော အယံ ဆန္ဒသေသလက္ခဏာဂန္ထော သမတ္တော။

ဟူသောစကားဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ၎င်းဆန္ဒသေသလက္ခဏာကျမ်းသည် ဒီမိုင်းဆိုက် ၂၃-မျက်နှာသာ ရှိလေသည်။

## ပရိတ်ကြီး ၁၁-သုတ် ပြင်ဆင်

မက္ခရာဆရာတော်ဘုရားကြီး အရှင်အာစာရာရမ္ဘကဝိဇေဉာသည် ပရိတ်ကြီး ၁၁-သုတ်ပါဠိတော်ကို ဗျာကရိုဏ်းကျမ်း, ဆန်းကျမ်းတို့အညီ သုတ်သင်ပြင်ဆင်တော်မူခဲ့လေသည်။ ရတနသုတ်၌ နိသာမေထ သဗ္ဗေ-ကို နိသမေထ သဗ္ဗေ ဟူ၍လည်းကောင်း, ဘူမ္မာနိ ဝါ-ကို ဘူမာနိ ဝါ-ဟူ၍လည်းကောင်း စသည်ဖြင့် ပြင်ဆင်တော်မူခဲ့လေသည်။ မေတ္တသုတ်၌ ပဋိဃသညာ-ကို ပဋိဃသည-ဟု ပြင်ဆင်တော်မူခဲ့လေသည်။ ဗောဇ္ဈင်္ဂသုတ်၌ မဂ္ဂဟတာ ကိလေသာဝ ကို မဂ္ဂါဟတာ ကိလေသာဝ-ဟူ၍ ပြင်ဆင်တော်မူသည်။ ပုဗ္ဗဏှသုတ်၌ ဘဝတု သဗ္ဗမင်္ဂလံ-ကို ဘဝတူ သဗ္ဗမင်္ဂလံ-ဟု ပြင်ဆင်တော်မူ၏။

## သမ္မာသမ္ဗုဒ္ဓဘုရားဆုပန်

ဆရာတော် အရှင်အာစာရရမ္မကဝိဓဇဉာဏသည် သာသနာတော်၌ နေ၍ သာသနာ့ဝန်ထမ်းရသော ကောင်းမှုပုညအဝဝကြောင့် ပကတိသာဝက, မဟာသာဝက, ပစ္စေကဗုဒ္ဓါဆု အမျိုးမျိုးတောင်းတော်မမူပဲ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ်ဆုကို တောင်းတော်မူသည့် ပုဂ္ဂိုလ်ထူးဖြစ်လေသည်။

## ပျံလွန်တော်မူခြင်း

မဏ္ဍရာတိုက်ကို စတင်တည်ထောင်တော်မူခဲ့သော မြန်မာမင်း နှစ်ဆက် တိုင် ချီးမြှောက်ပူဇော်ခြင်းကို ခံယူတော်မူရသော "ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်နှစ်ထပ်ရ ဆရာတော်ဘုရားကြီး အရှင် အာစာရသည် သက်တော် ၈၀- ရှိရာ သက္ကရာဇ် ၁၂၆၀-ပြည့်နှစ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်[၁]။

## သံဝေဂယူရန်

ယထာပိ ကုမ္ဘကာရဿ၊ ကတာ မတ္တိကဘာဇနာ။
သဗ္ဗေ ဘေဒနပရိယန္တာ၊ ဧဝံ မစ္စာန ဇီဝိတံ။

ကုမ္ဘကာရဿ၊ အိုးထိန်းသည်၏။ ဝါ ၊ အိုးထိန်းသည်သည်။ ကတာ၊ ပြုလုပ်အပ်ကုန်သော။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ မတ္တိကဘာဇနာ၊ မြေညက်အိုးခွက်တို့သည်။ ဘေဒနပရိယန္တာ ယထာပိ၊ တစ်နေ့နေ့တွင် ကျေပျက် ပြိုးတီး ပျက်စီးခြင်းကွဲခြင်းလျှင် အဆုံးရှိကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ မစ္စာနံ၊ ကြံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ဇီဝိန်သည်။ ဘေဒနပရိယန္တံ၊ သေလွန်ပျက်စီးခြင်း လျှင်အဆုံးရှိချေ၏[၂]။

---

၁။ မန္တလေးသာသနာဝင်၊ ၂၅။ မဏ္ဍရာသာသနာဝင်လည်းကြည့်။
၂။ သုတ္တနိ၊ ၃၇၁။ သလ္လသုတ်။

■ ■ ■

## စာကြပ်ဆရာတော် (၁၀)ပါးမြောက်

= မင်းတဲဆရာတော် အရှင်ဥတ္တမာစာရ၏ထေရုပ္ပတ္တိ ကျန်နေပါသည်။

# မန္တလေးသာသနာဝင်

## စတုဝီသတိမတွဲ

ဥဘတောဝိဘင်္ဂရေ
ဘွဲ့ရဆရာတော် (၉)ပါး
ဝိနယရေဘွဲ့ရ (၁)ပါး

## ဥဘတောဝိဘင်္ဂရေဆရာတော် (၉)ပါး
## ဝိနယရေအွဲ့ရ ဆရာတော် (၁)ပါး


၁။ ဝိဘင်္ဂရေ မဟာဓမ္မရာဇာဓိရာဇဂုရု
အရှင်ပညာသီဟ (သာမိ) (၇၀/၂၇) ၃၇၉

၂။ တိလောကဓဇ ဝိဘင်္ဂဝါစီ မဟာဓမ္မရာဇာဓိရာဇဂုရု
အရှင်တိလောက (၅၉/၃၀) ၃၈၁

၃။ ဥဘတောဝိဘင်္ဂရေ ရာဇာဓိရာဇဂုရု
အရှင်လက္ခဏ (၂၉/၃၀) ၃၈၃

၄။ သဒ္ဓမ္မသိရိပါလဝိဘင်္ဂဘာဏက မဟာဓမ္မရာဇဂုရု
အရှင်သဒ္ဓမ္မသိရိ (၄၃/၂၄) ၃၈၆

၅။ ဥဘတောဝိဘင်္ဂရေ၊ ဝိနယရေ
အရှင်ကေလာသ (၂၉/၁၀) ၃၈၈

၆။ ဥဘတောဝိဘင်္ဂရေ အရှင်ဝိသုဒ္ဓ (၂၉/၁၀) ၃၉၀

၇။ ဥဘတောဝိဘင်္ဂရေ အရှင်သုဇာတ (၃၂/၁၃) ၃၉၁

၈။ ဥဘတောဝိဘင်္ဂရေ အရှင်စန္ဒမဥ္ဇူ (၃၃/၁၂) ၃၉၃

၉။ ဥဘတောဝိဘင်္ဂရေ အရှင်ကေလာသဘ (၂၇/၇) ၃၉၄

၁၀။ ဥဘတောဝိဘင်္ဂရေ အရှင်သုဇာတ (၂၅/၅) ၃၉၅


■ ■ ■

# ဥဘတောဝိဘင်္ဂဓရ ဆရာတော် (၉)-ပါး
# ဝိနယဓရဆရာတော် (၁)ပါး

-----------------

## (၁)

## ဝိဘင်္ဂဓရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာသီဟ (သာမိ)

မင်းတဲပုသိမ်ဆရာတော်ကျောင်းတွင် သီတင်းသုံးတော်မူသော အရှင်ပညာသီဟသည် သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင် ဧေယျဓမ္မာဘိဝံသရှေ့၌ ဥဘတောဝိဘင်း ပြန်ဆိုအောင် မြင်တော်မူခဲ့သောပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### သက်တော်ကြီးသော်လည်း လွန်စွာကြိုးပမ်းခြင်း

ရဟန်းတော်အရှင်ပညာသီဟသည် သက်တော် ၇၀-ရှိလေပြီ။ သိက္ခာဝါတော်ကား ၂၇-ဝါသာ ရှိသူဖြစ်၏။ ယင်းသို့ သက်တော်ကြီးသော်လည်း သဒ္ဓါတရားမွေးမြူကာ ပါရာဇိကဏ်, ပါစိတ်ဟူသော ဥဘတောဝိဘင်းကို မရမနေ အာဂုံနှုတ်တက်ကျက်မှတ်ရာ အာဂုံနှုတ်တက်ရလေသည်။

ယင်းသို့အရဆောင်ပြီး သက္ကရာဇ် ၁၂၁၆-ခုနှစ်တွင် အမရပူရမြို့ အဘယာရုံကျောင်းတိုက် (ဝိဇိတာရာမတိုက်)၌ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဧေယျဓမ္မာဘိဝံသ၏ ရှေ့တော်မှောက်တွင် ပါရာဇိကဏ်ပါဠိတော်ကို ဝါဆိုလပြည့်ကျော် ၂-ရက်နေ့မှစ၍ ပြန်ဆိုရာ ဆယ်ရက်နှင့် ပြီးဆုံးလေသည်။ တဖန် ပါစိတ်ပါဠိတော်ကို ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့က ပြန်ဆိုရာ ၄-ရက်နှင့်ပြီးလေသည်။

သို့နှင့် သာသနာပိုင်ဆရာတော် အရှင်ဧေယျဓမ္မာဘိဝံသသည် ဥဘတောဝိဘင်းပြန်ဆိုသည့် ကုသိုလ်အဖို့ကိုလည်း မင်းဧကရာဇ်အား အမျှပေးဝေစေသည်။

မင်းဧကရာဇ်မှာ တိုက်တွန်းတော်မူအပ်သော အာဏတ္တိကကုသိုလ်ကို တစ်ဝက်ခံစားရသည်။ အမျှဝေသည့် ပတ္တိဒါနကုသိုလ်ကိုလည်း အဖို့အတူ ရတော်မူသည်။ သာဓုအနုမောဒနာ ပွားများတော်မူရသည်။

တရားမင်းမြတ်သည် အရှင်ပညာသီဟ(သာမိ)အား "ဝိဘင်္ဂရေ မဟာဓမ္မ ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်း လျှုတော်မူရလျှင်သင့်မည်ဟု ဝတ်မြေ ဝန် ရာဇပလကျော်ထင်ကို ကျောင်းတော်သို့ခေါ်၍ ၄င်းမေတ္တာစာကို သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆-ရက်နေ့တွင် ရွှေနန်းတော်သို့ သွင်းတော် မူသည်။ မင်းတုန်းမင်းတရားကြီး သည် လွန်စွာအားရတော်မူ၍ သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁-ရက်နေ့တွင် သံတော်ဆင့်ရတနာ လေ့ခါးမှူး မင်းလှသီရိဇေယျသူ, ဝတ်မြေဝန်ရာဇပလ ကျော်ထင်တို့ကို ကျောင်း တော်သို့ စေတော်မူ၍ တံဆိပ်တော်နှင့်တကွ ညောင်စောင်း, အခင်းအရုံအစုံနှင့် လှူတော်မူလာလေသည်။

သာသနာပိုင်ဆရာတော် အရှင်ဥ ယျဓမ္မာဘိဝံသသည် ကိုယ်တိုင် ရေစက်ချ၍ ဝိဘင်းပြန်ဆိုသော အရှင်ပညာသီဟ(သာမိ)ကို "ဝိဘင်္ဂရေ မဟာ ဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို လှူတော်မူခဲ့လေသည်။

## သံဝေဂယူရန်

လှူသူ, အလှူခံသူ စသည့် ရုပ်နာမ်ဓမ္မသင်္ခါရတို့ကား ချုပ်ပျောက် ပျက်စီး ခဲ့ကုန်ပြီတကား။ ဥပ္ပန္နော၊ ရုပ်နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော၊ မုချ မလွဲ ဆင်းရဲစင်စစ် မှန်လှပါပေသတည်း။ အနုပ္ပန္နော၊ ရုပ်နာမ်တရားတို့၏ မဖြစ်မပေါ်ခြင်းသည်။ သုခေါ အဟောသုခေါ၊ သြော် ချမ်းသာပါ ပေစွတကား။

■ ■ ■

## ဥဘတောဝိဘင်္ဂဓရဆရာတော် (၂)

## တိလောကဓဝိဘင်္ဂဝါစီ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်တိလောက

သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသသည် ရွှေရေးဆောင်တိုက်မှ အရှင်တိလောကကိုလည်း ချီးမြှောက်တော်မူခဲ့လေသည်။

### ဖွားမြင် ရှင်ရဟန်းပြုခြင်း

ဆရာတော် အရှင်တိလောကသည် သက္ကရာဇ် ၁၁၅၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေဝတ်၍ သက်တော်၂၉-နှစ်ခန့်တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဆရာတော် အရှင်တိလောကသည် သာသနာပိုင်ဆရာတော် အရှင်ဥေယျဓမ္မာဘိဝံသထက် ၂-နှစ်ခန့် ကြီးတော်မူသည်။

### ဥဘတောဝိဘင်း ပြန်ဆိုခြင်း

ရွှေရေးဆောင်တိုက် ပုသိမ်ဆရာတော်ထံရောက်ရှိ တပည့်ခံ သီတင်းသုံး၍ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။

ဆရာတော် အရှင်တိလောကသည် ဝီရိယရှိ သဒ္ဓါတရားကောင်း သည်။ ဘုရားမြတ်စွာ ဝိနည်းဒေသနာတော်ကို ပူဇော်သည့်အပြင် ဥဘတောဝိဘင်းကို နှုတ်တက်အာဂုံဆောင်၍ သက်တော် ၅၉-နှစ်၊ သိက္ခာတော်-၃၀-အရ အရွယ်တော် ကြီးရင့်ပြီးဖြစ်ရာ ၁၂၇၁-ခုနှစ်၊ ကဆုန်လဆန်း-၉ရက်နေ့ကစ၍ လပြည့်ကျော် ၁၀-ရက်နေ့တိုင်အောင်ပြန်ဆိုရာ အပြီးတိုင် အောင်မြင်တော်မူခဲ့လေသည်။

သာသနာပိုင် ဆရာတော်ကြီးက ကိုယ်တိုင်နာယူ ချီးမွမ်းတော်မူသည်။ ၄င်းပြင် သက္ကရာဇ် ၁၂၁၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁-ရက်နေ့တွင် ဆရာတော် အရှင်တိလောကသည် အသက်ရှည်သမျှ ကာလပတ်လုံး သီတင်းသုံးရာ

အရပ်တိုင်းမှာ မိမိနှင့်စပ်သော ပရိသတ်တို့ကို နိသျည်းပေးစေ၊ တပည့်ပရိသတ် တို့ကလည်း အရှင်တိလောကမထေရ်ထံ နိသျည်းယူ၍နေစေဟု အမိန့်တော် ထုတ်တော်မူလေသည်။

၄င်းပြင် မင်းတရားကြီးထံသို့လည်း ဒကာတော် ရေမြေ့ရှင်မင်းတရား . . .

ရွှေရေးဆောင်တိုက် ပုသိမ်ဆရာတော်၏တပည့် အသက် ၅၉၊ သိက္ခာ တော် ၃၀-ဝါရပြီးသော အရှင်တိလောကပုဂ္ဂိုလ်သည် ဝိဘင်းနှစ်ကျမ်းကို သက္ကရာဇ် ၁၂၁၇-ခုနှစ် ကဆုန်လဆန်း ၉-ရက်နေ့ကစ၍ ၄င်း လပြည့်ကျော် ၁၀-ရက်နေ့တိုင် ပြန်ဆို၍ပြီးသည်။ ချီးမြှောက်တော်မူရမည်မှာ တံဆိပ်တော် နှင့် သင့်လျော်သည်။ ရှင်တိလောကကိုလျှုရန် တံဆိပ်တော်ပုံ "တိလောက ဓဇဝိဘင်္ဂဝါစီ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟု သွင်းလေသည်။ သို့နှင့် မင်းတုန်းမင်း တရားသည် သက္ကရာဇ် ၁၂၁၇-ခုနှစ် နယုန်လဆန်း ၅-ရက်နေ့တွင် ဝတ်မြေဝန် ရာဇဗလကျော်ထင်ကို စေတော်မူ၍ သင်္ကန်းတိစီဝရိတ်နှင့် တံဆိပ်ကို ကပ်လှူ တော်မူလေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော် အရှင်တိလောကသည် သက်ဆုံးတိုင် သာသနာ့ဝန် ထမ်း ဆောင်ပြီး ပြုလက်စဂန္ထဓုရ၊ ဝါသဓုရတို့ကိုထားရစ်ကာ သေမင်းခေါ်ငြား သေခြင်းတရားကို မလွန်ဆန်နိုင်၍ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

(ဝိသုဒ္ဓိ၊ ၁။ ၂၂၈။ သံ၊ ဋ၊ ၁။ ၃၉။ ဇာ၊ ဋ၊ ၂။ ၂၂။)

ဇီဝိတံ၊ အသက်ဝိညာဉ် ရှင်ရခြင်းလည်းကောင်း။ ဗျာဓိ၊ နှိပ်စက်ပြင်းစွာ မခံသာအောင် ဖျားနာရခြင်းလည်းကောင်း။ ကာလော စ၊ သေလွန်ရာအခါ လည်းကောင်း။ ဒေဟနိက္ခေပနံ၊ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို စွန့်ပစ်ရာအရပ် လည်းကောင်း။ ဂတိ၊ လားရောက်ရမည့် ဂတိလည်းကောင်း။ ဣတိ၊ ဤသို့။

ဓေတေ ပဋ္ဌ၊ ဤငါးမျိုးတို့ကို။ ဇီဝလောကသို့၊ အသက်ဝိညာဉ် ရှင်ဆဲဖြစ်သော လောကဌ်။ အနိမိတ္တာ၊ အပိုင်းအခြား အမှတ်အသား မရှိကုန်သည်ဖြစ်၍။ န နာဃရေ၊ ဧကန်ပိုင်ပိုင် မသိအပ်နိုင်ကုန်။

■ ■ ■

## ဥဘတောဝိဘင်္ဂဓရဆရာတော် (၃)

## ဥဘတောဝိဘင်္ဂဓရ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်လက္ခဏ

ဆရာတော် အရှင်လက္ခဏလည်း မန္တလေးမြို့နန်းရှေ့ မဟာဝိသုတာ ရာမတိုက်တော်၌ စာချအကျော်ဆရာတော်တစ်ပါး ဖြစ်တော်မူခဲ့လေသည်။

### ဖွားမြင်,ရှင်ရဟန်းပြုခြင်း

ရတနာသိမ်(သိဃ်) ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ၌ သက္ကရာဇ် ၁၁၈၇- ခုနှစ် တွင် ဖွားမြင်တော်မူခဲ့၍ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာသနာ့ဝန် ထမ်း ဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်က အရှင်လက္ခဏဟု ဘွဲ့ အမည် မှည့်ခေါ်တော်မူခဲ့လေသည်။

### မဟာဝိသုတာရာမတိုက် ရောက်ရှိပညာသင်ခြင်း

ငယ်စဉ်ကပင် အမရပူရမြို့ မဟာဝိဇိတာရာမတိုက်၌ သီတင်းသုံး၍ သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဒဿနစသည်တို့ထံတွင် ဂန္ထဓူရအဝဝကို သင်ကြားတော်မူခဲ့လေသည်။ မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ စံကျောင်းတိုက်၌လည်း သီတင်း သုံးခဲ့ဘူးလေသည်။

## စာပေချပို့ သာသနာချီးမြှောက်ခြင်း

အမရပူရမြို့ မဟာဝိဇိတာရာမတိုက်တော်၊ မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံး၍ နေ့ဝါညဝါ ကျမ်းစာချပို့ကာ သာသနာပြုတော်မူခဲ့လေသည်။

ဆရာတော်အရှင်သုဒဿန၏ စာပေကျမ်းဂန်တတ် အကျော် ဓေယျအဖြစ်ဖြင့် သာသနာ့သမိုင်းဆရာများစွာတို့ အသိအမှတ်ပြုခဲ့ကြလေသည်။

## ဥဘတောဝိဘင်း ပြန်ဆိုအောင်မြင်ခြင်း

သက်တော် ၂၉-နှစ် သိက္ခာဝါ ၁၀-ရရှိရာ ၁၂၁၆-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့မှစ၍ တပေါင်းလပြည့်ကျော် ၂-ရက်နေ့တိုင် ဘိက္ခုဝိဘင်းကစ၍ ဘိက္ခုနီဝိဘင်း သံဃာဒိသေသ်တိုင် ပြန်ဆိုတော်မူခဲ့လေသည်။

၂- ရက် မအားလပ်သည်ဖြစ်၍ လပြည့်ကျော် ၅-ရက်ကစ၍ ဆက်လက်ပြန်ဆိုရာ လပြည့်ကျော် ၆-ရက်နေ့တွင် ချောမောစွာ ပြီးဆုံးသည်အထိ ပြန်ဆိုအောင်မြင်တော်မူခဲ့လေသည်။ သို့နှင့် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမေဓာဘိဝံသသည် "အရှင်လက္ခဏသည် သိက္ခာပုဒ်တော် တည်သမျှကာလပတ်လုံး မဟာထေရ် မြောက်သည်ကစ၍ အသက်ဆုံးတိုင်အောင် မိမိနှင့်စပ်သော ပရိတ်သတ်တို့ကို နိသျဉ်းပေးစေ။ တပည့်သံဃာတို့ကိုလည်း အရှင်လက္ခဏထံ၌ နိသျဉ်းခံယူနေစေ"ဟု သက္ကရာဇ် ၁၂၆၁-ခုနှစ် တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့တွင် အမိန့်တော် ထွက်ရှိလေသည်။

## မင်းမြတ်ထံစာသွင်းခြင်း

၎င်းအပြင် မင်းမြတ်ထံသို့လည်း ယင်းသည့် ၁၂၁၆-ခုနှစ် တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့မှာပင် "ရတနာသိင်္ဃမြို့ စီရင်စု ဆိပ်ခွန်ရွာဇာတိ အသက် ၂၉-နှစ်၊ သိက္ခာ ၁၀-ဝါရသူ မြောက်တိုက်ကိုယ်တော် အရှင်သုဒဿန၏ တပည့်ရဟန်း အရှင်လက္ခဏသည် သက္ကရာဇ် ၁၂၁၆-ခုနှစ် တပေါင်းလဆန်း ၈-ရက်ကစ၍ တပေါင်းလပြည့်ကျော် ၆-ရက်နေ့တိုင်လျှင် ဝိဘင်း ၂-

ကျမ်းကို ပြန်ဆို၍ပြီးသည်။ ချီးမြောက်တော်မူရမည်မှာ ပဋ္ဌမကြီးတို့ကို ချီးမြောက်တော်မူသည့်နည်းတူ ချီးမြောက်တော်မူလျှင် သင့်လျော်မည် တရားမင်းမြတ်" ဟူ၍ စာသွင်းတော်မူလေသည်။

သို့ဖြစ်၍ မင်းတုန်းမင်း ဧကရာဇ်သည် ရဟန်းတော် အရှင်လက္ခဏာ၏ မိဘပေါက်ဖော်တစ်စုတို့ကို မင်းမှုလွတ်ငြိမ်းအောင် စာချွန်တော်ကို ၁၂၁၆-ခုနှစ် တန်ခူးလဆန်း ၇- ရက်နေ့တွင် ဝတ်မြေဝန် ရာဇဗလကျော်ထင်ကိုစေ၍ ကျောင်းတော်မှာ လှူစေတော်မူသည်။

နောက်တွင် ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိသည်ဟု သိရလေသည်။

## ပျံလွန်တော်မူခြင်း

သက်တော်များစွာရှည်သည့် လက္ခဏာကိုမတွေ့ရဘဲ သက်တော် ၆၀-ပတ်ဝန်းကျင်လောက်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူခဲ့သည်ဟု မှန်းဆသိရှိရလေသည်။

## သံဝေဂယူရန်

အဗလံ ဒုဗ္ဗလံ အာယုံ၊ ဗဟူဟိ သမ္ဗန္ဓံ ဘဝေ။
တသ္မာ မုဟုတ္တန္တရေပိ၊ ဘဝေယျ မရဏံ ဟိ ခေါ၊

ယသ္မာ၊ အကြင်ကြောင့်။ အာယု၊ အသက်ဇီဝိန်သည်။ အဗလံ၊ အားခွန်ဗလ မရှိသည်လည်းကောင်း။ ဒုဗ္ဗလံ၊ အားနည်းသည်လည်းကောင်း။ ဗဟူဟိ၊ ထွက်သက်ဝင်သက် လေးချက်ကြာရိယာ တဖြာပူအေး လေးထွေဘုတ်မဟာ အစာအာဟာရ စသည်စုပေါင်းများစွာသော အကြောင်းအရာတို့နှင့်။ သမ္ဗန္ဓံ၊ ဆက်စပ်သည်လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ မုဟုတ္တန္တရေပိ၊ တမုဟုတ် ချက်တစ်ဖြုတ် တိုတောင်းသောကာလအတွင်း၌လည်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဘဝေယျ ဟိ ခေါ၊ ဖြစ်နိုင်သည်သာ။

■■■

## ဥဘတောဝိဘင်္ဂရေဆရာတော် (၄)
## သဒ္ဓမ္မသိရိပါလဝိဘင်္ဂဘာဏကမဟာဓမ္မရာဇဂုရု
## ဘွဲ့တံဆိပ်တော်ရ အရှင်သဒ္ဓမ္မသိရီ

ဆရာတော် အရှင်သဒ္ဓမ္မသိရိသည် ပခန်းစီရင်စု အန္တပိုရွာ၌ သက္ကရာဇ် ၁၁၇၃-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## ဥဘတောဝိဘင်းပြန်ဆိုအောင်မြင်ခြင်း

ဆရာတော်အရှင်သဒ္ဓမ္မသိရိသည် အမရပူရမြို့တော်သို့ ကြွရောက်တော်မူ၍ အရှေ့တော်စီးတော်မြင်းဝန်တိုက်၌ သီတင်းသုံး၍ ကျမ်းဂန်တတ် ဆရာတော်များထံ ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ဂန္ထန္တရအဝဝတို့ကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၄၃-နှစ်၊ သိက္ခာတော် ၂၄-ဝါအရတွင် "ဥေယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသ သီတင်းသုံးရာ အမရပူရ အဘယာရာမ(ဝိဇိတာရာမ)တိုက်တော်၌ သာသနာပိုင်ဆရာတော်ဘုရားကြီး ရှေ့မှောက်တွင် ၁၂၁၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ၉-ရက်နေ့မှစ၍ လပြည့်ကျော် ၆-ရက်နေ့အထိ ၁၃-ရက်နှင့် ဥဘတောဝိဘင်းပြန်ဆိုအောင်မြင်သဖြင့် အရှင်သဒ္ဓမ္မသိရိအား "သဒ္ဓမ္မသိရိပါလဝိဘင်္ဂဘာဏကမဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ်တော် လှူသင့်ကြောင်း ၁၂၁၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်နေ့တွင် သာသနာပိုင် ဆရာတော်ဘုရားကြီး စာသွင်းသဖြင့် မင်းတုန်းမင်းတရားသည် ၁၂၁၆-ခုနှစ် နတ်တော်လဆန်း ၁၂-ရက်နေ့တွင် သံတော်ဆင့်ရတနာ လေှခါးတော်မှူး မင်းလှသိရိဇေယျသူ၊ ဝတ်မြေဝန်ရာဇပလကျော်ထင်တို့ကို ကျောင်းတော်သို့စေလွှတ်၍ လှူစေတော်မူလေသည်။

သာသနာပိုင်ဆရာတော် အရှင်ဥေယျဓမ္မာဘိဝံသ ဆရာတော်ဘုရားကြီးသည် အရှင်သဒ္ဓမ္မသိရိကို ကျောင်းတော်သို့ခေါ်၍ သက်န်းတိစီဝရိက်နှင့် တံဆိပ်တော်ကို လှူတော်မူသည်။

## သံဝေဂယူရန်

" သဒ္ဓမ္မပါလဝိဘင်္ဂဘာဏကမဟာဓမ္မရာဇဂုရု " ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သဒ္ဓမ္မသိရိသည် သာသနာတော်အကျိုး သည်ပိုးရွက်ဆောင် ယင်း စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

**တေ သာရိပုတ္တပမုခါ မုနိသာဝကာ စ၊**
**သုဒ္ဓါ သဒါ အာသဝါနုဒါ ပဝရမိဒ္ဓိပတ္တာ။**
**တေစာပိ မစ္စုလတာ မုခသန္ဓိမုဂ္ဂါ၊**
**ဒီပါနိဝါနိလဟတာ ခယတံ မုပေတာ။**

(တေလကဋာဟဂါထာ ၂၀ ဂါထာ)

သဒါ၊ အခါခပ်သိမ်း။ သုဒ္ဓါ၊ စင်ကြယ်တော်မူကြကုန်သော။ အာသဝါနုဒါ၊ အာသဝေါတရားတို့ကို ပယ်နှုတ်တော်မူကြပြီးကုန်သော။ ပဝရမိဒ္ဓိပတ္တာ၊ လွန်မြတ်သော တန်ခိုးဣဒ္ဓိပါဒ်သို့ ရောက်တော်မူကြကုန်ပြီးသော။ သာရိပုတ္တပမုခါ၊ ပညာဧတဒဂ် လက်ျာတော်ရံ ဂုဏ်လျှံကဲပို ဓမ္မသေနာပတိ ထေရ်ပုဂ္ဂိုလ်ဖြစ်သော အရှင်သာရိပုတ္တရာ အမျူးရှိကုန်သော။ ယေ မုနိသာဝကာ စ၊ အကြင် ဘုရားမုနိ၏ တပည့်တို့သည်လည်း။ သန္တိ၊ ရှိတော်မူကြကုန်၏။ တေ စာပိ၊ ထိုဘုရားတပည့်သားတို့သည်လည်း။ မစ္စုလတာမုခ သန္ဓိမုဂ္ဂါ၊ သေခြင်းတည်းဟူသော ဗလဝါမုခ ဝဲသြဃအဝဌ် နစ်မြုပ်ကုန်သည်ဖြစ်၍။ အနိလဟတာ၊ လေဖြင့် တိုက်ခတ်အပ်ကုန်သော။ ဒီပါနိ ဣဝ၊ ဆီးမီးတို့ကဲ့သို့။ ခယတံ၊ ချုပ်ငြိမ်းခြင်းသို့။ ဥပေတာ၊ ကပ်ရောက်တော်မူကြလေကုန်ပြီ။

■■■

## ဥဘတောဝိဘင်္ဂရေဆရာတော် (၅)

## ဥဘတောဝိဘင်္ဂရေ ဆရာတော်အရှင်ကေလာသ

ဥဘတောဝိဘင်္ဂရေ ဆရာတော် အရှင်ကေလာသအားလည်း မင်းမြတ်ထံ မေတ္တာစာသွင်း၍ ချီးမြှောက်တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀-ရက်နေ့ သွင်းသည့် မေတ္တာစာ။

တိုက်တော် ဦးကလျာဏကျောင်းနေ ဦးကလျာဏ၏တပည့် နေရပ်ပဉ္စာလအဝင် ညောင်ပင်မြို့ ငယ်မည် ဦးလွယ်၊ ရဟန်းအမည် အရှင်ကေလာသ အသက် ၂၉-နှစ်၊ သိက္ခာ ၁၀-ဝါရသည့်ပုဂ္ဂိုလ်သည် ဧကရာဇ်မင်းမြတ်က သာသနာတော်၏ စည်ပင်ပွင့်လင်းကြောင်း ကောင်းသောမနသိကာရဖြင့် တိုက်တွန်းတော်မူ၍ သက္ကရာဇ် ၁၂၁၆-ခုနှစ် တော်သလင်းလဆန်း ၁-ရက်နေ့ကစ၍ ပြန်ဆိုသည်။ လဆန်း ၉-ရက်တိုင်ရောက်လျှင် ဝိဘင်း ၂-ကျမ်းကိုပြန်ဆို၍ အပြီးဆုံးသို့ ရောက်သည်။ ချီးမြှောက်တော်မူရမည်မှာ အနုထေရ်ဖြစ်၍ တံဆိပ်တော်ကပ်လှူရမည်ကို လွတ်လပ်စေ၍ မိဖပေါက်ဖော်တို့ကို ပဋ္ဌမကြီးများကို ချီးမြှောက်သည့်နည်း ချီးမြှောက်တော်မူရလျှင် သာသနာတော် စည်ပင်ပွင့်လင်းခြင်းအကြောင်း ပြည့်စုံရာသည်။ သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

ဆရာတော်ကား ချီးမြှောက်တော်မူရာ သာသနာပိုင်အရာကို ထိုက်တန်တော်မူလှပါပေသည်။ ယင်းသို့ချီးမြှောက် တိုက်တွန်းတော်မူခဲ့သော သာသနာပိုင် ဆရာတော်ဘုရာကြီးသည်လည်း စုတိကမ္မဇရုပ်ချုပ်ခဲ့လေပြီ။ သာသနာပြုမင်းတရားကြီးလည်း နတ်ရွာစံခဲ့လေပြီ။ ဥဘတောဝိဘင်းပြန် အရှင်ကေလာသလည်း လွန်ခဲ့လေပြီ။

### သံဝေဂယူရန်

ဇီဝိတာ၊ အသက်ဝိညာဉ်ရှင်ရခြင်းဟူသမျှတို့သည်။ စုတျန္တာ၊ စုတိပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိကုန်၏။

■ ■ ■

## ဝိနယဓရဆရာတော် အရှင်ကေလာသ

သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဥဘတောဝိဘင်း ပြန်ပြီးသူ အရှင်ကေလာသသည် နောက်ထပ်ဝိနည်း ၃-ကျမ်းပြန်သဖြင့် ဝိနည်းငါးကျမ်း ပြန် ဝိနယဓရဖြစ်တော်မူသော အရှင်ကေလာသကား စာသွင်း၍ ချီးမြှောက် တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့ သွင်း သည့် မေတ္တာစာ။

အထက်ဝိဘင်းနှစ်ကျမ်းကို ပြန်ဆိုတော်မူ၍ပြီးကြောင်းနှင့် သွင်းသည့် နေရပ် ညောင်ပင်မြို့၊ ငယ်မည် ဦးလွယ်၊ ရဟန်းအမည် အရှင်ကေလာသသည် သဒ္ဓါတရား တိုးပွားပြန်သည်ဖြစ်၍ သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ သီတင်းကျွတ် လဆန်း ၁-ရက်နေ့ကသည် ၅-ရက်နေ့တိုင် မဟာဝါခန္ဓကပါဠိတော်ကို ပြန်ဆို သည်။

၎င်းလဆန်း ၆-ရက်နေ့ကစ၍ ၁၄-ရက်နေ့တိုင် ပရိဝါရပါဠိတော်ကို ပြန်ဆိုပြီးသည်။ အထက်ဝိနည်း ၃-ကျမ်းကို ၁၄-ရက်နှင့် ပြန်ဆိုသည့် ကုသိုလ် အဖို့ကို ဧကရာဇ်မင်းမြတ်ကို အစပြု၍ သတ္တဝါများတို့အား အမျှပေးတော့သည်။ သာဓုအနုမောဒနာ သဒ္ဓါတရား တိုးပွားတော်မူရမည် တရားမင်းမြတ်။

## ပုဂ္ဂိုလ်ကျော်များ ပူဇော်လှူဒါန်းစေခြင်း

တိုက်တော်နေ တလုပ်မြို့ စီရင်စု ကြည်းပင်ထွန်ရွာနေ အရှင်စန္ဒိမဥ္ဇူ၊ စလင်းမြို့ စီရင်စု သမန်းရင်ရွာ အရှင်သုဇာတ, ဒီပဲယင်းစီရင်စု ရင်းမာကန်ရွာ အရှင်ကေလာသ, လယ်ကိုင်းမြို့ အရှင်သုဇာတ ၄-ဦးသား ပုဂ္ဂိုလ်တို့မှာ ဝိဘင်း နှစ်ကျမ်း၊ ညောင်ပင်မြို့ အရှင်ကေလာသမှာ ဝိနည်းငါးကျမ်းတို့ကို ဝါစုဂ္ဂတပြန်ဆို ၍ သက္ကရာဇ် ၁၂၁၆-ခုနှစ် နတ်တော်လဆန်း ၁-ရက်နေ့ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်က သာသနာတော် စည်ပင်ပွင့်လင်းခြင်းကို အလိုရှိ သည်ဖြစ်၍ ၎င်းပုဂ္ဂိုလ်ငါးဦးတို့၏ မိဖပေါက်ဖော် တစ်စုတို့ကို အစုအမှုထမ်း ကလွတ်ငြိမ်းအောင် စာချွန်နှင့်သက်န်းတိစီဝရိက်များကို တောင်သာမြို့စား ဒိသာ

ပါမောက္ခဆရာ သံတော်ဆင့်ရတနာလှေခါးတော်မျှူး မင်းလှသိရိဇေယျသူ တို့ကို စေတော်မူ၍ ကျောင်းတော်မှာ လျှူလာစေသည်။

■ ■ ■

## ဥဘတောဝိဘင်္ဂရဆရာတော် (၆)

## ဝိဘင်္ဂရဆရာတော် အရှင်ဝိသုဒ္ဓ

ဆရာတော် အရှင်ဝိသုဒ္ဓသည်လည်း မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မ၏ ချီးမြှောက်မှုကို ခံယူတော်မူရသည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်, ရှင်ရဟန်းပြုတော်မူ, ပညာသင်ကြားခြင်း

စလင်းမြို့ စီရင်စု မဲဇလီရွာ၌ သက္ကရာဇ် ၁၁၈၇-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြုကာ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်ဝိသုဒ္ဓ ဖြစ်လေသည်။ အမရပူရမြို့တော် သာသနာပိုင်၏ တိုက်တော်သို့ရောက်၍ သီတင်းသုံးကာ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မာဘိဝံသနှင့် စာချဆရာတော်များထံ ဂန္ထဓုရ အဝဝကို သင်ယူတော်မူခဲ့လေသည်။

### ဥဘတောဝိဘင်း ပြန်ဆိုအောင်မြင်ခြင်း

အရှင်ဝိသုဒ္ဓသည် နှုတ်တော်သွက် ဉာဏ်တော်ထက်သူ ဖြစ်လေသည်။ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မာဘိဝံသနှင့် တံဆိပ်တော်ရ မရ ကျမ်းဂန်တတ် ဆရာတော်ကြီးများနှင့် မင်းမှုထမ်း ပရိသတ်ရှေ့မှောက်၌ ဥဘတောဝိဘင်းကို ၁၂၁၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁-ရက်နေ့မှစ၍ ၆-ရက်နေ့တိုင် ၆-ရက်အတွင်း ကရားရေလွှတ် တွတ်တွတ်ပြန်ဆို အောင်မြင်တော်မူခဲ့လေသည်။

သို့နှင့် သာသနာပိုင် ဆရာတော်ဘုရားကြီးက ၁၂၁၆-ခုနှစ် နတ်တော်

လပြည့်ကျော် ၉-ရက်နေ့တွင် အရှင်ဝိသုဒ္ဓအား ပထမကြီးတန်းတို့နည်းတူ ချီးမြှောက်တော်မူရလျှင် သင့်လျော်မည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ဟူ၍ စာသွင်းတော်မူခဲ့လေသည်။ သို့ဖြစ်၍ ၁၂၁၆-ခုနှစ် ပြာသိုလဆန်း ၇-ရက်နေ့တွင် သာသနာ့ ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်က သာသနာတော်ပွင့်လင်းခြင်းကို အလိုရှိသည်ဖြစ်၍ ရဟန်းတော်အရှင်ဝိသုဒ္ဓ၏ မိဖပေါက်ဖော်တစ်စုတို့ကို အမှုထမ်းမှလွတ်ငြိမ်းအောင် စာချွန်နှင့် သက်န်းတိစီဝရိတ်များကို သံတော်ဆင့်ရတနာလှေမှူး မင်းလှသိရိဇေယျသူ ဝတ်မြေဝန်ရာဇဗလကျော်ထင်တို့ကိုစေလျှက် ကျောင်းတော်၌ လှူတော်မူလေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်ဝိသုဒ္ဓသည် ဆက်လက်၍ ပရိယတ် ပဋိပတ်ကို ချပို့, ကျင့်ကြံ, ဆောင်ရွက်တော်မူခဲ့လေသည်၊ ယင်းသို့ ထမ်းရွက်စဉ်အတွင်း ပြုလက်စသာသနာ့ကိစ္စ တာဝန်များကိုထားရစ်ကာ လွန်တော်မူလေသည်။

## သံဝေဂယူရန်

**နတ္ထိ မစ္စုသော နာဂမော** = သေမင်းခေါ်ငြား သေခြင်းတရား၏ မလားမရောက်ရာ အရပ်ဟူသည် ပုံသေမုချ မရှိသည်သာတည်း။

■ ■ ■

### ဥဘတောဝိဘင်္ဂရေဆရာတော် (၇)

## ဥဘတောဝိဘင်္ဂပြန် ဆရာတော် အရှင်သုဇာတ

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသသည် အရှင်သုဇာတ ဥဘတောဝိဘင်း ပြန်ဆိုအောင်မြင်၍လည်း အောက်ဖော်ပြပါအတိုင်း မေတ္တာစာသွင်း ချီးမြှောက်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၁၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့ သွင်းသည့် မေတ္တာစာဖြစ်သည်။

"မြောက်တိုက်တော် ဦးကလျာဏကျောင်းနေ ဦးကလျာဏ၏တပည့် နေရပ်စလင်းမြို့၊ စီရင်စု သမန်းရင်းရွာ အသက် ၃၂-နှစ်၊ သိက္ခာ ၁၃-ဝါ၊ ငယ် နာမည် ဦးဆို၊ ရဟန်းအမည် အရှင်သုဇာတသည် သာသနာစီးပွားကြောင်း နိသျည်းပေးထိုက်ကြောင်း ဝိဘင်းနှစ်ကျမ်းကို ပြန်ဆိုတော်မူစေလိုသော ဇကရာဇ် မင်းမြတ်၏ အလိုတော်အတိုင်း သက္ကရာဇ် ၁၂၁၆ ခုနှစ် သီတင်းကျွတ် လဆန်း ၁-ရက်နေ့ကစ၍ လဆန်း ၉-ရက်နေ့တိုင် ၉-ရက်နှင့် ဝိဘင်းနှစ်ကျမ်းကို ဝါစုဂ္ဂတ ပြန်ဆို၍ ပြီးမြောက်သည်။

ချီးမြှောက်တော်မူရမည်မှာ မိဖပေါက်ဖော်တို့ကို အထက်ကသွင်းသည့် ဝိဘင်းပြန်တို့နည်းတူ ချီးမြှောက်တော်မူရလျှင် သင့်မည် မင်းတရားမြတ်"။

ဆရာတော် အရှင်သုဇာတသည်လည်း အလွန်တော်သည်။ သာသနာ ပိုင် ဆရာတော်ဘုရားကြီးသည်လည်း ချီးမွမ်းကောင်းပါပေသည်။ တော်လှပါ ပေ၏။ ချီးမြှောက်သင့်သူကို ချီးမြှောက်တော်မူခဲ့ လေသည်။

နိဂ္ဂဟေ နိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယျေ စ ပဂ္ဂဟံ။
သမ္ဗုဒ္ဓသာသနံ ဟောဟိ၊ သောခေတိ ယတိ ပုင်္ဂဝေါ။

## သံဝေဂယူရန်

ဥဘတောဝိဘင်းပြန် အရှင်သုဇာတနှင့် သာသနာပိုင်ဆရာ တော်ဘုရား ကြီးကား စုတိပြတ်ကြွေ ပျံလွန်တော်မူကြလေကုန်ပြီ။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည်ကား။ မိနာသိနော၊ အမြဲအတည်မရှိ ပျက်စီးခြင်းသဘော ရှိကုန်စွ တကား။

■ ■ ■

## ဥဘတောဝိဘင်္ဂဓရဆရာတော် (၈)

## ဥဘတောဝိဘင်္ဂရေ ဆရာတော် အရှင်စန္ဒမဥ္စူ

ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မြောက်တိုက်တော် ထောင့်ကျောင်းနေ အရှင်စန္ဒမဥ္စူသည် ဥဘတောဝိဘင်းပြန်ဆိုသဖြင့် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မာဘိဝံသသည် အောက်ပါမေတ္တာစာသွင်း၍ ချီးမြောက်စေတော်မူလေသည်။

သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅-ရက်နေ့ သွင်းသည့်စာ ဖြစ်သည်။

ဆရာတော် စာတင်သွင်းအပ်သည် မြောက်တိုက်တော် ထောင့်ကျောင်းတွင် သီတင်းသုံးနေသည့်ရဟန်း ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီး၏မြေးနေရပ် တလုပ်မြို့ စီရင်စုကျဉ်းပင်ကန်ရွာ အသက် ၃၃-နှစ်၊ သိက္ခာ ၁၂-ဝါငယ်မည် ဦးခါ၊ ရဟန်းအမည် အရှင်စန္ဒမဥ္စူပုဂ္ဂိုလ်သည် သာသနာတော် စည်ပင်ပွင့်လင်းကြောင်း ဘေးလောင်း တော်မင်းတရားကြီး ရွှေလက်ထက်တော်က နည်းနိသျှည်းအင်္ဂါ ဝိဘင်းကျမ်း၂-ဖြာကို ဆောင်ရွက်စေလိုကြောင်းနှင့် ဧကရာဇ်မင်းမြတ် လျှောက်ထားတိုက်တွန်းတော်မူ၍ သက္ကရာဇ် ၁၂၁၆-ခုနှစ် တော်သလင်းလဆန်း ၂-ရက်နေ့ကစ၍ ၁၁-ရက်နေ့တိုင် ၁၀-ရက်နှင့် ဘိက္ခုဝိဘင်းပြန်ဆိုပြီးသည်။ ၎င်းလဆန်း ၁၂-ရက်နေ့ကစ၍ ၁၄-ရက်နေ့တိုင် ၃-ရက်နှင့် ဘိက္ခုနီဝိဘင်းပြန်ဆိုပြီးသည်။ ချီးမြောက်တော်မူရသည်မှာ ပထမကြီးတို့ကို ချီးမြောက်တော်မူသည့်နည်းအတိုင်း မိဖတို့ကို ချီးမြောက်တော်မူလျှင် အမျိုးသားတို့သည် တရားကိုအားထုတ်၍ သာသနာတော် မဆုတ်မယုတ်ရာ လောကဓမ္မအကျိုးတရား ပွားများရာသည့်အကြောင်းကို စာသွင်းအပ်သည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။ သာသနာပိုင်ဆရာတော် အရှင်ဥေယျဓမ္မာဘိဝံသကား ချီးမြောက်သင့်သူကို ချီးမြှောက်စေတော်မူခဲ့လေသည်။ ယခုမူကား သာသနာပိုင် ဆရာတော်ဘုရားကြီးလည်း မရှိတော့ပြီ။ အရှင် စန္ဒမဥ္စူလည်း မရှိတော့ပြီ။

## သံဝေဂယူရန်

အဘိနိဗ္ဗတ္တိ၊ ရုပ်နာမ်တို့၏ ဖြစ်ခြင်းသည်။ ဒုက္ခာ၊ သုခမဖက် ဒုက္ခ သက်သက်သာတည်း။ အနဘိနိဗ္ဗတ္တိ၊ ရုပ်နာမ်တို့၏မဖြစ်ခြင်းသည်။ သုခါ၊ ဒုက္ခမသန်း ချမ်းသာလှချေ၏။

■ ■ ■

## ဉဘတောဝိဘင်္ဂရေဆရာတော် (၉)

## ဉဘတောဝိဘင်္ဂရေ အရှင်ကေလာသဘ

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာဘိဝံသသည် အရှင်ကေလာသဘ၏ ဉဘတောဝိဘင်း ပြန်ဆိုအောင်မြင်တော်မူရာ၌လည်း မေတ္တာစာသွင်း ချီးမြှောက်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့ သွင်းသည့် မေတ္တာစာဖြစ်သည်။

မြှောက်ကိုယ်တော် ဓနုဖြူကျောင်းနေ ငယ်မည် ဦးကျော်ဇံ ရဟန်းမည် အရှင်ကေလာသဘ အသက်၂၇-နှစ်၊ သိက္ခာ ၇-ဝါရပြီးသည့်ပုဂ္ဂိုလ်သည် သာသနာတော် ပွားစီးကြောင်းကို အလိုရှိတော်မူသည်ဖြစ်၍ ကျက်မှတ်သည့် ဝိဘင်းနှစ်ကျမ်းကို သက္ကရာဇ် ၁၂၁၆-ခုနှစ် တော်သလင်းလဆန်း ၅-ရက်နေ့ ကစ၍ ၁၃-ရက်နေ့တိုင် ၉-ရက်နှင့် ဘိက္ခုဝိဘင်း ပြန်ဆို၍ပြီးသည်။ ၎င်း လပြည့်ကျော် ၁-ရက်နေ့ကစ၍ ၄-ရက်နေ့တိုင် ဘိက္ခုနီဝိဘင်းကို ပြန်ဆို၍ပြီး သည်။ ရဟန်းအရှင် ကေလာသဘမှာ တမိသားချင်း ဆွေမျိုးတို့ကို ချီးမြှောက် ရန်မရှိ ပြန်ဆို သောကုသိုလ်အဖို့ကိုသာ ဧကရာဇ်မင်းမြတ်က ပတ္တာနုမောဒနာ ကုသိုလ်ကို သဒ္ဓါရွှေ့ထား၍ ပွားများတော်မူရမည်။ သာသနာ့ဒါယကာ မဟာ ဓမ္မရာဇ် တရားမင်းမြတ်။

## သံဝေဂယူရန်

သာသနာပိုင်ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသကား ချီးမြှောက်သင့်သူကို ချီးမြှောက်တော်မူခဲ့လေသည်။ အရှင် ကေလာသဘကား ချီးမြှောက်ခံရအောင်ပြည့်စုံသည့် ပုဂ္ဂိုလ်ထူးဖြစ် လေသည်။ ယင်းပုဂ္ဂိုလ်တို့ကား ချုပ်ပျက်ပျံလွန်တော်မူခဲ့ကြလေကုန်ပြီ။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ အသဿတာ၊ ပုံသေမှုချ မမြဲပါချေကုန်စွတကား။

■ ■ ■

# ဥဘတောဝိဘင်္ဂရေ (၁၀)

## ဥဘတောဝိဘင်္ဂရေ ဆရာတော် အရှင်သုဇာတ

ရဟန်းတော်အရှင်သုဇာတ ဥဘတောဝိဘင်း ပြန်ဆိုအောင်မြင်စဉ်ကလည်း သာသနာပိုင်ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသသည် စာသွင်း၍ ချီးမြှောက်စေတော်မူခဲ့လေသည်။

၁၂၁၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့တွင် သွင်းသည့် မေတ္တာစာ။

အဘယာရာမတိုက်တော် လည်(လယ်)ကိုင်းဆရာတော်တပည့် နေရပ်လည်(လယ်)ကိုင်းမြို့နေ ရဟန်းအမည် အရှင်သုဇာတ၊ အသက် ၂၅-နှစ်၊ သိက္ခာ ၅-ဝါရသည့်ပုဂ္ဂိုလ်သည် သက္ကရာဇ်၁၂၁၆-ခုနှစ် တော်သလင်းလဆန်း ၅-ရက်နေ့မှ ၈-ရက်နေ့တိုင်အောင် ၄-ရက်နှင့် ပါရာဇိကဏ်ပါဠိတော်ကို ပြန်ဆို၍ပြီးသည်။ ၎င်းလပြည့်ကျော် ၁-ရက်နေ့ကစ၍ ၃-ရက်နေ့တိုင် ၃-ရက်နှင့် ပါစိတ်ပါဠိတော်ကို ပြန်ဆို၍ပြီးသည်။ ဘိက္ခုဝိဘင်းကိုပြန်ဆိုပြီးလျှင် အဖျားရောဂါကပ်ရောက်၍ သီတင်းကျွတ်လဆန်း ၁-ရက်နေ့မှစ၍ ၂-ရက်နှင့် ဘိက္ခုနီဝိဘင်းကို ပြန်ဆို၍ပြီးသည်။

ကုသိုလ်အဖို့ကို အမျှယူတော်မူရမည်။ ချီးမြှောက်တော်မူရမည်မှာ ငယ်ရွယ်စဉ်က မိဖတို့သေလွန်၍ ဘထွေးမိထွေး အစ်ကိုအစ်မတို့က လုပ်ကျွေးမွေးမြူ၍ ကြီးပွားသည်။

၎င်းမွေးမြူသူတို့ ချီးမြှောက်တော်မူလျှင် ရဟန်းအရှင်သုဇာတသည် သာသနာတော်ကို အဖော်သဟဲဖြစ်၍ အထောက်အပံ့ ဖြစ်ရသည့်အကြောင်းရှိသည်။ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

ဖော်ပြပါ အရှင်သုဇာတကား နောက်တွင် "သုဇာတာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" "သုဇာတာဘိသိရိဓဇာဓိပတိပဝရမဟာ ဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ **သမ္မုတိမိုးတား သာသနာပိုင်** ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည်။ ၁၂၆၃-ခုနှစ် တပေါင်းလပြည့်ကျော် ၆-ရက် စနေနေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သင်္ခါရာ စဥ္စလာ ဟိ ခေါ၊ သင်္ခါတရားတို့ကား လျှပ်ရှား ပျက်ပြားတတ်ကုန်စွတကား။

■ ■ ■

## ဝေရမ္ဘဇေအရည၀ါသီမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝေရမ္ဘဇေ

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသသည် စစ်ကိုင်းတောရ အရှင်အနုရုဒ္ဓါ(ချောင်)ဘုန်းတော်ကြီးကို သက်တော်ကြီးကြောင်း သက်တော်ရှည်ကြောင်း တံဆိပ်တော်ကပ်လှျင် သင့်လျော်မည် တရားမင်းမြတ်။ အနုဒ္ဓါဘုန်းတော်ကြီးကိုလှူရန် တံဆိပ်တော် "ဝေရမ္ဘဇေအရည၀ါသီမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူ၍ သက္ကရာဇ် ၁၂၁၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်နေ့တွင် စာသွင်းတော်မူခဲ့လေသည်။

ယင်းသို့ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ စာသွင်းသဖြင့် စစ်ကိုင်းမြို့ တောရအနုရုဒ္ဓါဘုန်းတော်ကြီးကို သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်က ဘုန်းတော်ကြီးကြောင်း သက်တော်ရှည်ကြောင်း လဇ္ဇီပေသလသိက္ခာကာမဂုဏ်တော်တို့ကို ရည်ရွယ်တော်မူ၍ သက္ကရာဇ် ၁၂၁၆-ခုနှစ်၊ နတ်တော်လဆန်း ၁၂-ရက်နေ့ သံတော်ဆင့်ရတနာ လေ့ခါးတော်မှူး မင်းလှသိရိဇေယျသူ, ဝတ်မြေဝန်ရာဇဗလကျော်ထင်တို့ကိုစေတော်မူ၍ သက်န်းလျာပိတ်အုပ်နှင့် တံဆိပ်တော်ကို ကျောင်းတော်မှာ လှူလာစေသည်။

သာသနာပိုင်ဆရာတော်ကြီးက အနုရုဒ္ဓါချောင် ဘုန်းတော်ကြီးကို ကျောင်းတော်သို့ပင့်၍ ၎င်းတံဆိပ်တော်နှင့် သက်န်းလျာပိတ်အုပ်များကို လှူတော်မူသည်။

### သံဝေဂယူရန်

ဖော်ပြပါ "ဝေရမ္ဘဇေအရည၀ါသီမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသည် သက်ဆုံးတိုင် ဝါသ‌ခုရကို ကြိုးကုတ်အားထုတ်ရင်း စုတိကမ္မဇရုပ် ချုပ်တော်မူလေသည်။

ဇီဝိတံ၊ အသက်ဝိညာဥ်ရှင်ရခြင်းသည်။ မရဏန္တံ ဟိ၊ စုကိုပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိသည်သာ။

■ ■ ■

# မန္တလေးသာသနာဝင်

# စတုဝီသတိမတွဲ

## မဟာဝိသုတာရာမတိုက်တော်
## ပဓာနမဟာနာယက
## ဆရာတော်ကြီး (၁၁)ပါး

## မဟာဝိသုတာရာမတိုက်
## ပဓာနမဟာနာယကဆရာတော်ကြီး (၁၁)ပါး


၁။ ဉာဏိန္ဒာဘိ သိင်္ဂမဇ မဟာဓမ္မရာဇာဓိရာဇဂုရု
ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒ (၁၁၈၀-၁၂၆၃)-
၁၂၂၇-၁၂၆၃) ၄၀၁

၂။ ဆရာတော် အရှင်မုနိန္ဒ ၄၁၀

၃။ နန္ဒသာရသိရီ သဒ္ဓမ္မရာဇဂုရု
နန္ဒသာရသိရီ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
နန္ဒသာရာဘိဓဇဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု
ပခန်းသမ္ဗုတိ သာသနာပိုင်ဆရာတော် အရှင်နန္ဒသာရ ၄၁၀
(၁၁၈၂-၁၂၆၃-၁၂၆၂)

၄။ လှေသင်းဆရာတော် ၄၂၆

၅။ မာလာလင်္ကာရ သိရီပဝရ မဟာဓမ္မရာဇာဂုရု
မာလာင်္ကာရ သာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု
မာလာလင်္ကာရဓဇဓမ္မသေနာပတိ အတုလာဓိပတိ
သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ တောင်တော်
သာသနာပိုင်ဆရာတော် အရှင်မာလာ (၁၁၇၈-၁၂၅၇) ၄၂၇

၆။ ဂုဏာလင်္ကာရမဟာဓမ္မရာဇဂုရု
ဂုဏာဘိလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊
အဂ္ဂမဟာပဏ္ဍိတ ကျောက်ပန်းတောင်းဆရာတော် အရှင်ဂုဏ
(၁၂၁၇-၁၂၉၃) (၁၂၆၈-၁၂၉၃) ၄၂၉

၇။ ဆရာတော် အရှင်သီလဝံသ ၄၃၄

၈။ ဆရာတော် အရှင်နန္ဒဝံသ (၁၂၄၁) ၄၃၄

၉။ ဆရာတော် အရှင်ဓမ္မာဘိဝံသ (၁၂၄၁-၁၃၁၆) ၄၃၄

၁၀။ ညောင်အုပ်ဆရာတော် အရှင်ဝိသုဒ္ဓ (၁၂၅၅-၁၃၃၇) ၄၅၈

၁၁။ ဆရာတော် အရှင်ပဏ္ဍိတ (၁၂၇၃- ------) ၄၅၉

## မဟာဝိသုတာရာမ ဒုတိယတိုက်တော်ဆရာတော် (၁) ဉာဏိန္ဒာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဉာဏိန္ဒ

မဟာဝိသုတာရာမတိုက်တော်၌ သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျမမ္မာဘိဝံသ လွန်တော်မူပြီး နောက် စစ်ကိုင်းတောင်ရိုး ပရက္ကမချောင်၌ သီတင်းသုံးသော ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒ သည် အဓိပတိ သံဃမဟာနာယက ဖြစ်တော်မူလေသည်။

စစ်ကိုင်းတောင်ရိုး ပရက္ကမချောင်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့ သည့်အတွက် ပရက္ကမဆရာတော်ဟု ထင်ရှားလေသည်။ ယင်းပရက္ကမဆရာ တော်သည် သက္ကရာဇ် ၁၁၈၀-ပြည့်နှစ်ပတ်ဝန်းကျင်တွင် ဖွားမြင်သည်ဟု ခန့်မှန်း မိလေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင် တော်မူခဲ့လေသည်။

## သာသနာပိုင် ၂-ပါးထံ ပညာသင်

ပရက္ကမဆရာတော်လောင်းလျာသည် သဲအင်းသာသနာပိုင် ဆရာတော် ဘုရားကြီး "သူရိယာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်သူရိယထံ ပညာသင်ကြားတော်မူခဲ့ပြီး အမရပူရ မြို့တော် သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျ မမ္မာဘိဝံသထံသို့ရောက်ရှိ၍ ကြာမြင့်စွာ ပညာသင်ကြားတော်မူခဲ့လေသည်။ စာပေသင်ကြား၍ တတ်မြောက်ပြီးနောက် စစ်ကိုင်းတောင်ရိုး ပရက္ကမချောင်၌ သီတင်းသုံး၍ တရားအားထုတ် ကျင့်ကြံ သီတင်းသုံးတော်မူခဲ့လေသည်။

## သာသနာပိုင်ဆရာတော်အရှင်ဥ ယျမမ္မာဘိဝံသက ကျမ်းစာရေးပေးခြင်း

သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင် ဥ ယျမမ္မာဘိဝံသသည် ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒအား များစွာ ခင်မင်

တော်မူသည်။ သက္ကရာဇ် ၁၂၁၇-ခုနှစ် ပရက္ကမချောင်နေ တပည့်-အရှင်ဉာဏိန္ဒ လေ့လာကြည့်ရှု မပြတ်နှုလုံးသွင်းရန် စိတ္တနိဂ္ဂဟကျမ်းကိုရေးသား၍ ချီးမြှင့်တော်မူခဲ့လေသည်။ ယင်းသို့ ပရက္ကမဆရာတော်၌ သာသနာပိုင်ဆရာတော် အရှင်ဥေယျမေဓာဘိဝံသက အသိအမှတ်ပြု အရေးပေးကြောင်း ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး သိရှိသည့်အပြင် မင်းတရားကြီး စစ်ကိုင်းရောက်စဉ် ပရက္ကမဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခဲ့ရာ ပို၍ကြည်ညိုလာခဲ့လေသည်။

## မဟာဝိသုတာရာမတိုက်တော် နာယကဖြစ်ခြင်း

သက္ကရာဇ် ၁၂၂၇- ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမေဓာဘိဝံသ ပျံလွန်တော်မူရာ မဟာဝိသုတာရာမတိုက်တော်၌ သံဃနာယက လစ်လပ်ခဲ့လေသည်။ ယင်းသို့ နာယကလစ်လပ်လေရာ ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒကိုပင့်၍ မဟာဝိသုတာရာမ တိုက်တော်ခေါ် သာသနာပိုင်တိုက်ကို တင်လျှောက်တော်မူခဲ့လေသည်။

## ဘွဲ့တံဆိပ်တော်ကပ်လှူခြင်း

ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒအား "ဉာဏိန္ဒာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့ တံဆိပ်တော်ကိုလည်း ဆက်ကပ် လှူဒါန်းတော်မူလေသည်။

## တိုက်တော်တင်လှူသည်ကို မနှစ်သက်ကြ

မင်းတုန်းမင်းတရားကြီးက တိုက်တော်ကို ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒအား တင်လှူတော်မူခြင်းကို ဆရာတော်ကြီးတချို့က ကျေနပ်တော်မမူကြကုန်။ ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီးနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးတို့၏ နာယကဖြစ်တော်မူသော ဆရာတော် အရှင်ဂန္ဓသာရသည်လည်း များစွာပင် မနှစ်သက်ချေ။

တိုက်တော်ကို ပရက္ကမဆရာတော်အား တင်လှူစဉ် ဆရာတော် အရှင်ဂန္ဓသာရသည် တိုက်တော်၌ သီတင်းသုံးလျက်ရှိနေ၏။

ဆရာတော် အရှင်ဂန္ဓသာရက "ကေသရာဇာခြင်္သေ့မင်းအောင်းသော ဂူ၌ သိင်္ဂါလကဝင်၍ အောင်းသည်" ဟုပင် ဆိုကြောင်းသိရ၏။

## ဓမ္မဝိသောဓနီကျမ်းပြုသူ၏ ဆရာ

တရားစာအမျိုးမျိုးနှင့် ရေစက်ချအမျိုးမျိုးတို့ကို ရေးသားဖော် ပြရာဖြစ်သော ဓမ္မဝိသောဓနီကျမ်းကြီးသည် ရှိုင်ဆိုက်စာမျက်နှာ ၅၀၀-ကျော်ရှိ၏။ ယင်းကျမ်းကြီးကို ၁၂၆၆-ခုနှစ်က စတင်၍ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ယင်းကျမ်းကြီးပြုစုသူမှာ ဂဏာစရိယ, ဂဏပါမောက္ခဖြစ်တော်မူသော အဝမြို့ ဂိုဏ်းချုပ် ရေသဖန်းတိုက်ဆရာတော် အရှင်ကဝိဓဇ ဖြစ်လေသည်။ အရှင်ကဝိဓဇသည် ရွှေဘိုကုန်းဘောင် ဆားတောင်ဇာတိ ဖြစ်လေသည်။

ယင်း ဓမ္မဝိသောဓနီကျမ်းပြု အင်းဝမြို့ ရေသဖန်းတိုက်ဆရာ တော် အရှင်ကဝိဓဇသည် ဖော်ပြပါ ပရက္ကမဆရာတော်ကြီး၏ တပည့်ရင်းဖြစ်လေသည်။ ထို့ကြောင့်ပင် ဓမ္မဝိသောဓနီကျမ်းဦး၌-

**လဒ္ဓလဍ္ဍိတာစေရာနံ၊ မဏိဇောတဋ္ဌ ပါကဋံ။**
**ပညာဇောတံ ဝိသေသေန၊ ဓမ္မဓဇံ ကရံ နမော။**

လဒ္ဓလဍ္ဍိတာစေရာနံ၊ သမ္မုတိနတ် လှူဒါန်းဆက်ကပ်၍ရအပ်သော "ဉာဏိန္ဒာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိသော မန္တလေး ရတနာပုံ ရွှေပြည်တော်ကြီး၏ အရှေ့ပြင် မဟာဝိသုတာရာမတိုက် မဟာ တုလ္လတ် ဘုံစံကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသော ပရက္ကမဆရာတော် ဘုရားကြီး ဆရာတော်အရှင်မြတ်တို့ကို လည်းကောင်း စသည်ဖြင့် ဓမ္မဝိသောဓနီ ကျမ်းပြုဆရာတော်ကိုယ်တိုင် ဖော်ပြ၍ အာစရိယပဏာမ ပြုတော်မူခဲ့လေသည်။

## နန်းမတော်မိဖုရား ခေါင်းကြီးအား ပရိတ်ဟော–ပဋ္ဌာန်းရွတ်

နန်းမတော်မိဖုရားခေါင်းကြီး မကျွန်းမမာစဉ် ပရက္ကမဆရာတော် သည် မင်္ဂလာရာမမောင်းထောင်ဆရာတော်, စံကျောင်းဆရာတော်, သစ်ဆိမ့်ဆရာ တော်, သက်ပန်းဆရာတော် စသည်တို့နှင့်အတူ ကြွရောက်၍ ပရိတ်တော်များ ပဋ္ဌာန်းဒေသနာများကို ရွတ်ဖတ်၍ ချီးမြှောက်တော်မူသည်။

## သီပေါမင်းတရားအား ဩဝါဒပေး

ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းတရားသည် ခမည်းတော်မင်းတရား နတ်ရွာစံပြီးနောက် မင်းအဖြစ်သို့ရောက်စတွင် ပရက္ကမဆရာ တော်အဝင်အပါ ဆရာတော်များကို နန်းတော်သို့ပင့်၍ ရှစ်ပါးသီလခံယူခြင်း, ဩဝါဒခံယူခြင်း တို့ကို ပြုခဲ့လေသည်။ ထိုစဉ်က ပရက္ကမဆရာတော်လည်းပါဝင်၍ မင်းတရားအား တရားဓမ္မဖြင့် ချီးမြှောက်တော်မူခဲ့လေသည်။ ဆရာတော်သည် နောက်တွင် စစ်ကိုင်းပရက္ကမချောင်မှာ ပြန်လည်၍ သီတင်းသုံးဟန်ရှိပါသည်။

## ပစ္စယဒီပနီပါဠိ နိဿယကျမ်းပြုစီရင်ခြင်း

ဆရာတော်အရှင်ဉာဏိန္ဒသည် အလွန်လျှင်ဉာဏ်ထက်, ဝီရိယကောင်း သူဖြစ်လေသည်။ အမရပူရမြို့တော် သဲအင်းသာသနာပိုင်ဆရာ တော်ဘုရား ကြီးနှင့် မောင်းထောင် သာသနာပိုင်ဆရာတော် အရှင်ဥ ယျမ္ဗောဘိဝံသက တပည့်အရှင်ဉာဏိန္ဒအား “ မောင်ဉာဏိန္ဒ ငါတို့ကျေးဇူးရှင် သဲအင်း သာသနာ ပိုင် ဆရာတော်ဘုရားကြီး၏ ဝီထိလက်ရိုး, မာတိကာဓာတုကထာ, ယမိုက်ဆယ် ကျမ်း, ပဋ္ဌာန်းတိက်ဒုက်ကုန် အဘိဓမ္မာချရိုးပို့ချစဉ်ကို ကျနစွာသင်ယူ၍ ကျမ်းစာ ပြုစုရမည်”ဟု အမိန့်တော် ရှိခဲ့လေသည်။ သို့နှင့် ဆရာတော်အရှင်ဉာဏိန္ဒသည် ပဋ္ဌာန်းအတွက် ပဋ္ဌာနပစ္စယဒီပနီပါဠိ နိဿယကျမ်းကို အမရပူရမြို့ မဟာဝိဇိ တာရုံ တိုက်တော်ကြီးအတွင်း ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသော မှန်ကျောင်းပေါ်တွင် မာရကင်အနောက်ခန်း၌ သီတင်းသုံးစဉ်ကစ၍ ရေးသား ပြုစီရင်တော်မူခဲ့ရာ ၁၂၆၃-ခု၊ နယုန်လတွင် ပြီးစီးခဲ့လေသည်။

ကျမ်းဦး၌ -

**အနညဝိသယံ ဓမ္မံ၊ ဝန္ဒိတွာန ပဒံ ဇိနံ။**

**အတ္ထာယ မန္ဒသောတူနံ၊ ဝက္ခံ ပစ္စယဒီပနံ။**

အဟံ၊ ငါသည်။ အနညဝိသယံ၊ တပါးသူတို့၏ အရာမဟုတ်သော။ ဓမ္မံ၊ အဘိဓမ္မာခုနှစ်ကျမ်းဝယ် နှစ်ဆယ့်လေးနည်း ပစ္စည်းသမူဟ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို။ ဝါ။ ကုသိုလ်စသောတရားတို့ကို ဟေတုစသောအားဖြင့် အထူးထူးအပြားပြား ဝေဖန်အပ်သော ပစ္စည်းတရားတို့ကို။ ဝါ၊ အနာဝရဏ ဉာဏကွန့်မြူး ထူးလည်းထွေလာ လိုလွန့်စွာလျှင် ကျက်စားရာ ပစ္စည်းတရားတို့ကို။ ဝဒံ၊ ဟောတော်မူတတ်သော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ မန္ဒသောတူနံ၊ ဉာဏ်သေးနုနယ် စာသင်ငယ်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ တတ္ထ၊ ထိုအဘိ ဓမ္မတ္ထသင်္ဂဟ၌။ ပစ္စယဒီပနံ၊ ပဋ္ဌာန်းနည်းပြ ပစ္စယသင်္ဂဟ၏ အနက်အဓိပ္ပါယ်ကို ပြရာပြကြောင်းဖြစ်၍ ပဋ္ဌာနပစ္စယဒီပနီ မည်ရှိသောကျမ်းကို။ ဝက္ခံ၊ မိန့်ဆိုမြွက်ကြား ရေးသားပြုပြင် စီရင်အံ့သတည်းဟူ၍ ပဏာမ, ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

၁။ ဓညပုညသုလက္ခဏော၊ ရာဇဓမ္မာဒိသမ္ပန္နော။
သဗ္ဗဇနဟိတာဝဟော၊ ကာလေ ဒသမသုရဿ။

၂။ သာမဏေရဘာဝေယေဝ၊ ရဇာဒိဂုဏသမ္ပန္နော။
သံဃရာဇေန ပေါသိတော၊ ဥ တွာ ဝုဒ္ဓိကံ သာသနေ။

၃။ အညမညဝိဝါဒကေ၊ နိဿကဌာနေ ဌာပေသိ။
သဟာယေသုဇုဉာဏိကော၊ မဟာပညော မမာစေရော။

၄။ ပရပိတာ မဟာစေရံ၊ ဝါစနာမဂ္ဂပဒေသကံ။
အနာသံ ပေသိတာယ စ၊ သာသနာနုဂ္ဂဟာယ လိက္ခိတာ။

၅။ အာဂမေ လောကိယေသု စ၊ နာနာဘာသာသု ဝိညာတုံ။
ဒုညာတေ အပရိစယေ၊ စိန္တနေ အတိဥဿာဟော။

၆။ တေနေဝ ပရက္ကမောတိ၊ အာစရိယေဟိ သမ္မတော။
သာသနဝိရုဠှိတ္ထိကော၊ ကုလပုတ္တော ဆေကတ္ထာယ။

၇။ ပဠာနပစ္စယေ သောပ်၊ ရစိတပစ္စယဒီပနံ။
တေသဠာဒိက ဒွိသတ- သဟဿသံဝစ္ဆရမှိ။
ဇေဋ္ဌမာသဇုဏှပက္ခေ၊ အနာယာသေန နိဋ္ဌိတာ။

၈။ ကမ္မိနာ နန္တဋ္ဌာနမှိ၊ ဆေကော ဘဝါမိ သဗ္ဗဓိ။
သိတ္တာနာဝါဝ နိဗ္ဗာနံ၊ လောကော ကုဟိဋ္ဌိ နာလယံ။

၁။ ဩပုညသုလက္ခဏော၊ ဘုန်းပညာကောင်းမြတ်သော လက္ခဏာလည်းရှိထသော။ ရာဇဓမ္မာဒိသမ္ပန္နော၊ ဒါနသီလပရိစ္စာဂ-စသော ရာဇဓမ်ဆယ်ပါး သဿမေဓ, ပုရိသမေဓ, သမ္မာပါသ, ဝါဇပေယျ-ဟူသော သင်္ဂဟတရားလေးပါး၊ ဘေဒ,ဒဏ္ဍ,သာမ, ဥပေက္ခာ, ကုန္ဒာဇာလ-ဟူသော လောကီနိဏ္ဍုကျမ်းလာ ရန်အောင်ကြောင်း ခုနစ်ပါး၊ သစ္စ, ဓမ္မ, ဝီရိယ, စာဂ-ဟူသော ဝါနရိန္ဒဇာတ်လာ ရန်အောင်ကြောင်းလေးပါး၊ ဒက္ခိယ, သူရိယ, ပညာ- ဟူသော တပေါဓမ္မဇာတ်လာ ရန်အောင်ကြောင်းတရားသုံးပါး၊ ပဘာဝ, ဥဿာဟ, မန္တ-ဟူသော သတ္တိသုံးပါး၊ သန္ဓိ, ဝိဂ္ဂဟ, အာသန, ဒွေဓာ, အာသယ-ဟူသော ရာဇဂုဏ်ခြောက်ပါး ဤသို့စသား ရာဇပြကတေ့ အခလေ့ဖွယ်ရာ နှင့်လည်းပြည့်စုံထသော။ သဗ္ဗဇနဟိတာဝဟော၊ တိုင်းနိုင်ငံသူ ရှင်,လူအပေါင်းတို့အား ရွှေရင်တော်နှစ် သားတော်စစ်နှင့်မခြား သနားမြတ်နိုးတော်မူသဖြင့် မဃဒေဝမင်း, နေမိမင်း, သာဓိနမင်း, သုဒဿနစကြာမင်းတို့ကဲ့သို့ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့၏အကျိုးကို အလွန်ရွက်ဆောင်တော်မူလေ့လည်း ရှိထသော။ ဒသမသူရဿ၊ ကုန်းဘောင်နတ်ဆွေဆယ်ပွင့်နေ၏။ ကာလေ၊ လက်ထက်တော်၌။

(၂) သာမဏေရဘာဝေယေဝ၊ သာမဏေဖြစ်စဉ် အခါကပင်လျှင်။ သာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ ဝုဒ္ဓိကာ၊ ကြီးပွားလတ့်သည်ကို။ ဉတွာ၊ နှလုံးညဏ်ရည်ရှိသည်အလျှောက် ထောက်ဆရှုမျော် သိတော်မူ၍။ ရဇာဒိဂုဏာသမ္ပန္နော- ရဇာဒိဂုဏာသမ္ပန္နေန၊ အများလူဗိုလ် ကြည်ညိုနှစ်သက်

သောရဇဂုဏ်, သီလက္ခန္ဓ စသည့်အပြား စွမ်းပကားသတ္တိ ပကတိသဘာဝ ဖြစ်သောသတ္တဂုဏ်, မာယာဉာဏ်ည္ဝန့် အကြံကွန့်သူတို့ လိုလွန့်မမြောက် ထံတော်ရောက်က မေ့ပျောက်ရာ သောတမဂုဏ်ဟု ဆိုအပ်သော သုံးပါးသောဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သံဃရာဇေန၊ "ဍေ ယျမေမ္မာဘိဝံသသိရီပဝရာ လင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရသော သံဃိဿရ သံဃသာမိ သံဃနာယကဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် သဃ်ရာဇ်ဆရာတော်ဘုရားကြီးသည်။ အဟံ၊ ငါ့ကို။ ပေါသိတော၊ ချီးမြှောက်မွေးမြူတော်မူအပ်၏။

(၃) သဟာယေသုစ၊ သာမဏေ သာမဏေတော်သင်း တပည့်ချင်းတို့တွင်လည်း။ အညမညဝိဝါဒကေ၊ အချင်းချင်းကျမ်းဂန် ဇရာသဘာဝတ္ထ မတူကြ၍ ဝိဝါဒဖြစ်သောအခါ၌။ ဥဇုဉာဏိကော၊ ကျမ်းဂန်အလာဖြောင့်မှန်စွာ သိတတ်သူဟူ၍။ မဟာပညော၊ ကြီးသောပညာရှိတော်မူသော။ မမာစေရော၊ သံဃိဿရ သံဃနာယက ဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် သဃ်ရာဇ်ဆရာတော်ဘုရားကြီးသည်။ မံ၊ ငါ့ကို။ နိစ္ဆကဋ္ဌာနေ၊ ဂတိမကျူး ဆုံးဖြတ်တတ်သော ခုံသမတ်အရာ၌။ ဌာပေသိ၊ ထားတော်မူပေ၏။

(၄) ပရပိတာ မဟာစေရံ- ပရပိတာမဟာစေရဿ၊ သံဃိဿရ သံဃသာမိ သံဃနာယကဖြစ်တော်မူသော သဲအင်းဆရာတော်ဘုရားကြီး၏။ ဝါစနာမဂ္ဂုပဒေသံ၊ ချရိုးချစဉ်ဖြစ်သော ဝီထိလက်ရုံး, မာတိကာခေါတုကထာ, ယမိုက်ဆယ်ကျမ်း, ပဋ္ဌာန်း, တိက်, ဒုက်ကုန်အရကောက် နည်းဥပဒေသကို။ သာသနာနုဂ္ဂဟာယ စ၊ ဘုရားမြတ်စွာ သာသနာ တော်ကိုချီးမြှောက်ခြင်း အကျိုးငှါလည်းကောင်း၊ ပေသိတာယ စ၊ သံဃိဿရ သံဃသာမိ သံဃနာယက ဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် သဃ်ရာဇ်ဆရာတော်ဘုရားကြီးက စေခိုင်းတော်မူသောကြောင့်။ မယာ၊ ငါသည်။ လိက္ခိတာ၊ မဟာဝိဇိတာရုံတိုက်တော်ကြီးအတွင်း ဆရာတော်ဘုရားကြီး သီတင်းသုံးနေတော်မူသော မှန်ကျောင်းပေါ်တွင် မာရကင်အနောက်ခန်း၌ မပျက်စည်းကမ်း နည်းလမ်းအစဉ် စတင်ရေးသားခဲ့ဘူးလေပြီ။

(၅) အာဂမေ စ၊ ပိဋကသုံးပုံ၌လည်းကောင်း။ လောကိယေသု စ၊ ဗေဒင်ဆေးခန်း လောကီကျမ်းတို့၌လည်းကောင်း။ နာနာဘာသာသု စ၊ ဗင်္ဂလီ နာဂရီစသော ဘာသာအထူးတို့၌လည်းကောင်း။ ဒုညာတေ၊ သိနိုင်ခဲသော အရာတို့ကိုလည်းကောင်း၊ အပရိစယေ၊ မလေ့လာဘူးသောအရာတို့ကိုလည်း ကောင်း။ ဝိညာတုံ၊ သိခြင်းငှါ။ စိန္တနေ၊ ကြံစည်ခြင်း၌။ အတိဥဿာဟော၊ မသိမနေရ နေ့ညကြိုးကုတ် ဆုတ်နစ်မခေါက် မပေါက်မချင်း လွန်မင်းသော အားထုတ်ခြင်းအလေ့ရှိ၏။

(၆/၇) တေနေဝ၊ ထိုကြောင့်သာလျှင်။ ပရက္ကမောတိ၊ ပရက္ကမဟူ၍။ အာစရိယေဟိ၊ ဆရာမြတ်တို့သည်။ သမ္ဘာဝေါ၊ ဝိသေသနာမံဖြင့် သမုတ်အပ်ပြီ။ သောဟံ၊ ထိုဝိသေသသညာပရက္ကမဟု သမုတ်အပ်သောငါသည်။ သာသန-ဝိရူဠှိတ္ထိကော၊ ဘုရားမြတ်စွာ သာသနာတော်၏ စည်ပင်ထွန်းလင်း ပြန့်ပွားခြင်းကို အလိုရှိကုန်သော။ ကုလပုတ္တော၊ အမျိုးကောင်းသားတို့ကို။ ပဋ္ဌာနပစ္စယေ၊ ပဋ္ဌာန်း ပစ္စည်းအရာ၌။ ဆေကတ္တာယ၊ လိမ္မာစေခြင်း အကျိုးငှါ။ ရစိတံ၊ ရေးသား စီရင် အပ်သော။ ပစ္စယဒီပနံ၊ ပဋ္ဌာနပစ္စယဒီပနီအမည်ရှိသော ဤကျမ်းသည်။ တေ သဋ္ဌျာဓိကဒွိသတသဟဿ-သံဝစ္ဆရမှို၊ တစ်ထောင့်နှစ်ရာ့ခြောက်ဆယ့်သုံးခုတွင်။ ဇေဋ္ဌမာသဇုဏှပက္ခေ၊ စကြာမန္ဒတ် လေးကျွန်းပတ်သည့် ထူးမြတ်သောသမယ နယုန်လရာသီ တိထိဆယ်ရွှေ့ ဂဠုန်နေ့ ငါးနာရီအချိန်၌။ အနာယာသေန၊ မငြိုမငြင် ကင်းစင်ပြစ်ကွာ ချမ်းသာစွာလျှင်။ နိဋ္ဌိတာ၊ ကောင်းမွန်စွာပြီးဆုံး နိဂုံး ကမွတ်သတ်သတည်း။

(၈) အဟံ၊ ငါသည်။ ဣမိနာပုညကမ္မေန၊ ဤပဋ္ဌာနပစ္စယဒီပနီ ကျမ်းကို ရေးသားစီရင်ရသော ကောင်းမှုကံကြောင့်။ သဗ္ဗမိဘဝေ၊ ဘဝတိုင်း၌။ သဗ္ဗမိ အနန္တဋ္ဌာနမှို၊ ပဋ္ဌာန်းကျမ်းမှစ၍ လောကီလောကုတ္တရာ ပညာကျွမ်းကျင် ကျမ်းဂန်အရပ်ရပ်၌၊ ဆေကော၊ လိမ္မာသည်။ ဧမိ၊ ဖြစ်ရလို၏။ သိတ္တာ၊ လေခ သည့် ရေဝန်ပက်သွန်ပြီးသော။ နာဝါ၊ လှေသည်။ တိတ္ထံ၊ လိုရာဆိပ်ကမ်းသို့။ ဧတိက္ကဝ၊ လျှင်စွာထုတ်ချောက် ရောက်သကဲ့သို့။ ကုဟိဥ္စိလောကေ၊ ရူပသဒ္ဒ-စသည့်အာရုံ တစ်စုံတစ်ခုသောလောက၌။ အနာလယံ၊ တွယ်တာမှောင့်ရောင့် ကပ်ဆောင်ခြင်းမရှိသည်ဖြစ်၍။ နိဗ္ဗာနံ၊ အမတာမွန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်

အောင်ခန်းသို့။ ဧမိ၊ လျှင်စွာထုတ်ချောက် ရောက်ရလို၏။ ဟူသော ၈-ဂါထာ ပါဌ်နိဿယဖြင့် ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ဂုဏ်, ကျေးဇူးရှင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမွာဘိဝံသ၏ဂုဏ်, ကျမ်းပြုစုခြင်းအကြောင်း, ကျမ်းဖြစ်ရာနှစ်, လ, ဥတု, ရက်, ဆုတောင်းစသည် တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ စာပေအရေးအသားကောင်းမွန် စာပေနိုင်နင်းသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

**ပရက္ကမော အာစရိယော၊ မဟာပရက္ကမော သုဓီ။**
**သုဓိနံ ကတ္တဗ္ဗံ သော ဟိ၊ ကတွာ သာသနဘာရဓော။**

ယင်းကျမ်းကို ၁၉၀၅-ခုနှစ်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဟံသာဝတီ သတင်းစာတိုက်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်ဖြင့် စာမျက်နှာ ၄၅၁-ရှိလေသည်။ ကျမ်းကောင်းကျမ်းမြတ်ဖြစ်သည်။

## စုတိကမ္ဘဇရုပ် ချုပ်တော်မူခြင်း

စာပေချပို့ခြင်း, ကျမ်းစာပြုစုခြင်း, ပဋိပတ်အလုပ်အားထုတ်ခြင်း စသည့် သာသနာပြုကိစ္စများ ပြုလုပ်ရင်း သက္ကရာဇ် ၁၂၆၃-ခုနှစ်နောက်တွင် စုတိကမ္ဘဇရုပ် ချုပ်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**သဗ္ဗေ ခယန္တာ နိစယန္တာ၊ ပတနန္တာ သမုဿယာ။**
**သဗ္ဗေသံ မရဏမာဂမ္မ၊ သဗ္ဗေသံ ဇီဝိတမဒ္ဓုဝံ။**

သဗ္ဗေနိစယာ၊ သိုမှီးအပ်သမျှသော ဥစ္စာနေအားလုံးတို့သည်။ ခယန္တာ၊ တစ်နေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သမုဿယာ၊ စပ်ကာ ချုပ်ထား ခန္ဓာငါးပါးတို့သည်။ ပတနန္တာ၊ တစ်နေ့နေ့ကျ ကျေမွပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သဗ္ဗေသံ၊ သတ္တဝါအားလုံးတို့၏။ မရဏံ၊ စုတိပျက်ကြွေ သေလွန်ခြင်းကို။ အာဂမ္မ၊ အစွဲပြု၍။ သဗ္ဗေသံ၊ စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါ အားလုံးတို့၏။ ဇီဝိတံ၊ အသက်ဇီဝိန်သည်။ အဒ္ဓုဝံ၊ ပုံသေမှုချ မမြဲလေစွတကား။

■ ■ ■

## တတိယ မဟာဝိသုတာရာမတိုက်တော်ဆရာတော် (၂)

### ဆရာတော် အရှင်မုနိန္ဒ

ဆရာတော်အရှင်မုနိန္ဒသည် ပရက္ကမဆရာတော်ကြီးနောက် မဟာဝိသုတာရာမတိုက်တော်ကြီး၏ နာယကဖြစ်တော်မူသည်။ နှစ်အနည်းငယ်မျှသာ နာယကအဖြစ်၌တည်ပြီးလျှင် ပျံလွန်တော်မူခဲ့ပါသည်။

■ ■ ■

## စတုတ္ထမဟာဝိသုတာရာမတိုက်တော်ဆရာတော် (၃)

### နန္ဒသာရသီရိသဒ္ဓမ္မဓဇရာဇဂုရု
### နန္ဒသာရသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
### နန္ဒသာရာဘိဓဇဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
### ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော် အရှင်နန္ဒသာရ

ဆရာတော်အရှင်နန္ဒသာရသည် ဆရာတော်အရှင်မုနိန္ဒ ပျံလွန်တော်မူပြီးနောက် မဟာဝိသုတာရာမတိုက်တော်၌ မဟာနာယကဖြစ်၍ တာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ပခန်းသမ္မုတိသာသနာပိုင် ဆရာတော် ဟူ၍လည်း ထင်ရှားလေသည်။

### ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်သည် ပခန်းမြို့ကျေး ရေရှားရွာ၌ သက္ကရာဇ် ၁၁၈၂-ခုနှစ်၌ ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ဆရာတော် အရှင်ဥ ယျမမ္မာဘိဝံသ စသည်တို့ထံ ပညာသင်ကြားခြင်း

"ဥ ယျမမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော် ဘုရားကြီး အရှင်ဥ ယျမမ္မာဘိဝံသသည် အမရပူရမြို့၌ သီတင်းသုံးစဉ်ကပင် ဆရာတော်ဘုရားထံရောက်ရှိ၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

သာသနာပိုင်ဆရာတော်ကြီး မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမ တိုက်တော်၌ ရွှေ့ပြောင်း သီတင်းသုံးတော်မူစဉ်လည်း သာသနာပိုင်နှင့်အတူ ကြွရောက် သီတင်းသုံးတော်မူ၍ ပါဠိ, အဋ္ဌကထာ ကျမ်းများစွာတို့ကို ဆိုဝါ, လိုက်ဝါတို့ဖြင့် သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

## သာသနာပိုင်၏ မဇ္ဈိမပဏ္ဏာသနိဿယ စသည်ရေးသားခဲ့ခြင်း

သာသနာပိုင်ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး၏ထံ မဇ္ဈိမ ပဏ္ဏာသကို ဆိုဝါဖြင့်သင်ယူခဲ့စဉ် ဆရာတော်၏အမိန့်အရ ဆရာတော်ပို့ချသည့် အတိုင်း နိဿယရေးသားခဲ့ရလေသည်။ သာသနာပိုင် ဆရာတော်ကြီးလည်း များစွာ လေးမြတ်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂- ထပ်အလှူခံရရှိခြင်း

ဆရာတော်သည် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး ဆက်ကပ် လှူဒါန်းအပ်သော "နန္ဒသာရသိရီသဒ္ဓမ္မဓဇရာဇဂုရုနှင့် နန္ဒသာရသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။

ၡင်းပြင် မာရ်အောင်ရတနာစေတီတော်ဒါယကာသီပေါမင်း တရား ဆက်ကပ်လှူဒါန်းအပ်သော "နန္ဒသာရာဘိဓဇဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဟူသောဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။

## တိုက်တော်သံဃနာယက

မဟာဝိသုတာရာမတိုက်တော်ခေါ် သာသနာပိုင်တိုက်၌ ဆရာတော်

အရှင်မုနိန္ဒ ပျံလွန်တော်မူပြီးနောက် မဟာနာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ပရိယတ်, ပဋိပတ် ခုရနှစ်ရပ်တို့ အားသစ်ပွားများတော်မူ၍ ကြာမြင့်စွာ သာသနာတော်ပြုတော်မူခဲ့လေသည်။

## သမ္မုတိသာသနာပိုင်

သက္ကရာဇ် ၁၂၅၇-ခုနှစ် နယုန်လဆန်း ၇-ရက်နေ့တွင် အင်္ဂလိပ်မင်းတို့ လက်ထက် အဂ္ဂသေနာပတိလယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီး အမှူးရှိသော မှူးတော်မတ်တော် ဆွေတော်မျိုးတော်တို့မှစ၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က မန္တလေးအရှေ့ပြင် မဟာအတုလဝိဇယာရာမတိုက် ရွှေနန်းကျောင်းတော်ကြီး၌ စည်းဝေကြ၍ သမ္မုတိသာသနာပိုင် တင်မြှောက်ကြသဖြင့် သမ္မုတိသာသနာပိုင် ဖြစ်တော်မူခဲ့လေသည်။ လှထွေဆရာတော်ဘုရားကြီးကို သံဃနာယကအဖြစ်ဖြင့်လည်းကောင်း, မက္ခရာဆရာတော်, ခင်မကန် ဆရာတော်, မြတောင်ဆရာတော်တို့ကို ကမ္မာကမ္မဝိနိစ္ဆယဆရာတော်များအဖြစ်ဖြင့်လည်းကောင်း တင်မြှောက်တော်မူခဲ့လေသည်။

ပခန်းဆရာတော်ဘုရားကြီးသည် သာသနာပိုင်အဖြစ်၌တည်ကာ ဂိုဏ်းထောက်ခန့်ခြင်း, ဂိုဏ်းအုပ်ခန့်ခြင်း, ဂိုဏ်းချုပ်ခန့်ခြင်း, သာသနာဖက်ဆိုင်ရာ အဓိကရုဏ်းတို့ကို ဆုံးဖြတ်ပေးခြင်း စသည်တို့ကို ပြုတော်မူခဲ့လေသည်။

**ဌပေတုံ ပခန်းထေရံ တော၊ ဂီဟိ ပဗ္ဗဇိတာ ဥဘော။**
**သံဃရာဇသ ဌာနမှိ၊ သမဂ္ဂါ ကေမာနသာ။**

## အတုလဝိဇယာရာမတိုက်၌ သီတင်းသုံး

သမ္မုတိသာသနာပိုင်ဖြစ်ပြီးနောက်တွင် မဟာအတုလဝိဇယာရာမတိုက်၌ သီတင်းသုံးတော်မူ၍ သာသနာရေးရာများကို ပြုလုပ်ဆောင်ရွက်တော်မူရလေသည်။

## ဆရာတော်အရှင်ဂန္ဓသာရအား ၅-မြို့၊ ၉-ဂိုဏ်းချုပ်ခန့်

ရေစကြိုမြို့ အောင်မြေသာယာတိုက် (နောက် ပခုက္ကူမြို့ မဟာဝိသုတာ

ရာမတိုက်ကြီး၏) အဓိပတိဆရာတော် အရှင်ဂန္ဓသာရအား သက္ကရာဇ် ၁၂၅၈-ခုနှစ် တပေါင်းလဆန်း ၁၅-ရက်နေ့တွင် ပခန်းကြီးမြို့, ယော ၄-မြို့, ၅-မြို့, ၉-ဂိုဏ်းချုပ်အဖြစ် "နန္ဒသာရသီရိသဒ္ဓမ္မဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ် ခပ်နှိပ်၍ ခန့်အပ်တော်မူလေသည်။

## တိုင်းတစ်ပါးတိုင်ပျံ့နှံ့

ပခန်းသမ္မုတိ သာသနာပိုင်ဆရာတော်၏ဂုဏ်သတင်းသည် သီဟိုဠ်အစရှိသော တိုင်းတစ်ပါးတိုင်အောင် ပျံ့နှံ့ခဲ့လေသည်။ သီဟိုဠ်ကျွန်းစသည်တို့မှ ပခန်းသမ္မုတိ သာသနာပိုင်ထံသို့ သဝဏ်လွှာများ ရောက်ရှိခဲ့သည်။ သီဟိုဠ်ကျွန်းစသည်တို့သို့လည်း ပခန်းသမ္မုတိသာသနာပိုင် ဆရာတော်က သဝဏ်လွှာများ ပေးပို့တော်မူခဲ့လေသည်။ သီဟိုဠ်ကျွန်းရှိ မြန်မာ့ဂိုဏ်း, သီဟိုဠ်သာသနာအား အားပေး,စောင့်ရှောက်ကူညီပါရန် သက္ကရာဇ် ၁၂၆၀-ပြည့်နှစ် တပို့တွဲလဆန်း ၁၀- ရက်နေ့တွင် သမ္မုတိပခန်းသာသနာပိုင်ထံ အောက်ပါသဝဏ်လွှာကို ပေးပို့ခဲ့လေသည်။

## သီဟိုဠ်ကျွန်းမှ ပခန်းသမ္မုတိသာသနာပိုင်ထံသဝဏ်လွှာ

(၁) နမတ္ထု အဒ္ဒယဝါဒိနော ဗုဒ္ဓဿ၊ အပရိယန္တာနန္တဂုဏ ဂမနာဓာရ ပသဋ္ဌဝရတရဇမ္ဗူဒီပါဝရန္တတဇနပဒမကုဋ္ဌဘူတေ မန္တလေး နဂရေ နိဝသန္တာနံ သာသနဘာရဝါဟကာနံ ပရိယတ္တိဝိသာရဒါနံ သိက္ခာဂရုကသာသနသောဓကာနံ သုပေသလမဟာပညာနံ သင်္ဃရာဇမဟာထေရဝရပ္ပမုခါနဉ္စ တဒညေသံ ပရိယတ္တိဝိသာရဒပါကဋ္ဌ မဟာပညာနံ ထေရာနုထေရဂဏ ပါမောက္ခာနဉ္စ အာစရိယာနံ သဗ္ဗေသံ မဟာထေရာနံ မမ ဝုဓုတရာနံ ပါဒေ ဝန္ဒိတွာ သေသာနံ သမာဒရံ ကတွာ မယာ လင်္ကာဒီပေ ဂါလုနဂရာသန္နေ ပနသထလဂါမသုဒဿနာရာမဝိဟာရာဓိပတိနာ အမရပုရဂဏပ္ပဓာနံ သိရီသဒ္ဓမ္မ ဝံသပါလသိရီသုမင်္ဂလမဟာနာယကထေရေန ဥပသမ္ပဒတော တေပညာသ ဝဿိကေန ပေသိယတေ။

(၂) သုဏန္တု ဘန္တေ အာယသ္မန္တော ဇမ္ဗူဒီပိကာ သင်္ဃရာဇမဟာ ထေ

ရဝရပ္ပမုခါစေဝ တဒညဂဏပါမောက္ခဂဏဝါစကာ မဟာထေရာစ အာယသ္မန္တော နဝကတရာ စ၊ အမှေ ခေါ ပန ဘန္တေ လင်္ကာဒီပေ အမရပူရဝံသိကာ ဘဒ္ဒန္တာနံ ယော မြန်မာရဋ္ဌာ အမရပုရရာဇဋ္ဌာနိကာလေ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သံဃရညော ကာလေ၊ တမေဝ ထေရဝရံ ဥပဇ္ဈာစရိယံ ကတွာ လဒ္ဓပဗ္ဗဇ္ဇူပသမ္ပဒါနံ၊ အမှာကဉ္စာစရိယပါစရိယာနံယေဝ ဝံသော ယာဝဇ္ဇတနာ မဟန္တေန ဥဿာဟေန အဝိနဿန္တာယေဝ ဝိဟာရာမ။ တထာပိ ဘန္တေ ဧတရဟိ အမှာကံ ဝံသော ဒုဗ္ဗလော ဝိယ ခါယတိ။

(၃) အဟံပိ ခေါ ပန ဘန္တေ ဇရာဒုဗ္ဗလော ဧတရဟိ ခေါ ပန လင်္ကာဒီပတော ဘဒ္ဒန္တာနံ မြမ္မာဒေသံ အာဂစ္ဆန္တော ဧသော သိရီသဒ္ဓမ္မောဘာသရာဘိဓာနော နာမ ထေရော ပန အမှာကံ အမရပူရနိကာယမဟာတိတ္ထနုဂရေ ပုံဗ္ဗေ ဌိတဂဏပါမောက္ခဂဏာစရိယသိရီသဒ္ဓမ္မာရာမမဟာထေရဝရဿ သိဿော သုပေသလော သိက္ခာကာမော သသဒ္ဒသတ္ထဓမ္မဝိနယာဒီသု ကတပရိစယော နိစ္စမေဝ သာသနာဘိဝုမှိုယာယေဝ ဝါယမတိ၊ ဝံသာနုရက္ခနေပိ မဟုဿာဟော၊ က္လဒါနိ ဧသောပိ မဟာတိတ္ထနုဂရေ အမှာကံ နိကာယပါလကော ဂဏပါမောက္ခော ဂဏဝါစကော အဟမ္ပိ ဧတဿ ကမ္မဝါစာစရိယော ဧကေကုလိကော ဧကဝံသိကော၊ မမ ဉာတကော စာဟောသိ။

(၄) ဧသော ခေါ ပန ဘန္တေ ဧတရဟိ မဟန္တေန ဥဿာဟေန ဇီဝိတန္တရာယမ္ပိ အဂဏေတွာ မဟာသမုဒ္ဒံ တရိတွာ လင်္ကာသာသနာဘိဝုမှိုကိစ္စံ ထေရဝရာနံ သန္တိကာ ပိဟယမာနော ဝတ္ထုယမာနော ဒုက္ခေန ကသိရေန အာဂစ္ဆတိ။

(၅) တသ္မာ တုမှေ ဘဒ္ဒန္တာ မဟာပုညာ မြမ္မာဒေသဝါသိနော သံဃရာဇမဟာထေရပရပ္ပမုခါ သဗ္ဗေပိ ဂဏဝါစကဂဏပ္ပဓာန ဝံသာနုရက္ခကာ သာသနာနုကမ္ပကာ လောကာနုကမ္ပကာ မဟာထေရာနုထေရာ ဧတဿ သိရီသဒ္ဓမ္မောဘာသရာဘိဓာနထေရဿ စ အမှာကံ၊ လင်္ကာဒီပိကဿ မြမ္မဝံသိကာနံ စေဝ လင်္ကာသာသနဿ စ တုမှာကံ၊ မဟာကာရုညတံ ပဋိစ္စ ရိတွာ က္လမိနာ

ထေရေန အာကင်္ခမာနသာသနုပတ္ထမ္ဘကိစ္စံ ဂရုံ သလ္လက္ခေတွာ ခိပ္ပမေဝ ယထာဇ္ဈာ သယဝသေန သမိဇ္ဈာနာကာရံ ကရောန္တု။

(၆) ဘောန္တော မဟာထေရာဝရာ ဧသော ထေရော ယတ္တကံ ကာလံ တုမှေ့ မဟာထေရာ ဧဝ အာရက္ခံ ကရောတု။ ဘဒ္ဒန္တာနံယေဝ ဘာရန္တိ ဉာတဗ္ဗံ။

(၇) ဣဒံ ဂါရဝ ဗဟုမာနပုဗ္ဗင်္ဂမသာသနပဏ္ဏံ မဟာလင်္ကာဒီပေ အမရပုရဂဏပမာနသိရီသဒ္ဓမ္မဝံသပါလသိရီသုမင်္ဂလမဟာနာယကထေရေန သမ္ဗုဒ္ဓပရိနိဗ္ဗာနတော စတုသတာဓိတျာနံ ဒွိန္နံ ဝဿသ ဟဿာနမုပရိ ဒွိတာလီသတိမေ သံဝစ္ဆရေ မာဃမာသဇုဏှပက္ခ ဒသမီယံ ပေသိတန္တိ ဒဋ္ဌဗ္ဗံ။

(တိပိဋကဝိနိစ္ဆယကျမ်း ဒုတိယ။ ၅၀၅။)

အထက်ပါ သန္ဒေသကထာနှင့်တကွ သီရိသဒ္ဓမ္မထေရ်နှင့် နောက်ပါ ရဟန်းတော်တို့သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှကူး၍ မန္တလေးမြို့ ကြွလာကြရာ ရန်ကုန်မြို့သို့အရောက် ကျောက်ကြီးရောဂါနှင့် မထေရ်နှစ်ပါး ပျံလွန်တော်မူ၍ သမ္မုတိသာသနာပိုင်ဆရာတော် ဘုရားကြီးထံသို့ ပဏ္ဏာကာရနှင့်တကွ သန္ဒေသကထာမျှသာ ရောက်ရှိလေသည်ဖြစ်၍ ပခန်းသာသနာပိုင် အမိန့်ရှိသဖြင့် ပခန်းသမ္မုတိသာသနာပိုင်အနေဖြင့် သီဟိုဠ်သို့ပို့အပ်သည့် သန္ဒေသကထာပါဠိ ဖြစ်လေသည်။

## သမ္မုတိပခန်းသာသနာပိုင်၏
## သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ပို့ သန္ဒေသကထာ

ဇမ္ဗုဒီပသင်္ခါတဿ ဒက္ခိဏမဟာဒီပဿ သိခါပမာနံ သုနာပရန္တတမ္ဗဒီပနာမိကာနံ ဒွိန္နံ မဟာရဋ္ဌာနံ ကဏ္ဏိကာဘူတာယ ဧဿာဝိဝါသာယ မန္တလာစလသမီပေ မာပိတတ္တာ မန္တလာစလသန္နိတတ္တာ စ မန္တလေးနဂရန္တိ စ နာနာဝိဓရတနေဟိ ပုဏ္ဏတ္တာ ရတနာပုဏ္ဏနဂရန္တိ စ တေသံယေဝ ရတနာနံ ပုဉ္ဇဘူတတ္တာ ရတနာပုဉ္ဇနဂရန္တိ စ သဗ္ဗတ္ထ ပါကဋာယ မဟာရာဇဓာနိယာ ပုဗ္ဗုတ္တရဒိသာဘာဂေ မန္တလေးမဟာနဂရဿ အာဒိမာပကေန ပဋ္ဌမသံဂီတိကာရမဟာဓမ္မရညာ ကာရိတာဟိ ဧကူနတိံသာဓိကသတ္တသတာဟိ သမာရောပိတ

ပိဋကတ္တယသေလဂ္ဂုဟာဟိ သမာလင်္ကတဿ မဟာလောကမာရဇိနာဘိဓာနဿ မဟာစေတိယဿ အစ္စုပတ္ထိကဒက္ခိဏဒိသာဘာဂေ ဌိတဿ တေနေဝ မဟာဓမ္မရညာ ကာရိတဿ မဟာဝိဟာရဿ အဗ္ဘန္တရံ အဇ္ဈာဝသန္တော “နန္ဒာဘိဓဇသိရိသဒ္ဓမ္မာဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရူ”တိ လဒ္ဓလဉ္ဆကော သာသနဘာရဝဟ သာသနသောဓနေ သာသနဟိတကရဏေသု “ဥေ ယျဓမ္မာဘိဝံသမုနိဝရ ဉာဏကိတ္တိသိရီဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရူ” တိ လဒ္ဓလဉ္ဆကော မမာစရိယမဟာသံဃရာဇတော လဒ္ဓါ အာစရိယမုဋ္ဌိနယော သမုတ္တိသယ်ရာဇဘူတော မဟာထေရဝရော မဟာပုခန္တရာဇဂုရူတိ စ ပါကဋကိတ္တိကော အဟံ သန္ဒေသကထံ ပဋ္ဌိအာရောစေဿာမိ။

ဒီပသေဋ္ဌဒီပုဂ္ဂတသင်္ခါတေ လင်္ကာဒီပေ ဂါလုနဂရာသန္နေ ပနသထလဂါမသုဒဿနာရာမဓိပတိအမရပုရဂဏပမာန သိရီသဒ္ဓမ္မဝံသပါလသိရီသုမင်္ဂလမဟာနာယကမဟာထေရဝရော စ ကောလမ္ဗနဂရာဝါတိတ္ထ သမီပေဝံသာနုဂတံ ဇယသေခရာရာမံ အဇ္ဈာဝသန္တအမရပုရဂဏပါမောက္ခသိရီသဒ္ဓမ္မဝံသိကသီဝကထေရဝရော စာတိ ဒွေ အာယသ္မန္တော တုမှေဟိ ပေသိတာ ဒွေ သန္ဒေသကထာ စ ဝန္ဒနပူဇနတ္ထာယ အာယသ္မတာ သီဝကထေရေန ပေသိတာနိ ဒွေ သန္ဒေသကထာ စ ဝန္ဒနပူဇနတ္ထာယ အာယသ္မတာ သီဝကထေရေန ပေသိတာနိ ဒွေ ဗုဒ္ဓဓာတုစေတိယာနိ စ ဟတ္ထိဒန္တေန ကာရာပိတဒါဌာဓာတုသဏ္ဌာနဉ္စ ဓာတုနိဓာကရဏ္ဍာဘူတပဋ္ဋစေတိယဉ္စ မမာဘုဉ္ဇနတာယ ပေသိတမုခပုဉ္ဆနသံဃာဋိ စီဝရာနိ စ ဤဒိသာ ပဏ္ဏာကာရာ သမ္မာသမ္ဗုဒ္ဓပရိနိဗ္ဗာနတော စတုသတာဓိကာနံ ဒွိန္နံ ဝဿသဟဿာနမုပရိ တေစတ္တာလီသတိမေ သံဝစ္ဆရေ ဝိသာခမာသကာဠပက္ခနဝမိယံ မမ ဟတ္ထံ ပတ္တာ။

တုမှာကံပိ ရုပိံ ဂဟေတွာ ဣဓာဂတော သိရီသဒ္ဓမ္မာဓရာဘိဓာနပညာဝန္တဗဟုဿုတသုပေသလသိက္ခာကာမဂဏပါမောက္ခဂဏဝါစကထေရဝရော တံ သိဿော စာတိ ဒွေ ပန ထေရာ မဟာသမုဒ္ဒံ အတိက္ကမိတွာ ရန်ကုန်နဂရံ ပတ္တကာလေ မသူရိကရောဂပါပရောဂ သင်္ခါတေန မဟာဃောရဝရောဂေန ဖုဋ္ဌာ သင်္ခါရသဘာဝံ အနိစ္စတံ မရဏဝသံ ပတွာ အမှာကံ သန္တိကံ န ပတ္တာ။

တေသံ ဒွိန္နံ ထေရာနံ မမ သန္တိကံ အပါပုဏနဉ္စ တေသမ ပတ္တတ္တာ
ဝစနပဋိဝစနပုစ္ဆနာနမဘာဝတော တုမှာကံ သိရိသုမင်္ဂလမဟာနာယကမဟာ
ထေရသိရိသေဝကထေရာနံ မူလသဘာဝက္ကုစ္ဆိတ တရအာသာဆန္ဒာဒီနဉ္စ အမရ
ပူရမရမ္မဝံသိကသကလသံဃဂဏာနံ ဗုဒ္ဓသာသနေ နိဝါသဥဿာဟာဒိ အာကာ
ရဿ စ အနဝသေသံ အသဝနံ အဇာနနဉ္စ အမှာကံ တုမှာကဉ္စ မဟာအနတ္ထာ
ဝဟာနိ လံကာသာသနာဘိဝုဍ္ဎိကရဏာဒိကိစ္စသာဓနေ အတီဝအန္တရာယကရာ
နိ ဝိယ ဇာတာနိ။ တဿ သိရိသဒ္ဓမ္မာဓာရထေရဝရဿ ဇီဝိတန္တရာယမ္ပိ
အဂဏေတွာ မဟုဿဟေန ကုမာဂမနဉ္စ တုမှာကံ သန္ဒေသပဏ္ဏာနု သာရေန
တဿ ဂုဏကတဉ္စ မန္တလေးနဂရမ္ပိ အပတွာ ရန်ကုန်နဂရေ မသူရိကရောဂေန
ကာလကိရိယဉ္စ သုတွာ မန္တလေးနဂရာဒီသု ဝသန္တာ မံပမုခံ ရာဇဂုရုထေရာ
နုထေရာ စ တဒညေ မဟာထေရာနုထေရာဒယော စ အတိကာရုညစိတ္တံ
ဥပ္ပါဒေတွာ သဟောတ္တပ္ပညာဏသင်္ခါတံ သံဝေဂံ ပဋိလဘိံသု။

ယထာ နာမ စိရကာလံ နာဝိကာနံ ဟိတသုခါဝဟာ ထိရတရသုသ
ဏ္ဌာနနာနာရတနသံပုဏ္ဏာ သုဝဏ္ဏမဟာနာဝါ သမုဒ္ဒံ အတိက္ကမိတွာ တီရံ
ပတ္တမတ္တာယ ပါသာဏပဗ္ဗတမဟာတိရဿ ဘဋ္ဋိတွာ အဝတ္ထရဏေန ဧကပ္ပဟာ
ရေန အဒဿနံ အန္တရဓာနံ ဂတာ ဝိယ။

"အဟော အနတ္ထော။ အဟော အနတ္ထော၊ အသုတပုဗ္ဗံ သုတံ၊
အဘူတပုဗ္ဗံ ဘူတံ၊ ဧဒိသောပိ နာမ ထေရာဝရော ဧဝံဘူတော အဟောသင်္ခါရာ
နံ အနိစ္စတာ ဒုက္ခတာ အနတ္တတာ ဇမ္ဘိတာ"တိ။ ကထာ မရမ္မိကာ သာသနမာ
မကာ ရတနတ္တယပသာဒိကာ ပညဝန္တာ မရမ္မရဋ္ဌိဿရာနံ ရဋ္ဌကာရပုရကာရ
မဟာရာဇူနံ မဟာညတိသာလောဟိတာ စ မဟာနာယကမဟာမတ္တာ စ
မဟာရာဇာနာမိကာ သျာမရဋ္ဌာဓိပတိနော စ ဂုဏဝန္တသိရီမန္တမဟာမနုဿ
သာဓုမနုဿဂဏာ စ ကာရုညစိတ္တံ ဥပ္ပါဒေတွာ သဟောတ္တပ္ပညာဏသင်္ခါတံ
သံဝေဂံ ပဋိလဘိံသု။ တထာ တုမှာကံပိ လင်္ကာဒီပဝါသီနံ သမာနနိကာယိက
သဗ္ဗဘိက္ခုဂဏသဟိတာနံ သပရိဝါရာနံ သံဝေဂသင်္ခါတသဟောတ္တပ္ပ ညာဏမေဝ
ဥပ္ပါဒေတုံ ယုတ္တံ။

တထာ ဟိ ဘဂဝတာ ဝုတ္တော သံဝေဂုပ္ပါဒနုပါယော။
“အစိန္တိတံပိ ဘဝတိ၊ စိန္တိတံပိ ဝိနဿတိ တိ”။
ဧသော မဟာဇနက ဇာတကေ ပါဠိ။

“နနု ရိတ္တာ သဗ္ဗသင်္ခါရာတိ”။ ဧသော ဗုဒ္ဓဝံသေ ပါဠိ။
“ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ”။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ” တိ။
ဧသော ဝိသုဒ္ဓိမဂ္ဂေ အာနီတာ။

“ အဇ္ဇေဝ ကိစ္စံ ကာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ” တိ။

ဧသော ဥပရိပဏ္ဏာသကေ ဘဒ္ဒေကရတ္တသုတ္တေ၊ တဒဋ္ဌကထာယဉ္စ။ ဧဝရူပေန မစ္စုနာ သဒ္ဓိံ ကတိပါကတိပါဟန္တာဝ “အာဂမေ ဟိ ယာဝါပဟံ ဗုဒ္ဓပူဇာဒိံ အတ္တနော အဝဿယံ ကမ္မံ ကရောမိ”တိ ဧဝံ မိတ္တသန္ထဝကရသင်္ခါတော ဝါ ဣဒံ သတံ ဝါ သဟဿံ ဝါ ဂဟေတွာ ကတိပါဟံ အာဂမေဟီတိ ဧဝံ လဉ္ဇနာနုပ္ပါဒန သင်္ခါတော ဝါ ဣမိနာဟံ ဗလရာသိနာ ပဋိဗာဟိဿာမီတိ ဧဝံ ဗလရာသိ သင်္ခါတော ဝါ သင်္ကရော နတ္ထီတိ ဝုတ္တော။

တသ္မာ အာယသ္မန္တေဟိ တုမှေဟိ သပရိဝါရေဟိ အညာနိ သောကာဒျုပတ္တိကာရဏာနိ န မညိတဗ္ဗာနိ န စိန္တေတဗ္ဗာနိ။ အပိစ ဣဒါနိ ဧဝံ သန္တေပိ သဗ္ဗသံဃဘာရဿ ဥဿာဟဝဟနကမ္မံ ဂရုံ ကတွာ အနဇ္ဈုပေက္ခိတွာ သကိစ္စသဘာရမိဝ ဥပထမ္ဘေတွာ ဥဿာဟေတွာ သာသနဝရဿ ပဂ္ဂဟူပထမ္ဘနေ မမ အတိရေကသမ္ပာ ဆန္ဒော စ အတ္ထိ တုမှာကဉ္စ သသမုဒ္ဒံ လင်္ကာဒီပံ ဩတ္ထရိတွာ ယာဝ မန္တလေးနဂရာ ပတ္ထဋကိတ္တိတေဇာနုဘာဝေါ လင်္ကာဒီပေ အမရပုရနိကာယေ သာသနာဘိဝုမှိကရဏေ ဒဠှတရအတိရေကသမ္ပာ ဆန္ဒော စ အတ္ထိ။ တသ္မာ “ ဆန္ဒဝတော ကိန္နာမ န သိဇ္ဈတိ ”တိ ဝစနာနုရူပံ တေသံ သမ္မာဆန္ဒာနံ ဝသေန အမှာကံ ဟေတုသင်္ပဂ္ဂကမ္မံ ကိစ္စသံပုဏ္ဏသာမဂ္ဂိယ ကာလေ လင်္ကာသီဟဠတမ္ပပါဏိဒီပိကာနံ အမရပုရဂဏသင်္ဃာနံ သာသနာဘိဝုမှိံ သုခေန သမ္ပာဒေတွာ ပဂ္ဂဟေတုံ သမတ္တော အပ္ပေဝ နာမ ဘဝေယျုံ

တိ သမ္မာ မနောပဏိဓိနာ အဟံ ဥဒိက္ခန္တော ဝိဟရာမီတိ။

(တိပိဋကဝိနိစ္ဆယကျမ်း၊ ဒုတိယ။ ၅၀၆။
သာသနာပိုင်အမိန့်အရ မိုင်းခိုင်ဆရာတော်က ရေးသည်။)

## ဝစ္စကုဋိဝိနိစ္ဆယ

ပခန်းသမ္ဗုတိသာသနာပိုင် ဆရာတော်ဘုရားကြီးသည် အိန္ဒိယ ပဥ္စမဘုရင်ခံထံသွင်းစာ ဝစ္စကုဋိတွင် ဇလားမပြုလုပ်ရန်အကြောင်းကိုလည်း အောက်ပါအတိုင်း ပြုစီရင်တော်မူခဲ့လေသည်။

မန္တလေးမြို့ အရှေ့ပြင် အတုမရှိတိုက် သမုတိသာသနာပိုင် ပခန်းဆရာတော်ကြီးအမှူးရှိသော မန္တလေးမြို့ တံဆိပ်တော်ရဆရာတော် တိုက်အုပ်ပုဂ္ဂိုလ်သင်္ဃာတော်တို့ မေတ္တာစာဆက်သွင်းပါသည် မြန်မာနိုင်ငံအလုံးကို အုပ်ချုပ်စီရင်တော်မူသောဘုရင်ခံမင်းကြီး။ အစိုးရမင်းတို့နှင့်စပ်လျဉ်း၍ ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းသံဃာတော်တို့ကျင့်ရသော သာသနာရေးအစဉ်အလာ ပါဠိ, အဋ္ဌကထာတို့ဝယ် လာရှိသည်မှာ အနုတ္တရသေဌ္ဌ, ဇေဌ္ဌ, မုနိပုင်္ဂဝ လောကဝိဒူ သယမ္ဘူအစစ် ဓမ္မရာဇ်တဆူဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ ရာဇဂြိုဟ်ပြည်ကြီးရှင်ဘုရင် ဗိမ္ဗိသာရမင်းမြတ်က ဝါလကိုင်ငင်လိုကြောင်းနှင့် ရဟန်းတော်အား လျှောက်ထားချက်စကားကို မြတ်စွာဘုရားအား လျှောက်ထားသောအတ္ထုပ္ပတ်တွင် "အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ"ဟူသော ဤအနုညာတပါဠိဖြင့် မင်းတို့၏အလိုသို့ လိုက်အပ်ကြောင်းကို ခွင့်ပြုတော်မူပါကြောင်း။ ယင်းသို့မင်းတို့၏ အလိုသို့လိုက်အပ်၏ဟု သာမညအားဖြင့် ခွင့်ပြုငြားသော်လည်း ပါဠိတော်ပြ ဗိမ္ဗိသာရမင်းလျှောက်ထားလျက် စကားထွက်အမှုကဲ့သို့ မင်းတို့ခွင့်ပန်လျှောက်ထား စကားပါသည် အမှုသည် ဝိနည်းပညတ်တော်နှင့် ညီညွတ်နှီးနှော၍ ရဟန်းတို့ကျင့်ဝတ်တရား ပျက်ပြားဆုတ်ယုတ်ခဲ့ခြင်းမရှိခဲ့မူ မင်းတို့အလိုသို့ လိုက်အပ်ပါကြောင်း။

ယင်းသို့မဟုတ် မင်းတို့လျှောက်ထားတောင်းပန်သောအမှုသည် ဝိနည်းပညတ်တော်နှင့် မညီမမျှဝိရုဒ္ဓဖြစ်လျက်နှင့် မင်းတို့၏အလိုသို့လိုက်က သီလသိက္ခာပျက်စီးရာဖြစ်မှု တစ်စုံတစ်ယောက်သောသူ၏ အလိုသို့မလိုက်အပ်ကြောင်း ၎င်းသိက္ခာပုဒ်အဖွင့်ဖြစ်သော ဝိနည်းမဟာဝါ အဋ္ဌကထာတွင် "**အညသ္မိံပိ ဓမ္မိကေ ကမ္မေ အနုဝတ္တိတဗ္ဗံ၊ အဓမ္မိကေပန န ကဿစိ အနုဝတ္တိတဗ္ဗံ**" ဟု ဖွင့်ဆိုဆုံးမလျက်ရှိပါသည်။

ရှေးရှေးသော ဗုဒ္ဓဘာသာဝင် ဆရာမွန်ဆရာမြတ်တို့လည်း ၎င်းပါဠိ၊ အဋ္ဌကထာများ၌ ဟောပြမိန့်ဆိုတော်မူတိုင်းပင် မင်းတို့လျှောက်ထားသော အမှုများတွင် ဝိနည်းတရားနှင့် မညီညွတ်သောအမှုများ၌ မင်းတို့၏အလိုသို့ မလိုက်ကြပဲ ဝိနည်းတရားနှင့် မဆန့်ကျင်သောအမှုများ၌သာ မင်းတို့၏အလိုသို့ လိုက်ရိုးအစဉ်အလာ ထုံးစံလည်းရှိပါသည်။

ဗုဒ္ဓဘာသာ သာသနာတော်ထမ်း ရဟန်းခပ်သိမ်းတို့ မတိမ်းမစောင်း လမ်းကြောင်းခရီးသဖွယ်ဖြစ်သော ဝိနယသည် သုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိ-ဟူ၍ လေးပါးရှိပါကြောင်း။ ထိုလေးပါးတို့တွင် "သုတ္တာ နာမ သကလဝိနယပိဋကေ" ဟူသော ပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ အလုံးစုံသော ဝိနည်းပိဋကတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သောစကားတော်သည် **သုတ္တ**။

"သုတ္တာနုလောမံ နာမ စတ္တာရော မဟာပဒေသာ" ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ အပဋိက္ခိတ္တဝယ် ကပ္ပိယာနုလောမ၊ အကပ္ပိယာနုလောမအားဖြင့်နှစ်ပါး၊ အနနုညာတဝယ် ကပ္ပိယာနု လောမ၊ အကပ္ပိယာနုလောမအားဖြင့်နှစ်ပါး ဤမဟာပဒေသလေးပါးသည် **သုတ္တာနုလောမ**။

"အာစရိယဝါဒေါ နာမ ဓမ္မသင်္ဂါဟကေဟိ ဥပိတာ ပါဠိဝိမုတ္တာ ဩက္ကန္တဝိနိစ္ဆယပဝတ္တာ အဋ္ဌကထာ တန္တိ"ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ သင်္ဂါယနာတင်တော်မူကြသော ရဟန္တာအရှင်မြတ်တို့သည် ထားအပ်သော အဋ္ဌကထာအစဉ်သည် **အာစရိယဝါဒ**။

"အတ္တနောမတိ နာမ သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒေ မုဉ္စိတွာ" စသည်လာသော ဋ္ဌကထာပါဌ်နှင့်အညီ မိမိတို့အသိဉာဏ်ဖြင့် နယဂ္ဂါဟနည်းယူဆလျက် ထင်တော်မူကြသည့်အတိုင်း ဆိုခြင်းသည် **အတ္တနောမတိ** မည်၏ဟု သိအပ်ပါကြောင်း။

"အတ္တနောမတိ အာစရိယဝါဒေ ဩတာရေတဗ္ဗာ" သို့စသည် လာသော ဋ္ဌကထာပါဌ်နှင့်အညီ အတ္တနောမတိကို အဋ္ဌကထာဟုဆိုအပ်သော အာစရိယဝါဒ၌ ရောနှောထည့်သွင်းအပ်သော် သက်ဝင်ညီညွတ်ခဲ့မူ မှတ်ယူအပ်၏။ မညီညွတ် မသက်ဝင်ခဲ့မူ မယူသင့် မယူထိုက်။ ထို့နည်းထပ်တူ အာစရိယဝါဒကိုလည်း သုတ္တာနုလောမ၌ ရောနှောထည့်သွင်းအပ်၏။ သို့ရောနှောထည့်သွင်း ဟောထားတော်မူရင်းဖြစ်သော ဋ္ဌသုတ္တနှင့်ညီညွတ်နိုးနှော သဘောယုတ္တိရှိသည်ဖြစ်မူ စင်စစ်ဆတ်ဆတ် မှတ်ယူအပ်၏။ မသက်ဝင်မူ မညီမညွတ်ရှိခဲ့မူ အမှန်ဆက်ဆက် စွန့်ပစ်အပ်ပါကြောင်း။

သုတ္တဟူသည်မှာ "သုတ္တံ ဟိ အပၸဋိဝတ္တိယံ ကာရကသံဃသဒိသံ ဗုဒ္ဓါနံ ဋ္ဌိတကာလသဒိသံ" ဟူသော ဋ္ဌကထာနှင့်အညီ အဆုံးမရှိသော လောကဓာတ်၌ တစုံတယောက်သောသူမျှ ဆီးတားပိုင်ပိုင် မတတ်နိုင်ကောင်းသည်ဖြစ်ပါ၍ ကာရကသံဃာ, မြတ်စွာဘုရားထင်ရှား ကိုယ်တော်တိုင်ရှိသည်နှင့် တူသောကြောင့် ချင့်ယူထောက်မှုညှိနှိုင်းပြုလျက် တစုံတခု၌မျှ မထည့်မသွင်းပိုင်။ သုတ္တလာတိုင်း မဆိုင်းမလင့် ပြုကျင့်နေထိုင်အပ်ပါကြောင်း။

ယင်းသို့လာရှိတိုင်းသာ မဆိုင်းမလင့်ပြုကျင့်နေထိုင်ကြောင်း ဖြစ်သော သက်တော်ထင်ရှားရှိသော ကိုယ်တော်မြတ်နှင့်အမျှ ပုံတူလှသောယခင် ပြအပ်လေးရပ်သော ဝိနယတွင် သုတ္တဟူသော ဝိနယ၌ ခွင့်ပြုတော်မူအပ်သော ကရိသ စွန့်ပစ်ရာဌာနသည် ဓုဝဌာန, အနိစ္စဌာနဖြစ်ဟု နှစ်ပါးရှိပါကြောင်း ထိုနှစ်ပါးတို့တွင် ရဟန်းသံဃာတို့ ရက်စဉ်မပြတ် အထပ်ထပ်တလဲလဲ အမြဲစွန့်ပစ်ရာဌာနသည်- ဓုဝဌာနမည်ပါကြောင်း။

ယင်းသို့ထပ်ခါတလဲလဲ အမြဲစွန့်ပစ်ရာဌာနကို လောကထွတ်ထား သဗ္ဗညုဘုရားသည် သုတ္တဟူသော စူဠဝါပါဠိတော် ခုဒ္ဒကဝတ္တက္ခန္ဓကဝယ်

"အနုဇာနာမိ ဘိက္ခဝေ ဝစ္စကူပံ"ဟူ၍ ကေန်ထင်လင်း တွင်းကိုသာ ခွင့်ပြုတော်မူပါကြောင်း။ တွင်းမှတစ်ပါး အခြားသောဝုဝဌာနကို ပြုကြစေမှုခွင့်ပြုသော စကားသည် သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိဟူသော ဤအခြေမူလ ဝိနယလေးပါးတွင် တစ်ပါးပါး၌မျှ မလာမရှိပါကြောင်း။

ဤမှတစ်ပါး "န ဟရိတေ အဂိလာနော ဉစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမိ"သို့ စသည်လာသော ပါဠိ, အဋ္ဌကထာများဖြင့် သနားကြည့်ရှုခွင့်ပြုတော်မူအပ်သော မြက်သစ်ပင်တို့ဖြင့် မစိမ်းမစိုရာစသော အရပ်များသည်ကား ထိုထိုသမယအခါ တွင်းကိုရှာရသဖြင့် လွန်မင်းစွာ မငြိုငြင်စိမ့်သောငှါ မျှော်မြင်သမှုခွင့်ပြုတော်မူအပ်သော အရပ်ဌာနဖြစ်၍ အနိစ္စဌာန မည်ပါကြောင်း။ ဤသို့အားဖြင့်နှစ်ပါးသော ဝုဝဌာန, အနိစ္စဌာနအရပ်တို့တွင် ရက်စဉ်မပြတ် ပြုစွန့်ရာဖြစ်သော ဝုဝဌာန၌ ကူပကိုသာခွင့်ပြုတော်မူရင်း ထင်လင်း ပါဠိလာရှိသည့်အတိုင်း ချင့်နှိုင်းထောက်ရှု အမြဲစွန့်ပြုရာ ကူပဟူသောတွင်းသာလျှင် မြတ်စွာဘုရားအလိုတော်ကျလတ်၍ ရဟန်းတို့အား သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်ဖြစ်ပါကြောင်း။ ယင်းသို့ အဋ္ဌကထာ ပါဠိလာရှိတိုင်း တွင်းကိုပယ်ရှား၍ ဇလားကိုပြုလုပ်ကြရမည်ဟု ဆင့်ဆိုသည်ဖြစ်ပါလျှင် ခွင့်ပြုတော်မူရင်းဖြစ်သော သိက္ခာပုဒ်တော်ကို နှုတ်သိမ်းပယ်ဖျက်သည် မည်ပါကြောင်း။

ဂင်းသိက္ခာပုဒ်တော်ကို နှုတ်သိမ်းပယ်ဖျက်လျှင် "သုတ္တေဟိ ပဋိဗာဟိတေ ဗုဒ္ဓါဝ ပဋိဗာဟိတော ဟောတိ"ဟူသော ဝိနည်းဋီကာများနှင့်အညီ ဗုဒ္ဓဘာသာဝင်အမျိုးသားတို့ ရိုသေလေးမြတ် ကိုးကွယ်အပ်သောဘုရားကို ပယ်ဖျက်ရာရောက်သည်ဖြစ်၍ ဆရာတော်တို့ ဗုဒ္ဓဘာသာ သာသနာတော်ကို ထိခိုက်ရာရောက်မည်ဖြစ်သော အနှောင့်အယှက်ကြီးတစ်ခု ဖြစ်ရန်ဖြစ်ပါသည်။ အစိုးရမင်းတို့အလိုနှင့် မဆန့်ကျင်စေလို၍ ဆင့်ဆိုတိုင်းပြုလုပ်ခဲ့လျှင်လည်း အာဏာတော်သျှင် ဘုရားသခင်၏ "အနုဇာနာမိ ဘိက္ခဝေ ဝစ္စကူပံ"ဟူသော ဤအာဏာတော်မွေစက်ကို နှုတ်သိမ်းဖျက်ဆီးရာ ရောက်ရသည်အချက်, ပြုလုပ်ကြရမည်ဟု ဆင့်ဆိုရင်း ဇလားကလည်း ရဟန်းတို့အား စင်စစ် အကပ္ပိယဖြစ်

၍ မအပ်သည့်အချက်၊ ဤအချက်များကြောင့် "အဓမ္မိကေန ပန န ကသဃိ အနုဝတ္တိတဗ္ဗံ"ဟူသော ဤအဋ္ဌကထာအလိုကို ထောက်စာလျှင် မင်းတို့၏ အလို သို့လိုက်ရမည့်အရာ ရဟန်းသံဃာတော်တို့မှာ အလွန်ပင် မလျှော်ပါကြောင်း။

ဘုရားခွင့်ပြုတော်မူရင်း တွင်းဟူသောဓူဝဋ္ဌာနမှတပါး ဇလားဟူသော ဌာနသည် သုတ္တပါဠိလာရှိခဲ့ရင်း တွင်းအားသဘောအားဖြင့် သင့်တင့်လျောက် ပတ်ခဲ့မူ ရဟန်းသံဃာတော်တို့ စခန်းသင့်မြတ်အောင် သုံးဆောင်သွားလာခြင်းငှါ အပ်ခဲ့ရာ၏။

စင်စစ်မူကား ဘုရားခွင့်ပြုတော်မူရင်း တွင်းဟူသော ဓူဝဋ္ဌာနသည် အပ္ပကိစ္စ, အနဝဇ္ဇ စင်စစ် ရဟန်းတို့အားဖြစ်သကဲ့သို့ ထိုအတူ ဇလားဟူသော ဌာနသည် အပ္ပကိစ္စ အနဝဇ္ဇ မဟုတ်ချေ။ ထူးထွေသမူ ဗဟုကိစ္စ မဟာသာဝဇ္ဇ ဖြစ်ခြင်းကြောင့် ခွင့်ပြုတော်မူရင်း တွင်းအားအလျှင်းပင် မလျှော်လှ၍ သုတ္တာ နုလောမ မဟုတ်ခဲ့ရကား ရဟန်းတို့ တည်ထားသုံးဆောင်စေခိုင်းခြင်းငှါ မအပ် သည်သာ ဖြစ်ပါကြောင်း။

ယင်းသည့် ဗဟုကိစ္စ မဟာသာဝဇ္ဇနှစ်ပါးတွင် ဗဟုကိစ္စဖြစ်ရာ၌-

"န ဘိက္ခဝေ ကကတံ ပရိဘုဥ္ဇိတဗ္ဗံ၊ ယော ပရိဘုဥ္ဇေယျ အာပတ္တိ ဒုက္ကဋဿ"

(စူဠဝါ ခုဒ္ဒကဝတ္ထုခန္ဓက ပါဠိတော်)

" ကကတံနာမ ပဒုမကဏ္ဏိကကာရံ ပါဒဃံသနတ္ထံ ကဋ္ဌကေ ဥဋ္ဌာ ပေတွာ ကတံ၊ တံ ဝဋ္ဋံ ဝါ ဟောတု စတုရဿာဒိဘေဒံ ဝါ ဗဟုလိကာနုယော- ဂတ္တာ ပဋိက္ခိတ္တမေဝ"

(ဂုဏ်းသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ)

ဤသို့ပါဠိ, အဋ္ဌကထာများဖြင့် ပဒုမာကြာချက်သဏ္ဌာန်အတူ ဆူး ပြုတ်ပြုတ်ထစေ၍ ပြုလုပ်သောကကတခြေပွတ်၏ များစွာသော လုံ့လပယောဂ တို့ဖြင့် ပြုလုပ်အပ်သောကြောင့် ရဟန်းတို့အား စင်စစ်မအပ်ဟု မြစ်ပယ်တော် မူပါကြောင်း။

မဟာသာဝဇ္ဇဖြစ်ရာ၌ အိုးထိမ်းသည်သားဖြစ်သော ဓနိယမထေရ်

မြေညက်ဖြင့်ပြီးသော ကုဋီကိုပြုလုပ်ရာ မြတ်စွာဘုရားမြင်တော်မူ၍ "ဘိက္ခဝေ၊ ရဟန်းတို့။ ပထဝီခဏနာဒီသု၊ မြေကိုတူးခြင်း မြေကိုနယ်ခြင်း ကုဋီကိုမီးဖုတ်ခြင်းတို့၌။ ပါဏေ၊ ကြီးကြီးငယ်ငယ်သော သတ္တဝါတို့ကို။ ဝိနာသေန္တဿ၊ ဖျက်ဆီးနှိပ်စက်သော။ တဿ မောဃ ပုရိသဿ၊ ထိုမဂ်ဖိုလ်မှဆိတ်သော ယောကျ်ား၏။ ပါဏေသု၊ ကြီးကြီးငယ်ငယ်သော သတ္တဝါတို့၌။ အနုဒ္ဒယာ၊ အစဉ်စောင့် ရှောက်သနားခြင်းသည်လည်းကောင်း။ အနုကမ္ပာ၊ သူတစ်ပါးဒုက္ခဖြင့် ကိုယ်စိတ်၏ တုန်လှုပ်ခြင်းသည်လည်းကောင်း။ အဝိဟေသာ၊ မညှင်းဆဲ မနှိပ်စက်ခြင်းသည် လည်းကောင်း။ န ဟိ နာမ ဘဝိဿတိ၊ အနည်းငယ်မျှ မဖြစ်ပါသနည်း" ဤသို့ သောပါဠိဖြင့် များစွာပြစ်တင်ကဲ့ရဲ့တော်မူပြီး၍ မြေကုဋီကို မပြုအပ်ဟု ပယ်မြစ်တော်မူပါကြောင်း။

ဤသို့ မြေညက်ဖြင့်ပြီးသောကုဋီ၏ မြေကိုတူးသောအခါ, ရေဖြင့် နယ်ခြေသောအခါ, မီးဖြင့်ဖုတ်တိုက်သောအခါ, ကြီးကြီးငယ်ငယ်ဖြစ်သော ပိုးသတ္တဝါတို့ သေကြေပျက်စီးကြောင်းဖြစ်သောကြောင့် ပြုလုပ်သောရဟန်း တို့အား ပိုးသတ္တဝါတို့ သေကြေပျက်စီးကြောင်းဖြစ်သောကြောင့် ပြုလုပ်သော ရဟန်းတို့အား မဟာသာဝဇ္ဇဖြစ်လတ်၍ စင်စစ်ပင်မအပ်သည်ကိုထောက်စာ၍ မဟာသာဝဇ္ဇဖြစ်သဖြင့် အကပ္ပိယအဖြစ်ကို စင်စစ်သိအပ်လှပါကြောင်း။

သို့ဖြစ်၍ ဇလားဟူသည်လည်း တစ်ကြိမ်တစ်ခါတည်ထားသော ပယောဂဖြင့် ခွင့်ပြုတော်မူရင်း တွင်းကဲ့သို့ ကိစ္စဆတ်ဆတ်ပြီး ပြေလတ်သည် မဟုတ်ပါ၊ နေ့စဉ်ရက်စက် သိမ်းဆည်းစွန့်ပစ်ရခြင်းတည်းဟူသော ဗဟုကိစ္စ ရှိသည်လည်းအချက်, ထိုသို့သိမ်းဆည်းစွန့်ပစ်သောအခါ မချွတ်ဆတ်ဆတ် ပိုးလောက်သတ္တဝါများ သေကြေပျက်စီးသဖြင့် မဟာသာဝဇ္ဇ ဖြစ်သည်အချက်၊ သို့အချက်များကြောင့် ဇလားဟူသောဌာနသည် အကပ္ပိယစင်စစ် ရဟန်းတို့အား ဖြစ်၏ဟု မှတ်ယူထိုက်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့နေ သံဃာတော်တို့မှာ ခွင့်ပြုတော်မူရင်း တွင်းကို ပယ်ရှား ဇလားထားကြရမည်ဟု ဆင့်ဆိုခြင်းသည် ရဟန်းသံဃာတော်၌ နှောင့်ယှက်ထိခိုက်ခြင်းသို့ ရောက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအလုံးကို

အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းအား ကောင်းစွာ ထောက်ထားမြော်ခေါ် စဉ်းစားတော်မူပြီးလျှင် ဗုဒ္ဓဘာသာ သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့၏ ကျင့်ဝတ်သိက္ခာပုဒ်တော်နှင့်အညီ သာသနာတော်၏ ရှေးအစဉ်ထုံးစံ မပျက်မစီး ရဟန်းသံဃာတော် သာသနာတော် အနှောင့်အယှက်မရှိ ရဟန်းသံဃာတော်တို့ အခြေအနေ မပျက်မပြား အတည်အမြဲ အငြိမ်အဝပ် ဖြစ်စေခြင်းငှါ ရန်ကုန်မြို့ သံဃာတော်တို့မှာ ပညတ်တော်မူရင်း တွင်းကိုပယ်ရှား၍ ဇလားထားကြရမည်ဟူသော ဆင့်ဆိုခြင်းမှ လွတ်ငြိမ်းချမ်းသာအောင် မြန်မာနိုင်ငံအလုံးကို အုပ်ချုပ်စီရင်တော်မူသော တကာတော်ဘုရင်ခံမင်းက ကောင်းစွာစောင့်ရှောက်၍ အမိန့်စာထုတ်ပြန်သင့်ရာ ထုတ်ပြန်ထားမြစ်တော်မူလိမ့်မည်ကို ဆရာတော်တို့က ယုံကြည်မြော်လင့် တောင့်တကြပါကြောင်း မေတ္တာစာဆက်သွင်းပါသည် မြန်မာနိုင်ငံတော်အလုံးကို အုပ်ချုပ်စီရင်တော်မူသော ဘုရင်ခံမင်း။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပခန်းသမ္မုတိ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သာသ နာပိုင်ဌာနန္တရ၌ ၆-နှစ်ကြာမျှတည်၍ သာသနာမှုရေးရာများကို ပြုလုပ်တော်မူခဲ့ပြီး သက်တော် ၈၁-နှစ်ရှိရာ သက္ကရာဇ် ၁၂၆၂-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ အတုမရှိတိုက်၌ ပျံလွန်တော်မူရာ အလောင်းတော်ကို မဟာဝိသုတာရာမတိုက်တော်သို့ ပင့်ဆောင်၍ သာခုကီဋနသဘင် ကျင်းပပူဇော်ပြီး မီးသင်္ဂြိုဟ်၍ အရိုးကိုဌာပနာကာ အတုမရှိတိုက်၌ စေတီတည်ထား ကိုးကွယ်ကြကုန်၏။

ပခန်းသံဃမဟာရာဇာ၊ သာသနေ အဘိပါကဋော။
ကိစ္စာနိ သာသနေ ကတွာ၊ ဂုဏောဘာသောဝ သေသကော။

## သံဝေဂယူရန်

ဘော မာရုတေန မဟတာ ဝိဟတော ပဒီပေါ၊
ခိပ္ပံ ဝိနာသမုခမေဟိ မဟပ္ပဘောပိ။

**လောကေ တထာ မရဏစဏ္ဍသမိရဏေန၊**
**ခိပ္ပံ ဝိနဿတိ နရာယုမဟာပဒီပေါ။**

ဘော၊ ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ မဟတာ၊ ကြီးကျယ်ပြင်းထန်သော။ မာရုတေန၊ တိုက်လာခတ်မွေလေသည်။ ဝိဟတော၊ အရှိန်ပြင်းလတ်တိုက်ခတ်အပ်သော။ ဝါ၊ အတိုက်ခံရသော။ မဟပ္ပဘောပိ၊ ကြီးစွာသောအရောင်ရှိသည်လည်းဖြစ်သော။ ပဒီပေါ၊ ဆီမီးသည်။ ခိပ္ပံ၊ လျှင်မြန်စွာ။ ဝါ၊ ရုတ်တရက်ချက်တဖြုတ်။ ဝိနာသမုခံ၊ ပျက်စီးခြင်း၏အကြောင်းသို့။ ဝါ၊ ပျက်စီးခြင်းသို့။ ဧတိ ယထာ၊ ပုံသေမဖောက် ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ လောကေ၊ လောက၌။ မရဏစဏ္ဍသမိရဏေန၊ သေခြင်းတည်းဟူသော လေကြမ်းဖြင့်။ နရာယုမဟာပဒီပေါ၊ လူ့အသက်ဟု ဆိုအပ်သောကြီးစွာသော မီးလျှံသည်။ ခိပ္ပံ၊ မကြာမတင် ဆောလျှင်စွာ၊ ဝိနဿတိ၊ ငြိမ်းသေ ပျက်စီးရလေ၏။

■ ■ ■

## လှေသင်းဆရာတော် (၄)

ပခန်းသမ္မုတိသာသနာပိုင်ရာတော် အတုမရှိတိုက် ရွှေသြဖြင့် မဟာဝိသုတာရာမတိုက်တော်၌ လှေသင်းဆရာတော်သည် တိုက်တော်၏ နာယကဖြစ်လေသည်။ လှေသင်းဆရာတော်ကား မင်းတုန်းမင်းကြီးရဟန်းဟု သိရ၏။

■ ■ ■

# ပဥ္စမမဟာဝိသုတာရာမတိုက်တော်ဆရာတော် (၅)
# မာလာလင်္ကာရသိရီပဝရမဟာဓမ္မရာဇဂုရု, မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု, မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု အားဖြင့် ဘွဲ့တံဆိပ်တော် ၃–ထပ်ရ တောင်တော်သာသနာပိုင်ဆရာတော် အရှင်မာလာ

ဘွဲ့တံဆိပ်တော် ၃-ထပ်ရ တောင်တော်သာသနာပိုင် ဆရာတော် အရှင်မာလာသည် မန္တလေးမြို့ အရှေ့ပြင်တိုက် မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံး၍ သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျ ဓမ္မာဘိဝံသထံ၌ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့သည်ဟုသိရ၏။ သာသနာပိုင် မောင်းထောင်ဆရာတော် ဘုရားကြီး ပျံလွန်တော်မူပြီး နောက်၌လည်း မဟာ ဝိသုတာရာမတိုက်၌ သီတင်းသုံးတော်မူခဲ့ဘူးလေသည်။

## ဖွားမြင်ရှင် ရဟန်းပြုခြင်း

မန္တလေးတောင်,မြောက်ဖက် သခင်မတောင်တော်အနီး တောင်တော် ရွာ၌ သက္ကရာဇ် ၁၁၇၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက် သော် ရှင်,ရဟန်းပြု သာသနာ့ဝန်ထမ်းတော်မူခဲ့လေသည်။

## ပညာသင်ကြားခြင်း

သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာ, ရွှေကျင်ဆရာတော် ဘုရား ကြီး အရှင်ဇာဂရတို့ထံ၌လည်း ပရိယတ်, ပဋိပတ်, နည်းခံတော်မူခဲ့လေသည်။

---

၁။ မန္တလေးသာသနာဝင်၊ ၅။ လုထွေးသာသနာဝင်လည်းကြည့်။

မဟာဝိသုတာရာမတိုက်တော်၌လည်း သီတင်းသုံး၍ သာသနာပိုင် မောင်းထောင် ဆရာတော် ဘုရားကြီးထံ၌လည်း ပညာ သင်ကြားခဲ့သည်ဟု သိရသည်။ သာသနာပိုင်ဆရာတော်ကြီး ပျံလွန်တော်မူသည့်နောက်တွင်လည်း မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးဘူးသည်ဟု သိရသည်။

## ဘွဲ့တံဆိပ်တော် ၃-ထပ် အလှူခံရရှိခြင်း

ဆရာတော်သည် ပဥ္စမသံဂါယနာတင် မင်းတရားကြီး ဆက်ကပ် လှူဒါန်းသည့် "မာလာလင်္ကာရသိရီပဝရမဟာဓမ္မရာဇဂုရု" တံဆိပ်တော်ကို အလှူခံရရှိတော်မူသည့်အပြင် သီပေါမင်းဆက်ကပ်လှူဒါန်းသည့် "မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်နှင့် "မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ကို အလှူခံရရှိတော် မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

သက်တော် ၇၉-နှစ်ရှိရာ ၁၂၅၇- ခုနှစ် ပြာသိုလတွင် ဘဝနတ် ထံဝင်စံတော်မူခဲ့လေသည်[၁]။

အနိစ္စာ ဝတ သင်္ခါရာ၊ သင်္ခါရတရားတို့ကား မမြဲကုန်စွတကား။

---

၁။ အကျယ် မန္တလေးသာသနာဝင်။ ၁၉။ တိုက်တော်သာသနာဝင်။ မန္တလေးသာသနာဝင်။ ၂၃။ မဟာဓမ္မကာရာမသာသနာဝင်ကြည့်။

■ ■ ■

## ဆဋ္ဌမမဟာဝိသုတာရာမတိုက်တော်ဆရာတော် (၆)
## ဂုဏာလင်္ကာရမဟာဓမ္မရာဇဂုရုနှင့် ဂုဏာဘိလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု အဂ္ဂမဟာပဏ္ဍိတအားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ကျောက်ပန်းတောင်းဆရာတော် အရှင်ဂုဏ

ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ကျောက်ပန်းတောင်းဆရာတော် အရှင်ဂုဏသည် လေ့သင်းဆရာတော် လွန်တော်မူပြီးနောက် မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးတော်မူ၍ မဟာဝိသုတာရာမတိုက်တော်၌ မဟာနာယက အကြီးအကဲအဖြစ် ထမ်းဆောင်တော်မူခဲ့လေသည်။ ၁၂၆၈-ခုနှစ်တွင် မှန်ကျောင်းတိုက်မှ ရွှေရေးဆရာတော် ကိုယ်တိုင်ပင့်လျှောက်ချက်အရ တိုက်တော်သို့ကြွရောက်တော်မူခဲ့၍ နာယကတာဝန်ကို ထမ်းဆောင်တော်မူခြင်းဖြစ်လေသည်။ မန္တလေးခရိုင် ပုသိမ်ကြီး စီရင်စု ကန်ပြင်းချောက်ရွာ၌ သက္ကရာဇ် ၁၂၁၇-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ဘွဲ့တံဆိပ်တော် ၃-ထပ်

ကျောက်ပန်းတောင်းဆရာတော်သည် "ဂုဏာလင်္ကာရ မဟာဓမ္မရာဇဂုရု"ဟူသော ပဌမတံဆိပ်တော်နှင့် "ဂုဏာလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဒုတိယတံဆိပ်တော်နှင့် အင်္ဂလိပ်အစိုးရလက်ထက် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူလေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးဘုရားကြီးသည် သက္ကရာဇ် ၁၂၉၃-ခုနှစ် တန်ဆောင်မုန်းလတွင် သီတင်းသုံးတော်မူရာ မဟာဝိသုတာရာမတိုက်တော် မဟာတုလွတ်ဘုံစံကျောင်းကြီး၌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။ ၎င်းနှစ် တပေါင်းလဆန်း ၁၄-ရက်နေ့တွင် အန္တိမဈာပနကျင်းပ၍ ပူဇော်ကြကုန်၏[၁]။

---

၁။ မန္တလေး သာသနာဝင်။ ၂၅။ မှန်ကျောင်းသာသနာဝင်ကြည့်။

## သံဝေဂယူရန်

ရာမဍ္ဍုန ပ္ပဘုတိဘူပတိ ပုင်္ဂဝါ စ၊
သုရာ ပုရေ ရဏာမုခေ ဝိဇိတာရိသင်္ဃာ။
တေပိဟ စဏ္ဍမရဏောဃနိမုဂ္ဂဒေဟာ၊
နာသံ ဂဟာ ဇဂတိ ကေ မရဏာ ပမုတ္တာ။

ပုရေ၊ အဟိုရှေးသမယ ဒွါပယုဂ်စသော အခါကာလ၌။ သုရာ၊ ရဲစွမ်းသတ္တိရှိကြကုန်သော။ (ရဲရင့်ကုန်သော) ရဏာမုခေ၊ စစ်မြေပြင်ဦး၌။ ဝါ၊ ရှေ့တန်းစစ်မြေပြင်၌။ ဝိဇိတာရိသင်္ဃာ၊ အောင်နိုင်အပ်သော ရန်သူအပေါင်းရှိကြကုန်သော။ ယေ ရာမဍ္ဍုနပ္ပဘုတိဘူပတိပုင်္ဂဝါ စ၊ အကြင်ရာမမင်း အဇ္ဇုနမင်း အစရှိကုန်သော ရေမြေ့သနင်း ပြည့်ရှင်မင်းတို့သည်။ သန္တိ၊ ရှိခဲ့လေကုန်၏။ တေစာပိ၊ ထိုရဲရင့်လှစွာ မင်းရာဇာတို့ သည်လည်း။ ဣဟ၊ ဤလောက၌။ စဏ္ဍမရဏောဃနိမုဂ္ဂဒေဟာ၊ ကြမ်းကြုတ်လေလျှင်း သေခြင်းဟူသော ရေအယဉ်၌ နစ်မွန်းသော ခန္ဓာကိုယ်ရှိကြကုန်သည်ဖြစ်၍။ နာသံ၊ စုတိပြတ်ကြွေ သေလွန်ပျက်စီးခြင်းသို့။ ဂတာ၊ မရောက်ချင်လဲ လွဲမရပါ မုချပုံသေ ရောက်ခဲ့ကြလေကုန်ပြီ။ ဇဂတိ-ဇဂတိတလေ၊ မြေအပြင်၌။ ကေ၊ အဘယ်ပုဂ္ဂိုလ်တို့သည်။ မရဏာ ပမုတ္တာ၊ စုတိပြတ်ကြွေ သေရခြင်းမှ လွတ်မြောက်နိုင်ပါကုန်အံ့နည်း။ န ပမုတ္တာ ဧဝ၊ ဘယ်နည်းဘယ်ပုံမျှ မလွတ်မြောက်နိုင်ကြကုန်သည်သာ။

## ထိုစဉ်က ရှားပနပင့်လျှောက်လွှာ

ဘွဲ့တံဆိပ်တော် ၃- ထပ်ရ ကျောက်ပန်းတောင်း ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူစဉ်က ရှားပနပင့်လျှောက်လွှာကိုလည်း သာသနာဝင်စာတော်ဖတ်တို့ သံဝေဂယူရန် ဤ၌ဖော်ပြအပ်ပါသည်။

■ ■ ■

## မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်ကြီး မဟာတုလွတ်ဘုံစံကျောင်းကြီး၌ ကျောက်ပန်းတောင်းဆရာတော်ကြီး နတ်ထီးခိုလှုံတော်မူရာ ဈာပနပင့်လျှောက်လွှာ

မန္တလေးမြို့ရွှေ မဟာဝိသုတာရာမတိုက်တော် သံဃနာယက ရွှေရေးကျောင်း ဆရာတော်စသော တိုက်အုပ် တိုက်ကြပ် တိုက်နေ သံဃာတော်များ မှစ၍ မဟာတုလွတ်ဘုံစံကျောင်းတော်ကြီး၌ အတူတကွ သီတင်းသုံးလျက် ရှိသော ဆရာတော်ဘုရားကြီး၏ တပည့်ရင်းချာ ဘုန်းကြီး ဦးသီလဝံသ, ဦးနန္ဒဝံသ, ဦးကုဏ္ဍလ, ဦးဓမ္မဝံသ, ဦးအာလော က, ဦးကေလာသ, ဦးကုမာရ စသော သံဃာတော်တို့က ဂရုဂါရဝ နိဝါတနှင့် သက္ကစ္စမြောက် ရိုသေလေးမြတ်စွာ ပင့်လျှောက်ပါသည်။ သိက္ခာပဒ ဒွေးဒွေးသတ်တို့ကို လေးလေးမြတ်မြတ်ပြုတော်မူကြပါသော ဆရာတော်သခင် အရှင်သူမြတ်တို့ဘုရား။

လျှောက်ရန်မှာ။

ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။

အမိန့်တော်ပါဋ္ဌိလာရှိသည်နှင့်အလျော် တပည့်တော်တို့၏ ကျေးဇူးတော်သခင် ထိပ်ခေါင်ကြီးအစစ်ဖြစ်ကြီးဖြစ်တော်မူရကား အသက်စွန့်ပစ် အဥချစ်သား ရစ်မနည်းမှီ စာမရီမြီးစောင့် သားကောင်းအမိ မျက်စိတခု စောင့်ထိန်းပြုသည် ဥပဒေရှိ အံ့ဘွယ်ယှိသည် လဇ္ဇီပေမ သီလတော်၏အရှင် ယောဇနနိမ့်မှာ စုလ္လာသိတိ ဒွိဂုဏ်ယှိသည် ဂီရိဗဟိုရ်မြင့်မိုရ်ငွေချက် သေလက္ခရ ဣန္ဒခီလာ ပမာနိုင်းစံ မြဲမြံခိုင်ကြံ့ တည်တံ့သော သမာဓိတော်၏အရှင် လေးသောင်းနှစ်သိန်း တွက်ကိန်းအလာ ဝသုဓာနှင့် သချာရှစ်သောင်း လေးထောင်ဆောင်းသည် နက်ရှောင်းပေါ်ယယ် မြစ်ပင်လယ်သို့ ကြီးကျယ်သော ပညာတော်၏အရှင် ဝိတောင်ဦး ကွန့်မြူးရောင်ရှိန် လင်းလင်းထိန်သည် ရဝိန္ဒုဘုံ အစုံနေလ ကျော်ပေါက်ပြသို့ တောက်ပရွှန်းတင့် ထွန်းပွင့်ရှည်လျား စည်ကားသော သမ္ဘာတော်၏အရှင် နတ်ပန်းကက္ကာရု မလ္လာကိုကျူ မဥ္ဇူသကာ မန္ဒာဝရ ကောဝိဠတိ ပါရိဆတ္တကား

ပန်းတကာတို့ ဂန္ဓာဆော် သွေး ရနံ့ဇေးသို့ ပျံ့မွှေးသောသတင်းတော်၏အရှင် ပါဠိအဋ္ဌကထာ ဋီကာအနု မဓုဂဏ္ဌိ နေတ္တိ အလင်္ကာ သဒ္ဒါမောဂ္ဂလာန် အဘိဓာန် ဗျာကြုဏ်း ကျမ်းအလုံးကို စဆုံးမကျန် ယုဂန္ဓရ အကွဲစက္က အင်္ဂနာဘိ နေမိ ပတ်ယှက် ဝန်းဝန်းထွက်သည့် ဝေယျက္ကိဒိ စက်ကြီးအဟန် ဘန်ဘန်မြင့်နိမ့် တခြိမ့်ခြိမ့်လျှင် သိမ့်သိမ့်ခါထွက် အိုးထိန်းစက်သို့ အောက်ထက်ပြောင်းပြန် လန်ဘိမတတ် ပတ်ပတ်တုံ့ခေါက် မွှေနှယ်နှောက်သား နှစ်ယောက်ယုဂဋ္ဌ တုမရ သော သုတဗုဒ္ဓအရှင် ဂန္ထန္တရ ကေဠုဘနှင့် ဝေဒဒဏ္ဍိ ဗျဉ္ဇီဗြို့ဟပ် သက္ကဋ္ဋ္ဌဗာဟိ ကျမ်းထိုဤနိုက် ဗာဝရီ တမျှ ပေါက်စူးရှု၍ ဂဂဏာအပြင် ကောင်းကင်အထက် တောင်သက် မြှောက်ကူး ဟူးဟူးဟုန်းဟုန်း ရှူးရှူးရှူန်းသော သင်ခုန်းဝေရဗိ လေရ ဟတ်ရှိန် နှိုင်းပုံချိန်သား ဝဇီရိန်ဉာဏ်တော်၏အရှင် မနုမနော လောက ဓမ္မသတ် ရာဇသတ် မင်းသုံးဖြတ်ထုံး ဝိနိစ္ဆယ စသည်ကိုနက် အချက် ချက်ကို ကြန်တတ်မင်းကျော် မပော်သေနက ဝိဓူရနှယ် အကျယ်ဝိတ္ထာ ကျွမ်းလိမ္မာ၍ ဝေလာသိန္ဓဝ ဝလာဟက အသဿကြန်စုံ ပုဏ္ဏကမြင်း ငှက်မင်း ဓတရဋ္ဌ ဓန္ဒာစရိယ သရအက္ခရာ ဝါဋ္ဌဝေမိ မြားကြီးအဟုံ ကြယ်ဟုံလဟုံ နေလဟုံသို့ အမုံရင့်သန် အသိမြန်သော ပဋိဘာဏ် ဉာဏ်တော်၏အရှင် ဤသို့နှင်နှင် များဖြင်ဝေဝုစ် ဂုဏ်အစုတ်တို့ဖြင့် ဖွံ့ထုတ်ချီးမြှောက်အပ်သော "ဂုဏာလင်္ကာရ မဟာဓမ္မရာဇဂုရု" ပဌမတံဆိပ် "ဂုဏာလင်္ကာရကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဒုတိယ တံဆိပ် "အဂ္ဂမဟာပဏ္ဍိတ" တတိယတံဆိပ် ယင်းသို့ခတ်နှိပ် တံဆိပ် ၃-ဆင့် ဘိသိက်မြှင့်သော ဘုရင့်ဆရာ သီလပညာ မင်္ဂလာစွယ်စုံ ဘုံတမိုး အောက် ဂုဏ်တန်ခိုးတောက်တော်မူသော (ကျောက်ပန်းတောင်း ဆရာတော် ဘုရားကြီး) လူ့ဘုံပြီး၍ နတ်ထီးခိုလှုံတော်မူရာ ပူဇာရဟဖြစ်သော အလောင်း တော်မြတ် ရုပ်ကလာပ်ကို မန္ဓာတ်သနင်း စကြာမင်းတို့၏ သင်္ဂြိုဟ်ခြင်း အနှုန်း ကဲ့သို့ ဘုန်းကံသခင် အရှင်ကောင်းတို့သာ ကျင်းပရာဖြစ်သော အနုပ္ပါဒိဏ္ဍက ဉတုဇအလောင်းတော်ကို ဆယ်လှော်ဦးသစ် ဇမ္ဗူရာဇ်ခေါင်းပတ် ဘော်သား အလောင်းစပ် ကြာကလာပ် ထူးမြတ်သော မလ္လိကာတန်းဆာ ကျူသာခွါခေါင်း အုပ် နဂါးရွှေသား ပိုးညွှန့်ဇာပန် ကနက္ကဒဏ်ထီးဖြူတော်ကြီး အစင်းစင်း ကျိုင်း သိုင်းနှင့် တွဲကာယှဉ်၍ ဝဲယာစဉ်ခင်းပြီးလျှင် မင်းခမ်းတော်ယပ် ဂုဏ်နှင့်ဒြပ်

သမတ်ညီမူ ရင့်ယူထွန်းပွင့် ဖြူဝန်းထွင့်၍ ထွန်းတင့်သဘင် စီစဉ်ပူဇော်ကြပြီး သည့်နောက် ဆောက်လုပ်စီရင် တန်ဆာဆင်အပ်သော အထွတ်ရွှေထီး ဆည်း လည်းစုံစွာ ထုဗိကာကလင် မှန်ကင်းတပ် တမာရွတ် ထွန်းတိုင်မျက်နှာ ကြက် ကြာချက်ပန်း တကဲရွှေချ ပန်းကြွပန်းနု စုလစ်မွန်ချွန် အမွန်စီရရီ တော်ရနီ တော်ရနောင် ဒုယင်စိန်တောင် စိုင်ပေါင်ကျေးထွေး ရုပ်ကြီးရုပ်သေး ဘရေး ထရောအုံ ခြူးမြုံခြူးပန်း ကြက်မောက် ပန်းရေနံသုတ် မုက်ထွက်မုက်ဝင် အမိုး အောက်ပြင် အခြင်ထုပ်လျှောက် စိုက်ဆောက်သည်ရံ ဂဠုန်ပျံ ဂဠုန်တောင် နှာရောင်ခါးပန်း လက်ရန်းဇယန္တာ ကွန်းဗွေလယ်ချာ နိဗ္ဗာသန ပွတ်လှပွတ်သေး သင်းဘောဆေး ရောင်စုံချယ် အဆန်းတကြယ် ကြီးကျယ်ထူးမြတ်သော ပြာသာဒ် လောင်တိုက်တော်ကြီး ညီးညီးဖြိုးမောက် ပန်းပျောက်ကွန်ရက် မျက်နှာကြက် ဗိတာန် တံခွန်အလံ မိုးရံကာသန်း နတ်စောင်းတန်းဝယ် နတ်ယန္တရား နတ်သား နှင်တံ မြင်းပျံဝေဟင် နတ်ရထားနှင်သည့် စင်ရှည်ပြာသာဒ်တော်ကြီး ညီးညီး ရောင်လျှင် ဇယာဉ်တော်ကြာကလာပ်နှင့် ဘုံပျံပြာသာဒ် နဝရတ်ချယ်လယ် တလားငယ်တလားကြီး ဆရာတော်ကြီး ဝတိန်သာအကြွတွင် ဣန္ဒာသကြာ နေရာချွန် ဧရာဝဏ် ဆင်ရုပ်တော်ကြီး အချီးအအုံ ကမ္ဗည်းမဆုံအောင် ကြီးခန့် ဆန်းကြယ် အုံသြဘွယ် ကရဝိတ်ဘောင်တော်ကြီးကို အစမူ၍ အဆူဆူသော ပြာသာဒ်ရထား တပုံစီ နိသျှည်းနှင့် တနည်းစီအမျိုးမျိုး ကြံကြသော အဘိုးတန် အဆောက်အအုံ ကြီးငယ်အများတို့ဖြင့် ခမ်းနားကြီးကျယ်စွာ မဟာမြတပူဘူ ဝသုန္ဒရီ တုန်ဟီအက်ချ အဇဋ္ဌာကာသ ဘဝဂ္ဂရောက် ချုန်းပေါက်ရိုက်နှက် တုန် လျက် ခုန်လျက် သုန်စက်ဝိဗ္ဘမာ အဏ္ဏဝါမင်း ထန်ပြင်း အမြော် မြေအက် စလောက် ပစ်ဘောက်ပြီးခါ အဘိုးတန်သင်္ချာ နှုန်းမပြတ်နိုင်အောင် အဆုံးသတ် ပူဇော်ကြမည်ဖြစ်ပါ၍-

၁၂၉၃-ခု၊ ရတုဟေမန် လေပြန်ဆော်လောင်း ရွက်ကြွေညှောင်းသော တပေါင်းလဆန်း (၇)ရက်နေ့က ပွဲဦးစ၍ ဇင်းလဆန်း (၁၄)ရက်နေ့အထိ တူရိယာဉဿုံ ရုပ်စုံအငြိမ့် နှစ်သိမ့်ဘွယ်ရာ ပွဲများစွာ တို့နှင့် သာခုကီဋ္ဌုန ဈာပန မည်တွင် ဤသဘင်ကို ဤလျှင်ညီးတောက် အပြီးရောက်လိုပါကြောင်း လျှောက် ထားရင်း “ မဟာဝိသုတာရာမ”သို့ သမဂ္ဂဓမ္မကို ထောက်ရှု၍ အသုဘ။

## သတ္တမမြောက် ဆရာတော် အရှင်သီလဝံသ

ကျောက်ပန်းတောင်း ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင်သီလဝံသသည် မဟာဝိသုတာရာမတိုက်တော်၏ သတ္တမမြောက် သံဃနာယကဖြစ်တော်မူလေသည်။

## အဋ္ဌမမြောက်ဆရာတော် အရှင်နန္ဒဝံသ နှင့် နဝမမြောက်ဆရာတော် အရှင်ဓမ္မာဘိဝံသ

ဆရာတော်အရှင်သီလဝံသ ပျံလွန်တော်မူပြီးနောက် ဆရာတော် အရှင်နန္ဒဝံသနှင့် ဆရာတော်အရှင်ဓမ္မာဘိဝံသ ၂-ပါးတို့ အဋ္ဌမ, နဝမမြောက် နာယက ဆရာတော်များဖြစ်ကြ၍ မဟာဝိသုတာရာမတိုက်တော်ကို အုပ်ချုပ်တော်မူကြကုန်၏။ ယင်း နာယကနှစ်ပါးအနက် ဆရာတော်အရှင်နန္ဒဝံသ ပျံလွန်တော်မူပြန်သဖြင့် ဆရာတော် အရှင်ဓမ္မာဘိဝံသတစ်ပါးတည်း တိုက်တော်ကို ကြာမြင့်စွာ အုပ်ချုပ်တော်မူခဲ့လေသည်။ အရှင်ဓမ္မာဘိဝံသကား ကျမ်းဂန်တတ်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူ၏။

■ ■ ■

## သတ္တမမဟာဝိသုတာရာမတိုက်တော်ဆရာတော် (၉) ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) ငါးသိုင်းချောင်းဆရာတော် အရှင်ဓမ္မာဘိဝံသ

### ဖွားမြင် ရှင်ရဟန်းပြုခြင်း

ဆရာတော်အရှင်ဓမ္မာဘိဝံသသည် အောက်မြန်မာပြည် ဟင်္သာတခရိုင် ငါးသိုင်းချောင်းမြို့နယ်၌ သက္ကရာဇ် ၁၂၄၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်စဉ်ကပင် သာမဏေဝတ်၍ သာသနာ့တာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ရှိရာ ၁၂၆၀-ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၈-ရက်နေ့

တွင် ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## မဟာဝိသုတာရာမတိုက်တော်ရောက်ခြင်း

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် သာသနာပိုင်တိုက်သို့ အရွယ်တော် ငယ်စဉ်ကပင်ရောက်ရှိ၍ စာပေသင်ကြား လေ့လာတတ်မြောက်တော်မူခဲ့လေသည်။

အရှင်ဓမ္မာဘိဝံသကား ကျက်ဉာဏ်ကောင်း, မှတ်ဉာဏ်ကောင်းပြီး သာသနာစိတ်ရှိသည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) ဖြစ်ခြင်း

စာပေလည်းတတ်မြောက် စာချခြင်းလုပ်ငန်း၌ အထုံဝါသနာပါသည့်အလျောက် အရွယ်တော်ပျိုနုစဉ်ကပင် စာပေချပို့ခဲ့ရာ စာသင်သား သံဃာတော်များစွာတို့ ဆရာတော်ထံ စာပေသင်ယူကြကုန်၏။

အလယ်ကျောင်းကြီး မီးသင့်သဖြင့် နောက်တွင် ယောကျောင်း၌ သီတင်းသုံး စာပေချပို့ သာသနာပြုတော်မူသည်။ ၁၃၀၈-ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်း၏ "ဘဒ္ဒန္တဓမ္မာဘိဝံသ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ (မူလစာချ)"ဘွဲ့ပုံတံဆိပ်လက်မှတ် ဆက်ကပ်၍ ဆွမ်းဆန်တော်စသည်လစဉ်ထောက်ပံ့ ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။

## နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်

ဆရာတော် အရှင်ဓမ္မာဘိဝံသသည် ၁၃၁၂-ခုနှစ်ကစ၍ ပျံလွန်တော်မူသည်အထိ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်ကို "အဘိဓဇ မဟာရဋ္ဌဂုရု" ညောင်ရမ်းဆရာတော်, "အဂ္ဂမဟာပဏ္ဍိတ" ဟံသာဝတီဆရာတော် အရှင်ဣန္ဒောဘာသ, "အဂ္ဂမဟာပဏ္ဍိတ" ဆရာတော် အရှင်နာရဒတို့နှင့်အတူ ဆောင်ရွက်တော်မူခဲ့လေသည်။ ဝိနည်းအရာ၌လည်း ကျွမ်းကျင်၍ အပြောအဆိုလည်း ရဲရင့်ပြတ်သားသည်ဟု သိရ၏။

## ဩဝါဒါစရိယဖြစ်ခြင်း, ပျံလွန်ခြင်း

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ တာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။ သို့ရာတွင် သံဂါယနာပြီးဆုံးသည် အထိ ဆောင်ရွက်သွားတော်မမူရရှာပါချေ။

ဆဋ္ဌသံဂါယနာပွဲကြီးတင်ချိန် ရန်ကုန်မြို့သို့ ဆဋ္ဌသံဂါယနာတင်ရန် ကြွရောက်၍ သံဂါယနာတင်စဉ် ဆီးရောဂါပြင်းထန်စွာ နှိပ်စက် သဖြင့် ရန်ကုန် ဆေးရုံးကြီး၌ တက်ရောက်ကုသရင်း ၁၃၁၆-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်နေ့ နံနက် ၈-နာရီအချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။ ဆရာတော် အရှင်ဓမ္မာဘိဝံသ၏ အလောင်းကို မန္တလေးတိုက်တော်သို့ယူ၍ ခမ်းနားစွာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပကြပြီးလျှင် အလောင်းကို မီးသဂြိုဟ်ပူဇော် ကြကုန်၏။

**ဓမ္မဝံသော မဟာထေရော၊ တိုက်တော် ဝံသေဘိပါကဋော။**
**ကတွာ သာသနကိစ္စာနိ၊ ယထာကမ္မံ ဂတော သုခိ။**

### သံဝေဂယူရန်

**အဗလံ ဒုဗ္ဗလံ အာယု၊ ဗဟူဟိ သမ္ဗန္ဓံ ဘဝေ။**
**တသ္မာ မုဟုတ္တန္တရေပိ၊ ဘဝေယျ မရဏံ ဟိ ခေါ[၁]။**

အာယု၊ အသက်ဇီဝိန်သည်။ ဝါ၊ အသက်သမုတ် နာမ်နှင့်ရုပ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ အဗလံ၊ ခွန်အားဗလ မရှိသည်လည်းကောင်း။ ဒုဗ္ဗလံ၊ အားနည်းသည်လည်းကောင်း။ ဗဟူဟိ၊ ထွက်သက် ဝင်သက် လေးချက်က္ကရိယာ တဖြာပူအေး လေးထွေဘုတ်မဟာ အစာအာဟာရ စသည်စုပေါင်း များစွာသော အကြောင်းအရာတို့နှင့်။ သမ္ဗန္ဓံ၊ ဆက်စပ်သည်လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ မုဟုတ္တန္တရေပိ၊ တမုဟုတ်ချက်တဖြုတ် တိုတောင်းသော ကာလအတွင်း၌လည်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ခြင်း သည်။ ဘဝေယျ ဟိ ခေါ၊ ဖြစ်နိုင်ရာသည်သာ။

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၈- ကြည့်။ ( စုဏ္ဏိယကိုချုံးရေးသည်)။

## အောက်မေ့သံဝေဂဖြစ်ဖွယ်အကြောင်းကြားစာ

ထိုစဉ်ကအရှေ့ပြင်တိုက်တော် ဈာပနဆောင်ရွက်ရေး သံဃာ့အဖွဲ့က သက်ဆိုင်ရာသံဃာတော်များ အကြောင်းကြားသည့်စာမှ ဆဋ္ဌသံဂါယနာတင် စဉ်က ချန်ခဲ့ရသည့်ဖြစ်ရပ်ကို သံဝေဂရစေပါသည်။သို့ မူရင်းအတိုင်း ဖော်ပြအပ် ပါသည်။

## မန္တလေးမြို့ အရှေ့ပြင်တိုက်တော် ယောကျောင်း နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ဘုရားကြီး ဦးဓမ္မာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူရာ ဘုန်းကြီးပျံ အကြောင်းကြားစာပါဘုရား

မန္တလေးမြို့ အရှေ့ပြင်တိုက်တော် သံဃာကြီးငယ် အပေါင်း တို့က ရှိသေ လေးမြတ်စွာ အကြောင်းကြားလျှောက်ထားအပ်ပါသည်။ ဆရာတော် သံဃာ တော် အသျှင်သူမြတ်တို့ဘုရား။

မန္တလေးမြို့ အရှေ့ပြင် တိုက်တော်ယောကျောင်း နိုင်ငံတော် ဝိနည်း မိုရ် ဆရာတော်ဘုရားကြီး ဦးဓမ္မာဘိဝံသသည် သက်တော်(၇၅) သိက္ခာတော် (၅၅) ဝါအရတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ကြီးမှူး၍ကျင်းပသည့် ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီးသို့ ကြွရောက်ဆောင်ရွက်တော်မူနေဆဲ အခါ ဆီးရောဂါကပ်ရောက်၍ ရန်ကုန်မြို့ ပြည်သူဆေးရုံ၌ တတ်သိလိမ်မာသော ဆရာဝန်သမားအပေါင်းတို့၏ ကောင်းမွန်သော ဆေးချက်ဖြင့် အစွမ်းကုန် ကု သငြားသော်လည်း -

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ၊
န ပန သက္ကတေ မရဏာဿ ပဋိကမ္မံ ကာတုံ။

အညတြေဝ ဣဒ္ဓိမန္တာနံ ဣဒ္ဓိဝိသယာ၊
သဗ္ဗေ သတ္တာ မရိဿန္တိ မရဏန္တဉှိ ဇီဝိတံ။

ဟူသော ယုတ္တိဝိစယ နှစ်ထပ်ပြ နေတ္တိပါဠိတော်အားလျော်စွာ ဇရာဟူသော ရင့်ရော်ခြင်းတရားကို ကုစားခြင်းငှါစွမ်းနိုင်သော်လည်း စိုးပိုင်ကြွသရ မရဏမည်းလျှင်း ရှင်သေမင်းကိုမူကား ဆေးသွင်းခြင်းစသော ပကတိအစွမ်းအားဖြင့် တားမြစ်ခြင်းကို မဆိုထားဘိ ဣဒ္ဓိဝိသယအဘိညာဉ် စျာန်တန်ခိုးသော်မှ အစိုးမရ လောကအားလုံး သေမြဲထုံးကို ရှောင်ပန်းလို့မလွတ် မချွတ်နိစ္စဖြစ်လျှင်ပျက်မြဲ မလွဲနိုင်သော သဘာဝဓမ္မ တရားတော်အရ ၁၃၁၆-ခု၊ နယုန်လဆန်း (၁၄)ရက်နေ့၊ နံနက် မြန်မာစံချိန် နာရီဇတော် (၈)နာရီအချိန်တွင် ဘဝဟောင်း ရုပ်သိမ်းလျက် ချုပ်ငြိမ်းနတ်ထံ ပြန်လွန်တော်မူပါကြောင်းကို ရှိသေလေးမြတ်စွာ အကြောင်းကြားလျှောက်ထားအပ်ပါသည်။

၎င်းပြင် ဆရာတော်ဘုရားကြီး၏အလောင်းတော်ရုပ်ကလာပ်ကို ရန်ကုန်မြို့မှ ဆရာတော် သီတင်းသုံးရာ မန္တလေးမြို့ အရှေ့ပြင် တိုက်တော်ကျောင်းတိုက်သို့ ကြီးကျယ်ခမ်းနား သိုက်မြိုက်စွာ ၁၃၁၆-ခု၊ နယုန်လပြည့်ကျော်(၂)ရက်နေ့က ပင့်ဆောင်ရောက်ရှိပါကြောင်း။

စျာပနဆောင်ရွက်ရေးသံဃာ့အဖွဲ့
အရှေ့ပြင်တိုက်တော်

## ဆရာတော် အရှင်ဓမ္မာဘိဝံသ(ဓမ္မဝံသ)ပါဝင်
## ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်တစ်ခု

ဆရာတော် နိုင်ငံတော်ဝိနည်းဓိုရ်ဖြစ်စဉ် ဆရာတော် ပါဝင်ဆုံးဖြတ်ခဲ့သည့် ဝိနိစ္ဆယများ များစွာရှိရာ တစ်မူဖြစ်သည့် ရှင်ဘို့မယ် အာရာမ်နှင့်စပ်သော အဓိကရုဏ်းမှုတစ်ခုကို အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည်။ ယင်း ရှင်ဘို့မယ် အဓိကရုဏ်းကို ညောင်ရမ်းဆရာတော် ဘုရားကြီး အရှင်ရေဝတ တာဝန်ခံဖြစ်၍ ဆရာတော် အရှင်နာရဒ, ဆရာတော် အရှင်ကုဏ္ဍလ, အရှင်ဓမ္မာဘိဝံသ (ဓမ္မဝံသ)တို့ အဖွဲ့ဝင်များ ဖြစ်တော်မူကြသည်။

## မန္တလေးမြို့ နိုင်ငံတော် ဝိနိစ္ဆယဋ္ဌာန
## ဆုံးဖြတ်ချက် ဝိနိစ္ဆယ
## အမှုတွဲ အမှတ်စဉ် (၈–၃)

နေ့စွဲ ၁၃၁၃-ခု၊ တော်သလင်းလဆန်း ၁၅-ရက်။
၁၉၅၁-ခု၊ စက်တင်ဘာလ ၁၅ -ရက်

| | |
|---|---|
| (၁) စောဒနာဝင်စောဒက | ။ ရှင်ဘို့မယ်ဘုရား ၊ ဗုဒ္ဓဝေယျာဝစ္စ-အသင်းသားများ။ |
| (၂) စောဒနာဝင်စုဒိတက | ။ ရှင်ဘို့မယ်ဘုရားအတွင်းနေ ဦးကုသလ။ |
| (၃) အမှုအမည် | ။ ရှင်ဘို့မယ်ဘုရားအာရာမ်နှင့် စပ်သော အဓိကရုဏ်းမှု |

### ၁– ပဋိညာနိဒါနကထာ

(က) “သင်္ဂါမာဝစရေန ဘိက္ခုနာ သံဃေ ဝေါဟရန္တေန ဝတ္ထု ဇာနိတဗ္ဗံ၊ ဝိပတ္တိ ဇာနိတဗ္ဗာ၊ အာပတ္တိ ဇာနိတဗ္ဗာ၊ နိဒါနံ ဇာနိတဗ္ဗံ၊ အာကာရော ဇာနိတဗ္ဗော၊ ပုဗ္ဗာပရံ ဇာနိတဗ္ဗံ၊ ကတာကတံ ဇာနိတဗ္ဗံ၊ ကမ္မံ ဇာနိတဗ္ဗံ၊ အဓိကရဏံ ဇာနိတဗ္ဗံ၊ သမထော ဇာနိတဗ္ဗော၊ န ဆန္ဒာဂတိ ဂန္တဗ္ဗာ၊ န ဒေါသာဂတိ ဂန္တဗ္ဗာ၊ န မောဟာဂတိ ဂန္တဗ္ဗာ၊ န ဘယာဂတိ ဂန္တဗ္ဗာ၊ သညာပနီယေ ဌာနေ သညာပေတဗ္ဗံ၊ နိဇ္ဈာပနီယေ ဌာနေ နိဇ္ဈာပေတဗ္ဗံ၊ ပေက္ခနီယေ ဌာနေ ပေက္ခိတဗ္ဗံ၊ ပသာဒနီယေ ဌာနေ ပသာဒေတဗ္ဗံ၊ လဒ္ဓပက္ခောမှီတိ ပရပက္ခော နာဝဇာနိတဗ္ဗော၊ ဗဟုဿုတောမှီတိ အပ္ပဿုတော နာဝဇာနိတဗ္ဗော၊ ထေရတရောမှီတိ နဝကတရော နာဝဇာနိတဗ္ဗော၊ အသမ္ပတ္တံ န ဗျာဟာတဗ္ဗံ၊ သမ္ပတ္တံ ဓမ္မတော ဝိနယတော န ပရိဟာပေတဗ္ဗံ၊ ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထုသာသနေန တံ အဓိကရဏံ ဝူပသမ္မတိ၊ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ” ဟူ၍ ပရိဝါပါဠိတော်၌ ဟောတော်မူအပ်သော ဝိနယရေသာဝကတို့၏ လိုက်နာကျင့်ဆောင်အပ်သော မဟာသင်္ဂါမာဝစရ

ဩဝါဒအနုသာသနီ ဒေသနာတော်မြတ်ကို ဦးထိပ်ထက်၌ ပန်ဆင်၍ ထားပြီးလျှင် အဂတိလေးပါး မလိုက်စားဘဲ အာမိသပုဂ္ဂိုလ်ကို မမှီမူ၍ အနုဝိဇ္ဇက ဝိနယရေအင်္ဂါများနှင့် လျော်ညီစွာ ယထာဘူတအားဖြင့် သာကေပြ၍ ဝိနိစ္ဆယချပေအံ့။

နိုင်ငံတော် ဝိနိစ္ဆယဌာန ဝိနယရေဆရာတော်တို့သည် ရှင်ဘိုမယ် ဘုရားအာရာမ်နှင့်စပ်သောအယူခံ စောဒနာဝင် အဓိကရုဏ်းမှုကို ဝိနိစ္ဆယ တုလနဉာဏ်ဖြင့် နှိုင်းချိန်ကြသည်ရှိသော်-

စောဒနာဝင် အယူခံတရားသူကြီးတို့၏ ဥပဒေသဘောသည် အောက်ရုံးများ၌စိစစ်မေးမြန်းချက်အကြွင်းအကျန်ရှိသေးသည်ဟု ထင်မြင်ချက်ရှိမှသာလျှင် ထပ်မံ၍ စိစစ်မေးမြန်းကြ၏။ မရှိလျှင် အောက်ရုံးစီရင်ချက်၌ ပါရှိသောအတိုင်းသာလျှင် စိစစ်၍ ဝိနိစ္ဆယချပေးသောထုံးရှိ၏။

ထိုကြောင့် ယခုစောဒနာဝင်သော ရှင်ဘိုမယ်ဘုရား အဓိကရုဏ်းအမှု၌ အောက်မြို့နယ်ခရိုင်ဝိနိစ္ဆယဌာနတို့၏ဆုံးဖြတ်ချက် ဝိနိစ္ဆယတို့၌ အမှုသည်နှစ်ဦးတို့နှင့်တကွ သက်သေတို့ကို ထပ်မံ၍ စစ်မေးရန်မလိုဟု ယူဆတော်မူကြ၏။ သို့သော်လည်း ဒဠီကမ္မဖြစ်စေခြင်းငှါ အမှုသည်တို့ကိုထပ်မံ၍ စစ်မေးပြီးလျှင် ဆုံးဖြတ်ချက်ချပေမည်။

(ခ) "ဗုဒ္ဓကာလေပိ သက္ခိနာ သုဒ္ဓိ ဝါ အသုဒ္ဓိ ဝါ ဟောတိ" ဟူသော အဋ္ဌကထာနှင့်အညီ ဝိနည်းကံအရာ ဒဠီကမ္မဖြစ်စေခြင်းငှါ အမှုသည်နှစ်ဦးနှစ်ဖက်တို့ မတင်ပြကြသော်လည်း အတွင်းကျကျ မူလအကြောင်းမှန်ကို သိနိုင်လောက်သော ဦးပဥ္စင်းကြီး ဦးဘ၏သား ပင်စင်စားအရေးပိုင် ဦးမောင်မောင်အား စုံစမ်းမေးမြန်းရာ အောက်ပါအတိုင်း လျှောက်ထားလေသည်။

(၁) ရှင်ဘိုမယ်ဘုရားအနီးနေ အမြတ်တော်ဝန်ထောက်မင်း ဦးဘသည် ရဟန်းမပြုမီ လူအဖြစ်နှင့်ပင် အများနှင့်တိုင်ပင်ညီညွတ်၍ ဘုရားပရိဝုဏ်အတွင်း၌ ပြင်ဆင်စောင့်ရှောက်ခဲ့ပါသည်။

(၂) ၎င်းနောက် ရဟန်းဘောင်သို့ တက်ရောက်ပြီးလျှင် ရှင်ဘိုမယ်ဘုရားအာရာမ်အတွင်း အင်္ဂါထောင့်၌ ကျောင်းငယ်ကလေး ဆောက်လုပ်၍ "တေဇဝန္တ

ယာယီကျောင်း"ဟု ကမ္ပည်းတပ်ပြီးလျှင် နေထိုင်လျက် ဘုရားအာရာမ်အတွင်း၌ ပျက်စီးယိုယွင်းနေသော အာရုံခံ တန်ဆောင်းဂန္ဓကုဋီတိုက်စသည်တို့ကို ပြင်ဆင်ခြင်း, သိမ်သမုတ်၍ အုတ်တိုက်တည်ထားခြင်း, ခေတ်မီးဆက်သွယ်၍ ခေတ်မီးပူဇော်ခြင်း စသည်တို့ကို ပြုလုပ်ပါသည်။

(၃) ဦးကုသလသည် သထုံဇင်းကျိုက်မှ မုံရွာဦးပဥ္စင်းများနှင့် အတူပါလာ၍ ဦးပဥ္စင်းကြီးထံ လာရောက်နေထိုင်ပါသည်။

(၄) တပည့်တော်က ကျောင်းအာရာမ်ကို ဦးကုသလအား လွှဲအပ်ပါသလားဟု ၃-ကြိမ်တိုင်တိုင် လျှောက်ထားဘူးရာ မလွှဲအပ်ကြောင်း အမိန့်ရှိပါသည်။ စာချုပ်စာတမ်းလည်း မရှိပါ။ လွှဲအပ်လျှင် တပည့်တော် သိနိုင်ပါသည်ဟု လျှောက်ထား၏။

(၅) ဦးပဥ္စင်းကြီး ဦးဘသည် ခွေးကိုက်နာဖြင့်ဘာချက်ဆေးရုံမှာ ၁၃၀၃-ခုနှစ်၊ ကဆုန်လဆန်း ၈-ရက်နေ့ ၁၉၄၁-ခု၊ မေလ ၁၇-ရက်နေ့ ပျံလွန်ပါသည်။ ထိုအခါ ဦးကုသလသည် အောက်အရပ် ဒေသသို့ သွားနေ၍မရှိပါဟု လျှောက်ထား၏။

(၆) ၁၃၁၃-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်နေ့ အရေးပိုင်မင်းက ဦးကောသလ္လအား မေးပါ အစုံသိပါလိမ့်မည်ဟု လျှောက်ထားသောကြောင့် ဦးပဥ္စင်းကြီး ဦးဘအထံ၌ ဦးကုသလနှင့် အတူနေထိုင်ဘူးသော မုံရွာမြို့ ရေမိန်ကျောင်း ဘုန်းကြီး ဦးကောသလ္လကို စုံစမ်းမေးမြန်းရာ ဦးပဥ္စင်းကြီး ပျံလွန်သော အခါ ရှိပါသည်၊ ပြုစု၍ ဈာပနကိစ္စပြုလုပ် ဆောင်ရွက်ပါသည်။ ဦးကုသလအား တစ်စုံတစ်ခုကိုမျှ ပေးအပ်ခြင်း မရှိပါ၊ စာချုပ်စာတမ်းလည်း မရှိပါ၊ ဦးကုသလသည် သဂြိုဟ်ပြီးနောက် ၇-ရက်လောက်ကြာမှ ရောက်လာပါသည်ဟု လျှောက်၏။

(၇) ၎င်းတို့ လျှောက်ထားချက်အရ ဦးပဥ္စင်းကြီး ဦးဘသည် မိမိနေထိုင်သော ကျောင်းပစ္စည်းများနှင့် စေတီတော်အာရာမ်များကို ရှင်ကုသလအား အပိုင်အားဖြင့်လည်းကောင်း အစောင့်အရှောက် အားဖြင့်လည်းကောင်း မပေးအပ်ခဲ့ကြောင်း အလွန်ထင်ရှားချေသည်။

## ၂။ ရှင်ဘို့မယ်ဘုရား၏ အဋ္ဌုပ္ပတ္တိအကျဉ်းချုပ်

(၈) ရတနာပူရ အဝမြို့တော်ကြီး၌ သက္ကရာဇ် ၇၃၀-ပြည့်နှစ်၊ မင်းအဖြစ်သို့ရောက်သော မင်းကြီးစွာစော်ကဲ၏ နှမတော် စောမြတ်စွာခေါ် ဥမ္မာဒန္တီနှင့် စကုမင်းသခ်သူစောနှောင်းတို့ သင့်မြတ်ရာတွင် သားတော်သိခ်သူကို မြင်သည်။ ၎င်းသိခ်သူနှင့် မင်းကြီးစွာစော်ကဲ၏ နှမ စောစလာကဒေဝီတို့ သင့်ရာတွင် သားတော်မင်းဥက္ကာနှင့် သမီးတော် ရှင်ဘို့မယ်ကိုမြင်သည်။

## သီရိသုပဘာရတနာဒေဝီ ရှင်ဘို့မယ်၏အကြောင်း

(၁) သက္ကရာဇ် ၇၆၀-ခုနှစ် အဝမြို့ ပဋမဘုရင်မင်းခေါင်သည် စောဘို့မယ်ကို မိမျိုး ဘမျိုး မင်းရိုး မင်းမျိုးမှန်ခြင်း၊ တူမတော် အရင်းအခြာဖြစ်ခြင်း၊ အပြင်အလျာရုပ် အင်္ဂါလက္ခဏာညီညာ ချောမောလျှက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း စသည်တို့ကြောင့် ရှစ်နှစ်သမီးအရွယ်အားဖြင့် ငယ်သော်လည်း မိဖုရားကြီးတို့၏ အစီးအနင်း အဆောင်အရွက် ကျိုင်းရှစ်ချက် ရွှေဝေါကိုပေး၍ တောင်နန်းစံမိဖုရားကြီးအဖြစ် မြှောက်ထားတော်မူ၏။

(၂) ၇၈၃-ခုနှစ်တွင် သားတော်အိမ်ရှေ့မင်းသီဟသူသည် "သီဟသူရဓမ္မရာဇာ" ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူ၍ နန်းတက်သောအခါ ခမည်းတော် မိဖုရားစောဘို့မယ်ကိုပင် တောင်နန်းစံမိဖုရား မြှောက်၏။

(၃) ၇၈၇-ခုနှစ်၊ တော်သလင်းလတွင် တန်ဆောင်မိဖုရား သားတော်မင်းလှငယ် နန်းတက်သောအခါ မိဖုရားစောဘို့မယ်ကိုပင် တောင်နန်း တင်ပြန်၏။

(၄) ၇၈၇- ခုနှစ်၊ နတ်တော်လတွင် ကလေးကျေးတောင်ညိုမင်း နန်းတက်သောအခါ စောဘို့မယ်ကိုပင် မိဖုရားတင်မြှောက်ပြန်၏။

(၅) ၇၈၈-ခုနှစ်၊ နယုန်လတွင် မိုးညှင်းမင်းတရား နန်းတက် သောအခါ မိဖုရားစောဘို့မယ်သည် မန်းစက်တော်ရာ၌ နေစဉ် သားတော်နော်ရထာ၊ တူတော် သီရိဇေယျသူတို့ကို အလုံးအရင်းနှင့်ယူစေ၍ အဝမြို့ရောက်လျှင်

မိဖုရား စောဘို့မယ်ကို မိဖုရားအဖြစ်ဖြင့် ထားလေ၏။ ဤသို့လျှင် မိဖုရား စောဘို့မယ်သည် မင်းငါးဆက် မိဖုရားဖြစ်ရ၏။ ထိုကြောင့် ရှေးပညာရှိတို့သည် -

"မင်းဆက်ငါးသွယ် ရှင်ဘို့မယ် နန်းလယ်တင်သည်သာ"ဟု စပ်ဆိုတော်မူကြ၏။ သက္ကရာဇ် ၇၉၂- ခုနှစ်တွင် မိုးညှင်းမင်းတရားသည် စစ်ကိုင်းမြို့၌ ရတနာစေတီခေါ် ဆင်များရှင်ဘုရားကို တည်ထားတော်မူ၏။ မိဖုရား ရှင်ဘို့မယ်သည်လည်း ၎င်းသက္ကရာဇ် ၇၉၂- ခုနှစ်တွင် သတိသံဝေဂရ၍ ခတ္တိယရွာဦးထိပ်၌ ဆုတောင်းပြည့်စေတီကို တည်ထားကိုးကွယ်ခြင်း စေတီ၏ အနောက် တောင်ယွန်းယွန်း ဧသန်အရပ်၌ တဘက်ဆည်ကန်တည်ထားခြင်းကိုလည်း ပြုလုပ်ခဲ့လေသည်။

ထိုစေတီတော်သည် ရှင်ဘို့မယ်မိဖုရား တည်ထားခဲ့သောကြောင့် "ရှင်ဘို့မယ်ဘုရား"ဟူ၍ ယခုကာလတိုင်ပင် ခေါ်တွင်လျက်ရှိ၏။

ထိုစေတီတော်ကို ခတ္တိယရွာသူရွာသားတို့သည် မိဖုရား၏အမိန့်တော်အရ စောင့်ရှောက်ကိုးကွယ်ကြ၍ နှစ်စဉ် ဆွမ်းချဘုရားပွဲပြုလုပ်သည်ဟု အဆင့်ဆင့် ကြားနာမှတ်သား စကားအစဉ်ရှိ၏။

ထိုအခါ စေတီတော်၏ အာရာမ်အတွင်း၌ ကျောင်းဆောက်ရန် ရည်ရွယ်ရင်း မရှိသောကြောင့် ဘုန်းကြီးကျောင်းမရှိ အနီးအပါး၌လည်း မရှိ။ သက္ကရာဇ်-၁၂၂၁-ခုနှစ် မန္တလေးမြို့ တည်ထောင်ဖန်ဆင်းသောအခါ ခတ္တိယရွာနှင့် ရှင်ဘို့မယ်စေတီ၏အနီးအပါး ပတ်ဝန်းကျင်အရပ်တို့၌ နေထိုင်ကြကုန်သော ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ အမျိုးကောင်းသား အပေါင်းတို့တွင် သဒ္ဓါမိက, ဝီရိယာမိက ဝတ္တသမ္ပန္နဂုဏ်နှင့် ပြည့်စုံကြကုန်သော -

ဦးတေ, ဦးညှင်းအမှူးရှိသော လူကြီးမင်းအပေါင်းတို့သည် လွန်ခဲ့သော အနှစ် ၆၀-လောက်ကစ၍ ရှင်ဘို့မယ်ဘုရား၏ မညီညွတ်သော မဟာရာမ်ကို စတုရမ်းကျကျဖြစ်စေရန် ဘုရားပတ်ဝန်းကျင်ရှိ မြေရှင်များကို ဘုရားအား လှူဒါန်းစေ၍ တံတိုင်းလေးဘက်ခတ်ခြင်းစသော ဗုဒ္ဓကိစ္စတို့ကို ဆောင်ရွက်လုပ်ကိုင်ကြ၏။

တံတိုင်းအပြီးမသတ်မီပင် ဦးတေ, ဦးညွှင်းစသော အချို့သောလူကြီးများ ဘဝတစ်ပါးပြောင်းသွားကြရာ အလုပ်ရပ်စဲလျက် ၁၅-နှစ်, အနှစ် ၂၀-ခန့် ကာလ ကြာမြင့်ခဲ့ရာ ခြံပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းမတတ် ရှိပြန်ရာတွင် ရှေးယခင် အလုပ်ခွင်တွင် အတူပါဝင်ကြဘူးသော လူကြီး မင်းလေးယောက်နှင့်တကွ ဦးခင်, အမြတ်တော်ဝန်ထောက် ဦးဘ စသော ရှေ့ဆောင်လူကြီးများက တဖန်နိုးဆော်၍ ကြပ်မတ်လုပ်ကိုင် ကြရာ မဟာရာမ်တံတိုင်း အပြီးသတ်ခြင်း စေတီတော်ကို အုတ် အင်္ဂတေ မွန်းမံခြယ်လှယ်ခြင်း စေတီတော် ဝဲယာဂန္ဓကုဋီတိုက် တည်ထားခြင်း မဟာရာမ်တံတိုင်း သံတံခါးတပ်ဆင်ခြင်း စောင်းတန်းမုခ်ဦး ဆောက်လုပ်ခြင်းစသော ကိစ္စအဝဝတို့ကို လုပ်ကိုင်ဆောင်ရွက်ဆဲပင် ဝန်ထောက်မင်း ဦးဘသည် ရဟန်းပဥ္စင်းအဖြစ်ကိုယူ၍ ၎င်းစေတီတော် ယင်ပြင် အင်္ဂါထောင့်၌ ကျောင်းငယ်ကလေး ဆောက်၍ "တေဇဝန္တ ယာယီကျောင်း" ဟု ကမ္ပည်းဆွဲ၍ သီတင်းသုံးပြီးလျှင် စေတီတော် အရှေ့ဘက်၌ သိမ်သမုတ်ခြင်း တံဆောင်းတိုက် တည်ထားခြင်းစသော ဗုဒ္ဓဝေယျာဝစ္စတို့ကို နိုးဆော်၍ လုပ်ကိုင်ဆောင်ရွက်သွားလေ၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီး တိုင်းပြည်ပျက် ဂျပန်လက်ထက် အတွင်း ဗုဒ္ဓဝေယျာဝစ္စ အမှုဆောင်လူကြီးများ ပြေးလွှားတိမ်းရှောင်နေသဖြင့် ၄-၅နှစ် ခန့်က ကစင့်ကလျား ဖြစ်ရငြားသော်လည်း အင်္ဂလိပ်မင်းတို့ ပြန်လည်အုပ်စိုးသောအခါ ဦးခင်, ဦးလှအမျိုးရှိသော လူကြီးလူကောင်းအပေါင်းတို့သည် နိဗဒ္ဓဝတ်ဖြစ်သော ဘုရားပွဲတော် ကျင်းပခြင်းနှင့်တကွ ဗုဒ္ဓကိစ္စအဝဝတို့ကို ဆက်လက်လုပ်ကိုင်ကြပြီးလျှင် ၁၃၀၉-ခုနှစ်၊ လက်ရှိလူကြီးများနှင့် နိဗဒ္ဓဝတ် မချွတ်စေလိုသော စေတနာထက်သန်သူတို့ ပေါင်းစု၍ "ရှင်ဘို့မယ်ဘုရား ဗုဒ္ဓဝေယျာဝစ္စ အသင်း "ဟူသောအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးလျှင် ဘုရားအာရာမ်ကို ပြုပြင်ခြင်းစသည်တို့ကို ပြုလုပ်ကြပြီးလျှင် မပျက်မကွက် အစဉ် အဆက်အားဖြင့် ယခုကာလတိုင်အောင် စောင့်ရှောက်ခြင်း အာရာမ်အတွင်း၌ ဥပုသ်စောင့်သုံးခြင်း ဘုရားပွဲတော် ပြုလုပ်ခြင်းစသည်တို့ကို ယခုအခါတိုင်အောင် စောင့်ရှောက်၍ လာကြသည်ကို စာဒကတို့တင်ပြသော ဘုရားဝေယျာ ဝစ္စ လူကြီးအစဉ် အဆက် စာတမ်းကို ဦးပဥ္စင်းကြီး ဦးဘ၏သား ပင်စင်စား အရေးပိုင် ဦးမောင်

မောင် ထွက်ဆိုချက် ၁-နှင့်၂-တို့က ထောက်ခံနေသဖြင့် ခိုင်လုံထင်ရှားသော အဋ္ဌုပ္ပတ္တိဖြစ်ပေသည်။

၁။ ခရိုင်ဝိနည်းမှုခိုရ်ဆရာတော်တို့၏ ယူဆချက်ကို ကောက်နုတ်၍ စိစစ်ဝေဘန်ခြင်း။

(ဃ) ခရိုင်ဝိနိစ္ဆယ ၁-အချက်၌ ဗုဒ္ဓဝေယျာဝစ္စအသင်းကို လွန်ခဲ့သော နှစ်ပေါင်း ၂၀-ကျော်လောက်က တည်ထောင်ခဲ့ပြီး ဖြစ်သော်လည်း ဂျပန်ခေတ်က ကစင့်ကလျားဖြစ်ပြီးနောက် ၁၃၀၉-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့မှ ၎င်းအသင်းကို ပြန်လည်ဖွဲ့စည်းပါသည်။ ရှင်ဘို့မယ်ဘုရားသည် ဂေဇက်ဝင်မဟုတ်သဖြင့် အသိအမှတ် ပြုထားသော ဂေါပကများမရှိပါဟု ထွက်ဆိုချက်ကို ပဓာနအားဖြင့် ယူဆကြ၍လည်းကောင်း ရှင်ဘို့မယ်ဘုရားသည် ဂေါပက လုံးဝမရှိကြောင်း ထင်ရှားသည်ဟု ခရိုင်ဝိနည်းမှုခိုရ်များ ယူဆကြသည်။

၎င်းယူဆချက်၌ စိစစ်ဝေဘန်ဘွယ်ရှိပေသည်။ ဝေဘန်သော် ရှင်ဘို့မယ်ဘုရားသည် ဂေဇက်ဝင်ဘုရား မဟုတ်သဖြင့် အသိအမှတ်ပြုထားသော ဂေါပကများမရှိပါဟု စောဒကကိုမောင်ကလေး၏ ထွက်ဆိုချက်တို့တွင် ဆိုလိုရင်းအဓိပ္ပါယ်မှာ အင်္ဂလိပ်အစိုးရ၏ ထုံးစံဓလေ့အတိုင်း ဥပဒေစည်းကမ်း ရေးဆွဲအတည်ပြုပြီး၍ ၎င်းစည်းကမ်းအရ အသိအမှတ်ပြုထားသော ဂေါပကမရှိပါ။

သို့သော်လည်း ဗုဒ္ဓဘာသာလူမျိုးတို့၏ ဓလေ့ထုံးစံအရ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သောသူတို့သည် ဝတ္တသီသနိဗဒ္ဓအားဖြင့် ပူဇော်စောင့်ရှောက်မြဲဓမ္မတာအတိုင်း ခေတ်ပျက်ခြင်းကြောင့် ခေတ္တ ကစင့်ကလျား ဖြစ်ရငြားသော်လည်း တဖန်ပြန်လည်ဖွဲ့စည်း၍ ပူဇော်မြဲ စောင့်ရှောက်မြဲအတိုင်း စောင့်ရှောက်ပါသည်ဟု ရှေ့နောက်စကားကိုညှိ၍ အာဘောဂ နှလုံးသွင်းကျနအောင် ကောက်ချက်ယူရမည်ကိုမပြုဘဲ တစိတ်တဒေသဖြစ်သော "ဂေါပကမရှိပါ" ဟူသောစကားကိုသာ ကောက်ယူမိကြလေသောကြောင့်လည်းကောင်း။

"ဆဋ္ဌိတ ဝိဟာရတော မဋ္ဌပိဋ္ဌာဒိနိ ထေယျစိတ္တေန
ဂဏှန္တော ဥဒ္ဓါရေယေဝ ဘဏ္ဍာဌေယ့န ကာရေတဗ္ဗော"

ဟူသော စူဠဝါအဋ္ဌကထာ၌ ရဟန်းတော်တို့သည် တစ်စုံတစ်ခုသော အန္တရာယ်ကြောင့် စွန့်လွှတ်၍ထားအပ်သော ရဟန်းအစောင့်အရှောက် မရှိသောကျောင်းမှ ညောင်စောင်း အင်းပျဉ်း အစရှိသည်တို့ကို ထေယျ စိတ်ဖြင့် ယူသော် ခေတ္တ အစောင့်အရှောက်ပြတ်သော်လည်း ဂေါပကမရှိဟု မဆိုထိုက်သောကြောင့် ယူသောရဟန်းကိုချီမ၍ ယူသောခဏ၌ပင် ဘဏ္ဍာဘိုးဖြင့် အာပတ်ကို ဆုံးဖြတ်အပ်၏ဟု ပြတော်မူသကဲ့သို့ ထိုနှင့်အလားတူစွာ ဂျပန်စစ်ဘေးဒဏ်ကြောင့် ဂေါပကများ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ကြရ၍ ခေတ္တ အစောင့်အရှောက် ပြတ်သော်လည်း ရှင်ဘို့မယ်ဘုရားသည် လုံးဝ ဂေါပကမရှိဟု မဆိုထိုက်သောကြောင့်လည်းကောင်း။

ရှင်ဘို့မယ်မိဖုရားသည် စေတီတော်ကိုတည်ထားပြီးနောက် ခတ္တိယ ရွာသားများ စောင့်ရှောက်ကိုးကွယ်ကြ၏။ မန္တလေးမြို့ တည်ပြီးသောအခါ၌လည်း ၎င်းစေတီတော်၏အနီးအပါး၌ နေထိုင်ကြကုန်သော ဗုဒ္ဓဘာသာ လူဒါယကာတို့သည် ဘုရားအာရာမ်အတွင်း၌ ဗုဒ္ဓပူဇနိယ သံဃိက စရပ်, တန်ဆောင်း ဆောက်လုပ်ခြင်း, ဥပုသ်စောင့်သုံးခြင်း, ရှိခိုးပူဇော်ကြခြင်း, ဘုရားပွဲတော်ဆင်ယင် ကျင်းပကြခြင်း စသည်တို့ကို ပြုလုပ်ကြပြီးလျှင် အစဉ်အဆက် ယခုတိုင်အောင် စောင့်ရှောက်လျက်ရှိသည်ကို ဘုရားအာရာမ်တွင်းရှိ ဂန္ဓကုဋီတိုက် အာရုံခံ တန်ဆောင်းစသော အဆောက်အအုံတို့က သက်သေခံ ပြလျက်ရှိသောကြောင့် လည်းကောင်း။ ဂေဇက်ဝင်ဘုရားမဟုတ်၍ ဂေါပကမရှိဟုဆိုရာ၌လည်း မန္တလေးမြို့၌ မဟာမြတ်မုနိစသော ဂေဇက်ဝင်ဘုရား အနည်းငယ်မျှသာရှိ၏။ ထိုမှကြွင်းသောဘုရားများ၌ ဗုဒ္ဓဝါဒီတစ်ဦးတစ်ယောက်သော်လည်းကောင်း, အများသော်လည်းကောင်း ဝတ္တသီသဖြင့် နိဗဒ္ဓပူဇော် စောင့်ရှောက်နေသော် ဂေါပကရှိ၏ဟူ၍ ကျမ်းဂန်အရ ယူဆထိုက်သောကြောင့်လည်းကောင်း။

ဤသို့ပြအပ်သော အကြောင်းအချက်တို့ကြောင့် ရှင်ဘို့မယ် ဘုရားသည် ဂေါပကရှိ၏ဟူ၍သာ ယူဆထိုက်ချေသည်။

၅။ ခရိုင်ဝိနိစ္ဆယ၌ ပါဠိသာဓကဆောင်ပြ၍ ဗုဒ္ဓသန္တကကို ရဟန်းတော်များ စောင့်ရှောက်ထိုက်သောကြောင့် ရှင်ဘို့မယ်ဘုရား အာရာမ်စသော ဗုဒ္ဓ

သန္တကကို ရှင်ကုသလသည် ရက္ခကဂေါပက ဖြစ်ထိုက်သည်ဟု ယူဆကြ၏။ ယင်းသို့ယူဆကြသောအချက်ကို စိစစ်ဘွယ်ရှိပြန်၏။ ပရိဝါပါဠိတော်၌ စေတိယသန္တကကို ရဟန်းများစောင့်ရှောက်ထိုက်၏ဟု ဟောတော်မူသည်ကား မှန်ပေ၏ "ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ "ဟု အဋ္ဌကထာ၌ မိန့်ပြန်သောကြောင့် လူများသည် စောင့်ရှောက်ထိုက်သည်ကိုလည်း သိသင့်ထိုက်ကြပေသည်။

သို့ဖြစ်သောကြောင့် ရှင်ဘိုမယ် စေတိယသန္တကကို ဗုဒ္ဓဝေယျာဝစ္စ အသင်းက အစဉ်အဆက်ညွှန်ပြ၍ ပြုပြင်သုတ်သင် စောင့်ရှောက် ကြသည်။ ရှင်ကုသလသည်လည်း ဦးပဥ္စင်းကြီး လွှဲအပ်ချက်ကိုညွှန်ပြ၍ စောင့်ရှောက်တန် သလောက် စောင့်ရှောက်ခြင်းလည်း ထင်ရှားပေသည်။ ထိုစောင့်ရှောက်သူ ၂-ဦး ၂-ပက္ခတို့တွင် ပရိဝါပါဠိတော်ကို အကိုးအကားသာကေပြု၍ ရဟန်းဖြစ်လျှင် စေတိယသန္တကကို စောင့်ရှောက်ထိုက်သည်ဟု ခရိုင်ဝိနည်းခိုရ်များ ယူဆကြဟန် ရှိကြသဖြင့် အထက်ပါယူဆချက်ကို ဖော်ပြကြ၏။ ရဟန်းဖြစ်ဆန်း ဖြစ်ကာမျှဖြင့် ရက္ခကဂေါပက မထိုက်သည်ကို သတိပြုမိကြဟန် မတူချေ။

အကြောင်းသော်ကား -

" န မမာယိတဗ္ဗော န ပရိဘုဥ္ဇိတဗ္ဗော "

ဟု တားမြစ်ပိတ်ပင်ထားသော အာဏာစက်တော်ဖြင့် ရဟန်းဖြစ်ဆန်းကာမျှဖြင့် ရက္ခကဂေါပက မထိုက်သည်ကို ပြတော်မူသောကြောင့်တည်း။

ထိုပိတ်ပင်တားမြစ်သောအာဏာစက်ကို ရှင်ကုသလသည် ကျူးလွန် ဖောက်ဖျက်ခြင်းပြု၊ မပြုကိုစိစစ်ကြည့်ပြန်လျှင် ဥဒ္ဒိဿစေတီ ရုပ်ပွားတော်များကို ရွှေ့ပြောင်း၍ ပရိဘောဂစေတီထိုက်သော ပလ္လင်တော်များကို ဖျက်ဆီးပစ်ခြင်း၊ ဂန္ဓကုဋီတိုက် နံရံကိုဖျက်၍ မိမိကျောင်းနှင့်ဆက်စပ်ပြီးလျှင် လူနေခန်း မီးဖိုခန်း စသည်ပြုလုပ်၍ မိမိသန္တကကဲ့သို့ သုံးဆောင်နေထိုင်သုံးစွဲခြင်း စသည်တို့ကို တွေ့ရှိကြ ပေလိမ့်မည်။ ဤသို့ကျူးကျော် ဖေါက်ဖျက်လျက် ရက္ခကဂေါပက အရည်အချင်းပျက်စီးနေသော ရှင်ကုသလကို ရက္ခကဂေါပက ဖြစ်ထိုက်၏ဟု ခရိုင်ဝိနည်းခိုရ်များ ယူဆခြင်းသည် မိမိတို့ထုတ်ပြသော ပရိဝါသာကေ၏

အဓိပ္ပါယ်ကို အကုန်ခြုံ၍ သိတတ်သောအမြင်ကျယ်မှု မရှိကြခြင်းပင်လျှင် အပြစ်ဖြစ်ပေသည်။

စင်စစ် ရှင်ကုသလသည် ရက္ခကဂေါပက အရည်အချင်း ပျက်စီးချွတ်ယွင်းသူလည်း ဖြစ်ခဲ့၏။ ဦးပဥ္စင်းကြီးဦးဘက လွဲအပ်သည်ဟု ဆိုပါသော်လည်း စာတမ်းသက်သေမပြနိုင်ခဲ့။ ဦးဘ၏သား ပင်စင်စားအရေးပိုင် ဦးမောင်မောင်နှင့် ရေမိန်ကျောင်းဘုန်းကြီး ဦးကောသလ္လတို့၏ အစစ်ခံချက်တို့အရ ပယ်ချအပ်သော ပုဂ္ဂိုလ်လည်း ဖြစ်ခဲ့ခြင်းကြောင့် ရှင်ဘို့မယ်ဘုရား၏ ရက္ခကဂေါပက အဖြစ် မထိုက်တန်သော ပုဂ္ဂိုလ်ဖြစ်ချေသည်။

သို့အတွက် အစဉ်အလာ အဆက်ဆက် စောင့်ရှောက်လျက်ရှိသော လူဒါယကာဗုဒ္ဓဝေယျာဝစ္စအသင်းသည်သာ ရှင်ဘို့မယ်ဘုရား၏ ပသာဒနီယ ဂုဏ် တောက်ပြောင်အောင် ဆောင်ရွက်ကြသည်ကို မျက်မှောက်ပစ္စက္ခ တွေ့မြင်ကြရ၍ ရက္ခကဂေါပကအဖြစ် ထိုက်တန်သည်ဟု ဆရာတော်တို့ ထင်မြင်ပေသည်။

၆။ ဒါယိကာမ ဒေါ်စက်ရီ၏ ၁၀-ရတီကျော်ရှိ ဥဿဖရား အစစ်အမှန်ကို ခုတ်စပြီးလှီးစပြတ် ယတိပြတ်ပြီး ဘုရားကို လှူဒါန်းပါသည်။ ဘုန်းကြီးဦးကုသလကို မလှူပါဟူသော ထွက်ဆိုအစစ်ခံချက်၌ (ခုတ်စပြီး လှီးစပြတ် ယတိပြတ်ပြီး)ဟု ဆိုအပ်သောစကားကိုသာ ကြည့်ရှုဆင်ခြင်ကြ၍ ၎င်းဥဿဖရားကျောက်သည် ဆင္ဃိတပစ္စည်း ဆိန္နမူလကပစ္စည်း နိရာပေက္ခ ပရိစ္စတ္တပစ္စည်း ဖြစ်၍ အသာမိကပစ္စည်း အရာ၌တည်၏။

အာလယပြတ်ပြီးသောပစ္စည်းကို ဆောင်ယူရာ၌ ပါရာဇိကအာပတ်ဖြင့် မဆုံးဖြတ်အပ်ဟု မိမိတို့၏ ယူဆချက်ကို ခရိုင်ဝိနည်း များက ထုတ်ဖေါ်ပြရာဝယ် စိစစ်ဖွယ်ရှိသေး၏ စိစစ်ဟန်ကား-

ငါ၏ဝတ္ထုပစ္စည်းကို တဖန် ပြန်ယူရလိမ့်ဦးမည်ဟူသော စွဲလမ်းချက်ငြိတွယ်မှုကို ဖြတ်တောက်ယတိပြတ်စေပြီးလျှင် စွန့်လွှတ် ပေးကမ်းတတ်သော ဒါယကာ ၁-ကဏ္ဍ။ ပေးကမ်းဘွယ် ပေးကမ်းအပ်သော ဝတ္ထုပစ္စည်း ၁-ကဏ္ဍ။ ရဟန်းစသောအလှူခံပုဂ္ဂိုလ် ၁-ကဏ္ဍ။ ဤသို့လျှင် သုံးကဏ္ဍသုံးပိုင်း တိက အစဉ်

အတိုင်းထား၍ ဒါယကာက အလှူခံအား သင်္ကန်းတည်းဟူသော ဝတ္ထုပစ္စည်းကို ပေးကမ်း စွန့်လွှတ်လှူဒါန်းလိုက်ရာ ဒါယကာဘက်က စွဲမှတ်၍ ထိုသင်္ကန်းဝတ္ထုပစ္စည်းကို အမည်ပေးလျှင် နိရာလယ နိရပေက္ခ ပရိစ္စတ္တ ပစ္စည်းဟုအမည်ပေးရပေလိမ့်မည်။ အလှူခံဘက်ကစွဲ၍ အမည်ပေးလျှင် သသာမိကပစ္စည်းဟုလည်း အမည်ပေးရပေလိမ့်မည်။

ဤသို့ နိရာလယ နိရပေက္ခ ပရိစ္စတ္တ သသာမိက ဖြစ်သော ဝတ္ထုပစ္စည်းတစ်မျိုး, ဆင္ဃိတ ဆိန္နမူလက အသာမိကဖြစ်သော ဝတ္ထုပစ္စည်းတစ်မျိုးဟု ခွဲခြားသတ်မှတ်အပ်ပေသည်။ ဤပစ္စည်းကိုရည်၍ ဝိနယာလင်္ကာရဋီကာဆရာသည်-

"ဒိန္နကာလေ ပန သံယောဝ သာမိ ဟောတိ၊ န ဒါယကော၊ ပရိစ္စတ္တတ္တာ" အစရှိသော စကားကိုလည်းကောင်း။

ဝဇိရဗုဒ္ဓိဋီကာဆရာသည်လည်း -

"ဆင္ဃိတံ နာမ အနတ္တိကဘာဝေန အတိရေကပတ္တာဒိနံ သာမိကေန ဆင္ဃိတံ နဋ္ဌံ ပရိယေသိတွာ ဆိန္နာလယတ္တာ ဆိန္နမူလကံ" အစရှိသော စကားကိုလည်းကောင်း မိန့်ဆိုတော်မူခဲ့ကြပြီ။ ယခု အချင်း ဖြစ်ပွားသော ဉဿဖရားကျောက်သည် ပစ္စည်းရှင်က မသုံးဆောင်ချင်၍ မည်သူ့ကိုမျှ မပေးဘဲ လွှင့်ပစ်သောဝတ္ထုပစ္စည်း ဖြစ်သော်သာ ဆင္ဃိတပစ္စည်းဟု ဆိုထိုက်၏။ ယင်း ပစ္စည်းမျိုးလည်း မဟုတ်ခဲ့။ ပျောက်သောဝတ္ထုပစ္စည်းကို ရှာပါသော်လည်း မတွေ့နိုင်သဖြင့် မရတော့ပါဘူးဟု ငြီတွယ်မှု အာလယဥစ္စာရှင်က ပြတ်စဲသော ဝတ္ထုပစ္စည်းဖြစ်သော်သာ ဆိန္နမူလကပစ္စည်းဟု ဆိုထိုက်၏။ ၎င်းပစ္စည်းမျိုးလည်း မဟုတ်ခဲ့။

စင်စစ်သော်ကား ဒေါ်စက်ရီသည် ပြန်ယူရရှိလိမ့်ဦးမည်ဟူသော ငြီတွယ်မှုမထားဘဲ ယတိပြတ် ရှင်ဘို့မယ်ဘုရားအား ဉဿဖရားကျောက်ကို လှူဒါန်းသောကြောင့်လည်းကောင်း ဉဿဖရားကျောက်သည် နိရာလယ နိရပေက္ခ ပရိစ္စတ္တပစ္စည်းဖြစ်ပေသည်။

ဘုရားအား လှူဒါန်းသောကြောင့် ဗုဒ္ဓသန္တက သသာမိကပစ္စည်း ဖြစ်ပေသည်။ ဗုဒ္ဓဝေယျာဝစ္စ အသင်းတည်းဟူသော စောင့်ရှောက်သူ ရှိသောကြောင့် သို့မဟုတ် အာဂတာဂတရဟန်းတည်းဟူသော စောင့်ရှောက်သူရှိသောကြောင့်

ရက္ခိတဂေါပိတ ပရပရိဂ္ဂဟိတပစ္စည်းလည်း ဖြစ်ပေသည်။ ဤကိုရည်စူး၍ "ဒေဝတာဒီနံ ဝါ ဗုဒ္ဓမ္မောနံ ဝါ ပရိစ္စတ္တံ ပရေဟိ စေ အာရက္ခကေဟိ ပရိဂ္ဂဟိတံ ပရပရိဂ္ဂဟိတမေဝ"ဟု ဝဇိရဗုဒ္ဓိဋီကာ ရှင်မိန့်ဆိုတော်မူလေပြီ။

ဤသို့ ဝေဘန်စီစစ်လိုက်သော်ငြင်း ဥဿဖရားကျောက်သည် ရက္ခိတဂေါပိတ ပရပရိဂ္ဂဟိတ သသာမိကအဖြစ် ထင်ရှားပေါ်လွင် လယ်ပြင်ဆင်သွားဘိသကဲ့သို့ ဖြစ်ချေသည်။

ဤသို့ ဝေဘန်ခွဲခြားခြင်းကို မပြုလုပ်ကြပဲ ဆင္ဃိတ ဆိန္နမူလ နိရာလယ နိရပေက္ခ ပရိစ္စတ္တပစ္စည်းဖြစ်၍ အသာမိကပစ္စည်းအရာ၌ တည်၏ဟု ဝါးလုံးကြီးရိုက် ယူဆခြင်းသည် ဝိနည်းအရာ လိမ္မာကျွမ်းကျင် ဆင်ခြင်ခြင်းမရှိကြသည့် အဖြစ်ကို ဖေါ်ပြရာရောက်လေတော့သည်။

ထိုသို့ပြဆိုသော အကြောင်းအချက်တို့ကြောင့် စုဒိတက ရှင်ကုသလသည် ရှင်ဘို့မယ်ဘုရားအာရာမ်အတွင်းရှိ ရုပ်ပွားတော်၏ နဖူးသင်းကျစ်တော်၌ တပ်ဆင်လှူဒါန်းထားသော ဥဿဖရား ကျောက်ကို ထေယျစိတ်ဖြင့် ဖြုတ်ယူသည်ရှိသော် ရက္ခိတဂေါပိတ ပရပရိဂ္ဂဟိတ သသာမိက ဗုဒ္ဓသန္တက ပစ္စည်းဖြစ်သောကြောင့် ပဉ္စမာသဂ္ဃနကမတ္တ အဘိုးထိုက်ရကား ဘဏ္ဍဂ္ဃဖြင့် ဆုံးဖြတ်သင့်ချေသည်။

ရှင်ကုသလ၏ အစစ်ခံချက်တွင် မပျောက်မပျက်ရန် ကောင်းသောစိတ်ထားဖြင့် ဖြုတ်ယူသိမ်းထားပါသည်ဟု ထွက်ဆိုသော်လည်း မန္တလေးအနောက်နယ် ဝိနိစ္ဆယဋ္ဌာန ဝိနည်းခိုရ်များက ဥဿဖရားကျောက်အစစ်မဟုတ်ဘဲ အတုဖလ်ကျောက်ကိုသာ တင်ပြလေသောကြောင့် "မပြေးဘူးဆိုသော်လည်း ကန်ရာရှိ" ဆိုဘိသကဲ့သို့ ဖြစ်နေရကား သုဒ္ဓစိတ်ဖြင့် ဖြုတ်ယူသည်ဟု မုချဆတ်ဆတ် ဆိုနိုင်ရန် ခဲယဉ်းလှချေသည်။

သုဒ္ဓစိတ်ဖြင့် ယူပါသည်ဟုဆိုလင့်ကစား ဗုဒ္ဓသန္တက ပစ္စည်းမှန်းသိလျက် ဖြုတ်ယူသုံးစား မှားခဲ့ငြားအံ့ မဟာသာဝဇ္ဇဟု ဆိုအပ်သော ကြီးစွာသော အပြစ်ဘေးမှ ပြေး၍လွတ်မည်မဟုတ်ပေ။

သာကေသက်သေသော်ကား -

(သီဟိုဋ္ဌ်ကျွန်း ရောဟနဇနပုဒ်၌ ဒီဃာဝုစေတီတော်အား တင်လှူထားသော တံခွန်ပုဆိုးသည် လေလွင့်၍ ပါသွားရာ သူကြွယ် တစ်ယောက်၏ လယ်အပိုင်းအခြား၌ ကျလေ၏။

ထိုသူကြွယ်သည် ဘုရားတံခွန်းမှန်းသိလျက် ကောက်ယူသုံးစွဲမိ၏။ ထိုသူကြွယ် သေလွန်သောအခါ အလျှံပြောင်ပြောင် တောက်လောင်သော သံပတ်တစ်ထောင်ရစ်ပတ် ခြုံရသော ပြိတ္တာဖြစ်ရလေ၏) ဤကား ကျမ်းဂန်လာ သာဓကသက်သေတည်း။

၇။ ပုဒ္ဓဝေယျာဝစ္စအသင်းအား ဖြစ်ကြကုန်သော စောဒကများက စုဒိတက ရှင်ကုသလအပေါ်၌ တင်ပြအပ်သောအပြစ် ၉-ချက်တွင် ၉-နံပါတ် အပြစ်ဒေါသကိုသာ ပဓာနအဖြစ်ဖြင့် စီစစ်ဝေဘန်ကြ၍ ကျန်သောအပြစ် ၈-ချက်ကို မန္တလေးခရိုင်ဝိနည်းမိုရ်များက "အုတ်ပလ္လင်တော်များ ဖျက်ဆီးခြင်းကိစ္စကြောင့် ကောင်းကျိုးနှင့်ဆိုးကျိုး ရှေးရှုလား ရာ တမလွန်ဘဝ၌ ဖျက်ဆီးသူ အဘို့သာဖြစ်ချေ၍ စိစစ်ဘို့ရာ မလိုတော့ပေ"ဟု အကြောင်းပြ၍ ချန်လှပ်ထားကြလေသည်။ ယင်းသို့ ချန်လှပ်ထားခဲ့ကြခြင်းသည် စောဒကက စုဒိတက အပေါ်သို့ တင်ပြသောအပြစ်သည် အပြစ်ဖြစ်ထိုက် မထိုက်ကို စုဒိတက၏ ထွက်ဆိုချက် အခြင်းအရာ အာကာရ အာဘောဂနှလုံးသွင်းကိုလည်းကောင်း, ပြုမိခြင်း မှန်,မမှန်ကိုလည်းကောင်း ဒိဋ္ဌ, သုတ အခြေခံသက်သေ ထောက်ခံချက် ရ,မရကိုလည်းကောင်း သုံးသပ်ဆင်ခြင်စုံစမ်း မေးမြန်းပြီးမှ ပါဠိ အဋ္ဌကထာဋီကာ မဟာပဒေသတို့နှင့် တိုက်ဆိုင်ညှိနှိုင်း ပြသစီစစ် ဝေဘန်သော ဝိနည်းမိုရ်တို့၏ ထုံးတမ်းစဉ်လာ ချို့ယွင်းရာကျရောက်ပေသည်။

"ဝုတ္တံ အပဟာပေန္တေန အဝုတ္တံ အပကာသေန္တေန ဩတိဏ္ဏာနိ ပဒဗျဉ္ဇနာနိ သာဓုကံ ပရိဂ္ဂဟေတွာ"

အစရှိသည်ဖြင့် ဟောကြားတော်မူအပ်သော ပရိဝါပါဠိတော်နှင့် လည်း မညီညွတ်ပေ။ အပြစ်ဒေါသ ဖြစ်ထိုက်, မဖြစ်ထိုက်ကို မစီစစ်ဘဲ ဆုံးဖြတ်ရဲသော ဝိနည်းမိုရ်ကို ပဌမအကြိမ် တွေ့ရခြင်းပင်တည်း။

## ၈- စောဒက, စုဒိတကတို့၏ တင်သွင်းထွက်ဆိုချက်ကို စိစစ်ဝေဘန်ခြင်း

(င) ထို့ကြောင့် ငါတို့ကား စိစစ်ဝေဘန်ပြဦးအံ့။ ဗုဒ္ဓဝေယျာဝစ္စ အသင်းသား စောဒကတို့က ၁-၂-၃-အမှတ်တို့ဖြင့် စုဒိတက ရှင်ကုသလအပေါ် တင်ပြသောပြစ်ချက်များ ဟုတ်,မဟုတ် မှန်,မမှန်ကို မေးမြန်းရာ ရှင်ကုသလက ကျောင်းထက် ဘုရားရုပ်ပွားတော်များက နိမ့်ကျနေ၍လည်းကောင်း, ကျောင်း၏ခြေရင်းကျနေ၍လည်းကောင်း ရုပ်ပွားတော်များနှင့် ပလ္လင်တို့ကို ရွှေ့ပြောင်းဖျက်ဆီးရပါသည်ဟု သူ၏အာဘောဂနှင့်တကွ ဟုတ်မှန်ကြောင်းထွက်ဆိုဝန်ခံခြင်း, မြို့နယ်ဝိနည်းမှုိရ်များ ကိုယ်တိုင်အခြင်းဖြစ်ပွားရာ ဘုရားအာရာမ်သို့ သွားရောက်၍ ကြည့်ရှုကြရာ စောဒကများ တင်ပြတိုင်း မှန်သည်ချည်းဟု မှတ်တမ်း တင်ပြခြင်းတို့ကို အခြေခံ ထောက်ခံချက်ရသဖြင့်လည်းကောင်း။

ဤသို့ ရှင်ကုသလ ပြုမူခြင်းသည် အပြစ်ဖြစ်ထိုက်,မဖြစ်ထိုက် ပါဠိ အဋ္ဌကထာစသည်တို့နှင့် ညှိနှိုင်း၍ စိစစ်အပ်သော်-

"ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတိ။ ဘာရိယံ ကမ္မံ အာနန္တရိကမ္မသဒိသံ"

ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ မိန့်ဆိုတော်မူရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်ရှိသော် အကြင်သူတို့သည် စေတီတော်ကို ဖျက်ဆီးကြကုန်၏၊ ဗောဓိပင်ကို ဖြတ်ကြကုန်၏၊ ဓာတ်တော်ကို ပျက်စီးအောင် လုံ့လပြုကြကုန်၏၊ ထိုသူတို့အား အဘယ်ကံဖြစ်ပါသနည်း။ အာနန္တရိယကံနှင့်တူသော ကြီးလေးစွာသော အကုသိုလ်ကံဖြစ်သည်ဟု အဓိပ္ပါယ်လာရှိခြင်းကြောင့် ဘုရားကို ကြည်ညိုဘွယ်ဖြစ်အောင် တင့်တယ်သည်ထက် တင့်တယ်အောင် နှလုံးမသွင်းဘဲ မိမိအနေအထိုင် ချောင်ချိအောင် အာဘောဂထားပြီးလျှင် စုဒိတက ရှင်ကုသလသည် ဥဒ္ဒိဿစေတီရုပ်ပွားတော်များကို ရွှေ့ပြောင်းပစ်ခြင်း ပရိဘောဂစေတီတော်ဖြစ်သော ပလ္လင်တော်တို့ကို အခြေမှစ၍ ဖျက်ဆီးပစ်ခြင်း ပရိဘောဂစေတီဖြစ်သော ဂန္ဓကုဋီတိုက်နံရံတို့ကို ဖျက်ဆီးပစ်ခြင်းများ ထင်ရှားလေရကား အာနန္တရိယကံနှင့်တူသော ကြီးလေးသော အကုသိုလ်ကံကို စီမံ

ဖန်တီးပြုလုပ်ရာ ကျရောက်သဖြင့် မဟာသာဝဇ္ဇထိုက်ချေသည်။

၉။ (၄) အမှတ်ဖြင့်ပြသောဂန္ဓကုဋိတိုက်၏ အပေါက်ကို ပိတ်ဆို့ ထားခြင်းကိုလည်း ရှင်ကုသလက ဘုရားရုပ်ပွားတော်များ မရှိခြင်းကြောင့် ပိတ်ဆို့ထားပါသည်ဟု အာဘောဂအကြောင်းပြနှင့်တကွ ထွက်ဆိုဝန်ခံပေသည်။ ထိုဝန်ခံချက်အရ စီစစ်ဆင်ခြင်အပ်သည်ရှိသော် ရုပ်ပွားတော်များ တောင်ဘက်မျက်နှာ၌ မရှိသဖြင့် ဘုရားဖူးများ သွားလာဝင်ထွက်မှုမပြုသင့်။ ရှုတ်ရှက်ခတ် အပိုပင်ဖြစ်ရာသည်ဟု ယူဆပြီးလျှင် ဗုဒ္ဓဘာသာသူတော်စဉ်တို့၏လည်း ယဉ်ကျေးမှုဓလေ့ ထုံးစံ "ပဒက္ခိဏံ ကတွာ"အရ လှည့်လည်ပူဇော်ခြင်းကို တားမြစ်လိုသောအလိုဆန္ဒဖြင့် ပိတ်ဆို့ထားသည်ဟူသော အဓိပ္ပါယ် သက်ရောက်ချေသည်။ ယင်းသို့ သက်ရောက်လေရာ အကျိုးအပြစ်ကိုရှာသော် -

တာ မာလံ ဥပ္ပလဥ္စာပိ၊ ပစ္စဂ္ဃဥ္စ ဝိလေပနံ။
ထူပံ ဟရန္တိယော ဝါရေသိ၊ တံ ပါပံ ပကတံ မယာ။

စသည်ဖြင့် ပေတဝတ္ထုပါဠိတော်၌ ဟောတော်မူအပ်သော စေတီတော်အား သွားရောက်လှူဒါန်းပူဇော်သည်ကို တားမြစ်ပိတ်ဆို့သော ယောကျာ်းသည် သေသည်၏အခြားမဲ့ ငရဲ၌ကျက်ရပြီးလျှင် ထိုငရဲမှ လွတ်ခဲ့သော်လည်း တစ်ကိုယ်လုံးပုတ်သော ဓာတုဝိဝဏ္ဏပြိတ္တာကဲ့သို့ ကြီးလေးသော အပြစ်ဖြစ်သင့်ရကားဘုရားဖူးများ သွားလာရာ တံခါးပေါက်ကို ပိတ်ဆို့ထားခြင်းကို မပြုထိုက်ပေ။

၁၀။ (၅) အမှတ်ဖြင့် တင်ပြအပ်သောအပြစ်ကိုလည်း စုဒိတက ရှင်ကုသလသည် ပလ္လင်များကို ရွှေ့ပြောင်းပြီးလျှင် မီးဖိုအဖြစ်အသုံးပြုထားပါသည်။ သန့်ရှင်းစွာ ထားပါသည်ဟု မြို့နယ်ဝိနိစ္ဆယဌာနတွင် ထွက်ဆိုဝန်ခံခြင်း ဝိနည်းမှိုရ်များ ကိုယ်တိုင် သွားရောက်ကြည့်ရှုရာ ဂုဏ်ပရိဘောဂတိုက်ကို ကျောင်းနှင့်ဆက်စပ်ထားခြင်း လူနေခန်း မီးဖိုခန်း စသည်ပြုလုပ်ထားခြင်းများကို တွေ့မြင်ခဲ့ရပါသည်ဟု မှတ်တမ်း တင်ပြထားခြင်းတို့ကို အခြေခံရသဖြင့် -

"ဗုဒ္ဓါနံ ဟိ ပရိဘောဂေါ တဒုသတ္တာနံ စေတိယဋ္ဌာနိယော" ဟူသော အဋ္ဌကထာ၌ မြတ်စွာဘုရား ရုပ်ပွားတော်တို့ သီတင်းသုံးရာအရပ်သည် ရုပ်ပွားတော်များ မရှိသော်လည်း ရှိခိုးပူဇော်အပ်သော ပရိဘောဂစေတီအရာ၌ တည်၏

ဟု ပြတော်မူသောကြောင့်ရင်း ဂန္ဓကုဋိတိုက်ကို လူရဟန်းများ အသုံးမပြုထိုက် ပေ။ ပြုသော် အခမ္ဘိက ပရိဘောဂဖြစ်၍ ကြီးလေးသော မဟာသာဝဇ္ဇ ဖြစ်ရာချေ သည်။

"ဝတ္တသမ္ပန္နာ ဟိ ဂရုနံ အာသနေ ဝါ သယနေ ဝါ အတ္တနော ပရိက္ခာရံ န ဌပေန္တိ"ဟူသော ဓမ္မပဒအဋ္ဌကထာ မိန့်ဆိုသည်ကို ထောက်ဆ၍လည်း ရုပ်ပွား တော်တို့၏ ကိန်းဝပ်ရာဌာနသည် ရုပ်ပွားများမရှိသည်လည်း ပရိဘောဂစေတီ အရာ၌ တည်ခြင်းကြောင့် ရင်းဂန္ဓကုဋီတိုက်ကို လူနေရာဌာန ချက်ပြုတ်ရန် မီးဖိုဌာနစသည် ပြုလုပ်ထားသည့်အတွက် ဝတ္တသမ္ပန္နဂုဏ်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်ချေသည်။

**"အတ္တိ ပရိက္ခာရော ရက္ခိတဗ္ဗော ဂေါပေတဗ္ဗော န မမာယိတဗ္ဗော"** ဟု ပရိဝါပါဠိတော်၌ ဟောတော်မူရာဝယ် န ပရိဘုဥ္ဇိတဗ္ဗော-ဟူသော အာဏာ စက်ဖြင့် စေတီတော်၏ သန္တကပရိက္ခာရ ပရိဘောဂတို့ကို ရဟန်းတော်များ စောင့်ရှောက်ရုံ စောင့်ရှောက်အပ်၏၊ မိမိပစ္စည်းကဲ့သို့ မသုံးဆောင်ကောင်း မသုံးစွဲကြနှင့်ဟု ပညတ်တော်မူခြင်းကြောင့် စေတီတော်၏ ပရိက္ခာရ ပရိဘောဂ ဂန္ဓကုဋီတိုက်ကို လူနေခန်း မီးဖိုခန်း စသည်ပြုလုပ်သုံးစွဲခြင်းကို မပြုထိုက်ပေ။

ဤသို့ပြအပ်ပြီးသော သာဓကတို့ဖြင့် စုဒိတက ရှင်ကုသလသည် စေတိယ ဝတ္တသမ္ပန္နဂုဏ် ကင်းမဲ့သောသူ၏အဖြစ်သို့လည်းကောင်း ဗုဒ္ဓဂါရဝ ကင်းမဲ့သောသူ၏ အဖြစ်သို့လည်းကောင်း ရက္ခကဂေါပက အရည်အချင်း ကင်း မဲ့သောသူ၏အဖြစ်သို့လည်းကောင်း မြတ်စွာဘုရား အာဏာစက်ကို ကျူးကျော် ချိုးဖဲ့သောသူ၏ အဖြစ်သို့လည်းကောင်း ရောက်ချေသည်။

၁၁။ (၆)အမှတ်ဖြင့် ပြအပ်သောအပြစ်ကိုလည်း (ပြန်ယူလိုက ပြန် ယူနိုင်ပါသည်)ဟု ရှင်ကုသလဖြေဆိုခြင်းသည် စေတီတော်၏ မဟာရာမ် တံခါးကိုဖြုတ်ယူ၍ မိမိကျောင်းဝင်းတံခါးအဖြစ် တပ်ဆင်ထားသည်ကား မှန်ပါ သည်ဟု ဝန်ခံရာရောက်သဖြင့်-

" စေတိယသန္တကေ ပန အပလောကေတွာပိ သံဃကိစ္စံ ကာတုံ န

ဝဋ္ဋတိ”ဟု အဋ္ဌကထာ၌ စေတီတော်၏ ပစ္စည်းဖြင့် ပန်ကြား၍သော်လည်း သံဃအမှုကိစ္စကို ပြုခြင်းငှါ မအပ်လေဟု မိန့်သောကြောင့်လည်းကောင်း “စေတိယသန္တကေန သံဃသန္တကံ ရက္ခာပေတုံ န ဝဋ္ဋတိ” ဟု အဋ္ဌကထာ ဖွင့်ပြရာ၌လည်း စေတီတော်၏ ပစ္စည်းဥစ္စာဖြင့် သံဃာ့ပစ္စည်းဥစ္စာကို စောင့်ရှောက်စေခြင်းငှါမအပ်ဟု မိန့်ဆိုတော်မူပြန်သောကြောင့်လည်းကောင်း စုဒိတက ရှင်ကုသလ ပြုမူချက်သည် ဝိနည်းတော်နှင့် ဆန့်ကျင်သောကြောင့်လည်းကောင်း ဒုယောဇိတ ဒုပ္ပရိဘောဂ ဖြစ်ချေသည်။ “တတော ဝါတပါနာဒီနိ သံဃိကာဝါသေ ဝါ ပုဂ္ဂလိကာဝါသေ ဝါ ယောဇိတာနိ ပဋိဒါတဗ္ဗာနိ”ဟူသော အဋ္ဌကထာ ညွှန်ပြသည်နှင့်အညီ ရှေးပကတိအတိုင်း ပြန်လည် တပ်ဆင်ထားထိုက်လေသည်။

၁၂။ (၇)အမှတ်ဖြင့် ပြအပ်သောအပြစ်ကိုလည်း ရှင်ကုသလက (ဝင်းထရံခတ်၍ စည်းကမ်းချက်ဖြင့် ပိတ်ထားပါသည်)ဟု ဝန်ခံခြင်း, မြို့နယ် ဝိနည်းခိုရ်များ မျက်မှောက်ဖြစ်ခဲ့ခြင်းကြောင့် အထုပ်အပိုးနှင့်တကွ ဖမ်းမိသော သူခိုးကဲ့သို့ အခြေခံခိုင်မြဲလေရကား-

“ စေတိယင်္ဂဏဗောဓိယင်္ဂဏာနိ ဒုဿန္တိ ဝါရေတဗ္ဗော ”ဟူသော အဋ္ဌကထာနှင့်အညီ စေတီယင်ပြင်တော်ကို ဖျက်ဆီးရာကျ ရောက်သည့်အတွက် ၎င်းဝင်းထရံကို တားမြစ်ဖျက်ဆီးသင့်လေသည်။

၁၃။ (၈) အမှတ်ဖြင့် ပြအပ်သောအပြစ်ကိုလည်း ရှင်ကုသလက “သစ်ပင်များကို စောင်းတန်းနှင့်မလွတ်၍ ဖြတ်ပါသည် အခြောက်သစ်ပင်များကို ထင်းအဖြစ်အသုံးပြုပါသည်”ဟု ထွက်ဆိုသော်လည်း မြို့နယ်ဝိနည်းခိုရ်များ သွားရောက်ကြည့်ရှုရာတွင် ဘုရားအတွင်း သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲ၍ ထင်းဆိုက်ရန် ဖြတ်တောက်ထားသည်ကို တွေ့ခဲ့ရသည့်အပြင် တောင်ဘက် ဂန္ဓကုဋိတိုက် ရှေ့ဥပစာစောင်းတန်းနှင့် လွတ်သောသစ်ပင်ကြီး တစ်ပင်ကိုလည်း အမြစ်အရင်းမှ ပတ်ပတ်လည်ထစ်၍ သတ်ထားသည်ကိုလည်း တွေ့ခဲ့ရသည်ဟု မှတ်တမ်းတင်ပြထားသဖြင့် ရှင်ကုသလ၏ ထွက်ဆိုချက်စကားသည် “ဆင်ဝှေ့ ရန်ရှောင်” စကားမျိုးသာဖြစ်ချေသည်။ စင်စစ်သော် ၎င်းသစ်ပင်များသည် စေတိယသန္တက ဖြစ်ခြင်းကြောင့် သုဒ္ဓစိတ်ဖြင့် ခုတ်လှဲခဲ့သော် ဘဏ္ဍာစားပေး

ထိုက်၏။ ထေယျစိတ်ဖြင့်ခုတ်လှဲခဲ့သော် ဘဏ္ဍာဌဖြင့် ဆုံးဖြတ်သင့်ချေသည်။

၁၄။ (၉)အမှတ်ဖြင့်ပြအပ်သော အပြစ်ကိုလည်း အောက်ခရိုင် ဝိနည်းမိုရ်တို့၏ ယူဆချက်ကို ဝေဘန်စီစစ်ရာ၌ ဖော်ပြခဲ့လေသည်။

၁၅။ စောဒက, စုဒိတကတို့စုံညီ နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် ကိုမောင်ကလေး၏ နောက်ဆုံးပိတ်ထွက်ဆိုချက်ကို စဉ်းစားချင့်ထောက်သော် ဗုဒ္ဓဝေယျာဝစ္စ အသင်းသားတို့က ရှင်ကုသလအပေါ် ၉-ခုသော ပြစ်ချက်တို့ကိုပြ၍ 'စောဒနာဝင်ခြင်းသည် 'အရင်းစစ် အမြစ်မြေက' ဆိုဘိသကဲ့သို့ အကြောင်းရင်းစ ဖြစ်ပေါ်မှုကိစ္စမှာ မစ္ဆိကာသဏ္ဍာ စိတ္တသူကြွယ်ကျောင်း၌ ကျောင်းထိုင်အဖြစ်နေသော ရှင်သုဓမ္မသည် ရတနာသုံးပါးနှင့်စပ်သော ကိစ္စဟူသမျှကို မိမိထံတိုင်ပင်ခွင့်ပန်နေကျဖြစ်ပါလျက် ရှင်သာရိပုတ္တရာအမှူးရှိသော သံဃာတော်တို့အား ဆွမ်းစားဖိတ်သောအခါ မတိုင်ပင်သည့်အတွက် ဒါယကာ စိတ္တသူကြွယ် အပေါ် စိတ်ကွက်ခြင်းကြောင့် ဆဲရေးမိသဖြင့် စိတ္တသူကြွယ်၏ ချေပချက်ကို မခံမရပ်ဖြစ်ပြန်သဖြင့် မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားဘိသကဲ့သို့ ထိုနှင့်အလားတူစွာ ရှင်ဘို့မယ်ဘုရားပွဲ ကျင်းပသောအခါ သံဃဒါနဆွမ်းတော်ကြီးလောင်းရာတွင် အကြီးအမှူးမတင် ပင့်သံဃာကို လိုသလောက်မပေးသည့်အတွက် ဒေါသထွက်၍ ရှင်ကုသလက ဆဲရေးနှောင့်ယှက်သည်ကစ၍ မသင့်မတင့် တဖြည်းဖြည်း ကြီးရင့်လာသောကြောင့် ဤဝိနိစ္ဆယဌာနရုံးတော်သို့ လာရောက်ကြရာ အက်ဥပဒေ ၁၅-အရ အခွင့်အာဏာ ရှိသည်အားလျော်စွာ ပုဒ်မ ၂၂-အပိုဒ်ခွဲ-၁၊ (က)အရ ပါဠိအဋ္ဌကထာ ဋီကာ- စသည်တို့နှင့် ညှိနှိုင်းစီစစ်ဝေဘန်ကြပြီး၍ အောက်ပါအတိုင်း လက်မှတ်ရေးထိုး၍ ဝိနိစ္ဆယအမိန့်ချမှတ်ပေးတော်မူကြလေသည်။

## အဆုံးအဖြတ် စီရင်ချက်အမိန့်

၁။ ပါဠိ အဋ္ဌကထာ ဋီကာ သာဓကတို့ဖြင့် စီစစ်ဝေဘန်ပြီးသည်နှင့်အညီ ခရိုင်ဝိနည်းမိုရ်တို့၏ အဆုံးအဖြတ်(က၊ခ၊ဃ)တို့ကို ပယ်ဖျက် ရုပ်သိမ်းကြစေ။

၂။ အနောက်ပြင်မြို့နယ် ဩဝါဒစရိယနှင့် ဝိနယဓရ ၂-ဖွဲ့ ပေါင်းစုံက ရွေးချယ်တင်မြှောက်ပေးသော ရဟန်းတော် ၅-ပါးထက် မနည်းသော ဩဝါဒါ

စရိယဆရာတော်တို့၏ အခွင့်အမိန့်ကိုခံယူ၍ ရှင်ဘိုမယ်စေတီတော်နှင့်တကွ စေတီယသန္တက ပစ္စည်းအရပ်ရပ်ကို ဗုဒ္ဓဝေယျာဝစ္စအသင်းက ဂေါပကအဖြစ်ဖြင့် စီမံအုပ်ချုပ် ထိန်းသိမ်း စောင့်ရှောက်ကြစေ။

**မှတ်ချက်။** ။ဗုဒ္ဓဝေယျာဝစ္စအသင်း၏ စည်းမျဉ်းဥပဒေကို တိကျ သေချာစွာဖြစ်စေရန် ဝိနိစ္ဆယအက်ဥပဒေ ပုဒ်မ ၂၉။ ချွင်းချက်အရ နိုင်ငံတော် ဝိနိစ္ဆယဌာန၏ သဘောတူညီချက်ကို ခံယူထားရမည်။

၃။ ရှင်သုဓမ္မသည် သံဃုပဌာကသူကြွယ်ကိုဆဲရေး နှောင့်ယှက်ခြင်း ကြောင့် ပတိသာရဏီယကံကိုပြုစေသည်နှင့်အလားတူစွာ ရှင်ကုသလသည် ဗုဒ္ဓုပဌာက, သံဃုပဌာကဒါယကာများကို ဆဲရေးနှောင့်ယှက်ခြင်းကြောင့်လည်း ကောင်း "န မမာယိတဗ္ဗော န ပရိဘုဥ္ဇိ တဗ္ဗော"ဟူသော အာဏာတော်ကို ကျူးကျော်၍ ဂန္ဓကုဋီ ပရိဘောဂတိုက်ကို မိမိသန္တကကဲ့သို့သုံးဆောင်ခြင်း အစရှိသည်တို့ကို ပြုလုပ်ခြင်း ကြောင့်လည်းကောင်း ဩဝါဒစရိယဆရာတော်များ အဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့၏ သဘောတူ အခွင့်အမိန့်မရှိဘဲ ရှင်ဘိုမယ်ဘုရား အာရာမ်အတွင်း ဗုဒ္ဓသန္တက အရာဝတ္ထုပစ္စည်း အဆောက်အအုံဟူသမျှကို ပြုလုပ်စီမံခြင်း မရှိစေရ။ ရှောင်ကြဉ်နေထိုင်ရမည့်အပြင် မိမိကိုယ်တိုင် နေထိုင် နိုင်သမျှ နေထိုင်စေ။

၄။ ဂန္ဓကုဋီတိုက်နှင့် မိမိကျောင်းကို ဆက်စပ်ထားသော အမိုးအကာ များကိုလည်းကောင်း ဝင်းခြံခတ်ထားခြင်းကိုလည်းကောင်း ရှင်ကုသလက ၁၃၁၃-ခုနှစ် တန်ဆောင်မုန်းလ မကုန်မီအတွင်း ဖျက်ဆီးရုပ်သိမ်းပြီးလျှင် တိုက် နံရံများ ပလ္လင်တော်များ ရုပ်ပွားတော်များ တံခါးများကို ရှေးပကတိကျနအောင် ပြန်လည်ပြုလုပ်ပေးစေ။

၅။ ရှင်ဘိုမယ်ဘုရား ရုပ်ပွားတော်မှ ရှင်ကုသလ ဖြုတ်ယူထားသော ဥဿဖရား ကျောက်အစစ်ကိုလည်း ပြန်လည်တပ်ဆင်ထားစေ။

၆။ ဗုဒ္ဓသန္တက သစ်ပင်များကို ထင်းအဖြစ်သုံးစွဲမိသည်ကို တန်ဘိုး ဘဏ္ဍာစားပေးစေ။

(ပုံ) ညောင်ရမ်းဆရာတော်
တာဝန်ခံနိုင်ငံတော်ဝိနိစ္ဆယဋ္ဌာန
မန္တလေးမြို့။

(ပုံ) ဆရာတော် ဦးနာရဒ
ဒက္ခိဏာရာမဘုရားကြီးတိုက်။

(ပုံ) ဆရာတော် ဦးကုဏ္ဍလ
အနောက်တိုက်တော်။

(ပုံ) ဆရာတော် ဦးဓမ္မဝံသ
အရှေ့တိုက်တော်။

■ ■ ■

## ဒသမမြောက်ဆရာတော် အရှင်ဝိသုဒ္ဓ

ဆရာတော် အရှင်ဓမ္မာဘိဝံသ ပျံလွန်တော်မူပြီးနောက် မဟာဝိသုတာရာမတိုက်တော်၌ ညောင်အုပ်ကျောင်းဆရာတော် အရှင်ဝိသုဒ္ဓသည် မဟာဝိသုတာရာမတိုက်တော်၌ ဒသမမြောက် သံဃနာယကဆရာတော် ဖြစ်တော်မူသည်။

မကွေးခရိုင် ရေတွင်းကြီးရွာ၌ သက္ကရာဇ် ၁၂၅၅-ခုနှစ် နတ်တော်လဆန်း ၁၃-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ ၁၂၇၃-ခုနှစ်ကစ၍ တိုက်တော်သို့ ရောက်ရှိခဲ့သည်။

ဆရာတော် အရှင်ဝိသုဒ္ဓကား ရိုးသားဖြောင့်မတ်၏, ခန္တိဂုဏ်နှင့် ပြည့်စုံ၏, တိုက်တာအကျိုး သည်ပိုး ဆောင်ရွက်လေ့ရှိတော်မူသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ မဟာဝိသုတာရာမတိုက်တော် အုပ်ချုပ်သာသနာပြုတော်မူသောအခါ ဆရာတော်အရှင်ဝိသုဒ္ဓသည် သက်တော် ၈၃-နှစ်၊ ဝါတော် ၆၄-ဝါ အရ သက္ကရာဇ် ၁၃၃၇-ခုနှစ် နတ်တော်လဆန်း ၅-ရက်နေ့၊ ညဉ့် ၁-နာရီ

အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

၁။ နံနက်စသား ကာလများ လွန်သွားခဲ့ကုန်ပြီ။
၂။ သုံးယာမ်ပိုင်းခြား ညဉ့်အများ လွန်သွားလေကုန်ပြီ။
၃။ နောက်နောက်အရွယ် ရှေ့အရွယ် စွန့်ပယ်ခဲ့ကုန်ပြီ။
၄။ သေရန်သမယ ချိန်ကာလ နီးကပ်လှလေပြီ။

■ ■ ■

## ကောဒသမမြောက် ဆရာတော် အရှင်ပဏ္ဍိတ

ဆရာတော် အရှင်ပဏ္ဍိတသည် ဆရာတော် အရှင်ဝိသုဒ္ဓ ပျံလွန်တော်မူပြီးနောက် မဟာဝိသုတာရာမတိုက်တော် ကျောင်းတိုက်ကြီး၏ ဧကာဒသမမြောက် တိုက်အုပ်နာယကဆရာတော်ဖြစ်တော်မူလေသည်။ ခနေဖြူမြို့နယ် ငါးဖတ်အိုင် ကန္ဒီစုရွာ၌ သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်တော်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

မန္တလေး အနောက်ပြင် မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် စသည်တို့ထံတွင် ပညာသင်ကြားတော်မူခဲ့လေသည်။ ၁၂၈၆-ခုနှစ်ကစ၍ တိုက်တော်သို့ ရောက်ရှိ၍ ကျောင်းမကျောင်း၌ သီတင်းသုံးခဲ့လေသည်။ ဆရာတော် အရှင်ဝိသုဒ္ဓလက်ထက်တွင် တိုက်ကြပ်ဆရာတော်ဖြစ်၍ သံဃနာယက ဆရာတော်နှင့်တိုင်ပင်၍ တိုက်တော်ကိစ္စကို ဆောင်ရွက်တော်မူရလေသည်။

## တိုက်အုပ်နာယကဖြစ်ခြင်း

၁၃၃၇-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်နေ့တွင် တိုက်အုပ်ဆရာတော် အရှင်ဝိသုဒ္ဓ ပျံလွန်တော်မူသဖြင့် တိုက်တာသံဃာအားလုံး သဘောတူ တင်မြောက်သဖြင့် မဟာဝိသုတာရာမတိုက်တော်ကျောင်းတိုက်ကြီး၏ တိုက်အုပ်

နာယကဖြစ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူလေသည်။ ဆရာတော် အရှင်ပဏ္ဍိတကား စာဝါသနာပါ, သမိုင်းဝါသနာပါသည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

ဘဒ္ဒန္တပဏ္ဍိတော ထေရော၊ ပဏ္ဍိတော ပဏ္ဍိတောသယော။
ပဏ္ဍိတေဟိ ကတ္တဗ္ဗံ ဧသော၊ ကတွာ သာသနဘာရဓော။

■ ■ ■

မန္တလေးသာသနာဝင်

စတုဝီသတိမတွဲ

မဟာဝိသုတာရာမတိုက်

တိုက်တော်ထွက်

ထင်ရှားသောဆရာတော်

၂၀–ပါး

## မဟာဝိသုဒ္ဓာရာမတိုက်တော်ထွက်
## ထင်ရှားသောဆရာတော်ကြီး (၂၀)ပါး

---


၁။ ဝိရိယာရမ္ဘဓဇသာသနပါလ မဟာဓမ္မရာဇာဓိရာဇဂုရု
ဝိရိယာရမ္ဘဓဇသာသနပါလ ဓမ္မသီရိ မဟာဓမ္မရာဇာဓိရာဇဂုရု
ဝိရိယာရမ္ဘဓဇာဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု
လှထွေဆရာတော် အရှင်ဝီရိယ (သမ္ဗုတိသာသနာပိုင်)
(၁၁၈၂-၁၂၇၂) စာ-၄၆၅

၂။ ပဋ္ဌမကျော်, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်တိသာသန
(၁၂၁၅-၁၂၉၈) စာ-၄၇၉

၃။ ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ
(၁၁၇၉-၁၂၅၆) စာ-၄၉၂

၄။ ရေတံခွန် (ရွှေဂုံတိုင်)တောရဆရာတော် အရှင်ဝရဏ
(၁၁၈၉-၁၂၈၇) စာ-၅၃၃

၅။ သုမနဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
သုမနဝံသဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု
ဆူးခါးဆရာတော် အရှင်သုမန (၁၁၈၉-၁၂၅၉) စာ-၅၃၆

၆။ ကေလာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
ယောဆရာတော် အရှင်ကေလာသ (၁၁၉၀- ------) စာ-၅၄၀

၇။ ပဋ္ဌမစာချ၊ သာသနသောကေဂိုဏ်းအုပ်ဆရာတော်
အရှင်ကလျာဏ (၁၁၉၀ - ------) စာ-၅၄၂

၈။ ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ
(ပခုက္ကူအလယ်တိုက်ဆရာတော်) (၁၁၉၄-၁၂၇၆) စာ-၅၄၄

၉။ ကြည်မြင်တိုင် စလင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ
အရှင်သီဟ (၁၁၉၄-၁၂၇၉) စာ-၅၈၀

၁၀။ အာလောကာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု
ဆရာတော် **အရှင်အာလောက** (၁၁၉၅- -----) စာ-၅၈၅

၁၁။ **အရှင်သက္ကျဝံသာလင်္ကာရ** မဟာဓမ္မရာဇာဓိရာဇဂုရု
(၁၁၉၆-၁၂၄၇) စာ-၅၈၇

၁၂။ ဇေသီလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု
တောင်ပိုင်ဆရာတော် **အရှင်ဇေသီ** (၁၁၉၈------) စာ-၅၉၀

၁၃။ သံယုတ္တဘာဏကာစရိယ၊ ကုမာရာဘိဓဇမဟာဓမ္မ
ရာဇာဓိရာဇဂုရု၊
ကုမာရာဘိဝံသ တိသာသနာဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
အဂ္ဂမဟာပဏ္ဍိတ သံယုတ်ဆရာတော် **အရှင်ကုမာရာဘိဝံသ**
(၁၂၀၆-၁၂၈၆) စာ-၅၉၂

၁၄။ ဝိမလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
သုံးဆယ်မြို့ မောင်းထောင်ဆရာတော် **အရှင်ဝိမလ**
(၁၂၀၆ -၁၂၇၀) စာ-၆၂၁

၁၅။ မြေနီကျောင်းဆရာတော် **အရှင်နန္ဒိယ** (၁၂၀၈-၁၂၉၈) စာ-၆၂၅

၁၆။ ဓမ္မဝိသောဓနီကျွမ်းပြု **အရှင်ဇာဂရာဘိဓဇ**
(၁၂၂၀- -------) စာ-၆၂၇

၁၇။ အဂ္ဂမဟာပဏ္ဍိတ ညောင်ဦးဆရာတော်
**အရှင်နန္ဒဝံသ** (ပခုက္ကူ) (၁၂၄၄-၁၃၀၈) စာ-၆၃၃

၁၈။ မိုးထိဆရာတော် အရှင်ဇာဂရ (၁၂၄၃-၁၃၀၈) စာ-၆၄၀

၁၉။ ကဗျပဏ္ဍိတ ဆရာတော်အရှင်နိဗြောဓ(၁၂၃၂- ၁၃၀၃) စာ-၆၄၆

၂၀။ ပုသိမ်မြို့ မိဂဒါယုန်ဆရာတော် **အရှင်သုမန** စာ-၆၄၈


■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁)

## ဝီရိယာရမ္ဘဓဇောသာသနပါလမဟာဓမ္မရာဇာဓိရာဇဂုရု
## ဝီရိယာရမ္ဘဓဇောသာသနပါလဓမ္မသိရီမဟာဓမ္မရာဇာဓိရာဇဂုရု
## ဝီရိယာရမ္ဘဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု–ဟူသော
## ဘွဲ့တံဆိပ်တော် ၃–ထပ်ရ ဆရာတော် အရှင်ဝီရိယ

အဘယာရာမ(လှထွေ)တိုက်ကို တည်ထောင်တော်မူခဲ့သော ဆရာတော် အရှင်ဝီရိယသည် သာသနာပိုင်ဆရာတော် အရှင်ဥ ယျာဓမ္မာဘိဝံသထံ ငယ်စဉ်ကပင် ရောက်ရှိပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်သည်။ သာသနာတော်၌ ထင်ရှားသည့် ဆရာတော်တစ်ပါးလည်း ဖြစ်ခဲ့လေသည်။

### ဖွားမြင် ရှင်ရဟန်းပြုခြင်း

ရွှေဘိုခရိုင် လှထွေရွာ၌ သက္ကရာဇ် ၁၁၈၂-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်၏ ငယ်မည်မှာ မောင်ကျန်ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ 'အရှင်ဝီရိယ'ဟူ၍ ဆရာတော်သခင် ကျေးဇူးရှင်တို့က မှည့်ခေါ်ကြသည်။ 'ဦးဝါယမ'ဟုလည်း အရေးအသား တွေ့ရ၏။

### ပညာသင်ကြားခြင်း

အရှင်ဝီရိယသည် လွန်စွာ ကံကောင်းသည့်ပုဂ္ဂိုလ်ဖြစ်သည်။ သက်တော်ငယ်စဉ်ကပင် အမရပူရမြို့ အဘယာရာမတိုက်, ဝိဇိတာရာမတိုက်တို့၌ သီတင်းသုံးတော်မူ၍ စာပေချပို့ သာသနာပြုတော်မူသော မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျာဓမ္မာဘိဝံသအထံသို့ ရောက်ရှိ၍ ပညာ သင်ကြားတော်မူခဲ့လေသည်။ သာသနာပိုင်ဆရာတော်ဘုရားကြီးထံ ကျမ်းပေါင်းများစွာကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။

## သာသနာပိုင်နှင့် ဖဝါးမကွာ

အရှင်ဝီရိယသည် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမေ္မာဘိဝံသ၏အနီး၌သီတင်းသုံး၍ စာပေလည်း လက်ပူးလက်ကြပ် သင်ယူရ၏။ ဝေယျာဝစ္စ အမှုကြီးငယ်တို့ကိုလည်း ပြုလုပ်ရ၏။ သာသနာပိုင်ဆရာတော်ဘုရားကြီး သာသနာရေးကိစ္စဖြင့် အနယ်နယ်အစိုစို အမြို့မြို့အရွာရွာသို့ ဒေသစာရီ ကြွချီတော်မူသောအခါများ၌လည်း သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏအဖြစ်ဖြင့် လိုက်ပါရလေသည်။ နန်းတော်ကိစ္စရှိလျှင် ဆရာတော်၏စာဖြင့် ပဥ္စမသံဂါယနာတင်မင်းတရားကြီးနှင့်တွေ့ရလေသည်။ ထို့ကြောင့်ပင်လျှင် မိဖုရားနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိစသည့်-ပုဂ္ဂိုလ်များကလည်း အရှင်ဝီရိယအား ကြည်ညိုလေးမြတ်ကုန်၏။

## ရဟန်းသံဃာတော်များကလည်း ချစ်ခင်

သာသနာပိုင်ဆရာတော်ထံ ချဉ်းကပ်ရောက်ရှိလာတိုင်းသော တံဆိပ်တော်ရ/မရ ဆရာတော် သံဃာတော်တို့ကလည်း သာသနာပိုင် ဆရာတော်၏ အနီးအပါး တွေ့ရများသော ဆရာတော်အရှင်ဝီရိယကို ကြည်ညိုလေးမြတ် ချစ်ခင်ကြကုန်၏။

## နတ်ရဲတောင်ရွာကြွ

သာသနာပိုင် ဆရာတော်ဘုရားကြီး ဇာတိဌာနီဖြစ်သော နတ်ရဲတောင်ရွာသို့စေတီတည်, စေတီပူဇော်ပွဲကြွစဉ်ကလည်း အရှင်ဝီရိယ ပါရှိခဲ့သည်သာမကစေတီတော်အနီး စတုတ္ထမြောက် ကျောက်ထီးတစ်လက်ကိုလည်း ကုသိုလ်တော်ပွား စိုက်ထူ၍ ပူဇော်လှူဒါန်းခဲ့လေသည်။

## မန္တလေးမြို့သို့ကြွ, မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးခြင်း

၁၂၁၉-ခုနှစ်၊ တန်ဆောင်မုန်းလတွင် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျ မန္တလေးမြို့သစ်သို့ကြွတော်မူ၍ မဟာဝိသု

တာရာမတိုက်တော်၌ သီတင်းသုံးတော်မူသောအခါ အရှင်ဝီရိယသည်လည်း သာသနာပိုင်နှင့်အတူ ကြွရောက်တော်မူ၍ မဟာဝိသုတာရာမတိုက်တော် သာသနာပိုင် ဆရာတော်ဘုရားကြီး၏အနီး၌ သီတင်းသုံးတော်မူခဲ့လေသည်။ နောက်တွင် တိုက်တော်အတွင်း မိမိပုဂ္ဂလိကပိုင် တောင်သာကျောင်း၌ သီတင်း သုံး၍ သာသနာပြုတော်မူခဲ့လေသည်။

## အဘယာရာမတိုက်ကို အလှူခံတော်မူခြင်း

မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်းကြီးသည် ဆရာတော် အရှင် ဝီရိယအား များစွာမှ ကြည်ညိုလေးမြတ်သဖြင့် သီရိမနောရမ္မဉယျာဉ်၌ ကျောင်း တိုက်တည်၍ အဘယာရာမတိုက်ဟုသမုတ်ပြီး လှူဒါန်းခဲ့လေသည်။

## ဘွဲ့တံဆိပ်တော် ၃–ထပ် ရရှိခြင်း

လှထွေဆရာတော် အရှင်ဝီရိယသည် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်း တရားကြီး ဆက်ကပ်လှူဒါန်းအပ်သော "ဝီရိယာရမ္ဘဓဇသာသနပါလ ဓမ္မ ရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်, "ဝီရိယာရမ္ဘဓဇဓမ္မသိရီမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်တို့ကို အလှူခံရရှိတော်မူသည့်အပြင် သားတော်သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "ဝီရိယာရမ္ဘဓဇာဓိပတိ ပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း သက်တော် ၆၄-နှစ်ရှိရာ ၁၂၄၆-ခုနှစ်တွင် အလှူခံရရှိတော်မူခဲ့လေသည်။

## သုဓမ္မာသဘင်ဆိုင်ရာကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခဲ့

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားလက်ထက်က သုဓမ္မာဝင် သာ သနာပြုဆရာတော် ရှစ်ပါးရှိလေသည်။ လှထွေဆရာတော်မှာ သုဓမ္မာဆရာ တော်ရှစ်ပါးတွင် မပါဝင်ခဲ့။ ယင်းသို့ မပါဝင်သော်လည်း သုဓမ္မာအတွက် အထွေ ထွေကိစ္စများကို ဆောင်ရွက်တော်မူရလေသည်။

## လှထွေမှာ စာပေကနတ္ထိ

"ပဏ္ဍိတဝံသသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဗန်း မော်ဆရာတော်ကြီးကမူ သုဓမ္မာဆရာတော်များ ပစ်စာ စာချိုးတွင် လှထွေဆရာ

တော်ကြီးကို စာပေမကျွမ်းကျင်မတတ်မြောက် ဟူသောအဓိပ္ပါယ်ဖြင့် "လှထွေမှာ စာပေက နတ္ထိ" ဟု စာချိုးခဲ့လေသည်[၁]။

## ဆင်းတုတော်များ ပင့်ခဲ့ခြင်း

၁၂၂၁-ခုနှစ်က သီဟိုဠ်ကျွန်း ကဏ္ဍတိတ္ထမြို့မှ ရှင်ဓမ္မက္ခန္ဓ, ရှင်ဝဏ္ဏာယ တနတို့ ပင့်ဆောင်လာသော ဆင်းတုတော်, ဗောဓိပင်စသည်တို့ကို အမရပူရမြို့ ရှမ်းကလေးကျွန်း ဆိပ်ကမ်းမှ မန္တလေးသို့ပင့်စဉ် ဆရာတော်အရှင်ဝီရိယသည် သာသနာပိုင်အမိန့်အရ ဆင်းတုတော်များကို ရတနာဝေါတော်ထက်တွင် ပိုက်ပွေ့၍ ပင့်ဆောင်လိုက်ပါခဲ့လေသည်။

## မိဖုရားခေါင်ကြီးအား တရားဟော

၁၂၃၈-ခုနှစ် သီတင်းကျွတ်လဆန်း ၁၅-ရက်နေ့ကစ၍ မင်းတရားကြီးသည် မိဖုရားခေါင်းကြီး မကျန်းမာသဖြင့် မိဖုရားခေါင်ကြီးသက်စေ့ သံဃာ ၆၅-ပါးပင့်၍ နန်းတော်၌ ဆွမ်းကပ်လေသည်။ လှထွေဆရာတော် အရှင်ဝီရိယ အပါအဝင် ဆရာတော် ၁၀-ပါးတို့ ပဋ္ဌာန်း, ဗောဇ္ဈင်သုတ်, မဟာသတိပဋ္ဌာန်သုတ်ပါဠိတို့ကို ရွတ်ဖတ် ဟောပြတော်မူရလေသည်။ မိဖုရားကြီးလည်း ၁၂၃၈-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၂-ရက်နေ့တွင် နတ်ရွာစံတော်မူလေသည်။

## သီပေါမင်းအား ဩဝါဒပေး

၁၂၄၀- ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် သီပေါမင်းတရားက လှထွေ ဆရာတော်အပါအဝင်ဆရာတော် ၆-ပါးတို့ကို နန်းတော်ပင့်၍ ဩဝါဒ ခံယူတော်မူ၏။ လှထွေဆရာတော်သည် မင်းသစ်နှင့် သင့်လျော်သောဩဝါဒကို ပေးတော်မူလေသည်။

---

၁။ စာချိုး အပြည့်အစုံ ဝိဇိတာရာမသာသနာဝင်, ဗန်းမော် သာသနာဝင် စသည်တို့ကြည့်။

## သာသနာပြု သုစမ္မာဝင်အအပ်ခံရခြင်း

၁၂၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက်နေ့တွင် သီပေါမင်းတရားက သာသနာပြုသုဓမ္မာဝင် ၁၂-ပါးခန့်အပ်ရာတွင် လှထွေဆရာတော်အရှင်ဝီရိယပါဝင်ခဲ့လေသည်။ လှထွေဆရာတော်မှာ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျလက်ထက် သက်တော်အရွယ် နုပျိုစဉ်ကပင် ကူညီလုပ်ဆောင်ခဲ့ရသူဖြစ်သဖြင့် သာသနာရေးလုပ်ငန်း၌ ကျွမ်းကျင်တော်မူ၏။

## သံဃနာယကသာသနာပြုဖြစ်၍ ဂိုဏ်းချုပ်စသည်ခန့်ခဲ့

လှထွေဆရာတော်ဘုရားကြီးသည် သံဃနာယက သာသနာပြု ဖြစ်၍ မြို့နယ်အသီးသီးတို့၌ သင့်တော်သည်ထင်သော ဆရာတော်တို့ကို ဂိုဏ်းချုပ်, ဂိုဏ်း အုပ်စသည်အဖြစ်ခန့်အပ်တော်မူ၍လည်း သာသနာပြုတော်မူခဲ့လေသည်။

## မိုးကုတ်ရွှေကျောင်းဆရာတော် ဂိုဏ်းချုပ်ခန့်အပ်

၁၂၅၇-ခုနှစ်၊ ပြာသိုလ်လဆန်း ၁-ရက်နေ့တွင် မိုးကုတ်မြို့ ရွှေကျောင်းဆရာတော်အရှင်ဝိသုဒ္ဓကို ဂိုဏ်းချုပ်အဖြစ် ခန့်အပ်တော်မူကြောင်း အောက်စာတမ်းပါ စာချွန်တော်ပေးအပ်ခဲ့လေသည်။

သံဃနာယက သာသနာပြုဖြစ်သော လှထွေဆရာတော် ဘုရားကြီး, ကမ္မဝိနိစ္ဆယ ဆရာတော်ဖြစ်သော မကွရာဆရာတော်, ခင်မကန်ဆရာတော်စသော တံဆိပ်ရဆရာတော်တို့ အမိန့်ပေးအပ် ဆင့်ဆိုလိုက်သည်။ မိုးကုတ်, ကသည်း, ကျပ်ပြင်, သုံးစို့သံဃာတို့အပေါ်တွင် ဝိနည်းကံနှင့်အညီ ဆုံးမဩဝါဒပေးစေရန် အသက် ၆၄-၊ သိက္ခာ၄၄-ဝါရှိသူ မိုးကုတ်မြို့ ရွှေကျောင်း ရှင်ဝိသုဒ္ဓကို ဂိုဏ်းချုပ်မထေရ်ဖြစ်စေရန် သင့်လျော်ကြောင်းကို သာသနသောစကေ သံဃရာဇာဖြစ်တော်မူသော သမုတိသာသနာပိုင် အတုမရှိ ပခန်းဆရာတော်ဘုရားကြီးကို လျှောက်ထားရာ သင့်ပြီဟု အမိန့်တော်ရှိ၍ ဂိုဏ်းချုပ်အဖြစ် အတည်ပြုလုပ်တော်မူသည့်အတိုင်း မိုးကုတ်, ကသည်း, ကျပ်ပြင်, သုံးစို့, ဂိုဏ်းသံဃာတို့

အပေါ်တွင် မိုးကုတ်မြို့ ရွှေကျောင်းနေ ရှင်ဝိသုဒ္ဓကို ဂိုဏ်းချုပ်အဖြစ် ၁၂၅၇-ခု၊ ပြာသိုလ်လဆန်း ၁-ရက်နေ့ကစ၍ အတည်ပြုလုပ်တော်မူသည်။ မိုးကုတ်, ကသည်း, ကျပ်ပြင်,သုံးစို့ ဂိုဏ်းဝင်သံဃာတို့လည်း ဂိုဏ်းချုပ် ရှင်ဝိသုဒ္ဓ ဆင့်ဆိုရာ နာခံ၍ ဂန္ထဓုရ, ဝိပဿနာဓုရ တရားနှစ်ပါး ပွားများအားထုတ် နေထိုင်ကြရမည်[၁]။

## ထီးလင်းမြို့ မင်္ဂလာကျောင်းသစ်တိုက်ဆရာတော် အရှင်ခန္တီအား သာသနာပိုင်နှင့်အတူဂိုဏ်းအုပ်ခန့်အပ်ခြင်း

လှထွေဆရာတော်ဘုရားကြီးသည် သံဃနာယက သာသနာပြုဖြစ်၍ သာသနာပိုင် ပခန်းဆရာတော်နှင့်အတူ ထီးလင်းမြို့ မင်္ဂလာကျောင်းသစ် ဆရာတော် အရှင်ခန္တီအား အောက်ပါအတိုင်း ဂိုဏ်းအုပ်ခန့်အပ်သည်ကို တွေ့ရသည်။

## နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အနာဝရဏမဟာဝဇိရ စသော ဉာဏ်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရား၏သားကြီး ဩရသ ရှင်မဟာကဿပစသော ရဟန္တာအရှင်မြတ်တို့၏ သိဿာနုသိဿ ဖြစ်တော်မူကြသော ရှေးရှေးသော သာသနာပိုင်ဆရာတော်ကြီးတို့ကဲ့သို့ သာသနာတော်မြတ်ကို ရွက်ဆောင်တော်မူသော အတုမရှိတိုက် သမုတိသာသနာပိုင် ပုခန်းကြီး ဆရာတော်အမိန့်တော်ရှိသည်။

ထီလင်းမြို့မ မင်္ဂလာကျောင်းသစ်တိုက်နေ အသက် ၄၃၊ သိက္ခာ ၂၂-ရှိသူ ဂိုဏ်းအုပ် ရှင်ခန္တီကို ထီးလင်းမြို့ ဂိုဏ်းဝင်သံဃာတို့အပေါ်တွင် ဓမ္မဝိနယနှင့်အညီ အဆင့်အဆိုဆုံးမစီရင်စေရန် သက္ကရာဇ် ၁၂၅၇-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက်နေ့ ဂိုဏ်းအုပ်အသစ် ထပ်မံခန့်အပ်တော်မူသည်။ ထီးလင်းမြို့ ဂိုဏ်းဝင်သံဃာတို့လည်း ဂိုဏ်းအုပ် ရှင်ခန္တီ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ, ဝိပဿနာဓုရ တရားနှစ်ပါးကို ပွားများအားထုတ် နေထိုင်ကြစေ။

---

၁။ ဤစာချွန်တော်ကို မိုးကုတ်မြို့ မောနေယျတောင် သိမ်သမုတ်ရောက်စဉ် ၁၃၃၃-ခုနှစ် တန်ခူးလဆုတ် ၁-ရက်နေ့ ကူးယူခဲ့သည်။

သံဃနာယက သာသနာပြုဖြစ်တော်မူသော လှထွေးဆရာတော်ကြီး ကမ္မာကမ္မဝိနိစ္ဆယဆရာတော်ကြီးဖြစ်သော မက္ကရာဆရာတော်, ခင်မကန် ဆရာတော်စသော တံဆိပ်တော်ရ ဆရာတော်တို့၏ အမိန့်ပေးအပ်ဆင့်ဆို လိုက်သည်။

ထီးလင်းမြို့ ဂိုဏ်းဝင်သံဃာတို့အပေါ်တွင် ဝိနည်းဓမ္မကံနှင့်အညီ ဆင့်ဆိုဆုံးမ စီရင်စေရန် ထီးလင်းမြို့မ မင်္ဂလာကျောင်းသစ်နေ ရှင်ခန္တီကို ဂိုဏ်းအုပ်အဖြစ် အတည်ဖြစ်စေရန် ဆင့်ကြောင်းကို သာသနသောဓက သံဃရာဇာ ဖြစ်တော်မူသော အတုမရှိတိုက် သမုတိသာသနာပိုင် ပခန်းကြီး ဆရာတော် ဘုရားကို လျှောက်ထားရာ သင့်ပြီအမိန့်တော်ရှိ၍ ဂိုဏ်းအုပ်အဖြစ် အတည် ပြုလုပ်တော်မူသည့်အတိုင်း ထီးလင်းမြို့ ဂိုဏ်းဝင်သံဃာတို့အပေါ်တွင် ရှင်ခန္တီကို ဂိုဏ်းအုပ်အဖြစ်သက္ကရာဇ် ၁၂၅၇-ခု၊ တပေါင်းလဆန်း ၅-ရက်နေ့ကစ၍ အတည်ပြုလုပ် ခန့်အပ်တော်မူသည်။ ထီးလင်းဂိုဏ်းဝင် သံဃာတို့လည်း ဂိုဏ်း အုပ် ရှင်ခန္တီ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ ဝိပဿနာဓုရ တရား ၂-ပါးကို ပွားများအား ထုတ်နေထိုင်ကြရမည်[၁]။

<u>တံဆိပ်တော်ရ ဆရာတော်ကြီးများစာ။</u>

## ရေစကြိုဆရာတော် အရှင်ဂန္ဓသာရအား ၅-မြို့ ၉-ဂိုဏ်းချုပ် စာချွန်တော်ပေးအပ်

လှထွေးဆရာတော်ကြီးသည် ရေစကြိုမြို့ အောင်မြေသာယာ သူဌေး တိုက်၌ နိကာယ်ငါးဖြာ စာဝါချပို့ သာသနာပြုတော်မူသော ရေစကြိုဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရအား ကမ္မာကမ္မဝိနိစ္ဆယ ဆရာတော်ကြီးများနှင့် တိုင်ပင်၍ သဘောတူ အောက်ပါကိုးဂိုဏ်းချုပ် စာချွန်တော်ကို အပ်နှင်းတော်မူ သည်။

---

၁။ ဤတံဆိပ်တော်ရ ဆရာတော်ကြီးများစာ စာချွန်တော်ကို ထီးလင်းမြို့ မင်္ဂလာ ကျောင်းဆရာတော် ဦးအာဒိစ္စအထံမှ ကိုယ်တိုင်တွေ့ရှိ ဖတ်ရှုရသဖြင့် ၁၃၄၁- ခုနှစ်၊ တပေါင်းလဆုတ် ၇-ရက်နေ့က ဆရာတော် ဦးဝေပုလ္လကူးယူခဲ့၍ ဤစာ ပြုသူ အရှင်ကေလာသအား ပေးအပ်ခဲ့သည်။

သံဃနာယကသာသနာပြုဖြစ်သော လှထွေဆရာတော်ဘုရားကြီး, ကမ္မာကမ္မဝိနိစ္ဆယဆရာတော်ကြီးများဖြစ်ကြသော မက္ခရာဆရာတော်, ခင်မကန်ဆရာတော် စသောတံဆိပ်တော်ရ ဆရာတော်တို့အမိန့် ပေးဆင့်ဆိုလိုက်သည်။ ပခန်းကြီးမြို့ ယောလေးမြို့ ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့အပေါ်တွင် ဘုရားသခင် သာသနာတော်ကို နေဝန်းလဝန်းကဲ့သို့ထွန်းလင်းတောက်ပအောင် အုပ်ချုပ်သာသနာပြုစုရန် ရေစကြိုမြို့ အောင်မြေသာယာဘုံကျော်တိုက်နေ အသက်- ၆၆၊ သိက္ခာ ၄၆-ရှိသူ ဂိုဏ်းချုပ်ဆရာတော် အရှင်ဂန္ထသာရကို ၅-မြို့ ၉-ဂိုဏ်းချုပ် သာသနာအတည်ဖြစ်စေရန် သင့်ကြောင်းကို သာသနသောဓေ သံဃရာဇာဖြစ်တော်မူသော အတုမရှိတိုက် သမ္မုတိသာသနာပိုင် ပခန်းကြီးဆရာတော်ဘုရားကို လျှောက်ထားရာ သင့်ပြီဟု အမိန့်တော်ရှိ၍ ဂိုဏ်းချုပ်သာသနာပြု အတည်ပြုလုပ် ခန့်အပ်တော်မူသည့်အတိုင်း ပခန်းကြီးမြို့ ယောလေးမြို့ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့အပေါ်တွင် ရှင်ဂန္ထသာရကို ၅-မြို့ ၉-ဂိုဏ်းချုပ်သာသနာပြုအဖြစ် သက္ကရာဇ် ၁၂၅၈-ခု၊ တပေါင်းလဆန်း ၁၅-ရက်နေ့ကစ၍ အတည်ပြုခန့်အပ်တော်မူသည်။ ပခန်းကြီးမြို့ယော ၄-မြို့ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့လည်း ဂိုဏ်းချုပ်သာသနာပြုဆရာ ရှင်ဂန္ထသာရ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ ဝိပဿနာဓုရ တရား ၂-ပါးကို ပွားများအားထုတ်နေထိုင်ကြရမည်။

<u>တံဆိပ်တော်ရ ဆရာတော်ကြီးများ</u>

ဘုန်းတော်အလွန်းကြီးမြတ်တော်မူသော အနာဝရဏဉာဏ မဟာဝဇီရ စသော ဉာဏ်တော်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရား၏ သားကြီးသြရသ အရှင်မဟာကဿပ စသောရဟန္တာ အရှင်မြတ်တို့၏ သိဿာနုသိဿ ဖြစ်တော်မူကြသော ရှေးရှေးသောသာသနာပိုင်ဆရာတော်ကြီးတို့ကဲ့သို့ သာသနာတော်မြတ်ဝန်ကို ရွက်ဆောင်တော်မူသော အတုမရှိတိုက် သမုတိသာသနာပိုင် ပခန်းကြီးဆရာတော် အမိန့်တော်ရှိသည်။ ပခန်းကြီး ရေစကြိုမြို့ အောင်မြေသာယာဘုံကျော်တိုက်နေ အသက် ၆၆၊ သိက္ခာ ၄၆-ရှိသူ ဂိုဏ်းချုပ်ဆရာတော် အရှင်ဂန္ထသာရကို ပခန်းကြီးမြို့ ယော ၄- မြို့ဂိုဏ်း

အုပ်, ဂိုဏ်းထောက်သံဃာတို့အပေါ်တွင် ဘုရားသခင် သာသနာကို နေဝန်းလဝန်းကဲ့သို့ ထွန်းလင်းတောက်ပအောင် အုပ်ချုပ်သာသနာပြုစေရန် ၁၂၅၈-ခု၊ တပေါင်းလဆန်း၁၅-ရက်နေ့ ဂိုဏ်းချုပ်သာသနာပြု ခန့်အပ်တော်မူသည်။ ပခန်းကြီးမြို့ ယော ၄-မြို့ ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့သည် ၅-မြို့ ၉-ဂိုဏ်းချုပ်သာသနာပြုဆရာတော် အရှင်ဂန္ထသာရ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ, ဝိပဿနာဓုရ တရား ၂-ပါးကို ပွားများအားထုတ် နေထိုင်ကြရမည်။

နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု[၁]

## အရှင်ဇယန္တ, အရှင်ဥက္ကံသ, အရှင်တိလောကတို့ ဂိုဏ်းထောက်ခန့်

သံဃနာယကသာသနာပြု လှထွေဆရာတော်ဘုရားကြီး ကမ္မာကမ္မဝိနိစ္ဆယဆရာတော်ကြီးများနှင့်တိုင်ပင်၍ စိမ့်ကန်ရွာ ပြင်သာကျောင်းနေ ဆရာတော် အရှင်ဇယန္တနှင့် ကျည်းကန်ရွာကျောင်းနေ အရှင်ဥက္ကံသ, ထန်းကြီးရွာကျောင်းနေ အရှင်တိလောကတို့ကိုလည်း ၁၂၅၇-ခုနှစ်၊ ပြာသိုလဆန်း ၇-ရက်နေ့တွင် အောက်ပါအတိုင်း ဂိုဏ်းထောက်အဖြစ်ခန့်အပ်တော်မူသည်။

သံဃနာယက သာသနာပြုဖြစ်သော လှထွေဆရာတော်ကြီး ကမ္မာကမ္မဝိနိစ္ဆယ ဆရာတော်ကြီးများဖြစ်ကြသော မက္ခရာဆရာတော်, ခင်မကန်ဆရာတော်စသော တံဆိပ်တော်ရ ဆရာတော်တို့ အမိန့်ပေးအပ် ဆင့်ဆိုလိုက်သည်။ ပခန်းကြီးမြို့ အနောက်လက်တောင်စဉ် ဂိုဏ်းဝင်သံဃာတော်တို့အပေါ်တွင် ဝိနည်းတရားတော်နှင့်အညီ ပိုက်သင်ဂိုဏ်းအုပ်နှင့် ညှိနှိုင်းတိုင်ပင် စီရင်စေရန် စိမ့်ကန်ရွာ ပြင်သာကျောင်းနေ အသက် ၆၄၊ သိက္ခာ ၄၄-ရှိသူ အရှင်ဇယန္တကို ဂိုဏ်းထောက်၊ ကျည်းကန်ရွာကျောင်းနေ အသက် ၅၀၊ သိက္ခာ ၃၂-ရှိသူ အရှင်ဥက္ကံသကိုဂိုဏ်းထောက်၊ ထန်းကြီးရွာကျောင်းနေ အသက် ၅၀၊ သိက္ခာ

---

၁။ မဟာထေရ ဝုတ္တန္တပ္ပဒီပိကာ ၊ ဆရာတော် အရှင်ဂန္ထသာရ အဋ္ဌုပ္ပတ္တိ။ ၂၂၆။

၃၀-ရှိသူ အရှင်တိလောကကို ဂိုဏ်းထောက်အဖြစ် အတည်ဖြစ်စေရန်သင့် ကြောင်းကို သာသနသောဓေ သံဃရာဇာဖြစ်တော်မူသော အတုမရှိတိုက် သမုတိသာသနာပိုင် ပခန်းကြီးဆရာတော်ဘုရားကို လျှောက်ထားရာသင့်ပြီဟု အမိန့်တော်ရှိ၍ ဂိုဏ်းထောက်အဖြစ်တည် ပြုလုပ်တော်မူသည့်အတိုင်း ပခန်းကြီးမြို့အနောက် လက်တောင်စဉ်ဂိုဏ်းဝင် သံဃာတို့အပေါ်တွင် ဂိုဏ်း ထောက်အဖြစ် ၁၂၅၇-ခု၊ ပြာသိုလဆန်း ၇-ရက်နေ့ကစ၍ ဂိုဏ်းထောက် အတည် ပြုလုပ်တော်မူသည်။ တောင်စဉ်ဂိုဏ်းဝင်သံဃာတို့လည်း ဂိုဏ်းထောက် အရှင်ဇယန္တ, အရှင်ဥက္ကံသ, အရှင်တိလောကတို့ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ, ဝိပဿနာဓုရ တရား ၂-ပါးကို ပွားများအားထုတ်နိုင်ကြရမည်။

**တံဆိပ်တော်ရ ဆရာတော်ကြီးများ**

## နှိုင်းယှဉ်ကြည့်ရန် အခြားစာချွန်များ

တစ်ခေတ်နှင့်တစ်ခေတ် ခန့်အပ်ပုံစာချွန်တော်များ အသွားအလာ ကွဲလွဲ ချက်တို့ကိုသိရှိရန် "မဟာအတုလယသဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အတုလသာသနာပိုင်ဆရာတော်, "မာလာလင်္ကာရ သဒ္ဓမ္မသိရိပဝရ ဓမ္မသေနာ ပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်ရ တောင်တော်သာသနာပိုင်တို့၏ ဂိုဏ်း အုပ် ခန့်အပ်လွှာစာချွန်တော်တို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## မဟာအတုလယသဓမ္မရာဇဂုရု၏ ဂိုဏ်းအုပ်ခန့်စာချွန်

(မဟာအတုလယသဓမ္မရာဇဂုရု)- ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှ သော ရွှေနန်းရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ မှိုင်းဝယ် ၁၄-ရွာ၊ မှိုင်းပေါ ငထွေလှဂိုဏ်း ရှင်သီလဝံသဆရာတော်သည် ထိုသံဃာအပေါင်းတို့အား ဝိနည်းတရားတော်ကို မသင်မကြား မကြည့်မရှု မိစ္ဆာဒိဋ္ဌိအယူကို မပြုမကျင့်ကြ စေနှင့်။

ယခုသံဃာတော်အပေါင်းတို့ကို ပန္နက, အာသဘ, ဒေဝဒတ်တို့ကဲ့သို့ မကောင်းသောအကျင့်ကို မပြုမကျင့်ကြစေနှင့်။ သုရာမေရယ သေရည်သေရက် တို့ကို မသောက်မစားကြစေနှင့်။ မြတ်စွာဘုရား သာသနာတော်ကို ထွန်းလင်း

အောင် ဝိနည်းတရားတော်နှင့်အညီ မြတ်သောအကျင့်ကို ကျင့်ကြစေ၊ ရဟန်း သံဃာတော်တို့မှာ ဘုရားပညတ်တော်မူသော ဝိနည်းတရားတော်ကို သင်ကြား ကြည့်ရှုကြရမည်။

နေလွဲညစာစားခြင်း သီချင်းဆိုခြင်း တီးမှုတ်ခြင်း ပန်းပန်ခြင်း နံ့သာ လိမ်းခြင်းများကို မပြုကြစေနှင့်၊ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြစေ၊ မပြု ကျင့်သောရဟန်းတို့ကို ဂိုဏ်းအုပ် ရှင်သီလဝံသဆရာတော်သည် ဝိနည်း တရား တော်နှင့်အညီ ဆုံးမစီရင်ပိုင်စေ။

အရှေ့ကိုလားသော် ကိုးကောင်း, မိုးညှင်း, ရွှေလင်အင်းအထိ ပိုင်စေ၊ မြောက်ကိုလားသော် ကျောက်ဆည်အထိပိုင်စေ၊ တောင်ကိုလားသော် မြေတူး အထိ ပိုင်စေ၊ အနောက်ကိုလားသော် ကိုင်းရွှေတောင်အထိ ပိုင်စေ။

အရှေ့ အနောက် တောင် မြောက် ပတ်လည်ဝန်းကျင်အတွင်း အထဲရှိ ထိုသံဃာတို့အား ဂိုဏ်းအုပ် ရှင်သီလဝံသ ဆရာတော်ဘုရားသည် ဝိနည်းတရား တော်နှင့်အညီ နှိုင်းချင့်၍ ဆုံးမစီရင်စေ၊ ဂိုဏ်းအုပ် ရှင်သီလဝံသဆရာတော်သည် နောက်မှ မိုင်းဝယ် ၁၄- ရွာအတွင်း အဆက်ဆက်ဂိုဏ်းအုပ် ဆရာတော်ဘုရား များ ပိုင်သကဲ့သို့ ထိုသံဃာတော်တို့အား ဂိုဏ်းအုပ်လုပ်သည့်နေ့မှစ၍ ဝိနည်း တရားတော်နှင့်အညီ နှိုင်းချင့်နှိုးဆော်ဆုံးမစီရင်စေ။ သာသနာအခက်အလက် သာသနာ အစီးအပွားများကို နှိုးဆော်ပိုင်စေ။

၁၁၁၉-ခု၊ နတ်တော်လဆန်း ၂-ရက်၊ စနေနေ့ ရှင်မဟာအတုလ ဆရာ တော်ဘုရား ရွှေနန်းရှင်အောင်ဇေယျမင်းကြီး အမိန့်တော်စာ[၁]။

---

၁။ ညောင်ကန်အရှင်ဣန္ဒကာ၏ အညာတခွင် တရားဟောထွက်စဉ်က။

## မာလာလင်္ကာရသဒ္ဓမ္မဝံသသိရိပဝရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တောင်တော်သာသနာပိုင် ဆရာတော် အရှင်မာလာ၏ ဂိုဏ်းထောက်ခန့် စာချွန်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီး ဆရာတော်အမိန့်တော်ရှိသည်။ ပခန်းကြီးမြို့ အနောက်လက် ကျည်းကန် ဂိုဏ်းအတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာတော်တို့တွင် ဆုံးမစီရင်ရန် ရှိသမျှနှင့် စပ်သည်များကို ဝိနည်းဓမ္မကံနှင့်အညီ ထိန်းသိမ်းဆင့်ဆိုဆုံးမစီရင် ဆုံးဖြတ်စိမ့်မည်။ ဂဏာစရိယ ဂဏာပါမောက္ခ ကမ္မာကမ္မဝိနိစ္ဆယအဖြစ်ဖြင့် သက္ကရာဇ် ၁၂၄၅-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀-ရက်နေ့ ပခန်းကြီးမြို့ စီရင်စု အနောက်လက် စိမ့်ကန်ရွာကျောင်းနေ အရှင်အာသဘကို ဂိုဏ်းထောက် ခန့်အပ်တော်မူသည်။ ၎င်းပခန်းကြီးမြို့ အနောက်လက် ကျည်းကန်ဂိုဏ်းအတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာတို့တွင် ဆုံးဖြတ်စီရင်ရန်ရှိသမျှ သာသနာရေး သာသနာမှုနှင့်စပ်သည်များကို ဝိနည်းဓမ္မကံနှင့်အညီ ဂိုဏ်းထောက် အရှင်အာသဘ ဆုံးဖြတ်စီရင်စေ။ ၎င်းဂိုဏ်းတွင်းရှိ သံဃာတို့လည်း ဂိုဏ်းထောက် အရှင်အာသဘ ဝိနည်းဓမ္မကံနှင့်အညီ ဆင့်ဆိုဆုံးမရာ မသွေမလှန် နာခံ၍ ဂန္ထဓုရ, ဝိပဿနာဓုရ တရားနှစ်ပါးကို ပွားများအားထုတ် ကြံနေထိုင်ကြစေ။

### ဆရာတော်များ၏စာ

မင်္ဂလာမှန်ကျောင်းဆရာတော်[၁] နန်းဦးမင်္ဂလာဆရာတော်[၂] တို့ စာရေးမှာထားလိုက်သည်။ ပခန်းကြီးမြို့ အနောက်လက်ကြည့်ကန် ဂိုဏ်းနယ် ၄-ရပ်, ၈-ရပ် သတ်မှတ်သည့်အတွင်း သီတင်းသုံး နေထိုင်ကြသည့်ဂိုဏ်း, သံဃာတို့နှင့် မြို့ဝန်သင်း, သေနတ်ဗိုလ်, သေနတ်စာရေး, သွေးသောက်ကြီး, မြို့သူကြီး , ရွာသူကြီး, ခေါင်းအကြီး, အစီရင်စာရေးတို့ သာသနာတော်အညစ်အကြေး ဘေးရန်

---

၁။ အရှေ့ပြင် မှန်ကျောင်းတိုက် သာသနာဝင်ကြည့်

၂။ ဤ မန္တလေး သာသနာဝင် စတုတ္ထတွဲ နန်းဦးသာသနာဝင်ကြည့်။

တို့ကို သုတ်သင်ရှင်လင်း ဆင့်ဆိုဆုံးမစေရန် ပခန်းကြီးမြို့ အနောက်လက် စိမ့်ကန်ရွာကျောင်းနေ အရှင်အာသဘကို ဂိုဏ်းထောက်ခန့်အပ်တော်မူသည်။

ဂိုဏ်းသံဃာမြို့ဝန်သင်း သေနတ်ဗိုလ် သေနတ်စာရေး သွေးသောက်ကြီး, မြို့သူကြီး, ရွာသူကြီး ခေါင်းအကြီး အစီရင်စာရေး တို့ကို သာသနာရေး သာသနာမှုနှင့်စပ်၍ ဂိုဏ်းထောက်အရှင်အာသဘ ဆင့်ဆိုရာ မသွေမလှန် နာခံကြအောင် ဆရာတော်တို့က စာပေးမှာထားစေ သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင့်ရွက်ဆိုရသည်ဖြစ်၍ သာသနာရေး သာသနာမှုနှင့် စပ်သည်များကို အမိန့်တော်နှင့် ခန့်ထားတော်မူသည့် ဂိုဏ်းထောက်အရှင်အာသဘ ဆင့်ဆိုရာ မသွေမလှန် နာခံဆောင်ရွက် ကြရမည့်အကြောင်း စာပေးမှာထားလိုက်သည် ဂိုဏ်းသံဃာမြို့ဝန်သင်း သေနတ် ဗိုလ်သေနတ်စာရေး သွေးသောက်ကြီး, မြို့သူကြီး, ရွာသူကြီး, ခေါင်းအကြီး အစီရင်စာရေးတို့[၁] ။

ဤသည်လျှင် နှိုင်းယှဉ်ကြည့်ရန် စာချွန်များဖြစ်သည်။ လိုလျှင်ရနိုင်ခဲသဖြင့် ထုတ်ပြသည်။

**ပေါရာဏလေခပဏ္ဏာဟိ၊ ဒုလ္လဘာ ကဝိမာနိတာ။**
**ကဝီနံ သုဟိတ္တာယ၊ ဥဒ္ဓရာ သုဒ္ဓစေတသာ။**

## ကြံခင်း အရှင်ယုဂန္ဓရ ဂိုဏ်းအုပ်ခန့်

၁၂၇၀-ပြည့်နှစ်၊ နယုန်လဆန်း ၁၁-ရက်နေ့ ကြံခင်းမြို့ ဘရဲရွာနေ ဆရာတော် အရှင်ယုဂန္ဓရအား ဂိုဏ်းအုပ်ခန့်စာကိုလည်း စာချွန်ကူးယူပြီးရှိသဖြင့် ဤ၌ ဖော်ပြအပ်ပါသည်။

## ဝိရိယာရမ္ဘဓမ္မသိရီမဟာဓမ္မရာဇာဓိရာဇဂုရု

သာသနာတော်မြတ် စည်ပင်ပြန့်ပွား ထွန်းလင်းတောက်ပစေခြင်း အကျိုးငှါ ရှေးရှေးသောသာသနာပိုင်ဆရာတော်ဘုရားကြီးတို့ကဲ့သို့ လွှဲအပ်ရင်း

---

၁။ မြိုင်မြို့နယ် စိမ့်ကန်ရွာအနီး ရင်းမကျောင်း ဆရာတော်ဦးဇောတိကထံမှ ရရှိသည်။

ရှိသည့်အတိုင်း သာသနာတော်မြတ်ဝန်ကို ရွက်ဆောင်အားထုတ်တော်မူသော မန္တလေးမြို့တော်အရှေ့ပြင် မဟာအဘယာရာမ တိုက်သံဃနာယက သံဃာ့ဦးကိုင် သမ္မုတိသာသနာပိုင် လှထွေဆရာတော်ဘုရားကြီး အမိန့်တော်ရှိသည်။

သံဃာတို့အပေါ်တွင် ဝိနည်းဓမ္မကံနှင့်အညီ စီရင်ဆုံးဖြတ်စိမ့်မည့် ဂဏာစရိယ ဂဏပါမောက္ခ ကမ္မာကမ္မဝိနိစ္ဆယအဖြစ်ဖြင့် သက္ကရာဇ် ၁၂၇၀-ပြည့်နှစ် နယုန်လဆန်း ၁၁-ရက်နေ့ ကြံခင်းမြို့အပိုင် ဘရဲရွာနေ အသက် ၆၀၊ သိက္ခာဝါ ၄၀-ရှိသူ အရှင်ယုဂန္ဓရကို ဂိုဏ်းအုပ်အဖြစ် ခန့်အပ်တော်မူသည် ဂိုဏ်းသံဃာတို့လည်း ဂိုဏ်းအုပ်အရှင်ယုဂန္ဓ ဆင့်ဆိုရာနာခံ၍ ဓုရနှစ်ပါး ပွားများ အားထုတ်ကြစေ[၁]။

## သမ္မုတိသာသနာပိုင်

ဖော်ပြပါစာချွန်တော်ကိုထောက်၍ လှထွေဆရာတော်ဘုရားကြီး အရှင်ဝီရိယသည် သမ္မုတိ သာသနာပိုင်ဖြစ်ကြောင်းကိုလည်း သိသာလေသည်။ လှထွေဆရာတော်ကြီးကား ဘုဉ်းကြီးသက်တော်ရှည် ကြီးဖြစ်၏။ ဆရာတော်ကြီး၌ သည်းခံမှုဂုဏ်နှင့် ဆရာသမား သက်တော် ဝါတော်ကြီးမထေရ်တို့၌ လေးစားမှုရိုသေမှု နှိမ်ချမှုဂုဏ်တို့ကားထူးခြားစွာ ရှိကုန်၏။ တခြားသောဆရာတော်များက နှိမ်၍ပြောဆို သော်လည်း ခပ်မဆိတ်သာ နေလေ့ရှိ၏[၂]။

## ပျံလွန်တော်မူခြင်း

လှထွေဆရာတော်ဘုရားကြီး အရှင်ဝီရိယသည် သက်တော် ၉၀-ပတ်ဝန်းကျင်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တဝီရိယော ထေရော၊ ဝီရေန သံယုတော သုဓီ။
သောဓေတွာ သာသနံ သတ္ထု၊ ပယာတော မစ္စုနော ဝသံ။

---

၁။ ဖော်ပြပါ စာချွန်တော်ကို ရန်ကုန်မြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်မှ ကူးယူရရှိပါသည်။

၂။ မန္တလေး သာသနာဝင်။ ၅။ လှထွေသာသနာဝင်လည်းကြည့်။

## သံဝေဂယူရန်

**အာသန္နတရတမေတိ၊ မစ္စု ဇန္တု ဒိနေ ဒိနေ။**
**အာဃာတံ နီယမာနဿ၊ ဝဇ္ဈဿေဝ ပဒေ ပဒေ[၁]။**

ဇန္တု-ဇန္တုနော၊ ကြံုလာဖြစ်သော သတ္တ ဝါဟူသမျှ၏။ မစ္စု၊ စုတိပြတ်ကြွေ သေလွန်ခြင်းသဘောသည်။ ဒိနေ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ အာသန္နတရတံ၊ နီးသည်၏ အဖြစ်သို့။ ဧတိ၊ ပုံသေမဖောက် ဧကန်ရောက်၏။ အာဃာတံ၊ နွားသတ်ရုံသို့။ နီယမာနဿ၊ သတ်ရန် ဆတ်ဆတ် ဆောင်အပ်သောနွား၏။ ပဒေ ပဒေ၊ ခြေကိုဆန့်၍ လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း။ မစ္စု၊ စုတိပြတ်ကြွေ သေလွန်ခြင်း သဘောတရားသည်။ အာသန္နတရတံ၊ အထူးသဖြင့် နီးသည်၏ အဖြစ်သို့။ ဂစ္ဆတိ ဣဝ၊ ရောက်သကဲ့သို့တည်း။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၂)
## ပဌမကျော်, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
## ဆရာတော် အရှင်တိသာသန

ဆရာတော်သည် မဟာဝိသုတာရာမတိုက်တော်အတွင်း ရွှေရေး ကျောင်း၌ သက်ဆုံးတိုင်သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူခဲ့ရာ သာသနာတွင် ထင်ရှားသည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင် ရှင်ရဟန်းပြုခြင်း

ဗန့်ကျီတိုက် သတင်းကန်ကြီးရွာ၌ အဖဘုရားဒကာကြီး ဦးတေ+ အမိ ဒေါ်မင်းဒွေးတို့မှ သက္ကရာဇ် ၁၂၁၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

---

၁။ ဟိတောပဒေသ၊ ၄။ ၇၂။

## ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာ ငယ်နာမည်မောင်မြ ဖြစ်၏။ ၈-နှစ်သားအရွယ် ကန်ကြီးရွာဆရာတော် အရှင်နန္ဒအထံတွင်အပ်နှံ၍ ပညာသင်စေရာ ၁၃-နှစ် သားအရွယ်တွင် သဒ္ဒါ,သင်္ဂြိုဟ် စသောကျမ်းစာ တော်တော်များများကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

## မဟာဝိသုတာရာမတိုက်တော်သို့

ဆရာရင်းဖြစ်သောအရှင်နန္ဒသည် မောင်မြကို သာမဏေဝတ်ပေးပြီး နောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် ရွှေကျောင်းကြီး ပေါ်၌ သီတင်းသုံးတော်မူသော "နန္ဒသာရသိရိသဒ္ဓမ္မရာဇာဓိရာဇဂုရု, နန္ဒာဘိ ဇောဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ပခန်းဆရာ ဆရာတော် အရှင်နန္ဒ, ဗန်းကျီဆရာတော် အရှင်သကျဝံသတို့ထံ အပ်နှံတော်မူ၍ ပညာသင်ကြားစေတော်မူခဲ့လေသည်။

## ပဌမကျော် ပြန်ဆိုအောင်မြင်

သက်တော် ၁၉- နှစ်သားအရွယ်တွင် ဆရာတော်လောင်းလျာသည် သဒ္ဒါ, သင်္ဂြိုဟ်, ဆန်း, အလင်္ကာ, အဘိဓာန်, ဋီကာကျော်, မာတိကာ, ဓာတု ကထာ ပါဠ်နှင့်တကွ ပါဠိတော်ကျမ်းအချို့ကို အာဂုံဆောင်တော်မူခဲ့လေသည်။

၁၂၃၄-ခုနှစ်တွင် ဆရာတော်တို့က ပဌမကျော်ပြန်ဆိုရန် အမိန့်ပေး တော်မူကြသဖြင့် ပဥ္စမသံဂါယနာတင် မင်းတရားကြီးထံ စာသွင်းရာ လှူဝတ်လဲ စေ၍ ရှေ့တော်တွင် ဆရာတော်တို့ စမ်းသပ်မေးမြန်းစေရာ မေးမြန်းသမျှ ဖြေဆို နိုင်သည့်အတွက် မင်းတရားကြီး လွန်စွာနှစ်သက် အားရတော်မူ၍ "ကုမာရ" ဟူသောမင်းသားဘွဲ့ကို ပေးတော်မူ၍ ပဌမကျော်ပြန်ဆိုသူတို့အား ချီးမြှောက် ပေးသနားတော်မူမြဲဖြစ်သည့် အစီးအနင်းအဆောင်အယောင်တို့ဖြင့် တင့်တင့် တယ်တယ်ဆင်ယင်၍ ပဌာန်းစရပ်တော်တွင် ပဌမကျော်တန်းပြဌာန်းသည့် ကျမ်းစာအားလုံးကို ပြန်ဆိုစေရာ နှုတ်တက်ရွရွ ဗျဥ္ဇနဗုဒ္ဓိ, တိတိကျကျ ဝဏ္ဏ မတြာ, ဂါထာဆန်းဂိုဏ်း, ပယတ်ကရိုဏ်း ဟုတ်တိုင်းမလွတ် ဌာန်မချွတ်ပဲ

လွတ်လွတ်ပြိုင်ပြိုင် ပြန်ဆိုနိုင်သဖြင့် ဆုတော်ငွေ ၁၅၀၀၀-ပေးသနားတော်မူပြီး လျှင် မိဖဘိုးဘွားတို့အား မင်းမှုရေးရာ အခွန်ဘဏ္ဍာပေးဆောင်ခြင်းတို့မှ လွတ် စေအမိန့်တော်ကိုလည်း ပေးသနားတော်မူလေသည်။

## ရဟန်းပြု ဆက်လက်ပညာသင်ခြင်းစသည်

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၃၅-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက်နေ့တွင် သာသနာ့ဒါယကာမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာ ပြု "ဉာဏိန္ဒာဘိသီရိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပရက္ကမ ဆရာတော်ဘုရားကြီး အရှင်ဉာဏိန္ဒကိုဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော် တစ်ထောင်ကျော်တို့၏ ချီးမြှောက်မှုဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရတော်မူခဲ့လေ သည်။ရဟန်းဘွဲ့တော်မှာ အရှင်တိသာသန ဖြစ်လေသည်။

ရဟန်းဖြစ်သည်မှစ၍ ပဌမသံဂါယနာတင် မင်းတရားကြီး၏ လစဉ် ဆွမ်းဆန်တော်အတွက် ဝတ္ထုငွေ ၆၀-ကျပ် လှူဒါန်းခြင်းကို ခံယူရလေသည်။ ဆက်လက်၍ "ဉာဏိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ရ ပရက္ကမဆရာတော်ဘုရားကြီးအရှင်ဉာဏိန္ဒထံ၌ သုတ်သုံးကျမ်းပါဠိတော်နှင့် အဋ္ဌ ကထာများ၊ "နန္ဒသာရသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပခန်းကြီးဆရာတော်ထံ၌ ဝိနည်းပါဠိတော် ၅-ကျမ်းနှင့် အဋ္ဌကထာတို့ကို သင်ယူ တော်မူခဲ့လေသည်။

ရင်းပြင် "သကျဝံသပရမကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ် တော်ရ ဗန့်ကျီဆရာတော်အထံ၌ အဘိဓမ္မာ ၇-ကျမ်းကို သင်ကြားတော်မူခဲ့ လေသည်။ "ကေလာသဝံသသဒ္ဓမ္မသီရိမဟာဓမ္မ ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ် တော်ရ ယောဆရာတော်ထံ၌ အဋ္ဌသာလိနီ၊ ပဋ္ဌမကြိုဏ်၊ ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို သင်ကြားတော်မူခဲ့လေသည်။ "ဂန္ဓာဘိဝံသာလင်္ကာရပရမ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ရ စလင်းဆရာတော်ထံ မူလဋီကာကျမ်းများကို သင်ယူ တော်မူခဲ့လေသည်။

## စာပေချပို့သာသနာပြု

ယင်းသို့ ဆရာတော်တို့ထံမှ သင်ယူတတ်သိခဲ့သော ပိဋကတ်သုံး သွယ် နိကာယ်ငါးရပ် အတတ်ပညာအမျိုးမျိုးကို ရွှေရေးကျောင်း၌ သီတင်းသုံး၍ တပည့်တပန်းများမြောက်စွာတို့အား ချပို့နည်းပေးတော် မူခဲ့လေသည်။

ဆရာတော် အရှင်တိသာသနထံ၌ ရှင်ရဟန်းများစွာတို့ စာပေလိုက်နာ သင်ယူကြကုန်၏။ အရှင်တိသာသနသည် စာပေချပို့ နည်းပေးပုံ ကောင်းလှ သဖြင့် လွန်စွာကျော်ကြား ထင်ရှားလေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

ယင်းသို့ စာပေ၌လည်းကျော်ကြား သီလ, သမာဓိဂုဏ်တို့ဖြင့် ထင်ရှား ရကား သက္ကရာဇ် ၁၂၉၄-ခုနှစ်တွင် အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ် ဝင်လင်တန်မင်းမြတ် ဆက်ကပ်အပ်သော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော်နှင့်အမျှ ပရိယတ် ပဋိပတ်ဓုရ နှစ်ရပ်ကို မပြတ်အားထုတ်ကြိုးပမ်းတော်မူစဉ် သက်တော် ၈၃-နှစ်၊ ဝါတော် ၆၃-ဝါအရ သက္ကရာဇ် ၁၂၉၈- ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅- ရက်နေ့ ညဥ့် ၂- နာရီအချိန် ဝါခေါင်လဆန်း ၁-ရက်အဝင် စနေနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေ သည်။

## သံဝေဂယူရန်

**သံယောဂေါ ဟိ ဝိယောဂန္တော၊ သံသူစယတိ သမ္ဘဝံ။**
**အနတိက္ကမနီယဿ၊ ဇာတိ စ မစ္စုနော ဂမံ။**

သံယောဂေါ၊ သတ္တဝါခပင်းတို့၏ အချင်းချင်းပေါင်းဆုံမိခြင်းသည်။ ဝိယောဂန္တော၊ ကွေကွင်းကွဲကွာခြင်း၏။ သမ္ဘဝံ၊ ဧကန်မချွတ် မလွတ်အမှန် ဖြစ်ရန်အကြောင်းကို။ သံသူစယတိ ဟိ သံသူစယတိ ဧဝ၊ ပြသည်သာ။ ဇာတိ၊

ဘဝဟောင်းကိုပစ် အသစ်တဖန်ဖြစ်ရပြန်ခြင်းသည်။ ဝါ၊ စွဲလာသန္တေ တည်နေရခြင်းသည်။ အနတိက္ကမနီယဿ၊ မည်သူမည်ဝါမျှ မုချဧကန် မလွန်နိုင်သော။ မစ္စုနော၊ သေခြင်းသဘောတရား၏။ အာဂမံ၊ ဧကန်မဖောက် လာရောက်ခြင်းကို။ သံသူစယတိ ဇဝ၊ ပုံသေမုချပြသည်သာ။

## အခမ်းအနားဖွင့် ထောမနာစာတမ်းကို ဖော်ပြခြင်း

ယင်းမဟာဝိသုတာရာမတိုက်တော် ရွှေရေးကျောင်း ဆရာတော်ဘုရားကြီး အရှင်တိသာသနပျံလွန်တော်မူစဉ်က ဖတ်ကြား လျှောက်သည့် အခမ်းအနားဖွင့် စာတမ်းသည် ထိုစဉ်က အခြေအနေကို ပြောနေသည်။ ရွှေရေးကျောင်းဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကိုလည်း ပိုမိုခိုင်လုံစေသည်။ သို့ဖြစ်၍ ဂန္ထဂရု မမြော်မရှုပဲ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## တိုက်တော် ရွှေရေးကျောင်းဆရာတော်ကြီး ပျံလွန်တော်မူစဉ်က ဖတ်လျှောက်သည့် အခမ်းအနားဖွင့် ထောမနာစာတမ်း

အောင်သူတကာတို့၏ သီရိန္ဒာဘိဇေ အတုလိယ ဝိသိဋ္ဌဥက္ကဋ္ဌ ဝိသုဒ္ဓိနတ်စက္ကဝက်ဘုန်းဖျား ဘုရားသုံးလူ့ထွတ်တင်သည် ဒီပင်္ကရာမြတ်စွာ ပဌမ ကဿပ ထွတ်ထား နှစ်ကျိပ်သုံးပါး နောင်တော်မင်းတရား ရှင်စောဖျားတို့ ပတ္တမြားကြုတ်ထွတ် နှုတ်နက်ထွေသံ ချေင်ဒေသနာ ရွှေဗျာဒိတ်မြွက်ဟ နိယတအောင်ဟိတ် ဘိသိက်ကျူးအေး မှာခဲ့ရှေးပြီး တနည်းသချေ် သောင်းနေဆယ်ထပ် မဟာကပ်တိကူးခပ်ပြောကျယ် ဆယ်ပါရမီ စွန့်ကြီးငါးလီ စုံညီစရိယ မဟာပရက္ကမ လုံ့လပြောဟုံ ကိစ္စချက်ကုံ ပြည့်စုံပြီးမြောက် မင်းထီးရွှေမောက် ရောက်တုံရကား။

"တိဏ္ဏော တာရေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ" အောင်သံကြုံးဝါး သုံးပါးပဋိညာဉ် စီလျှင်မြွက်ကြား ထားတော်မူခဲ့သည့်အတိုင်း ဤဝိဝဋ္ဋာ-အစစ္စာက ဗြဟ္မာပရမတ် ကမ္ဘာနတ်တို့ ကြာအမှတ်မူ မြတ်သည်ဟူ၍ ဝှန်ဆူကျာကျာ သံဝါပေါက်ပြ ဝှဲချီးရသား ဘဒ္ဒမည်သာ ဤကမ္ဘာ၌ ပဌမာဒိက အမတလက်မွန် ခရီးညွှန်သား ကကုသန္ဓ စသည်ထင်ရှား နောင်တော်မြတ်ဖျား သုံးပါးလက်ထပ် ဖိုလ်မင်္ဂရင်းနှီး ပွဲကြီးသဘင် မဝင်နောက်နစ် ကျစ်ရစ်ကုန်ကြ

ကောဏ္ဍည, သုဘဒ် ပရိသတ်အဆုံး ဗိုလ်လုံးထွတ်ဖွဲ့ နှစ်ဆယ့်လေးသင်္ချေ ခြောက်ဆယ်ကုဋေ ဗိုလ်ခြေတွက်ကိန်း တစ်သိန်းပြောထူ ဘုံလူသုံးရပ် ဟိန္ဒူဂူ မြတ်တို့အား ဘုံအဝတ္ထာ ခေမာရွှေဘောင် ပို့ကြဉ်းဆောင်ပြီး ငါးထောင်မျှလောက် နောင်တန်ရောက်လည်း ငါ့နောက်စဉ်ဆက် ဖိုလ်မဂ်တင်မေး ထိုက်ကုန်သေးဟု စ,လတ်,ဆုံးဖျား သုံးပါးဒေသနာ သုံးဖြာအောင်မြိုက် ရှင်တော်ရိုက်ကို မှောင်မိုက် ပယ်ထွန်း မွန်းချိန်ပကတိ အံသုမာလီ ရံသိသဟဿိ သိန်းရာထောင်ရှိ ရဲရဲညီသို့ ယထာနုလောမ စသည်သုံးပါး ပိုင်းခြားသေ ချာထွေတော်သာဖြင့် မဟာကာ ရုဏိက ဉာဏထွတ်ခေါင် ရွှေဉာဏ်တန်ဆောင် ထွန်းခဲ့ထောင်၍ မုဋ္ဌာန်ကျူးဖျား ရှစ်ပါးသံအိန့် ဗျာဒိတ်မိန့်တိုင်း တိုင်းသရေခေတ္တရာ ပေါက္ကာရာမ မြင်စိုင်းဝိဇယာ ဇေယာပူရ ရတနာပူရ ရတနာသိယ် အမရရန်အောင် မန္တလေးရွှေတောင် တိုင်အောင် တလျှောက် တောက်သည်ညီးညီး တောင်ထိပ်မီးကဲ့သို့ဖြစ်၍ ဤ စက္ကဝါ ဒီပါအတုလ ဩကာသဗွေ ပတ်ကုံးမြေရေ တိုက်လုံးဝှန်ဝေ သာသနာ သုံးထွေ ဘုန်းမိုးစေသတည်း။

စတုဝေသာရဇ္ဇ ဆသာဓာရဏ ဒသဗလ စသည်ဉာဏ်ရောင် ထိန်ထိန် ပြောင်သည့် အခေါင်ထွတ်ထား မြတ်ဘုရားသည် ကုသိနာရုံ အင်ကြင်းစုံဝယ် ရွှေဘုံနိဗ္ဗာန် စံတော်မူသည်မှ လေးလမြောက်၌ ရာဇဂြိုဟ်ပြည် အဇာတသတ် မင်းကို အကြောင်းရင်းပြု၍ ဥဇုဘူတ ပဉ္စမသင်္ဂါယနာ တင်တော်မူကုန်သော အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ, အရှင်အာနန္ဒာစသော ရဟန္တာအရှင်မြတ် တို့မှ သိဿာနုသိဿ သာသနဝံသ သာသနမာမက သာသနဝိရူဠှက သာသန ဓေပရမ္ပရ အဆက်ဆက် ကွန့်လျက်ကွန့်လျက် ဆင်းသက်စည်းရုံး ပုလဲလုံးကို ကုံး၍သီဘိသကဲ့သို့ အစဉ်အလာဖြင့် သာသနာတော် ၂၂၉၆-ခုရောက်သော အခါ ဝိဝဋ္ဋဋ္ဌာယီ ကပ်ဦးအစ မဟာသမ္မတမင်းမှစ၍ ရေတွက်လျှင်းသော် နှစ်သိန်းသုံးသောင်း နှစ်ထောင်ငါးရာ ငါးဆယ့်ခြောက်ပါးသော မင်းတို့နောက်မှ သကျသာကီဝင်မင်းတို့၏ လက်မွန်မဆွ ဥက္ကာမုခမင်းကဲ့သို့ ဟတိုင်းဝိုးဝင်း ခံတွင်း အာစက် မောင်းလက် ဝရစိန် မီးရှူးထိန်သော ရတနာသိယ် ပဉ္စမမြို့တည် နန်းတည် ရွှေစေတီတော်ဒါယကာ အလောင်းမင်းတရား မင်းခေါင်ဖျား၏ လက်ထက် လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဆောက ပရိယတ္တိဝိသာရဒ

သီလဝန္တ ဂုဏ်အင် ငါးပါးအဝင် မာတင်မုန်သောက် ပြောင်ကြီးမြောက်သော စွယ်ရောက်ဒုန္ဒုဒန် နိဗ္ဗာန်ရှာမှီး ပေါက်သားကြီး ဖြစ်လတ်ရကား (ဉာဏာဘိ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု) မင်းစံခပ်နှိပ်တံဆိပ်တော်ရ မင်းသုံးဆက် မြောက် နိဗ္ဗာန်ဆိပ်ဦး စေတီတော်ဒါယကာ ဆင်ဖြူရှင်မင်းတရားကြီးရောက် နှစ်ဆယ့်သုံးနှစ်တိုင်တိုင် ထင်ရှားကျော်စောတော်မူသော "တောင်တွင်းအတုလ သာသနာပိုင်ဆရာတော်"

ထိုနောက် မဟာမင်္ဂလာရွှေဘုံကျောင်းတော်ကြီး ဒါယကာမင်းတရား ကြီး နန်းစံတော် ငါးနှစ်အတွင်း၌ (ဂုဏာမုနိန္ဒာဓိပတိပဝရသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရု) လွတ်တုမင်းစံ တံဆိပ်တော်ခံရသော "မန်လည်သာသနာပိုင်ဆရာ တော်"

ထိုနောက် ဘထွေးတော် အမရပူရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်း သခင် အောင်မြေလောကစေတီတော် ဒါယကာမင်းတရားကြီး နန်းစံတော် သုံးဆယ့်ရှစ်နှစ်အတွင်း၌ (ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇ ဂုရု) ဘွဲ့တံဆိပ်နာမံရှိတော်မူသော "မောင်းထောင် သာသနာပိုင်ဆရာတော်"

ထိုနောက် မြေးတော်ရတနာပူရ စတုတ္ထအဝမြို့တည် နန်းတည်ပုထိုး စေတီတော်ကြီး ဒါယကာမင်းတရားကြီး နန်းစံတော် တစ်ဆယ့်ရှစ်နှစ်အတွင်း၌ (မုနိန္ဒာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု)ဘွဲ့တံဆိပ်တော်ရ "စလင်း သာသနာပိုင်ဆရာတော်"။

ထိုနောက် ညီတော်အမရပူရ ဒုတိယမြို့တည် နန်းတည် ဇောင်းကလော စေတီဒါယကာ မင်းတရားကြီးနန်းစံတော် ကိုးနှစ်အတွင်း၌ (သူရိယာဘိဝံသ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု) ဘွဲ့တံဆိပ်တော် နာမံခံယူတော်မူသော သဲအင်းသာသနာပိုင်ဆရာတော်။

ထိုဆရာတော် ပျံလွန်တော်မူရာ ဒုတိယခြောက်နှစ်အတွင်း၌ မန္တလာ ဇေယျရတနာပုံဝယ် ခုနှစ်ဌာနအဝင်အပါ မဟာဝိသုတာရာမတိုက် ကမ္ပည်း စိုက်သော မဟာတုလဘုံစံရွှေကျောင်းတော်ကို တင်လှူ ပူဇော်ခြင်းငှါ ခံယူရ လတ့်သော (ဥေ ယျဓမ္မာလင်္ကာရပဝရဓမ္မသေနာ ပတိမဟာဓမ္မရာဇာဓိရာဇဂုရု)

ရွှေတံဆိပ်မင်းစံ နာမံရှိတော်မူသော "နတ်ရဲတောင် ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်"။

ထို့နောက် သားတော် ဒုတိယနန်းစံ မဟာလောကရံသီစေတီတော် ဒါယကာမင်းတရားကြီး နန်းစံခြောက်နှစ်အတွင်း၌ (ပညာဇောတာဘိသိရိပဝရ ဝိဇယာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇ ဂုရု) ဘွဲ့တံဆိပ်တော်ဘွဲ့ခံ "ဗာကရာသာသနာပိုင်ဆရာတော်"။

ထို့နောက် ညီတော်ရတနာပုဋ္ဌ ပဋ္ဌမမြို့တည်နန်းတည် သေလက္ခ ရပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီတော်ဒါယကာ မင်းတရားကြီး နန်းစံတော်နှစ် နှစ်ဆယ့်ခြောက်နှစ်အတွင်း၌ မဟာဝိသုတာရာမတိုက် ကမ္ဘည်း စိုက်သော တိုက်တော်ကြီးသခင် (ဥေ ယျမ္မာဘိဝံသ မုနိဝရဉာဏကိတ္တိသီရိဓဇ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု) ရွှေတံဆိပ်နာမံခံယူတော်မူသော "နတ်ရဲတောင် ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်"။

ထို့နောက် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး လွှဲပြည်ညီး၍ နတ်ထီးစံမြန်းတော်မူရာ သားတော်မာရ်အောင်စေ တီတော်ဒါယကာ ဓမ္မရာဇ် ရိပ်ဖြူဖြန့်လှစ် သောင်းခေတ်ရိုက်ချျန်း ရွှေဘုန်းအုပ်မိုးစိုးစံတော်မူသည့် ခြောက်နှစ်အတွင်း၌ (မာလာလင်္ကာရ အတုလဓိပတိပဝရသာသနဓဇ ဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်နာမံတော်ရှိသော "တောင်တော် သာသနာပိုင်ဆရာတော်"။

စကြာဝဠာ ကမ္ဘာမြေတွင် ရေအပြင်၌ နေဝင်၍ မဆုံးအောင်သော ကျွန်ကြီးကျွန်ငယ် အပေါင်းတို့နှင့်တကွ ရေပြင်မြေမိုး ဝရဇိန်ကြိုး လက်နက် စကြာမျိုးကို အစိုးရတော်မူသော ဝိတိုရိယာကေရီမင်းမှ သားတော်ပဋ္ဌမမြောက် ဖြစ်တော်မူသော အဒ္ဒဝါဇကေရာဇ်မင်းမြတ်တို့ နန်းစံတော်နှစ် ငါးဆယ်ကျော် အတွင်း၌ (နန္ဒာဘိဓဇဓိပတိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု) မင်းစံ ဘွဲ့တံဆိပ် ခပ်နှိပ်ရရှိတော်မူသော "ပုခန်းကြီးသာသနာပိုင်ဆရာတော်"။

ထို့နောက် (ဝိသုဒ္ဓါသီလာစာရသိရီပဝရဓမ္မသေနာပတိမဟာ သံဃ ရာဇာ) "တောင်ခွင်သာသနာပိုင်ဆရာတော်"။

အထက်၌ ရေးသားပြဆိုခဲ့ပြီးသော ပဌမသံဂါယနာတင် အရှင်မဟာကဿပမှစ၍ သိဿာနုသိဿ သာသနဝံသအနွယ် ဖြစ်တော်မူကုန်သော ဆယ်ပါးသောသံဃရာဇာ သာသနာပိုင်ဆရာတော်တို့သည် မေရုစက္ကဝါ အဇ္ဈောပြင်ကျယ် ပြုသည့်ကြယ်သို့ နှိုင်းဖွယ်ထပ်ရှည့် ဝန်းကျင်ပြည့်သော တပည့်ကြီးအပေါင်းတို့ဖြင့်ခြံရံကာ သရဒပုဏ္ဏမီ တိထီစက်ရွှန်း တက်၍ထွန်းသော လပြည့်ဝန်းကဲ့သို့ တင့်တယ်လွှန်းမြူတေ ကြက်သရေအပေါင်းတို့ဖြင့် သာသနာတော်ကောင်းကင်ပြင်ကို တန်ဆာဆင်တော်မူကုန်ကြသတည်း။

သာသနာတော်နှစ်(၂၃၉၇)၊ သက္ကရာဇ်(၁၂၁၅)ခု၊ ဘေးတော် အလောင်းမင်းတရားကြီးမှ ဆယ်ကြိမ်စက္ကရာတ် သောင်းလုံးပတ်သော မန္တလေးရတနာပုံ ပဌမမြို့တော်နန်းတည် မဟာလောကမာရဇိန် ကုသိုလ်တော်စေတီဒါယကာ နိဗ္ဗာနပစ္စယဆဒ္ဒန်ဆင်မင်းသခင် သိရီပဝရဝိဇယာနန္တယသပဏ္ဍိ တြိဘဝနာဒိတျာဓိပတိမဟာဓမ္မ) တံဆိပ်တော်နာမံခံယူတော်မူသော ပဥ္စမသံဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် “ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီး”သည် အံ့ဖွယ်ရှစ်ဖြာဖြင့် တန်ဆာဆင်အပ်သော သာသနာတော်ဝန်ကို အားသွန်ကြိုးပမ်း ဆင်မြန်းတော်မူရကား ဤစက္ကဝါမြေချာ အတုလမြန်ဒေသ၌ ရှင်တော်ရိုက်ရာ သာသနာသုံးထွေ ဒီပါမြေရေ တိုက်တုံနှံ့မွေ ထောင်ရာလနေ ရောင်ပေါင်းစွေသတည်း။

သက္ကရာဇ် ၁၂၁၅-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်၊ စနေနေ့ အချိန်တွင် ဗန့်ကျီတိုက် သတင်းကန်ကြီးရွာ ဘုရားဒါယကာ ဦးတေ ဘုရားအမ မယ်မင်းခွေးတို့သည် ရှေးကြောင်းရင်းကံ အရင်းခံ၍ အာရမ္မဏမနော မြရတနာ ကဲလွန်စွာသော ပိဋကတ်သုံးပြန် ပဌမကျော်ရဟန်းတော် ရွှေရေးကျောင်းဆရာတော် တိသာနဓဇတိပိဋကတ္တယ အဂ္ဂမဟာပဏ္ဍိတ လျောင်းလျာသတို့သားကို ကြည်လင်မျက်နှာ ရွှင်ပြုံးစွာနှင့် ဖွားမြင်တော်မူသတည်း။

ထိုသို့ဖွားမြင်ခိုက် စရိုက်ဘာသာ ရှေပြုဗ္ဗာက ဒိသာရွှေကျီး မြရတနာ ကိုက်ချီပြီးသော် ဦးတေ၏အိမ်ဦးတွင် ချခဲ့လျှင်လျက် သာယာစွာသော အသံသုံးခွန်းမြည်၍ ပျံသန်းသွားသည်ရှိသော် ဘုရားဒါယကာဦးတေသည် မြရတနာကို

အကြောင်းပြု၍ ယနေ့မွေးဖွားစ သတို့သားကို "မောင်မြ"ဟု အမည်ပေးသတည်း။

ထိုသူငယ်သည် အရွယ်ရှစ်နှစ်သို့ ရောက်သောအခါ ကန်ကြီးဆရာတော် အရှင်နန္ဒထံအပ်နှံ၍ ပညာသင်ကြားစေရာ သူငယ်တို့ဘဝ ၁၃-နှစ်ရွယ်သို့ရောက်လျှင် သဒ္ဒါ, သင်္ဂြိုဟ် ထိုထိုဝစနတ်ဗျူပ္ပတ္တိ အက္ခရာတို့ကို ကောင်းစွာအပြီးတိုင်ရောက်လေသတည်း။

ထိုအခါ ဆရာရင်းချာသည် ထူးခြားသောပညာပါရမီရှိသည်ကို ဆင်ခြင်၍ မန္တလေးရွှေမြို့တော် အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် ရွှေကျောင်းကြီးပေါ်၌ သီတင်းသုံးစံနေတော်မူသော ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီးကို ပဌမဆရာအဖြစ်, ပုခန်းဆရာတော်ကို ဒုတိယဆရာအဖြစ်, ဗန့်ကျီဆရာတော်အရှင်သကျဝံသကို တတိယဆရာ အဖြစ်ဖြင့် အပ်နှံတော်မူပြီးလျှင် ပညာသင်ကြားစေ၍ အသက် ၁၉-နှစ်သို့ ရောက်သောကာလ သဒ္ဒါ,သင်္ဂြိုဟ်, ဆန်း,အလင်္ကာ,အဘိဓာန် ဋီကာကျော် မာတိကာ, ဓာတုကထာပါဠိတို့နှင့်တကွ ပါဠိတော်ဟူသမျှတို့ကို အာဂုံဆောင်နိုင်ခဲ့လေသတည်း။

သက္ကရာဇ် ၁၂၃၄- ခုနှစ်သို့ရောက်သော် ဆရာတော်တို့က "မောင်မြ" ကို ပဌမကျော်ပြန်ဆိုရန် အမိန့်ပေး၍ ပဉ္စမသံဂါယနာတင် မင်းတရားကြီးထံ စာသွင်းရာ ရှေ့တော်တွင် ဆရာတော်တို့စမ်းသပ် မေးမြန်းစေလျက် မေးမြန်းသမျှ ဖြေဆိုနိုင်သည့်အတွက် ဘုန်းတော်ကြီးဘုရား အားရနှစ်သက်တော်မူ၍ "ကုမာရ"ဟူသောမင်းသားဘွဲ့ကိုပေး၍ ပဌမကျော်ပြန်ဆိုသူတို့အား ချီးမြှင့်သနားတော်မူမြဲ အစီးအနင်း အဆောင်အယောင်တို့ဖြင့် တင့်တယ်စွာ ဆင်ယင်၍ ပဌာန်းစရပ်တော်တွင် ပိဋကတ်သုံးပုံကို ပြန်ဆိုစေရာ နှုတ်တက်ရွရွ ဗျဉ္ဇနဗုဒ္ဓိ တိတိကျန ဝဏ္ဏမတြာ ဂါထာဆန်းဂိုဏ်း ပယတ်ကရိုဏ်း ဟုတ်တိုင်းမလွတ် ဌာန်မချွတ်ပဲ လွတ်လွတ်ဖြိုင်ဖြိုင် ပြန်ဆိုနိုင်သဖြင့် ဆုတော်ငွေ (၁၅၀၀၀)ပေးသနားတော်မူပြီးလျှင် ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက် ရှင်တော် တသန္တာန်တိုင်း ၁၂-ရပ်လွတ်စေ အမိန့်တော်ကို ပေးသနားတော်မူသတည်း။

ထိုနောက် သာသနာတော် ၂၄၁၇-ခုနှစ်၊ သက္ကရာဇ် ၁၂၃၅-ခု၊ ဝါဆိုလဆန်း ၈-ရက်နေ့တွင် သာသနာ့ဒါယကာမင်းတရားကြီးသည် ပဋ္ဌမကျော် ပိဋကတ်သုံးပုံပြန် သာမဏေအား ကြည်ညိုနှစ်သက် စုံမက်မြတ်နိုး တော်မူ၍ သာသနာပြု ပရက္ကမဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အရံသံဃာတော် တစ်ထောင် ကျော်တို့နှင့် ဥပသမ္ပဒ ဥတ္တိစတုတ္ထ ပဝရဘိသိက် အောင်ဟိတ်ဆင်ယင် သာကီယမင်းသား ဘုရားသားတော်အဖြစ်သို့ ရောက်စေတော်မူသတည်း။

ဘုရားသားတော် သာကီယမင်းသားအဖြစ်သို့ ရောက်စေတော်မူသည့်နေ့ကစ၍ သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းကြီးက တစ်လလျှင် လစာတော်ရိက္ခာ ၆ဝိ- ထောက်ပံ့လှူဒါန်းတော်မူသည့်အတိုင်း ခံယူတော်မူ၍ သင်ကြားရန်ရှိသည့်စာများကို ရဟန်းအဖြစ်သို့ ရောက်သောအခါ "ဉာဏာဘိဝံသ ဘိသိရိ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ပရက္ကမဆရာတော်ဘုရားထံ သုတ်သုံးကျမ်း ပါဠိတော်နှင့် အဋ္ဌကထာသုံးကျမ်းတို့ကို သင်ကြားတော်မူသည်။

ထိုနောက် " နန္ဒသာရသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ပုခန်းကြီးဆရာတော်ထံ ဝိနည်းငါးကျမ်းပါဠိတော်နှင့် အဋ္ဌကထာငါးကျမ်းကို သင်ကြားတော်မူသည်။ ထိုနောက် "သကျဝံသပရမမဟာ ဓမ္မရာဇာဓိရာဇဂုရု" ဗန့်ကျီဆရာတော်ထံ အဘိဓမ္မာခုနှစ်ကျမ်းကို သင်ကြားတော်မူသည်။ ထိုနောက် "ကေလာသဝံသသဒ္ဓမ္မသိရိမဟာဓမ္မ ရာဇာဓိရာဇဂုရု" ယောဆရာတော်ထံ ဋီကာကျော်, အဋ္ဌသာလိနီ, ပဉ္စမကြီး, ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို သင်ကြားတော်မူသည်။

ထိုနောက် "ဂန္ဓာဘိဝံသာလင်္ကာရ ပရမမဟာဓမ္မရာဇာဓိရာဇဂုရု" စလင်းဆရာတော်ထံ မူလဋီကာကျမ်းကို သင်ကြားတော်မူသည်။

ဤကဲ့သို့ အသက် ၈-နှစ်သားရွယ် သူငယ်ဖြစ်က ပရိယတ်တို့ကို ရဟန်းအဖြစ်သို့ရောက်သည့်တိုင်အောင် အစဉ်မပြတ် ကောင်းစွာကြိုးကုတ် အားထုတ် သင်ကြားပို့ချ၍လာရာ သာသနာတော်နှစ် ၂၄၇၆-ခု၊ သက္ကရာဇ် ၁၂၉၄-ခုနှစ်သို့ ရောက်သကာလ ဘုန်းတော်အလွန်ကြီးတော်မူသော မဟာအဏ္ဏဝါ ကန္တာပြင် ကျယ် ပင်လယ်ထိုထို ရေညိုရစ်ရံ အင်္ဂလိ-အာရလံ ဘရိတန်-နိုင်ငံတော်တို့နှင့် တကွ ပင်လယ်ခြားသီး ကျွန်ကြီးကျွန်းငယ် အပေါင်းတို့ကို အစိုးရတော်မူသော

ဂျော့ဘုရင်မင်းတရား၏ ကိုယ်စားကိုယ်ပွား အိန္ဒိယတိုင်းကို အုပ်စိုးတော်မူသော ဘုရင်ခံချုပ် ဝင်လင်တန် မင်းမြတ်က "အဂ္ဂမဟာပဏ္ဍိတ"သွန်းတုပုံနှိပ် ငွေတံဆိပ်တော်မင်းစံကို ဆက်ကပ် လှူဒါန်းတော်မူသည်။ ဤသို့ ဆက်ကပ်လှူဒါန်းတော်မူသည်ကို ခံယူရရှိတော်မူသော ဆရာတော်ဘုရားကြီးသည် အတိဂမ္ဘီရ ပရမတ္ထတရား အဘိဓမ္မာညဝါများကို တပည့်သံဃာအပေါင်းတို့အား သင်ကြားပို့ချတော်မူသည့်ပြင် ခုရနှစ်ပါး နေ့ညမစဲအမြဲမပြတ် အားထုတ်ကျင့်ဆောင်တော်မူခြင်း, ရဟန်းရှင်လူ ဆည်းကပ်သူအပေါင်းတို့အား ကုသိုလ်တရားပွားများစေရန် ဝေဖန်ပြသ ဆုံးမညွှန်ကြားတော်မူခြင်းမှစ၍ သာသနာတော်၏ဝန်ကို ကြိုးပန်းအားသွန် လွန်မင်းသောသဒ္ဓါတရားနှင့် ထမ်းရွက်တော်မူဆဲ သက်တော် ၈၃-နှစ်၊ သိက္ခာတော် ၆၃-ဝါအရ သက္ကရာဇ် ၁၂၉၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅- ရက်နေ့ ညဉ့် ၂-နာရီ အချိန် ဝါခေါင်လဆန်း ၁-ရက်သို့အဝင် စနေနေ့တွင် ယွင်းချွတ်ဗျာဓိ ဇီဝိတိန္ဒြေ ချုပ်ကြွေနတ်ဌာန် ပြောင်းကြွစံမြန်းတော်မူသတည်း။

ထိုသို့ပြန်လွန်တော်မူသော တိသာသနဓဇတိပိဋကတ္တယဆေက သိက္ခာကာမ သီလဝိသုဒ္ဓိဂုဏ်းထူးရှိသော ဆရာတော်ဘုရားကြီး ၏ မဟာရုပ်ဓာတ်ကြွင်း ကျန်ရစ်သော အလောင်းတော်မြတ်ကို ရှေးသာသန ဒါယကာ မင်းတရားတို့လက်ထက် တံဆိပ်တော်ရ ဆရာတော်ကြီးတို့ ပျံလွန်တော်မူသည့်အခါ စာတမ်းပါသဂြိုဟ်ရသည့် အစီအစဉ်အခမ်းအနား ထုံးစံပဝေဏီ ရှိသည်နှင့်အညီ မီးသဂြိုဟ် မီးခန်းဖွင့် အခမ်းအနားတွင် ဒါယကာ ဒါယိကာမများ ဆပွားစေတနာ သဒ္ဓါတရား အလျှောက်ပူဇော် ချီးမြှောက်ကြသည်မှာ ပျဉ်းမနားမြို့စား မင်းကြီးနှင့် ထရံကာမြို့စား မင်းသမီး မောင်တော် နှမတော်တို့က မဏိဇောတ မြဝေဘူစိန် အရှိန်အရောင် လောင်လက်ဘနန်း လျှံစုံထွန်းလျက် ခြူးပန်းခြူးခက် ရွှေတခဲနက် ရောင်ခြည်ရှက်သော ကိုးမျက်ရတနာ အဖြာဖြာတို့ဖြင့် စီခြယ်သော ရွှေသားခေါင်းပတ်တော်။

ဝက်မစွက်မောင်မောင်ကြီး ရွှေလုံခင်ခင်လတ်တို့၏သား ဓာတ်မီး ဝန်ထောက် ဦးစံလှနှင့် ဇနီး ခင်ခင်ဆွေတို့က ဘော်ကျူသာခွါ ရတနာဖြင့် တန်ဆာပြောက်စုံ ခြူးအုံစိန်ပျံ ထိန်လျှံပိုးဝင်း မှန်ကင်းညွှန်တိုက် ရွှေထီးစိုက်လျက် တိမ်တိုက်ကွန့်မြူး အထူးထွန်းပ ရှုတိုင်းလှသော ငွေသားအလောင်း စင်ပြာသာဒ်တော်။

တရုပ်တန်း ပန်တော်ခြင်း ခင်ခင်လေးက အလောင်းတော်မြတ် ကိန်းဝပ်စံရာ ခေါင်းတော်ထက်နေရာတွင် ဘော်စင်အစစ် ဖြူသစ် ဖွေးဖွေး လည်ရေးသုံးဆင့် စွင့်စွင့်ဥသျှောင် ဦးခေါင်းထောင်၍ မာန်စောင်မတင်း ခွေလျှစင်းလျက် ပါးပျဉ်းအုပ်မိုး ရှိခိုးကော်ရော် ပူဇော်ဝပ်တွား ခစားလျက်ရှိသော စေတရဋ္ဌနာဂရာဇာ နဂါးမင်းပုံတော်။

၎င်းပြင်တဝ တရုပ်တန်း ပန်တော်ခြင်း ခင်ခင်လေးက သာဘိသေကာနေလာနွယ်မြတ် သောင်းလုံးနတ်ဖြစ်သော မိဖုရားခေါင်ကြီးတို့သာလျှင် ဆင်ယင်ရသော ရွှေကြယ်ငွေကြယ် ဗူနွယ်ပဇင်းတောင် အရောင်ပြိုးပြက် အမျိုးမျိုးထွက်သော သင်ဒိုင်းဒွါဒရာ ရတနာစုလျား တခြားလည်ဆွဲ တနဲခရမ်းကြိုး တမျိုးအမြီး တသီးအမြတ် ဖိတ်ဖိတ်လျှံလက် ဒက်ဒရက်နှင့်တကွသော မဟာလ္လတာတန်ဆာတော်။

ပျဉ်းမနားမြို့စား မင်းသားကြီး ထရံကာမြို့စား မင်းသမီး, မောင်တော်နှမတော်တို့က ရွှေဘုံရွှေနန်း ကြငှန်းစိုက်ထူ ပစ္စူပ္ပန်လှစ် ဇမ္ဗူခေတ်တွင် ဧကရာဇ်မင်းမြတ်နန်းနန်းနတ်တို့သာလျှင် မဟာ ဘိသေကဘိသိက် အောင်ဟိတ်မင်္ဂလာအခါတော်တွင် ဆင်ယင်ကျင်းပ၍ သီဟာသနပလ္လင်တော်ဝဲယာ စိုက်ဆောက်စီစဉ်ထားရသော ဝိသကြုံက မုဒ္ဒကမ္မသမ္မုတိ သူရိယပဒုမကနက္ကဒန် အတန်တူစွာ ရောင်ဝါဝိုးဝင်း ပုလဲအဆင်းနှင့်တူသော ရှစ်စင်းသောထီးဖြူတော်။

ထီးဆရာကိုချို စက်ဆရာကိုကံတို့က တဖန်အခြံအရံဆောင်ရန် ရှစ်စင်းသော ထီးဖြူတော်တို့ဖြင့် ခင်းကျင်းဆင်ယင်ကျင်းပပြီးလျှင် မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရား ကိုယ်စားတော် သံဃနာယက သုဓမ္မာဝင်ဆရာတော်များမှစ၍ များစွာသော မထေရ်သံဃာတော်မြတ်တို့နှင့် မင်းညီမင်းသားမှူးတော် မတ်တော် သူကြွယ်သဌေး ရပ်ဝေးရပ်နယ်မှ လာရောက်ကြသည့် ဂုဏ်အသရေရှိ ပရိသတ်စုံတို့ရှေ့ ယနေ့ ၁၂၉၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်၊ တနင်္ဂနွေနေ့ အခန်းဖွင့်အခါ ပြည့်စုံပါပြီဘုရား။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၃)

## ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ

ဇိနတ္ထပကာသနီ အစရှိသော ကျမ်းပေါင်း ၃၀၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီးသည် မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး၍ ဂန္ထဓုရ အဝဝကို သင်ယူတော်မူခဲ့လေသည်။

### ဖွားမြင်တော်မူခြင်း

ရွှေတောင်မြို့ ကျီးသဲရွာ ရှမ်းတန်းကလေးရပ်၌ သက္ကရာဇ် ၁၁၇၉-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈-ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်တော် မောင်ကင်းဖြစ်လေသည်။ ရဟန်းဖြစ်သောအခါ ရပ်ရွာဒေသ ငယ်ပေါင်းကြီးဖော်များက ဘုန်းကြီးကင်း၊ ခင်ကြီးကင်းဟု ခေါ်ကြလေသည်။

### ကျောင်းနေပညာသင်ကြားခြင်း

သက်တော် ၉-နှစ်သားအရွယ်တွင် သစ်နီတောကျောင်းတိုက် ဆရာတော် အရှင်ပညာသာမိထံ ရောက်ရှိပညာသင်ကြားတော်မူ၍ သာမဏေအရွယ်တွင် သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ 'ရှင်မုနိန္ဒ' ဖြစ်လေသည်။

### ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် ၁၉-နှစ် ၆-လတွင် "ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မရာဇဂုရု" "ဂုဏမုနိန္ဒာလင်္ကာရ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့ တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၂-ထပ်ရ အမရပူရ ရွှေတောင်ဆရာတော်ဘုရားကြီး အရှင်ဂုဏစာရီ၏ သဒ္ဓိဝိဟာရိက ရွှေတောင်မြို့ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အရှင်ကုမာရကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒဇာတ်ဖြင့် မြတ်သောရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ရွှေတောင်မြို့ မင်းတီ ပဋ္ဌမကျော် အရှင်လင်္ကာဒီပစသည့် မထေရ်မြတ်တို့သည် ကမ္မဝါဆရာဖြစ်တော်မူကြသည်။ ရဟန်းဘွဲ့တော် အရှင်မုနိန္ဒာဘိဓဇဖြစ်လေသည်။ ဥပဇ္ဈာယ်ဆရာတော်က ဆရာတော် လောင်းလျာ၏ ဉာဏ်ရည်ဉာဏ်သွား စွမ်းပကားကို သိပြီးဖြစ်သဖြင့် ဤမျှ မြင့်မားသည့်ဘွဲ့ကို မှည့်ခေါ်ဟန်တူပါသည်။

## အမရပူရမြို့သို့ ကြွရောက်ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် ဥပဇ္ဈာယ်ဆရာတော်ထံတွင် ဆက်လက် ပညာသင်ပြီး အမရပူရမြို့တော်ကို ကြွရောက်၍ မဟာအဘယာရာမတိုက်၊ မဟာဝိဇိတာရာမတိုက်တို့၌ အလှည့်အလည် သီတင်းသုံး၍ သံဃာတော် ၁၂၀၀-ခန့်တို့အား စာပေပို့ချ သာသနာပြုတော်မူသော သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျမ္မောဘိဝံသထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## မန္တလေး မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးပညာသင်ကြားခြင်း

မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျမ္မောဘိဝံသ မဟာထေရ် မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌ ပြောင်းရွှေ့ သီတင်းသုံးတော်မူသောအခါ ရဟန်းတော်အရှင်မုနိန္ဒာ ဘိဓဇသည် အမရပူရမြို့မှ မန္တလေးမြို့တော်သစ် မဟာဝိသုတာရာမတိုက်တော်၌ ရွှေ့ပြောင်း သီတင်းသုံးကာ သာသနာပိုင် မောင်းထောင်ဆရာတော် အရှင်ဥ ယျမ္မောဘိဝံသထံ တိပိဋကကျမ်းဂန်တို့ကို မဟုဿုတ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

ၡင်းပြင် "ဥတ္တမစက္ကိန္ဒဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" မိတ္ထီလာ ဆရာတော်၊ "မဏိဇောတာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ခင်မကန်ဆရာတော်၊ "အရိန္ဒမဂုဏာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ရွှေတိုက်ဝန် ဆရာတော်ထံ၌လည်း သာသနာဘက်ဆိုင်ရာ ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

## ရွှေတောင်မြို့ ပြန်ကြွသီတင်းသုံးခြင်း

မန္တလေးမြို့၌ ကျမ်းဂန်အရပ်ရပ် နှံ့စပ်တတ်မြောက်အောင် သင်ယူပြီးနောက် ရွှေတောင်မြို့သို့ ပြန်ကြွတော်မူ၍ မင်းကြီးမဟာ မင်းလှကျော်ခေါင်နော်ရထာဘွဲ့ခံ ဝန်ကြီးဦးမှုံ ဆောက်လုပ်လှူဒါန်းအပ်သော ကျီးသဲရွာ အရှေ့ဘက်မျက်နှာရှိ လေးထပ်ကျောင်းကြီးကို အလှူခံ၍ ဂန္ထဓုရ၊ ဝါသဓုရ နှစ်ရပ်ကို အပတ်တကုပ်ပြုလုပ် ကျင့်ဆောင်တော်မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုရေးသားခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ ဇိနတ္ထပကာသနီကျမ်း
၂။ သီလဘေဒပကာသနီကျမ်း
၃။ မင်္ဂလတ္ထဒီပနီနိဿယ
၄။ စွယ်စုံကျော်ထင်အဖြေကျမ်း
၅။ ဒိဋ္ဌိဒီပကကျမ်း
၆။ ပဉ္စာဗျာကရဏအဋ္ဌတိသကျမ်း
၇။ နိဗ္ဗာန်လမ်းပြကျမ်း
၈။ ဝိမတိစ္ဆေဒနီကျမ်း
၉။ ကထိန်အမေးအဖြေကျမ်း
၁၀။ အဘိဓမ္မတ္ထသင်္ဂဟနိဿယကျမ်း
၁၁။ ဘိက္ခုဝိဘင်းပါဠိတော်နိဿယသစ်။
၁၂။ ဘိက္ခုနီဝိဘင်းပါဠိတော်နိဿယသစ်။
၁၃။ ဝိနည်းမဟာဝါပါဠိတော်နိဿယသစ်။
၁၄။ စူဠဝါပါဠိတော်နိဿယသစ်။
၁၅။ ပရိဝါပါဠိတော်နိဿယသစ်။
၁၆။ ကဝိသာရဆန်းဋီကာနိဿယသစ်။

၁၇။ သဒ္ဒါကြီးနိဿယသစ်။
၁၈။ ကဗျာသာရတ္ထသင်္ဂဟကျမ်း။
၁၉။ သဒ္ဒနဝိလာသိနီကျမ်း။
၂၀။ လောကနီတိနိဿယ။
၂၁။ သိမ်ကျောက်စာများနှင့်ခေါင်းလောင်းသံပိုင်း။
၂၂။ သံသယဝိသောဓနေကျမ်း။
၂၃။ ဓမ္မဒေသနာတရားစာ။
၂၄။ ကျီးသဲမေတ္တာစာ။
၂၅။ ဆုတောင်း ၁၅- ဂါထာပါဌ်။
၂၆။ မဟာဝင်ဝတ္ထု။
၂၇။ ပုရဏ်နှင့်ဓမ္မဂန်ဖတ်စာ။
၂၈။ မဟာသာရပျို့သစ်။
၂၉။ ဂန္ထဝံသနိဿယ။
၃၀။ မနောရထပူရဏီကျမ်း။
၃၁။ ဆပဥ္စဂီကကျမ်း။
၃၂။ သုပိနာချောယကျမ်း။
၃၃။ ပကိဏ္ဏကနမက္ကာရအစိန္တေယျကျမ်းကြီး။ စသည်တို့ဖြစ်ကုန်၏။

## ဇိနတ္ထပကာသနီကျမ်း

ဖော်ပြပါကျမ်းများအနက် ဇိနတ္ထပကာသနီကျမ်းကြီးမှာ ကျယ်ဝန်းပြည့်စုံသည့် ဗုဒ္ဓဝင်ကျမ်းကြီး ဖြစ်လေသည်။

ဂေါတမမြတ်စွာ ဘုရားဆုပန်ခြင်းမှစ၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် တတိယသံဂါယနာတင်ပြီးအထိ ပါရှိလေသည်။

အပိုင်းပေါင်း ၁၀-ပိုင်း၊ အကြောင်းအရာပေါင်း ၉၈-ခု ပါရှိလေသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ဥပါသကာ၊ ဥပါသိကာမများ ဤတစ်ကျမ်း ကျေကျေညက်ညက် လေ့လာကြည့်ရှုလျှင် လုံလောက်လုမခန်း ဖြစ်လောက်အောင် စေတနာ သဒ္ဓါဗလဝဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

ဆရာတော်သည် ကျမ်းဦး၌ -

**အနန္တကပ္ပသဥ္စိတ-ပါရမိနာ ဇိနဗ္ဘာဝံ။**

**ပတွာ တာရေသိ ဒမ္မကံ၊ သော ပါတု သာသနေ စိရံ။**

ယော ဇိနော၊ အကြင်ငါးမာရ်အောင်တတ် သုံးလူ့နတ်သည်။ အနန္တကပ္ပသဥ္စိတပါရမိနာ၊ ထောင်သောင်းသိန်းနေ အကုဋေတို့ဖြင့် တွက်ရေမသိ ဆုံးမရှိသော ကပ်ကမ္ဘာကာလပတ်လုံး ဖြည့်ကျိုးဆည်းပူး တော်မူအပ်သော ဆယ်ပါး သုံးလီ ပါရမီတော်ကြောင့်။ ဇိနဗ္ဘာဝံ၊ ငါးမာရ်ပယ်ရှား ဘုရားအဖြစ်သို့။ ပတွာ၊ ရောက်တော်မူ၍။ ဒမ္မကံ၊ ဆုံးမထိုက်ရာသတ္တဝါကို။ တာရေသိ၊ မဂ်ဖိုလ် အမြိုက် ထိုက်သင့်ရာရာ တိုက်ကျွေးကာဖြင့် သံသရာယဉ်ဘောင် ဝဲလယ်ကောင် မှ ထုတ်ဆောင်ကယ်ငင် တင်တော်မူလေပြီ။ သော ဇိနော၊ ထိုငါးမာရ်အောင်ပြီး သုံးလူ့ထီးသည်။ သာသနေ၊ ဆုံးမဟောကြား ဘုရားဩဝါဒ သာသနာတော်၌။ ဝါ၊ စတုပါရိသုဒ္ဓိမြဲမြံ ဂန္ထဓုရ, ဝိပဿနာဓုရ, လမ်းမနှစ်ဖြာ သာသနာတော် ၌။ စိရံ၊ အာယုဝဏ္ဏ သုခပဋိဘာန် မြဲမဲ့ရှည်စွာ။ ဌိတတ္ထာယ၊ တည်စေခြင်းငှာ။ မံ၊ အကျွန်ုပ်ကို။ ပါတု၊ တွင်းပနှစ်တန် ရန်မာန်ခွာရှိ အမြဲစောင့်မတော်မူပါစေ သတည်း။

ဟူသော ၁-ဂါထာ ပါဌ်နိဿယဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘ ပြုတော်မူခဲ့ လေသည်။

ရှင်းပြင်-

ဤဂါထာဖြင့် ဂန္ထာရမ္ဘသုံးပါးတို့တွင် အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ကိုပြု၍ ဆရာကြီးဦးရန်ကင်း အမည်ရှိသော ဥပါသကာသည် "မြတ်စွာဘုရား သဗ္ဗညုတ ဉာဏ်ကို ပန်တော်မူသည်မှစ၍ ဘုရားအဖြစ်သို့ ရောက်ပြီးသော် အနုပါဒိသေသ နိဗ္ဗာန်စံတော်မူသည့်တိုင်အောင် ဝေနေယျတို့အကျိုးကို ဆောင်ရွက်တော်မူလျှက် လေးဆယ့်ငါးဝါ တည် တော်မူသောအစဉ်ကို အစဉ်အလျဉ်မှန်ကန်စွာ ကျမ်းဂန် လာအတိုင်း မှတ်သိလိုပါသည့် အကြောင်း"နှင့် တောင်းပန်လျှောက်ထားသည့် အတိုင်း ဗုဒ္ဓဝင်ပါဠိတော်၊ အဋ္ဌကထာ၊ အပါဒါန် ပါဠိတော်၊ အဋ္ဌကထာ၊ ဒီဃ နိကာယ်၊ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တုရနိကာယ်ပါဠိတော်၊ အဋ္ဌကထာ၊ ခုဒ္ဒက နိကာယ်အဝင်ဖြစ်သော ဝိနည်းပါဠိတော် အဋ္ဌကထာ၊ ဓမ္မပဒ၊ သုတ္တန်သံယုတ်၊

ဇာတ်ပါဠိ၊ အဋ္ဌကထာ၊ စရိယပိဋကအဋ္ဌကထာ၊ အနာဂတဝင်၊ မဟာဝင်၊ ဒီပဝင်အဋ္ဌကထာ၊ ဇာတတ္ထာဘိနိဒါန်း၊ တထာဂတုပ္ပတ္တိကျမ်း ထိုထိုကျမ်းတို့၌ဆိုအပ်သော အဆုံးအဖြတ်ကို ညီညွတ် နှိုင်းဆကာ သင့်ရာသင့်ရာ စင်၍ အကျဉ်းမျှပြဆိုပေအံ့ဟူ၍ မှီရာကျမ်းများကို ဖော်ပြ၍ ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း -

၁။ ဒန္တဒမ္ဘက စာရိတ္တေန၊ သုပါသကဂ်သမ္ပုဏ္ဏေန။
**ခန္တိကပါဒိပူရဏေန၊ နိဝေရကေနုပါသကေန။**

၂။ **ပုနပ္ပုနံ အဗ္ဗေသိတော၊ မုနိန္ဒာဘိဓဇေ့နေ။**
**ပါကဋေ ဂဏာဝါစကေ၊ နိဒ္ဒိသေ ဝါစကန္တရေ။**
**ဇိနတ္ထပကာသနီနာမ ပကရဏော၊**
**ဒသမကဏ္ဍော နိဋ္ဌိတော။**

ဒန္တဒမ္ဘကစာရိတ္တေန၊ ဆုံးမခြင်းငှာ ခဲယဉ်းစွာသော ရာဂ၊ ဒေါသ၊ မာန၊ က္လေသာ၊ ဥပါရမ္ဘ စသည်ညစ်ကျုမကောင်းမှုကို ဂရုကတ ဆုံးမပယ်ပစ် ကုံ့မြစ်လေ့ရှိလေသည်ဖြစ်၍ စင်စစ်ယဉ်ကျေးသော ကိုယ်နှုတ်နှလုံးသုံးပါး၏ အကျင့်ရှိထသော။ သုပါသကဂ်သမ္ပုဏ္ဏေန၊ စက္ကာလ, မလ, ပတိကိဋ္ဌ, သုံးဝအင်္ဂါ ကင်းလွတ်ကွာလျှက် သာသနာ၌ သဒ္ဓါပသန္န သီလမြဲဘိ ဒိဋ္ဌိသန့်စင် ကံလျှင်ယုံကြည်သုံးမည့်ရတနာ ဆရာမှတ်ထင် ငါးပါးအင်ကြောင့် လူတွင်အမြတ် သမုတ်အပ်သော ဥပါသက ရတန, ပဒုမ, ပုဏ္ဏရီ, ဂုဏ်သုံးလီဖြင့် စုံညီပြည့်ဖြိုးစွာထသော။ ခန္တိကပါဒိပူရဏေန၊ ကိုယ်နှုတ်ဥစ္စာ ဒဏ်သုံးဖြာဖြင့် ကျူးလာပြစ်မှား သူတပါးကို ရန်စားမလို မျက်ညိုမမာန် မာန်ကိုနှိမ်နင်း သည်းခံခြင်း အစရှိသော ပါရမီသမ္ဘာရကိုလည်း လွန်စွာဆည်းပူးလေ့ရှိထသော။ နိဝေရကေန၊ တွင်းပဘေးဒဏ် ရန်မာန်နှစ်သင်း သူ့ထက်ကင်း၍ ဦးရန်ကင်း အမည်ရှိထသော။ ဥပါသကေန၊ အမြတ်တနိုး ကိုးကွယ်လောက်စွာ ရတနာ၌ လွန်စွာလေးမြတ် ဆည်းကပ်အပ်လေ့ရှိသော ဒါယကာသည်။

ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝါ၊ အကြိမ်ကြိမ်။ အဗ္ဗေသိတော၊ ရှိသေ

လေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ မုနိန္ဒာဘိဓေဝှေန= မုနိန္ဒာဘိဓေ ဟူသော အမည်ဖြင့်။ ပါကဋ္ဌေ၊ ထင်ရှားစွာသော။ ဂဏဝါစကေန၊ ရပ်လေးမျက်နှာမြို့ ရွာက ရောက်လာဝင်နား စာသင်သားတို့အား သင်ကြားပို့ချ နည်းနာပြသည့် ဂဏဝါစကလည်းဖြစ်ထသော။ မယာ၊ ငါသည်။ သာသနောဒယကာရဏံ၊ သာသနာတော်၏ စည်ပင်ပြန့်ပွား ရှည်လျား ထွန်းလင်းအံ့သောအကြောင်းကို။ ဥဒ္ဒိဿ၊ ရည်၍။ ဝါစကန္တ ရေ၊ စာပေပို့ချသောအကြား အားလပ်ခိုက်၌။ နိဋ္ဌိတေ၊ ပါဠိအဋ္ဌကထာ ဋီကာဂန္ထန္တရ အဝဝကို နှိုင်းဆရှုတင် စီရင်ရေးသားအပ်သော။ ဇိနတ္ထပကာသနီ နာမပကရဏော၊ မြတ်စွာဘုရားဖြစ်ကြောင်းလျှားကို ထင် ရှားပြ ကြောင်းဖြစ်၍ “ဇိနတ္ထပကာသနီ” အမည်ရှိသောကျမ်း၌။ ဒသမကဏ္ဍော၊ ဆယ်ခုမြောက်အပိုင်းသည်။ နိဋ္ဌိတော၊ အပြီးသို့ရောက်ပြီဟူသော ၂-ဂါထာ ပါဌ်နိဂုံးအပ်တော်မူခဲ့လေသည်။

ယင်း ဇိနတ္ထပကာသနီကျမ်းကြီးကို အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၃၃၈-ခုနှစ် ရန်ကုန်မြို့ ကျော်ဝင်းဆွေပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက်ဖြင့် ၈၆၀-မျက်နှာရှိ၍ ၁၃၄၃-ခုနှစ် ကမ္ဘာအေးပုံနှိပ်တိုက်ရိုက် ဆဋ္ဌသံဂါယနာ ပိဋကတ်တော်တိုက်ကြီးဖြင့် ၅၇၂-မျက်နှာ ရှိလေသည်။

**ဇိနတ္ထပကာသနီ နာမ၊ သောဘနာ သာဓုပတ္ထိတာ။**
**ရစိတာ ကျီးသဲထေရေန၊ မုနိန္ဒော ယတိကေတုနာ။**

## စွယ်စုံကျော်ထင်အဖြေကျမ်း

ကျီးကန်(ကြည့်ကန်)ရှင်ကြီး ပြုစီရင်ခဲ့သည့် သတ်ပုံလည်းရ၊ သိပ္ပကုံလုံ နှစ်ချက်စုံသည့် စွယ်စုံကျော်ထင် ပုစ္ဆာများ၏အဖြေကိုလည်း အရှင်ကလျာဏ ဓဇမည်သော တောကျောင်းနေရဟန်းတော်နှင့် ပဥ္စာလမည်သောပုဂ္ဂိုလ် စသည် တို့ တောင်းပန်သဖြင့် လောကီ၊ လောကုတ္တရာ ကျမ်းစာစုံချဉ်း၍လည်းကောင်း ကြည့်ရှုလေ့လာ မိမိ၏ တိက္ခဂမ္ဘီရဉာဏ်ကိုအသုံးပြု၍ သက္ကရာဇ် ၁၂၂၇-ခုနှစ် သီတင်းကျွတ်လပြည့် ကျော် ၈-ရက်နေ့က အပြီးသတ်ပြုစု ဖြေဆိုစီရင်တော်မူ ခဲ့လေသည်။

ပြည်မြို့ ဇီးအုပ်ဆရာတော် အရှင်လက်ာသာရထေရ် ဖြေဆိုခဲ့သည့်

အဖြေပေါင်း ၃၀၀-ကို ထပ်ဖြည့်ဖြေဆိုဟု ဆိုကြသည်။

ကျီးသဲဆရာတော် အရှင်မုနိန္ဒာဘိဓဇသည် ကျမ်းဦး၌ -

၁။ ဝိဒ္ဒသူဟိဓ ပုစ္ဆိတေ၊ နာနာပဉ္စေ ဝိဘာဝိတံ။
ကဝိန္ဒဂ္ဂံ နမဿိယ၊ စွယ်စုံကျော်ထင် ဝိဿဇ္ဇတေ။

၂။ နာနာနယတ္ထသမ္ပုဏ္ဏော၊ သာဂရောယံဝ ဂမ္ဘီရော။
ပဏ္ဍိတာနံ မနောဟရော၊ ဟိတာဝဟော သုတေသာနံ။

၃။ ဝိဇဋံ့ တဿထာပုဏ္ဏာ၊ ကတာစေရာပိ သေသာ။
တံ တသ္မာ တွံ ဝိဿဇ္ဇေဟိ၊ ပရမ္ပရာန ဆေကတ္ထံ။

၄။ ကလျာဏဓဇတ္ထေရဿ၊ ပဥ္စာလဿ စ အဉ္ဇေသံ။
အဇ္ဈေသနံနုဿ ရန္ထော၊ နဝုတ္တရံ ရဘိဿာမိ။

၅။ ယုတ္တာဂ္ဂယှ ပုရာသဂ္ဂံ၊ အယုတ္တံ သောဓယိတွာန။
သေသကဥ္စ ဝိဿဇ္ဇန္တော၊ ဝေယျာကရဏောတိ ဝေါဟာရန္တိ။

(၁) အဟံ၊ မုနိန္ဒာဘိဓဇ နာမသမုတ်အကျွန်ုပ်သည်။ ဣဓ၊ ဤစကြာဝဠာလောကဓာတ်၌။ ဝိဒ္ဒသူဟိ၊ ပညာရှိဟူ တံခွန်ထူကုန်သော လူနတ်ဖြဟ္မာမဟာကဝိန်သုခမိန်တို့သည်။ ပုစ္ဆိတေ၊ မေးလျှောက်စုံစမ်း ထောက်လှမ်းအပ်ကုန်သော။ နာနာပဉ္စေ၊ အထူးထူးသော လျှို့ဝှက်ခဲကပ် တုံ့ဆတ်ခက်စွာ ပြဿနာတို့ကို။ ဝိဘာဝိတံ၊ လက်ငင်းမကြာ ထင်စွာပြချ ဖြေတော်မူတတ်ထသော။ ကဝိန္ဒဂ္ဂံ၊ ကဝိတကာတို့၏အရှင် ဘုရင်တမွတ် အထွတ်ထိပ်ဖူး ဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမဿိယ= ညွတ်ခကြည်သာ ရှိခိုးပါ၏။ နမဿိယ၊ ညွတ်ခကြည်နူး ရှိခိုးဦး၍။ စွယ်စုံကျော်ထင်၊ လောကဓမ္မ သိပ္ပကုံလုံ ဉာဏ်စွယ်စုံဖြစ်စေခြင်းငှာ ကြည့်ကန်ရွာမှ သာမဏေကျော်နန္ဒဓဇသည် ကုံးသီရေးဟု အမေးပြုခဲ့သော စွယ်စုံကျော်ထင် အမည်ရှိသောပုစ္ဆာကျမ်းကို။ ဝိဿဇ္ဇတေ၊ ဖြေလိုက်အံ့။

(၂)။ အယံဂန္ထော၊ ဤပုစ္ဆာကျမ်းသည်။ နာနာနယတ္ထသမ္ပုဏ္ဏော၊ အထူးထူးသော လောကီလောကုတ္တရာ လမ်းနှစ်ဖြာ၌ ပညာကြီးဖွယ် လွန်ဆန်းကြယ်သော အတ္ထနယတို့နှင့်လည်း ပြည့်စုံ၏။ ဝါ= အထူးထူးသောနည်း အထူးထူး

သော အနက်အဓိပ္ပါယ်တို့နှင့်လည်း ပြည့်စုံ၏။ သာဂရောက္က၀၊ ရတနာခုနှစ်သွယ် အံ့ဖွယ်ရှစ်မည် ဂုဏ်ပေါင်းတည်သော လေးမည်သာဂရ ပင်လယ်မကဲ့သို့။ ဂမ္ဘီရော၊ နက်နဲကျယ်ဝန်း၏။ ပဏ္ဍိတာနံ၊ ပညာရှိတကာတို့၏။ မနောဟရော၊ စိတ်နှလုံးကို ယူကျုံး၍ကြက်ဆောင်တတ်၏။ ဝါ၊ လည်ဝယ်မပြတ် ဆင်ဆောင်အပ်သော နဝရတ်အမျက် စီယှက်ခြယ်လှယ် ပုလဲသွယ်ကဲ့သို့ နှုတ်ဝယ်မပြတ် ဆင်ဆောင်အပ်သော လူနတ်တန်းဆာလည်းဖြစ်၏။ သုတေသာနံ၊ သုတ ပညာ အလိမ္မာကို ဖွေရှာတောင့်တကုန်သောသူတို့၏။ ဟိတာဝဟော၊ ပညာစည်ကား ကျော်ထင်ရှားသော စီးပွားချမ်းသာကိုလည်း ဆောင်တတ်၏။

(၃)။ အထ၊ ယင်းသို့သောဂုဏ်နှင့်ပြည့်စုံပါလျှက်။ တဿ၊ ထိုပုဒ္ဒာ ကျမ်း၏။ ဝိဇ္ဇနံ၊ အဖြေသည်။ ဝါ၊ ဖြေရာဖြေကြောင်းကျမ်းသည်။ အပုဏ္ဏာ၊ ပြည့်စုံစွာမရှိ။ အာစေရာ၊ ရှေးဆရာတို့သည်။ ကတာပိ၊ ဖြေဆိုသမှု ရေးပြုပါ သော်လည်း။ အပုဏ္ဏာ၊ မပြည့်စုံ။ သေသာဝ၊ သိခက်ခဲရာ ပုဒ္ဒာကိုကား ကျော်ခုန် လွှားသောကြောင့် အများကြွင်းကျန်ရစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အပိ၊ ကြွင်းရုံသာမဟုတ်။ အနိဋ္ဌေ၊ ရှေ့နောက်စီလျဉ် အစဉ်မမှန် ကာရန်မရှု ရကစု ရေးသားခြင်း မသင့်သည်ကို ဖြေဆိုမိခြင်း ထပ်ကာဖန်များ ရေးသားမိခြင်းကို သန့်ရှင်း၍မပြီးမီ။ ကာလက်တတ္တာ၊ ဆရာလွန်လေသောကြောင့်။ အကုလာစ၊ နှောင့်ယှက်ရောပြွမ်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ ဂန္ထံ၊ ထိုပုဒ္ဒာကျမ်းကို။ ပရမ္ပရာနံ၊ အဆက်ဆက်သောသူတို့၏။ ဆေကတ္ထံ၊ မေးစု ဖြေရာ လမ်းနှစ်ဖြာ၌ လိမ္မာစေခြင်းအကျိုးငှာ။ ဝါ၊ လောကီလောကုတ် သမုဒ်ပြ ဌာန်း အကျမ်းကျမ်း၌ ကူးသန်းလျှင်မြန် ဉာဏ်လိမ္မာစေခြင်းအကျိုးငှာ။ တွံ၊ အရှင်ဘုရားသည်။ ဝိဿဇ္ဇေဟိ၊ ဖြေတော်မူပါလော့။

(၄-၅)။ ဣတိ ဤသို့။ ကလျာဏဇေတ္ထေရဿ၊ ကလျာဏဇေ နာမ ဖော်ထင် အရှည်ဝါသီ ထေရ်မြတ်၏လည်းကောင်း။ ပဥ္စာလဿ စ၊ ပဥ္စာလဟု နာမခေါ်ဆို ပုဂ္ဂိုလ်သူမြတ်၏လည်းကောင်း။ အညေသဥ္စ၊ ဤမှတပါး ရဟန်း ရှင်လူတို့၏လည်းကောင်း။ အဇ္ဈေသနံ၊ တောင်းပန်ခြင်းကို။ အနုဿရန္တော၊ အဖန်ဖန်အောက်မေ့လျှက်။ ယုတ္တဂယှပုရာသဖ္ဖုံ၊ ရှေးအဖြေစာ သင့်တင့်ရာကို

ကောင်းစွာယူငင်၍။ သေသကဋ္ဌ၊ သက်သက်မဖြေ ကြွင်းလေသမျှကိုလည်း။ ဝိသဇ္ဇန္တော၊ ဖြေသင့်လျှက်။ ဝေယျာကရဏောတိ ဝေါဟာရံ= အမေးအဖြေ စဉ်ကာနေ၍ ဝေယျာကရဏအင်္ဂါ ညီညွတ်စွာသောကြောင့် ဝေယျာကရုဏ်း ဟူ၍ ခေါ်ဝေါ်အပ်သော။ နဝုတ္တရံ၊ အသစ်ဖြစ်သော အဖြေကျမ်းကို။ အာရ ဘိဿာမိ၊ အားထုတ်ပေအံ့။ ဣတိ၊ ဤသည်လျှင်။ ဂန္ထာရမ္ဘ ပဏာမ, ပဋိညာဉ်, ဥယျောဇဉ်, ကရဏပွကာရကို ပြဆိုအပ်သောစကားရပ် အပြီးသတ်တည်း။

ဟူသော ၅- ဂါထာပါဌ်နိဿယဖြင့် ပဏာမ, အဘိယာစက, ပဋိညာဉ်, စသည်တို့ကို ပြည့်စုံစွာဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။

ကျမ်းစာ၏အဆုံး၌လည်း -

**စတုစက္က သမ္ပုဏ္ဏာဿ၊ ကဋ္ဌနာဂိရိနပြဿ။**
**စက္ကဋ္ဌေ တိလကဘူတော၊ ကျီးသဲက္ကတျာဘိ သမ္ဘတော။**

မဟာနိဂမေ ဇာတတ္တာ စ တဿ ပါစိနဘာဂမိဇေဋ္ဌေ သာသနဒ္ဓ ရာယ ပုတ္တာဒါရာနံ မဟာမစ္စေန ကာရာပိတေ စတုဘုမ္မိကာ ဝါသေ ပဋ္ဌမံ ဝသိတတ္တာ စ ကျီးသဲလေးထပ်တိ အာချာတေန စက္ကသန္ဓရာ စေရာနံ ဝံသာလင်္ကာရဘူတေန သဒ္ဓမ္မာဘိရမန္တေန သီလာဒိဂုဏယုတ္တေန ဝေပုလ္လပညာဝေယျတ္တိကေန တိပိဋ္ဌက ဝေဒတ္တာယ ဗဟုဿုတ ဂုဏောဟိ ဝိဿုတေန ဂဏဝါစကေန မုနိန္ဒာဘိဓေ ဿညိနာ မယာ ဥတ္တရတိတ္ထံ နာမ ဇနပဒမုပနိဿာယ နဝဝိဟာရဂဗ္ဘံ ကာရယန္တေ ဝသန္တော မင်္ဂလတ္ထဒီပနိယာ အတ္ထံ ရစိတွာ အစိရံဝ သဖြဟ္မ စာရီနံ အာယာစနဋ္ဌ ပရာနုကမ္ပာယ စောဒိတဋ္ဌ ဥပါဒါယ ဝိဿဇ္ဇ ကာမဝိဒူနံ မုခမဏ္ဍနာယိမံ ဂန္ထံ ဝိဿဇ္ဇေ။ သယံ လိက္ခေ။ ဂန္ထောယံ ဝေယျာကရဏောတိ သမ္ဘတော။ သောစ ဆိဒြာကာသသိန္ဓုပသေ ဇိနစက္ကေ က္ကသိ ကြဏ္ဏာ စမ္ပူရူပေ ဂေါစေ ဝသော ဇနမာသပက္ခာဟန္ဒဒိနဘူတေ အဿ ယုဇဇုဏ္ဏ အဋ္ဌမီ ဇိဝ ဒိနေ နိဋ္ဌင်္ဂတော။

**¯ သုခါဝဟော အဟုရိဝ၊ မဟာမေဃော ခိလံ ဇနံ။**
**ဘူခိလေယံ သုတေသာနံ၊ သီယံ ဟောတ ဆန္ဒဒ္ဓရော။**

ဟူသော ပါဋ္ဌိဂါထာ၊ စုဏ္ဏိယ၊ ဂါထာပါဌ်။ ယင်းပါဋ္ဌိဂါထာ၊ စုဏ္ဏိယ၊ ဂါထာပါဋ္ဌိ

နိဿယတို့ဖြင့် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

(ကျမ်းလေးအုံစိုး၍ နိဿယ ချန်လှပ်လိုက်ပါသည်။)

ယင်းကျမ်းကြီးကို အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ပဌမတွဲ၊ ဒုတိယတွဲ ၂-တွဲရှိရာ ရွှင်ဆိုက်ဖြင့် ပဌမတွဲ၊ စာမျက်နှာ ၄၄၀-ကျော်။ ဒုတိယတွဲ၊ စာမျက်နှာ ၄၅၀-ကျော်ရှိလေသည်။

စွယ်စုံကျော်ထင် ဝိသဇ္ဇနာ၊ ဂန္ထောပိ ဂန္ထိကော သုဘော။
ထေရေဟိ သုမုနိန္ဒာ-ဘိဓေဇနေ သုဝိညုနာ။

## ပဥ္စာဗျာကရဏအဋ္ဌကထာသကျမ်း

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒာဘိဓဇသည် ပေါင်းတည်မြို့မှ ရဟန်းတော် အရှင်သုမန မေးမြန်းသည့်ပုစ္ဆာ ၃၈-ချက်တို့ကို ဖြေဆိုရာ ပဥ္စာဗျာကရဏ အဋ္ဌကထာသကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌ -

၁။ ဝိဒ္ဒသူဟိမ ပုစ္ဆိတော၊ နာနာပဥှေ ဝိဘာဝိတံ။
ကဝိန္ဒဂ္ဂံ ဘိဝန္ဒိယ၊ အဋ္ဌကထံ ဝိသဇ္ဇတော။

၂။ ပေါင်းတည်ဝှယေ ဇနပ္ပဒေ၊ သာသနဒ္ဓရစေရာနံ။
ဝံသာလင်္ကာရဘူတိကော၊ သီလာဒိ ဂုဏသမ္ပန္နော။

၃။ ဝေယျတ္တပဋိဘာဏကော၊ သုမနော နာမ ယော ထေရော။
သဇ္ဇနေဟိဘိမာနိတော၊ သော အပုစ္ဆိ ကမေပဥှေ။

၄။ နိပုဏော ဒုရနုဗောဓေ၊ ကောသလ္လဉာဏဂေါစရေ။
တိပေဋကနယောဂါဠှေ၊ အန္တရံ တေ လဗ္ဘနတော။

၅။ နာရဗ္ဘာမိ ဝိသဇ္ဇိတုံ၊ သုတေသာဟိထ သာဓူဟိ။
တဿတ္တံ အဘိယာစိတော၊ လိက္ခေမိ ပဥ္စဗျာကရဏံ။

ဟူသော ၅-ဂါထာပါ၌၊ ယင်း ၅-ဂါထာပါ၌နိဿယတို့ဖြင့် ပဏာမ၊ အဘိယာစက၊ ပဋိညာဉ် စသည်ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ဆရာတော်သည် စွယ်စုံကျော်ထင်အဖြေကျမ်း ဂန္ထာရမ္ဘ၌လည်း “ဝိဒ္ဒ သူဟိမ ပုဏ္ဏိတေ” စသည့်ဂါထာများဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ ဤကျမ်း၌လည်း “ဝိဒ္ဒသူဟိမ ပုဏ္ဏိတေ” စသောဂါထာများဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။

ယင်းသို့ပြုခြင်းမှာ အရှင်မဟာဗုဒ္ဓဃောသ၏ ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ အဋ္ဌကထာကြီးများ၌ “ကရုဏာသီတလဟဒယံ” စသောဂါထာဖြင့် ဂန္ထာရမ္ဘပြုသောထုံး, အရှင်ဓမ္မပါလထေရ်၏ “မဟာကာရုဏိကံ နာထံ” စသောဂါထာဖြင့် နေတ္တိအဋ္ဌကထာ ဥဒါန်းအဋ္ဌကထာ၊ ဝိမာနဝတ္ထုအဋ္ဌကထာ၊ ပေတဝတ္ထုအဋ္ဌကထာ စသည်တို့၌ ဂန္ထာရမ္ဘ ပြုသောထုံး ဖြစ်ပေသည်။

ပုဂံပြည် အရှင်သဒ္ဓမ္မဇောတိပါလ၏ သင်္ခေပဝဏ္ဏနာ၊ သီမာလင်္ကာရ နိဒ္ဒေသကျမ်းတို့၌ “တိကာ္ခနတ္တုန်ပတ္တလင်္ကာယော” စသောဂါထာဖြင့် ဂန္ထာရမ္ဘ ပြုသောထုံးကို နှလုံးမူ၍ ပြုတော်မူခြင်းဖြစ်လေသည်။ ကျမ်း၏အဆုံး၌ သက္ကရာဇ် ၁၂၃၆-ခုနှစ် တော်သလင်းလပြည့်ကျော် ၉-ရက်၊ တနင်္ဂနွေနေ့နံနက် ဆွမ်းခံဝင်ချိန်တွင် ရေးကူး၍ ပြီးအောင်မြင်သည် ဤစာပြီးလစ် သက္ကရာဇ်ဟု ပါရှိလေသည်။

ယင်းကျမ်းကို ၁၃၄၄-ခုနှစ်တွင် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၁၂၈-မျက်နှာ ရှိလေသည်။

## ကထိန်အမေးအဖြေ

ကထိန်အမေးအဖြေကျမ်းကို အုတ်ဖိုမြို့၌ သီတင်းသုံးစဉ် ၁၂၁၆-ခုနှစ်က ပြုစီရင်တော်မူခဲ့သည်။ ရှိုင်ဆိုက်စာမျက်နှာဖြင့် ၈-မျက်နှာရှိလေသည်။

## သံသယဝိနောဒနီကျမ်း

သံသယဝိနောဒနီကျမ်းမှာ အနယ်နယ်အစိုစို အမြို့မြို့အရွာရွာမှ မေးအပ်သမျှတို့ကို သံသယကင်းပျောက်အောင် ဖြေဆိုသည့် ကျမ်းစာဖြစ်လေသည်။ ဆရာတော်သည် ကရုဏာ လွန်စွာကြီးမားတော်မူသည်။ ခန္ဓာကို မအီမသာ ရှိလျှက်လည်း စာပေရေးသား ဖြေဆိုတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၁၆-

ခုနှစ်၊ တန်ဆောင်မုန်းလတွင် အုတ်ဖို မြို့မှ ကျောင်းဒကာမောင်ကင်း မေး လျှောက်သဖြင့် သေရည်သေရက် သောက်လျှင် ကမ္မပထမြောက်သင့် မမြောက် သင့်အဖြေကို ခန္ဓာကိုယ် မအီသာကျန်းတောမရှိပဲ ရေးသားရကြောင်းကို-

၁။ ပထဝီ ပရိဝတ္တေတွာ၊ ပထဝေါဇမစုဒ္ဓရာ။
သတေန ဒုက္ကရံ က္လဒံ၊ စိန္တိကပ္ပံ ပုနပ္ပုနံ။

၂။ ဝိဇ္ဇမာနေပိ ရောဂမှိ၊ တံနပေက္ခံ ဝယံ ကတံ။
သန္တာနံ သမယဇ္ဈယာ၊ ပတ္တဋ္ဌာခိလသာသနေ။

၃။ အဏ္ဏဝေသိတ္တာ တေလံဝ၊ တံ နိဏ္ဏယံသု နိဋ္ဌိတံ။
လက္ခံ တက္ကာရယေ ဝသော၊ သရဒေ စာတုဒ္ဒသိယာ။

ဟူသော ၃- ဂါထာပါဌ်၊ ယင်း ၃- ဂါထာပါဌ်နိသျှယဖြင့် ဖော်ပြတော်မူ ခဲ့လေသည်။ ဆရာတော်သည် ဆရာတော်ဦးဗုဓ် ခုဒ္ဒသိက္ခာ နိသျှယရေးသည် နှင့်တူလေသည်။

ယင်းသံသယဝိသောဓနေကျမ်းသည် ရှိုင်ဆိုက်စာမျက်နှာ ၁၅၂-ရှိလေ သည်။

**သံသယသောဓနံ နာမ၊ ဂန္ထမ္ပိ ဂန္ထကောဝိဒေါ။**
**ဂန္ထေတွာ သော နိဋ္ဌပေသိ၊ ဂန္ထေသု လဂ္ဂမာနသော။**

■ ■ ■

## လောကနီတိနိသျှယ

ပင်းယခေတ်က ကျော်စောသော အဘိဓာန်ဋီကာစသည့် ကျမ်းဂန် အရပ်ရပ်တို့ကို ပြုစီရင်ခဲ့သော စတုရင်္ဂဗလအမတ်ကြီးသည် ဇာတ်ပါဠိတော် စသည်နှင့် သက္ကဋနီတိများဖြစ်သော ဟိတောပဒေသ၊ စာဏကျနီတိ၊ ပဉ္စကန္တြ၊ ဝသျှရ တို့ကို မှီငြမ်းပြု၍ လောကနီတိပါဌ်ကို ပြုစီရင်တော်မူခဲ့လေသည်။

ယင်းလောကနီတိပါဠ်ကို "စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဇေမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ကျမ်းပေါင်း ၅၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့လေသည့် ဆရာတော်ဦးဗုဓ်သည် နိဿယရေးတော်မူခဲ့လေသည်။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒာဘိဓဇသည် လိုနေသည်များကို ဖြည့်စွက်ကာ ထပ်မံ၍ လောကနီတိနိဿယကို ရေးသားစီရင်တော်မူခဲ့လေသည်ဟုဆိုသည်။ သို့ရာတွင် ဆရာတော် ဦးဗုဓ်၏ လောကနီတိ နိဿယမှာ ၁၆၇-ဂါထာ ရှိလေသည်။

ကျီးသဲဆရာတော်၏ လောကနီတိမှာ ၁၆၅-ဂါထာရှိလေသည်။ ယင်းနိဿယမှာ ရှိုင်ဆိုက်ဖြင့် ၄၅-မျက်နှာ ရှိလေသည်။

■■■

## သိမ်ကျောက်စာနှင့် ခေါင်းလောင်းသံပိုင်း

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် မိမိပါဝင်သမုတ်ခဲ့သည့် သိမ်အချို့တို့၏ သိမ်အောင်စာများကို ကျောက်စာထွင်းထု ရေးသားတော်မူခဲ့လေသည်။ ခေါင်းလောင်းသံပိုင်းကို မော်ကွန်းကဗျာပုံစံဖြင့် အကြောင်းအရာပြည့်စုံစွာ စီရင်တော်မူခဲ့လေသည်။ ၎င်းတို့ကို သာသနာရေးဦးစီးဌာနက ကထိန်အမေးအဖြေကျမ်း၊ ပဥ္စာဗျာကရဏ အဋ္ဌတိံသကျမ်း၊ သံသယဝိသောဓနကျမ်း၊ လောကနီတိကျမ်း၊ သိမ်ကျောက်စာများနှင့် ခေါင်းလောင်းသံပိုင်း ယင်း ၅-ကျမ်းကို ၁၃၄၄-ခုနှစ် တပေါင်းတည်း ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

■■■

## ကျီးသဲမေတ္တာစာ

ကျီးသဲမေတ္တာစာမှာ ကျီးသဲဆရာတော်ဘုရားကြီးက ပုဂ္ဂိုလ်အမျိုးမျိုးထံပေးသည့် မေတ္တာစာများနှင့် အခြားမေတ္တာစာ အနည်းငယ်တို့ကို စာအုပ်အဖြစ်စီစဉ်ထားသည့် ကျမ်းစာဖြစ်လေသည်။

ယင်းကျီးသဲမေတ္တာစာ၌

(၁) ကျီးသဲဆရာတော်က စလေဦးပုညထံပေးသည့် မေတ္တာစာ။
(၂) ရွှေတောင်မြို့အုပ်ထံပေးသည့် မေတ္တာစာ။
(၃) ကျီးသဲဆရာတော်က ကျောင်းဒကာမောင်ညှင်းထံပေးသည့် မေတ္တာစာ။
(၄) ကျီးသဲဆရာတော်က မြို့ဝန်ထံပေးသည့် မေတ္တာစာ။
(၅) ဟင်္သာတမြို့စစ်ကဲက မော်လမြိုင်အခွန်ဝန်ထံပေးသည့် မေတ္တာစာ။
(၆) ဟင်္သာတမြို့စစ်ကဲက မော်လမြိုင်မြို့ အခွန်ဝန်ထံပေးသည့် မေတ္တာစာ။
(၇) သားရဟန်းက မိဘဆွေမျိုးထံပေးသည့် မေတ္တာစာ။
(၈) ကျီးသဲဆရာတော်က အောက်မြန်မာနိုင်ငံ မြို့ဝန်မင်းထံပေးသည့် မေတ္တာစာ။
(၉) ကျီးသဲဆရာတော်က အုတ်ဖိုမြို့အုပ်ကတော်ကြီးထံပေးသည့် မေတ္တာစာ။
(၁၀) ကျီးသဲဆရာတော်က တပ်မှူးမင်းထံ ပေးသည့်မေတ္တာစာ။
(၁၁) ကျီးသဲဆရာတော်က တပည့်မောင်တူထံ ပေးသည့်မေတ္တာစာ။
(၁၂) အုတ်ဖိုမြို့နေ ဦးဝင်းက မန္တလေးမြို့ ဦးဆိုင်ထံပေးသည့် မေတ္တာစာ။
(၁၃) အုတ်ဖိုမြို့နေဦးဝင်းက မန္တလေးမြို့ ဦးဆိုင်ထံ ပေးသည့်မေတ္တာစာ။
(၁၄) ပြည်မြို့နေမောင်မှော်က မန္တလေးမြို့ ပွဲစား ဦးရောက်ထံပေးသည့် မေတ္တာစာ။
(၁၅) တပည့်ဦးသာဂရက ဆရာထံပေးသည့် မေတ္တာစာ။
(၁၆) ကျီးသဲဆရာတော်က ရွှေတောင်မြို့အုပ်ထံပေးသည့် မေတ္တာစာ။
(၁၇) သားဦးပဋ္ဌင်းက မိဘထံပေးသည့် မေတ္တာစာ။
(၁၈) လင်ကမယားထံပေးသည့်မေတ္တာစာ။ သမီးမဘွားက အမိစစ်ကဲ ကတော်ကြီးထံပေးသည့် မေတ္တာစာ။
(၁၉) ရဟန်းတော် ဦးကောသလ္လက ကျောင်းတကာကိုထူထံ ပေးသည့် မေတ္တာစာ။
(၂၀) ရဟန်းတော်ဦးကောသလ္လက ကျောင်းတကာထံပေးသည့် မေတ္တာစာ။
(၂၁) ကျီးသဲဆရာတော်က တပည့်ဦးနန္ဒထံ ပေးသည့်မေတ္တာစာ။
(၂၂) ရေဝန်ဆရာတော်ကြီးမေတ္တာစာတို့ ပါရှိလေသည်။ မြန်မာစာရေးရာ၌ အထောက်အကူပြုသည့် စာများဖြစ်လေသည်။

■■■

## မဟာဝံသဝတ္ထု

မဟာဝံသကျမ်းကို သီဟိုဠ်ကျွန်း၌ မင်းစဉ်မင်းဆက်များ ပြုလုပ်ခဲ့သည့် တိုင်းရေးပြည်ရာ သာသနာ့ရေးရာတို့ကို ဖော်ပြရာပါဠိဂါထာဖြင့် ပြုစီရင်ခဲ့လေသည်။

မဟာဝံသကျမ်းကြီးရှိခဲ့လေသည်။ ယင်းကျမ်းကြီး အပြည့်အစုံဆိုလျှင် ဂါထာပေါင်း တစ်သောင်းကျော် ရှိလေသည်။ ယင်းကျမ်းကြီးကို အရှင်မဟာနာမထေရ်၊ အရှင်ဓမ္မကိတ္တိထေရ်၊ အရှင်ရာဇဂုရုဓမ္မကိတ္တိထေရ်၊ အရှင်သိဒ္ဓတ္ထ ဗုဒ္ဓရက္ခိတ၊ အရှင်ပညာနန္ဒထေရ်တို့ ဆက်ကာဆက်ကာ ရေးသားစီရင်တော်မူခဲ့ကြလေသည်။

ကျီးသဲဆရာတော်သည် အရှင်မဟာနာမထေရ် ပြုစီရင်ခဲ့သည့်အပိုင်း၊ သီဟိုဠ်ကျွန်းတည်သည်မှ မဟာသေနမင်း ရာဇဝင်တိုင်အောင် ပါရှိသည့်ဂါထာများကို မြန်မာပြန်ဆို၍ မဟာဝင်ဝတ္ထုတော်ကြီး အမည်ဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

သီဟိုဠ်မဟာဝံသပါဠ်ကျမ်းဦး၌ -

၁။ နမဿိတွာန သမ္ဗုဒ္ဓံ၊ သုသုဒ္ဓံ သုဒ္ဓဝံသဇံ။<br>မဟာဝံသံ ပဝက္ခာမိ၊ နာနာနူနာဓိကာရိကံ။

၂။ ပေါရာဏေဟိ ကတောပေသော၊ အတိဝိတ္ထာရိတော ကွစိ။<br>အတီဝ ကွစိ သံခိတ္တော၊ အနေကပုနရုတ္တကော။

၃။ ဝဇ္ဇိတံ တေဟိ ဒေါသေဟိ၊ သုခဂ္ဂဟဏဓာရဏံ။<br>ပသာဒသံဝေဂကရံ၊ သုတိတော စ ဥပါဂတံ။

၄။ ပသာဒဇနကေ ဌာနေ၊ ကထာသံဝေဂကာရကေ။<br>ဇနယန္တော ပသာဒဥ္စ၊ သံဝေဂဥ္စ သုဏာထ တံ။

ဟူသော ၄- ဂါထာဖြင့် ပဏာမ၊ ပဋိညာဉ်၊ ပကရဏဟေတု၊ ဥယျောဇဉ်တို့ကို

ဖော်ပြတော်မူခဲ့လေသည်။

ဆရာတော်အရှင်မုနိန္ဒာဘိဓဇသည် ကျမ်းဦး၌ -

၁။ မဟာဝံသံ မဟာဉာဏံ၊ မဟိဒ္ဓိကံ မဟိဿရံ။
မဟာမုနိံ ဘိဝန္ဒိတွာ၊ မဟာဝံသဿ အတ္ထကံ။

၂။ ပေါရာဏာပိ ကတာ တဿ၊ အဝိသဒ္ဒေန ဘာသတော။
ကမံ မရမ္မဘာသာယ၊ ဒုက္ကရာဝ သုလက္ခိတုံ။

၃။ တသ္မာ တံ တွံ သံလိဝါဟိ၊ ပါဋိက္ကမံ သုနိဿယ။
ပိတုဋ္ဌာနသစီဝဿာ-နုဿရန္တော ဘိယာစနံ။

၄။ အာသယာ စ မေ စောဒိတံ၊ လိခိဿာမိ ကထာမဂ္ဂံ။
မဟာဝံသဿ ဂန္ထဿ၊ တဋ္ဋီကာဟိ စ သန္ဓနံ။

(၁) အဟံ၊ မုနိန္ဒာဘိဓဇနာမသမုတ်အကျွန်ုပ်သည်။ မဟာဝံသံ၊ မနု သမ္မတ အမွန်စသော အသမ္ဘိန္နအာဒိစ္စဝင် မင်းစဉ်မပြတ် နွယ်တော်မြတ်၌ ဖြစ် တော်မူထသော။ မဟာဉာဏံ၊ ကောင်းကင်မြေလွှာမြူပမာသို့ တူရမရများ မြတ် လှသော ဉာဏ်လည်းရှိတော်မူထသော။ မဟိဒ္ဓိကံ၊ အံ့ချီးဖွယ်ကြီးကျယ် လွန် မြတ်တော်မူထသော။ မဟိဿရံ၊ သုံးဆယ့်တစ်ထပ် ဘဝရပ်လုံး ခညွတ်ကျူး သော များသောအစိုးရခြင်းလည်းရှိထသော။ မဟာမုနိံ၊ မုနိငါးပါးတို့ ထက်မြတ် တော်မူထသော မြတ်စွာဘုရားကို။ အဘိဝန္ဒာမိ၊ အလွန်ရိုကျိုး ရှိခိုးပါ၏။ အဘိ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ မဟာဝံသဿ၊ မဟာဝင်ကျမ်း၏။ အတ္ထကံ၊ မြန်မာ့ ဝေါဟာ ဘာသာသတ်သတ် အနက်စဉ်ကို။ လိခိဿာမိ၊ ရေးစီလိုက်အံ့။

(၂)။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ တဿ၊ ထိုမဟာဝင်ကျမ်း၏။ ကမံ၊ အနက်စဉ်ကို။ မရမ္မဘာသာယ၊ မြန်မာတိုင်းရင်းသူတို့၏ ဘာသာဖြင့်။ ကတာပိ၊ ရေးပြုကြကုန်သော်လည်း။ အဝိသဒ္ဒေန၊ မသန့်ရှင်းသောစကားဖြင့်။ ဝါ၊ မပြေပြစ်သောအားဖြင့်။ ဘာသတော၊ ဆိုလေသောကြောင့်။ သုဇနာ၊ မှတ်သားလိုကုန်သော သူတော်ကောင်းတို့သည်။ သုလက္ခိတုံ၊ ကောင်းစွာ မှတ်ယူခြင်းငှာ။ ဒုက္ကရာဝ၊ ခဲယဉ်းကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၃-၄)။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုမဟာဝင်စကားအစဉ်ကို။ တွံ၊ အရှင်ဘုရားသည်။ ပါဠိက္ကမံ၊ ပါဠိ၌လာသောအစဉ်ကို။ သုနိဿာယ၊ ကောင်းစွာမှီပြု၍။ သံလိဝါဟိ၊ ရေးစီရင်ပါလော့။ ဣတိ၊ ဤသို့။ ပိတုဋ္ဌာနသစိဝဿ၊ အဖအရာထင်မှတ်ရာသော မင်းကြီးမဟာမင်းလှ ကျော်ခေါင်နော်ရထာအမတ်ကြီး၏။ အဘိယာစနံ၊ တောင်းပန်တိုက်တွန်းခြင်းကို။ အနုဿရန္တော စ၊ အစဉ်အောက်မေ့သည်ဖြစ်၍လည်းကောင်း။ မေ မမ၊ ငါ၏။ အာသယာ၊ အလိုဆန္ဒ အာသယသည်။ စောဒိတဥ္စ၊ တိုက်တွန်းအပ်သည်ဖြစ်၍လည်းကောင်း။ တဋ္ဋီကာဟိ စ၊ ထိုကျမ်း၏အဖွင့်ဖြစ်သော ဋီကာတို့နှင့်လည်း။ သန္ဒနံ၊ ညီညွတ် သည်ကို။ ကတွာ၊ ပြု၍။ မဟာဝံသဿ၊ မဟာဝံသအမည်ရှိသော။ ဂန္ထဿ၊ ကျမ်း၏။ ကထာမဂ္ဂံ၊ အဓိပ္ပါယ်သွား စကားအစဉ်ကို။ လိခိဿာမိ၊ ရေးစီပေအံ့။

ဟူသော ၄- ဂါထာဖြင့် ပါဠိ, နိဿယဖြင့် ပဏာမ၊ အဘိယာစက၊ ပဋိညာဉ်စသည်ဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း အောက်ဖော်ပြပါအတိုင်း ပြည့်စုံစွာ နိဂုံးအုပ်၏-

**စတုစက္ကသမ္ပုဏ္ဏာဿ၊ ကဥ္စနဂိရိနဂြဿ။**
**စက္ကဒ္ဓေ တိလကဘူတေ၊ ကျိုးသဲက္ကတျာဘိသမ္ဘတေ။**

မဟာနိဂမေ ဇာတတ္တာ စ တဿ ပါစီနဘူမိဇဒ္ဓေ သာသနဒ္ဓရာယ ပုတ္တာဒါရာနံ မဟာမစ္စေန ကာရာပိတေ စတုဘူမိကာဝါသေ ပဋ္ဌမံ ဝသိတတ္တာ စ ကျိုးသဲလေးထပ်တိဘိဓာနေန စက္ကသန္ဓရာစေရာနံ ဝံသာ လင်္ကာရဘူတေန သဒ္ဓမ္မာဘိရမန္တေန သီလာဒိဂုဏာယုတ္တေန ဝေပုလ္လ ပညာဝေယျတ္တိယေန တိပေဋကဝေဒတ္တယ ဂန္ထန္တရ ဗဟုသုတ ဂုဏေဟိ ဝိဿုတေန ဂဏာဝါစက ဘူတေန မုနိန္ဒာဘိဓေယသညိနာ မယာ ဥတ္တရတိတ္ထံ နာမ ဇနပဒမုပနိဿာယ နဝဝိဟာရ ဂဗ္ဘံ ပဋ္ဌပေန္တော သုခါဝသိ။

တဒါ သိက္ခာကာမာနံ ဓမ္မန္တေဝါသိကာနံ ပရိယတ္တိဂန္ထာနိ ဧကာဟေ စတုပဥ္စဝါရာနိ နိရန္တရံ ဝါစေသိ။

ဝါစကန္တရေ စ အာယာစိတာနံ ပုဂ္ဂလာနံ ဝသမန္ဒာယ မင်္ဂလတ္ထဒီပနိယာ

နိဿယဋ္ဌ ဝေယျာကရဏဂန္ထဋ္ဌ အညာနိ သာသနောဒယကာရဏာနိ ဇိနတ္ထ ပကာသနီ သီလဘေဒပကာသနီ ဒိဋ္ဌိဒီပကပဥ္စာဗျာကရဏ နိဗ္ဗာန်လမ်းပြ သံသယဝိသောဓနီ မနောရထပူရဏီ ဝိမတိစ္ဆေဒနီဂန္ထာနိ သင်္ဂဟနိဿယာဒီနိ စ သံလိက္ခေသိ သိဿာနုသိဿဟိတတ္ထံ။

ထေရဝရဿေတဿ နဝတိကစမ္မရူပေ ဂေါဇေ ပတ္တေ မော်ရဝံဒေသ တော အာနေတွာ သုပါသကင်္သမ္ဗုဏ္ဏေဟိ သဒ္ဓါဘိဝုမိုတဂုဏောဃေဟိ သယ်ပဋ္ဌကာဒိကိစ္စရမန္တေဟိ မဇ္ဈိမဝယရူပသောဘဏ သမ္ပန္နေဟိ မဟန္တဘောဂ သာမိဟိ ကုဋ္ဋုမ္ဗာယုဂေဟိ သဂ္ဂမောက္ခာယ သုမာပိတံ သုသဋ္ဌိတဘူမိကမ္မံ အယောမယမာလာကမ္မာဒိပရိက္ခိတ္တံ ဒွါရကဝါဋဝါတပါနာဒိသောဘိတံ သောဏ္ဏရတ္တဇလိကာဒိသုမဏ္ဍိတံ သာသနဋ္ဌိတဌာနာရဟံ အရိယာလယ နန္ဒ ဂုဟာဒိသံကာသံ မင်္လာဘုံကျော်တိလဋ္ဌိတံ ဣဋ္ဌကာမယမဟာဝိဟာရံ ပရိစ္စဇိတွာ နိယျာတေသိ ပူဇေသိ။ သပရိဝါရဿ နိန္နရံ ဥပဋ္ဌာတိ ပစ္စယေဟိ။

တသ္မိံ စ ဝသန္တေ ထေရနဝမဇ္ဈိမာနံ သောတူနဥ္စ နာနာဂန္ထာနိ ဝါစေသိ။ ဝါစကန္တရေ ပိတုသမ မဟာမစ္စဿ အာယာစနံ နုဿရန္တော မဟာဝံသဂန္ထဿ အတ္ထက္ကမံ ပရမ္မရာနံ သုခဗုဒ္ဓိယာ သုဒ္ဓိက မြမ္မာဘာသာယ ဝိရစိတံ။ သော နဘာ ခိယေ ဂေါဇေ မိဂသီရသုက္ကပက္ခ ပဥ္စာဟေ ဇီဝဒိနေ နိဋ္ဌင်္တော။

**သုခါဝဟော အဟုရိဝ၊ မဟာမေဃောခိလံ ဇနံ။**
**ဘူခိလေယံ သုတေသိနံ၊ သီယံ ဟောတု ဆန္ဒန္ဓရော။**

စတုစက္ကသမ္ဗုဏ္ဏဿ၊ ပတိရူပ စသည့်အင်္ဂါ စက်လေးဖြာနှင့် လွန်စွာ ပြည့်စုံသော။ ကဥ္စနဂိရိနဂြဿ၊ “ရွှေတောင်”အမည်ရှိသော မြို့ကြီး၏။ တိလက ဘူတေ၊ မှန်ကင်းအတူ မှန်ကူသဘွယ်လည်းဖြစ်ထသော။ စက္ကဋ္ဌေ၊ ဘုရားသြဝါဒ သာသနာ၏ တည်ရာခေတ်မြတ်လည်းဖြစ်ထသော။ ကျီးသဲက္ကတျာဘိသမ္ဘတေ၊ “ကျီးသဲ”ဟူ၍ ဗိုလ်လူသမုတ် အပ်ထသော။ မဟာနိဂမေ၊ နိဂုံးမည်သည့် ရွာရပ် ကြီး၌။ ဇာတတ္တာ စ၊ သန္ဓေကိန်းပျော် ဖွားမြော်ကြီးရင့်သည်၏အဖြစ်ကြောင့် လည်းကောင်း။ တဿ နိဂမဿ၊ ထိုကျီးသဲအမည်ရှိသောနိဂုံး၏။ ပါစိနဘူမိ

ဇေဌေ၊ အရှေ့မျက်နှာ တာနှစ်ရာခန့် ပျော်ရာဘွဲ့ဘုံ မြေခုံညွှတ်မြိတ် ကုန်းဦးထိပ်၌။ မဟာမစွေန၊ ရွှေတောင်,ပန်းတောင် ကူးပြောင်းလှယ်ကာ ဟံသာဝတီ ဌာနီပိုက်ချုပ် ဝန်ကြီးလုပ်ရသော "မင်းကြီးမဟာ မင်းလှကျော်ခေါင်နော်ရထာ" ကြော်ငြာတွင်ပြီး အမတ်ကြီးသည်။ သာသနဒ္ဓရာယ၊ သာသနာကိုစည်ပင်စွာ ဆောင်ရွက်စေခြင်းအကျိုးငှာ။ ပုတ္တဒါရာနှံ၊ ရင်နှစ်နှစ်ဖော် ကြင်ဖော်ဇနီး မျောက်သားကြီးတို့ကို။ ကာရာပိတော၊ မိမွေဖငုတ် ကံကြွေးထုတ်၍ ဆောက်လုပ်တည်ထောင်စေအပ်သော။ စတုဘူမိကာဝါသေ၊ "လေးထပ်ကျောင်းကြီး"၌။ ပဌမံ၊ ရှေးဦးစွာ။ ဝသိတတ္တာ စ၊ ယာပိုထ်ဖြည့်တင်း သီတင်းသုံးဘူးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ကျီးသဲလေးထပ်တိဘိဓာနေန၊ "ကျီးသဲလေးထပ်" ဆရာတော်ဟု ခေါ်ဝေါ်သမုတ်အပ်ထသော။ စက္ကသန္တရာစေရာနံ၊ ပရိယတ်, ပဋိပတ်နှစ်ရပ်သော သာသနာကို ကောင်းစွာဆောင်ကုန်သော ဆရာမွန် ဆရာမြတ်တို့၏။ ဝံသလင်္ကာရဘူတေန၊ အဆက်အနွယ်ကို တင့်တယ်စွာ တန်းဆာဆင်သကဲ့သို့ဖြစ်သော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏တရား၌။ အဘိရမန္တေန၊ အလွန်မွေ့လျော်စွာထသော။ သီလာဒိဂုဏာယုတ္တေန၊ သံဝရဝိနည်း, အာစာရဝိနည်း စောင့်စည်းခြိုးခြံ မြူမရံသော သီလ, ပညာ, သမာဓိ ဂုဏ်နှင့်လည်းယှဉ်ထသော။ ဝေပုလ္လပညာဝေယျတ္တိယေန၊ ပြန့်ပြောကျယ်ဝန်း ထိုးထွင်းနှိုက်နဲ ခွဲခြမ်းဝေဘန်နိုင်သော ဉာဏ်ပညာအစွမ်းလည်း ရှိထသော။ တိပေဋကဝေဒတ္တယ ဂန္ထန္တရဗဟုဿုတဂုဏောဟိ၊ ပါဠိ, အဋ္ဌကထာ, ဋီကာဉသုံး ကျမ်းသုံးပုံကို ချက်ကုံထုတ်ဖော် လှံမစောက်ဖြင့် ပြန်ခေါက်များစွာ လေ့လာနိုင်ခြင်းတည်းဟူသော ပိဋကတ္တယ ဗဟုဿုတ, ဆန်း, လင်္ကာ, သဒ္ဒါ, နေတ္တိ ဝိဒဂ်,ဒဏ္ဍီဗျဉ္ဇိ, ကလာပ်, ဗြိဟ္မဒ်, ရာဇမတ္တဏ်, ကာတန္တ, သရောဒယ, ဇောတိ သတ္ထ, သူရိယသိဒ္ဓန္တ, စသည်သုံးခန်း ဝေဒလီကျမ်းတို့၌ ပြွမ်းတီးလေ့လာ လိမ္မာ သိမြင်ခြင်းတည်းဟူသော ဗေဒတ္တယဗဟုဿုတ, ထိုထိုရာဇဝင် ပုံပြင်လင်္ကာ ကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း ဓာတ်ကျမ်းစာမ လောကဝိဇ္ဇာ အရာရာ တို့၌ ကောင်းစွာသိမြင်ခြင်းတည်းဟူသော ဂန္ထန္တရဗဟုဿုတဂုဏ်တို့ကြောင့်။ ဝိဿုတေန၊ နိုင်ငံမဆံ့ပြန့်သော ကျော်စောခြင်းရှိထသော။ ဂဏာဝါစကဘူတေန၊ ရှစ်ခွင်ဒိသာ ရောက်ဝင်လာသော သံဃာတော်အပေါင်းတို့၏ စာပို့ဆရာ လည်း

ဖြစ်ထသော။ မုနိန္ဒာဘိဓေယသညီနာ၊ မုနိန္ဒာဘိဓေ အမည်ရှိထသော။ မယာ၊ ငါသည်။ (သုခါဝသိမှာစပ်) ဥတ္တရတိတ္ထနာမဇနပဒံ၊ "မြောက်ဆိပ်ရွာ" ကြော်ကြြာ ကြော်ချီး ဇနပုဒ်ကြီးကို။ ဥပနိဿာယ၊ ဂေါစရဂါမ်မှု အမှီပြု၍။ နဝဝိဟာရဂတ္တံ၊ အသစ်သော ကျောင်းတိုက်ကို။ ပဋ္ဌပေန္တော၊ ဖြစ်စေလျှက်။ ဝါ၊ ပြုစုတည်ထောင် လျှက်။ သုခါဝသိ၊ ချမ်းသာစွာနေ၏။

တဒါ၊ ထိုအခါ၌။ သိက္ခာကာမာနံ၊ သိက္ခာသုံးပါးကို အလိုရှိကုန်သော။ ဓမ္မန္တေဝါသိကာနံ၊ စာသင်တပည့်တို့အား။ ပရိယတ္တိဂန္ထာနိ၊ နေ့ညဉ့်မပြတ် သင်ကြားအပ်သော ပရိယတ်ကျမ်းဂန်တို့ကို။ ဧကာဟေ၊ တစ်ရက် တစ်ရက်၌။ စတုပဉ္စဝါရာနိ၊ လေးဝါ ငါးဝါတို့ကို။ နိရန္တရံ၊ မပြတ်မလပ်။ ဝါစေသိ၊ ပို့ချ၏။

ဝါစကန္တရေ စ၊ စာပေပို့သော အကြား၌လည်း။ အာယာစိတာနံ၊ တောင်းပန်ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ ဝသံ၊ အလိုကို။ အနွာယ၊ စွဲ၍။ မင်္ဂလတ္ထဒီပနိယာ၊ "မင်္ဂလတ္ထဒီပနီ" ကျမ်းမြတ်၏။ နိဿယဥ္စ၊ မှီရာအတ္ထ နိသျ ကိုလည်းကောင်း။ ဝေယျာကရဏဂန္ထဉ္စ၊ "စွယ်စုံကျော်ထင်" မည်သောပုဏ္ဏာကို ဖြေရာ ဝေယျာကရိုဏ်းကျမ်းကိုလည်းကောင်း။ အညာနိ၊ ဤမှတစ်ပါးကုန်သော။ ဇိနတ္ထပကာသနီ၊ သီလဘေဒပကာသနီ ဒိဋ္ဌိဒီပက ပဉ္စာဗျာကရဏ နိဗ္ဗာန်လမ်းပြ သံသယဝိသောဓနေ မနောရထပူရဏီ ဝိမတိစ္ဆေဒနီ စ၊ ဇိနတ္ထပကာသနီကျမ်း, သီလဘေဒပကာသနီကျမ်း, ဒိဋ္ဌိဒီပကကျမ်း, ပဉ္စာဗျာကရဏကျမ်း, နိဗ္ဗာန်လမ်းပြ ကျမ်း, သံသယဝိသောဓနေကျမ်း, မနောရထပူရဏီကျမ်း, ဝိမတိစ္ဆေဒနီကျမ်း တို့ကိုလည်းကောင်း။ သင်္ဂဟနိဿယာဒိနီ စ၊ "သင်္ဂြိုဟ်နိဿယ" အစရှိ သည်တို့ကိုလည်းကောင်း။ သိဿာနုသိဿဟိတ္ထံ၊ အဆက်ဆက်သော တပည့် သားတို့၏ စီးပွားခြင်းအကျိုးငှာလည်းကောင်း။ သံလိက္ခသိ၊ ကောင်းစွာ ရေးသားစီရင်၏။

(သင်္ဂဟနိဿယာဒိ၌ အာဒိဝန်ဖြင့် သဒ္ဒါနိဿယ ဆန်းဋီကာ နိဿယ ဝိနည်းနိဿယ ဓမ္မဒေသနာ ဗုဒ္ဓဝန္ဒနာပရိတ်နိဒါန်း စသည်တို့ကိုယူ)။

နဝတိတစမ္မရူပေ ဂေါဇေ၊ ၁၂၃၉-ခု ဖြစ်သော နှစ်ဂေါဇာသို့။ ပတ္တော၊

ရောက်လတ်သော်။ ဧတေသထေရဝရသ၊ ထိုမုနိန္ဒာဘိဓေ မထေရ်မြတ်အား။ မော်ရဝံဒေသတော၊ မော်လမြိုင်မြို့အရပ်မှ။ သုပါသကဂ်သမ္ဗုဏ္ဏေဟိ၊ ဥပါသကာ ဥပါသိကာကောင်းတို့၏ အင်္ဂါနှင့် ပြည့်စုံကုန်ထသော။ သဒ္ဓါဘိဝုမ္မိတ ဂုဏောဃေဟိ၊ ကြည်ညိုထိုက်စွာ ရတနာ၌ လွန်စွာကြည်ညို ရှိသေလေးမြတ်ခြင်းဖြင့် ထွန်းလင်းကြီးပွားသော ဂုဏ်ကျက်သရေလည်းရှိထကုန်သော။ သံဃုပဋ္ဌကာ ဒိကိစ္စရမန္တေဟိ၊ သံဃာတော်တို့အား မြတ်မြတ်လေးလေး လုပ်ကျွေးခြင်းကိစ္စဖြင့်သာ လွန်စွာမွေ့လျော်ကုန်ထသော။ မဇ္ဈိမဝယရူပသောဘဏ သမ္ပန္နေဟိ၊ သက်ရွယ်ကောင်းလှ မဇ္ဈိမရွယ် ခြီးပစဘွယ်တင့်တယ်သော ဆင်းရောင် အင်္ဂါလက္ခဏာနှင့်လည်း လွန်စွာပြည့်စုံကုန်ထသော။ မဟန္တဘောဂသာမီဟိ၊ အသိန်းမက များပြားလှသော စည်းစိမ် ဥစ္စာရတနာတို့၏ အရှင်လည်းဖြစ်တော်မူထသော။ ကုဋုမ္ဗာယုဂေဟိ၊ "ကျောင်းဒကာ မောင်ကြင်ဥ ကျောင်းအမ မယ်ရွှေပွင့်" အမည်ရှိသော သူဌေး မောင်,မယ်အစုံတို့သည်။ အာနေတွာ၊ ပင့်ဆောင်၍။ သဂ္ဂမောက္ခာယ၊ နတ်ရွာနိဗ္ဗာန် ပျော်စံရခြင်းအကျိုးငှာ။ သုမာပိတံ၊ ကောင်းစွာဖန်ဆောင် တည်ထောင်ဆောက်လုပ်အပ်ထသော။ သုသဋ္ဌိတဘူမိကမ္မံ၊ တောင်ကိုဖို့ကာ ကောင်းစွာစီရင်အပ်သော မြေအမှုလည်းရှိထသော။ အယော မယမာလာကမ္မာဒိပရိက္ခိတ္တံ၊ သံဖြင့်ပြီးသော ခြူးပန်း ခြူးနွယ်စသည်တို့ဖြင့် ရှုခြင်းစဘွယ် တင့်တယ်စွာ ခြံရံအပ်ထသော။ ဒွါရကဝါဋဝါတပါနာဒိသောဘိတံ၊ တံခါးမ တံခါးခေါက် လေသာတံခါး စသည်တို့ဖြင့်လည်း တင့်တယ်ထသော။ သောဏ္ဏရတ္တဖလိကာဒိ သုမဏ္ဍိတံ၊ ရွှေရည် မျက်ပါး ဟသ်ပြဒါးနှင့် ဖလ်သား မှန်ပွင့် အဆင့်ဆင့်တို့ဖြင့် သင့်ရာသင့်ရာ တင့်တယ်စွာ ဆင်ယင်အပ်ထသော။ သာသနဋ္ဌိတဋ္ဌာနာရဟံ၊ သာသနာတော်၏ တည်ရာဖြစ်ခြင်းငှာထိုက်ထသော။ အရိယာလယနန္ဒ ဂုဟာဒိသံကာသံ၊ ဘုရားအရိယာ ပစ္စေကာတို့၏ နေရာဖြစ်သော နန္ဒမူလိုဏ်နှင့်လည်းတူထသော။ မင်္ဂလာဘုံကျော်တိလဋ္ဌိတံ၊ "မင်္ဂလာဘုံကျော်" ခေါ်ဝေါ်ပညတ် တံဆိပ်ခတ်ထသော။ ဣဋ္ဌကာမယမဟာဝိ ဟာရံ၊ အုဌ်ဖြင့်ပြီးသောကျောင်းကြီးကို။ ပရိစ္စဇိတွာ၊ စွန့်လှူ၍။ နိယျာတေသိ၊ ဆောင်နှင်းလှူဒါန်း၏။ ပူဇေသိ၊ ပူဇော်၏။ သပရိဝါရေသ၊ ခြံရံလက်သား တပည့်သားများနှင့်တကွ။ နိရန္တရံ၊ မပြတ်မလပ်။ ပစ္စေယေဟိ၊ ပစ္စည်းအရပ်ရပ်တို့ဖြင့်။ ဥပ

ဠာတိ၊ လုပ်ကျွေးပြုစု၏။

တသ္မိံ စ ဝိဟာရေ၊ ထိုကျောင်းကြီး၌လည်း။ ဝသန္တော၊ သီတင်းသုံးနေစဉ်။ ထေရနဝမဇ္ဈိမာနံ၊ ထေရ်ငယ်,ထေရ်ကြီး ထေရ်လတ်ဖြစ်ကုန် ထသော။ သောတူနဥ္စ၊ စာသင်သားတို့အားလည်းကောင်း။ နာနာဂန္ထာနိ၊ အထူးသော ကျမ်းဂန်တို့ကို။ ဝါစေသိ၊ ပို့ချသင်ကြား၏။ ဝါစကန္တရေ စ၊ စာပို့ချသော အကြားကြား၌လည်း။ ပိတုသမမဟာမစ္စဿ၊ ဖခင်ထပ် တူ ချီးပယူသော ကျောင်းဒကာအမတ်ကြီး၏။ အာယာစနံ၊ တောင်းပန်ဖူးခြင်းအကြောင်းကို။ အနုဿရန္တော၊ အောက်မေ့လျှက်။ မဟာဝံသဂန္ထဿ၊ "မဟာဝင်ကျမ်း"၏။ အတ္ထက္ကမံ၊ အနက်အစဉ်ကို။ ပရမ္ပရာနံ၊ အဆက်ဆက်သော တပည့်သားတို့၏။ သုခဗုဒ္ဓိယာ၊ သိလွယ်စေခြင်းအကျိုးငှာ။ သုဗ္ဗိကမြမ္မဘာသာယ၊ သက်သက်သော မြန်မာဘာသာဖြင့်။ ဝိရစိတံ၊ ရေးသားစီရင်အပ်ပြီ။ (ဝိရစိတော၊ ရေးသားစီရင် အပ်ပြီးထသော)။ သော ဂန္ထော၊ ထိုမဟာဝင်စကားပြေကျမ်းသည်။ န ဘာခိယေ၊ ၁၂၄၀-ပြည့်ဖြစ်သော။ ဂေါဇေ၊ လူတို့ဝေါဟာ နှစ်ဂေါဇာ၌။ မိဂသီရသုက္က ပက္ခပဥ္စာဟေ၊ နတ္တော်လဆန်း ငါးရက်ဖြစ်သော။ ဇိဝဒိနေ၊ ကြာသပတေးနေ့၌။ နိဋ္ဌင်္ဂတော၊ ပြီးဆုံးခြင်းသို့ရောက်၏။

ယင်းမဟာဝင်ဝတ္ထုကို ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်-စသည်တို့မှ အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်ဖြင့် စာမျက်နှာ ၁၂၀-ကျော်ခန့်စီ ၂- အုပ်ရှိရာ ရွှိုင်ဆိုက်ဖြင့် ၃၆၀-ခန့်ရှိလေသည်။

**မဟာဝံသဿ ဂန္ထဿ၊ ဘာသာ ပရိဝတ္တမ္ပိ စ။**
**အကရိ ကရဏော ဆေကော၊ မုနိန္ဒာဘိဓော ယတိ။**

■

## ပုရဏ်နှင့်ဓမ္မဂန်ဖတ်စာ

ပုရဏ်နှင့်ဓမ္မဂန်ဖတ်စာမှာ ရဟန်းရှင်လူ မည်သူမဆို လမ်းညွှန်အဖြစ် ဖတ်ရှုလိုက်နာသင့်သည့် ကျမ်းကောင်းဖြစ်လေသည်။ ယင်းပုရဏ်နှင့် ဓမ္မဂန် ဖတ်စာမှ ဖော်ပြပါ အပိုဒ်ပေါင်း ၃၁-ကို တတ်နိုင်လျှင်ကျက်မှတ်၍ လမ်းညွှန် အဖြစ် အသုံးပြုရာ၏။

(၁) သဗ္ဗပညတ်၊ အမြဲမှတ်လော့၊ တတ်သိစေလို၊ ပြည့္ဆန်းဆိုအံ့၊ ကိုယ်တွင်း ရောဂါ၊ အနာရှိလျှက်၊ ရက်ရက်ငယ်က မကုသသော်၊ နှိုင်းဆချင့်သား၊ မဆုံးလား။

(၂) တောင်ကိုမြင်လျှင်၊ ပြေးချင်ခုန်လွှား၊ ကျွန်ငနွား၊ ချင့်အားချင့် ကိုယ် မဖြုန်းလား။

(၃) ကျွန်ပြောင်မထား၊ မယားမနေ၊ ယောကျ်ားလေလည်း၊ ရွာနေလူများ၊ မမုန်းလား။

(၄) သားလည်းမသီး၊ သမီးမရ၊ အိုရွယ်ကျသော်၊ ဒုက္ခချင့်မှာ မဖုံးလား။

(၅) သန်လျက်ဖြစ်ငြား၊ မသွေးထားသော်၊ ချင့်စားလိုခါ၊ မတုံးလား။

(၆) ဓမ္မသတ်တရား၊ မသင်ကြားသော်၊ စကားဆိုခါ၊ မရှုံးလား။

(၇) ငယ်ကပျော်လွန်၊ ကျမ်းဂန်တရား၊ မသင်ငြားသော်၊ မင်းပါးစိုခွင်၊ မဝင် နိုင်ဘဲ၊ ဆင်းရဲဖန်တောင်း၊ မကောင်းသက်မွေး၊ မယဉ်ကျေးသည်၊ လူရေးလူစ၊ မတုံးလား။

(၈) ပညာရှိများ၊ ချစ်သနားလည်း၊ တရားဟောခါ၊ မဖုံးလား။

(၉) မိဘမသင်၊ ပွဲတွင်မတည်၊ ကုန်စည်မသွား။ လူ့ငနွား၊ မယားချင့်ကို၊ မမုန်းလား။

(၁၀) မင်းစေလုပ်ငြား၊ လျှင်ဖြတ်စားသည်၊ ယောကျ်ားလူလေ၊ လူငမွှေကို၊ ရွာနေသူများ၊ မမုန်းလား။

(၁၁) ရေမရသော်၊ တွင်းဝအထဲ၊ မြေနဲ့တိုင်အောင်တူး။

(၁၂) သလိပ်သည်းခြေ၊ သွေးလေမကောင်း၊ အနာထောင်းသော်၊ စာဟောင်းဒေါသထုတ်။

(၁၃) ဥစ္စာနည်းရှား၊ ကြွေးမြီးများသော်၊ ကုန်သွားလယ်ယာလုပ်။

(၁၄) မိုးမရွာခင်၊ သစ်ပင်ငုပ်ဝါးရင်း၊ ကြင်းကြင်းစင်အောင်ခုတ်။

(၁၅) မိုးတည်းရွာမူ၊ သစ်စေ့မျိုးရင်း၊ တွင်းကျင်းဝင်အောင်မြှုပ်။

(၁၆) မြှုပ်၍အပင်၊ ပေါက်တုံကျင်သော်၊ ကျွဲဆင်နွားတား၊ မဝင်ငြားအောင်၊ အတားစောင်ရန်းလုပ်။

(၁၇) ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားတို့၊ မသွားနေ့တိုင်း၊ ကျောင်းကန်ရှိုင်းသော်၊ နေ့တိုင်းနားယဉ်ထုတ်။

(၁၈) နားယဉ်ထုတ်လျက်၊ ဆိုနိုင်ခက်သော်၊ လက်နှင့်ပျင်းပိုးထုတ်။

(၁၉) ဇီဝကပင်၊ ဖြစ်လျှင်ကစား၊ မခေါ်ငြားသော်၊ သွား၍လွတ်အောင် မကုနှင့်။

(၂၀) နတ်သမီးပင်၊ ဖြစ်လျှင်ကစား၊ သူ့မျောက်သားကို၊ ဖြောင်းဖျားပြောဆို မလုပ်နှင့်။

(၂၁) သူဌေးသားပင်၊ ဖြစ်လျှင်ကစား၊ မင်းဝတ်စားကို၊ မတုနှင့်။

(၂၂) တအိမ်ထွက်ဝင်၊ လင်လည်းမနေ၊ မိန်းမလေကား၊ ရင်၌သားကို မချစ်ပါ။

(၂၃) တကျောင်းထွက်ဝင်၊ ကျောင်းစဉ်လည်လှည့်၊ တပည့်မည်ကာ၊ လူ့ဗာလာကား၊ ဆရာမြတ်ကို၊ မချစ်ရာ။

(၂၄) နံနက်ညခါ၊ သေစာစောင်းငြား၊ သီချင်းကလိုက်၊ ကြက်တိုက်အန်ခတ်၊ လည်ပတ်သွားများ၊ ထိုယောကျ်ားကား၊ ဥစ္စာများကို၊ မချစ်ရာ။

(၂၅) ကျောင်းကန်မတဲ၊ လူထဲမလာ၊ တောမှာပျော်လိုက်၊ ခွေးထိုက်လေ့လား၊ ချက်စားပြုတ်ကင်၊ လူငဖင်ကား၊ သူ့အသက်ကိုမချစ်ရာ။ ကောင်းရာလားစု၊ ကောင်းမှုဟူသည် မဖြစ်ရာ။

(၂၆) သမီးကညာ၊ ရွယ်ရောက်လာ၊ အခါမလင့်ပါစေနှင့်၊ အခါလင့်က၊ အသင့်မရ၊ ယုတ်သောသူနှင့်၊ ညားတတ်စွ။

(၂၇) ကိုယ်တွင်းရောဂါ၊ ကပ်ခဲ့လာ၊ အနာမရင့်ပါစေနှင့်၊ အနာရင့်က၊ သက်နှင့်တမျှ၊ ရှိတတ်စွ။

(၂၈) သားငါးရဲရာ၊ သွားလာအတင့်၊ မရဲနှင့်၊ ကိုယ်နှင့်ခန္ဓာ၊ ကင်းလွတ်ကွာက မကြာခဏ၊ ပျက်တတ်စွ။

(၂၉) မြစ်ကြီးဂင်္ဂါ၊ ကူးသောအခါ၊ ဝန်ပါမလေးပါစေနှင့်။ ဝန်ပါလေးက လှေလေးပေါက်လျှက်၊ မြစ်လယ်ချက်ဝယ်၊ ရက်ရက်ခဏ နစ်တတ်စွ။

(၃၀) ပညာရှိလည်း၊ သတိမလျော့ပါစေနှင့်၊ သတိလျော့လျှက်၊ အကဲပျက်သော်၊ ကိုယ်သက်ခဏ၊ ယုတ်တတ်စွ။

(၃၁) လက်မှုနူတ်မှု စုစုအတတ်၊ အရပ်ရပ်ကို၊ မှတ်လေလူများ၊ အမျိုးသားတို့ မှတ်သားနိုင်က၊ ချစ်သားရလိမ့်၊ ဆုံးမပေရာ၊ လူလိမ္မာတို့၊ နည်းနာစကား၊ ကြားဖန်များက၊ ကြီးပွားပညာ၊ ထင်ရှားရာသည်။ လူ့ရွာကျော်ကျော်သဲသဲတည်း။

■■■

## မနောရထပူရဏီကျမ်း

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် ပိဋကတ်ဒကာ ဦးမြတ်ကျော်နှင့် ပဋ္ဌာလမည်သော မထေရ်မြတ်တို့ တောင်းပန်သဖြင့် မနောရထပူရဏီမည်သော သဂြိုဟ်ခက်ဆစ်အလင်းပြ အမေးအဖြေကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌-

**တိကတိဏ္ဍံ၊ တိရတနံ၊ နိစ္စံ နမာမိ။**
**ဂန္ထာရမ္ဘံ၊ ပဏာမံ၊ ဘယံ နသ္သတိ။**
**ဂဏ္ဌိပဥ္စံ၊ သစ္စနံ၊ ခေပံ လိက္ခာမိ။**
**သောတာရာနံ၊ တံ ဂန္ထံ၊ အတ္ထံ ပေဟာတိ။**
**မနောရထံ ပူရဏံ၊ ဣဒံ ဟေဿတိ။**

အဟံ၊ မုနိန္ဒာဘိဝံသနာမသမုတ် အကျွန်ုပ်သည်။ တိကတိဏ္ဏံ၊ သုံးမည်လောက ဘဝသုံးရွာ ဝဋ်သုံးမြွာမှ ကောင်းစွာ ကူးမြောက်တော်မူပြီးထသော။ တိရတနံ၊ ဘုရား,တရား,သံဃာအားဖြင့် သုံးပါးသောရတနာကို။ နိစ္စံ၊ အမြဲ။ ဝါ၊ နှိမ့်ချကြိုးနွံစွာ။ နမာမိ၊ ရှိခိုးပါ၏။ ဂန္ထာရမ္ဘံ၊ ကျမ်းကိုအားထုတ်သည်မှ လက်မွန်အစဦး။ ပဏာမံ၊ ရှိခိုးခြင်းသည်။ ဘယံ၊ ဘေးခပ်သိမ်းကို။ နသတိ၊ ပျောက်စေသတည်း။ ဂဏ္ဌိပဒံ၊ သဂြိုဟ်ကျမ်း၏ ခက်ဆစ်ခက်ရာပြဿနာ၏။ သဇ္ဇနံ၊ အဖြေကို။ ခေပံ-ခေပေန၊ အကျဉ်းအားဖြင့်။ ဝါ၊ ပါဠိ အဋ္ဌကထာ ဋီကာသာဓကေ ပြသွင်းသဖြင့်။ လိက္ခာမိ၊ ရေးလိုက်ပေအံ့။ တံဂန္ထံ၊ ထိုငါရေးသောကျမ်းသည်။ သောတာရာနံ၊ မှတ်နာလိုကုန်သော သူတော်ကောင်းတို့၏။ အတ္ထံ၊ အကျိုးစီးပွားသည်။ ဟောဟိတိ၊ ဖြစ်လတ္တံ့သတည်း။ ဣဒံဂန္ထံ၊ ဤကျမ်းသည်။ မနောရထံ ပူရဏံ၊ ပရမတ်အရာ လိမ္မာရကြောင်း တောင်းပန်ကုန်သောသူတို့၏ နှလုံးအလိုကို ပြည့်စေတတ်သည်ဖြစ်၍ မနောရထ ပူရဏီမည်သည်။ ဟောဿတိ၊ ဖြစ်လတ္တံ့သတည်း။

ကျမ်းအဆုံး၌လည်း အောက်ပါအတိုင်း ပြည့်စုံစွာ နိဂုံးအုပ်တော် မူခဲ့လေသည်။

**စတုစတ္တ သမ္ပုဏ္ဏာဿ၊ ကဋ္ဌနာဂိရိနဂြဿ။**
**စတ္တဋ္ဌေမ တိလကဗ္ဘူတေ၊ ကျိုးသဲက္ကုတျာဘိသမ္ဘဝေ။**

မဟာနိဂမေ ဇာတတ္တာ ဝယပတ္တေ စ တသ္မိံ ယေဝ ပဗ္ဗာဇေတွာ ဥပသမ္ပာဒေတွာ နာနာစေရာနံ သန္တိကေ ပရိယတ္တိယော ဥဂ္ဂဏှိတွာ ဆေကင်္ဂတေ တဿ ပါဝိနာဘူမေ ဇေဋ္ဌေ မဟာမစ္စေန ကာရာပိတေ သာသနဒ္ဓရာယ ပုတ္တဒါရာနံ စတုဘူမကာဝါသေ ပထမံ ဝသိတတ္တာ စ ကျိုးသဲ ၄- ထပ်တိ အာချာတေန စက္ကသန္ဓရာစေရာနံ ဝံသာလင်္ကာရဘူတေန သဒ္ဓမ္မာဘိရမ္မန္တေန သီလာဒိဂုဏယုတ္တေန ဝေပုလ္လပညာ ဝေယျတ္တိယေန တိပေဋကဝေဒတ္ထယဂန္ထန္တရ ဗဟုသုတဂုဏောဟိ ဝိသုတေန ဂဏဝါစကေန မုနိန္ဒာဘိဇသညိနာ မယာ သာသနသံ ဝုမှနတ္ထံ ပဏိဓာယ ပန်းတောင်းနဂရေ ဝသန္တေ ဂန္ထဝံသနိဿယဋ္ဌ ဇိနတ္ထပကာသနီနာမ ပကရဏဋ္ဌ ရစိတွာ အုပ်ဖိုဒေသေ သီလဘေဒ ပကာသနီ

ဂပ္ပါရယဝဿပဘုတိ ဥတ္တရတိတ္ထံ နာမ ဇနပဒမုနိဿာယ နဝဝိဟာရဂဗ္ဘေ ဝသန္တော မင်္ဂလတ္ထဒီပနီယာ နိဿယဥ္စ ဝေယျာကရဏ ဂန္ထဉ္စ ဒိဋ္ဌိဒီပက ပဥ္စာဗျာကရဏနိဗ္ဗာန်လမ်းပြ ဝိမတိစ္ဆေဒနီ ပကရဏာနိ သင်္ဂဟနိဿယဉ္စ လိက္ခိတွာ ဣဒါနိ စ ပရမတ္ထဆောကိစ္စာနံ သဇ္ဇနသမ္မတာနံ ဥပါသကာန မာယာစနဉ္စ သာသနောဒယာဘိကာမဿ သာဓုမာနိတဂုဏဿ ပဥ္စာလ ထေရဿ အဇ္ဈေသနဥ္စမာရဗ္ဘ ပေါရာဏုပဒေသံ သဇ္ဇန္တော နဝပညုတ္တရာနိဝ ပက္ခိပိတွာ သဒ္ဒနယံ ပမုဉ္စန္တော သာရဘူတံ အတ္ထနယံ ဝိဂ္ဂါဟေတွာ မနောရထ ပူရဏာယ သုရစိတမိဒံ ဂန္ထံ နိဋ္ဌင်္ဂတော သော နာယာသေန ဣသိနေရုသိန္ဓု စမ္မေ ဇိနစက္ကေ ပါဏဂ္ဂိနေတြရုပေ သက္ကရာဇေ ဘဒြမာသကာလပက္ခေ ဒသမေ စန္ဒြဒိနကေ။

**ဓမ္မစက္ကာနုဘာဝေန ခိလသတ္တာ သုခါရိဝ။**
**ယဿ တေဇေန သဗ္ဗနာ၊ သုခိတာလောကလာဘကာ။**
**ဝေရမဒ္ဒါဘိသမယာ၊ ဟောန္တု သဗ္ဗေပိ ဇန္တုနော။**

စတုစက္ကသမ္ပုဏ္ဏာဿ၊ ပဋိရူပစသည်အင်္ဂါ စက်လေးဖြာနှင့် လွှန်စွာ ပြည့်စုံထသော။ ကဥ္စနာဂိရိနဂြဿ၊ ရွှေတောင်အမည်ရှိသောမြို့၏။ တိလ ကဗ္ဗျုတော၊ မှန်ကင်းတစ်ဆူ မှန်ကူသဖွယ်လည်းဖြစ်ထသော။ ကျီးသဲက္ကတျာဘိ သမ္မတော၊ ကျီးသဲဟူ၍ ဗိုလ်လူသမိုက်အပ်ထသော။ မဟာနိဂမေ၊ မြစ်သားနီးတုံ ဈေးမစုံသော ကြောင့်နိဂုံးမည်သီးရွာကြီး၌။ ဇာတတ္တာ စ၊ သန္ဓေကျိန်းပျော်ဖွား မြော်ကြီးရင့်သည်၏အဖြစ်ကြောင့် လည်းကောင်း။ ဝယပတ္တော၊ အရွယ်သို့ရောက် လတ်သော်။ တသ္မိံ ယေဝ ဂါမေ၊ ထိုရွာ၌သာလျှင်။ ပဗ္ဗာဇေတွာ၊ ရှင်ရဟန်းပြု၍။ ဥပသမ္ပာဒေတွာ၊ ပဥ္စင်းခံယူ၍။ နာနာစေရာနံ၊ အထူးထူးသော မြို့ရပ်ပြည်ရွာ ဆရာမွန် ဆရာမြတ်တို့၏။ သန္တိကေ၊ အထံ၌။ ပရိယတ္တိယာ၊ သင်အပ်သော အတတ်ပညာ နာနာဝါဒတို့ကို။ ဥဂ္ဂဏှိတွာ၊ ကောင်းစွာသင်ယူ၍။ ဆေကင်္တော၊ ပြွမ်းတီးလိမ္မာခြင်းသို့ ရောက်လတ်သော်။ တဿ နိဂမဿ၊ ထိုကျီးသဲအမည်ရှိ သောနိဂုံ၏။ ပါစိနဘူမိဇေဋ္ဌေ၊ အရှေ့မျက်နှာ တာသုံးရာခန့် မျှော်ရာဝေ့ပုံ မြေခုံမြေညွန့်မြိတ် ကုန်းဦးထိပ်၌။ မဟာမစ္စေန၊ ရွှေတောင်, ပန်းတောင်း

ကူးပြောင်းလှည့်ကာ ဟံသာဝတီ ဌာနီပိုက်ချုပ် ဝန်ကြီးလုပ်ရသော မင်းကြီးမဟာမင်းလှကျော်ခေါင်နော်ရထာ ကြော်ငြာတွင်ပြီး အမတ်ကြီးသည်။ သာသနဒ္ဓရာယ၊ သာသနာကို စည်ပင်စွာ ဆောင်ရွက်စေခြင်းအကျိုးငှာ။ ပုတ္တဒါရာနံ၊ ရင်နှစ်နှစ်ဖော် ကြင်ဘော်ဇနီး မြောက်သားကြီးတို့ကို။ ကာရာပိတေ၊ မိမွေဘငုတ် ကံကျွေးထုတ်၍ ဆောက်လုပ် တည်ထောင်စေအပ်သော။ စတုဘူမကာဝါသေ၊ လေးထပ်ကျောင်းကြီး၌။ ပထမံ၊ ရှေးဦးစွာ။ ဝသိတတ္တာ၊ ရာပိုက်ပြည့်တင်း သီတင်းသုံးနေသည်၏အဖြစ်ကြောင့်။ ကျီးသဲလေးထပ်တိအာချာတေန၊ ကျီးသဲလေးထပ် ဆရာတော်ဟု ခေါ်ဝေါ်အပ်ထသော။ စက္ကသန္ဓရစေရာနံ၊ ပရိယတ်ပဋိပတ် နှစ်ရပ်သောသာသနာကို ကောင်းစွာ ဆောင်ကုန်သော ဆရာမွန်ဆရာမြတ်တို့၏။ ဝံသာလင်္ကာရဘူတေန၊ အဆက်အနွယ်ကို တင့်တယ်စွာ တန်ဆာဆင်သကဲ့သို့ဖြစ်ထသော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဘိရမန္တေန၊ အလွန်မွေ့လျော်စွာထသော။ သီလာဒိဂုဏယုတ္တေန၊ သံဝရဝိနည်း အာစာရဝိနည်း စောင့်စည်းခြိုးခြံ မြူမရံသော သီလသိက္ခာ သမာဓိဂုဏ်နှင့်လည်းယှဉ်ထသော။ ဝေပုလ္လပညာဝေယျတ္တိယေန၊ ပြန့်ပြောကျယ်ဝင်းထိုးထွင်းနှိုက်နဲ ခွဲခြမ်းဝေဖန်နိုင်သော ဉာဏ်ပညာအစွမ်းလည်းရှိထသော။ တိပေဋကဝေဒတ္တယဂန္ထန္တရဗဟုဿုတ ဂုဏေဟိ၊ ပါဠိ အဋ္ဌကထာ ဋီကာဥဿုံကျမ်းသုံးပုံကို ချက်ကုန်ထုတ်ဖော် လှံ့မစောက်ဖြင့် ပြန်ခေါက်များစွာ လေ့လာနိုင်ခြင်းတည်းဟူသော ပိဋကတ္တယ ဗဟုဿုတ, ဆန်း အလင်္ကာ သဒ္ဒါ နေတ္တိ ဝိဒဂ် ဒဏ္ဍီ ဗျဉ္ဇကလာပ် ဗြို့ဟဒ်ရာဇမတ္တဏ် ပူရာဏ် သရောဒယ ဇောတိသတ္တာသိဒ္ဓန္တဟု စသည်သုံးခန်း ဝေဒလ်ကျမ်းတို့၌ ပြွမ်းတီးလေ့လာ လိမ္မာသိမြင်ခြင်းတည်းဟူသော ဗေဒတ္တယဗဟုဿုတ, ထုံးရာဇဝင် ပုံပြင်လင်္ကာ ကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း စာမလောကဝိဇ္ဇာ ကျမ်းအရာတို့၌ ကောင်းစွာ သိမြင်ခြင်းတည်းဟူသော ဂန္ထန္တရဗဟုဿုတ ဂုဏ်တို့ကြောင့်။ ဝိသုတေန၊ နိုင်ငံအနှံ့အပြား၌ ပြန့်သောကျော်စောခြင်းလည်းရှိထသော။ ဂဏာဝါစတေန၊ ရှစ်ခွင်ဒိသာရောက်ဝင်လာသော သံဃာ တော်အပေါင်းတို့၏ စာပို့ဆရာလည်းဖြစ်ထသော။ မုနိန္ဒာဘိ ဓဇသညိနာ၊ မုနိန္ဒာဘိဓဇအမည်ရှိသော။ မယာ၊ ငါသည်။ (သုစရိတံ၌စပ်)

သာသနသံဝမုနတ္ထံ၊ ဘုရားသာသနာ၏ လွန်စွာရှည်လျား ပြန့်ပွားရာသောအကျိုးကို။ ပဏိဓာယ၊ တောင့်တမျှော်ခေါ်သဖြင့်။ ပန်းတောင်းနဂရေ၊ ပန်းတောင်းမြို့၌။ ဝသန္တော၊ သီတင်းသုံးနေစဉ်။ ဂန္ထဝံသနိဿယဥ္စ၊ ဂန္ထဝံသကျမ်း၏ မှီရာနိဿယကိုလည်းကောင်း။ ဇိနတ္ထပကာသနီနာမပကရဏဉ္စ၊ ဇိနတ္ထပကာသနီမည်သောကျမ်းကို လည်းကောင်း။ ရစိတွာ၊ ရေးသားစီရင်ပြီး၍။ အုပ်ဖိုဒေသေ၊ အုပ်ဖိုအရပ်၌။ ဝသန္တော၊ သီတင်းသုံးစဉ်။ သီလဘေဒပကာသနီ၊ သီလဘေဒ ပကာသနီကျမ်းကို။ ရစိတွာ၊ ရေးစီရင်ပြီး၍။ ဂပ္ပါရယဝဿပဘူတိ၊ သက္ကရာဇ် တစ်ထောင့်နှစ်ရာနှစ်ဆယ့်သုံးခုနှစ်မှစ၍။ ဥတ္တရတိတ္ထံနာမ ဇနပဒံ၊ မြောက်ဆိပ်အမည်ရှိသော ဇနပုဒ်ကြီးကို။ ဥပနိဿာယ၊ အမှီပြု၍။ နဝဝိဟာရဂဗ္ဘေ၊ အသစ်တည်ထောင်အပ်သော ကျောင်းတိုက်၌။ ဝသန္တော၊ သီတင်းသုံးနေစဉ်။ မင်္ဂလတ္ထဒီပနိယာ၊ မင်္ဂလတ္ထပနီဋီကာကျမ်းကြီး၏။ နိဿယဥ္စ၊ မှီရာအတ္ထနိဿယကိုလည်းကောင်း။ ဝေယျာကရဏဂန္ထဉ္စ၊ စွယ်စုံကျော်ထင် ပုဏ္ဏာကိုဖြေရာ ဝေယျာကရုဏ်းကျမ်းကြီးကိုလည်းကောင်း။ ဒိဋ္ဌိဒီပကပဥ္စာဗျာကရဏနိဗ္ဗာန်လမ်းပြ, ဝိမတိစ္ဆေဒနီပကရဏာနိစ၊ ဒိဋ္ဌိဒီပကကျမ်း, ပဥ္စဗျာကရဏကျမ်း, နိဗ္ဗာန်လမ်းပြကျမ်း, ဝိမတိစ္ဆေဒနီကျမ်းတို့ကိုလည်းကောင်း။ သင်္ဂဟနိဿယဥ္စ၊ သင်္ဂြိုဟ် နိဿယကျမ်းကိုလည်းကောင်း။ လိက္ခိတွာ၊ ရေးသားပြုပြင်စီရင်ပြီး၍။ ဣဒါနိ စ၊ ယခုအခါ၌လည်း။ ပရမတ္ထဆေကိစ္စာနံ၊ ပရမတ်တရား မှတ်သားလေ့လာ လိမ္မာပြွမ်းတီးခြင်းကိုအလိုရှိကုန်သော။ သဇ္ဇနသမ္မတာနံ၊ ဒုရာဇီဝသုဇီဝဖြင့် ဓမ္မမွေ့လျော် လူသူတော်ဟု ခေါ်ဝေါ်သမုတ်အပ်ကုန်သော။ ဥပါသကာနံ၊ ပိဋကတ်ဒါယကာ ကြေငြာထင်ပေါ် မောင်မြတ်ကျော် အမှူးရှိကုန်သော ဥပါသကာတို့၏။ အာယာစနဥ္စ၊ အဖန်ဖန်တောင်းပန်ခြင်းကိုလည်းကောင်း။ သာသနောဒယာဘိကာမဿ၊ သာသနာတော်၏ ဖြောင့်မတ်စွာ တက်ထွန်းခြင်းကို အလွန်အလိုရှိထသော။ သာစုမာနိတဂုဏဿ၊ သူတော်ကောင်းတို့သည် ညွတ်ပြောင်းမြတ်နိုးအပ်သော သီလသံဝရ ဥဿာဟဂုဏ်နှင့်လည်း ပြည့်စုံထသော။ ပဏ္ဍာလထေရဿ၊ ပဏ္ဍာလဟု နာမခေါ်တွင် အရှင်ထေရ်မြတ်၏။ အဇ္ဈေသနဥ္စ၊ အလွန်တိုက်တွန်းခြင်းကိုလည်းကောင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပေါရာဏုပဒေသံ၊ ရှေးဆရာတို့ နည်းနာရအောင် မေးပြသော ပရမတ္ထပုဏ္ဏာကို။

သဇ္ဇန္တော၊ ဖြေသင့်လျက်။ နဝပညုတ္တရာနိ၊ အသစ်သော အမေးအဖြေတို့ကို။ ပက္ခိပိတွာ၊ ထည့်သွင်း၍။ သဒ္ဒနယံ၊ ကျမ်းလာကစ္စည်း သဒ္ဒါနည်းကို။ ပမုဉ္စန္တော၊ လွှတ်လျှက်။ သာရဘူတံ၊ အနှစ်သဖွယ်ဖြစ်သော။ အတ္ထနယံ၊ သဘော အဓိပ္ပါယ်ဖြစ်သော အနက်နည်းကို။ ဝိဂ္ဂါဟေတွာ၊ အထူးထူးသော ကျမ်းဂန်မှ ယူ၍။ မနောရထပူရဏာယ၊ ဆန်းကြယ်ထူးကဲ နက်နဲစွာ သိလိုသောသူတို့၏ နှလုံးအလိုကိုပြည့်စေခြင်းငှာ။ ဣဒံဂန္ထံ၊ ဤကျမ်းကို။ သုရစိတံ၊ ကောင်းစွာစီရင်အပ်ပြီ။

သော ဂန္ထော= "မနောရထပူရဏီ" မည်သောကျမ်းသည်။ ဇိနစက္ကေ၊ မြတ်စွာဘုရားသာသနာတော်သည်။ ဣသိနေရုသိန္ဓုဓမ္မေ၊ နှစ်ထောင့်လေးရာ တစ်ဆယ့်ခုနှစ်ခုနှစ်ဖြစ်သော သက္ကရာဇေ= လူတို့မှတ်ဆစ် သက္ကရာဇ်သည်။ ပါဏိဂ္ဂနေတြရူပေ၊ တစ်ထောင့်နှစ်ရာ သုံးဆယ့်ငါးခုဖြစ်သော။ ဝဿေ၊ နှစ်၌။ ဘဒြမာသ ကာလပက္ခေ၊ တော်သလင်းလ ဆန်းပက္ခဖြစ်သော။ ဒသမေ စန္ဒြဒိနကေ၊ လဆန်းဆယ်ရက် တနင်္လာနေ့၌။ အနာယာသေန၊ ရောဂါဘေးဘျမ်း မငြိမသန်းခြင်းဖြင့်။ နိဋ္ဌင်္ဂတော၊ အပြီးသို့ရောက်၏။ ဓမ္မစက္ကာနုဘာဝေန၊ ဓမ္မစကြာ ဟောသောအခါ၌ ဒေသနာနုဘော် မြတ်တေဇော်ကြောင့်။ အခိလ သတ္တာ၊ မြေပေါ်မိုးထက် ဘဝဂ်အထိ ဝီစိတိုင်ရောက် ထက်အောက်အပြင် ဝန်းကျင်ဥဿုံ ကြွင်းမဲ့ကုန်သော သတ္တဝါတို့သည်။ သုခါရိဝ၊ ဘေးမျိုးကွာ၍ ချမ်းသာရကုန်သကဲ့သို့။ ယဿ၊ အကြင် "မနောထရပုရဏီ" ဂုဏ်ဆီပြည့်လျှမ်း ဤသည့်ကျမ်း၏။ တေဇေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဇ္ဇနာ၊ ဣဿာမစ္ဆေ, ပလာသေနှင့်ရန်မွေခြောက်သင်း စောင်မာန်ကင်းသော သူတော်ကောင်းတို့သည်။ သုခိတာ၊ ပီတိငါးဖြာ ပြန့်ပွားကာဖြင့် ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အာလောကလာဘကာ၊ ဉာဏ်တည်းဟူသောအလင်းကို ရကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဝေရပဒ္ဒါ၊ အဖျွတ်ဗာဟီ နှစ်လီသော ရန် မိစ္ဆာမာန်ကို ပယ်လှန်နှိပ်နင်းနိုင်ကုန်သည်။ အဘိသမယာ၊ ဆယ်တန်ဝိပဿ ဉာဏ်အမြတ်ဖြင့် ပဋိပတ်ပရမတ် ခဲကပ်သမ္ဗျ ဓမ္မခပင်း ထိုးထွင်းဥဿုံ သိကြ ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သဗ္ဗေပိ ဇန္တုနော၊ အလုံးစုံသော

သတ္တဝါတို့သည် လည်း။ သုခိတာ၊ လိုအင်ပြည့်ဝ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

ဣလသာ၊ ငြူစူခြင်း။ မဇ္ဆရေ၊ သူ၏ဂုဏ်ကျက်သရေကို ချေဖျက် ခြင်း။ ပလာသ၊ အဖျင်းမူခြင်း။ ဥပါရမ္ဘ၊ စွပ်စွဲပြောဆိုခြင်း။ အတ္တုက္ကံသန၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း။ ပရဝမ္ဘန၊ သူ့ကိုရှုတ်ချခြင်း။ အတွင်းရန်ခြောက်တည်း။

ဤရန်မှ ၆-သင်း ကင်းလွတ်သောသူ နာယူသင်ကြားမှ ပီတိသုခနှင့် တကွ ဉာဏ်တည်းဟူသော အလင်းကိုရမည်ဖြစ်၍ ပတ္ထနာသည်။

ယင်း မနောရထပူရဏီကျမ်းကို ဆရာတော်ဘုရားကြီး ရေးသား စီရင်ခဲ့ သည်မှာ သက္ကရာဇ် ၁၂၃၅-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက်နေ့က ဖြစ်၏။ သို့ရာတွင် ၁၃၁၉-ခုနှစ် နယုန်လဆန်း ၈-ရက်နေ့တွင်မှ ရန်ကုန်မြို့ အမှတ် (၉) ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် ရွှေပြည်ညွန့်စာပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့ရာ ကရောင်း ၁၆-ချိုးဆိုက်ဖြင့် ပဌမတွဲစာမျက်နှာ ၃၅၇။ ဒုတိယတွဲ စာမျက်နှာ ၅၄၁-ရှိခဲ့လေသည်။ တဖန် ၁၃၄၃-ခုနှစ်တွင် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ရွှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၅၈-မျက်နှာရှိလေသည်။

**မနောရထပူရဏိဝှ၊ ဂန္ထောပိ ဝိရဉာဏိနာ။**
**ကျီးသဲမဟာထေရိန္ဒေန၊ ရစိတော ကဝိကေတုနာ။**

■■■

## ပကိဏ္ဏကနမက္ကာရ အစိန္တေယျကြီး

ဘုရားမြတ်စွာ၏ဂုဏ်တော် အမျိုးစုံပါရှိသော ပကိဏ္ဏက နမက္ကာရကြီး ဘုရားရှိခိုးကို ဆရာတော်သည် ပြည်မြို့ သူကြွယ်မောင်အံ့ တောင်းပန်သဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ယင်းဘုရားရှိခိုးကြီးကို သာသနာတွင် ထင်ရှားသည့် ဆရာတော်ကြီးများ၏ သဘောကျကျေနပ်ပြီး ချီးမွမ်းတော်မူကြလေသည်။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု

ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည် ယင်းပကိဏ္ဏက နမက္ကာရ အစိန္တေယျ ဘုရားရှိခိုးကြီးကို ထာဝစဉ်အရဆောင်၍ ဗုဒ္ဓမြတ်စွာအား ပူဇော်တော်မူလေ့ရှိကြောင်း သိရလေသည်။ သို့ဖြစ်ရာ သာသနာဝင် စာတော် ဖတ်တို့အား ဓမ္မလက်ဆောင်အဖြစ် ဤ၌ ဖော်ပြပေးအပ်ပါသည်။

■

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁။ အစိန္တေယျ အပ္ပမေယျ သေဋ္ဌဇေဋ္ဌ အတုလပရမံ အရဟံ ဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရမာရဇိ တိလောကန္တဂူ သယမ္ဘူ ဘဝိဿရ ဤသို့စသား အသင်္ချေယျ နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်တိုင်ကြေငြာ လျှက် ကာမ, ရူပ, အရူပဟု ဩကာသသုံးရပ် လောကဓာတ်၌ အမြတ်ထက် အမြတ် သမိုက်အပ်သော လူနတ်ဗြဟ္မာ မဟာကဝိန် သုခမိန်တို့သည် ပညိန္ဒြေ ရှိတိုင်းဖြင့် ခြားပိုင်းကွက်ကျုး၍ မဆုံးမကုန်နိုင် မကြံစည်နိုင် မအံ့သြနိုင် ပြည့်လျှိုင် ထွေပြား များပြားကျယ်ဝန်းသော ကျေးဇူးတော်အပုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော။

၂။ အမျိုးဖြင့်မြတ်သောသူ ဘုန်းဖြင့်မြတ်သောသူ ဂုဏ်ဖြင့်မြတ်သော သူတို့သည် မာန်မူဖက်ပြိုင်ခြင်းငှာမထိုက် မကိုဋ္ဌမင်္ဂလာ ဤကမ္ဘာ၌ ပထမာဒိက ဘူမိပါလ အာဒိစ္စဂိုဏ်း တိုင်းပြုပြည်ပြု သမ္မုတိဒေဝရာဇ် နေနွယ်ဖြစ်၍ စင်စစ် အမျိုးတော်အားဖြင့်မြတ်သော ဇာတိမဟတ္တဂုဏ် သုံးဘုံရပ်လုံး ညွတ်ရှိုးကော် ရော် ပူဇော်ဦးညွတ်ရာဖြစ်၍ စင်စစ်ဘုန်းတော်အားဖြင့် အလွန်မြတ်သော ပုညမဟတ္တဂုဏ် ဝသုန်သေလာ အဏ္ဏဝါကို မြူလွှာပြုလျက် နှိုင်းတုစက်လည်း ကျေးဇူး နက်တိုင် မကုန်နိုင်သည်ဖြစ်၍ စင်စစ်ဂုဏ်တော်အားဖြင့် မြတ်သော ဂုဏာမဟတ္တဂုဏ် ဤသုံးစုံကြောင့် လူ့ဘုံနတ်ဌာန် ပြိုင်စံယှဉ်ဖော် မပေါ်မပြု တစ်ဆူတည်းသော အပ္ပဋိပုဂ္ဂိုလ် ဖြစ်တော်မူထသော။

၃။ ဇမ္ဗူ့ကျက်သရေ ချက်ဗွေဘူမိ အပရာဇိခရိုင် ညောင်မဏ္ဍိုင်ကို စိုးပိုင်တော်မူအံ့သောကာလ၌ ကာမလောကဓာတ်ခုနှစ်ရပ်လုံး ဆက်ဆက်လှိုက်

ခုန် တုန်ဘနန်းမျှ သန်းအကုဋေ နတ်ဗိုလ်ခြေနှင့် မိုးမြေကြည်းဟည်း ပွဲတင်တီးအောင် ဖျက်ဆီးလုယက်လာသော မေခလာဂီရိ တောင်တရှိမျှ ပြောင်ကြီးသေဌ်နင်း မာရ်နတ်မင်းကို ဖြည့် တင်းတော်မူခဲ့သော ပါရမီဉာဏ် ကံသမ္ဘာရှိန် ဝရဇိန်လျှံပြောင် ရွှေဘုန်းရောင်ဖြင့် မှောင်မဝင်ခင် အောင်မြင်တော်မူစေ၍ ကိလေသာစက် သုံးယောက်ဝက်ကို ဖြိုဖျက်တိုက်လှန်ခြင်းငှာ အာနာပါနဘာဝနာဖြင့် ရူပါဝစရ အရူပါဝစရ စတုတ္ထသမာပတ်တို့ကို အာဝဇ္ဇနဝသီ သမာပဇ္ဇနဝသီ ပစ္စဝေက္ခဏာဝသီ အဓိဋ္ဌာနဝသီ ဝုဋ္ဌာနဝသီ တည်းဟူသော ဝသီဘော်ငါးတန်ဖြင့် အဖန်ဖန်လေ့လာတော်မူပြီးလျှင် ရှေးတီးကာလ ဘဝရှည်ကျူး ဖြစ်ဖူးသမျှ ဒေသရပ်ရွာ ခန္ဓာပင်စည် အမည်အမျိုးစသော ပရမတ်ပညတ်တို့ကို တပ်အပ်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ်, သုံးတန်ဘုံသား အများသတ္တ ဝေနေယျတို့၏ ကမ္မ,ဂတိ, စုတိပဋိသန် လားရန်ဌာနနှင့်တကွ ဒူရပဋိစ္ဆန္န သဏှသုခုမဖြစ်သော ရူပါရုံကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်, လေးတန်သြဃ အာသဝနှင့် ယောဂ,ဂန္ထာ လေးဖြာဥပါဒါန် ခြောက်တန်နီဝရဏ အနုသယခုနှစ်အင် သံယောဇုဉ်ဆယ်တန် ခြံရံလက်သား များစွာသောအကုသိုလ် ဗိုလ်ခြေကွပ်ကဲ သူရဲကိလေသာ ထောင့်ငါးရာတို့ကို စင်စွာပယ်ဖြတ် အလွန်မြတ်သောကြောင့် အရဟတ္တမဂ္ဂ အမည်ရသော အာသဝက္ခယဉာဏ် ဤသုံးတန်သောဝိဇ္ဇာ ခွဲစိတ်ဖြာသော် ဝိဇ္ဇာ ရှစ်ပါးနှင့် ပြည့်စုံတော်မူသဖြင့် သယမ္ဘူအထွတ် လူတမွတ်ဟု မချွတ်သမိုက် အပ်ထသော။

၄။ ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့ ရခြင်းငှာမထိုက် သုံးတိုက်ဘုံသား အများသတ္တ ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ အာသယကိန်းဟန်ကို ဧကန်သိမြင်နိုင်သော အာသယာနုသယဉာဏ်, ဣန္ဒြေရင့်, မရင့်ကို ထောက်ချင့်သိနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ပရမတ် ပညတ် အရပ်ရပ်အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်, သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန်ပညတ် တည်းဟူသော ဉေယျမံငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်း မရှိသော အနာဝရဏဉာဏ်, ယမိုက်ပြဋ္ဌိဟာ လွှတ်ခြင်းအရာ၌ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်, သနားထိုက်လှစွာသော ဝေနေယျ သတ္တဝါကို လွန်စွာသနားတော်မူသော မဟာကရုဏာသမာပတ္တိဉာဏ် ဤခြောက်တန်

သော ဆအသာဓာရဏ ဉာဏလျှံပြောင် မြတ်တန်ဆောင်ကို ညှိထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍ ဝေးနီးစကြဝဠာ သမန္တာရပ် လောကဓာတ်တို့ကို ထုတ်ခတ်ထင်ထင် ရှုမြင်တော်မူနိုင်သော ပသာဒစက္ခု ဉာဏစက္ခု ဒိဗ္ဗစက္ခု ဗုဒ္ဓစက္ခု သမန္တစက္ခုတည်းဟူသော မျက်စိတော်ငါးလုံးဖြင့် အဆုံးမဲ့မြင်တော်မူပြီးထသော-

၅။ ပလ္လင်အနိမိသ စက်မမှုသည် စတုတ္ထသတ္တာဟဝယ် ရတနာဃရအိမ်ချမ်းရိပ်ငြိမ်၌ မွေ့သိမ်စမ္ပာယ်တော်မူကာ အဘိဓမ္မာခုနှစ်ကျမ်းတွင် ပဋ္ဌာန်းဒေသနာကို လေ့လာဆင်ခြင်တော်မူသော အာနုဘော်တော်ကြောင့် အသွေးတော် အသားတော် အရိုးစုတော် ဝတ္ထုပသာဒိန္ဒြေအလုံးမှ ပြိုးပြိုးပြက်ပြက် ရှိုးရှိုးရက်တောက်ပလျှက် နီလ ပီတ လောဟိတ သြဒါတ မဥ္ဇိဋ္ဌ ပဘဿရာ မိလ္လာရည်လို ဖိတ်ဖိတ်ယိုမျှ ညိုသောရောင်ခြည်တော်, ဖဲကတ္တီပါ ဂီဝါလျှပ်ပြေ ရွှန်းရွှန်းဝေမျှ ရွှေသောရောင်ခြည်တော်, ကသစ်ခေါင်ရမ်း ပန်းကြက်မောက်ပီ တွေးတွေးချိမျှ နီသောရောင်ခြည်တော်, သာခွာဘော်ကြူ ဖွေးဖွေးလူသကဲ့သို့ ဖြူသောရောင်ခြည်တော်, ပြာလျှံညိုလျှံ ခိုလျှံစုပေါင်း ရှုမညောင်းမျှ မောင်းသောရောင်ခြည်တော်, ထွန်းပေါ်ဝင်းဝင်း ထိန်လင်းစက်စက် လျှပ်စစ်လက်သကဲ့သို့ ပြိုးပြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော ရောင်ခြည်တော် ခြောက်ဆိုင်ကို တပြိုင်တည်းကွန့်မြူးစေလျှက် လ-နေအတိ လျှံငြိပြောင်ပြောင် ဗိမာန်ရောင်နှင့် သောင်းထောင်စကြာဝဠာ ထွန်းလင်းဖြာသော ဗြဟ္မာကြီးတို့၏ ကိုယ်ရောင်ကိုလျှက် နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့် အထောင် အသောင်းသော လောကဓာတ်ကို တလျှပ်လျှပ် ထွန်းလင်းတော်မူပြီးထသော-

၆။ ပရိဗိုဇ်တက္ကတွန်း ရဟန်းရသေ့ မုနေ့အရည်း ဦးပြည်းတပသီ ဗေရာဂီတို့၏ ဝါဒီအလိုက် စရိုက်ဘာဝ ကျင့်ဆောင်ကြသော သာသနာ့ဗာဟိ လောကီသီလတို့ထက် ဆထက်ထောင်ရာ သာလွန်ဘိသဖြင့် အဓိသီလဟု သမုတ်အပ်သော အာပတ်ခုနှစ်ပုံကို လုံခြုံစွာစောင့်ကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ, ဣန္ဒြေခြောက်ပါးကို တားမြစ်ပိတ်ပင်ကြောင်းဖြစ်သော ဣန္ဒြိယသံဝရသီလ, မိစ္ဆာဇီဝမှ ကြဉ်ခွာလျှက် စင်ကြယ်စွာ အသက်မွေးကြောင်းဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စည်းလေးဖြာကို ပစ္စဝေက္ခဏာတင်၍ သုံးသပ်

ဆင်ခြင်ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ ဤလေးဝသော စတုပါရိသုဒ္ဓိတံခွန် အလွန်ဖြူစင် မြူမတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ မဟဂ္ဂုတ်လောကုတ္တရာစျာန် မြဲမြံစွာ လေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒီ ဝိတဏ္ဍိညစ်ကြေးမှ ကင်းဝေးဖြူစင်လျှက် အယူ၏စင်ကြယ်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ, တစ်ဆယ့်ခြောက်ပါးသော ယုံမှားသင်္ကာကို ဖြတ်ခွာလွန်မြောက်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ်ဟုတ်သည်, မဟုတ်သည်ကိုမြင်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, မဂ်သို့ရောက်ကြောင်း အကျင့်ကောင်းကို မြင်နိုင်သောဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, မဂ်လေးရပ်နှင့် သဟဇာတ်သမ္ပယုတ်ဖြစ်၍ သစ္စာလေးတန်ကို ဆယ့်ခြောက်နက်ဝေဖန်ပြီး ဧကန်သိမြင်နိုင်သော ဉာဏဒဿနဝိသုဒ္ဓိ တည်းဟူသော ဝိသုဒ္ဓိခုနှစ်ပါး တရားဘွဲ့ဖြူ သရဖူမကိုဋ်မှ ဦးစိုက်မင်္ဂလာ မြတ်တန်ဆာကို တင့်တယ်စွာဆင်ယင်လျှက် တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘန ဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿမ္ဘနဝိမုတ္တိ, နိဿရဏဝိမုတ္တိတည်းဟူသော၊ ဝိမုတ္တိငါးရပ် တရားမြတ်ကြောင့် လောကဓာတ်အလုံး ညွှတ်ကျိုးပူဇော်ရာ အာဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိတို့ထက် ကဲတက်လွန်မြတ်စွာ မုနိန္ဒာဘိပဝရ၊ အတုလမုနိလည်း ဖြစ်တော်မူထသော -

၇။ ဂင်္ဂါဝါဠု သဲစုမြူဟန် ပမာတန်ကဲ့သို့ အနန္တဂူ နိဗ္ဗာန်ယူ ကုန်သော ဆူဆူမြတ်စွာ စောသတ္တာတို့၏ သွားရာလမ်းကြောင်း စရိုက်ကောင်းမူလ ဖြစ်သော သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ လေးဖြာသောစျာန်တည်းဟူသော စရဏတရား တစ်ဆဲ့ငါးပါးတို့ကို အားသစ်ကျင့်ဆောင်တော်မူသဖြင့် သဃမ္ဘူတကာ ပြည့်စုံစွာသော နာနာကုလတို့၏ ဝေါဟာရသဒ္ဒါအနက်ကို အချက်ကျသိနိုင်သော အတ္ထပဋိသမ္ဘိဒါ, ဝါစာဂီရတ် နှုတ်သံယှက်က ဇာတ်တူတူ မတူတူ ဘာသာဟူသမျှကို ဧကန္တသိနိုင်သော ဓမ္မပဋိသမ္ဘိဒါ, တစ်ခုတစ်ခုသော ပုဒ်အက္ခရာကို သဒ္ဒါ၏အလို ဝိဂြိုဟ်ဝစနတ် ဓာတ်ပစ္စည်း လိင်အန်ဖြင့် ဝေဘန်၍သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ, ကိုယ်တော်သိသမျှ တရားတို့ကို သူတစ်ပါး

သိစိမ့်သောငှာ သဒ္ဒါပညတ်သို့တင်၍ စုံလင်စွာ မြွက်ဆိုတတ်သော ပဋိဘာန သမ္ဘိဒါတည်းဟူသော သမ္ဘိဒါလေးပါး ကြဒ္ဓိဝိဓ, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသတည်းဟူသော အဘိညာဉ် ခုနှစ်ပါး ရူပစျာန်လေးရပ် အရူပစျာန်လေးရပ်အားဖြင့် သမာပတ်ရှစ်ပါး ကျေးဇူး တော် တစ်ဆယ့်ရှစ်ပါး ထူးပြားဆန်းကြယ် အံ့ဘွယ်တော် တစ်ဆယ့်ရှစ်စုံ ထိုမျှ ဂုဏ်ကို ဥဿုံစိုးပိုင်တော်မူပြီးထသော -

၈။ ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် ဤငါးတန်တို့ကို တိုက်လှန်ဖြိုခွဲ၍ အောင်ပွဲယူနိုင် ရဲခေါင်တိုင်သော ကာယာ နုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန်လေးပါး, ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုပယ်ခြင်း, မဖြစ်သေးသောအကုသိုလ်ကံကို တဖန်အသစ်မဖြစ် စေခြင်း, မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း, ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ကြီးမားစည်ပင်စိမ့်သောငှာ လွန်စွာ လုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန်လေးပါး, ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတည်းဟူသော ဣန္ဒြေငါးပါး, သဒ္ဓါဗိုလ်, ဝီရိယ ဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်တည်းဟူသော ဗိုလ်ငါးပါး, သတိ သမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင် ခုနှစ်ပါး, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတည်းဟူသော မဂ္ဂင်ရှစ်ပါး, ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့ သုံးဆဲ့ခုနှစ်ရပ် အလွန်မြတ်သော ဗောဓိပက္ခိယဓမ္မအကျော် ရဲမက်တော်တို့ကို ကိုယ်ရံတော်ကြီး ဦးစီးဗိုလ်ချုပ်တင်လျှက် အသင်္ချေချေ တွက်ရေမဆုံး ပက်ကုံးကိလေသာ မာရ်ဗိုလ်ပါတို့ကို ဆံလွှာမကြွင်းအောင် ခုတ်စဉ်းတိုက်သိမ်း အငြိမ်းအောင်မြင်တော်မူသဖြင့် အသခ်တ ခေမရွှေဘုံ ဓမ္မာရုံသဘင် မြိုက်နန်းခွင်၍ ဥကင်စွင့်စွင့် ဖွင့်တော်မူပြီးထသော -

၉။ လေးအသင်္ချေ လွန်လေတစ်သိန်း တွက်ကိန်းများလှ ကပ်ထိုမျှ၌ လုံ့လကြိုးပမ်း ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော ဒါနပါရမီ, သီလပါရမီ, နိက္ခမ ပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန် ပါရမီ, ဥပေက္ခာပါရမီ ဆယ်လီသုံးစုံ ကုသိုလ်တော်ဟုန်ကြောင့် လူ့ဘုံစံပျော် အလောင်းတော်ဖြစ်ခါစပင် ကာဠာဝက, ဂင်္ဂေယျ, ပဏ္ဍရ, တမ္ဗ, ပိင်္ဂလ, ဂန္ဓ, မင်္ဂလ, ဟေမ, ဥပေါသထ, ဆဒ္ဒန် ဤဆယ်တန်သော ဆင်မျိုးတို့၏ ဆယ်ဆ တက် ဆယ်ဆတက်စီသော အားကိုဆောင်နိုင်သည်ဖြစ်၍ ယောကျ်ားဗိုလ်ခြေ ကုဋေတစ်သိန်းတို့၏၊ ကာယဗလ ဌာနာဌာနကောသလ္လဉာဏ်, ကမ္မဝိပါကဉာဏ်, သဗ္ဗတ္ထဂါ မိနီဉာဏ်, နာနာဓာတုဉာဏ်, အဓိမုတ္တိဉာဏ်, ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်, ဈာနာဒိသံကိလေသဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်တည်းဟူသော ဆယ်ပါးသောဉာဏဗလကို ရတော်မူသည် ဖြစ်၍ လူ့ပြည်နတ်ရပ် ခေတ်သုံးထပ်ကို အုပ်ကွပ်စိုးပိုင်နိုင်တော်မူခြင်းတည်း ဟူသော ဣဿရိယဘုန်းတော်, လောကုတ္တရာ တရားမြတ်ကိုးပါးသို့ ထင်ရှားစွာ ရောက်ခြင်းတည်းဟူသော ဓမ္မဘုန်းတော်, နရက်ဘဝဂ် အောက်ထက်ပျံ့လျှိုင် သုံးခရိုင်၌ အဆုံးတိုင်ကျော်စောတော်မူခြင်းတည်းဟူသော ယသဘုန်းတော်, သုံးဆဲ့နှစ်ပါး သမိုက်ထား၍ ယောကျ်ားမြတ်တို့၏ လက္ခဏာရောင်ဝါမြတေ ကျက်သရေအပေါင်းနှင့် ပြည့်စုံ တော်မူခြင်းတည်းဟူသော သီရိဘုန်းတော်, အလိုတော်ရှိသမျှ တခဏခြင်းဖြင့်သာ ပြည့်စုံလာခြင်းတည်းဟူသော ကာမ ဘုန်းတော်, နိဗ္ဗာန်ရောက်ရာ ဒေသနာဖြင့် ဗြဟ္မာနတ်လူ သုံးဘုံသူတို့ကို ကြည်ဖြူ စွာလှ သွန်သင်ဆုံးမသောကြောင့် လောကလုံးကိုးကွယ်ရာ ဆရာအဖြစ်သို့ ရောက်တော်မူခြင်းတည်းဟူသော ပယတ္တဘုန်းတော် ဤခြောက်ဖော်သော ဘုန်းတော်အမြတ် ဂုဏ်အရဟတ်ဖြင့် လောကဓါတ်လုံး ညွတ်ရုံးညီကာ ကောင်း ချီးပြောလျက် ဘဂဝါဟူသော ဘွဲ့ပုံတော်အထူးဖြင့် ညွတ်နူးကော်ရော် ပူဇော် ချီးပအပ်သည်လည်းဖြစ်ထသော-

၁၀။ အမှုဆက္ကာသတ ဇာတကကို ပုံပြသက်သေခံလျက် အနန္တဘဝ ဖြစ်ဖြစ်သမျှတို့၌ ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတ ပရိစ္စာဂတည်းဟူသော စွန့်ခြင်းကြီးငါးအင်ကို မဂ္ဂင်ဖောင်ပျံ စံလိုသူ အပေါင်း

တို့ထက် ကဲဆောင်းလွန်မောက်၍ အထောက်မတန်ပြုခဲ့သော ဟေတု သမ္ပဒါ, မြတ်သမ္ဘာကြောင့် အနိမာ လဃိမာ မဟိမာ ပတ္တိမာ ကမ္ဗ ဤသိတာ ဝသိတာ ယတ္ထကာမ ဝသာယိတာဟူသော ဘာသာမဂဓိ ရာဇဂြိုဟ်ဥဒါန်းနှင့်အညီ ရုံသီနေပြောက် ပြူတင်းပေါက်၌ မြင်လောက်ရုံသာ အဏုမြူပမာ သိမ်မွေ့စွာသောကိုယ်တော်ကို ငယ်အောင်ဖန်ဆင်းတော်မူနိုင်ခြင်း, ရေပြင်မြေမိုး ပျံလျှိုငုပ်လွှား သွားတော်မူနိုင်ခြင်းကြီးစေလိုက မြင့်မိုရ်ပြန်ရာ ထို့ထက်သာ၍ စကြာဝဠာတိုက်လုံး အုပ်ဖုံးပတ်လျှည့် ကိုယ်တော်ပြည့်အောင် တရှိထိုင်တော် မူနိုင်ခြင်း, မြေထုရေထု မေရုပဗ္ဗတာ သီလာတောင်ထပ် အတွင်းရပ်ကို ကျဉ်းကျပ်ပိတ်ဆီးခြင်းမရှိ ပကတိကောင်းကင် ဟင်းလင်းပြင်ကြီးကဲ့သို့ လျှိုးဝင်ထွင်းဖောက်ကြွရောက်တော်မူနိုင်ခြင်း, မနောမိဋ္ဌာန် စိတ်တော်ကြံတိုင်း ကမ္ဘာကမ္ဘ ဟူသမျှကို ကုံငပြီးမြောက်တော်မူနိုင်ခြင်း, သုံးဆဲ့တစ်ဘုံ အလုံးစုံကို ဥဿုံစိုးပိုင်တော်မူနိုင်ခြင်း, လောကီစျာန်ရပ် သမာပတ်ကို မပြတ်ဝင်ကာ လိုတိုင်းပါအောင် လေ့လာတော်မူနိုင်ခြင်း, သက်မရှိသည့် ဂိရိဗဟို တောင်မြင့်မိုရ်မှလည်း လိုတော်လိုက်ကာ ညွှတ်ငိုက်လာရခြင်းတည်းဟူသော တန်ခိုးတော်ရှစ်ဦး ဘုန်းတော်ထူးဖြင့် အံ့ကျူးပြီးပိုင် မ-ချိုးနိုင်၍ တစ်ပြိုင်တည်လျက် တစ်ပြိုင်ပျက်သော စကြာဝဠာတိုက်နေ သိန်းကုဋေလုံး ဋ္ဌေမုဋ္ဌာန်စွမ်း အာဏာလွှမ်း၍ ထဲဝမ်းစိမ့်စိမ့် ကြက်သီးဖိမ့်မျှ ခြိမ့်ခြိမ့်ကြွေးကြော် ပူဇော်ကြရာ သုံးရွာလုံးတန်ဆောင် မင်းခေါင်မင်းဖျားမင်းတရားအစစ်လည်း ဖြစ်တော်မူထသော-

၁၁။ လောကသုံးရွာ သတ္တဝါတို့၏ ခန္ဓာရုပ်နာမ်ဝယ် အဖန်ဖန်ကပ်ငြိလျှက် ဖိစီးနှိပ်စက်တတ်သော ပီဠနအနက်, ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်သော သခ်တအနက်, မရောင့်ရဲစွာ သတ္တဝါတို့ကို လောင်ဆာပူ ပန်စေတတ်သော သန္တာပအနက်, ဇရာမရဏ သောကပဋိဒ်တို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမအနက်တည်းဟူသော လေးပါးသောဒုက္ခသစ္စာ၏ အနက်ကိုလည်းကောင်း, အစမထင် သံသရာ၌ လူးလာစုန်ဆန် အဖန်ဖန်သွားလာစေခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်, ဝဋ္ဋဆင်းရဲအပေါင်း၏ အကြောင်းမူလဖြစ်သော

နိဒါနအနက် ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင် တမင်မင်ဖြင့် ကျင်လည်စေတတ်သော သံယောဇအနက်, ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ဆီးကာတားမြစ်တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာတို့ကိုလည်းကောင်း သံသရာဝဋ်မှ ထွက်လွတ်ကူးမြောက်ပြီးသော နိဿရဏအနက်, သင်္ခါရတို့မှဆိတ်သော ဝိဝေကအနက် ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်, သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာသော အမတအနက်တည်းဟူသော လေးပါးသောနိရောဓသစ္စာ၏ အနက်တို့ကိုလည်းကောင်း, ဝဋ်ဒုက္ခအပေါင်းတို့မှ ကောင်းစွာထွက် မြောက်တတ်သော နိယျာနိက အနက်, နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ဟေတုအနက်, နိဗ္ဗာန်ကိုမြင်တတ်သော ဒဿနအနက်, သင်္ခါရတရားမျိုးတို့ကိုအစိုးရသော အဓိပတေယျအနက် တည်းဟူသော လေးပါးသော မဂ္ဂသစ္စာအနက်တို့ကိုလည်းကောင်း, အကြောင်း အကျိုးအားလျော်စွာ လေးသစ္စာတို့ကို ဒဿနာကာရဖြင့် သောဠသဝေဘန်၍ ရွှေညဏ်ထင်ထင် ရွှေလက်တင်ပတ္တမြားကဲ့သို့ ပိုင်းခြားသိမြင်တော်မူသည့် အလျောက် အထောက်အခံ ကံညဏ်ကြီးရင့် ပွင့်ထိုက်သော သတ္တဝါဝေနေယျာ တို့ကို ပွင့်ပါစေနှုလုံးဖြင့် စွေချုန်းထစ်ကြိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်ဝှမ်း ရွာဖြန်းသွန်းသော မေဃဝန်တမျှ ဓမ္မဘေရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေးပေးတော်မူတတ်သော သုံးရပ်လုံးဆရာ ဒေဝါဓိဒေဝိန္ဒ ဗြဟ္မာဓိ ဗြဟ္မိန္ဒ တိဘဝပါရဂူ အဘိဘူပါမောက္ခ အနုတ္တရသင်းကျစ် မဟာဓမ္မရာဇ် မြတ်ရှင်ချစ်ကို။ အဟံ၊ ခန္ဓာပဥ္စက ဒြပ်မျှကို ပေါင်းထမယုတ် အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ မြတ်စွာဘုရား။

## ထူးမြတ်သည့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်မြတ်

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒာဘိဓဇကား သဒ္ဓါ, သီလ, သုတ, ဝီရိယစသည် ကုံလုံပြည့်ဝသည့် ထူးမြတ်သည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ သုတစွယ်စုံလှသည့် ပုဂ္ဂလအာဇာနည်ကြီး ဖြစ်တော်မူသော ကျမ်းပြု စာချစသည့် ပရိယတ္တိဓုရန္တရဂုဏ် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ ဒုက္ခအနတ္တဟု ပွားများရှုမှတ် ဆင်ခြင်ခြင်းဟူသော ပဋိပတ္တိ ဓုရန္တရဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျီးသဲဆရာတော်ဘုရားကြီး အရှင်မုနိန္ဒာဘိဓဇ မဟာထေရ်သည် သက်တော် ၇၇-နှစ်၊ သိက္ခာတော် ၅၇-ဝါမြောက် သက္ကရာဇ် ၁၂၅၆-ခုနှစ်တွင် ကျီးသဲအထက်မြောက်ဆိပ်ကျောင်း ယခု ဗိုလ်ရာကျော်တွင် တောင်ဇွေး နှင့် ထောက်ထောက်ကြွရာ တောင်ဇွေးနှင့်တကွလဲသဖြင့် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## သံဝေဂယူရန်

သေရန်အန္တရာယ် အသွယ်သွယ် တကယ်များလှသည်။
ချော်လဲ၍လဲ ရုတ်ခနဲ မလွဲသေနိုင်သည်။

ကျီးသဲထေရ်ကျော် မြတ်ဘုန်းမော်ကား ချော်လဲကာကျ
ဘဝနတ်ထံ စံဝင်ရ ဇာန်သံဝေ ရဖွယ်ပါတကား။

မြွေကင်းကိုက်ကာ မြန်မကြာ မှန်စွာသေနိုင်သည်။
ယာဉ်ပျက်၍လဲ ရုတ်ခနဲ မလွဲသေနိုင်သည်။

ဥပစ္ဆေဒကံ စီမံဖန် ဇာန်သေနိုင်သည်။
အနိစ္စဇာန် ဒုက္ခဇာန် အနတ္တဇာန်
အမှန် နှလုံးသွင်းကြပါစေသော် . . . ။

■ ■ ■

# တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၄)
# ရေတံခွန်(ရွှေဂုံတိုင်)တောရ မဟာသိဝတိုက်
# ဆရာတော် အရှင်ဝရုဏ

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြောက်ဖက် ရေတံခွန်တောရ (ရွှေဂုံတိုင်တောရ) မဟာသိဝတိုက်ဆရာတော်ဘုရားကြီး အရှင်ဝရုဏသည် သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျမမ္ဘာဘိဝံသထံ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည့် မထေရ်မြတ် ဖြစ်တော်မူခဲ့လေသည်။

## ဖွားမြင်, ရှင်ရဟန်းပြုခြင်း

ရေတံခွန်တောရ (ရွှေဂုံတိုင်တောရ) ဆရာတော်ဘုရားကြီး အရှင်ဝရုဏသည် ကျောက်မြောင်းစီရင်စု သစ်ဆိမ့်ကြီးရွာ၌ သက္ကရာဇ်-၁၁၈၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

ငယ်စဉ်ကပင် သစ်ဆိမ့်ဂိုဏ်းအုပ်ဆရာတော်ထံ ပညာသင်ကြားကာ သာမဏေ ဝတ်၍ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်တွင် သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာကို ကမ္မဝါစာဆရာ ပြု၍ ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## သာသနာပိုင်ဆရာတော် အရှင်ဥ ယျမမ္ဘာဘိဝံသထံတွင် ပညာသင်ကြားခြင်း

အမရပူရမြို့ မဟာဝိသုတာရာမတိုက်, ဝိဇိတာရာမတိုက်တို့၌ အလဲအလှယ် သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူသော သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျမမ္ဘာဘိဝံသထံရောက်ရှိ၍ ဂန္ထဓုရအဝဝတို့ကို သင်ယူတော်မူခဲ့လေသည်။ ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒထံ၌လည်း ဆက်လက် ပညာဆည်းပူးခဲ့သည်ဟုသိရ၏။ ၎င်းနောက်

ရွှေဂုံတိုင်ရှာ၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

## ရာဇာဓိဂုရုဘွဲ့တံဆိပ်တော်ကို ငြင်းပယ်ခြင်းစသည်

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးက ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်မည်ဟု လျှောက်ထားစေသည်ကို လက်မခံဘဲ ငြင်းပယ်တော်မူခဲ့လေသည်။

၁၂၂၆-ခုနှစ်တွင် ရန်ကုန်မြို့သို့ကြွတော်မူ၍ ရွှေတိဂုံစေတီတော်မြောက်ဘက် ရေတံခွန်တောရ (ရွှေဂုံတိုင်တောရ) မဟာသိဝတိုက်၌ သီတင်းသုံးတော်မူသည်။ မဇ္ဈိမဒေသသို့ကြွတော်မူ၍ မဟာဗောဓိစသည် သံဝေဇနိယဌာနများကို ပူဇော်တော်မူခဲ့လေသည်။

## ကျမ်းဂန်များကို ပြုစီရင်ခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းကျမ်းဂန်တို့မှာ-

၁။ နေတ္တိဟာရအကောက်ကျမ်း၊
၂။ သဒ္ဒမ္မပါလမေဒနီကျမ်း၊
၃။ ဥပေါသထဝိသောဓနီကျမ်း၊
၄။ ပညာဝမှုနသဂြိုဟ်ဖွင့်နည်းကျမ်း၊
၅။ ဓမ္မောသဓဝိသောဓနီကျမ်း၊
၆။ ကာလဝိမုတ်အဆုံးအဖြတ်ကျမ်း၊
၇။ ရာဇဝင်ချုပ်ကျမ်းစသည်တို့ ဖြစ်ကုန်၏။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော် ၈၉-နှစ်ရှိရာ သက္ကရာဇ် ၁၂၈၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

- နုပျိုရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုမင်းနောက်ဆုံးရှိစွတကား။
- ဥစ္စာဆင်မြင်း၊ ပေါများခြင်းကား၊ ယိုယွင်းနောက်ဆုံးရှိစွတကား။
- ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကင်းနောက်ဆုံးရှိစွတကား။
- ဝိညာဏ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံးရှိစွတကား။
- တက်ကြွားကြွကြွ၊ မြင့်လွန်းကလျှင်၊ လျှောကျနောက်ဆုံးရှိစွတကား။
- ခုံမင်ခဝ၊ ချစ်လွန်းကလျှင်၊ သောကနောက်ဆုံးရှိစွတကား။
- ပွဲလယ်ပြင်ပ၊ ချီးမွမ်းကလည်း၊ ရှုံ့ချနောက်ဆုံးရှိစွတကား။
- ကြည်သာရွှင်ပြ၊ ချမ်းသာကြလည်း၊ ဒုက္ခနောက်ဆုံးရှိစွတကား။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၅)
## သုမနဝံသာဘိဓမေဟာဓမ္မရာဇာဓိရာဇဂုရုနှင့်
## သုမနဝံသဓသေိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ
## ဆူးခါးဆရာတော် အရှင်သုမန

မန္တလေးမြို့ မြို့လယ် ဆူးခါးတိုက်, မန္တလေးတောင် အနောက်ဖက်တောင်ခြေ ဆူးခါးတိုက်တို့၌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့သော ဆူးခါးဆရာတော်ဟုထင်ရှားသော ဆရာတော်အရှင်သုမနသည် မန္တလေးမြို့ အရှေ့ပြင်မဟာဝိသုတာရာမတိုက်တော် မိတ္ထီလာကျောင်း၌ သီတင်းသုံး စာပေသင်ကြားချပို့ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်, ရှင်ရဟန်းပြုခြင်း

ရတနာပုရမြို့၌ သက္ကရာဇ် ၁၁၈၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်၏ မိဖတို့မှာ ဇာတိ အလုံမြို့ သာစည်ရပ်မှ ဖြစ်ကုန်၏။ ယင်းသို့ဖြစ်ကြောင်း-

ရတနာပူရ မြို့ပေါင်းခ အင်းဝနေပြည်တော်။
မယ်တော်မိခင် မီးရှူးမြင် ယင်းတွင်ချက်သိုမည်။
ရွှေမြို့အလုံ ကျော်ကိန်းလျှံ ဆွေစုံရပ်သာစည်။

ဟူသော ဆရာတော်ပြုစီရင်သည့် ပဗ္ဗဇ္ဇကမ်ဘေဒနီကျမ်းလာ နိဂုံးသံပေါက်ဖြင့်သိသာသည်။ ငယ်မည် မောင်တေနောင်ဖြစ်သည်။ ဆရာတော် ကြီးပြင်းလာသောအခါ ဆရာတော်ဦးတေနောင်ဟု ခေါ်ကြလေသည်။

## ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်သုမနဖြစ်လေသည်။ ဆရာတော်ကား ဗဟုသုတနှံ့စပ်သိမြင် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ စိတ်ထက်, ဉာဏ်ထက်, ထက်မြက်သူ ဖြစ်သည်ဟူ၏။

## စာပေကျမ်းဂန်သင်ယူတတ်မြောက်ခြင်း

ဆူးခါးဆရာတော်လောင်းလျာ ရဟန်းတော်အရှင်သုမနသည် အမရပူရမြို့ အဘယာရာမတိုက်, ဝိဇယာရာမတိုက်ကြီး နှစ်တိုက်တို့၌ သံဃာတော်တစ်ထောင်ကျော်ခန့်တို့ကို စာပေချပို့ သာသနာချီးမြောက် တော်မူသော "ဥေ ယျဓမ္မာဘိဝံသမုနိဝရ ဉာဏကိတ္တိသိရိဓဇဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ သာသနာပိုင် မောင်းထောင်ဆရာတော် ဘုရားကြီးထံ ရောက်၍ သီတင်းသုံးကာ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် "ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းတဲဆရာတော် အရှင်ဥတ္တမထံ၌လည်း သင်ယူတော်မူခဲ့လေသည်။

## မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးခြင်း

၁၂၁၉-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်နေ့တွင် သံဃာတော် ၅၀၀-ကျော်တို့ အမရပူရမြို့တော်ဟောင်းမှ မန္တလေးမြို့တော်သစ် ယာယီကျောင်းများ၌ ပြောင်းရွှေ့သီတင်းသုံးတော်မူရာ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသသည်လည်း အသစ်ဆောက်လုပ်ဆဲဖြစ်သည့် မဟာဝိသုတာရာမတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ထိုစဉ်က ဆရာတော်အရှင်သုမနလည်း သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့်အတူပါလာကာ မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးတော်မူခဲ့လေသည်။ နောက်တွင် မဟာဝိသုတာရာမတိုက်တော်အတွင်းရှိ မိတ္ထိလာကျောင်း၌ သီတင်းသုံး၍ သာသနာပိုင်ဆရာတော်ဘုရားကြီးထံ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တည် ရေစကြိုဆရာတော်အရှင်ဂန္ဓသာရ စသည်တို့နှင့်အတူ ဂန္ထဓုရအဝဝကို ဆက်လက်သင်ယူတော်မူခဲ့လေသည်။

## ဆူးခါးဆရာတော်ဟု ထင်ရှားခြင်း

နောက်အခါတွင် မန္တလေးမြို့ မြို့လယ်ဆူးခါးတိုက်, တောင်ခြေဆူးခါးတိုက်တို့၌ သီတင်းသုံးစာချသာသနာပြုရာ ကျော်စောသည့် ဆရာတော်ကြီးဖြစ်လာသည်။

## ကျမ်းဂန်းများ ပြုစုခြင်း

ဆရာတော်အရှင်သုမနသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ ပဗ္ဗဇ္ဇကစ်ဘေဒနီကျမ်း။
၂။ သုရာပါနဝိနိစ္ဆယကျမ်း။
၃။ ဉာဏောဘာသဝိနိစ္ဆယကျမ်း။
၄။ မဓုသာရသူဒနီခေါ် ဆူးခါးနိယံ။
၅။ ဓုဗ္ဗောဒခေါ် ဆူးခါးနိယံ။
၆။ မဟာဝိသယဆူးခါးနိယံ။
၇။ သဒ္ဒတ္ထနယဒီပိကာနိယံ။
၈။ ပေဋကောပဒေသအဋ္ဌကထာဟောင်းပါဌ်။
၉။ မူလသိက္ခာယောဇနာပါဌ်။ စသည်တို့ဖြစ်ကုန်၏။

## ဘွဲ့တံဆိပ်တော် ၂-ထပ်အလှူခံရရှိခြင်း

ဆရာတော်သည် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လှူဒါန်းသည့် "သုမနဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "သုမနဝံသဓဇ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု "ဟူသော ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော်နှစ်ထပ်ကို အလှူခံရရှိတော်မူခဲ့လေသည်။

**(မန္တလေးသာသနာဝင်၊ ၂၀။ ဆူးခါးတိုက်သာသနာဝင်ကြည့်။)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ များစွာအလုပ်လုပ်သော မဟာဝိသုတာရာမတိုက်တော်ထွက် ဆရာတော်အရှင်သုမနသည် သက်တော် ၇၀-ရှိရာ သက္ကရာဇ် ၁၂၅၉-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။

(သုတ္တနိ။ ၃၇၁။)

ဣဓ၊ ဤလောက၌။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ကို။ အနိမိတ္တံ၊ အမှတ်နိမိတ်သင်္ကေတမရှိပါချေ။ ဝါ၊ အချိန်းအချက်မရှိပါချေ။ အနညာတံ၊ ဤမျှကြာလျက် အသက်ရှည်အံ့ဟု မည်သူမည်ဝါမျှ မသိအပ်ပါချေ။ ကသိရဉ္စ၊ ကာလကြာရှည်တည်ရန် ခဲယဉ်းလည်း ခဲယဉ်း၏။ ပရိတ္တဉ္စ၊ နည်းငယ်လည်း နည်းငယ်၏။ တဉ္စ ဇီဝိတံ၊ ထိုအသက်သည်လည်း။ ဒုက္ခေန၊ ဆင်းရဲမှုနှင့်။ သံယုတံ၊ မပြတ်ထာဝစဉ်ယှဉ်၏။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၆)

## ကေလာသာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ

## ယောဆရာတော် အရှင်ကေလာသ

ဆရာတော် အရှင်ကေလာသသည်လည်း မဟာဝိသုတာရာမတိုက်တော်၌ ထင်ရှားသည့် စာချဆရာတော် ဖြစ်တော်မူသည်။

### ဖွားမြင် ရှင်ရဟန်းပြုခြင်း

ယခုအခါ ပခုက္ကူအခြေခံဒေသ ယောအရပ်ဒေသ၌ သက္ကရာဇ် ၁၁၉၀-ပြည့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် အရိယသာဝိတ္တအမည်ရ သရဏဂုံသီလဆယ်သွယ် ကိုယ်ဝယ်ဆင်မြန်းကာ သာမဏေဝတ်သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်သည်တွင် နှစ်ရာ့နှစ်ဆယ် ကိုယ်ဝယ်ဆင်မြန်း ဝန်ကြီးထမ်းသည့် ရဟန်းဘာဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

### မဟာဝိသုတာရာမတိုက်တော်ရောက်ရှိပညာသင်ခြင်း

အရွယ်ငယ်စဉ်ကပင် ပုဗ္ဗေကတပုညပင့်ထောက် မန္တလေးမြို့ နန်းရှေ့မဟာဝိသုတာရာမတိုက်တော်သို့ရောက်၍ ပိဋကတ်အခြေခံ ကျမ်းစာနှင့်တကွ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

### မဟာဝိသုတာရာမတိုက်တော်စာချအကျော်

စာပေကျမ်းဂန်တက်မြောက်သဖြင့် စာပေချပို့ရာ စာလိုက်သံဃာ များစွာတို့ ဆရာတော်အရှင်ကေလာသထံ စာဆိုဝါလိုက်ပါ သင်ယူကြကုန်၏။

ယောဆရာတော်အရှင်ကေလာသသည် ဋီကာကျော်ကျမ်း, အဘိဓမ္မာခုနှစ်ကျမ်း ပါဠိ, အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်, စသည့် ကျမ်းခက် ကျမ်းကြီးများကို ချပို့လေ့ရှိတော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

၁၂၄၆-ခုနှစ်၊ သက်တော် ၅၆-နှစ်တွင် မာရ်အောင်ရတနာ စေတီတော် ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "ကေလာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဇရာသင့်၍ သက်တော်ကြီးရင့်သောအခါတွင် ဗျာဓိရောဂါ နှိပ်စက်လာသဖြင့် ချမ်းပို့လက်စ ကြည့်ရှုလက်စ စာပေကျမ်းဂန်တို့ကို ထားရစ်ကာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။**
**ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။**

(သုတ္တနိ၊ ၃၇၀။ သလ္လသုတ်။)

ပါတော၊ နံနက်စောစောကာလခါသမယ၌။ ပက္ကာနံ ဖလာနံ၊ မှည့်ရင့်ကုန်ပြီးသောသစ်သီးတို့၏။ ပတနတော၊ အညှာမခိုင်သဖြင့် ကြွေကျခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေ ဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ ၊ ဇာတာနံ မစ္စာနံ၊ ကမ္မဘဝ အကြောင်းဆုံလစ် ဖြစ်လာကြံုလာ သတ္တဝါတို့အား။ နိစ္စံ၊ အမြဲနိစ္စထာဝရ။ မရဏတော၊ စုတိပြတ်ကြွေ သေလွန်ခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန်စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေ၊ ပုံသေမုချဖြစ်ရ၏။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၇)
## ပဌမစာချ, သာသနသောဘဏ သာသနာပြုဂိုဏ်းအုပ်
## မောင်းထောင်ကုန်းသာဆရာတော် အရှင်ကလျာဏ

မောင်းထောင်ကုန်းသာကျောင်းတိုက်၌ အာရာမာဓိပတိဖြစ်၍ စာပေချပို့ သာသနာပြုတော်မူခဲ့သော အရှင်ကလျာဏသည်လည်း မန္တလေးမြို့ မဟာ ဝိသုတာရာမတိုက်တော်၌ နေ့ဝါ ညဝါကျမ်းစာ သင်ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

သဒ္ဒါရှစ်စောင်သုတ်နက်(မောင်းထောင်မူသုတ်နက်) တည်းဖြတ်ပြုပြင် သူ မောင်းထောင်ဆရာတော် အရှင်ဝိမလ၏ ငယ်ဆရာရင်းဖြစ်သည်။

မန္တလေးမြို့ အရှေ့ပြင် တိုက်တော်သာသနာပိုင်ဆရာတော် ဘုရားကြီး အရှင်ဥဇ္ဇောယျမဟာဘိဝံသထံ၌ ကြာမြင့်စွာ နေထိုင်ပညာသင် ကြား တတ်မြောက် တော်မူခဲ့သည်။ သက္ကရာဇ် ၁၁၉၀-ပြည့်နှစ် ပတ်ဝန်းကျင်လောက်တွင် ဖွားမြင် တော်မူခဲ့လေသည်။

## ပဌမစာချ, ဂိုဏ်းအုပ်

မဟာဝိသုတာရာမတိုက်တော် ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော် အရှင်ဥဇ္ဇောယျမဟာဘိဝံသထံ၌ သီတင်းသုံးစဉ်ကပင် ပဌမစာချဖြစ်၍ စာပေချပို့ချ သာသနာပြုတော်မူခဲ့လေသည်။ ကုန်းသာတိုက်၌ သီတင်းသုံးတော် မူစဉ် "သာသနသောဘဏသာသနာပြု ဂိုဏ်းအုပ်" ဖြစ်တော်မူသည်။

ယင်းသို့ ပဌမစာချသာသနာပြုဂိုဏ်းအုပ်ဖြစ်တော်မူ၍ သာသ နာပြု တော်မူခဲ့စဉ် သာသနာ့လုပ်ငန်းများ ထားရစ်ကာ ပျံလွန်တော်မူခဲ့လေသည်။

**ကလျာဏော မဟာထေရော၊ တိုက်တော်ဝံသမိ ပါကဋော။**
**ကိစ္စာနိ သာသနေ ကတွာ၊ ကိတ္တိသေသံ ဂတော သုခီ။**

## သံဝေဂယူရန်

ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယနာ။

(သုတ္တနိ၊ ၃၇၁။ သလ္လသုတ်။)

ယေ ဒဟရာ စ၊ အကြင်အသက်အရွယ် နုနယ်ငယ်လျသူတို့သည်လည်း ကောင်း။ ယေ မဟန္တာ စ၊ အကြင်ဇရာထန်သီး ကြီးရင့်အိုမင်းသူတို့သည် လည်းကောင်း။ ယေ ဗာလာ စ၊ အကြင်အသိပညာမတတ် သူမိုက်သတ္တဝါတို့ သည်လည်းကောင်း။ ယေ ပဏ္ဍိတာ စ၊ အကြင်ပညာရှိတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏ ။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ တေ၊ ထိုငယ်သူ ကြီးသူ မိုက်သူ ပညာရှိသူတို့သည်။ မစ္စုဝသံ၊ ယုတ်မာစင်းစင်း သေမင်း၏အလို နိုင်ငံသို့။ ယန္တိ၊ မလိုက်ချင်ပဲ လွဲမရပါ လိုက်ပါရကုန်၏။ သဗ္ဗေ၊ ဖြစ်လာကြုံလာ သတ္တဝါများစွာတို့သည်။ မစ္စုပရာယနာ၊ သေမင်းလျှင် လည်းလျောင်းရာရှိကြ ကုန်၏။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၈)
## နိကာယဏ္ဏဝပါရဂူဒီဃဒဿီ
## ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ

အရှင်ဂန္ဓသာရမဟာထေရ်သည် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီးနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးများ၏ အဓိပတိ မဟာနာယကဖြစ်တော်မူသည်။

လူ့လောကကိုကျောခိုင်း၍ သာသနာ့ကိစ္စကိုသာ ပြုလုပ်ဆောင်ရွက်သည့် ဆရာတော်ဖြစ်တော်မူသည်။ ပရိတ်ရွတ်လည်းမလိုက် ဆွမ်းစားလည်းမလိုက် အလှူမဏ္ဍပ်စသည်လည်းမတက် ရှိသမျှနှင့်ရောင့်ရဲ၍ ပရိယတ္တိသာသနာပြုတော်မူခဲ့ပုံမှာ စံပြဖြစ်သည်။

နိကာယ်ငါးရပ်ကို နိုင်နင်းခြင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး၌ အရှည်တွေးခေါ် မြော်မြင်တတ်ခြင်းတို့ကြောင့် “ နိကာယဏ္ဏဝပါရဂူဒီဃဒဿီ ပညာရှင်”ဟု သာသနာ့ဝန်ထမ်းများစွာတို့က သမုတ်ပညတ်တော်မူခဲ့ကြသည်။

ထိုအရှင်မြတ်ကြီးသည်လည်း မဟာဝိသုတာရာမတိုက်တော် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမွောဘိဝံသထံ ဆိုဝါဖြင့် ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

### ဖွားမြင်တော်မူခြင်း

ပခန်းကြီးမြို့နယ် အလယ်ကန်တိုက်အပါအဝင် ညောင်ပင်ရွာ၌ အဖဦးလူပု အမိဒေါ်မင်းခဲတို့မှ သက္ကရာဇ် ၁၁၉၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့၊ တနင်္လာနေ့ ညဉ့် ၂-နာရီကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဖခင်ဦးလူပုမှာ ယောမြို့ဝန်ကြီး ဦးနိုး၏သား ဖြစ်လေသည်။

### အရှင်ဂန္ဓသာရအလောင်းတော်သန္ဓေမယူမှီ မိခင်အိပ်မက်

အရှင်ဂန္ဓသာရ လောင်းလျာကို ပဋိသန္ဓေယူမည့်ညဉ့်တွင် မိခင်ကြီး

ဒေါ်မင်းခဲသည် ရေမိုးချိုး နံ့သာလိမ်းပြီး ဘုရားအာရုံပြု၍ အိပ်စက်စဉ် နေအိမ်၏ အရှေ့စူးစူးမှ ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်ကြီး တစ်စီးဝင်လာသည်ကို ဆီး၍ရင်ဝယ်ပိုက်ဖက်ရသည်ဟု အိပ်မက်မြင် မက်ခဲ့လေသည်။ အလောင်းတော် သန္ဓေယူမည့်အခါတွင် မယ်တော်မာယာ အိပ်မက်ပမာ လွန်စွာမှ အတိတ်ကောင်းနိမိတ်ကောင်း အိပ်မက်ဖြစ်လေသည်။

## သူငယ်ဘဝ ထူးခြားချက်

ဖွားခါစဖြစ်သော အရှင်ဂန္ဓသာရထေရ်လောင်းလျာ ရုပ်ရေရူပကာယ တင့်တယ်စွာသော သတိုးသားမြတ်ကို မောင်ထပ်ဟု မိဖတို့က မှည့်ခေါ်ကြသည်။ ဖွားမြင်ပြီးနောက် တခါတရံမျှ ငိုယိုပူဆာလောင် ပြုလုပ်ဘူးသည်မရှိရကား မိခင်သည် တစ်နေ့တွင် တစ်နေ့လုံး နို့ချိုတိုက်ကျွေး ပိုက်ထွေးယုယခြင်းမပြုပဲထားလေ၏။

ထေရ်လောင်းလျာ သူငယ်ကလေးမှာ မျက်နှာအိုခြင်း ငိုယိုခြင်းအလျှင်းမရှိပဲ မိမိ၏ လက်ချောင်းကလေးများကိုသာ နို့စို့သကဲ့သို့စို့လျှက် ပကတိ တည်ငြိမ်စွာ နေလေသည်။

ထိုအခြင်းအရာကို သိကြသော အိမ်နီးနားချင်းအားလုံး ဆွေမျိုးအားလုံးတို့မှာ တပြုံးပြုံးနှင့် ပြောပြမပြီး ချီးမွမ်းကြကုန်၏။

**ကေသွိ ဒိဝသေ မာတာ၊ နာဒါသိ ထညပေယျကံ။**
**အာဒေဝနံ အကတွာန၊ အင်္ဂုလိနာဘိတော သယိ။**

## ကျောင်းအပ် ပညာသင်

ဆရာတော်လောင်းလျာ မောင်ထပ်သည် ၁၁-နှစ်သားအရွယ်တွင် အလယ်ကန်မင်္ဂလာကျောင်း ဆရာတော်ထံတွင် မိဘတို့က အပ်နှံကြသဖြင့် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ဘုရားရှိခိုး၊ အောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်၊ ဆုံးမစာ၊ နမက္ကာရ၊ ပရိတ်ကြီး၊ ဇာတ်ကြီးဆယ်ဘွဲ့ အစရှိသည်တို့ကို အသက် ၁၅-နှစ် အတွင်း ကောင်းမွန်ကျနစွာ သင်ကြား သင်ယူတော်မူခဲ့လေသည်။ သင်အပ်သမျှ လည်း ရွှေခွက်၌တည်သော ခြင်္သေ့ဆီကဲ့သို့ မမေ့မပျောက် အားလုံးနှုတ်တက်

လျှက် ရှိသည်သာမက စာဖတ်စာရေး၌ ကျွမ်းကျင်တတ်မြောက်လာလေပြီ။

ဧကာဒသမှိ သမ္ပတ္တော၊ သိက္ခိတဗ္ဗံ သုသိက္ခတိ။
အတီဝ ကောဝိဒေါ အာသိ၊ ဝါစနေ လိခနေပိ စ။

## သာမဏေဘဝ ခိုလှုံခြင်း

နိကာယဏ္ဏဝပါရဂူလောင်းလျာ မောင်ထပ်သည် ၁၅-နှစ်အရွယ်တွင် မယ်တော်ခမည်းတော်တို့က ပဗ္ဗဇမင်္ဂလာပွဲတော်သဘင် ဆင်ယင်ကြကာ သာသနာတွင်း သွတ်သွင်းချီးမြှောက်ကြသဖြင့် အလယ်ကန်မင်္ဂလာရာမကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သိက္ခာဆယ်ဆင့် ကျင့်ဆောင်သည့် သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယ်ဆရာတော်က သာမဏေ၏ အရည်အသွေးကို အကဲခတ်၍ 'ရှင်ဂန္ထသာရ'ဟု မှည့်ခေါ်သတ်မှတ် ပညတ်တော်မူခဲ့လေသည်။

ပန္နရသမှိ သမ္ပတ္တော၊ ပဗ္ဗဇ္ဇိ ဇိနသာသနေ။
ဂန္ထသာရောတိနာမံ တု၊ ဥပဇ္ဈာယော သုကိတ္တယိ။

သာမဏေရှင်ဂန္ထသာရသည် ဥပဇ္ဈာယ်ဖြစ်တော်မူသော မင်္ဂလာ ကျောင်းဆရာတော်ထံ နှစ်ခြိုက်စိတ်စွဲ အားမာန်ခဲလျှက် စာပွဲသဘင် နေ့စဉ် ဝင်ကာ သင်ကြားနေထိုင်ခဲ့၍ သာမဏေ ၁-ဝါရ လတ်သော် မယ်တော် ခမည်း တော်တို့ ဖျားသီးရွာသို့ ပြောင်းရွှေ့နေထိုင်ကြသဖြင့် သာမဏေ ရှင်ဂန္ထသာရ ကိုလည်း ဥပဇ္ဈာယ်ဆရာတော်ကို လျှောက်ထားကာ ပင့်ခဲ့ကြလျှက် ဖျားသီးရွာ ဇေယျာဘုံသာဆရာတော်ဘုရားကြီး အရှင်အာစာရထံ အပ်နှံကြသဖြင့် ဆရာ တော် အရှင်အာစာရထံတွင် များစွာသော ပရိယတ္တိဓမ္မက္ခန် စာပေကျမ်းဂန် တို့ကို အားအံကြိုးစား သင်ကြားနာယူခဲ့ရာ သာမဏေဘဝနှင့်ပင် အနာဂတ်တွင် နိကာယတက္ကသိုလ်ကြီး၏ အဓိပတိဖြစ်မည့်နိမိတ်ကို ပြသည်မည်အောင် အရည် အသွေးပြည့်ဝသည့် သာမဏေကျော်ဖြစ်၍ ဘုရားရှင်သာသနာဝန်ကို အားသွန် ကြိုးပမ်း ထမ်းဆောင်နိုင်လေသည်။

သာမဏေရော သမာနော၀၊ ဒက္ခော ဗျတ္တော သုပေသလော။
နာနာသတ္တေ သုသိက္ခိတွာ၊ မုနိန္ဒသာသနန္ဒရော။

## ဥပသမ္ပဒဓာတ်ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ခြင်း

ဖျားသီးဇေယျာဘုံသာကျောင်းတိုက်၌ သာမဏေအဖြစ်ဖြင့် လေးနှစ်လေး၀ါ ရသောအခါတွင် အသက် ၁၉-နှစ်နှင့် ၂-လ ပဋိသန္ဓေနှင့် အသက် ၂၀-ပြည့်ဖြိုးကြွယ်ရာ သာသနာသက္ကရာဇ် ၂၃၉၅-ခု၊ ကောဇာသက္ကရာဇ် ၁၂၁၃-ခုနှစ်၀ယ် အကြီးတော်ဦးသာရွှဲနှင့် မိကြီးတော်ရင်းဒေါ်မင်းဘဲတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဗန့်ကျီနယ် တရားမြို့ စမွါယ်ရုံကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ဖျားသီးရွာဇေယျာဘုံ သာကျောင်းဆရာတော်ဘုရားကြီး အရှင်အာစာရထေရ်ကို ဥပဇ္ဈာယ်ပြုလျှက် ၀တ္တု၊ ဉတ္တိ အနုသာသန သီမာ ပရိသ အကုပ္ပဂုဏ် ငါးအင်စုံ၍ သမ္ပတ္တိဉတ္တိ ဒေါသစသည်မရှိ နိဗ္ဗိဿကိစ္စ နိဿံသယဖြင့် မဟာပုရိသ ပုဂ္ဂလအာဇာနည် ဆုရွှယ်ရည်မှန်း ရဟန်းအဖြစ်ကို ရယူတော်မူခဲ့လေသည်။

## ဆရာတော် အရှင်၀ရသမ္ဘောဓိထံတွင် ပညာသင်ခြင်း

ဤသို့ဖြင့် ဆုကြီးရည်မှန်း ရဟန်းအဖြစ်ကို ယူပြီးသည်မှ နိဿယဂဟေတဗ္ဗဒဟရ ခေတ်အသစ်ကာလ ၅-၀ါတိုင်အောင် ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးထံ၌ ဂန္ထဓုရအ၀၀ကို အစ္စာရဒ္ဓ၀ိရိယ အသလ္လီနစိတ်ဖြင့် ခုရနှစ်ပါးကို အားသွန်ကြိုးပမ်း ပွားများအားထုတ်ပြီးလျှင် ငါး၀ါလွန်သောအခါသာယာနုပျို ရေစကြိုမြို့၌ သိုက်မိုက်ရုံပတ် ပျားပန်းခတ်သို့ ပိဋကတ္တယ ရသချိုမြတ် ၀တ်ယက်စုတ်ချွေ အုပ်ထွေထူပြော သောတုဇနတို့အား စာပေပို့ချ ဓမ္မာနုဂ္ဂဟသြ၀ါဒဖြင့် သာသနာ့၀န် အားသွန်ကြိုးပမ်း ထမ်းရွက်လျှက်ရှိတော်မူသော ဓမ္မပဒ မဟာဋီကာပါဠ် ပဋိသန္ဓိ၀ိနိစ္ဆယကျမ်းစသည့် ပါဠိမြန်မာကျမ်းပြု ပုဂ္ဂိုလ်ကျော်ဆရာတော် အရှင်၀ရသမ္ဘောဓိထံ၌ ၂- နှစ်ကြာမျှ စာပေပိဋကတ်၌ အမြတ်တနိုး အားကြိုးလုံ့လ နယဂ္ဂါဟ ပြုတော်မူခဲ့လေသည်။

## ဆင်တဲ အရှင်ဣန္ဒာသဘထံရောက်

ရဟန်းတော်အရှင်ဂန္ထသာရသည် နိကာယတက္ကသိုလ် ဗဟိုစာချ ကျောင်းတိုက်ကြီးကို ဦးစီးရန် ငယ်စဉ်ကပင် ရည်ရွယ်ဟန်ရှိခဲ့သည့်အတိုင်း နည်း အမျိုးမျိုးရရှိရေးကို တွေးကြံကာ အရှင်ဝရသမ္ဘောဓိထံမှ တိပိဋကတ် တောနက် ဂနိုင် မဟာမြိုင်အတွင်း ချဉ်းနင်းရန် နည်းနာနယကိုရယူပြီး ဆင်တဲအရှင် ဣန္ဒာသဘထံ ၉-လကြာမျှ နည်းခံသင်ယူကာ အရည်အချင်းကို မြင့်သည် ထက်မြင့်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

## ဇာတိရပ်ရွာ ဝါကပ်ခြင်း

ရဟန်းတော် အရှင်ဂန္ထသာရသည် ကျေးဇူးပင်လယ် ဆယ်ဆကြွယ် သည့် မယ်တော်ခမည်းတော်တို့ကို ချီးမြှောက်ရန်လည်း စိတ်ရင်း ရှိသည့်အတိုင်း အရှင်ဣန္ဒာသဘထေရ်ထံ နည်းခံပြီး ဝါလနီးလတ်သော် မယ်တော်ခမည်းတော် တို့၏ စံရာဌာနီ ဖျားသီးရွာ ဇေယျာဘုံသာကျောင်း၌ ကိန်းအောင်းယာပထ မျှတ၍ ဒီပပ္ပသာဒက မဟာမဟိန္ဒ တေဇခိုင်ပြီး ရဟန္တာမထေရ်မြတ်ကြီးသည် ပါဋလိပုတ်နန်းမြို့တော်မှ ဇာတိဌာန ဝေဋိသကဥ္ဇ ဉာတတ္ထအကျိုး သည်ပိုး ဆောင်ရွက်ဆောင်၍ ဝေဋ္ဌသဂိရိကျောင်းမှာ ၁- ဝါမိုတင်း သီတင်းသုံးတော်မူ သောထုံးကို နှလုံးပြုကာ ဉာတတ္ထအကျိုး ရည်မြော်ကိုးကာ ၁- ဝါဆိုတော်မူ၍ မိဖနှစ်ဦးတို့ကို တရားဓမ္မဟောပြလျှက် ကျေးဇူးတော်အနန္တကို ဆပ်ကပ်တော် မူလေသည်။

**မာတရံ ပိတရံ စာပိ၊ ဥပကာရမဟာဂိရိံ။**
**ဓမ္မာမတေန တောသေသိ၊ ယထာ ဟိ မဟိန္ဒော သုဓီ။**

## မဟာဝိသုတာရာမတိုက် သာသနာပိုင်ဆရာတော် အရှင်ဥေယျဓမ္မာဘိဝံသထံ နည်းနာခံယူခြင်း

ရဟန်းတော် အရှင်ဂန္ထသာရသည် ရဟန်းသိက္ခာ ၈-ဝါအရတွင် ပဗ္ဗဇ္ဇာ စရိယဖြစ်သော ညောင်ပင်ရွာ မင်္ဂလာကျောင်းဆရာတော် ဥပဇ္ဈာစရိယဖြစ်သော

ဖျားသီးရွာ ဇေယျာဘုံသာကျောင်း ဆရာတော်ဘုရားကြီးတို့ကို ပန်ကြားပြီး ရတနာပုံ မန္တလေးနေပြည်တော်သို့ကြွ၍ တောင်ပြင်အသောကာရာမ ကျောင်းတိုက် လေးထပ်ကျောင်း၌ ၂-လမျှ သီတင်းသုံးတော်မူပြီး အရှေ့ပြင်နန်းရှေ့ မဟာဝိသုတာရာမကျောင်း၌ ၂-ဝါ သီတင်းသုံးတော်မူ၍ စာပေပိဋကတ် သင်ကြား ချပို့တော်မူခဲ့လေသည်။

အရှင်ဂန္ထသာရသည် ရဟန်းသိက္ခာ ၁၀-ဝါရပြီးနောက် "ဥေ ယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ပထမဘွဲ့တံဆိပ်တော်။ "ဥေ ယျဓမ္မာဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယဘွဲ့တံဆိပ်တော်။ "ဥေ ယျဓမ္မာဘိမုနိဝရ ဉာဏကိတ္တိသီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟူသော တတိယဘွဲ့တံဆိပ်တော်တို့ဖြင့် တင့်တယ် စမ္ပါယ်တော်မူခဲ့သည့် သံဃိဿရ သံဃနာထ သံဃသာမိ သံဃာ့ဦးကိုင် သာသနာပိုင်ဆရာတော် အရှင်ဥေယျထံ နေ့ဝါ, ညဝါ, ဆိုဝါဖြင့် ချည်း နောက်ဆုံးအချောသတ် နိကာယ် ၅-ရပ် ပိဋကတ်သုံးသွယ် အပြောကျယ်စွာကို ကောင်းစွာ ကူးခတ်နိုင်သည်အထိ ဝီရိယာဓိက သမ္မာဆန္ဒဖြင့် သင်ယူတော်မူခဲ့လေသည်။

**ဒသဝဿော သမာနောဝ၊ ဂန္ထသာရော ယတီသဘော။**
**ပုနောပိ သံဃရာဇဿ၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။**

## သာသနာပိုင်၏ ဗျာဒိတ်

နတ်ရဲတောင် သာသနာပိုင်ဆရာတော်ဟူ၍လည်း ထင်ရှားသော ဆရာတော်အရှင်ဥေ ယျဓမ္မာဘိဝံသသည် ရဟန်းတော် ရာပေါင်းများစွာ ဝန်းရံလျက် ကေသရာဇာခြင်္သေ့မင်းပမာ တင့်တယ်စွာထိုင်လျက် ပရိယတ္တိပို့ချစဉ်-

_ "ဂန္ထသာရမည်သော ငါ၏တပည့်သည် လေးပါးသောပစ္စည်းကို မငဲ့မညာမူ၍ အလျှုခံမလိုက်ပဲ သာသနာတော်ကို စောင့်ရှောက်လိမ့် မည်" ဟု မိန့်တော်ဝှဲချီးပတော်မူခဲ့ဘူးသည်။

ထိုကဲ့သို့ မိန့်မြွက်တော်မူခဲ့ဘူးကြောင်းကို ဆရာတော်ကိုယ်တိုင် ကင်္ခါ ဝိတရဏီအဋ္ဌကထာနိဿယ ပဏာမ၌ ဖော်ပြတော်မူခဲ့လေသည်။

၎င်းပြင် ဆရာတော် အရှင်ဂန္ဓသာရသည် မိမိအား နေ့ဝါ ညဝါ သဒ္ဒနယ ဒဿနဒီပန ပကာသန ဝိဘာဝန အနုဘာဝနာ ကိရိယာ ပဥ္စက ဥဒ္ဓရနယ အစရှိသော နည်းဥပဒေသကို ခွဲဝေကျေန ညွှန်ပြပေးတော်မူသော သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမွောဘိဝံသနှင့် အခြားဆရာတော်တို့ကို အကြိမ်ကြိမ်ဦးနှိမ်ခဲ့ကြောင်း -

**နာနာနယေသု ကောသလ္လံ၊ ဝန္ဒိတွာ ရာဇပူဇိတံ။**
**သံယရာဇံ ဗဟုဣာရံ၊ သေသေပိ သိရသာ နမေ။**

ဟူသော ကင်္ခါဝိတရဏီ အဋ္ဌကထာနိဿယပဏာမဖြင့် သိသာလေသည်။

## မူလပဏ္ဏာသအဋ္ဌကထာနိဿယရေးရန် အမိန့်တော်

အရှင်ဂန္ဓသာရသည် ရဟန်းသိက္ခာ ၁၂- ဝါအရတွင် ဂန္ထန္တရအဝဝ၌ လွန်စွာကျွမ်းကျင် တတ်မြောက်သည့်ဂုဏ် စသည့် သတင်းတို့ကြောင့် မင်းတုန်းမင်းတရားကြီးနှင့် မဟေသီမိဖုရားခေါင်ကြီးတို့၏ တိုက်တော်စလင်းကျောင်းကို တင်လှူကိုးကွယ်တော်မူမှုနှင့် ပဌမစာချ အဖြစ် ပစ္စည်းလေးပါး ကိုးကွယ်မှုကို ခံယူကာ အရပ်ရပ်မှ ကြွလာသော စာသင်သားတို့အား စာပေပို့ချဆဲရှိစဉ် ဘဒ္ဒန္တ ဥေယျမွောဘိဝံသ သံဃိဿရ သံဃဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီးက "တပည့်ဂန္ဓသာရ"ဟု မိန့်ဟထုတ်ဖော် ဘွဲ့အမည်ကိုခေါ်တော်မူပြီးလျှင် "သင်သည် အရှည်နောင်အခါ သာသနာကို ကောင်းစွာ စောင့်ရှောက် ချီးမြှောက်ရစ်ရမည်။ သုံးလီသော ပိဋကတ်တွင် သုတ္တန္တပိဋကတ် မဇ္ဈိမနိကာယ ဝဏ္ဏနာ ပပဉ္စသူဒနီ အမည်ရှိသော မူလပဏ္ဏာသ အဋ္ဌကထာ၏မှီရာ အတ္ထနိဿယကို ရေးသားပြုပြင် စီရင်ရစ်ရမည်"ဟု ဝစီမုခ အဘိယာစက မိန့်ဟသံချို အကြိမ်ကြိမ် လှစ်ဆို မိန့်တော်မူခဲ့ဘူးလေသည်။

## ရာဇဂုရုတံဆိပ်တော်ကို ပယ်မြစ်ခြင်း

ကျေးဇူးတော်ရှင် သာသနာပိုင်ဆရာတော် ဘုရားကြီးသည် သက္ကရာဇ် ၁၂၂၇-ခုနှစ်တွင် နတ်ပွဲသဘင် ဝင်စံတော်မူခဲ့လေသည်။ အရှင်ဂန္ဓသာရသည် ကျေးဇူးရှင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမမ္မာဘိဝံသ၏ မူလပဏ္ဏာသ အဋ္ဌကထာနိဿယရေးရန် မိန့်ကြားချက်ကို ဦးထိပ်ရွက်ဆောင်ကာ စာဝါများပို့ချယင်း အကြားအကြားတွင် မူလပဏ္ဏာသအဋ္ဌကထာနိဿယကို ရေးသား စီရင်ဆဲတွင် ပဥ္စမသံဂါယနာတင် ဘုရင်မင်းမြတ်နှင့် တောင်ညာဒေဝီ မဟေသီမိဖုရားခေါင်ကြီးတို့က များစွာကြည်ညိုသဒ္ဓါပသန္နဖြစ်ကြကာ "ဂန္ဓ သာရာဘိဇေသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော တံဆိပ်တော်နာမံ ကပ်လှူပူဇော်ကြရန်နှင့် တိုက်တော်သီးခြား တည်ထားကိုးကွယ်ရန် ရည်ရွယ် မှန်းခြင်းရှိကြသဖြင့် နန်းတော်သို့ပင့်၍ လျှောက်ထားချက်ကို အလျင်းပင် ငဲ့ကွက် တော်မမူပဲ ရာဇဝလ္လဘ အာဒီနဝကို ရှုဆင်ခြင်၍ ပယ်မြစ်တော်မူခဲ့လေသည်။ သို့ဖြစ်၍ ဆရာတော် အရှင်ဂန္ဓသာရ၏ လောကီဂုဏ်ပကာသနတို့၌ မကပ်ငြိပဲ စိတ်ထားတော် စင်ကြယ်မြင့်မြတ်ပုံမှာ အံ့ဩချီးကျူးဖွယ် စင်စစ်မှန်လှတော့ သည်။

မဟာဂုရု ဥပါဓိမ္ပိ၊ မဟာထေရော ပဋိက္ခိပိ။
လောကိယေနုပလိတ္တော စ၊ အဟော တဿ ဝိသုဒ္ဓတာ။

## သစ်ဆိမ့်တိုက်အတွင်းရှိ ကျောင်းတင်ခြင်းကိုခံယူခြင်း

မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် တံဆိပ်တော်နှင့် တိုက်တော် သီးခြားကိုးကွယ်မှုကို ပယ်မြစ်တော်မူသဖြင့် သစ်ဆိမ့်တိုက်အတွင်း ကျယ်ဝန်းလှစွာသော ကျောင်းတော်ကြီးကို ဆောက်လုပ်စေကြပြီး ရေမြေသခင် ဘုရင်မင်းမြတ်နှင့်တကွ ညာနတ်ဒေဝီ မဟေသီမိဖုရားခေါင် တောင်နန်းမတော် ကြီး မိုးမိတ်မင်းသမီး ကျောက်ပန်းတောင်းမင်းသမီး ပုခန်းမင်းကြီး ရေစကြိုစား တော် ဝန်ကြီးတို့က အသီးသီးအဝဝ ပစ္စယဒါယကာ ပျူငှာနှစ်သက် ကိုယ်စီ ထွက်၍ ဝှန်တက်သဒ္ဓါ ဝိဟာရမဟာပူဇာမင်္ဂလာဖြင့် ကောင်းစွာတင်လှူ ကိုးကွယ် ကြလေသည်။

မဟာပုညော မဟာရာဇာ၊ ပူဇယိ ထေရကုဥ္စရံ။
သုဝိသာလံ ဝိဟာရမ္ပိ၊ သာသနဿဘိဝုဒ္ဓိယာ။

## မင်းပရိတ်သတ်များ မချဉ်းကပ်ဝံ့ကြခြင်း

ယင်းသို့ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် ညာနတ်ဒေဝီ မဟေသီမိဖုရားခေါင်ကြီး မိုးမိတ်မင်းသမီး ကျောက်ပန်းတောင်းမင်းသမီး ပခန်းမင်းကြီး ရေစကြိုစားတော်ဝန်ကြီးတို့ ကြက်သီးဖွန်းတက် နှစ်သက်ကြည်ညို ကြသော်လည်း ပစ္စည်းလေးပါးဖြင့်သာ သဒ္ဓါအလျောက် ထောက်ပံ့လှူဒါန်းကြ ရ၏။ ရာဇဝလ္လဘ အာဒိနဝါနုပဿီဂုဏ် ကျောက်ထီးအလား လေးစားအပ်သော ဂရုဂါရဝတာဂုဏ် ဝတ္တာဝါဒီဝရယုတ္တမုတ္တဝါဒီဂုဏ် ပရိယတ္တိဝိသာရဒ ပဋိပတ္တိ သမ္ပန္န အစ္စာရဒ္ဓဝီရိယဂုဏ် ကြွယ်ဝလျှက် စွယ်လှမာတင် မုန်ဝင်အာသောက် ပေါက်သားအာဇာနည် အရည်မြောက်ပြီး ဆင်ပြောင်ကြီးကဲ့သို့ အနီးတိုးလစ် ခက်ရာခက်ဆစ် ထိုးပစ်မရဲ ကပ်နိုင်ခဲသော ဒုပ္ပဓံသိယဒုရာသဒဂုဏ်တို့ဖြင့် လွှမ်းခြုံထင်ပေါ် ကြားသိတော်မူကြသည်နှင့် နန်းတော် အိမ်တော်သို့ မကြာ မကြာ ပင့်ခေါ်ခြင်း ကျောင်းသို့သွားရောက်ချဉ်းကပ်ခြင်းနှင့် ဖြတိုက် သံဆင့် သံတော်ဆင့် နန်းမတော် မိုင်းခိုင်းအတွင်းဝန် ကြီးတို့လည်း အနီးထံမှောက် သွားရောက်ဆွေးနွေးခြင်း စသည်တို့ကို မပြုဝံ့ကြ မပြုရဲကြလေကုန်။

**ထေရဿ ထိရမာရဗ္ဘ၊ ဘူပါလပရိသာ ဓနာ။**
**ဂန္တုံ အဝိသဟာယေဝ၊ အဂ္ဂဂ္ဂထေရသန္တိကံ။**

## မာရ်အောင်ရတနာ စေတီဒါယကာသီပေါမင်း ဆက်လက်ကိုးကွယ်ခြင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သာသနာတော် စည်ပင် ပွင့်လင်းကြောင်း တိုင်းပြည်နိုင်ငံ သာယာဝပြောကြောင်း စသော ကောင်းသောလုပ်ငန်းတို့ကို ပြုလုပ်ဆဲ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ဝါခေါင်လပြည့် ကျော် ၁၀-ရက်နေ့မှစ၍ ပြင်းစွာမကျန်းမမာသဖြင့် သာသနာရေး တိုင်းရေး

ပြည်ရေးတို့ကို ဆောင်ရွက်စေရန် သက္ကရာဇ် ၁၂၂၀-ပြည့်နှစ် နတ်တော်လဆုတ် ၁၂- ရက် စနေနေ့ နံနက် ၄-ချက်တီးကျော်အချိန်တွင် လောင်းရှည်မြို့စား မင်းသမီး နန္ဒာဒေဝီမှ ဖွားမြင်ခဲ့သော သီပေါမြို့စား သားတော်ကို သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် တော်သလင်းလဆုတ် ၉-ရက်နေ့တွင် အိမ်ရှေ့မင်းအဖြစ် အပ်နှင်းလေသည်။ ဖော်ပြပါ ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက်နေ့ ပဉ္စမသံဂါယနာတင် ဘုရင်မင်းမြတ်ကြီး နတ်ရွာစံသဖြင့် သားတော် မဟာဥပ ရာဇာသည် ထိုနှစ် သီတင်းကျွတ်လဆန်း ၇-ရက်နေ့တွင် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူ၍ ခမည်းတော်နည်းတူ အရှင်ဂန္ထသာရအား ဆက်လက်၍ ကိုးကွယ်လေသည်။

**မင်းတုန်းရာဇေ နိရုဒ္ဓမှိ၊ သီပေါရာဇာပိ ပူဇယိ။**
**ပုဗ္ဗေဝ ထေရသေဋ္ဌဿ၊ အဂ္ဂဂ္ဂပစ္စယေဟိပိ။**

## ရေစကြိုမြို့သို့ ကြွတော်မူခြင်း

ဆရာတော် အရှင်ဂန္ထသာရသည် သက္ကရာဇ် ၁၂၄၁-ခုနှစ်တွင် ရေစကြိုမြို့ဝန်မင်းကြီးက ဆရာတော်အရှင်ဝရသမ္ဘောဓိ သီတင်းသုံးခဲ့ရာ ကျောင်းတိုက်၌ ကျောင်းကြီး ကျောင်းမ ပြသာဒ် စနုဘောဂ အရံအုဋ် တိုက်ကျောင်းများနှင့်တကွ လှပတင့်တယ် ကြီးကျယ်မွမ်းမံ တည်ထောင် ဆောက်လုပ်ပြီးလျှင် "ဆရာတော်ဘုရားကြီးကို အမှီပြု၍ သုဂတိဘဝ အမတခေမာ ရောက်လိုပါကြောင်း ရေစကြိုမြို့သို့ကြွ၍ ဆရာ့နေရာ စဉ်လာမပျက် ဆက်လက်သဖြင့် အသင့်မျှတ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ကိစ္စဖြင့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်းတော်မူပါ ဘုရား" ဟု လျှောက်ထား တောင်းပန်ချက်ကို နှစ်သက်ကြည်ဖြူ လက်ခံယူကာ မူလပဏ္ဏာသအဋ္ဌကထာနိဿယကြီးကို ရေးစီရင်ပြီးနောက် သက္ကရာဇ် ၁၂၄၁-ခုနှစ်တွင် မန္တလေးမြို့တော်၌ ၂၈- ဝါတိုင်တိုင် သီတင်းသုံးတော်မူပြီးမှ ရဟန်းသိက္ခာ ၃၆-ဝါအရတွင် နောက်ပါ သံဃာများစွာနှင့်တကွ ရေစကြိုမြို့သို့ ကြွတော်မူ၍ အောင်မြေသာယာ မင်္ဂလာမင်း ကျောင်းတိုက်ကြီး၌ သီတင်းသုံး၍ ဂန္ထဓုရ ဝိပဿနာဓုရ ၂-ပါးကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။

ရေစကြို မဟာမစ္စေန၊ သက္ကစ္စမဘိယာစိတော။
အနုဂ္ဂဟံ ဟိ သော ထေရော၊ အဂ္ဂဍ္ဎိ ရေစကြိုပုရံ။

## ပခုက္ကူမြို့ ပန်စွာကျောင်းတိုက်၌ သီတင်းသုံးစာပေပို့ချတော်မူခြင်း

ဤသို့ ဆရာတော်အရှင်ဂန္ထသာရသည် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီး၌ သီတင်းသုံးကာ ဂန္ထဓုရ ဝိပဿနာဓုရတို့ဖြင့် ဘုရားရှင်သာသနာတော်ကို နေအစင်း လအစင်း ရာထောင်မက လင်းစေခဲ့လေသည်။

သို့ရာတွင် သက္ကရာဇ် ၁၂၅၈-ခုနှစ်ရောက်သောအခါ သံဃာတော်အရှင်သူမြတ်တို့၏ ဝေါစရဂါမ် မှီတင်းကြရာ ရေစကြိုမြို့သည် ပင်ကိုယ်ကပင် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်သတင်း တဝင်းဝင်းတောက်၍ ထက်အောက်ကျေညာ မြို့ရွာခရိုင် နိုင်ငံအရပ်ရပ်မှ လာရောက်ကြသော သံဃာ့ဝန်ကို မငြိုမငြင် မျှတရအောင် ထမ်းဆောင်ခြင်းငှာ မနိုင်လာသည့်အပြင် မြို့ရွာအလုံးမီးသင့်လောင်သဖြင့် ဆုံးပါးပျက်စီးလေသော် တပည့်သံဃာတော်တို့မှာ ဘုရားရှင် ၁၂-ဝါရ ဝေရဥ္စာ ပြည်မှာကဲ့သို့ လှည့်လည်ကြွလှမ်း သလုံးစွမ်းဖြင့် ပင်ပန်းအောင် ဆွမ်းခံကြရသော်လည်း ဘောဇနသပ္ပါယ မဖြစ်သဖြင့် ပခုက္ကူမြို့မှ ပွဲစားဦးရွှေတောင် အစရှိသော လူကြီးလူကောင်းတို့က ပခုက္ကူမြို့၌ သီတင်းသုံး၍ ပရိယတ္တိသာသနာ ဖြန့်ချိပါရန် လျှောက်ထားသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူကာ သက္ကရာဇ် ၁၂၅၈- ခုနှစ်တွင် ပခုက္ကူမြို့ ပန်စွာကျောင်းတိုက်သို့ကြွ၍ မယ်မင်းခင်ကျောင်းသစ်ပေါ်၌ သီတင်းသုံးကာ ၇-ဝါကြာမျှ အနယ်နယ်အစိုစိုအမြို့မြို့အရွာရွာမှ ကြွလာမှီခိုကြသော စာသင်သားတို့အား မအားနိစ္စ စာပို့ချကာ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။

ဆရာတော်သည် မယ်မင်းခင်ကျောင်းပေါ်တွင်ပင် စာချယင်း ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယ ကင်္ခါဝိတရဏီအဋ္ဌကထာစာစပ် ပကိဏ္ဏကစာစပ်တို့ကို ရေးတော်မူခဲ့လေသည်။

ဦးရွှေတောင် သဇ္ဇနာဒီဟိ၊ ဥပါသကေဟိ ယာစိတော။
ထေရော ပန်စွာဘိဓာနမှိ၊ အာရာမမှိ ဝသိ တဒါ။

## မဟာဝိသုတာရာမတိုက်တော်ကြီး တည်ပြီ

ကျေးဇူးရှင် ရေစကြိုဘုရားကြီး အရှင်ဂန္ဓသာရသည် ဖော်ပြပါ ပန်းစွာကျောင်းတိုက်၌ ၇-ဝါ ကာလပတ်လုံး သီတင်းသုံးတော်မူပြီး အရှင်ကေလာသဘ အမည်ရှိသော တပည့်ကြီးကို သံဃာအားလုံး အပ်နှင်းခဲ့ပြီး ရေစကြိုမြို့သို့ကြွ၍ ဝါကပ်တော်မူလေသည်။

## ဦးစံပေါ် ဒေါ်ငွေတို့၏အကြံ

ပခုက္ကူမြို့ ဈေးဟောင်းရပ်၌ ဦးစံပေါ် ဒေါ်ငွေဟူသော ဇနီးမောင်နှံ သူတော်စင်နှစ်ဦး နေထိုင်လျှက်ရှိကြသည်။ သူတို့သည် ဥစ္စာဓန ကြွယ်ဝကြသည့်အလျောက် သဒ္ဓါတရားလည်း ပေါပြည့်ဝကြကုန်၏။ ဦးစံပေါ်မှာ အလောင်းတော် ဝေဿန္တရာမင်းကဲ့သို့ ဒါနမှုပြုရာ၌ တင်းတိမ်အားရသည်ဟု မရှိပေ။ ဇနီးသည် ဒေါ်ငွေမှာလည်း ယသော်ဓရာအလောင်း မယ်မဒ္ဒီဒေဝီပမာ ဦးစံပေါ်နှင့် စိတ်စေတနာတူမျှ၍ သဒ္ဓါတရားပြည့်ဝသည့် ပါရမီဖြည့်ဖက် ပါရမီရှင် အမျိုးသမီးတစ်ဦးဖြစ်လေသည်။ သူတို့နှစ်ဦးမှာ "ငါတို့ကိုးကွယ် ဆည်းကပ်နေသည့် ကောင်းမှုပြုရာ ပုညတိတ္ထ ပုညဘူမိ ပုညပတြကြီး ဖြစ်တော်မူသည့် ကျေးဇူးတော်ရှင် အရှင်ဂန္ဓသာရအရှင်မြတ်ကြီး ရေစကြိုမြို့သို့ ပြန်ကြွသွားချေပြီ။ ဆရာတော်ဘုရားကြီး ပြန်လည်၍ မကြွမလာပါလျှင် တို့တစ်တွေနှင့် မြို့သူမြို့သားတို့ ကုသိုလ်ကောင်းမှု ယုတ်လျော့ချေတော့မည်။ ငါတို့သည် ထိုကျေးဇူးရှင် အရှင်ဂန္ဓသာရကိုမှီ၍ ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြရပါကုန်မူကား အတိုင်းမသိ ကောင်းမြတ်ကြရာ၏ဟု ကြံစည်စိတ်ကူးကြလေသည်။

## ဂဏဝါစကများနှင့်ဆရာတော်ကြီးအားလျှောက်ခြင်း

ဦးစံပေါ် ဒေါ်ငွေတို့သည် ကြံစည်ပြီး ပန်းစွာတိုက်သို့ ချက်ချင်း သွားရောက်ကြကာ ဂဏဝါစက ရဟန်းတော်တို့ကို . . .

"အရှင်ဘုရားတို့. . . ပခုက္ကူမြို့မှာ အမြဲသီတင်းသုံးကြ၍ သာသနာကို စောင့်ရှောက်ကြပါကုန်မူ တပည့်တော်များ မြေကွက်သစ်ကိုဝယ်၍ ကျောင်းတိုက်သစ်တည်ကာ လှူဒါန်းလိုကြပါသည်"ဟု လျှောက်ထားကြပြီး ရေစကြို ဆရာတော် ဘုရားကြီးထံသို့လည်း သွားရောက်ကြကာ ရှေးနည်းအတူ ချဉ်းကပ်လျှောက်ထားကြပြန်ရာ "ငါကား အသက် ၇၀-ရှိပြီး ပစ္ဆိမအရွယ်သို့ ရောက်လေပြီ ဂဏဝါစက စာချများဖြစ်သော ရှင်နန္ဒိယ, ရှင်ပညာ, ရှင်အဂ္ဂဓမ္မ, ရှင်နန္ဒဝံသ တို့ကလက်ခံလျှင် သင်တို့သဘောအတိုင်း အရံသစ်ကို စီမံလှူဒါန်းနိုင်ကြသည်" ဟု မိန့်တော်မူလိုက်လေသည်။

## မြေနေရာဝယ်ယူပြီ

ဦးစံပေါ် ဒေါ်ငွေတို့သည် ဆရာတော်ဘုရားကြီးအမိန့်သံနှင့် ဂဏဝါစက ဆရာတော်တို့၏ ပဋိညာဉ်ရလျှင် က, တော့မလို ခုန်တော့မလို လွန်စွာဝမ်းမြောက်ကြကာ ခန်တော၍ာအရှေ့ဖက်,တောင်,မြောက်, အရှေ့သုံးမျက်နှာတို့၌ လမ်းမဖြင့် ပိုင်းခြားလျှက်ရှိသော မင်္ဂလာသိရီလက္ခဏာနှင့် ပြည့်စုံသော လယ်မြေကိုပိုင်ဆိုင်သူ မြေရှင်ဆရာမောင်၊ ကိုစံရာ၊ ကိုဖိုးဦး၊ ကိုမြတ်သာ၊ ကိုမြတ်လူ၊ ကိုစံကျော်၊ ဆရာမြင့်တို့ထံမှ ငွေအသပြာ ငွေ ၁၀၀၀-ကျပ်ဖြင့် ဝယ်ယူကြလေသည်။

## ကျောင်းတိုက်ကြီး ပနက်ချပြီ

ဦးစံပေါ် ဒေါ်ငွေတို့သည် မြေနေရာဝယ်ယူကြပြီး အရှေ့မျက်နှာ ၃၆၄-တောင်၊ အနောက်မျက်နှာ ၄၆၉-တောင်၊ တောင်မျက်နှာ ၄၆၂-တောင်၊ မြောက်မျက်နှာ ၃၈၈-တောင်၊ ပတ်လည်အဝန်း ၁၆၈၃-တောင် ကျယ်ဝန်းသော မြေမျက်နှာပြင်ကို ကောဇာသက္ကရာဇ် ၁၂၆၅-ခုနှစ်၊ တပိုတွဲလပြည့်ကျော် ၄-ရက်၊ ကြာသပတေးနေ့၊ နံနက် ၄-ချက်တီးကျော်၊ ၄-ခြာ၊ တစ်ပါဒ်၊ ၁၂-ဗီဇနာ၊ ၅-ပြန်၊ ၃-ခရာ၊ မကာရလင်္ဂ၊ ကံစန်း၊ နက္ခတ် ၁၂-လုံး၊ ထက်လက်စီးလျှက် နေရိပ် ၂၂-ဖဝါး၊ အချိန်၊ သွာတိနက္ခတ် မွန်းတည့်မတ်၍ တစ်ပါဒ်ပြည့်အခါ၌ တြင်းသံ၊ နဝင်းသံတို့ကိုနာခံ၍ အရှေ့မြောက်ထောင့်၌ ရွှေပနက်ကို တနင်္ဂနွေ သား၊ အရှေ့

တောင်ထောင့်အရပ်၌ ငွေပနက်ကိုအင်္ဂါသား၊ အနောက် တောင်ထောင့်အရပ်၌ ကြေးပနက်ကိုစနေသား၊ အနောက်မြောက်ထောင့်၌ ကျောက်ပနက်ကို ဗုဒ္ဓဟူး (ရာဟု)သားတို့ကို မှတ်စေကြကာ ပနက်ချပွဲ ကျင်းပကြလေသည်။

## ပရိတ်ရွတ်၊ ကမ္မဝါစာဖတ်၊ မြေသန့်ခြင်း

ဤသို့ ပနက်ချပြီးနောက် ထိုစဉ်က-

၁။ ပခုက္ကူမြို့ဂိုဏ်းအုပ် လယ်ပြင်ဆရာတော် အရှင်ကလျာဏ။

၂။ ပခုက္ကူမြို့ ဂိုဏ်းထောက်ခန်တောတိုက်အုပ် ဆရာတော်အရှင်စန္ဒိမာ။

၃။ ပခုက္ကူမြို့ ရွှေဂူတိုက် ရတနာ့ဗိမာန်အုဋ်ကျောင်းဘုန်းကြီး အရှင်ပညာဝံသ။

၄။ မဟာဝိသုတာရာမတိုက်သစ် တိုက်အုပ်ဘုန်းကြီး အရှင်နန္ဒိယ။

၅။ တိုက်ကြပ်ဘုန်းကြီး အရှင်ပညာ။

၆။ တိုက်ကြပ်ဘုန်းကြီး အရှင်နန္ဒဝံသ။

၇။ တိုက်ချုပ်ဘုန်းကြီး အရှင်ဝိမလ-စသော မထေရ်မြတ်တို့သည် ပခုက္ကူမြို့နေ ကိုရန်အောင်၊ ကိုရန်ကင်း၊ ကိုရန်လင်း၊ ကိုရန်မှား၊ ကိုရန်ဝေး၊ ကိုအောင်ကြီး၊ ကိုအောင်ရ၊ ကိုအောင်ခဲ၊ ကိုအောင်စံ၊ ကိုအောင်ဘ၊ ကိုထွန်းအေး၊ ကိုထွန်းပေါ်၊ ကိုထွန်း၊ ကိုရွှေတောင်၊ ကိုကြင်တော်၊ ကိုမြတ်သာ၊ ကိုကျော်၊ ကိုရွှေသိန်း စသော လူကြီးမင်းတို့အစုံအညီ ပထဝီဇယမင်္ဂလာဂါထာ မန္တာန်မန္တရား ပရိတ်မေတ္တာကမ္မဝါစာတို့ကို ဖတ်ရွတ်တော်မူကြကာ ကျောင်းတိုက်ကြီး၏နေရာ မြေသန့်မင်္ဂလာပွဲကြီး ကျင်းပလေသည်။

## ဆရာတော်ကြီးနှင့်သံဃာတော်များ သီတင်းသုံးပြီး ကျောင်းများရေတွင်းများ ဆောက်လုပ်စီမံခြင်း

- ဦးစံပေါ် ဒေါ်ငွေတို့ အမျူးရှိသော ဒကာဒကာမတို့သည် ပရိဝုဏ်မျဉ်းတားခတ်ကြပြီး အသီးသီး စိတ်တူကိုယ်မျှ ကျောင်းများ ရေတွင်းများ စီမံဆောက်လုပ်ကြပြီး သာသနာသက္ကရာဇ် ၂၄၄၈-ခု၊ ကောဇာသက္ကရာဇ် ၁၂၆၆-ခုနှစ်၊

ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့တွင် အရှေ့ပန်းစွာတိုက်မှ ဆရာတော်ဘုရားကြီး နံ့သင့်စကားနှစ် ရုပ်ပွားဆင်းတု ၂-ဆူနှင့် ဓမ္မက္ခန္ဓာပေစာများကို ထီးဖြူစိုက် မိုးကာ သံဃာတော် ၁၆၀-ကျော်တို့နှင့်တကွ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကို ပင့်ဆောင်ကိုးကွယ်ကြလေသည်။

(ပခုက္ကူသာသနာဝင်ကျမ်း ၅၃၊ ၅၅-၌ ဒုတိယဝါဆိုလဆန်း(၈)ရက် နေ့တွင် ကြွရောက်၍ သီတင်းသုံးသည်ဟု လာရှိသည်မှာ မှတ်တမ်းသစ်အရ ဖြစ်ရာ ဤ၌ဖော်ပြသည်မှာ မှတ်တမ်းဟောင်းအရဖြစ်၍ ပိုပြီးသင့်ပါသည်။)

**စမ္ပက္ခန္ဓကသာရေန၊ နိမ္မိတံ ပဋိမာဒွယံ။**
**ပုရေကတွာ ဓမ္မက္ခန္ဓံ၊ သသံဃော တမုပါဂမိ။**

## ခဏ္ဍသိမ် သမုတ်ခြင်း

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် သံဃာ တော် အရှင်သူမြတ်တို့ ကံကြီး, ကံငယ် ဆောင်ရွက်လွယ်ရန် တိုက်လယ်မြေ ၁-ဧကခန့် အရပ်ကို သတ်မှတ်ပိုင်းခြားစေ၍ တိုက်ဒကာကိုပင် အစိုးရမင်းတို့ထံ ဝိသုံဂါမသိမ် မိန့်ခံစေပြီးလျှင် အကြိမ်များစွာ ဥပသမ္ပဒကံ ဥပုသ်ကံအစရှိသော ကံကြီး, ကံငယ်တို့ကို ဆောင်ရွက်တော်မူကြရသည်။

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော ရွာသစ်ဘုန်းကြီး အရှင်သုဘောဂ လျှောက် ထားတောင်းပန်ချက်အရ နောင်လာဆက်ပွား တပည့်သားတို့ နားလည်စေခြင်း အကျိုးငှာ တိုက်ရှိသံဃာအားလုံး သိမ်နှုတ်ကမ္မဝါ သိမ်သမုတ်ကမ္မဝါစာတို့ကို အချိုးတကျ အာဂုံနှုတ်တက် သင်ကြားစေ၍ သီမာသင်္ကရ ဒေါသအတွက် ယုံမှား သံသယ ကင်းရအောင် တိုက်သစ်မြေကို အရပ်အားလုံး၌ ဟတ္ထပါသ်ချင်းစပ်မျှ အထပ် ထပ်အကြိမ်ကြိမ် သိမ်နှုတ်ကမ္မဝါစာဖြင့် နှုတ်သိမ်းစေတော်မူကာ တိုက် ဒကာကြီးဦးစံပေါ် တိုက်အမကြီးဒေါ်ငွေတို့ကို သိမ်ဒကာ သိမ်ဒကာမ ပြုစေ တော်မူ၍ သာသနာသက္ကရာဇ် ၂၄၄၈-ခု၊ ကောဇာသက္ကရာဇ် ၁၂၆၆-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်နေ့တွင်-

၁။ လယ်တွင်းကိုးခရိုင် ဂိုဏ်းချုပ်ဆရာတော်

၂။ မအူဂိုဏ်းချုပ်ဆရာတော်၊

၃။ စိုင်သေဆရာတော်၊

၄။ ကျက်ဆူကျင်းဆရာတော်၊

၅။ ပခုက္ကူမြို့ ဂိုဏ်းချုပ်လယ်ပြင်ဆရာတော်ဘုရားကြီး-အစရှိသော မြို့ပေါ်ရှိ ဆရာတော် သံဃာတော်တို့နှင့်တကွ အနီးအဝေး ဆရာတော် ၂၀၀-ကျော်တို့စုံညီစွာ နေ့ ၁-ချက်တီးကျော် အချိန်ဝယ် တိုက်လယ်ဝိသုံဂါမမြေအတွင်း အရှေ့အနောက် အလျားအတောင် ၁၂၀ တောင်,မြောက်အနံ ၈၅-တောင် ရှိသောမြေကို ခဏ္ဍသိမ်အဖြစ် ပိုင်းခြားမှတ်သားတော်မူ၍ အရပ်ရှစ်မျက်နှာတို့၌ ရေနိမိတ်ကို ပါဠိဘာသာ မြန်မာဘာသာ ပါဠိမြန်မာ ၂-ဘာသာ အစုံဟူသော ၃-ပါးသော နိမိတ်ကြားနည်းတို့ဖြင့် ၃-ခါ၊ ၃-ပတ်၊ ၃-ထပ်စေ့အောင် ကြားစေပြီးမှ သမာနသံဝါသက သီမာသမ္မုတိကမ္မဝါစာကို ဗျတ္တပဋိဗလ ပုဂ္ဂိုလ်တို့ကို ရွေးကောက်၍ ပဌမကမ္မဝါစာ၊ ဒုတိယကမ္မဝါစာ အစရှိသည်ဖြင့် ပုဂ္ဂိုလ်လဲလှယ်၍ ရွတ်ဖတ်စေလျှက် သတ္တမမြောက်ကမ္မဝါစာကို ရေစကြိုဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရ ကိုယ်တိုင်ဖတ်တော်မူပြီးမှ အဝိပ္ပဝါသ သီမာသမ္မုတိကမ္မဝါစာတို့ကိုလည်း ရှေးနည်းတူ ပဌမ၊ ဒုတိယ စသည်တို့ဖြင့် ဖတ်ကြားစေ၍ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရက အပြီးအဆုံးနိဂုံးသတ် ဖတ်ကြားတော်မူရကား ခဏ္ဍသိမ်တော်သည် အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အောင်မြင်ခြင်းသို့ ရောက်လေသည်။

## သိမ်အောင်သည့် နိမိတ်ထူး

သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ် မဟာသိမ်ကြီးနှင့်တကွ သိမ်အားလုံး သမုတ်ပြီးသောအခါ မဟာပထဝီမြေကြီး တုန်လှုပ်သကဲ့သို့ အရှင်ဂန္ဓသာရ မဟာထေရ်အမျှူးရှိသော သံဃာတော်တို့ သိမ်သမုတ်ပြီးသောအခါ မွန်းတိမ်းခါစ ဖြစ်သော်လည်း မိုးကောင်းကင်တစ်ခွင်လုံး ပြတန်မျက်နှာကြက်သဖွယ် မိုးသားတိမ်တိုက်ဖြင့် မိုးမရွာပဲ ဖုံးကွယ်စေကာ အောင်မြင်သည့် အထိမ်းအမှတ်ကို မိုးနတ်သိကြားတို့ ထင်စွာပြကြကုန်သည်။

အဗန္ဓိ ခဏ္ဍသိမံ စ၊ တသ္မိံယေဝ ဒိနေ သုဓီ။
မေဃစ္ဆန္နော အဟောသိ စ၊ သီမာဗန္ဓေ သမာပိတေ။

## မဟာသိမ်သမုတ်ခြင်း

ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ အမှူးရှိသော သံဃာတော်တို့သည် ခဏ္ဍသိမ်၏မြောက်ဖက် သမုတ်မည့်မဟာသိမ်အတွင်း ဆောက်လုပ်ထားသောမဏ္ဍပ်၌ စုဝေးသီတင်းသုံးတော်မူကြသည်။

## သီမန္တရိက်

ဆရာတော် ဘုရားကြီးသည် အနံ ၈-တောင်ရှိသော မြေအရပ်ကို ခဏ္ဍသိမ်၊ မဟာသိမ်တို့၏အကြား သီမန္တရိက် မြေအပိုင်းအခြား မှတ်သားစေ၍ မဟာသိမ်အတွင်း နိမိတ်ဖြစ်သော ရေနိမိတ်တို့ကို နိမိတ်ရှိရာသို့သွား၍ မကြားစေပဲ သံဃာတော်တို့အလယ်၌ နိမိတ်မေးသူ ဖြေသူတို့ကို အသီးသီး မေးဖြေစေတော်မူ၍ ပါဠိမြန်မာ ၂- ပါးစုံဟူသော ၃-ပါးသော နိမိတ်ကြားနည်းတို့ဖြင့် ၃- ခါ၊ ၃-ပတ်၊ ၃-ထပ်စေ့အောင် ကြားစေတော်မူပြီး မဟာသိမ်နိမိတ်ဖြစ်သော တိုက်ပရိဝုဏ်မြင်းသား၏ အတွင်းပတ်လည် အရပ်ရှစ်မျက်နှာတို့၌ ရေနိမိတ်တို့ကိုလည်း ရှေးနည်းတူ ကြားစေတော်မူပြီးလျှင် ခဏ္ဍသိမ်ကို သမုတ်တော် မူသည့်နည်းတူ သမာနသံဝါသသီမာသမ္မုတိကမ္မဝါစာ၊ အဝိပ္ပဝါသသီမာသမ္မုတိကမ္မဝါစာကို ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရက အပြီးအဆုံး နိဂုံးသတ် ဖတ်ကြားတော်မူသဖြင့် မဟာသိမ်တော်ကြီးသည်လည်း ဝိဂတ ဒေါသ ဒဠှီကမ္မ၊ သုပရိသုဒ္ဓ၊ သဗ္ဗင်္ဂလက္ခဏာ စုံလင်သဖြင့် အောင်မြင်ခြင်းသို့ ရောက်လေသည်။

## မဟာဝိသုတာရာမတိုက်တော်ကြီး ရေစက်ချလှူပြီ

ဤသို့ဖြင့် ကျောင်းတိုက်အင်္ဂါ အတော်အသင့် စုံလင်ပြီးဖြစ်သော တိုက်တာအာရာမ်ကြီးကို သာသနာသက္ကရာဇ် ၂၄၄၉-ခု၊ ကောဇာသက္ကရာဇ် ၁၂၆၇-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈-ရက်နေ့၌ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ ကိန်းဝပ်တော်မူရာ အလယ်ကျောင်းကြီးပေါ်တွင်-

၁။ ရွှေဘိုဘုန်းကြီး အရှင်ဝိလာသဂ္ဂ၊
၂။ ရွှေဘိုဘုန်းကြီး အရှင်အာစာရ၊
၃။ တိုက်ချုပ်ဘုန်းတော်ကြီး အရှင်ဝိမလ၊
၄။ ညောင်ကန်အေးဘုန်းတော်ကြီး အရှင်ဇဝန၊
၅။ ယင်းတော်ဘုန်းတော်ကြီး အရှင်အာလောက၊
၆။ ဝန်းသိုဘုန်းတော်ကြီး အရှင်စန္ဒိမာ၊
၇။ တိုက်အုပ်ဘုန်းတော်ကြီး အရှင်နန္ဒိယ၊
၈။ တိုက်ကြပ်ဘုန်းတော်ကြီး အရှင်နန္ဒဝံသ၊
၉။ ငါးသရော်ဘုန်းတော်ကြီး အရှင်ဇဝန၊
၁၀။ ညောင်တုန်းကျောင်းဘုန်းကြီး အရှင်သောမ၊
၁၁။ ဘုံကျောင်းဘုန်းကြီး အရှင်သုမန၊

ဟူသော သံဃာတော်များနှင့် ပွဲစားကြီးဦးရွှေတောင်၊ ဦးပဲလှော်၊ ဦးသာကွမ်း၊ ဦးရွှေဝ၊ ဦးဘိုးချမ်း၊ ဦးရွှေသိုက်၊ ဦးအုန်းပင်၊ ဦးထိုက်၊ ဦးဖိုးလှ၊ ဦးချင်းအို စသော လူပုဂ္ဂိုလ်များရှေ့၌ တိုက်ဒကာဦးစံပေါ်၊ တိုက်ဒကာမ ဒေါ်ငွေတို့က မင်္ဂလာမဟာဝိသုတာရာမကျောင်း တိုက်တော်ကြီးအာရာမ်မြေကို ရေစက်ချလှူ လိုကြောင်း ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရအား လျှောက်ထားလေလျှင်-

ဆရာတော်ဘုရားကြီးက မောင်စံပေါ်နှင့် မိငွေတို့ ကျောင်းလှူခြင်းသည်-

၁။ ပုဂ္ဂလိကလှူဒါန်းခြင်း၊
၂။ ဂဏိကလှူဒါန်းခြင်း၊
၃။ သံဃိကလှူဒါန်းခြင်း၊
၄။ ဂိုဏ်းပုဂ္ဂိုလ်တစ်သက်လှူဒါန်းခြင်း၊
၅။ ကျောင်းကန်သံဃာတည်သမျှလှူဒါန်းခြင်း၊
၆။ သာသနာစဉ်ဆက်လှူဒါန်းခြင်းမျိုးတို့တွင်

အဘယ်လှူဒါန်းခြင်းမျိုးကဲ့သို့ လှူဒါန်းလိုသနည်း? မိမိကြည်လင်ရာ ကြိုက်

နှစ်သက်ရာ လှူဒါန်းနိုင်သည်ဟု မိန့်ကြားတော်မူသည်။

ထိုအခါ တိုက်ဒကာကြီးဦးစံပေါ် နှင့်ဒေါ်ငွေတို့က "ထူးမြတ်သော အကျိုးရှိသည်ကို အလိုရှိပါသည်။ သာသနာစဉ်ဆက် မုတ္တစတ္တ သံဃိက လှူဒါန်းပါရစေဘုရား"ဟု လျှောက်ထားလေသော် ဆရာတော်ဘုရားကြီးက လွန်စွာ ဝမ်းမြောက်တော်မူကာ-

"ဗိမ္ဗိသာရမင်းက ဝေဠုဝန်ကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော စာတုဒ္ဒိသာ သံဃာအား လှူဒါန်းသည်။ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတိုက်ကြီးကိုလည်း ဘုရားအမှူးရှိသော သံဃာတော်အားပင် လှူဒါန်းသည်။ ဝိသာခါဒါယကာမကြီးက ပုဗ္ဗာရုံကျောင်းတိုက်ကြီးကိုလည်း ဘုရားအမှူးရှိသော သံဃာတော်အပေါင်းတို့အားပင် လှူဒါန်းသည်။ မောင်စံပေါ် မိငွေတို့၏ လှူဒါန်းခြင်းသည်လည်း အထက်ပါ ဗိမ္ဗိသာရ၊ အနာထပိဏ်၊ ဝိသာခါတို့၏ လှူဒါန်းပုံနှင့်တူသည်။ ရှေးသူဟောင်း မင်းကောင်းမင်းမြတ် သူတော်မြတ်တို့ကဲ့သို့ ကိုယ်ထိလက် ရောက် လှူဒါန်းရမည်" စသည်ဖြင့် သွန်သင်ဆုံးမ ညွှန်ပြတော်မူပြီး တိုက်ဒကာကြီး ဦးစံပေါ် ဒေါ်ငွေတို့ကို ကျေးဇူးရှင်ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ လက်တော်ထက်၌ ရေစက်သွန်ချစေ၍-

**ဣမာဟံ ဘန္တေ အာရာမံ၊ သုဝိသာလံ မနောရမံ။**
**စာတုဒ္ဒိသဿ သံဃဿ၊ ဒဒါမိ ပဋိဂ္ဂဏှထ။**

"ဆရာတော် အရှင်သူမြတ်ဘုရား လွန်စွာကျယ်ဝန်းလှသော နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော ဤကျောင်းတိုက်ကြီးကို အာဂတာနာဂတ စာတုဒ္ဒိသ သံဃာတော်အား ပေးလှူပါ၏ဘုရား။ အရှင်သူမြတ်တို့သည် သံဃာ့ကိုယ်စား လက်ခံတော်မူပါကုန်ဘုရား"ဟုဆို၍ လှူဒါန်းကြလေသည်။

## သာခုသံ တခဲနက်

ရေစက်ချပြီးသည်၏အဆုံး၌ ကောင်းချီးပေးကြသော ရဟန်း ရှင်လူတို့၏ သာခုခေါ်သံကြီးသည် တခဲနက်ကျယ်လောင်စွာ ပေါ်ထွက်လာတော့သည်။

ဂန္ဓသာရသဿ ဟတ္ထမှိ၊ ဒက္ခိဏောဒကမာကိရိ။
ဩသာနေ သာဝုနာဒေါ စ၊ ဧကေဠနော ပဝတ္တတိ။

## မဟာဝိသုတာရာမတိုက် ဝေါဟာရ

ကျောင်းတိုက်ကြီး၏ အမည်ကိုလည်း ကျေးဇူးတော်ရှင် ဆရာတော်ရင်း ဖြစ်တော်မူသော "ဥ ယျမ္မာဘိမုနိဝရဉာဏကိတ္တိသိရီဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" နတ်ရဲတောင် သာသနာပိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသည့် မန္တလေးမြို့ အရှေ့ပြင် အလယ်က လှေကားရှစ်စင်းတပ် မဟာတုလ္လတ်ဘုံစံကျောင်းတော်နှင့်တကွ ကျောင်းရံ ၂၀-ကျော်ရှိသော မဟာဝိသုတာရာမကျောင်း တိုက်တော်ကြီး၏အမည်ကို အပြီးသတ်မှည့်ခေါ် သတ်မှတ်တော်မူလေသည်။

သံဃာတော်အရှင်သူမြတ်တို့အား ကျောင်းဆောက်လှူဒါန်းခြင်း သည် မြတ်ပါပေသည်ဟု သုံးလူထွတ်ထား ဘုရားမြတ်စွာ ချီးမွမ်း ထောမနာအပ်လေ သည်။

**ဝိဟာရဒါနံ သံဃဿ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။**

(စူဠဝဂ္ဂပါဠိတော် ၂၉၂။)

ကျောင်းကန် အာရာမ်လှူဒါန်းမှု၏ အကျိုးအာနိသင်ကို ဘုရားရှင်တို့ကို ကြဉ်ထား၍ ပါးစပ်ခံတွင်း အသောင်းရှိသော အဘယ်မည်သော ယောကျာ်း သည် ကုန်စင်အောင် ဟောနိုင်လိမ့်မည်နည်း? ကုန်စင်အောင် မဟောနိုင်ရိုး မှန်လှတော့သည်။

**အာဝါသဒါနဿ ပနာနိသံသံ၊ ကော နာမ ဝတ္တုံ ပုရိသော သမတ္ထော။**
**အညတြ ဗုဒ္ဓါ ပန လောကနာထာ၊ ယုတ္တော မုခါနံ နဟုတေန စာပိ။**

**နိဿယ။** ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏။
ကြောက်ခြင်းယက္ခ၊ ပါပမဖက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊
ကုဋိကျောင်းလှူ ရှစ်မျိုးတည်း။

## သက်န်းရောင် ပြောင်ပြောင်ဝင်း ထွန်းလင်းရာ

ထိုအချိန်အခါမှစ၍ မဟာဝိသုတာရာမ နာမသမိုက်တိုက်တော်ကြီးသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနှင့်တကွ တိုက်အုပ်၊ တိုက်ကြပ်၊ စာချ ပုဂ္ဂိုလ်တို့၏ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဝနှစ်တန်သော သာသနာ့ဝန်ကို အလွန်အကျူး အထူးသည်ပိုး ရွက်ဆောင်ကြခြင်းတည်းဟူသော ဓမ္မာနုဂ္ဂဟ၊ သာသနာနုဂ္ဂဟ ဓမ္မသြဇာ ရသချိုမြတ် ဝတ်ယတ်ဝတ်မှုန်ကို တလှုံ့လှဲလဲ မှီဝဲ ဆည်းကပ် ပျားပန်းခတ်သို့ အရပ်လေးမျက်နှာမှ လာရောက်ကြကုန်သော တပည့် တပန်း ရဟန်းပရိတ်သတ်တည်းဟူသော ပျားပိတုန်းတို့သည် အုန်းအုန်း ဆူညံ အသံမစဲ ဝတ်မှုံဝဲလျှက် စာပွဲသဘင် နေ့စဉ်ဝင်ကြ ကျင်းပကြ၍ အရပ်လေးမျက်နှာမှ လာရောက်ကြကုန်သော ရဟန်းတို့၏ ကွေးခြင်း၊ ဆန့်ခြင်း သွားလာခြင်းတို့ကြောင့်ဖြစ်သောလေတို့သည် ထက်ဝန်းကျင်မှ လာခြင်း သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်း တောက်ပခြင်း ဖြစ်လေသတည်း။

## ရေစကြိုမြို့ ၁-ဝါဆိုခြင်း

ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရသည် ၅-ဝါ ပတ်လုံး သီတင်းသုံးတော်မူ၍ ပရိယတ္တိဝန်ကို အားသွန်ကြိုးပမ်း တော်မူပြီး ၁၂၇၁-ခုနှစ်သို့ရောက်သောအခါ ရေစကြိုမြို့သူမြို့သားတို့ကို ချီးမြှောက်တော်မူရန် ၁-ဝါပြန်၍ သီတင်းသုံးတော်မူသည်။

**ရေစကြို မဟာထေရောပိ၊ ရေစကြို ဝါသိကော ဇနေ။**
**အနုဂ္ဂဟံဝ တတ္ထေဝ၊ ကောဝဿံ ဝသီ သုဓီ။**

၁၂၇၂- ခုနှစ်သို့ရောက်သောအခါ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသို့ တဖန်ပြန်ကြွတော်မူ၍ အသက်ထက်ဆုံး သီတင်းသုံးတော်မူလေသည်။

## ကျမ်းဂန်များပြုစုခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန် မြောက်များစွာတို့ကိုလည်း နောင်လာနောက်သားတို့ အကျိုးများရန် ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဂန်ရေးရာ၌ တချို့ကျမ်းတို့ကို ကိုယ်တိုင်ရေး၍ တချို့ကျမ်းတို့ကို စာဆိုသူတို့ကို မိမိချပို့သည့်အတိုင်း ရေးစေတော်မူလေသည်။

၎င်းကျမ်းတို့ကား -

၁။ ပကိဏ္ဏကစာစပ်၊

၂။ ကင်္ခါဝိတရဏီအဋ္ဌကထာနိဒါန်းစာစပ်၊

၃။ ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယ၊

၄။ ဒီဃနိကာယ်ပါဠိတော် ၃-ကျမ်းနိဿယ၊

၅။ မဇ္ဈိမနိကာယ်ပါဠိတော် ၃-ကျမ်းနိဿယ၊

၆။ မဇ္ဈိမနိကာယ်အဋ္ဌကထာ ၃-ကျမ်းနိဿယ၊

၇။ သံယုတ္တနိကာယ်ပါဠိတော် ၅-ကျမ်းနိဿယ၊

၈။ အင်္ဂုတ္တရနိကာယ်ပါဠိတော် ၁၁-ကျမ်းနိဿယ၊

၉။ ဧကနိပါတ်အစ မဟာနိပါတ်အဆုံးရှိသော ဇာတ်အဋ္ဌကထာ နိဿယ၊

၁၀။ ပါရာဇိကဏ်ပါဠိတော်နိဿယ၊

၁၁။ ပါစိတ်ပါဠိတော်နိဿယ၊

၁၂။ မဟာဝါပါဠိတော်နိဿယ၊

၁၃။ ပါရာဇိကဏ်အဋ္ဌကထာနိဿယ၊

၁၄။ ပါစိတ်အဋ္ဌကထာနိဿယ ၊

၁၅။ မဟာဝါအဋ္ဌကထာနိဿယ စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများအနက် ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယကို အရှင်သီလအမည်ရှိသော သက်တော် ၇၀-ကျော်ရှိ နတ်ထောင့်ဂိုဏ်းထောက် ဆရာတော်ကြီးက တောင်းပန်သဖြင့် ရေးရကြောင်း နိဿယပဏာမတွင် ဖော်ပြခဲ့လေသည်။ ၎င်းပြင် ပညာဝံသအမည်ရှိ စွန်သိုက်ရွာသား အနီးနေတပည့်တစ်ပါးကို ချပို့ပေးရင်း ရေးသားစေခဲ့သည်။ ၎င်းကင်္ခါနိဿယရေးပြီးချိန်မှာ ၁၂၆၄-ခုနှစ် ဖြစ်လေသည်။

## **ကင်္ခါဝိတရဏီ နိဒါန်းစာစပ်**

ကင်္ခါဝိတရဏီ နိဒါန်းစာစပ်ကို ရွှေဘိုမြို့ ငါရာနဲရွာဇာတိ အရှင် ဝိလာသဂ္ဂကိုပင် ဆိုစေ၍ ရေးသားခဲ့ကြောင်း-

**အတ္ထာနတ္ထေဝ ကောသလ္လံ၊ သမ္ပန္နံ စ ဝိလာသဂ္ဂံ။**
**သာသနဿ ဝိရုဠှိယာ၊ သုဇနဿ စ အတ္ထာယ။**

ဟု ဆရာတော်ကိုယ်တိုင် ဖော်ပြတော်မူခဲ့လေသည်။

မဇ္ဈိမပဏ္ဏာသ ပါဠိတော်နိဿယကို မိတ္ထီလာမြို့ လက်ပန်ခါး ကော့ရွာဇာတိ အရှင်ဓမ္မနန္ဒအမည်ရှိသော ရဟန်းတော်သည် ဆရာတော်ဘုရားကြီး ချရိုး ပို့စဉ်အတိုင်း ရေးသားခဲ့လေသည်။

ဒုကနိပါတ် ဇာတ်အဋ္ဌကထာနိဿယကို ကျောက်ကန်ရွာဇာတိရှိသော အရှင်သုန္ဒရမည်သော လေးဝါရရဟန်းတော်သည် ဆရာတော်ဘုရားကြီး ချရိုး အတိုင်း ဆရာတော်ဘုရားကြီး အမိန့်အတိုင်း ရေးသားအပ်ကြောင်း ကျမ်းဦး၌ ဖော်ပြထားသည်။

ထိုလေးဝါရ အရှင်သုန္ဒရသည် -

**ဗုဒ္ဓါဒိမနန္တဂုဏံ၊ နတွာန ရတနတ္တယံ။**
**သုဝါစေန္တိ သာဋ္ဌကထံ၊ ပဌနိကာယမာဂမံ။**
**ရက္ခန္တံ သာသနံ ဝီရံ၊ ဂရုမှိ တေန ပေသိတော။**
**သုန္ဒရောတိ ဂရူဟေဝ၊ ကတနာမော သုတေသကော။**
**တဗ္ဗာစိတနယေနေဝ၊ လိခံ ဇာတကနိဿယံ။**

ဟူသော ပဏာမပဋိညာဉ်ကို ဒုကနိပါတ်ဇာတ် အဋ္ဌကထာကျမ်းဦး၌ ဖော်ပြခဲ့လေသည်။

မူလပဏ္ဏာသအဋ္ဌကထာနိဿယကိုမူ ကျေးဇူးရှင် ဆရာသခင် ဖြစ်တော်မူသော နတ်ရဲတောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမ္မာဘိဝံသ၏ အမိန့်တော်အရ မန္တလေး၌ သီတင်းသုံးစဉ်ကပင် ရေးသားစီရင်၍ ပြီးဆုံးခဲ့လေသည်။

## ဂုဏ်တော် အသွယ်သွယ်

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် -

**ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။**
**ဂမ္ဘီရဉ္စ ကထံကတ္တာ၊ နောစဋ္ဌာနေ နိယောဇကော။**
**ယမှိ ဧတာနိ ဌာနာနိ၊ သံဝိဇ္ဇန္တိဓ ပုဂ္ဂလေ။**
**သော မိတ္တော မိတ္တကာမေန၊ အတ္ထကာမာနုကမ္ပတော။**
**အပိ နာသိယမာနေန၊ ဘဇိတဗ္ဗော တထာဝိဓော။**

ဟူသော အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ၄၊ ဝဂ်၊ ၆-သုတ်။ (အံ၊ ၂။ ၂၄၂) နှင့်အညီ -

၁။ လဇ္ဇီပေသလသိက္ခာကာမဖြစ်သော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့ ချစ်နှစ်သက်အပ်သော ပိယဂုဏ်။

၂။ ကျောက်ထီးတန္တူအလေးပြုအပ်သော ဂရုဂါရဝဂုဏ်။

၃။ ပြဟ္မစိုရ်ရှုမေတ္တာတရားပွားများအပ်သော ဘာဝနီယဂုဏ်။

၄။ ယုတ္တမုတ္တဝါဒီ ပါပဂရဟိတဝါဒီဝရဖြစ်သော ဝတ္တာဂုဏ်။

၅။ အကြောင်းအကျိုးဖော်ပြ၍ ဆိုဆုံးမသည်ကို သည်းခံနိုင်ပေးအပ်သော ဩဝါဒအနုသာသနီအတိုင်း လိုက်နာပြုကျင့်နိုင်သော ဝစနက္ခမဂုဏ်။

၆။ သီလ၊ သမာဓိ၊ ပညာအစုအနှစ်၊ ရုပ်နာမ်နှစ်ပါး ဝေဘန်ပိုင်းခြားနိုင်ခြင်း၊ နက်နဲသောတရားစကားကို ဟောပြောတတ်သော ဂမ္ဘီရဉ္စကထံကတ္တာဂုဏ်။

၇။ ရဟန်း,ရှင်လူ ခပ်သိမ်းသူတို့ကို အရာမဟုတ်သည်၌ တားမြစ်၍ အရာဟုတ်သည်၌ တိုက်တွန်းနှိုးဆော် နိုင်တော်မူတတ်သော နောစဋ္ဌာနနိယောဇကဂုဏ်ဟူသော ကလျာဏမိတ္တအင်္ဂါ ၇- ဖြာသောဂုဏ်တို့နှင့် ပြည့်စုံသည်သာမက-

၈။ နှိပ်အပ် နှိပ်သင့် နှိပ်ထိုက်သော တပည့်သားတို့အား အပြစ်အား

လျော်စွာ နှိပ်ကွပ်ဆုံးမတော်မူခြင်း၊ ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော တပည့်သားတို့အား ဂုဏ်အားလျော်စွာ ချီးမြှောက်အားပေးတော်မူခြင်းတည်းဟူသော နိဂ္ဂဟေတဗ္ဗ နိဂ္ဂဟဂုဏ်၊ ပဂ္ဂဟေတဗ္ဗ ပဂ္ဂဟဂုဏ်နှင့် ပြည့်စုံတော်မူသည့်ပြင်-

၉။ သာသနာတော်မြတ်ကြီး၏အကျိုး၊ သူတစ်ပါး၏အကျိုးကို သည်ပိုးရွက်ဆောင်တော်မူသည့်အရာမှာ မဟာပထဝီမြေကြီးကို ထက်အောက်ပြောင်းပြန် မှောက်လှန်ပြီးလျှင် မြေဆီမြေလွှာ မြေသြဇာကို ယူငင်ကျွေးမွေးမည့်သဖွယ် ကြီးကျယ်သော အာသာဆန္ဒတော်မြတ် ရှိတော်မူရကား သာသနဟိတကာရီ၊ ပရဟိတကာရီဂုဏ်နှင့် ကုံလုံပြည့်ဝတော်မူလေသည်။

၁၀။ ၎င်းပြင် ဆရာတော်ဘုရားကြီးသည် စုဒိတက၊ စောဒကတို့ ဝင်ရောက်စွဲဆိုလာလျှင်လည်း အဂတိ ၄-ပါး မလားမရောက်ပဲ တရားနှင့်အညီ စီရင်ဆုံးဖြတ် ဟောပြောတတ်သော ဝိနယဓရ၊ ဝိနိစ္ဆယဉာဏီပုဂ္ဂိုလ်ကြီးလည်း ပီသတော်မူလှပါပေသည်။

၁၁။ **အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။**
**အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။**

ဟူသော ဒေသနာတော်အရ မိမိကိုယ်တိုင်ကလည်း သိက္ခာပုဒ်တော်များကို ရိုသေစွာ စောင့်ထိန်းကျင့်သုံးတော်မူလျှက် စောင့်ထိန်းအပ်သော သီလတည်းဟူသောမြေပေါ်မှ ရပ်တည်တော်မူကာ သမာဓိ တည်းဟူသော ကျောက်ပျဉ်တွင် ဝိပဿနာပညာတည်းဟူသော ဓားကိုသွေး၍၊ ထိုဓားဖြင့် ကိလေသာတောအုပ်တောရှုပ်ကို ခုတ်ဖြတ်ရှင်း လင်းစေတော်မူသော သာသနာပြုပုဂ္ဂိုလ်ကြီးလည်း မှန်လှပါပေသည်။

ဤသို့ဖြင့် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရသည် လောကုတ္တရာ ဂုဏ်တော်အပေါင်း မြောက်များစွာတို့၏တည်ရာဖြစ်ရကား လောကဥသျှောင် ငါးမာရ်အောင်ဘုရား သာသနာတွင် စင်စစ်မွန်မြတ်သော ပုဂ္ဂိုလ်ကြီးမှန်လှတော့သည်။

ဇဝံ ရေစကြိုထေရောဟိ၊ ဝိသိဋ္ဌ ဂုဏာဓာရကော။
လောကဂ္ဂသာသနေ သော ဟိ၊ အစ္စန္တဥတ္တမော ဘဝေ။

## ကျက်သရေတော်အမျိုးမျိုး

ဖော်ပြပါ ဂုဏ်တော်အနန္တတို့ကြောင့် ကျေးဇူးရှင် ရေစကြိုဆရာ တော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ ကျက်သရေတော်သည် သိမ်သမုတ်ပွဲ၊ ရဟန်းခံပွဲ၊ ဥပုသ်, ပဝါရဏာပွဲ၊ နေ့စဉ်ဆင်ယင်မြဲဖြစ်သော စာပွဲတော်သဘင် စသည်တို့၌ မင်းမှူးမတ်အစည်းအဝေး ဘုရင်ဧကရာဇ်မင်းတို့၏ ကျက်သရေကဲ့သို့ လည်းကောင်း။ ထီးဆောင်းမင်း မြားမြောက်စွာတို့၏အလယ်တွင် လေးကျွန်း သနင်း စကြာမင်း၏ ကျက်သရေကဲ့သို့လည်းကောင်း၊ တာဝတိံသာနတ်သဘင် တွင် သိကြားမင်း၏ ကျက်သရေကဲ့သို့လည်းကောင်း၊ ဆင်ပေါင်းမြားမြောက်စွာ ဝန်းရံသော ဆဒ္ဒန် ဆင်မင်းကဲ့သို့လည်းကောင်း၊ ကြယ်တာရာပေါင်း ခြံရံ အပ်သော ရွှေလမင်းကဲ့သို့လည်းကောင်း နှိုင်းခိုင်းထိုက်တော့သည်။

ဇနာဓိပေါ ယထာ ရာဇာ၊ အမစ္စပရိဝါရိတော။
ဇဝံ ရေစကြို ထေရောပိ၊ သောဘတိ သံဃမဇ္ဈဂေါ။
စက္ကဝတ္တိ ယထာ ရာဇာ၊ ရာဇူဟိ ပရိဝါရိတော။
တထေဝ ဂန္ဓသာရောပိ၊ သောဘတိ သံဃမဇ္ဈဂေါ။
သက္ကောဝ ဒေဝရာဇာပိ၊ ဒေဝေဟိ ပရိဝါရိတော။
သုသောဘတိ မဟာထေရော၊ ဘိက္ခူဟိ ပရိဝါရိတော။
သေယျထာပိ မဟာဗြဟ္မာ၊ ဗြဟ္မေဟိ ပရိဝါရိတော။
ထေရိန္ဒော ဂန္ဓသာရော စ၊ သောဘတိ ဇိနသာသနေ။
ဆဒ္ဒန္တော နာဂရာဇာဝ၊ နာဂေဟိ ပရိဝါရိတော။
သံဃိန္ဒော သော မဟာထေရော၊ ယတီဟိ ပရိဝါရိတော။
စန္ဒော ယထာ သသင်္ကော ဟိ၊ တာရကပရိဝါရိတော။
သောဘနော သော မဟာထေရော၊ သုသံဃပရိဝါရိတော။

## လောကီလုပ်ငန်း၌ မငဲ့ခြင်း

ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် သက်တော်နှင့်အမျှ ပရိယတ်၊ ပဋိပတ်လုပ်ငန်းဖြင့် အချိန်ကို အသုံးချတော်မူခဲ့လေသည်။ မနက်ခင်း အရုဏ်တက် ဆံပြုတ်စသည် မျှတရုံ ဘုဉ်းပေးတော်မူပြီး၊ အချိန်တိုင်း စာဝါပို့ချခြင်းကိစ္စဖြင့် အသုံးပြုတော်မူခဲ့လေသည်။

ညတိုင်းလည်း ညဝါများချပို့ပြီး ကမ္မဋ္ဌာန်းဘာဝနာဖြင့် ညဥ့်အချိန်ကို အသုံးပြုတော်မူသည်။ တစ်ညဥ့်လုံး တစ်ယာမ်မျှလောက်သော တိုတောင်းလှသော အချိန်ကလေးတွင်သာ ကျိန်းစက်တော်မူသည်။ ဒကာ၊ ဒကာမတို့နှင့် ဆက်သွယ်မှုများ လုံးဝမထားသည်သာမက ပရိရွတ် ဆွမ်းစဉ်စသော လုပ်ငန်းတို့၌ ကြောင့်ကြမစိုက်ပဲ ဆွမ်းစား ကျောင်းဘုန်းကြီး၊ အလုပ်အကျွေး တပည့်များအားသာ အပြီးလွှဲထားတော်မူသည်။ ထို့ကြောင့် စင်ကြယ်သန့်ရှင်း ရနံ့ သင်းကြိုင် စိတ်နှလုံးကို မွေ့လျော်စေနိုင်သော ပဒုမ္မာကြာပန်းသည် ရေ၌ဖြစ်ထွန်း ပေါက်ရောက်လင့်ကစား ရေဖြင့်မလိမ်းမကျန် မကပ်ငြိသကဲ့သို့ ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည်လည်း သာသနာပြု ရန် လောကသားတို့အတွက် ထူးခြားစွာ ပေါ်ပေါက်လာရသော်လည်း လောကီလုပ်ငန်းတို့နှင့် လိမ်းကျန် ကပ်ငြိတော်မမူပါချေ။

**ယထာပိ ဥဒကေ ဇာတံ၊ ပုဏ္ဍရီကံ ပဝဍ္ဎတိ။**
**နောပလိမ္ပတိ တောယေန၊ သုစိဂန္ဓံ မနောရမံ။**
**တထာ လောကေဝ သဉ္ဇာတော၊ ထေရော လောကေ ပဝဍ္ဎတိ။**
**နောပလိမ္ပတိ လောကေန၊ တောယေန ပဒုမံ တထာ။**

## စက်တော်ရာအဖူးသွားရင်း သင်္ဘောပေါ်စာချခြင်း

ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် သက်တော် ၇၄-နှစ်လောက်တွင် မင်းဘူးခရိုင် နမ္မဒါမြစ်အနီးရှိ ဘုရားရှင်ခြေတော်ရာနှင့် သစ္စဗန္ဓတောင်ထိပ်ရှိ ဘုရားရှင်ခြေတော်ရာတို့ကို ဖူးမြင်လိုသော ဆန္ဒဖြင့် ရေလမ်းမှ သင်္ဘောဖြင့် မင်းဘူးအထိ ကြွတော်မူလေသည်။

မင်းဘူးမှစကုသို့ ကားဖြင့်ကြွ၍ စကုမှစက်တော်ရာသို့ လှည်းဖြင့် ကြွတော်မူသည်။ ဆရာတော်သည် ခြေတော်ရာ အဖူးကြွရသော်လည်း စာဝါများ အပျက်မခံလိုသဖြင့် စာဆိုနေသော တပည့်ရဟန်းတော်များ ကိုပါ ခေါ်တော်မူ၍ အသွားအပြန် သဘော်ခန်း၌စာချ၍သာ ကြွတော်မူသည်။

ထို့ကြောင့် ဆရာတော်၏ ပရိယတ္တိဝန်ဆောင်ပုံမှာ နောင်လာ နောက်သားတို့ မလိုက်နိုင်အောင်ပင် လွန်ကဲ ထူးချွန်တော်မူလှပါပေသည်။

**ကေဒါ ဂန္ဓသာရော ဟိ၊ ပါဒက်ဒဿနံ ဂတော။**
**သီရိမတော မုနိန္ဒဿ၊ လောကဂ္ဂဿ ယသဿိနော။**
**တဒါ ထေရော ကရောန္တော၀၊ ဝါစနံ သိဿကံ ဗဟုံ။**
**ပုညဿ ပုညတိတ္ထဿ၊ သာသနဿာဘိဝုဒ္ဓိယာ။**

## ဆရာကောင်းတပည့်

ဆရာတော် အရှင်ဂန္ဓသာရသည် သာသနာပိုင်ဆရာတော်ဘုရား အရှင်ဥေယျမွောဘိဝံသဟူသော ဆရာကောင်း၏ တပည့်ဖြစ်ရာ လွန်စွာထူးချွန်သည့် သာသနာ့ဝန်ဆောင် ဖြစ်တော်မူခဲ့လေသည်။

## တပည့်ကောင်းဆရာ
## မအူဆရာတော် အရှင်နာရဒမဟာထေရ်

ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် နိကာယဏ္ဍဝပါရဂူ ပညာရှိသုခမိန်တစ်ဆူ ဖြစ်တော်မူသည့်အလျောက် ပညာရှိသုခမိန် တပည့်ပေါင်းများမြောက်စွာ ပေါ်ထွန်းစေခဲ့သည်။

ဂုင်းတပည့်များအနက် မအူဆရာတော်မူဟု ထင်ရှားသော ပါရာဇိကဏ်အဋ္ဌကထာနိဿယ စသောကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော လဒ္ဓီပေသလ၊ သိက္ခာကာမဖြစ်တော်မူသော မအူလေးရွာ မဟာဝိဇိတာရာမ မအူဆရာတော်ဘုရားကြီး အရှင်နာရဒ မဟာထေရ်သည်လည်း ကျေးဇူးရှင်

ရေစကြိုဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်တော်မူသည်။ မအူဆရာ တော်ဘုရားကြီးသည် ပါရာဇိက အဋ္ဌကထာနိဿယကျမ်းဦးအစ ဂန္ထာရမ္ဘ၌-

**ဂန္ထသာရေန သာရေန၊ ယွာဟံ နိဿေျန ယေန စ။**
**အနုဂ္ဂဟိတော ဂဟိတော၊ တမ္ပိ ဓမ္မေန မေ နမေ။**

ဂန္ထသာရေန၊ ဂန္ထသာရဟူသောအမည်ရှိတော်မူသော။ ယေန နိဿေျန၊ အကြင်မှီ၍နေအပ်သော ဆရာတော်ဘုရားကြီးသည်။ သာရေန၊ အမြတ်အားဖြင့်။ ယွာဟံ-ယောအဟံ၊ အကြင်ငါ့ကို။ ယေန နိဿေျန စ၊ အကြင်မှီအပ်သော လေးပါးသောပစ္စည်းဖြင့်လည်းကောင်း။ ယေနဓမ္မေန စ၊ အကြင်ပရိယတ်ဖြင့် လည်းကောင်း။ အနုဂ္ဂဟိတော၊ ချီးမြှောက်တော်မူအပ်ဘူးပေပြီ။ သော နိဿယော စ၊ ထိုမှီအပ်သော လေးပါးသောပစ္စည်းကိုလည်းကောင်း။ သော ဓမ္မော စ၊ ထိုပရိယတ်ကို လည်းကောင်း။ တေန မယာ၊ထိုငါသည်။ သာရေန၊ အမြတ် အားဖြင့်။ ဂဟိတော၊ ယူအပ်ပြီ။ တဿ မေ၊ ထိုငါ၏။ ဂန္ထသာရံ၊ ဂန္ထသာရဟူသော အမည်ရှိတော်မူသော။ တမ္ပိ နိဿံ၊ ထိုမှီ၍နေအပ်သော ဆရာတော်ဘုရားကြီးကိုလည်း။ နမေ-နမာမိ၊ ရှိခိုးပါ၏။

ဤသို့ ရိုသေမြတ်နိုး ရှိခိုးပူဇော်တော်မူခဲ့လေသည်။

## ချောင်းဦးမြို့
## အဂ္ဂမဟာပဏ္ဍိတ ဓမ္မာရုံဆရာတော် အရှင်ဒီပမာလာ

ပရမတ္ထဝိသောဓနီဋီကာသစ်စသောကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ အရှင်ဒီပမာလာသည်လည်း ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ၏ တပည့်ဖြစ်သည်။ ဓမ္မာရုံဆရာတော် ရှင်ဒီပမာလာသည်လည်း ပရမတ္ထဝိသောဓနီကျမ်း ဂန္ထာရမ္ဘ၌ -

**ဂန္ထသာရံ မဟာထေရံ၊ ပရိယတ္တိ ဝိသာရဒံ။**
**ဂဏာဝါစကအာစေရံ၊ ဂရုံ ဝန္ဒာမိ သိရသာ။**

ဟူသော ဂါထာဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော်တော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်

ငှက်ကျော်နိကာယအစရှိသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ နိုင်ငံတော် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်သည်လည်း ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ၏ ဓမ္မဘဏ္ဍာ ရတနာအမွေအနှစ်တို့ကို အပ်နှင်းခြင်းခံရသော တပည့်ကြီးဖြစ်လေသည်။

ထို့ကြောင့် မဟာဝိသုတာရာမ ထေရအပဒါန်ကျမ်း၌ ဆရာတော် အရှင်ပညာက ဆရာစာရင်း၌ -

**ပိတာမဟော ဂဟဋ္ဌော စ၊ နန္ဒမာလော သင်္ဂါမိကော။**
**နာဂရာဇဝါသီ ဉာဏော၊ သိရီ စ ဒီပသေတိဘော။**
**ငန်းမြာဝါသီ စ မေဓာဝီ၊ ဂန္ထသာရော ဟိတေသဘော။**
**မဏ္ဍလေ ခါရိယဝံသော၊ အာဒိစ္စော တျှ တဂ္ဂုရူ။** ဟု ဖော်ပြခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ အရှင်အဂ္ဂဓမ္မာဘိဝံသ

အဘိဓာန်နိဿယသစ်၊ မောဂ္ဂလ္လာန်နိဿယ၊ မောဂ္ဂလ္လာန် ပဉ္စိကာနိဿယ၊ အမရကောသနိဿယစသော ကျမ်းပေါင်းမြား မြောက်စွာတို့ကို ပြုစီရင်တော်မူခဲ့သော ရွှေကျင်နိကာယ၊ ဓမ္မသေနာပတိ၊ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ မဟာထေရ်သည်လည်း ဆရာတော်အရှင်ဂန္ထသာရ၏ အထံ၌ နိကာယ် ၅-ရပ်ကို သင်ယူတတ်မြောက်သည့် တပည့်ဖြစ်သည်။

ထို့ကြောင့် အဘယာထေရုပ္ပတ္တိ၌ -

**အဂ္ဂေါ ဒ္ဓိဝဿ မတ္တေန၊ ဂန္ထတ္ထေရဿ သန္တိကေ။**
**နိကာယေ ဥဂ္ဂဏှိတွာန၊ တေသု ဆေကော မဟာဝိဒူ။**

ဟု ဖော်ပြထားလေသည်။

## အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်

ဒီဃနိကာယ် ပါဠိအဋ္ဌကထာ နိဿယအစရှိသော ကျမ်းများစွာကို ပြုစီရင်တော်မူခဲ့သော ညောင်ဦးဆရာတော်၊ ညောင်တုန်းဆရာတော်ဟု ကျော်စောတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်နန္ဒဝံသ မဟာထေရ်သည်လည်း ရေစကြိုဆရာတော်ဘုရားကြီး၏ ဓမ္မအမွေကိုခံယူရသော တပည့်ရင်းဖြစ်တော်မူသည်။

## အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိနှင့် မဟာဝိသုတာရာမကျောင်းကြီး၏ အဓိပတိသက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ကြီးသည်လည်း ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်လေသည်။

## အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်

ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ကြီးကို စတင် တည်ထောင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အရှင်ဇဝနဆရာတော်ဘုရားကြီးသည်လည်း ရေစကြိုဆရာတော်ဘုရားကြီး၏ ဓမ္မဘဏ္ဍာရတနာအမွေတို့ကို ရယူတော်မူခဲ့သော မဟာထေရ်မြတ် ဖြစ်တော်မူလေသည်။

## အဂ္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒ

ရန်ကုန်မြို့ ပုဇွန်တောင်အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်ကြီး၏ အဓိပတိ သာသနဗဟုသုတပကာသနီအစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒသည်လည်း ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်လေသည်။ ၎င်းပြင် မန္တလေးမစိုးရိမ် အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ။ ရန်ကုန်မြို့ ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍည စသည်တို့သည်လည်း ဆရာတော်အရှင်ဂန္ဓသာရ၏ တပည့်များ

ဖြစ်ကြလေသည်။ ဤသို့စသည်ဖြင့် ကျေးဇူးရှင်ရေစကြိုဆရာတော် ဘုရားကြီးသည် မိမိကိုယ်တိုင် ပညာရှင်ဖြစ်၍သာလျှင် ပညာရှင်တပည့်ပေါင်း မြားမြောက်စွာဖြင့် သဗ္ဗညုတပညာရှင် ဘုရားသခင် သာသနာတော်၌ တင့်တယ်စမွံယ်တော်မူပါပေသည်။

## မဇ္ဈိမနိကာယ်ခေါက်-၄၀

ဆရာတော်ဘုရားကြီးသည် ကျေးဇူးရှင် နတ်ရဲတောင် သာသနာပိုင်ဆရာတော်အရှင်ဥ ယျမွေ၏ ဩဝါဒအတိုင်း မဇ္ဈိမနိကာယ်ကို အထပ်ထပ်အခေါက်ခေါက် ချပို့ကြည့်ရှု၍ နိဿယရေးခဲ့ရာ ချခဲ့သော အခေါက်ပေါင်း ၄၀-တိုင် မြောက်ခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူပြီ

ဤသို့ ဘုရားရှင်သာသနာတော်ကို စည်ပင်အောင် ထမ်းဆောင်တော်မူဆဲတွင် ကိုယ်ရောင်ရောဂါ ကပ်ရောက်လာသဖြင့် ဆေးဆရာအမျိုးမျိုးတို့ ကြိုးစား၍ ကုသငြားသော်လည်း ပကတိပျောက်ကင်းသည် မရှိခဲ့ပေ။ ဆရာတော်ဘုရားကြီးသည် ချပို့မြဲ စာဝါတို့ကိုလည်း နေ့စဉ်အမြဲ ချပို့တော်မူလျက်ရှိသည့်အတိုင်း ပျံလွန်တော်မူရာ သီတင်းကျွတ်လပြည့်ကျော် ၂-ရက်နေ့ မနက်ပိုင်းစာဝါ၊ နေ့လည် ၁၂- နာရီ စာဝါများကို ချပို့တော်မူယင်း မိမိသည် ဤဝေဒနာမှ ထမည်မဟုတ် ပျံလွန်တော်မူခဲ့သော် ကျောင်းကြီးအောက်ထပ်မှာ ၃-ရက်၊ တိုက်ပြင်မှာ ၄-ရက်၊ အားလုံး ၇-ရက်ထားပြီး ရက်တိုတိုနှင့် သင်္ဂြိုဟ်ရမည်ဟု မှာထားတော်မူပြီးလျှင် ဝစ္စကုဋီသို့ ကြွရောက်တော်မူ၏။ ဝစ္စကုဋီမှ ပြန်အကြွတွင်မှ ရုတ်တရုတ်ရှောင်တခင် ဖောက်ပြန်လာ၍ ၁၂၇၆-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂-ရက်နေ့တွင် သမ္မုတိမရဏ အသံမူဋ္ဌ ကာလံကရဖြင့် ဇီဝကင်းပြတ် နတ်တို့ဌာန ပြောင်းကြွ စံလွန်တော်မူလေသည်။

## သံဝေဂယူရန်

ပခုက္ကူသာသနာ့ကြိုးကိုင် မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို စတင်ဖန်ဆင်းသူ သီလ,သုတ စွယ်စုံပြောင်မြောင်လှသည့် ပညာရှင် ဘုရား

သခင် သာသနာ့ဝန်ဆောင်၊ ဘုရားဟောကျမ်းစာများနှင့် အခြားသော ကျမ်းဂန်များ ဗျာကရုဏ်ကျမ်းတို့၌ မွေနှောက်ချောက်ချား ဉာဏ်ကစားနိုင်သည့် တိပိဋကဝိဒူ၊ ဗျာကရဏဝိဒူ၊ ဖြစ်တော်မူသော အရှင်ဂန္ဓသာရ တရားစစ်သူကြီးသော်မှ သေမင်းရန်ကို လက်မြှောက် အရှုံးပေးရလျှင် ငါတို့ကဲ့သို့သော လူသာမာန်တို့၌ကား သေမင်းရန်ကို လက်မြှောက်ရမည့်အရေး တွေးတောပြောဆိုဖွယ် မရှိပါပြီတကားဟု သံဝေဂဉာဏ် သက်ဝင်သင့်လှပေသည်။

ဂန္ဓသာရော မဟာထေရော၊ ဝိသုတာရာမမာပကော။
သီလဝါ သုတဝါ ပညော၊ ခုရဝါဟိ ဗဟုဿုတော။
**ပါဠိစနေ စ သတ္တေ စ၊ ဗျာကရဏေ ဝိသာရဒေါ။**
**သောပိ မစ္စုဝသံ ပတ္တော၊ မာဒိသေသု ကထာဝကာ။**

## အတိတ်နိမိတ်များ

ဆရာတော် အရှင်ဂန္ဓသာရ ပျံလွန်တော်မူလတ်သော် ဆရာတော် သီတင်းသုံးရာ အလယ်ကျောင်းတော်ကြီး၏ အရှေ့မျက်နှာစာ၌ရှိသော ပိတောက်ပင်သည် အချိန်မဲ့အခါမဲ့ အပွင့်တွေတဝေဝေ ပွင့်ခဲ့လေသည်။ ကျောင်းတိုက်တွင်း၌ ဘေးမဲ့ပေး၍ မွေးမြူထားသော ဥဒေါင်းသည်လည်း မရွှင်မလန်း ဝမ်းနည်းပူဆွေးပြီး သောကမီးတောက်၍ အသက်စွန့်ရှာသည်။

တိုက်တွင်း၌ ရေတွင်းကြီး,ငယ်တို့မှ ရေများယိုထွက်ကြသည်။ ကျောင်းတိုက် ပတ်ဝန်းကျင်ရှိ ကုက္ကိုတန်းရပ်မှ ကုက္ကိုပင်အားလုံး သွေ့ခြောက်ကြကုန်သည်။

**အနေကာနိ အဗ္ဘုတာနိ၊ ဥပ္ပဇ္ဇန္တိ ဝိသေသတော။**
**လောကမှိ တီဝပသိဒ္ဓေ၊ ဂန္ဓသာရေ ဒိဝင်္ဂတေ။**
**ဝိကသိ ပိယကော သာခီ၊ အကာလေပိ စ သဗ္ဗသော။**
**မောရောပိ သောကသ္လေန၊ သမပ္ပိတစ္စယော ဘဝေ။**

ဥဒပါနေသု အမ္ဗူနိ၊ ဂလန္တိ စ အနေကဓာ။
ဘဏ္ဍိလာပိ စ သုက္ခန္တိ၊ အာရာမဿ သမန္တတော။

## သာခုကိဋ္ဌန ပွဲသဘင်

ယင်းသို့ ကမ္မဇရုပ် ချုပ်တော်မူလေလျှင် ဝိညာဉ်မစပ် ဥတုဇရုပ်ကလာပ်ကို ပူဇော်ညွှတ်ခ ငိုယိုကြလျက် ပြင်ဆင်ကြပြီးလျှင် ဆရာတော် ဘုရားကြီး မိန့်မှာတော်မူသည့်အတိုင်းပင် ၇-ရက်အတွင်း သဂြိုဟ်ကြမည်ဟု စျာပနကော်မတီက ပိုင်းခြားသတ်မှတ်ထားသော်လည်း အများသဘောမတူကြသဖြင့် တပေါင်းလသို့ ပြောင်းရွှေ့သတ်မှတ်ကြ ၍ သံဃိဿရ သံဃနာထ သံဃဦးကိုင် သာသနာပိုင် ဆရာတော် ဘုရားကြီး၏ အလောင်းကို ပူဇော်ကြသကဲ့သို့ ပူဇော်ကြကာ သာခုကိဋ္ဌန ပွဲကြီးသဘင် ဆင်ယင်ကျင်းပ၍ သဂြိုဟ်ကြလေသည်။

## ခမ်းနားစွာကျင်းပကြခြင်း

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ရွှေချခေါင်း၊ ငွေသားခေါင်း၊ ကျောက်စီငွေသားခေါင်း၊ ရွှေသားခေါင်း၊ စိန်စီငွေသားခေါင်း၊ ကြေးခုတင်ကြီး၊ ငွေသားသလွန်၊ မှန်စီရွှေချသလွန်၊ မလ္လိကာတန်ဆာ၊ ရွှေချည်ထိုးနဂါး၊ ငွေသားနဂါး၊ ငွေသားကြာကလာပ်၊ ငွေသားပြာသာဒ်၊ ငွေသားဝေါယာဉ်၊ ငွေသားရထား၊ ကနက္ကဒဏ်၊ ဂျပန်ထီးဖြူတော်ကြီး ၈-လက်၊ လောင်တိုက်ကြီး၊ တလားကြီး တလားငယ်၊ ပြာသာဒ်ထည်ရေ ၁၀၀-တို့ဖြင့် ၁၂၇၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့တွင် ခမ်းနားဖွင့်သဘင် ဆင်ယင်ကျင်းပကြပြီးကာ၊ ၎င်းနှစ် တပေါင်းလဆန်း ၈-ရက်နေ့မှစ၍ အလောင်းတော်ကို စံတော်မူရာ ကျောင်းတိုက်တော်ကြီးမှ တိုက်ကြီး မြောက်ကွက်လပ်ရှိမဏ္ဍပ်၌ ပင့်ယူပူဇော်ကြပြီး၍ ပွဲသဘင်အမျိုးမျိုးတို့ဖြင့် မြေမိုးဖြန်းဖြန်း အံ့ဘနန်းမျှ အဆန်းတကြယ် လဲလှယ်နေ့ည သာခုကိဋ္ဌနသဘင် ဆင်ယင်ကျင်းပကြပြီးလျှင် တပေါင်းလပြည့်ကျော် ၁-ရက်၊ တနင်္ဂနွေနေ့တွင် ဝေဟင်းစွင့်စွင့်ပြီး မြင့်မွန်မြတ်လှသော လောင်တိုက်တော်ကြီးထက်သို့ စက်ယန္တရား လေယာဉ်ပျံရထားဖြင့် ကြွားကြွားနှင်ကွန့်ပျံကွန့် တင်ဆောင်ပြီးမှ လက်နက်စိန်ပြောင်း ချက်ပေါင်းများစွာ ပစ်

ဖောက် ပူဇော်ကြပြီးလျှင် မီးတင်းမီးခတ်၊ တေဇောလွှတ်၍ ရိုးခတ်မြေကျ ဈာပနပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပကြလေသည်။

## ဂန္ထသာရစေတီ

ဈာပနပွဲကြီးပြီးသောအခါ ရိုးတော်ကောက်ပွဲကျင်းပ၍ ဆရာတော်ဘုရားကြီး၏ အရိုးတော်ခတ်ကို ဌာပနကြကာ မဟာဝိသုတာရာမကျောင်းတိုက်ကြီး ဒကာဦးစံပေါ်၊ ကျောင်းတိုက်အမကြီး ဒေါ်ငွေ၊ သမီးဒေါ်နှင်းအေးနှင့် အများဒကာ ဒကာမတို့ စုပေါင်းကြပြီး ပခုက္ကူမြို့မြောက်ဖက်ရှိ ဂူတောင်ထိပ်တွင် စေတီကြီးတည်ထား ကိုးကွယ်ခဲ့ကြလေသည်။ စေတီမြတ်ကြီး၏ ထီးတော်ကိုမူ မကျည်းချောင်းရပ် ပိုးကုန်သည် ဦးအေးမြ ဒေါ်ပိုးတို့က တင်လှူခဲ့ကြလေသည်။

ဆရာတော်အရှင်ဂန္ထသာရ မဟာထေရ်မြတ် အရိုးဓါတ်တို့ကို ဌာပနာထားသည့်အတွက် ဂန္ထသာရစေတီဟု ပခုက္ကူသာသနာဝင်တွင် ထင်ရှားလေသည်။ ဤသို့လျှင် ပခုက္ကူသာသနာတွင် ထင်ရှားလှသော ဂန္ထသာရစေတီတော်ကို အောက်ပါ ဝန္ဒနာဂါထာဖြင့် ရှိခိုးဦးညွှတ် ပူဇော်ရာသတည်း။

**စေတိယံ ဂန္ထသာရံ ဟိ၊ ဂန္ထဓာတုနိဓာနကံ။**
**သန္ဒာ့ယ ဂန္ထသာရမ္ဟိ၊ ဝန္ဒာမိ သိရသာဒရံ။**

## မန်လည်ဆရာတော် မဟာဝိသုတာရာမတိုက်သို့ ကြွ၍ ဆရာတော်အရှင်ဂန္ထသာရ ကျိန်းစက်ရာစုတင်ကို ကန်တော့ခြင်း

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီးစသော ကျမ်းပေါင်း ၃၀-ကျော်ကိုပြုစုခဲ့သည့် သီလဝန္တ၊ သိက္ခာကာမစသောဂုဏ်တို့ဖြင့် ကျော်စောလှသော မန်လည်ပြသာဒ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတအရှင်ဇဝန (မန်လည်)ဆရာတော်ဘုရားကြီးသည် ၁၂၈၁-ခုနှစ်တွင် ပုသိမ် ရန်ကုန်မြို့များသို့ ရေလမ်းဖြင့်ကြွစဉ် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ကြွတော်မူသည်။

မဟာဝိသုတာရာမတိုက်ကြီးရှိ အရှင်ဂန္ဓသာရ စံတော်မူခဲ့သော အလယ် (သာသနဇောတိပါလ) ကျောင်းကြီးပေါ်သို့ ကြွရောက်၍ ဆရာတော်အရှင်ဂန္ဓသာရ ကျိန်းစက်တော်မူခဲ့သော ညောင်စောင်းကို (ခုတင်)ကို ဦး၃-ကြိမ်ချ၍ ကန်တော့တော်မူခဲ့သည်။

ယင်းခုတင်ကား ယခုတိုင် သာသနဇောတိပါလကျောင်းကြီး အပေါ်ထပ် ပြသာဒ်ဆောင် ဘုရားခန်း၌ ထားရှိလေသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်နှင့်လည်း သာသနာ ရေးကိစ္စများကို ဆွေးနွေးတော်မူခဲ့လေသည်။ ဆရာတော်အား ဖူးမြော်ကန်တော့၍ ရောက်ရှိလာကြသော တိုက်တာသံဃာတော်များအားလည်း ဩဝါဒပေးတော်မူခဲ့သည်။

**ကောဒါ ထေရသေဋ္ဌော ဟိ၊ မန်လည်တိ အဘိပါကဋော။**
**အာရာမံ ဝိသုတံ ပတ္ဘာ၊ ထေရမဋ္ဌံ ဘိဝန္ဒိ သော။**
**ဩဝါဒမ္ပိ စ သံဃဿ၊ အဒါသိ ထေရကုဥ္ဇရော။**
**ဗဟုလေ သာသနဿာပိ၊ ကိစ္စေ ထေရေန မန္တယိ။**

## လယ်တီဆရာတော် ကြွရောက်ဖူးမြင်ခြင်း

မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးသည်လည်း ဆရာတော် အရှင်ဂန္ဓသာရထေရ် သက်တော်ထင်ရှားရှိစဉ်က ပခုက္ကူမြို့သို့ ကြွရောက်ဘူးသည်။ ဆရာတော်အရှင်ဂန္ဓသာရနှင့် သာသနာရေးအကြောင်းများ ဆွေးနွေးသည်။ ဩဝါဒရလိုကြောင်းကိုလည်း လျှောက်ထားသည်။ ဆရာတော်အရှင်ဂန္ဓသာရက လယ်တီဆရာတော်အား တရားဟောသည်ထက် ပိဋကတ်စာဝါကြီးများ ကြိုးစားချသင့်ကြောင်း အမိန့်ရှိသည်။ လယ်တီဆရာတော်သည် ဆရာတော် အရှင်ဂန္ဓသာရ ပျံလွန်ပြီး ၁၂၈၀-ခုနှစ်ကလည်း ပခုက္ကူမြို့သို့ ကြွရောက်တော်မူသေးသည်။ (ဆရာတော်အရှင်ဂန္ဓသာရ အဖြစ်တော်စဉ်အကျယ်၊ မန္တလေးသာသနာ၀င် ၂၂။ သစ်ဆိမ့် သာသနာ၀င်ကြည့်။)

■■■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၉)
## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
## ကြည့်မြင်တိုင် စလင်းဆရာတော် အရှင်သီဟ

ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းကျောင်းတိုက်ကြီးကို စတင် တည်ထောင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သီဟသည်လည်း မန္တလေးမြို့ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြားတော်မူခဲ့သည့် မဟာထေရ် မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်ခြင်း သာမဏေဝတ်ခြင်း

မင်းဘူးခရိုင် စလင်းမြို့၌ အဖဦးဖိုးထွား+အမိဒေါ်ဖွားတို့မှ သက္ကရာဇ် ၁၁၉၄-ခုနှစ်၊ ပြာသိုလ်လဆန်း ၁-ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော် လောင်းလျာ၏ ငယ်နာမည်မှာ မောင်သူရဖြစ်သည်။

၁၄-နှစ်သားအရွယ်တွင် မိဖတို့က ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာဘောင်သို့ သွတ်သွင်းချီးမြှောက်ကြသဖြင့် မောင်သူရသည် သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ရှင်သာမဏေဘွဲ့မှာ 'ရှင်သီဟ' ဖြစ်လေသည်။

## ရဟန်းဖြစ် တိုက်တော်ရောက်

အမရပူရမြို့တော် သာသနာပိုင်ဆရာတော် အရှင်ဉေယျဓမ္မာဘိဝံသထံသို့ မိမိ၏ဆရာနှင့်အတူ ရောက်ရှိပညာ သင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာအခါ မင်းတုန်းမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝကို ရတော်မူခဲ့လေသည်။

မင်းတုန်းမင်းတရားကြီး မန္တလေးမြို့၌ မဟာဝိသုတာရာမတိုက် တော်တည်ထောင်၍ သာသနာပိုင်ဆရာတော် အရှင်ဉေယျဓမ္မာဘိဝံသအား လှူပြီးနောက် အရှင်သီဟသည် မဟာဝိသုတာရာမတိုက်တော်၌ ရောက်ရှိ၍ သာသနာ

ပိုင်ဆရာတော်ကြီးနှင့် အခြားဆရာတော်များထံ ပညာသင်ကြားတော်မူခဲ့လေသည်။

## ရန်ကုန်ကြွ စလင်းတိုက်အလှူခံ

ရဟန်းသိက္ခာ ၁၄- ဝါမြောက်တွင် ရန်ကုန်မြို့သို့ကြွတော်မူပြီး ဗားကရာတိုက်၌ သီတင်းသုံးတော်မူ၍ စာသင်သားရဟန်း သာမဏေတို့အား စာပေချပို့ကာ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူလေသည်။ ၁၂၂၇-ခုနှစ်တွင် ကြည့်မြင်တိုင် မန်ကျည်းတန်းရပ်မှ ဦးမောင်ပု, ဦးသာဦး, ဦးဖိုးသိုင်း, ဦးကျေး, ဦးဖိုးလမ်း, ဦးဘ, ဦးကြွယ်ဟိုး, ဦးမြတ်ဖူးအစရှိသော ဒါယကာများက ဆရာတော် အရှင်သီဟကို ပင့်ကြ၍ ကျောင်းတိုက်နေရာ ဥယျာဉ်ကြီးကို လှူဒါန်းကြကုန်၏။ ဆရာတော် အရှင်သီဟက ကျောင်းတိုက်အမည်ကို မိမိ၏ဇာတိဌာနေ မွေးရပ်မြေဖြစ်သော စလင်းအမည်ကိုပင် မှည့်ခေါ်သတ်မှတ်တော်မူခဲ့ရာ ယခုတိုင် စလင်းတိုက်ဟု ကျော်စောလေသည်။

ဆရာတော် အရှင်သီဟသည် စာပေကိုမပြတ်ချပို့ရာ သံဃာတော်များစွာတို့ စလင်းတိုက်ရောက်၍ ပညာသင်ကြကုန်၏။ ထိုကြောင့် စလင်းတိုက်သည် စာသင်တိုက်အဖြစ် တဖြည်းဖြည်းကြီးထွားခဲ့လေသည်။

## ခြောက်မြို့ သာသနာပြုဆရာတော်

စလင်းဆရာတော် အရှင်သီဟသည် ၁၂၅၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅-ရက်နေ့တွင် မော်လမြိုင်မြို့, ရေး, မြိတ်, ထားဝယ်, တနင်္သာရီမြို့များနှင့်တကွ စလင်းမြို့ ခြောက်မြို့ သာသနာပြုအဖြစ် သာသနာပိုင်ဆရာတော်ကြီး၏ ခန့်အပ်ခြင်းကို ခံယူတော်မူရလေသည်။

သာသနာပြုဆရာတော်အဖြစ်နှင့် အမိန့်တော်များကိုလည်း မိမိအာဏာပြန့်ရာ မြို့များရှိသံဃာတော်များအား အခါအားလျော်စွာ ထုတ်ပြန်တော် မူလေ့ရှိရာ ၁၂၅၆-ခုနှစ်က စလင်းမြို့ဂိုဏ်းချုပ်ဂိုဏ်း ထောက်တို့နှင့်တကွ ဂိုဏ်းဝင်သံဃာတော်တို့အား ထုတ်ပြန်ခဲ့သည့်အမိန့်တော်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

## စလင်းသာသနာပြုဆရာတော် အမိန့်တော်

သာသနာပြု ကြည့်မြင်တိုင် စလင်းဆရာတော် အမိန့်ရှိသည်။ စလင်းမြို့ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့နှင့်တကွ ဂိုဏ်းဝင် သံဃာတစ်စုတို့။

သံဃာ့သာမိ, သံဃာ့အဓိပတိ မဟာသံဃရာဇ်ဖြစ်တော်မူသော ကျေးဇူးရှင်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သာသနာတော်မြတ်၏ ဝုဍ္ဎိဝေပုလ္လအကျိုးငှါ အလဇ္ဇီဒုဿီလဒုဗ္ဗစရဟန်းတို့ ငြိမ်ဝပ်ပိပြားခြင်းအကျိုးကို ရည်သန်တောင့်တမှုလျက် ကိုယ်စားပြုလုပ်၍ ဆရာတော်ကို မော်လမြိုင်,ရေး, မြိတ်, ထားဝယ်, တနင်္သာရီမြို့များနှင့်တကွ စလင်းမြို့ကိုထပ်ဖြည့်၍ စလင်းမြို့နှင့် တကွ (၆) မြို့လက်ကိုင်သာသနာ ပြုပြီးအရာအဖြစ် ၁၂၅၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅-ရက်နေ့ ခန့်အပ်တော်မူသော သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း သံဃသုဒ္ဓ, သံဃဖာသု, ဖြစ်စေခြင်းငှာ ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့သည် ဂိုဏ်းအုပ်ဆရာတော်၏ တရားတော်နှင့်အညီ စီရင်ဆုံးမသြဝါဒပေးရာ အမိန့်အာဏာကို လိုက်နာကြရမည်။ ၎င်းဂိုဏ်းထောက် ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့သည်လည်း ဂိုဏ်းချုပ်ဆရာတော်၏ တရားတော်နှင့်အညီ စီရင်ဆုံးမသြဝါဒပေးရာ အမိန့်အာဏာကို လိုက်နာကြရမည်။

ဂိုဏ်းချုပ်, ဂိုဏ်းအုပ်စကားကို မလိုက်မနာသော ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့သည် နောင်မိမိတို့ ရရှိပြီးသော ဂုဏ်အသရေမှ ဆုတ်ယုတ်မည်ဖြစ်ကြောင်း၊ ဂိုဏ်းဝင်သံဃာတို့မှာလည်း ဖြစ်ပွားပေါ်ပေါက်လာသော အဓိကရုဏ်းများကို ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက်ပုဂ္ဂိုလ်များ၏ စီရင်ဆုံးဖြတ်ချက်ကိုမျှ သဘောမကြေ အေးနိုင်ရှိခဲ့ပြန်လျှင် သာသနာပြုဆရာတော်ကိုယ်စား လွှဲအပ်ထားခဲ့သော မန္တလေးမြို့တော်အရှေ့ပြင် အတုလွတ်ဘုံစံကျောင်းတော်ကြီး ဆရာတော်အရှင်မုနိန္ဒ, မန္တလေး မြို့တော် အနောက်ပြင် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး ဆရာတော် အရှင်ပညာသီဟ, ၎င်းဆရာတော်နှစ်ပါးတို့ထံ အယူခံလျှောက်ထားကြရမည်။

၎င်းဆရာတော်နှစ်ပါးတို့ စီရင်ဆုံးဖြတ်ချက်ကိုမှ မနှစ်သက် မရောင့်ရဲနိုင်ရှိကြပြန်လျှင် ဆုံးဖြတ်ချက် ဖြတ်စာနှစ်စောင်ကိုတင်ပြ၍ သာသနာပိုင်

ဆရာတော်ဘုရားကြီးထံ အမိန့်တော်ခံ လျှောက်ထား ကြရမည်။

ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့ထံ လျှောက်ထား ပေါ် ပေါက်လျှက်ရှိသော အဓိကရုဏ်းများကို တစ်ဦးတစ်ယောက်တည်း အလိုဆန္ဒနှင့်သာ စီရင်ဆုံးဖြတ်ခြင်းမပြုပဲ အယူကွဲပြားခြင်းမရှိ ဝိနယဓမ္မအလိုက် ထိုက်သက်ငြိမ်းအေး ဆွေးနွေးတိုင်ပင်ရန် သန္နိပါတအကျိုးငှါ တစ်လခွဲတစ်ကြိမ် ဂိုဏ်းအုပ်ပုဂ္ဂိုလ်ထံ မျက်မှောက်လာရောက် စည်းဝေးပြီးလျှင် အမှုကိစ္စအဓိကရုဏ်း အဆုံးအဖြတ်စကားများကို တရားဆွေးနွေး ညှိနှိုင်းတိုင်းထွာ လျှောက်ထားလျက် ညီညွတ်စေ့စပ် သဖြင့် ဆုံးဖြတ်စီရင်ကြရမည်ဖြစ်ကြောင်း။

ယင်းသို့အရပ်ရပ်ဆရာတော်အား အပ်သောအတိုင်း အပိုင်းအခြား၌မ,တည် ဖောက်ပြန်ကြူးလွန်၍ နေထိုင်သောပုဂ္ဂိုလ်ကို ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့က အာယတိံသံဝရ ဖြစ်စေခြင်းငှါ ဒဏ္ဍကမ္မ နိဂ္ဂဟစသော အပြစ်တို့ကိုထား၍ ထင်ရှားအောင်စီရင်ကြရမည်။ ဝိသဘာဂ အဓမ္မဝါဒီ အလဇ္ဇီဒုဗ္ဗစ ရဟန်းတို့နှင့်လည်း ဆက်ဆံပေါင်းသင်းစပ်လျဉ်းမရှိရအောင် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့က နိုင်နင်းအောင်ဆုံးမဩဝါဒပေးရမည်။

၁၂၅၆-ခု နယုန်လဆန်း ၁၁-ရက်နေ့။

(သာသနာပြုစလင်းဆရာတော်အမိန့်စာဟုပါရှိ၏၊ စလင်းတိုက် ရာပြည့်စာအုပ်ငယ်မှ)

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

စလင်းဆရာတော်ဘုရားကြီးသည် သီလဝန္တ, သိက္ခာကာမ စသော ဂုဏ်တို့ကြောင့် ၁၂၇၆-ခုနှစ်တွင် လယ်တီဆရာတော်ဘုရားကြီး စသည်တို့နှင့် အတူတူ အိန္ဒိယဘုရင်ခံ ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

စလင်းဆရာတော်ဘုရားကြီးနှင့်အတူ မန္တလေးမှပါလာ၍ သာသနာပြု

ဖက်ဖြစ်သော တိုက်အုပ်ဆရာတော်မှာ ၁၂၇၈-ခုနှစ်က ပျံလွန်တော်မူခဲ့လေသည်။ တိုက်အုပ်ဆရာတော် ပျံလွန်တော်မူသဖြင့် ငါ့မှာ လက်ရုံးပြုတ်ပြီဟု များစွာသံဝေဂဖြစ်တော်မူသည်။ မဟာနာယ ကသာသနာပြု အဂ္ဂမဟာပဏ္ဍိတ စလင်းဆရာတော်ဘုရားကြီးသည် လည်း သက်တော် ၈၆- နှစ်ရှိရာ ၁၂၇၉-ခုနှစ်တွင် ဘဝနတ်ထံ ဝင်စံ တော်မူခဲ့လေသည်။

## သံဝေဂယူရန်

နေနှင့်လလဲ၊ ချုပ်ပျက်စဲ၊ မလွဲရောက်ရသည်။
သင်္ခါရခပဲ၊ ချုပ်ပျက်စဲ၊ မလွဲရောက်ရသည်။
သူသဘာဝ၊ မည်သူမျှ လွန်ရမရှိပြီ။

■ ■ ■

# တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၀)
# အာလောကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
# ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာလောက

"အာလောကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာလောကသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံး စာပေကျမ်းဂန် သင်ယူတတ်မြောက် ပို့ချတော်မူခဲ့သည့် မဟာဝိသုတာရာမတိုက် သာသနာ့ဝန်ဆောင်ဆရာတော်ဖြစ်တော်မူသည်။

## ဖွားမြင်, ရှင်ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၅-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု သာသနာ့ဝန် ထမ်းတော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်အာလောကဖြစ်လေသည်။

## မဟာဝိသုတာရာမတိုက်တော် ရောက်ရှိပညာသင်ခြင်း

ထိုစဉ် ထိုခေတ်က လျှမ်းလျှမ်းတောက် ပဌမစာချ, ဒုတိယစာချ, တတိယစာချ, ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ စာချဆရာတော်တို့ဖြင့် လျှမ်းလျှမ်းတောက် စည်းကားခဲ့သည့် မန္တလေးမြို့ နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်သို့ ရောက်ရှိသီတင်းသုံးတော်မူကာ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## စာပေချပို့သာသနာပြုချီးမြှောက်ခြင်း

စာပေကျမ်းဂန် တတ်မြောက်သဖြင့် ရောက်ရှိခပြောင်း စာသင်သားအပေါင်း ရဟန်းသာမဏေအပေါင်းတို့အား စာပေချပို့ ပရိယတ္တိ သာသနာများ ချီးမြှောက်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၄၆-ခုနှစ်၊ သက်တော် ၅၁-နှစ်တွင် မာရ်အောင် ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် " အာလောကာ

လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ ဘုန်းခေါင်သာသနာ စည်ပင်ရှက်ဆောင်အပ်တော်မူခဲ့သော ဆရာတော် အရှင်အာလောကသည် ဇရာဗျာဓိနှစ်ချက်ဖိကာ ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

န ဟိ သော ပက္ကမော အတ္ထိ၊ ယေန ဇာတာ န မီယရေ။
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံ ဓမ္မာ ဟိ ပါဏိနော။

(သုတ္တနိ၊ ၃၇၁။ သလ္လသုတ်။)

ယေန ဥပက္ကမေန၊ အကြင်လုံးပမ်းကြိုးကုတ် အားထုတ်မှု လုံ့လဝီရိယဖြင့်။ ဇာတာ၊ ကမ္မဘဝ အကြောင်းဆုံလစ် ဖြစ်လာကြုံလာ သတ္တဝါတို့သည်။ န မီယရေ၊ မသေလွန်ကြကုန်။ သော ဥပက္ကမော၊ ထိုမသေလွန်နိုင်ကြောင်း လုံ့လဝီရိယကောင်းသည်။ န ဟိ အတ္ထိ၊ ဧကန်တိတိ မရှိသည်သာ။ ဇရံ၊ သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသို့။ ပတွာပိ၊ ဧကန်ထုတ်ချောက် ရောက်သော်လည်းကောင်း၊ အပတွာပိ၊ မရောက်မူ၍သော်လည်းကောင်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပါဏိနော၊ သတ္တဝါအားလုံးတို့သည်။ ဧဝံ ဓမ္မာဟိ၊ ဤသို့ ပုံသေမုချ သေဆုံးခြင်းသဘော ရှိကြကုန်သည်သာ။

■ ■ ■

# တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၁)

# သကျဝံသာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သကျဝံသ

ဆရာတော်အရှင်သကျဝံသသည်လည်း မဟာဝိသုတာရာမ တိုက်တော်၌ နေ့ဝါညဝါကျမ်းစာချပို့ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်, ရှင်ရဟန်းပြုခြင်း

ဗန့်ကျီနယ်၌ သက္ကရာဇ် ၁၁၉၆-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဆရာတော်သည် ဉာဏ်ကောင်း, ဝီရိယကောင်း ပုဂ္ဂိုလ်ဖြစ်တော်မူသည်။

## မဟာဝိသုတာရာမတိုက်တော်သို့ ရောက်ရှိပညာသင်ကြားခြင်း

သက်တော်အရွယ်ငယ်စဉ်ကပင် မန္တလေးမြို့ နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်သို့ရောက်၍ နေ့ဝါ ညဝါကျမ်းစာအရပ်ရပ်ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

## စာပေချပို့သာသနာပြုခြင်း

စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သဖြင့် နေ့ဝါ ညဝါ ကျမ်းစာများချပို့ရာ စာသင်သား ရဟန်းသာမဏေများစွာတို့ ဆရာတော် အရှင်သကျဝံသထံရောက်ရှိ ပညာသင်ကြားကြကုန်၏။ ပဌမကျော်, အဂ္ဂမဟာပဏ္ဍိတ ရွှေရေးကျောင်းဆရာတော် အရှင်တိသာသနသည် ဆရာတော်အရှင်သကျဝံသထံတွင် အဘိဓမ္မာ ၇-ကျမ်းကို သင်ယူတော်မူခဲ့လေသည်။

(ပဌမကျော် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်တိသာသနလည်းကြည့်။)

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

၁၂၄၆-ခုနှစ်၊ သက်တော် ၅၀-တွင် မာရ်အောင်ရတနာ စေတီတော် ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "သကျဝံသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် အင်္ဂလိပ်တို့ ဖမ်းယူခေါ်ဆောင်သဖြင့် သီပေါမင်း ပါတော်မူခဲ့ရာ "ယောနိသော မနသိကာရ" ဖြင့် သီတင်းသုံးတော်မူခဲ့လေသည်။

ဆရာတော်သည် သက်တော်ကြီးရင့်သောအခါတွင် ဗျာဓိပါ ဖိစီးသဖြင့် ဘဝနတ် ထံပျံလွန်တော်မူခဲ့လေသည်။ မဟာဝိသုတာရာမ တိုက်တော်ကြီးသည် တဖြည်းဖြည်း စာချအကျော်ဆရာတော်များ လျော့ပါးခဲ့လေတော့သည်။

## သံဝေဂယူရန်

၁။ ဟာ ယောဗ္ဗနာ ဇရာအန္တာ၊ ဟာ ဝိနာသာ မဟဒ္ဓနာ။
ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ စုတျန္တာ စ ဇီဝိတာ။

၂။ ဟာ ဥန္နတာ ဩနတန္တာ၊ ဟာ ပိယာ သောကအန္တကာ။
ဟာ ထောမနာ ဝိနိန္ဒန္တာ၊ ဟာ သုခါ ဒုက္ခအန္တကာ။

(၁) ယောဗ္ဗနာ၊ အရွယ်အဆင်း ပျိုမျစ်နုနယ်ခြင်း ဟူသမျှတို့သည်။ ဟာ ဇရာအန္တာ၊ ဩော် သွားကြိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းလျှင် အဆုံးရှိကုန်စွတကား။ မဟဒ္ဓနာ၊ ဥစ္စာစည်းစိမ် ဂုဏ်သိရ်လျှမ်းဖြာ ချမ်းသာကြွယ်ဝခြင်းဟူသမျှတို့သည်။ ဟာ ဝိနာသာ ဟာ ဝိနာသန္တာ၊ ဥစ္စာစည်းစိမ် ဂုဏ်သိရ်လျော့ပါး ပျက်ပြားခြင်းလျှင်အဆုံးရှိကုန်စွတကား။ သံယောဂါ၊ ဆရာ တပည့် မိဖနှင့်သား အစထား၍ များလှဖုံဖုံ လောကဓာတ်တိုက်ဘုံဝယ် ကြုံကြိုက်စပ်နွဲ့ ယှဉ်တွဲပေါင်းဆုံခြင်းဟူသမျှတို့သည်။ ဟာ ဝိယောဂန္တာ၊ တစ်နေ့နေ့တွင် ကွေကွင်းကွဲကွာခြင်းလျှင် အဆုံးရှိကုန်စွတကား။ ဇီဝိတာ၊ အသက်ဝိညာဉ်

ရှင်ရခြင်းဟူသမျှတို့သည်။ ဟာ စုတျန္တာ၊ သြော် စုတိပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိကုန်စွတကား။

(၂) ဥန္နတာ၊ မြင့်မောက်တက်ကြွ မာန်မာနထောင်လွှားခြင်း ဟူသမျှ တို့သည်။ ဟာ သြနတန္တာ၊ သြော် မာန်မာနကြိုးနှိမ်ခြင်းလျှင် အဆုံးရှိကုန်စွ တကား။ ပိယော၊ ချစ်ခင်စုံမက် နှစ်သက်ခြင်းဟူသမျှတို့သည်။ ဟာ သောက အန္တကာ၊ သြော် စိုးရိမ်ပူဆွေး စိတ်မအေးခြင်းလျှင် အဆုံးရှိကုန်စွတကား။ ထောမနာ၊ ပွဲလယ်ပြင်ပ ချီးမွမ်းခံရခြင်း ဟူသမျှတို့သည်။ ဟာ ဝိနိန္ဒန္တာ၊ သြော် အပြစ်ထုတ်ဖွဲ့ ကဲ့ရဲ့ခြင်းလျှင်အဆုံး ရရှိကုန်စွတကား။ သုခါ သုခိတာ၊ လောကီ ဖွယ်ရာ ချမ်းသာသော သုခရှိခြင်းဟူသမျှတို့သည်။ ဟာ ဒုက္ခအန္တကာ၊ သြော် ဆင်းရဲခြင်းလျှင် အဆုံးရှိကုန်စွတကား။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၂)
## သီလက္ခာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ
## တောင်ပိုင်ဆရာတော် အရှင်သီလက္ခာရ

ဆရာတော်အရှင်သီသည်လည်း မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံး စာပေသင်ကြား ချပို့တော်မူသည့် သာသနာ့ဝန် ထမ်းဆောင်သော ဆရာတော်တစ်ပါး ဖြစ်တော်မူသည်။

### ဖွားမြင်, ရှင်ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၈-ခုနှစ် တောင်ပိုင်ရွာ၌ ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြုသာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်သီဖြစ်လေသည်။ တောင်ပိုင်ဆရာတော်ဟု ထင်ရှားခဲ့လေသည်။

### မဟာဝိသုတာရာမတိုက်ရောက် စာပေသင်ကြားချပို့ခြင်း

မဟာဝိသုတာရာမတိုက်တော်အတွင်း တောင်ဖက်တန်းရှိ ကျောင်းမကျောင်း၌သီတင်းသုံးကာ ဂန္ထန္တရအဝဝကို သင်ယူတော်မူ၍ တတ်မြောက်သောအခါ ရောက်ရှိလာသော တပည့်တပန်း ရဟန်းသာမဏေတို့အား နေ့ဝါ ညဝါကျမ်းများကို ချပို့ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။

### ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ယင်းသို့ စာပေချပို့ သာသနာတော်ကို ချီးမြှောက် စာပေကျမ်းဂန်တတ်မြောက်သဖြင့် သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် မာရ်အောင် ရတနာစေတီတော်ဒါယကာ သီပေါမင်းတရားဆက်ကပ်လှူဒါန်းသည့် “သီလက္ခာရမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ စာပေချပို့ သာသနာတော်ချီးမြှောက်သော ဆရာတော် အရှင်ဧသီသည်လည်း နောင်တော့်နောင်တော် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးတို့ နည်းတူ ဘုရားရဟန္တာတို့သော်မှ ရှောင်လွှဲမရသည့် မရဏသဘော ဆက်လျော ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ကာယော သန္ဓိဟိတော ပါယော၊ သမ္ပဒါ ပဒမာပဒါ။
သမာဂမာ သာပဂမာ၊ သဗ္ဗံ မုပါယာဒိ ဘင်္ဂါရုံ။

(ဟိတောပဒေသ။ ၄။ ၇၀- ဂါထာ)

ကာယော၊ ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့၏ ခန္ဓာကိုယ်ဟူသမျှသည်။ သန္ဓိဟိတောပါယော၊ အမြဲစဉ်လာ မကွာထပ်ကြပ် သိုမှီးအပ်သော ပျက်စီးခြင်း သဘောရှိ၏။ သမ္ပဒါ၊ စည်းစိမ်ဥစ္စာ များစွာကုန်လုံ ပြည့်စုံခြင်းသည်။ အာပါဒါ အာပါဒါယစ၊ ဓားပြခိုးသူ ရန်သူရေမီး စသည်တို့ကြောင့် ပျက်စီး ဆုံးရှုံးခြင်း၏။ ပဒံ၊ ပင်မအခြေခံ မသွေစင်စစ် အကြောင်းရင်းဖြစ်၏။ သမာဂမာ၊ မိဖသားချင်း ဆွေရင်းမျိုးချာ ဉာတကာတို့ ညီညာပေါင်းဆုံ ကြုံကြိုက်စုဝေးရခြင်းသည်။ သာပဂမာ၊ သေကွဲရှင်ကွဲ တနဲနဲဖြင့် မလွဲပုံသေ ကွေကင်းကွဲကွာရခြင်းသဘော ရှိကုန်၏။ ဥပါယာဒိ၊ ညီညာစုပေါင်း အကြောင်းလျှံ့ဆော် ဖြစ်ပေါ်လာသမျှသော။ သဗ္ဗံ၊ ရှိရှိသမျှ သက်ရှိသက်မဲ့ သင်္ခါရတရားစုသည်။ ဘင်္ဂါရုံ၊ အရှည်အစွဲ မတည်မြဲပဲလျက် ဧကန်မလွဲ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိချေ၏။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၇)
## သံယုတ္တဘာဏကာစရိယ,
## ကုမာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု,
## ကုမာရာဘိဝံသတိသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု,
## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အားဖြင့်
## ဘွဲ့တံဆိပ်တော် ၃- ထပ်ရ
## ရန်ကုန်မြို့ သံယုတ်ဆရာတော် အရှင်ကုမာရာဘိဝံသ

သံယုတ္တဘာဏကာစရိယဘွဲ့တံဆိပ်တော်, တိသာသနဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ရန်ကုန်မြို့ သံယုတ်ဆရာတော် ဘုရားကြီးလည်း မန္တလေးမြို့ အရှေ့ပြင်နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြား တတ်မြောက်, စာပေချပို့ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်တော်မူခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၀၆-ခုနှစ်ခန့်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်၏ အတ္ထုပ္ပတ္တိအစ္ဆယာပဒါနစမ္ပူ ကျမ်း၌ မန္တလေးမြို့၌ ဖွားမြင်သည်ဟူ၍လည်းကောင်း, ဘွဲ့တံဆိပ်တော်မှာလည်း တိသာသနဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု-ဟူ၍လည်းကောင်း ရေးသားဖော်ပြခဲ့လေသည်။ သို့ရာတွင် ထိုစဉ်က မန္တလေး မြို့ပင် မတည်ရသေးချေ။ ရာဇဂုရုဘွဲ့တံဆိပ်တော်ကိုလည်း မတွေ့မရှိရချေ။

သူငယ်၏ ဂုဏ်စသည်နှင့် ကျောင်းအပ်ပုံကိုလည်း ယင်းအစ္ဆရိယ ပဒါန စမ္ပူ၌ -

၁။ ဝိဇာယိ ပုတ္တရတနံ၊ ဇနနံ ပုညလက္ခဏံ။

ဒေါသိနာ ရဇနီ ပုဏ္ဏာ-စန္ဒဗိမ္ဗမိဝမ္ဗရေ။
၂။ ကမေန ဝဍ္ဎမာနံ တံ၊ ဒိသွာ လက္ခဏပါဠကာ။
အာဇာနုမဏ္ဍလာလမ္ဗ၊ ဘုဇော ဝဍ္ဎာယတင်္ဂုလိ။
၃။ ကမဏ္ဍလုသိရောသူရူ-ရေခါစိတ္တကရမ္ဗုဇော။
တေနာယံ ဒါရကော ပဗ္ဗ-ဇိဿတီတိ ဗိယာကရုံ။
၄။ တံ သုတွာ ပိတရော ပီတိ- ဇာတရော မဥ္စကဥ္စုကာ။
ကုလူပဂဿ ထေရဿ၊ နိယျာဒေသုံ နိဇတြဇံ။
ဟူသော ၄-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်[၁]။

## ကျောင်းသားဝတ်ဖြင့် ပညာသင် သံယုတ္တနိကာယ် နှုတ်တက်ရခြင်း

ဆရာတော်လောင်းလျာသတို့သားသည် လွန်စွာဉာဏ်ကောင်းလှသည် ဟူ၏။ မိဖတို့က မိမိတို့အိမ်ဆွမ်းခံကြွလာသည့်ရဟန်းတော်ထံ အပ်နှံလိုက်ရာ ထိုရဟန်းတော်သည် သူငယ်ကို ခေါ်ဆောင်သွားပြီး ကျောင်းမှ အောက်ခြေ စာများသင်ပေးပြီး သဒ္ဒါဗျာကရုဏ်းစသည်ကို ဆက်လက်သင်ယူစေပြီး သံယုတ္တ နိကာယ်ကြီးကို ဆက်လက်သင်ယူ စေရာ ၃-နှစ်အကြာတွင် သံယုတ္တနိကာယ်ကြီး အာဂုံရရှိသည်ဟူ၏။ ယင်းသို့ဖြစ်ကြောင်း -

၁။ ထေရော သုရမ္မမာရာမံ၊ နေတွာ တံ ဒါရကံ တဒါ။
လေခါယံ ဝဏ္ဏမာလာယံ၊ သိက္ခာပေသိ ဒယာပရော။
၂။ ဇိဝှါရဂ္ဂေ ဝဏ္ဏမာလာ၊ မာလိနီ ဝါဏီ ဝါဏိနီ။
သောဘတေ တတ္ထ နစ္စန္တီ၊ ဂါယန္တီ တဿ သူနုနော။
၃။ တိဝဿေနေဝ သံယုတ္တ-နိကာယော နိဇကဏ္ဌဂေါ။
သီလာ လေခေဝ ဟာဒယေ၊ ယာဝဇီဝံ ပတိဋ္ဌဟိ။
ဟူသော ၃-ဂါထာဖြင့်ပင် အစ္ဆရိယာပဒါနစမ္ပူ၌ ဖော်ပြတော်မူခဲ့လေသည်။

---

၁။ အစ္ဆရိယပဒါနစမ္ပူ။ ၂၁- နှာ

## သာမဏေဝတ်ဖြင့် သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၁၁-နှစ်သားအရွယ်တွင် တိုက်တော်၌ သီတင်းသုံး တော်မူသော "အာဒိစ္စာလင်္ကာရရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်အာဒိစ္စထံ သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည် ဘွဲ့တော် 'ရှင်ကုမာရ' ဖြစ်လေသည်။

## သာသနာပိုင်မောင်းထောင်ဆရာတော် အရှင်ဉေယျဓမ္မာဘိဝံသထံ အပ်နှံခြင်း

နောက်တွင် ဆရာတော်အရှင်အာဒိစ္စာလင်္ကာရသည် ဆရာတော်လောင်းလျာ သာမဏေကို "ဉေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရီဓဇဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မာဘိဝံသထံ အပ်နှံကြောင်းကို-

၁။ ကေဒါ ပဋိသလ္လီနော၊ ထေရော နိသံသယံ အယံ။
ဗုဒ္ဓသာသနဓောရယှော၊ သိယာတိ ပုရိသန္တရော။

၂။ မာဒိသော သန္တိကေ တဿ၊ ဝါသောဘိဝုဒ္ဓိဟာနိယာ။
သိယာတိ ပရိဝိတက္ကေတွာ၊ ဥဠာရဇ္ဈာသယော ဝသီ။

၃။ တိုက်တော် မဟာဝိဟာရမှာ-ဒိစ္စာလင်္ကာရသညိနော။
ရာဇာဓိရာဇဂုရုနော၊ ထေရာဇညဿ ဓိမတော။

၄။ နိယျာဒေသိ ကုမာရံ တံ၊ ပဗ္ဗဇ္ဇာပေက္ခကံ တဒါ။
မာတာပိတူဟနုညာတံ၊ စောဒိတံ ပုညကမ္မုနာ။

၅။ ကဒါစိ တာလာဝစရေ၊ ယောဇေတွာ နိတမဿမံ။
ပဗ္ဗာဇေသိ ကုမာရံ တံ၊ သဗ္ဗာဘရဏဘူသိတံ။

၆။ မုချာနုသင်္ဂီကဖလံ၊ ဘာသ္သစ္ဆန္နာဌလောပမံ။
ကုလပုတ္တောယမဿာတုံ၊ ဘဗ္ဗရူပေါတျနာဂတေ။

၇။ ဣစ္စာစရိယ ထေရိန္ဒေါ၊ စိန္တေတွာ ဂုဏမန္ဒိရံ။
သာမဏေရိန္ဒ ပပ္ပေသိ၊ သံဃရာဇိန္ဒသန္တိကေ။

ဟူသော ၇-ဂါထာဖြင့် အစ္ဆရိယာပဒါနစမ္ပူကျမ်း၌ သီဟိုဠ်ကျွန်းသား (သီရိလင်္ကာနိုင်ငံသား)ရဟန်းတော် အရှင်မေဓာနန္ဒက ပြဆိုခဲ့လေသည်။

## ၁၅–ရက်အကြာအဘိဓာန်အရကျက်ခြင်း

သာသနာပိုင်ဆရာတော် အရှင်ဉေယျဓမ္မာဘိဝံသသည် သာမဏေ ရှင်ကုမာရကို အဘိဓာန်ကိုအကျက်ခိုင်းရာ ၁၅-ရက်အကြာတွင် ဂါထာပေါင်း ၁၂၀၀-ကျော်ရှိ အဘိဓာန်ကျမ်းကို အာဂုံနှုတ်ရသောဟူ၏။

ညစဉ် သံယုတ်ပါဠိတော်ကြီးနှင့် အဘိဓာနပ္ပဒီပိကာပါဌ်ကို အသံအနေ ထားဖြင့် ပြန်ဆိုလေရာ အသံကြည်လင်ပြတ်သားလှသဖြင့် ရှင်ကရဝိကဟူ၍ ခေါ်တော်မူသည်။ အခြား ရဟန်းတော်များကမူ သံယုတ္တဘာဏကဟု ခေါ်ကြ လေသည်။

## နန်းတော်ခေါ်သွား မင်းတုန်းမင်းကြီး ကြည်ညိုခြင်း

သာသနာပိုင်ဆရာတော်ဘုရားကြီးသည် တစ်နေ့တွင် သာမဏေ ရှင်ကုမာရ ကို နန်းတော်ခေါ်သွားရာ ရုပ်ရေထူးခြားသဖြင့် "သီဟိုဠ်သားလား ဘုရား" ဟုပင် မေးလျှောက်သောဟူ၏။ မင်းတုန်းမင်းကြီးသည် သာမဏေ၏ အကြောင်းခြင်းရာကို သိသဖြင့် များစွာကြည်ညိုလေသည်။
ယင်းသို့ဖြစ်ကြောင်း -

၁။ သံဃရာဇန္တိကဥ္စ သော၊ ပစ္စေကသတမန္ဒဟံ။
သဇ္ဈာယိတွာ သမာပေသိ၊ အဘိဓာနပ္ပဒီပကံ။

၂။ တဗ္ဗိမှယမာနော သံဃ-ရာဇာ ဂမ္ဘီရဗုဒ္ဓိမာ။
သာမဏေရဿ ကာရေသိ၊ ရက္ခာဝရဏ ဂေါပနံ။

၃။ ပုနာပိ ပဂုဏေ ဂန္ထေ၊ သဇ္ဈာယန္တဿ ရတ္တိယံ။
ယောသံ ဂမ္ဘီရမဓုရံ၊ သုတွာ သောတပ္ပသာဒနံ။

၄။ ကရဝိကောတိ နာမေန၊ သံဃရာဇတမာလပိ။
တမာလပီသု သံယုတ္တ-ဘာဏကောတျပရေ ဇနာ။

၅။ ကဒါစိ သံဃရာဇာထ၊ သုနိဝတ္ထသုပါရုတော။
မင်းတုန်းနာမ မဟာရညော၊ သမ္ပဋိစ္ဆ နိမန္တနံ။

၆။ ဝေဇယန္တဝိမာနာတံ၊ မန္ဒူညံ ရာဇမန္ဒိရံ။
ဘိက္ခာပေန သန္နဒ္ဓ-ကဝစော ဝိယ ကုဉ္ဇရော။

၇။ ပဉ္စာသမတ္တဘူတေန၊ သာမဏေရေနူပါဝိသိ။
ပစ္စုဋ္ဌာယ မဟာရာဇာ၊ တဒုဘော ပတိမာနယိ။

၈။ နိသီဒါပေသိ ရာဇိန္ဒော၊ သံဃရာဇိန္ဒမာသနေ။
ပညတ္တေ သာမဏေရမ္ပိ၊ ပတိရူပါသနေ တထာ။

၉။ သဟောရောဓော မဟာရာဇာ၊ သဒ္ဓိံ ရာဇိနိယာ တဟိံ။
အမစ္စာစ နိသဇ္ဇိံသု၊ ဘုမ္မတ္ထရဏမတ္ထကေ။

၁၀။ သာရဏီယကထံ ကတွာ၊ သန္တံ ဒန္တံ သမာဟိတံ။
အဝိဒူရာသနာသီနံ၊ သာမဏေရမှု ဒိက္ခိယ။

၁၁။ ဘိန္နတ္တာ ကိဉ္စိမတ္တံ တ-ဗ္ဗဂ္ဂဟေ ဝဏ္ဏမာတုယာ။
တောယန္တု ပုစ္ဆိ ရာဇာဓိ-ရာဇာ သဉ္ဇာတသံသယော။

၁၂။ ထောကံ ဝိဝဏ္ဏဒေဟောပိ၊ သဇာတိဝဏ္ဏမာတုယာ။
နာယံ သီဟဠိကော မယှံ၊ အန္တေဝါသိ မရမ္မိကော။

၁၃။ ဣမဿ ဘော မဟာရာဇ-နာမကာယောဘိရူပိမာ။
ဥဠာရညာဏလင်္ကာရာ-လင်္ကတော ဝတ သောဘတိ။

၁၄။ တွယာကာရာပိ တေ လောကေ-မာရဇိံ ဓမ္မစေတိယေ။
ယထာ သင်္ဂီတ သံယုတ္တ-နိကာယော ဝတ္တတေ စိရံ။

၁၅။ ဧဝ မေဝသာ ကဏ္ဍောပိ၊ ဘာရတီရဂ် မဏ္ဍာပေ။
သဗ္ဗာယာရုဠှသံယုတ္တ-နိကာယော ဝတ္တတေ ဗြဝိ^၁ ။

ဟူသော ၁၅- ဂါထာဖြင့် ဖော်ပြခဲ့လေသည်။

## သာမဏေဝတ်ဖြင့် စာပေတတ်မြောက်ခြင်း

သံယုတ်ဆရာတော်လောင်းလျာ သာမဏေ ရှင်ကုမာရသည် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသနှင့် အခြားကျမ်းဂန်တတ် ရာဇာမိရာဇဂုရု ဆရာတော်ကြီးများထံ သင်ယူအပ်သော ပိဋကပါဠိအဋ္ဌကထာ ဋီကာများ, အဘိဓာန်, အလင်္ကာ, ဆန်း, ကစ္စည်းသဒ္ဒါကြီးနှင့် ဘေဒစိန္တာ, ကစ္စာယနသာရစသည့် သဒ္ဒါငယ်ကျမ်းတို့ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

## ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် ၂၀-တွင် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်းကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။ ယင်းအကြောင်းကို အစ္ဆရိယာပဒါနစမ္ပူ၌-

၁။ ဝီသတိဝဿုဒ္ဒေသော၊ သမဏုဒ္ဒေသောဘိညာတဝိနယုဒ္ဒေသော။
ဂဟိတာ စရိယုဒ္ဒေသော၊အတ္ထုဒ္ဒေသောပသမ္ပဒသမဏုဒ္ဒေသော။

၂။ မာတာပိတုဋ္ဌာနိယံ ရာဇကုလံ၊ သံဃရာဇသမနုညာတံ။
အဓိသီလေနဘိသိတ္တံ ပုတ္တံ၊ ပဿိတုမူလရဋ္ဌန္တံ ဇနယီ။

၃။ ဝိစိနိတွာဘိညာတော၊ ရာဇဂုရုစုရန္တရေ စ ထေရာဇညော။
ရာဇာနဂရဇ္ဈန္တရ၊ သမ္မတသီမံ သဂါရဝံ ပါပေသိ။

---

၁။ အချို့သာသနာဝင် စာတော်ဖတ်တို့ ပါဠိဂါထာများ ဝန်လေးမည်ဖြစ်သော်လည်း သိဟိုဠ်ပညာရှိ ရဟန်းတော်တပါး၏ မြန်မာအား ချီးကျူးချက်များကို သိစေလိုသဖြင့် ဖော်ပြခြင်းဖြစ်သည်။

၄။ သံယိသော ဥပဇ္ဈာယံ၊ သမဏာဒ္ဒေသံ သဘိက္ခု သံယော သမ္မာ
အဓိသိက္ခာယ သမ္ပပ္ပယိ၊ သမ္ပတိ သမ္ပတ္တိယောဂတော သုဒ္ဓါယ။

၅။ သောစာယသ္မာ သုဝဓော၊ လဇ္ဇီ ပိယသီလိ ပါပဂရဟီ ဘိရူ။
သပြဟ္မစာရိဘိက္ခူ၊ ပိယော မနာပေါ သုဘာဝနိယော စာတိ[၁] ။ ဟူ၍ ပြဆိုခဲ့လေသည်။

## ကုမာရာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော် အလျှုခံရရှိခြင်း

ရဟန်းဖြစ်ပြီး မကြာမီ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရား လှူဒါန်းသည့် "ကုမာရာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ကုမာရာဘိဝံသတိသာသနဓဇ မဟာဒမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းလက်ထက်တွင် သီပေါမင်းဆက်ကပ်လှူဒါန်းသည့် "ကုမာရာဘိဝံသ တိသာသနဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ လေသည်[၂]။

## ရန်ကုန်မြို့၌ သီတင်းသုံးခြင်း

သီပေါမင်း ပါတော်မူပြီးနောက် ရန်ကုန်မြို့သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ သူတော်စဉ်တို့ ဆောက်လုပ်လှူဒါန်းအပ်သော မဟာအတုလဝေယန်, မဟာဗိမာန်ဘုံကျော်, မဟာအတုလဘုံသာ ကျောင်းတော်ကြီးများကိုလည်း အလှူခံတော်မူရလေသည်။

---

၁။ အစ္ဆရိယာပဒါနစမ္ပူ။ ၄၅-နှာ။

၂။ သီပေါမင်းဘွဲ့တံဆိပ်တော်လှူစာရင်းတွင် "ကုမာရာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု"နှင့် "ကုမာရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်နှစ်ခု တွေ့ရှိရလေသည်။

ယင်းကျောင်းတိုက်များအနက် ရွှေတိဂုံစေတီအနီး မဟာအတုလ ဝေယန်ကျောင်းတိုက်၌ အမြဲသီတင်းသုံးတော်မူ၍ အခြားကျောင်းတိုက်များ၌ ရံခါသီတင်းသုံးတော်မူခဲ့လေသည်။ မဟာအတုလ ဝေယန်ကျောင်းတိုက်ကား ယခုအခါ သံယုတ်ကျောင်းတိုက်ဟု ထင်ရှားလေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

တဖန် သက္ကရာဇ် ၁၂၇၆-ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့ ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ စာပေတတ်မြောက် ကျွမ်းကျင်တော်မူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ မဟာဝိသုတာရာမတိုက်တော်ထွက် သံယုတ်ဆရာတော်ဘုရားကြီး အရှင်ကုမာရာဘိဝံသသည် သက်တော် ၈၀-ရှိရာ ၁၂၈၆-ခုနှစ်၊ ဝါခေါင်လဆန်း ၁၄-ရက်၊ ကြာသပတေးနေ့ နေ့လည် ၁၁-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## ကြီးကျယ်သော ရှာပနပွဲကြီး

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ရွှေတိဂုံစေတီအနီး သံယုတ်ကျောင်းတိုက်၌ ရှစ်လထား၍ ပူဇော်ပွဲကြီး ခမ်းနားစွာကျင်းပမီးသင်္ဂြိုဟ် ပူဇော်ကြပြီးလျှင် အရိုးဓာတ်တို့ကို ကျိုက္ကစံစေတီ၌ စေတီတည်ထား ကိုးကွယ်ခဲ့ကြကုန်၏။

## မရဏာနုဿတိကမ္မဋ္ဌာနပါဌ်

ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော သီဟိုဠ်ကျွန်း ပါနဒူရမြို့ အဘယကရုဏာရတနမုဒဋ္ဌိန္နာရာမာဓိပတိ ရဟန်းတော် အရှင်မေဓာနန္ဒသည် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ တိုက်တော်ထွက် သံယုတ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် အဋ္ဌရိယာပဒါန စမ္ပူကျမ်းအဆုံးတွင် မရဏာနုဿတိကမ္မဋ္ဌာန် ဟူသောအမည်ဖြင့် မရဏာနုဿတိကမ္မဋ္ဌာန်းပွားများရန် ရေးသားစီရင်ခဲ့ရာ ပါဠိပညာရှင်များ ဖတ်ရှုပွားများရန် ဤ၌ ဖော်ပြအပ်ပါသည်။

## မရဏာနုဿတိကမ္မဋ္ဌာန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဝိသုဒ္ဓ သဒ္ဓမ္မမယူခ သာလိနံ၊
ပဗုဒ္ဓ ဝေနေယျ သရောဇဒါယိနံ။
ဝိနဋ္ဌသမ္မောဟ တမပ္ပဓံသိ နံ၊
တိဗုဒ္ဓ ခေတ္တေကရဝိံ နမေ ဇိနံ။

၂။ ပယာတိ ယဿာဓိဂမေန သဗ္ဗ၊
ဘဝါ ဝိမုတ္တိံသု ဝိမုတ္တိကာမော။
အနုတ္တရံ ဓမ္မမနာသဝံ တံ၊
သံယံ နမေ သံယမိတံ ဂုဏောဟိ။

၃။ သံဝဏ္ဏနာ သစ်ရဏာယ သမ္မာ၊
ဗုဒ္ဓါနုဗုဒ္ဓါရိယပါဒ မူလေ။
ကတ္တုံ ဒ္ဓါဘိနီဟာရမုဋ္ဌာရဗုဒ္ဓိံ၊
တံ ဗုဒ္ဓဃောသာစရိယဥ္စ ဝန္ဒေ။

၄။ အနုဿတိံ ယံ မရဏဿ သတ္ထာ၊
ဒေသေသိ ဝေနေယျဟိတာယ တာယ။
ယာ ဗုဒ္ဓဃောသာစရိယာသဘေန၊
သံဝဏ္ဏနာ ဗုဒ္ဓိမတာ ပဏီတာ။

၅။ ဝိသုဒ္ဓိမဂ္ဂေ့ကထံ သရိရံ၊
ကတွာ တမာစေရဝရဿ တဿ။
ဗျာပါရိတော လောကဟိတာယ သောဟံ၊
ဇာတျာဒိနိဗ္ဗိန္ဒိတမာနသေန။

၆။ သဒ္ဓမ္မဒါနာဘိရတော သုခီန၊
မဏ္ဍေသနဉ္စာပိ ပဋိဂ္ဂဟေတွာ။
ဝိဘာဝယိဿံ မရဏဿ သမ္မာ၊
အနုဿတိံ ဘော တမနုဿရေယျ။

၇။ ပစ္စေကဘာဝဿမ္ဘန္တော၊ ဇီဝိတိန္ဒြိယသမ္ဘတော။
ယော ဓမ္မော တဿုပစ္ဆေဒေါ၊ မရဏန္တိ ပဝုစ္စတိ။

၈။ ဝဋ္ဋုဒုက္ခုပမုစ္ဆေဒ၊ မရဏံ ဝီတရာဂိနံ။
သဗ္ဗသင်္ခါရဓမ္မာနံ၊ မရဏံ ခဏဘင်္ဂုရံ။

၉။ ရုက္ခော မတော မတံ လောဟံ၊ လတာ မတာတိ အာဒိသု။
တမေတ္ထ အနဓိပ္ပေတံ၊ သင်္ကေတမရဏံ တထာ။

၁၀။ ဇီဝိတိန္ဒြိယုပစ္ဆေဒ၊ မရဏာဘိဟိတံ ဣဓ။
ဒုဗ္ဗိဓံ မရဏံ ဟောတိ၊ ကာလာကာလဝသေန တံ။

၁၁။ ပုညက္ခယေန ဝါ အာယု-က္ခယေန ဥဘယက္ခယာ။
သမ္ပတ္တိ ဘဝိကံ ကာလ၊ မရဏံ တိဝိဓံ ဘဝေ။

၁၂။ သိယာ ဝိပတ္တိ ဘဝိကံ၊ ပါပက္ခယဝသေန တံ။
ကမ္မောပစ္ဆေဒကမ္မေန၊ အကာလမရဏံ သိယာ။

၁၃။ အာယုသန္တာန ဇနက၊ ဟေတု သမ္ပတ္တိယာ သတိ။
ဇနကဿ ကမ္မုနော ပက္က၊ ပါကတ္တာ ပဋိသန္ဓိယာ။

၁၄။ ယံ ဟောတိ မရဏံ လောကေ၊ သတ္တာနံ တံ မဟေသယော။
ပုညက္ခယေန မရဏ-န္တာဟု ဗုဒ္ဓါဒိပဏ္ဍိတာ။

၁၅။ အာဟာရဂတိကာလာဒိ၊ သမ္ပတ္တီနမဘာဝတော။
ဝိယေတရဟိ ပေါသာနံ၊ သတဝဿာယုဇီဝိနံ။

၁၆။ သတဝဿပ္ပမာဏဿ၊ အာယုနော ပရိဟာနိယာ။
ယော ဇီဝိတက္ခယော ဟောတိ၊ တမာယုက္ခယမီရယေ။

၁၇။ ဥတ္တရကုရုကာဒီနံ၊ ဝသေနာဟာရသမ္ဘဒါ။
ဂတိသမ္ပတ္တိ ဒေဝါနံ၊ ဝသေန ကာလသမ္ဘဒါ။
အာဒိကပ္ပိကပေါသာနံ၊ ဝသေနာတိ ဝိဇာနိယာ။

၁၈။ အတီတေ ဝုတ္တသမ္ပတ္တိ၊ ပဋိလာဘာယုသန္တတိ။
အာသီဓ အပရိစ္ဆိန္နာ၊ ဝဿကောဋိသတေဟိပိ။

၁၉။ ကမ္ပသ ပရမာယုဿ၊ ဥဘိန္နံ ပရိဟာနိယံ။
ယော ဇီဝိတိန္ဒြိယစ္ဆေဒေါ၊ တမာဟု ဥဘယက္ခယံ။

၂၀။ ကလာဗုဒ္ဓသိမာရာဒိ၊ ပုဂ္ဂလာနံဝ တဉ်ဓော။
ဋ္ဌာနာစာဝနထာမေန၊ ကတကိဗ္ဗိသကမ္မုနာ။

၂၁။ ယဒုပစ္ဆိန္နသန္တာန-သတ္တာနံ ပုဗ္ဗကမ္မုနော။
ဝသေန သတ္တဟာရဏာ၊ ဝိသာနုဘာဝနာဒိနာ။

၂၂။ ဥပက္ကမေနုပစ္ဆိဇ္ဇ-မာနသန္တာန ပါဏိနံ။
ယံ ဟောတိ မရဏံ ဝုတ္တံ၊ အကာလမရဏန္တိ တံ။

၂၃။ ဇီဝိတိန္ဒြိယုပစ္ဆေဒ-သင်္ခါတမရဏာဿ ယာ။
ယထာဝုတ္တပ္ပကာရေန၊ သဗ္ဗံ သင်္ဂဟိတံ သိယာ။

၂၄။ ဇီဝိတိန္ဒြိယုပစ္ဆေဒ-သင်္ခတမရဏာဿ ယာ၊
မရဏာနုဿတီတျာဟု၊ ပုနပ္ပုနမနုဿတိ။

၂၅။ တံ ဘာဝယိတုကာမေန၊ အာဒေါ သီလံ ဝိသောဓိယ။
ရဟောဂတေနုပစ္ဆိန္န-ပလိဗောဓေန ယောဂိနာ။

၂၆။ မရဏံ မေ ဘဝိဿတိ၊ နိရုဇ္ဈိဿတိ ဇီဝိတံ။
ယောနိသော မနသိကာရော၊ ကတ္တဗ္ဗော မရဏန္တိ ဝါ။

၂၇။ အယောနိသော ဝတ္တယတော၊ ပုတ္တသောကောဝ မာတုယာ။
မရဏာဿတိယာ သောကော၊ ဇနဿိဋ္ဌဿ ဇာယတေ။

# မရဏာနုဿတိကမ္မဋ္ဌာနံ

၂၈။ ဝေရီနံ ဝေရိမရဏ-ဿရဏောရိဝ ကဿစိ။
မရဏဿတိယာ ဣဋ္ဌ-ဇနာနံ ပီတိ ဇာယတေ။

၂၉။ မဇ္ဈတ္တသတ္တမရဏ-ဿတိယာ နော ပဇာယတေ။
သံဝေဂေါ ဒဿနေ ဆဝ-ဍာဟကဿ ဆဝဿိဝ။

၃၀။ အတ္တနော မရဏဿနု-ဿတိယာ ဥပဇာယတေ။
သန္တာသော ဝဓကံ ဒိသွာ၊ သာယုဓံ ဘီရုကဿိဝ။

၃၁။ တံ သဗ္ဗံ ပရိဟီနဿ၊ သတိသံဝေဂ ဉာဏတော။
ဝါရိတံ သတိသံဝေဂ-ဉာဏီနံ န နိဝါရိတံ။

၃၂။ တသ္မာဟတေ မတေ သတ္တေ၊ ဩလောကေတွာ တဟိံ တဟိံ။
ဒိဋ္ဌပုဗ္ဗာနုဘာဝါယ၊ ဇနတာယ မတာယပိ။

၃၃။ အာဝဇ္ဇေတွာန မရဏံ၊ မရဏံ ဟေဿတေ က္ကတိ။
ဝတ္တေတဗ္ဗော မနက္ကာရော၊ သတိသံဝေဂဉာဏီနာ။

၃၄။ ဧဝံ ပဝတ္တယန္တော ဟိ၊ ပဝတ္တယတိ ယောနိသော။
ဧဝံ ပဝတ္တယန္တဿ၊ အပ္ပေကစ္စဿ ယောဂိနော။

၃၅။ ဝိက္ခမ္ဘဏပ္ပဟာနေန၊ ပဉ္စနီဝရဏာနိပိ။
အတ္ထံ ဂမေန္တိ သဏ္ဌာတိ၊ မရဏာရမ္မဏာ သတိ။

၃၆။ ဥပစာရဂတံ ဟောတိ၊ ကမ္မဋ္ဌာနံ သုဘာဝိတံ။
ယဿ ဧတ္တာဝတာ လာဘော၊ နောပစာရဿ ဇာယတေ။

၃၇။ ဝဓကပစ္စုပဋ္ဌာန၊ သမ္ပတ္တီနံ ဝိပတ္တိတော။
ဥပသံဟရတော ကာယ-ဗဟုသာဓာရဏတ္တတော။

၃၈။ အာယုဒုဗ္ဗလတော စာနိ၊ မိတ္တတောဒ္ဓါနဘေဒတော။
ပရိတ္တက္ခဏတော တေန၊ ဘာဝေတဗ္ဗာ အယံ သတိ။

၃၉။ ဆိန္ဒိဿမဿ သီသန္တိ၊ အသိမာဒါယ နိဒ္ဒယော။
ဝဓကော ဝိယ ဂီဝါယ၊ စာရယန္တော ဝုပဋ္ဌိတော။

၄၀။ ဇီဝိတဟာရဏတ္တာ စ၊ အာဂတတ္တာ သဇာတိယာ။
ပစ္စုပဋ္ဌိတမေဝေဒံ၊ မရဏံ ဒုန္နိဝါရိယံ။

၄၁။ ခန္ဓနိဗ္ဗတ္တိသင်္ခါတာ၊ ပရာဓေဿ ဘဝေ ဘဝေ။
ဘာဂီဘူတာန သေဿာနံ၊ သတ္တာနံ ဇီဝိတံ ယတော။

၄၂။ နိဟန္တိ ကမ္မဝဓကော၊ ဥက္ခိတ္တ မရဏာသိနာ။
တိဘဝါယာတနံ ပတ္တော၊ ကော ဇီဝေါ ဇီဝိတံ လဘေ။

၄၃။ ဥဋ္ဌိတံ ပံသုမာဒါယ၊ မကုဋ္ဌံ ဝါဟိဆတ္တကံ။
ဇရာ မရဏမာဒါယ၊ သဗ္ဗေ သတ္တာပိ ဇာယရေ။

၄၄။ ဝေလန္တေ ဦမိမာလာဝ၊ ပဗ္ဗတမှာ ပဝဋ္ဋိတာ။
သိလာဝ မေဃမာလာဘိ-မုခေ ဝိဇ္ဇုလ္လတာ ဝိယ။

၄၅။ ဥဒကေ ဒဏ္ဍရာဇီဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ဇလဗုဗ္ဗုလမေဝေဒံ၊ ဇီဝိတံ ဥပရုဇ္ဈတိ။

၄၆။ တထာ ဟိ နေယံ သတ္တာနံ၊ ပဋိသန္ဓိမနော ဇရံ။
ဥပ္ပါဒါနန္တရံ ပတွာ၊ သမ္ပယုတ္တေဟိ ဘိဇ္ဇတိ။

၄၇။ ဧဝံ ခဏိကမရဏံ၊ ဇာတိယာ သဟ အာဂတံ။
အဝဿမေဝ ဇာတဿ၊ ယသ္မာ ဟိ မရဏံ သိယာ။

၄၈။ တသ္မာ ဣဓ အဓိပ္ပေတံ၊ မရဏမ္ပိ သုဒါရုဏံ။
နိဋ္ဌမေတ္ထာဘိဂန္တဗ္ဗံ၊ သဟဇာတျာဂတံ ဣတိ။

၄၉။ ဤသကမ္ပနိဝတ္တန္တော၊ အယမ္ဗုဋ္ဌိတော ရဝိ။
အဘိဓာဝတိ အတ္ထာဘိ-မုခေါ ဟုတွာန သေယျထာ။

၅၀။ ဧသနိဗ္ဗတ္တသတ္တောပိ၊ ပဋ္ဌာယ ဇာတကာလတော။
မရဏာဘိမုခေါ ဟုတွာ၊ သန္ဓာဝတိ နိရန္တရံ။

၅၁။ ပဗ္ဗတေယျာ နဒီ သံယ၊ သောတာ ဝိဿန္တတေ ယထာ။
အဝဿမေဝမုပ္ပန္နော၊ မရဏာဘိမုခံ ဝဇေ။
တေန ဝုတ္တံ -
\+ ယမေကရတ္တိံပဌမံ၊ ဂဗ္ဘေ ဝသတိ မာနဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သ ဂစ္ဆံ န နိဝတ္တတိ။

၅၂။ ပါတော ဗန္ဓနမုတ္တာနံ၊ ဖလာနံ ပတနံ ယထာ။
ယထာ ဂိမှာဘိတတ္တာနံ၊ ကုန္နဒီနံ ပရိက္ခယော။

၅၃။ ဘေဒေါ မတ္တိကပတ္တာနံ၊ ပဟဋ္ဌာနံ သိလာဒိနာ။
ရဝိရသ္မီဟိ ဖုဋ္ဌာန-မုဿာဝါနံ ခယော ယထာ။

၅၄။ မရဏံ ဇာတသတ္တာနံ၊ ဟောတျာသန္နံ ခဏော ခဏော။
တေနာဟ မာရပါသေဟိ၊ ဝိမုတ္တော ဒွိပဒုတ္တမော။

\+ ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာနမစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

\+ အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတမုပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။

\+ ယထာ ပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။
ခုဒ္ဒကဉ္စ မဟန္တဉ္စ၊ ယံ ပက္ကံ ယဉ္စ အာမကံ။
သဗ္ဗံ ဘေဒနပရိယန္တံ၊ ဧဝံ မစ္စာန ဇီဝိတံ။

\+ ဥဿာဝေါဝ တိဏဂ္ဂမှိ၊ သုရိယုဂ္ဂမနမ္ပတိ။
ဧဝမာယုမနုဿာနံ၊ မာ မံ အမ္မ နိဝါရယေ။

၅၅။ ဥက္ခိတ္တခဂ္ဂဝဓကော ဝိယ မစ္စု ပစ္စု၊
ပဋ္ဌာတိ ဇီဝိတဟရော သဟဇာတိယာတိ။
ဘော တဗ္ဗိမုတ္တိနိရတော ဝဓကာဒိ ပစ္စု၊
ပဋ္ဌာနတောပိ မရဏံ သမနုဿရေယျ။

၅၆။ ယာဝဒေဝေတ္ထ သမ္ပတ္တိ၊ သဗ္ဗသတ္တေဟိ ပတ္ထိတာ။
ဝိပတ္တိနာဘိဘဝတိ၊ တာဝဒေဝ ဝိရောစတိ။

၅၇။ ယာ ဝိပတ္တိံ အတိက္ကမ္မ၊ တိဋ္ဌေယျ ဘုဝနတ္တယေ။
ဝိပတ္တိတော ဝိနိမ္မုတ္တာ၊ သာ သမ္ပတ္တိ န ဝိဇ္ဇတိ။
တေန ဝုတ္တံ-

သကလံ မေဒနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။
အဍ္ဍါမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော။

\+ တေနေဝ ဒေဟာဗန္ဓေန၊ ပုညမှိ ခယမာဂတေ။
မရဏာဘိမုခေါ သောပိ၊ အသောကော သောကမာဂတော။

၅၈။ သတ္တာနံ သဗ္ဗမာရောဂျံ၊ ယောဗ္ဗညမပိ ဇီဝိတံ။
ဗျာဓိနာ ပရိယောသာနံ၊ ဇရာယ မရဏေန စ။

၅၉။ ပတ္တော ဗျာဓိ မဟာစောရော၊ အတ္တဘာဝံ ယရံ ဣမံ။
သဗ္ဗမာရောဂျ သမ္ပတ္တိံ၊ ဝိလုမ္ပယတိ နိဒ္ဒယော။

၆၀။ ပတ္တော ဇရာ မဟာစောရော၊ အတ္တဘာဝံ ယရံ ဣမံ။
သဗ္ဗံ ယောဗ္ဗနသမ္ပတ္တိံ၊ ဝိလုမ္ပယတိ နိဒ္ဒယော။

၆၁။ ပတ္တော မစ္စု မဟာစောရော၊ အတ္တဘာဝံ ယရံ ဣမံ။
သဗ္ဗံ ဇီဝိတသမ္ပတ္တိံ၊ ဝိလုမ္ပယတိ နိဒ္ဒယော။

၆၂။ တတြ တတြ ဘဝေ ခန္ဓ-နိဗ္ဗတ္တိသမနန္တရံ။
တေသံ စောရာနမုဋ္ဌာနံ၊ သိယာ သမ္ပတ္တိမောသနေ။

၆၃။ ဇာတိယာနုဂတော လောကော၊ ဇရာယာနုသဋ္ဌော သဒါ။
ဗျာဓိနာ အဘိဘူတောယံ၊ အဗ္ဘာဟတောနု မစ္စုနာ။
တေန ဝုတ္တံ-
\+ ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာ အနုပရိယေယျုံ၊ နိပ္ပေါ့ဌေန္တာ စတုဒ္ဒိသာ။

\+ ဇဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနော။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿေ၊ သုဒ္ဒေ စဏ္ဍာလ ပုက္ကုသေ။
န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗ မေဝါဘိမဒ္ဒတိ။

\+ န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ။

၆၄။ ဝိဇ္ဇုလ္လတာ စပလဇီဝိတသမ္ပဒါယ၊
သြသာနတံ လဟုတရံ မရဏာပဒါယ။
ဥတ္တာ ကြမာယ မရဏာဿတိဘာဝနာယ၊
ယုတ္တေန တေန သရိတဗ္ဗမိဒံ ဟိတာယ။

၆၅။ ပရေဟိ သဒ္ဓိမတ္တာနံ၊ ယသပုညမဟတ္တတော။
ထာမမဟတ္တတော စိဒ္ဓိ၊ ပညာဝေဂ မဟတ္တတော။

၆၆။ ပစ္စေက ဗုဒ္ဓတော သမ္မာသမ္ဗုဒ္ဓတော စ သတ္တဓာ။
ဣစ္စူပသံဟရိတ္ဗာန၊ သရိတဗ္ဗံ ပုနပ္ပုနံ။

၆၇။ သမ္ပန္နသတ္တရတနာ၊ သူရဝီရင်္ဂသူနဝေါ။
အဒဏ္ဍေန အသတ္ထေန၊ ပထဝိံ ဝိဇိတာဝိနော။

၆၈။ မဟာနုဘာဝသမ္ပန္နာ၊ အနန္တဗလဝါဟနာ။
ပရိဝါရဇနာ တိဏ္ဏာ၊ ရာဇာနော စက္ကဝတ္တိနော။

၆၉။ ဝင် ကာလိင် ဂန္ဓာရ-သက္ကာဝန္တိ ကုရူသု စ။
ကသ္မီရကာသိကမ္ဗောဇ၊ ပဥ္စာလမဂဓာဒိသု။

၇၀။ ရဋ္ဌာနုသိဋ္ဌ သန္နဒ္ဓ-သေနာဟိ ပရိဝါရိတာ။
ဒေဝါမညေ မဟာတေဇာ၊ နရဒေဝါ ယသဿိနော။

၇၁။ ဒေဝါနမ္ပိယတိဿာဒိ၊ ဇလိတာ ဥဂ္ဂတေဇသာ။
သာသနုဇ္ဇောတကာလင်္ကာ-ဒီပမှိ ဝသုဓာဓိပါ။

၇၂။ ယေ စာသုံ တေသမုပရိ၊ မရဏံ အတိဒါရုဏံ။
နိရာသင်္ကဝ ပတိတံ၊ ကိမင်္ဂ ပန မာဒိသေ။
တေန ဝုတ္တံ-

\+ မဟာယသာ ရာဇဝရာ၊ မဟာသမ္မတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝ ကာ။

၇၃။ ယေ ခတ္တိယမဟာသာလာ၊ သတကောဋိမဟဒ္ဓနာ။
တေပိ မစ္စုဝသံ ပတ္တာ၊ ကိမင်္ဂ ပန မာဒိသေ။

၇၄။ ယေ ဗြာဟ္မဏမဟာသာလာ၊ သတကောဋိမဟဒ္ဓနာ။
တေပိ မစ္စုဝသံ ပတ္တာ၊ ကိမင်္ဂ ပန မာဒိသေ။

၇၅။ တဒုပမုံ ဂဟပတိ၊ မဟာသာလာ မဟဒ္ဓနာ။
တေပိ မစ္စုဝသံ ပတ္တာ၊ ကိမင်္ဂ ပန မာဒိသေ။
တေန ဝုတ္တံ-

\+ ဇောတိကော ဇဋိလော ဥဂ္ဂေါ၊ မေဏ္ဍကော အထ ပုဏ္ဏကော။
ဧတေ စညေ စ ယေ လောကေ၊ မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ မရဏ မာပန္နာ၊ မာဒိသေသု ကထာဝ ကာ။

၇၆။ ပဥ္စ ပဏ္ဍဝရာဇာနော၊ မလ္လဝါ ဗန္ဓုလာဒယော။
နန္ဒိမိတ္တပ္ပဘုတယော၊ သင်္ဂါမာဝစရာ ပုရေ။

၇၇။ မဟဗ္ဗလာ မဟာယောဓာ၊ အဟေသုံ သီဟဝိက္ကမာ။
တေပိ မစ္စုဝသံ ပတ္တာ၊ ကိမင်္ဂ ပန မာဒိသေ။

တေန ဝုတ္တံ-

\+ ဝါသုဒေဝေါ ဗလဒေဝေါ၊ ဘီမသေနော ယုဓိဋ္ဌိလော။
စာနုရော ယော မဟာ မလ္လော၊ အန္တကဿ ဝသံ ဂတာ။

\+ ဧဝံ ထာမဗလူပေတာ၊ ဣတိ လောကမှိ ဝိဿုတာ။
ဧတေပိ မရဏံ ယာတာ၊ မာဒိသေသု ကထာဝ ကာ။

၇၈။ ကောဋ္ဌိပ္ပတ္တဝသီ နန္ဒော- ပနန္ဒဒမနာဒိသု။
သတ္တသံဝေဇနာဒီသု၊ ဒဿိတိဒ္ဓိဝိကုဗ္ဗဏာ။

၇၉။ ကတာဓိကာရသမ္ပန္နာ၊ ကတကိစ္စာ အနာသဝါ။
မောဂ္ဂလ္လာနမဟာထေရ-ပ္ပမုခါ ဝီတရာဂိနော။

၈၀။ ယေ စာသုံ ဝီတသာရဇ္ဇာ၊ မဟာထေရာ မဟိဒ္ဓိကာ။
တေပိ မစ္စုဝသံ ပတ္တာ၊ ကိမင်္ဂ ပန မာဒိသော။

တေန ဝုတ္တံ -
\+ ပါဒင်္ဂုဋ္ဌကမတ္တေန၊ ဝေဇယန္တံ အကမ္ပယိ။
ယော နာမိဒ္ဓိမတံ သေဋ္ဌော၊ ဒုတိယော အဂ္ဂသာဝကော။

\+ သော ပိ မစ္စုမုခံ ဃောရံ၊ မိဂေါ သီဟမုခံ ဝိယ။
ပဝိဋ္ဌော သဟ ဣဒ္ဓီဟိ၊ မာဒိသေသု ကထာဝ ကာ။

၈၁။ ယော နယဂ္ဂါဟမတ္တေန၊ တိက္ခပညာယ အတ္တနော။
သဗ္ဗညုဝိသယေ ဌတွာ၊ ဓမ္မစက္ကံ ပဝတ္တယိ။

၈၂။ န သက္ကာ ယဿ ပညာယ၊ သြပမ္မမုပဒဿိတုံ။
ပထဝီသာဂရာဒီနံ၊ မတ္တိကာ သလိလာဒိနာ။

၈၃။ လက္ခာဓိကမသင်္ချေယျ၊ ကပ္ပံ ပူရိတပါရမီ။
ပတ္တာဂ္ဂသာဝကဋ္ဌာနံ၊ သကျသီဟဿ သာသနေ။

၈၄။ ဓမ္မသေနာပတိ သာရိ-ပုတ္တတ္ထေရောတိ ဝိဿုတော။
ပညာယ အတိရောစိတ္ထ၊ ယော ပတ္တပဋိသမ္ဘိဒေါ။

၈၅။ မဟာခီဏာသဝေါ ဓမ္မ-စက္ကဿ အနုဝတ္တကော။
သော ပိ မစ္စုဝသံ ပတ္တော၊ ကိမင်္ဂ ပန မာဒိသော။

\- တေန ဝုတ္တံ-
\+ လောကနာထံ ဌပေတွာန၊ ယေ စညေ အတ္ထိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

\+ ဧဝံ နာမ မဟာပညော၊ ပဋ္ဌမော အဂ္ဂသာဝကော။
မရဏာသ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။

၈၆။ အတ္တနော ဉာဏဝီရိယ-ဗလေန သဗ္ဗကိဗ္ဗိသေ။
ဝိဒ္ဓံသေတွာန ပစ္စေက-ဗောဓိံ ပတ္တာ အနာသဝါ။

၈၇။ ပစ္စေကဗုဒ္ဓါ ယေ ခဂ္ဂ-ဝိသာဏာဝေကစာရိနော။
တေပိ မစ္စုဝသံ ပတ္တာ၊ ကိမင်္ဂ ပန မာဒိသေ။
တေန ဝုတ္တံ -

\+ တံတံ နိမိတ္တမာဂမ္မ၊ ဝီမံသန္တာ မဟေသယော။
သယမ္ဘုဉာဏတေဇေန၊ ယေ ပတ္တာ အာသဝက္ခယံ။

\+ ဧကစရိယနိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေ ပိ နာတိဂတာ မစ္စုံ၊ မာဒိသေသု ကထာဝ ကာ။

၈၈။ ယော ပိ သော ဘဂဝါ သီတိ၊ အနုဗျဉ္ဇနမဏ္ဍိတော။
ဗာတ္တိံသလက္ခဏူပေတော၊ နိဗ္ဗြောဝပရိမဏ္ဍလော။

၈၉။ ဗျာမပ္ပဘာ ကေတုမာလာ-လင်္ကတော ပုညလက္ခဏော။
ဖြပ္ဖုလ္လရဂတ္တော ရုစိရော၊ သမိဒ္ဓရူပကာယ ဝါ။

၉၀။ သဗ္ဗာကာရ ပရိသုဒ္ဓေါ၊ သီလာလင်္ကာရလင်္ကတော။
သမာဓိ ပညာသမ္ပန္နော၊ လောကုတ္တရဂုဏာကရော။

၉၁။ ဣမိနာ ကာရဏေနာပိ၊ သော ဘဝံ ဂေါတမော ဝတ။
အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပဒါ။

၉၂။ သုဂတော သဗ္ဗထာ လောက-ဝိဒူ သတ္ထာ အနုတ္တရော။
နရဒမ္မသာရထိ ဗုဒ္ဓေါ၊ ဘဂဝါတိပိ ဝိဿုတော။

၉၃။ အသေသဒေ ယျမေမွေသု၊ အနာဝရဏဉာဏဝါ။
သဝါသနကိလေသာရိ၊ ဟတဂ္ဂမဂ္ဂဉာဏဝါ။

၉၄။ အာသယာနုသယံ ဝေဒိ၊ ပဘိန္န ပဋိသမ္ဘိဒေါ။
အာဝေဏိကဂုဏာ ခာရော၊ သမိဒ္ဓရူပကာယဝါ။

၉၅။ မဟာယသ မဟာပည၊ မဟာဗလဝတံ တထာ။
မဟိဒ္ဓိပညာလာဘီနံ၊ အဂ္ဂတံ သေဋ္ဌတံ ဂတော။

၉၇။ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ အသမော အသမသမော။
သဒေဝကဿ လောကဿ၊ အဂ္ဂေါ အပ္ပဋိပုဂ္ဂလော။

၉၈။ သောပိ ဝုဋ္ဌိနိပါတေန၊ အဂ္ဂိက္ခန္ဓောဝ ပဇ္ဇလံ။
နိဗ္ဗာယိ မရဏာဗ္ဗုဋ္ဌိ၊ နိပါတေန ဝိနာယကော။

၉၉။ ဝီတသာရဇ္ဇမာဒိစ္စဗန္ဓုံ ဧဝံ အဝတ္ထရိ။
မရဏံ ဝီတသာရဇ္ဇံ၊ ကိမင်္ဂ ပန မာဒိသေ။
တေန ဝုတ္တံ-

\+ ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။
န ဘယေန န လဇ္ဇာယ၊ မရဏံ ဝသမာဂတံ။

\+ နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

၁၀၀။ ဧဝံ သမိဒ္ဓိ ယသပုညမဟဗ္ဗလိဒ္ဓိ။
ပညာဓိကေဟိ စ ပရေဟုပသံဟရိတွာ။
အတ္တာနမာသုမုပစာရသမာဓိနာ ဘော။
စိတ္တံ သမာဓိယတိနုဿရတော ဝိနာသံ။

၁၀၁။ ကေသာဒိကုဏပါကိဏ္ဏော၊ သဒါ ဒုပ္ပရိဟာရိယော။
ဗဟုသာဓာရဏော ဟောတိ၊ ပူတိကာယော အယံ ကထံ။

၁၀၂။ သဏ္ဍသဏ္ဍာ စရန္တာနံ၊ ပူတိကာယော အသီတိယာ။
ကုလေသု ကိမိသဏ္ဍာနံ၊ တာဝ သာဓာရဏော ဘဝေ။

၁၀၃။ ဆဝိံ ခါဒန္တိ ကာယသ္မိံ၊ ပါဏကာ ဆဝိနိဿိတာ။
စမ္မသံနိဿိတာ စမ္မံ၊ မံသဉ္စ မံသနိဿိတာ။

၁၀၄။ နဟာရုနိဿိတာ ကာယေ၊ နဟာရုံ အဋ္ဌိနိဿိတာ။
အဋ္ဌိံ ခါဒန္တိ မိဉ္ဇဉ္စ၊ ပါဏကာ မိဉ္ဇ နိဿိတာ။

၁၀၅။ တေ တတ္ထ ဇာယရေ တတ္ထ၊ ဇီယရေ တတ္ထ မီယရေ။
တတ္ထ ဥစ္စာရပဿာဝံ၊ ကရောန္တိ ဝိဝိဓာ ကိမီ။

၁၀၆။ တေသံ ဂိလာနသာလာယံ၊ ကာယော ပဿာဝဒေါဏိကာ။
တထာ ဝစ္စကုဋီ သူတိ-ဃရံ သိဝထိကာ သိယာ။

၁၀၇။ ကာယောယံ ကိမိသဏ္ဍာနံ၊ ယထာ သာဓာရဏော တထာ။
အဗ္ဘုတ္တိကာနံ ရောဂါနံ၊ ကိဒေါ သကမ္မဇာဒိနံ။

၁၀၈။ ဗာဟိရာနဉ္စ ဝါဠာနံ၊ တထာဟိ ဝိစ္ဆိကာဒိနံ။
မရဏဿ ပစ္စယာနံ၊ ကာယော သာဓာရဏော သိယာ။

၁၀၉။ စာတုမ္မဟာပထေ လဂ္ဂေ၊ ယထာ သဗ္ဗာ ဒိသာဂတာ။
သတ္တိတောမရပါသာဏာ၊ နာနာ ဗာဏာ ပတန္တိ ဟိ။

၁၁၀။ ပတန္တိ ပူတိကာယသ္မိံ၊ ဧဝံ နိဿေသုပဒ္ဒဝါ။
ဥပဒ္ဒဝနိပါတေန၊ စုတိံ သွာယံ နိဂစ္ဆတိ။

၁၁၁။ အဗ္ဘုတ္တဗာဟိရဂတာနမုပဒ္ဒဝါနံ၊
သာဓာရဏော ကုဏပပူရိတပုတိကာယော။
ဣစ္စေဝမာသု မရဏံ သရိတဗ္ဗမေဝ၊
ယောဂီဟုပဋ္ဌိတသတီဟိ၊ ဒိဝါ စ ရတ္တော။

၁၁၂။ ဧဝံ အနုဿရိတွာန၊ ဗဟုသာဓာရဏတ္တတော။
အာယုဒုဗ္ဗလတော စေတံ၊ သရိတဗ္ဗံ ပုနပ္ပုနံ။

၁၁၃။ အဗလံ ဒုဗ္ဗလံ အာယု၊ နာမေတံ သဗ္ဗပါဏိနံ။
တထာ အဿာသပဿာသူ-ပနိဗဒ္ဓံ ဟိ ဇီဝိတံ။

၁၁၄။ ဣရိယာပထူပနိဗန္ဓံ၊ သီတုဏှူပနိဗန္ဓကံ။
မဟာဘူတူပနိဗန္ဓံ၊ အာဟာရူပနိဗန္ဓကံ။

၁၁၅။ အာဏာပါဏာနမေဝေဒံ၊ ဇီဝိတံသမဝုတ္တိတံ။
လဘန္တံ ဝတ္တတေ ဇာဟု၊ နပ္ပဝတ္တတိ အညထာ။

၁၁၆။ နာသာယ ဗဟိ နိက္ခန္တ- ဝါတေနာဿော ဥပါဂတော။
ပဝိဋ္ဌေ ဝါ အနိက္ခန္တေ၊ မတော နာမ တထာဂတော။

၁၁၇။ ဣရိယာပထာနံ စတုန္နံ၊ နိသဇ္ဇသယနာဒိနံ။
ပဝတ္တမာနံ သမတံ၊ ဇီဝိတမ္ပိ ပဝတ္တတိ။

၁၁၈။ တေသမညတရဿာပိ-မတ္တတ္တာ ဂမနာဒီနံ။
သတ္တာနံ အာယုသင်္ခါရာ၊ ဥပစ္ဆိဇ္ဇန္တိ ဒုဗ္ဗလာ။

၁၁၉။ သီတုဏှာနမ္ပိ သမတံ၊ လဘန္တမာယု ဝတ္တတိ။
ဇီဝိတံ အတိသီတုဏှေ၊ နာဘိဘူတဿ နဿတိ။

၁၂၀။ လဘမာနံ မဟာဘူတ-ရူပါနံ သမဝုတ္တိတံ။
ဇီဝိတံ သဗ္ဗသတ္တာနံ၊ ပဝတ္တတိ အနညထာ။

၁၂၁။ တာသံ ပစ္စေကဓာတူနံ၊ ပကောပေနာပိ ဇန္တဝေါ။
ပတ္ထဒ္ဓကာယာ ဟုတွာန၊ ပပ္ပေါန္တိ ဇီဝိတက္ခယံ။

၁၂၂။ ကိလိန္နပူတိကာယာ ဝါ၊ အတိသာရဂဒါဒိနာ။
မဟာဍာဟပရေတာ ဝါ၊ ဓောဟိကဇရာဒိနာ။

၁၂၃။ သတ္ထကာဒီဟိ ဝါတေဟိ၊ သမ္ဘိန္နသန္ဓိဗန္ဓနာ။
ဟုတွာ မစ္စုဝသံ ယန္တိ၊ သတ္တာ ဒုဗ္ဗလဇီဝိတာ။

၁၂၄။ ယထာ ကာလံ လဘန္တဿ၊ ဝတ္တတေ ဇီဝိတိန္ဒြိယံ။
ကဗဠီကာရမာဟာရံ၊ နာညာထာ သမ္ပဝတ္တတိ။

၁၂၅။ အဿာသကာဒုပနိဗန္ဓပဝတ္တမာနံ၊
ဘော ဇီဝိတံ အဗလဒုဗ္ဗလမေဝ ဟောတိ။
ကွစ္စာယုဒုဗ္ဗလဝသာ သတိသံဝရေတိ၊
ယောဂီဟိ နူန မရဏံ သရိတဗ္ဗမေဝ။

၁၂၆။ သတ္တာနမနိမိတ္တတ္တာ၊ အဝဝတ္ထာနမတ္ထတော။
အပရိစ္ဆေဒဘာဝေါ ဟိ၊ ပဉ္စ ဓမ္မာန မုစ္စတေ။

၁၂၇။ သတ္တာနံ ဇီဝိတံ ဗျာဓိ၊ ကာလော ဟိ ဒေဟခေပနံ။
ဂတီတိ ပဉ္စိမေ ဓမ္မာ၊ နိမိတ္တရဟိတာ သိယုံ။
တေန ဝုတ္တံ -
\+ ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

၁၂၈။ ဧတ္တကညေဝ တာဝေတ္ထ၊ ဇီဝိတဗ္ဗမိတော ပရံ။
န ဇီဝိတဗ္ဗမိစ္စာဟု၊ အနိမိတ္တဉှိ ဇီဝိတံ။

၁၂၉။ ကလလဿဗ္ဗုဒဿာပိ၊ ပေသိယာပိ ဃနဿပိ။
ယံ ကိဉ္စိ ကာလေ ပပ္ပေါန္တိ၊ ပါဏိနော ဇီဝိတက္ခယံ။

၁၃၀။ ဧကဒွတ္တိစတုပဉ္စ-ဒသမာသဒသာသုပိ။
မရန္တိ သတ္တာ ကုစ္ဆိမှာ၊ နိက္ခန္တသမယေ တထာ။

၁၃၁။ တတော ပရံ ဝဿသတ-ဗ္ဘန္တရေ ဗဟိ ဝါ နရာ။
မရန္တိယေဝ ဟိ တတော၊ အနိမိတ္တံ သဇီဝိတံ။

၁၃၂။ သတ္တာ မရန္တိ ကွမိနာ၊ ဗျာဓိနာ နေတရေနီတိ။
ဗျာဓိပိ အဝဝတ္ထာန-ဘာဝတော စာနိမိတ္တတော။

၁၃၃။ သတ္တာ ပပ္ပေါန္တိ မရဏံ၊ စက္ခုရောဂေန ဝါ တထာ။
သောတရောဂါဒိနာပျည-တရေန န ကဒါစိ ကိံ။

၁၃၄။ သေမှဇေဟိပိ ရောဂေဟိ၊ ပိတ္တဇေဟိပိ ပါဏိနော။
ဝါတဇေဟိ ဒွိဒေါသေဟိ၊ တိဒေါသေဟိပိ မီယရေ။

၁၃၅။ ကမ္မသ္မိံ ညေဝ ကာလသ္မိံ၊ မရိတဗ္ဗန္တိ ဝါ နဝါ။
အညဒါ မရိတဗ္ဗန္တိ၊ ကာလောပိ န ဝဝတ္ထိတော။

၁၃၆။ ပုဗ္ဗဏှေပိ ဟိ မဇ္ဈဏှေ၊ သာယဏှေ နိစ္ခန္ ဇနာ။
ဝဇန္တိ ပုရိမေ ယာမေ၊ မဇ္ဈိမေ ဇာတု ပစ္ဆိမေ။

၁၃၇။ ပတိတဗ္ဗမိစေဝတ္တ-ဘာဝေန မီယတံ နဝါ။
အနိမိတ္တံ ဝဝတ္ထာနာ-ဘာဝတော ဒေဟခေပနံ။

၁၃၈။ အန္ဓောဂါမေဟိ ဇာတာနံ၊ နိက္ခေပေါ ဂါမတော ဗဟိ။
ဗဟိ ဂါမေဟိ ဇာတာန-မန္ဓောဂါမေ ဘဝေ တထာ။

၁၃၉။ အန္တော နိဂမဇာပျတ္တ-ဘာဝံ နိဂမတော ဗဟိ။
ခိပန္တိ အန္တောနိဂမေ၊ သတ္တာပိ ဗဟိ နာဂရာ။

၁၄၀။ အန္တောနဂရဇာပျတ္တ-ဘာဝံ နဂရတော ဗဟိ။
ခိပန္တိ အန္တောနဂရေ၊ သတ္တာပိ ဗဟိ နာဂရာ။

၁၄၁။ အန္တော ဇာနပဒါပျတ္တ-ဘာဝံ ဇနပဒေ ဗဟိ။
ခိပန္တျန္တောဇနပဒေ၊ ဗဟိဇာနပဒါ နရာ။

၀၄၂။ အန္တောရဋ္ဌဂတာ ဒေဟံ၊ ခိပန္တိ ဗဟိ ရဋ္ဌတော။
ဗဟိ ရဋ္ဌဂတာ စန္တော၊ ရဋ္ဌေ ဒေဟံ ခိပန္တိ ပိ။

၁၄၃။ အန္တော ဒီပဂတာ ဒေဟံ၊ ခိပန္တိ ဗဟိ ဒီပတော။
ဗဟိ ဒီပဂတာ စန္တော၊ ဒီပေ ဒေဟံ ခိပန္တိပိ။

၁၄၄။ သတ္တာနံ ထလဇာနံ ဝါ၊ ဇလေ ဒေဟဿ ပါတနံ။
ဇလဇာနံ ထလေ ဝါတိ၊ ဧဝံ ဝိတ္ထာရိယော နယော။

၁၄၅။ ကွာစ နိဗ္ဗတ္တိတဗ္ဗန္တိ၊ စုတေန ဘဝတော ကွတော။
ဂတိပေဝံ ဝဝတ္ထာနာ၊ ဘာဝတော အနိမိတ္တတာ။

၁၄၆။ စုတာ ဟိ ဒေဝလောကမှာ၊ အပါယေသု စတူသွပိ။
ဗြဟ္မဒေဝမနုဿေသု၊ ယထာ ကမ္မေန ဇာယရေ။

၁၄၇။ စုတာ မနုဿလောကမှာ၊ အပါယေသု စတူသွပိ။
ဗြဟ္မဒေဝမနုဿေသု၊ ယထာ ကမ္မေန ဇာယရေ။

၁၄၈။ မနုဿေသုပိ ဒေဝေသု၊ အပါယေသု စတူသွပိ။
နိဗ္ဗတ္တန္တိ ယထာကမ္မံ၊ စတုရာပါယတော စုတာ။

၁၄၉။ ဗြဟ္မကာယာ စုတာ သတ္တာ၊ န စာပါယေသွနန္တရံ။
ဗြဟ္မဒေဝမနုဿေသု၊ နိဗ္ဗတ္တန္တိ ယထာရဟံ။

၁၅၀။ ယန္တယုတ္တော ယထာနာမ၊ ဂေါဏော သမ္ပရိဝတ္တတိ။
ဧဝံ ဘဝတ္တယာမိနော၊ လောကောယံ ဂတိပဉ္စကေ။

၁၅၁။ ဇာတာယ သဗ္ဗဇနတာယ ဘဝေသု တီသု၊
ဝိဇ္ဇန္တိ ပဉ္စ နိယတာ အနိမိတ္တမေ္မာ။
ကွစ္စေဝမာသု မရဏံ သရိတဗ္ဗမေဝ၊
သမ္မာ နိမိတ္တဝိသယေတျ နိမိတ္တတော ပိ။

၁၅၂။ မနုဿဇီဝိတဿဒ္ဓါ၊ ပရိတ္တော ယောဗ္ဗနာ စိရံ။
ဇီဝေ သံဝစ္ဆရသတံ၊ ဘိယျော ဝါပ္ပံ သဇီဝတိ။

၁၅၃။ တေနာဟ ဘဂဝါ အပ္ပ-မိဒံ မနုဿဇီဝိတံ။
ဂမနီယော သမ္ပရာယော၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

၁၅၄။ စရိတဗ္ဗံ ဗြဟ္မစရိယံ၊ ဇာတဿာမရဏံ န ဟိ။
ယော ဘိက္ခဝေ စိရံ ဇီဝေ-တျာဒိ သုတ္တန္တမာဒိသေ။
အပရဥ္စာဟ-

\+ အပ္ပမာယု-မနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။

၁၅၅။ ဘိက္ခဝေ အရကော နာမ၊ သတ္ထာဟောသီတိ ဒေသိတံ။
သုတ္တံ ဝိတ္ထာရိယံ သတ္တ-ဟုပမာဟိ အလင်္ကတံ။

၁၅၆။ အဟောဝတာဟံ ဇီဝေယျံ၊ ရတ္တိန္ဒိဝမတန္ဒိတော။
စိန္တေယျံ သာသနံ သတ္ထု၊ ကတမဿာတိ မေ ဗဟုံ။

၁၅၇။ အဟောဝတာဟံ ဇီဝေယျံ၊ ဒိဝါဘာဂမတန္ဒိတော။
စိန္တေယျံ သာသနံ သတ္ထု၊ ကတမဿာတိ မေ ဗဟုံ။

၁၅၈။ အဟောဝတာဟံ ဇီဝေယျံ၊ ပိဏ္ဍပါတာဒနန္တရံ။
စိန္တေယျံ သာသနံ သတ္ထု၊ ကတမဿာတိ မေ ဗဟုံ။

၁၅၉။ အဟောဝတာဟံ ဇီဝေယျံ၊ အာပဥ္စာလောပဘောဇနံ။
စိန္တေယျံ သာသနံ သတ္ထု၊ ကတမဿာတိ မေ ဗဟုံ။

၁၆၀။ ယော် ယော ဟိ ဘိက္ခု ဘာဝေယျ၊ ဣစ္စေဝံ မရဏဿတိံ။
ပမတ္တော ဝိဟရန္တီတိ၊ တေ ဘိက္ခူ ဝုစ္စရေ ဣဓ။

၁၆၁။ အာသဝါနံ ခယာယေဝံ၊ ဘာဝေန္တာ မရဏဿတိံ။
ဒန္ဓံ ဘာဝေန္တိ ယောဂွါယံ၊ ဘာဝေတိ ဝက္ခမာနတော။

၁၆၂။ အဟောဝတာဟံ ဇီဝေယျံ၊ ယာဝေကာလောပဘောဇနံ။
စိန္တေယျံ သာသနံ သတ္ထု၊ ကတမဿာတိ မေ ဗဟုံ။

၁၆၃။ အဟောဝတာဟံ ဇီဝေယျံ၊ အာဏာပါဏာနုမန္တရံ။
စိန္တေယျံ သာသနံ သတ္ထု၊ ကတမဿာတိ မေ ဗဟုံ။

၁၆၄။ အပ္ပမတ္တာ ဝိဟရန္တိ၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ။
အာသဝါနံ ခယာယေဝံ၊ တိက္ခံ ဘာဝေန္တိ ယောဂိနော။

၁၆၅။ ဝိဿာသိယော ဟိ န ဘဇေ စတုပဥ္စမတ္တာ။
လောပါဒနံ ခဏမပိတ္တရဇီဝိတဿ။
အဒ္ဓါ သမတ္တဇနတာယ ပရိတ္တကောတိ၊
အဒ္ဓါနဝေါပိ နိမိနံ သရိတဗ္ဗမေဝ။

၁၆၆။ သတ္တာ မေကစိတ္တာယု- မတ္တောဝ ဇီဝိတက္ခဏော ။
ခဏော သော ဟိ ပရိတ္တော ဟိ၊ ဉာတဗ္ဗော ပရမတ္ထတော။

၁၆၇။ ပဝတ္တမာနံ တိဋ္ဌန္တံ၊ ရထစက္ကံ ဟိ သေယျထာ။
ဧကနေမိပ္ပဒေသေန၊ ပဝတ္တတိ စ တိဋ္ဌတိ။

၁၆၈။ ဧဝမေဝေကစိတ္တာယု-က္ခဏိကံ သဗ္ဗပါဏိနံ။
ဇီဝိတံ တမ္ဟိ ဝိရုဒ္ဓေ၊ သတ္တော ဇီဝတိ နာသတိ။

၁၆၉။ ယထာဟိ စိတ္တယမကေ၊ ယမကေ လောကနာယကော။
အာဟာတီတာဒိကံ ဝါကျံ၊ ဇီဝိတာဟိ ပရိတ္တတော။

\+ အတီတေ စိတ္တက္ခဏေ ဇီဝိတ္ထ န ဇီဝတိ န ဇီဝိဿတိ။
အနာဂတေ စိတ္တက္ခဏေ န ဇီဝိတ္ထ န ဇီဝတိ ဇီဝိဿတိ။
ပစ္စုပ္ပန္နေ စိတ္တက္ခဏေ န ဇီဝိတ္ထ ဇီဝတိ န ဇီဝိဿတိ။
တေန ဝုတ္တံ -

\+ ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။

\+ ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိကာ။

\+ အနိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိပရမတ္ထိယာ။

၁၇၀။ တိဋ္ဌပ္ပဝတ္တရထနေမိပဒေသရူပေ၊
သတ္တာန မိတ္တရတရက္ခဏိကေ ဇဟိတွာ။

ဘော ဇီဝိတေ ခဏပရိတ္တဝသေန ဂေဓံ၊
ဓီရေတိ နူန မရဏံ သရဏီယမေဝ။

၁၇၁။ ဣစ္စာကာရာနမဋ္ဌန္န-မိမေသံ ယေန ကေနစိ။
ပုနပ္ပုနာနုဿရတော၊ လဘတျာသေဝနံ မနံ။

၁၇၂။ မရဏာရမ္မဏာ ယဿ၊ သတိ သန္တိဋ္ဌတေ သဒါ။
ဝိက္ခမ္ဘေန္တိ တဒါ တဿ၊ ပဉ္စနီဝရဏာနိပိ။

၁၇၃။ ဈာနင်္ဂါနိ စ ဇာယန္တိ၊ အပ္ပတ္တာန ပနပ္ပဏံ။
သဘာဂဓမ္မသံဝေဂဇ-နီယတ္တာရမ္မဏဿ စ။

၁၇၄။ ဥပစာရပ္ပတ္တမေဝ၊ ဈာနံ ဟောတိ သုဘာဝိတံ။
လောကုတ္တရံ ပနဇ္ဈာနံ၊ ဘာဝနာတိ ဝိသေသတော။

၁၇၅။ သဘာဝဓမ္မေ သတိပိ၊ ဒွိစတုတ္ထာနိစပ္ပဏံ။
အာရုပ္ပါနိပိ ဈာနာနိ၊ ပါပုဏန္တိ ယထာရဟံ။

၁၇၆။ ဝိသုဒ္ဓိဘာဝနာယာနု-က္ကမေန ဟိ အနုတ္တရံ။
ပပ္ပေါတျပ္ပဏမာရုပ္ပံ၊ အာလမ္ဗာတိက္ကမေ န ဟိ။

၁၇၇။ အပ္ပဏာပ္ပတ္တဈာနဿ၊ အာလမ္ဗာတိက္ကမော န ဟိ။
တဒ္ဒွယာဘာဝတော ဈာနံ၊ ဥပစာရဂတဉ္စိဓ။

၁၇၈။ တဒေတံ သတိတေဇေန၊ ဥပ္ပန္နတ္တာနုယောဂိနော။
မရဏဿတီတိ ဝေါဟာရံ၊ ဂစ္ဆတေ ကမ္မ သာသနေ။

၁၇၉။ ကမ္မံ ပနာနုယုတ္တော ဟိ၊ မရဏဿတိဘာဝနံ။
အပ္ပမတ္တော သတော ဘိက္ခု၊ သမ္ပဇညော သဒါ စရေ။

၁၈၀။ ဘဝေသု တီသု အနဘိ-ရတိသညံ ပဝိန္ဒတိ။
ဟောတေဝ ပါပဂရဟီ၊ ဇဟာတိ ဇီဝိတာလယံ။

၁၈၁။ ပရိက္ခာရေသု ဝိဂတ-သန္နိဓိဗဟုလော သိယာ။
ဝိဓူတမလမစ္ဆေရ-မာနဒပ္ပေါ အနိဿုကီ။

၁၈၂။ အနိစ္စ ဒုက္ခာနတ္တာဒိ-သညာနံ ပနုပဋ္ဌိတိ။
ဝါလုဗ္ဗာဋ္ဌေဝ သဟသာ၊ ယသ္မာဒိ ဂဟိတာ ဝိယ။

၁၈၃။ ယထာ အဘာဝိတာ သတ္တာ-မရဏံ မရဏက္ခဏေ။
ဝါလုဗ္ဗာဋ္ဌေဝ သဟသာ၊ ယက္ခာဒိဂဟိတာ ဝိယ။

၁၈၄။ သပ္ပဒဋ္ဌာဝ ဝဓကေ၊ စောရာဒိပီဠိတာ ဝိယ။
ယေဘုယျေန ဘယံ တာသံ၊ သမ္မောဟမဓိဂစ္ဆရေ။

၁၈၅။ ဘာဝိတော တေဝ မပ္ပတွာ၊ အသမ္မူဠှော ဝိနိဗ္ဘယော။
ကာလံ ကရောတိ နိဗ္ဗာနံ၊ နာဖ္လုဂေါ သုဂတိံ ဝဇေ။

\+ တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဇဝံ မဟာနုဘာဝါယ၊ မရဏဿတိယာ သဒါတိ။

၁၈၆။ သုတွာ မမာစရိယထေရယတိဿရဿ၊
ရာဇာဓိရာဇဂုရုနော နိဓနပ္ပဝတ္တိံ။
သံဝေဂဇာတဟဒယော သဒုပါဓိ မေဓာ-
နန္ဒာဘိဓာနယတိ ဂန္ထမိဒံ အကာသိ။
ဣတိ သိရိလင်္ကာဒီပေ
ပါသာဏဒူရနဂရေ အဘယကရုဏာရတနမုဒလိန္ဒာ
ရာမာဓိဝါသိနာ သိရိလင်္ကာသာသနာလင်္ကာရ
ကဝိဓဇောတျပါဓိဓာရိနာ မေဓာနန္ဒာဘိ-ဓာနတ္ထေရေန
ဝိရစိတံ မိဒံ မရဏာနုဿတိကမ္မဋ္ဌာနံ။

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၄)

## ဝိမလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သုံးဆယ်မြို့၊ မောင်းထောင်ဆရာတော် အရှင်ဝိမလ

သုံးဆယ်မြို့ မောင်းထောင်တိုက်ဆရာတော် အရှင်ဝိမလသည်လည်း မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြားခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော် အရှင်ဝိမလသည် မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်ကြီးရွာ မှိုင်းသာရပ်၌ ဦးဖိုးခေါင်+ဒေါ်ပုတို့မှ သက္ကရာဇ် ၁၂၀၆-ခုနှစ်၊ ကဆုန်လဆန်း ၁-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်စဉ်ကပင် ကုန်းသာတိုက် ပဌမစာချဂိုဏ်းအုပ် ဆရာတော်အရှင်ကလျာဏထံ၌ ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။

### ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ စာပေကျမ်းဂန် လေ့လာ သင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-တွင် ဆရာရင်း ပဌမစာချ သာသနသောဘဏ သာသနာပြုဂိုဏ်းအုပ် ဆရာတော်အရှင်ကလျာဏကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒဇာတ် မြင့်မြတ်သောရဟန်း ပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### မဟာဝိသုတာရာမတိုက်တော် ရောက်ရှိပညာသင်ခြင်း

၎င်းနောက် မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်သို့ ရောက်ရှိ၍ ကြာမြင့်စွာ သီတင်းသုံး၍ သာသနာပိုင် မောင်းထောင်ဆရာတော်အရှင်ဥေ ယျဓမ္မာဘိဝံသစသည်တို့ထံ နေ့ဝါ ညဝါ ကျမ်းစာများကို သင်ကြားတော်မူခဲ့လေသည်။ ၎င်းနောက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ

ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။

သီပေါမင်းတရား လှူဒါန်းအပ်သော "ဝိမလာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## သုံးဆယ်မြို့၌ သီတင်းသုံးခြင်းနှင့် သီဟိုဠ်,အိန္ဒိယတို့သို့

၁၂၅၃-ခုနှစ်တွင် သာယာဝတီခရိုင် သုံးဆယ်မြို့ မောင်းထောင်တိုက်၌စ၍ ဝါဆိုသီတင်းသုံးတော်မူခဲ့လေသည်။ ၁၂၆၀-ပြည့်နှစ်တွင် သီဟိုဠ်ကျွန်းသို့ စွယ်တော်မြတ်ဖူးမြော်ရန် ကြွတော်မူသည်။

၁၂၆၄-ခုနှစ်၊ ၁၂၆၅-ခုနှစ်တို့၌ ဟံသာဝတီခရိုင် သုံးခွပိုင် ဥက္ကံဘုရားကြီးတိုက်၌ သီတင်းသုံးတော်မူခဲ့သည်။ ဥက္ကံမှ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့်အတူ ဗောဓိပင်စသည်တို့ကို ဖူးမြော်ရန် ကြွတော်မူသည်။

## ကျမ်းဂန်များစွာပြုစုတော်မူခြင်း

ဆရာတော် အရှင်ဝိမလသည် ကျမ်းဂန်များတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ ---

၁။ နိဗ္ဗာန်တံခါးဖွင့်ကျမ်း။

၂။ ကလျာဏပဋိပဒါကျမ်း။

၃။ မဓုဂုဠတ္ထဒီပနီကျမ်း။

၄။ မဓုရောဝါဒကထာကျမ်း။

၅။ စတုသစ္စပကာသနီကျမ်း။

၆။ ဉာဏောဒယဝိနိစ္ဆယကျမ်း။

၇။ ကမ္မဝိနိစ္ဆယကျမ်း။

၈။ သုဇနမဂ္ဂဒီပနီကျမ်း။

၉။ ဝရဗောဓိသမိုင်းကျမ်း။

၁၀။ သီဟိုဠ် ၁၆- ဌာန ဘုရားရှိခိုးကျမ်းငယ်။

၁၁။ ဗုဒ္ဓဝန္ဒနာဒိကထာကျမ်း။
၁၂။ ရွှေကျင်ဆရာတော်ထေရုပ္ပတ္တိကျမ်း။
၁၃။ သန္ဒေသကထာကျမ်း။
၁၄။ ဥက္ကံဘုရားကြီးသမိုင်းကျမ်း။
၁၅။ သဒ္ဒါရှစ်စောင်သုတ်နက်ကျမ်း။ စသည်တို့ဖြစ်ကုန်၏ ။

## သဒ္ဒါရှစ်စောင်သုတ်နက်

ယင်းကျမ်းများအနက် သဒ္ဒါရှစ်စောင်သုတ်နက်မှာ စာသင်ငယ်တို့ စတင်၍ သင်ရန်သင့်လျော်သော ကျမ်းကောင်းဖြစ်လေသည်။

တချို့စာသင်သား ရဟန်းသာမဏေများ သဒ္ဒါကြီးပါဠိကို မတက်မသင်သေးမီ သဒ္ဒါရှစ်စောင်သုတ်နက်ကိုသင်ယူကြကုန်၏။ ၎င်းနောက်မှ သဒ္ဒါကြီးရှစ်စောင်ကို သင်ယူလေ့ရှိကြကုန်၏။ ပါဏိနီ ကျမ်းကြီးမသင်မီ မုဒ္ဓဗောဓ, သရသွတစသော ဗျာကရုဏ်းကျမ်းတို့ကို သင်ယူကြရသည်နှင့်တူ၏။

မောင်းထောင်ဆရာတော်သည် ရန်ကုန်မြို့၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ကံ့ကော်ပင်ကျောင်းဘုန်းကြီး အရှင်ဇောတိကရေးပြီး သုတ်နက်မူဟောင်းကို အာစရိယဝါဒ, ဂန္ထန္တရတို့နှင့်ညှိနှိုင်း၍ ရေးသားတော်မူခဲ့လေသည်။ ၎င်းသည် မောင်းထောင်သုတ်နက်ဟု လွန်စွာ ထင်ရှားလေသည်။ ယင်းကျမ်း၌ ပဏာမ, နိဂုံးတို့ မပါရှိချေ။ ရှိုင်ဆိုက် စာမျက်နှာ ၂၀၀-ခန့် ရှိလေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်အရှင်ဝိမလသည် ၁၂၇၀- ပြည့်နှစ် ပြာသိုလ်လဆန်း ၇-ရက်နေ့[၁] ည ၁၀-နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေ သည်။ ၁၂၇၁-ခုနှစ်၊ တပေါင်းလ၌ အန္တိမပူဇော်ပွဲကျင်းပ၍ သင်္ဂြိုဟ်ကြကုန်၏[၂] ။

---

၁။ ၁၀- ရက်နေ့ည (မူတွဲ)

၂။ မန္တလေး သာသနာဝင်၊ ၂၃။ မဟာဓမ္မိကာရာမသာသနာဝင် လည်းကြည့်။

ဘဒ္ဒန္တဝိမလော ထေရော၊ တိုက်တော် ဝံသောဘိပါကဍ္ဍော။
ဂန္ထကာရကော သော ဟုတွာ၊ ဝုဏောဘာသောဝိသေသတော။

## သံဝေဂယူရန်

လူ့ဌကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊ မီးဘေးရေးဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏။ အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစ္စာရှင့်[၁] ။

---

၁။ မဃဒေဝ၊ ၂၇၄၊ ၄၀၀။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၅)

## မြေနီကျောင်းဆရာတော် အရှင်နန္ဒိယ

မန္တလေးမြို့ တောင်ပြင် မြေနီကျောင်းကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့သော အရှင်နန္ဒိယမထေရ်မြတ်သည်လည်း မဟာဝိသုတာရာမတိုက်တော်၌ ပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်, ရှင်ရဟန်းပြုခြင်း

ရွှေဘိုခရိုင် ဒီပဲယင်း၌ ၁၂၀၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်စဉ်ကပင် ကျောင်းနေပညာသင် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

### တိုက်တော်၌ ပညာသင်

မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့လေသည်။ ၎င်းနောက် လောကီဖက်ဆိုင်ရာ ဗေဒင်ကျမ်း ဆေးကျမ်းတို့ကို ဆိုင်ရာဆရာသမားတို့ထံ သင်ယူခဲ့ရာ ကျွမ်းကျင်သည်ဟုသိရ၏။

### မြေနီကျောင်း ကျောင်းတိုက်တည်

မိတ္ထီလာမြို့ဝန်ကတော် ဒေါ်ခင်က ဆရာတော်အရှင်နန္ဒိယအား များစွာကြည်ညိုသဖြင့် တိုက်တာမြေကို လှူဒါန်းလေသည်။ ဆရာတော်သည် ယင်းတိုက်တာမြေကို အလှူခံတော်မူပြီး စာသင်တိုက်အဖြစ် တည်ထောင်ကာ ကိုယ်တိုင် စာပေချပို့ခဲ့သည်။ ကူညီ၍စာချပို့သော ဂဏဝါစကဆရာတော်များကို ချီးမြှောက်တော်မူခဲ့လေသည်။ ထိုကြောင့်ပင် ထိုစဉ်က မြေနီကျောင်းကျောင်းတိုက်၌ သံဃာတော် ၅၀-ခန့် ရှိသည်ဟု သိရသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော် အရှင်နန္ဒိယသည်[၁] မြေနီကျောင်းကျောင်းတိုက်ကို သည်းစွာ သောလုံ့လဖြင့် တည်ထောင်တော်မူခဲ့ပြီး သက်တော် ၉၁-နှစ်တွင် ပျံလွန်တော်မူ ခဲ့လေသည်။

ဘဒ္ဒန္တနန္ဒိယော ထေရော၊ မြေနီကျောင်းအာရာမမာပကော၊
ကရိတွာ, နေကကိစ္စာနိ၊ ပယာတော မစ္စုနော ဝသံ။

## သံဝေဂယူရန်

ဗြဟ္မာသုရာသုရဂဏာ စ မဟာနုဘာဝါ၊
ဂန္ဓဗ္ဗကိန္နရမဟောရဂရက္ခသာ စ။
ဧတေ စ ပရေ စ မရဏင်္ဂသိခါယ သဗ္ဗေ။
အန္တေ ပတန္တိ သလဘာဣဝ ခိဏပုညာ။

(တေလကဋာဟဂါထာ၊ ၁၉- ဂါထာ)

မဟာနုဘာဝါ၊ ကြီးသောစွမ်းရည်သတ္တိ တန်ခိုးအာနုဘော်ရှိကြ ကုန်သော။ ဗြဟ္မာသုရာသုရဂဏာ စ၊ ဗြဟ္မာ, အသုရာ, နတ်အပေါင်း တို့သည်လည်း ကောင်း။ ဂန္ဓဗ္ဗကိန္နရမဟောရဂရက္ခသာ စ၊ ဂန္ဓဗ္ဗနတ်, ကိန္နရာ,နဂါး မြွေကြီး, ရက္ခိုက်, ဘီလူး,တို့သည်လည်းကောင်း။ အပရေ၊ တစ်ပါးတခြားကုန်သော။ သဗ္ဗေ စ၊ ကြွင်းမဲ့ဥဿုံအလုံးစုံသော သတ္တဝါတို့သည်လည်းကောင်း။ ခိဏပုညာ၊ ကုန်ပြီး သော ဘုန်းကံရှိ ကြကုန်သည်ဖြစ်၍။ သလဘာ ဣဝ၊ ပိုးဖလံတို့ကဲ့သို့။ ဝါ၊ ပိုး ဖလံတို့နှင့်တူစွာ။ အန္တေ၊ အဆုံး၌။ မရဏင်္ဂသိခါယ၊ သေမင်းဟူသည် အပူထန် သည်း မီးလျှံကြီးထဲ၌။ ပတန္တိ၊ ပုံသေမုချ ကျရောက်ကြရကုန်၏။

---

၁။ ရန်ကုန်မြို့ သရက်တောတိုက် တရားဟော ရေစက်ချနာမည်ကျော်သော တောင်ဘီ လူးဆရာတော် အရှင်ကေတုသည် အရှင်နန္ဒိယနှင့် ဉာတိတော်စပ်သတတ်။

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၆)
## ဓမ္မဝိသောဓနီကျမ်းပြု အရှင်ဇာဂရာဘိကဝိဓဇ

ဓမ္မဝိသောဓနီကျမ်းပြု အင်းဝ (အဝ) မြို့ ဂိုဏ်းချုပ် ရေသဖန်းတိုက်အုပ် ဆရာတော် အရှင်ဇာဂရာဘိကဝိဓဇသည်လည်း မဟာဝိသုတာရာမ တိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြား တတ်မြောက်တော်မူခဲ့သည့် မထေရ်မြတ်ဖြစ်လေသည်။

### ဖွားမြင်, ရှင်ရဟန်းပြုခြင်း

ရွှေဘိုကုန်းဘောင် ဆားတောင်ရွာ၌ သက္ကရာဇ် ၁၂၂၀-ခုနှစ် ပတ်ဝန်းကျင် လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ သာမဏေအရွယ်တွင် သရဏဂုံသုံးသွယ် ဆယ်ဖြာသီလ ချယ်သဆင်မြန်း၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့် မြောက်ရာအခါတွင် လောကီယသမ္မုဒါတို့ထက် ဆတက်လွန်ကျူး ထူးမြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### မဟာဝိသုတာရာမတိုက်တော်သို့ ရောက်ရှိပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် အရွယ်ငယ်စဉ်ကပင် မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်သို့ ရောက်ရှိသီတင်းသုံးကာ သဲအင်း သာသနာပိုင်ဆရာတော်ကြီး အရှင်သူရိယာဘိဝံသ, မောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီးအရှင်ဥေ ယျမ္မောဘိဝံသတို့၏တပည့် "ဉာဏိန္ဒာဘိသိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ ပရက္ကမဆရာတော်ကြီး အရှင်ဉာဏိန္ဒထံ ဂန္ထန္တရအဝဝကို မဟုဿာဟ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

ရင်းပြင် "အာစာရာရမ္မကဝိဓဇဉာဏမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ မက္ခရာဆရာတော်ဘုရားကြီး "နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"နှင့် "နန္ဒသာရာဘိဓာဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ် တော်ရ ပခန်းဆရာတော်ဘုရားကြီး အရှင်နန္ဒစသည်တို့ထံ၌လည်း နေ့ဝါ, ညဝါ ကျမ်းစာများ သင်ယူတော်မူခဲ့လေသည်။

## အင်းဝမြို့ ရေသဖန်းတိုက်၌ သီတင်းသုံးခြင်း

ယင်းသို့ မြဲမြံလေ့ကျက် ဆောင်ရွက်မှတ်သား စွမ်းပကားဖြင့် မြောက်မြား ကျမ်းဂန် ဂန္ထန္တရအဝဝကို ပိဋကတ္တယ ဆေကသဒ္ဒနယ အတ္ထနယ သတ္တိသူရ ဗျတ္တိဗလ ပဋိပတ္တိဝိသာရဒ စွယ်လှစုံမြောက်ပေါက် အာဇာနည်မဟာထေရ်ဟု တည်ကြည်ခိုင်ခိုင် ကျောက်စာတိုင်သို့ မယိုင်မဖီ လေးလီသင်္ဂဟ နာယကအင်္ဂါ များစွာဥဿုံ စုံကြီးစုံ၍ လောက်လုံပညာ ဂဏဝါစကာစရိယ ဂဏပါမောက္ခ လောက်လုံပညာ ပြည့်စုံစွာဖြင့် အင်းဝဂိုဏ်းချုပ် ရေသဖန်းတိုက်အုပ်ဖြစ်၍ သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။

## စာပေချပို့ သာသနာပြုခြင်း

ဆရာတော်ဇာဂရာဘိကဝိဇေသည် ရေသဖန်းတိုက်ကြီး၌ သီတင်းသုံး၍ ရောက်ရှိလာသော တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေချပို့ သာသနာ ပြု တော်မူခဲ့လေသည်။

## ဓမ္မဝိသောဓနီကျမ်း ရေးသားပြုစီရင်ခြင်း

ဎင်းပြင် သူတော်ကောင်းတို့ တောင်းပန်သဖြင့် ဗုဒ္ဓပူဇာတရားတော်, ဓမ္မပူဇာတရားတော်, ဝင်္ကပါတရားတော်, ကထိန်တရားတော်, သိမ်တရားတော် စသည့်တရားပုဒ်ပေါင်း ၅၀-နီးပါးတို့ဖြင့်လည်းကောင်း, ဆုပေးရေစက်ချ အမျိုးမျိုး စသည်တို့ဖြင့် တန်ဆာဆင်ကာ ရှေးရှေးကရှိပြီးသော ဓမ္မဒေသနာ ကျမ်းစာများမှ သင့်သည်ကိုယူ၍ ဓမ္မဝိသောဓနီကျမ်းကြီးကိုလည်း ပြုစီရင် တော်မူခဲ့လေသည်။

ကျမ်းဦး၌-

၁။ ဓမ္မဝိသောဓိဒေသကံ၊ ဓမ္မုဿဝံ ကရံ ဗုဒ္ဓံ။
ဓမ္မဥ္စလံ ဂဏုတ္တမံ၊ ဓမ္မဥ္စဟံ နမေ နိစ္စံ။

၂။ လဒ္ဓလဋ္ဌိတစေရာနံ၊ မဏိဇောတဋ္ဌ ပါကဋံ။
ပညာဇောတံ ဝိသေသေန၊ ဓမ္မဓဇံ ကရံ နမေ။
၃။ သန္တေဟာယာစိတောဟံပိ၊ ဓမ္မဒါနဓဇံ ကရံ။
ရစိဿံ ဘိက္ခုနတ္ထာယ၊ ဂန္ထံ ဓမ္မဝိသောဓနိ။
၄။ သူရိယောဝ နဘန္တရေ၊ ဒိပ္ပတိ ယော စ သာသနေ။
ရစိတော သုခိတော မယာ၊ ဌာတုဇ္ဇလံ မနောရမံ။

(၁) အဟံ၊ ငါသည်။ ဝါ၊ ရတနာသီခ နဂရရန်ပြို ရွှေဘိုကုန်းဘောင်ဆားတောင်ရွာဇာတိ ဖွားရာရှိသော ကဝိဓဇဇာဂရဟု နာမမည်သာ မထေရ်ငါသည်။ ဓမ္မဝိသောဓိဒေသကံ၊ ဝိမုတ္တိရသလျှင် အမွန်ရှိသော ဆရာတို့ကိုသုတ်သင်သန့်ခြား ဟောကြားတော်မူတတ်ထသော။ ဓမ္မိဿဝံ၊ ဗောဓိပက္ခိယတရားတည်းဟူသော ဗိုလ်ထုနွဲ့ရင် ပွဲသဘင်ကို။ ကရံ၊ ပြုတော်မူတတ်သော။ ဗုဒ္ဓဋ္ဌ၊ ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဇ္ဇလံ၊ တရားတည်းဟူသော အရောင်ဖြင့်ပြောင်ပြောင်တောက်ပခြင်းရှိတော်မူထသော။ ဓမ္မဋ္ဌ၊ မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ်တရားမြတ်ကိုလည်းကောင်း။ ဥတ္တမံ၊ နှုတ်အပ်ပြီးသောအဝိဇ္ဇာရှိသော။ ဂဏဋ္ဌ၊ မဂ္ဂဌာန်လေးယောက် ဖလဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထအရိယာသံဃာတော်အပေါင်းတို့ကိုလည်းကောင်း။ နိစ္စံ၊ အမြဲ။ နမာမိ၊ ရှိခိုးပါ၏။

(၂) နတွာ၊ ရှိခိုးပြီး၍။ ပါကဋံ- ပါကဋာနံ၊ ပရိယတ် ပဋိပတ် နှစ်တန်စွယ်စုံ ထင်ရှားကုန်သော။ လဒ္ဓလဋ္ဌိတထေရာနံ၊ သမုတိနတ် လျှာဆက်ကပ်၍ရအပ်သော “ ဉာဏိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” တံဆိပ်နာမံရှိသောမန္တလေးရတနာပုံနေပြည်တော်ကြီး အရှေ့ပြင် မဟာဝိသုတာရာမတိုက် မဟာတုလွတ်ဘုံစံကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော ပရက္ကမဆရာတော်ဘုရားကြီး, “အာစာရရမ္မ ကဝိဓဇ ဉာဏမဟာဓမ္မရာဇာဓိရာဇဂုရု” တံဆိပ်နာမံရှိသော မက္ခရာဆရာတော်, “နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု” တံဆိပ်နာမံတော်ရှိသော မဟာအတုလဝိဇယာရာမတိုက် မဟာအတုလဝေယန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသော အတုမရှိသမ္မုတိ သာသနာပိုင်

ပခန်းဆရာတော် ထင်ပေါ်ကျော်စောခြင်းရှိတော်မူသော နိဿယာစရိယ ဓမ္မာစရိယဆရာတော် အရှင်မြတ်တို့ကိုလည်းကောင်း။ မဏိဇောတဥ္စ-မဏိဇောတတ္ထေရဥ္စ၊ ဒါနပကာသနီ, ဓမ္မမာလာအစရှိသော ကျမ်းကိုပြုစီရင်သော မဏိဇောတမည်သော မထေရ်မြတ်ကိုလည်းကောင်း။ ပညာဇောတဥ္စ=ပညာဇောတတ္ထေရဥ္စ၊ ရတနာပုရ အဝမြို့ တံတားဦးရွာရှေ့ ချမ်းမြေ့ကြည်လင် ဇေယသဘင် ရှေးတွင်မည်မှန်း ရေသဖန်းတိုက်၌ သီတင်သုံးနေတော်မူသော ပညာဇောတမည်သော မထေရ်မြတ်ကိုလည်းကောင်း။ နိစ္စံ၊ အမြဲ။ နမေ-နမာမိ၊ ရှိခိုးပါ၏။

(၃) နတွာ၊ ရှိခိုးပြီး၍။ သန္တေဟိ၊ သူတော်ကောင်းတို့သည်။ အာယာစိတော၊ ရှေးရှုတောင်းပန်းအပ်သော။ အဟံပိ၊ ဇာဂရာဘိကဝိဇ နာမတွင်မည်ငါမထေရ်သည်လည်း။ ဓမ္မဓဇံ၊ တရားအလျှုပေးခြင်း တည်းဟူသောတံခွန်ကို။ ကရံ-ကရောန္တော၊ သာသနာဖြိုးဝှန် တန်ခိုးလွန်သည့် မိုးစွန်မြင့်စိုက် ဆင့်ဆင့်မိုက်အောင် လွင့်စိုက်ထူလွှား လျက်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဝါ၊ သံသရာဘေးဟု အရေးစုကို တွေးရှု မြော်မြင်ပြောင်း သူတော်ကောင်းတို့၏။ အတ္ထာယ၊ လောကီလောကုတ္တရာအကျိုးငှာ။ ဓမ္မဝိသောဓနီ၊ တရားကိုသုတ်သင်ရာ သုတ်သင်ကြောင်းဖြစ်သော။ ဝါ၊ တရား၌ ကဏှသုက္ကပုဒ်ပဒဝယ် ဒုဗ္ဘတဒုက္ကရ ဒုက္ကတဒုဇ္ဇမ္မာအဖြာဖြာတို့ကို သုတ်သင်ရာ သုတ်သင်ကြောင်းဖြစ်သောကြောင့် ဓမ္မဝိသောဓနီမည်သော။ ဂန္ထံ၊ ကျမ်းကို။ ရစိဿံ=ရစိယိဿာမိ၊ မကျဉ်းမကျယ် သင့်ဖွယ်ဆိုအပ် မငြိုငြင်အောင် စီရင်ရေးသားလိုက်ပေအံ့။

(၄) မယာ၊ ဇာဂရဟု နာမထင်စွာ မထေရ်ငါသည်။ သုခိတော၊ ချမ်းသာစွာ။ ဝါ၊ မိတ္တာရန်ငွေ့ ဘေးမတွေ့၍ ချမ်းမြေ့သာယာစွာ။ ဝါ၊ သုခိတော၊ ကိုယ်စွမ်း ဉာဏ်စွမ်း နှစ်လမ်းနှစ်သွယ် အန္တရာယ်နှင့် ရန်စွယ်မသန်း ဘေးဘျမ်းမငြိ ပကတိချမ်းသာခြင်းသို့ရောက်သည်။ ဟုတွာ၊ ဖြစ်၍။ ရစိတော၊ စီရင်အပ်သော။ ယောစ ဂန္ထော ၊ ဓမ္မဝိသောဓနီအမည်ရှိသော အကြင်ကျမ်းသည်လည်း။ ဝါ၊ ကျမ်းသည်။ အတ္ထိ၊ ရှိ၏။ သော ဂန္ထော၊ ထိုကျမ်းသည်။ နဘန္တရေ၊ လေးသောင်းနှစ်ထောင် အမြင့် ဆောင်သည့် တောင်ယုဂန်စွယ် ကောင်းကင်တယ်၌။ သူရိ

ယော၊ နေ မင်းသည်။ ဒိဗ္ဗတိဝ-ဒိဗ္ဗတိက္ကဝ၊ ကျွန်းငယ်နှစ်ထောင် ရစ်မြောင်ရံဝန်း သုံးတိုက်ကျွန်းကို မှောင်စွန်းနင်းချေ ကင်းစေတိတိ ထွန်းလင်းဘိသို့။ သာသနေ၊ ယထာပရာဓနေုလောမဟု ဓမ္မသုံးဖြာ သာသနာ၌။ မနောရမံ၊ သူတော်များနှန်း ပျားပိတုန်းသို့ နှလုံးမွေ့လျော်ဖွယ်ကို။ ဥဇ္ဇလံ-ဥဇ္ဇလန္တော၊ ဓမ္မတန်ဆောင် ဉာဏ်ရောင်ဝင်းဝင်း ထွန်းလင်းခြင်းရှိသည်။ ဟုတ္ထွာ၊ ဖြစ်၍။ ဌာတု၊ တည်ပါစေ သတည်း။

ဟူသော ၄- ဂါထာပါဌ်နိဂုံးဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, အဘိယာစက, ပဋိညာဉ် စသည်တို့ကိုဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌ တစုံတရာ မပါမရှိပါချေ။ ယင်းကျမ်းကြီးကို အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ၁၃၃၇-ခုနှစ်ကမူ မန္တလေးမြို့ အောင်ဆန်းလမ်း ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ရွက်ဆိုက်စာမျက်နှာ ၅၁၂-မျက်နှာ ရှိလေသည်။

ကျောင်းထိုင်ဆရာတော်တိုင်း လက်ကိုင်ထားသင့်သည့် တရားကျမ်းစာကြီး ဖြစ်လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့များစွာ အလုပ်လုပ်သော မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်ထွက် အင်းဝဂိုဏ်းအုပ် ရေသဖန်းတိုက်အုပ် ဆရာတော်ဘုရားကြီး အရှင်ဇာဂရာဘိကဝိဓဇထေရ်သည် အချိန်ကျသော် ပြုလုပ်စသာသနာပြုလုပ်ငန်းတို့ကိုထားခဲ့ကာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

လက္ခီ စ သာဂရပဋ္ဌာ သရောရော စ၊
သမ္ပတ္တိယော စ ဝိဝိဓော အပိ ရူပသောဘာ။
သဗ္ဗာ စ တာ အပိ စ မိတ္တသုတာ စ ဒါရာ၊
ကေတုပိ ကံ အနုဂတာ မရဏံ ဝဇန္တံ။

(တေလကဋ္ဌာဟကျမ်း ၁၈-ဂါထာ)

လက္ခီ စ၊ ဘုန်းကျက်သရေတို့သည်လည်းကောင်း။ သာဂရပဋ္ဌာ၊ သမုဒ္ဒရာတည်းဟူသောပုဆိုးဟုဆိုကုန်သော။ သဓရာဓရာ စ၊ မြေကြီးကိုဆောင်ကုန်သောမင်းတို့သည်လည်းကောင်း။ ဝိဝိဓာ၊ အထူးထူးအပြား ပြားရှိကုန်သော။ သမ္ပတ္တိယော စ၊ စည်းစိမ်တို့သည်လည်းကောင်း။ သဗ္ဗာပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ ရူပသောဘာ၊ အဆင်းသဏ္ဌာန် တို့ဖြင့် တင့်တယ်ကုန်သော။ မိတ္တာသုတာ စ၊ ချစ်အပ်သော သားသမီးတို့သည်လည်းကောင်း။ ဒါရာအပိ စ၊ ဇနီးမယား တို့သည်လည်းကောင်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ခြင်းသို့။ ဝဇန္တံ၊ ရောက်သော။ ကံ၊ အဘယ်သူ့ကို။ အနုဂတာ၊ အစဉ်နောက်က လိုက်ပါကုန်အံ့နည်း။ န အနုဂတာ ဧဝ၊ ပုံသေမုချ အစဉ်တစိုက် မလိုက်မပါကြကုန်သည်သာ။

■ ■ ■

# တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၇)
# အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
# ပခုက္ကူ–ညောင်ကုန်းဆရာတော် အရှင်နန္ဒဝံသ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ တတိယမြောက် မဟာနာယကဆရာတော် အရှင်နန္ဒဝံသမဟာထေရ်သည်လည်း မန္တလေးမြို့ အရှေ့ပြင်နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ ကျောက်ပန်းတောင်းဆရာတော် အရှင်ဂုဏာထံ ဂန္ထဓုရအဝဝကို သင်ယူခဲ့သည့် နိကာယဏ္ဏဝပါရဂူသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

မြင်းခြံခရိုင် ပုဂံညောင်ဦးမြို့နယ် ဆင်သားမွေးရွာ၌ အဖဦးအိုး, အမိ ဒေါ်ဖီးတို့မှ သက္ကရာဇ် ၁၂၄၄-ခုနှစ်၊ နတ်တော်လဆန်း ၂-ရက်၊ စနေနေ့ည ၃-ချက်တီးအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာ ငယ်နာမည် မောင်ထွန်းလှဖြစ်လေသည်။

## ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက္ကရာဇ် ၁၂၆၁-ခုနှစ်၊ သက်တော် ၁၇-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံရောက်ရှိ၍ အရှင်ဂန္ဓသာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ် သာသနာ့ ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၆၃-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ကုန်သည်ကြီး ဦးဖိုးချမ်း၏ ပစ္စယာနုဂ္ဂဟဖြင့် ပခုက္ကူမြို့ ပန်းစွာတိုက် ခဏ္ဍသိမ်တော်၌ ဥပသမ္ပဒဇာတ်မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ဂန္ထန္တရအဝဝကိုသင်ယူခြင်း

ပခုက္ကူမြို့ ပန်းစွာတိုက်သို့ရောက်၍ (ထိုစဉ်အခါက မဟာဝိသုတာရာမ တိုက်ကြီး မတည်ရသေးချေ) နိကာယဏ္ဏဝပါရဂူ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရမထေရ်ထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

မဟာဝိသုတာရာမတိုက်ကြီးတည်ပြီးနောက် ၁၂၆၆-ခုနှစ် ဝါဆို ဦးမှစ၍ မဟာဝိသုတာရာမတိုက်သစ်သို့ ရောက်ရှိသီတင်းသုံးတော်မူသည်။ ထိုအခါ အရှင်ပညာထံတွင်လည်း ပါထိက (သုတ်ပါထေယျ) စသော ကျမ်းများကို ဆိုဝါ ဖြင့် သင်ယူတော်မူခဲ့လေသည်။

## မန္တလေးမြို့သို့ပညာသင်ကြားခြင်း

ၛင်းနောက် မန္တလေးမြို့သို့ ကြွရောက်သီတင်းသုံးကာ အရှေ့ပြင် ခင်မကန်တိုက် အရှင်အရိယာလင်္ကာရထံတွင် အဘိဓမ္မာညဝါများ သင်ယူတော် မူ၍ မန္တလေးမြို့ တောင်ပြင် ဦးကြည်တို့ထံတွင် ဝါကျသွားနည်း ပြောနည်းတိုကို သင်ယူတော်မူခဲ့လေသည်။

## မဟာဝိသုတာရာမတိုက်တော်၌ ဆက်လက်သင်ယူခြင်း

ၛင်းပြင် မန္တလေးမြို့အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံး၍ စာချတော်မူသော "ဂုဏာလင်္ကာရမဟာဓမ္မ ရာဇဂုရု, ဂုဏာဘိ လင်္ကာရ, မဟာဓမ္မရာဇာဓိရာဇဂုရု, အဂ္ဂမဟာ ပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ် တော် ၃-ထပ်ရ ကျောက်ပန်းတောင်းဆရာတော် အရှင်ဂုဏအထံတွင် ဝါကျသွား ဝါကျလာအမျိုးမျိုး, အနုသန္ဓေအထွေထွေ, ကျမ်းရိုးအသွယ်သွယ်, ဌပနာပဋ္ဌက ဌပနာဆက္က စသည့် မန္တလေးစာချနည်း၏ အနှစ်သာရ နည်းနာနယ အဝဝကို မဟုဿာဟ ဖွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

ဝိသုတဝိတ္ထိန္န မနုညဘူတော၊
ပဏ္ဍိစ္စမာပန္နဘိက္ခုဟိ သေဋ္ဌေ။
ဇနာလယေ ဝိသုတအာရမေဝေ၊
ထေရက်ရော ဉဂ္ဂဟိနေကဂန္ထံ။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးစာပေချပို့ခြင်း

မန္တလေးမြို့ မဟာဝိသုတာရာမ တိုက်တော်စသည်၌ နေ့ဝါညဝါ ကျမ်းစာစုံ တတ်မြောက်အောင် သင်ယူတော်မူခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးသို့ ပြန်လည်ကြွရောက်တော်မူ၍ နိကာယ်ငါးဝ ကျမ်းဂန္ထကို ဂရုကထ ကြိုးလုံ့လဖြင့် နိစ္စမပြတ်ချပို့၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## ညောင်ဦးမြို့, ညောင်တုန်းမြို့, ရန်ကုန်မြို့တို့၌ သီတင်းသုံးစာချခြင်း

ဆရာတော်သည် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ်, ညောင်တုန်းမြို့ သာသနပါလသုံးထပ်တိုက်, ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်တို့၌လည်း စာလိုက်သံဃာ များစွာတို့အား နိကာယ်ငါးဖြာ ကျမ်းစာချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဆရာတော်ကား ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပါဠိအဋ္ဌကထာ ဋီကာတို့၌ လွန်စွာနိုင်နင်း တတ်မြောက်သည့် ဆရာတော်ဖြစ်တော်မူသည်။

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်မြားမြောက်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ ရွှေစည်းခုံစေတီသမိုင်းကျမ်းသစ်။
၂။ အာနန္ဒာစေတီသမိုင်းကျမ်းသစ်။
၃။ မဂ္ဂက္ကမဒီပကကျမ်း။
၄။ သက်တော်ရှည် စေတီတော်ဖွင့်။
၅။ မဟာဝိသုတာရာမဂုဏ်တော်ဖွင့်။
၆။ သုတ်သီလက္ခန်ပါဠိတော်နိဿယ။
၇။ သုတ်ပါထေယျပါဠိတော်နိဿယ။
၈။ သုတ်မဟာဝါပါဠိတော်နိဿယ။

၉။ သုတ်သီလက္ခန်အဋ္ဌကထာနိဿယ။
၁၀။ သုတ်မဟာဝါ အဋ္ဌကထာနိဿယ။
၁၁။ သုတ်ပါထေယျအဋ္ဌကထာနိဿယ။
၁၂။ ဥပသမ္ပဒကမ္မဝါစာနိဿသစ်။
၁၃။ ဗျဉ္ဇနဗုဒ္ဓိဝိနိစ္ဆယ။
၁၄။ ကထိန်အမေးအဖြေကျမ်း။
၁၅။ ဥပုသ်အမေးအဖြေကျမ်း။
၁၆။ ပဝါရဏာအမေးအဖြေကျမ်း။
၁၇။ ဒွန္ဒကမ္မဝါစာနိဒ္ဒေသ။
၁၈။ ပစ္စဝေက္ခဏာပါဠိအနက်။
၁၉။ ကျောင်းရေစက်ချနည်း။
၂၀။ နေတ္တိပါဠိတော်နိဿယ။
၂၁။ နေတ္တိအဋ္ဌကထာနိဿယ။
၂၂။ ကင်္ခါဋီကာချနက်နိဿယ။
၂၃။ ပါရာဇိကဏ်အဋ္ဌကထာချနက်နိဿယ။
၂၄။ ပါစိတျာဒိအဋ္ဌကထာချနက်နိဿယ။
၂၅။ ပဏ္ဏာသပါဠိတော်များချနက်နိဿယ။
၂၆။ အင်္ဂုတ္တိုရ်ပါဠိတော်ချနက်နိဿယ။
၂၇။ ဓမ္မသင်္ဂဏီပါဠိတော်ချနက်နိဿယ။
၂၈။ ဝိဘင်းပါဠိတော်ချနက်နိဿယ။
၂၉။ ကထာဝတ္ထုပါဠိတော်ချနက်နိဿယ။
၃၀။ အဋ္ဌသာလိနီအဋ္ဌကထာချနက်နိဿယ။
၃၁။ သိင်္ဂါလောဝါဒသုတ်နိဿယနှင့် သရူပတ္ထဝိဘာဝိနီကျမ်း။
၃၂။ ပဉ္စာဗျာကရဏပုစ္ဆာဝိဿဇ္ဇနာကျမ်း။
၃၃။ ကစ္စာယနသင်္ခေပပါဠိနိဿယ။
၃၄။ အနုဝါဒါဓိကရုဏ်းအဆုံးအဖြတ်။
၃၅။ အဒိန္နဒါန်အဆုံးအဖြတ်။

၃၆။ ရဟန်းခံကမ္မဝါဖတ်နည်း။
၃၇။ ဗဒ္ဓသိမ်ဂါမသိမ်ဆက်စပ်ရာ၌ အဆုံးအဖြတ်။
၃၈။ ဒွိသန္တကအဆုံးအဖြတ်။
၃၉။ အာရာမအငွေ့ဝိနိစ္ဆယ။
၄၀။ ကထိနစီဝရဝိနိစ္ဆယ။
၄၁။ ဓမ္မတာပဝေသဝိနိစ္ဆယ။
၄၂။ သတ္တာဟကရဏီယဝိနိစ္ဆယ။
၄၃။ သဘာဝဝတ္ထုနိမိတ္တေန နိမိတ္တပဝေသနဝိနိစ္ဆယ။
၄၄။ စက္ကရတနဝိနိစ္ဆယ။
၄၅။ သံဃဘေဒကဝိနိစ္ဆယ။
၄၆။ အနန္တရာယိကဝိနိစ္ဆယ။
၄၇။ ဝိဝါဒါဓိကရုဏ်းဝိနိစ္ဆယ။
၄၈။ ကထိနာယတ္တဝိနိစ္ဆယ။
၄၉။ ကူဋကဟာပနဝိနိစ္ဆယ။
၅၀။ အဋ္ဌမအဋ္ဌမသတ္တာဟဝိနိစ္ဆယ။
၅၁။ လန်ဒန်ပုစ္ဆာ ၆-ချက်အဖြေ။
၅၂။ ကမ္မဝါစာပါဠ်ဥပဒေသဒီပနီ။
၅၃။ ပဋ္ဌဝိသတိပုစ္ဆာဝိဿဇ္ဇနာကျမ်း။
၅၄။ ဆအသာဓာရဏဉာဏ်တော်တရားစာ စသည်တို့ ဖြစ်ကုန်၏။

**(ယင်းကျမ်းများအနက် ကျမ်းပေါင်း ၂၀-ခန့်သာ ပုံနှိပ်စာမူအဖြစ်သို့ ရောက်လေသည်။)**

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်သည် ၁၃၁၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ယင်းသည့် ၁၃၁၃-ခုနှစ်က ဆရာတော်နှင့်အတူ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော်အရှင်သုန္ဒရ, မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမ ဘုရား

ကြီးတိုက် သာသနဇောတိကာရုံကျောင်းတိုက် ဆရာတော် အရှင်နာရဒ, ညောင်လေးပင်မြို့ တောရကျောင်းတိုက်ဆရာတော် အရှင်အရိယ, စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံ ချောင်ဆရာတော် အရှင်ဇောတိပါလ, ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် မန်းဦးဆရာတော်အရှင်ဇောတ, ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော် အရှင်သောဘနတို့သည်လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ကြကုန်၏။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့စာချကျမ်းပြု၍ သဗ္ဗညုမြတ်စွာ သာသနာအကျိုး သည်ပိုးထမ်းဆောင်တော်မူခဲ့သော မန္တလေးမြို့ မဟာဝိသုတာရာမတိုက်အနွယ် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ မဟာနာယက, ပခုက္ကူဂဏ မဟာဝိနာယက ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသသည် သက်တော် ၇၅-နှစ် သိက္ခာတော် ၅၆-ဝါရှိရာ သက္ကရာဇ် ၁၃၁၉-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅-ရက်နေ့ ညဉ့် ၁၀-နာရီအချိန်တွင် မိတ်ငုပ်သည့်ဝေဒနာဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**လောကေ အဂ္ဂဂ္ဂဘူတဿ၊ မစ္စုရာဇာ န လဇ္ဇတိ။**
**ကိံမင်္ဂပန လောကိယ-ဇနဿ သော လဇ္ဇိဿတိ။**

ဘောန္တော၊ ရှင်လူအပေါင်းအိုသူတော်ကောင်းတို့---။ ဘောန္တော၊ အိုမန္တလေးသာသနာဝင်စာတော်ဖတ်တို့---။ မစ္စုရာဇာ၊ သေမင်းခေါ် ငြားသေခြင်းတရားသည်။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဝါ၊ လောကသုံးခွင် ဘုံအပြင်ရှိ သတ္တဝါအားလုံးထက်။ အဂ္ဂဂ္ဂဘူတဿ၊ အမြတ်ခေါင်ဖျား ဘုရားရှင်ကိုယ်တော်မြတ်ကြီးအားသော်မှလည်း။ န လဇ္ဇတိ၊ အရှက်မရှိတုန်ဘိ၏။ ဝါ၊ မရှက်နိုင်ပဲ နိဗ္ဗာန်ပြည်ခွင် ဝင်စေဘိ၏။ သော မစ္စုရာဇာ၊ ထိုသေမင်းသည်။ ကိံမင်္ဂ၊ အဘယ်အကြောင်းကြောင့်။ လောကိယဇနဿ၊ လောကိယမဟာဇနဿ၊ အညံ့စား လောကီလူသား မြားမြောက်စွာအား။ လဇ္ဇိဿတိ၊

ရှက်ပါတုံအံ့နည်း။ ဝါ= မရှက်နိုင်ပဲ လွန်ညှင်းဆဲလျက် ရုပ်နှင့်နာမ် ပြတ်စဲအောင် အခွဲကြီးခွဲလိမ့်ဧကန်တည်း။

(ဆရာတော်အရှင်နန္ဒဝံသ၏ ဖြစ်စဉ်များ ပခုက္ကူသာသနာဝင်၊ ၆၁-၆၃။ မဟာဝိသုတာရာမနိကာယသာသနာဝင်၊ ၂၆၄-၂၉၁။ ထေရဝုတ္တန္တဒီပနီ၁-၂၆၈။ မန္တလေးသာသနာဝင်၊ ၂၅။ မန္တလေး အရှေ့ပြင် ခင်မကန်တိုက် သာသနာဝင် တို့၌ လည်းကြည့်။)

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၈)
## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
## မိုးထိဆရာတော် အရှင်ဇာဂရ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဇာဂရသည်လည်း မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက် တော်၌ ကြာမြင့်စွာ သီတင်းသုံး၍ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်, ရှင်ရဟန်းပြုခြင်း

မန္တလေးမြို့ နန်းတွင်းမှ အမှုထမ်းတစ်ဦးနှင့်ဇနီးတို့မှ သက္ကရာဇ် ၁၂၄၃-ခုနှစ်၊ ဝါခေါင်လဆန်း ၁-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည် မောင်ကျော် ဖြစ်လေသည်။

မောင်ကျော်သည် ဥပဓိရုပ်ရေ လွန်စွာကောင်းသူဟု သိမှီလိုက်သော မန္တလေးတောင်ခြေအနီး ဒါယိကာမကြီးတစ်ယောက် လျှောက်ထားသဖြင့် သိရသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော် မူခဲ့လေသည်၊ ဘွဲ့တော် 'အရှင်ဇာဂရ' ဖြစ်လေသည်။

မိုးထိတိုက်ဆရာတော်ကြီးများထံ ပိဋကတ်အခြေခံကျမ်းစာများ သင်ယူပြီးနောက် မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံး၍ ထိုစဉ်က တိုက်တော်စာချကြီးဖြစ်သော ရေစကြိုဆရာတော် အရှင်ဂန္ထသာရ, ဆရာတော် အရှင်ဂုဏာစသည်တို့ထံ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက်, ရွှေရေးဆောင်တိုက်တို့၌ လည်း ပညာသင်ကြားခဲ့လေသည်ဟု သိရလေသည်။

## မိုးထိတိုက် နာယကဖြစ်ခြင်း

နေ့ဝါ ညဝါကျမ်းဂန်များ သင်ကြားပြီးနောက် မိမိ၏ငယ်စဉ်က သီတင်းသုံးခဲ့ရာ မိုးထိတိုက်၌ စာပေပို့ချ သာသနာပြုချီးမြှောက်တော်မူခဲ့လေသည်။ မိုးထိတိုက် အဆက်ဆရာတော်ကြီးများ ပျံလွန်တော်မူသဖြင့် အဘယာရာမ မိုးထိတိုက်ကြီး၏ နာယကဆရာတော်ဖြစ်၍ တိုက်တာအုပ်ချုပ် စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

## နိဿယကျမ်းဂန်များ ရေးသားပြုစုခြင်း

သာသနဟိတရသေ့ကြီး ဦးခန္တီသည် ဆရာတော် အရှင်ဇာဂရအား ပိဋကသုံးပုံပါဠိတော်, အဋ္ဌကထာနိဿယများနှင့် အခြား သာသနာကျေးဇူးများမည့် နိဿယကျမ်းဂန်များ ရေးသားပြုပေးပါရန် လျှောက်ထားလေသည်။

ဦးခန္တီသည် ဆရာတော် အရှင်ဇာဂရအား ကပ္ပိယဝတ္ထုငွေ ၅၀-ကျပ်ကိုလည်း ကပ္ပိယအပ်နှင်း ဆွမ်းဆန်တော်အဖြစ် လှူဒါန်းလေသည်။ သို့နှင့် ဆရာတော်အရှင်ဇာဂရသည် ပိဋကသုံးပုံပါဠိတော်, အဋ္ဌကထာနိဿယ ကျမ်းကြီးများနှင့် သာသနာတွင် ကျေးဇူးများမည့် နိဿယကျမ်းကြီးများကို ရေးသားပြုစု၍ ရသေ့ကြီး ဦးခန္တီအား အပ်နှင်းခဲ့လေသည်။

ရသေ့ကြီး ဦးခန္တီသည် ရေးပြီးနိဿယစာမူများကို မန္တလေး သီဟရာဇာ ပုံနှိပ်တိုက်စသည်၌လည်းကောင်း မိမိကိုယ်တိုင်တည်ထောင် အပ်သော မန္တလေးတောင် ပိဋကတ်ပုံနှိပ်တိုက်၌လည်းကောင်း ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

**မိုးထိဆရာတော် အရှင်ဇာဂရ၏ နိဿယကျမ်းစာများ -**
၎င်းတို့မှာ ---

၁။ ပါရာဇိကဏ်ပါဠိတော်နိဿယ။
၂။ ပါစိတ်ပါဠိတော်နိဿယ။
၃။ မဟာဝါပါဠိတော်နိဿယ။
၄။ စူဠဝါပါဠိတော်နိဿယ။
၅။ ပရိဝါပါဠိတော်နိဿယ။

၆။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ။
၇။ ဝိဘင်းပါဠိတော် နိဿယ။
၈။ ဓာတုကထာပါဠိတော်နိဿယ။
၉။ ပုဂ္ဂလပညတ်ပါဠိတော်နိဿယ။
၁၀။ ကထာဝတ္ထုပါဠိတော်နိဿယ။
၁၁။ ယမိုက်ပါဠိတော်နိဿယ။
၁၂။ ပဋ္ဌာန်းပါဠိတော်နိဿယ။
၁၃။ မူလပဏ္ဏာသပါဠိတော်နိဿယ။
၁၄။ မဇ္ဈိမပဏ္ဏာသပါဠိတော်နိဿယ။
၁၅။ ဥပရိပဏ္ဏာသပါဠိတော်နိဿယ။
၁၆။ အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ။
၁၇။ ခုဒ္ဒကပါဌပါဠိတော်နိဿယ။
၁၈။ ဓမ္မပဒပါဠိတော်နိဿယ။
၁၉။ ဥဒါန်းပါဠိတော်နိဿယ။
၂၀။ ဣတိဝုတ်ပါဠိတော်နိဿယ။
၂၁။ သုတ္တနိပါတ်ပါဠိတော်နိဿယ။
၂၂။ ဝိမာနဝတ္ထုပါဠိတော်နိဿယ။
၂၃။ ပေတဝတ္ထုပါဠိတော်နိဿယ။
၂၄။ ထေရဂါထာပါဠိတော်နိဿယ။
၂၅။ ထေရီဂါထာပါဠိတော်နိဿယ။
၂၆။ ဧကနိပါတ်အစ ဒသကနိပါတ်အဆုံးဇာတ်ပါဠိတော်နိဿယ။
၂၇။ ဧကာဒသကနိပါတ်အစ တိံသနိပါတ်အဆုံး ဇာတ်ပါဠိတော် နိဿယ။
၂၈။ စတ္တာလီသနိပါတ်အစ အသီတိနိပါတ် အဆုံးဇာတ်ပါဠိတော် နိဿယ။
၂၉။ တေမိဇာတ်အစ ဘူရိဒတ်ဇာတ်အဆုံး မဟာနိပါတ်ဇာတ် ပါဠိတော်နိဿယ။

၃၀။ စန္ဒကုမာရဇာတ်အစ ဝေဿန္တရာဇာတ်အဆုံး မဟာနိပါတ်
ဇာတ်ပါဠိတော်နိဿယ။
၃၁။ မဟာနိဒ္ဒေသပါဠိတော်နိဿယ။
၃၂။ စူဠနိဒ္ဒေသပါဠိတော်နိဿယ။
၃၃။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နိဿယ။
၃၄။ ထေရာအပဒါန်ပါဠိတော်နိဿယ။
၃၅။ ထေရီအပဒါန်ပါဠိတော်နိဿယ။
၃၆။ ဗုဒ္ဓဝင်ပါဠိတော်နိဿယ။
၃၇။ စရိယာပိဋကပါဠိတော်နိဿယ။
၃၈။ သုတ္တသင်္ဂဟပါဠိတော်နိဿယ။
၃၉။ နေတ္တိပါဠိတော်နိဿယ။
၄၀။ ပေဋကောပဒေသပါဠိတော်နိဿယ။
၄၁။ မိလိန္ဒပဉ္ဟပါဠိတော်နိဿယ။
၄၂။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယ။
၄၃။ အဋ္ဌသာလိနီအဋ္ဌကထာနိဿယ။
၄၄။ သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယ။
၄၅။ ပဉ္စမကြိုအဋ္ဌကထာနိဿယ။
၄၆။ ပါရာဇိကဏ်အဋ္ဌကထာနိဿယ။
၄၇။ ပါစိတ်အဋ္ဌကထာနိဿယ။
၄၈။ ဝိနည်းမဟာဝါအဋ္ဌကထာနိဿယ။
၄၉။ စူဠဝါအဋ္ဌကထာနိဿယ။
၅၀။ သုတ်မဟာဝါအဋ္ဌကထာနိဿယ။
၅၁။ သုတ်ပါထေယျအဋ္ဌကထာနိဿယ။
၅၂။ သုတ်သီလက္ခန်အဋ္ဌကထာနိဿယ။
၅၃။ မူလပဏ္ဏာသအဋ္ဌကထာနိဿယ။
၅၄။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနိဿယ။

၅၅။ ဥပရိပဏ္ဏာသအဋ္ဌကထာနိဿယ။
၅၆။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ။
၅၇။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ။
၅၈။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ။
၅၉။ သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ။
၆၀။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ။
၆၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာနိဿယ။
၆၂။ ဝိနည်းငယ်လေးစောင်နိဿယ။
၆၃။ ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယ။
၆၄။ ဋီကာကျော်နိဿယ။
၆၅။ ပရိတ်ကြီးနိဿယ။ စသည်တို့ဖြစ်ကုန်၏။

ဆရာတော်ကား များစွာအလုပ်လုပ်သည့် ဆရာတော်ဖြစ်လေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

ယင်းသို့များစွာအလုပ်လုပ်သဖြင့် ၁၂၉၁-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ဆရာတော်သည် စစ်အတွင်း ငါးဇွန်မြို့ မိုးကောင်းကုန်းကြီးကျောင်း, ရန်ကင်းတောင် တောင်ဖက် ရှာဦးကျောင်း စသည်၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ပရိယတ္တိသာသနာတော်စည်ပင်အောင် နေ့နေ့ညည နိစ္စကြိုးကုတ် အားထုတ်တော်မူသော မဟာဝိသုတာရာမတိုက်တော်ထွက် မိုးထိဆရာတော် အရှင်ဇာဂရသည် သက်တော် ၆၆-နှစ်ရှိရာ သက္ကရာဇ် ၁၃၀၈-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂- ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

(မန္တလေးသာသနာဝင်၊ ၂၁။ မိုးထိသာသနာဝင်လည်းကြည့်)

## သံဝေဂယူရန်

သကလံမေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။
အဗ္ဗမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော။
တေနေဝ ဒေဟဗန္ဓေန၊ ပုညမှိ ခယမာဂတေ။
မရဏာဘိမုခေါ သောပိ၊ အသောကော သောကမာဂတော။

(ဝိသုဒ္ဓိ၊ ၁။ ၂၂၄။ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ)

သုခီ၊ နတ်တို့စည်းစိမ်ပမာ ချမ်းသာသုခနှင့် ပြည့်စုံသော။ အသောကော၊ စိုးရိမ်းသောက ကင်းစင်ပသဖြင့် အသောကဟူသည့် အမည်ရှိသော မင်းဧကရာဇ်သည်။ သကလံမေဒနိံ၊ ဇမ္ဗူကျွန်းခွင် မြေအပြင်အလုံးကို။ ဘုတွာ၊ အခွန်အတုပ်ကောက်ယူ သုံးဆောင်ခံစားတော်မူ၍။ ကောဋိသတံ၊ ကုဋေတစ်ရာဥစ္စာစုကို။ ဒတွာ၊ သဒ္ဓါ ကြည်ဖြူ ပေးလှူပြီး၍။ အန္တေ၊ စုတိပြတ်ကြွေ သေလွန်နီးကျ အဆုံးကာလ၌။ အဗ္ဗမလကမတ္တဿ၊ သမားတော်ပေး ဆီးဖြူ(သျှစ်သျှား) သီးဆေး တစ်ခြမ်းမျှကိုသာ။ ဣဿရတံ၊ အစိုးရသူ၏အဖြစ်သို့။ ဂတော၊ ရောက်ရရှာလေပြီ။ အသောကော၊ အသောကအမည်ရှိသော။ သောပိ၊ ထိုမင်းဧကရာဇ်သော်မှလည်း။ တေနေဝဒေဟဗန္ဓေန၊ ထိုကိုယ် ဖြင့်ပင်လျှင်။ ပုညမှိ၊ ကောင်းမှုပုညသည်။ ခယံ၊ ကုန်ခြင်းသို့။ အာဂတေ၊ ရောက်သည်ရှိသော်။ မရဏာဘိမုခေါ၊ စုတိပြတ်ကြွေ သေလွန်ခြင်းသို့ ရှေးရှုသည်ဖြစ်၍။ သောကံ၊ စိုးရိမ်ခြင်းသို့။ အာဂတော၊ ရောက်ရရှာလေပြီ။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၁၉)
## ကဗျပဏ္ဍိတ–ကဗျာပညာရှိဘွဲ့ရ
## ဆရာတော် အရှင်နိဂြောဓ

မန္တလေးမြို့ တောင်ပြင်ဆီးဘန်းနီတိုက်၌ သီတင်းသုံး၍ စာပေ လုပ်ငန်းဖြင့် သက်ဆုံးတိုင် မွေ့လျော်တော်မူခဲ့သော ကဗျပဏ္ဍိတ ကဗျာပညာရှိဘွဲ့ရ ဆရာတော် အရှင်နိဂြောဓသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာ ရာမတိုက်တော်၌ ကြာမြင့်စွာသီတင်းသုံး၍ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

### မန္တလေးမြို့အနံ့အပြား ပညာသင်ကြားခြင်း

မန္တလေးမြို့သို့ ငယ်စဉ်ကရောက်ရှိ၍ မန္တလေးမြို့ အရှေ့ပြင် အနောက်ပြင် တောင်ပြင်ရှိ စာချအကျော် ဆရာတော်များထံ ဂန္ထန္တရ အဝဝကို သင်ယူတော်မူခဲ့လေသည်။

သို့ဖြစ်၍ ပြင်ဆင်သည့်ကျမ်းဂန်းများအဆုံး၌ "ရှေ့နောက် တောင်ပြင်၊ နည်းလမ်းသင်၊ များဖြင်ဆရာတော်"ဟူ၍ သံပေါက်ကဗျာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

### မဟာဝိသုတာရာမတိုက်၌ ပညာသင်ခြင်း

မန္တလေးမြို့အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံး၍ "သုမနဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ သုမနဝံသဓဇ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု "ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ အရှင်သုမနထံ ကျမ်းဂန်များစွာတို့ကို သင်ယူတော်မူခဲ့လေသည်။

### ကျမ်းဂန်ပြုစုပြင်ဆင်ခြင်း

ဆရာတော်အရှင်နိဂြောဓသည် ကဗျာ့ကြေးမုံကျမ်းနှင့် ပိဋကတ်ကြေးမုံကျမ်းကို ရေးသားပြုစုစီရင်တော်မူခဲ့လေသည်။ ၎င်းအပြင် ဝိနယသမူဟ ဝိနိစ္ဆယ

ကျမ်းကြီးစသည့် ကျမ်းပေါင်း ၃၀-ခန့်တို့ကို ပေစသည်မှ ကူးယူသုတ်သင်၍ စာအုပ်ဖြစ်အောင် ရိုက်နှိပ်ဆောင်ရွက်တော်မူခဲ့လေသည်။

## ကဗျပဏ္ဍိတ-ကဗျာပညာရှိဘွဲ့ရခြင်း

ဆရာတော် အရှင်နိုဗြောဓသည် ၁၂၈၃-ခုနှစ်၊ သီတင်းကျွတ်လတွင် ကျင်းပပြုလုပ်သည့် နဝမကွန်ဗရင့် ကဗျာပြိုင်ပွဲတွင် ရတုကဗျာသုံးပုဒ်ဖြင့် ကဗျ ပဏ္ဍိတ ကဗျာပညာရှိဘွဲ့ ရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

မဟာဝိသုတာရာမတိုက်တော်ထွက် ကဗျပဏ္ဍိတ အရှင်နိုဗြောဓသည် သက်တော် ၇၁-နှစ်၊ သိက္ခာတော် ၅၂-ဝါ ရရှိရာ သက္ကရာဇ် ၁၃၀၃-ခုနှစ် နတ်တော်လပြည့်ကျော် ၇- ရက်နေ့ နံနက် ၅-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**ပဏ္ဍိတံ အပဏ္ဍိတဉ္စ၊ မစ္စုရာဇာဘိမဒ္ဒတိ။**
**ပဏ္ဍိတာပိ ဟိ ပဏ္ဍာယ၊ ပဝိဋ္ဌာ မစ္စုနော မုခံ။**

မစ္စုရာဇာ၊ သေမင်းခေါ်ကြား သေခြင်းတရားသည်။ ပဏ္ဍိတံ စ၊ ပညာရှိသူကိုလည်းကောင်း။ အပဏ္ဍိတဉ္စ၊ ပညာမရှိသူကိုလည်းကောင်း။ အဘိမဒ္ဒတိ၊ ကြိတ်ချေနှိပ်စက် ဖျက်ဆီးသည်သာ။ ပဏ္ဍိတာပိ၊ ပညာလွန်ရှိ ကဝိကဝိန် သုခမိန်တို့သည်လည်း။ ပဏ္ဍာယ၊ ပညာနှင့်တကွ။ မစ္စုနော၊ ယုတ်မာစင်းစင်း ရှင်သေမင်း၏။ မုခံ၊ ခံတွင်းသို့။ ပဝိဋ္ဌာ၊ ဝင်ရောက်ကြရလေကုန်သည်သာ။

■ ■ ■

## တိုက်တော်ထွက် ထင်ရှားသောဆရာတော် (၂၀)
## ပုသိမ်မြို့ မိဂဒါယုန်ဆရာတော် အရှင်သုမန

ပုသိမ်မြို့ မိဂဒါယုန်တိုက် နာယကဆရာတော် အရှင်သုမနသည် ဒွါရဂိုဏ်း၌ အရေးပါသော သာသနာပြုဆရာတော်ဖြစ်တော်မူသည်။

ဆရာတော်အရှင်သုမနသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမဗ္ဘာဘိဝံသအထံ ပညာသင်ကြားခဲ့သော မထေရ်မြတ်ဖြစ်လေသည်။

သာသနာပိုင် ဆရာတော်ဘုရားကြီးထံ ပညာသင်ကြားပြီးနောက် ပုသိမ်မြို့ မိဂဒါယုန်ကျောင်းတိုက်၌ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့လေသည်။

ဆရာတော်သည်-

၁။ ယထာဝိနယဝဿူပနာယိကစာတမ်း ပဌမတွဲ။

၂။ မဟာဝိနယဝဿူပနာယိကစာတမ်း ဒုတိယတွဲ-

စသည်တို့ကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်။ ဤသို့ စသည်ဖြင့် မောင်းထောင်သာသနာပိုင် ဆရာတော်အရှင်ဥေ ယျမဗ္ဘာဘိဝံသ၏ တပည့်တို့ကား များလှကုန်၏။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

အရွယ်ကြီးရင့်သောအခါ လူကြီးရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

**သင်္ခါရာ ဟိ ဝိနာသိနော၊** သင်္ခါရတရားတို့ကား ပျက်စီးခြင်းသဘောရှိကုန်သည်သာ။

■ ■ ■

## အမြွက်မျှထုတ်ပြခြင်း

တိုက်တော်ကား သံဃဦးကိုင်သာသနာပိုင် အဆက်ဆက် သီတင်းသုံး သွားရာဖြစ်သည့်ပြင် "ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ "ပထမစာချ၊ ဒုတိယစာချ၊ တတိယစာချ၊ အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများစွာတို့ သီတင်းသုံးရာဌာနလည်း ဖြစ်လေသည်။

ယင်းတိုက်တော်၌ ကြွရောက်သီတင်းသုံးကြ၍ ပညာသင် တတ်မြောက်ကြသော ပုဂ္ဂိုလ်တို့ကား လွန်စွာများပြောက်လှကုန်၏။ ယင်း ပုဂ္ဂိုလ်တို့၏ သမိုင်းဖြစ်စဉ် လုပ်ဆောင်ချက်တို့ကို မိမိကုန်စင်အောင် ထုတ်ပြနိုင်စွမ်း မရှိပါချေ။

ထုတ်ပြခဲ့သော မထေရ်မြတ်တို့ကိုထောက်ဆ၍ တိုက်တော်၌ စာပေရေးရာ သာသနာရေးရာများ၌ မည်မျှလုပ်ဆောင်ခဲ့ကြောင်း မှန်းဆသိနိုင်ကြပေပြီ။

**တိုက်တော်အာရာမ သေဋ္ဌမှိ၊ ကဝယော ထေရကုဥ္စရော။**
**ကတွာ သာသနကိစ္စာနိ၊ ဇောတေသုံ ဇိနသာသနံ။**

## တိုက်တော်သံဃာဦးရေ

မဟာဝိသုတာရာမတိုက်တော် ( သာသနာပိုင်တိုက် ) ၌ သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး အရှင်ဥေယျမွောဘိဝံသ လက်ထက်က သံဃာတော် (၆၀၀)ကျော် (၇၀၀)ခန့်ရှိသည်ဟု အဆိုရှိသည်။

သို့ရာတွင် သာသနာပိုင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး နောက် မဟာဝိသုတာရာမတိုက်တော်၌ သံဃာတော် လျော့ခဲ့လေသည်။

၁၂၃၀-ပြည့်နှစ်၊ တပေါင်းလတွင် အမရပူရမြို့ရှိ တိုက်တော်နှင့် မန္တလေး တိုက်တော် ၂-တိုက်ပေါင်းမှ ရဟန်းတော် ၂၄၃-ပါး၊ သာမဏေ ၂၃၉-ပါး နှစ်ရပ်ပေါင်း- ၄၈၂-ပါးသာရှိလေသည်[၁]။

---

၁။ ကုန်းဘောက်ဆက်၊ ၃။ ၃၇၂။

ရွှေရေးဆောင်ဆရာတော်ဘုရားကြီး အရှင်တိသာသနတို့ခေတ်၌ သံဃာတော် ၁၇၅-ပါးရှိလေသည်။ သက္ကရာဇ် ၁၃၂၄-ခုနှစ်က မဟာဝိသုတာရာမတိုက်တော်၌ ရဟန်းတော် ၄၁- ပါး၊ သာမဏေ ၂၇-ပါး နှစ်ရပ်ပေါင်း ၆၈-ပါး ရှိခဲ့လေသည်။ ယခုမူ ရဟန်းတော်, သာမဏေ ၅၀-ခန့်သာ ရှိသည်ဟုသိရ၏။

## မဟာဝိသုတာရာမတိုက်တော်မှ ပိဋကတ်တော်များ မဟာအတုလဝေယန်သို့

သာသနာပိုင်ဒုတိယမောင်းထောင်ဆရာတော်ကြီး အရှင်ဥေ ယျမ္မော ဘိဝံသ မရှိသည့်နောက် တိုက်တော်၌ စာပေရေးရာလုပ်ငန်းတို့ အခြေအနေပြောင်းခဲ့လေသည်။

၁၂၄၀-ပြည့်နှစ်၊ ကဆုန်လတွင် မဟာဝိသုတာရာမတိုက်တော်မှ ပိဋကတ်တော်များကို မဟာအတုလဝေယန် ကျောင်းတော်ကြီးသို့ ဖောင်တော်, သမ္ဗန်တော်စသည့် အခမ်းအနားဖြင့် မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားအမိန့်ဖြင့် ပြောင်းရွှေ့ရလေသည်၊ ဖောင်တော်, သမ္ဗန်တော်, လှေတော်မှစ၍ ရေတပ်အခင်းအကျင်း အခမ်းအနားများကို ပိဋကတ် မပင့်ဆောင်မီ မင်းမြတ်သည် ကဆုန်လဆန်း ၁၀-ရက်နေ့ ရွှေမြို့တော် အရှေ့မျက်နှာ စံနန်းတော်သို့ ထွက်တော်မူ၍ ကြည့်ရှုတော်မူသည်။[၂]

## တိုက်တော်မှ ဘုရင်စာပြန်ပွဲဝင်

မဟာဝိသုတာရာမတိုက်တော်သည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရင်စာပြန်ပွဲများသို့ နှစ်စဉ်အနည်းအများ ဝင်ရောက်ပြန်ဆိုကြကုန်၏။ ၁၂၄၀-ပြည့်နှစ်၊ နယုန်လဆန်း ၁- ရက်နေ့ကစ၍ ဝါဆိုလဆန်း ၈-ရက်နေ့တိုင် ပရိယတ္တိသာသနာ ထွန်းလင်းတောက်ပစေခြင်းငှါ နှစ်စဉ်မပျက် ပြန်ဆိုသည့်အတိုင်း မဟာဝိသုတာရာမတိုက်တော် ပဌမကျော် (ပဌမ-ဟု ရှိနေ၏။) ပဥ္စင်းလောင်းတော် အရှင်ပဏ္ဍိစ္စနှင့် ပဌမကြီးတစ်, ပဌမလတ် လေးဆဲ့ငါး, ပဌမငယ် ကိုးဆယ်

---

၂။ ကုန်းဘောင်ဆက်၊ ၃။ ၄၃၃။

စုစုပေါင်း ပဌမပဥ္စင်းလောင်းတော် ရှင်လောင်းတော် တစ်ရာ့သုံးဆယ်ခုနှစ်ပါး တို့ကို သုဓမ္မာစရပ်တော်များတွင် ဝဲယာလေးဌာနခွဲ၍ ပဌမစာတော် ပြန်ဆိုကြ ရသည့်ဟု ရာဇဝင်များ၌ လာရှိ၏[၁]။

## တိုက်တော်မှ သာသနာပြုဓမ္မဒူတများ

သက္ကရာဇ် ၁၂၄၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅-ရက်နေ့တွင် မာရ် အောင် ရတနာစေတီတော်ဒါယကာ သီပေါမင်းတရားက သာသနာပြု စေလွှတ် တော်မူရာ မဟာဝိသုတာရာမတိုက်တော်မှ ပဌမ စာတော်ချ အရှင်အာဒိစ္စသည် အဝမြို့၊ တလုပ်မြို့၊ ပခန်းမြို့၊ ယောလေးမြို့၊ မြစ်စဉ်ဝဲယာ၊ မလွန်မြို့၊ မင်းလှမြို့၊ ဆင်ပေါင်ဝဲမြို့များသို့ မဏ္ဍလာရာမဆရာတော် စသည်တို့နှင့်အတူ ကြွရောက် သာသနာပြုတော်မူရလေသည်။

ဇင်းပြင် မဟာဝိသုတာရာမတိုက်တော်မှ ပဌမစာတော်ချ အရှင် ကေလာသသည် ရွှေပြည်ရန်အောင်အနောက်လက်ပြင်စည်မြို့၊ ကျောက် ဆောက်မြို့၊ ညောင်အုပ်မြို့၊တောင်သာမြို့၊ နတ်မောက်မြို့၊ ကျောက်ပန်းတောင်း မြို့များသို့ သဒ္ဓမ္မဇောတိကာရာမတိုက်တော် ဆရာတော်ဦးညာဏ စသည်တို့နှင့် အတူ သာသာသနာပြု ကြွတော်မူလေသည်။

## ဆဋ္ဌသံဂါယနာနှင့် တိုက်တော်

ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီးတွင် ဆရာတော် အရှင်ဓမ္မာဘိဝံသ သည် ဆဋ္ဌသံဂါယနာဩဝါဒစရိယဖြစ်၍ ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်၊ ဆဋ္ဌသံဂီတိကာရက ဖြစ်တော်မူသည်။

ပဥ္စမသံဂါယနာတွင်လည်း မဟာဝိသုတာရာမတိုက်တော်မှ များစွာ ပါဝင်ခဲ့ကြမည်ဖြစ်၏။ ဤသို့ဖြင့် မဟာဝိသုတာရာမတိုက်တော် သံဃာတော် တို့သည် သာသနာရေး အခန်းကဏ္ဍများစွာတို့၌ ပါဝင်ခဲ့ကြကုန်၏။

---

၁။ ကုန်းဘောင်၊ ၃။ ၄၃၃။

တိုက်တော်အာရာမသေဋ္ဌမှိ၊ ထေရာ ထိရေသု သဏ္ဌိတာ။
သာသနေနေကကိစ္စာနိ၊ အကံသု စ အနေကဓာ။

## မယ်တော်အိမ်တော် တိုက်တော်ရွှေ့

သက္ကရာဇ် ၁၂၄၃-ခုနှစ်၊ သီတင်ကျွတ်လတွင် မယ်တော်ဘုရား အိမ်ဖြူတော်ကို မဟာဝိသုတာရာမတိုက်တော်သို့ တောင်ကျောင်းတော် ဆောက်လုပ်လှူဒါန်းရန် ဖျက်သိမ်းပြီးလျှင် ကျောင်းတော်ရာရောက် ယူဆောင်ရသည်။ သို့ရာတွင် ၎င်းကျောင်းမှာ အပြီးမသတ်ချေ။

(ကုန်းဘောင်ဆက်၊ ၃။ ၅၆၅-ကြည့်။)

## တိုက်တော်သာသနာ၀င် အပြီးသတ်

မဟာဝိသုတာရာမတိုက်တော် မြင်းကွင်းမှစ၍ တိုက်တော် မဟာနာယက, တိုက်တော်ထွက် မထေရ်တို့၏ ဖြစ်တော်စဉ်နှင့် အစဉ်အဆက်ကို သုတေသီတို့ အလွယ်တကူကြည့်ရှုလေ့လာနိုင်ရန် ဉာဏ်မှီသမျှ ဖော်ပြခဲ့ရာ ဤတွင် တစ်ခန်းရပ်၍ လတ်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
တိုက်တော်သာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

■ ■ ■

# မန္တလေးသာသနာဝင် စတုဝီသတိမတွဲကျမ်း အပြီးသတ်ခြင်း

မန္တလေးသာသနာဝင် တေဝီသတိမတွဲကျမ်းကြီးကို ၁၃၄၇-ခုနှစ် နယုန်လပြည့်ကျော် ၈-ရက်နေ့က ပြီးသဖြင့် ၁၃၄၇-ခုနှစ် နယုန်လပြည့်ကျော် ၉-ရက်နေ့မှစ၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ခုဒ္ဒကပါဌ ပါဠိအဋ္ဌကထာတို့ကို ချပို့သည့်ကိစ္စအကြား မန္တလေးသာသနာဝင် စတုဝီသတိမတွဲကြီးကို ဆက်လက်၍ ဖြည့်စွက်ရေးသား ပြုစီရင်ရာ ယနေ့ ၁၃၄၇-ခုနှစ် ပဌမဝါဆိုလဆန်း ၁-ရက်နေ့ ညနေ ၇-နာရီ ထိုးရန် ၅-မိနစ်အလိုတွင် ပြီးဆုံးပါသည်။

ယခုနှစ် ပခုက္ကူနယ်ပယ်၌ မိုးကောင်းသဖြင့် ရာသီဥတုကောင်းပြီး သာယာနေပါသည်။ နယ်သူနယ်သားများ မြို့သူမြို့သားများလည်း မိုးကောင်းသဖြင့် ရွှင်ရွှင်လန်းလန်း ရှိကြပါသည်။ သို့ဖြစ်၍ ဤစာပြုသူ တို့သည်လည်း ဝမ်းမြောက်ရွှင်လန်းရပါသည်။ ဝမ်းမြောက် ရွှင်လန်းစွာဖြင့်ပင် အောက်ပါ (၁၀) ဂါထာ မြန်မာစကားပြေတို့ကို အထွတ်တပ်၍ နိဂုံးအုပ်လိုက်ပါသည်။

**၁။ ပခုက္ကူပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိသုတော။**
**စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနာ။**

ဘုရားဗိနော် သာသနာတော်ရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် လေးဂါဝုတ် ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင် (ပခုက္ကူ မြို့နယ်)အတွင်း ကျော်ဇော ခြင်းရှိသော ရွာ၏လေးဘက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ် သာယာလှသည့် ကန်ရပ်ရွာကြီးတည်ရှိလေသည်။

**၂။ ဒွိနောဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။**
**လက်ာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။**

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအားဖြင့် သက္ကရာဇ် ၁၂၉၂-ခုနှစ်

၌ မွေးဖွားသော° သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ ဘာရတခေါ် သည့် အိန္ဒိယနိုင်ငံ စသည့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးတို့၌ ကြာမြင့်စွာနေခဲ့ဘူး၍ သက္ကတ၊ ပရာကရိတ်၊ အင်္ဂလိပ်၊ သီဟိုဠ်၊ စသည့် ထိုထိုဘာသန္တရ စာပေဗဟုသုတ သမိုင်းရာဇဝင်ဗဟုသုတ အမျိုးမျိုးတို့ကို ရှာမှီးသင်ယူလေ့ရှိသော။

**၃။ ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။**
**သန္တိကေနေ၀ ဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။**

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ အစရှိသော ပညာရှင် မဟာထေရ်မြတ်တို့၏အထံ၌ ကိုးနှစ်တိုင် ပိဋကသုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂီတိကာရက၊ ဆဋ္ဌသံဂီတိဘာဏက၊ ဆဋ္ဌသံဂီတိ ပဋိဝိသောဓက၊ ဆဋ္ဌသံဂီတိ ဩသာနသောဓကဖြစ်၍ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

၁။ ၁၂၉၂-ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့တွင် ဦးဘရှန် + ဒေါ်လှပို တို့မှ ဖွားမြင်သည်။ ကန်တိမ်ရွာ ဦးဘသင်း + ဒေါ်စိန်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ပါ သည်။ ကန်ရပ်ရွာ ဦးပျော်ပါး + ဒေါ်သောင်း။ ညောင်တုန်းမြို့ ကျုံတမာရွာ ဦးအောင်ထင် + ဒေါ်စိန်ချစ်။ ပခုက္ကူမြို့ သံခိပ်ရပ် ဒေါ်အေးသိင်္ဂီ။ ပခုက္ကူမြို့ ထမကောက်ရပ် ဦးဘညွန့် + ဒေါ်ပု မိသားစုတို့က သိမ်ထပ်ဒါန ပြုကြသည်။

**၄။ ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။**
**သိက္ခိတေန စတုတ္တိံသ၊ ဝဿိကေန ယသဿိနာ။**

ရတနာပုံဘွဲ့မည်ထုံသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် အရှင်ဥက္ကံသာဘိဝံသအစရှိသော ပညာရှိမထေရ် ကျော်မြတ်တို့၏အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အဝဝရှိသော ရဟန်းသိက္ခာ ၃၄-ဝါရပြီး တပည့်တပန်း အခြွေအရံနှင့်လည်းပြည့်စုံသော။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတော။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

တင့်တယ်သာယာ နေချင်စဖွယ်ကောင်းလှသော ပခုက္ကူ ပိဋကတ် အတတ်မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်ဇောထင်ရှားလှသော မဟာ ဝိသုတာရာမ ဝိဇ္ဇာယတနကြီးအတွင်း၌ "တိပိဋက ပါဠိဂါမိ ဒီဃဒဿီ" ကျေးဇူး ရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်၊ "အဂ္ဂမဟာ ပဏ္ဍိတ" အရှင်ပညာမဟာထေရ်၊ "အဂ္ဂမဟာပဏ္ဍိတ" အရှင်နန္ဒဝံသမဟာ ထေရ်တို့ သီတင်းသုံး၍ ဓုရန္ဒစ်ပါး ပွားများအားသစ်ရာ ဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာ ကောင်းလှသော သာသနဇောတိပါလ ကျောင်း ကြီး၌ ၁၃၃၄-ခုနှစ် ဝတိတုသီ နတ်တို့ပြည်သို့ ကွန့်ချီကြွတော်မူသော ကျေးဇူးရှင် သက်တော်ရှည် "အဘိဓဇမဟာရဋ္ဌဂုရု" ဆရာတော်ဘုရားကြီး အရှင်သုန္ဒရ မဟာထေရ်သည် ၁၃၂၈-ခုနှစ် ဝါခေါင်လပြည့်နေ့တွင် တိုက်တော်ရှိ သံဃာ အားလုံးကို မိန့်ကြား၍ ဓုဝဝါသအဖြစ်ဖြင့် ချီးမြှောက်တော်မူခဲ့သဖြင့် သာသန ဇောတိပါလကျောင်းကြီး၌ သီတင်းသုံး၍ စာသင်သား ရဟန်းသာမဏေ များစွာတို့အား သဒ္ဒါ၊ သင်္ဂဟ၊ ဒွေမာတိကာ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ရူပသိဒ္ဓိ၊ ဋီကာ ကျော်၊ ကင်္ခါဝိတရဏီအဋ္ဌကထာ စသည့်တိပိဋကတ် အခြေခံကျမ်းစာများနှင့် တကွ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးများ၊ ဒီဃနိကာယ် ပါဠိအဋ္ဌကထာ၊ မဇ္ဈိမ နိကာယ်ပါဠိအဋ္ဌကထာ၊ သံယုတ္တနိကာယ်ပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် ပါဠိအဋ္ဌကထာ၊ ခုဒ္ဒကနိကာယ် အပါအဝင် ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ၊ အဘိဓမ္မာခုနှစ်ကျမ်း ပါဠိအဋ္ဌကထာ၊ ခုဒ္ဒပါဌပါဠိအဋ္ဌကထာ၊ နေတ္တိပါဠိ အဋ္ဌကထာစသည့် ကျမ်းဂန်များဟူသော မာဂဓနှင့် မုဒ္ဒဗောဓ အမရကောသ စာဏကျနီတိစသည့် သက္ကတဘာသာစသော ဘာသန္တရ ကျမ်းဂန်အမျိုးမျိုးတို့ကို မဟုဿာဟ ဖွဲ့လုံ့လဖြင့် ချပို့ပြီးသော။

၆။ နေကေသံ ဂန္ထဇာတာနံ၊ လေခကေန သုတေသိနာ။
မဟတော ယတိယဂ္ဂဿ၊ ဇနဿ ဟိတကာရိနာ။

ပခုက္ကူသာသနာဝင် မဟာဝိသုတာရာမနိကာယသာသနာဝင် စစ်ကိုင်းသာသနာဝင် ကလျာဏီသာသနာဝင် ပုဂံသာသနာဝင် ပင်းယသာသနာဝင် အင်းဝသာသနာဝင် အမရပူရသာသနာဝင် ပခုက္ကူစာချနည်း ပခုက္ကူအဘိဓာန် နိဿယသစ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးများ သမိုင်းကျမ်းစသည့် တစ်ရာမက များလှစွာသောကျမ်းတို့ကို ပြုစုရေးသားသော လောကီ လောကုတ္တရာ ဗဟုသုတ အမျိုးမျိုးကို ရှာမှီးလေ့ရှိသော များစွာသော ရဟန်းရှင်လူတို့၏ အကျိုးစီးပွားကို ပြုလေ့ရှိသော။

၇။ မကွေးမဏ္ဍလေ သုသံဃ-နာယက ပရိသာယ စ။
ပုဗ္ဗင်္ဂမ ဥက္ကဋ္ဌေန၊ သာသနကိစ္စကာရိနာ။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် မကွေးတိုင်း သံဃနာယကအဖွဲ့ မကွေးတိုင်းသံဃနာယကသဘာ၏ ရှေ့ဆောင်ပဓာန ဥက္ကဋ္ဌ ဖြစ်၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိစ္စ လုပ်ငန်းအဝဝကို ပြုလုပ်ရွက်ဆောင်ခဲ့သော အကျွန်ုပ်သည်။

၈။ နိဿာယ ဣတိဟာသေစ၊ သိလာလိပိ ပဘုတယော။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတောဟံ ဝိဒုမာနိတာ။

သမိုင်းရာဇဝင် သာသနာဝင် အတ္ထုပ္ပတ္တိ ကျမ်းဂန်အမျိုးမျိုး ရှေးသူဟောင်းတို့ ထိုးမှတ်ခဲ့သည့် ကျောက်စာစသည့် မှတ်တမ်းများနှင့် အခြားတစ်ပါး များမြောက်စွာသော ထူးမြတ်သော ကျမ်းဂန်များစွာ တို့ကိုလည်း မှီငြမ်းပြု၍ ပညာရှင်တို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ်သော ဤမန္တလေး သာသနာဝင် စတုဝီသတိမတွဲကျမ်းကြီးကို ကြိုးပမ်း စီရင်အပ်ပါသတည်း။

၉။ တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ်သည် များလှထွေပြား ဝိုင်းဝိုင်းလည်သော စာချစာရေး စာပေ အလုပ်ကိစ္စတွေကြားမှ စိတ်အားထက်သန်စွာ ပြုစုရေးသားအပ်သော

ဤမန္တလေးသာသနာဝင် စတုဝီသတိမတွဲကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာ့ရောင်ခြည် တည်ရှိနေသရွေ့ ကာလပတ်လုံး သာသနာဝင်သမိုင်း အတ္ထုပ္ပတ္တိ သုတေသီတို့အား ကောင်းမြတ်သော အနွယ်အဆက်ကိုပေးလျက် တည်ထွန်းပါစေသတည်း။

၁၀။ အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနိသိဘိရုပေဟဝ၊ ဂစ္ဆေယျံ အမတံသိဝံ။

ဤမန္တလေးသာသနာဝင် စတုဝီသတိမတွဲကျမ်းကြီးကို ပြုစီရင် သော ကောင်းမှုထူးနှင့် အခြားကျမ်းစာများ ရေးသားပြုစုရသော ကောင်းမှု စာပေချပို့ သာသနာချီးမြှောက်ရသော ကောင်းမှုစသည့် ကောင်းမှုအစုစုကြောင့် ပညာရှင် ချည်းများသာ ဖြစ်တော်မူသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

**မန္တလေးသာသနာဝင်**
**စတုဝီသတိမတွဲ**
**အလုံးစုံပြီး၏။**

■ ■ ■

မန္တလေး
သာသနာဝင်

◆ ကိုယ်တွင်းရောဂါ၊ အနာရှိလျှက်၊ ရက်ရက်ငယ်က၊ မကုသသော်၊
နှိုင်းဆချင့်သား၊ မဆုံးလား။

◆ သားလည်းမသီး၊ သမီးမရ၊ အိုရွယ်ကျသော်၊ ဒုက္ခချင့်မှာ မဖုံးလား။

◆ ငယ်ကပျော်လွန်၊ ကျမ်းဂန်တရား၊ မသင်ကြားသော်၊ မင်းပါးစိုးခွင်၊
မဝင်နိုင်ဘဲ၊ ဆင်းရဲဖန်တောင်း၊ မကောင်းသက်မွေး၊ မယဉ်ကျေးသည်၊
လူရေးလူစ၊ မတုံးလား။

◆ ရင်ဝယ်ဖြစ်ကြား၊ မွေးသည့်သားတို့၊ မသွားနေ့တိုင်း၊
ကျောင်းကန်ရှိုင်းသော်၊ နေ့တိုင်းနားယဉ်ထုတ်။

◆ နားယဉ်ထုတ်လျှက်၊ ဆိုနိုင်ခက်သော်၊ လက်နှင့်ပျင်းပိုးထုတ်။

◆ သမီးကညာ၊ ရွယ်ရောက်လာ၊ အခါမလင့်ပါစေနှင့်၊
အခါလင့်က၊ အသင့်မရ၊ ယုတ်သောသူနှင့်၊ ညားတတ်စွ။

လက်မှုနှုတ်မှု၊ စုစုအတတ်၊ အရပ်ရပ်ကို၊
မှတ်လေလူများ၊ အမျိုးသားတို့၊
မှတ်သားနိုင်က၊ ချစ်သားရလိမ့်၊
ဆုံးမပေရာ၊ လူလိမ္မာတို့၊
နည်းနာစကား၊ ကြားဖန်များက၊
ကြီးပွားပညာ၊ ထင်ရှားရာသည်၊
လူ့ရွာ ကျော်ကျော်သဲသဲတည်း။

ပုရတ်-ဓမ္မဂန်ဖတ်စာ
(စာ-၃၁၆)

အတွဲအမှတ်စဉ်(၂၄)

Graphic Design by Shwemyay-Nanda